http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## မြန်မာပြန်

## တတိယတွဲ

ကျိုက်ထိုမြို့ ဘုရားဆုံးဆူတောင် အရှင်နန္ဒမာလာ
ပြန်ဆိုသည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၂

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## မြန်မာပြန်

### တတိယတွဲ

ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ
ပြန်ဆိုသည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၂

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



ကျိုက်ထိုမြို့
ဘုရားသုံးဆူတောင် ဆရာတော်
အရှင်-ဦးနန္ဒမာလာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

# မြန်မာပိဋကတ် အဋ္ဌကထာ

## မာတိကာ

### ၁၇-ပဉ္စာဘျူမိနိဒ္ဒေသပိုင်း


| | |
|---|---|
| ပဋိစ္စသမုပ္ပါဒ်အဖွင့် .... .... .... | ၁ |
| ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်ဆိုမည့် အကြောင်း နိဒါန်း .... | ၁ |
| ဒေသနာအထူးအားဖြင့် ဖွင့်ပြခြင်း .... .... | ၂၀ |
| အနက်သဘောအားဖြင့် ဖွင့်ပြခြင်း .... .... | ၃၀ |
| လက္ခဏာ စသောအားဖြင့် ဖွင့်ပြခြင်း .... .... | ၃၅ |
| ဧကဝိဓ စသောအားဖြင့် ဖွင့်ပြခြင်း .... .... | ၃၈ |
| အင်္ဂါ တဆဲ့နှစ်ပါး အကြောင်း .... .... | ၃၉ |
| ပဋိစ္စသမုပ္ပါဒ် အကျယ် .... .... .... | ၄၁ |
| အဝိဇ္ဇာ အဖွင့် .... .... .... | ၄၁ |
| သင်္ခါရ အဖွင့် .... .... .... | ၄၂ |
| ဟေတုပစ္စည်း အဖွင့် .... .... .... | ၄၈ |
| အာရမ္မဏပစ္စည်း .... .... .... | ၅၁ |
| အဓိပတိပစ္စည်း .... .... .... | ၅၂ |
| အနန္တရပစ္စည်း .... .... .... | ၅၄ |
| သမနန္တရပစ္စည်း .... .... .... | ၅၄ |
| သဟဇာတပစ္စည်း .... .... .... | ၅၇ |
| အညမညပစ္စည်း .... .... .... | ၅၉ |
| နိဿယပစ္စည်း .... .... .... | ၅၉ |
| ဥပနိဿယပစ္စည်း .... .... .... | ၆၁ |
| ပုရေဇာတပစ္စည်း .... .... .... | ၆၅ |
| ပစ္ဆာဇာတပစ္စည်း .... .... .... | ၆၇ |
| အာသေဝနပစ္စည်း .... .... .... | ၆၈ |

http://www.dhammadownload.com



မြန်မာဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ


| | |
|---|---|
| ကမ္မပစ္စည်း .... .... .... | ၆၉ |
| ဝိပါကပစ္စည်း .... .... .... | ၇၀ |
| အာဟာရပစ္စည်း .... .... .... | ၇၁ |
| ဣန္ဒြိယပစ္စည်း .... .... .... | ၇၃ |
| ဈာနပစ္စည်း .... .... .... | ၇၄ |
| မဂ္ဂပစ္စည်း .... .... .... | ၇၅ |
| သမ္ပယုတ္တပစ္စည်း .... .... .... | ၇၆ |
| ဝိပ္ပယုတ္တပစ္စည်း .... .... .... | ၇၇ |
| အတ္ထိပစ္စည်း .... .... .... | ၇၉ |
| နတ္ထိပစ္စည်း .... .... .... | ၈၂ |
| ဝိဂတပစ္စည်း .... .... .... | ၈၂ |
| အဝိဂတပစ္စည်း .... .... .... | ၈၃ |
| အဝိဇ္ဇာပစ္စယာ သင်္ခါရာ ပုဒ်ဖွင့်အကျယ် .... .... | ၈၃ |
| သင်္ခါရပစ္စယာ ဝိညာဏံ ပုဒ်ဖွင့်အကျယ် .... .... | ၉၆ |
| ပဋိသန္ဓေအပြား၊ပဋိသန္ဓေစိတ်၊ ပဋိသန္ဓေစိတ်၏ ဖြစ်ရာဘုံ | ၁၀၅ |
| ပဋိသန္ဓေ၏ အာရုံအကြောင်း .... .... | ၁၀၆ |
| ပဋိသန္ဓေ အမျိုးမျိုး ခွဲပုံ .... .... .... | ၁၁၄ |
| ပဋိသန္ဓေ၊ပဝတ္တိ၊ဝိပါက်၊ဝိညာဉ်တို့၌ သင်္ခါရတို့ ကျေးဇူးပြုပုံ | ၁၃၀ |
| ဝိညာဏပစ္စယာ နာမရူပံ ပုဒ်အဖွင့် .... .... | ၁၃၆ |
| နာမရူပပစ္စယာ သဠာယတနံ ပုဒ်အဖွင့် .... .... | ၁၄၇ |
| သဠာယတနပစ္စယာ ဖဿော ပုဒ်အဖွင့် .... .... | ၁၅၆ |
| ဖဿပစ္စယာ ဝေဒနာ ပုဒ်အဖွင့် .... .... | ၁၆၁ |
| ဝေဒနာပစ္စယာ တဏှာ ပုဒ်အဖွင့် .... .... | ၁၆၃ |
| တဏှာပစ္စယာ ဥပါဒါနံ ပုဒ်အဖွင့် .... .... | ၁၆၇ |
| ဥပါဒါနပစ္စယာ ဘဝေါ ပုဒ်အဖွင့် .... .... | ၁၇၈ |
| ဘဝပစ္စယာ ဇာတိ ပုဒ်အဖွင့် .... .... .... | ၁၉၁ |
| အင်္ဂါတို့ကို ဝေဘန်၍ ပြခြင်း .... .... .... | ၂၀၀ |
| သစ္စာအမွန်အားဖြင့် ပြခြင်း .... .... .... | ၂၁၁ |
| နက်နဲသော နည်းအပြားအားဖြင့် ပြခြင်း .... .... | ၂၁၇ |
| အတ္ထနယ နည်းလေးပါးဖြင့် ထုတ်ဖော်ပြခြင်း .... .... | ၂၂၄ |

http://www.dhammadownload.com



# မာတိကာ


| | | | |
|---|---|---|---|
| ၁၈-ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသပိုင်း | ... | .... | ၂၂၉ |
| ၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသပိုင်း | | .... | ၂၆၂ |
| ကံလေးမျိုးလေးစား ပြားပုံ | .... | .... | ၂၆၉ |
| ၂၀-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း | | .... | ၂၈၆ |
| တောလေးဆယ် သရုပ် | .... | .... | ၃၀၄ |
| တောလေးဆယ် အကျယ်ဖွင့် | .... | .... | ၃၀၉ |
| ရူပသတ္တကကို ဝေဘန်၍ ပြခြင်း | .... | .... | ၃၂၉ |
| အရွယ်သုံးပါး ပိုင်းခြား၍ သုံးသပ်ပုံ | .... | .... | ၃၃၂ |
| အရွယ်ဆယ်ပါး ဆင်ခြင်ပုံ | .... | .... | ၃၃၃ |
| ကာလစသည်ဖြင့် ရုပ်ကိုရှုပုံ | .... | .... | ၃၃၈ |
| အရူပသတ္တကကို ဝေဘန်၍ ပြခြင်း | .... | .... | ၃၅၃ |
| ဥဒယဗ္ဗယာနုပဿနာ | .... | .... | ၃၆၅ |
| ဥဒယဗ္ဗယဉာဏ်အကျယ် | .... | .... | ၃၇၁ |
| ဝိပဿနုပက္ကိလေသ တရား ဆယ်ပါး | .... | .... | ၃၈၀ |
| ဥပက္ကိလေသဖြစ်, မဖြစ် ရှင်းလင်းချက် | .... | .... | ၃၉၂ |
| ၂၁-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း | | .... | ၃၉၈ |
| ဥဒယဗ္ဗယဉာဏ် .... | .... | .... | ၃၉၈ |
| ဘင်္ဂါနုပဿနာဉာဏ် .... | .... | .... | ၄၀၂ |
| ဘယတုပဋ္ဌာနဉာဏ် .... | .... | .... | ၄၁၄ |
| အာဒီနဝါနုပဿနာဉာဏ် .... | .... | .... | ၄၂၀ |
| နိဗ္ဗိဒါနုပဿနာဉာဏ် .... | .... | .... | ၄၃၁ |
| မုစ္စိတုကမျတာဉာဏ် .... | .... | .... | ၄၃၂ |
| ပဋိသင်္ခါနုပဿနာဉာဏ် .... | .... | .... | ၄၃၄ |
| သင်္ခါရုပေက္ခာဉာဏ် .... | .... | .... | ၄၄၀ |
| ဝိမောက္ခမုခ သုံးပါး .... | .... | .... | ၄၅၀ |
| အရိယာပုဂ္ဂိုလ် ခုနစ်ဦး ဝေဘန်ပုံ | .... | .... | ၄၅၇ |
| အနုလောမဉာဏ် | .... | .... | ၄၈၄ |
| သုတ္တသံသန္ဒနာ (သုတ်ချင်းတိုက်ဆိုင်ပြခြင်း) | | .... | ၄၈၈ |

http://www.dhammadownload.com



**၂၂-ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း** .... ၄၉၂

ပဌမ မဂ်ဉာဏ် .... .... .... ၄၉၂
ဒုတိယ မဂ်ဉာဏ် .... .... .... ၄၉၉
တတိယ မဂ်ဉာဏ် .... .... .... ၅၀၃
စတုတ္ထ မဂ်ဉာဏ် .... .... .... ၅၀၄
ဗောဓိပက္ခိယတရားတို့နှင့် ပြည့်စုံခြင်း .... .... ၅၀၅
လေးပါးသော မဂ်ဉာဏ်တို့၏ နိမိတ္တပဝတ္တမှ ထခြင်း .... ၅၁၅
သမထဗလ ဝိပဿနာဗလတို့နှင့် ယှဉ်ခြင်း .... ၅၁၇
သံယောဇဉ် စသည်တို့ကို ပဌမမဂ် စသည်ကပယ်ခြင်း ၅၁၉
မဂ်ဉာဏ်လေးပါး၏ သစ္စာလေးပါး၌ ကိစ္စလေးမျိုးစီ
အားဖြင့် သိမြင်ပုံ အကြောင်း .... .... ၅၃၀
အဓိပညာ ဓမ္မဝိပဿနာအကြောင်း .... .... ၅၅၅

**၂၃-ပညာဘာဝနာနိသံသ နိဒ္ဒေသပိုင်း** .... ၅၆၂

ပညာဘာဝနာ၏ အကျိုးထူးများ .... .... ၅၆၂
အရိယ ဖိုလ်ချမ်းသာ၏ အရသာ .... .... ၅၆၄
ဖလသမာပတ်နှင့် စပ်၍ မှတ်ဘွယ် .... .... ၅၆၆
နိရောဓ သမာပတ်နှင့် စပ်၍ မှတ်ဘွယ် .... .... ၅၇၅
အာဟုနေယျ အဖြစ် စသော အကျိုးပြီးခြင်း .... ၆၀၀
ကျမ်းပြီး နိဂုံး .... .... ၆၀၄

http://www.dhammadownload.com

မြန်မာပြန်

# ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ

တတိယတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

## ၁၇–ပညာဘူမိ နိဒ္ဒေသပိုင်း

### ပဋိစ္စသမုပ္ပါဒ်အဖွင့်

သစ္စနိဒ္ဒေသ၏ အခြားမဲ့ ဖြစ်သော ဤ ယခုအခါ၌ "ခန္ဓာ, အာယတန,ဓာတ်,ဣန္ဒြေ,သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည် အပြားရှိကုန်သော တရားတို့သည် ဘူမိ မည်ကုန်၏" ဟူ၍ ပြဆိုခဲ့ပြီးသော ဝိပဿနာ ပညာ၏ ဖြစ်ရာ ဘုံဌာန ဖြစ်ကုန်သော တရားတို့တွင် အဝိဇ္ဇာ သင်္ခါရ စသော ပဋိစ္စသမုပ္ပါဒ တရားတို့သည်၎င်း အာဒိသဒ္ဒါဖြင့် ပေါင်း၍ ယူအပ်ကုန်သော ပဋိစ္စသမုပ္ပန္န မည်သော တရားတို့သည်၎င်း ကြွင်းကျန်ကုန်သေး၏၊ ထို့ကြောင့် ထို ပဋိစ္စသမုပ္ပါဒတရား ပဋိစ္စသမုပ္ပန္န တရားတို့ကို ဖွင့်ပြရာ ဖွင့်ပြကြောင်း ဖြစ်သော အစဉ်သည် ဆိုက်ရောက်လတ်ပြီ။

ထို နှစ်ပါးတို့တွင် အဝိဇ္ဇာ စသော အကြောင်း တရားတို့ကို ရှေးဦးစွာ "ပဋိစ္စသမုပ္ပါဒ" ဟူ၍ သိအပ်ကုန်၏၊ ဇရာမရဏ စသော အကျိုးတရားတို့ကို "ပဋိစ္စသမုပ္ပန္န" တရားဟူ၍ သိအပ်ကုန်၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း—

(၁) "ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ၊ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ

http://www.dhammadownload.com



ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါတိ။”

(၂) “ကတမေ စ ဘိက္ခဝေ ....(လ).... ပဋိစ္စသမုပ္ပန္နာ ဓမ္မာ၊ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ၊ ဇာတိ ဘိက္ခဝေ....(လ)....ဘဝေါ ဥပါဒါနံ တဏှာ ဝေဒနာ ဖဿော သဠာယတနံ နာမရူပံ ဝိညာဏံ သင်္ခါရာ၊ အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ”

ဟူ၍ ဟောတော်မူပြီ။

(၁) “အိုရဟန်းတို့—ပဋိစ္စသမုပ္ပါဒတရား ဟူသည် အဘယ်နည်း၊ အိုရဟန်းတို့—အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်၏၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏၊ နာမ်ရုပ်ကြောင့် အာယတန ခြောက်ပါး ဖြစ်၏၊ အာယတန ခြောက်ပါးကြောင့် ဖဿ ဖြစ်၏၊ ဖဿကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာကြောင့် တဏှာ ဖြစ်၏၊ တဏှာကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန်ကြောင့် ဘဝ ဖြစ်၏၊ ဘဝကြောင့် ဇာတိ ဖြစ်၏၊ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ဖြစ်ကုန်၏၊ ဤသို့ ချမ်းသာမဘက် ဆင်းရဲခြင်း သက်သက် ဖြစ်သော ဒုက္ခအစု၏ အကြောင်းသည် ဖြစ်၏၊ အိုရဟန်းတို့—ဤဆိုအပ်ပြီးသော အကြောင်းကို ပဋိစ္စသမုပ္ပါဒ ဟူ၍ ဆိုအပ်၏။”

http://www.dhammadownload.com



(၂) "အိုရဟန်းတို့—ပဋိစ္စသမုပ္ပန္န တရားတို့ ဟူသည် အဘယ်နည်း၊ အိုရဟန်းတို့ ဇရာမရဏသည် မမြဲ၊ အညီ အညွတ် ရောက်၍ အကြောင်း တရားတို့သည် ပြုပြင်အပ်၏၊ ပစ္စည်း ဖြစ်ထိုက်သော အကြောင်း တရားတို့ကို မှီ၍ တကွသာလျှင် ဖြစ်၏၊ ကုန်ခြင်းသဘော ရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ အဖန်တလဲလဲ ပျက်ခြင်းသဘော ရှိ၏၊ ချုပ်ခြင်း သဘော ရှိ၏၊ အိုရဟန်းတို့—ဇာတိသည် ....(လ)....ဘဝသည်, ဥပါဒါန်သည်, တဏှာသည်, ဝေဒနာသည်, ဖဿသည်, သဠာယတနသည်, နာမ်ရုပ်သည်, ဝိညာဏ်သည်, သင်္ခါရတို့သည် မမြဲကုန်ပြုပြင်အပ်ကုန်၏၊အကြောင်း တရားတို့ကို မှီ၍ တကွသာလျှင် ဖြစ်ကုန်၏၊ ကုန်ခြင်းသဘော ရှိကုန်၏၊ ပျက်ခြင်းသဘော ရှိကုန်၏၊ အဖန်တလဲလဲ ပျက်ခြင်းသဘော ရှိကုန်၏၊ ချုပ်ခြင်းသဘော ရှိကုန်၏၊ အိုရဟန်းတို့—အဝိဇ္ဇာသည် မမြဲ၊ အကြောင်း တရားတို့သည် ပြုပြင်အပ်၏၊ ပစ္စည်း ဖြစ်ထိုက်သော အကြောင်းတို့ကို မှီ၍ တကွသာလျှင် ဖြစ်၏၊ကုန်ခြင်းသဘော ရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ အဖန်တလဲလဲ ပျက်ခြင်းသဘော ရှိ၏၊ ချုပ်ခြင်းသဘော ရှိ၏၊အိုရဟန်းတို့—ဤ ပဋိလောမအားဖြင့် ဇရာမရဏ စသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္န တရားတို့ဟူ၍ ဆိုအပ်ကုန်၏။"

ဤ ပါဠိတော်တို့၌ ဤပြဆိုလတ္တံ့သည်ကား အကျဉ်း ဖြစ်သော အနက်သဘောတည်း၊ အဝိဇ္ဇာ စသော အကြောင်း တရားတို့ကို ပဋိစ္စသမုပ္ပါဒ ဟူ၍ သိအပ်ကုန်၏၊ ထိုထို အဝိဇ္ဇာ စသော အကြောင်း တရားတို့ကြောင့် ဖြစ်သော သင်္ခါရ စသော အကျိုး တရားတို့ကို ပဋိစ္စသမုပ္ပန္န တရား ဟူ၍ သိအပ်ကုန်၏၊ ဤပြဆိုပြီးသော စကားကို အဘယ်သို့သော အကြောင်းဖြင့်သိအပ်သနည်း၊ ဤသို့ မေးမြန်းအံ့၊ မြတ်စွာဘုရား၏ စကားတော်ဖြင့် သိအပ်၏၊ ထိုစကား သင့်ပေစွ၊ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နဓမ္မတို့ကို ဟောရာ ဖြစ်သော သုတ်၌—

http://www.dhammadownload.com



"ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ၊ ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ တထာဂတာနံ၊ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ၊ တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ အဘိသမေတိ၊ အဘိသမ္ဗုဇ္ဈိတွာ အဘိသမေတွာ အာစိက္ခတိ ဒေသေတိ ပညပေတိ ပဋ္ဌပေတိ ဝိဝရတိ ဝိဘဇတိ ဥတ္တာနီ ကရောတိ၊ ပဿထာတိ စာဟ။ ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ၊ ဘဝပစ္စယာ ဘိက္ခဝေ ဇာတိ။····(လ)····ဥတ္တာနီ ကရောတိ၊ ပဿထာတိ စာဟ။ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ ဣတိ ခေါ ဘိက္ခဝေ ယာ တတြ တထတာ အဝိတထတာ အနညထတာ ဣဒပ္ပစ္စယတာ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ"

ဟူ၍ဟောတော်မူ၏။

"အိုရဟန်းတို့—အဘယ် တရားသည်လျှင် ပဋိစ္စသမုပ္ပါဒ မည်သနည်း၊ အိုရဟန်းတို့—ဇာတိ ဟူသော အကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏၊ ဤ သဘောသည် မြတ်စွာဘုရားတို့၏ ပွင့်တော်မူသော အခါ၌သော်၎င်း, မြတ်စွာဘုရားတို့ မပွင့်သော အခါ၌သော်၎င်း ထို ဓာတ်သဘောသည် တည်သည်သာလျှင်တည်း၊ ဓမ္မ၏ ထိုအတိုင်း တည်သည်၏ အဖြစ်သည်, ဓမ္မ၏ မချွတ်မယွင်း အမြဲ နိယာမ တည်သည်၏ အဖြစ်သည်, ဤဇရာမရဏ၏ အကြောင်းသည် ဖြစ်၏၊ ထို ဆိုအပ်ပြီးသော အကြောင်းကို မြတ်စွာဘုရားသည် မျက်မှောက် ပြုသဖြင့် ထိုးထွင်း၍ သိတော်မူ၏၊ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း သိတော်မူပြီး၍ လက်ဦးအစ ဥဒ္ဒေသ အားဖြင့် ဟောကြားတော်မူ၏၊ ဥဒ္ဒေသကို ပြီးဆုံးစေလျက် ဟောတော်မူ၏၊ အကျဉ်း ပြုပြီးသော အနက်ကို အကျယ် ညွှန်းသောအားဖြင့် ဝေပြား ခွဲဝေ သိစေတော်မူ၏၊ အထူးထူး အပြားပြားအားဖြင့် တရားနာသူတို့၏ နား၌ တည်ထားတော် မူ၏၊

http://www.dhammadownload.com



ပြက်ပြက်ထင်ထင် မြင်သိအောင် ပဋိနိဒ္ဒေသအားဖြင့် ဖွင့်ပြတော်မူ၏၊ နည်းအထွေထွေ ဝေဘန်တော်မူ၏၊ ဖွင့်ပြီး ဝေဘန်ပြီးသော အနက်ကို ဟိတ် ဥဒါဟရုဏ် စွက်လျက် လက်တွင် တင်ထား ပတ္တမြားသို့ ပိုင်းခြား ထင်ထင် သိမြင်သာအောင် ဖေါ်လျက် နာယူသူတို့၏ ဉာဏ်အား ပေါ်လွင်သည်ကို ပြုတော်မူ၏၊ ရွှေအိုးကြီး ဖေါ်သကဲ့သို့ ပေါ်လောကြီး ပေါ်အောင် ပြုတော်မူ၍ "အိုရဟန်းတို့— သင်တို့သည် ဇာတိကြောင့် ဇရာမရဏ ဖြစ်သည်ကို ကြည့်ရှုကြကုန်လော့" ဟူ၍လည်း နိဂုံးချုပ် ဟောတော်မူ၏၊ အိုရဟန်းတို့—ဘဝဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏။…. (လ)….ပေါ်လွင်အောင် ပြုတော်မူ၏၊ "အိုရဟန်းတို့ သင်တို့သည် အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်ကို ကြည့်ရှုကြကုန်လော့" ဟူ၍လည်း နိဂုံးချုပ် ဟောတော်မူ၏၊ အိုရဟန်းတို့ ဤသို့လျှင် ထိုဇာတိပစ္စယာ ဇရာမရဏံ စသည်တို့၌ ဤ ဇရာမရဏ စသည်တို့၏ အကြင် အကြောင်းအပေါင်းသည် မဖေါက်မပြန် မှန်၏၊ မချွတ်မယွင်းသော အဖြစ်သည် ဖြစ်၏၊ တပါးသော အကြောင်းဖြင့် မဖြစ်၊ အိုရဟန်းတို့—ဤ အကြောင်း ဣဒပ္ပစ္စယတာကို ပဋိစ္စသမုပ္ပါဒ ဟူ၍ ဆိုအပ်၏။"

ဤသို့ ပဋိစ္စသမုပ္ပါဒကို ဟောတော်မူသည် ဖြစ်၍ "မဖေါက်မပြန် မှန်၏" အစ ရှိကုန်သော ပရိယာယ် ဝေဝုစ်တို့ဖြင့် အကြောင်းတရားတို့ကို သာလျှင် ပဋိစ္စသမုပ္ပါဒ ဟူ၍ ဟောတော်မူအပ်ကုန်၏၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒသည် ဇရာမရဏ အစ ရှိကုန်သော ပစ္စယုပ္ပန် အကျိုးတရားတို့အား ကျေးဇူး ပြုတတ်သည်၏ အဖြစ် ဟူသော မှတ်ကြောင်း လက္ခဏာ ရှိ၏၊ ဝါ— ကျေးဇူး ပြုတတ်သော တရားဟူ၍ မှတ်အပ်၏၊ သံသရာ၏ အစဉ်မပြတ်မစဲ ဖြစ်ခြင်း တည်းဟူသော ပဝတ္တိဒုက္ခသို့ အစဉ် လိုက်စေခြင်း ကိစ္စ ရှိ၏၊ စက်ဆုပ်အပ်သော သံသရာ ခရီး၏ အဖြစ်ဖြင့် ဉာဏ်အား ရှေ့ရှု ထင်တတ်၏။

http://www.dhammadownload.com



ထို ပဋိစ္စသမုပ္ပါဒ်ကို မယုတ်မလွန်သည် သာလျှင် ဖြစ်ကုန်သော ထိုထို အကြောင်းတို့ဖြင့် ထိုထို အကျိုး ပစ္စယုပ္ပန္န တရား၏ ဖြစ်သင့်သောကြောင့် မဖောက်မပြန် မှန်သော သဘော ဟူ၍ ဆိုအပ်၏၊ အကြောင်း တရားတို့သည် အညီအညွတ် စုဝေးခြင်းသို့ ရောက်သည်ရှိသော် တခဏ တမုဟုတ်မျှလည်း ထို အကြောင်း ပစ္စည်း တရားတို့ကြောင့် ဖြစ်သင့်ခြင်း သဘော ရှိကုန်သော တရားတို့၏ မဖြစ်ခြင်း၏ မရှိသင့်သောကြောင့် မချွတ်မယွင်းသော သဘော ဟူ၍ ဆိုအပ်၏၊ တပါးသော အကျိုး တရား၏ အကြောင်းတို့ဖြင့် ထို အကျိုး တရားမှ တပါးသော အကျိုး တရား၏ မဖြစ်ခြင်းကြောင့် မိမိအကြောင်းမှ တပါးသော အကြောင်း မဖြစ်သော သဘော ဟူ၍ ဆိုအပ်၏၊ ပြဆိုပြီးသော အပြား ရှိကုန်သော ထို ဇရာမရဏတို့၏ ပစ္စည်း၏ အဖြစ်ကြောင့်ငှင်း ပစ္စည်း အပေါင်း၏ အဖြစ်ကြောင့်ငှင်း ဤ ဇရာမရဏ စသည်တို့၏ အကြောင်း အပေါင်း ဟူ၍ ဆိုအပ်၏။

ထို "ဣဒပ္ပစ္စယတာ" ဟူသော ပုဒ်၌ ဤ ဆိုလတ္တံ့သည်ကား ဝစနတ္ထတည်း။ ဤ ဇရာမရဏ စသည်တို့၏ အကြောင်းသည် ဣဒပ္ပစ္စယ မည်၏၊ ဤ ဇရာမရဏ စသည်တို့၏ အကြောင်း ဣဒပ္ပစ္စယသည်ပင်လျှင် ဣဒပ္ပစ္စယတာ မည်၏။ တနည်းကား— ဤ ဇရာမရဏ စသည်တို့၏ အကြောင်းတို့၏ အပေါင်းသည် ဣဒပ္ပစ္စယတာ မည်၏၊ ဤ ဝစနတ္ထ၌ လိင်, ဓာတ်, ဝိဘတ်, ပစ္စည်း စသည်တို့ကို မှတ်ကြောင်း ဖြစ်သော သဒ္ဒါကျမ်းမှ ရှာအပ်၏၊ အချို့သော ဆရာတို့သည်ကား "ထိုထို အကြောင်းကို မှီ၍ မဖောက်မပြန်သည် ဖြစ်၍ ဖြစ်ခြင်းသည် "ပဋိစ္စသမုပ္ပါဒ" မည်၏၊ တိတ္ထိတို့သည် ကြံဆအပ်သော ပကတိ ပုရိသ အစရှိသော အကြောင်းကို ငဲ့ခြင်း ကင်းသည်ဖြစ်၍ ဖြစ်ခြင်းသည် ပဋိစ္စ သမုပ္ပါဒ မည်၏"ဟု ဤသို့လျှင် ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ ဟူ၍ ဆိုကြကုန်၏။

ထို ဆရာတို့ စကားသည် မသင့်၊ အဘယ့်ကြောင့်နည်း၊ ထို စကားကို ပြီးစေတတ်သော သုတ်, ပါဠိတော်, မရှိသော

http://www.dhammadownload.com



ကြောင့်ငှင်း၊ ပါဠိတော်နှင့် ဆန့်ကျင်သောကြောင့်ငှင်း၊ ဂန္ထိရ စတုက္က၊ နယ စတုက္က၏ မဖြစ်သင့်သောကြောင့်ငှင်း၊ သဒ္ဒါနည်း ပျက်သောကြောင့်ငှင်းတည်း။ ရှဲဦးအံ့—ဖြစ်ခြင်းမျှသည် ပဋိစ္စ သမုပ္ပါဒ မည်၏ဟု ဤသို့ ဟောသောသုတ် တပုဒ်မျှ မရှိ၊ ထို ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ မည်၏ဟု ဆိုသော ကေစိ ဆရာတို့၏ စကားသည် ပဒေသဝိဟာရသုတ်နှင့် ဆန့်ကျင်၏၊ အဘယ်သို့ ဆန့်ကျင်သနည်း၊ မြတ်စွာဘုရားသည်—

"အထ ခေါ ဘဂဝါ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စ သမုပ္ပါဒံ အနုလောမပဋိလောမံ မနသာကာသိ။"

ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် ပဋိစ္စ သမုပ္ပါဒ်ကို နှလုံးသွင်းခြင်းသည် ဘုရား ဖြစ်ပြီး၍ လက်မွန်အစ ပဌမ ကာလ၌ နေတော်မူခြင်း မည်သည် ဖြစ်၏၊ ပဒေသဝိဟာရ သည်ကား၊ ထို ရှေးဦးအစ ပဌမကာလ ဘုရား နေတော် မူခြင်း၏ တစိတ်တဒေသ ဖြစ်သော နေတော်မူခြင်း မည်သည် ဖြစ်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ယေန. သွာဟံ ဘိက္ခဝေ ဝိဟာရေန ပဌမာဘိ- သမ္ဗုဒ္ဓေါ ဝိဟရာမိ၊ တဿ ပဒေသေန ဝိဟာသိ"

ဟူ၍ ဟောတော်မူပြီ။

"အိုရဟန်းတို့—ငါဘုရားသည် အကြင် နိပ္ပဒေသ ဖြစ် သော နေခြင်းဖြင့် ဘုရား ဖြစ်ပြီး၍ လက်ဦး ပဌမ အစ ကာလ၌ နေတော်မူ၏၊ ထို နိပ္ပဒေသ နေခြင်း၏ အစိတ် ဖြစ်သော ဝေဒနာ ဝိဟာရဖြင့် နေတော်မူပြီ။"

ထို ပဒေသ နေခြင်း၌ ပစ္စည်း တရားတို့၏ ပစ္စယုပ္ပန် တရားတို့ အား ကျေးဇူး ပြုသော အခြင်းအရာကို ရှုသဖြင့် မြတ်စွာဘုရား နေတော်မူ၏၊ ကေစိဆရာတို့ ဆိုသော ဖြစ်ခြင်းမျှကို ရှုသဖြင့် နေ တော်မမူ၊ ဘုရားရှင်အဘယ်သို့ဟောတော်မူသနည်းဟူမူကား—

http://www.dhammadownload.com



"သော ဧဝံ ပဇာနာမိ မိစ္ဆာဒိဋ္ဌိပစ္စယာပိ ဝေဒယိတံ, သမ္မာဒိဋ္ဌိပစ္စယာပိ ဝေဒယိတံ, မိစ္ဆာသင်္ကပ္ပပစ္စယာပိ ဝေဒယိတံ"

ဟူ၍ ဟောတော်မူ၏၊ အလုံးစုံသော သုတ်ကို ချဲ့အပ်၏။

အဓိပ္ပါယ်ကား—

"ထို ငါဘုရားသည် မိစ္ဆာဒိဋ္ဌိ ဟူသော အကြောင်း ကြောင့်လည်း ခံစားအပ်သည့် အခြင်းအရာအားဖြင့် ဖြစ် သော ဝေဒနာကို သိ၏၊ သမ္မာဒိဋ္ဌိ ဟူသော အကြောင်း ကြောင့်လည်း ခံစားအပ်သည့် အခြင်းအရာအားဖြင့် ဖြစ် သော ဝေဒနာကို သိ၏၊ မိစ္ဆာသင်္ကပ္ပ ဟူသော အကြောင်းကြောင့်လည်း ခံစားအပ်သော အခြင်းအရာ အားဖြင့် ဖြစ်သော ဝေဒနာကို အပြားအားဖြင့် သိ၏။"

ဤသို့ ဖြစ်ခြင်းမျိုးကို ပဋိစ္စသမုပ္ပါဒ ဟူ၍ ဆိုသော ကေစိဆရာ ၏ အယူသည် ပဒေသ သုတ်နှင့် ဆန့်ကျင်၏၊ အဘယ့်ကြောင့် နည်း၊ ထို သုတ်၌ ဝေဒနာတို့၏ အကြောင်းတရားကို နှလုံးသွင်း ခြင်းကို ထင်စွာ ပြသည်၏ အဖြစ်ကြောင့်တည်း။ ထိုမှတပါး ကစ္စာန သုတ်နှင့်လည်း ဆန့်ကျင်၏၊ ကစ္စာန သုတ်၌လည်း—

"လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ နတ္ထိတာ, သာ န ဟောတီတိ၊ အနုလောမ ပဋိစ္စသမုပ္ပါဒေါ လောက ပစ္စယတော လောကသမုဒယောတိ ဥစ္ဆေဒဒိဋ္ဌိသမုဂ္ဃါ- တတ္တံ ပကာသိတော, န ဥပ္ပါဒမတ္တံ၊ န ဟိ ဥပ္ပါဒမတ္တ- ဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ သမုဂ္ဃါတော ဟောတိ, ပစ္စယာနုပရမဒဿနေန ပန ဟောတိ, ပစ္စယာနုပရမေ ဖလာနုပရမတော"

ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



အဓိပ္ပါယ်ကား—

"အိုကစ္စာန—လောက၏ ဖြစ်ကြောင်း ဖြစ်သော အဝိဇ္ဇာ စသော အကြောင်းတရား အပေါင်းကို ဟုတ်တိုင်း မှန်စွာ ကောင်းစွာ မြင်တတ်သော ဝိပဿနာ ပညာဖြင့် ရှုသော သူအား လောက၌ အကြင် ဥစ္ဆေဒ ဒိဋ္ဌိသည် ရှိ၏၊ ထို ဥစ္ဆေဒဒိဋ္ဌိသည် မဖြစ်၊ ထို့ကြောင့် အနုလောမ ပဋိစ္စ သမုပ္ပါဒ်ကို ပြတော်မူအပ်၏၊ လောက၏ အကြောင်း၏ အဖြစ်ကြောင့် လောက၏ ဖြစ်ကြောင်း မည်၏၊ ဤသို့ ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ဖြတ်ခြင်းငှာ ပြတော်မူအပ်၏, ဖြစ်ခြင်းမျှကို မပြအပ်၊ ထိုစကား သင့်စွ၊ ဖြစ်ခြင်းမျှကိုသာ ရှုခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ဖြတ်ခြင်းသည် မဖြစ်၊ အစစ်ကား-ပစ္စည်းတို့၏ မပြတ်မစဲခြင်းကို ရှုသဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ခွါခြင်းသည် ဖြစ်၏၊ အဘယ့်ကြောင့်နည်း၊ အကြောင်း ဖြစ်သော ပစ္စည်းတရားတို့၏ မပြတ်မစဲခြင်းသည် ရှိသော် အကျိုး ဟူသော ပစ္စယုပ္ပန် တရားတို့၏ မပြတ်မစဲခြင်း ကြောင့်တည်း။"

ဤသို့လျှင် ဖြစ်ခြင်းမျှကိုသာ ပဋိစ္စသမုပ္ပါဒ ဟူ၍ ဆိုသော ကေစိဆရာ၏ အယူသည် ဤ ကစ္စာနသုတ်နှင့် ဆန့်ကျင်၏။

" ဂမ္ဘီရစတုက္က, နယစတုက္က၏ မဖြစ်သင့်သောကြောင့်" ဟူ သည်ကား ထိုအကြောင်းကို မြတ်စွာဘုရားသည်—

"ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ၊ ဂမ္ဘီရာ-ဝဘာသောစ"

ဟူ၍ ဟောတော်မူအပ်သလျှင်ကတည်း။

အဓိပ္ပါယ်ကား—

"အိုအာနန္ဒာ—ဤ ပဋိစ္စသမုပ္ပါဒသည် နက်လည်း နက်၏, နက်နဲယောင်လည်း ရှိ၏။"

ထို ဂမ္ဘီရ အဖြစ်မည်သည် လေးပါး အပြားရှိ၏၊ ထိုလေးပါး အပြားရှိသော ဂမ္ဘီရ အဖြစ်ကို နောက်မှ ဖွင့်ပြကုန်အံ့။ ထို ဂမ္ဘီရ

http://www.dhammadownload.com



အဖြစ်သည် ဖြစ်ခြင်းမျှ၌ မရှိ၊ ကေဝ္ဗနယ စသော လေးပါးသော နည်းတို့ဖြင့် တန်းဆာဆင်အပ်သော ထို ပဋိစ္စသမုပ္ပါဒ်ကို ရှေးဆရာမြတ်တို့ ဖွင့်တော်မူကြကုန်၏၊ ထို နည်းလေးပါးသည်လည်း ဖြစ်ခြင်းမျှ၌ မရှိ၊ ဤသို့ ဂမ္ဘီရစတုက္က၊ နယစတုက္က၏ မဖြစ်သင့်သောကြောင့်လည်း ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ် မမည်။

“ သဒ္ဒါနည်း ပျက်သောကြောင့် ” ဟူသည်ကား၊ ဤ ပဋိစ္စ သဒ္ဒါသည် တခုသော ဖြစ်၍ တူသော ကတ္တားန၌ ရှေးဖြစ်သော ပစ္စယ ကြိယာ၌ ယှဉ်အပ်သည်ဖြစ်၍ အကျိုး၏ ပြီးခြင်းကို ပြတတ်၏၊ အဘယ်ကဲ့သို့နည်းဟူမူကား၊ “စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ”ကဲ့သို့တည်း။

ဤ ကေစိတို့ အယူ၌ ဘာဝသာဓန ဖြစ်သော “ဥပ္ပါဒ” သဒ္ဒါ နှင့်တကွ ယှဉ်အပ်သော “ပဋိစ္စ” သဒ္ဒါသည် ဥပ္ပါဒသဒ္ဒါ ဟောအပ်သော တူသော ကတ္တား၏ မဖြစ်သင့်သောကြောင့် သဒ္ဒါနည်း ပျက်ခြင်းသို့ ရောက်၏၊ တစုံတခုသော အကျိုးကို မပြီးစေနိုင်သည်သာတည်း။ ဤသို့ သဒ္ဒါနည်း ပျက်သောကြောင့်လည်း ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ် မမည်၊ ထို ပဋိစ္စသမုပ္ပါဒေါ ဟူသော ပုဒ်၌ ဟောတိ သဒ္ဒါနှင့်တကွ “ပဋိစ္စ သမုပ္ပါဒေါ ဟောတိ” ဟူ၍ ယှဉ်ကုန်အံ့၊ ဤသို့ စောဒကပုဂ္ဂိုလ်၏ စောဒနာခြင်းသည် ဖြစ်ရာ၏၊ ထိုစကားသည် မသင့်၊ အဘယ့်ကြောင့်နည်း၊ ယှဉ်ခြင်းသို့ မရောက်သည်၏ အဖြစ်ကြောင့်၎င်း၊ ဥပါဒ်၏ ဥပါဒ် အဖြစ်သို့ ရောက်ခြင်း အပြစ်ရှိသည်၏ အဖြစ်ကြောင့်၎င်းတည်း။

> “ပဋိစ္စသမုပ္ပါဒံ ဝေါ ဘိက္ခဝေ ဒေသိဿာမိ၊ ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ၊....လ....အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ”

ဟူကုန်သော ဒေသနာ၊ ပဋိညာဉ်၊ ပုစ္ဆာ၊ နိဂုံးအားဖြင့် ဆိုအပ်ပြီးသော ပုဒ်တို့တွင် တပုဒ်ပုဒ်နှင့်လည်း ဟောတိ သဒ္ဒါ သည် တကွယှဉ်ခြင်းသို့ မရောက်၊ ဟိတ်တပါး၏ အကျယ်ကို ဆိုဦးအံ့၊ ဥပါဒ်၏ ဥပါဒ်တခုသည် မဖြစ်၊ အကယ်၍ ဖြစ်ငြားအံ့၊ ဥပါဒ်၏လည်း ဥပါဒ်တခုသည် ရောက်ခဲ့ရာ၏၊ ထို့ကြောင့်မဖြစ်။

http://www.dhammadownload.com



ဤ သင်္ခါရ စသည်တို့၏ အကြောင်း ဖြစ်ကုန်သော အဝိဇ္ဇာ စသည်တို့၏ အဖြစ်သည် ဇူဒပ္ပစ္စယတာ မည်၏၊ အဝိဇ္ဇာ စသည် တို့၏ အကြင် အခြင်းအရာသည် သင်္ခါရ စသည်တို့၏ ထင်ရှား ဖြစ်ခြင်း၌ အကြောင်း ဖြစ်၏၊ ထို အခြင်းအရာသည် "ဘာဝ" မည်၏၊ ထို အဝိဇ္ဇာ စသည်တို့၏ ဖောက်ပြန်ခြင်းသည် ရှိသော် ပဋိစ္စသမုပ္ပါဒ ဟူသော အမည်သည် ဖြစ်၏၊ ဤသို့ အကြင် ကေဓိ ဆရာတို့က အောက်မေ့ မှတ်ထင်ကြကုန်၏၊ ထို ကေစိတို့၏ ထို ထင်မှတ်ခြင်းသည် မသင့်၊ အဘယ့်ကြောင့် နည်းဟူမူ၊ အဝိဇ္ဇာ စသည်တို့၏ အကြောင်း၏ အဖြစ်ကို ဟောတော်မူသော ကြောင့်တည်း၊ ချဲ့ဦးအံ့၊ မြတ်စွာဘုရားသည်—

"တသ္မာ တိဟ အာနန္ဒ ဧသေဝ ဟေတု, ဧတံ နိဒါနံ, ဧသ သမုဒယော, ဧသ ပစ္စယော ဇရာမရဏဿ၊ ယဒိဒံ ဇာတိ။....(လ)သင်္ခါရာနံ ယဒိဒံ အဝိဇ္ဇာ"

ဟူ၍ ဟောတော်မူအပ်သော ဤ ပါဠိတော်ဖြင့် အဝိဇ္ဇာ အစရှိ သည်တို့ကိုသာလျှင် အကြောင်းရင်း "ဟေတု" ဟူ၍ ဟော တော်မူအပ်ကုန်၏၊ ထို အဝိဇ္ဇာ စသည်တို့၏ ဖြစ်သော အခြင်း အရာ အထူးဟု ဆိုအပ်သော ဖောက်ပြန်ခြင်း "ဝိကာရ" ကို "ဟေတု"ဟူ၍ ဟောတော်မမူ၊ ထို့ကြောင့် မသင့်၊ သို့ဖြစ်၍ "အဝိဇ္ဇာ စသော အကြောင်း တရားတို့ကို ပဋိစ္စသမုပ္ပါဒ် ဟူ၍ သိအပ်ကုန်၏"ဟူသော ဤ အစဉ်ဖြင့် ပြဆိုခဲ့ပြီးသည့် စကားကို မလျှပ်မရှားနိုင် ကြံ့ကြံ့ခိုင်၍၊ မဖောက်မပြန် ဟုတ်မှန်စွာ ဆိုခဲ့သော စကား ဟူ၍ သိအပ် မှတ်အပ်၏။

ပါဠိတော်၏ အဓိပ္ပါယ်—

"အိုအာနန္ဒာ—ထို့ကြောင့် ဤ သာသနာတော်၌ အကြင် ဇာတိသည် ရှိ၏၊ ဤ ဇာတိသည်မင်လျှင် ဇရာ မရဏ၏ အကြောင်းရင်းတည်း၊ ထို ဇာတိသည် ဇရာ မရဏ၏ နိဒါန်းတည်း၊ ဤဇာတိသည် ဖြစ်စေတတ်သော ဖြစ်ကြောင်း သမုဒယတည်း၊ ဤ ဇာတိသည် အကြောင်း

http://www.dhammadownload.com



ပစ္စည်းတည်း…… (လ) ……အကြင် အဝိဇ္ဇာသည် ရှိ၏၊ ဤ အဝိဇ္ဇာသည် ပင်လျှင် သင်္ခါရတို့၏ အကြောင်းရင်း ဟေတုတည်း၊ ထို အဝိဇ္ဇာသည် သင်္ခါရတို့၏ ဖြစ်ကြောင်း နိဒါန်းတည်း၊ ဤ အဝိဇ္ဇာသည် ဖြစ်စေတတ်သော သမုဒယတည်း၊ ဤ အဝိဇ္ဇာသည် သင်္ခါရတို့၏ အကြောင်း ပစ္စည်းတည်း"။

ဆက်၍ ဆိုဦးအံ့၊ ဤ ပဋိစ္စသမုပ္ပါဒ ဟူသော ပုဒ်၌ ပြဋ္ဌာန်းသော "သမုပ္ပါဒ"သဒ္ဒါဖြင့် သိအပ်သော သတ္တိရှိသော အကြောင်း တရား "ဟေတု"သည် "ပဋိစ္စသမုပ္ပါဒ" မည်၏၊ ဤသို့ မဖေါက်မပြန် ကေန် မှန်သော အနက်ကို မသိကြကုန်သော ကေစိဆရာတို့၏ အခြား တပါးသော အရာ၌ ဘာဝသာဓန ဖြစ်သော "သမုပ္ပါဒ" သဒ္ဒါကိုသာ တွေ့ဘူးခြင်းကြောင့် ထိုကဲ့သို့ မှတ်ရာ၍၊ ဤ အရာ၌လည်း ပဋိစ္စသမုပ္ပါဒေါ ဟူသော ဤ သဒ္ဒါ ရိပ်ဖြင့် ဤ ဥပါဒ်ကိုသာလျှင် ဘုရား ဟော၏, အကြောင်း ဟေတု ကို ဘုရား မဟောဟု အထင်မှား အမှတ်မှားခြင်းသည် ဖြစ်၏၊ ထို မှားသော ထင်မှတ်ခြင်းကို ဤ "ပဋိစ္စသမုပ္ပါဒ" ဟူသော ပုဒ်၏ ယခု ပြဆိုလတ့ံသော အနက်ကို ယူ၍ ငြိမ်းစေ၍ ဖျောက်ပယ်အပ်၏။ ချဲဦးအံ့—မြတ်စွာဘုရားသည်—

"ဒွေမေ တထာ ပဝတ္တေ,
ဓမ္မသမူဟေ ယတော ဣဒံ ဝစနံ၊
ဘာပ္ပစ္စယော တထာယံ,
ဖလေ'ပစာရေန ဝုတ္တိ ဝုတ္တော"။

"ထို အကြောင်း အပေါင်းကြောင့် ဖြစ်သော အကျိုး ပစ္စယုပ္ပန် တရား အပေါင်း၌ အကြင် အကြောင်းကြောင့် ဤ ပဋိစ္စသမုပ္ပါဒ ဟူသော သဒ္ဒါကို နှစ်ပါးသော အပြား အားဖြင့် အလိုရှိအပ်ကုန်၏၊ ထိုကြောင့် ထို အကျိုး ပစ္စယုပ္ပန် တရား အပေါင်း၏ အကြောင်း ဖြစ်သော ဤ ပစ္စည်း တရား အပေါင်းကို ဖလူပစာရအားဖြင့် ပဋိစ္စ သမုပ္ပါဒ ဟူ၍ ဟောတော်မူအပ်ပြီ။"

http://www.dhammadownload.com



ချုပ်ဦးအံ့၊ အကြောင်း ပစ္စည်း အပေါင်းကြောင့် ဖြစ်သော အကြင် အကျိုး ပစ္စယုပ္ပန္န တရား အပေါင်းသည် ရှိ၏၊ ထို အကျိုး ပစ္စယုပ္ပန် တရား အပေါင်း၌ ပဋိစ္စသမုပ္ပါဒ ဟူသော စကားကို နှစ်ပါး အပြားအားဖြင့် အလိုရှိအပ်ကုန်၏၊ အဘယ့်ကြောင့် နည်းဟူမူ—ဉာဏဂတိဖြင့် ရှေးရှု ကပ်၍ သိအပ်သော ထို ပဋိစ္စ သမုပ္ပါဒသည် လောကတ္တရာ အစီးအပွားအလို့ငှါ, လောကတ္တရာ ချမ်းသာ အလို့ငှါ အကြင့်ကြောင့် ဖြစ်၏၊ ထို့ ကြောင့် ထို ပဋိစ္စ သမုပ္ပါဒဟု ဆိုအပ်သော တရား အပေါင်းကို ပညာရှိတို့သည် ယုံကြည်ခြင်းငှါ ထိုက်ကုန်၏၊ ထိုသို့ ပညာရှိတို့ ဉာဏ်ဖြင့် ရှေးရှု သိ၍ ယုံကြည်ထိုက်သည်၏ အဖြစ်ကြောင့် "ပဋိစ္စ" မည်၏။

ထိုမှတပါး ဖြစ်သည်ရှိသော် တခုတခုသော တရား၏ တရံ တဆစ်မျှလည်း ဖြစ်ခြင်း၏ မရှိခြင်းကြောင့် တကွ ဖြစ်၏၊ အကြောင်း ကင်းသောအားဖြင့်ရင်း, မညီညွတ်သော အကြောင်း ကြောင့်ရင်း မဖြစ်ခြင်းကြောင့် ကောင်းစွာ သင့်သော အကြောင်း အားဖြင့်သာ ဖြစ်၏၊ တခုတခုစီ သီးခြား မဖြစ်၊ အကြောင်း ကင်းသော အားဖြင့်လည်း မဖြစ်၊ ထိုကြောင့် "သမုပ္ပါဒ" မည်၏၊ ဤသို့ ဉာဏ်ဖြင့် ရှေးရှု ကပ်၍ သိအပ်သည်လည်း ဖြစ်၏၊ ထို ဉာဏ်ဖြင့် ရှေးရှု ကပ်၍ သိအပ်သော တရား အပေါင်းသည် သင့်သော အကြောင်းကြောင့် တကွ ဖြစ်သည်လည်း ဖြစ်၏၊ ထို နှစ်ပါးသော သတ္တိကြောင့် "ပဋိစ္စသမုပ္ပါဒ" မည်၏။

တနည်းတုံ—အကြင် ပစ္စယုပ္ပန် တရား အပေါင်းသည် တပေါင်းတည်း ဖြစ်၏၊ ထိုကြောင့် ထို ပစ္စယုပ္ပန် တရား အပေါင်း သည် "ပဋိစ္စသမုပ္ပါဒ" မည်၏၊ ထိုသို့ တပေါင်းတည်း ဖြစ်သော် လည်း အကြောင်း တရားတို့၏ ညီညွတ်ခြင်းကို မစွန့် မပယ်ဘဲ အစွဲအမြဲ ပြု၍ ဖြစ်၏၊ ဤသို့လည်း ထို ပစ္စယုပ္ပန် တရား အပေါင်း သည် အကြောင်းရင်း ပစ္စည်း တရားတို့၏ ညီညွတ်ခြင်းကို စွဲ၍ ဖြစ်တတ်သောကြောင့် "ပဋိစ္စ" မည်သည်လည်း ဖြစ်၏၊ တပေါင်း တည်း ဖြစ်တတ်သောကြောင့် "သမုပ္ပါဒ" မည်သည်လည်း ဖြစ်၏၊ ထိုနှစ်ပါးသော သတ္တိကြောင့် "ပဋိစ္စသမုပ္ပါဒ" မည်၏။

http://www.dhammadownload.com



ထိုမှတပါး ထို ပဋိစ္စသမုပ္ပါဒဟု ဆိုအပ်သော ပစ္စယုပ္ပန် တရားအပေါင်း၏ ဤ အဝိဇ္ဇာ စသော အကြောင်း တရား အပေါင်းသည် "ပစ္စယ" ဖြစ်၏၊ဝါ—ပစ္စည်းဖြစ်၏၊ထိုကြောင့် "တပ္ပစ္စယ" မည်၏၊ ထို ပဋိစ္စသမုပ္ပါဒ ဟူသော ပစ္စယုပ္ပန် တရား အပေါင်း၏ အကြောင်း၏ အဖြစ်ကြောင့် လောက၌ သလိပ်၏ အကြောင်းဖြစ်သော တင်လဲကို သလိပ်ဟု ဆိုအပ်သကဲ့သို့ငင်း၊ သာသနာတော်၌ ချမ်းသာခြင်း၏ အကြောင်း ဖြစ်သော ဘုရား ပွင့်တော်မူခြင်းကို "သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ" "ဘုရား ပွင့်ခြင်းသည် ချမ်းသာ၏"ဟု ဆိုအပ်သကဲ့သို့ငင်း ထို့အတူ ဤ အဝိဇ္ဇာ စသော အကြောင်း တရား အပေါင်းကိုလည်း "ပဋိစ္စသမုပ္ပါဒ" ဟူ၍ သာလျှင် အကျိုး၏ အမည်ဖြင့် အကြောင်း၌ တင်စား၍ ဆိုအပ်၏၊ ဤသို့ သိအပ်၏။

တနည်းကား—မျက်မှောက် ရှေ့ရှု ရောက်အပ်သည့်တည်း၊ ထိုကြောင့် ဤ အကြောင်း အပေါင်းကို "ပဋိစ္စ"ဟူ၍ ဆိုအပ်၏၊ တသီးတခြား ခွဲမထားရ, အတူတကွ ဖြစ်ကုန်သော ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေတတ်၏၊ ထိုကြောင့် ထို အကြောင်း အပေါင်းကို "သမုပ္ပါဒ" ဟူ၍လည်း ဆိုအပ်၏။

ထိုထက်ကျယ်စေအံ့—သဒ္ဒါရစသည့်တို့၏ ထင်ရှားဖြစ်ခြင်းငှါ အဝိဇ္ဇာ စသော တခုတခုသော အကြောင်းကို ခေါင်းတပ်သဖြင့် ညွှန်ပြအပ်သော အကြင် အကြောင်း အပေါင်းသည် ရှိ၏၊ ထိုအကြောင်း အပေါင်းကို ထို အပေါင်း၌ အကျုံးဝင်သော အကြောင်း တရားတို့အား ဆက်ဆံသော အကျိုးကို ပြီးစေတတ်သည်၏ အဖြစ်ဖြင့်ငင်း, မချို့တဲ့ မယုတ်မလျော့သည်၏ အဖြစ်ဖြင့်ငင်း၊ အကြောင်း ညီညွတ်ခြင်း၏ အင်္ဂါ ဖြစ်ကုန်သော အစိပ်တို့တွင် အချင်းချင်း တခုနှင့် တခုသည် ရှေ့ရှုရောက်အပ်၏၊ ထို့ကြောင့် "ပဋိစ္စ" ဟူ၍ ဆိုအပ်၏။

ထို အကြောင်း အပေါင်းသည်* တကွသာလျှင် ဖြစ်ကုန်သော အချင်းချင်း တသီးတခြား မကွဲပြားကုန်သော ပစ္စယုပ္ပန် တရား

http://www.dhammadownload.com



တို့ကို ဖြစ်စေတတ်၏၊ ထိုကြောင့် ထို အကြောင်း အပေါင်းကို "သမုပ္ပါဒ" ဟူ၍လည်း ဆိုအပ်၏၊ ဤသို့သော အကြောင်း ကြောင့်လည်း ထို အကြောင်း အပေါင်းသည် အချင်းချင်း ရှေ့ရှု ရောက်အပ်သည်လည်း ဖြစ်၏၊ တကွသာလျှင် ဖြစ်၍ အချင်းချင်း မကွဲမပြားဘဲ တပေါင်းတည်း ဖြစ်ခြင်း ရှိကုန်သော ပစ္စယုပ္ပန် တရားတို့ကို ဖြစ်လည်း ဖြစ်စေတတ်၏၊ ထို နှစ်ပါးသော သတ္တိ ကြောင့် "ပဋိစ္စသမုပ္ပါဒ" မည်၏။

တနည်းကား—ဤ အဝိဇ္ဇာ စသော အကြောင်း အပေါင်း သည် အချင်းချင်း တပါးသည် တပါးကို မှီ၍ မချွတ်ဘဲ အညီ အညွတ် အတူ တကွလည်း မိမိ၏ အကျိုး ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေ၏၊ ထို့ကြောင့်လည်း ဤသို့ "ပဋိစ္စသမုပ္ပါဒ်" ဟူ၍ ဤသာသနာတော်၌ ရှင်တော်ဘုရား ဟောကြားတော် မူအပ်ပြီ။

ချုပ်ဦးအံ့—အဝိဇ္ဇာ စသော တခုတခုသော အကြောင်းကို ခေါင်းတပ်သဖြင့် ညွှန်ပြအပ်သော အကြောင်း အပေါင်းတို့တွင် အကြင် အဝိဇ္ဇာ စသော ပစ္စည်းတို့သည် သင်္ခါရ စသော ပစ္စယုပ္ပန် တရား အပေါင်းကို ဖြစ်စေကုန်၏၊ ထို အဝိဇ္ဇာ စသော ပစ္စည်း တရားတို့သည် အချင်းချင်း တပါးသည် တပါးကို မမှီဘဲ အချင်း ချင်း ချွတ်ယွင်းသော အဖြစ်သည် ရှိသော် ဖြစ်ခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် အချင်းချင်း မှီ၍ အညီအညွတ်ရင်း တကွရင်း ဤအကြောင်း၏ အဖြစ်သည် အကျိုးတရားတို့ကို ဖြစ်စေ၏၊ အကျိုး အပေါင်း၏ အစိတ်အစိတ်ကို မဖြစ်စေ၊ ဝါ-ဖြစ်စေသည် မဟုတ်၊ ရှေ့နောက် အဖြစ်ဖြင့်လည်း မဖြစ်စေ၊ ထို့ကြောင့် ပရမတ္ထသို့ အစဉ် လိုက်သော ဝေါဟာရ၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် ဤ အရာ၌ ဝါ—ဤ သာသနာတော်၌ ဤသို့ "ပဋိစ္စသမုပ္ပါဒ်" ဟူ၍ ဟောတော်မူအပ်ပြီ၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ဟောကြားတော်မူသော မြတ်စွာဘုရားသည်—

"ရှေ့ဖြစ်သော ပဋိစ္စ ဟူသော ပုဒ်ဖြင့် သဿတဝါဒ စသည်တို့၏ မဖြစ်ခြင်းကို ပြတော်မူ၏၊ သမုပ္ပါဒ ဟူသော

http://www.dhammadownload.com



နောက်ပုဒ်ဖြင့် ဥစ္ဆေဒဝါဒ စသည်ကို ဖျက်ဆီး ဖျောက်ပယ်ခြင်းကို ပြတော်မူ၏၊ ပဋိစ္စသမုပ္ပါဒ ဟူသော ပုဒ်နှစ်ခု အပေါင်းဖြင့် အယုတ် တရား နှစ်ပါးမှ ကင်းသော မဇ္ဈိမ ပဋိပါဒ်ကို ပြတော်မူ၏"။

"ရှေ့ဖြစ်သော ပုဒ်ဖြင့်" ဟူသည်ကား—အကြောင်း တရားတို့၏ ညီညွတ်သည်၏ အဖြစ်ကို ပြတတ်သော "ပဋိစ္စ" ပုဒ်ဖြင့် ဖြစ်၍ ဖြစ်ကုန်သော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် တရားတို့၏ အကြောင်း တရားတို့၏ ညီညွတ်သည်၏ အဖြစ်၌ စပ်သော ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် သဿတဝါဒ,အဟေတုဝါဒ, ဝိသမဟေတုဝါဒ,ဝသဝတ္တိဝါဒ အပြား ရှိကုန်သော ဝါဒတို့၏ မရှိသော အဖြစ်ကို ပြအပ်၏၊ သင့်ပေစွ— သဿတ စသည်တို့အား ဝါ—အဟေတု အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော ဝါဒတို့အား အကြောင်း၏ ညီညွတ်ခြင်း ပစ္စယသာမဂ္ဂီဖြင့် အဘယ် အကျိုး ရှိအံ့နည်း၊ ထို့ကြောင့် ပြအပ်သည် ဖြစ်၏။

"နောက်ပုဒ်ဖြင့်" ဟူသည်ကား—သင်္ခါရ စသော ပစ္စယုပ္ပန် တရားတို့၏ ဖြစ်ခြင်းကို ပြတတ်သော "သမုပ္ပါဒ" ပုဒ်ဖြင့် ပြအပ်၏၊ ပစ္စယသာမဂ္ဂီသည် ရှိသော် သင်္ခါရ စသော ပစ္စယုပ္ပန် တရားတို့၏ ဖြစ်ခြင်းကြောင့် ဥစ္ဆေဒဝါဒ, နတ္ထိကဝါဒ, အကိရိယဝါဒ တို့ကို ဖျောက်ပယ်အပ်ကုန်၏၊ ထို့ကြောင့် ဥစ္ဆေဒဝါဒ စသည်ကို ဖျောက်ပယ်ခြင်းကို ပြတော်မူ၏၊ ထိုစကား မှန်၏—ရှေးရှေး၌ ဖြစ်သော အကြောင်း၏ အစွမ်းဖြင့် အဖန် တလဲလဲ သင်္ခါရ စသော တရားအပေါင်းတို့သည် ဖြစ်ကုန်သည်ရှိသော်၊ ဥစ္ဆေဒဝါဒ,နတ္ထိကဝါဒ,အကိရိယဝါဒ တို့သည် အဘယ်မှာ ဖြစ်ကုန်လတ္တံ့နည်း၊ ထို့ကြောင့် ပြတော်မူ၏။

"ပဋိစ္စသမုပ္ပါဒ ဟူသော ပုဒ်နှစ်ခု အပေါင်းဖြင့်" ဟူသည်ကား—အလုံးစုံသော ပဋိစ္စသမုပ္ပါဒ စကားဖြင့် ထိုထို အဝိဇ္ဇာ စသော အကြောင်း တရားတို့၏ ညီညွတ်သည်၏ အဖြစ်၌ အကြောင်း အကျိုး စပ်ခြင်းဟု ဆိုအပ်သော အစဉ်ကို မပြတ်စေ

http://www.dhammadownload.com



ခြင်းဖြင့် ထိုထို ပစ္စယုပ္ပန် တရားတို့၏ ဖြစ်ခြင်းကြောင့် ပြအပ်၏၊ မဇ္ဈိမပဋိပဒါရှင်း၊ "ထိုသူသည် ပြု၏, ထိုသူသည်ခံစား၏၊ တပါးသောသူသည် ပြု၏, တပါးသောသူသည် ခံစား၏" ဤသို့သော ဝါဒကို ပယ်ခြင်းရှင်း,မိန်းမ၊ ယောက်ျား ဟူသော ဇနပုဒ်သူတို့၏ ဝေါဟာရ ပညတ်၌ မသင့်မလျား အမှား နှလုံးမသွင်းခြင်းရှင်း, လောကသမ္မုတိကို မလွန်ခြင်းရှင်း ဤသို့ မဇ္ဈိမပဋိပဒါ စသည်ဖြင့် ရေရွတ် မိန့်ဆိုအပ်ပြီးသော အပြားရှိသော နိဗ္ဗုတမည် ခေမာ ပြည်သို့ သွားကြောင်း ဖြစ်သော အရိယမဂ် ခရီးကို ပြအပ်၏။

ဤကား ရှေးဦးစွာ ပြအပ်သော ပဋိစ္စသမုပ္ပါဒ ဟူသော စကားမျှ၏ အနက် အဓိပ္ပါယ်တည်း။

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒကို ဟောတော်မူလိုသည် ဖြစ်၍၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဤသို့ အစရှိသော နည်းဖြင့် ထားတော်မူအပ်သော အကြင် ကျမ်းဂန် ပါဠိတော်သည် ရှိ၏၊ ထို ပါဠိတော်၏ အဖွင့် အဋ္ဌကထာကို ပြုလိုသော ငါသည် ဘုရားသာဝကတို့၏ အပေါင်းသို့ ဝိဘဇ္ဇဝါဒီ ဖြစ်လျက် သက်ဝင်၍၊ ရှေးအဋ္ဌကထာ ဆရာတော်တို့ကို မစွပ်စွဲမူ၍၊ မိမိ အယူကို မပယ်၊ မဖယ်မူ၍၊ သူတပါး အယူကို အပြစ် မတင်မူ၍၊ ပါဠိတော်ကို မတားမြစ်မူ၍၊ ဝိနည်းကို သင့်လျော်စေသည် ဖြစ်၍၊ သုတ္တန်၌ ဟောတော်မူသော မဟာပဒေသ လေးပါး, အဋ္ဌကထာ၌ ပြဆိုအပ်ကုန်သော သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိ ဟူသော မဟာပဒေသ လေးပါးတို့ကို ကြည့်ရှုသည် ဖြစ်၍၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းကို ပြသည် ဖြစ်၍၊ ပါဠိ၏ အနက်ကို၊ ဝါ—အကြောင်း၏ အကျိုးကို ပေါင်းရုံး သိမ်းယူသည် ဖြစ်၍၊ ထို ပဋိစ္စသမုပ္ပါဒ် ပါဠိ၏ အနက်ကိုပင်လျှင် အခြား တပါးလည်း ဖြစ်ကုန်သော ပရိယာယ်တို့ဖြင့် အကျယ် ပြသည် ဖြစ်၍ရှင်း၊ အနက်၏ ဖွင့်ကြောင်း ဖြစ်သော အဋ္ဌကထာကို ပြုအပ်သည် ဖြစ်၏၊ ပကတိ သဘောအားဖြင့်သော်လည်း ပဋိစ္စသမုပ္ပါဒ၏ အနက်၏ အဖွင့်သည် အလွန် ခဲခက်သည် ဖြစ်၍ ပြုနိုင်ခဲသည် သာတည်း၊ ရှေးဆရာတို့ ဘယ်လို ဆိုကြသနည်း—

http://www.dhammadownload.com



သစ္စံ သစ္စော ပဋိသန္ဓိံ, ပစ္စယာကာရမေဝ စ၊
ဒုဒ္ဒသာ စတုရော ဓမ္မာ, ဒေသေတုံ စ သုဒုက္ကရာ။

ဟူ၍ ဆိုကုန်ပြီ။

"သစ္စာ လေးပါးသည်၎င်း, သတ္တ ဟူသော ဝေါဟာရ၎င်း, ဝါ—သတ္တဝါတို့၏ အတ္တ ကိစ္စ ပြီးခြင်း၎င်း, ပဋိသန္ဓေ၎င်း, ပဋိစ္စသမုပ္ပါဒ်၎င်း၊ ဤသို့ လေးပါးသော တရားတို့သည် အလွန် မြင်နိုင်ခဲကုန်၏, ဟောပြောခြင်းငှါလည်း အလွန်ပင် ခဲယဉ်းကုန်၏။"

ထိုသို့ ပြဆိုပြီးသော နည်းဖြင့် အတ္တသံဝဏ္ဏာကို ပြုအပ်သည်၏ အဖြစ်ကြောင့်၎င်း, ခဲယဉ်းသည်၏ အဖြစ်ကြောင့်၎င်း၊ ပါဠိ တည်းဟူသော အာဂုံ, မဂ်ဖိုလ် တည်းဟူသော အဓိဂမသို့ ရောက်ကုန်သော သခင်မြတ်တို့ကို ဖယ်ထား၍၊ ပဋိစ္စသမုပ္ပါဒ ဟူသော ပါဠိတော်၏ အနက်၏ ဖွင့်ကြောင်း ဖြစ်သော အဋ္ဌကထာသည် မလွယ်၊ ထိုသို့ အလွန် ခဲယဉ်းလှသောကြောင့် နှိုင်းယှဉ်၍—

(၁) ယခု ပဋိစ္စသမုပ္ပါဒ် အဖွင့်ကို ဖွင့်လိုသော ငါသည် သမုဒ္ဒရာသို့ သက်ဆင်း ကူးသွားသော ယောကျ်ားသည် ထောက်ရာ၊ တည်ရာကို မရနိုင်သကဲ့သို့၊ ထောက်ရာ၊ တည်ရာကို မရနိုင်။

(၂) ထိုသို့ လက်ပစ် ကူးမဖြစ်သော်လည်း အထူးထူးသော ဒေသနာနည်းတို့ဖြင့် တန်းဆာ ဆင်အပ်သော ဤ ပဋိစ္စသမုပ္ပါဒ် တရားသည်၎င်း, ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာဟု ဆိုအပ်သော ရှေး ဆရာမြတ်တို့၏ စကားအစဉ်သည်၎င်း အဆက် မပြတ် ရှိသည် ဖြစ်၍ တည်၏။

(၃) ထို့ကြောင့် ထိုသာသနာ, ပုဗ္ဗာစရိယ, နှစ်ပါးကို မြဲမြဲ တည်တည် အမှီ ပြု၍၊ ထို ပဋိစ္စသမုပ္ပါဒ်၏ အနက်၏ ဖွင့်ကြောင်း ဖြစ်သော အဋ္ဌကထာကို အားထုတ်၍ ဆိုပေအံ့၊ ထို အဖွင့် အဋ္ဌကထာကို တည်ကြည်သော

http://www.dhammadownload.com



စိတ်ရှိကုန်သည် ဖြစ်၍၊ သူတော်ကောင်း ဖြစ်သော သင်တို့သည် မှတ်သား နာယူကြကုန်လော့။

ရှေး အဋ္ဌကထာ ဆရာကြီးတို့သည်—

'ယောကောစိမံ အဋ္ဌိံ ကတွာ သုဏောယျ,
လဘေထ ပုဗ္ဗာပရိယံ ဝိသေသံ၊
လဒ္ဓါန ပုဗ္ဗာပရိယံ ဝိသေသံ,
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။"

ဟု ဆိုကုန်ပြီ။

အဓိပ္ပါယ်ကား—

"အကြင် အမှတ်မရှိ တစုံတယောက်သော သူသည်၊ ဤ ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာကို ဝဇီရစိန် ထိန်သော အလျှံ ခုန်ပျံ ကောင်းကင် မျက်ရှင် ပတ္တမြား တိမ်သား လုစ်ခွဲ ပုလဲ တမူး ထူးမြတ်သော ဥစ္စာကဲ့သို့ ပြု၍ မှတ်သား နာယူရာ၏၊ ထိုသူသည် ရှေးကာလထက် နောက်ကာလ၌ ဖြစ်သော ရှေးဦးလက်မွန် အားထုတ်သည်မှ စ၍ ခဏတိုင်း ခဏ တိုင်း ဖြစ်ပေါ်သော သုတစိန္တာ ဘာဝနာ ဉာဏ်ထူးကို ဝါ- တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် စသည်ဖြင့် ကိလေသာ ကုန်ကြောင်း တရားထူးကို ရရာ၏၊ ရှေး ကာလ ထက် နောက်ကာလ၌ ဖြစ်သော ရှေးဦးမဆွ အားထုတ်သည်မှ စ၍ ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်သော ကိလေသက္ခယ မေ့အထူးကို ရ၍ သေမင်း၏ မမြင်ရာ နိဗ္ဗာန် ရွှေပြည်သို့ ရောက်ရာ၏။"

ထို့ကြောင့် ရှိသေလေးမြတ်စွာ နာယူကြကုန်၊ အကျယ်တဝင့် ဖွင့်ဆိုတော့အံ့၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ အစရှိသည်တို့၌ အစ ကာလ၌ သာလျှင် အစဉ်သင့်—

(၁) ဒေသနာ အထူးအားဖြင့်၎င်း၊
(၂) အနက် သဘော အထူးအားဖြင့်၎င်း၊
(၃) လက္ခဏာ စသောအားဖြင့်၎င်း၊

http://www.dhammadownload.com



(၄) ကောဝိဓ စသောအားဖြင့်၎င်း၊
(၅) အဝိဇ္ဇာ စသော အင်္ဂါ တဆဲ့ နှစ်ပါးတို့ကို ခြားနား မှတ်သား၍ ပြသောအားဖြင့်၎င်း၊

အဆုံးအဖြတ်ကို သိအပ်၏။ ထိုတွင်—

(၁) **"ဒေသနာအထူးအားဖြင့်"** ဟူသည်ကား—နွယ်ကို ဆောင်ယူကုန်သော ယောကျ်ား လေးယောက်တို့၏ နွယ်ကို ယူခြင်းကဲ့သို့ အစမှ စ၍၎င်း, အလယ်မှ စ၍၎င်း, ဆုံးသည်တိုင် အောင် ဟောတော်မူခြင်း၎င်း၊ ထို့ပြင် အဆုံးမှ စ၍၎င်း, အလယ်မှ စ၍၎င်း, အစတိုင်အောင် ဟောတော်မူခြင်း၎င်း၊ ဤသို့ မြတ်စွာဘုရား ဟောတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာ အထူးသည် လေးပါးရှိ၏။

ထင်ရှားစေဦးအံ့—နွယ်ဆောင် ယောကျ်ား လေးယောက် တို့တွင် တယောက်သည် နွယ်၏ အရင်းကို သာလျှင် ရှေးဦးစွာ မြင်၏၊ ထိုသူသည် ထို နွယ်ကို အရင်းက ဖြတ်၍ အရင်းမှ စပြီး နွယ်အားလုံးကို ဆွဲငင် ဆောင်ယူလျက် လုပ်ဆောင်ဘွယ် အမှု ကိစ္စ၌ အသုံးပြုသကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် "ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ....(လ).... ဇာတိပစ္စယာ ဇရာမရဏံ" ဟူ၍ အစမှ စ၍ ဆုံးသည်တိုင်အောင်လည်း ပဋိစ္စ သမုပ္ပါဒ်ကို ဟောတော်မူ၏။

ဒုတိယမြောက် လူတယောက်သည်ကား နွယ်၏ အလယ်ပိုင်း ကို မြင်၏၊ ထို အလယ်ပိုင်းကို ဖြတ်၍ အထက် အဘို့ကိုသာလျှင် ဆွဲငင်၍ ဆောင်ယူလျက် အမှုကိစ္စ၌ သုံးစွဲသကဲ့သို့ ထိုအတူ မြတ်စွာဘုရားသည်—

"တဿ တံ ဝေဒနံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ။ ယာ ဝေဒနာသု နန္ဒီ, တဒုပါဒါနံ၊ တဿုပါဒါနပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ။"

ဟူ၍ အလယ်မှ စ၍ အဆုံးတိုင်အောင်လည်း ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

http://www.dhammadownload.com



ထို ပါဠိတော်၏ မြန်မာပြန်ကား—

"ထို ဝေဒနာကို သပ္ပိတိက တဏှာဖြင့် အလွန် နှစ်သက်သော "သြော်—ချမ်းသာလေစွ, ချမ်းသာလေစွ" ဟု နှုတ်မြွက်ခြင်းသို့ ရောက်သော ဗလဝ တဏှာဖြင့် လွှတ်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် မျိုသွင်း၍ တည်သော ထိုသူအား ထိုထက်လည်း အားရှိသော ဥပါဒါန်ဖြစ်၍ ဖြစ်သော တဏှာ ဟူသော နှစ်သက်ခြင်းသည် ဖြစ်၏၊ ဝေဒနာတို့၌ အကြင် နှစ်သက်ခြင်း နန္ဒီရာဂ ဖြစ်၏၊ ထို အလွန်နှစ်သက်ခြင်း အားကြီးသော ဗလဝတရ နန္ဒီရာဂသည် ဥပါဒါန် မည်၏၊ ထိုသူအား ဥပါဒါန် ဟူသော အကြောင်းကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ, ဖြစ်၏၊ ဘဝ ဟူသော အကြောင်းကြောင့် ဇာတိ ဖြစ်၏။"

တတိယမြောက် လူတယောက်သည်ကား နွယ်၏ အဖျားပိုင်းကို ရှေးဦးစွာ မြင်၍ အဖျားကို ကိုင်လျက် အဖျားမှ အစဉ်လျောက်သဖြင့် နွယ်ရင်းတိုင်အောင် နွယ်အားလုံးကို ဆောင်ယူပြီးလျှင် အမှုကိစ္စ၌ သုံးစွဲသကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည်—

"ဇာတိပစ္စယာ ဇရာမရဏန္တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ဇာတိ ပစ္စယာ နု ခေါ ဘိက္ခဝေ ဇရာမရဏံ, နောဝါ, ကထံ ဝေါ ဧတ္ထ ဟောတီတိ။ ဇာတိပစ္စယာ ဘန္တေ ဇရာမရဏံ, ဧဝံ နော ဧတ္ထ ဟောတိ ဇာတိပစ္စယာ ဇရာမရဏန္တိ။ ဘဝပစ္စယာ ဇာတိ···· (လ) ····အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ အဝိဇ္ဇာပစ္စယာ နု ခေါ ဘိက္ခဝေ သင်္ခါရာ, နော ဝါ, ကထံ ဝေါ ဧတ္ထ ဟောတီတိ။"

ဟု အဆုံးမှ စ၍ အရင်းတိုင်အောင်လည်း ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

"အိုရဟန်းတို့—"ဇာတိ ဟူသော အကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏" ဟူ၍ ဤသို့လျှင် ထိုစကားကို ငါဘုရား ဟောကြားအပ်ပြီ။ "အိုရဟန်းတို့—ဇာတိ ဟူသော အကြောင်းကြောင့် ဇရာမရဏ ဖြစ်သလော,

http://www.dhammadownload.com



မဖြစ်သလော၊ ဤသို့ ငါဘုရား မေးရာ၌ သင်ချစ်သားတို့ စိတ်သည်အဘယ်သို့ ထင်သနည်း''ဟု မြတ်စွာဘုရားသည် မေးတော်မူ၏။ "ရှေ့ဘုန်းတော်အရှင် သခင်ဘုရား—ဇာတိ ဟူသော အကြောင်းကြောင့် ဇရာမရဏ ဖြစ်ပါ၏၊ ဤသို့ အကျွန်ုပ်တို့၏ စိတ်သည် ထင်မှတ်ပါ၏"ဟု ရဟန်းတို့က ပြန်လျှောက်ကြကုန်၏။ "အိုရဟန်းတို့—ဘဝ ဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏ ဟူ၍ ဤသို့လျှင် ထိုစကားကို ငါဘုရား ဟောကြားအပ်ပြီ။ ....(လ)....အိုရဟန်းတို့—အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏ ဟူ၍ ဤသို့လျှင် ထို စကားကို ငါဘုရားဟောကြားအပ်ပြီ၊ အိုရဟန်းတို့—အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရ ဖြစ်သလော, မဖြစ်သလော၊ ဤသို့ ငါဘုရား မေးရာ၌ သင်ချစ်သားတို့ စိတ်သည် အဘယ်သို့ ထင်သနည်း"ဟု မြတ်စွာဘုရားသည် ဤသို့ မေးတော်မူ၏။

( ဤကား ပါဠိတော်၏ အဓိပ္ပါယ် )

စတုတ္ထမြောက် လူတယောက်သည်ကား နွယ်၏ အလယ်ကို သာလျှင် မြင်၏၊ ထိုသူသည် အလယ်ပိုင်းကို ဖြတ်၍ အောက်သို့ သက်လျက် နွယ်ရင်း တိုင်အောင် ဆောင်ယူပြီးလျှင် အမှုကိစ္စ၌ အသုံးပြုသကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည်—

"ဣမေ စ ဘိက္ခဝေ စတ္တာရော အာဟာရာ ကိံနိဒါနာ, ကိံသမုဒယာ, ကိံဇာတိကာ, ကိံပဘဝါ၊ ဣမေ စတ္တာရော အာဟာရာ တဏှာနိဒါနာ, တဏှာသမုဒယာ, တဏှာဇာတိကာ, တဏှာပဘဝါ။ တဏှာ ကိံနိဒါနာ,။ ဝေဒနာ, ဖဿော, သဠာယတနံ, နာမရူပံ, ဝိညာဏံ, သင်္ခါရာ ကိံနိဒါနာ၊ သင်္ခါရာ အဝိဇ္ဇာနိဒါနာ,....(ပ).... အဝိဇ္ဇာပဘဝါ။"

ဟု အလယ်မှ စ၍ အရင်းအစ တိုင်အောင် ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

http://www.dhammadownload.com



"အို ရဟန်းတို့—ဝိပါကဝဋ်၌ ဖြစ်၍ ဖြစ်ကုန်သော ပဋိသန္ဓေ, ပဝတ္တိ၌ ဖြစ်ကုန်သော ဖဿ, စေတနာ, ဝိညာဉ်တရား, ကမ္မသမုဋ္ဌာန် ဩဇာဟု ဆိုအပ်ကုန်သော ဤအာဟာရ လေးပါးတို့သည် အဘယ်အကြောင်း နိဒါန်း ရှိကုန်သနည်း၊ အဘယ်လျှင် ဖြစ်စေအပ်ကုန်သနည်း၊ အဘယ်ကြောင့် ဖြစ်ပေါ်ကုန်သနည်း၊ အဘယ်လျှင် အမွန် ရှိကုန်သနည်း။ ဤအာဟာရ လေးပါးတို့သည် တဏှာလျှင် အကြောင်း နိဒါန်း ရှိကုန်၏၊ တဏှာလျှင် ဖြစ်စေအပ် ကုန်၏၊ တဏှာကြောင့် ဖြစ်ပေါ်မှု ဇာတိ ရှိကုန်၏၊ တဏှာလျှင် အမွန် ရှိကုန်၏။ တဏှာသည် အဘယ်လျှင် နိဒါန်း ရှိသနည်း၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမရူပ၊ ဝိညာဉ်သည်၊ သင်္ခါရတို့သည် အဘယ်လျှင် အကြောင်း နိဒါန်း ရှိကုန်သနည်း၊ သင်္ခါရတို့သည် အဝိဇ္ဇာလျှင် နိဒါန်း ရှိကုန်၏၊ အဝိဇ္ဇာလျှင် သမုဒယ ရှိကုန်၏၊ အဝိဇ္ဇာလျှင် ဇာတိ ရှိကုန်၏၊ အဝိဇ္ဇာလျှင် အမွန် ရှိကုန်၏။"

အဘယ့်ကြောင့် ဤ ဒေသနာပဘေဒ လေးပါးတို့ဖြင့် ဟောတော်မူသနည်း၊ ပဋိစ္စသမုပ္ပါဒ်၏ ထက်ဝန်းကျင်မှ ကောင်းသည်၏ အဖြစ်ကြောင့်၎င်း, ကိုယ်တော်မြတ်၏ ဒေသနာကို တင့်တယ်စေတတ်၊ တန်းဆာဆင်တတ်သော ဉာဏ် အထူးသို့ ရောက်သည်၏ အဖြစ်ကြောင့်၎င်း ဟောတော်မူ၏၊ ချဲ့ဦးအံ့၊ ပဋိစ္စသမုပ္ပါဒ်သည် သကာခဲကဲ့သို့ ထက်ဝန်းကျင် ကောင်း၏၊ လေးပါး လေးပါးသော ဒေသနာတို့တွင် ထိုထို ဒေသနာအားဖြင့် အရိယမဂ်ကို ထိုးထွင်း၍ သိခြင်း၄ါ၊ ဝါ—ပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်း၍ သိခြင်း၄ါ ဖြစ်သည်သာတည်း။

ထိုမှတပါး မြတ်စွာဘုရားသည် ဝေသာရဇ္ဇဉာဏ် လေးပါး ပဋိသမ္ဘိဒါ လေးပါးနှင့် ယှဉ်ခြင်းကြောင့်၎င်း, ဓမ္မဂမ္ဘီရ, အတ္ထဂမ္ဘီရ, ဒေသနာဂမ္ဘီရ, ပဋိဝေဓဂမ္ဘီရအားဖြင့် ဂမ္ဘီရလေးပါး အဖြစ်သို့ ရောက်ခြင်းကြောင့်၎င်း၊ ဒေသနာဝိလာသသို့ ရောက်

http://www.dhammadownload.com



တော်မူသည် ဖြစ်၏၊ ထို မြတ်စွာဘုရားသည် ဒေသနာဝိလာသသို့ ရောက်သည်၏ အဖြစ်ကြောင့် အထူးထူးသော နည်းတို့ဖြင့် သာ လျှင် တရားကို ဟောတော်မူပေ၏။

အထူးအားဖြင့်ကား ထို မြတ်စွာဘုရား၏၊ ဝါ—ထို ပဋိစ္စ သမုပ္ပါဒ်ကို အစမှ စ၍ အကြင် အနုလုံအားဖြင့် ဟောတော်မူ ခြင်းသည် ရှိ၏၊ ထို အနုလုံ ဒေသနာသည် ဝဋ္ဋတရား၏ အကြောင်း အထူး၌ တွေဝေသော ဝေနေယျ သတ္တဝါ အပေါင်းကို ကောင်းစွာ ရှုမြင်တော်မူသော မြတ်စွာဘုရားအား အကြင် အကြင် မိမိ ဥစ္စာ ဖြစ်ကုန်သော အဝိဇ္ဇာ စသော သင့်လျော်သော အကြောင်းတို့ကြောင့် သင်္ခါရ စသော ဝဋ္ဋတရားတို့၏ ဖြစ်ခြင်းကို ပြခြင်းငှါလည်း, ဝဋ္ဋတရား၏ ဖြစ်စဉ်ကို ပြခြင်းငှါလည်း ဖြစ်၏ဟု သိအပ်၏။

ထို မြတ်စွာဘုရား၏၊ ဝါ—ထိုပဋိစ္စသမုပ္ပါဒ်ကို အဆုံးမှ စ၍ အရင်းတိုင်အောင် ဟောအပ်သော အကြင် ပဋိလုံ ဒေသနာသည် ရှိ၏၊ "ဤ လူအပေါင်းသည် ဆင်းရဲ ငြိုငြင် ပင်ပန်းခြင်းသို့ ရောက် ရှာရသည်တကား၊ ပဋိသန္ဓေ နေလည်း နေရရှာ၏၊ အိုလည်း အိုရရှာ၏၊ သေလည်း သေရရှာ၏၊ အဖန် တလဲလဲလည်း စုတေ ရရှာ၏၊ တလုံလဲလဲလည်း ဖြစ်ရရှာ၏" ဤသို့ အစရှိသော နည်းဖြင့် ဆင်းရဲ ငြိုငြင် ပင်ပန်းခြင်းသို့ ရောက်သော လူစသော သတ္တဝါအပေါင်းကို သနား အာရုံ တလုံလဲလဲ ရှုတော်မူသော ဘုရားရှင်အား အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရတော်မူ သည်မှ ရှေ့အဘို့ ဖြစ်သော ထိုထို ဇရာမရဏ အစရှိသော အကျိုးကို ထိုးထွင်း၍ သိသော ဝိပဿနာဉာဏ်ကို အစဉ် လျှောက်သဖြင့် ထိုထို ဇရာမရဏ စသော ဝဋ္ဋဒုက္ခ၏ မိမိသည် သိတော်မူအပ်သော ဇာတိ စသော အကြောင်းကို ကောင်းစွာ ပြခြင်း အကျိုးငှါ ထို ပဋိလုံ ဒေသနာသည် ဖြစ်၏။

အလယ်မှ စ၍ အရင်း အစတိုင်အောင် ဟောတော်မူအပ် သော အကြင် ပဋိလုံ ဒေသနာတော်သည် ဖြစ်၏၊ ထို ဒေသနာ တော်သည် အာဟာရ တည်းဟူသော အကြောင်းကို ပိုင်းခြား

http://www.dhammadownload.com



မှတ်သားခြင်းကို အစဉ် လျှောက်သဖြင့် အတိတ် အစွန်းတိုင်အောင် ရှေ့ရှု ဆောင်၍၊ တဖန် အတိတ် အစွန်း မှစ၍ အကြောင်း အကျိုး အစဉ်ကို ပြခြင်းငှါ ထို ပဋိလုံ ဒေသနာတော်သည် ဖြစ်၏။

အလယ်မှ စ၍ အဆုံးတိုင်အောင် ဟောတော်မူအပ်သော အကြင် ဒေသနာတော်သည် ဖြစ်၏၊ ထို ဒေသနာတော်သည် ပစ္စုပ္ပန် ဖြစ်သော အစွန်း၌ အနာဂတ် အစွန်း ဖြစ်သော ဘဝ၏ အကြောင်း ဖြစ်ကုန်သော တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရတရားတို့၏ ဖြစ်သည် မှစ၍၊ အနာဂတ် အစွန်းကို ထိုးထွင်း၍ မသိကုန် မမြင်ကုန်သော သူတို့အား မျက်မှောက်အသွင် ထင်ရှားစွာသော ပစ္စုပ္ပန် အကြောင်းကို ပြ၍၊ အကြောင်း အကျိုး အဆက်ဆက်အားဖြင့် ထင်ရှား ပြခြင်း အကျိုးငှါ ဖြစ်၏။

ထို ဒေသနာ လေးရပ်တို့တွင် ပဝတ္တိ၏ အကြောင်း၌ တွေဝေသော ဝေနေယျ သတ္တဝါ အပေါင်းအား အကြင်အကြင် မိမိတို့၏ ဥစ္စာ ဖြစ်ကုန်သော အဝိဇ္ဇာစသော အကြောင်းတို့ကြောင့် သင်္ခါရစသော ပဝတ္တိ တရားတို့၏ ဖြစ်ခြင်းကို ပြခြင်းငှါလည်း, ဖြစ်စဉ်ကို ပြခြင်းငှါလည်း၊ အရင်းအစမှ စ၍ အဆုံးတိုင်အောင် အကြင်အနုလုံ ဒေသနာကို ဟောတော်မူအပ်ကုန်၏၊ ထို အနုလုံ ဒေသနာကို ဤ ပဋိစ္စသမုပ္ပါဒကထာ၌ ထားအပ်၏ဟု သိအပ်၏။

ဤပဋိစ္စသမုပ္ပါဒကထာ၌ အဘယ့်ကြောင့် အဝိဇ္ဇာကို လက်ဦး အစ၌ ဟောတော်မူအပ်သနည်း၊ ပကတိဝါဒီတို့၏ အယူ၌ ပကတိသည် အကြောင်း ဖြစ်သကဲ့သို့၊ အဝိဇ္ဇာသည်လည်း လောက၏ အကြောင်းကင်းသော အမြစ်အရင်း ဖြစ်သော အကြောင်းသည် ဖြစ်သလော၊ ဤသို့ အကယ်၍ စောဒနာငြားအံ့၊ အကြောင်းကင်းသော အမြစ်အရင်း ဖြစ်သောအကြောင်း မဟုတ်ဟု ဤသို့ ဖြေအပ်၏၊ ထိုစကား သင့်စွ—"အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယော" "အာသဝ ဖြစ်ပွါးခြင်းကြောင့် အဝိဇ္ဇာ၏ ဖြစ်ပွါးခြင်းသည် ထင်ရှား၏" ဟူ၍ အဝိဇ္ဇာ၏ အကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

http://www.dhammadownload.com



အကြင် အကြောင်းဖြင့် အဝိဇ္ဇာသည် အမြစ်အရင်း ဖြစ်သော အကြောင်းသည် ဖြစ်ရာ၏၊ ထို အကြောင်းသည် ရှိပါ၏လော၊ ထို အကြောင်းသည် အဘယ်နည်း။ ဝဋ်ကို ဟောရာ ကထာ၏ ဦးခေါင်း၏ အဖြစ်တည်း၊ ထိုစကား မှန်၏—မြတ်စွာဘုရားသည် ဝဋ်ဆင်းရဲ အကြောင်းကို ဟောတော် မူသည် ရှိသော် နှစ်ပါး သောတရားတို့ကို ခေါင်းတပ်၍ ဟောတော်မူ၏၊ "အဝိဇ္ဇာ" ကိုမူလည်း ခေါင်းတပ်၍ ဟောတော်မူ၏၊ အဘယ်သို့ဟော တော်မူသနည်း—

"ပုရိမာ ဘိက္ခဝေ န ပညာယတိ အဝိဇ္ဇာယ, ဣတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ, အထ ပစ္ဆာ သမဘဝီတိ၊ ဧဝဉ္စေတံ ဘိက္ခဝေ ဝုစ္စတိ။ အထ စ ပန ပညာယတိ၊ ဣဒပ္ပစ္စယာ အဝိဇ္ဇာ။"

"အိုရဟန်းတို့—ဤ အခါမှ ရှေး၌ အဝိဇ္ဇာသည် မဖြစ်စဘူး၊ ထိုမှနောက်၌ စ၍ ဖြစ်ပြီ၊ ဤသို့ အဝိဇ္ဇာ၏ ရှေးဖြစ်သော အစွန်းသည် မထင်၊ အိုရဟန်းတို့—ဤသို့ လျှင် "ဤ ရှေ့အစွန်းသည် မထင်" စသော စကားကို ဟောအပ်၏။ ထိုသို့ပင် ဟောအပ်သော်လည်း စင်စစ် သော်ကား ဤ အာသဝ ဟူသော အကြောင်းကြောင့် အဝိဇ္ဇာသည် ဖြစ်၏၊ ဤသို့ အဝိဇ္ဇာ၏ အကြောင်းသည် ထင်၏။"

"ဘဝတဏှာ" ကိုမူလည်း ပဓာနအဖြစ်ဖြင့် ခေါင်းတပ်၍ ဟောတော်မူ၏၊ ဟောတော်မူပုံကား—

"ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ ဘဝ-တဏှာယ, ဣတော ပုဗ္ဗေ ဘဝတဏှာ နာဟောသိ, အထ ပစ္ဆာ သမဘဝီတိ၊ ဧဝဉ္စေတံ ဘိက္ခဝေ ဝုစ္စတိ၊ အထ စ ပန ပညာယတိ၊ ဣဒပ္ပစ္စယာ ဘဝတဏှာ။"

"အိုရဟန်းတို့—ဤ အခါမှ ရှေး၌ ဘဝတဏှာသည် မဖြစ်စဘူး၊ ထိုမှ နောက်၌ စ၍ ဖြစ်ပြီ၊ ဤသို့ ဘဝတဏှာ၏

http://www.dhammadownload.com



ရှေးဖြစ်သော အစွန်းသည် မထင်၊အဲ့ိရဟန်းတို့ ဤသို့လျှင် "ဤ ရှေ့အစွန်းသည် မထင်" စသော စကားကို ဟော အပ်၏။ထိုသို့ပင် ဟောအပ်သော်လည်း စင်စစ်သော်ကား ဤ ဝေဒနာ ဟူသော အကြောင်းကြောင့် ဘဝတဏှာ သည် ဖြစ်၏၊ ဤသို့ ဘဝတဏှာ၏ အကြောင်း ဝေဒနာ သည် ထင်၏။"

မြတ်စွာဘုရားသည် ဝဋ္ဋဆင်းရဲနှင့် စပ်သော စကားကို ဟော တော်မူသည် ရှိသော် အဘယ့်ကြောင့် နှစ်ပါးကုန်သော ဤ အဝိဇ္ဇာ, ဘဝတဏှာ, တရားတို့ကို ခေါင်းတပ်၍ ဟောတော် မူသနည်း။ သုဂတိဘဝသို့ လားစေတတ်သော ကုသိုလ်ကံ၊ ဒုဂ္ဂတိဘဝသို့ လားစေတတ်သော အကုသိုလ်ကံ၏ ထူးသော အကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် ဟောတော်မူ၏။

ချဲဦးအံ့—ဒုဂ္ဂတိဘဝသို့ လားစေတတ်သော အကုသိုလ်ကံ၏ ထူးသော အကြောင်းကား "အဝိဇ္ဇာ" တည်း၊ အဘယ့်ကြောင့် နည်း၊ အဝိဇ္ဇာသည် နှိပ်စက်အပ်သော ပုထုဇ္ဇဉ်သည် မီးကင်ခြင်း ဆောက်ပုတ်ဖြင့် ခတ်ခြင်းကြောင့် ဖြစ်သော ဆင်းရဲဒုက္ခဖြင့် နှိပ်စက်အပ်သော သတ်အပ်သော နွားမသည် ထို ဆင်းရဲ ပင်ပန်းခြင်းဖြင့် ကျင်နာသည်၏ အဖြစ်ကြောင့် သာယာခြင်း ကင်းလျက်ငင်း, မိမိ၏အကျိုးမဲ့ကို ဆောင်လျက်ငင်း ရေပူ သောက် ခြင်းကို အားထုတ်သကဲ့သို့ ကိလေသာမီးဖြင့် ပူလောင်ခြင်း ကြောင့် သာယာခြင်း ကင်းလျက်ငင်း, ဒုဂ္ဂတိသို့ ကျစေတတ် သည်၏ အဖြစ်ကြောင့် မိမိ၏ အကျိုးမဲ့ကို ဆောင်လျက်ငင်း, သူ့အသက် သတ်ခြင်း စသော များပြားစွာသော ဒုဂ္ဂတိဘဝသို့ လားစေတတ်သော အကုသိုလ်ကံကို အားထုတ် ပြုလုပ်၏။

သုဂတိဘဝသို့ လားစေတတ်သော ကုသိုလ်ကံ၏ ထူးသော အကြောင်းကား "ဘဝတဏှာ" တည်း၊ အဘယ့်ကြောင့်နည်း၊ ဘဝတဏှာသည် နှိပ်စက်အပ်သော ပုထုဇ္ဇဉ်သည် ဆိုအပ်ပြီး သော အပြားရှိသော ထို သတ်အပ်သော နွားမသည် ရေအေးကို တပ်နှစ်သက်သဖြင့် သာယာအပ်သော သဘော ရှိသည်လည်း

http://www.dhammadownload.com



ဖြစ်သော မိမိ၏ ပင်ပန်းဆင်းရဲခြင်းကို ဖျောက်တတ်သည်လည်း ဖြစ်သော ရေစေ သောက်ခြင်းကို အားထုတ် ပြုလုပ် သကဲ့သို့ ကိလေသာ ဟူသော အပူ ကင်းသည်၏ အဖြစ်ကြောင့် သာယာ အပ်သော သဘော ရှိသည်လည်းဖြစ်သော သုဂတိဘဝသို့ ရောက်စေတတ်သည်၏ အဖြစ်ကြောင့် မိမိ၏ ဒုဂ္ဂတိဘုံ၌ ဖြစ်သော ဆင်းရဲ ပင်ပန်းခြင်းကို ဖျောက်တတ်သည်လည်း ဖြစ်သော သူ့အသက် သတ်ခြင်းမှ ကြဉ်ခြင်း စသော များသော အပြားရှိသော သုဂတိဘဝသို့ လားစေတတ်သော ကုသိုလ်ကံကို အားထုတ်ပြုလုပ်၏။

ဝဏ္ဏကထာ၏ ခေါင်းဖြစ်ကုန်သော ထို အဝိဇ္ဇာ, ဘဝတဏှာ, တရား နှစ်ပါးတို့တွင် အချို့သော သုတ်၌ မြတ်စွာဘုရားသည် တပါးသော တရားလျှင် မူလရှိသော ဒေသနာကို ဟောတော်မူ၏၊ ဤတရား တပါးကို ခေါင်းတပ်၍ ဟောသော ဒေသနာသည် အဘယ်နည်း—

"ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇူပနိသာ သင်္ခါရာ၊ သင်္ခါရူပနိသံ ဝိညာဏံ။"

အစရှိသည်တည်း။ ထိုမှတပါး—

"ဥပါဒါနိယေသု ဘိက္ခဝေ ဓမ္မေသု အဿာဒါနု-ပဿိနော ဝိဟရတော တဏှာ ပဝဍ္ဎတိ၊ တဏှာပစ္စယာ ဥပါဒါနံ။"

အစရှိသည်တည်း။

"အို ရဟန်းတို့—ဤသို့လျှင် အဝိဇ္ဇာလျှင် မှီရာ အကြောင်း ရှိကုန်သော သင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရ လျှင် အကြောင်းရှိသော ဝိညာဉ်သည် ဖြစ်၏။"

"အို ရဟန်းတို့—ဥပါဒါန်၏ အာရုံ ဖြစ်ကုန်သော တေဘူမက တရားတို့၌ သာယာအပ်သော သုခ သော-မနဿကို မရှောင်မရဲ တလုံ လဲလဲ ရှုသည် ဖြစ်၍ နေသော

http://www.dhammadownload.com



သူအား တဏှာသည် ပွါး၏၊ တဏှာ ဟူသော အကြောင်း ကြောင့် ဥပါဒါန်သည် ဖြစ်၏၊
( ဤကား ပါဠိတော် အဓိပ္ပါယ်တည်း။ )

အချို့သော သုတ်၌ အဝိဇ္ဇာမူလ, တဏှာမူလ, နှစ်ပါးလုံး ရှိသော ဒေသနာကို ဟောတော်မူ၏၊ အဘယ်နည်းဟူမူကား—

"အဝိဇ္ဇာနီဝရဏဿ ဘိက္ခဝေ ဗာလဿ တဏှာယ သမ္ပယုတ္တဿ ဧဝမယံ ကာယော သမုဒါဂတော၊ ဣတိ အယဉ္စေဝ ကာယော ဗဟိဒ္ဓါ စ နာမရူပံ ဣတ္ထေတံ ဒွယံ၊ ဒွယံ ပဋိစ္စ ဖဿော၊ ဆဠေဝါယတနာနိ စ ယေဟိ ဖုဋ္ဌော ဗာလော သုခဒုက္ခံ ပဋိသံဝေဒေတိ။"

အစရှိသည်တည်း။

အဓိပ္ပါယ်ကား—

"အို ရဟန်းတို့—အဝိဇ္ဇာသည် မြွေးယှက် ဖုံးလွှမ်း အပ်သော တဏှာနှင့် ယှဉ်သော သူမိုက် လက္ခဏာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဤသို့ အဝိဇ္ဇာသည် မြွေးယှက် အပ်သည်၏ အဖြစ်ကြောင့်၎င်း၊ တဏှာသည် ဝင့်ရထား၌ မြဲစွာ ကအပ်သည်၏ အဖြစ်ကြောင့်၎င်း၊ ဤ သဝိညာဏက ကာယ ဟူသော ခန္ဓာငါးပါး အပေါင်းသည်၊ ဝါ-အာယတန ခြောက်ပါး အပေါင်းသည် ဖြစ်၏၊ ဤသို့ ဤ အဇ္ဈတ္တိကာယတနကာယသည်၎င်း၊ အပသန္တာန်၌ နာမ် နှင့် ရုပ်ဟု မှတ်အပ်သော သဝိညာဏကကာယ ခန္ဓာ ငါးပါး အပေါင်းသည်၎င်း ရှိ၏၊ ဤသို့သော အပြား အားဖြင့် ဤ မိမိ, သူတပါး၏ ခန္ဓာ ငါးပါး အာယတန တဆဲ့နှစ်ပါး တရားသဘော ဟူသော ဒွယ မည်သော တရားသည် ဖြစ်၏၊ ဒွယ မည်သော တရားကို စွဲ၍ ဖဿ သည် ဖြစ်၏၊ အကြင် ဖဿဖြင့် အာရုံကို တွေ့ထိသော ဗာလ လက္ခဏာ အဝိဇ္ဇာ မကင်းသော သူသည် ချမ်းသာ ဆင်းရဲကို အဖန် တလဲလဲ စွဲမြဲ ခံစား၏။ ထို ဖဿ၏

http://www.dhammadownload.com



အကြောင်း ဖြစ်ကုန်သော တရားတို့သည်လည်း ခြောက်ပါးတို့သည်သာလျှင်တည်း။''

ထို ဒေသနာတော်တို့တွင် ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ'' ဟူသော ဤ ဒေသနာကို ဤ ပဋိစ္စသမုပ္ပါဒ်ကထာ၌ အဝိဇ္ဇာ၏ အစွမ်းအားဖြင့် တခုသော တရားလျှင် မူလရှိသော ဒေသနာ ဟူ၍သိအပ်ကုန်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ရှေးဦးစွာ ဤ ပဋိစ္စသမုပ္ပါဒ် ကထာ၌ ဒေသနာ အထူးအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

(၁) ဒေသနာ အထူးအားဖြင့် အဆုံးအဖြတ် ပြီး၏။

(၂) '' အနက်သဘော အတ္ထအားဖြင့် '' ဟူသည်ကား— အဝိဇ္ဇာ အစရှိကုန်သော ပုဒ်တို့၏ အနက်အားဖြင့် ဆိုလိုသည်၊ အဘယ် အနက်တို့နည်းဟူမူကား၊ ပြည့်စေခြင်း, ပွါးစေခြင်း, ဆည်းပူးခြင်းငှါ မသင့်သည်၏ အဖြစ် တည်းဟူသော အနက်ကြောင့် ကာယဒုစရိုက် စသည်တို့သည် မရအပ် မရထိုက် မရကောင်း မရသင့်သည် မည်၏၊ မရအပ် မရသင့်ဟု ဆိုလိုသည်၊ ထို မရအပ် မရထိုက်သော ကာယဒုစရိုက် စသည်ကို ရတတ်၏၊ ထို့ကြောင့် ''အဝိဇ္ဇာ'' မည်၏၊ ထိုမှ ပြန်သောအားဖြင့် ကာယသုစရိုက် စသည်သည် ရအပ် ရသင့်သည် မည်၏၊ ထို ရသင့် ရထိုက်သော ကာယသုစရိုက် စသည်ကို မရတတ်၊ ထို့ကြောင့် အဝိဇ္ဇာ မည်၏။

ခန္ဓာတို့၏ အပေါင်း အစု ဟူသော သဘောကို အာယတနတို့၏ မိမိ၌ မှီသည်ကို ပြု၍ စက္ခုဝိညာဉ် စသည်တို့ ဖြစ်စေခြင်း သဘောကို, ဓာတ်တို့၏ အတ္တ ဇီဝမှ ဆိတ်သော သဘောကို, ဣန္ဒြေတို့၏ အစိုးရသည့် အဖြစ် ဟူသော သဘောကို, သစ္စာတို့၏ မဖောက်မပြန် မှန်သော သဘောကို မသိအပ် မသိနိုင်သည်ကို ပြုတတ်၏၊ ထို့ကြောင့်လည်း အဝိဇ္ဇာ မည်၏။

ဒုက္ခ စသော သစ္စာတို့၏ ပီဠန စသော အစွမ်းဖြင့် ဟောအပ်သော လေးပါးလေးပါး အပြားရှိသော အနက်သဘောကို မသိအပ် မသိနိုင်သည်ကို ပြုတတ်၏၊ ထို့ကြောင့်လည်း အဝိဇ္ဇာမည်၏၊

http://www.dhammadownload.com



အဆုံး အပိုင်းအခြား ကင်းသော သံသရာ၌ အလုံးစုံသော ယောနိ, အလုံးစုံသော ဂတိ, အလုံးစုံသော ဘဝ, အလုံးစုံသော ဝိညာဏဋ္ဌိတိ, အလုံးစုံသော သတ္တာဝါသတို့၌ သတ္တဝါတို့ကို ပြေးစေတတ် မျောစေတတ်၏၊ ထို့ကြောင့်လည်း အဝိဇ္ဇာ မည်၏။

ပရမတ္ထအားဖြင့် ထင်ရှား မရှိသော မိန်းမပညတ် ယောကျ်ားပညတ် စသည်တို့၌ ဖြစ်တတ်၏၊ ပရမတ္ထအားဖြင့် ထင်ရှားရှိကုန်သော်လည်း ခန္ဓာ စသည်တို့၌ မဖြစ်တတ်၊ ထို့ကြောင့်လည်း အဝိဇ္ဇာ မည်၏။

တနည်းတံ—စက္ခုဝိညာဉ် စသည်တို့၏ ဝတ္ထု၊ အာရုံ ဖြစ်ကုန်သော တရားတို့ကိုငင်း, ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန္န ဖြစ်ကုန်သော တရားတို့ကိုငင်း, ဖုံးလွှမ်းတတ်သည်၏အဖြစ်ကြောင့်လည်း အဝိဇ္ဇာ မည်၏၊ အကြင် အကြောင်းတရားတို့ကိုစွဲ၍ အကျိုးသည် ဖြစ်တတ်၏၊ ထိုအကြောင်းသည် "ပစ္စယ" မည်၏။

"ပဋိစ္စ" ဟူသည်ကား—မကင်းမူ၍ မစွန့်မပယ်မူ၍ဟု ဆိုလိုသည်၊ "ဧတိ" ဟူသည်ကား—ဖြစ်လည်း ဖြစ်၏, တည်လည်း တည်၏ဟု ဆိုလိုသည်။ တနည်းကား—ကျေးဇူးပြုတတ်သော အနက်သည် ပစ္စယ သဒ္ဒါ၏ အနက်မည်၏၊ ထို သဘောတရားသည် အဝိဇ္ဇာလည်း ဖြစ်၏၊ ကျေးဇူး ပြုတတ်သည်လည်း ဖြစ်၏၊ ထို နှစ်ပါးသော သတ္တိကြောင့် "အဝိဇ္ဇာပစ္စယ" မည်၏၊ ထို အဝိဇ္ဇာ ဟူသော ကျေးဇူးပြုတတ်သော တရားကြောင့် ပြုအပ်သော အကျိုးတရားကို ပြုပြင်တတ်ကုန်၏၊ ထို့ကြောင့် "သင်္ခါရ" မည်ကုန်၏။

တနည်းတံ—အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရတို့ငင်း၊ သင်္ခါရ သဒ္ဒါဖြင့် လာသော သင်္ခါရတို့ငင်း ဤသို့ သင်္ခါရတို့သည် နှစ်ပါး အပြားရှိကုန်၏၊ ထိုနှစ်ပါးတို့တွင် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အနေဉ္ဇာဘိသင်္ခါရ, သုံးပါးတို့ငင်း၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ, သုံးပါးတို့ငင်း ဤသို့

http://www.dhammadownload.com



ဤ သင်္ခါရ ခြောက်ပါးတို့သည် အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဖြစ်သည့် သင်္ခါရတို့ မည်ကုန်၏။

ထို အလုံးစုံ ခြောက်ပါးသော သင်္ခါရတို့သည်လည်း လောကီ ကုသိုလ် စေတနာ အကုသိုလ် စေတနာသည် သာလျှင် ဖြစ်၏၊ ထိုမှတပါး "သင်္ခတ သင်္ခါရ"တို့ငှင်း, "အဘိသင်္ခတ သင်္ခါရ"တို့ ငှင်း, "အဘိသင်္ခါရဏက သင်္ခါရ"တို့ငှင်း, "ပယောဂါဘိသင်္ခါရ" တို့ငှင်း ဤသို့ ဤ သင်္ခါရ လေးပါးတို့သည် သင်္ခါရ သဒ္ဒါဖြင့် လာသော သင်္ခါရတို့ မည်ကုန်၏။ ထိုလေးပါးတို့တွင်—

"အနိစ္စာ ဝတ သင်္ခါရာ" စသည်တို့၌ ဟောတော်မူအပ်ကုန် သော အကြောင်းနှင့် တကွ ဖြစ်သော သဘော တရား အလုံးစုံ တို့သည် "သင်္ခတ သင်္ခါရ"မည်ကုန်၏၊ ကံကြောင့် ဖြစ်ကုန်သော ဘုံသုံးပါး၌ ဖြစ်ကုန်သော ရုပ်တရား, နာမ်တရား တို့သည် "အဘိသင်္ခတသင်္ခါရ"မည်ကုန်၏၊ ဤသို့ အဋ္ဌကထာတို့၌ ဆိုအပ် ကုန်၏၊ ထို အဋ္ဌကထာတို့၌ ဆိုအပ်ကုန်သော အဘိသင်္ခတသင်္ခါရ တို့သည်လည်း အနိစ္စာဝတ သင်္ခါရပါဌ်ဖြင့် ဟောအပ်သော ဤ သင်္ခတ သင်္ခါရ၌ သာလျှင် ပေါင်းခြင်းသို့ ရောက်ကုန်၏၊ အသီးအခြားမူကား ထို အဘိသင်္ခတ သင်္ခါရတို့၏ လာရာ စကားရပ်သည် ပါဠိတော်၌ မထင်မမြင်ခဲ့၊ ဘုံသုံးပါး၌ ဖြစ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာကို ရှေးရှု ပြုပြင်တတ်သော "အဘိသင်္ခါရဏက သင်္ခါရ" ဟူ၍ ဆိုအပ်၏။

ထို အဘိသင်္ခါရဏက သင်္ခါရ၏ "အဝိဇ္ဇာဂတော အယံ ဘိက္ခဝေ ပုရိသပုဂ္ဂလော ပုညဉ္စေ သင်္ခါရံ အဘိသင်္ခရောတိ"။ "အိုရဟန်းတို့—အဝိဇ္ဇာနှင့် ပြည့်စုံသော ဤ ယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်သည် ပုညာဘိသင်္ခါရကိုလည်း ပြုပြင်စီရင်၏" ဤသို့ အစရှိသည်တို့၌ လာသော ပါဠိရပ်သည် ထင်၏၊ ကာယိက- ဝီရိယ စေတသိကဝီရိယကို, ကာယပယောဂ စိတ္တပယောဂကို ပြုပြင်တတ်သည်၏ အဖြစ်ကြောင့် "ပယောဂါဘိသင်္ခါရ" ဟူ၍ ဆိုအပ်၏၊ ထို ပယောဂါဘိသင်္ခါရသည် "အကြင်မျှလောက် ပယောဂကို ပြုပြင်တတ်သော ဝီရိယ၏ အဟုန်သည် ရှိ၏၊

http://www.dhammadownload.com



ထိုမျှလောက်သွား၍ ဝင်ရိုး၌ လျှိုသွင်းစွပ်ထားသကဲ့သို့ တည်၏" ဤသို့ အစရှိသည်တို့၌ လာ၏။

စင်စစ်သော်ကား ပြဆိုပြီးသော သင်္ခါရတို့သည် သာလျှင် မဟုတ်သေး၊ အခြား တပါးကုန်သော သင်္ခါရတို့သည်လည်း ရှိကုန်သေး၏၊ ရှိပုံကား—

"သညာဝေဒယိတနိရောဓံ သမာပဇ္ဇန္တဿ ခေါ အာဝုသော ဝိသာခ ဘိက္ခုနော ပဌမံ နိရုဇ္ဈန္တိ ဝစီသင်္ခါရော၊ တတော ကာယသင်္ခါရော၊ တတော စိတ္တသင်္ခါရော။"

"အို ဒါယကာ ဝိသာခ—သညာ ဝေဒနာ၏ ချုပ်ရာ ဖြစ်သော နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား စင်စစ် ရှေးဖျား လက်မွန် ဝစီဘေဒသဒ္ဒကို ပြုပြင်တတ်သော ဝိတက် ဝိစာရသည် ချုပ်၏၊ ထို့နောင်မှ ကရဇကာယသည် ပြုပြင်အပ်သော ထွက်သက် ဝင်သက်သည် ချုပ်၏၊ ထို့နောင်မှ စိတ်သည် ပြုပြင်အပ်သော သညာ ဝေဒနာသည် ဝါ—ဝိတက် ဝိစာရမှ တပါးသော စေတသိက် ငါးဆယ်သည် ချုပ်၏။"

ဤသို့ အစရှိသော နည်းဖြင့် သင်္ခါရ သဒ္ဒါဖြင့် တိုက်ရိုက် လာကုန်သော များစွာကုန်သော သင်္ခါရတို့သည်လည်း ရှိကုန်သေး၏၊ ထို သင်္ခါရ သဒ္ဒါဖြင့် တိုက်ရိုက် လာကုန်သော များစွာသော သင်္ခါရတို့တွင် အကြင်သင်္ခါရသည် သင်္ခတ သင်္ခါရတို့ဖြင့် ပေါင်းအပ်သည်၏ အဖြစ်သို့ မရောက်၊ ထိုသို့ မရောက်သော သင်္ခါရသည် မရှိ၊ ဤအဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသော ပုဒ်မှ နောက်၌ သင်္ခါရပစ္စယာ ဝိညာဏံ အစရှိသော ပုဒ်တို့၌ ဖွင့်ပြအပ်သော သင်္ခါရ သဒ္ဒါ၏ အနက် ပစ္စယသဒ္ဒါ၏ အနက် စသည်ကို ဖွင့်ပြပြီးသော နည်းဖြင့် သာလျှင် သိအပ်၏။

အထူးကား၊ မဖွင့်မပြအပ်သေးသော ဝိညာဏ နာမရူပ စသော ပုဒ်တို့၌ အထူးသဖြင့် သိတတ်၏၊ ထို့ကြောင့် "ဝိညာဉ်" မည်၏၊ အာရုံသို့ရှေးရှုညွှတ်တတ်၏၊ ထို့ကြောင့် "နာမ်" မည်၏၊ ဖောက်ပြန်တတ်၏၊ ထို့ကြောင့် "ရုပ်" မည်၏။

http://www.dhammadownload.com



မိမိ ပစ္စည်းအား လျော်စွာ ဖြစ်တတ်သော စိတ်, စေတသိက်တို့ကို ချဲ့တတ်၏၊ ဝါ—ရှည်စွာသော သံသရာကို ဆောင်တတ်၏၊ ထို့ကြောင့် "အာယတန" မည်၏၊ အာရုံကို တွေ့တတ်ထိတတ်၏၊ ထို့ကြောင့် "ဖဿ" မည်၏၊ အာရုံကို ခံစားတတ်၏၊ ထို့ကြောင့် "ဝေဒနာ" မည်၏၊ ဆာလောင် မွတ်သိပ်တတ်၏၊ ဝါ—သုံးဆောင်ခြင်းငှါ အလိုရှိတတ် တောင့်တတတ်၏၊ ထို့ကြောင့် "တဏှာ" မည်၏၊ ပြင်းစွာ စွဲလမ်းတတ်၏၊ ထို့ကြောင့် "ဥပါဒါန်" မည်၏။

ဖြစ်တတ်၏၊ ဝါ—ဖြစ်စေတတ်၏၊ ထို့ကြောင့် "ဘဝ" မည်၏၊ ဖြစ်ခြင်းသည် "ဇာတိ" မည်၏၊ ရင့်ရော်ခြင်းသည် "ဇရာ" မည်၏၊ ထို တရားသဘောဖြင့် ခန္ဓာတို့သည် ပျက်တတ်ကုန်၏၊ သေတတ်ကုန်၏၊ ထိုသို့ ပျက်ကြောင်း၏ အဖြစ်ကြောင့် "မရဏ" မည်၏၊ စိုးရိမ်ခြင်းသည် "သောက" မည်၏၊ ငိုကြွေးခြင်းသည် "ပရိဒေဝ" မည်၏။

ဆင်းရဲစေတတ်၏၊ထို့ကြောင့် "ဒုက္ခ"မည်၏။ ဝါ—ဥပါဒ်, ဌီ ဟူသော နှစ်ပါးသော အဘို့ အစွမ်းအားဖြင့် ကရဇကာယ သမ္ပယုတ်တရားတို့ကို တူးဖြိုတတ်၏၊ ဤသို့သော အနက်ကြောင့်လည်း "ဒုက္ခ" မည်၏၊ စိတ်နှလုံး မသာသော သူ၏ အဖြစ်သည် "ဒေါမနဿ" မည်၏၊ လွန်စွာ ပင်ပန်းခြင်းသည် "ဥပါယာသ" မည်၏၊ "သမ္ဘဝန္တိ" ဟူသည်ကား ဖြစ်ကုန်၏ဟု ဆိုလိုသည်။

"သမ္ဘဝန္တိ" ဟူသော ပုဒ်ကို "သောက" အစရှိသော ပုဒ်တို့နှင့် သာလျှင် ယှဉ်ခြင်းကို ပြုအပ်သည် မဟုတ်၊ အစစ် အမှန်သော်ကား၊ သင်္ခါရ စသော အလုံးစုံသော ပုဒ်တို့နှင့်လည်း သမ္ဘ-ဝန္တိ သဒ္ဒါ၏ ယှဉ်ခြင်းကို ပြုအပ်၏၊ ဧျတိရိက်ကို ဆိုအံ့၊ အလုံးစုံသော ပုဒ်တို့နှင့် ယှဉ်သည်မှ တပါး သောက စသည်တို့နှင့်သာ ယှဉ်သင့်သည် ဟူသော အပြားအားဖြင့် အနက်ကို ယူသည်ရှိသော် "အဝိဇ္ဇာပစ္စယာသင်္ခါရာ" ဟူ၍ ဟောရာ၌ အဘယ် အမှုကို ပြုကုန်သနည်း၊ ဤသို့ မထင်ကုန်ရာ။

http://www.dhammadownload.com



အကျိုးကိုပြဦးအံ့—သမ္မာဝဋ္ဋိ ကိရိယာနှင့် ယှဉ်သည်ရှိသော် အဝိဇ္ဇာသည်လည်း ဖြစ်၏၊ ထို အဝိဇ္ဇာဟူသည် အကြောင်းသည်လည်း ဖြစ်၏၊ ထိုနှစ်ပါးသော သတ္တိကြောင့် "အဝိဇ္ဇာပစ္စယ" မည်၏၊ ထို အဝိဇ္ဇာ ဟူသော ကျေးဇူး ပြုတတ်သည့် အကြောင်း တရားကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ ဤသို့ ပစ္စည်း, ပစ္စယုပ္ပန်တို့ကို ပိုင်းခြား မှတ်သားခြင်းကို ပြုခြင်းသည် ထင်ရှား၏၊ အလုံးစုံသော သင်္ခါရပစ္စယာ ဝိညာဏံ စသော ပုဒ်တို့၌လည်း ဤနည်းကဲ့သို့ မှတ်အပ်၏။

"ဧဝံ"ဟူသော ဤစကားသည် ပြဆိုပြီးသော အစီအရင်ကို ညွှန်းပြကြောင်း ဖြစ်သော စကားတည်း၊ ထို ညွှန်ပြခြင်း နိဒဿန အနက်ရှိသော ဧဝ သဒ္ဒါဖြင့် အဝိဇ္ဇာ စသော အကြောင်းတို့ကြောင့် သာလျှင် ဖြစ်ခြင်းသည် ဖြစ်သင့်၏၊ ပရမေသွာ ဗြဟ္မာ ဖန်ဆင်းခြင်း စသော အကြောင်းတို့ကြောင့် ဖြစ်ခြင်းသည် မဖြစ်သင့်၊ ဤအနက်ကို ပြ၏။

"ဧတဿ"ဟူသည်ကား—ပြဆိုပြီးသော အကြွင် အကြွင်သို့ အပြားရှိသော၊ "ကေဝလဿ" ဟူသည်ကား—သုခနှင့် မရော မယှက် သက်သက် ဖြစ်သော၊ ဝါ—အလုံးစုံသော ဘဝ စသည်တို့၌ ဖြစ်သော၊ "ဒုက္ခက္ခန္ဓဿ"ဟူသည်ကား—ဆင်းရဲ အပေါင်း၏ ဖြစ်ခြင်းသည် ဖြစ်၏၊ သတ္တဝါ၏ ဖြစ်ခြင်း မဟုတ်၊ သုခ, သုဘ စသည်တို့၏ ဖြစ်ခြင်း မဟုတ်။

"သမုဒယော"ဟူသည်ကား—ဖြစ်ခြင်းတည်း။ "ဟောတိ" ဟူသည်ကား—ဖြစ်သင့်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ဤ ပဋိစ္စသမုပ္ပါဒ် အရာ၌ အဓိပ္ပါယ် အနက်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

(၂) အနက်သဘော အတ္ထအားဖြင့် အဆုံးအဖြတ် ပြီး၏။

(၃) "လက္ခဏာ စသောအားဖြင့်" ဟူသည်ကား— အဝိဇ္ဇာ စသည့်တို့၏ လက္ခဏာ စသောအားဖြင့်ဟု ဆိုလိုသည်၊ ဤလက္ခဏာ စသည်တို့သည် အဘယ်သည်တို့နည်း၊ "အဝိဇ္ဇာ"

http://www.dhammadownload.com



သည် မသိခြင်း လက္ခဏာ ရှိ၏၊ သမ္မယုတ်တရားတို့ကို ထိုအဝိဇ္ဇာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ကို ပြင်းစွာ တွေဝေစေခြင်း မိုက်မဲစေခြင်း ကိစ္စရှိ၏၊ အာရုံ၏ သဘောကို ဖုံးလွှမ်းတတ်သည် ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်၏၊ အာသဝ တရားလျှင် နီးသော အကြောင်း ရှိ၏။

"သင်္ခါရ" တို့သည် ပြုပြင်စီရင်ခြင်း လက္ခဏာ ရှိကုန်၏၊ ပဋိသန္ဓေကို ဖြစ်စေခြင်း, အားထုတ်ခြင်း, ကြောင့်ကြများပါရပြုခြင်း ကိစ္စ ရှိကုန်၏၊ ဝါ—အပေါင်း အစု ဖြစ်သော ရုပ် နာမ် ဟူသော အကျိုးတရားကို ဖြစ်စေခြင်း ကိစ္စ ရှိကုန်၏၊ စေ့ဆော်တတ်သည် ဖြစ်၍ ဉာဏ်အား ရှေးရှုထင်တတ်၏၊ အဝိဇ္ဇာလျှင် နီးသော အကြောင်း ရှိကုန်၏။

"ဝိညာဉ်"သည် အထူးသဖြင့် သိခြင်း လက္ခဏာ ရှိ၏၊ နာမ် ရုပ်တို့၏ ရှေ့သွား၏ အဖြစ် တည်းဟူသော ကိစ္စ ရှိ၏၊ ရှေးလွန်ပြီးသော ဘဝနှင့် တကွ စပ်တတ်သော တရား ဟူ၍ ဉာဏ်အား ရှေးရှု ထင်၏၊ သင်္ခါရလျှင် နီးစွာသော အကြောင်း ရှိ၏၊ ဝါ—ဝတ္ထု အာရုံလျှင် နီးစွာသော အကြောင်း ရှိ၏။

"နာမ်"သည် အာရုံသို့ ညွတ်ခြင်း လက္ခဏာ ရှိ၏၊ ဝိညာဉ်နှင့် တကွဥ၊င်း, အချင်းချင်းဥ၊င်း အညီအညွတ် ကေပ္ပဒိဒတာ စသော အပြားတို့ဖြင့် ယှဉ်ခြင်း ကိစ္စ ရှိ၏၊ အသီးအသီး တခုစီ မဖြစ်ခြင်း မကွဲပြားခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏၊ ဝိညာဉ်လျှင် နီးစွာသော အကြောင်း ရှိ၏။

"ရုပ်"သည် ဖောက်ပြန်ခြင်း လက္ခဏာ ရှိ၏၊ သမ္ပယောဂ လက္ခဏာ မရှိသည်၏ အဖြစ်ကြောင့် ဖရိုဖရဲ ကွဲခြင်း ကိစ္စ ရှိ၏၊ အဗျာကတ တရား ဟူ၍ ဉာဏ်အား ရှေးရှု ထင်၏၊ ဝါ—အာရုံကို မယူတတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်သော အခြင်းအရာ ရှိ၏၊ ဝိညာဉ်လျှင် နီးစွာသော အကြောင်း ရှိ၏။

"သဠာယတန"သည် အလွန် ရှည်စွာသော သံသရာဝဋ်ကို ဆွဲခြင်း လက္ခဏာ ရှိ၏၊ မိမိ ဥစ္စာ ဖြစ်သော အကြင်အကြင်သို့သော အာရုံကို ယူခြင်း တွေ့ခြင်း ကိစ္စ ရှိ၏၊ ထိုက်သည်အား လျော်စွာ

http://www.dhammadownload.com



ပဋ္ဌဝိညာဏဓာတ် မနောဝိညာဏဓာတ် မနောဓာတ်တို့၏ ဝတ္ထု အဖြစ် ဒွါရ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏၊ နာမ်ရုပ် လျှင် နီးစွာသော အကြောင်း ရှိ၏။

"ဖဿ"သည် အာရုံကို တွေ့ခြင်း လက္ခဏာ ရှိ၏၊ အာရုံကို ပွတ်ချုပ်ထိပါးခြင်း ကိစ္စ ရှိ၏၊ ဝတ္ထု၊ အာရုံ, ဝိညာဉ် အကြောင်း သုံးပါးတို့၏ စုဝေး ပေါင်းဆုံခြင်းဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏၊ သဠာယတနလျှင် နီးစွာသော အကြောင်း ရှိ၏။

"ဝေဒနာ"သည် အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ ရှိ၏၊ အာရုံ၏ အရသာကို သုံးဆောင်ခြင်း ကိစ္စ ရှိ၏၊ သုခ ဒုက္ခ ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်၏၊ ဖဿလျှင် နီးစွာသော အကြောင်း ရှိ၏။

"တဏှာ"သည် ဒုက္ခ၏ အကြောင်း၏ အဖြစ် တည်းဟူသော လက္ခဏာ ရှိ၏ ထိုထို အာရုံ ဘုံ ဘဝတို့၌ အလွန် နှစ်သက်ခြင်း ကိစ္စ ရှိ၏၊ စိတ်၏ ဝါ—ပုဂ္ဂိုလ်၏ ရူပါရုံ စသည်တို့၌ မရောင့်ရဲသည် ၏ အဖြစ်သည် ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်တတ်၏၊ ဝေဒနာ လျှင် နီးစွာသော အကြောင်း ရှိ၏။

"ဥပါဒါန်"သည် အာရုံကို အလွန် ပြင်းစွာ စွဲလမ်းခြင်း လက္ခဏာ ရှိ၏၊ တဏှာ ဒိဋ္ဌိ အဘိနိဝေသ၏ အစွမ်းဖြင့် မလွှတ် ခြင်းကိစ္စရှိ၏၊ အလွန် မြဲစွာ စွဲလမ်းသော အဖြစ်ဖြင့် ဒိဋ္ဌိ ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်တတ်၏၊ တဏှာလျှင် နီးစွာသော အကြောင်းရှိ၏။

"ဘဝ"သည် ကံ၏ အဖြစ် ကံ၏ အကျိုး၏ အဖြစ်လျှင် လက္ခဏာ ရှိ၏၊ ဖြစ်စေခြင်း ကိစ္စ, ဖြစ်ခြင်း ကိစ္စ ရှိ၏၊ ကုသိုလ်, အကုသိုလ်, အဗျာကတ ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်တတ်၏၊ ဥပါဒါန်လျှင် နီးစွာသော အကြောင်း ရှိ၏။

"ဇာတိ" စသည်တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တို့ကို သစ္စနိဒ္ဒေသ၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် သိအပ် ကုန်၏။

(၃) လက္ခဏာ စသောအားဖြင့် အဆုံးအဖြတ် ပြီး၏။

http://www.dhammadownload.com



(၄) **"ဇောဝိဓ ဓသောအားဖြင့်"** ဟူရာ၌ "အဝိဇ္ဇာ"သည် တရားသဘောမှန်ကို မသိခြင်း မမြင်ခြင်း မတွေ့ဝေခြင်း စသည်တို့၏ အဖြစ်ဖြင့် တပါးသော အဘို့ ရှိ၏။ ဒုက္ခသစ္စာ အစရှိသည်တို့ကို မသိခြင်း, အသုဘ စသည်တို့၌ သုဘ စသည်ဖြင့် ဖောက်ပြန်၍ အမှားကို သိခြင်းအားဖြင့် နှစ်ပါး အပြားရှိ၏၊ သသင်္ခါရ, အသင်္ခါရ အားဖြင့် ထို့အတူ နှစ်ပါး အပြား ရှိ၏၊ ဝေဒနာ သုံးပါး အပေါင်းနှင့် ယှဉ်သောအားဖြင့် သုံးပါး အပြား ရှိ၏၊ သစ္စာလေးပါးတို့ကို သိသော ဉာဏ်၏ ဆန့်ကျင်ဘက် အားဖြင့် လေးပါး အပြား ရှိ၏၊ ဂတိငါးပါး အပေါင်း၌ အပြစ်ကို ဖုံးလွှမ်းသောအားဖြင့် ငါးပါး အပြား ရှိ၏၊ ခြောက်ပါးသော ဒွါရ ခြောက်ပါးသော အာရုံ၌ ဖြစ်သောအားဖြင့် အလုံးစုံသော နာမ်တရားတို့၌ ခြောက်ပါး အပြား ရှိသည်၏ အဖြစ်ကို သိအပ်၏။

"သင်္ခါရ"တို့သည် အာသဝေါ၏ အာရုံ၏ အဖြစ်, အကျိုးကို ရင့်စေတတ်သည့် သဘော ရှိသော တရား၏ အဖြစ် အစရှိသော သဘောအားဖြင့် တပါးတည်းသော အဘို့ ရှိ၏၊ ကုသိုလ် သင်္ခါရ, အကုသိုလ် သင်္ခါရ အားဖြင့် နှစ်ပါး အပြား ရှိ၏၊ ပရိတ္တသင်္ခါရ, မဟဂ္ဂတသင်္ခါရ အားဖြင့်၎င်း၊ ဟီနသင်္ခါရ, မဇ္ဈိမသင်္ခါရ အားဖြင့်၎င်း၊ မိစ္ဆတ္တ နိယတသင်္ခါရ, မိစ္ဆတ္တ အနိယတ သင်္ခါရ အားဖြင့်၎င်း နှစ်ပါး နှစ်ပါးစီ ရှိကုန်၏၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ အားဖြင့် သုံးပါး အပြား ရှိကုန်၏၊ လေးပါးသော ယောနိ၌ အကျုံးဝင်သော အတ္တဘောကို ဖြစ်စေတတ်သောအားဖြင့် လေးပါး အပြား ရှိကုန်၏၊ ဂတိ ငါးပါးသို့ လားစေတတ်သောအားဖြင့် ငါးပါး အပြား ရှိကုန်၏။

"ဝိညာဉ်"သည် လောကီ ဝိပါက်ဝိညာဉ် အစရှိသော အဖြစ်အားဖြင့် တပါးတည်းသော အဘို့ ရှိ၏၊ သဟေတုက, အဟေတုက အစရှိသောအားဖြင့် နှစ်ပါး အပြား ရှိ၏၊ ဘဝသုံးပါး အပေါင်း၌ အကျုံးဝင်သောအားဖြင့်၎င်း, ဝေဒနာ သုံးပါး အပေါင်းနှင့် ယှဉ်သောအားဖြင့်၎င်း, အဟိတ်, ဒွိဟိတ်, တိဟိတ် အားဖြင့်၎င်း သုံးပါးစီ အပြား ရှိ၏၊ ယောနိ လေးပါးတို့၏ အစွမ်းဖြင့်

http://www.dhammadownload.com



လေးပါး အပြား ရှိ၏၊ ဂတိ ငါးပါးတို့၏ အစွမ်းဖြင့် ငါးပါး အပြားရှိ၏။

“နာမ်ရုပ်”သည် ဝိညာဉ် ဟူသော မှီရာ ရှိသောအားဖြင့်ငင်း, ကံ ဟူသော အကြောင်း ရှိသောအားဖြင့်ငင်း တပါးတည်းသော အဘို့ ရှိ၏၊ အာရုံကို ယူတတ်သည်၏ အဖြစ်, အာရုံကို မယူတတ်သည်၏ အဖြစ်အားဖြင့် နှစ်ပါး အပြား ရှိ၏၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် သုံးပါး အပြား ရှိ၏၊ ယောနိ လေးပါးတို့၏ အစွမ်းအားဖြင့် လေးပါး အပြား ရှိ၏၊ ဂတိ ငါးပါးတို့၏အစွမ်း အားဖြင့် ငါးပါး အပြား ရှိ၏။

“သဠာယတန”သည် ဝိညာဉ်, ထို ဝိညာဉ်နှင့် သမ္ပယုတ် ဖြစ်သော တရားတို့၏ ဖြစ်ရာ အရပ်, စုဝေးရာ တည်ရာ အရပ်၏ အဖြစ်ဖြင့် တပါးတည်းသော အဘို့ ရှိ၏၊ မဟာဘုတ်ကို ကြည်စေ တတ်သော အဖြစ်, ဝိညာဉ်၏ အဖြစ် အားဖြင့် နှစ်ပါး အပြား ရှိ၏၊ ရောက်သော အာရုံကို ယူတတ်သော အဖြစ်, မရောက် သော အာရုံကို ယူတတ်သော အဖြစ်, ရောက်, မရောက် နှစ်ပါးစုံ မဟုတ်သော အာရုံကို ယူတတ်သော အဖြစ်အားဖြင့် သုံးပါး အပြား ရှိ၏၊ ယောနိ လေးပါး၌ အကျုံးဝင်သော အဖြစ် အားဖြင့် လေးပါး အပြား ရှိ၏၊ ဂတိငါးပါး၌ အကျုံးဝင်သော အဖြစ်အားဖြင့် ငါးပါး အပြား ရှိ၏၊ ဤနည်းကို မှီသဖြင့် “ဖဿ” အစရှိသည်တို့၏လည်း ဧကဝိဓ စသော အဖြစ်ကို သိအပ်၏။

(၄) ဧကဝိဓ စသောအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

(၅) **“အင်္ဂါ စသော အင်္ဂါတဆဲ့ နှစ်ပါးတို့ကို ခြားနား မှတ်သား၍ ပြသောအားဖြင့်”** ဟူသည်ကား—ဤ ပဋိစ္စသမုပ္ပါဒ် အရာ၌ သောက စသည်တို့ကို ဘဝစက်၏ မပြတ်ခြင်းကို ပြခြင်း အကျိုးငှါ ဟောတော်မူအပ်ကုန်၏၊ ချဲဦးအံ့—ဇရာမရဏသည် နှိပ်စက်အပ်သော ပညာ နည်းသောသူအား ထိုသောက စသည် တို့သည် ဖြစ်ကုန်၏၊ ဘုရားဟောတော်မူသည်မှာ—

http://www.dhammadownload.com



"အသုတဝါ ဘိက္ခဝေ ပုထုဇ္ဇနော ကာယိကာယ ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ၊ ကိလမတိ၊ ပရိဒေဝတိ၊ ဥရတ္တာဠိံ ကန္ဒတိ၊ သမ္မောဟမာပဇ္ဇတိ။"

ဟူ၍ ဖြစ်သည်။

အဓိပ္ပါယ်ကား—

"အိုရဟန်းတို့—အကြားအမြင် ပညာ နည်းသော ပုထုဇဉ်သည် ကိုယ်၌ ဖြစ်သော ဒုက္ခဝေဒနာသည် နှိပ်စက် အပ်သည် ဖြစ်၍၊ ဝါ—နှိပ်စက်အပ်သည် ရှိသော် စိုးရိမ်၏၊ ပင်ပန်း၏, ငိုကြွေး၏, ရင်ကို တီးခတ်လျက် မြည်တမ်း၏, ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။"

အကြင်မျှလောက်သော ကာလပတ်လုံးလည်း ထို သောက စသည်တို့၏ ဖြစ်ခြင်းသည် ရှိ၏၊ ထိုမျှလောက်သော ကာလပတ်လုံး အဝိဇ္ဇာ၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ထိုသို့ အဝိဇ္ဇာ၏ ဖြစ်ခြင်း ကြောင့်, တဖန်လည်း အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ ဤသို့ ဘဝစက်သည် အဆက်မပြတ် စပ်သည်သာလျှင် ဖြစ်၏၊ ထိုသို့ အဆက်မပြတ် စပ်သည်၏ အဖြစ်ကြောင့် ထို သောက စသည်တို့၏ ဇရာမရဏဖြင့် သာလျှင် တခုသော အလွှာကို ဝါ—တခုသော အဘို့ကို ပြု၍ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့သည် တဆဲ့ နှစ်ပါးတို့သည် သာလျှင် ဖြစ်ကုန်၏၊ ဤ ပြဆိုပြီးသော နည်းဖြင့် ဤ ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ စသော အင်္ဂါ တဆဲ့ နှစ်ပါးတို့ကို ခွဲခြား၍ ပြအပ်သော အဆုံးအဖြတ်ကို သိအပ်၏။

(၅) အင်္ဂါ တဆဲ့ နှစ်ပါး အဆုံး အဖြတ် ပြီး၏။

ဤသို့ ပြဆို ခဲ့ပြီးသည်ကား ဤ ပဋိစ္စသမုပ္ပါဒ် အရာ၌ အကျဉ်းချုပ် စကားတည်း။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒအကျယ်

ဤ ပြဆိုလတ့်သည်ကား အကျယ် ဖြစ်သော နည်းပေတည်း။ "အဝိဇ္ဇာ" ဟူသည်ကား သုတ္တန် ပရိယာယ် ဒေသနာတော်အားဖြင့် ဒုက္ခသစ္စာ အစရှိကုန်သော လေးဌာနတို့၌ မသိခြင်း မောဟတည်း၊ အဘိဓမ္မာ ပရိယာယ် ဒေသနာတော်အားဖြင့် ရှေ့အစွန်း ပုဗ္ဗန္တ အစရှိသည်တို့နှင့် တကွ ရှစ်ဌာနတို့၌ မသိခြင်း "မောဟ" တည်း၊ ထို အကြောင်းကို ဘုရားဟောတော်မူသည်မှာ—

"တတ္ထ ကတမာ အဝိဇ္ဇာ—ဒုက္ခေ အညာဏံ···· (လ)····ဒုက္ခ နိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ ပုဗ္ဗန္တေ အညာဏံ၊ အပရန္တေ အညာဏံ၊ ပုဗ္ဗန္တာပရန္တေ အညာဏံ၊ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု အညာဏံ။"

ဟူ၍ ဖြစ်သည်။

အဓိပ္ပါယ်ကား—

"ထို ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာသည် အဘယ်နည်း၊ (၁) ဒုက္ခသစ္စာ၌ မသိခြင်း မောဟသည်ရင်း၊ (၂) သမုဒယသစ္စာ၌ မသိခြင်း မောဟသည်ရင်း၊ (၃) နိရောဓသစ္စာ၌ မသိခြင်း မောဟသည်ရင်း၊ (၄) မဂ္ဂသစ္စာ၌ မသိခြင်း မောဟသည်ရင်း၊ (၅) ရှေ့အစွန်း၌ မသိခြင်း မောဟသည်ရင်း၊ (၆) နောက်အစွန်း၌ မသိခြင်းမောဟသည်ရင်း၊ (၇) ရှေ့အစွန်း နောက်အစွန်း၌ မသိခြင်း မောဟသည်ရင်း၊ (၈) ဇရာမရဏ စသည်တို့၏ အကြောင်း ဖြစ်သော ဇာတိ စသော ပဋိစ္စသမုပ္ပါဒ်, ဇရာမရဏ စသော ပဋိစ္စသမုပ္ပန္န တရားတို့၌ မသိခြင်း မောဟသည်ရင်း အဝိဇ္ဇာမည်၏။"

ထို ရှစ်ပါးသော ဌာနတို့တွင် လောကုတ္တရာ ဖြစ်သော နိရောဓသစ္စာ, မဂ္ဂသစ္စာ, နှစ်ပါးကို ချန်လှပ်ထား၍ ကြွင်းသော

http://www.dhammadownload.com



ဒုက္ခသစ္စာ, သမုဒယသစ္စာ, ဟူသော လောကီ သစ္စာနှစ်ပါး ပုဗ္ဗဘာဂ စသော လေးပါး ဤ ခြောက်ပါးသော အရာဌာနတို့၌ အာရုံပြုသော အစွမ်းဖြင့်လည်း အဝိဇ္ဇာသည် အကယ်၍ ဖြစ်သည်ဆိုက ဖြစ်တန်၏ရှင့်၊ ဤသို့ အာရုံ ပြုသောအားဖြင့် ဖြစ်ငြားသော်လည်း၊ သဘောကို ဖုံးလွှမ်း သည့်၏ အစွမ်းဖြင့်သာလျှင် ဤဒုက္ခေညာဏံ စသော ပါဠိ၌ အလိုရှိအပ်၏။

ထိုစကား မှန်၏—ဖြစ်သော ထို အဝိဇ္ဇာသည် ဒုက္ခသစ္စာကို ဖုံးလွှမ်း၍ တည်၏၊ မဖောက်မပြန် ဟုတ်မှန်သော မိမိ၏ သဘော လက္ခဏာကို ထိုးထွင်း၍ သိခြင်းငှါမပေး၊ ထို့အတူ သမုဒယ သစ္စာကိုင်း, နိရောဓသစ္စာကိုင်း, မဂ္ဂသစ္စာကိုင်း, ရှေ့အစွန်း ဟု ဆိုအပ်သော အတိတ် ခန္ဓာငါးပါး အပေါင်းကိုင်း, နောက် အစွန်းဟု ဆိုအပ်သောအနာဂတ် ခန္ဓာငါးပါး အပေါင်းကိုင်း, ရှေ့အစွန်း နောက်အစွန်းဟု ဆိုအပ်သော အတိတ်, အနာဂတ် ခန္ဓာငါးပါး အပေါင်း နှစ်ပါးစုံကိုင်း,၊ ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နဟုဆိုအပ်သော ဤ ဇရာ မရဏတို့၏ အကြောင်း ဖြစ်သော ဇာတိ စသည်ကိုင်း, ဇာတိ စသော အကြောင်းကြောင့် ဖြစ်ကုန် သော ဇရာ မရဏ စသော အကျိုးတရား တို့ကိုင်း ဖုံးလွှမ်း၍ တည်၏၊ ဤ မောဟသည် အဝိဇ္ဇာ မည်၏၊ ဤ အဝိဇ္ဇာသည် "ဤ စေတနာတို့သည် သင်္ခါရမည်ကုန်၏ဟု" ဤသို့လျှင် မဖောက်မပြန် ဟုတ်မှန်သော သဘော လက္ခဏာကို ထိုးထွင်း၍ သိခြင်းငှါ ခွင့် မပေး၊ ထို့ကြောင့် "ဒုက္ခေ အညာဏံ.... (လ) ....ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု အညာဏံ"ဟူ၍ ဟောတော်မူအပ်၏။

"သင်္ခါရ" ဟူသည်ကား ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ, သုံးပါးတို့ငင်း၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ, သုံးပါးတို့ငင်း၊ ဤသို့ ရှေး၌ အကျဉ်းအားဖြင့် ပြဆိုပြီးသော သင်္ခါရ ခြောက်ပါး တို့ပင်တည်း။ အကျယ်သော်ကား၊-ဤ သင်္ခါရ ဟူသော ပုဒ်၌ "ပုညာဘိသင်္ခါရ" သည် ဒါန သီလ စသည်တို့၏၊-အစွမ်းအားဖြင့် ဖြစ်ကုန်သော ကာမာဝစရ ကုသိုလ် စေတနာ ရှစ်ခုတို့ငင်း, ဘာဝနာ၏ အစွမ်းအားဖြင့် သာလျှင်

http://www.dhammadownload.com



ဖြစ်ကုန်သော ရူပါဝစရ ကုသိုလ် စေတနာ ငါးပါးတို့ငှင်း၊ ဤသို့ တဆဲ့ သုံးပါးသော စေတနာတို့သည် ဖြစ်ကုန်၏။

"အပုညာဘိသင်္ခါရ" သည် ပါဏာတိပါတ စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော အကုသိုလ် စေတနာ တဆဲ့ နှစ်ခုတို့ တည်း၊ ဝါ—အကုသိုလ် စေတနာ တဆဲ့ နှစ်ပါးတို့သည် "အပုညာဘိသင်္ခါရ" မည်ကုန်၏။

"အာနေဉ္ဇာဘိသင်္ခါရ" သည် ဘာဝနာ၏ အစွမ်းအားဖြင့် သာလျှင် ဖြစ်ကုန်သော အရူပါဝစရ ကုသိုလ်စေတနာ လေးခုတို့ တည်း၊ ဝါ—အရူပါဝစရ ကုသိုလ် စေတနာ လေးပါးတို့သည် "အာနေဉ္ဇာဘိသင်္ခါရ" မည်ကုန်၏၊ ဤ သင်္ခါရ သုံးပါးတို့သည် စေတနာ နှစ်ဆဲ့ ကိုးပါး ဖြစ်ကုန်၏။

ထိုမှတပါး ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ, သုံးပါးတို့၌ ကာယဒွါရဖြင့် ဖြစ်စေအပ်သော စေတနာသည်၊ ဝါ—ကာယဒွါရမှ ဖြစ်သော စေတနာသည် "ကာယသင်္ခါရ" မည်၏၊ ဝစီဒွါရဖြင့် ဖြစ်စေအပ်သော စေတနာ သည်၊ ဝါ—ဝစီဒွါရမှ ဖြစ်သော စေတနာသည် "ဝစီသင်္ခါရ" မည်၏၊ မနောဒွါရဖြင့် ဖြစ်စေအပ်သောစေတနာသည်၊ ဝါ—မနောဒွါရမှဖြစ်သော စေတနာသည် "မနောသင်္ခါရ" မည်၏။

ဤ သုံးပါးကို ကံကို အားထုတ်သော ခဏ၌ ပုညာဘိသင်္ခါရ စသည်တို့၏ ဒွါရအားဖြင့် ဖြစ်ခြင်းကို ပြခြင်းငှါ ဟောတော်မူ အပ်၏။ ချဲ့ဦးအံ့—ကာယဝိညတ်ကို ဖြစ်စေ၍ ကာယဒွါရမှ ဖြစ်ကုန်သော ကာမာဝစရ ကုသိုလ် စေတနာ ရှစ်ပါးတို့ငှင်း, အကုသိုလ် စေတနာ တဆဲ့ နှစ်ပါးတို့ငှင်း ဤသို့ နှစ်ဆယ်သော စေတနာတို့သည် "ကာယသင်္ခါရ" မည်၏၊ ဝစီဝိညတ်ကို ဖြစ်စေ၍ ဝစီဒွါရမှ ဖြစ်ကုန်သော ထို နှစ်ဆယ်သော စေတနာ တို့သည် ပင်လျှင် "ဝစီသင်္ခါရ" မည်၏။

ဤ ကာယသင်္ခါရ, ဝစီသင်္ခါရကို ယူရာ၌ကား အဘိညာဉ် စေတ နာကို နောက်၌ ဝိညာဉ်အား ကျေးဇူး မပြုသောကြောင့် ရှေး

http://www.dhammadownload.com



အဋ္ဌကထာ၌ မယူအပ်၊ အဘိညာဉ် စေတနာသည် ဝိညာဉ်အား ကျေးဇူး မပြုသကဲ့သို့လည်း ထိုနည်းတူ ဥဒ္ဓစ္စ စေတနာသည်လည်း ဝိညာဉ်အား ကျေးဇူး မပြုတတ်၊ ထို့ကြောင့် ထို ဥဒ္ဓစ္စ စေတနာကိုလည်း ပြည့်စုံသော ဝိပါက် ဝိညာဉ်အား ကျေးဇူးပြုသော အဖြစ်၌ ပယ်အပ်၏၊ ထိုသို့ ပယ်အပ်သော်လည်း အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် အလုံးစုံသော ထို အဘိညာဉ် စေတနာ ဥဒ္ဓစ္စ စေတနာတို့သည်လည်း ဝါ—အလုံးစုံသော ထို နှစ်ဆယ်သော စေတနာတို့သည် ဖြစ်ကုန်၏။

ထိုမှတပါး ကာယဝိညတ် ဝစီဝိညတ် နှစ်ပါးတို့ကို မဖြစ်စေမူ၍ မနောဒွါရ၌ ဖြစ်ကုန်သော အလုံးစုံ နှစ်ဆဲ့ ကိုးပါးသော စေတနာတို့သည် "စိတ္တသင်္ခါရ" မည်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ဤ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ ဟူသော သုံးပါးတို့သည် ရှေ့၌ ပြဆိုပြီးသော ပုညာဘိသင်္ခါရ, အပုညာ-ဘိသင်္ခါရ, အာနေဥ္ဇာဘိသင်္ခါရ ဟူသော သုံးပါးတို့သို့ သက်ဝင်၏၊ ထို့ကြောင့် အနက် သဘောအားဖြင့် ပုညာဘိသင်္ခါရ စသည်တို့၏ အစွမ်းဖြင့် သာလျှင် အဝိဇ္ဇာ၏ သင်္ခါရတို့အား ကျေးဇူး ပြုတတ်သော အဖြစ်ကို သိအပ်၏။

ထို ပဋိစ္စသမုပ္ပါဒ် အရာ၌ "ဤသင်္ခါရတို့သည် အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏" ဟု ပြဆိုသော ထို အကြောင်းကို အဘယ်သို့လျှင် သိအပ်သနည်း။ အမြေကား အဝိဇ္ဇာ၏ ထင်ရှား ရှိသော အဖြစ်သည် ရှိသော် သင်္ခါရတို့၏ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့် သိအပ်၏၊ ထင်ရှားစေအံ့၊ အကြင်သူအား ဆင်းရဲခြင်း စသည်တို့၌ အဝိဇ္ဇာဟု ဆိုအပ်သော ဉာဏ်၏ ဆန့်ကျင်ဘက် မောဟသည် အရိယမဂ်ဖြင့် မပယ်အပ်သေးသည် ဖြစ်၏၊ ထို မောဟကို မပယ်နိုင်သေးသော ပုထုဇဉ်သည် ရှေးဦးစွာ ဒုက္ခ၌ငင်း၊ ရှေး လွန်လေပြီးသော ခန္ဓာပဉ္စက စသည်တို့၌ငင်း၊ ဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော မောဟဖြင့် ချမ်းသာဟု မှတ်ထင် စွဲယူ၍ ထို သံသရာ ဆင်းရဲ၏ သာလျှင် အကြောင်းဖြစ်၍ ဖြစ်ကုန်သော သုံးပါး အပြားရှိသော သင်္ခါရတို့ကို ဖြစ်စေ၏။

http://www.dhammadownload.com



သမုဒယသစ္စာ၌ ဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော မောဟဖြင့် ဒုက္ခ၏ အကြောင်း ဖြစ်လျက်လည်း တဏှာသည် သုဘ, သုခ ဤသို့ စသည်ဖြင့် ပြုပြင်အပ်ကုန်သော သင်္ခါရ တရားတို့ကို သုခ၏ အကြောင်း ဟူ၍ မှတ်ထင်လျက် အားထုတ်၏။

နိရောဓသစ္စာ၌၎င်း၊ မဂ္ဂသစ္စာ၌၎င်း၊ ဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော မောဟဖြင့် ဆင်းရဲ၏ ချုပ်ငြိမ်းရာ မဟုတ်သည့် ဖြစ်လျက်လည်း ဗြဟ္မာ့ပြည် စသော ဂတိ အထူး၌ ဒုက္ခ၏ ချုပ်ရာဟု မှားသော အမှတ်ရှိသည် ဖြစ်၍ နိဗ္ဗာန်၏ အကြောင်း မဟုတ်သည် ဖြစ်ကုန်လျက်လည်း ယဇ်ပူဇော်ခြင်း နိဗ္ဗာန် အကျိုးရှိ၏ ဟု အမှား ယူအပ် စွဲလမ်းအပ်သော ပဉ္စာတပ စသော ဒုက္ကရ ကိရိယာ အကျင့် ဝသည်တို့၌ နိရောဓ၏ အကြောင်းဟု အမှတ် ရှိသည် ဖြစ်၍၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ကို တောင့်တသည် ဖြစ်၍ ယဇ်ပူဇော်ခြင်း နိဗ္ဗာန် အကျိုးရှိ၏ ဟု အမှား ယူအပ် စွဲလမ်းအပ်သော ပဉ္စာတပ စသော အကျင့်ယုတ်တို့ကို အကြောင်း ပြုသဖြင့် သင်္ခါရ သုံးပါးတို့ကို ဖြစ်စေ၏။

တနည်းကား၊ ထို မောဟပိတ်ပင် ဉာဏ်အမြင် ကင်းသောသူ သည်သစ္စာ လေးပါးတို့၌ ထိုသို့ အဝိဇ္ဇာကို မပယ်အပ်သေးသည် ၏ အဖြစ်ကြောင့် အထူးအားဖြင့် ပဋိသန္ဓေ နေခြင်း, အိုခြင်း, သေခြင်း, စသော တပါးမက များသော အပြစ်ဖြင့် ပြွမ်းသည် ဖြစ်လျက်လည်း ကောင်းမှု၏ အကျိုးဟု ဆိုအပ်သော ဆင်းရဲ အပေါင်းကို ဒုက္ခဟု မသိသည် ဖြစ်၍ မသိခြင်းကြောင့် ထိုကောင်းမှု၏ အကျိုး ဟူသော ဒုက္ခကို ရခြင်းငှါ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ, အပြားရှိသော ပုညာဘိသင်္ခါရကို အားထုတ်သဖြင့် ဖြစ်စေ၏၊သိမှတ်စရာ ဥပမာကား—နတ်သို့းကို အလိုရှိသော သူသည် တောင်ထိပ်ဖျားမှ ခုန်ဆင်းခြင်းကို ဖြစ်စေသကဲ့သို့တည်း။

ထိုမှတပါး သုခဟု သမုတ်အပ်ကုန်သော်လည်း ထို ကောင်းမှု အကျိုး၏ အဆုံးဟု ဆိုအပ်သော စုတိအံ့သော အခါ၌ ပြင်း စွာသော ပူလောင်ခြင်းကို ဖြစ်စေတတ်သော ဝိပရိဏာမ ဒုက္ခ

http://www.dhammadownload.com



အဖြစ်ကိုငင်း, သာယာအပ်သော သဘော မရှိသည်၏ အဖြစ်ကို ငင်း မမြင်သည် ဖြစ်၍လည်း ဝါ—မမြင်ခြင်းကြောင့်လည်း ထို ဝိပရိဏာမ ဒုက္ခ သဘောရှိသော သင်္ခတ အကျိုး၏ အကြောင်း ဖြစ်သော ပြဆိုပြီးသော အပြား ရှိသည်သာလျှင် ဖြစ်သော ပုညာဘိသင်္ခါရကို ဖြစ်စေ၏၊ ဥပမာကား—နံ့ကောင် စသော ပိုးဖလံသည်ဆီမီးလျှံသို့ ရှေ့ရှုတိုးဆင်းခြင်းကို ဖြစ်စေသကဲ့သို့ငင်း, ပျားရည်ပေါက်၌ တပ်မက်သော လူသည် ပျားရည် လိမ်းကျံအပ် သော သံလျက်သွားကို လျက်သကဲ့သို့ငင်းတည်း။

ထိုမှတပါး မကောင်းကျိုး ရှိကုန်သော ကာမဂုဏ်ကို မှီဝဲခြင်း အစရှိသည်တို့၌ အပြစ်ကို မမြင်ခြင်းကြောင့် သုခ ဟူသော အမှတ် ဖြင့်ငင်း ကိလေသာ နှိပ်စက်သည်၏ အဖြစ်ဖြင့်ငင်း, ဒွါရသုံးပါး အပေါင်း၌ ဖြစ်သည်လည်း ဖြစ်သော အပုညာဘိသင်္ခါရကို ဖြစ်စေ၏၊ ဥပမာကား—သူငယ်သည် မစင်ကို ကိုင်၍ ကစား ခြင်းကို ဖြစ်စေသကဲ့သို့ငင်း, သေလိုသော သူသည် အဆိပ်ကို စားမျိုသကဲ့သို့ငင်းတည်း။

ထိုမှတပါး အရူပါဝစရ ဝိပါက်တို့၌လည်း သင်္ခါရဒုက္ခ ဝိပရိ ဏာမ ဒုက္ခ အဖြစ်ကို လျောက်ပတ်စွာ မသိသည် ဖြစ်သော ကြောင့် သဿတဒိဋ္ဌိ အစရှိသော ဖောက်ပြန်သော ဝိပလ္လာသ တရားတို့ဖြင့် စိတ္တသင်္ခါရ ဖြစ်သော အာနေဉ္ဇာဘိသင်္ခါရကို ဖြစ် စေ၏၊ ဥပမာကား—ခရီးမှားသော သူသည် ဝါ—လမ်းခရီး အမှန်ကို မသိသော သူသည် ဘီလူးမြို့သို့ ရှေ့ရှု သွားသော လမ်းခရီးကို လိုက်သွားသကဲ့သို့တည်း။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် အဝိဇ္ဇာ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့် သာလျှင် သင်္ခါရ၏ ရှိသည် အဖြစ်သည် ဖြစ်၏၊ အဝိဇ္ဇာတည်း မရှိမူကား သင်္ခါရ၏ အဖြစ်သည် မဖြစ်၊ ထို့ကြောင့် "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဤသင်္ခါရတို့သည် ဖြစ်ကုန် ၏" ဟူသော ယိုစကားကို သင် စောဒက ဆရာတို့သည် သိအပ် ၏၊ ထိုစကား သင့်စွ—

http://www.dhammadownload.com



"အဝိဇ္ဇါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရံပိ အဘိသင်္ခရောတိ၊ အပုညာဘိသင်္ခါရံပိ အဘိသင်္ခရောတိ၊ အာနေဉ္ဇာဘိသင်္ခါရံပိ အဘိသင်္ခရောတိ၊ ယတော စ ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ, အဝိဇ္ဇာ ဥပ္ပန္နာ' သော အဝိဇ္ဇာ ဝိရာဂါ, ဝိဇ္ဇုပ္ပါဒါ, နေဝ ပုညာဘိသင်္ခါရံ အဘိသင်္ခရောတိ။"

ဟူသော ထိုစကားကို ရှင်တော်ဘုရား ဟောကြားတော်မူအပ်၏။

"အိုရဟန်းတို့—ပညာ မရှိသော အဝိဇ္ဇာနှင့် ပြည့်စုံသော သူသည် ပုညာဘိသင်္ခါရကိုလည်း ပြု၏၊ အပုညာဘိသင်္ခါရကိုလည်း ပြု၏၊အာနေဉ္ဇာဘိသင်္ခါရကိုလည်း ပြု၏၊ အိုရဟန်းတို့—ရဟန်းသည် အဝိဇ္ဇာကို ပယ်အပ်ပြီးသည်, အသိဉာဏ် ပညာ ဝိဇ္ဇာ ဖြစ်ပေါ်သည် ဖြစ်ငြားအံ့၊ ထို အဝိဇ္ဇာ ကင်း၍ ဝိဇ္ဇာ လင်းသော ရဟန်းသည် အဝိဇ္ဇာ ကင်းခြင်းကြောင့်,ဝိဇ္ဇာ၏ ဖြစ်ခြင်းကြောင့် ပုညာဘိသင်္ခါရကို မပြုသည်သာတည်း။"

ဤအရာ၌ တန့်ရပ်၍ စောဒကဆရာက ဆို၏၊ "အဝိဇ္ဇာသည် သင်္ခါရတို့အား ကျေးဇူး ပြုတတ်၏" ဟု ဤသို့ ဆိုသော စကားကို ရှေးဦးစွာ ထင်ရှား သိသာပါပြီ, အကျွန်ုပ်တို့သည် အမြဲ မှတ်ပါကုန်ပြီ, သို့သော် ဆိုဘွယ် ရှိသေး၏၊ "အဘယ်သင်္ခါရတို့အား အဘယ်သို့သော အခြင်းအရာအားဖြင့် ကျေးဇူး ပြုတတ်သည် ဖြစ်သနည်း၊ ဤသို့ မေးစရာ ရှိသေး၍ မေးပါရစေ"ဟု ဆို၏။ ထို ကျေးဇူး ပြုတတ်သည်၏ အဖြစ်၌ ဤ ဆိုလတ္တံ့သော အဖြေ စကားကို ပြန်ကြားအပ်၏၊ မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင်—

"ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာန-

http://www.dhammadownload.com



ပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တ·ပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော။"

ဟူ၍ နှစ်ဆဲ့ လေးပစ္စည်းတို့ကို ဟောတော်မူအပ်ကုန်၏။

## (၁) ဟေတုပစ္စည်း

ဟိတ် မည်သည်လည်း ဖြစ်၏၊ ထို ဟိတ်မည်သော တရားသည် ကျေးဇူး ပြုတတ်သည်လည်း ဖြစ်၏၊ ထို နှစ်ပါးသော သတ္တိကြောင့် "ဟေတုပစ္စယ" မည်၏၊ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သည်၊ ဟိတ်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သည်ဟု ဆိုလို၏၊ "အာရမ္မဏပစ္စယ" စသည်တို့၌လည်း ဤ ဖွင့်နည်း အတိုင်း သာလျှင် မှတ်အပ်၏။

ထို "ဟေတုပစ္စယော" အစရှိသော ပါဠိတော်၌ "ဟေတု" ဟူသည်ကား စကား၏ အစိတ် အကြောင်း မူလတို့၏ အမည်တည်း။ ချဲ့ဦးအံ့—"ပဋိညာဟေတု" အစရှိသည်တို့၌ လောက၌ စကား၏ အစိတ်ကို "ဟေတု" ဟူ၍ ဆိုအပ်၏၊ သာသနာတော်၌ကား "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" စသည်တို့၌ အလုံးစုံသော ကာရဏ လက္ခဏာ ရှိသော အကြောင်းကို ဝါ— သမ္ဘာပက လက္ခဏာ ရှိသော အကြောင်းကို "ဟေတု" ဟူ၍ ဆိုအပ်၏။ "တယော ကုသလဟေတူ၊ တယော အကုသလဟေတူ" စသည်တို့၌ အကြောင်းရင်း မူလ ဟူသော ဟိတ်ကို "ဟေတု" ဟူ၍ ဆိုအပ်၏။ ထို အကြောင်းရင်း မူလကို ဤ "ဟေတုပစ္စယော" ဟူသော ပါဠိတော်၌ အလိုရှိအပ်၏။

ထိုမှတပါး ဤ ဟေတုပစ္စယော ဟူသော ပါဠိ၌ ဤ ဆိုလတံ့သည်ကား "ပစ္စယ" သဒ္ဒါ၏ အနက်တည်း။ စွဲ၍ ဝါ—မစွန့်မူ၍ ကောင်းမူ၍ ထို အပေါင်းကြောင့် အကျိုးသည် ဖြစ်တတ် တည်တတ်၏။ ထို့ကြောင့် ထိုအကြောင်းသည် "ပစ္စယ" မည်၏၊ ထို အကြောင်းကို မစွန့် မပယ်မူ၍ အကျိုးသည် ဖြစ်တတ် တည်တတ်၏၊ ဟူလိုသည်။

http://www.dhammadownload.com



ထင်ရှားစေအံ့—အကြောင်း အကျိုး တရားသည် အကြောင်း အကြောင်းတရားကို မစွန့် မပယ်မူ၍ တည်မှုလည်း တည်၏၊ ဖြစ်မှုလည်း ဖြစ်၏၊ ထိုအကြောင်း တရားသည် ထိုအကျိုး တရား၏ "ပစ္စည်း" မည်၏၊ ဤသို့ ဆိုလိုသည် ဖြစ်၏။

ထိုမှတပါး လက္ခဏာအားဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာ ရှိသော တရားသည် "ပစ္စည်း" မည်၏၊ သင့်စွ၊ အကြောင်း အကြောင်း တရားသည် အကြောင်း အကျိုး တရားအား တည်ခြင်း၌ ၎င်း, ဖြစ်ခြင်း၌ ၎င်း ကျေးဇူး ပြုတတ်၏၊ ထို အကြောင်း တရားကို ထို အကျိုး တရား၏ ပစ္စည်း ဟူ၍ ဆိုအပ်၏။

ပစ္စယသဒ္ဒါ, ဟေတုသဒ္ဒါ, ကာရဏသဒ္ဒါ, နိဒါနသဒ္ဒါ, သမ္ဘဝသဒ္ဒါ, ပဘဝသဒ္ဒါ ဤသို့ စသော သဒ္ဒါတို့သည် အနက် သဘောအားဖြင့် တူ၏၊ သဒ္ဒါအားဖြင့်သာ ထူး၏၊ ဤသို့ ပြပြီး သော နည်းဖြင့် အကြောင်းရင်း ဟူသော မူလဋ္ဌ အနက်ကြောင့် ဟေတု မည်၏၊ ကျေးဇူး ပြုတတ်သော ဥပကာရကဋ္ဌ အနက် ကြောင့် ပစ္စယ မည်၏၊ ဤသို့ မှတ်အပ်၏။

အကျဉ်း ချုံးသောအားဖြင့် မြဲစွာ တည်သည်၏ အဖြစ်ကို ပြီးစေတတ်သည်၏ အဖြစ်ဟုဆိုအပ်သော အမြစ်မူလ သဘော သတ္တိဖြင့် ကျေးဇူး ပြုတတ်သော တရားသည် "ဟေတုပစ္စည်း" မည်၏၊ ထို ဟေတုသတ္တိဖြင့် ကျေးဇူး ပြုတတ်သော တရားသည် သလေးမျိုးစေ့ စသည်တို့သည် သလေးဆန် စသည်၏ အဖြစ်ကို ပြီးစေကုန်သကဲ့သို့၎င်း, ညိုသော အရောင်ရှိသော ပတ္တမြား အစ ရှိသော ဝတ္ထုတို့သည် ပတ္တမြားအရောင် စသည်တို့၏ အညို စသော အရောင်ကို ပြီးစေကုန်သကဲ့သို့၎င်း "ကုသိုလ် စသည်တို့၏ ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေတတ်သည် ဖြစ်၏" ဟု ရေဝတ ဆရာတော်တို့၏ အလိုသည် ဖြစ်၏။

ထိုသို့ပင် ဆိုသော်လည်း ထို ဟေတု ပစ္စည်းအကျွင် ဖြစ်ကြောင်း ရှိသော ရုပ်တို့၌ ဟေတု ပစ္စည်း၏ အဖြစ်သည်၊ ဝါ—ဟေတု သတ္တိဖြင့် ကျေးဇူး ပြုတတ်သော အဖြစ်သည် မပြီးနိုင်၊ ထိုစကား

http://www.dhammadownload.com



မှန်၏၊ ထိုကုသိုလ် စသော ဟိတ်သည် ထိုသမုဋ္ဌာန ရုပ်တရားတို့၏ ကုသိုလ် စသည်တို့၏ အဖြစ်ကို မပြီးစေတတ်၊ ထို ကမ္မသမုဋ္ဌာန ရုပ်တို့၏ ဟေတု ပစ္စည်း မဖြစ်သည်ကား မဟုတ်, ဖြစ်သည် သာတည်း၊ ထို စကား သင့်လှပေစွ၊ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော" ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

သည်မျှသာ မဟုတ်သေး၊ အဟိတ် စိတ်တို့၏ ထိုဟိတ်နှင့် ကင်း၍ အဗျာကတ၏ အဖြစ်သည် သဘောအားဖြင့် သာလျှင် ပြီး၏၊ သဟိတ် တရားတို့၏လည်း ကုသိုလ် စသည်တို့၏ အဖြစ် သည် ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, နိရာနုသယသန္တာန်, ကံ, အဝိပါက အဖြစ်နှင့် စပ်၏၊ သမ္ပယုတ် ဟိတ်နှင့် မစပ်။

သမ္ပယုတ် ဟိတ်တို့၌ သဘောအားဖြင့် သာလျှင် ကုသိုလ် စသော အဖြစ်သည် အကယ်၍ ဖြစ်ငြားအံ့၊ ဟိတ်နှင့် သမ္ပယုတ် ဖြစ်သော တရားတို့၌ ကုသိုလ် စသော အဖြစ်သည် ဟိတ်နှင့် စပ်သည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်ခဲ့သော် အလောဘ သည် ကုသိုလ်သော်လည်း ဖြစ်ရာ၏၊ အဗျာကတသော်လည်း ဖြစ်ရာ၏။

အကြင့်ကြောင့်ကား ကုသိုလ်, အဗျာကတ အဖြစ်ဟူသော နှစ်ပါးသော အပြားအားဖြင့်လည်း ဖြစ်၏၊ ထို့ကြောင့် ကုသိုလ်, အဗျာကတ နှစ်ပါးသော အပြားဖြင့် ဖြစ်ကုန်သော သဒ္ဓါ အစရှိကုန်သော သမ္ပယုတ် တရားတို့၌ ဟိတ်နှင့် စပ်သော ကုသိုလ် စသော အဖြစ်ကို ရှာကုန်သကဲ့သို့ သဘောအားဖြင့် ကုသိုလ် စသော အဖြစ်သည် မဖြစ် သကဲ့သို့ ထို့အတူ ဟိတ်တို့၌လည်း ကုသိုလ် စသည်၏ အဖြစ်ကို အခြားတပါးနှင့် စပ်သည် ဖြစ်၍ ရှာအပ် ရှာသင့်သည် ဖြစ်ရာ၏၊ သဘောအားဖြင့် မဖြစ်ရာ၊ ထိုကြောင့် "သမ္ပယုတ္တဟေတူသု သဘာဝတော ကုသလာဒိဘာဝေါ" ဟု ကေ ဆရာတို့ ဆိုသော ထိုစကားသည် မသင့်။

http://www.dhammadownload.com



အသင့်ယုတ္တိကား—ကုသိုလ် စသည်၏ အဖြစ်ကို ပြီးစေသည်၏ အစွမ်းဖြင့် ဟိတ်တို့၏ မူလ၏ အဖြစ် တည်းဟူသော အနက်ကို မယူမူ၍ ကောင်းစွာ တည်သည်၏ အဖြစ်ကို ပြီးစေသည်၏ အစွမ်းဖြင့် မူလ အဖြစ် တည်းဟူသော အနက်ကို ယူအပ်သည်ရှိသော် တစုံတခုမျှသော အနက်သဘောနှင့် မဆန့်ကျင်နိုင်။

အ ဘယ့် ကြောင့် နည်း ဟူ မူ—ရ အပ် သော ဟေ တု ပ စ္စည်း ရှိကုန်သော ပစ္စယုပ္ပန် တရားတို့သည် စည်ပင်ပြန့်ပွါးသော အမြစ်ရှိကုန်သော သစ်ပင်တို့သည် မြဲမြံ ခိုင်ခံ့ကုန်သည်, ကောင်းစွာ တည်ကုန်သည် ဖြစ်သကဲ့သို့ ထို့အတူ မြဲမြံ ခိုင်ခံ့ကုန်၏၊ ကောင်းစွာ တည်ကုန်၏၊ အဟိတ် တရားတို့သည် နှမ်းစေ့ခန့် ရှိသော မှော်ညှင်း စသော မှော်တို့သည် ကောင်းစွာ မတည်နိုင်ကုန်သကဲ့သို့ ကောင်းစွာ တည်သည် မဖြစ်ကုန်၊ ထို့ကြောင့် တစုံတခုနှင့်မျှ မဆန့်ကျင်၊ ဤသို့သော အကြောင်းကြောင့် ကောင်းစွာ တည်သည်၏ အဖြစ်ကို ပြီးစေသဖြင့် ကျေးဇူး ပြုတတ်သော တရားသည် "ဟေတုပစ္စည်း" မည်၏၊ ဤသို့သော အနက်ကို သိအပ်၏။

(၁) ဟေတု ပစ္စည်း ပြီး၏။

---

## (၂) အာရမ္မဏ ပစ္စည်း

ထို ဟေတုပစ္စည်းမှ နောက်ဖြစ်သော ပစ္စည်းတို့တွင် စွဲလမ်းအပ်သော အာရုံ၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် "အာရမ္မဏပစ္စည်း" မည်၏၊ "ရူပါယတနံ စက္ခုဝိညာဏ-ဓာတုယာ" ဤသို့ စသည်ဖြင့် အားထုတ်ပြီးပါလျက်လည်း "ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" ဟူ၍ ဆိုးစေအပ်သည်၏ အဖြစ်ကြောင့် ရူပါရုံ အစရှိသော အပြားဖြင့် ခြောက်ပါးကုန်သော သင်္ခတ, အသင်္ခတ ပညတ်တရားတို့တွင် တစုံတခုသော တရားမျှ ထို အာရမ္မဏ

http://www.dhammadownload.com



ပစ္စည်း မဖြစ်သည် မဟုတ်၊ အာရမ္မဏ ပစ္စည်း ဖြစ်သည် ချည်းပာည်း။

ထင်ရှားစေအံ့—ခွန်အား နည်းသော ယောက်ျားသည် တောင်ဝှေးကိုဖြင်း, ကြိုးကိုဖြင်း ထောက်၍ ဆွဲ၍ သာလျှင် ထသည် ဖြစ်သကဲ့သို့ဖြင်း, ရပ်, ထိုင်, တည်နိုင်သည်သာ ဖြစ်သကဲ့သို့ဖြင်း ထို့အတူ စိတ်, စေတသိက် ဖြစ်ကုန်သော တရားတို့သည် ရူပါရုံ အစရှိသော အာရုံကို အာရုံပြု၍ သာလျှင် ဖြစ်လည်း ဖြစ်နိုင်ကုန်၏၊ တည်လည်း တည်နိုင်ကုန်၏၊ ထိုသို့ စိတ်, စေတသိက် တို့၏ အာရုံပြု၍ ဖြစ်ကြောင်း တည်ကြောင်း၏ အဖြစ်ကြောင့် စိတ်, စေတသိက် တို့၏ အာရုံ ဖြစ်၍ ဖြစ်ကုန်သော ရူပါရုံ အစရှိသော အပြားအားဖြင့် ခြောက်ပါး အပြားရှိကုန်သော သင်္ခတ, အသင်္ခတ ပညတ် ဟူသော အလုံးစုံ ရှိရှိသမျှ တရားတို့ကို "အာရမ္မဏပစ္စည်း" ဟူ၍ သိအပ်ကုန်၏။

(၂) အာရမ္မဏ ပစ္စည်း ပြီး၏။

## (၃) အဓိပတိ ပစ္စည်း

အကြီးအမှူး၏ အဖြစ်ဟူသော အနက်သဘောဖြင့် ကျေးဇူးပြုတတ်သော တရားသည် "အဓိပတိပစ္စည်း" မည်၏၊ ထို အဓိပတိပစ္စည်းသည် သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိ အားဖြင့် နှစ်ပါး အပြား ရှိ၏၊ ထို နှစ်ပါးတို့တွင် "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော" ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသော ကြောင့် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဟု ဆိုအပ်ကုန်သော တရား လေးပါးတို့ကို "သဟဇာတာဓိပတိ ပစ္စည်း" မည်၏ ဟူ၍ သိအပ်ကုန်၏။

ထို ပစ္စည်းတရား လေးပါးတို့သည် အတူတကွ တပြိုင်နက် အဓိပတိ ပစ္စည်း မည်သည် မဖြစ်ကုန်၊ အကြင်အခါ၌ ဆန္ဒကို အကြီးအမှူး ပြု၍ စိတ်သည် ဖြစ်၏၊ ထိုအခါ၌ ဆန္ဒသည်သာလျှင် အဓိပတိ ပစ္စည်း မည်သည် ဖြစ်၏၊ ဆန္ဒမှ တပါးကုန်သော

http://www.dhammadownload.com



ဝီရိယ, စိတ္တ, ဝီမံသ တို့သည် အဓိပတိ မည်သည် မဟုတ်ကုန်၊ ဆန္ဒမှ ကြွင်းသော ဝီရိယ, စိတ္တ, ဝီမံသ တို့၌လည်း ဤနည်း အ...င်းပင်တည်း။

ထိုမှတပါး အကြင် ဇဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသ မူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော စိတ် ရှစ်ဆဲ့လေးခု, ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် လေးဆဲ့ ခုနစ်ခု, နိဗ္ဗာန်ဟု ဆိုအပ်သော တရားကို အလေးအမြတ် ပြု၍ လောဘမူစိတ် ရှစ်ခု, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု, လောကုတ္တရာစိတ် ရှစ်ခု, ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာ ကြဉ်သော စေတသိက် လေးဆဲ့ ငါးခုဟု ဆိုအပ်သော နာမ်တရားတို့သည် ဖြစ်ကုန်၏။

ထို အလေးအမြတ် ပြုအပ်သော ဇဋ္ဌဖြစ်သော နိပ္ဖန္နရုပ် တဆဲ့ ရှစ်ခု, ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော စိတ် ရှစ်ဆဲ့လေးခု, ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် လေးဆဲ့ ခုနစ်ခု, နိဗ္ဗာန်ဟု ဆိုအပ်သော ပစ္စည်းတရားသည် ထို အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခု, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု, လောကုတ္တရာစိတ် ရှစ်ခု, ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာ ကြဉ်သော စေတသိက် လေးဆဲ့ ငါးခုဟု ဆိုအပ်သော ပစ္စယုပ္ပန် နာမ်တရား တို့၏ "အာရမ္မဏာဓိပတိ ပစ္စည်း"သည် ဖြစ်၏၊ ထို အလေး အမြတ် ပြုအပ်သော တရားတို့၏ အလေးအမြတ် ပြုတတ်သော တရားတို့အား အာရမ္မဏာဓိပတိ ပစ္စည်း တပ်သည်၏ အဖြစ် ကြောင့်—

"ယံ ယံ ဓမ္မံ ဂရုံကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ
စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ
ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော"

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပြီ။

http://www.dhammadownload.com



"အကြင် အကြင်သို့သော အလေးအမြတ် ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို အလေးအမြတ် ပြုကုန်၍ စိတ်စေတသိက် ဖြစ်ကုန်သော အကြင် အကြင်သို့သော အလေးအမြတ် ပြုတတ်သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့သည် ဖြစ်ကုန်၏၊ ထိုထိုသို့သော အလေးအမြတ် ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည် ထိုထို သို့သော အလေးအမြတ် ပြုတတ်သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့အား အဓိပတိ သတ္တိဖြင့် ကျေးဇူး ပြုတတ်သည် ဖြစ်၏။"

(၃) အဓိပတိ ပစ္စည်း ပြီး၏။

## (၄) အနန္တရ ပစ္စည်း

အခြား မရှိသည်၏ အဖြစ်ဖြင့် ရဟန္တာတို့ စုတိနှင့် တကွ နောက်နောက်သော စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသအား ကျေးဇူး ပြုတတ်သော ရဟန္တာတို့ စုတိ ကြဉ်သော ရှေးရှေးသော စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ တရားတို့သည် "အနန္တရ ပစ္စည်း"မည်၏။

(၄) အနန္တရ ပစ္စည်း ပြီး၏။

## (၅) သမနန္တရ ပစ္စည်း

ကောင်းစွာ အခြား မရှိသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ် သော တရားသည် "သမနန္တရ ပစ္စည်း" မည်၏၊ ဤ အနန္တရ ပစ္စည်း, သမနန္တရပစ္စည်း နှစ်ပါး အပေါင်းကို "အတ္ထာနန္တရတာ အနန္တရပစ္စယော၊ ကာလာနန္တရတာ သမနန္တရပစ္စယော" အစ ရှိသည်ဖြင့် များသော အပြားအားဖြင့် ရှေး အဋ္ဌကထာ ဆရာ တို့သည် ချဲ့တော်မူကြကုန်၏၊ ထိုသို့ ချဲ့တော် မူကြကုန်သော်လည်း ဤ ပစ္စည်းနှစ်ပါးတို့၌ ဤ ဆိုလတ္တံ့သည်ကား အနှစ်သာရ ရှိသည် ဖြစ်၍ အသက် ထက်ဆုံး အောက်မေ့ အပ်သော နည်းတည်း။

http://www.dhammadownload.com



ထင်ရှားစေအံ့—စက္ခုဝိညာဉ်၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုင်း ဟူသော မနောဓာတ်သည် ဖြစ်၏၊ မနောဓာတ်၏ အခြားမဲ့၌ ...န္တီရဏ ဟူသော မနောဝိညာဏ ဓာတ်သည် ဖြစ်၏၊ ဤသို့ အစရှိသော ဤသို့ ပြဆို ပြီးသော သဘောရှိသော အကြောင်း စိတ်၏ နိယမ သဘောသည် ရှိ၏၊ ထို စိတ်၏ နိယမ သဘောသည် ရှေး၌ ဖြစ်သော စိတ်၏ အစွမ်းဖြင့် သာ လျှင် ပြည့်စုံ၏၊ အခြား တပါးသော အခြင်းအရာအားဖြင့် မပြည့်စုံ၊ ထို့ကြောင့် မိမိ၏ အခြားမဲ့၌ လျော်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော တရားသည် "အနန္တရပစ္စည်း" မည်၏၊ ထို့ကြောင့် သာလျှင်—

> "အနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"

ဤသို့ အစရှိသော စကားကို မြတ်စွာဘုရား ဟောကြားတော်မူပြီ။

ပါဠိတော်၏ မြန်မာပြန် အဓိပ္ပါယ်—

> "အနန္တရပစ္စည်း" ဟူသည်ကား—စက္ခုဝိညာဏ ဓာတ်သည်၎င်း, ထို စက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့သည်၎င်း သမ္ပဋိစ္ဆိုင်းဒွေဟု ဆိုအပ်သော မနောဓာတ်အား၎င်း, ထို မနောဓာတ်နှင့် ယှဉ်ကုန်သော ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် တဆယ်တို့အား၎င်း အနန္တရ သတ္တိဖြင့် ကျေးဇူး ပြုတတ်သည် ဖြစ်၏။

အကြောင်း တရားသည် "အနန္တရပစ္စည်း" ဖြစ်၏၊ ထို အနန္တရ ပစ္စည်း ဖြစ်သော တရားသည် ပင်လျှင် "သမနန္တရပစ္စည်း" ဖြစ်၏၊ ဤ ပစ္စည်း နှစ်ပါးတို့၌ သဒ္ဒါမျှသည် သာလျှင် ထူး၏၊ အဘယ် ပါဠိတို့၌ ကဲ့သို့နည်း ဟူမူ "ဥပစယ, သန္တတိ" တို့၌

http://www.dhammadownload.com



ကဲ့သို့ဧင်း၊ အဓိဝစနဒုက်၊ နိရုတ္တိဒုက် အစရှိသည်တို့၌ ကဲ့သို့ဧင်း တည်း၊ အနက်အားဖြင့်ကား ထူးသော အဖြစ်သည် မရှိ၊ ဝါ— **အနက်မထူးပြီ။**

တစုံတခုသော သရုပ် တရားကိုယ်အားဖြင့် အခြား မရှိသည်၏ အဖြစ်ဖြင့် "အနန္တရပစ္စည်း" မည်၏၊ ကာလ အထူးအားဖြင့် အခြား မရှိသည်၏ အဖြစ်ဖြင့် "သမနန္တရ ပစ္စည်း"မည်၏၊ ဤသို့ ဆိုသော အရှင် ရေဝတ ဆရာတို့၏ စကားသည်လည်း "နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော" ဤသို့ အစရှိသော ပါဠိတော်တို့နှင့် ဆန့်ကျင်၏။

ထို ဆရာတို့ အလို၌၊ ဝါ—ထို ကာလ အထူးအားဖြင့် အခြား မရှိသည်၏ အဖြစ်ဖြင့် သမနန္တရ ပစ္စည်း မည်သည်၏ အဖြစ်၌ ပစ္စည်း တရားတို့၏ ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည် မယုတ်လျော့၊ စင်စစ်သော်ကား ဘာဝနာ၏ အာနုဘော်သည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့် စိတ်၊ စေတသိက် ပစ္စယုပ္ပန် တရားတို့သည် အခြားမဲ့ ကာလ၌ မဖြစ်ကုန်၊ ဤသို့ အကြင် အကြောင်းကိုလည်း အရှင် ရေဝတ စသော ဆရာတို့သည် ဆိုကုန်၏၊ ထို အကြောင်းသည်လည်း ကာလ အထူးအားဖြင့် အခြား မရှိသည်၏ အဖြစ်၏ မရှိခြင်းကိုသာလျှင် ပြီးစေ၏။

ထင်ရှားစေအံ့—ဘာဝနာ၏ အစွမ်းအားဖြင့် ထို နိရောဓ သမာပတ်မှ ထသော အခါ၌ ကာလအားဖြင့် အခြား မရှိသည်၏ အဖြစ်သည် မရှိ၊ ခုနစ်ရက် အစရှိသော ကာလအားဖြင့် ခြားနား ကာဆီးအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် ငါတို့သည်လည်း ဤ ကာလအားဖြင့် အခြား မရှိသော အဖြစ်၏ မရှိခြင်းကို ပင်လျှင် ခုနစ်ရက် စသောအားဖြင့် ကာလ အခြား ရှိသည်၏ အဖြစ်ကိုသာလျှင် ဆိုပါကုန်၏၊ ကာလအားဖြင့် အခြား မရှိသည်၏ အဖြစ် မရှိခြင်းကြောင့် သမနန္တရ ပစ္စည်း၏ အဖြစ်သည် မသင့်။

http://www.dhammadownload.com



ကာလအားဖြင့် အခြား မရှိသည်၏ အဖြစ်ဖြင့် သမနန္တရ ပစ္စည်းသည် ဖြစ်၏၊ ဤသို့ ထို ဆရာတို့၏ အယူသည် ဖြစ်၏၊ ထိုသို့ ကာလအားဖြင့် အခြား မရှိသော အဖြစ်၏ မရှိခြင်း ကြောင့် မလွှတ်လိုက်ဘဲ လိပ်ခဲတင်းလင်း မြစ္စာ နှလုံးသွင်းခြင်း အမှားကို စွန့်ပစ်၍ ဤ အနန္တရပစ္စည်း, သမနန္တရပစ္စည်း နှစ်ပါး တို့၌ ဝိဂြိုဟ် အနက်မျှဖြင့် သာလျှင် အထူးကို ယုံကြည်အပ်၏၊ ဝစနီယတ္ထအားဖြင့်၊ ဝါ—သဘာဝတ္ထအားဖြင့် အထူးကို မယုံ ကြည်အပ်။

သဒ္ဒတ္ထအားဖြင့် အဘယ်သို့ ထူးသနည်း၊ ထို ပစ္စည်း တရား တို့၏၊ ဝါ—ထို ပစ္စည်း တရားတို့အား ခြားဆီးသည်ကို ပြုတတ် သော နာမ်တရား တပါးသည် မရှိ၊ ထို့ကြောင့် "အနန္တရ" မည်ကုန်၏၊ ရုပ်ကလာပ်တို့ကဲ့သို့ သဏ္ဌာန်၏ မရှိခြင်းကြောင့် ကောင်းစွာ အခြား မရှိကုန်သည်တို့တည်း၊ ထို့ကြောင့် "သမနန္တရ" မည်ကုန်၏။

(၅) အနန္တရ, သမနန္တရ ပစ္စည်း ပြီး၏။

---

## (၆) သဟဇာတ ပစ္စည်း

မိမိ ဥပါဒ်ဆဲ ဖြစ်၍ သာလျှင် အတူတကွ ပစ္စယုပ္ပန် တရားကို ဖြစ်စေသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် "သဟဇာတပစ္စည်း" မည်၏၊ ဆီမီးသည် အရောင် အလင်းအား ကျေးဇူး ပြုသကဲ့သို့တည်း၊ ထို သဟဇာတ ပစ္စည်းသည် နာမက္ခန္ဓာ အစရှိသည်တို့၏ အစွမ်းဖြင့် ခြောက်ပါး အပြားရှိ၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ-
ပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ,
ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ, စိတ္တစေတသိကာ
ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ, မဟာဘူတာ ဥပါဒါရူပါနံ,
ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ-

http://www.dhammadownload.com



ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

"ရူပိနော ဓမ္မာ အရူပီနံ.... (လ)....န သဟဇာတပစ္စယေန ပစ္စယော" ဟူသော ဤ နောက်ပိုဒ် စကားကို ဟဒယ ဝတ္ထုကို သာလျှင် ရည်ရွယ်၍ ရှင်တော်ဘုရား ဟောကြားတော်မူ၏။

ပါဠိတော်၏ မြန်မာပြန် အဓိပ္ပါယ်—

"နာမ်ဖြစ်ကုန်သော ခန္ဓာ လေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ မဟာဘုတ် လေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ ခဏ၌ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟု ဆိုအပ်သော နာမ်, ဟဒယ ဝတ္ထုဟု ဆိုအပ်သော ရုပ်သည် အချင်းချင်း တပါးသည် တပါးအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ပဝတ္တိအခါ စိတ် စေတသိက်ဟု ဆိုအပ်သော အရူပ ဝိပါက် လေးခု, ဒွေပဉ္စဝိညာဉ် တဆယ်, ရဟန္တာတို့ စုတိကြဉ်သော စိတ် ခုနစ်ဆဲ့ငါးခု, စေတသိက် ဒွေပညာသတရားတို့သည် စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော စိတ္တဇရုပ်တို့အား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ရုပ်ဟု ဆိုအပ်ကုန်သော တရားတို့သည် နာမ် ဖြစ်ကုန်သော တရားတို့အား ပဋိသန္ဓေ ဟူသော အချို့သော ကာလ၌ သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ပဝတ္တိဟု ဆိုအပ်သော အချို့သော ကာလ၌ သဟဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူး မပြုတတ်။"

**ဤစကား**သည် ဟဒယဝတ္ထုကို ရည်၍ ဆိုအပ်၏။

(၆) သဟဇာတ ပစ္စည်း ပြီး၏။

http://www.dhammadownload.com



## (၇) အညမည ပစ္စည်း

အချင်းချင်း တပါးသည် တပါးအား ဖြစ်စေတတ်သည့်, ထောက်ပံ့တတ်သည့်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် "အညမည ပစ္စည်း" မည်၏၊ ဥပမာကား— အချင်းချင်း တခုသည် တခုကို ထောက်ပံ့တတ်သော သစ်သား သုံးချောင်း ကဲ့သို့တည်း၊ ထို အညမည ပစ္စည်းသည် နာမက္ခန္ဓာ စသည်တို့၏ အစွမ်းဖြင့် သုံးပါး အပြားရှိ၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော် မူသနည်း ဟူမူကား—

"စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ, ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

"နာမ် ခန္ဓာ လေးပါးတို့သည် အချင်းချင်း တပါး သည် တပါးအား အညမည ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ မဟာဘုတ် လေးပါးတို့သည် အချင်းချင်း အညမည ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ ခဏ၌ နာမ်ရုပ်သည် အချင်းချင်း အညမည ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

(၇) အညမည ပစ္စည်း ပြီး၏။

---

## (၈) နိဿယ ပစ္စည်း

စွဲ၍ တည်ရာ၏ အဖြစ်ဟူသော အခြင်းအရာဖြင့်၎င်း, မှီ၍ ဖြစ်ရာ၏ အဖြစ် ဟူသော အခြင်းအရာဖြင့်၎င်း ကျေးဇူး ပြုတတ်သော သဘောတရားသည် "နိဿယ ပစ္စည်း" မည်၏၊ သိမှတ်စရာ ဥပမာကား—မြေကြီး, ပုဆိုး အစရှိသည်တို့သည် သစ်ပင်, ပန်းချီဆေး စသည်တို့၏ မှီရာ တည်ရာ ဖြစ်ကုန်သကဲ့သို့ တည်း၊ ထို နိဿယ ပစ္စည်းကို "စတ္တာရော ခန္ဓာ အရူပိနော

http://www.dhammadownload.com



အညမညံ နိဿယပစ္စယေန ပစ္စယော” ဤသို့ သဟဇာတ ပစ္စည်း၌ ပြဆိုပြီးသော နည်းဖြင့်သာလျှင် သိအပ်၏၊ အထူး ကား—ဤ နိဿယ ပစ္စည်း၌ ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော အဘို့ကို—

“စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ····(လ)···· သောတဃာနဇိဝှါကာယာယတနံ ကာယဝိညာဏဓာ-တုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ယံ ရူပံ နိဿာယ မနောဓာတု စ မနော-ဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော”

ဟူ၍ ဤသို့သော နည်းဖြင့် မြတ်စွာဘုရား ဝေဘန်တော်မူအပ်၏။

ပါဠိတော်၏ မြန်မာပြန် အဓိပ္ပါယ်—

“စက္ခာယတနသည် စက္ခုဝိညာဏ ဓာတ်အားငှင်း, ထို စက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော သဗ္ဗစိတ္တ-သာဓာရဏ စေတသိက် ခုနစ်ခုတို့အားငှင်း နိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊····(လ)···· သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနသည် ကာယဝိညာဏ ဓာတ်အားငှင်း, ထို ကာယဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခုတို့အားငှင်း နိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ အကြင် ဟဒယရုပ်ကို မှီ၍ မနောဓာတ်သည်ငှင်း, မနောဝိညာဏ ဓာတ်သည် ငှင်း ဖြစ်ကုန်၏၊ ထို ဟဒယဝတ္ထု ရုပ်သည် မနော ဓာတ်အားငှင်း, မနောဝိညာဏဓာတ်အားငှင်း, ထို မနောဓာတ်, မနောဝိညာဏ ဓာတ်တို့နှင့် ယှဉ်ကုန်သော စေတသိက် ဒွေပညာသတို့အားငှင်း နိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။”

(၈) နိဿယ ပစ္စည်း ပြီး၏။

http://www.dhammadownload.com



## (၉) ဥပနိဿယ ပစ္စည်း

ဥပနိဿယပစ္စယော ဟူသော ဤပါဠိ၌ ဤ ဆိုလတံ့ သည်ကား ဝိဂ္ဂြဟ် အနက်တည်း၊ ထို အကြောင်းနှင့် စပ်သော ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် မိမိ၏ အကျိုးသည် မှီအပ်၏, မပယ်အပ်၊ ထို့ကြောင့် "နိဿယ" မည်၏၊ အထူးကား— ပြင်းပြသည်းဝှန် လွန်ကဲ အားကြီးသော ပင်ပန်းခြင်း အာယာသ သည် ဥပါယာသ မည်သည် ဖြစ်သကဲ့သို့ ထို့အတူ လွန်ကဲ အားကြီးသော မှီအပ်သော အကြောင်းသည် "ဥပနိဿယ" မည်၏၊ ဤ ဥပနိဿယ ဟူသော အမည်သည် အလွန် အားကြီးသော အကြောင်း၏ အမည်တည်း၊ ထိုသို့ အားကြီး သော အကြောင်း၏ ဥပနိဿယ မည်သည်၏ အဖြစ်ကြောင့် အလွန် အားကြီးသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားကို "ဥပနိဿယ ပစ္စည်း" ဟူ၍ သိအပ်၏၊ ထို ဥပနိဿယ ပစ္စည်းသည် အာရမ္မဏူပနိဿယ, အနန္တရူပ- နိဿယ, ပကတူပနိဿယ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင်—

> "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ"

ဤသို့ အစရှိသော နည်းဖြင့် "အာရမ္မဏူပနိဿယ" ကို ရှေးဦးစွာ "အာရမ္မဏာဓိပတိ" နှင့် တကွ ထူးသည်၏ အဖြစ်ကို မပြုမူ၍ သဗ္ဗညု မြတ်စွာဘုရား ဟောနော်မူအပ်၏။

ထို ပါဠိတော်၏ မြန်မာပြန် အဓိပ္ပါယ်—

> "လှူအပ်သော ဝတ္ထုပစ္စည်းကို လှူ၍၊ ဝါ—ပေးလှူ ကြောင်း ဖြစ်သော စေတနာကို ဖြစ်စေ၍ နိစ္စသီလကို

http://www.dhammadownload.com



ဆောက်တည်၍ ဥပုသ် သုံးသော အမှုကို ပြု၍ ဝါ—ဥပုသ် စောင့်၍ ထိုဒါန, သီလ, ဥပေါသထ စေတနာကို အလေး အမြတ်ပြု၍ ဆင်ခြင်၏၊ ရှေး၌ ကောင်းစွာ လေ့ကျက် အပ်ကုန်ပြီးသော ဒါန, သီလ, ဥပေါသထစေတနာတို့ကို အလေးအမြတ် ပြု၍ ဆင်ခြင်၏၊ ဈာန်မှ ထ၍ ဈာန်ကို အလေးအမြတ် ပြု၍ ဆင်ခြင်၏၊ သေက္ခပုဂ္ဂိုလ်တို့သည် မဂ်၏ အနီးအပါး ဂေါတြဘူကို အလေးအမြတ် ပြု၍ ဆင် ခြင် ကုန် ၏၊ သ က ဒါ ဂါမ်, အ နာ ဂါမ် တို့ သည် ဝေါဒါန်ကို အလေးအမြတ် ပြု၍ ဆင်ခြင်ကုန်၏၊ သေက္ခ ပုဂ္ဂိုလ်တို့သည် မဂ်မှ ထ၍ ရသစ်စ ဖြစ်သော မဂ်ကို အလေး အမြတ် ပြု၍ ဆင်ခြင်ကုန်၏။"

ထို "အာရမ္မဏူပနိဿယပစ္စည်း"၌ အကြင် အာရုံကို အလေး အမြတ် ပြု၍ စိတ်, စေတသိက်တို့သည် ဖြစ်ကုန်၏၊ထို အာရုံသည် အမြဲအစွဲ အားဖြင့် ထို အလေး အမြတ် ပြုတတ်သော စိတ်, စေတသိက်တို့၏ အာရုံတို့တွင် အလွန် အားကြီးသော အာရုံသည် ဖြစ်၏၊ ဤသို့သော အကြောင်းကြောင့် အလေးအမြတ် ပြုအပ် သည်၏ အဖြစ်မျှဟူသော အနက်သဘောအားဖြင့် "အာရမ္မဏာ-ဓိပတိပစ္စည်း" မည်၏၊ အလွန် အားကြီးသော အကြောင်း၏ အဖြစ် ဟူသော အနက် သဘောအားဖြင့် "အာရမ္မဏူပနိဿယ ပစ္စည်း" မည်၏၊ ဤသို့ အာရမ္မဏူပနိဿယ ပစ္စည်း, အာရမ္မဏာ-ဓိပတိ ပစ္စည်းတို့၏ ထူးခြား ကွဲပြားသော အဖြစ်ကို သိအပ်၏၊ "အနန္တရူပနိဿယပစ္စည်း" ကိုလည်း—

"ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော"

ဤသို့ အစရှိသော နည်းဖြင့် အနန္တရ ပစ္စည်းနှင့် တကွ ထူးသည်၏ အဖြစ်ကို မပြုမူ၍ သာလျှင် မြတ်စွာဘုရား ဝေဘန် တော် မူ၏။

"ရှေး၌ ဖြစ်ကုန် ရှေး၌ ဖြစ်ကုန်သော ကုသိုလ် ခန္ဓာ တို့သည် နောက်၌ ဖြစ်ကုန် နောက်၌ ဖြစ်ကုန်သော

http://www.dhammadownload.com



ကုသိုလ် ခန္ဓာတို့အား ဥပနိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။”

အထူးကား—ထို အနန္တရူပနိဿယ ပစ္စည်း, အနန္တရပစ္စည်းတို့၏ မာတိကာကို ထားရာ ဖြစ်သော ပါဠိ၌ “စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော” ဤသို့ အစရှိသော နည်းဖြင့် “အနန္တရပစ္စည်း”၏ဂုဏ်, “ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော” ဤသို့ အစရှိသော နည်းဖြင့် “ဥပနိဿယပစ္စည်း” ၏ဂုဏ် လာသောကြောင့် မာတိကာ ထားခြင်း၏ ထူးခြားကွဲပြားခြင်းသည် ရှိ၏။

ထို မာတိကာ ထားခြင်း အထူးသည်လည်း အနက် သဘောအားဖြင့် တူသည်၏ အဖြစ်သို့ သာလျှင် ရောက်၏၊ အလုံးစုံလည်း ဖြစ်ကုန်သော စိတ္တုပ္ပါဒ်တို့၌ ထို နှစ်ပါးစုံသော ပစ္စည်း၏ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဤသို့ အနန္တရပစ္စည်း, အနန္တရူပနိဿယ ပစ္စည်းတို့၏ တူသည်၏ အဖြစ်သည် ရှိသော်လည်း မိမိ မိမိ၏ အခြားမဲ့ ဖြစ်သော ကာလ၌ လျော်ကပ်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် “အနန္တရပစ္စည်း”၏ အဖြစ်ကိုဂုဏ်, ရှေးရှေး၌ ဖြစ်သော စိတ်၏ နောက်ဖြစ်သော စိတ်ကို ဖြစ်စေခြင်း၌ အားကြီးသည်၏ အဖြစ်ကြောင့် “အနန္တရူပနိဿယပစ္စည်း”၏ အဖြစ်ကိုဂုဏ် သိအပ်၏။

ထင်ရှားစေအံ့—ဟေတုပစ္စည်း စသည်တို့တွင် တစုံတခုသော ပစ္စည်း တရားကို ကြဉ်၍လည်း စိတ်သည် ဖြစ်သကဲ့သို့ ထို့အတူ ရှေး အခြားမဲ့ ဖြစ်သော စိတ်ကို ကြဉ်၍ နောက်စိတ်၏ ဖြစ်ခြင်း မည်သည် မရှိ၊ ထိုသို့ ရှေး အခြားမဲ့ ဖြစ်သော စိတ်ကို ကြဉ်၍ နောက်စိတ်၏ ဖြစ်ခြင်း မရှိသောကြောင့် အားကြီးသော အကြောင်းသည် ဖြစ်၏၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့် မိမိ မိမိ၏ အခြားအမဲ့၌ လျော်ကပ်သော စိတ်ကို ဖြစ်စေခြင်း၏ အစွမ်းဖြင့် “အနန္တရပစ္စည်း” မည်သည် ဖြစ်၏၊ အလွန် အားကြီးသော

http://www.dhammadownload.com



အကြောင်း၏ အစွမ်းဖြင့် "အနန္တရူပနိဿယပစ္စည်း" မည်သည် ဖြစ်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် တို အနန္တရပစ္စည်း, အနန္တရူပနိဿယပစ္စည်း နှစ်ပါးတို့၏ ထူးခြား ကွဲပြားသော အဖြစ်ကို သိအပ်၏။

မိမိ၏ အကျိုးကို ဖြစ်စေခြင်း၌ စွမ်းနိုင်အောင် ကောင်းစွာ ပြုပြင်အပ်သော အားကြီးသော အကြောင်းသည် "ပကတူပ-နိဿယပစ္စည်း" မည်၏၊ ကောင်းစွာ ပြုပြင်အပ်သည် မည်သည် မိမိ၏ သန္တာန်၌ ဖြစ်စေအပ်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာသည်၎င်း၊ လွန်စွာ မှီဝဲအပ်သော အချမ်း, အပူ ဟူသော ဥတု၊ လျောက်ပတ်သည် စသော ဘောဇဉ် အစရှိသော ဝတ္ထု၊ သည်၎င်း၊ ဝါ—ဥတု, ဘောဇဉ်, ကျောင်း, အိပ်ရာ, နေရာ, ပုဂ္ဂိုလ်သည်၎င်း ဖြစ်၏။

တနည်းကား—ပစ္စည်း တပါးနှင့် ရောယှက်ခြင်း ကင်းသည် ဖြစ်၍ မိမိ သဘောအားဖြင့် သာလျှင် အားကြီးသော အကြောင်း သည် "ပကတူပနိဿယပစ္စည်း" မည်၏၊ အာရမ္မဏပစ္စည်း, အနန္တရပစ္စည်းတို့နှင့် မရောနှောဟု ဆိုလို၏၊ ထို ပကတူပ-နိဿယ ပစ္စည်း၏—

> "ပကတူပနိဿယော သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ သီလံ၊ သုတံ၊ စာဂံ၊ ပညံ ဥပနိဿာယ ဒါနံ ဒေတိ၊….(လ)….သမာပတ္တိံ ဥပ္ပါဒေတိ၊ သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ…. သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော"

ဤသို့ အစရှိသော နည်းဖြင့် များသော အပြားအားဖြင့် အထူးထူး အပြားပြားကို သိအပ်၏။

http://www.dhammadownload.com



ပါဠိတော်၏ မြန်မာပြန် အဓိပ္ပါယ်—

"ပကတူပနိဿယ ပစ္စည်းကို ဤ ဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏၊ ရတနာသုံးပါးဂုဏ်, ကံ, ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါတရားကို အမှီ တံကဲ သဟဲပြု၍ အလှူ ပေး၏၊ သီလ ဆောက်တည်၏၊ ဥပုသ် စောင့်၏၊ ဈာန်ကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏၊ သီလကို၊ သုတကို၊ စာဂကို၊ ပညာကို အမှီပြု၍ အလှူ ပေး၏၊····(လ)····သမာပတ်ကို ဖြစ်စေ၏၊ သဒ္ဓါသည်၊ သီလသည်၊ သုတသည်၊ စာဂသည်၊ ပညာသည်····သဒ္ဓါအား၊ သီလအား၊ သုတအား၊ စာဂအား၊ ပညာအား ပကတူပနိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

ဤသို့လျှင် ဤ သဒ္ဓါ စသော တရားတို့သည် ကောင်းစွာ ပြုပြင်အပ်သည်ရှင်း, အားကြီးသော အကြောင်း၏ အဖြစ် ဟူသော သဘောဖြင့် အားကြီးသော အကြောင်းတို့သည်ရှင်း ဖြစ်ကုန်၏၊ ထို့ကြောင့် "ပကတူပနိဿယ ပစ္စည်း" မည်၏။

(၉) ဥပနိဿယ ပစ္စည်း ပြီး၏။

## (၁၀) ပုရေဇာတ ပစ္စည်း

ပစ္စယုပ္ပန် တရားတို့၏ ရှေးဦးစွာ မဖြစ်မီ ရှေးဦးစွာ ဖြစ်၍ ဖြစ်ဆဲ တည်ဆဲ၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခု ဟူသော တရားသည် "ပုရေဇာတပစ္စည်း" မည်၏၊ ထို ပုရေဇာတ ပစ္စည်းသည် ပဉ္စဒွါရ၌ စက္ခု စသော ဝတ္ထု, ရူပါယတန စသော အာရုံ, ဟဒယဝတ္ထုတို့၏ အစွမ်းဖြင့် တဆဲ့ တပါး အပြား ရှိ၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား—

"စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၊ သောတ-

http://www.dhammadownload.com



ဃာနဇိဝှါကာယာယတနံ….၊ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ၊ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော''

ဟူ၍ ဟောတော်မူ၏။

ပါဠိတော်၏ မြန်မာပြန် အဓိပ္ပါယ်—

''စက္ခာယတနသည် စက္ခုဝိညာဏ ဓာတ်အားလည်း, ထို စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ် ဖြစ်သော တရားတို့အားလည်း ပုရေဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနသည်လည်း၊ ရူပါယတနသည်၊ သဒ္ဒါယတနသည်၊ ဂန္ဓာယတနသည်၊ ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည်လည်း ကာယဝိညာဏဓာတ်အားလည်း, ထိုကာယဝိညာဏဓာတ်နှင့် သမ္ပယုတ် ဖြစ်သော တရားတို့အားလည်း ပုရေဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနသည် မနောဓာတ်အားလည်း အကြင် ဟဒယ ဝတ္ထုရုပ်ကို အမှီ ပြု၍ မနောဓာတ်သည် ဖြစ်၏၊ ထို ဟဒယ ဝတ္ထုရုပ်သည် မနောဓာတ်အားလည်း, ထိုမနောဓာတ်နှင့် သမ္ပယုတ် ဖြစ်သော တရားတို့အားလည်း ပုရေဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ အကြင် ဟဒယ ဝတ္ထုရုပ်ကို အမှီ ပြု၍ မနောဝိညာဏဓာတ်သည်

http://www.dhammadownload.com



ဖြစ်၏၊ ထို ဟဒယ ဝတ္ထုရုပ်သည် မနောဝိညာဏဓာတ် အားရင်း, ထို မနောဝိညာဏ ဓာတ်နှင့် သမ္ပယုတ် ဖြစ်သော တရားတို့အားရင်း ပဝတ္တိ ကာလ၌ ပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ ကာလ၌ ပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး မပြုတတ်။"

(၁၀) ပုရေဇာတ ပစ္စည်း ပြီး၏။

## (၁၁) ပစ္ဆာဇာတ ပစ္စည်း

ပစ္စည်း တရားတို့၏ မဖြစ်မီ ရှေးများ လက်မွန် ဖြစ်ကုန်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယဟု ဆိုအပ် ကုန်သော ရုပ်တရားတို့ကို ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်နိုက် အရူပဝိပါက် လေးခု ကြဉ်သော စိတ် ရှစ်ဆဲ့ငါးခု, စေတသိက် ဒွေပညာသ ဟူသော နာမ်တရားသည် "ပစ္ဆာဇာတ ပစ္စည်း" မည်၏၊ ဥပမာကား—အာဟာရ၌ ဖြစ်သော တောင့်တခြင်း စေတနာ သည် လင်းတငယ်တို့၏ ကိုယ်တို့အား ထောက်ပံ့သောအားဖြင့် ကျေးဇူး ပြုသကဲ့သို့တည်း၊ ထို ရှေးဦးမဆွ ဖြစ်ကုန်သော ရုပ်တရားတို့အား ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော နာမ်တရားကိုသည် ပစ္ဆာဇာတ ပစ္စည်း မည်သည်၏ အဖြစ်ကြောင့်—

> "ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာ-
> တဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန
> ပစ္စယော"

ဟူ၍ ရှင်တော်ဘုရား မိန့်ကြားတော်မူအပ်၏။

ထို ပါဠိတော်၏ မြန်မာပြန်—

> "နောက်၌ ဖြစ်ကုန်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်နိုက် အရူပဝိပါက် လေးခု ကြဉ်သော စိတ် ရှစ်ဆဲ့ငါးခု

http://www.dhammadownload.com



စေတသိက် ဒွေပညာသ နာမက္ခန္ဓာ တရားတို့သည် ရှေး၌ ဖြစ်သော ဤသို့ သဘောရှိသော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား ပစ္ဆာဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

(၁၁) ပစ္ဆာဇာတ ပစ္စည်း ပြီး၏။

---

## (၁၂) အာသေဝန ပစ္စည်း

ပစ္စယုပ္ပန် တရားတို့ကို ကုသိုလ် အစရှိသော အဖြစ်ဖြင့် မိမိနှင့် တူအောင် အဖန်တလဲလဲ ပြုပြင်ခြင်း ဖြစ်စေခြင်း ဟူသော သဘောဖြင့်၊ ဝါ—မိမိနှင့် တူသော သဘောရှိသည်၏ အဖြစ်သို့ ရောက်စေခြင်း ဟူသော ထုံခြင်း သဘောဖြင့် အခြားမဲ့ ဖြစ်ကုန်သော ပဌမဇော, ဗိုလ်ဇော ကြဉ်သော နောက်နောက်သော ဇော ဧကပညာသ, စေတသိက် ဒွေပညာသ ပစ္စယုပ္ပန် တရား တို့အား လေ့လာသည်၏ အဖြစ် အားကြီးသည်၏ အဖြစ် အလို့ငှါ ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော အဆုံးဇော, မဂ်ဇော, ဗိုလ်ဇော ကြဉ်သော ရှေးရှေးသော လောကီဇော လေးဆဲ့ ခုနစ်ခု, စေတသိက် ငါးဆဲ့ နှစ်ခုသည် "အာသေဝန ပစ္စည်း" မည်၏၊ ဥပမာကား—ကျမ်းဂန် စသည် တို့၌၊ ဝါ—စာပေ ကျမ်းဂန်သင်ခြင်း သရဇ္ဈာယ်ခြင်း စသည် တို့တွင် ရှေးရှေး၌ သင်ပြီးသော စာတို့ကို သင်ခြင်း သရဇ္ဈာယ်ခြင်း စသော အားထုတ်ခြင်းကဲ့သို့တည်း၊ ဝါ—သင်ခြင်း သရဇ္ဈာယ် ခြင်း စသည်တို့၌ အားထုတ်ခြင်းကဲ့သို့တည်း၊ ထို အာသေဝန ပစ္စည်းသည် ကုသိုလ်, အကုသိုလ်, ကြိယာဇော၏ အစွမ်းဖြင့် သုံးပါး အပြားရှိ၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောကြားတော် မူသနည်း—

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ.... (လ)....ကြိယာဗျာကတာ

http://www.dhammadownload.com



ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော”

ဟူ၍ ဟောတော်မူ၏။

“ရှေး၌ ဖြစ်ကုန် ရှေး၌ ဖြစ်ကုန်သော ကုသိုလ် မည်ကုန်သော အဆုံးဇော ကြဉ်သော လောကီ နာမက္ခန္ဓာတို့သည် နောက်၌ ဖြစ်ကုန် နောက်၌ ဖြစ်ကုန်သော ကုသိုလ် မည်ကုန်သော ပဌမဇော ကြဉ်သော နာမက္ခန္ဓာတို့အား အာသေဝန ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ရှေးရှေး၌ ဖြစ်ကုန်သော အကုသိုလ် မည်ကုန်သော သဘော တရားတို့သည်....(လ)....ကြိယာ အဗျာကတ ဖြစ်ကုန်သော အဆုံးဇော ကြဉ်ကုန်သော နာမက္ခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကြိယာ အဗျာကတ ဖြစ်ကုန်သော ပဌမဇော ကြဉ်သော နာမက္ခန္ဓာတို့အား အာသေဝန ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။”

(၁၂) အာသေဝန ပစ္စည်း ပြီး၏။

## (၁၃) ကမ္မ ပစ္စည်း

စိတ်၏ ပယောဂ ဗျာပါရဟု ဆိုအပ်သော ပြုပြင်ခြင်း အားထုတ်ခြင်း အမူအရာ၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော စေတနာ တခုယုတ် ကိုးဆယ် ဟူသော တရားသည် “ကမ္မ ပစ္စည်း” မည်၏၊ ထို ကမ္မပစ္စည်းသည် အထူးထူးသော ခဏရှိသော ကုသိုလ် စေတနာ ~~အကုသိုလ်~~ စေတနာ၏ဂုဏ်, အတူတကွ ဖြစ်သော အလုံးစုံသော စေတနာ၏ဂုဏ် အစွမ်းဖြင့် နှစ်ပါး အပြား ရှိ၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောတော် မူသနည်း—

http://www.dhammadownload.com



"ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ သဟဇာတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ-ပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

"ကုသိုလ်အကုသိုလ်ဖြစ်သော ကံသည် အကျိုး ဖြစ်ကုန်သော ခန္ဓာတို့အားငင်း, ကဋတ္တာ ရုပ်တို့ အားငင်း နာနာက္ခဏိကကမ္မ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ အတူတကွ ဖြစ်သော တခုယုတ် ကိုးဆယ်သော စေတနာသည် ယှဉ်ဖော် ယှဉ်ဖက် ဖြစ်ကုန်သော စိတ်တခုယုတ် ကိုးဆယ်တို့အားငင်း, စေတနာ ကြဉ်သော စေတသိက် ကေပညာသတို့အားငင်း, ထို စေတနာ စေတနာနှင့် သမ္ပယုတ် တရားလျှင် ဖြစ်ကြောင်း ရှိကုန်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အားငင်း သဟဇာတကမ္မ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

(၁၃) ကမ္မ ပစ္စည်း ပြီး၏။

---

## (၁၄) ဝိပါက ပစ္စည်း

အားထုတ်ခြင်း ကင်းသည်၏ အဖြစ် ဟူသော ငြိမ်သက်သည်၏ အဖြစ်ဖြင့် လုံ့လ ဗျာပါရ ကင်းသည်၏ အဖြစ်ဟု ဆိုအပ်သော ငြိမ်သက်သည်၏ အဖြစ် အကျိုးငှါ ကျေးဇူး ပြုတတ်သော အကျိုး တရားသည် "ဝိပါက ပစ္စည်း" မည်၏၊ ထို ဝိပါက ပစ္စည်းသည် ပဝတ္တိ အခါ၌ ထို စိတ်လျှင် ဖြစ်ကြောင်း ရှိသော ရုပ်တို့အားငင်း, ပဋိသန္ဓေ အခါ၌ ပဋိသန္ဓေ ကမ္မဇ ရုပ်တို့ အားငင်း, အလုံးစုံသော ပဋိသန္ဓေ အခါ ပဝတ္တိ အခါတို့၌ သမ္ပယုတ် တရားတို့အားငင်း ကျေးဇူး ပြုတတ်၏၊ ရှင်တော် ဘုရား အဘယ်သို့ ဟောကြားတော်မူသနည်း—

http://www.dhammadownload.com



"ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော၊ ....(လ)....ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ, တယော ခန္ဓာ ဧကဿ ခန္ဓဿ, ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော၊ ခန္ဓာ ဝတ္ထုဿ ဝိပါကပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

"ဝိပါက် အဗျာကတ ဖြစ်သော တခုသော ခန္ဓာသည် သုံးပါး သုံးပါးကုန်သော ခန္ဓာတို့အားငင်း, စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော ရုပ်တို့အားငင်း ဝိပါက ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ....(လ)....ပဋိသန္ဓေ ခဏ၌ ဝိပါက် အဗျာကတ ဖြစ်သော တခုသော ခန္ဓာသည် သုံးပါး သုံးပါးကုန်သော ခန္ဓာတို့အားငင်း, ခန္ဓာ သုံးပါးတို့သည် ခန္ဓာ တပါးအားငင်း, ခန္ဓာ နှစ်ပါးတို့ သည် ခန္ဓာ နှစ်ပါးတို့အားငင်း, ကဋတ္တာရုပ် ဟူသော ပဋိသန္ဓေ ကမ္မဇရုပ်တို့အားငင်း ဝိပါက ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ တို့သည် ဟဒယဝတ္ထုအား ဝိပါက ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

(၁၄) ဝိပါက ပစ္စည်း ပြီး၏။

---

## (၁၅) အာဟာရ ပစ္စည်း

ရုပ်နာမ် တရားတို့အား ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကုန်သော ကဗဠီကာရာဟာရ, ဖဿာဟာရ, စေတနာဟာရ, ဝိညာဏာဟာရ ဟူသော အာဟာရ လေးပါး သည် "အာဟာရ ပစ္စည်း" မည်၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

http://www.dhammadownload.com



"ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော၊ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

ထိုမှတပါး ပဥှာဝါရ၌—

"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ အာဟာရာ တံသမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော"

ဟူ၍လည်း ဟောတော်မူ၏။

ပါဠိတော်၏ မြန်မာပြန်—

"အလုပ်အလွေး မဟုတ်သော်လည်း အလုပ်အလွေးကဲ့သို့ ပြုအပ်သော စတုသမုဋ္ဌာနိက အာဟာရသည် ဩဇာသိ သဘောရှိသော ကလာပ်တူ ဩဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုဇကာယ, တိဇကာယ အား ရုပ်အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ နာမ် ဖြစ်ကုန်သော ဖဿ, စေတနာ, ဝိညာဏ ဟူသော နာမ် အာဟာရ သုံးပါးတို့သည် မိမိနှင့် သမ္ပယုတ် ဖြစ်ကုန်သော တရားတို့အားလည်း, ထို သမ္ပယုတ် တရား လျှင် ဖြစ်ကြောင်း ရှိကုန်သော ရုပ်တို့အားလည်း နာမ် အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

"ပဋိသန္ဓေ ခဏ၌ ဝိပါက် အဗျာကတ ဖြစ်ကုန်သော အာဟာရတို့သည် သမ္ပယုတ် ဖြစ်ကုန်သော ခန္ဓာတို့ အားလည်း, ကဋတ္တာရုပ် ဟူသော ပဋိသန္ဓေ ကမ္မဇရုပ် တို့အားလည်း အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

(၁၅) အာဟာရ ပစ္စည်း ပြီး၏။

http://www.dhammadownload.com



## (၁၆) ဣန္ဒြိယ ပစ္စည်း

အစိုးရသည်၏ အဖြစ် ဟူသော သဘောဖြင့် ကျေးဇူး ပြုတတ်ကုန်သော ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ကြဉ်အပ်ကုန်သော ဣန္ဒြေ နှစ်ဆယ်တို့သည် "ဣန္ဒြိယ ပစ္စည်း" မည်ကုန်၏၊ ထို ဣန္ဒြေ နှစ်ဆယ်တို့တွင် စက္ခုန္ဒြေ စသည်တို့သည် စက္ခုဝိညာဉ် စသော ငါးပါးသော နာမ်တရားတို့အား သာလျှင် ကျေးဇူးပြုတတ် ထောက်ပံ့တတ်ကုန်၏၊ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေမှ ကြွင်းသော ဣန္ဒြေ တဆဲ့သုံးပါးတို့သည် ရုပ်တရား နာမ်တရား နှစ်ပါးတို့အား ထောက်ပံ့သောအားဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း—

> "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ····(လ)···· သောတ, ဃာန, ဇိဝှါ, ကာယိန္ဒြိယံ ကာယဝိညာဏ- ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

ထိုမှတပါး ပဋ္ဌာဝါရ၌—

> "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယ- ပစ္စယေန ပစ္စယော"

ဟူ၍လည်း ဟောတော်မူ၏။

ပါဠိတော်၏ မြန်မာပြန်—

> "စက္ခုန္ဒြေသည် စက္ခုဝိညာဏ ဓာတ်အားငှါး···· (လ)····သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ သည် ကာယဝိညာဏ ဓာတ်အားငှါး, ထို ကာယ- ဝိညာဏ ဓာတ်နှင့် သမ္ပယုတ် ဖြစ်သော တရားတို့အားငှါး

http://www.dhammadownload.com



ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ရုပ်ဇီဝိတိန္ဒြေသည် ပဋိသန္ဓေ ကမ္မဇရုပ်အား ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ နာမ် ဇီဝိတိန္ဒြေသည် သမ္ပယုတ် တရားတို့အားလည်း၊ ထို သမ္ပယုတ် တရားလျှင် ဖြစ်ကြောင်း ရှိကုန်သော ရုပ်တို့အားလည်း ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

"ပဋိသန္ဓေခဏ၌ ဝိပါက် အဗျာကတ ဖြစ်ကုန်သော ဣန္ဒြေတို့သည် သမ္ပယုတ် ဖြစ်ကုန်သော ခန္ဓာတို့အားလည်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်း ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏။"

(၁၆) ဣန္ဒြိယ ပစ္စည်း ပြီး၏။

## (၁၇) ဈာန ပစ္စည်း

အနိစ္စ စသော လက္ခဏာ၊ ကသိုဏ်း စသော အာရုံကို ကပ်၍ ရှုခြင်း ကြံခြင်း ဟူသော သဘောဖြင့် ကျေးဇူး ပြုတတ်ကုန်သော ဒွေပဉ္စဝိညာဉ် တဆယ်တို့၌ သုခိန္ဒြေ ဒုက္ခိန္ဒြေ ဝေဒနာ နှစ်ပါး အပေါင်းကို ချန်ထား၍ အလုံးစုံသော ကုသိုလ် အကုသိုလ် အဗျာကတ အထူးရှိကုန်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဟု ဆိုအပ်သော ဈာန်အင်္ဂါတို့သည် "ဈာန ပစ္စည်း" မည်ကုန်၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

ထို့မှတပါး ပဋ္ဌာဝါရ၌—

"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဈာနပစ္စယေန ပစ္စယော"

ဟူ၍လည်း ဟောတော်မူ၏။

http://www.dhammadownload.com



"ဝိတက် ဝိစာရ စသော ဈာန်အင်္ဂါတို့သည် ဈာန်နှင့် သမ္ပယုတ် ဖြစ်ကုန်သော တရားတို့အားငှင်း, ထို ဈာန သမ္ပယုတ် တရားလျှင် ဖြစ်ကြောင်း ရှိကုန်သော ရုပ်တို့ အားငှင်း ဈာန ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

"ပဋိသန္ဓေ ခဏ၌ ဝိပါက် အဗျာကတ ဖြစ်ကုန်သော ဈာန်အင်္ဂါတို့သည် သမ္ပယုတ် ဖြစ်ကုန်သော ခန္ဓာတို့ အားငှင်း, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားငှင်း ဈာန ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏။"

(၁၇) ဈာန ပစ္စည်း ပြီး၏။

---

## (၁၈) မဂ္ဂ ပစ္စည်း

အမှတ်မရှိ မဖောက်မပြန် မှန်သော သဘောအားဖြင့်ငှင်း, ဖောက်ပြန်သော သဘောအားဖြင့်ငှင်း ထွက်မြောက်ကြောင်း၏ အဖြစ် ဟူသော သဘောအားဖြင့် ကျေးဇူး ပြုတတ်ကုန်သော ကုသိုလ် အကုသိုလ်လျှင် အထူး ရှိကုန်သော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိဟု ဆိုအပ်သော မဂ္ဂင် တဆဲ့နှစ်ပါးတို့သည် "မဂ္ဂပစ္စည်း"မည်ကုန်၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောကြားသနည်း—

"မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

ထိုမှတပါး ပဋ္ဌာဝါရ၌—

"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော"

ဟူ၍လည်း ဟောတော်မူ၏။

http://www.dhammadownload.com



**ပါဠိတော်၏ မြန်မာပြန်—**

"ကုသိုလ် အကုသိုလ် မဂ္ဂင် တဆဲ့နှစ်ပါးတို့သည် မဂ်နှင့် ယှဉ်ကုန်သော တရားတို့အားငင်း, ထို မဂ္ဂသမ္ပယုတ္တ တရားလျှင် ဖြစ်ကြောင်း ရှိကုန်သော ရုပ်တို့အားငင်း မဂ္ဂ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏။"

"ပဋိသန္ဓေ ခဏ၌ ဝိပါက် အဗျာကတ ဖြစ်ကုန်သော မဂ္ဂင်တို့သည် သမ္ပယုတ္တ ဖြစ်ကုန်သော ခန္ဓာတို့အားငင်း, ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အားငင်း မဂ္ဂ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏။"

ထို နှစ်ပါးသော ဈာနပစ္စည်း, မဂ္ဂပစ္စည်းတို့ကိုလည်း ဒွေပဉ္စဝိညာဉ် တဆယ်, အဟိတ်စိတ် တဆဲ့ရှစ်ခုတို့၌ အရေအတွက်အား လျော်စွာ မရအပ်ကုန်၊ ဤသို့ သိအပ်ကုန်၏။

(၁၈) မဂ္ဂ ပစ္စည်း ပြီး၏။

---

## (၁၉) သမ္ပယုတ္တ ပစ္စည်း

တူသော ဝတ္ထုရှိသည်၏ အဖြစ်, တူသော အာရုံ ရှိသည်၏ အဖြစ်, တူသော ဖြစ်ခြင်း ရှိသည်၏ အဖြစ်, တူသော ချုပ်ခြင်း ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သမ္ပယုတ်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကုန်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ နာမ်တရားတို့သည် "သမ္ပယုတ္တ ပစ္စည်း" မည်ကုန်၏၊ ရှင်တော်ဘုရား အဘယ်ကဲ့သို့ ဟောကြားတော်မူသနည်း—

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တ-ပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



ပါဠိတော်၏ မြန်မာပြန်—

"နာမ် ဖြစ်ကုန်သော ခန္ဓာ လေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား သံမ္ပယုတ္တ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏။"

(၁၉) သမ္ပယုတ္တ ပစ္စည်း ပြီး၏။

---

## (၂၀) ဝိပ္ပယုတ္တ ပစ္စည်း

တူသော ဝတ္ထု ရှိခြင်း စသည်၏ အဖြစ်သို့ မရောက်ကုန်သော အားဖြင့် ကျေးဇူး ပြုတတ်ကုန်သော ရုပ်တရားတို့သည် နာမ် တရားတို့အား ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ နာမ် တရားတို့သည်လည်း ရုပ် တရားတို့အား ဝိပ္ပယုတ္တ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ ထို ဝိပ္ပယုတ္တ ပစ္စည်းသည် သဟဇာတ ဝိပ္ပယုတ်, ပစ္ဆာဇာတ ဝိပ္ပယုတ်, ပုရေဇာတ ဝိပ္ပယုတ် တို့၏ အစွမ်းအားဖြင့် သုံးပါး အပြား ရှိ၏၊ ထိုစကား မှန်၏—

"သဟဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"

ဟူသော ထို စကားကို ဘုရား ဟောတော်မူ၏။

"အတူတကွ ဖြစ်ကုန်သော ကုသိုလ် မည်ကုန်သော ပဉ္စဝေါကာရ ခန္ဓာတို့သည် စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော စိတ္တဇ ရုပ်တို့အား သဟဇာတ ဝိပ္ပယုတ္တ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ နောက်၌ ဖြစ်ကုန်သော ကုသိုလ် မည်ကုန်သော ပဉ္စဝေါကာရ ခန္ဓာတို့သည် ရှေး၌ ဖြစ်သော ဤသို့ သဘော ရှိသော တိဇကာယ စတုဇကာယအား ပစ္ဆာဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူး ပြုတတ်ကုန်၏။"

http://www.dhammadownload.com



ထိုမှတပါး အဗျာကတ ပုဒ်၏ သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း၏ ဝိဘင်း၌—

"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ ကဋတ္တာရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ ခန္ဓာ ဝတ္ထုဿ, ဝတ္ထု ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"

ဟူ၍လည်း ဟောတော်မူ၏။

"ပဋိသန္ဓေ ခဏ၌ ဝိပါက် အဗျာကတ ဖြစ်ကုန်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ တို့သည် ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အား သဟဇာတ ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ခန္ဓာတို့သည် ဟဒယ ဝတ္ထုအား, ဟဒယ ဝတ္ထုသည် ခန္ဓာတို့အား ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။

ထိုမှတပါး ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်းကို စက္ခုန္ဒြေ စသော ခြောက်ပါးသော ဝတ္ထု၏ အစွမ်းဖြင့် သာလျှင် သိအပ်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ပုရေဇာတံ စက္ခာယတနံ စက္ခုဝိညာဏဿ.... (လ)....ကာယာယတနံ ကာယဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ ဝတ္ထု ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ.... (လ)....ဝတ္ထု ကုသလာနံ ခန္ဓာနံ ....(လ)....ဝတ္ထု အကုသလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

"ရှေး၌ ဖြစ်သော မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက သုံးပါးတို့တွင် မဇ္ဈိမာယုက ဖြစ်သော လက်မှန် အစ အတိတ ဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခာယတန သည် စက္ခုဝိညာဉ်အား.... (လ)....ကာယာယတန သည် ကာယ ဝိညာဉ်အား ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ဟဒယဝတ္ထုသည် ဝိပါက်

http://www.dhammadownload.com



အဗျာကတ ဖြစ်ကုန်သော ခန္ဓာတို့အားငှင်း, ကြိယာ အဗျာကတ ဖြစ်ကုန်သော ခန္ဓာတို့အားငှင်း ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ဟဒယ ဝတ္ထုသည် ကုသိုလ် ဖြစ်ကုန်သော ခန္ဓာတို့အားငှင်း, ဟဒယ ဝတ္ထုသည် အကုသိုလ် ဖြစ်ကုန်သော ခန္ဓာတို့အားငှင်း ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

(၂၀) ဝိပ္ပယုတ္တ ပစ္စည်း ပြီး၏။

---

## (၂၁) အတ္ထိ ပစ္စည်း

ပစ္စုပ္ပန် သဘောဟု ဆိုအပ်သော ထင်ရှား ရှိသည်၏ အဖြစ်ဖြင့် ထိုသို့ ထင်ရှား ရှိသော တရားအား ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် "အတ္ထိ ပစ္စည်း" မည်၏၊ ထို အတ္ထိ ပစ္စည်း၏ နာမက္ခန္ဓာ လေးပါး၊ မဟာဘုတ် လေးပါး၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယ ဝတ္ထုဟု ဆိုအပ်သော နာမ်၊ ရုပ်၊ စေတသိက်၊ မဟာဘုတ် လေးပါး၊ အာယတန ဆယ်ပါး၊ ဟဒယဝတ္ထုတို့၏ အစွမ်းဖြင့် ခုနစ်ပါး အပြား ရှိသော မာတိကာကို ထားအပ်၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောကြားတော်မူသနည်း-—

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ, ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ, စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာ-နာနံ ရူပါနံ, မဟာဘူတာ ဥပါဒါရူပါနံ, စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ ....(လ).... ကာယာယတနံ ....(လ).... ရူပါယတနံ ....(လ).... ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊ ရူပါယတနံ ....(လ).... ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ယံ ရူပံ နိဿာယ မနောဓာတု စ မနော-

http://www.dhammadownload.com



ဝိညာဏဓာတု စ ဝတ္ထုန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော”

ဟူ၍ ဟောတော်မူ၏။

“နာမ်ခန္ဓာ လေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား သဟဇာတ အတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ မဟာဘုတ် လေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအားရင်း၊ ပဋိသန္ဓေ ခဏ၌ နာမ် ရုပ်သည် အချင်းချင်း တပါးသည် တပါးအားရင်း၊ စိတ် စေတသိက် ဖြစ်ကုန်သော တရားတို့သည် စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော စိတ္တဇရုပ်တို့အားရင်း၊ မဟာဘုတ် လေးပါးတို့သည် ဥပါဒါရုပ်တို့အားရင်း သဟဇာတ အတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ စက္ခာယတနသည် စက္ခုဝိညာဏ ဓာတ်အား ....(လ).... ကာယာယတနသည် ....(လ).... ရူပါယတနသည် ....(လ).... ဖောဋ္ဌဗ္ဗာယတနသည် ကာယဝိညာဏ ဓာတ်အားရင်း၊ ထို ကာယဝိညာဏဓာတ်နှင့် သမ္ပယုတ် ဖြစ်ကုန်သော တရားတို့အားရင်း ပုရေဇာတ အတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ရူပါယတနသည် ....(လ).... ဖောဋ္ဌဗ္ဗာယတနသည် မနောဓာတ်အားရင်း၊ ထို မနောဓာတ်နှင့် သမ္ပယုတ် ဖြစ်ကုန်သော တရားတို့အားရင်း ပုရေဇာတ အတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ အကြင် ရုပ်ကို မှီ၍ မနောဓာတ်သည်ရင်း၊ မနောဝိညာဏ ဓာတ်သည်ရင်း ဖြစ်ကုန်၏၊ ထို ရုပ်သည် မနောဓာတ်အားရင်း၊ မနောဝိညာဏ ဓာတ်အားရင်း၊ ထို မနောဓာတ် မနောဝိညာဏဓာတ်နှင့် သမ္ပယုတ် ဖြစ်ကုန်သော တရားတို့အားရင်း သဟဇာတ အတ္ထိ ပစ္စည်း၊ ပုရေဇာတ အတ္ထိ ပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူး ပြုတတ်၏။”

http://www.dhammadownload.com



ထိုမှတပါး ပဌာ၀ါရ၌ "သဟဇာတ အတ္ထိ ပစ္စည်း, ပုရေဇာတ အတ္ထိ ပစ္စည်း, ပစ္ဆာဇာတအတ္ထိပစ္စည်း, အာဟာရ အတ္ထိ ပစ္စည်း, ဣန္ဒြိယ အတ္ထိပစ္စည်း" ဟူ၍လည်း အကျဉ်း မာတိကာ ထားတော်မူပြီးလျှင် "သဟဇာတ အတ္ထိပစ္စည်း"၌ ရှေးဦးစွာ "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော"။ "ခန္ဓာ တပါးသည် သုံးပါး သုံးပါးကုန်သော ခန္ဓာတို့အားလည်းကောင်း, ထို ခန္ဓာ သုံးပါး သုံးပါးလျှင် ဖြစ်ကြောင်း ရှိကုန်သော ရုပ်တို့အားလည်းကောင်း သဟဇာတ အတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏" ဤသို့ အစရှိသော နည်းဖြင့် အကျယ် နိဒ္ဒေသကို ပြုတော်မူ၏။

ပုရေဇာတ အတ္ထိ ပစ္စည်း၌ "ရှေး၌ ဖြစ်ကုန်သော စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဟဒယဝတ္ထုတို့၏ အစွမ်းအားဖြင့်" အကျယ် နိဒ္ဒေသကို ပြုတော်မူ၏။

ပစ္ဆာဇာတ အတ္ထိ ပစ္စည်း၌ "ရှေး၌ ဖြစ်သော ဤသို့ သဘော ရှိသော စတုသမုဋ္ဌာနိက ရူပကာယအား နောက်၌ ဖြစ်ကုန်သော စိတ် စေတသိက်တို့၏ ကျေးဇူး ပြုသည်၏ အစွမ်းဖြင့်" အကျယ် နိဒ္ဒေသကို ပြုတော်မူ၏။

အာဟာရ အတ္ထိ ပစ္စည်း, ဣန္ဒြိယ အတ္ထိ ပစ္စည်းတို့၌ "အလုပ် အလွေး မဟုတ်သော်လည်း အလုပ်အလွေး ကဲ့သို့ ပြုအပ်သော စတုသမုဋ္ဌာနိက အာဟာရသည် ဤသို့ သဘော ရှိသော ကလာပ်တူ ဩဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိက ရူပကာယ, တိသမုဋ္ဌာနိက ရူပကာယအား အာဟာရ အတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်၏၊ ရုပ် ဇီဝိတိန္ဒြေသည် ရုပ် ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇ ရုပ်တို့အား ဣန္ဒြိယ အတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊" ဤသို့ စသော နည်းဖြင့် အကျယ် နိဒ္ဒေသကို ပြုတော်မူ၏။

(၂၁) အတ္ထိ ပစ္စည်း ပြီး၏။

http://www.dhammadownload.com



## (၂၂) နတ္ထိ ပစ္စည်း

မိမိ၏ အခြားမဲ့၌ ဖြစ်ဆဲ ဖြစ်ကုန်သော နာမ်တရားတို့အား ဖြစ်ခြင်း၏ အခွင့်ကို ပေးသဖြင့် ကျေးဇူး ပြုတတ်ကုန်သော ကောင်းစွာ အခြားမဲ့ ဖြစ်၍ ချုပ်ကုန်ပြီးသော နာမ်တရားတို့သည် "နတ္ထိ ပစ္စည်း" မည်ကုန်၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

"ကောင်းစွာ အခြားမဲ့ ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ် စေတသိက် ဖြစ်ကုန်သော ရဟန္တာတို့ စုတိ ကြဉ်သော နာမက္ခန္ဓာ တရားတို့သည် ပစ္စုပ္ပန် ဖြစ်ကုန်သော၊ ဝါ— မိမိနှင့် အတူ ထိုထို အကြောင်းကို စွဲ၍ ဖြစ်ကုန်သော စိတ် စေတသိက် ဖြစ်ကုန်သော နာမ်တရားတို့အား နတ္ထိ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။"

(၂၂) နတ္ထိ ပစ္စည်း ပြီး၏။

---

## (၂၃) ဝိဂတ ပစ္စည်း

ထို နတ္ထိ ပစ္စည်း တပ်သော တရားတို့သည် ပင်လျှင် ကင်း သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သည်၏ အဖြစ်ကြောင့် "ဝိဂတ ပစ္စည်း" မည်ကုန်၏၊ ဘုရား အဘယ်ကဲ့သို့ ဟောတော်မူ သနည်း—

"သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



"ကောင်းစွာ အခြားမဲ့ ဖြစ်၍ ကင်းကုန်ပြီးသော စိတ် စေတသိက် ဖြစ်ကုန်သော တရားတို့သည် ပစ္စုပ္ပန် ဖြစ်ကုန် သော၊ ဝါ—မိမိနှင့် အတူ ထိုထို အကြောင်းကို စွဲ၍ ဖြစ်ကုန်သော စိတ် စေတသိက် ဖြစ်ကုန်သော နာမ် တရားတို့အား ဝိဂတ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ် ကုန်၏။"

(၂၃) ဝိဂတ ပစ္စည်း ပြီး၏။

## (၂၄) အဝိဂတ ပစ္စည်း

အတ္ထိ ပစ္စည်း တပ်သော တရားတို့သည် ပင်လျှင် မကင်း သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောကြောင့် "အဝိဂတ ပစ္စည်း" မည်ကုန်၏၊ ဤသို့ သိအပ်ကုန်၏၊ ထိုသို့ အတ္ထိ ပစ္စယ ဒုကနှင့် အဝိဂတ ပစ္စယ ဒုကသည် အတူတူပင် ဖြစ်၍ မထူးကြ သော်လည်း ဒေသနာကို တင့်တယ်အောင် တန်ဆာဆင်တတ် သော သဗ္ဗညုတ ဉာဏ်တော်၏ အစွမ်းဖြင့်၎င်း, ထိုသို့ "ဝိဂတ ပစ္စယော၊ အဝိဂတပစ္စယော" ဟု ဟောတော်မူသော အခြင်း အရာအားဖြင့် ဆုံးမထိုက်သော ဝေနေယျတို့၏ အလို အစွမ်း ဖြင့်၎င်း ဤ ဝိဂတပစ္စယ ဒုက်ကို ဟောတော်မူအပ်၏၊ ဥပမာကား—သဟေတုက ဒုက်ကို ဟောတော်မူပြီး ဖြစ်ပါ လျက်လည်း ဟေတု သမ္ပယုတ္တ ဒုက်ကို တဖန် ဟောတော်မူပြန် သကဲ့သို့တည်း။

(၂၄) အဝိဂတ ပစ္စည်း ပြီး၏။

နှစ်ဆယ့် လေးပစ္စည်း အကျဉ်း အဖွင့် ပြီးပြီ။

### အဝိဇ္ဇာပစ္စယာ သင်္ခါရာပုဒ် အကျယ်ဖွင့်

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဤ နှစ်ဆဲ့ လေးပစ္စည်းတို့ တွင် ဤ အဝိဇ္ဇာသည် ပုညာဘိသင်္ခါရတို့အား နှစ်ပါး အပြား အားဖြင့် ကျေးဇူး ပြုတတ်၏၊ ပုညာဘိသင်္ခါရ၏ ဆန့်ကျင်ဘက်

http://www.dhammadownload.com



ဖြစ်သော အပုညာဘိသင်္ခါရတို့အားကား အာရမ္မဏ ပစ္စည်း စသည်တို့၏ အစွမ်းဖြင့် တဆဲ့ ခုနစ်ပါး မက များစွာသော အခြင်းအရာအားဖြင့် ကျေးဇူး ပြုတတ်၏၊ ထို အဝိဇ္ဇာကို နောက်ဆုံး ဖြစ်သော အာနေဉ္ဇာဘိသင်္ခါရတို့အား တဘို့တဝ အားဖြင့် ကျေးဇူး ပြုတတ်၏ ဟူ၍ သိအပ်၏၊ ထိုတွင်—

**"ပုညာဘိသင်္ခါရတို့အား နှစ်ပါး အပြားအားဖြင့်"** ဟူသည်ကား—အာရမ္မဏ ပစ္စည်းဖြင့်ရင်း, ဥပနိဿယ ပစ္စည်း ဖြင့်ရင်း ဤသို့ နှစ်ပါးအားဖြင့် ကျေးဇူး ပြုတတ်၏၊ ချဲ့ဦးအံ့—ထို အဝိဇ္ဇာသည် အဝိဇ္ဇာ မောဟတရားကို ကုန်တတ်သောအားဖြင့် ပျက်တတ်သောအားဖြင့် ခယ ဝယ ဟူ၍ သုံးသပ်သော ကာလ၌ ကာမာဝစရ ဖြစ်ကုန်သော ပုညာဘိသင်္ခါရ ကုသိုလ် စေတနာ တို့အား အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ စေတောပရိယ, ပုဗ္ဗေနိဝါသ, အနာဂတံသဉာဏဟု ဆိုအပ် သော အဘိညာဉ်တို့နှင့် တကွ ဖြစ်သော စိတ်ဖြင့် သူတပါးတို့ ၏ရင်း မိမိ၏ရင်း မောဟနှင့် တကွ ဖြစ်သော စိတ်ကို သိသော ကာလ၌ ရူပါဝစရ ဖြစ်ကုန်သော ပုညာဘိသင်္ခါရတို့အား အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။

အထူးကား—အဝိဇ္ဇာ၏ အပြစ်ကို မြင်ခြင်းကြောင့် အဝိဇ္ဇာ သူယုတ်မာကို စွန့်ခါ လွန်မြောက်ခြင်းငှါ ဒါန အစရှိကုန်သော ကာမာဝစရ ပုညကြိယာ ဝတ္ထုတို့ကို ဖြည့်ကျင့်သော သူအား ရင်း, ရူပါဝစရ ဈာန်တို့ကို ဖြစ်စေသော သူအားရင်း ထို နှစ်ပါး ကုန်သော ပုညာဘိသင်္ခါရတို့အား ဥပနိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ထိုမှတပါး ဘဝ၌ အပြစ်ကို ဖုံးလွှမ်းတတ် သော အဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေသည်၏ အဖြစ်ကြောင့် ကာမဘဝ, ရူပဘဝ ဟူသော သမ္ပတ္တိ ဘဝတို့ကို တောင့်တ၍ ထို ကာမကုသိုလ်, ရူပကုသိုလ်တို့ကို ပင်လျှင် ပြုသော သူအား ဥပနိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏။

**"အပုညာဘိသင်္ခါရတို့အား များသော အပြားအားဖြင့်"** ဟူသည်ကား—အပုညာဘိသင်္ခါရတို့အား တဆဲ့ ခုနစ်ပါးမက

http://www.dhammadownload.com



များသော အခြင်းအရာအားဖြင့် ကျေးဇူး ပြုတတ်၏၊ အဘယ်သို့ ပြုသနည်း—ဤ အဝိဇ္ဇာသည် အဝိဇ္ဇာကို အကြောင်းပြု၍ ရာဂ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဒေါမနဿတို့၏ ဖြစ်သော ကာလ၌ အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ အလေးဂရု ပြု၍ ရာဂ, ဒိဋ္ဌိနှင့် ယှဉ်သော အဝိဇ္ဇာကို သာယာသော ကာလ၌ အာရမ္မဏာဓိပတိ ပစ္စည်း အာရမ္မဏူပနိဿယ ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုတတ်၏။

အဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေသည် ဖြစ်၍ ပါဏာတိပါတ စသည်တို့၌ အပြစ်ကို မမြင်သည် ဖြစ်၍ သူ့အသက် သတ်ခြင်း စသည်တို့ကို ပြုသော သူအား ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူး ပြုတတ်၏၊ ဒုတိယဇော အစရှိသည်တို့အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ အလုံးစုံ အကုသိုလ် ဟူသမျှကို ပြုသောသူ အား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်းတို့ဖြင့် ဤသို့ များသော အပြားအားဖြင့် ကျေးဇူး ပြုတတ်၏။

**"နောက်ဆုံး ဖြစ်သော အာနေဉ္ဇာဘိသင်္ခါရတို့အား တခုတည်း အားဖြင့်"** ဟူသည်ကား—အာနေဉ္ဇာဘိသင်္ခါရ တို့အား ဥပနိဿယ ပစ္စည်း တခုဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ ထို အဝိဇ္ဇာ၏ ထို ဥပနိဿယ ပစ္စည်း၏ အဖြစ်ကို ပုညာဘိသင်္ခါရ၌ ပြဆိုခဲ့ပြီးသော နည်းဖြင့် သာလျှင် သိအပ်၏။

## စောဒက တက်ပုံ

ဤ အဝိဇ္ဇာသည် သင်္ခါရအား ကျေးဇူး ပြုရာ၌ "ဤ အဝိဇ္ဇာ သည် အကြောင်း တပါးကို ငဲ့ခြင်း ကင်းသည် ဖြစ်၍ အဖော် မရှိ, မိမိချည်း သာလျှင် ဖြစ်၍ သင်္ခါရတို့အား ကျေးဇူး ပြုသလော၊ သို့မဟုတ် အဝိဇ္ဇာမှ တပါးလည်း ဖြစ်ကုန်သော ပစ္စည်းတို့သည် ရှိကုန်သေးသလော" ဟု ဤသို့ စောဒက ဆရာသည် ဆို၏၊ ဤ **အဝိဇ္ဇာ၏အခြား ပစ္စည်း တပါးနှင့် ကင်းသော အဖြစ်, အတူတကွ**

http://www.dhammadownload.com



အဖြစ်၌ အဘယ်သို့ သင် ဆိုလိုသနည်း၊ သင်၏ စောဒနာ ခြင်းသည် မပြည့်စုံသေး၊ ကြွင်းသော စောဒနာ ငုပ်ကိုလည်း ထုတ်ဆိုပါဦးလော့။

ရှေးဦးစွာ အဖော် မရှိ, တပါးတည်း သာလျှင် ဖြစ်၍ ကျေးဇူး ပြုတတ်သည် အကယ်၍ ဖြစ်အံ့၊ တခုသော အကြောင်း ကြောင့် ဖြစ်၏ ဟူသော အယူဝါဒသည် ရောက်၏၊ အဝိဇ္ဇာမှ အခြား တပါးလည်း ဖြစ်ကုန်သော သင်္ခါရ ကာရဏ ဖြစ်သော အကြောင်းတို့သည် အကယ်၍ ရှိကုန်ငြားအံ့၊ ဤသို့ အဝိဇ္ဇာမှ တပါးသော အကြောင်းနှင့် တကွ ကျေးဇူး ပြုသည် ရှိသော် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူ၍ အကြောင်း တခုကို ညွှန်ပြခြင်းသည် မသင့်၊ ဤသို့ စောဒက ဆရာသည် စကား အပြည့်အစုံ ထပ် တွန့်ပြန်၏၊ မသင့်သည် မဟုတ်, သင့်သည် သာလျှင်တည်း၊ အဘယ့်ကြောင့်နည်း ဟူမူ—

ဤ လောက၌ တခုသော အကျိုးသည် တခုသော အကြောင်းကြောင့် မရှိ၊ များသော အကျိုးသည်လည်း တခုသော အကြောင်းကြောင့် မရှိ၊ များသော အကြောင်းကြောင့်လည်း တခုသော အကျိုးသည် မရှိ၊ ပါရိသေသ နည်းကို ဆိုဦးအံ့၊ ဝါ—သုံးပါးသော အပြားတို့သည် မရှိကုန်လတ်၍ ပါရိသေသ နည်းဖြင့် "များသော အကြောင်းကြောင့် များသော အကျိုး သည် သာလျှင် ရှိ၏" ဟူသော ဤ စတုတ္ထ အပြားအားဖြင့် ရအပ်သည်ရှိသော် တခုသော အကြောင်း တခုသော အကျိုးကို ပြရာ၌ အကျိုးသည် ရှိ၏၊ ထို့ကြောင့် မသင့်သည် မဟုတ်, သင့်သည် သာလျှင်တည်း။

ချဲဦးအံ့—တခုသော အကြောင်းကြောင့် ဤ လောက၌ တခုသော အကျိုးသည် မရှိ၊ များသော အကျိုးသည် မရှိ၊ များစွာကုန်သော အကြောင်းတို့ကြောင့်လည်း တခုသော အကျိုးသည် မရှိ၊ များစွာကုန်သော အကြောင်းတို့ကြောင့် များစွာကုန်သော အကျိုးသည်လျှင် ဖြစ်၏၊ ထိုစကား မှန်၏၊ များစွာကုန်သော ဥတု, မြေ, မျိုးစေ့, ရေဟု ဆိုအပ်ကုန်သော

http://www.dhammadownload.com



အကြောင်းတို့ကြောင့် များသည်သာလျှင် ဖြစ်သော အဆင်း, အနံ့, အရသာ စသည်နှင့် ပြည့်စုံသော အညွန့်ဟု ဆိုအပ်သော အကျိုးသည် ဖြစ်သည် ဖြစ်၍ ထင်၏၊ အကြင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူ၍ တခုသော အကြောင်းကို ပြခြင်း, သင်္ခါရပစ္စယာ ဝိညာဏံ ဟူ၍ တခုသော အကျိုးကို ပြခြင်းကို အရာရာတို့၌ ပြုအပ်၏၊ ထို တခုသော အကြောင်း တခုသော အကျိုးကို ပြခြင်း၌ အကျိုးသည် ရှိ၏၊ ပယောဇဉ်သည် သင့်၏။

ရှုဦးအံ့—မြတ်စွာဘုရားသည် အချို့သော ပါဠိရပ်၌ ဟောအပ်သော အနက်၏ ပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့် အချို့သောပါဠိရပ်၌ ထင်ရှားသည်၏ အဖြစ်ကြောင့် အချို့သော ပါဠိရပ်၌ တပါးနှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့် ဒေသနာတော် တင့်တယ် စမ္ပယ်ခြင်း၊ တန်ဆာဆင်ခြင်းအား၎င်း ဆုံးမထိုက်သော ဝေနေယျတို့၏ အဇ္ဈာသယအား၎င်း လျော်သောအားဖြင့် တပါးသာလျှင် ဖြစ်သော အကြောင်းကို၎င်း အကျိုးကို၎င်း ဟောတော်မူ၏။

အာဂုံ သာမက ဖွင့်ပြအံ့—ဖဿပစ္စယာ ဝေဒနာ ဟူသော ဤပါဠိဖြင့် အကြောင်း အကျိုး နှစ်ပါးလုံး ပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့် တခုသော အကြောင်း တခုသော အကျိုးကို ဟောတော်မူ၏၊ ဖဿသည် ဝေဒနာ၏ ပြဋ္ဌာန်းသော အကြောင်းသည် ဖြစ်၏၊ ဖဿအား လျော်စွာ ဝေဒနာကို ပိုင်းခြားခြင်း ဆုံးဖြတ်ခြင်းတည်း၊ ဝေဒနာသည်လည်း ဖဿ၏ ပြဋ္ဌာန်းသော အကျိုးသည် ဖြစ်၏၊ အဘယ့်ကြောင့်နည်း၊ သုခဝေဒနာ, စက္ခုသမ္ဖဿဇာ ဝေဒနာ စသော ဝေဒနာအား လျော်စွာ သုခဝေဒနီယဖဿ, စက္ခုသမ္ဖဿ စသော ဖဿကို သီးသန့် ပိုင်းခြား မှတ်သား ဆုံးဖြတ်ခြင်းကြောင့်တည်း၊ သလိပ်ကြောင့် ဖြစ်သော အနာ ဟူရာ၌ သလိပ်၏ ထင်ရှားသည်၏ အဖြစ် ကြောင့် တခုသော အကြောင်းကိုသာ ဆို၏၊ ဤ အနာ ဖြစ်ခြင်း၌ သလိပ်သည် ထင်ရှား၏၊ ကံ, အာဟာရ စသော အကြောင်းတို့သည်ကား မထင်ရှားကုန်။

http://www.dhammadownload.com



"ယေ ကေစိ ဘိက္ခဝေ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အယောနိသောမနသိကာရမူလကာ"

"အိုရဟန်းတို့—အလုံးစုံ အကုသိုလ် ဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏၊ ထို အလုံးစုံ ရှိရှိသမျှသော အကုသိုလ် တရားတို့သည် မသင့်သော နှလုံးသွင်းခြင်းလျှင် အကြောင်းရင်း မူလ ရှိကုန်၏။"

ဟူသော ပါဠိတော်၌ အကုသိုလ်မှ တပါး ကုသိုလ် အဗျာကတ တို့နှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့် တခုသော အကြောင်း ကိုသာ ဟောတော်မူ၏၊ ထို စကား မှန်သည်—မသင့်သော အားဖြင့် နှလုံးသွင်းခြင်းသည် အကုသိုလ်တို့၏ အသာဓာရဏ အကြောင်း ဖြစ်၏၊ ဝတ္ထု အာရုံ အစရှိသည်တို့သည်ကား ကုသိုလ် အဗျာကတတို့နှင့် ဆက်ဆံသော အကြောင်းတို့ ဖြစ်ကုန်၏၊ ထို့ကြောင့် တခုတည်းသော အကြောင်းကိုသာလျှင် ဟောတော် မူ၏၊ ထိုသို့ ပြဆိုပြီးသော အကြောင်းကြောင့် ဤပဋိစ္စ- သမုပ္ပါဒ်၌ ဤအဝိဇ္ဇာကို သင်္ခါရ သုံးပါးတို့၏ အကြောင်း၏ အဖြစ်ဖြင့် ပြအပ်၏။

အဝိဇ္ဇာမှ တပါးကုန်သော ဝတ္ထု အာရုံ သဟဇာတ် တရား အစရှိကုန်သော သင်္ခါရ၏ အကြောင်းတို့သည် ရှိကုန် သော်လည်း "သံယောဇနိယေသု ဘိက္ခဝေ ဓမ္မေသု အဿာဒါ- နုပဿိနော တဏှာ ပဝဍ္ဎတိ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ"ဟူသော ဤသုတ်ဖြင့် တဏှာ၏ သင်္ခါရ အကြောင်း၏ အဖြစ်ကို ဟောတော်မူအပ်သည်၏ အဖြစ် ကြောင့်၎င်း, "အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော" ဟူ သော သုတ်ဖြင့် အဝိဇ္ဇာ၏ တဏှာ၏လည်း အကြောင်း၏ အဖြစ်ကို ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၎င်း, အခြား တပါးလည်း ဖြစ်ကုန်သော သင်္ခါရ၏ အကြောင်း ဖြစ်ကုန်သော တဏှာ စသည်တို့၏ အကြောင်းရင်းတည်းဟု ဤသို့ ပြဋ္ဌာန်း သည်၏ အဖြစ်ကြောင့်၎င်း, "အဝိဒွါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရံပိ အဘိသင်္ခရောတိ" ဟူသော သုတ်ဖြင့် အဝိဇ္ဇာ

http://www.dhammadownload.com



သည့် သင်္ခါရ၏ အကြောင်း၏ အဖြစ်ဖြင့် ထင်ရှားသောကြောင့် ၎င်း ခီဏာသဝ ရဟန္တာ သခင်တို့အား သင်္ခါရ မရှိသည်ဖြစ်၍ မဆက်ဆံသည်၏ အဖြစ်ကြောင့်၎င်း သင်္ခါရတို့၏ အကြောင်းရင်း အဖြစ်ဖြင့် အဝိဇ္ဇာကို ပြအပ်၏။

ဤ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဟူသော ပါဠိ၌ အကြောင်း တခု အကျိုး တခုကို ပြရာဝယ် "ပဓာနတ္တာ ပါကဋတ္တာ အသာဓာရဏတ္တာ" ဟူသော အဖြေ စကားဖြင့် အလုံးစုံသော "ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ" စသည်တို့၌ အကြောင်း တရား တခု အကျိုး တရား တခုကို ပြဆိုရာ၌လည်း ဗောဓနေယျ အဇ္ဈာသယအားဖြင့် တရားထူး ရစေခြင်း သိစေခြင်း ဟူသော အကျိုးကို သိအပ်၏။

## စောဒကဝင်ပုံ

ဤ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ပါဠိ၌ ရပ်တန့်၍ စောဒက ဆရာက ဆို၏၊ "ဤသို့ ပြဆိုပြီးသော နည်းဖြင့် တခုသော အကြောင်း တခုသော အကျိုးကို ပြသင့်သော်လည်း စင်စစ် အနိဋ္ဌ အကျိုးရှိသော အပြစ်ရှိသော အဝိဇ္ဇာ၏ ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့၏ အကြောင်း အဖြစ်သည် အဘယ်သို့ သင့်အံ့နည်း၊ တမာမျိုးစေ့ကြောင့် ကြံပင် မဖြစ် နိုင်ချေတကား၊ ထို့ကြောင့် အဘယ်သို့ သင့်အံ့နည်း၊ မသင့် နိုင်ချေတကား"ဟု ဤသို့ စောဒနာဝင်၏။

အဘယ့်ကြောင့် မသင့်ဘဲ ရှိအံ့နည်း—အမှန်အားဖြင့် သင့် လျော်သည် သာလျှင်တည်း၊ သင့်ပုံကား—ဤ လောက၌ အကြင် သဘာဝ ဓမ္မတို့အား ဆန့်ကျင်ဘက်မှုလည်း ဖြစ်စေ, မဆန့်ကျင်သည်မှုလည်း ဖြစ်စေ, တူသည်မှုလည်း ဖြစ်စေ, မတူသည်မှုလည်း ဖြစ်စေ အကြောင်း တရားသည်၊ ဝါ— ကျေးဇူး ပြုတတ်သော တရားသည် ထင်ရှား၏ ပြီး၏၊ ထို ကျေးဇူးခံ ပစ္စယုပ္ပန် ဖြစ်သော သဘာဝ ဓမ္မတို့သည်လည်း အကျိုး ဝိပါက်ချည်းတို့သည် သာလျှင် ဖြစ်ကုန်၏။

http://www.dhammadownload.com



ရှုဦးအံ့—သဘော တရားတို့အား ထင်ရှား ရှိသည်၏ အဖြစ်၊ သဘော ကိစ္စ အစရှိသော ဆန့်ကျင်သည်လည်း ဖြစ်သော မဆန့်ကျင်သည်မှုလည်း ဖြစ်သော အကြောင်းသည် လောက၌ ထင်ရှား၏၊ ထင်ရှားပုံကား—* ရှေးစိတ်သည် နောက်စိတ်အား ထင်ရှား ရှိသည်၏ အဖြစ်အားဖြင့် ဆန့်ကျင်သည်ဖြစ်၍ ထောက်ပံ့သော အကြောင်းသည် ထင်ရှား၏ ပြီး၏၊ ရှေး၌ ဖြစ်သော အတတ် ပညာ စသည်ကို သင်ခြင်းသည်လည်း နောက်၌ ဖြစ်ဆဲ ဖြစ်ကုန်သော အတတ် စသည်ကို သင်ခြင်း ကိရိယာတို့အား ထင်ရှား ရှိသည်၏ အဖြစ်အားဖြင့် ဆန့်ကျင်သည် ဖြစ်၍ ထောက်ပံ့သော အကြောင်းသည် ဖြစ်၏။

ကံသည် ရုပ်အား သဘောအားဖြင့် ဆန့်ကျင်သည် ဖြစ်၍ ထောက်ပံ့ခြင်း ကျေးဇူး ပြုခြင်းသည် ထင်ရှား၏၊ နို့ရည် စသည်တို့သည်လည်း နို့ဓမ်း အစရှိသည်တို့အား သဘောအားဖြင့် ဆန့်ကျင်သည် ဖြစ်၍ ထောက်ပံ့ခြင်း ကျေးဇူးပြုခြင်းသည် ထင်ရှား၏၊ အလင်းသည် စက္ခုဝိညာဉ်အား ကိစ္စအားဖြင့် ဆန့်ကျင်သည် ဖြစ်၍ ထောက်ပံ့သော အကြောင်းသည် ထင်ရှား၏၊ တင်လဲ စသည်တို့သည်လည်း အရက် စသည်တို့အား ကိစ္စအားဖြင့် ဆန့်ကျင်သည် ဖြစ်၍ ထောက်ပံ့တတ်သော အကြောင်းသည် ထင်ရှား၏။

မဆန့်ကျင်ပုံကား—စက္ခုပသာဒ, ရူပါရုံ စသည်တို့သည် စက္ခုဝိညာဉ် စသည်တို့အား ထင်ရှား ရှိသည်၏ အဖြစ်ဖြင့် မဆန့်ကျင် ကုန်သည် ဖြစ်၍ ထောက်ပံ့တတ်သော အကြောင်းသည် ထင်ရှား ကုန်၏၊ ရှေး၌ ဖြစ်သော ဇောစသည်တို့သည် နောက်၌ ဖြစ်သော ဇောစသည်တို့အား သဘောအားဖြင့် မဆန့်ကျင်ကုန်သည် ဖြစ်၍၎င်း, ကိစ္စအားဖြင့် မဆန့်ကျင်ကုန်သည် ဖြစ်၍၎င်း ထောက်ပံ့တတ်သော အကြောင်းသည် ထင်ရှား၏။

---

*ရှေးစိတ်ကား ထင်ရှား မရှိ ချုပ်လေပြီ၊ နောက်စိတ်ကား တည်ဆဲ ဖြစ်၍ ဌာနအားဖြင့် ဆန့်ကျင်ပါလျက် ရှေးစိတ်က နောက်စိတ်ကို အနန္တရ အစရှိသော ပစ္စည်းဖြင့် ကျေးဇူး ပြုသည်ဟူလို၊ ဤ အရာ၌ ဌာန သဒ္ဒါသည် မချုပ်သေးဘဲ ထင်ရှားရှိသော အနက်ကို ဟောသည်။

http://www.dhammadownload.com



ထိုမှတပါး ဆန့်ကျင် မဆန့်ကျင် ဖြစ်ကုန်သော တရားတို့သည် ထောက်ပံ့တတ်သော အကြောင်းသည် ထင်ရှားကုန် ပြီးကုန် သကဲ့သို့ ငင်းနည်းတူ တူသော တရား မတူသော တရားတို့သည်လည်း ထောက်ပံ့တတ်သော အကြောင်းသည် ပြီးကုန်၏၊ ဥပမာကား—တူသည်သာလျှင် ဖြစ်သော ဥတု, အာဟာရဟု ဆိုအပ်သော ရုပ်သည် ရုပ်အား ကျေးဇူး ပြုတတ်၏၊ တူကုန်သော သလေးစပါး မျိုးစေ့တို့သည် သလေးစပါး စသည်တို့အား ကျေးဇူး ပြုတတ်ကုန်၏၊ မတူသည်သာလျှင် ဖြစ်သော ရုပ်သည် မတူသော ရုပ်အား ကျေးဇူး ပြုတတ်၏၊ နာမ် တရားသည်လည်း ရုပ်အား ကျေးဇူး ပြုတတ်၏၊ နွားမွေး, ဆိတ်မွေး, သားချို, နို့ဓမ်း, နှမ်း, မုန့်ညက် အစရှိသည်တို့သည် မြေဇာမြက် မြက်နံ့သာ အစရှိသည်တို့အား မတူပင် မတူသော်လည်း ကျေးဇူး ပြုတတ်ကုန်၏။

ဆက်၍ ဆိုဦးအံ့—အကြင် ပစ္စယုပ္ပန် တရားတို့အား အကြင် ပစ္စည်း တရားတို့သည် ဆန့်ကျင်သည် မဆန့်ကျင်သည် ဖြစ်ကုန်၍ငင်း, တူသည် မတူသည် ဖြစ်ကုန်၍ငင်း ကျေးဇူး ပြုတတ်ကုန်၏၊ ထို ပစ္စယုပ္ပန် တရားတို့သည် ထို ပစ္စည်း တရားတို့၏ အကျိုး ဝိပါက်တို့ချည်း သာလျှင် အကြင့်ကြောင့် မဖြစ်ကုန်၊ ထို့ကြောင့် အဝိဇ္ဇာ၏ ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့အား ကျေးဇူး ပြုတတ်သည်၏ အဖြစ်သည် မသင့်သည် မဟုတ်, သင့်သည် သာလျှင်တည်း။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် ‘‘ဤ အဝိဇ္ဇာသည် အကျိုး ဝိပါက်၏ အစွမ်းဖြင့် စင်စစ် အနိဋ္ဌ အကျိုးရှိသည်, သဘာဝ မမှု၏ အစွမ်းအားဖြင့် အပြစ်နှင့်တကွ ဖြစ်သည် ဖြစ်ပါသော်လည်း အလုံးစုံ ဖြစ်ကုန်သော ထို ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့အား ထိုက်သည်အား လျော်စွာ ဌာန, ကိစ္စ, သဘာဝ အားဖြင့် ဆန့်ကျင်သည် မဆန့်ကျင်သည် ဖြစ်သော ပစ္စည်း၏ အစွမ်းဖြင့် ငင်း, တူသည် မတူသည်

http://www.dhammadownload.com



ဖြစ်သော ပစ္စည်း အစွမ်းဖြင့်ငင်း ကျေးဇူး ပြုတတ်သည် ဖြစ်၏"ဟု သိအပ်ကုန်၏။

ဆက်၍ ဆိုဦးအံ့—ထို အဝိဇ္ဇာ၏ ထို ကျေးဇူး ပြုတတ်သည်၏ အဖြစ်ကို "အကြင်ပုဂ္ဂိုလ်အား ဒုက္ခ စသည်တို့၌ အဝိဇ္ဇာဟု ဆိုအပ်သော မသိခြင်းကို မပယ်အပ်သေးသည် ဖြစ်၏၊ ထို ပုဂ္ဂိုလ်သည် ဆင်းရဲ ဒုက္ခ၌ငင်း, ရှေး အစွန်း စသည်တို့၌ငင်း မသိမမြင်ခြင်းဖြင့် သံသရာ ဝဋ်ဆင်းရဲကို ချမ်းသာ ဟူသော အမှတ်သညာဖြင့် စွဲယူ၍ ထို ဆင်းရဲ ဒုက္ခ၏ အကြောင်း ဖြစ်သော သုံးပါးသော သင်္ခါရတို့ကို အားထုတ်၏" အစရှိသော နည်းဖြင့် ဆိုအပ်ခဲ့ပြီးသည်သာတည်း၊ ထိုသို့ပင် ပြဆိုပြီး ဖြစ်သော်လည်း ဆိုပြီးသည်မှ တပါးသော ဤဆိုလတ္တံ့သော ပရိယာယ်ကို သိအပ်၏။

(၁) စုတူပပါတေ သံသာရေ, သင်္ခါရာနဉ္စ လက္ခဏေ၊
ယော ပဋိစ္စသမုပ္ပန္နေ, ဓမ္မေသု စ ဝိမုယှတိ။

(၂) အဘိသင်္ခရောတိ သော, သင်္ခါရေ တိဝိဓေ ယတော၊
အဝိဇ္ဇာပစ္စယော တေသံ, တိဝိဓာနံ အယံ တတော။

(၁) "အကြင်သူသည် စုတိ ပဋိသန္ဓေ၌ငင်း, ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ် ဖြစ်စဉ်ဟု ဆိုအပ်သော သံသရာ၌ငင်း, သင်္ခါရတို့၏ ရုပ္ပန နမန စသော ဝိသေသ လက္ခဏာ၊ ကက္ခဠ ဖုသန စသော ဝိသေသ လက္ခဏာ၊ အနိစ္စတာ စသော သာမည လက္ခဏာ၌ငင်း, အဝိဇ္ဇာ စသော ပဋိစ္စသမုပ္ပါဒ ဇရာ မရဏ စသော ပဋိစ္စသမုပ္ပန္နတရားတို့၌ငင်း တွေဝေ၏။"

(၂) "ထိုသူသည် သုံးပါး အပြားရှိကုန်သော ထို သင်္ခါရ တို့ကို ပြုပြင် အားထုတ်၏၊ ထိုကြောင့် ဤ အဝိဇ္ဇာသည် သုံးပါး အပြားရှိကုန်သော ပုညာဘိ-

http://www.dhammadownload.com



သညီရ, အပုညာဘိသင်္ခါရ, အာနေဥ္စာဘိသင်္ခါရ တို့အား ကျေးဇူး ပြုတတ်၏။"

ထို စုတိ ပဋိသန္ဓေ စသော တရားတို့၌ တွေဝေသော ထို သူသည် ထို သင်္ခါရ သုံးပါးတို့ကို အဘယ်သို့ မြုလုပ်သနည်း၊ ဤသို့ စောဒနာခြင်းအံ့၊ စုတိ၌ ရှေးဦးစွာ တွေဝေသော သူသည် အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ တို့၌ "ခန္ဓာတို့၏ တခုသော ဘဝ၌ အဆုံးစွန် ဖြစ်သော ပျက်ခြင်းသည် မရဏ မည်၏"ဟု စုတိကို မမှတ်နိုင်သည် ဖြစ်၍ "အတ္တသည် သေ၏၊ ထင်ရှားသော အတ္တ၏ ကိုယ်တပါးသို့ ပြောင်းခြင်းသည်၊ ဝါ—ကိုယ်တပါး နှင့် ပေါင်းခြင်း သည် ဖြစ်၏"ဤသို့ အစရှိသည်တို့ကို ဟုတ်မှန်သော သဘောမှ အလွဲ ဖောက်ပြန်၍ ကြံ၏။

ပဋိသန္ဓေ၌ တွေဝေသော သူသည် အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ "ခန္ဓာတို့၏ ရှေးဦး အစ ထင်ရှား ဖြစ်ခြင်းသည် ဇာတိ မည်၏"ဟု ပဋိ-သန္ဓေကို မမှတ်နိုင်သည် ဖြစ်၍၊ ဝါ—မဖောက် မပြန် မှန်ကန်စွာ မသိမူ၍ "အတ္တသည် ဖြစ်၏၊ အတ္တ၏ အသစ်သော ကိုယ် ထင်ရှား ဖြစ်ခြင်းသည် ဖြစ်၏" ဤသို့ အစရှိသည်တို့ကို မဟုတ် မမှန် ဖောက်ပြန်၍ ကြံ၏၊ သံသရာ၌ ပြင်းစွာ တွေဝေသော သူသည်—

"ခန္ဓာနဉ္စ ပဋိပါဋိ, ဓာတုအာယတနာန စ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ, သံသာရောတိ ပဝုစ္စတိ။"

"ခန္ဓာ ငါးပါးတို့၏ငင်း, အာယတန တဆဲ့ နှစ်ပါး, ဓာတ် တဆဲ့ ရှစ်ပါးတို့၏ငင်း အစဉ် အဆက် မပြတ် ထပ်ကာ ထပ်ကာ ဖြစ်ခြင်းကို "သံသရာ"ဟူ၍ ဆိုအပ်၏။"

ဤသို့ ဖွင့်ပြအပ်သော ဤသို့ သဘော ရှိသော အကြောင်း သံသရာသည် ရှိ၏၊ ထို သံသရာကို ဤသို့ ဖွင့်ဆိုခဲ့တိုင်း မယူ မမှတ်နိုင်သည် ဖြစ်၍၊ ဝါ—မဖောက်မပြန် မှန်မှန်ကန်ကန် မသိ

http://www.dhammadownload.com



သည်ဖြစ်၍ "ဤ အတ္တသည် ဤ ပစ္စုပ္ပန် လောကမှ တမလွန် လောကသို့ သွား၏၊ တမလွန် လောကမှ ဤ ပစ္စုပ္ပန် လောကသို့ လာ၏" ဤသို့ အစရှိသည်တို့ကို မဟုတ်မမှန် ဖောက်ပြန်သောအားဖြင့် ကြံ၏။

သင်္ခါရတို့၏ လက္ခဏာ၌ တွေဝေသော သူသည် သင်္ခါရတို့၏ ရုပ္ပန၊ အနုဘဝန၊ ကက္ခဠ၊ ဖုသန စသော သဘာဝလက္ခဏာကိုငင်း, အနိစ္စတာ စသော သာမညလက္ခဏာကိုငင်း မဖောက်မပြန် မှန်မှန်ကန်ကန် မသိသည် ဖြစ်၍ "သင်္ခါရတို့ကို အတ္တအားဖြင့်ငင်း, အတ္တနှင့် စပ်သော ဥစ္စာအားဖြင့်ငင်း, မြဲသောအားဖြင့်ငင်း, ချမ်းသာသော အားဖြင့်ငင်း, တင့်တယ်သောအားဖြင့်ငင်း" ဤသို့ မဟုတ်မမှန် ဖောက်ပြန်သော အားဖြင့် ကြံ၏။

ပဋိစ္စသမုပ္ပန္န တရားတို့၌ တွေဝေသော သူသည် အဝိဇ္ဇာစသည်တို့ကြောင့် သင်္ခါရ စသည်တို့၏ ဖြစ်ခြင်းကို မဖောက်မပြန် မှန်မှန်ကန်ကန် မသိသည် ဖြစ်၍ "အတ္တသည် သိလည်း သိ၏, မသိလည်း မသိ၊ အကြင် အတ္တသည် အခြားသော ဘဝ၌ ချမ်းသာ ဆင်းရဲကို ခံစား၏၊ ထို ပရမတ္တ၌ သုခ ဒုက္ခကို ခံစားသော အတ္တသည်ပင်လျှင် ပြုလည်း ပြု၏, ပြုလည်း ပြုစေ၏၊ ပဋိသန္ဓေ အခါ၌ ဖြစ်၏၊ ထို အတ္တ၏ သိမ်မွေ့သောအားဖြင့် ပရမာဏုမြူနှင့် တူသော အကြောင်း ပရမေသွာ ဗြဟ္မာ စသော အကြောင်းတို့သည် ရေကြည် အစရှိသည်တို့၏ အဖြစ်ဖြင့် ကိုယ်ကို ကောင်းစွာ တည်ထောင် ပြုလုပ်ကုန်သည် ဖြစ်၍ စက္ခု စသော ဣန္ဒြေတို့ကို ပြည့်စုံစေကုန်၏။

"ထို အတ္တသည်၊ ဝါ—အတ္တဟု မှတ်အပ်သော သတ္တဝါသည် စက္ခု သောတ ဣန္ဒြေနှင့် ပြည့်စုံသည် ဖြစ်၍ တွေ့ထိ၏, ခံစား၏, တပ်မက်ခြင်း တဏှာကိုပြု၏, စွဲလမ်း၏, ဝါ—ဥပါဒါန်ကို ဖြစ်စေ၏, စေ့ဆော်၏, ထိုအတ္တသည်ပင် တဖန် ဘဝဟုပါး၌ ဖြစ်၏" ဟူ၍ငင်း၊ "ခပ်သိမ်းကုန်သော အတ္တဟု မှတ်အပ်သော သတ္တဝါတို့သည် မပြတ်သော ကြိုးဖြင့် သီအပ်သော မပျက် မကွဲသော

http://www.dhammadownload.com



ရွှံလုံးကဲ့သို့ ကိုယ်၏ ဖြစ်ခြင်း ဂတိ ဇာတိ အစရှိသည်တို့၏ ထိုက်သည်အား လျော်စွာ ရှေ့နောက်၏ အဖြစ်ဖြင့် ဖြစ်ခြင်းဟု ဆိုအပ်သော မြဲခြင်းဖြင့်၎င်း, စုရုံး ပေါင်းယှဉ်ခြင်းဖြင့် ဘာဝဟု ဆိုအပ်သော မိမိ သဘောဖြင့်၎င်း လူ နတ် ၄က် စသော အထူးထူး အပြားပြား ကွဲပြားသည်၏ အဖြစ်သို့ ရောက်ကုန်၏" ဟူ၍၎င်း အထူးထူး အပြားပြား ကြံ၏။

အဝိဇ္ဇာသည် ပညာမျက်စိ ကန်းသည်ကို ပြုအပ်သော ထို အဝိဇ္ဇာမှောင် မိုက်ကာနှောင်သော သူမိုက်သည် ဤပြဆိုခဲ့ တိုင်းသော အခြင်းအရာအားဖြင့် အထူးထူး အပြားပြား အမှားကြီး ကြံမှားသည် ဖြစ်၍ အမိ ဝမ်းတွင်းကပင် မျက်စိ နှစ်ကွင်း အလင်း မရသော သူကန်းသည် မြေ၌ လှည့်လည် သွားလာသည် ရှိသော် ခရီး ဟုတ်သည် မဟုတ်သည်သို့၎င်း, ကြည်းကုန်းသို့၎င်း, ချိုင့်ဝှမ်းရာသို့၎င်း, ညီညွတ်သောအရပ်သို့၎င်း ရောက်လေသကဲ့သို့ ထို့အတူ ပုညာဘိသင်္ခါရကို၎င်း, အပုညာဘိ- သင်္ခါရကို၎င်း, အာနေဉ္ဇာဘိသင်္ခါရကို၎င်း အားထုတ် ပြုလုပ် လေ၏။ ထို့ကြောင့်—

(၁) "ယထာပိ နာမ ဇစ္စန္ဓော, နရော အပရိနာယကော၊
ဧကဒါ ယာတိ မဂ္ဂေန, ကုမ္မဂ္ဂေနာပိ ဧကဒါ။

(၂) သံသာရေ သံသရံ ဗာလော,
တထာ အပရိနာယကော၊
ကရောတိ ဧကဒါ ပုညံ,
အပုညမပိ ဧကဒါ။

(၃) ယဒါ စ ဉတွာ သော ဓမ္မံ, သစ္စာနိ အဘိသမေဿတိ၊
တဒါ အဝိဇ္ဇူပသမာ, ဥပသန္တော စရိဿတိ။"

ဟူ၍ ဟောတော်မူအပ်၏။

ပါဠိတော်၏ မြန်မာပြန် အဓိပ္ပါယ်—

(၁-၂) "မှတ်ကြောင်းတဖြာ ဥပမာကား—ရှေ့ဆောင် လမ်းပြ ခရီးညွှန် ကင်းသော အမိ ဝမ်းတွင်းကပင်

http://www.dhammadownload.com



မျက်စိ ကန်းလာသော သူသည် တခါတရံ ခရီး ဟုတ်မှန် သဖြင့်လည်း သွား၏၊ တခါတရံ ခရီး မှားသဖြင့်လည်း သွား၏သို့ ထို့အတူ အရဟတ္တမဂ်သို့ ကြဉ်းဆောင် တတ်သော ကလျာဏမိတ္တ လမ်းပြ ခရီးညွှန် ကင်းသော မောဟ ပြောထူ လူမလိမ်မာသည် သံသရာ၌ ဇာတိမမြို့ ဖြစ်ပျက်တုံလျှင် တလုံလဲလဲ ဆင်းရဲတာရှည် ကျင်လည် လတ်သော် တခါတရံ ကုသိုလ် ကောင်းမှုကိုလည်း ပြု၏၊ တခါတရံ မကောင်းမှု အကုသိုလ်ကိုလည်း ပြု၏။

(၃) အကြင် အခါ၌ ထို သူသည် ဘုရား သာသနာ ရောင်ဝါ ထွန်းပ ဗုဒ္ဓုပ္ပါဒ နဝမ ခဏာ၌ ကြုံကြိုက်၍ သုတ္တ ဂေယျ စသော ပိဋကတ်သုံးပုံ တရားတော်ကို သူတော် ကောင်းကို မှီဝဲရခြင်း ဟူသော ဥပနိဿယဖြင့် သိ၍ သစ္စာ လေးပါး တရားတို့ကို ထိုးထွင်း သိမြင်လတ့်၊ ထိုအခါ၌ အဝိဇ္ဇာ၏ ငြိမ်းခြင်းကြောင့် ကိလေသာ ငြိမ်းသည် ဖြစ်၍ ကျင်လည်ရလတ့်။"

အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသောပုဒ်၌ အကျယ်စကား ပြီး၏။

---

## သင်္ခါရပစ္စယာ ဝိညာဏံပုဒ် အကျယ်ဖွင့်

**"သင်္ခါရပစ္စယာ ဝိညာဏံ"** ဟူသော ပုဒ်၌ "ဝိညာဏံ" ဟူသည်ကား—စက္ခုဝိညာဉ် အစရှိသော ခြောက်ပါး အပြား ရှိသော ဝိညာဉ်တည်း၊ ထိုခြောက်ပါးတို့တွင် စက္ခု ဝိညာဉ်သည် အဟိတ် ကုသလဝိပါက် စက္ခု ဝိညာဉ်, အကုသလ ဝိပါက် စက္ခု ဝိညာဉ် ဟူ၍ နှစ်ပါး အပြား ရှိ၏၊ သောတ ဝိညာဉ်, ဃာန ဝိညာဉ်, ဇိဝှါ ဝိညာဉ်, ကာယ ဝိညာဉ်တို့သည်လည်း ထို့အတူ နှစ်ပါးစီ ရှိ၏၊ မနော ဝိညာဉ်သည် ကုသလ ဝိပါက် အကုသလ ဝိပါက် ဖြစ်ကုန်သော မနောဓာတ် နှစ်ခုတို့ရင်း, အဟိတ် မနော- ဝိညာဏဓာတ် သုံးခုတို့ရင်း, သဟိတ် ကာမာဝစရ ဝိပါက်စိတ် ရှစ်ခုတို့ရင်း, ရူပါဝစရ ဝိပါက်စိတ် ငါးခု, အရူပါဝစရ ဝိပါက်

http://www.dhammadownload.com



စိတ် လေးခုတို့ပင်း ဤသို့ နှစ်ဆဲ့ နှစ်ပါး အပြား ရှိ၏၊ ဤသို့လျှင် စက္ခုဝိညာဉ် စသော ခြောက်ပါးသော ဝိညာဉ်တို့ဖြင့် အလုံးစုံသော လောကီ ဝိပါက် သုံးဆဲ့ နှစ်ပါးတို့ကို သိမ်းကျုံး ရေတွက်အပ်ကုန်၏၊ လောကုတ္တရာ ဝိညာဉ်တို့သည်ကား ဝဋ္ဋဆင်းရဲ၏ အကြောင်း စကားၤ၌ မသင့်မလျော်၊ ထို့ကြောင့် လောကုတ္တရာ ဝိညာဉ်တို့ကို မယူအပ်ကုန်။

ထို "သင်္ခါရပစ္စယာ ဝိညာဏံ" ဟူသော ပုဒ်၌ စောဒနာခြင်းသည် ဖြစ်ရာ၏၊ "ဆိုအပ်သော အပြားရှိသော ဤ သုံးဆဲ့နှစ်ပါးသော ဝိပါက် ဝိညာဉ်သည် သင်္ခါရ ဟူသော အကြောင်းကြောင့် ဖြစ်၏ဟု ဆိုအပ်သော ထိုစကားကို အကျွန်ုပ်တို့သည် အဘယ်သို့ သိအပ်ပါသနည်း" ဟု ဤသို့ စောဒနာခြင်းသည် ဖြစ်၏။

ဆည်းပူးအပ်သော ကံမရှိခဲ့သော် ဝိပါက်၏ မဖြစ်ခြင်းကြောင့် သိအပ်၏၊ ဤ လောကီဝိပါက် ဗာတ္တိံသ ဟူသော ဝိညာဉ်သည် ဝိပါက်စိတ် ဖြစ်၏၊ ထို့ကြောင့် ထိုသုံးဆဲ့နှစ်ပါးသော ဝိညာဉ်သည် သင်္ခါရလျှင် အကြောင်းရင်း ရှိသည် ဖြစ်၏၊ ချဲ့ဦးအံ့—ဝိပါက် ဝိညာဉ်သည် ဆည်းပူးအပ်သော ကံ မရှိခဲ့သော် မဖြစ်၊ ဝိပါက်ဝိညာဉ်သည် အကယ်၍ ဖြစ်အံ့၊ ဤသို့ဖြစ်သည် ရှိသော် အလုံးစုံသော သတ္တဝါတို့အား ရှိရှိသမျှ ဝိပါက် ဝိညာဉ်တို့သည် ဖြစ်ကုန်ရာ၏၊ ထိုသို့လည်း မဖြစ်ကုန်ခဲ့၊ ထို့ကြောင့် "သင်္ခါရ တည်းဟူသော အကြောင်းကြောင့် ဤ ဝိပါက် ဝိညာဉ်သည် ဖြစ်၏" ဟု ထိုစကားကို သင်တို့သည် သိအပ်ကုန်၏။

အဘယ် သင်္ခါရ ဟူသော အကြောင်းကြောင့် အဘယ် ဝိပါက် ဝိညာဉ်သည် ဖြစ်သနည်း၊ ဤသို့ အကယ်၍ စောဒနာငြားအံ့၊ ကာမာဝစရ ပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် ရှေးဦးစွာ ကုသလဝိပါက် ဖြစ်ကုန်သော စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ် ငါးပါးတို့ပင်း, မနောဝိညာဉ်တို့တွင် မနောဓာတ် တခုပင်း, မနော-

http://www.dhammadownload.com



ဝိညာဏဓာတ် နှစ်ပါးရှင်း, ကာမာဝစရ ဝိပါက် ရှစ်ခုရှင်း ဤသို့ တဆဲ့ ခြောက်ပါးသော ဝိပါက် ဝိညာဉ်တို့သည် ဖြစ်ကုန်၏။ ရှင်တော်ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ကာမာဝစရဿ ကုသလဿ ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ၊ သောတဃာနဇိဝှါကာယဝိညာဏံ၊ ဝိပါကာ မနောဓာတု ဥပ္ပန္နာ ဟောတိ၊ သောမနဿသဟဂတာ မနော- ဝိညာဏဓာတု ဥပ္ပန္နာ ဟောတိ၊ ဥပေက္ခာသဟဂတာ မနောဝိညာဏဓာတု ဥပ္ပန္နာ ဟောတိ၊ သောမနဿ- သဟဂတာ ဉာဏသမ္ပယုတ္တာ၊ သောမနဿသဟဂတာ ဉာဏသမ္ပယုတ္တာ သသင်္ခါရေန၊ သောမနဿသဟဂတာ ဉာဏဝိပ္ပယုတ္တာ၊ သောမနဿသဟဂတာ ဉာဏဝိပ္ပယုတ္တာ သသင်္ခါရေန၊ ဥပေက္ခာသဟဂတာ ဉာဏသမ္ပယုတ္တာ၊ ဥပေက္ခာသဟဂတာ ဉာဏသမ္ပယုတ္တာ သသင်္ခါရေန၊ ဥပေက္ခာသဟဂတာ ဉာဏဝိပ္ပယုတ္တာ၊ ဥပေက္ခာသဟ- ဂတာ ဉာဏဝိပ္ပယုတ္တာ သသင်္ခါရေန"

ဟူ၍ ဟောတော်မူ၏။

ပါဠိတော် မြန်မာပြန်—

"ကာမာဝစရ ကုသိုလ် ဖြစ်သော ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် ဝိပါက် ဖြစ်သော စက္ခုဝိညာဉ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ သောတ ဝိညာဉ်သည်၊ ဃာန ဝိညာဉ်သည်၊ ဇိဝှါ ဝိညာဉ်သည်၊ ကာယဝိညာဉ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ ဝိပါက် ဖြစ်သော မနောဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ သောမနဿသဟဂုတ် မနောဝိညာဏဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ ဥပေက္ခာသဟဂုတ် မနောဝိညာဏဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ သောမနဿသဟဂုတ်

http://www.dhammadownload.com



ဉာဏသမ္ပယုတ် မနောဝိညာဏ ဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ သောမနဿသဟဂုတ် ဉာဏ သမ္ပယုတ် မနောဝိညာဏ ဓာတ်သည် တိုက်တွန်းခြင်းနှင့် တကွသော ပစ္စည်း အပေါင်းဖြင့် ခဏတ္တယသို့ ရောက် သည် ဖြစ်၏၊ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် မနောဝိညာဏဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် မနော-ဝိညာဏဓာတ်သည် တိုက်တွန်းခြင်းနှင့် တကွသော ပစ္စည်း အပေါင်းဖြင့် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မနောဝိညာဏ ဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် မနောဝိညာဏဓာတ်သည် တိုက်တွန်းခြင်းနှင့် တကွသော ပစ္စည်း အပေါင်းဖြင့် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် မနောဝိညာဏဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် မနောဝိညာဏ ဓာတ်သည် တိုက်တွန်းခြင်းနှင့် တကွသော ပစ္စည်း အပေါင်းဖြင့် ခဏတ္တယသို့ ရောက်သည်ဖြစ်၏။"

ထိုမှတပါး ရူပါဝစရ ပုညာဘိသင်္ခါရ တည်းဟူသော အကြောင်းကြောင့် ရူပါဝစရ ဝိပါက်ဝိညာဉ် ငါးခုတို့သည် ဖြစ်ကုန်၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"တဿေဝ ရူပါဝစရဿ ကုသလဿ ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ ဝိပါကံ ဝိဝိစ္စေဝ ကာမေဟိ ပဌမံ ဈာနံ.... (လ)....ပဉ္စမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"

ဟူ၍ ဟောတော်မူ၏။

ပါဠိတော် မြန်မာပြန်—

"ရူပါဝစရ ကုသိုလ် ဖြစ်သော ထို ကံကို သာလျှင် ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်

http://www.dhammadownload.com



ကြောင့် ဝတ္ထုကာမ, ကိလေသာ ကာမတို့မှ ဆိတ်၍ သာလျှင် ဝိပါက် ဝိညာဉ် ဖြစ်သော ပဌမဈာန်ကို ကပ်၍ ပြည့်စုံစေ၍ နေ၏၊ ···· (လ) ····ပဥ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။"

ဤသို့ ပြဆိုပြီးသော နည်းဖြင့် ပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် နှစ်ဆဲ့ တပါး အပြား ရှိသော ဝိပါက် ဝိညာဉ် သည် ဖြစ်၏၊ ထိုမှတပါး အပုညာဘိသင်္ခါရ ဟူသော အကြောင်း ကြောင့် အကုသလဝိပါက် ဖြစ်ကုန်သော စက္ခုဝိညာဉ် စသော ဝိညာဉ် ငါးပါးပဲ့ပိုင်း, မနောဓာတ် တခုရင်း, မနောဝိညာဏ ဓာတ် တခုရင်း ဤသို့ ခုနစ်ပါးသော ဝိပါက်ဝိညာဉ်သည် ဖြစ်၏၊ ရှင်တော် ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"အကုသလဿ ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ၊ သောတဃာန-ဇိဝှါကာယဝိညာဏံ, ဝိပါကာ မနောဓာတု, ဝိပါကာ မနောဝိညာဏဓာတု ဥပ္ပန္နာ ဟောတိ"

ဟူ၍ ဟောတော်မူ၏။

ပါဠိတော် မြန်မာပြန်—

"အကုသိုလ် ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် အကုသလ ဝိပါက် စက္ခုဝိညာဉ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ အကုသလ ဝိပါက် သောတ ဝိညာဉ်သည်····(လ)···· ကာယ ဝိညာဉ်သည် အကုသလ ဝိပါက် မနောဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏၊ အကုသလ ဝိပါက် မနောဝိညာဏဓာတ်သည် ခဏတ္တယသို့ ရောက်သည် ဖြစ်၏။"

ထိုမှတပါး အာနေဥ္ဇာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် အရူပဝိပါက် လေးပါးတို့သည် ဖြစ်ကုန်၏၊ ဤသို့ လေးပါး အပြားရှိသော ဝိညာဉ်သည် ဖြစ်၏၊ ရှင်တော်ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

http://www.dhammadownload.com



"တဿေဝ အရူပါဝစရဿ ကုသလဿ ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ ဝိပါကံ သဗ္ဗသော ရူပသညာနံ သမတိက္ကမာ အာကာသာနဉ္စာယတနသညာသဟဂတံ, ဝိညာဏဉ္စာ, အာကိဉ္စညာ, နေဝသညာနာသညာယတနသဟဂတံ သုခဿ စ ဒုက္ခဿ စ ပဟာနာ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ"

ဟူ၍ ဟောတော်မူ၏။

ပါဠိတော် မြန်မာပြန်—

"အရူပါဝစရ ကုသိုလ် ဖြစ်သော ထို ကံကို သာလျှင် ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် အလုံးစုံသော ရုပ်သညာတို့ကို လွန်ခြင်းကြောင့် အကျိုး ဖြစ်သော အာကာသာနဉ္စာယတန သညာနှင့် တကွ ဖြစ်သော ဝိညာဏဉ္စာယတန သညာနှင့် တကွ ဖြစ်သော အာကိဉ္စညာယတန သညာနှင့် တကွ ဖြစ်သော ရုန့်ရင်းသော သညာ မရှိ, သိမ်မွေ့သော သညာ မရှိသည် မဟုတ်သော ဓမ္မာယတနဉ္စ အကျိုး ဝင်သော သုခိန္ဒြေကိုပင်း, ဒုက္ခိန္ဒြေကိုပင်း ပယ်ခြင်းကြောင့် စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။"

ဤသို့ အကြင် အကြင် သင်္ခါရ ဟူသော အကြောင်းကြောင့် အကြင် အကြင် ဝိညာဉ်သည် ဖြစ်၏၊ ထိုထို သင်္ခါရ ထိုထို ဝိညာဉ်ကို သိပြီး၍ ယခု အခါ၌ ထို ဝိညာဉ်၏ ဤ ဆိုလတ္တံ့သော နည်းဖြင့် ဖြစ်ခြင်းကို သိအပ်၏။

ခွဲဦးအံ့—အလုံးစုံ သာလျှင် ဖြစ်သော ဤဝိညာဉ်သည် ပဝတ္တိ, ပဋိသန္ဓေ အစွမ်းအားဖြင့် နှစ်ပါး အပြားအားဖြင့် ဖြစ်၏၊ ထို လောကီဝိပါက် ဗာတ္တိံသ ဝိညာဉ်တို့တွင်၊ ဝါ— ပဝတ္တိ, ပဋိသန္ဓေ နှစ်ပါးတို့တွင် ဒွေပဉ္စဝိညာဉ် တဆယ်, မနောဓာတ် နှစ်ခု, သောမနဿ သဟဂုတ် အဟိတ် မနော- ဝိညာဏဓာတ် တခု ဤသို့သော အားပြားအားဖြင့် တဆဲ့

http://www.dhammadownload.com



သုံးပါးသော ဝိညာဉ်တို့သည် ပဉ္စဒွါရာဝဇ္ဇန ဘုံ၌ ပဝတ္တိ အခါ၌ သာလျှင် ဖြစ်ကုန်၏၊ ကြွင်းသော ဝိပါက် ဝိညာဉ် တဆဲ့ ကိုးပါး တို့သည် ဘုံသုံးပါးတို့၌ ဖြစ်ထိုက်သည်အားး လျော်စွာ ပဝတ္တိ အခါ၌ငှင်း, ပဋိသန္ဓေ အခါ၌ငှင်း ဖြစ်ကုန်၏။

ဖြစ်ပုံကား—အဟိတ် ကုသလ ဝိပါက် ဖြစ်ကုန်သော စက္ခု ဝိညာဉ် စသော ဝိညာဉ် ငါးပါးတို့သည် ရှေးဦးစွာ အဟိတ် ကုသလ ဝိပါက်ဖြင့်ငှင်း, အကုသလ ဝိပါက်ဖြင့်ငှင်း ပဋိသန္ဓေ နေသော အစဉ်အား လျော်စွာ ရင့်ကျက်ခြင်းသို့ ရောက်သော ဣန္ဒြေ ရှိသော သတ္တဝါ၏ စက္ခုဝိညာဉ် စသည်တို့အား ထင်ခြင်းသို့ ရောက်သော ဣဋ္ဌမူလည်း ဖြစ်သော ဣဋ္ဌမဇ္ဈတ္တ မူလည်း ဖြစ်သော ရူပါရုံ စသော အာရုံကို အာရုံ ပြု၍ စက္ခု စသော ပသာဒရုပ်ကို အမှီပြု၍ ဒဿန ကိစ္စ, သဝန ကိစ္စ, ဃာယန ကိစ္စ, သာယန ကိစ္စ, ဖုသန ကိစ္စကို ပြီးစေကုန်လျက် ဖြစ်ကုန်၏၊ အကုသလ ဝိပါက် ဖြစ်ကုန်သော စက္ခု ဝိညာဉ် စသော ဝိညာဉ် ငါးပါးတို့သည်လည်း ထို့အတူ ဖြစ်ကုန်၏၊ အထူးကား—ထို အကုသလ ဝိပါက် ဝိညာဉ် ငါးပါးတို့အား သက်သက် အနိဋ္ဌလည်း ဖြစ်သော အနိဋ္ဌ မဇ္ဈတ္တလည်း ဖြစ်သော အာရုံသည်သာ ဖြစ်၏၊ ဤမျှ သာလျှင် ထူး၏။

ဆက်၍ ဆိုအံ့—ဆယ်ပါးလည်း ဖြစ်ကုန်သော ထိုထို ဝိညာဉ်တို့သည် မြဲသော ဒွါရ၊ မြဲသော အာရုံ၊ မြဲသော ဝတ္ထု၊ ဌာန ရှိကုန်သည်ငှင်း, မြဲသော ကိစ္စ ရှိကုန်သည်ငှင်း ဖြစ်ကုန်၏၊ ထို့နောင်မှ ကုသိုလ်၏ အကျိုး ဖြစ်ကုန်သော စက္ခု ဝိညာဉ် စသည်တို့၏ အခြားမဲ့၌ ကုသိုလ်၏ အကျိုး ဖြစ်ကုန်သော မနောဓာတ်သည် ထို ကုသလဝိပါက် ပဉ္စဝိညာဉ်တို့၏ သာလျှင် အာရုံကို အာရုံ ပြု၍ ဟဒယ ဝတ္ထုကို မှီ၍ သမ္ပဋိစ္ဆန္နငှင်း ကိစ္စကို ပြီးစေလျက် ဖြစ်၏၊ အကုသလ ဝိပါက် စက္ခု ဝိညာဉ် အစရှိ သည်တို့၏ အခြားမဲ့၌ အကုသိုလ်၏ အကျိုး ဖြစ်သော မနော ဓာတ်သည် ထို ကုသလ ဝိပါက် မနောဓာတ် အတူ ဖြစ်၏။

http://www.dhammadownload.com



အထူးကို ဆိုအံ့—ဤမနောဓာတ် နှစ်ပါး အပေါင်းသည်ကား မမြဲသော ဒွါရ၊ မမြဲသော အာရုံ ရှိသည်ဖြင့်, မြဲသော ဝတ္ထု၊ မြဲသော ဌာန ရှိသည်ဖြင့် ဖြစ်၏၊ ထိုမှတပါး သောမနဿ သဟဂုတ် အဟေတုက မနောဝိညာဏ ဓာတ်သည် အဟိတ် ကုသလ ဝိပါက် မနောဓာတ်၏ အခြားမဲ့၌ ထို မနောဓာတ်၏ သာလျှင် အာရုံကို အာရုံ ပြု၍ ဟဒယ ဝတ္ထုကို မှီ၍ သန္တီရဏ ကိစ္စကို ပြီးစေလျက် ခြောက်ပါးသော ဒွါရတို့၌ အားရှိ၍ ကြီးမားသော အာရုံ၌ ကာမာဝစရ သတ္တဝါတို့အား များသော အားဖြင့် လောဘသမ္ပယုတ် ဇော၏ အဆုံး၌ ဘဝင် အစဉ်ကို ဖြတ်၍ ဇောသည် ယူအပ်သော အာရုံ၌ တဒါရုံ၏ အစွမ်းဖြင့်လည်း တကြိမ်ဖြင့်း နှစ်ကြိမ်ဖြင့်း ဖြစ်၏၊ ဤသို့ မဇ္ဈိမ အဋ္ဌကထာ၌ ဆိုအပ်၏။

အဘိဓမ္မာ အဋ္ဌကထာ၌ကား တဒါရုံ၌ နှစ်ပါးသော စိတ် အကြိမ်တို့သည် လာကုန်၏၊ ဤ သောမနဿ သဟဂုတ် သန္တီရဏ စိတ်သည် တဒါရုံ ဟူ၍ဖြင့်း, ပိဋ္ဌိ ဘဝင် ဟူ၍ဖြင့်း ဤသို့ အမည် နှစ်ပါးတို့ကို ရ၏၊ မမြဲသော ဒွါရ၊ မမြဲသော အာရုံ ရှိသည်ဖြင့်, မြဲသော မှီရာ၊ မြဲသော ဝတ္ထု ရှိသည်ဖြင့်, မမြဲသော ဌာန၊ မမြဲသော ကိစ္စ ရှိသည်ဖြင့် ဖြစ်၏၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ရှေးဦးစွာ တဆဲ့ သုံးပါးသော ဝိပါက်ဝိညာဉ်တို့သည် ပဉ္စဝေါကာရ ဘုံ၌ ပဝတ္တိအခါ၌ သာလျှင် ဖြစ်ကုန်၏ ဟူ၍ သိအပ်ကုန်၏။

ဝိပါက် ဝိညာဉ် တဆဲ့ သုံးပါးမှ ကြွင်းကုန်သော တဆဲ့ ကိုးပါးသော ဝိပါက် ဝိညာဉ်တို့တွင် တစုံတခုသော ဝိညာဉ်သည် မိမိ မိမိအား လျောက်ပတ်သော ပဋိသန္ဓေ ကိစ္စဖြင့် မဖြစ်သည်ကား မဟုတ်, ဖြစ်သည် သာလျှင်တည်း၊ ထိုသို့ ပဋိသန္ဓေ, ပဝတ္တိ၌ ဖြစ်သင့်သော်လည်း ပဝတ္တိ အခါ၌ ရှေးဦးစွာ ကုသလ ဝိပါက် အကုသလ ဝိပါက် ဖြစ်ကုန်သော နှစ်ပါးကုန်သော သန္တီရဏစိတ် အဟေတုက မနောဝိညာဏ ဓာတ်တို့သည် ပဉ္စဒွါရ၌ အဟိတ် ကုသလ ဝိပါက် အကုသလ ဝိပါက် မနောဓာတ်တို့၏ အခြားမဲ့၌

http://www.dhammadownload.com



သန္တီရဏ ကိစ္စကိုင်း, ဒွါရ ခြောက်ပါးတို့၌ ဇလဝါရမ္မဏ စသည်ဖြင့် ယခင် ပြဆိုပြီးသော နည်းဖြင့် သာလျှင် တဒါရုံ ကိစ္စကိုင်း, မိမိ မိမိသည် ပေးအပ်သော ပဋိသန္ဓေမှ အထက်၌ ဘဝင် အယဉ်ကို ဖြတ်တတ်သော စိတ္တုပ္ပါဒ်သည် မရှိခဲ့သော် ဘဝင် ကိစ္စကိုင်း, အဆုံး၌ စုတိ ဓိတ်ကိုင်း ဤသို့ ကိစ္စ လေးပါးတို့ကို ပြီးစေကုန်လျက် မြဲသော မှီရာ ဝတ္ထု ရှိကုန်သည်, မမြဲသော ဒွါရ၊ မမြဲသော အာရုံ၊ မမြဲသော ဌာန၊ မမြဲသော ကိစ္စ ရှိကုန်သည် ဖြစ်၍ ဖြစ်ကုန်၏။

သဟိတ် ကာမာဝစရ ဝိပါက် စိတ် ရှစ်ခုတို့သည် ပြဆိုပြီးသော နည်းဖြင့် သာလျှင် ဒွါရ ခြောက်ပါးတို့၌ တဒါရုံ ကိစ္စကိုင်း, မိမိသည် ပေးအပ်သော ပဋိသန္ဓေမှ အထက်၌ ဘဝင် အယဉ်ကို ဖြတ်တတ်သော စိတ္တုပ္ပါဒ်သည် မရှိခဲ့သော် ဘဝင် ကိစ္စကိုင်း, အဆုံး၌ စုတိ ကိစ္စကိုင်း ဤသို့ သုံးပါးသော ကိစ္စတို့ကို ပြီးစေလျက် မြဲသော မှီရာ ဝတ္ထု ရှိကုန်သည်, မမြဲသော ဒွါရ အာရုံ ဌာန ကိစ္စ ရှိကုန်သည် ဖြစ်၍ ဖြစ်ကုန်၏၊ ရူပါဝစရ ဝိပါက်စိတ် ငါးပါးတို့သည်ငင်း, အရူပါဝစရ ဝိပါက်စိတ် လေးပါးတို့သည် ငင်း မိမိ မိမိသည် ပေးအပ်သော ပဋိသန္ဓေမှ အထက်၌ ဘဝင် အယဉ်ကို ဖြတ်တတ်သော စိတ္တုပ္ပါဒ်သည် မရှိခဲ့သော် ဘဝင် ကိစ္စကိုင်း, အဆုံး၌ စုတိ ကိစ္စကိုင်း ဤသို့ ကိစ္စ နှစ်ပါး အပေါင်းကို ပြီးစေကုန်လျက် ဖြစ်ကုန်၏။

ထို ရူပါဝစရဝိပါက်, အရူပါဝစရဝိပါက် စိတ်တို့တွင် ရူပါဝစရ ဝိပါက်စိတ်တို့သည် မြဲသော မှီရာ ဝတ္ထု၊ မြဲသော အာရုံ ရှိကုန်သည်, မမြဲသော ဌာန၊ မမြဲသော ကိစ္စ ရှိကုန်သည် ဖြစ်၍ ဖြစ်ကုန်၏၊ ရူပါဝစရ ဝိပါက်စိတ်မှ တပါးသော အရူပါဝစရ ဝိပါက် စိတ်တို့သည် အမြဲလျှင် မှီရာ ဝတ္ထု မရှိ၊ မြဲသော အာရုံ ရှိကုန်၏၊ မမြဲသော ဌာန, မမြဲသော ကိစ္စ ရှိကုန်သည် ဖြစ်၍ ဖြစ်ကုန်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ရေးဦးစွာ သုံးဆဲ့ နှစ်ပါး အပြား ရှိသော ဝိညာဉ်သည် ပဝတ္တိ အခါ၌ သန္ဓိရ ဟူသော အကြောင်းကြောင့် ဖြစ်၏။

http://www.dhammadownload.com



ထို ပဝတ္တိ အခါ၌ ထို သုံးဆဲ့ နှစ်ပါး အပြား ရှိသော ဝိပါက် ဝိညာဉ်အား ထိုထို ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့သည် နာနာက္ခဏိက ကမ္မ ပစ္စည်းဖြင့်၎င်း, ပကတူပနိဿယ ပစ္စည်းဖြင့်၎င်း ကျေးဇူး ပြုတတ်ကုန်၏၊ "ဝိပါက် ဝိညာဉ် တဆဲ့ သုံးပါးမှ ကြွင်းသော တဆဲ့ ကိုးပါးသော ဝိပါက် ဝိညာဉ် တို့တွင် တစုံတခုသော ဝိပါက်ဝိညာဉ်သည် မိမိ မိမိအား လျောက်ပတ်သော ပဋိသန္ဓေ ကိစ္စဖြင့် မဖြစ်သည် မဟုတ်, ဖြစ်သည် သာလျှင်တည်း"ဟူ၍ အကြင် စကားကို ဆိုခဲ့၏၊ ထို စကားသည် အလွန် ကျဉ်းလွန်းသည်၏ အဖြစ်ကြောင့် သိနိုင်ခဲ၏၊ ထိုသို့ သိနိုင်ခဲသောကြောင့် ထို အကျဉ်းဖြစ်သော စကား၏ ဝိတ္ထာရ အကျယ် နည်းကို ပြခြင်းငှါ—

(၁) ပဋိသန္ဓေတို့သည် အဘယ်မျှနည်း၊

(၂) ပဋိသန္ဓေ စိတ်တို့သည် အဘယ်မျှ ရှိသနည်း၊

(၃) အဘယ် စိတ်ဖြင့် အဘယ် ဘုံ၌ ပဋိသန္ဓေ ဖြစ်သနည်း၊

(၄) ပဋိသန္ဓေ၏ အာရုံသည် အဘယ်နည်း၊

ဟူ၍ ဤ အမေး ပုစ္ဆာကို ထုပ် ဆိုသင့်၏။

(၁) အသညသတ် ပဋိသန္ဓေနှင့် တကွ နှစ်ဆယ်သော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။

(၂) ပြဆိုအပ်ပြီးသော အပြား ရှိသည် သာလျှင် ဖြစ်ကုန်ကုန်သော တဆဲ့ ကိုးပါးသော ပဋိသန္ဓေ စိတ်တို့သည် ဖြစ်ကုန်၏၊ ထို ပဋိသန္ဓေစိတ် တဆဲ့ ကိုးပါးတို့တွင် အကုသလဝိပါက် ဖြစ်သော အဟေတုက မနောဝိညာဏ ဓာတ်ဖြင့် အပါယ် လေးဘုံ တို့၌ ပဋိသန္ဓေ ဖြစ်၏။

(၃) အဟိတ် ကုသလ ဝိပါက် မနောဝိညာဏ ဓာတ်ဖြင့် လူ့ပြည်၌ ပဋိသန္ဓေအားဖြင့် စက္ခုန္ဒြေ ချို့တဲ့သော ဇစ္စန္ဓ ပုဂ္ဂိုလ်, ပဋိသန္ဓေအားဖြင့် သောတိန္ဒြေ ချို့တဲ့သော ဇစ္စဗဓိရ ပုဂ္ဂိုလ်, ပဋိသန္ဓေအားဖြင့် ရူးသော ဇစ္စုမ္မတ္တက ပုဂ္ဂိုလ်, ပဋိသန္ဓေအား

http://www.dhammadownload.com



ဖြင့် ဆွံ့သော ဇစ္စဗဓိရ ပုဂ္ဂိုလ်, ပဋိသန္ဓေအားဖြင့် အသော ဇစ္စမူဂ ပုဂ္ဂိုလ်, နပုန်း ပုဂ္ဂိုလ်, မိန်းစွဲသော ပုဂ္ဂိုလ် အစရှိသည်တို့၏ ပဋိသန္ဓေစိတ် ဖြစ်၏၊ သဟိတ် ကာမာဝစရ ဝိပါက် ပဋိသန္ဓေစိတ် ရှစ်ပါးတို့ဖြင့် ကာမာဝစရ နတ်ပြည်တို့၌၎င်း, လူ့ပြည်တို့၌၎င်း, ဘုန်းရှိသော သူတို့၏ ပဋိသန္ဓေသည် ဖြစ်၏၊ ရူပါဝစရ ဝိပါက် ပဋိသန္ဓေစိတ် ငါးပါးတို့ဖြင့် ရူပါဝစရ ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေသည် ဖြစ်၏၊ အရူပါဝစရ ဝိပါက် ပဋိသန္ဓေစိတ် လေးပါးတို့ဖြင့် အရူပါဝစရ ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေစိတ် ဖြစ်၏၊ ဤသို့ မှတ်အပ်၏၊ ထိုမှတပါး အကြင်စိတ်ဖြင့် အကြင်ဘုံ၌ ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ထို ပဋိသန္ဓေသည် ပင်လျှင် ထိုစိတ်အား လျော်သော ပဋိသန္ဓေ မည်၏။

(၄) ထိုမှတပါး အကျဉ်းအားဖြင့် ပဋိသန္ဓေ စိတ်၏ အာရုံတို့သည် အတိတ်၎င်း, ပစ္စုပ္ပန်၎င်း, ပညတ် ဟူသော အာရုံ၎င်း ဤသို့ သုံးပါး ဖြစ်ကုန်၏၊ အသညသတ် ပဋိသန္ဓေသည် အာရုံကို မယူတတ်၊ ဤသို့ မှတ်အပ်၏။

ထို ပဋိသန္ဓေ တဆဲ့ ကိုးပါးတို့၏ သုံးပါးသော အာရုံတို့တွင် ဝိညာဏဉ္စာယတန, နေဝသညာနာသညာယတန ပဋိသန္ဓေတို့၏ အာရုံသည် အတိတ်သာလျှင် ဖြစ်၏၊ ဆယ်ပါးကုန်သော ကာမာဝစရ ပဋိသန္ဓေတို့၏ အာရုံသည် အတိတ်လည်း ဖြစ်၏၊ ပစ္စုပ္ပန်လည်း ဖြစ်၏၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော ရူပါဝစရ ငါးပါး, အာကာသာနဉ္စာယတန, အာကိဉ္စညာယတန နှစ်ပါး အားဖြင့် ခုနစ်ပါးကုန်သော ပဋိသန္ဓေတို့၏ အာရုံသည် ပညတ် အာရုံ သာလျှင် ဖြစ်၏။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် သုံးပါးကုန်သော အာရုံတို့၌ ဖြစ်သော ပဋိသန္ဓေသည် အတိတ် အာရုံ ရှိသည်မှုလည်း ဖြစ်သော ပညတ် အာရုံ ရှိသည်မှုလည်း ဖြစ်သော စုတိ စိတ်၏ အခြားမဲ့၌ သာလျှင် ဖြစ်၏၊ ပစ္စုပ္ပန် အာရုံ ဖြစ်သော စုတိစိတ် မည်သည် မရှိ၊ ပဋိသန္ဓေ၏ အာရုံ၌ သာလျှင် ဖြစ်သောကြောင့်

http://www.dhammadownload.com



တည်း၊ ထို့ကြောင့် အတိတ် အာရုံ, ပစ္စုပ္ပန် အာရုံ နှစ်ပါးတို့တွင် တပါးပါးလျှင် အာရုံရှိသော စုတိ စိတ်၏ အခြားမဲ့၌ အတိတ်, ပစ္စုပ္ပန်, ပစ္စုပ္ပန် အာရုံ သုံးပါးတို့တွင် တပါးပါးလျှင် အာရုံ ရှိသော ပဋိသန္ဓေ စိတ်၏ သုဂတိ ပဋိသန္ဓေ, ဒုဂ္ဂတိ ပဋိသန္ဓေ တို့၏ အစွမ်းဖြင့် ဖြစ်သော အခြင်းအရာကို သိအပ်၏။

ထို ဖြစ်သော အခြင်းအရာ ဟူသည် အဘယ်နည်း၊ ရှေးဦးစွာ ကာမာဝစရ သုဂတိဘုံ၌ တည်သော မကောင်းမှုကံ ရှိသော ပုဂ္ဂိုလ်အား ထို ရှေး၌ ပြုအပ်ကုန်ပြီးသော အကုသိုလ် ကံတို့သည် ထို စုတေခါ နီးသော ပုဂ္ဂိုလ်အား သေလု ဆဲဆဲ အခါ၌ ညချမ်း အခါ ကြီးစွာသော တောင်ထွဋ်တို့၏ အရိပ်သည် မြေ၌ လွှမ်း သကဲ့သို့ စိတ်၌ လွှမ်းမိုးကုန်၏၊ အမြဲ စိတ်၌ ထင်လာကုန်၏၊ ဤသို့ စသော စကားကို ဘုရား ဟောတော်မူသောကြောင့် သေရာ ညောင်စောင်း၌ လျောင်းစဉ် အကြိမ် အကြိမ် ဆည်းပူး အပ်သော မကောင်းမှု အကုသိုလ် ကံသည်ငှင်း, ကံ၏ အာရုံ ဖြစ်သော ဒုတ်၊ လှံကန်၊ ဓား၊ လှံ၊ လေး၊ မြှား၊ သားကောင် စသော အာရုံသည်ငှင်း မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏။

ထို ထင်လာသော ကံ, ကမ္မနိမိတ် အာရုံကို အာရုံပြု၍ ဖြစ်သော တဒါရုံ အဆုံးရှိသော ဇော အစဉ်၏ အခြားမဲ့၌ ဘဝင်၏ အာရုံကို အာရုံပြု၍ စုတိ စိတ်သည် ဖြစ်၏၊ ထို စုတိ စိတ်သည် ချုပ်ကာမျှ ဖြစ်လတ်သော် ထို စုတိစိတ်၏ ချုပ်သည်၏ အခြားမဲ့၌လျှင် ထို ဆိုအပ်ပြီးသော ဇောဝီထိ၏ အာရုံ သာလျှင် ဖြစ်သော ထင်ခြင်းသို့ ရောက်သော ကံကိုငှင်း, ကမ္မနိမိတ်ကိုငှင်း အာရုံပြု၍ မဂ်ဖြင့် မပယ်မဖြတ်အပ်သေးသော ကိလေသာ၏ အစွမ်းသည် အထူးသဖြင့် ညွတ်စေအပ်သော ဒုဂ္ဂတိ ဘဝ၌ အကျုံးဝင်သော ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေသည် အတိတ် တရားလျှင် အာရုံ ရှိသော စုတိ စိတ်၏ အခြားမဲ့၌ အတိတ် တရားလျှင် အာရုံ ရှိသော ပဋိသန္ဓေ စိတ်သည် ဖြစ်၏။

တပါးသော သတ္တဝါအား သေခါနီး ကာလ၌ ပြဆိုပြီးသော အပြား ရှိသော အကုသိုလ် ကံ၏ အစွမ်းဖြင့် ငရဲ စသည်တို့၌

http://www.dhammadownload.com



ငရဲ မီးလျှံ၏ အဆင်း အစ ရှိသော ဂတိ နိမိတ်သည် မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏၊ ထို့ကြောင့် ဘဝင် နှစ်ကြိမ် ဖြစ်၍ ချုပ်သည် ရှိသော် ထို ဂတိနိမိတ် ဟူသော အာရုံကို အာရုံပြု၍ တကြိမ်သော အာဝဇ္ဇန်းရင်း, သေခြင်း၏ နီးသည်၏ အဖြစ်ဖြင့် ညှံ့သည် ဖြစ်၍ ဖြစ်သော အဟုန် ရှိသည်၏ အဖြစ်ကြောင့် ငါးကြိမ်သော မရဏာသန္န ဇောတို့ရင်း, နှစ်ကြိမ်သော တဒါရုံတို့ရင်း ဤသို့ သုံးရပ်သော ဝီထိ စိတ်တို့သည် ဖြစ်ကုန်၏။

ထို့နောင်မှ ဘဝင်၏ အာရုံကို အာရုံပြု၍ တကြိမ်သော စုတိစိတ်သည် ဖြစ်၏၊ ဤမျှ အတိုင်းအရှည်ရှိသော စုတိ စိတ်အစဉ်ဖြင့် တဆဲ့ တချက်သော စိတ္တက္ခဏာတို့သည် လွန်ကုန်၏၊ ထို စုတိစိတ်မှ နောက်၌၊ ဝါ—ထို တဆဲ့ တချက်သော စိတ္တက္ခဏာမှ နောက်၌ ထို သတ္တဝါအား အကြွင်း ငါးချက် စိတ္တက္ခဏာ အသက်ရှိသော ထို မရဏာသန္န ဇောသည် ယူအပ်သည် သာလျှင် ဖြစ်သော အာရုံ၌ ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေသည် အတိတ် အာရုံ ရှိသော စုတိ စိတ်၏ အခြားမဲ့၌ ပစ္စုပ္ပန် အာရုံ ရှိသော ပဋိသန္ဓေသည် ဖြစ်၏။

တဦးသော သတ္တဝါအား သေခါနီးသော ကာလ၌ ငါးပါး ထုန်သော ဒွါရတို့တွင် တပါးပါးသော ဒွါရ၌ ရာဂ စသည်တို့၏ အကြောင်း ဖြစ်၍ ဖြစ်သော အနိဋ္ဌာရုံသည် ထင်ခြင်းသို့ ရောက်၏၊ ထို သတ္တဝါအား အစဉ်သဖြင့် ဝုဋ္ဌော အဆုံးရှိသော ဝီထိ စိတ်သည် ဖြစ်လတ်သော် သေခြင်း၏ နီးကပ်သည် အဖြစ်ဖြင့် ညှံ့သည် နှံ့သည် ဖြစ်၍ ဖြစ်သော အဟုန် ရှိသည်၏ အဖြစ်ကြောင့် ငါးကြိမ်သော မရဏာသန္န ဇောတို့ရင်း, နှစ်ကြိမ်သော တဒါရုံ ဇောတို့ရင်း ဖြစ်ကုန်၏။

ထို့နောင်မှ ဘဝင်၏ အာရုံကို အာရုံ ပြု၍ စုတိစိတ် တကြိမ် ဖြစ်၏၊ ဤမျှသော စကား အစဉ်ဖြင့်လည်း နှစ်ကြိမ်သော ဘဝင်တို့ရင်း, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌောတို့ရင်း, ဇော ငါးကြိမ်တို့ရင်း, တဒါရုံ နှစ်ကြိမ်တို့ရင်း, တခုသော စုတိစိတ်ရင်း ဤသို့ တဆဲ့ ငါးချက်သော

http://www.dhammadownload.com



စိတ္တက္ခဏတို့သည် လွန်ကုန်၏၊ ထို တဆဲ့ ငါးချက်သော စိတ္တက္ခဏတို့မှ နောက်၌ အကြွင်း စိတ္တက္ခဏ တချက် အသက် ရှိသော ထို အာရုံ၌ သာလျှင် ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေသည်လည်း အတိတ် အာရုံ ရှိသော စုတိ စိတ်၏ အခြားမဲ့၌ ပစ္စုပ္ပန်လျှင် အာရုံ ရှိသော ပဋိသန္ဓေသည် ဖြစ်၏၊ ဤသို့ ပြဆိုပြီးသော အခြင်းအရာသည် ရှေးဖျားလက်မွန် အတိတ် အာရုံ ရှိသော သုဂတိ စုတိ စိတ်၏ အခြားမဲ့၌ အတိတ် ပစ္စုပ္ပန်လျှင် အာရုံ ရှိသော ဒုဂ္ဂတိ ပဋိသန္ဓေ၏ ဖြစ်သော အခြင်း အရာတည်း။

ထိုမှတပါး ဒုဂ္ဂတိ အပါယ် လေးဘုံ၌ တည်သော ဆည်းပူး အပ်ပြီးသော အပြစ်ကင်းသောကံရှိသော သတ္တဝါအား ပြဆို ပြီးသော နည်းဖြင့် သာလျှင် ထို အပြစ် ကင်းသော ကံသည်၎င်း, ထို အပြစ် ကင်းသော ကံ၏ အာရုံသည်၎င်း မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏၊ ဤသို့ ကဏှပက္ခ၌ သုက္ကပက္ခကို ထည့်သွင်း၍ ကြွင်းသော စကား အလုံးစုံကို ရှေး၌ ပြဆိုပြီးသော နည်းဖြင့် သာလျှင် သိအပ်၏၊ ဤ အခြင်းအရာသည် အတိတ် အာရုံ ရှိသော ဒုဂ္ဂတိ စုတိ စိတ်၏ အခြားမဲ့၌ အတိတ်, ပစ္စုပ္ပန် အာရုံ ရှိသော သုဂတိ ပဋိသန္ဓေ၏ ဖြစ်သော အခြင်းအရာတည်း။

ထိုမှတပါး သုဂတိ ဘုံ၌ တည်သော ဆည်းပူးအပ်သော အပြစ် ကင်းသော ကောင်းမှုကံရှိသော သတ္တဝါအား "တာနိဿ တသ္မိံ သမယေ ဩလမ္ဗန္တိ" "ထို ရှေး၌ ပြုအပ် ဆည်းပူး အပ် ကုန် ပြီးသော အပြစ် ကင်းသော ကုသိုလ်ကံ တို့သည် ထို စုတေခါ နီးသော ပုဂ္ဂိုလ်အား ထို သေလု ဆဲဆဲ အခါ စိတ်၌ လွှမ်းမိုးကုန်၏၊" ဤသို့ အစ ရှိသော စကားကို ဘုရား ဟောတော်မူသောကြောင့် သေရာ ညောင်စောင်း၌ လျောင်းစဉ် အကြင် အကြင် ဆည်းပူးအပ်သော အပြစ် ကင်းသော ကံသည်၎င်း, ကံ၏ အာရုံ ဖြစ်သော နတ်သွီးဗိမာန် ပဒေသာပင် စသော အာရုံသည်၎င်း မနောဒွါရ၌ ထင်ခြင်းသို့

http://www.dhammadownload.com



ရောက်၏၊ ထို စကားကိုကား ဆည်းပူးအပ်သော ကာမာဝစရ အနုဝဇ္ဇ ကုသိုလ်ကံ ရှိသော ပုဂ္ဂိုလ်အား သာလျှင် သိအပ်၏။

ဆည်းပူးအပ်သော မဟဂ္ဂုတ်ကံ ရှိသော သတ္တဝါအားကား ကမ္မနိမိတ် အာရုံသည် သာလျှင် ထင်ခြင်းသို့ ရောက်၏၊ ထို ထင်လာသော ကံ, ကမ္မနိမိတ် အာရုံကို အာရုံ ပြု၍ ဖြစ်သော တဒါရုံ အဆုံး ရှိသည်မူလည်း ဖြစ်သော မဟဂ္ဂုတ် အာရုံ ရှိ၍ တဒါရုံ ဝိပါက်သက်သက် မူလည်း ဖြစ်သော မရဏာသန္န ဇောဝီထိ၏ အခြားမဲ့၌ ဘဝင်၏ အာရုံကို အာရုံပြု၍ စုတိ စိတ်သည် ဖြစ်၏။

ထို စုတိ စိတ်သည် ချုပ်သည် ရှိသော် ထင်ခြင်းသို့ ရောက်သော ထို ကံကိုဎင်း, ထို ကံ၏ နိမိတ် အာရုံကိုဎင်း အာရုံ ပြု၍ အရိယ မဂ်ဖြင့် မပယ် မဖြတ်အပ်သေးသော ကိလေသာ၏ အစွမ်းသည် ညွတ်စေအပ်သော သုဂတိ၌ အကျုံး ဝင်သော ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေသည် အတိတ် အာရုံ ရှိသော စုတိ စိတ်၏ အခြားမဲ့၌ အတိတ် အာရုံ ရှိသည်မူလည်း ဖြစ်သော ပညတ် အာရုံ ရှိသည်မူလည်း ဖြစ်သော ပဋိသန္ဓေ တည်း။

တပါးသော သတ္တဝါအား သေခါနီး ကာလ၌ အပြစ် ကင်းသော ကာမာဝစရ ကံ၏ အစွမ်းဖြင့် လူ့ပြည်၌ ကမ္ဗလာနီ အသွေး တွေးတွေး နီသော အမိ ဝမ်း၏ အဆင်းဟု ဆိုအပ် သည်လည်း ဖြစ်သော သုဂတိ နိမိတ်သည်ဎင်း, နတ်ပြည်၌ ဥယျာဉ် ဗိမာန် ပဒေသာပင် စသည်တို့၏ အဆင်းဟု ဆိုအပ် သည်လည်း ဖြစ်သော သုဂတိနိမိတ်သည်ဎင်း မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏။

ထို သတ္တဝါအား ဒုဂ္ဂတိ နိမိတ် အာရုံ၌ ပြဆိုပြီးသော အစဉ် အားဖြင့် သာလျှင် စုတိ စိတ်၏ အခြားမဲ့၌ ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေသည် အတိတ် အာရုံ ရှိသော စုတိစိတ်၏ အခြားမဲ့၌ ပစ္စုပ္ပန် အာရုံ ရှိသော ပဋိသန္ဓေတည်း။

http://www.dhammadownload.com



သတ္တဝါ တဦးအား သေခါနီး ကာလ၌ ဆွေမျိုးတို့က "အို ချစ်သား—သင် ချစ်သား၏ နတ်ရွာ နိဗ္ဗာန် အကျိုးငှါ ဤ ဘုရားအား ပူဇော်ခြင်းကို ပြုအပ်၏၊ သင့်စိတ်ကို ကြည်ညို စေလော" ဟု ဤသို့ ဆို၍ ပန်းဆိုင်း, ပန်းပွါး, ကုက္ကား, တံခွန် စသည်တို့၏ အစွမ်းအားဖြင့် ရူပါရုံကိုငှင်း ကပ်၍ ဆောင်ကုန်၏၊ တရား ဟောသော အသံ, တီးမှုတ်မျိုး, ပူဇော် ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် သဒ္ဒါရုံကိုငှင်း ကပ်၍ ဆောင်ကုန်၏၊ အခိုး, အထုံ, အမှုန့်, နံ့သာ စသည်တို့၏ အစွမ်း ဖြင့် ဂန္ဓာရုံကိုငှင်း ကပ်၍ ဆောင်ကုန်၏။

"အို ချစ်သား—ဤ လျက်ဘွယ်ကို လျက်လော၊ သင်၏ နတ်ရွာ နိဗ္ဗာန် အကျိုးငှါ ပေးလှူအပ်သော လှူဘွယ် ဝတ္ထု တည်း"ဟု ဤသို့ ဆို၍ ပျား, တင်လဲ စသည်တို့၏ အစွမ်းဖြင့် ရသာရုံကိုငှင်း ကပ်၍ ဆောင်ကုန်၏၊ "အို ချစ်သား—ဤ အဝတ် ပုဆိုးကို ထိလော ကိုင်လော၊ ဤ အဝတ် ပုဆိုးသည် သင်၏ နတ်ရွာ နိဗ္ဗာန် အကျိုးငှါ လှူအပ်သော လှူဘွယ် ဝတ္ထု တည်း"ဟု ဤသို့ ဆို၍ စိန္နတိုင်း၌ ဖြစ်သော ပုဆိုး, သောမာရ တိုင်း၌ ဖြစ်သော ပုဆိုး စသည်တို့၏ အစွမ်းဖြင့် ဖောဋ္ဌဗ္ဗာရုံ ကိုငှင်း ပဉ္စဒွါရ၌ ကပ်၍ ဆောင်ကုန်၏။

ထို သတ္တဝါအား ထင်ခြင်းသို့ ရောက်သော ထို ရူပါရုံ စသော အာရုံ ငါးပါး၌ အစဉ်အား လျော်သဖြင့် ဖြစ်သော ဝုဋ္ဌော၏ အဆုံး၌ သေခြင်း၏ အနီး၏ အဖြစ်ကြောင့် ညံ့သည် နွဲ့သည် ဖြစ်၍ ဖြစ်သော အဟုန် ရှိသည်၏ အဖြစ်ကြောင့် မရဏာသန္နဇော ငါးကြိမ်ငှင်း, တဒါရုံ နှစ်ကြိမ်ငှင်း ဖြစ်ကုန်၏၊ ထို့နောင်မှ ဘဝင်၏ အာရုံကို အာရုံ ပြု၍ တချက်သော စုတိ စိတ်သည် ဖြစ်၏၊ ထို စုတိ စိတ်၏ အဆုံး၌ တချက်သော စိတ္တက္ခဏ တိုင်အောင် တည်ခြင်း ရှိသော ထို ပြဆိုပြီးသော အာရုံ၌ သာလျှင် ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေသည်လည်း အတိတ် အာရုံ ရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန် အာရုံ ရှိသော ပဋိသန္ဓေတည်း။

http://www.dhammadownload.com



ထိုမှတပါး ပထဝီ ကသိုဏ်းလျှင် အာရုံ ရှိသော ဈာန် စသည်တို့၏ အစွမ်းဖြင့် ရအပ်သော မဟဂ္ဂုတ် တရား ရှိသည် ဖြစ်၍ ရူပါဝစရ သုဂတိ ဘဝ၌ တည်သော သတ္တဝါ တဦးအား သေခါနီးသော ကာလ၌ ကာမာဝစရ ကုသိုလ်ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသော အာရုံသည်ငှင်း, ပထဝီကသိုဏ်း စသော ကသိုဏ်း နိမိတ် အာရုံသည်ငှင်း, အာကာသာနဉ္စာယတန အာကိဉ္စညာယတန မဟဂ္ဂုတ် စိတ်သည်ငှင်း မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏။

စက္ခုဒွါရ, သောတဒွါရတို့တွင် တပါးပါးသော ဒွါရ၌ ကုသိုလ် ဖြစ်ခြင်း အကြောင်း ဖြစ်၍ ဖြစ်သော ဇုဋ္ဌ ဖြစ်၍ မှန်မြတ်သော အာရုံသည်မူလည်း တင်ခြင်းသို့ ရောက်၏၊ ထို သတ္တဝါအား အစဉ်သဖြင့် ဖြစ်သော ဝုဋ္ဌော၏ အဆုံး၌ သေခြင်း၏ အနီး၏ အဖြစ်ဖြင့် ညွှတ်သည် နိမ့်သည် ဖြစ်၍ ဖြစ်သော အဟုန် ရှိသည်၏ အဖြစ်ကြောင့် ငါးကြိမ်သော မရဏာသန္နဇောတို့သည် ဖြစ်ကုန်၏။

ဆက်၍ ဆိုဦးအံ့—မဟဂ္ဂုတ် ဂတိ၌ တည်ကုန်သော ပုဂ္ဂိုလ်တို့အား တဒါရုံသည် မရှိ၊ ထို့ကြောင့် မရဏာသန္နဇော၏ အခြားမဲ့၌ သာလျှင် ဘဝင်၏ အာရုံကို အာရုံ ပြု၍ တချက်သော စုတိ စိတ်သည် ဖြစ်၏၊ ထို စုတိ စိတ်၏ အဆုံး၌ ကာမာဝစရ သုဂတိ, မဟဂ္ဂုတ် သုဂတိတို့တွင် တပါးပါးသော သုဂတိ၌ အကျုံး ဝင်သော အကြင် အကြင် ကံကြောင့် ထင်ကုန်သော အာရုံတို့တွင် တပါးပါးလျှင် အာရုံ ရှိသော ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေသည် ပညတ် တရားလျှင် အာရုံ ရှိသော ရူပါဝစရ သုဂတိ စုတိ၏ အခြားမဲ့၌ အတိတ် အာရုံ, ပစ္စုပ္ပန် အာရုံ, ပညတ် အာရုံတို့တွင် တပါးပါးလျှင် အာရုံ ရှိသော ပဋိသန္ဓေတည်း။

ဤသို့ ပြဆိုအပ်ပြီးသည်ကို အစဉ်မှီးသဖြင့် အရူပါဝစရ စုတိ၏လည်း အခြားမဲ့၌ ဖြစ်သော ပဋိသန္ဓေကို သိအပ်၏၊ ဤ ဆိုအပ်ပြီးသော အခြင်းအရာသည် အတိတ် အာရုံ, ပညတ် အာရုံ

http://www.dhammadownload.com



ရှိသော စုတိ၏ အခြားမဲ့၌ ဖြစ်သော အတိတ် ပညတ် ပစ္စုပ္ပန် အာရုံ ရှိသော ပဋိသန္ဓေ၏ ဖြစ်သော အခြင်းအရာတည်း။

ထိုမှတပါး ဒုဂ္ဂတိ အပါယ် လေးဘုံ၌ တည်သော အကုသိုလ်ကံ ရှိသော သတ္တဝါအား ပြဆိုပြီးသော နည်းဖြင့် သာလျှင် ထို အကုသိုလ်ကံ, ထို အကုသိုလ် ကံ၏ နိမိတ် အာရုံသည်၎င်း, ဂတိ နိမိတ် အာရုံသည်၎င်း မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏။

တနည်းကား—ပဉ္စဒွါရ၌ အကုသိုလ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်၍ ဖြစ်သော အာရုံသည် ထင်ခြင်းသို့ ရောက်၏၊ ထိုသို့ ထင်သော အခါ၌ ထို သတ္တဝါအား အစဉ်သဖြင့် စုတိ စိတ်၏ အဆုံး၌ ဒုဂ္ဂတိ၌ အကျုံး ဝင်သော ထို အာရုံတို့တွင် တပါးပါး လျှင် အာရုံ ရှိသော ပဋိသန္ဓေ စိတ်သည် ဖြစ်၏၊ ဤ ပဋိသန္ဓေ သည် အတိတ် အာရုံ ရှိသော ဒုဂ္ဂတိ စုတိ၏ အခြားမဲ့၌ အတိတ် ပစ္စုပ္ပန် အာရုံ ရှိသော ပဋိသန္ဓေ၏ ဖြစ်သော အခြင်းအရာတည်း၊ ဤမျှ ဤမျှသော စကား အစီအစဉ်ဖြင့် တဆဲ့ ကိုးပါး အပြား ရှိသည်လည်း ဖြစ်သော စိတ် ဝိညာဉ်၏ ပဋိသန္ဓေ အစွမ်းအားဖြင့် ဖြစ်ခြင်းကို ပြအပ်၏။

## ပဋိသန္ဓေအားဖြင့် ဖြစ်သော ဝိပါက် ဝိညာဉ် နှစ်ပါး ပြားပုံ

အလုံးစုံလည်း ဖြစ်သော ထို ဝိပါက် ဝိညာဉ်သည် ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ပဋိသန္ဓေအားဖြင့် ဖြစ်သည် ရှိသော် ကံကြောင့် နာနာက္ခဏိက ကမ္မ ပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါး အပြားအားဖြင့် ဖြစ်၏၊ ရုပ်နှင့် တကွ ရောနှောခြင်း အစရှိကုန်သော အပြားတို့ဖြင့် ထို ဝိပါက် ဝိညာဉ်၏ ဒုဝိဓ အစရှိသော အပြားကိုလည်း သိအပ်၏။

ချဲ့ဦးအံ့—တဆဲ့ ကိုးပါး အပြား ရှိသည်လည်း ဖြစ်သော ဤ ဝိပါက် ဝိညာဉ်သည် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်သည် ရှိသော် သတ္တိ နှစ်ပါး ရှိသော ကံကြောင့် ဖြစ်၏၊ ထို စကား မှန်၏—အကြင် အကြင် မိမိ ဥစ္စာ ဖြစ်သော ထို ပဋိသန္ဓေ

http://www.dhammadownload.com



ဝိညာဉ်ကို ဖြစ်စေတတ်သော ဇနက ကံသည် နာနာက္ခဏိက ကမ္မ ပစ္စယ သတ္တိဖြင့်၎င်း, ပကတူပနိဿယ ပစ္စယ သတ္တိဖြင့်၎င်း ကျေးဇူး ပြုတတ်သည် ဖြစ်၏၊ ထို စကား မှန်၏၊ မြတ်စွာဘုရားသည်—

"ကုသလာကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ- ပစ္စယေန ပစ္စယော"

"ကုသိုလ်ကံ အကုသိုလ် ကံသည် ကုသလ ဝိပါက် အကုသလ ဝိပါက် ဝိညာဉ်အား ပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူး ပြုတတ်၏၊" ဟူ၍ ဟောတော်မူ၏။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် သတ္တိ နှစ်ပါး ရှိသော ကံကြောင့် ဖြစ်သော ထို ဝိပါက် ဝိညာဉ်၏ ရုပ်နှင့် တကွ ရောနှောခြင်း အစရှိကုန်သော အပြားတို့ဖြင့် ဒုဝိဓ အစ ရှိသော အပြားကိုလည်း သိအပ်၏၊ ဤ ဒုဝိဓ အစ ရှိသော အပြား ဟူသည် အဘယ်နည်း။

## ပဋိသန္ဓေ အမျိုးမျိုး ခွဲခြားပုံ

ထို စကားကို ချဲဦးအံ့—ဤ ဝိပါက် ဝိညာဉ်သည် ပဋိသန္ဓေ အစွမ်းအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း—

(၁) ရုပ်နှင့် တကွ ရောခြင်း, မရောခြင်း- မိဿ, အမိဿ အားဖြင့် နှစ်ပါး အပြား ရှိ၏၊

(၂) ကာမဘဝ, ရူပဘဝ, အရူပဘဝ အပြားအားဖြင့် သုံးပါး ရှိ၏၊

(၃) အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက ယောနိတို့၏ အစွမ်းဖြင့် လေးပါး အပြား ရှိ၏၊

(၄) နိရယဂတိ, ပေတဂတိ, တိရစ္ဆာနဂတိ, ဒေဝဂတိ, မနုဿဂတိ တို့၏ အစွမ်းအားဖြင့် ငါးပါး အပြား ရှိ၏၊

(၅) ဝိညာဏဋ္ဌိတိတို့၏ အစွမ်းအားဖြင့် ခုနစ်ပါး အပြား ရှိ၏၊

http://www.dhammadownload.com



(၆) သတ္တာဝါသတို့၏ အစွမ်းအားဖြင့် ရှစ်ပါး အပြား ရှိ၏၊

(၁) ထို မိဿ, အမိဿ နှစ်ပါးတို့တွင် နိဿယ ပစ္စည်း ဖြစ်သော ရုပ်နှင့် ရောသော ဝိပါက် ဝိညာဉ်သည် သဘာဝ, အဘာဝအားဖြင့် နှစ်ပါး အပြား ရှိ၏၊ ထို သဘာဝ, အဘာဝ နှစ်ပါးတို့တွင် ဘောရှိသော သဘာဝ ဝိပါက် ဝိညာဉ်သည် နှစ်ပါး အပြား ရှိ၏၊ မိဿ, အမိဿ ဤ ဒုကဥ္စ လက်ဦး အစ ဆိုအပ်သော မိဿ ဝိညာဉ်နှင့် တကွ ယုတ်သော အဘို့ အဝမာန် အားဖြင့် ကာယဒသက ဝတ္ထုဒသက နှစ်ပါးတို့ရင်း, ကာယ-ဒသက ဘာဝဒသက ဝတ္ထုဒသက သုံးပါးတို့ရင်း ဖြစ်ကုန်၏၊ ထို့ထက် ကျယ်စေအံ့။

"နိဿယ ပစ္စည်း ဖြစ်သော ရုပ်နှင့် ရောသော ဝိပါက် ဝိညာဉ်သည် သဘာဝ, အဘာဝ အားဖြင့် နှစ်ပါး အပြား ရှိ၏"ဟူသည်ကား—ဤ မိဿ, အမိဿ နှစ်ပါးတို့တွင် အရူပ ဘဝကို ကြဉ်ထား၍ ရုပ်နှင့် ရောသော အကြင် ပဋိသန္ဓေ ဝိညာဉ်သည် ဖြစ်၏၊ ထို ပဋိသန္ဓေ ဝိညာဉ်သည် နှစ်ပါး အပြား ရှိ၏၊ ရူပဘုံ၌ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေဟု ဆိုအပ်သော ဘာဝရုပ်နှင့် ကင်း၍ ဖြစ်ခြင်းကြောင့် ဣတ္ထိဘော ပုမ္ဘော မရှိ၊ ဘော ချို့သော အဘာဝ ပဋိသန္ဓေ ဝိညာဉ်ရင်း, ကာမဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်သော ပဏ္ဍုက်ကို ကြဉ်၍ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဟူသော ဘာဝ ရုပ်နှင့် တကွ ဖြစ်ခြင်းကြောင့် ဘောရှိသော ဘောနှင့် တကွ ဖြစ်သော သဘာဝ ပဋိသန္ဓေ ဝိညာဉ်ရင်း ဤသို့ နှစ်ပါး အပြား ရှိ၏။

ထို "သဘာဝ, အဘာဝ နှစ်ပါးတို့တွင် ဘောရှိသော သဘာဝ ဝိပါက် ဝိညာဉ်သည် နှစ်ပါး အပြား ရှိ၏"ဟူသည်ကား—ထို နှစ်ပါးတို့တွင်လည်း အကြင် ရုပ်နှင့် ရောသော ပဋိသန္ဓေ ဝိညာဉ်သည် ဣတ္ထိဘာဝ ပုမ္ဘာဝ ဟူသော ဘာဝရုပ်နှင့် တကွ ဖြစ်၏၊ ထို သဘာဝ ပဋိသန္ဓေ ဝိညာဉ်သည် ဣတ္ထိဘော

http://www.dhammadownload.com



ပုမ္ဘောတို့တွင် တပါးပါးနှင့် တကွ ဖြစ်ခြင်းကြောင့် နှစ်ပါး အပြား ရှိသည် သာလျှင် ဖြစ်၏။

"မိဿ, အမိဿ ဤ ဒုက၌ လက်ဦး အစ ဆိုအပ်သော မိဿ ဝိညာဉ်နှင့် တကွ ယုတ်သော အဘို့ အဝမာန်အားဖြင့် ကာယ- ဒသက ဝတ္ထုဒသက နှစ်ပါးတို့ရင်း, ကာယဒသက ဘာဝဒသက ဝတ္ထုဒသက သုံးပါးတို့ရင်း ဖြစ်ကုန်၏" ဟူ၍ ပြဆိုခဲ့ပြီ၊ ထို စကားကို ထင်ရှားသိလွယ် အကျယ် ဆိုဦးအံ့—ဤ မိဿ, အမိဿ ဟူသော ဒုက်၌ အစ လက်ဦး ဖြစ်၍ ဖြစ်သော ရုပ်နှင့် ရောသော ထို ပဋိသန္ဓေ ဝိညာဉ်သည် ဖြစ်၏၊ ထို ရုပ်နှင့် ရောသော ရူပ ပဋိသန္ဓေ ဝိညာဉ်နှင့် တကွ ကာယဒသက ဝတ္ထုဒသက အစွမ်းဖြင့် နှစ်ပါးသော ဒသကတို့သည်ရင်း, ကာယဒသက ဘာဝဒသက ဝတ္ထုဒသက အစွမ်းဖြင့် သုံးပါးကုန်သော ဒသက တို့သည်ရင်း အယုတ်အားဖြင့် ဖြစ်ကုန်၏။

ဤ နှစ်ပါးသော ဒသက, သုံးပါးသော ဒသက အောက် ရုပ်၏ ယုတ်လျော့ခြင်းသည် မရှိ၊ ဤသို့ နှစ်ဒသက, သုံးဒသက ယုတ်နိမ့် နည်းပါးသော ပမာဏ ရှိသည် ဖြစ်၍ ဖြစ်သော ထို အပေါင်း အစု ဖြစ်သော ရုပ်သည် အဏ္ဍဇယောနိ, ဇလာဗုဇယောနိအမည် ရှိကုန်သော ယောနိ နှစ်ပါးတို့၌ ထိုနေ့ ဖွားသော ဆိတ်သူငယ် အမွေး၏၊ ဝါ—ဟိမဝန္တာ အရပ်၌ ဇာတ်နှင့် ပြည့်စုံသော ဆိတ်မွေး၏၊ ဝါ—ဝမ်းကို ခွဲ၍ ယူအပ်သော ဆိတ်သူငယ် အမွေး၏ တခုသော အမြှင်ဖြင့် နှစ်၍ ထုတ်အပ်သော ထောပတ်ကြည် ပမာဏ ရှိသည့် "ကလလ" ရေကြည်ဟု ဆိုအပ်သော အမည်သည် ဖြစ်၍ ဖြစ်၏။

ထို ယောနိ ဟူသော စကား၌ ယောနိတို့၏ ဂတိ အစွမ်းဖြင့် ဤမည်သော ဂတိတို့၌ ဤမည်သော ယောနိတို့သည် ဖြစ်သင့် ကုန်၏၊ ဤမည်သော ဂတိတို့၌ ဤမည်သော ယောနိတို့သည် မဖြစ်သင့်ကုန်ဟု ဖြစ်သင့်, မဖြစ်သင့် အထူးကို သိအပ်၏၊ ထင်ရှားစေဦးအံ့၊ ထို ယောနိ ဂတိတို့တွင်—

http://www.dhammadownload.com



"နိရယေ ဘုမ္မဝဇ္ဇေသု, ဒေဝေသု စ န ယောနိယော၊
တိဿော ပုရိမိကာ ဟောန္တိ, စတဿောပိ ဂတိတ္တယေ။"

"နိရယဂတိ၌၎င်း, ဘုမ္မဖိုးနတ်သည် ကြဉ်အပ်ကုန်သော ဒေဝဂတိတို့၌၎င်း ရှေး၌ ဖြစ်ကုန်သော အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇအားဖြင့် ယောနိ သုံးပါးတို့သည် မဖြစ်ကုန်၊ မနုဿဂတိ, ပေတဂတိ, တိရစ္ဆာနဂတိ သုံးပါး အပေါင်းတို့၌ ယောနိ လေးပါးတို့သည် ဖြစ်ကုန်၏။"

ထို ဂါထာဝယ် "ဒေဝေ သု စ၊ ဒေဝ ဂတိတို့၌၎င်း" ဟူသော ပုဒ်၌ စ-သဒ္ဒါဖြင့် ငရဲ၌၎င်း, ဘုမ္မဖိုးနတ် ကြဉ်အပ်ကုန်သော နတ်တို့၌၎င်း ရှေးဖြစ်ကုန်သော ယောနိ သုံးပါးတို့သည် မဖြစ်ကုန် သကဲ့သို့ ထို့အတူ နိဇ္ဈာမ တဏှိက ပြိတ္တာတို့၌လည်း ရှေးဖြစ်ကုန်သော အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ ယောနိ သုံးပါးတို့သည် မဖြစ်ကုန်ဟု ဤသို့ သိအပ်ကုန်၏။

ထို စကား မှန်၏—ထို နိဇ္ဈာမ တဏှိက ပြိတ္တာတို့သည် ဩပပါတိက ပြိတ္တာတို့သည် သာလျှင် ဖြစ်ကုန်၏၊ ထိုမှတပါး ကြွင်းသော တိရစ္ဆာန် ပြိတ္တာ လူဟု ဆိုအပ်ကုန်သော ဂတိ သုံးပါး အပေါင်း၌၎င်း, ရှေး၌ ကြဉ်ထားခဲ့သော ဘုမ္မဖိုးတို့၌၎င်း လေးပါး ကုန်သော ယောနိတို့သည် ဖြစ်ကုန်၏။

ထို ယောနိ လေးပါးတို့တွင် ဩပပါတိက ယောနိတို့၌ အတွင်း ဝင်ကုန်သော ရူပါဝစရ ဗြဟ္မာတို့၌ သုံးဆယ်ကုန်သော စက္ခု-ဒသက သောတဒသက ဝတ္ထုဒသကတို့သည်၎င်း, ကိုးခုသော ကမ္မဇ ရုပ်တို့သည်၎င်း ဖြစ်ကုန်၏၊ ထို ရူပါဝစရ ဗြဟ္မာတို့မှတပါး **သံသေဒဇ**ယောနိ, ဩပပါတိကယောနိ တို့၌ အလွန်အားဖြင့် **ခုနစ်ဆယ်**သော ရုပ်တို့သည်၊ ဝါ—ဒသက ကလာပ် ခုနစ်စည်း **တို့သည် ဖြစ်**ကုန်၏။

**တနည်း**ကား—ယုတ်သော အပိုင်း အခြားအားဖြင့် စက္ခု-**ဒသက, သော**တဒသက, ဝတ္ထုဒသက ဟူသော ကလာပ် သုံးစည်း

http://www.dhammadownload.com



ရုပ် သုံးဆယ်တို့သည် ဥပပတ် ယောနိ ရှိသော နတ်ပြဟ္မာတို့တွင် ရူပါဝစရ ပြဟ္မာတို့၌ ရှေးဦးစွာ စက္ခုဒသက သောတဒသက ဝတ္ထုဒသကတို့၏ရင်း, ဇီဝိတနဝက ကလာပ်၏ရင်း ဤသို့ ကလာပ် လေးပါး တို့၏ အစွမ်းဖြင့် သုံးဆယ်သော ရုပ်တို့ သည်ရင်း, ကိုးပါးသော ရုပ်တို့သည်ရင်း ပဋိသန္ဓေ ဝိညာဉ်နှင့် တကွ ဖြစ်ကုန်၏။

ထိုမှတပါး ရူပ ပြဟ္မာတို့ကို ထား၍ သံသေဒဇယောနိ ရူပ ပြဟ္မာတို့မှ တပါးသော ဩပပါတိကယောနိ ရှိကုန်သော သတ္တဝါတို့၌ အလွန်အားဖြင့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသကတို့၏ အစွမ်းအားဖြင့် ရုပ် ခုနစ်ဆယ်တို့သည် ဖြစ်ကုန်၏၊ ထို ခုနစ်ဆယ်သော ရုပ်တို့သည် ကာမာဝစရ နတ်ပြည်တို့၌ အမြဲ ဖြစ်ကုန်၏။

ထို ဒသကတို့တွင် ရူပါရုံ ဂန္ဓာရုံ ရသာရုံ ဩဇာတို့ရင်း, ဘူတရုပ် ဓာတ်လေးပါးတို့ရင်း, စက္ခု ပသာဒရုပ် ဇီဝိတရုပ်ရင်း ဤသို့ ဆယ်ပါးသော ရုပ် အတိုင်း အရှည် ရှိသော ဤ ရုပ် အစု အပေါင်းသည် စက္ခုဒသက မည်၏၊ စက္ခုဒသက ကဲ့သို့ ထို့အတူ ကြွင်းသော ဒသက တို့ကိုလည်း ယှဉ်၍ သိအပ်၏။

ထိုမှတပါး ယုတ်သော အပိုင်း အခြားအားဖြင့် ပဋိသန္ဓေ အားဖြင့် စက္ခု ချို့သော ဇစ္စန္ဓ, သောတ ချို့သော ဇစ္စဗဓိရ, ဃာန ချို့သော ဇစ္စဃာနက, နပုန်း, သံသေဒဇ ပုဂ္ဂိုလ်အား ဇိဝှါဒသက, ကာယဒသက, ဝတ္ထုဒသကတို့၏ အစွမ်းဖြင့် ကလာပ် သုံးစည်း ရုပ် သုံးဆယ်တို့သည် ဖြစ်ကုန်၏။

ဆက်ဦးအံ့—ရုပ် ခုနစ်ဆယ် ရုပ် သုံးဆယ်ဟု ဆိုအပ်ကုန် သော ရုပ်၏ ဥက္ကံသ, အဝကံသ အပိုင်း အခြားတို့၏ အလယ်၌ လျော့သောအားဖြင့် အထူး ကြံခြင်းကို သိအပ်၏၊ ဤသို့ သိပြီး၍ တဖန်—

http://www.dhammadownload.com



ခန္ဓာ၊ အာရုံ၊ လားရာဂတိ၊ အကြောင်းဟိတ်၊ ဝေဒနာ၊ ပီတိ၊ ဝိတက်၊ ဝိစာရတို့ဖြင့် ပဋိသန္ဓေ လေးပါးတို့၏ အချင်းချင်း မတူ မမျှ ကွဲပြားသော အထူးကိုင်း, အချင်းချင်း ညီတူ ညီမျှ မကွဲပြားသော အထူးကိုင်း ပိုင်းခြား၍ သိအပ်၏။

ထင်ရှားစေအံ့—မိဿ အမိဿ အားဖြင့် နှစ်ပါး အပြားရှိသော အကြင် ပဋိသန္ဓေသည်ငှင်း, ထို ပဋိသန္ဓေ၏ အခြားမဲ့ လွန်လေပြီးသော အကြင် စုတိသည်ငှင်း ရှိ၏၊ ထို ပဋိသန္ဓေ စုတိတို့၏ ဤ ခန္ဓာ အာရုံ စသည်တို့ဖြင့် အချင်းချင်း ကွဲပြား မကွဲပြားသော အထူးကို သိအပ်၏။

အဘယ်သို့ သိအပ်သနည်း—ခန္ဓာ လေးပါး ရှိသော အရူပ စုတိ၏ အခြားမဲ့၌ ခန္ဓာ လေးပါး ရှိသည် သာလျှင် ဖြစ်သော အာရုံအားဖြင့်လည်း မပြားသော ပဋိသန္ဓေသည် ရံခါ ဖြစ်၏၊ တခါတရံ မဟဂ္ဂုတ် မဟုတ်သော အာရုံ, ဗဟိဒ္ဓ အာရုံ ရှိသော အရူပ စုတိ၏ အခြားမဲ့၌ မဟဂ္ဂုတ် ဖြစ်သော အဇ္ဈတ္တ အာရုံ ရှိသော အာရုံအားဖြင့် ပြားသော ပဋိသန္ဓေသည် ဖြစ်၏၊ ဤ ပြဆိုပြီးသည်ကား အရူပတုံတို့၌ သာလျှင် ဖြစ်သည်ကို ပြသော နည်းတည်း။

ထိုမှတပါး တရံတခါ ခန္ဓာ လေးပါး ရှိသော အရူပ စုတိ၏ အခြားမဲ့၌ ခန္ဓာ ငါးပါး ရှိသော ကာမာဝစရ ပဋိသန္ဓေသည် ဖြစ်၏၊ တရံတခါ ခန္ဓာ ငါးပါး ရှိသော ကာမာဝစရ စုတိ၏ အခြားမဲ့၌ငှင်း, ရူပါဝစရ စုတိ၏ အခြားမဲ့၌ငှင်း ခန္ဓာ လေးပါး ရှိသော အရူပ ပဋိသန္ဓေသည် ဖြစ်၏၊ ဤသို့ အတိတ် အာရုံ ရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန် အာရုံ ရှိသော ပဋိသန္ဓေသည် ဖြစ်၏။

အချို့သော ကာမသုဂတိ စုတိ၏ အခြားမဲ့၌ အချို့သော ဒုဂ္ဂတိ ပဋိသန္ဓေသည် ဖြစ်၏၊ အဟိတ် စုတိ၏ အခြားမဲ့၌ သဟိတ် ပဋိသန္ဓေသည် ဖြစ်၏၊ ဒုဟိတ် စုတိ၏ အခြားမဲ့၌ တိဟိတ်

http://www.dhammadownload.com



ပဋိသန္ဓေသည် ဖြစ်၏၊ ဥပေက္ခာ သဟဂုတ် စုတိ၏ အခြားမဲ့၌ သောမနဿ သဟဂုတ် ပဋိသန္ဓေသည် ဖြစ်၏။

အပ္ပီတိက စုတိ၏ အခြားမဲ့၌ သပ္ပီတိက ပဋိသန္ဓေသည် ဖြစ်၏၊ အဝိတက္က စုတိ၏ အခြားမဲ့၌ သဝိတက္က ပဋိသန္ဓေသည် ဖြစ်၏၊ အဝိစာရ စုတိ၏ အခြားမဲ့၌ သဝိစာရ ပဋိသန္ဓေသည် ဖြစ်၏၊ အဝိတက္က အဝိစာရ စုတိ၏ အခြားမဲ့၌ သဝိတက္က သဝိစာရ ပဋိသန္ဓေသည် ဖြစ်၏၊ ဤသို့ ထိုထို ခန္ဓာ စသည်၏ ကွဲပြားပုံ အထူးမှ ပြန်လှန်သောအားဖြင့်လည်း အချို့သော ဒုဂ္ဂတိ စုတိ၏ အခြားမဲ့၌ အချို့သော ဒုဂ္ဂတိ ပဋိသန္ဓေ ဖြစ်၏ အစရှိသည်ဖြင့် အကြင် အကြင် ယှဉ်သင့်သော အနက် သဘောကို ယှဉ်အပ်၏၊ ယှဉ်ရာ၏။

ဤသို့ ပြပြီးသော အပြားအားဖြင့် ထို ဝိပါက် ဝိညာဉ်သည် အဝိဇ္ဇာ အစရှိသော ရအပ်သော အကြောင်း ရှိသည် ဖြစ်၍ ရုပ်နာမ် တရားမျှသည် ဖြစ်လတ်သော် "ဘဝ တပါးသို့ ကပ်၏" ဟူ၍ ဝေါဟာရမျှ ဆိုအပ်၏၊ ထို ဝိပါက် ဝိညာဉ်၏ ထို ရှေးဘဝမှ ပြောင်းခြင်း ရွှေခြင်း မဖြစ်၊ ထို ရှေးဘဝ၌ အဝိဇ္ဇာ သင်္ခါရ စသော အကြောင်း ကို ကြဉ် ကင်း၍ မဖြစ်။

ရှုဦးအံ့—ဤသို့ ပြဆိုပြီးသော အပြားအားဖြင့် ထို ဝိပါက် ဝိညာဉ်သည် အဝိဇ္ဇာ အစရှိသော ရအပ်သော အကြောင်း ရှိသည် ဖြစ်၍ ရုပ်နာမ် တရားမျှသည် ဖြစ်သည် ရှိသော် "ဘဝ တပါးသို့ ကပ်၏" ဟူ၍ ဝေါဟာရ မျှသာ ဆိုအပ်၏၊ သတ္တဝါ သည် ကပ်သည် မဟုတ်၊ ဇီဝသည် ကပ်သည် မဟုတ်၊ ထိုမှတပါး ထို ဝိပါက်သည် ဝိညာဉ်၏ အတိတ် ဘဝမှ ဤ ပစ္စုပ္ပန် ဘဝသို့ ပြောင်းရွှေ့ခြင်းသည်လည်း မရှိ၊ ထို အတိတ် ဘဝ၌ အဝိဇ္ဇာ သင်္ခါရ စသော အကြောင်းကိုလည်း ကင်း၍ ဤ ပစ္စုပ္ပန် ဘဝ၌ ထင်ရှား ဖြစ်ခြင်းသည် မဖြစ်၊ ထို ဝိပါက် ဝိညာဉ်ကို ထင်ရှား သော လူတို့၏ စုတိ ပဋိသန္ဓေ အစဉ်ဖြင့် ဖွင့်ပြကုန်အံ့။

http://www.dhammadownload.com



အတိတ် ဘဝ၌ သဘောအားဖြင့်၎င်း၊ ဝါ—အာယု သင်္ခါရ ကုန်ပြီးသော သဘော ဓမ္မတာအားဖြင့်၎င်း, မိမိလုံ့လ သူတပါး လုံ့လဖြင့်၎င်း, အလွန် နီးကပ်သော သေခြင်း ရှိသော သတ္တဝါ၏၎င်း, သည်းမခံနိုင်လောက်အောင် အလုံးစုံသော အင်္ဂါကြီးငယ် အစပ်တို့၏ အဖွဲ့ကို ဖြတ်တတ်သော သေလု ဆဲဆဲ အခါ၌ ဖြစ်သော ဝေဒနာ ဟူသော ကပ်ငြိခြင်းတို့၏ စုဝေး ကျရောက်ခြင်းကို သည်းမခံနိုင်သော သတ္တဝါ၏၎င်း, ကိုယ်၌ နေပူ၌ ပစ်ချအပ်သော ထန်းရွက်စိမ်း ကဲ့သို့ အစဉ်အားဖြင့် ကိုယ်သည် ခြောက်တပ်သည် ရှိသော် စက္ခု အစ ရှိကုန်သော ဣန္ဒြေတို့သည် ချုပ်ကုန် ဆုတ်ကုန်သဖြင့် အလွန် အားနည်းသည် ရှိသော် ဟဒယ ဝတ္ထု တည်ရာ အရပ်မျှ၌ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေတို့သည် တည်ကုန်သည် ရှိသော် ထို ခဏ၌ ကြွင်းသော ဟဒယ ဝတ္ထုကို မှီသော ဝိညာဉ်သည် ဂရုကကံ, အဖန် တလဲလဲ အမြဲ မပြတ် မှီဝဲအပ်သော အာစိဏ္ဏကံ, သေခါနီး၌ ပြုအပ်သော အာသန္နကံ, အပရာပရိယ ဝေဒနီယ ဟူသော ကဋတ္တာကံတို့တွင် တပါးပါးသော ရအပ်သော မိမိမှ ကြွင်းသော အဝိဇ္ဇာ စသော အကြောင်း ရှိသော သင်္ခါရဟု ဆိုအပ်သော ကံမူလည်း ဖြစ်သော ထို ကံသည် ထင်စေအပ်သော ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ် သည်လည်း ဖြစ်သော အာရုံကို အာရုံ ပြု၍ ဖြစ်၏။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် ဖြစ်သော ထို ဝိညာဉ်ကို တဏှာ အဝိဇ္ဇာတို့ကို မပယ်အပ်သေးသည်၏ အဖြစ်ကြောင့် အဝိဇ္ဇာသည် ဖုံးလွှမ်းအပ်သော အဖြစ်ဖြင့် ဖြစ်ရာ ဌာန ဖြစ်သော ထို ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော အာရုံ၌ တဏှာသည် ညွတ်စေ၏။

စိတ်၏ အနီး ဇောဝိညာဉ်နှင့် တကွ ဖြစ်သော စေတနာ ဟူသော သင်္ခါရတို့သည်၊ ဝါ—စိတ်၏ အနီး ဇောဝိညာဉ်နှင့် တကွ ဖြစ်သော ဖဿ စသော သင်္ခါရတို့သည် ပဋိသန္ဓေ ဝိညာဉ်၏ တည်ရာ ဖြစ်သော ထို ကံ စသော အာရုံ၌ ထို ဝိညာဉ်ကို ပစ်ချကုန်၏။

http://www.dhammadownload.com



ထို ဝိညာဉ်သည် စုတိ ပဋိသန္ဓေ ထိုပဋိသန္ဓေ၏ အနီး ဝိညာဉ်တို့၏ အစဉ်၏ အစွမ်းဖြင့် ဝိညာဉ်၏ အဖြစ်ဖြင့် ဆောင်အပ်သော တခုတည်း၏ အဖြစ်သို့ ဆောင်အပ်သည် ဖြစ်၍ တဏှာသည် ညွတ်စေအပ်သည် ဖြစ်၍ မရဏာသန္န ဇောဝိညာဉ်နှင့် တကွ ဖြစ်သော သင်္ခါရတို့သည် ပစ်ချအပ်သည် ဖြစ်၍ ဤမှာဘက်ကမ်း သစ်ပင်၌ ချည်အပ်သော ကြိုးကို ဆွဲ၍ မြောင်းကို လွန်သော ယောကျ်ား ကဲ့သို့ ရှေးဘဝ၌ ဖြစ်သော မိရာ ဝတ္ထုကိုလည်း စွန့်၍၊ နောက်၌ ဖြစ်သော ကံသည် ဖြစ်စေအပ်သော မိရာ ဝတ္ထုကိုလည်း ပဋ္ဌဝေါကာရ ဘုံသားတို့အား ရောက်သည် ရသည် ဖြစ်၍ငင်း, စတုဝေါကာရ ဘုံသားတို့အား မရောက်သည် မရသည် ဖြစ်၍ငင်း အာရုံ သမ္ပယုတ္တ ကမ္မပစ္စည်းတို့ဖြင့် သာလျှင် ဖြစ်၏။

ဤ စုတိ ပဋိသန္ဓေ ဝိညာဉ်တို့တွင် ရှေး ဝိညာဉ်ကို ထင်ရှား ရှိသော ဘဝမှ ရွေ့ခြင်းကြောင့် "စုတိ" ဟူ၍ ဆိုအပ်၏၊ နောက် ဝိညာဉ်ကို ဘဝတပါး၌ အစကို စပ်ခြင်းကြောင့်၊ ဝါ—ဘဝန္တရာဒိ မည်သော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ တပါးတို့ကို စပ်ခြင်းကြောင့် "ပဋိသန္ဓေ" ဟူ၍ ဆိုအပ်၏။

ထို ဝိညာဉ်သည် ရှေး ဖြစ်သော ဘဝမှ ဤ မျက်မြင် ဘဝသို့ လာသည်လည်း မဟုတ်၊ ထို ရှေးဖြစ်သော ဘဝ၌ ပဋိသန္ဓေ ဇနကကံ စုတိ၏ အနီး ဇောဝိညာဉ်နှင့် တကွ ဖြစ်သော စေတနာ ဟူသော သင်္ခါရတို့သည် ပစ်ချအပ်သော အခြင်းအရာဖြင့် ဖြစ်သော တဏှာ ကံ စသော အာရုံ ဤသို့ စသော အကြောင်းကို ကင်း၍ ထင်ရှား ဖြစ်သည်လည်း မဟုတ်၊ ဤသို့ သိအပ်၏။

"ဤသို့ ပဋိသန္ဓေ ဝိညာဉ်၏ ရှေး ဘဝမှ ဤ ပစ္စုပ္ပန် မျက်မှောက် ဘဝသို့ မလာခြင်း, ရှေး ဘဝ၌ အကျုံးဝင်သော အကြောင်းတို့ကြောင့် ဖြစ်ခြင်း၌ "ပဲ့တင်သံ" စသည်တို့သည် ဥဒါဟရဏ်တို့ ဖြစ်ကုန်၏၊ စင်စစ် သန္တာန်၏ စပ်ခြင်းကြောင့် တူသည်၏ အဖြစ်သည်၊ ဝါ—တခု

http://www.dhammadownload.com



တည်း၏ အဖြစ်လည်း မရှိ၊ ထူးထူး ခြားခြား ကွဲပြားသည်၏ အဖြစ်သည်လည်း မရှိ။"

ရှုဦးအံ့—ထို ပဋိသန္ဓေ ဝိညာဉ်၏ ရှေး ဘဝမှ ဤ ပစ္စုပ္ပန် မျက်မှောက် ဘဝသို့ ထိုကဲ့သို့ မလာခြင်း၌၎င်း, ရှေး ဘဝ ဟောင်း၌ အကျုံး ဝင်သော အကြောင်းတို့ကြောင့် ထို ကဲ့သို့ ဖြစ်ခြင်း၌၎င်း ပဲ့တင်သံ, ဆီမီးစက်, တံဆိပ်ရေး, မျက်နှာရိပ်လျှင် အတူ ရှိကုန်သော အကြောင်းတို့သည် ဥဒါဟရဏ်တို့ ဖြစ်ကုန်၏။

ထင်ရှားစေအံ့—ပဲ့တင်သံ, ဆီမီးစက်, တံဆိပ်ရေး, မျက်နှာရိပ်တို့သည် အသံရင်း စသည် အကြောင်းရှိကုန်သည် ဖြစ်ကုန်လတ်သော် မိမိ ဖြစ်ရာမှ တပါး အသံရင်း စသော အကြောင်းရှိရာ အရပ်သို့ မသွားကုန်မူ၍ အသံရင်း စသော အကြောင်းရှိကုန်သည် ဖြစ်ကုန် သကဲ့သို့ ထို အသံရင်း စသည်၏ ဖြစ်ခြင်းမှ ရှေး၌ မရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဤအတူ ဤ ပဋိသန္ဓေ ဝိညာဉ် စိတ်သည်လည်း ကံ စသော အကြောင်းရှိရာ အရပ်သို့ သွား၍ ထို ကံ စသည်လျှင် အကြောင်း ရှိသည် မဖြစ်။

ထိုမှတပါး ဤအကြောင်းကြောင့် ဖြစ်သော ဝိညာဉ်၌ သန္တာန် စပ်သောအားဖြင့် တူသည်၏ အဖြစ်သည် မရှိ၊ အသီးအသီး ထူးထူး ခြားခြား ကွဲပြားသည်၏ အဖြစ်သည်လည်း မရှိ၊ အပြစ်ကို ပြအံ့—သန္တာန်အားဖြင့် စပ်သည် ရှိသော် စင်စစ် တူသည်၏ အဖြစ်သည် အကယ်၍ ဖြစ်ရာ၏၊ ဤသို့ သန္တာန် စပ်သောအားဖြင့် တခုတည်း၏ အဖြစ် တူသည်၏ အဖြစ် ဖြစ်ခဲ့သော် နို့ရည်ကြောင့် နို့ဓမ်း၏ ဖြစ်ခြင်းသည် မဖြစ်ရာပြီ။

စင်စစ် ထူးသည်၏ အဖြစ်သည်လည်း အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ စင်စစ် ထူးသည်၏ အဖြစ်သည် ဖြစ်ခဲ့သော်လည်း နို့ရည်နှင့် တကွ စပ်ခြင်း ရှိသော နို့ဓမ်းသည် မဖြစ်ရာ၊ ဤသို့

http://www.dhammadownload.com



သိအပ်၏၊ ဗီဇ အကုရ အစရှိကုန်သော အလုံးစုံသော အကြောင်း, အကြောင်းကြောင့် ဖြစ်သော အကျိုး တရားတို့၌ လည်း မြဲဆိုပြီးသော ဤနည်းကို မှတ်အပ်၏။

နောက်ထပ် အပြစ်ကို ဆိုအံ့—ဤသို့ စင်စစ် တူသည်၏ အဖြစ်, စင်စစ် ထူးသည်၏ အဖြစ်ကို ယူသည့် ရှိသော် အလုံးစုံသော လောက ဝေါဟာရ ပျောက်ပျက်ခြင်းသည် ဖြစ်ရာ၏၊ ထိုသို့ လောက ဝေါဟာရ ပျောက်ပျက်ခြင်းကိုလည်း အလို မရှိသင့်၊ ထိုသို့ ဖြစ်နိုင်ခဲသည်၏ အဖြစ်ကြောင့် ဤ အလုံးစုံသော အကြောင်း, အကြောင်းကြောင့် ဖြစ်သော အကျိုး ဝိညာဉ်၌ စင်စစ် တူသည်၏ အဖြစ်ကိုရင်း, မတူကွဲပြား ထူးခြားသည်၏ အဖြစ်ကိုရင်း စွဲလမ်းတမူ မယူအပ်၊ ဤသို့ သိအပ်၏။

## စောဒနာဝင်ပုံ

ဤသို့ သန္တာန် စပ်ကုန်သော အကြောင်း, အကြောင်းကြောင့် ဖြစ်သော အကျိုး ဝိညာဉ်ကို ဆိုရာ၌ ရပ်တန့်၍ စောဒက ဆရာသည် ဆို၏၊ ဆိုပုံကား—"ဤသို့ ဘဝဟောင်းမှ ဘဝ သစ်သို့ မပြောင်းဘဲ ဝိညာဉ်၏ ထင်ရှား ဖြစ်ခြင်းသည် ရှိသော် ဤ လူ၏ အတ္တဘော၌ အကြင် ခန္ဓာတို့သည် ရှိကုန်၏၊ ထို အဟောင်း ဖြစ်သော ခန္ဓာတို့၏ ချုပ်သည်၏ အဖြစ်ကြောင့်ရင်း, အကျိုး၏ အကြောင်း ဖြစ်သော ကံ၏ ထို အကျိုးဖြစ်ရာ ဘဝသစ်သို့ မသွားခြင်းကြောင့်ရင်း ကံကို ပြုသူမှ တပါးသော သူအား ထို အကျိုးသည် ဖြစ်ရာသလော။

ဖြစ်စေအပ်သော ကံမှ တပါးကြောင့်လည်း ထို အကျိုးသည် ဖြစ်ရာသလော၊ 'ဓမ္မ အစုမျှသည် သာလျှင် ဘဝသစ်သို့ ကပ်၏' ဟု ဆရာသည်ပင် အောက်၌ ဆိုအပ်သည်၏ အဖြစ်ကြောင့် အကျိုးကို ခံစားတတ်သော သူသည်လည်း မရှိခဲ့သော် အဘယ် သူအား ထို အကျိုးသည် ဖြစ်ရာသနည်း၊ ထို့ကြောင့် ဤဘဝ ဟောင်းမှ ဘဝသစ်သို့ ပြောင်း၍ ဓမ္မ အစုသာ ဘဝသစ်၌

http://www.dhammadownload.com



ဖြစ်၏၊ သတ္တ ဇီဝ မဖြစ်” ဟူသော အစီအရင်သည် မကောင်းသေး၊ * ဤသို့ စောဒက ဆရာသည် ဆို၏။

ဖြေမိန့်ကား

ထိုသို့ စိစစ် စောကြောရာ၌ ဤ အဖြေကို ဆိုအပ်၏—

တခုသော သန္တာန်၌ အကြင် အကျိုးသည် ဖြစ်၏၊ ထို အကျိုးသည် တပါးသော သန္တာန်အား မဖြစ်၊ ဝါ—အခြား တပါးသော သူ၏ အကျိုးသည် မဖြစ်၊ ပြုအပ်သော ကံမှ တပါးကြောင့်လည်း မဖြစ်၊ သရက်စေ့ အစရှိသည်တို့ကို ပြုပြင် စိုက်ပျိုးခြင်းသည် ထို သရက်ပင် သရက်သီး စသော အကျိုးကို ပြီးစေတတ်၏။

ချဲဦးအံ့—တခုသော သန္တာန်၌ အကျိုးသည် ဖြစ်သည် ရှိသော် ထို ကံ၏ ဖြစ်ရာ တခုသော တရား အစု အပေါင်း၏ အစဉ်၌ စင်စစ် တူသည်၏ အဖြစ် ထူးသည်၏ အဖြစ်တို့၏ တားမြစ်အပ်သည်၏ အဖြစ်ကြောင့် ကံကို ပြုသူမှ တပါးသော သူအား ထို အကျိုးသည် ဖြစ်၏ ဟူ၍၎င်း, ဖြစ်စေအပ်သော ကံမှ တပါးကြောင့် ထို အကျိုးသည် ဖြစ်၏ ဟူ၍၎င်း မဆိုသင့်၊ ထို ဆိုအပ်ပြီးသော စကား၏ အနက်ကို သရက်စေ့ စသော မျိုးစေ့တို့ကို ပြုပြင် စီရင် စိုက်ပျိုးခြင်းသည် ပြီးစေ၏။

* စောဒက ဆရာ၏ အာဘော်ကား “ဘဝဟောင်းမှ ဘဝသစ်သို့ မပြောင်းခဲ့သော် ဘဝဟောင်း၌ ခန္ဓာ အပေါင်း ချုပ်ပြီးရကား ဘဝသစ်၌ ဖြစ်သော အကျိုး၏ အကြောင်း ဖြစ်သော ကံသည်လည်း ဘဝသစ် အကျိုး ဖြစ်ရာသို့ မသွားခဲ့ရကား ကံပြုသူကား တယောက်, ကံ၏ အကျိုးကို ခံစားသူကား တယောက် ဖြစ်၍ ကံပြုသူမှ တပါးသော သူအား ထို အကျိုးသည် ဖြစ်ရာသလော၊ အကြင် ကံကို ဤ ဘဝ၌ ဖြစ်စေအပ်၏၊ ထို ကံလည်း မသွားခဲ့သောကြောင့် ထို ဖြစ်စေအပ်သော ကံမှ တပါးကြောင့် ဘဝသစ် အကျိုးသည် ဖြစ်ရာသလော၊ “မေ့မတ္တံ ဥပ္ပန္နမာနံ ဘဝန္တရံ ဥပေတိ၊ န သတ္တော ဇီဝေါ” ဟူ၍ အောက်၌ ဆရာ ဆိုခဲ့သောကြောင့် စေ့ အစုလည်း မခံစားတတ်, အကျိုးကို ခံစားသော သတ္တ ဇီဝ မရှိခဲ့သော် ထို ဘဝသစ် အကျိုးကို အဘယ်သူ ခံစားပါမည်နည်း၊ ခံစားသူ မရှိသော် ထို အကျိုးသည် အဘယ် သူတို့အား ဖြစ်ပါမည်နည်း၊ ထို့ကြောင့် ဆရာ ဆိုသော အစီရင်သည် မကောင်းပါသေး” ဟု ဆိုလိုသည်။

http://www.dhammadownload.com



* သရက် မျိုးစေ့ စသော မျိုးစေ့တို့ကို ပြုပြင် စီရင် စိုက်ပျိုးခြင်းတို့ကို ပြုအပ်ကုန်သည် ရှိသော် ထို သရက် မျိုးစေ့ စသည်၏ အစဉ်၌ ရအပ်သော အထောက်အပံ့ ရှိသည် ဖြစ်၍ ကာလ တပါး၌ ဖြစ်သော အကျိုးထူးသည် သရက် မျိုးစေ့မှ တပါးသော မျိုးစေ့တို့၏ အသီးသည် မဖြစ်၊ တပါးသော မျိုးစေ့ကို ပြုပြင် စိုက်ပျိုးခြင်း ဟူသော အကြောင်းကြောင့်လည်း မဖြစ်၊ ထိုထို သရက် မျိုးစေ့တို့သည်၎င်း, ထိုထို ပြုပြင်ခြင်းတို့သည်၎င်း အသီး ဖြစ်ရာသို့ ရောက်လည်း မရောက်ကုန်၊ ထို့အတူ ဤ ဥပမာ၏ ပြီးခြင်းကို သိအပ်၏။

ဥပမာ တထုံးကား—† သူငယ်၏ ကိုယ်၌ ယှဉ်အပ်ကုန်သော ကာလ တပါး၌ ကြီးသော ကိုယ် အစရှိသည်တို့၌ အကျိုး ပေးကုန်သော ဗေဒင် သင်ခြင်း, ဆင်အတတ် မြင်းအတတ် အစ ရှိသည်တို့ကို သင်ခြင်း, ဆေးကုခြင်း အစရှိသည်တို့ဖြင့်လည်း ဤသို့သော အနက် အဓိပ္ပါယ်ကို သိအပ်၏။

"အကျိုးကို ခံစားတတ်သော သူသည် မရှိခဲ့သော် အဘယ် သူအား ထို အကျိုးသည် ဖြစ်ရာအံ့နည်း" ဟူသော အကြင်

---

* သရက် မျိုးစေ့ စသည်ကို ပြုပြင်ခြင်း ဥပမာကို ပြရာ စကားရပ်၌ ပြုပြင်အပ်သော မျိုးစေ့ကဲ့သို့ ကံရှိသော သတ္တဝါကို သိအပ်၏၊ ပြုပြင်ခြင်း ကဲ့သို့ ကံကို သိအပ်၏၊ မျိုးစေ့၏ အညွန့် အညှောက် စသော အစဉ်ကဲ့သို့ သတ္တဝါ၏ ပဋိသန္ဓေ ဝိညာဉ် အစရှိသော အစဉ်ကို သိအပ်၏၊ ထို အညွန့် အညှောက် အစရှိသော အဆက်ဆက် ဖြစ်သော ဘူတရုပ် ဥပါဒါရုပ် အစဉ်၌ ဖြစ်သော ကောင်းမွန်သော အရသာ ရှိသော အသီး၏၎င်း, ထို ပြုပြင်ခြင်း ရှိသော မျိုးစေ့၏၎င်း ထို ရေလောင်းခြင်း စသည်ကို ပြုခြင်းကြောင့် သာလျှင် ဖြစ်ခြင်းကဲ့သို့ ကံကို ပြုသော သတ္တဝါအား သာလျှင် ထို မိမိ ပြုသော ကံကြောင့် သာလျှင် အကျိုး၏ အဖြစ်ကို သိအပ်၏။

† ငယ်ရွယ်သော သူ၏ ကိုယ်၌ ပြုအပ်သော မန္တာန် ဝိဇ္ဇာကို သင်ခြင်းသည်၎င်း, ဆင်စီးအတတ် မြင်းစီးအတတ် စသည်ကို သင်ခြင်းသည်၎င်း, ဆေးထိုးနှံ့ခြင်းသည်၎င်း, ကြီးရင့်သော သူ၏ကိုယ်ကို မရောက်ကုန်၊ ဤသို့ မရောက်သော်လည်း ထိုသို့သင်ကြားခြင်း, ဆေးထိုးနှံ့ခြင်းတည်းဟူသော အကြောင်းကြောင့် မန္တာန် ဝိဇ္ဇာအတတ်၌ ထက်မြက် လိမ္မာသော အဖြစ်သည်၎င်း, ဆင်စီး မြင်းစီး အတတ်ကို ကျွမ်းကျင် လိမ္မာခြင်း သည်၎င်း, အနာ ကင်းသောအဖြစ်သည်၎င်း ကြီးသောကိုယ်၌ ဖြစ်လည်းဖြစ်ကုန်၏၊ ထို တတ်မြောက် လိမ္မာခြင်း အနာကင်းခြင်းတို့သည် ငယ်ရွယ်စဉ်အခါ အတတ်ပညာကို သင်သောသူ ဆေးထိုးသော သူမှ တပါးသောသူအား မဖြစ်ကုန်။

http://www.dhammadownload.com



**စကားကိုလည်း စောဒက ဆရာသည် ဆို၏၊ ထို စောဒနာ စကား၌ အဖြေကား—**

"သုံးဆောင် ခံစားတတ်သော သူ မရှိသော်လည်း အကျိုး၏ ဖြစ်ခြင်းဖြင့် ပင်လျှင် သုံးဆောင် ခံစားတတ်၏ဟု သမုတ် ခြင်းသည် ပြီး၏၊ ဥပမာသော် အသီး၏ ဖြစ်ခြင်းဖြင့် သစ်ပင်၏ သီး၏ ဟူ၍ သမုတ်ခြင်းသည် ပြီးသကဲ့သို့တည်း။"

ရှုဦးအံ့—သစ်ပင်ဟု ခေါ်ဝေါ် ပညတ် သမုတ်အပ်ကုန်သော၊ ဝါ—သစ်ပင် ဟူသော ပညတ်၏ စွဲလမ်းရာ ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ် တရားတို့၏ တစိတ် တဒေသ ဖြစ်၍ ဖြစ်သော သစ်သီး၏ ဖြစ်ခြင်းဖြင့် သာလျှင် သစ်ပင်သည် သီး၏ ဟူ၍၎င်း, အသီး ရောက်၏, ဖြစ်သော အသီး ရှိ၏ ဟူ၍၎င်း ဆိုအပ်သကဲ့သို့ ထို့အတူ နတ် လူဟု ခေါ်ဝေါ် ပညတ် သမုတ်အပ်ကုန်သော၊ ဝါ—နတ် လူ ဟူသော ပညတ်၏ စွဲလမ်းရာ ဖြစ်ကုန်သော ခန္ဓာ လေးပါး ခန္ဓာ ငါးပါးတို့၏ တစိတ် တဒေသ ဖြစ်၍ ဖြစ်သော သုံးဆောင် ခံစားအပ်သည်ဟု ဆိုအပ်သော သုခ ဒုက္ခ ဟူသော အကျိုး၏ ဖြစ်ခြင်းဖြင့် သာလျှင် နတ်သည်၎င်း လူသည်၎င်း သုံးဆောင် ခံစား၏ ဟူ၍၎င်း, ဖြစ်သော ချမ်းသာ ရှိ၏ ဟူ၍၎င်း, ဖြစ်သော ဆင်းရဲ ရှိ၏ ဟူ၍၎င်း ဆိုအပ်၏။

ထိုသို့ ခန္ဓ သန္တာန်၌ အကျိုး၏ ဖြစ်သဖြင့် ခံစားတတ်၏ ဟူသော ဝေါဟာရ၏ ဖြစ်ခြင်းကြောင့် ထို ခန္ဓ သန္တာန်၌ ကုသိုလ် အကုသိုလ် စေတနာ ဖြစ်သည် ရှိသော် "ကောင်းမှုကို ပြု၏၊ မကောင်းမှုကို ပြု၏" ဟု ကတ္တု ဝေါဟာရ ဖြစ်သကဲ့သို့ ထို့အတူ ထို ကုသိုလ် အကုသိုလ်၏ အကျိုး ဖြစ်လတ်သော် "ချမ်းသာကို ခံစား၏၊ ဆင်းရဲကို ခံစား၏" ဟု သုံးဆောင် ခံစားခြင်း, သုံးဆောင် ခံစားတတ်သူ ဟူ၍ ဝေါဟာရ ဖြစ်ခြင်း ကြောင့် ဤသို့ ဖြစ်ရာ၌ ခန္ဓာမှ အလွတ် အခြား တပါးဖြစ်သော ခံစားတတ်သည် မည်စကောင်းသော ကတ္တားဖြင့် တစိုးတစိ သော အကျိုးသည် မရှိ၊ ဤသို့ ခွဲဝေ အဖြေကို မှတ်အပ်၏။

http://www.dhammadownload.com



ဤသို့ တဘဝမှ တဘဝသို့ မပြောင်းသောအားဖြင့် ထင်ရှား ဖြစ်ခြင်းသည်၎င်း, ထို မပြောင်းသောအားဖြင့် ထင်ရှား ဖြစ်ခြင်း၌ အကြင် အကြင် စောဒက ဆရာ၏ စောဒနာကို ဖြေရှင်းခြင်း ပြီးမြောက်သည်၎င်း ဖြစ်ပင် ဖြစ်ငြားသော်လည်း "ထို သဉ္ဇီရ တို့သည် ထင်ရှား ရှိကုန်သည် ဖြစ်၍မူလည်း အကျိုး၏ အကြောင်းတို့သည် ဖြစ်ကုန်ရာသလော၊ ထင်ရှား မရှိကုန် မူ၍လည်း အကျိုး၏ အကြောင်းတို့သည် ဖြစ်ကုန်ရာသလော၊ ထင်ရှား ရှိကုန်သည် ဖြစ်၍ အကျိုး၏ အကြောင်းသည် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ဤသို့ ဖြစ်သည် ရှိသော် သဉ္ဇီရတို့၏ ဖြစ်ဆဲ ဝတ္တမာန် ခဏ၌ သာလျှင် ထို သဉ္ဇီရတို့၏ အကျိုးသည် ဖြစ်ရာ၏၊ ထင်ရှား မရှိကုန်မူ၍ အကျိုး၏ အကြောင်းသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်သည် ရှိသော် သဉ္ဇီရတို့၏ ဖြစ်ဆဲ ဝတ္တမာန် ခဏ၌၊ ဝါ—ထံကို အားထုတ်ဆဲ ခဏမှ ရှေး၌၎င်း, အကျိုးကို ဖြစ်စေခြင်း ရင့်စေခြင်း မှည့်စေခြင်း ကျက်စေခြင်း၏ ဖြစ်ခြင်းမှ နောက်၌၎င်း အမြဲ အကျိုးကို ဆောင်ကုန်သည် ဖြစ်ကုန်ရာ၏" ဟု ဤသို့ အကြင် အယူ မညီ ပရဝါဒီက ဆိုရာ၏၊ ထို ပရဝါဒီကို သကဝါဒီသည် ဤ ပြဆိုလတ္တံ့သော နည်းဖြင့် ဆိတ်ဆိတ် မနေ ပြန်ချေအပ်၏။

> "ပြုအပ်သည်၏ အဖြစ်ကြောင့် ထို သဉ္ဇီရတို့သည် အကျိုး၏ အကြောင်းတို့သည် ဖြစ်ကုန်၏၊ အမြဲ အကျိုးကို ဆောင်ကုန်သည်လည်း မဖြစ်ကုန်၊ ဤ အနက်ကို ထိုထို ထင်ရှားစွာ ပြခြင်း၌ ဝန်ခံခြင်း အစရှိသော ညွှန်ပြကြောင်း ဥဒါဟရဏ်ကို ပညာရှိသည် သိအပ်၏။"

ချဲ့ဦးအံ့—ပြုအပ်သည်၏ အဖြစ်ကြောင့် သာလျှင် သဉ္ဇီရ တို့သည် မိမိ၏ အကျိုးအား ကျေးဇူး ပြုကုန်၏၊ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့်၎င်း, ထင်ရှား မရှိသည်၏ အဖြစ်ကြောင့်၎င်း အကျိုးအား ကျေးဇူး ပြုတတ်သည် မဖြစ်ကုန်၊ ရှင်တော်ဘုရား အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား—

http://www.dhammadownload.com



"ကာမာဝစရဿ ကုသလဿ ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ"

"ကာမာဝစရ ကုသိုလ်ကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် အကျိုးဖြစ်သော စက္ခု ဝိညာဉ်သည် ခဏတ္တယသို့ ရောက်သည် ထင်ရှား၏။"

ဤသို့ အစရှိသော စကားကို ဘုရား ဟောတော်မူ၏။

ထိုမှတပါး ထိုက်သည်အား လျော်သော မိမိ၏ အကျိုးအား ကျေးဇူး ပြုကုန်သည် ဖြစ်၍ တဖန် အကျိုးကို ဆောင်ကုန်သည် မဖြစ်ကုန်၊ အဘယ့်ကြောင့်နည်း ဟူမူကား—ဖြစ်စေအပ်ပြီး ရင့်စေအပ်ပြီး မှည့်စေအပ်ပြီး ကျက်စေအပ်ပြီးသော အကျိုးရှိသည်၏ အဖြစ်ကြောင့်တည်း၊ဤ အနက်ကို ထင်စွာ ပြခြင်း၌ကား ဤ "ဝန်ခံခြင်း" ပါဋိဘောဂ၊ "ဘဏ္ဍာကို ဝယ်ခြင်း" ဘဏ္ဍာကီဏန၊ "မြီကြွေး ချေးယူခြင်း" ဣဏာဂဟဏ ဟူသော ဥဒါဟရုဏ်ကို သိအပ်၏။

ထင်ရှားစေအံ့—လောက၌ အကြင် သူသည် တစုံတရာသော အစီး အပွါးကို ဆောင်နှင်းခြင်းငှါ ဝန်ခံခြင်းသည် ဖြစ်၏၊ ဘဏ္ဍာကိုလည်း ဝယ်၏၊ မြီကိုမူလည်း ချေးယူ၏၊ ထိုသူ၏ ထို ဝန်ခံခြင်း ကိရိယာ, ဘဏ္ဍာ ဝယ်ခြင်း ကိရိယာ, မြီချေးယူခြင်း ကိရိယာ မျှသည်သာလျှင် ထို အကျိုး စီးပွါးကို ဆောင်နှင်းခြင်း, ဝယ်သော ဘဏ္ဍာဘိုးကို ပေးခြင်း, ချေးသော မြီကို ချေဆပ်ခြင်း၌ ကျေးဇူး ပြုသည် ဖြစ်၏၊ ကိရိယာ၏ ထင်ရှား ရှိသည်၏ အဖြစ်သည်ငှင်း, ထင်ရှား မရှိသည်၏ အဖြစ်သည်ငှင်း ကျေးဇူး ပြုသည် မဖြစ်၊ ထို အကျိုး စီးပွါးကို ဆောင်နှင်းခြင်း အစရှိသည်မှ နောက်၌လည်း အမြဲ ဆောင်နှင်းခြင်းသည် သာလျှင် ဖြစ်လည်း မဖြစ်၊ အဘယ့်ကြောင့်နည်း၊ ဆောင်နှင်းခြင်း, ဘဏ္ဍာဘိုးကို ပေးခြင်း, မြီကို ချေဆပ်ခြင်းတို့၏ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်တည်း၊ ထို့အတူ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်

http://www.dhammadownload.com



သင်္ခါရတို့သည်လည်း မိမိ၏ အကျိုးအား ကျေးဇူး ပြုတတ်ကုန်၏၊ ထိုက်သည့်အား လျော်စွာ အကျိုး ပေးသည့်မှ နောက်၌လည်း အကျိုးကို ဆောင်ကုန်သည် ဖြစ်လည်း မဖြစ်ကုန်၊ ဤသို့ ဆိုအပ်၏၊ ဤရွေ့ ဤမျှသော စကား အစီ အစဉ်ဖြင့် မိဿ, အမိဿ၏ အစွမ်းဖြင့် နှစ်ပါးသော အပြားအားဖြင့်လည်း ပစ္စုပ္ပန်ဖြစ်သော ပဋိသန္ဓေ ဝိညာဉ်၏ သင်္ခါရ ဟူသော အကြောင်းကြောင့် ဖြစ်ခြင်းကို ပြအပ်၏။

သင်္ခါရကြောင့် ဖြစ်သော ပစ္စုပ္ပန် ပဋိသန္ဓေ ဝိညာဉ် ပြီး၏။

---

## သုံးဆဲ့ နှစ်ပါးသော ပဋိသန္ဓေ ပဝတ္တိ ဝိပါက် ဝိညာဉ်တို့၌ သင်္ခါရတို့၏ ကျေးဇူး ပြုပုံ အကျယ်

ယခု အခါ၌ အလုံးစုံ သာလျှင် ဖြစ်ကုန်သော ထို သုံးဆဲ့နှစ်ပါးသော ဝိပါက် ဝိညာဉ်တို့၌ ပြဆိုခဲ့ပြီးသော အပြားရှိသော သင်္ခါရတို့၏ ပဋိသန္ဓေ အခါ၌ငှင်း, ပဝတ္တိ အခါ၌ငှင်း ကျေးဇူး ပြုသည်၏ အဖြစ်ကို ဝေဘန်၍ မပြခြင်းကြောင့် ဖြစ်လတ့်သော တွေဝေခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှါ အောက်ပါ အတိုင်း သိအပ်၏—

> ထို သင်္ခါရတို့သည် ကမ္မပစ္စည်း စသော အကြင် အကြင် သို့သော အခြင်းအရာဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ အကြင် ဝိပါက် ဝိညာဉ်တို့အားလည်း ကျေးဇူး ပြုတတ်ကုန်၏၊ ဘဝ, ယောနိ စသည်တို့၌ ပဋိသန္ဓေ ပဝတ္တိတို့၏ အစွမ်းအားဖြင့် ထို ဝိပါက် ဝိညာဉ်တို့ကိုငှင်း, ထို သင်္ခါရတို့ကိုငှင်း ထိုထို သို့သော အခြင်းအရာဖြင့် ပညာရှိသည် သိအပ်၏။

ထို ဂါထာ၌ ဘဝ သုံးပါးတို့ငှင်း, ယောနိ လေးပါးတို့ငှင်း, ဂတိ ငါးပါးတို့ငှင်း, ဝိညာဏဋ္ဌိတိ ခုနစ်ပါးတို့ငှင်း, သတ္တာဝါသ ကိုးပါးတို့ငှင်း ဤသို့ ထိုပုဒ် အနက်တို့သည် ဘဝ စသည် မည်ကုန်၏၊ ထို ဘဝ စသည်တို့၌ ပဋိသန္ဓေ အခါ၌ငှင်း, ပဝတ္တိ

http://www.dhammadownload.com



အခါ၌ငင်း ထို သဏ္ဍိရတို့သည် အကြင် သုံးဆဲ့ နှစ်ပါးသော ဝိပါက် ဝိညာဉ်တို့အား ကျေးဇူး ပြုတတ်ကုန်၏၊ အကြင် အကြင် သို့သော အခြင်း အရာအားဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ ထိုထို သို့သော အခြင်း အရာအားဖြင့် သိအပ်ကုန်၏ဟု ဆိုလိုသည်။

ထို သဏ္ဍိရတို့တွင် ပုညာဘိသင်္ခါရ၌ ရှေးဦးစွာ ကာမာဝစရ ကုသိုလ် ရှစ်ပါး စေတနာ အပြား ရှိသော ပုညာဘိသင်္ခါရသည် သာမညအားဖြင့်၊ ဝါ—"တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် စေတနာ သည် တိဟိတ် ပဋိသန္ဓေ ဝိညာဉ်အား, တိဟိတ် ဩမက ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ် စေတနာသည် ဒွိဟိတ် ပဋိသန္ဓေ ဝိညာဉ်အား" ဤသို့ စသော အဝယဝ ဘေဒကို မဝေဘန်မူ၍ သာမည အပေါင်းအားဖြင့် ကာမသုဂတိ ဘုံ၌ ဝိပါက် ဝိညာဉ် ကိုးပါး တို့အား ပဋိသန္ဓေ အခါ၌ နာနာက္ခဏိက ကမ္မပစ္စည်းဖြင့်ငင်း, ပကတူပနိဿယ ပစ္စည်းဖြင့်ငင်း ဤသို့ နှစ်ပါးသော အဘို့ဖြင့် ကျေးဇူး ပြုတတ်၏။

ရူပါဝစရ ကုသိုလ် စေတနာ ငါးပါး အပြား ရှိသော ပုညာဘိသင်္ခါရသည် ရူပဘုံ၌ ပဋိသန္ဓေ အခါမှ စ၍ ပဝတ္တိ တိုင်အောင်သော အခါ၌ ရူပါဝစရ ဝိပါက် ဝိညာဉ် ငါးပါး တို့အား နာနာက္ခဏိက ကမ္မပစ္စည်းဖြင့်ငင်း, ပကတူပနိဿယ ပစ္စည်းဖြင့်ငင်း ဤသို့ နှစ်ပါးသော အဘို့ဖြင့် ကျေးဇူး ပြုတတ်၏။

ထိုမှတပါး ပြဆိုပြီးသော ကာမာဝစရ ကုသိုလ် စေတနာ ရှစ်ပါး ဟူသော ပုညာဘိသင်္ခါရသည် ကာမသုဂတိ ခုနစ်ဘုံ၌ ဥပေက္ခာ သဟဂုတ် အဟိတ် မနောဝိညာဏဓာတ်, သန္တီရဏ သည် ကြဉ်အပ်သော ကာမာဝစရ ဝိပါက် ဝိညာဉ် ခုနစ်ခု တို့အား။ ဝါ—ကုသလဝိပါက် ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သောမနဿ သဟဂုတ် သန္တီရဏ ခုနစ်ပါးတို့အား ပြဆိုပြီးသော နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါး အားဖြင့် ပဝတ္တိ အခါ၌ ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး ပြုတတ်သည် မဖြစ်။

http://www.dhammadownload.com



ထို ကာမာဝစရ ကုသိုလ် စေတနာ ရှစ်ပါး ဟူသော ပုညာဘိသင်္ခါရသည် ပင်လျှင် ရူပဘုံ၌ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ နှစ်ပါး ဟူသော ဝိပါက် ဝိညာဉ် ငါးပါးတို့အား နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဝတ္တိ အခါ၌ ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်။

ကာမ ဒုဂ္ဂတိ လေးဘုံ၌ကား ကာမာဝစရ ကုသလ ဝိပါက် ဝိညာဉ် ရှစ်ပါးတို့အား ထို ရှေးအတူ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဝတ္တိ အခါ၌ ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်၊ ထို အပါယ် လေးဘုံတွင် ငရဲဘုံ၌ အရှင် မဟာမောဂ္ဂလာန် မထေရ်၏ ငရဲပြည်သို့ ဒေသစာရီ လှည့်လည်ရာ ကာလ စသည်တို့၌ ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်းကြောင့် ထို ပြဆိုပြီးသော ကာမာဝစရ ကုသိုလ် စေတနာ ရှစ်ပါး ဟူသော ပုညာဘိသင်္ခါရသည် ကာမာဝစရ ကုသလ ဝိပါက် ဝိညာဉ် ရှစ်ပါးတို့အား ကျေးဇူး ပြုတတ်၏၊ တိရစ္ဆာန် ဘုံတို့၌၎င်း, တန်ခိုး ကြီးသော ပြိတ္တာတို့၌၎င်း ဣဋ္ဌာရုံကို ရလွယ်သည် သာလျှင်တည်း။

ထို ကာမာဝစရ ကုသိုလ် စေတနာ ရှစ်ပါး ဟူသော ပုညာဘိသင်္ခါရသည် ပင်လျှင် ကာမ သုဂတိ ခုနစ်ဘုံ၌ တဆဲ့ခြောက်ပါးကုန်သော ကုသလ ဝိပါက် ဝိညာဉ်တို့အား ထို ရှေးအတူ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဝတ္တိ အခါ၌၎င်း, ပဋိသန္ဓေ အခါ၌၎င်း ကျေးဇူး ပြုတတ်၏။

ဆက်ဆံသည်ကို ဆိုအံ့—ကာမာဝစရ, ရူပါဝစရဟု အထူး မဝေဘန် သာမန်အားဖြင့် တဆဲ့ သုံးပါးသော ပုညာဘိသင်္ခါရသည် ရူပဘုံ၌ စက္ခုဝိညာဉ်,သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ နှစ်ပါး, ရူပါဝစရ ဝိပါက် ငါးပါး ဟူသော ဝိညာဉ် တဆယ်တို့အား ထို ရှေးအတူ နာနာက္ခဏိက ကမ္မပစ္စည်း,

http://www.dhammadownload.com



ပကာတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဝတ္တိ အခါ၌ရင်း, ပဋိသန္ဓေ အခါ၌ရင်း ကျေးဇူး ပြုတတ်၏။

တဆဲ့ နှစ်ပါးကုန်သော အကုသိုလ် စေတနာ အပြားရှိသော အပုညာဘိသင်္ခါရသည် ကာမဒုဂ္ဂတိ လေးဘုံ၌ တပါးတည်း သာလျှင် ဖြစ်သော အကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ ဝိညာဉ်အား ထို နာနာက္ခဏိက ကမ္မပစ္စည်း, ပကာတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဋိသန္ဓေ အခါ၌ ကျေးဇူး ပြုတတ်၏၊ ပဝတ္တိ အခါ၌ ကျေးဇူး မပြုတတ်။

ဥပေက္ခာ သဟဂုတ် သန္တီရဏ ကြဉ်သော အကုသလ ဝိပါက် ဝိညာဉ် ခြောက်ပါးတို့အား ပဝတ္တိ အခါ၌ ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်၊ အထူး မဝေဘန် သာမန် အားဖြင့်ကား အကုသလ ဝိပါက် ဝိညာဉ် ခုနစ်ပါးတို့အား ပဝတ္တိ အခါ၌ရင်း, ပဋိသန္ဓေ အခါ၌ရင်း ထို ရှေးအတူ နာနာက္ခဏိက ကမ္မပစ္စည်း, ပကာတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။

ကာမ သုဂတိ ခုနစ်ဘုံ၌ကား ထို အကုသလ ဝိပါက် ဝိညာဉ် ခုနစ်ပါးတို့အား သာလျှင် ထို ရှေးအတူ နာနာက္ခဏိက ကမ္မ ပစ္စည်း, ပကာတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဝတ္တိ အခါ၌ ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်။

ရူပဘုံ၌ အကုသလ ဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ဟူသော အကုသလ ဝိပါက် ဝိညာဉ် လေးပါးတို့အား ထို နာနာက္ခဏိက ကမ္မပစ္စည်း, ပကာတူပ-နိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဝတ္တိ အခါ၌ ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်။

ထို အပုညာဘိသင်္ခါရသည် စင်စစ် ကာမာဝစရ ဘုံ၌ ထင်ရှား ရှိသော အနိဋ္ဌ ရူပါရုံကို မြင်ခြင်း, အနိဋ္ဌ သဒ္ဒါရုံကို

http://www.dhammadownload.com



ကြားခြင်း၏ အစွမ်းဖြင့် ကျေးဇူး ပြုတတ်၏၊ မြဟ္မာ့ဘုံ၌ကား အနိဋ္ဌ ရူပါရုံ, အနိဋ္ဌ သဒ္ဒါရုံ စသည်တို့သည် မရှိကုန်၊ ကာမာဝစရ နတ်ဘုံတို့၌လည်း ထိုအတူ အနိဋ္ဌ ရူပါရုံ စသည်တို့သည် များသောအားဖြင့် မရှိကုန်။

အာနေဉ္ဇာဘိသင်္ခါရသည် အရူပဘုံ၌ အရူပ ဝိပါက် ဝိညာဉ် လေးပါးတို့အား ထို ရှေးအတူ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါး အဘို့အားဖြင့် သာလျှင် ပဝတ္တိ အခါ၌ငင်း, ပဋိသန္ဓေ အခါ၌ငင်း ကျေးဇူး ပြုတတ်၏။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ရှေးဦးစွာ ဘုံသုံးပါးတို့၌ ပဋိသန္ဓေ ပဝတ္တိ တို့၏ အစွမ်းအားဖြင့် သာလျှင် ထို သင်္ခါရတို့သည် အကြင် သုံးဆဲ့ နှစ်ပါးသော ဝိပါက် ဝိညာဉ်တို့အား အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် သိအပ်ကုန်၏၊ ဤနည်းဖြင့် သာလျှင် ယောနိ အစရှိသည်တို့၌လည်း ထို သင်္ခါရတို့ကို သိအပ်ကုန်၏။

ထို "သင်္ခါရပစ္စယာ ဝိညာဏံ" ဟူသော ပုဒ်၌ ဝါ—ထို သင်္ခါရတို့၌ ဤ ပြဆိုလတ့ံသည်ကား လက်မှန် အစ ဘဝမှ စ၍ အမြွက်မျှ ပြကြောင်း စကားတည်း၊ ဤ သင်္ခါရတို့တွင် ပုညာဘိသင်္ခါရသည် ရှေးဦးစွာ နှစ်ပါးကုန်သော ကာမဘဝ, ရူပဘဝတို့၌ ပဋိသန္ဓေကို ပေးပြီး၍ အလုံးစုံသော မိမိ မိမိ၏ အကျိုးကို အကြင့်ကြောင့် ဖြစ်စေ၏။

ထိုမှတပါး အဏ္ဍဇ အစရှိကုန်သော ယောနိ လေးပါးတို့၌ ဒေဝဂတိ မနုဿဂတိ နှစ်ပါးတို့၌ငင်း, နာနတ္တကာယ နာနတ္တသညီ၊ နာနတ္တကာယ ဧကတ္တသညီ၊ ဧကတ္တကာယ နာနတ္တသညီ၊ ဧကတ္တကာယ ဧကတ္တသညီဟု ဆိုအပ်ကုန်သော ဝိညာဏဋ္ဌိတိ လေးပါးတို့၌ငင်း ပြုပြင် စီရင်တတ်၏။

အထူးကား—ဤ ပုညာဘိသင်္ခါရသည် အသညသတ် ဘုံ၌ နာမ် မရောစွက် ရုပ် သက်သက်မျှကို သာလျှင် ပြုပြင် စီရင် တတ်၏၊ ထို့ကြောင့် လေးပါး သာလျှင် ဖြစ်ကုန်သော

http://www.dhammadownload.com



သင္ခါရဝါသတို့၌ ပဋိသန္ဓေကို ပေးပြီး၍ အလုံးစုံသော မိမိ မိမိ၏ အကျိုးကို ဖြစ်စေ၏။

ထို့ကြောင့် ဤ ပုညာဘိသင်္ခါရသည် ထို ဆိုအပ်ကုန်ပြီးသော ကာမဘဝ ရူပဘဝ နှစ်ပါးတို့၌၎င်း, ယောနိ လေးပါးတို့၌၎င်း, မနုဿဂတိ ဒေဝဂတိ နှစ်ပါးတို့၌၎င်း, ဝိညာဏဋ္ဌိတိ လေးပါး တို့၌၎င်း, သတ္တာဝါသ လေးပါးတို့၌၎င်း *ကုသလ ဝိပါက် ဝိညာဉ် နှစ်ဆဲ့ တပါးတို့အား ပြဆိုပြီးသော နာနာက္ခဏိက ကမ္မ ပစ္စည်း, ပကတူပနိဿယ ပစ္စည်း ဟူသော နည်းနှစ်ပါးဖြင့် သာလျှင် ဖြစ်သင့်သည်အား လျော်စွာ ပဋိသန္ဓေ အခါ၌၎င်း, ပဝတ္တိ အခါ၌၎င်း ကျေးဇူး ပြုတတ်၏။

ထိုမှတပါး အပုညာဘိသင်္ခါရသည် တခု သာလျှင် ဖြစ်သော အပါယ် ကာမဘုံ၌, ယောနိ လေးပါးတို့၌, မနုဿ ဂတိမှ ကြွင်းကုန်သော နိရယဂတိ တိရစ္ဆာနဂတိ ပေတဂတိ သုံးပါးတို့၌, နာနတ္တကာယ ဧကတ္တသညီဟု ဆိုအပ်သော ဝိညာဏဋ္ဌိတိ တပါး၌၎င်း, ထိုနာနတ္တကာယ ဧကတ္တသညီ သဘော ရှိသည် သာလျှင် ဖြစ်သော သတ္တာဝါသ တပါး၌၎င်း ပဋိသန္ဓေ အစွမ်းဖြင့် အကျိုးကို ဖြစ်စေ၏။

ထို့ကြောင့် ဤ အပုညာဘိသင်္ခါရသည် တခုသော ဘဝ၌၎င်း ယောနိ လေးပါးတို့၌၎င်း, ဂတိ သုံးပါးတို့၌၎င်း, တခုသော ဝိညာဏဋ္ဌိတိ၌၎င်း, သတ္တာဝါသ တခု၌၎င်း ဝိပါက် ဝိညာဉ် ခုနစ်ပါးတို့အား ပြဆိုပြီးသော နာနာက္ခဏိက ကမ္မ ပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါးဖြင့် သာလျှင် ပဋိသန္ဓေ အခါ၌၎င်း, ပဝတ္တိ အခါ၌၎င်း ကျေးဇူး ပြုတတ်၏။

ထိုမှတပါး အာနေဉ္ဇာဘိသင်္ခါရသည် တခု သာလျှင် ဖြစ်သော အရူပ ဘုံ၌၎င်း, တခုသော ဩပပါတိက ယောနိ၌၎င်း,

*အကုသလ ဝိပါက် ၇-ခု, အရူပ ဝိပါက် ၄-ခု ကြဉ်သော လောကီ ဝိပါက် ၂၁-ပါးတို့တွင် ၁၄-ပါးကုန်သော ဝိပါက်တို့အား ပဋိသန္ဓေ အခါ, ပဝတ္တိ အခါတို့၌ ကျေးဇူး ပြု၏၊ ၇-ပါးသော ဝိပါက်တို့အား ပဝတ္တိ၌သာ ကျေးဇူးပြု၏ဟု ယထာသမ္ဘဝ အဓိပ္ပါယ်ကို မှတ်ရမည်ဟူလို။

http://www.dhammadownload.com



တခုသော ဒေဝဂတိ၌၎င်း, အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန ဟူသော ဝိညာဏဋ္ဌိတိ သုံးပါးတို့၌၎င်း, အာကာသာနဉ္စာယတန အစ ရှိကုန်သော သတ္တာဝါသ လေးပါးတို့၌၎င်း ပဋိသန္ဓေ အစွမ်းအားဖြင့် အကျိုး ပေး၏။

ထို့ကြောင့် ဤ အာနေဉ္ဇာဘိသင်္ခါရသည် တခုသော ဘုံဘဝ၌၎င်း, တခုသော ယောနိ၌၎င်း, တခုသော ဂတိ၌၎င်း, ဝိညာဏဋ္ဌိတိ သုံးပါးတို့၌၎င်း, သတ္တာဝါသ လေးပါးတို့၌၎င်း အရူပ ဝိပါက် ဝိညာဉ် လေးပါးတို့အား ပြဆိုပြီးသော နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်း နှစ်ပါးဖြင့် သာလျှင် ပဋိသန္ဓေ အခါ၌၎င်း, ပဝတ္တိ အခါ၌၎င်း ကျေးဇူး ပြုတတ်၏။

"ပဋိသန္ဓိပဝတ္တီနံ, ဝသေနေတေ ဘဝါဒိသု၊
ဝိဇာနိတဗ္ဗာ သင်္ခါရာ, ယထာ ယေသဉ္စ ပစ္စယာ။"

"ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ထို သင်္ခါရ သုံးပါး တို့သည် ကမ္မ ပစ္စည်း စသော အကြင် အကြင်သို့သော အခြင်း အရာဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ အကြင် လောကီ ဝိပါက် ဝိညာဉ် သုံးဆဲ့ နှစ်ပါးတို့အားလည်း ကျေးဇူး ပြုတတ်ကုန်၏၊ ဘဝ ယောနိ ဂတိ စသည်တို့၌ ပဋိသန္ဓေ ပဝတ္တိတို့၏ အစွမ်းအားဖြင့် ထို ဝိပါက် ဝိညာဉ်တို့ကိုရင်း, ထို သင်္ခါရတို့ကိုရင်း ထိုထိုသို့သော အခြင်းအရာအားဖြင့် ပညာရှိသည် သိအပ်ကုန်၏။"

သင်္ခါရပစ္စယာ ဝိညာဏံ ပုဒ်ဖွင့် အကျယ် ပြီး၏။

---

## ဝိညာဏပစ္စယာ နာမရူပံ ပုဒ် အဖွင့်

"ဝိညာဏပစ္စယာ နာမရူပံ" ဝိညာဉ်ကြောင့် နာမ် ရုပ် ဖြစ်၏ ဟူသော ပုဒ်၌—

"ဝိဘာဂေါ နာမရူပါနံ, ဘဝါဒိသု ပဝတ္တိတော၊
သင်္ဂဟာ ပစ္စယနယာ, ဝိညာတဗ္ဗော ဝိနိစ္ဆယော။"

http://www.dhammadownload.com



"နာမ် ရုပ်တို့ကို ဝေဘန်သောအားဖြင့်၎င်း, ဘဝ ယောနိ စသည်တို့၌ ဖြစ်ခြင်းအားဖြင့်၎င်း, ပေါင်း၍ ယူအပ်သောအားဖြင့်၎င်း, ကျေးဇူး ပြုသော နည်းအား ဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏။"

ချုံးဦးအံ့—"နာမ် ရုပ်တို့ကို ဝေဘန်သောအားဖြင့်" ဆိုရာ၌ "နာမ်" ဟူသည်ကား—အာရုံသို့ ရှေ့ရှု ညွတ်တတ်သည်၏ အဖြစ်ကြောင့် ဝေဒနာ အစရှိကုန်သော ခန္ဓာ သုံးပါးတို့တည်း၊ ဝါ—ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ သုံးပါးတို့ကို ဆိုသတည်း၊ "ရုပ်" ဟူသည်ကား—မဟာဘုတ် လေးပါးတို့ သည်၎င်း, မဟာဘုတ် လေးပါးတို့ကို စွဲ၍ မှီ၍ ဖြစ်သော ဥပါဒါရုပ်တို့သည်၎င်းတည်း၊ ထို နာမ်နှင့် ရုပ်တို့ကို သုခ စသည် တို့၏ အစွမ်းဖြင့်၎င်း, ပထဝီ စသည်တို့၏ အစွမ်းဖြင့်၎င်း ဝေဘန်ခြင်းကို ခန္ဓနိဒ္ဒေသ၌ ပြဆိုခဲ့ပြီးသည်သာတည်း၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ရှေးဦးစွာ ဤ ဝိညာဏပစ္စယာ နာမရူပံ ဟူသော ပုဒ်၌ နာမ် ရုပ်တို့ကို ဝေဘန်သောအားဖြင့် အဆုံး အဖြတ်ကို သိအပ်၏။

"ဘဝ, ယောနိ စသည်တို့၌ ဖြစ်ခြင်းအားဖြင့်" ဆိုရာဝယ် နာမ်သည် တခုသော အသညသတ္တာဝါသကို ကြဉ်ထား၍ အသညီမှ ကြွင်းသော ခပ်သိမ်းသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ ဖြစ်၏၊ ရုပ်သည် ကာမဘဝ ရူပဘဝ နှစ်ပါးတို့၌၎င်း, ယောနိ လေးပါးတို့၌၎င်း, ဂတိ ငါးပါးတို့၌၎င်း, ရှေး ဖြစ်ကုန်သော ဝိညာဏဋ္ဌိတိ လေးပါး တို့၌၎င်း, သတ္တာဝါသ ငါးပါးတို့၌၎င်း ဖြစ်၏။

ဤသို့ ထို နာမ်ရုပ်သည် ဖြစ်သည် ရှိသော် "ဘော"ကင်း သော ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့၏၎င်း, "ဘော" ကင်းကုန်သော အဏ္ဍဇ ပုဂ္ဂိုလ်တို့၏၎င်း ပဋိသန္ဓေ ခဏ၌ ဝတ္ထုဒသက ကာယ- ဒသက၏ အစွမ်းဖြင့် ရုပ်မှ ကလာပ် နှစ်စည်း၏ မူလရုပ်တို့ သည်၎င်း, နာမ်ခန္ဓာ သုံးပါးတို့သည်၎င်း ဖြစ်ကုန်၏၊ ထို့ ကြောင့် ထို ရုပ် နာမ်တို့၏ အကျယ်အားဖြင့် ရူပရုပ်မှ နှစ်ဆယ်

http://www.dhammadownload.com



သော တရားတို့ငှင်း၊ နာမ်ခန္ဓာ သုံးပါးတို့ငှင်း ဤသို့ ထို နှစ်ဆဲ့ သုံးပါးသော တရားတို့ကို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

ထိုမှတပါး မယူအပ်သေးသည်ကိုသာ ယူသဖြင့် တခုသော သန္တတိ သီသမှ ကိုးပါးကုန်သော ရုပ်တရားတို့ကို ပယ်၍ တဆဲ့ လေးပါးတို့ကို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

ဘာဝရုပ် ဟူသော "ဘော" ရှိကုန်သော သတ္တဝါတို့အား ဘာဝဒသကကို ထည့်သွင်း၍ သုံးဆဲ့ သုံးပါးသော တရားတို့ကို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏၊ ထို "ဘော" ရှိသော သတ္တဝါတို့အားလည်း မယူအပ်သေးသည်ကို ယူသဖြင့် သန္တတိ သီသ နှစ်ခုအပေါင်းမှ တဆဲ့ ရှစ်ပါးသော တရားတို့ကို ပယ်၍ တဆဲ့ ငါးပါးသော တရားတို့ကို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

ထိုမှတပါး ဩပပါတိက သတ္တဝါတို့တွင် ပဌမဈာန် ဗြဟ္မာ စသည်တို့အား ပဋိသန္ဓေ ခဏ၌ စက္ခုဒသက သောတဒသက ဝတ္ထုဒသကတို့၏ငှင်း၊ ဇီဝိတိန္ဒြေ နဝက ကလာပ်ရုပ်၏ငှင်း အစွမ်းဖြင့် ရုပ်မှ သန္တတိ သီသ လေးပါးတို့သည်ငှင်း၊ နာမ်ခန္ဓာ သုံးပါးတို့သည်ငှင်း အကြင့်ကြောင့် ထင်ရှား ဖြစ်ကုန်၏၊ ထို့ကြောင့် ထို ပဌမဈာန် ဗြဟ္မာ စသည်တို့အား သန္တတိ သီသ လေးပါးတို့၌လည်း ရုပ်တို့ကို မချုံး အကျယ်အားဖြင့် ရူပရုပ်မှ သုံးဆဲ့ ကိုးပါးသော တရားတို့ငှင်း၊ နာမ်ခန္ဓာ သုံးပါးတို့ငှင်း ဤသို့ ထို လေးဆဲ့ နှစ်ပါးသော ရုပ်နာမ် တရားတို့ကို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

ထိုမှတပါး မယူအပ်သေးသည်ကို သာ ယူသဖြင့် သန္တတိ သီသ သုံးခု အပေါင်းမှ နှစ်ဆဲ့ ခုနစ်ပါးသော တရားတို့ကို ပယ်၍ တဆဲ့ ငါးပါးသော ရုပ်နာမ် တရားတို့ကို ဝိညာဉ်

http://www.dhammadownload.com



ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

ထို့မှတပါး ကာမဘုံ၌ "ဘော" နှင့် တကွ ဖြစ်၍ ပြည့်စုံသော အာယတန ရှိကုန်သော ကြွင်းသော ဩပပါတိက သတ္တဝါတို့အားလည်းကောင်း, ကြွင်းသော သံသေဒဇ သတ္တဝါတို့အားလည်းကောင်း, ပဋိသန္ဓေ ခဏ၌ ရုပ်မှ ခုနစ်ပါးကုန်သော သန္တတိ သီသတို့သည်လည်းကောင်း, နာမ်ခန္ဓာ သုံးပါးတို့သည်လည်းကောင်း အကြွင်းကြောင့် ထင်ရှား ဖြစ်ကုန်၏၊ ထို့ကြောင့် ဘောနှင့် တကွ ဖြစ်၍ ပြည့်စုံသော အာယတန ရှိကုန်သော ထို ဩပပါတိက သံသေဒဇ တို့အား အကျယ်အားဖြင့် ရူပရုပ်မှ ခုနစ်ဆယ်သော တရားတို့လည်းကောင်း, နာမ်ခန္ဓာ သုံးပါးတို့လည်းကောင်း ဤသို့ ထို ခုနစ်ဆဲ့ သုံးပါးသော ရုပ်နာမ် တရားတို့ကို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

သို့မဟုတ် မယူအပ်သေးသည်ကို သာ ယူသဖြင့် ရူပသန္တတိ၏ သီသ ဖြစ်သော ရုပ်ကလာပ် ခြောက်ခု အပေါင်းမှ ငါးဆဲ့ လေးပါးသော တရားတို့ကို ပယ်၍ တဆဲ့ ကိုးပါးသော တရားတို့ကို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏၊ ဤ ပြဆိုခဲ့ပြီးသော နည်းသည် အလွန် ဖြစ်သော ဥက္ကံသ နည်းတည်း။

ယုတ်စွအဆုံး ဖြစ်သော အဝကံသ နည်းဖြင့် ဆိုသော်ကား ထိုထိုသို့သော ရူပ သန္တတိ၏ သီသ ဖြစ်သော ရုပ်ကလာပ် ချို့တဲ့ကုန်သော သတ္တဝါတို့အား ချို့တဲ့သော ထိုထို ရူပ သန္တတိ သီသ၏ အစွမ်းဖြင့် ရုပ် တရားတို့ကို ယုတ်လျော့စေ၍ အနည်းဆုံး အကျဉ်းဆုံးအားဖြင့်လည်းကောင်း, အကျယ်အားဖြင့်လည်းကောင်း ပဋိသန္ဓေ အခါ၌ ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် အရေ အတွက်ကို သိအပ်ကုန်၏။

ထို့မှတပါး အရူပ ပုဂ္ဂိုလ်တို့အား နာမ်ခန္ဓာ သုံးပါးတို့ကို သာလျှင် ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏၊ အသညသတ် ပုဂ္ဂိုလ်တို့အား

http://www.dhammadownload.com



ရုပ်မှ ဇီဝိတိန္ဒြိယ နဝက ကလာပ်ကို သာ၍ ချင် ဓိုမည်ဟုသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏၊ ဤသို့ ပြဆိုပြီးသော နည်းသည် ရှေးဦးစွာ ပဋိသန္ဓေ အခါ၌ ပြဆိုသော နည်းတည်း။

ပဝတ္တိ အခါ၌ကား အလုံးစုံသော ရုပ်၏ ဖြစ်ရာ အရပ်၌ ပဋိသန္ဓေ စိတ်၏ ဋ္ဌိခဏ၌ ပဋိသန္ဓေစိတ်နှင့် အတူ ဖြစ်ကုန်သော ရုပ်တို့တွင် ကမ္မဇ စသည်ဖြစ်သော တည်းဟူသော ဥတုကြောင့် ဖြစ်သော သက်သက်သော အဋ္ဌကလာပ် ရုပ်သည် ထင်ရှား ဖြစ်၏၊ ပဋိသန္ဓေ စိတ်သည်ကား ရုပ်ကို မဖြစ်စေနိုင်။

အဘယ့်ကြောင့်နည်း၊ ထို ပဋိသန္ဓေစိတ်သည် တမ်းပါးပြတ်၌ ကျလုမတတ် ဖြစ်သော သူသည် သူတပါးအား အထောက် အပံ့ကို ဖြစ်စေခြင်းငှါ မတတ်နိုင် သကဲ့သို့ ထို့အတူ မှီရာ ဝတ္ထုရုပ် အလွန် အားနည်းသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေ စိတ်၏ အလွန် အားနည်းသည်၏ အဖြစ်ကြောင့် ရုပ်ကို ဖြစ်စေခြင်းငှါ မတတ်နိုင်။

ပဋိသန္ဓေ စိတ်မှ အထက်၌ ပဌမ ဘဝင်က စ၍ စိတ်ကြောင့် ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်သည် ထင်ရှား ဖြစ်၏၊ အသံ ထင်ရှား ဖြစ်ရာ ကာလ၌ ပဋိသန္ဓေ စိတ္တက္ခဏမှ အထက်၌ ဖြစ်သော ဥတုကြောင့်ရင်း, စိတ်ကြောင့်ရင်း သဒ္ဒ နဝက ကလာပ်သည် ထင်ရှားဖြစ်၏၊ ထိုမှ တပါး ကဗဠီကာရာဟာရကို မှီ၍ အသက် မွေးကုန်သော အကြင် ဂဗ္ဘသေယျက သတ္တဝါတို့သည် ရှိကုန်၏၊ ထို ကဗဠီကာရာဟာရကို မှီ၍ အသက် မွေးကုန်သော ဂဗ္ဘ-သေယျက သတ္တဝါတို့၏ အစဉ်သဖြင့် ကြီးပွါးသော ကိုယ်၌—

"ယဉ္စဿ ဘုဉ္ဇတီ မာတာ,
အန္နံ ပါနဉ္စ ဘောဇနံ၊
တေန သော တတ္ထ ယာပေတိ,
မာတုကုစ္ဆိဂတော နရော။"

"ထို သူငယ်၏ အမိသည် ထမင်းဖြစ်စေ, အဖျော်ဖြစ်စေ အကြင် အကြင် ဘောဇဉ်ကိုလည်း သုံးဆောင်၏၊

http://www.dhammadownload.com



ထိုထို အမိ သုံးဆောင်သော ထမင်း အဖျော် ဟူသော ဘောဇဥ်ဖြင့် အမိ ဝမ်းခေါင်း အောင်းနေရသော ထို သူငယ်သည် ထို အမိ ဝမ်းတိုက်၌ မျှတရ၏။"

ဟူ၍ ဘုရား ဟောတော်မူသောကြောင့် အမိသည် မျိုအပ်သော အာဟာရသည် အစဥ်သဖြင့် ပြန့်နှံ့အပ်သော သူငယ်၏ ကိုယ်၌ အာဟာရလျှင် ဖြစ်ကြောင်း ရှိသော သုဒ္ဓဋ္ဌက ကလာပ်သည် ထင်ရှား ဖြစ်၏။

ဥပပတ် သတ္တဝါတို့အား အလုံးစုံတို့၏ ရှေးဦးစွာ မိမိ၏ ခံတွင်း၌ တည်သော တံထွေးကို မျိုချသော အခါ၌ အာဟာရလျှင် ဖြစ်ကြောင်း ရှိသော သုဒ္ဓဋ္ဌက ကလာပ်သည် ထင်ရှား ဖြစ်၏၊ ဤသို့ အာဟာရလျှင် ဖြစ်ကြောင်း ရှိသော သုဒ္ဓဋ္ဌက ကလာပ်၏၎င်း, ဥတု စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော လွန်သောအားဖြင့် နှစ်ပါးကုန်သော နဝက ကလာပ်တို့၏၎င်း အစွမ်းအားဖြင့် နှစ်ဆဲ့ ခြောက်ပါး အပြား ရှိသော ဤ ရုပ်၎င်း, "ဝတ္ထုဒသက ကာယဒသက၏ အစွမ်းဖြင့် ရုပ်မှ နှစ်ပါးကုန်သော သန္တတိ သီသတို့သည်၎င်း" ဤသို့ အစရှိသော ရှေးစကား၌ တခုတခုသော စိတ္တက္ခဏာ၌ သုံးကြိမ် ဖြစ်သည်ကို ရည်၍ ဆိုအပ်ပြီးသော ကံလျှင် ဖြစ်ကြောင်း ရှိသော ခုနစ်ဆယ် အပြား ရှိသော ရုပ်၎င်း, ဤသို့သော အပြားအားဖြင့် ကိုးဆဲ့ ခြောက်ပါး အပြား ရှိသော ရုပ်၎င်း, နာမ်ခန္ဓာ သုံးပါးတို့၎င်း ဤသို့ အကျဥ်း ပေါင်းချုပ်သောအားဖြင့် ကိုးဆဲ့ ကိုးပါးသော ရုပ်နာမ် တရားတို့ကို ဝိညာဥ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

တနည်းကား—အကြင့်ကြောင့် တရံတခါသာလျှင် ထင်ရှား ဖြစ်ခြင်းကြောင့် အသံသည် မမြဲ၊ ထို့ကြောင့် ဥတု သမုဋ္ဌာန်, စိတ္တ သမုဋ္ဌာန် ဟူ၍ နှစ်ပါး အပြား ရှိသည်လည်း ဖြစ်သော ထို အသံကို ပယ်၍ ဤ ကိုးဆဲ့ ခုနစ်ပါးသော တရားတို့ကို ဖြစ်သင့်သည်အား လျော်စွာ ခပ်သိမ်းသော သတ္တဝါတို့အား

http://www.dhammadownload.com



ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ် ဟူ၍ သိအပ်ကုန်၏။

ထို စကား မှန်၏—ထို သတ္တဝါတို့အား အိပ်ပျော်ကုန် စဉ်ရင်း, မေ့လျော့ကုန်စဉ်ရင်း, ခဲကုန်စဉ်ရင်း, သောက်ကုန် စဉ်ရင်း, နေ့၌ရင်း, ညဉ့်၌ရင်း ထို ကိုးဆဲ့ ခုနစ်ပါးသော တရား တို့သည် ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ထို ကိုးဆဲ့ ခုနစ်ပါးသော တရားတို့၏ ထို ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သည်၏ အဖြစ်ကို၊ ဝါ—ထို ဝိညာဉ်၏ ပစ္စည်း ပြုသည်၏ အဖြစ်ကို နောက်မှ ဖွင့်ပြကုန်အံ့။

ထို ကမ္မဇ ရုပ်တို့တွင် အကြင် ကမ္မဇ ရုပ်သည် ရှိ၏၊ ထို ကမ္မဇ ရုပ်သည် ဘဝ သုံးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၌ အလုံးစုံတို့၏ ရှေးဦးစွာ တည်ပင် တည်ငြားသော်လည်း ဥတု သမုဋ္ဌာန်, စိတ္တ သမုဋ္ဌာန်, အာဟာရ သမုဋ္ဌာန် ရှိသော ရုပ်သုံးပါးသည် မထောက်ပံ့ပါလျှင် အစွန့် ရှည်ကြာ ခံ့သည်၏ အဖြစ်ဖြင့် တည် ခြင်းငှါ မတတ်နိုင်၊ တိသမုဋ္ဌာနိက ရုပ်သည်လည်း ထို ကမ္မဇ ရုပ်က မထောက်ပံ့ခဲ့ပါလျှင် အစွန့် ရှည်ကြာ ခံ့သည်၏ အဖြစ်ဖြင့် တည်ခြင်းငှါ မတတ်နိုင်။

အစစ် အမှန်အားဖြင့် လေသည် ခတ်အပ်ကုန်သော်လည်း အချင်းချင်း ယှက်တင်သော အဖျား ရှိကုန်၍ အရင်းသားဖြင့် အရပ် လေးမျက်နှာတို့၌ အသီး အသီး ထောက်၍ ထားအပ် ကုန်သော ကျူစည်း ကျူရုံတို့သည် တည်ကုန်သကဲ့သို့ရင်း, လှိုင်း တံပိုး အဟုန်သည် ခတ်အပ်ကုန်သော်လည်း မဟာ သမုဒ္ဒရာဝယ် တစုံတခုသော ကျွန်း တောင်၌ ရအပ်သော တည်ရာ ရှိကုန်သည် ဖြစ်၍ ပျက်သော လှေဖောင်တို့သည် အချင်းချင်း ယှက်တင်ပြီး ထွက်၍ တည်ကုန် သကဲ့သို့ရင်း အချင်းချင်း ထောက်ပံ့အပ် ကုန်သည် ဖြစ်၍ သာလျှင် ဤ ကမ္မဇရုပ် စသော ရုပ်တို့သည် မပျက်စီးကုန်သည် ဖြစ်၍ တည်ကုန်လျက် တနှစ်ပတ်လုံးရင်း,

http://www.dhammadownload.com



နှစ်နှစ်ပတ်လုံး၎င်း, ....(လ)....အနှစ် တရာ ပတ်လုံး၎င်း အကြင်မျှလောက် ထိုသတ္တဝါတို့၏ အသက်၏ ကုန်ခြင်းသည်၎င်း, ဘုန်းကံ၏ ကုန်ခြင်းသည်၎င်း ရှိ၏၊ ထိုမျှလောက် ဖြစ်ကုန်၏။

ဤသို့ ဘဝ စသည်တို့၌ ဖြစ်သော အားဖြင့်လည်း ဤ ဝိညာဏပစ္စယာ နာမရူပံ ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို သိအပ်၏။

---

"ပေါင်း၍ ယူအပ်သော သင်္ဂဟအားဖြင့်" ဆိုရာဝယ် အရူပ ဘုံ၌လည်း ပဋိသန္ဓေ အခါ ပဝတ္တိ အခါတို့၌ ပဉ္စဝေါကာရ ဘဝ၌လည်း ပဝတ္တိ အခါ၌ ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော အကြင် နာမ်သည် သာလျှင်၎င်း, အသညသတ် ဘုံတို့၌လည်း အလုံးစုံသော ပဋိသန္ဓေ ပဝတ္တိတို့၌ ပဉ္စဝေါကာရ ဘဝ၌လည်း ပဝတ္တိ အခါ၌ ကမ္မ ဝိညာဉ် ဟူသော အကြောင်း ကြောင့် ဖြစ်သော အကြင် ကမ္မဇ ရုပ်သည် သာလျှင်၎င်း, ပဉ္စဝေါကာရ ဘဝ၌ သဟဇာတ ဝိညာဉ် ကမ္မ ဝိညာဉ် ဟူသော အကြောင်းကြောင့် အကြင် နာမ်ရုပ်သည်၎င်း ဖြစ်၏။

ပြဆိုခဲ့ပြီးသော အလုံးစုံကို နာမ်သည်၎င်း, ရုပ်သည်၎င်း, နာမ်ရုပ်သည်၎င်း ဟု တခုကြွင်း နည်းအားဖြင့် ပေါင်းယူ၍ ဝိညာဉ် ဟူသော အကြောင်းကြောင့် နာမ်ရုပ် ဖြစ်၏ဟု သိအပ်၏၊ "အသညသတ် ဘုံတို့၌ ဝိညာဉ်၏ မရှိခြင်းကြောင့် 'ဝိညာဏပစ္စယာ နာမရူပံ' ဟူသော စကားသည် မသင့်"ဟု အကယ်၍ စောဒနာ ငြားအံ့၊ ဤ "ဝိညာဏပစ္စယာ နာမရူပံ" ဟူသော စကားသည်လည်း မသင့်သည် မဟုတ်, သင့်လျော် သည်သာတည်း။

"နာမရူပဿ ယံ ဟေတု, ဝိညာဏံ တံ ဒွိဓာ မတံ၊
ဝိပါကမဝိပါကဉ္စ, ယုတ္တမေဝ ယတော ဣဒံ။"

"နာမ်ရုပ်၏ အကြင် ပစ္စည်း ဖြစ်သော ဝိညာဉ်သည် ရှိ၏၊ ထို ပစ္စည်း ရှိသော ဝိညာဉ်ကို ဝိပါက် ဝိညာဉ်၎င်း, ဝိပါက်မှ တပါးသော ဝိညာဉ်၎င်း ဤသို့ နှစ်ပါးသော

http://www.dhammadownload.com



အဘို့ဖြင့် အကြင့်ကြောင့် သိအပ်၏၊ ထို့ကြောင့် ဤ "ဝိညာဏပစ္စယာ နာမရူပံ" ဟူသော စကားသည် သင့်လျော်သည် သာလျှင်တည်း။"

ချဲ့ဦးအံ့—နာမ်ရုပ်၏ အကြင် ပစ္စည်း ဖြစ်သော ဝိညာဉ်သည် ရှိ၏၊ ထို ပစ္စည်း ဖြစ်သော ဝိညာဉ်ကို ဝိပါက, အဝိပါက နှစ်ပါး အဘို့အားဖြင့် သိအပ်၏၊ ဤ အသညသတ် ကမ္မဇ ရုပ်သည်လည်း အသညသတ် ဖြဟ္မာတို့၌ ကမ္မ သမုဋ္ဌာန်၏ အဖြစ် ကြောင့် ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သော အဘိသင်္ခါရ ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်သော ရုပ် မည်သည် ဖြစ်၏၊ ပဉ္စဝေါကာရ ဘုံ၌ ပဝတ္တိ အခါ ကုသိုလ် စသော စိတ္တက္ခဏ၌ ဖြစ်သော ကမ္မ သမုဋ္ဌာန် ဖြစ်သော ရုပ်သည် ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သော အဘိသင်္ခါရ ဝိညာဉ် ဟူသော အကြောင်း ကြောင့် ဖြစ်သော ရုပ် မည်သည် ဖြစ်၏၊ ထို့ကြောင့် ဤ "ဝိညာဏပစ္စယာ နာမရူပံ"ဟူသော စကားသည် သင့်လျော် သည် သာလျှင်တည်း။

ဤသို့ ပေါင်း၍ ယူအပ်သော သင်္ဂဟအားဖြင့်လည်း ဤ ဝိညာဏပစ္စယာ နာမရူပံ ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို သိအပ်၏။

---

"ကျေးဇူး ပြုသော နည်းအားဖြင့်" ဟူသော ပုဒ်၌ကား—

"နာမဿ ပါကဝိညာဏံ, နဝဓာ ဟောတိ ပစ္စယော၊
ဝတ္ထုရူပဿ နဝဓာ, သေသရူပဿ အဋ္ဌဓာ။

အဘိသင်္ခါရဝိညာဏံ, ဟောတိ ရူပဿ ဧကဓာ၊
တဒညမ္ပန ဝိညာဏံ, တဿ တဿ ယထာရဟံ။"

"ဝိပါက် ဝိညာဉ်သည် နာမ်အား ကိုးပါး အပြား အားဖြင့် ကျေးဇူး ပြုတတ်၏၊ ဝိပါက် ဝိညာဉ်သည် ပဋိသန္ဓေ အခါ ဝတ္ထုရုပ်အား ကိုးပါး အပြားအားဖြင့် ကျေးဇူး ပြုတတ်၏၊ ဝတ္ထုရုပ်မှ ကြွင်းသော ရုပ်အား ရှစ်ပါး အပြားအားဖြင့် ကျေးဇူး ပြုတတ်၏။

http://www.dhammadownload.com



အဘိသင်္ခါရ ဝိညာဉ်သည် ကမ္မဇရုပ်အား တပါးသော အဘို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ထိုပဋိသန္ဓေ ဝိညာဉ် အဘိသင်္ခါရ ဝိညာဉ်မှ တပါးသော ပဌမ ဘဝင် စသော ဝိညာဉ်သည်ကား ထိုထို နာမ်ရုပ်အား ထိုက်သည်အား လျော်စွာ ကျေးဇူး ပြုတတ်၏။"

ရှုဦးအံ့—ပဋိသန္ဓေ အခါ၌ငှင်း, ပဝတ္တိ အခါ၌ငှင်း ဝိပါက်ဟု ဆိုအပ်သော အကြင် နာမ်သည် ရှိ၏၊ ရုပ်နှင့် ရောနှောသည်လည်း ဖြစ်သော ရုပ်နှင့် မရောမနှောသည်လည်း ဖြစ်သော ထို နာမ်အား ပဋိသန္ဓေနှင့် ယှဉ်သည်မှုလည်း ဖြစ်သော တပါးမှုလည်း ဖြစ်သော ဝိပါက် ဝိညာဉ်သည် သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ ပစ္စည်း ကိုးပါးတို့ဖြင့် ကျေးဇူး ပြုတတ်၏။

ဟဒယ ဝတ္ထုရုပ်အား ပဋိသန္ဓေ အခါ၌ သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ကိုးပါး အပြားအားဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ ဟဒယ ဝတ္ထုရုပ်ကို ကြဉ်ထား၍ ကြွင်းသော ရုပ်အား ဤ ကိုးပါးသော ပစ္စည်းတို့တွင် အညမည ပစ္စည်းကို ကြဉ်၍ ကြွင်းကုန်သော ပစ္စည်း ရှစ်ပါးတို့ဖြင့် ကျေးဇူး ပြုတတ်၏။

ထိုမှတပါး အဘိသင်္ခါရ ဝိညာဉ်သည် အသညသတ် ကမ္မဇရုပ်အားငှင်း, ပဉ္စဝေါကာရ ဘုံ၌ ကံကြောင့် ဖြစ်သော ရုပ်အားငှင်း သုတ္တန် ဒေသနာ ပရိယာယ်အားဖြင့် ဥပနိဿယ ပစ္စယ သတ္တိဖြင့် တပါးသော အဘို့ဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ ဝိညာဉ် အဘိသင်္ခါရ ဝိညာဉ်မှ ကြွင်းသော ပဌမ ဘဝင်မှ စ၍ အလုံးစုံ သာလျှင် ဖြစ်သော ဝိညာဉ်သည် ထိုထို နာမ်ရုပ်အား ထိုက်သည်အား လျော်စွာ ကျေးဇူးပြုတတ်၏၊ ဤသို့ သိအပ်၏။

ထို့ထက် အကျယ်အားဖြင့် ထို ဝိညာဉ်၏ ကျေးဇူး ပြုသော နည်းကို ပြဆိုအပ်သည် ရှိသော်ကား—ပဋ္ဌာန်း ကျမ်းကြီး

http://www.dhammadownload.com



တကျမ်းလုံး ကုန်အောင်သော စကားတော်တို့ကို ချဲ့အပ်၏၊ ထို့ကြောင့် အကျယ်အားဖြင့် ပြအပ်သော ပစ္စယနယကို ငါတို့သည် အားမထုတ်ကုန်။

**"ဝိညာဉ် ဟူသော အကြောင်းကြောင့် နာမ်ရုပ် ဖြစ်၏"** ဆိုသော ထိုစကား၌ တစုံတယောက်သော သူ၏ စောဒနာခြင်းသည် ဖြစ်ရာ၏၊ အဘယ်သို့ ဖြစ်ရာသနည်း၊ **"ပဋိသန္ဓေ နာမ်ရုပ်သည် ဝိညာဉ် ဟူသော အကြောင်းကြောင့် ဖြစ်၏ ဟူ၍ အဘယ်ကြောင့် သိအပ်သနည်း၊"** ဟု စောဒနာ ဝင်စရာ ရှိ၏။

သုတ်အားဖြင့်၎င်း, ယုတ္တိအားဖြင့်၎င်း သိအပ်၏၊ ချဲ့ဦးအံ့— အဘိဓမ္မာ ပါဠိတော်၌ "စိတ္တာနုပရိဝတ္တိနော ဓမ္မာ" ဤသို့ အစရှိသော နည်းဖြင့် များသော အပြားအားဖြင့် ဝေဒနာ စသည်တို့အား ဝိညာဉ် ကျေးဇူး ပြုသည်၏ အဖြစ်သည်၊ ဝါ— ဝိညာဉ် ဟူသော ပစ္စည်း ရှိသည်၏ အဖြစ်သည် ပြီး၏၊ ထိုမှတပါး ယုတ္တိအားဖြင့် ဝေဒနာ စသည်တို့အား ဝိညာဉ် ကျေးဇူး ပြုသည်၏ အဖြစ်ကို သိအပ်၏။

> "စိတ္တဇေန ဟိ ရူပေန, ဣဓ ဒိဋ္ဌေန သိဇ္ဈတိ၊
> အဒိဋ္ဌဿာပိ ရူပဿ, ဝိညာဏံ ပစ္စယော ဣတိ။"
>
> "ထိုစကား မှန်၏၊ ဤမျက်မြင် လောက ပစ္စက္ခ၌ မြင်အပ်သော စိတ္တဇ ဖြစ်သော ရုပ်ဖြင့် မမြင်အပ်သည်လည်း ဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ်အား ဝိညာဉ်သည် ကျေးဇူး ပြုတတ်၏၊ ဤသို့ ဆိုသော စကားသည် အနုမာန အားဖြင့် ပြီး၏။"

ချဲ့ဦးအံ့—စိတ်သည် ကြည်လင် ရွှင်လန်းသော်၎င်း, မကြည်မသာ ဖျော့ပါ ပြွမ်းစု နောက်ကျုသော်၎င်း ထိုကြည်လင်သော စိတ်, နောက်ကျုသော စိတ်အား လျော်ကုန်သည် ဖြစ်၍ ဖြစ်ကုန်သော စိတ္တဇ ရုပ်တို့ကို မြင်အပ်ကုန်၏၊ မြင်အပ်သော ဝတ္ထုဖြင့် မမြင်အပ်သော ဝတ္ထုကို အသင့်အလျော် နှိုင်းယှဉ်၍ သိခြင်းသည်၊ ဝါ— သင့်လျော်အောင် ထောက်စာ နှိုင်းဆ၍ သိခြင်းသည် လောက၌ ထင်ရှား၏။

http://www.dhammadownload.com



ထို့ကြောင့် ဤပစ္စုပ္ပန် မျက်မြင် လောကၡ မြင်အပ်သော ဤ စိတ္တဇ ရုပ်ဖြင့် မမြင်အပ်သည်လည်း ဖြစ်သော ပဋိသန္ဓေ ကမ္မဇ ရုပ်အား ဝိညာဉ်သည် ကျေးဇူး ပြုတတ်၏၊ ဤသို့သော စကားကို အနုမာနအားဖြင့် သိအပ်၏။

ထို စကား သင့်စွ—စိတ်လျှင် ဖြစ်ကြောင်း ရှိသော ရုပ်အား ဝိညာဉ်လျှင် ဖြစ်ကြောင်း ရှိသည်၏ အဖြစ် ကဲ့သို့ ကံလျှင် ဖြစ်ကြောင်း ရှိသော ထို ရုပ်၏လည်း ဝိညာဉ် ကျေးဇူး ပြုတတ်သော အဖြစ်သည်၊ ဝါ—ဝိညာဉ် ဟူသော ပစ္စည်း ရှိသည်၏ အဖြစ်သည် ပဋ္ဌာန်း ကျမ်းကြီး၌ လာ၏၊ ဤသို့ ဖြေဆိုအပ်၏၊ ဤသို့လျှင် ကျေးဇူး ပြုသော နည်းအားဖြင့်လည်း ဤ ဝိညာဏ-ပစ္စယာ နာမရူပံ ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို သိအပ်၏။

ဝိညာဏပစ္စယာ၊ နာမရူပံ ဟူသော ပုဒ်ဖွင့် အကျယ် ပြီး၏။

---

## နာမရူပပစ္စယာ သဠာယတနံ ပုဒ် အဆုံးအဖြတ်

"နာမရူပပစ္စယာ သဠာယတနံ" ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။

"နာမံ ခန္ဓတ္တယံ ရူပံ, ဘူတဝတ္ထာဒိကံ မတံ၊
ကတေကသေသံ တံ တဿ, တာဒိသဿေဝ ပစ္စယော။"

"ဝေဒနာ စသော ခန္ဓာ သုံးပါး အပေါင်းကို "နာမ်" ဟူ၍ သိအပ်၏၊ ဘူတရုပ် လေးခု, ဝတ္ထုရုပ် ခြောက်ပါး အစရှိသည်ကို "ရုပ်" ဟု သိအပ်၏၊ ဧကသေသ နည်းဖြင့် ပြုအပ်ပြီးသော သုတိတူ တခုကြွင်း ရှိသော ထို "နာမ်ရုပ်" သည် ထိုကဲ့သို့ ဧကသေသ ပြုအပ်ပြီးသော သုတိတူ တခုကြွင်း ရှိသော ထို သဠာယတနအား ကျေးဇူး ပြုတတ်၏။"

ချဲ့ဦးအံ့—သဠာယတန၏ သာလျှင် ပစ္စည်း ဖြစ်၍ ဖြစ်သော အကြောင်း ဆိုအပ်ပြီးသော နာမ်ရုပ်သည် ရှိ၏၊ ထို ပြဆိုပြီးသော နာမ် ရုပ်တွင် ဝေဒနာ အစရှိသော ခန္ဓာတို့၏ သုံးပါး အပေါင်းကို၊

http://www.dhammadownload.com



ဝါ—ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ သုံးပါး အပေါင်းကို နာမ်ဟူ၍ သိအပ်၏၊ ထိုမှတပါး မိမိ သန္တာန်၌ အကျုံး ဝင်သော အမြဲ စင်စစ်အားဖြင့် ဘူတရုပ် လေးပါး, ဝတ္ထုရုပ် ခြောက်ပါး, ရုပ်ဇီဝိတိန္ဒြေ တပါး ဤသို့ ဘူတရုပ် ဝတ္ထုရုပ် စသည်ကို ရုပ်မည်၏ ဟူ၍ သိအပ်၏။

နာမ်ဂုဏ်း, ရုပ်ဂုဏ်း, နာမ်ရုပ်ဂုဏ်း ဟု ဆိုအပ်သည်ကို တခုကြွင်း ပြု၍ ဆိုအပ်သော ထို နာမ်ရုပ်သည် ခြောက်ခုမြောက် ဖြစ်သော အာယတနဂုဏ်း, ခြောက်ပါးသော အာယတနဂုဏ်း အာယတန ခြောက်ပါးဟု ဆိုအပ်သော သဠာယတနအား ကျေးဇူး ပြုတတ် ၏ဟု သိအပ်၏။

အဘယ့်ကြောင့်နည်း—အရူပ ဘုံ၌ နာမ်ချည်း သက်သက် သာလျှင် ကျေးဇူး ပြုတတ်သည် ဖြစ်၏၊ ထို နာမ်သည်လည်း အာယတန ခြောက်ပါးအား သာလျှင် ကျေးဇူး ပြုတတ်၏၊ ဆဋ္ဌာယတနမှ တပါးသော ပဉ္စာယတနအား ကျေးဇူးပြုတတ် သည် မဖြစ်၊ ထို စကား မှန်၏၊ "နာမပစ္စယာ ဆဋ္ဌာယတနံ" ဟူ၍ ဝိဘင်း ပါဠိတော်၌ ဘုရား ဟောတော်မူပြီ။

## စောဒနာ တင်ပုံ

ထို "နာမရူပပစ္စယာ သဠာယတနံ" ဟူသော စကား၌ စောဒနာခြင်းသည် ဖြစ်ရာ၏၊ "နာမ်ရုပ်သည် သဠာယတနအား ကျေးဇူး ပြုတတ်"၏ ဟု အဘယ်ကြောင့် သိအပ်သနည်း၊ ဤသို့ စောဒနာ တင်သင့်၏။

## ဖြေပုံကား

နာမ်ရုပ် အထင် အရှား ရှိသော် သဠာယတန၏ ရှိသည်၏ အဖြစ်ကြောင့် " နာမ်ရုပ်သည် သဠာယတနအား ကျေးဇူး ပြုတတ်၏" ဟူ၍ သိအပ်၏၊ ထင်ရှားစေအံ့—ထိုထို နာမ်၏ဂုဏ်း, ထိုထို ရုပ်၏ဂုဏ်း ထင်ရှား ရှိသည်၏ အဖြစ်သည် ရှိလတ်သော် ထိုထို အာယတနတို့သည် ထင်ရှား ရှိ၏၊ တပါးသော အခြင်း

http://www.dhammadownload.com



အရာ အပြားဖြင့် မဖြစ်၊ ထို အာယတန၏ ထို နာမ်ရုပ် ထင်ရှား ရှိသည် ရှိသော် ဖြစ်လေ့ ရှိသည်၏ အဖြစ်သည် ပဋ္ဌာန်းကျမ်း ပစ္စည်းပိုင်း၌ သာလျှင် ထင်ရှား ဖြစ်လတ့်၊ ထို နာမ်ရုပ် ရှိလျှင် အာယတန ဖြစ်လေ့ ရှိသည်၏ အဖြစ်ကြောင့်—

"ပဋိသန္ဓိယာ ပဝတ္တေ ဝါ, ဟောတိ ယံ ယဿ ပစ္စယော၊ ယထာ စ ပစ္စယော ဟောတိ, တထာ နေယ့ံ ဝိဘာဝိနာ။"

"ပဋိသန္ဓေ အခါ၌ရင်း, ပဝတ္တိ အခါ၌ရင်း အကြင် အကြင် နာမ်ရုပ်သည် အကြင် အကြင် အာယတနအား ကျေးဇူး ပြုတတ်၏၊ အကြင် သဟဇာတ စသော အပြား အားဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ထိုထို အပြားအားဖြင့် ထိုထို သဠာယတနအား၊ ဝါ—သဠာယတန၏ ပစ္စည်း ဖြစ်သော ထိုထို နာမ်ရုပ်ကို ပညာရှိသည် သိအပ်၏။"

ထို ဂါထာ၌ ဤ ဆိုလတ့ံသည်ကား အနက် အဓိပ္ပါယ်ကို ထင်စွာ ပြခြင်းတည်း၊ ထို စကား သင့်စွ၊ အရူပဘုံ၌ ပဋိသန္ဓေ အခါ, ပဝတ္တိ အခါတို့၌ နာမ်ချည်း သက်သက်သည် သာလျှင် ထို အာယတနအား ယုတ်စွ အဆုံး ခုနစ်ပါးသော အပြား တို့ဖြင့်ရင်း, ခြောက်ပါးသော အပြားတို့ဖြင့်ရင်း ကျေးဇူး ပြုတတ်၏။

အဘယ်သို့ ပြုသနည်း၊ ရှေးဦး မဆွ ပဋိသန္ဓေ အခါ၌ အယုတ် သဖြင့် သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ ပစ္စည်း ခုနစ်ပါးတို့ဖြင့် နာမ်သည် ဆဋ္ဌာယတနအား ကျေးဇူး ပြုတတ်၏။

အထူးကို ရွေးချယ်၍ ဆိုအံ့၊ ဤ နာမ်တွင် အလောဘ အဒေါသ စသော အချို့သော နာမ်သည် ဟေတု ပစ္စည်းဖြင့်, အချို့သော ဖဿ စေတနာ ဟူသော နာမ်သည် အာဟာရ ပစ္စည်းဖြင့် ဤသို့သော နည်းဖြင့် တပါးသော အပြားအားဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ထို ဟေတု စသော ပစ္စည်း၏ အစွမ်းဖြင့် တက်သည် ဆုတ်သည်ကို, အယုတ် အလွန်ကို သိအပ်၏။

http://www.dhammadownload.com



ပဝတ္တိ အခါ၌လည်း ဝိပါက် ဖြစ်သော နာမ်သည် ပြဆိုပြီးသော သဟဇာတ ပစ္စည်း စသည်တို့၏ အစွမ်းဖြင့် ခုနစ်ပါး, ဟေတု ပစ္စည်း စသည်တို့၏ အစွမ်းအားဖြင့် ရှစ်ပါး ဤသို့ စသော နည်းဖြင့် သာလျှင် ဆဋ္ဌာယတနအား ကျေးဇူး ပြုတတ်၏။

အထူးကား—ဝိပါက်မှ တပါးသော အဝိပါက နာမ်သည် ယုတ်သော အပိုင်း အခြားအားဖြင့် ဆိုအပ်ပြီးသော အပြား ရှိကုန်သော သဟဇာတ စသော ခုနစ်ပါးသော ပစ္စည်းတို့တွင် ဝိပါက ပစ္စည်းသည် ကြဉ်အပ်ကုန်သော ပစ္စည်း ခြောက်ပါး တို့ဖြင့် ကျေးဇူး ပြုတတ်၏။

ဤ အဝိပါက နာမ်တို့တွင် အလောဘ အဒေါသ စသော အချို့သော နာမ်သည် ဟေတု ပစ္စည်းဖြင့်, ဖဿ စသော အချို့သော နာမ်သည် အာဟာရ ပစ္စည်းဖြင့် ဤသို့သော နည်းဖြင့် တပါးသော အခြင်း အရာ အားဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ထို ဟေတု စသော ပစ္စည်း၏ အစွမ်းဖြင့် အတက် အဆုတ်, အလွန် အယုတ်ကို သိအပ်၏။

"အညသ္မိံပိ ဘဝေ နာမံ, တထေဝ ပဋိသန္ဓိယံ၊
ဆဋ္ဌဿ ဥတရေသံ တံ, ဆဟာကာရေဟိ ပစ္စယော။"

"အရူပမှ တပါးသော ပဉ္စဝေါကာရ ဘုံဘဝ၌လည်း ထို နာမ်သည် ပဋိသန္ဓေ အခါ၌ ခြောက်ခုမြောက် ဖြစ်သော မနာယတနအား ထို ခုနစ်ပါး အပြားအားဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ ထို နာမ်သည် ဆဋ္ဌာယတနမှ တပါးသော စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန ဟူသော အာယတန ငါးပါးတို့အား ခြောက်ပါးသော အခြင်း အရာ အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏။"

ရှုဦးအံ့—အရူပ ဘုံမှ တပါးသော ပဉ္စဝေါကာရ ဘုံ၌လည်း ထို ဝိပါက် ဖြစ်သော နာမ်သည် ဟဒယ ဝတ္ထု၏ အဖော် ဖြစ်၍ ခြောက်ခုမြောက် ဖြစ်သော မနာယတနအား အရူပဘုံ၌ ပစ္စည်း

http://www.dhammadownload.com



ဖြစ်ခြင်းကို ဟောသကဲ့သို့ ထို့အတူ သာလျှင် ယုတ်သော အပိုင်း အခြားအားဖြင့် ခုနစ်ပါးသော အဘို့ဖြင့် ကျေးဇူး ပြုတတ်၏။

ထိုမှတပါး ဆဠာယတနမှ တပါးကုန်သော စက္ခာယတန စသော အာယတန ငါးပါးတို့အား ထိုဝိပါက် ဝိညာဉ် ဖြစ်သော နာမ်သည် မဟာဘုတ် လေးပါးတို့၏ အဖော်သဟဲ ဖြစ်၍ သဟဇာတ, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်းတို့၏ အစွမ်းအားဖြင့် ခြောက်ပါးသော အပြားအားဖြင့် ကျေးဇူး ပြုတတ်၏။

ဤ ပစ္စည်း ခြောက်ပါးတို့တွင် အရှုံးသော အာယတနသည် ဟေတု ပစ္စည်းဖြင့်, အရှုံးသော အာယတနသည် အာဟာရ ပစ္စည်းဖြင့် ဤသို့ တပါးသော အခြင်း အရာ အားဖြင့်၊ ဝါ— အခြားသော ပစ္စည်းဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ထို ဟေတု စသော ပစ္စည်း၏ အတက် အဆုတ်, အလွန် အယုတ်ကို သိအပ်၏။

> "ပဝတ္တေပိ တထာ ဟောတိ, ပါကံ ပါကဿ ပစ္စယော၊
> အပါကံ အဝိပါကဿ, ဆဓာ ဆဋ္ဌဿ ပစ္စယော။"

> "ပဝတ္တိ အခါ၌လည်း ဝိပါက် ဖြစ်သော နာမ်သည် ဝိပါက် ဖြစ်သော ဆဋ္ဌာယတနအား ထို ပဋိသန္ဓေ၌ ကဲ့သို့ပင် ခုနစ်ပါးသော ပစ္စည်း အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ဝိပါက် မဟုတ်သော နာမ်သည် ဝိပါက် မဟုတ်သော ဆဋ္ဌာယတနအား ပစ္စည်း ခြောက်ပါး အပြားဖြင့် ကျေးဇူး ပြုတတ်၏။"

ချဲ့ဦးအံ့—ပဋိသန္ဓေ ဝါကာရ ဘုံ၌ ပဋိသန္ဓေ အခါ၌ ကျေးဇူး ပြုတတ် သကဲ့သို့ ထို့ အတူ ပဝတ္တိ အခါ၌လည်း ဝိပါက် ဖြစ်သော နာမ်သည် ဝိပါက် ဖြစ်သော ဆဋ္ဌာယတနအား ယုတ်စွ အဆုံး ခုနစ်ပါးသော ပစ္စည်း အပြား အားဖြင့် ကျေးဇူး ပြုတတ်၏၊ ထိုမှတပါး ဝိပါက် မဟုတ်သော နာမ်သည် ဝိပါက် မဟုတ်သော ဆဋ္ဌာယတနအား ယုတ်သော အပိုင်း အခြားအားဖြင့် သာလျှင်

http://www.dhammadownload.com



ထို ပစ္စည်း ခုနစ်ပါးမှ ဝိပါက ပစ္စည်းကို ကြဉ်၍ ကျန်သော ပစ္စည်း ခြောက်ပါး အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ဤ ပဝတ္တေပိ စသော ဂါထာ၌လည်း ပြဆိုပြီးသော နည်းဖြင့် သာလျှင် အတက် အဆုတ်, အလွန် အယုတ်ကို သိအပ်၏။

"တတ္ထေဝ သေသပဉ္စန္နံ, ဝိပါကံ ပစ္စယော ဘဝေ၊
စတုဓာ အဝိပါကံပိ, ဝေမေဝ ပကာသိတံ။"

"ထို ပဉ္စဝေါကာရ ပဝတ္တိ၌ ပင်လျှင် မနာယတနမှ ကြွင်းသော စက္ခာယတန စသော အာယတန ငါးပါး တို့အား ဝိပါက် ဖြစ်သော နာမ်သည် ပစ္စည်း လေးပါး အပြားအားဖြင့် ကျေးဇူး ပြုတတ်၏၊ ဝိပါက်မှ တပါး သော ဝိပါက် မဟုတ်သော နာမ်ကိုလည်း ဤ ဝိပါက်နာမ် အတူ သာလျှင် ပြအပ်၏။"

ရှုဦးအံ့—ထို ပဉ္စဝေါကာရ ပဝတ္တိ၌ ပင်လျှင် မနာယတနမှ ကြွင်းကုန်သော စက္ခာယတန စသော အာယတန ငါးပါး တို့အား စက္ခုပသာဒ စသည်လျှင် မှီရာ ဝတ္ထု ရှိသည်လည်း ဖြစ်သော စက္ခုပသာဒ စသည်မှ တပါး ဟဒယ ဝတ္ထုလျှင် မှီရာ ရှိသည်လည်း ဖြစ်သော ဝိပါက် ဖြစ်သော နာမ်သည် ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း လေးပါးတို့ဖြင့် ကျေးဇူး ပြုတတ်၏။

ဝိပါက် ဖြစ်သော နာမ်ကို ပြအပ်သကဲ့သို့လည်း ဝိပါက်မှ တပါးသော ဝိပါက် မဟုတ်သော နာမ်ကိုလည်း ဤ ဝိပါက်နာမ် အတူ ပင်လျှင် ပြအပ်၏၊ ထို့ကြောင့် ကုသိုလ် စသည် အပြား ရှိသော နာမ်သည်လည်း ထို စက္ခာယတန စသော အာယတန ငါးပါးတို့အား ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း လေးပါးတို့ဖြင့် ကျေးဇူး ပြုတတ်၏။

ဤသို့ ရှေးဦးစွာ နာမ်သည် သာလျှင် ပဋိသန္ဓေ အခါ၌၎င်း, ပဝတ္တိ အခါ၌၎င်း အကြင် အကြင် အာယတနအား အကြင်

http://www.dhammadownload.com



အကြင်သို့သော အခြင်း အရာအားဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ထိုထိုသို့သော အခြင်း အရာအားဖြင့် သာလျှင် နာမ်ကို သိအပ်၏။

"ရူပံ ပနေတ္ထ အာရုပ္ပ, ဘဝေ ဘဝတိ ပစ္စယော၊
န ကောယတနဿပိ, ပဉ္စကွန္ဓဘဝေ ပန။

ရူပတော သန္ဒိယံ ဝတ္ထု, ဆဓာ ဆဋ္ဌဿ ပစ္စယော၊
ဘူတာနိ စတုဓာ ဟောန္တိ, ပဉ္စန္နံ အဝိသေသတော။"

"ထိုမှတပါး ဤ နာမ်ရုပ်တို့တွင် ရုပ်သည် အရူပဘုံ၌ တခုသော အာယတနအားသော်လည်း ကျေးဇူး မပြု တတ်၊ ပဉ္စဝေါကာရ ဘုံ၌ကား ရုပ်တို့တွင် ဟဒယ ဝတ္ထု ရုပ်သည် ပဋိသန္ဓေ အခါ၌ မနာယတနအား ခြောက်ပါး သော ပစ္စည်း အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ မဟာ ဘုတ် လေးခုတို့သည် စက္ခု စသော အာယတန ငါးပါး တို့အား ပဋိသန္ဓေ ပဝတ္တိဟု အထူး မပြု သာမညအားဖြင့် သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ပစ္စည်း လေးပါး တို့ဖြင့် ကျေးဇူး ပြုတတ်ကုန်၏။"

ချုံးအုံ—ရုပ်တို့တွင် ပဋိသန္ဓေ အခါ၌ ဟဒယ ဝတ္ထု ရုပ်သည် ခြောက်ခုမြောက် ဖြစ်သော မနာယတနအား သဟဇာတ, အညမညာ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်းခြောက်ပါး အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ မဟာဘုတ် လေးခုတို့ သည်ကား သာမညအားဖြင့် ပဋိသန္ဓေ အခါ၌ရှင်း, ပဝတ္တိ အခါ၌ရှင်း အကြင် အကြင် အာယတနသည် ဖြစ်၏၊ ထိုထို ဖြစ်ဖြစ်သမျှသော အာယတန၏ အစွမ်းဖြင့် စက္ခာယတန စသော အာယတန ငါးပါးတို့အားလည်း သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ပစ္စည်း လေးပါးတို့ဖြင့် ကျေးဇူး ပြုတတ်ကုန်၏။

"တိဓာ ဇီဝိတမေတေသံ, အာဟာရော စ ပဝတ္တိယံ၊
ဝါနေဝ ဆဓာ ဆဋ္ဌဿ, ဝတ္ထု တဿေဝ ပဉ္စဓာ။"

http://www.dhammadownload.com



"ရုပ် ဇီဝိတသည် ထို စက္ခာယတန စသော အာယတန ငါးပါးတို့အား သုံးပါးသော ပစ္စည်း အပြားအားဖြင့် ကျေးဇူး ပြုတတ်၏၊ ရုပ်အာဟာရသည်လည်း ပဝတ္တိ အခါ၌ ထို စက္ခာယတန စသော အာယတန ငါးပါးတို့အား သုံးပါးသော ပစ္စည်း အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ထို စက္ခု စသော အာယတန ငါးပါးတို့သည် ပင်လျှင် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝိညာဉ်ဟု ဆိုအပ်သော မနာယတနအား ခြောက်ပါးသော ပစ္စည်း အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ဟဒယ ဝတ္ထုရုပ်သည် ထို ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သော ပဉ္စဝိညာဉ်တို့မှ ကြွင်းသော မနာယတနအား သာလျှင် ငါးပါးသော ပစ္စည်း အပြားတို့ဖြင့် ကျေးဇူး ပြုတတ်၏။"

ချဲဦးအံ့—ထို စက္ခု စသော အာယတန ငါးပါးတို့အား ပဋိသန္ဓေ အခါ၌ငှင်း, ပဝတ္တိ အခါ၌ငှင်း ဇီဝိတရုပ်သည် အတ္ထိ, အဝိဂတ, ဣန္ဒြိယ ပစ္စည်း သုံးပါး အပြားအားဖြင့် ကျေးဇူး ပြုတတ်၏၊ အာဟာရရုပ်သည်လည်း အတ္ထိ, အဝိဂတ, အာဟာရ ပစ္စည်း သုံးပါး အပြားအားဖြင့် ကျေးဇူးပြုတတ်၏။

ထို အာဟာရသည်လည်း အကြင် သတ္တဝါတို့သည် အာဟာရကို မှီ၍ အသက် ရှည်ကုန်၏၊ ထို အာဟာရကို မှီ၍ အသက် ရှည်ကုန်သော သတ္တဝါတို့အား အာဟာရသည် ပျံ့နှံ့အပ်သော ကိုယ်၌ ပဝတ္တိ အခါ၌ သာလျှင် စင်စစ် ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်။

ထိုမှတပါး ထို စက္ခာယတန အစရှိသော အာယတန ငါးပါး တို့သည် ခြောက်ခုမြောက် ဖြစ်သော စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်ဟု ဆိုအပ်သော မနာယတနအား နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ခြောက်ပါး အပြားအားဖြင့် ပဝတ္တိ အခါ၌ ကျေးဇူး ပြုတတ်ကုန်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်ကုန်။

http://www.dhammadownload.com



ထိုမှတပါး ပဉ္စဝိညာဉ်တို့ကို ကြဉ်ထား၍ ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သော ပဉ္စဝိညာဉ်တို့မှ ကြွင်းသော ထို မနာယတနအား သာလျှင် ဟဒယ ဝတ္ထု ရုပ်သည် နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ငါးပါး အပြားအားဖြင့် ပပတ္တိ အခါ၌ သာလျှင် ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ အခါ၌ ကျေးဇူး မပြုတတ်၊ ဤသို့ ရုပ်သည် သာလျှင် ပဋိသန္ဓေ အခါ၌၎င်း ပဝတ္တိ အခါ၌၎င်း အကြင် အကြင် အာယတနအား အကြင် အကြင်သို့သော အခြင်းအရာ အားဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ထိုထိုသို့သော အခြင်း အရာအားဖြင့် ထို ရုပ်ကို သိအပ်၏။

"နာမရူပံ ပန္နဘယံ, ဟောတိ ယံ ယဿ ပစ္စယော၊
ယထာ စ တမ္ပိ သဗ္ဗတ္ထ, ဝိညာတဗ္ဗံ ဝိဘာဝိနာ။"

"နှစ်ပါးစုံသော အကြင် နာမ်ရုပ်သည်ကား အကြင် အာယတနအား ကျေးဇူး ပြုတတ်၏၊ အကြင် အကြင်သို့သော အခြင်းအရာ အားဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ထို နာမ်ရုပ်ကိုလည်း အလုံးစုံသော ဘုံ ဘဝတို့၌ ပညာရှိသည် သိအပ်၏။"

ဤ နာမ်ရုပ်သည် အဘယ်သည်တို့နည်း၊ ရှေးဦးစွာ ပဋိသန္ဓေ အခါ၌ ပဉ္စဝေါကာရ ဘုံ၌ ခန္ဓာ သုံးပါး ဝတ္ထုရုပ်ဟု ဆိုအပ်သော နာမ်ရုပ်သည် ဆဋ္ဌာယတနအား သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း အစရှိသော ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ဤသို့ မှတ်အပ်၏။

ဤ ပြဆိုပြီးသော စကားသည် ဤ နာမ်ရုပ် ကျေးဇူး ပြုသည်၏ အဖြစ်၌ အကျဉ်း အမြွက်မျှသာတည်း၊ ထိုသို့ အကျဉ်း အမြွက်မျှ ဖြစ်သော်လည်း ပြဆိုပြီးသော နည်းကို အစဉ် ဉာဏ်သက်သဖြင့် အလုံးစုံ ဆိုသင့်သော စကားရပ်ကို ယှဉ်ခြင်းငှါ တတ်စွမ်းနိုင်ရာ၏၊ ထိုသို့ တတ်ကောင်းနိုင်လောက်ပြီ ဖြစ်သောကြောင့် ဤ နာမ်ရုပ် ကျေးဇူး ပြုသည်၏ အဖြစ်၌ အကျယ်တဝင့် မဖွင့် မဆိုအပ်ပြီ။

နာမရူပပစ္စယာ သဠာယတနံ ပုဒ်အဖွင့် ပြီး၏။

http://www.dhammadownload.com



### သဠာယတနပစ္စယာ ဖဿောပုဒ် အဆုံးအဖြတ်

"သဠာယတနပစ္စယာ ဖဿော" ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။

"ဆဠေဝ ဖဿာ သင်္ခေပါ, စက္ခုသမ္ဖဿာဒယော၊
ဝိညာဏမိဝ ဗာတ္တိံသ, ဝိတ္ထာရေန ဘဝန္တိ တေ။"

"အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ အစရှိကုန်သော ခြောက်ပါးသော ဖဿတို့သည် သာလျှင် ပါဠိတော်၌ လာကုန်၏၊ ထို ဖဿတို့သည် အကျယ်အားဖြင့် လောကီဝိပါက် ဝိညာဉ် ကဲ့သို့ သုံးဆဲ့ နှစ်ပါးတို့သည် ဖြစ်ကုန်၏။"

ရှုဦးအံ့—အကျဉ်းအားဖြင့် "အာယတန ခြောက်ပါးဟူသော အကြောင်းကြောင့် ဖဿ ဖြစ်၏" ဟူရာ၌ စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ ဟူ၍ ခြောက်ပါး သာလျှင် ဖြစ်ကုန်သော ဤ ဖဿတို့သည် ဖြစ်ကုန်၏၊ အကျယ်အားဖြင့်ကား—စက္ခုသမ္ဖဿ အစ ရှိကုန်သော ကုသလ ဝိပါက် ငါးပါး, အကုသလ ဝိပါက် ငါးပါး ဤ ဆယ်ပါးသော သမ္ဖဿတို့ငှင်း, ကြွင်းကုန်သော လောကီ ဝိပါက် ဝိညာဉ် နှစ်ဆဲ့ နှစ်ပါးနှင့် ယှဉ်ကုန်သော ဖဿ နှစ်ဆဲ့ နှစ်ပါးတို့ငှင်း ဤသို့ အလုံးစုံ ရှိသမျှသော ဖဿတို့သည်လည်း သင်္ခါရ ဟူသော အကြောင်းကြောင့် ဟောတော်မူအပ်သော ဝိညာဉ် ကဲ့သို့ သုံးဆဲ့ နှစ်ပါး ဖြစ်ကုန်၏၊ သုံးဆဲ့ နှစ်ပါး အပြား ရှိသည်လည်း ဖြစ်သော ထို ဖဿအား အကြင် သဠာယတနသည် ကျေးဇူး ပြုတတ်၏၊ ထို သဠာယတနတွင်—

"ဆဋ္ဌေန သဟ အဇ္ဈတ္တံ, စက္ခာဒိံ ဗာဟိရေဟိပိ၊
သဠာယတနမိစ္ဆန္တိ, ဆဟိ သဒ္ဓိံ ဝိစက္ခဏာ။"

"အရှိသော ပညာရှိတို့သည် မနာယတနနှင့် တကွ ဝိဝိ သန္တာန်၌ ဖြစ်သော စက္ခာယတန စသည်ကို သဠာယတန ဟူ၍ အလိုရှိကုန်၏၊ အရှိသော ပညာရှိတို့သည် ခြောက်ခုမြောက် ဖြစ်သော မနာယတနနှင့်

http://www.dhammadownload.com



တက္က အဇ္ဈတ္တ ဖြစ်သော စက္ခာယတန စသည်ကို ဗာဟိရ ရူပါယတန အစ ရှိကုန်သော ခြောက်ပါးသော အာယတနတို့နှင့်လည်း တက္က သဠာယတန ဟူ၍ အလို ရှိကုန်၏။"

ထို သဠာယတနပစ္စယာ ဖဿ ပုဒ်၌၊ ဝါ—အယူ ထူးသည့် ပညာရှိ နှစ်ဦးတို့တွင် ရှေးဦးစွာ ပဌမ ပညာရှိတို့၏ အယူဝါဒ စကားသည် "အာရုံ ပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည် ဖြစ်၍ မပြတ် လည်သော ဝဋ္ဋတရားကို ဆိုသော စကားတည်း၊" ဤသို့ နှလုံး ပိုက်၍ မိမိ သန္တာန်၌ အတွင်း ဝင်သည် သာလျှင် ဖြစ်သော ပစ္စည်း တရားကိုငင်း, ပစ္စယုပ္ပန် တရားကိုငင်း ပြကုန်၏။

ထို ပညာရှိတို့သည် ဆဠာယတနပစ္စယာ ဖဿော ဟူသော အဘိဓမ္မ ဘာဇနီယ ပါဠိကို အစဉ် လျှောက်သောအားဖြင့် အရူပဘုံ၌ ခြောက်ခုမြောက် ဖြစ်သော မနာယတနသည်ငင်း, အရူပ ဘုံမှ တပါးသော ဘုံ၌ အလုံးစုံသော သဠာယတနကို ပေါင်း၍ ယူသောအားဖြင့် သဠာယတနသည်ငင်း ဖဿအား ကျေးဇူး ပြုတတ်၏၊ ဤသို့ နှလုံးပိုက်၍ တစိတ် တဒေသအားဖြင့် သုတ်တူ တခုကြွင်း ပြုခြင်းကို ပြု၍ ခြောက်ခုမြောက်သော မနာယတနနှင့် တက္က အဇ္ဈတ္တ ဖြစ်သော စက္ခာယတန စသည်ကို သဠာယတန ဟူ၍ အလိုရှိအပ်ကုန်၏။

ထို စကား မှန်၏၊ ထို ဆဠာယတနနှင့် တက္ကသော အဇ္ဈတ္တ-စက္ခာယတန စသည်သည် ခြောက်ခုမြောက် ဖြစ်သော မနာယတန ငင်း, သဠာယတနငင်း သဠာယတန ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ထိုမှတပါး အကြင် ဒုတိယ ပညာရှိတို့သည် ပစ္စယုပ္ပန် တရားကို သာလျှင် တခုသော သန္တာန်၌ အတွင်း ဝင်၏ ဟူ၍၊ ဝါ— အတွင်း ဝင်သည်ကို ပြု၍ ပြကုန်၏၊ ပစ္စည်း တရားကိုကား ပြားသော သန္တာန်၌ အတွင်း ဝင်သည်ကိုလည်း ပြု၍ ပြကုန်၏။

http://www.dhammadownload.com



ထို ပညာရှိတို့သည် အကြင် အကြင် အာယတနသည် ဖဿအား ကျေးဇူး ပြုတတ်၏၊ ထို ဖဿအား ကျေးဇူး ပြုပြုသမျှသော အာယတန အားလုံးကိုလည်း ပြလိုသည်ဖြစ်၍ ဗာဟိရဖြစ်သော ရူပါယတန စသည်ကိုလည်း သိမ်းဆည်း၍ ခြောက်ခု မြောက်သော မနာယတနနှင့် တကွ ထိုအဇ္ဈတ္တ ဖြစ်သော စက္ခာယတန စသည်ကို ပင်လျှင် ဗာဟိရ ဖြစ်ကုန်သော ရူပါယတန စသည်တို့နှင့်လည်း တကွ သဠာယတန ဟူ၍ အလို ရှိအပ်ကုန်၏။

ထို စကား သင့်စွ—ထို ရူပါယတန စသည်တို့နှင့် လည်း တကွ သဠာယတန သည်လည်း ဆဠာယတနဝင်း, အဇ္ဈတ္တ-သဠာယတနဝင်း,ဗာဟိရသဠာယတနဝင်း ဤသို့ ထို ဆဠာယတန, သဠာယတန, သဠာယတနတို့ကို သုတိတူ တခုကြွင်းကို ပြု၍ သဠာယတန ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

## စောဒနာ ဝင်ပုံ

ဤ သဠာယတနပစ္စယာ ဖဿော ဟူသော စကားရပ်၌ စောဒက ဆရာသည် ဆို၏၊ အလုံးစုံသော အာယတနတို့ကြောင့် တခုသော ဖဿသည် မဖြစ်၊ တခုသော အာယတနကြောင့်လည်း ခပ်သိမ်းကုန်သော ဖဿတို့သည် မဖြစ်ကုန်၊ သဠာယတနပစ္စယာ ဖဿော ဟူ၍ ဤ ဖဿ တခုတည်းကို သာလျှင် ဘုရား ဟောတော်မူအပ်၏၊ ထို ဖဿ တခုကို သာလျှင် အဘယ့်ကြောင့် ဟောတော်မူသနည်း၊ ဤကား စောဒနာခြင်းတည်း။

## ဖြေပုံ အား

ဤ သင် စောဒက ဆရာ၏ စကားသည် အချို့ မှန်ပါပေ၏၊ အလုံးစုံသော အာယတနတို့ကြောင့် တခုသော ဖဿသည် မဖြစ်၊ တခုသော အာယတနကြောင့် မူလည်း အလုံးစုံသော ဖဿတို့သည် မဖြစ်ကုန်၊ အာယတန အားလုံးတို့ကြောင့် မဟုတ်သော်လည်း နှစ်ပါး သုံးပါး စသည်ဖြင့်များစွာသော အာယတနတို့ကြောင့် တခုသော ဖဿသည် ဖြစ်၏။

http://www.dhammadownload.com



ဥပမာကား—စက္ခု သမ္ဘဿသည် စက္ခာယတနကြောင့်၎င်း, ရူပါယတနကြောင့်၎င်း, စက္ခုဝိညာဉ်ဟု ဆိုအပ်သော မနာယတနကြောင့်၎င်း, ဖဿမှ ကြွင်းသော ထို မနာယတနနှင့် သမ္ပယုတ်ဖြစ်သော စေတသိက ဓမ္မာယတန ကြောင့်၎င်း ဖြစ်၏၊ ဤနည်းတူ ခပ်သိမ်းသော သောတ သမ္ဘဿ စသည်တို့၌ အကြင် အကြင်သော အာယတန စသည်အား လျော်စွာ ဖြစ်သင့်ခြင်းကို ယှဉ်အပ်၏၊ ထိုသို့ များစွာသော အာယတန တို့ကြောင့် တခုသော ဖဿ၏ ဖြစ်သင့်သည်၏ အဖြစ်ကြောင့် သာလျှင်—

"ဧကောပနေကာယတန, ပ္ပဘဝေါ ဣတိ ဒီပိတော၊
ဖဿောယံ ဧကဝစန, နိဒ္ဒေသေနိဓ တာဒိနာ။"

"ဤ ဖဿသည် တခုတည်း ဖြစ်သော်လည်း များစွာသော အာယတနတို့ကြောင့် ဖြစ်၏၊ ဝါ—များစွာသော အာယတနလျှင် ဖြစ်ကြောင်း အမှန် ရှိ၏၊ ထို့ကြောင့် ဤ သဠာယတနပစ္စယာ ဖဿော ဟူသော နိဒ္ဒေသ၌ ဣဋ္ဌာရုံ အနိဋ္ဌာရုံ ကြုံသော်လည်း တုန်လှုပ်ခြင်း မရှိ တာဒိ ဂုဏ်နှင့် ပြည့်စုံသော ရှင်တော်ဘုရားသည် ဧကဝုစ်ဖြင့် ပြညွှန်းကြောင်း ဖြစ်သော သဒ္ဒါဖြင့် ဟောတော်မူအပ်၏။"

"ဧကဝုစ်ဖြင့် ပြညွှန်းကြောင်း ဖြစ်သော သဒ္ဒါဖြင့်" ဆိုသည်ကား—"သဠာယတနပစ္စယာ ဖဿော" ဟူသော ဤ ဧကဝုစ် ညွှန်းကြောင်း ဖြစ်သော သဒ္ဒါဖြင့် များစွာကုန်သော အာယတနတို့ကြောင့် တခုသော ဖဿသည် ဖြစ်၏၊ ဤသို့ တာဒိ ဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ပြတော်မူ၏ ဟူလို၊ ထိုမှတပါး အာယတနတို့တွင်—

"ဆဒ္ဓါ ပဉ္စ တတော ဧကံ, နဝဓာ ဗာဟိရာနိ ဆ၊
ယထာသမ္ဘဝမေတဿ, ပစ္စယတ္တေ ဝိဘာဝယေ။"

"စက္ခာယတန စသော အာယတန ငါးပါးတို့ကို စက္ခုသမ္ဘဿ စသည် ငါးပါး အပြား ရှိသော ဤဖဿအား

http://www.dhammadownload.com



ခြောက်ပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုတတ်သည်၏ အဖြစ်၌ ထင်စွာ ပြရာ၏၊ ထို အာယတန ငါးပါးမှ နောက်၌ ဝိပါက် မနာယတန တပါးကို ဤ ဝိပါက် မနောသမ္ဘဿအား ပစ္စည်း ကိုးပါးတို့ဖြင့် ကျေးဇူး ပြုတတ်သည်၏ အဖြစ်၌ ထင်စွာ ပြရာ၏၊ ရူပါယတန စသော ဗာဟိရာယတန ခြောက်ပါးတို့ကို ဤ စက္ခု-သမ္ဘဿ စသော ဖဿ ခြောက်ပါးအား ဖြစ်သင့်သည် အား လျော်စွာ ကျေးဇူး ပြုတတ်သည်၏ အဖြစ်၌ ထင်စွာ ပြရာ၏။"

ထို ဂါထာ၌ ဤ ဆိုလတ္တံ့သည်ကား အနက်ကို ထင်စွာ ပြခြင်းတည်း၊ ရှေးဦးစွာ စက္ခာယတန အစ ရှိကုန်သော အာယတန ငါးပါးတို့သည် စက္ခုသမ္ဘဿ စသော အပြားဖြင့် ငါးပါး အပြား ရှိသော ဖဿအား နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ခြောက်ပါး အပြားအားဖြင့် ကျေးဇူး ပြုတတ်ကုန်၏။

ထို ပဉ္စာယတနမှ နောက်၌ ဝိပါက မနာယတန တပါးသည် ကုသလ ဝိပါက စသော ပဉ္စဒွါရ စသောအားဖြင့် များသော အပြား ရှိသော ဝိပါက မနောသမ္ဘဿအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ကိုးပါး အပြားအားဖြင့် ကျေးဇူး ပြုတတ်၏။

ထိုမှတပါး ဗာဟိရာယတနတို့တွင် ရူပါယတနသည် စက္ခုသမ္ဘဿအား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ပစ္စည်း လေးပါးတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ သဒ္ဒါယတန စသည်တို့သည် သောတသမ္ဘဿ စသည်တို့အား ထို ရူပါယတန အတူ ပစ္စည်း လေးပါး အပြားတို့ဖြင့် ကျေးဇူး ပြုတတ်ကုန်၏။

ထိုမှတပါး မနောသမ္ဘဿအား ထို ရူပါယတန စသည်တို့ သည်ငှင်း, ဓမ္မာယတနသည်ငှင်း ထို အာရမ္မဏ, ပုရေဇာတ,

http://www.dhammadownload.com



အတ္တိ, အဝိဂတ ပစ္စည်း လေးပါးတို့ဖြင့်၎င်း, အာရမ္မဏ ပစ္စည်း သက်သက်မျှဖြင့် သာလျှင်၎င်း ကျေးဇူး ပြုတတ်၏၊ ဤသို့ ဗာဟိရာယတန ခြောက်ပါးတို့ကို ဖြစ်သင့်သည်အား လျော်စွာ ထို မနောသမ္ဖဿအား ကျေးဇူး ပြုတတ်သည်၏ အဖြစ်၌ ထင်စွာ ပြရာ၏။

သဠာယတနပစ္စယာ ဖဿော ပုဒ်ဖွင့် အကျယ် ပြီး၏။

---

## ဖဿပစ္စယာ ဝေဒနာပုဒ် အဆုံးအဖြတ်

"ဖဿပစ္စယာ ဝေဒနာ" ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။

"ဒွါရတော ဝေဒနာ ဝုတ္တာ, စက္ခုသမ္ဖဿဇာဒိကာ၊
သဠေဝ တာ ပဘေဒေန, ဧကူနနဝုတီ မတာ။"

"စက္ခုသမ္ဖဿဇာ အစ ရှိကုန်သော ဒွါရအားဖြင့် ခြောက်ပါး သာလျှင် ဖြစ်ကုန်သော ဝေဒနာတို့ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏၊ ထို ဝေဒနာတို့ကို အပြားအားဖြင့် တခုယုတ် ကိုးဆယ် ဟူ၍ ပညာ ရှိသည် သိအပ်ကုန်၏။"

ဤ ဖဿပစ္စယာ ဝေဒနာ ဟူသော ပုဒ်၏လည်း ဝိဘင်း၌ စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတ, ဃာန, ဇိဝှါ, ကာယ, မနောသမ္ဖဿဇာ ဝေဒနာ ဟူ၍ ဤသို့ ဒွါရအားဖြင့် ဝေဒနာ ခြောက်ပါးတို့ကို သာလျှင် မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏၊ သို့သော်လည်း ထို ဝေဒနာ ခြောက်ပါးတို့ကို အပြားအားဖြင့် စိတ် တခုယုတ် ကိုးဆယ်တို့နှင့် ယှဉ်သည်၏ အဖြစ်ကြောင့် ဝေဒနာ ရှစ်ဆဲ့ ကိုးပါး ရှိ၏ ဟူ၍ ပညာရှိသည် သိအပ်၏။

"ဝေဒနာသု ပနေတာသု, ဣဓ ဗာတ္တိံသ ဝေဒနာ၊
ဝိပါကသမ္ပယုတ္တာဝ, အဓိပ္ပေတာတိ ဘာသိတာ။"

http://www.dhammadownload.com



"အဋ္ဌဓာ တတ္ထ ပဉ္စန္နံ, ပဉ္စဒွါရမှိ ပစ္စယော၊
သေသာနံ ဧကဓာ ဖဿော, မနောဒွါရေပိ သော တထာ။"

"ဝေဒနာ ရှစ်ဆဲ့ကိုးပါး အကျယ် ပြားသော်လည်း ထို ဝေဒနာတို့တွင် ဤ "ဖဿပစ္စယာ ဝေဒနာ" ပုဒ်၌ ဝိပါက် သမ္ပယုတ် သာလျှင် ဖြစ်ကုန်သော ဝေဒနာ သုံးဆဲ့နှစ်ပါးတို့ကို မြတ်စွာဘုရား အလို ရှိအပ်ကုန်၏ ဟူ၍ ပညာရှိ သူခပိမ်တို့ မိန့်အပ်ကုန်၏။"

"ထို ဝေဒနာ သုံးဆဲ့နှစ်ပါးတို့တွင် စက္ခုပသာဒ စသည် မှီရာ ရှိကုန်သော ဝေဒနာ ငါးပါးတို့အား စက္ခု-သမ္ဖဿ စသော ဖဿသည် ပစ္စည်း ရှစ်ပါးတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ပဉ္စဒွါရ၌ ပသာဒဝတ္ထု ဝေဒနာ ငါးပါးမှ ကြွင်းကုန်သော ကာမာဝစရ ဝိပါက ဝေဒနာတို့အား ထို စက္ခုသမ္ဖဿ စသော ဖဿသည် ဥပနိဿယ ပစ္စယ သတ္တိဖြင့် တပါး အဘို့ဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ မနောဒွါရ၌လည်း တဒါရုံအားဖြင့် ဖြစ်ကုန်သော ကာမာဝစရ ဝိပါက် ဝေဒနာတို့အား ထို သဟ-ဇာတ မနောသမ္ဖဿသည် ပစ္စည်း ရှစ်ပါး အပြားတို့ဖြင့် သာလျှင် ကျေးဇူး ပြု၏။"

ရှင်းအံ့—ထို ဝေဒနာတို့တွင် ပဉ္စဒွါရ၌ စက္ခုပသာဒ စသည် မှီရာ ရှိကုန်သော ဝေဒနာ ငါးပါးတို့အား စက္ခုသမ္ဖဿ အစ ရှိသော ဖဿသည် သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ရှစ်ပါး အပြား အားဖြင့် ကျေးဇူး ပြုတတ်၏၊ ထိုမှတပါး ပသာဒ ဝတ္ထုက ဝေဒနာ ငါးပါးမှ ကြွင်းကုန်သော စက္ခုဒွါရ စသော တပါးပါး သော ဒွါရ၌ သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော ကာမာဝစရ ဝိပါက် ဝေဒနာတို့အား ထို စက္ခု သမ္ဖဿ အစ ရှိသော ဖဿသည် ဥပနိဿယ ပစ္စယ သတ္တိဖြင့် တပါး အဘို့အားဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။

http://www.dhammadownload.com



"မနောဒွါရ၌လည်း ထို သဟဇာတ မနောသမ္ဖဿသည် ပစ္စည်း ရှစ်ပါးတို့ဖြင့် ကျေးဇူး ပြုတတ်၏" ဆိုရာ၌ကား မနော-ဒွါရ၌လည်း တဒါရုံ၏ အစွမ်းအားဖြင့် သာလျှင် ဖြစ်ကုန်သော ကာမာဝစရ ဝိပါက် ဝေဒနာတို့အား ထို သဟဇာတ မနော-သမ္ဖဿဟု ဆိုအပ်သော ဖဿသည် သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ရှစ်ပါးတို့ဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော ဘုံသုံးပါး၌ ဖြစ်သော ဝိပါက် ဝေဒနာတို့အားလည်း ထို သဟဇာတ မနောသမ္ဖဿဟု ဆိုအပ်သော ဖဿသည် ထို သဟဇာတ စသော ပစ္စည်း ရှစ်ပါးဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။

အထူးကို ဆိုအံ့—မနောဒွါရ၌ တဒါရုံ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော အကြင် ဆိုအပ်ပြီးသော ကာမာဝစရ ဝိပါက် ဝေဒနာတို့သည် ရှိကုန်၏၊ ထို ကာမာဝစရ ဝိပါက် ဝေဒနာ တို့အား မနောဒွါရာဝဇ္ဇန်းနှင့် သမ္ပယုတ် ဖြစ်သော မနော-သမ္ဖဿသည် ဥပနိဿယ ပစ္စယသတ္တိဖြင့် တပါး အဘို့အားဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။

ဖဿပစ္စယာ ဝေဒနာ ပုဒ်ဖွင့် အကျယ် ပြီး၏။

---

### ဝေဒနာပစ္စယာ တဏှာပုဒ် အဆုံးအဖြတ်

"ဝေဒနာပစ္စယာ တဏှာ" ဟူသော ပုဒ် အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။

> "ရူပတဏှာဒိဘေဒေန, ဆ တဏှာ ဣဓ ဒီပိတာ၊
> ဧကေကာ တိဝိဓာ တတ္ထ, ပဝတ္တာကာရတော မတာ။"

"ဤ ဝေဒနာပစ္စယာ တဏှာ ဟူသော ပုဒ်၌ ရူပ တဏှာ စသော အပြားဖြင့် တဏှာ ခြောက်ပါးတို့ကို မြတ်စွာဘုရားသည် ပြအပ်ကုန်၏၊ ထို တဏှာ ခြောက်ပါး

http://www.dhammadownload.com



တို့တွင် တဏှာ တပါး တပါးကို ဖြစ်သော အခြင်း အရာ အားဖြင့် သုံးပါး သုံးပါးစီ အပြား ရှိ၏ ဟူ၍ ပညာရှိသည် သိအပ်၏။"

ချဲ့ဦးအံ့—ဤ ဝေဒနာပစ္စယာ တဏှာ ဟူသော ပုဒ်၌ သူဋ္ဌေးသား, ပုဏ္ဏားသား ဤသို့ အဘမှ လာသော အမည်၏ အစွမ်းဖြင့် သားကို ပြအပ် သကဲ့သို့ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ ဟူ၍ အာရုံမှ လာသော အမည်၏ အစွမ်းဖြင့် ဝိဘင်း၌ တဏှာ ခြောက်ပါးတို့ကို ဘုရား ဟောတော်မူအပ်ကုန်၏၊ ထိုမှတပါး ထို တဏှာ ခြောက်ပါးတို့တွင် တဏှာ တပါး တပါးကို ဖြစ်သော အခြင်း အရာတို့၏ အစွမ်းအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟု သုံးပါး သုံးပါးစီ အပြား ရှိ၏ ဟူ၍ သိအပ်၏။

ထင်ရှားစေအံ့—ရူပတဏှာသည် ပင်လျှင် အကြင် အခါ၌ စက္ခု ဝိညာဉ်အား ထင်ခြင်းသို့ ရောက်သော ရူပါရုံကို ကာမဂုဏ်ကို သာယာသည်၏ အစွမ်းအားဖြင့် သာယာလျက် ဖြစ်၏၊ ထို အခါ၌ "ကာမတဏှာ" မည်၏၊ အကြင် အခါ၌ ထို စက္ခုအား ထင်ခြင်းသို့ ရောက်သော ရူပါရုံကို ပင်လျှင် "မဖောက် မပြန် ခိုင်ခံ့၏, မပျက် မစီး မြဲ၏" ဟု ဤသို့ ဖြစ်သော သဿတဒိဋ္ဌိနှင့် တကွ ဖြစ်၏၊ ထို အခါ၌ "ဘဝတဏှာ" မည်၏၊ သင့်စွ—သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော ရာဂကို ဘဝတဏှာ ဟူ၍ ဆိုအပ်၏၊ အကြင် အခါ၌ ထို ရူပါရုံကို ပင်လျှင် "ပြတ်၏, ပျက်စီး၏" ဟု ဤသို့ ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်၏၊ ထို အခါ၌ "ဝိဘဝတဏှာ" မည်၏၊ သင့်စွ—ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်သော ရာဂကို ဝိဘဝတဏှာ ဟူ၍ ဆိုအပ်၏၊ သဒ္ဒ တဏှာ စသည်တို့၌လည်း ဤ နည်းကို ဆောင်အပ်၏၊ ဤသို့ ဤတဆဲ့ ရှစ်ပါးသော တဏှာတို့သည် ဖြစ်ကုန်၏။

ထို တဏှာ တဆဲ့ ရှစ်ပါးတို့သည် အဇ္ဈတ္တ ရူပါရုံ စသည်တို့၌ တဆဲ့ ရှစ်ပါး, ဗဟိဒ္ဓ ရူပါရုံ စသည်တို့၌ တဆဲ့ရှစ်ပါး ဤသို့ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် နှစ်ပါး အစွမ်းအားဖြင့် တဏှာ သုံးဆဲ့ ခြောက်ပါး

http://www.dhammadownload.com



ဖြစ်ကုန်၏၊ ဤသို့ အတိတ် ကာလ၌ ဖြစ်ကုန်သော တဏှာ သုံးဆဲ့ခြောက်ပါး၊ အနာဂတ် ကာလ၌ ဖြစ်ကုန်သော တဏှာ သုံးဆဲ့ခြောက်ပါး၊ ပစ္စုပ္ပန် ကာလ၌ ဖြစ်ကုန်သော တဏှာ သုံးဆဲ့ခြောက်ပါး ဤသို့လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါး အစွမ်းအားဖြင့် ခြောက်ပွါး ရေတွက်သော် တဏှာပေါင်း တရာ့ ရှစ်ပါး ဖြစ်ကုန်၏။

တရာ့ ရှစ်ဖြာ ထို တဏှာတို့ကို တဖန် အကျဉ်းချုံးအပ်သည် ရှိသော် ရူပါရုံ စသော အာရုံတို့၏ အစွမ်းအားဖြင့် တဏှာ ခြောက်ပါး ဖြစ်ကုန်၏၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ တို့၏ အစွမ်းအားဖြင့် တဏှာ သုံးပါး သာလျှင် ဖြစ်ကုန်၏၊ ဤသို့ သိအပ်ကုန်၏။

ဆက်၍ဆိုအံ့—ဤ သတ္တဝါတို့သည် သားကို သာယာ နှစ်သက် စုံမက်၍ သား၌ မရက် မစက် စုံမက် မြတ်နိုးခြင်း သာယာ သော တဏှာဖြင့် အထိန်းတော်အား ကြီးစွာသော ပူဇော် သက္ကာရကို ပြုကုန်သကဲ့သို့ ရူပါရုံ စသော အာရုံ အစွမ်းဖြင့် ဖြစ်သော ဝေဒနာကို နှစ်သက် စုံမက်၍ ဝေဒနာ၌ "ငါ၏ ဥစ္စာ ငါ့ဟာ" ဟူ ဂေဟာသိတပေမ ပြုသဖြင့်၊ ဝါ—သာယာ စုံမက် သော တဏှာဖြင့် ရူပါရုံ စသော အာရုံကို ပေးတတ်ကုန်သော ပန်းချီ ဆရာ၊ စောင်းသမား၊ နံ့သာသည်၊ စဖိုသည်၊ ရက်ကန်း သည်၊ ဇီဝိတိန္ဒြေ၏ တည်ကြောင်းဖြစ်ဖြာ တည်းဟူသောဆေးကို စီရင်တတ်ကုန်သော ဆေးဆရာ အစ ရှိသည်တို့အား ကြီးစွာ သော ပူဇော် သက္ကာရကို အကြင့်ကြောင့် ပြုကုန်၏၊ ထို့ကြောင့် အလုံးစုံလည်း ဖြစ်သော တရာ့ ရှစ်ဖြာ ဤ တဏှာသည် ဝေဒနာ ကြောင့် ဖြစ်၏၊ ဤသို့ သိအပ်၏။

"ယသ္မာ စေတ္ထ အမိပ္ပေတာ၊ ဝိပါကသုခဝေဒနာ၊
ဧကာဝ ဧကဓာဝေသာ၊ တသ္မာ တဏှာယ ပစ္စယော။"

"ဤ ဝေဒနာပစ္စယာ တဏှာ ပုဒ်၌ တခု သာလျှင် ဖြစ်သော ဝိပါက် သုခ ဝေဒနာကို အကြင့်ကြောင့် အလို

http://www.dhammadownload.com



ရှိအပ်၏၊ ထို့ကြောင့် ထို ဝိပါက် သုခ ဝေဒနာသည် တဏှာအား တပါး အဘို့ဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။"

တပါး အဘို့အားဖြင့် ဆိုသည်ကား ဥပနိဿယ ပစ္စည်းဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ တနည်းကား အကြွင့်ကြောင့်—

"ဒုက္ခီ သုခံ ပတ္ထယတိ, သုခီ ဘိယျောပိ ဣစ္ဆတိ၊
ဥပေက္ခာ ပန သန္တတ္တာ, သုခမိစ္စေဝ ဘာသိတာ။"

"တဏှာယ ပစ္စယာ တသ္မာ, ဟောန္တိ တိဿောပိ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ, ဣတိ ဝုတ္တာ မဟေသိနာ။"

"ဝေဒနာပစ္စယာ စာပိ,
ယသ္မာ နာနုသယံ ဝိနာ၊
ဟောတိ တသ္မာ န သာ ဟောတိ,
ဗြာဟ္မဏဿ ဝုသီမတော။"

"ဆင်းရဲခြင်း ရှိသော သူသည် ချမ်းသာကို တောင့်တ၏၊ ချမ်းသာခြင်း ရှိသော သူသည်လည်း ထို့ထက် အလွန် ချမ်းသာကို အလိုရှိ၏၊ ဥပေက္ခာကိုကား ငြိမ်သက်သည်၏ အဖြစ်ကြောင့် သုခ ဟူ၍ သာလျှင် ဟောအပ်၏။"

"ထို့ကြောင့် ဝေဒနာ သုံးပါးတို့သည် တဏှာအား ကျေးဇူး ပြုတတ်ကုန်၏၊ ထို့ကြောင့် "ဝေဒနာပစ္စယာ တဏှာ" ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏။"

"တဏှာသည် ဝေဒနာ အကြောင်း ရှိပင် ရှိသော်လည်း၊ ဝါ—ဝေဒနာ ဟူသော အကြောင်းကြောင့် ထို တဏှာသည် ဖြစ်ပင် ဖြစ်ငြားသော်လည်း အနုသယကု

http://www.dhammadownload.com



ကင်း၍ မဖြစ်၊ ထို့ကြောင့် ထို တဏှာသည် သုံးအပ်ပြီးသော မဂ် ဟူသော မြဟ္မစရိယ ရှိသော၊ ဝါ-—သုံးအပ်ပြီးသော အရဟတ္တဖိုလ် ရှိသော မကောင်းမှုကို အပပြုပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား မဖြစ်။”

ဝေဒနာပစ္စယာ တဏှာ ပုဒ်ဖွင့် အကျယ် ပြီး၏။

---

## တဏှာပစ္စယာ ဥပါဒါနံ ပုဒ် အဆုံးအဖြတ်

“တဏှာပစ္စယာ ဥပါဒါနံ” ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။

“ဥပါဒါနာနိ စတ္တာရိ, တာနိ အတ္ထဝိဘာဂတော၊
ဓမ္မသင်္ခေပဝိတ္ထာရာ, ကမတော စ ဝိဘာဝယေ။”

“ဥပါဒါန်တို့သည် လေးပါး ရှိကုန်၏၊ ထို ဥပါဒါန် လေးပါးတို့ကို အနက်ကို ဝေဘန်သောအားဖြင့်ရင်း, ဥပါဒါန် မည်သော ဓမ္မ၏ အကျဉ်း အကျယ်အားဖြင့်ရင်း, အစဉ်အားဖြင့်ရင်း ပြရာ၏။”

ထို ဂါထာ၌ ဤ ဆိုလတ္တံ့သည်ကား အနက်ကို ထင်ရှားစွာ ပြခြင်းတည်း၊ ဤ “တဏှာပစ္စယာ ဥပါဒါနံ” ဟူသော ပုဒ်၌ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဤ လေးပါးတို့သည် ရှေးဦးစွာ “ဥပါဒါန်” မည်ကုန်၏၊ ဤ ဆိုလတ္တံ့သည်ကား ထို ဥပါဒါန် လေးပါးတို့၏ အနက်ကို ဝေဘန်ခြင်းတည်း။

အကြင် သဘော တရားသည် ရူပါရုံ, သဒ္ဒါရုံ စသော ဝတ္ထုကာမ ဟု ဆိုအပ်သော ကာမဂုဏ်ကို ပြင်းစွာ စွဲလမ်းတတ်၏၊ ထို့ကြောင့် ထို သဘော တရားသည် “ကာမုပါဒါန်” မည်၏၊ ထို သဘော တရားသည် အလိုရှိတတ်သည် ဖြစ်၍ “ကာမ” မည်သည်လည်း ဖြစ်၏၊ ပြင်းပြ မြဲမြံစွာ စွဲလမ်းတတ်

http://www.dhammadownload.com



သည် ဖြစ်၍ "ဥပါဒါန်" မည်သည်လည်း ဖြစ်၏၊ ဤသို့သော ကမ္ဘောရည်း သမာသ် တွဲစပ်ခြင်းကြောင့်လည်း "ကာမုပါဒါန်" မည်၏၊ ဥပါဒါန် ဆိုသည်ကား ပြင်းပြ မြဲမြံစွာ စွဲလမ်းတတ်သော တရားတည်း၊ ဤ ဥပါဒါန် ဟူသော ပုဒ်၌ "ဥပ" သဒ္ဒါသည် ဥပါယာသ, ဥပကုဋ္ဌ အစ ရှိသော ပုဒ်တို့၌ "ဥပ" သဒ္ဒါ ကဲ့သို့ မြဲမြံခြင်း "ဒဠှ"အနက် ရှိ၏။

ထိုမှတပါး ထို သဘော တရားသည် ဖောက်ပြန်သော အားဖြင့် မြင်တတ်သည် ဖြစ်၍ "ဒိဋ္ဌိ" မည်သည်လည်း ဖြစ်၏၊ ပြင်းစွာ စွဲလမ်းတတ်သည် ဖြစ်၍ "ဥပါဒါန်" မည်သည်လည်း ဖြစ်၏၊ ထို့ကြောင့် "ဒိဋ္ဌုပါဒါန်" မည်၏၊ တနည်းကား—ရှေး ဖြစ်သော ဒိဋ္ဌိကို ပြင်းစွာ စွဲလမ်းတတ်၏၊ ထို့ကြောင့် "ဒိဋ္ဌုပါဒါန်" မည်၏၊ သင့်စွ "သဿတော အတ္တာ လောကော စ" ဤသို့ အစရှိသော ပါဠိရပ်တို့၌ ရှေး ဖြစ်သော ဒိဋ္ဌိကို မပျက် မစီး မြဲသော အဖြစ်ဖြင့် ယူသည် ဖြစ်၍ နောက် ဖြစ်သော ဒိဋ္ဌိသည် ပြင်းစွာ စွဲလမ်းတတ်၏။

ထိုမှတပါး ကိလေသာမှ စင်ကြယ်ခြင်း၏ အကြောင်း မဟုတ်သော နွားစသည်တို့၏ အလေ့ အကျင့်ကို စင်ကြယ်ခြင်း၏ အကြောင်း ဟူ၍လည်း မြဲစွာ စွဲလမ်းတတ်၏၊ ထို့ကြောင့် "သီလဗ္ဗတုပါဒါန်" မည်၏၊ ထို သဘော တရားသည် နွား စသည်တို့၏ အလေ့ အကျင့်ကို စွဲလမ်းသော မိစ္ဆာ အယူသည် လည်း ဖြစ်၏၊ ဥပါဒါန် မည်သည်လည်း ဖြစ်၏၊ ထို နှစ်ပါးသော အကြောင်းကြောင့်လည်း "သီလဗ္ဗတုပါဒါန်" မည်၏၊ သင့်စွ၊ နွားတို့၏ အလေ့ နွားတို့၏ အကျင့် စသည်တို့ကို စင်ကြယ် ကြောင်း ဟု မှားသောအားဖြင့် စွဲလမ်းသော မိစ္ဆာ အယူတို့သည် "ဤသို့ နွားတို့၏ အလေ့ အကျင့် စသည်ဖြင့် သံသရာမှ စင်ကြယ် ခြင်းသည် ဖြစ်လတံ့" ဟူ၍ ဤသို့ အမှားကို ပြင်းစွာ နှလုံးသွင်း သည်၏ အဖြစ်ကြောင့် မိမိတို့သည် ပင်လျှင် ဥပါဒါန် မည်ကုန်၏။

ထိုမှတပါး ထို သဘော တရားဖြင့် သတ္တဝါတို့သည် ဆိုတတ် ကုန်၏၊ ထိုသို့ ဆိုကြောင်း၏ အဖြစ်ကြောင့် ထို သဘော တရား

http://www.dhammadownload.com



သည် "ဝါဒ" မည်၏၊ ထို သဘောတရားဖြင့် သတ္တဝါတို့သည် မြဲစွာ စွဲလမ်းတတ်ကုန်၏၊ ထိုသို့ စွဲလမ်းကြောင်း၏ အဖြစ်ကြောင့် ထို သဘော တရားသည် "ဥပါဒါန်" မည်၏၊ အဘယ်ကို ဆိုကုန် သနည်း၊ မြဲစွာမူလည်း စွဲလမ်းကုန်သနည်း၊ "အတ္တ"ဟု ဆိုကုန်၏၊ "အတ္တ"ကို မြဲမြဲစွာမူလည်း စွဲလမ်းကုန်၏၊ အတ္တ၏ ဆိုကြောင်း မြဲစွာ စွဲလမ်းကြောင်းတည်း၊ တနည်းကား၊ ထို သဘော တရားဖြင့် သတ္တဝါတို့သည် အနက်၏ မရှိခြင်းကြောင့် အတ္တ ဟူသော စကားမျှကို သာလျှင် "ငါငါ" ဟူ၍ မြဲစွာ စွဲလမ်းတတ်ကုန်၏၊ ထိုကြောင့် သဘော တရားသည် "အတ္တဝါဒုပါဒါန်" မည်၏။

ဥပါဒါန် လေးပါးတို့၏ အနက်ကို ဝေဘန်ခြင်း ပြီး၏။

---

"ဥပါဒါန် မည်သော ဓမ္မ၏ အကျဉ်း အကျယ်" အားဖြင့် ဆိုရာတွင် ကာမုပါဒါန်ကို ရှေးဦးစွာ ဆိုအပ်၏၊ ကာမဂုဏ် ငါးပါးတို့၌ အကြင် လိုချင် တောင့်တသော ကာမဂုဏ် ဟူသော ဆန္ဒသည်၊ အကြင် ကာမဟု ဆိုအပ်သော တပ်စွန်းတတ်သော လောဘသည်၊ အကြင် ကာမ ဟူသော နှစ်သက်တတ်သော လောဘသည်၊ အကြင် ကာမ ဟူသော အာရုံကို တောင့် တ တတ်သော လောဘသည်၊ အကြင် ကာမ ဟူသော စေးကပ် တတ်သော လောဘသည်၊ အကြင် ကာမ ဟူသော ပူပန်စေ တတ်သော လောဘသည်၊ အကြင် ကာမ ဟူသော တွေဝေ မိန်းမောစေတတ်သော လောဘသည်၊ အကြင် ကာမ ဟူသော မျို၍ ပြီးဆုံးစေတတ်သော လောဘသည် ရှိ၏၊ ဤ ပြဆိုပြီးသော ကာမ လောဘ တရား အပေါင်းကို "ကာမုပါဒါန်"ဟူ၍ ဆို အပ်၏၊ ဤသို့ လာသည်၏ အဖြစ်ကြောင့် အကျဉ်းအားဖြင့် တဏှာ၏ မြဲမြံသည်၏ အဖြစ်ကို ဆိုအပ်၏။

ရှေး တဏှာ ဟူသော ဥပနိဿယ ပစ္စည်းကြောင့် မြဲမြံသည် ဖြစ်၍ ဖြစ်သော နောက်ဖြစ်သော တဏှာ ဒြဗ်သည် သာလျှင် တဏှာ၏ မြဲမြံသော အဖြစ် တဏှာဒဠှတ္တ မည်၏၊ ရှေးဦးစွာ စွဲစွဲ မြဲမြဲ ယူသော သတ္တိသည် ပဓာနအားဖြင့် တဏှာဒဠှတ္တ မမည်၊

http://www.dhammadownload.com



ဝါဒထူးကို ဆိုအံ့—ကေစိ ဆရာတို့က ''မရောက်သေးသော အာရုံကို တောင့်တသော လောဘသည် တဏှာ မည်၏၊ အာရုံကို တောင့်တသည်၏ အဖြစ်ကြောင့်တည်း၊ အမိုက်မှောင်၌ နိုးသူ၏ ဥစ္စာထုပ်ကို စမ်းခြင်းငှါ လက်ကိုဆန့်တန်း သကဲ့သို့တည်း၊ ရောက်ပြီးသော အာရုံကို စွဲလမ်းသော လောဘသည် ဥပါဒါန် မည်၏၊ အာရုံကို မြဲမြံစွာ စွဲလမ်းတတ်သည်၏ အဖြစ်ကြောင့် တည်း၊ ထို နိုးသူ၏ သာလျှင် စမ်းမိသော ဘဏ္ဍာကို မြဲမြံစွာ ကိုင်ခြင်း ကဲ့သို့တည်း။

ထို တဏှာ ဥပါဒါန် တရား နှစ်ပါးတို့သည် အလို နည်းသော အဖြစ်၏ ဆန့်ကျင်ဘက် ထင်ရှား ရှိသော ဥစ္စာဖြင့် ရောင့်ရဲလွယ် သော အဖြစ်၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏၊ ထို တဏှာ ဥပါဒါန် တရား နှစ်ပါးတို့သည် ရှာမှီးခြင်းကြောင့် ဖြစ်သော ဆင်းရဲ၏ အကြောင်း မူလ, စောင့်ရှောက်ရခြင်းကြောင့် ဖြစ်သော ဆင်းရဲ၏ အကြောင်း မူလတို့သည်လည်း ဖြစ်ကုန်၏ဟု ဤသို့ ဆိုကုန်ပြီ။

ထိုမှတပါး ကာမုပါဒါန်မှ ကြွင်းသော ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု- ပါဒါန်, အတ္တဝါဒုပါဒါန် သုံးပါး အပေါင်းသည် အကျဉ်းအားဖြင့် ဒိဋ္ဌိ မျှသာလျှင် ဖြစ်၏၊ အကျယ်အားဖြင့်ကား ရှေး၌ ရှုပါရုံ အစရှိသည်တို့၌ ပြဆိုပြီးသော တရား ရှစ်ဖြာ ထို တဏှာ၏ မြဲမြံသည်၏ အဖြစ်သည် ''ကာမုပါဒါန်''မည်၏၊ ဝတ္ထု ဆယ်ပါး အပြား ရှိသော မိစ္ဆာ အယူသည် ''ဒိဋ္ဌုပါဒါန်''မည်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

''တတ္ထ ကတမံ ဒိဋ္ဌုပါဒါနံ၊ နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ နတ္ထိ အယံ လောကော၊ နတ္ထိ ပရော လောကော၊ နတ္ထိ မာတာ၊ နတ္ထိ ပိတာ၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိ- ကတွာ ပဝေဒေန္တိ၊ ယာ ဧဝရူပါ ဒိဋ္ဌိ ဒိဋ္ဌိဂတံ ဒိဋ္ဌိဂဟနံ ဒိဋ္ဌိကန္တာရော ဒိဋ္ဌိဝိသူကာယိကံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ ဒိဋ္ဌိ-

http://www.dhammadownload.com



သံယောဇနံ ဂါဟော ပတိဋ္ဌာဟော အဘိနိဝေသော ပရာမာသော ကုမ္မဂ္ဂေါ မိစ္ဆာပထော မိစ္ဆတ္တံ တိတ္ထာ-ယတနံ ဝိပရိယေသဂ္ဂါဟော၊ ဣဒံ ဝုစ္စတိ ဒိဋ္ဌုပါဒါနံ”

ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်—

“ ထို ဥပါဒါန် လေးပါးတို့တွင် ဒိဋ္ဌုပါဒါန်သည် အဘယ်နည်း၊ အလှူ၏ အကျိုးသည် မရှိ၊ မဟာဝိဇိတာဝီ စကြာမင်း၏ ယဇ်ကြီးနှင့် တူသော ယဇ်ကြီး ပူဇော်ခြင်း အကျိုးသည် မရှိ၊ အာဟုန ပါဟုန မင်္ဂလ ကြိယာ၏ အကျိုးသည် မရှိ၊ ကုသိုလ် ကမ္မပထ တရား ဆယ်ပါး, အကုသိုလ် ကမ္မပထ တရား ဆယ်ပါးဟု ဆိုအပ်ကုန်သော ကံတို့၏ အကျိုးဆက်သည်, အကျိုးရင်းသည် မရှိ၊ ဤ လောကသည် မရှိ၊ တမလွန် လောကသည် မရှိ၊ အမိ၌ ပြုအပ်သော ကောင်းမှု မကောင်းမှု ကံ၏ အကျိုးသည် မရှိ၊ အဘ၌ ပြုအပ်သော ကောင်းမှု မကောင်းမှု ကံ၏ အကျိုးသည် မရှိ၊ ရှေးဘဝမှ စုတေ၍ နောက်ဘဝ၌ ကျခြင်း ဖြစ်ခြင်း အလေ့ရှိကုန်သော နတ် ဗြဟ္မာ ဥပပတ် သတ္တဝါတို့သည် မရှိကုန်၊ အကြင် ရဟန်း သူမြတ်တို့သည် ဤ မျက်မြင် ပစ္စုပ္ပန် လောကကိုရင်း, မျက်ကွယ် တမလွန် လောကကိုရင်း ကိုယ်တိုင် သာလျှင် ထူးသော ဉာဏ်ဖြင့် ကောင်းစွာ သိ၍ မျက်မှောက် ပြု၍ ဟောကြားခြင်းငှါ စွမ်းနိုင်ကုန်၏၊ ထိုသို့ သဘော ရှိကုန်သော အညီ အညွတ် ဖြစ်ကုန်သော အနုလောမ ပဋိပဒါကို ကောင်းစွာ ကျင့်ကုန်သော ဓမ္မိက ရဟန်း သူမြတ်တို့သည် လောက၌ မရှိကုန်၊ ဤသို့ ပြဆိုပြီးသော “နတ္ထိ ဒိန္နံ” စသည်ဖြင့် အယူ မှားသော သဘော ရှိသော အကြင် မိစ္ဆာ အယူသည် ရှိ၏၊ အကြင် မိစ္ဆာ အယူတို့၌ အတွင်း ဝင်သော ဖောက် ပြန်သော အမြင်သည် လွန်နိုင်ခဲသော သဘောကြောင့် မိစ္ဆာ အယူ ဟူသော ခဲယဉ်းသောတောသည်, ရှုံရှာခြင်း

http://www.dhammadownload.com



ဘေးဘျမ်းနှင့် တကွ ဖြစ်သော သဘောကြောင့် ခရီးခဲနှင့် တူသော အကြင် မိစ္ဆာ အယူသည်, ဝါ—အကြင် မိစ္ဆာ အယူ ဟူသော ခရီးခဲသည်, သမ္မာ အယူကို ထိုးလျှိုတတ် ဆန့်ကျင်တတ်သော သဘောကြောင့် မိစ္ဆာ အယူ ဟူသော ခြောင့်တံကျင်သည်, ရုံခါ သဿတ ရုံခါ ဥစ္ဆေဒကို ယူတတ်၍ အတည်မကျ ဖောက်ပြန်သည် ဖြစ်၍ တုန်လှုပ်သော မိစ္ဆာ အယူသည်, မိစ္ဆာ အယူ ဟူသော သံယောဇဉ်သည်, မိကျောင်း စသည်တို့သည် သတ္တဝါကို ကိုက်ဖမ်းသကဲ့သို့ အာရုံကို မြဲစွာ ကိုင်တတ် ဖမ်းတတ်သော သဘောသည်, အားသန်စွာ ဖြစ်သည်၏ အဖြစ်ဖြင့် မြဲစွာ တည်၍ စွဲလမ်း တတ်သော သဘောသည်, အနိစ္စ စသည်ကိုလျက် နိစ္စ စသည်တို့၏ အစွမ်းအားဖြင့် ပြင်းစွာ နှလုံးသွင်းတတ်သော သဘောသည်, အနိစ္စ စသော ဓမ္မ သဘောမှ တပါး နိစ္စ စသောအားဖြင့် သုံးသပ်တတ်သော တရားသည်, အကျိုးမဲ့ကို ဆောင်တတ် သည်၏ အဖြစ်ကြောင့် စက်ဆုပ်ဘွယ်သော ခရီးသည်, ဝါ—စက်ဆုပ်အပ်သော အပါယ်တို့၏ ခရီးသည်, အကြင် ဖောက်ပြန် မှားယွင်းသော ခရီးသည်, အကြင် ဖောက်ပြန်သော သဘော ရှိသော တရားသည်, ဗာလ ပုဂ္ဂိုလ်တို့၏ ကူးသန်း ငုပ်နစ်ရာ ဖြစ်၍ ရေဆိပ်သဘွယ် ဖြစ်သော အနတ္ထတို့၏ အကြောင်းဖြစ်သော တရားသည်, ဝါ—မိစ္ဆာ အယူ ရှိသော ပုဂ္ဂိုလ်တို့၏ ဖြစ်ရာ ဒေသ နေရာ ဌာန ဖြစ်သော တရားသည်, အကြင် ဖောက်ပြန် သောအားဖြင့် ကိုင်ယူ စွဲလမ်းတတ်သော တရားသည် ရှိ၏၊ ဤ နတ္ထိ ဒိဋ္ဌိ စသည်ဖြင့် ဆိုအပ်ပြီးသော အယူမှား ဟူသမျှကို ''ဒိဋ္ဌုပါဒါန်'' ဟူ၍ ဆိုအပ်၏။''

ထိုမှ တပါး နွားစသည်တို့၏ အလေ့အကျင့်တို့ဖြင့် သံသရာမှ စင်ကြယ်ခြင်းသည် ဖြစ်၏၊ ဤသို့ သံသရာမှ စင်ကြယ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် သမ္မာဒိဋ္ဌိ စသော မဇ္ဈိမ ပဋိပတ်မှ

http://www.dhammadownload.com



တပါး ဂေါသီလ ဂေါဝတ စသည်တို့ကို သုံးသပ်သော အယူသည် "သီလဗ္ဗတုပါဒါန်" မည်၏၊ ဘုရား အဘယ်သို့ ဟောတော်မူ သနည်း—

"တတ္ထ ကတမံ သီလဗ္ဗတုပါဒါနံ၊ သီလေန သုဒ္ဓိ၊ ဝတေန သုဒ္ဓိ၊ သီလဗ္ဗတေန သုဒ္ဓီတိ၊ ယာ ဧဝရူပါ ဒိဋ္ဌိ....( လ )....ဝိပရိယေသဂ္ဂါဟော၊ ဣဒံ ဝုစ္စတိ သီလဗ္ဗတုပါဒါနံ"

ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်—

"ထို ဉပါဒါန် လေးပါးတို့တွင် သီလဗ္ဗတုပါဒါန်သည် အဘယ်နည်း၊ နွား စသည်တို့၏ အလေ့ဖြင့် စင်ကြယ်ခြင်းသည် ဖြစ်၏၊ နွား အစရှိသည်တို့၏ အကျင့်ဖြင့် စင်ကြယ်ခြင်းသည် ဖြစ်၏၊ နွား စသည်တို့၏ အလေ့ အကျင့်ဖြင့် စင်ကြယ်ခြင်းသည် ဖြစ်၏၊ ဤသို့ သဘော ရှိသော နွား၏ အလေ့ အကျင့် စသည်ဖြင့် အယူ မှားသော အကြင် ဒိဋ္ဌိ အယူသည် ရှိ၏၊....(လ).... ဖောက်ပြန် သော အားဖြင့် ကိုင်ယူ စွဲလမ်းတတ်သော အကြင် တရားအမှားသည် ရှိ၏၊ ဤ ဂေါသီလ ဂေါဝတ စသည်ဖြင့် ပြဆိုပြီးသော အယူမှား ဟူသမျှသည် "သီလဗ္ဗတုပါဒါန်" မည်၏ ဟူ၍ ဆိုအပ်၏။"

နှစ်ဆယ်သော ဝတ္ထု ရှိသော သက္ကာယ ဒိဋ္ဌိသည် "အတ္တဝါဒုပါဒါန်" မည်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"တတ္ထ ကတမံ အတ္တဝါဒုပါဒါနံ၊ ဣဓ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ၊ ဝေဒနံ အတ္တတော သမနုပဿတိ၊

http://www.dhammadownload.com



ဝေဒနာဝဇ္ဇံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနံ၊ ဝေဒနာယ ဝါ အတ္တာနံ၊ သညံ အတ္တတော သမနုပဿတိ၊ သညာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သညံ၊ သညာယ ဝါ အတ္တာနံ၊ သင်္ခါရေ အတ္တတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ၊ ဝိညာဏံ အတ္တတော သမနုပဿတိ၊ ဝိညာဏဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝိညာဏံ၊ ဝိညာဏသ္မိံ ဝါ အတ္တာနံ၊ ယာ ဧဝရူပါ ဒိဋ္ဌိ, ဒိဋ္ဌိဂတံ၊....(လ)....ဝိပရိယေသဂ္ဂါဟော၊ ဣဒံ ဝုစ္စတိ အတ္တဝါဒုပါဒါနံ"

ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်—

"ထို ဥပါဒါန် လေးပါးတို့တွင် အတ္တဝါဒုပါဒါန်သည် အဘယ်နည်း၊ ဤ လောက၌ အာဂမ သုတ, အဓိဂမ သုတ ကင်းသော ပုထုဇဉ်သည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့ကို မြင်ခြင်း သဘော မရှိသည် ဖြစ်၍၊ ဝါ— မြင်ခြင်း၌ အလေး အမြတ် ပြုခြင်း မရှိသည် ဖြစ်၍ သတိပဋ္ဌာန် စသည် အပြား ရှိသော အရိယာတို့၏ တရား၌ မလိမ္မာသည် ဖြစ်၍ အရိယာတို့၏ တရား၌ ငါးပါးသော သံဝရဝိနည်း ငါးပါးသော ပဟာနဝိနည်းမှ ကင်းသည် ဖြစ်၍ တင့်တယ်သော ဂုဏ်နှင့် ပြည့်စုံသော ယောကျ်ားမြတ်တို့ကို မြင်ခြင်း သဘော မရှိသည် ဖြစ်၍၊ ဝါ—မြင်ခြင်း၌ အလေး ပြုခြင်း မရှိသည် ဖြစ်၍ တင့်တယ်သော ဂုဏ်နှင့် ပြည့်စုံသော ယောကျ်ား မြတ်တို့၏ တရား၌ မလိမ္မာသည် ဖြစ်၍ ယောကျ်ား မြတ်တို့၏ တရား၌ သံဝရဝိနည်း ငါးပါး, ပဟာနဝိနည်း ငါးပါးမှ ကင်းသည် ဖြစ်၍၊ ဝါ—ကင်းသော ပုထုဇဉ်သည် ရုပ်ကို အတ္တ ဟူ၍ အဖန် တလဲလဲ မြဲစွာ ရှု၏၊ ရုပ်ရှိသော အတ္တကိုမူလည်း, အတ္တကို ရုပ်ရှိ၏ ဟူ၍ မူလည်း အဖန် တလဲလဲ မြဲစွာ ရှု၏၊ အတ္တ၌ မူလည်း ရုပ်ကို အဖန်

http://www.dhammadownload.com



တလဲလဲ အမြဲ ရှု၏၊ ရုပ်၌ မှုလည်း အတ္တကို အဖန် တလဲလဲ အမြဲ ရှု၏၊ ဝေဒနာကို အတ္တ ဟူ၍ အဖန် တလဲလဲ အမြဲ ရှု၏၊....(လ)....ဝိညာဉ်ကို အတ္တ ဟူ၍ အဖန် တလဲလဲ အမြဲ ရှု၏၊ ဝိညာဉ် ရှိသည် ဟူ၍ မှုလည်း အတ္တကို အမြဲ ရှု၏၊ အတ္တ၌ မှုလည်း ဝိညာဉ်ကို အဖန် တလဲလဲ အမြဲ ရှု၏၊ ဝိညာဉ်၌ မှုလည်း အတ္တကို အဖန် တလဲလဲ အမြဲ ရှု၏၊ ဤသို့ "ရူပံ အတ္တတော သမနုပဿတိ" စသည်ဖြင့် စွဲလမ်းသော သဘော ရှိသော အကြင် ဒိဋ္ဌိသည် အကြင် မိစ္ဆာ အယူတို့၌ အတွင်း ဝင်သော ဖောက်ပြန် မှားယွင်းသော အမြင်သည်....(လ)....အကြင် ဖောက်ပြန်သော အားဖြင့် ကိုင်ယူ စွဲလမ်းတတ်သော တရားသည် ရှိ၏၊ ဤတရားအပေါင်းကို "အတ္တဝါဒုပါဒါန်" ဟူ၍ဆိုအပ်၏။"

ဥပါဒါန် လေးပါး မည်သော ဓမ္မ၏ အကျဉ်း အကျယ် ပြီး၏။

## ဥပါဒါန် လေးပါး၏ အစဉ်အားဖြင့် ဆုံးဖြတ်ပြခြင်း

အစဉ်အားဖြင့် ဟူရာ၌ အစဉ်သည် ဥပ္ပတ္တိက္ကမ ဖြစ်စဉ်၊ ပဟာနက္ကမ ပယ်စဉ်၊ ဒေသနာက္ကမ ဒေသနာတော် အစဉ် ဟူ၍ သုံးပါး အပြား ရှိ၏၊ ထို သုံးပါးတို့တွင် ဉာဏ်ဖြင့် လျှောက်၍ ကြည့်သော် အစကို မထင် မမြင် မသိနိုင်သော သံသရာ၌ ရှေးဦးစွာ ဤ ကိလေသာ၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ ရှေးဦးစွာ ဖြစ်ခြင်း၏ မရှိသောကြောင့် ကိလေသာတို့၏ နိပ္ပရိယာယ မုချအားဖြင့် ဖြစ်စဉ်ကို မဆိုအပ်၊ ပရိယာယ်အားဖြင့်ကား များသောအားဖြင့် တခုသော ဘဝ၌ အတ္တဟု စွဲလမ်းခြင်းလျှင် ရှေ့သွား ရှိသော သဿတအားဖြင့် ဥစ္ဆေဒအားဖြင့် မြဲမြဲစွာ အမှား နှလုံးသွင်းခြင်းသည် ဖြစ်၏။

ထို့နောင်မှ ဤ အတ္တသည် မြဲ၏ ဟု ယူသော သူ့အား အတ္တ၏ စင်ကြယ်ခြင်း အကျိုးငှါ သီလဗ္ဗတုပါဒါန်သည် ဖြစ်၏၊ ဤ အတ္တသည် ပြတ်၏ ဟု ယူသည် ဖြစ်၍ တမလွန် လောကကို

http://www.dhammadownload.com



ငဲ့ခြင်း ကင်းသော ပုဂ္ဂိုလ်အား ကာမုပါဒါန်သည် ဖြစ်၏၊ ဤသို့ ရှေးဦးစွာ အတ္တဝါဒုပါဒါန် ဖြစ်၏၊ ထို့နောင်မှ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, ကာမုပါဒါန်တို့သည် ဖြစ်ကုန်၏၊ ဤ ဆိုအပ်ပြီးသည်ကား တခုသော ဘဝ၌ ထို ဥပါဒါန် လေးပါးတို့၏ ဖြစ်စဉ်တည်း။

ဥပါဒါန် လေးပါး ဖြစ်စဉ် ပြီး၏။

ဤ ဥပါဒါန် လေးပါးတို့တွင် ဒိဋ္ဌုပါဒါန် စသည်တို့ကို ရှေးဦးစွာ ပယ်အပ်ကုန်၏၊ အဘယ့်ကြောင့်နည်း သောတာပတ္တိမဂ်သည် သတ်အပ်သည်၏ အဖြစ်ကြောင့်တည်း၊ နောက်မှ ကာမုပါဒါန်ကို ပယ်အပ်၏၊ အဘယ့်ကြောင့်နည်း အရဟတ္တမဂ်သည် သတ်အပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဤကား ဤ ဥပါဒါန် လေးပါးတို့၏ ပယ်စဉ်တည်း။

ဥပါဒါန် လေးပါးတို့၏ ပယ်စဉ် ပြီး၏။

အရာ ကျယ်သည်၏ အဖြစ်ကြောင့်ငှင်း, ထင်ရှားသည်၏ အဖြစ်ကြောင့်ငှင်း ထို ဥပါဒါန် လေးပါးတို့တွင် ကာမုပါဒါန်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟိတ် နှစ်ပါးကို ချွဦးအံ့—ထို ကာမုပါဒါန်သည် လောဘမူစိတ် ရှစ်ပါးလုံးနှင့် ယှဉ်ခြင်းကြောင့် အရာ ကျယ်သော ဥပ္ပတ္တိဋ္ဌာန ရှိ၏၊ ကာမုပါဒါန်မှ တပါးသော ကျန် ဥပါဒါန် သုံးပါးတို့သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုနှင့်သာ ယှဉ်ခြင်းကြောင့် ကျဉ်းသော အရာ ဌာန ရှိကုန်၏။

ထိုမှတပါး များသောအားဖြင့် သတ္တဝါ၏ တဏှာဖြင့် မှီဝဲအပ်ကုန်သော၊ ဝါ—ကာမုပါဒါန်၏ အဖန် တလဲလဲ ကိန်းဝပ်ရာဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ မွေ့လျော်သည်၏ အဖြစ်ကြောင့် သတ္တဝါ၌ ကာမုပါဒါန်သည် အလွန် ထင်ရှား၏၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့သည် ကာမုပါဒါန်လောက် မထင်ရှားကုန်။

http://www.dhammadownload.com



ကာမုပါဒါန် ရှိသော သူသည် ဝတ္ထု၊ ကာမတို့ကို ရခြင်း အကျိုးငှါ သုခ ဒုက္ခသည် ကံကြောင့် ဖြစ်၏ဟု မယူမူ၍ အုတ်အုတ် ကျက်ကျက်သော ဒိဋ္ဌ, သုတ, မုတ မင်္ဂလာ စသည်၌ လေ့လာ ခြင်း များသည် ဖြစ်၏၊ ထို ကာမုပါဒါန် ရှိသော သူ၏ ထို ကောတုဟလ မင်္ဂလာ စသည်၌ လေ့လာခြင်း များသည်၏ အဖြစ်သည် ထို ဒိဋ္ဌုပါဒါန်သည် ဖြစ်၏၊ ထို့ကြောင့် ထို ကာမုပါဒါန်၏ အခြားမဲ့၌ ဒိဋ္ဌုပါဒါန်ကို ဟောတော်မူ၏။

ထို ဒိဋ္ဌုပါဒါန်သည် ကွဲပြားသည် ရှိသော် သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်၏ အစွမ်းအားဖြင့် နှစ်ပါး အပြား ရှိ၏၊ ထို နှစ်ပါး အပေါင်းတွင် နွား၏ အမူ အရာကိုငှင်း, ခွေး၏ အမူ အရာကိုငှင်း မြင်၍လည်း သိအပ်သည်၏ အဖြစ်ကြောင့် ရုန့်ရင်း၏၊ ထို့ကြောင့် သီလဗ္ဗတုပါဒါန်ကို ရှေ့ထား၍ ဟောတော်မူ၏၊ သိမ်မွေ့သည်၏ အဖြစ်ကြောင့် အဆုံး၌ အတ္တဝါဒုပါဒါန်ကို ဟောတော်မူ၏။

ဥပါဒါန် လေးပါးတို့၏ ဒေသနာ အစဉ် ပြီး၏။

---

"တဏှာ စ ပုရိမသ္မေတ္ထ၊ ကေစာ ဟောတိ ပစ္စယော၊
သတ္တမော အင္ဂမော ဝါပိ၊ ဟောတိ သေသတ္တယဿ သာ။"

"ထိုမှတပါး ဤ ဥပါဒါန် လေးပါးတို့တွင် ကာမ တဏှာသည် ရှေးဦး ဖြစ်သော ကာမုပါဒါန်အား တပါး အဘို့အားဖြင့် ကျေးဇူး ပြုတတ်၏၊ ကာမုပါဒါန်မှ ကြွင်း သော ဥပါဒါန် သုံးပါး အပေါင်းအား ခုနစ်ပါး အပြား ဖြင့်ငှင်း, ရှစ်ပါး အပြားတို့ဖြင့်ငှင်း ကျေးဇူး ပြုတတ်၏။"

ရှုဦးအံ့—ဤ ပြဆိုပြီးသော အစဉ်ဖြင့် ဟောတော်မူအပ် သော ဥပါဒါန် လေးပါးတွင် ရှေ့ဖြစ်သော ကာမုပါဒါန် အား ကာမတဏှာသည် ဥပနိဿယ အစွမ်းဖြင့် တပါး အဘို့ဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏၊ အဘယ့်ကြောင့်နည်း၊ တဏှာဖြင့် ပြင်းစွာ နှစ်သက်အပ်ကုန်သော အာရုံတို့၌ ဖြစ်ခြင်း ကြောင့်တည်း၊ ထိုမှတပါး ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်

http://www.dhammadownload.com


အတ္တဝါဒုပါဒါန် သုံးပါး အပေါင်းအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဟေတု ပစ္စည်း ခုနစ်ပါး တို့ဖြင့်ငင်း ဥပနိဿယ ပစ္စည်းနှင့် တကွ ပစ္စည်း ရှစ်ပါးတို့ဖြင့်ငင်း ကျေးဇူး ပြုတတ်၏၊ အကြင် အခါ၌ ထို တဏှာသည် ဥပနိဿယ အစွမ်းဖြင့် ကျေးဇူး ပြု၏၊ ထို အခါ၌ ပစ္စယုပ္ပန်နှင့် သဟဇာတ် မဟုတ်သည် သာလျှင် ဖြစ်၏။

တဏှာပစ္စယာ ဥပါဒါန် ပုဒ်၌ အဆုံး အဖြတ် အကျယ် ပြီး၏။

---

ဥပါဒါနပစ္စယာ ဘဝေါ ပုဒ် အဆုံးအဖြတ်

"ဥပါဒါနပစ္စယာ ဘဝေါ" ဟူသော ပုဒ်၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။

"အတ္ထတော ဓမ္မတော စေဝ,
သာတ္ထတော ဘေဒသင်္ဂဟာ၊
ယံ ယဿ ပစ္စယော စေဝ,
ဝိညာတဗ္ဗော ဝိနိစ္ဆယော။"

"ဝစနတ္ထ အားဖြင့်ငင်း, သဘာဝဓမ္မ အားဖြင့်ငင်း, ဟောပြီးသည်ကို တဖန် ဟောခြင်း၏ အကျိုး ရှိသော အားဖြင့်ငင်း, ဝေဘန် စိတ်ဖြာခြင်း ဝေဘန်ပြီးသည်ကို ချုံးသောအားဖြင့်ငင်း, အကြင် အကြင် ဥပါဒါန်သည် အကြင် အကြင် ဘဝအား ကျေးဇူး ပြုတတ်၏၊ ထိုကျေးဇူး ပြုသော အားဖြင့်ငင်း အဆုံးအဖြတ်ကို သိအပ်၏။"

ထို ဂါထာ၌ ဝစနတ္ထကို ဤသို့ သိအပ်၏၊ အကြင် သဘော တရားသည် ဖြစ်တတ်၏၊ ထို့ကြောင့် ထို သဘော တရားသည် "ဘဝ" မည်၏၊ ထို ဘဝသည် ကမ္မဘဝ, ဥပပတ္တိ ဘဝအားဖြင့် နှစ်ပါး အပြား ရှိ၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ဘဝေါ ဒုဝိဓေန၊ အတ္ထိ ကမ္မဘဝေါ, အတ္ထိ ဥပပတ္တိ ဘဝေါတိ"

ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



"ဘဝသည် ကမ္မဘဝသည် ရှိ၏, ဥပပတ္တိ ဘဝသည် ရှိ၏၊ ဤသို့ နှစ်ပါး အပြား ရှိ၏။"

ထို ဘဝ နှစ်ပါးတို့တွင် ကံသည် ပင်လျှင် ဘဝ မည်၏၊ ထို့ကြောင့် ကမ္မဘဝ မည်၏၊ ထို့အတူ ဥပပတ္တိသည် ပင်လျှင် ဘဝ မည်၏၊ ထို့ကြောင့် ဥပပတ္တိဘဝ မည်၏၊ ဤ ဘဝ နှစ်ပါးတို့တွင် ဥပပတ္တိသည် ဖြစ်တတ်၏၊ ထို့ကြောင့် ဘဝ မည်၏၊ အထူးကား—ကံကို သုခ၏ အကြောင်း၏ အဖြစ်ကြောင့် "မြတ်စွာဘုရားတို့၏ ပွင့်ခြင်းသည် ချမ်းသာ၏" ဟူ၍ ဆိုအပ်သကဲ့သို့ ထို့အတူ ဘဝ၏ အကြောင်း၏ အဖြစ်ကြောင့် အကျိုး၏ အမည်ဖြင့် ခေါ်ဝေါ်ခြင်းကြောင့် ဘဝ မည်၏၊ ဤသို့ သိအပ်၏။

ဝစနတ္ထအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

သဘာဝ ဓမ္မအားဖြင့်ကား ရှေးဦးစွာ အကျဉ်းအားဖြင့် စေတနာသည်၎င်း, စေတနာနှင့် သမ္ပယုတ် ဖြစ်ကုန်သော အဘိဇ္ဈာ အစရှိကုန်သော ကံဟု ဆိုအပ်ကုန်သော တရားတို့သည်၎င်း "ကမ္မဘဝ" မည်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"တတ္ထ ကတမော ကမ္မဘဝေါ၊ ပုညာဘိသင်္ခါရော, အပုညာဘိသင်္ခါရော, အာနေဉ္ဇာဘိသင်္ခါရော, ပရိတ္တ-ဘူမကော ဝါ, မဟဂ္ဂတဘူမကော ဝါ၊ အယံ ဝုစ္စတိ ကမ္မဘဝေါ၊ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါတိ"

ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်—

"ထို ဘဝ နှစ်ပါးတို့တွင် ကမ္မဘဝသည် အဘယ်နည်း၊ ကာမ ဘုံ၌ ကျင်လည်သည်လည်း ဖြစ်သော မဟဂ္ဂုတ် ဘုံ၌ ကျင်လည်သည်လည်း ဖြစ်သော ပုညာဘိသင်္ခါရ သည်၎င်း, အပုညာဘိသင်္ခါရသည်၎င်း, အာနေဉ္ဇာဘိ-

http://www.dhammadownload.com



> သညီရသည့်ဒုင်း ရှိ၏၊ ဤသညီရ သုံးပါးကို ကမ္မဘဝ ဟူ၍ ဆိုအပ်၏၊ အလုံးစုံလည်း ဖြစ်သော မြီးရေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်အားဖြင့် မိမိ၏ ဖြစ်ဆဲ ကာလ၌ ဘဝသို့ ရှေ့ရှု ဖြစ်သော ကံကို၊ ဝါ—ဘဝကို မြီးရေတတ် ဖြစ်စေတတ်သော ကံကို ကမ္မဘဝ ဟူ၍ ဆိုအပ်၏။"

အထူးကို ဆိုအံ့—ဤ သညီရ သုံးပါးတို့တွင် တဆဲ့ သုံးပါးသော ကာမ ရူပ ကုသိုလ် စေတနာတို့သည် ပုညာဘိသင်္ခါရ မည်၏၊ တဆဲ့နှစ်ပါးသော အကုသိုလ် စေတနာတို့သည် အပုညာဘိသင်္ခါရ မည်၏၊ လေးပါးသော အရူပကုသိုလ် စေတနာတို့သည် အာနေဉ္ဇာဘိသင်္ခါရ မည်၏၊ ဤသို့ "ကာမဘုံ၌ ကျင်လည်သည့်မှုလည်း ဖြစ်သော မဟဂ္ဂုတ် ဘုံ၌ ကျင်လည်သည့်မှုလည်း ဖြစ်သော" ဟူသော စကားဖြင့် ထို စေတနာ နှစ်ဆဲ့ ကိုးပါးတို့၏ သာလျှင် ဝိပါက် နည်းသည်၏ အဖြစ်၊ ဝိပါက် များသည်၏ အဖြစ်ကို ဟောတော်မူအပ်ကုန်၏၊ ထိုမှတပါး "အလုံးစုံ ဖြစ်သော ဘဝကို မြီးရေတတ် ဖြစ်စေတတ်သော ကံကို" ဟူသော စကားဖြင့် စေတနာနှင့် သမ္ပယုတ် ဖြစ်ကုန်သော အဘိဇ္ဈာ အစ ရှိကုန်သော တရားတို့ကို ဟောတော်မူအပ်ကုန်၏။

ထိုမှတပါး ဥပပတ္တိဘဝသည် အကျဉ်းအားဖြင့် ကံသည် ရှေ့ရှု ဖြစ်စေအပ်ကုန်သော ခန္ဓာတို့ပင်တည်း၊ အပြားအားဖြင့် ကိုးပါး အပြား ရှိ၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

> "တတ္ထ ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ၊ ရူပဘဝေါ၊ အရူပဘဝေါ၊ သညာဘဝေါ၊ အသညာဘဝေါ၊ နေဝသညာနာသညာဘဝေါ၊ ဧကဝေါကာရဘဝေါ၊ စတုဝေါကာရဘဝေါ၊ ပဉ္စဝေါကာရဘဝေါ၊ အယံ ဝုစ္စတိ ဥပပတ္တိဘဝေါတိ"

ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



"ထို ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်ပါးတို့တွင် ဥပပတ္တိဘဝသည် အဘယ်နည်း၊ ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ အားဖြင့် ဤ ကိုးပါးသော ဘဝကို ဥပပတ္တိဘဝဟု ဆိုအပ်၏။"

ထို ကာမဘဝ စသော ဘဝ ကိုးပါးတို့တွင် ကာမ ဟု ဆိုအပ်သောဘဝသည် "ကာမဘဝ" မည်၏၊ ရူပဘဝ, အရူပဘဝ စသည်တို့၌လည်း ဤနည်းကို ဆောင်အပ်၏၊ သညာရှိသော ပုဂ္ဂိုလ်၏ ဘဝတည်း၊ ထို့ကြောင့် "သညာဘဝ" မည်၏၊ တနည်းကား—ဤ ဘဝ၌ သညာသည် ရှိ၏၊ ထို့ကြောင့် သညာဘဝ မည်၏၊ ထိုမှ ပြန်သောအားဖြင့် "အသညာဘဝ" မည်၏၊ ရုန့်ရင်းသော သညာ၏ မရှိခြင်းကြောင့်, သိမ်မွေ့သော သညာ၏ကား ရှိခြင်းကြောင့် ဤ ဘဝ၌ ရုန့်ရင်းသော သညာ မဟုတ်သော သိမ်မွေ့သော သညာ မရှိသည် မဟုတ်သော အလွန်သိမ်မွေ့သော သညာသည် ရှိ၏၊ ထို့ကြောင့် "နေဝသညာနာသညာဘဝ" မည်၏။

တပါးသော ရူပက္ခန္ဓာဖြင့် ပျံ့နှံ့စေအပ်သော၊ ဝါ—ချဲ့အပ်ကျယ်ပွါးစေအပ်သော ဘဝတည်း၊ တခုသော ရူပက္ခန္ဓာဖြင့် ကျယ်ပွါးစေအပ်သော ဘဝ၊ တနည်းကား—ထို ဘဝအား တခုသော ပျံ့နှံ့သော ဖြစ်ခြင်းသည် ရှိ၏၊ ထို့ကြောင့် "ဧကဝေါကာရဘဝ" မည်၏၊ စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ တို့၌လည်း ဤနည်းကို ဆောင်အပ်၏။

ထို ကာမဘဝ စသော ကိုးပါးတို့တွင် ကာမဘဝသည် ဥပါဒိန္နကခန္ဓာ ငါးပါးတို့ပင်တည်း၊ ရူပဘဝသည် ထို့အတူ ဥပါဒိန္နကခန္ဓာ ငါးပါးတို့ပင်တည်း၊ အရူပဘဝသည် ဥပါဒိန္နကခန္ဓာ လေးပါးတို့ပင်တည်း၊ သညာ ဘဝသည် ဥပါဒိန္နကခန္ဓာ လေးပါး ငါးပါးတို့ပင်တည်း၊ အသညာ ဘဝသည် ဥပါဒိန္နကခန္ဓာတပါးသာလျှင်တည်း၊ နေဝသညာနာသညာ ဘဝသည်

http://www.dhammadownload.com



ဥပါဒိဏ္ဏကခန္ဓာ လေးပါး သာလျှင်တည်း၊ ဧကဝေါကာရဘဝ စသည်တို့ဖြင့် ခန္ဓာတပါး,ခန္ဓာလေးပါး,ခန္ဓာငါးပါးတို့ပင်တည်း၊ ဤသို့ ဤဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပုဒ်၌ သဘာဝဓမ္မ အားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

သဘာဝဓမ္မအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

"ဟောပြီးသည်ကို တဖန် ဟောခြင်း၏ အကျိုး ရှိသော အားဖြင့်" ကား ဘဝနိဒ္ဒေသ၌ ပုညာဘိသင်္ခါရ စသည်တို့ကို ဟောတော်မူအပ်ကုန် သကဲ့သို့ ထို့အတူ သာလျှင် သင်္ခါရ နိဒ္ဒေသ၌လည်း ပုညာဘိသင်္ခါရ စသည်တို့ကို သာလျှင် အကယ်၍ကား ဟောတော်မူအပ်၏၊ ဤသို့ ဟောတော်မူအပ်သော အဖြစ်သည် ရှိသော်လည်း အတိတ် ကံ၏ အစွမ်းဖြင့် ဤ ပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေ၏ အကြောင်း၏ အဖြစ်ကြောင့် ရှေး ဖြစ်ကုန်သော သင်္ခါရတို့ကို သင်္ခါရ နိဒ္ဒေသ၌ ဟောတော်မူအပ်ကုန်၏၊ ပစ္စုပ္ပန် ကံ၏အစွမ်းအားဖြင့် နောင် အခါ၌ ပဋိသန္ဓေ၏ အကြောင်း၏ အဖြစ်ကြောင့် ဤ သင်္ခါရတို့ကို ဘဝနိဒ္ဒေသ၌ ဟောတော်မူအပ် ကုန်၏၊ ထို့ကြောင့် ဟောပြီးသည်ကို တဖန် ဟောခြင်းသည် အကျိုး ရှိသည်သာတည်း။

တနည်းကား—ရှေး ဖြစ်သော သင်္ခါရ နိဒ္ဒေသ၌ "တတ္ထ ကတမော ပုညာဘိသင်္ခါရော၊ ကုသလာ စေတနာ ကာမာဝစရာ" ဤသို့ အစ ရှိသော နည်းဖြင့် စေတနာကို သင်္ခါရ ဟူ၍ ဘုရား ဟောတော်မူအပ်၏၊ ဤ ဘဝနိဒ္ဒေသ၌ကား "သဗ္ဗမ္ပိ ဘဝဂါမိ-ကမ္မန္တိ" ဟူ၍ ဟောတော်မူခြင်းကြောင့် စေတနာနှင့် သမ္ပယုတ် ဖြစ်သော တရားတို့ကိုရင်း, စေတနာကိုရင်း မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

တနည်းတုံ—ရှေး၌ ဝိညာဉ်၏ အကြောင်း သာလျှင် ဖြစ်သော ကံကို သင်္ခါရ ဟူ၍ ဘုရားဟောတော်မူ၏၊ ဤ ဘဝ နိဒ္ဒေသ၌ကား အသညာ ဘဝကို ဖြစ်စေတတ်သည်လည်း ဖြစ်သော ကံကို သင်္ခါရ ဟူ၍ ဘုရား ဟောတော်မူ၏။

http://www.dhammadownload.com



တနည်းတုံ—များစွာ ဆိုနေသဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ပုဒ်၌ ပုညာဘိသင်္ခါရ အစ ရှိသည် သာလျှင် ဖြစ်ကုန်သော ကုသိုလ် အကုသိုလ် ဖြစ်ကုန်သော တရားတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏၊ "ဥပါဒါန-ပစ္စယာ ဘဝေါ" ဟူသော ပုဒ်၏ ဤ နိဒ္ဒေသ၌ကား ဥပပတ္တိ ဘဝ၏လည်း သင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကြောင့်၊ ဝါ—ပေါင်း၍ ယူအပ်သည်၏ အဖြစ်ကြောင့် ကုသိုလ် အကုသိုလ် အဗျာကတ ဖြစ်ကုန်သော တရားတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏။

ထို ဆိုအပ်ပြီးသော အကြောင်းကြောင့် ခပ်သိမ်းသော အပြား အားဖြင့်လည်း ဤ တဖန် ဟောခြင်းသည် အကျိုး ရှိသည် သာလျှင်တည်း၊ ဤသို့ ဤ ဘဝနိဒ္ဒေသ၌ တဖန် ထပ်ဟောခြင်း၏ အကျိုး ရှိသောအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

တဖန် ဟောခြင်း၏ အကျိုး ရှိသောအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

"ဝေဘန်ခြင်း,ဝေဘန်ပြီးသည်ကို ချုံးသောအားဖြင့်"ဆိုရာ၌ကား ဥပါဒါန် ဟူသော အကြောင်းကြောင့် ဖြစ်သော ဘဝ၏ ကွဲပြားသောအားဖြင့်၎င်း, ပေါင်းရုံး ချဉ်းချုံးသောအားဖြင့်၎င်း သိအပ်၏။

ရှေဦးအံ့—ကာမုပါဒါန် ဟူသော အကြောင်းကြောင့် ကာမ ဘဝကို ဖြစ်စေတတ်သော အကြင် ကံကို ပုဂ္ဂိုလ်သည် ပြုအပ်၏၊ ထို ကာမကို ဖြစ်စေတတ်သော ကံ ဟူသော သဘော တရားသည် "ကမ္မဘဝ" မည်၏၊ ထို ကမ္မဘဝသည် ဖြစ်စေအပ်ကုန်သော ခန္ဓာတို့သည် "ဥပပတ္တိဘဝ" မည်၏၊ ရူပဘဝ အရူပဘဝ တို့၌လည်း ဤနည်းကို ဆောင်အပ်၏။

ဤသို့ ကာမုပါဒါန် ဟူသော အကြောင်းကြောင့် ကာမ ကမ္မဘဝ, ကာမဥပပတ္တိဘဝအားဖြင့် နှစ်ပါးကုန်သော ကာမ ဘဝတို့သည် ဖြစ်ကုန်၏၊ သညာဘဝ, ပဉ္စဝေါကာရဘဝတို့သည်

http://www.dhammadownload.com



ထို ကာမဘဝ၌ အတွင်း ဝင်ကုန်သည်သာတည်း၊ ရူပကမ္မဘဝ, ရူပဥပပတ္တိဘဝ အားဖြင့် နှစ်ပါးကုန်သော ရူပဘဝတို့သည် ဖြစ်ကုန်၏။

သညာဘဝ, အသညာဘဝ, ဧကဝေါကာရဘဝ, ပဉ္စဝေါကာရဘဝတို့သည် ထို ရူပဘဝ၌ အတွင်း ဝင်ကုန်၏၊ အရူပကမ္မဘဝ, အရူပဥပပတ္တိဘဝအားဖြင့် နှစ်ပါးကုန်သော အရူပဘဝတို့သည် ဖြစ်ကုန်၏၊ သညာဘဝ, နေဝသညာနာသညာဘဝ, စတုဝေါကာရဘဝတို့သည် ထို အရူပ ဘဝ၌ အတွင်း ဝင်ကုန်သည်သာတည်း၊ ဤသို့ အတွင်း ဝင်ကုန်သော ဘဝတို့နှင့် တကွ ဘဝ ခြောက်ပါးတို့သည် ဖြစ်ကုန်၏။

ကာမုပါဒါန် ဟူသော အကြောင်းကြောင့် အတွင်း ဝင်ကုန်သော ဘဝတို့နှင့် တကွ ဘဝ ခြောက်ပါးတို့သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ ကာမုပါဒါန်မှ ကြွင်းသော ဥပါဒါန် သုံးပါး ဟူသော အကြောင်းကြောင့်လည်း အတွင်း ဝင်ကုန်သော ဘဝတို့နှင့်တကွ ဘဝ ခြောက်ပါးတို့သည် ဖြစ်ကုန်၏၊ ဤသို့ ဥပါဒါန် ဟူသော အကြောင်းကြောင့် ခွဲခြမ်း ဝေဘန်သော အားဖြင့် အတွင်း ဝင်ကုန်သော ဘဝတို့နှင့်တကွ နှစ်ဆဲ့ လေးဘဝတို့သည် ဖြစ်ကုန်၏။

စည်း ရုံး ချုံး ချုံး သော အား ဖြင့် ကား—ကမ္မဘဝကိုင်း, ဥပပတ္တိဘဝကိုင်း တပေါင်းတည်း ပြု၍ ကာမုပါဒါန် ဟူသော အကြောင်းကြောင့် အတွင်း ဝင်ကုန်သော ဘဝတို့နှင့် တကွ တခုသော ကာမဘဝရင်း, ထို့အတူ တခု တခုစီသာ ဖြစ်ကုန်သောရူပဘဝ, အရူပဘဝတို့ရင်း ဤသို့ ဘဝ သုံးပါး ဖြစ်ကုန်၏၊ ကာမုပါဒါန်မှ ကြွင်းသော ဥပါဒါန် သုံးပါးဟူသော အကြောင်းကြောင့်လည်း ထို့အတူ သုံးပါး သုံးပါးစီသော ဘဝတို့သည် ဖြစ်ကုန်၏၊ ဤသို့ ဥပါဒါန် ဟူသော အကြောင်းကြောင့် ပေါင်းရုံး ချုံးချုံးသောအားဖြင့် အတွင်း ဝင်ကုန်သော ဘဝတို့နှင့် တကွ ဘဝ တဆဲ့နှစ်ပါး ဖြစ်ကုန်၏။

http://www.dhammadownload.com



နည်းတပါးကို ဆိုဦးအံ့၊ သာမညအားဖြင့် ဥပါဒါန် ဟူသော အကြောင်းကြောင့် ကာမဘဝသို့ လားစေတတ်သော ကံသည် "ကမ္မဘဝ"မည်၏၊ ထို ကံသည် ဖြစ်စေအပ်ကုန်သော ခန္ဓာတို့သည် "ဥပပတ္တိဘဝ"မည်၏၊ ရူပဘဝ, အရူပဘဝတို့၌လည်း ဤနည်းကို ဆောင်အပ်၏၊ ဤသို့ ဥပါဒါန် ဟူသော အကြောင်းကြောင့် အတွင်း ဝင်ကုန်သော ဘဝတို့နှင့် တကွ ကာမဘဝ နှစ်ပါး, ရူပဘဝ နှစ်ပါး, အရူပဘဝ နှစ်ပါး ဤသို့ တပါးသော ပရိယာယ်အားဖြင့် ပေါင်း၍ ယူသောအားဖြင့် ဘဝ ခြောက်ပါး ဖြစ်ကုန်၏။

တနည်းကား—ကမ္မဘဝ, ဥပပတ္တိဘဝ အပြားကို မမှီဝဲ မသုံးသပ်မူ၍ အတွင်း ဝင်ကုန်သော ဘဝတို့နှင့်တကွ ကာမဘဝ စသည်တို့၏ အစွမ်းအားဖြင့် ဘဝ သုံးပါးတို့သည် ဖြစ်ကုန်၏၊ တနည်းကား—ကာမဘဝ စသည် အပြားကိုလည်း မမှီဝဲ မသုံးသပ်မူ၍ ကမ္မဘဝ, ဥပပတ္တိဘဝ၏ အစွမ်းအားဖြင့် ဘဝ နှစ်ပါးတို့သည် ဖြစ်ကုန်၏။

တနည်းတဖုံကား—ကမ္မဘဝ, ဥပပတ္တိဘဝ အပြားကိုလည်း မမှီဝဲ မသုံးသပ်မူ၍ ဥပါဒါနပစ္စယာ ဘဝေါ ဟူ၍ ဘဝ၏ အစွမ်းအားဖြင့် တပါး သာလျှင် ဖြစ်သော ဘဝသည် ဖြစ်၏၊ ဝါ— ဘဝ တခုတည်း သာလျှင် ဖြစ်၏၊ ဤသို့ ဤ ဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပါဠိ၌ ဥပါဒါန်လျှင် အကြောင်း ရှိသော ဘဝ၏ ခွဲခြမ်း စိတ်ဖြာခြင်း, ပေါင်းခြင်း, ရုံးစုခြင်းအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

ဝေဘန်ခြင်း ဝေဘန်ပြီးသည်ကို ချုံးသောအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

"အကြင် အကြင် ဥပါဒါန်သည် အကြင် အကြင် ဘဝအား ကျေးဇူး ပြုသောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏" ဆိုသည်ကား—ဤ ဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပုဒ်၌၊ ဝါ—ဥပါဒါန် လေးပါးတို့တွင် အကြင် အကြင် ဥပါဒါန်သည်

http://www.dhammadownload.com



အကြင် အကြင် ဘဝအား ကျေးဇူး ပြုတတ်၏၊ ထိုထို ဥပါဒါန်၏ ထိုထိုဘဝအား ကျေးဇူး ပြုသောအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏ ဆိုလိုသည်။

ဤ ဥပါဒါန် လေးပါးတို့တွင် အဘယ် ဥပါဒါန်သည် အဘယ် ဘဝအား ကျေးဇူး ပြုပါသနည်း၊ အမှတ် မရှိသော ဘဝအား ကျေးဇူး ပြုသည်သာတည်း၊ ထို စကား မှန်၏၊ ပုထုဇဉ်သည် အရူးနှင့် တူ၏၊ ထို အရူး အသွင် ပုထုဇဉ်သည် "ဤ အမှုသည် သင့်၏, ဤ အမှုသည် မသင့်"ဟု မစီစစ် မဆင်ခြင်မူ၍ အမှတ် မရှိသော ဥပါဒါန်၏ အစွမ်းဖြင့် အမှတ် မရှိသော ဘဝကို တောင့်တ၍ အမှတ် မရှိသော ကံကိုပြုသည် သာလျှင်တည်း။

ထို့ကြောင့် အချို့သော သူတို့သည် သီလဗ္ဗတုပါဒါန်ဖြင့် ရူပဘဝ, အရူပဘဝတို့သည် မဖြစ်ကုန် ဟူ၍ အကြင် စကားကို ဆိုကုန်၏၊ ထို စကားကို မမှတ်အပ် မယူအပ်၊ အလုံးစုံသော ဥပါဒါန်ကြောင့် အလုံးစုံသော ဘဝသည် ဖြစ်၏၊ ဤ အသင့် ယုတ္တိ ရှိသော စကားကိုသာ ယူအပ်၏။

ဤ စကားသည် အဘယ်သို့နည်း—ဤ လောက၌ အချို့သော ပုထုဇဉ်သည် "သေတဝယေဇ္ဇံ အာလဘတေ ဘူတိကာမော" "ကြီးပွါးလိုလျှင် အဆင်း ဖြူသော သားအပေါင်းကို သတ်၍ ပူဇော်ခြင်းနှင့် ယှဉ်သော ယဇ်ကို အားထုတ်ရာ၏၊" ဤသို့ အစရှိသော တိတ္ထိ ဆရာကြီး တရားကို ချဉ်းကပ်၍ နာကြားဘူး သည်နှင့် စပ်သဖြင့်၎င်း, "ဤ လူ့ပြည်၌ ကာမဂုဏ် ပြည့်စုံ သကဲ့သို့ ထို့အတူ နတ်ပြည်၌လည်း ဤ လူ့ပြည်ထက် အဆ အရာ ကာမဂုဏ် ပြည့်စုံပေရာ၏"ဟု မြင်ဘူးသော လူ့ပြည် ကာမဂုဏ်ကို လျှောက်၍ နတ်ပြည် ကာမဂုဏ်ကို ကြံစည်သော အားဖြင့်၎င်း, "ဤ ကာမဂုဏ်တို့ မည်သည် လူ့ပြည်၌ မင်းမျိုး သူဋ္ဌေးမျိုး စသည်တို့၌၎င်း, ကာမာဝစရ နတ်ပြည် ခြောက်ထပ် ၌၎င်း ပြည့်စုံကုန်၏"ဟု ကြံ၍ ထို ပြည့်စုံသော ကာမဂုဏ် တို့ကို ရခြင်းငှါ ပုရာဏ, ဘာရတ, သီတာဟရဏ, ပသုဗန္ဓ ဝိဓိစသော မသူတော် တရားကို ကြားနာခြင်း စသည်တို့သည်

http://www.dhammadownload.com



လှည့်ပတ်အပ်သည် ဖြစ်၍ "ဤ ကံကြောင့် ကာမဂုဏ်တို့သည် ပြည့်စုံကုန်၏"ဟူ၍ မှတ်ထင်သည် ဖြစ်၍ ကာမုပါဒါန်၏ အစွမ်းအားဖြင့် ကာယဒုစရိုက် စသည်တို့ကိုလည်း ပြု၏၊ ထို ကာယဒုစရိုက် စသည်ကို ပြုမှားသော သူမိုက်သည် ဒုစရိုက်နှင့် ပြည့်စုံခြင်းကြောင့် အပါယ်ဘုံ၌ ဖြစ်၏။

တနည်းကား—မျက်မှောက် ထင်ထင် ကိုယ်တိုင် မြင်အပ်ကုန်သော မင်းအဖြစ်, အမတ်, စစ်သူကြီး အဖြစ်, သူဌေး အဖြစ်စသော ကာမဂုဏ်တို့ကို တောင့်တသည် ဖြစ်၍ ရပြီးသော ကာမဂုဏ်တို့ကိုမူလည်း စောင့်ရှောက်သည် ဖြစ်၍ ကာမုပါဒါန်၏ အစွမ်းဖြင့် ကာယဒုစရိုက် စသည်တို့ကို ပြု၏၊ ထို သူသည် ဒုစရိုက်နှင့် ပြည့်စုံခြင်းကြောင့် အပါယ်ဘုံ၌ ဖြစ်၏၊ထို အပါယ်ဘုံ၌ ထို ပုထုဇဉ်၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၍ ဖြစ်သော ဒုစရိုက် အကုသိုလ် ကံသည် ကမ္မဘဝ မည်၏၊ ကံသည် ဖြစ်စေအပ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ သညာဘဝ, ပဉ္စဝေါကာရ ဘဝတို့သည် ထို ဒုစရိုက်သည် ဖြစ်စေအပ်သော ကာမ ဘဝ၌ အတွင်း ဝင်ကုန်သည်သာတည်း၊ ထိုမှတပါး တဦးသော ပုထုဇဉ်သည်—

"မာနုဿိကာ စ သမ္ပတ္တိ, ဒေဝလောကေ စ ယာရတိ၊
ယာ စ နိဗ္ဗာနသမ္ပတ္တိ, သဗ္ဗမေတေန လဗ္ဘတိ။"

ဤသို့ အစရှိသော သူတော်ကောင်း တရားကို နာကြားခြင်း အစ ရှိသည်တို့သည် တိုးပွါးစေအပ်သော ဉာဏ်ရှိသည် ဖြစ်၍ "ဤကံကြောင့် ကာမဂုဏ်တို့သည် ပြည့်စုံကုန်၏"ဟု မှတ်ထင် အောက်မေ့၍ ကာမုပါဒါန်၏ အစွမ်းဖြင့် ကာယ သုစရိုက် စသည်တို့ကို ပြု၏၊ ထို ပုထုဇဉ်သည် သုစရိုက်နှင့် ပြည့်စုံခြင်း ကြောင့် နတ်ပြည်တို့၌ဖြင်း, လူ့ပြည်တို့၌ဖြင်း ဖြစ်၏။

ထို လူ့ပြည်, နတ်ပြည်တို့၌ ထို ပုထုဇဉ်၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၍ ဖြစ်သော ကုသိုလ် ကံသည် ကမ္မဘဝ မည်၏၊ ကံသည် ဖြစ်စေအပ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ သညာဘဝ, ပဉ္စဝေါကာရ ဘဝတို့သည် ထို သုစရိုက်သည်

http://www.dhammadownload.com



ဖြစ်စေအပ်သော ကာမဘဝ၌ အတွင်း ဝင်ကုန်သည်သာတည်း၊ ဤသို့ ကာမုပါဒါန်သည် သုဂတိ ဒုဂ္ဂတိ ရှေ့ပြည် နတ်ပြည် အပါယ်ဘုံ အစ ရှိသော အတွင်း ဝင်သော သညာဘဝ ပဉ္စဝေါကာရ ဘဝတို့နှင့် တကွ ဖြစ်သော ကာမဘဝအား ကျေးဇူး ပြုတတ်၏။

တဦးသော ပုထုဇဉ်သည် "ရူပဘုံ အရူပဘုံတို့၌ ကာမဂုဏ်တို့သည် ထို လူ့ပြည် နတ်ပြည်တို့၌ ဖြစ်သော ကာမဂုဏ်တို့ထက် အထူးသဖြင့် ပြည့်စုံကုန်၏"ဟူ၍ ဤသို့သော တရား စကားကို ကြားနာ၍လည်းကောင်း ကြံဆ၍လည်းကောင်း ကာမုပါဒါန်၏ အစွမ်းဖြင့် သာလျှင် ရူပသမာပတ် အရူပသမာပတ်တို့ကို ဖြစ်စေ၍ သမာပတ်၏ အစွမ်းဖြင့် ရူပဘုံ အရူပဘုံ၌ ဖြစ်၏။

ထို ရူပ အရူပ ဗြဟ္မာ့ဘုံ၌ ထို ပုထုဇဉ်၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၍ ဖြစ်သော သမာပတ် ကုသိုလ် ကံသည် ကမ္မဘဝ မည်၏၊ သမာပတ် ကုသိုလ် ကံသည် ဖြစ်စေအပ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ, ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရ ဘဝတို့သည် ထို သမာပတ် ကံသည် ဖြစ်စေအပ်သော ရူပဘဝ၌ အတွင်း ဝင်ကုန်သည်သာတည်း၊ ဤသို့ ကာမုပါဒါန်သည် ပဌမဈာန် ဒုတိယဈာန် စသော အပြားနှင့် တကွ ဖြစ်ကုန်သော အတွင်း ဝင်သော သညာဘဝ အသညာဘဝ စသော ဘဝနှင့် တကွ ဖြစ်ကုန်သော ရူပဘဝ အရူပဘဝတို့အားလည်း ကျေးဇူး ပြုတတ်၏။

တဦးသော ပုထုဇဉ်သည် "ဤ အတ္တ မည်သည် ကာမာဝစရ သုဂတိဘဝ၌လည်း, ရူပဘဝ အရူပဘဝတို့တွင် တပါးပါးသော ဘဝ၌လည်း ပြတ်သည် ရှိသော် အလုံးစုံသော ဝဋ်ဆင်းရဲ ပြတ်သောအားဖြင့် ကောင်းစွာ ပြတ်ကြီး ပြတ်သည် ဖြစ်၏" ဟု ဤသို့ နှလုံး ပြု၍ ဥစ္ဆေဒဒိဋ္ဌိကို စွဲလမ်း၍ ထို ကာမ သုဂတိ ဘဝ, ရူပဘဝ, အရူပဘဝသို့ လားစေတတ်သော ကံကို ပြု၏၊ ထို သူ၏ ကံသည် ကမ္မဘဝ မည်၏၊ ထို ကံသည် ဖြစ်စေအပ်သော

http://www.dhammadownload.com



ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ သညာဘဝ စသည်တို့သည် ထို ကံသည် ဖြစ်စေအပ်သော ကာမဘဝ, ရူပဘဝ, အရူပဘဝ, ဥပပတ္တိဘဝ၌ အကျုံး ဝင်ကုန်သည်သာတည်း၊ ဤသို့ ဗိဋ္ဌပါဒါနိ သည် လူနတ် စသား အပြား ရှိကုန်သော အတွင်း ဝင်သော သညာ, အသညာ စသော ဘဝနှင့် တကွ ဖြစ်ကုန်သော ကာမဘဝ, ရူပဘဝ, အရူပဘဝ သုံးပါးတို့အား ကျေးဇူး ပြုတတ်၏။

တဦးသော ပုထုဇဉ်သည် "ဤ အတ္တ မည်သည်ကား ကာမာဝစရ သုဂတိ ဘဝ၌ဝင်း, ရူပဘဝ, အရူပဘဝတို့တွင် တပါးပါးသော ဘဝ၌ဝင်း ချမ်းသာခြင်း ရှိသည်, ရာဂဟူသော ပူပန်ခြင်း ကင်းသည် ဖြစ်၏" ဟု ဤသို့ အတ္တဝါဒုပါဒါန်ဖြင့် စွဲလမ်း၍ ထို ကာမသုဂတိဘဝ, ရူပဘဝ, အရူပဘဝသို့ သွားစေတတ်သော ကံကို ပြု၏၊ ထို ပုထုဇဉ်၏ ထို ကံသည် ကမ္မဘဝ မည်၏၊ ထို ကံသည် ဖြစ်စေအပ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ သညာဘဝ စသည်တို့သည် ထို ကမ္မဘဝ ဥပပတ္တိဘဝ၌ အကျုံး ဝင်ကုန်သည်သာတည်း၊ ဤသို့ အတ္တ-ဝါဒုပါဒါန်သည် လူ နတ် စသား အပြား ရှိကုန်သော အတွင်း ဝင်သော သညာ, အသညာ စသော ဘဝနှင့် တကွ ဖြစ်ကုန်သော ကာမဘဝ, ရူပဘဝ, အရူပဘဝ သုံးပါးတို့အား ကျေးဇူး ပြုတတ်၏။

တဦးသော ပုထုဇဉ်သည်လည်း "ဤ သီလ အကျင့် မည်သည် ကာမာဝစရ သုဂတိဘဝ၌ဝင်း, ရူပဘဝ အရူပဘဝတို့တွင် တပါးပါးသော ဘဝ၌ဝင်း ဖြည့်သော သူအား ချမ်းသာစွာ ပြည့်စုံခြင်းသို့ ရောက်၏" ဟု ဤသို့ နှလုံးပြု၍ သီလဗ္ဗတုပါဒါန်၏ အစွမ်းဖြင့် စွဲလမ်း၍ ထို ကာမသုဂတိဘဝ, ရူပဘဝ, အရူပ ဘဝသို့ ရောက်စေတတ် လားစေတတ်သော ကံကို ပြု၏၊ ထို သူ၏ ထို ကံသည် ကမ္မဘဝ မည်၏၊ ထို ကံသည် ဖြစ်စေအပ် ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ သညာဘဝ စသည်တို့သည် ထို ကမ္မဘဝ ဥပပတ္တိဘဝ၌ အတွင်း ဝင်ကုန်

http://www.dhammadownload.com



သည်သာတည်း၊ ဤသို့ သီလဗ္ဗတုပါဒါန်သည် လူ နတ် စသား အပြား ရှိကုန်သော အတွင်း ဝင်သော သညာ အသညာ စသော ဘဝနှင့် တကွ ဖြစ်ကုန်သော ကာမဘဝ, ရူပဘဝ, အရူပဘဝ သုံးပါးတို့အား ကျေးဇူး ပြုတတ်၏။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် ဤ "ဥပါဒါနပစ္စယာ ဘဝေါ" ဟူသော ပုဒ်၌ အကြင် အကြင် ဥပါဒါန်သည် အကြင် အကြင် ဘဝအား ကျေးဇူးပြုတတ်၏၊ ထို ကျေးဇူးပြုတတ်သောအားဖြင့် လည်း အဆုံးအဖြတ်ကို သိအပ်၏။

ဥပါဒါန်သည် ဘဝအား ကျေးဇူး ပြုသောအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

ဤ ဥပါဒါန် လေးပါးတို့တွင် အဘယ် ဥပါဒါန်သည် အဘယ် ဘဝအား အဘယ် ပစ္စည်းဖြင့် ကျေးဇူး ပြုသနည်း၊ ဤသို့ မေးငြားအံ့၊

> "ရူပါရူပဘဝါနံ, ဥပနိဿယပစ္စယော ဥပါဒါနံ၊
> သဟဇာတာဒီဟိပိ တံ, ကမ္မဘဝဿာတိ ဝိညေယျံ။"
>
> "ဥပါဒါန်သည် ရူပဘဝ အရူပဘဝတို့အား ဥပ-နိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ထို ဥပါဒါန်သည် ကာမဘဝအား သဟဇာတ အစရှိသော ပစ္စယ သတ္တိတို့ဖြင့်လည်း ကျေးဇူး ပြုတတ်၏၊ ဤသို့သော အဆုံးအဖြတ် စကားကို ပညာရှိသည် သိအပ်၏။"

ချဲဦးအံ့—ရူပဘဝ အရူပဘဝတို့အားငင်း, ကာမဘဝတွင် ကာမဘဝ၌ အတွင်း ဝင်သော ကုသိုလ် ကံအား သာလျှင်ငင်း, ဥပပတ္တိ ဘဝအားငင်း လေးပါး အပြား ရှိသည်လည်း ဖြစ်သော ထို ဥပါဒါန်သည် ဥပနိဿယ ပစ္စယ သတ္တိဖြင့် တပါး အဘို့ အားဖြင့်သာလျှင် ကျေးဇူး ပြုတတ်၏၊ ကာမဘဝ၌ မိမိနှင့် သမ္ပယုတ် ဖြစ်သော အကုသိုလ် ကမ္မဘဝအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဟေတု ပစ္စည်း

http://www.dhammadownload.com



အထူး အပြား ရှိကုန်သော သဟဇာတ စသော ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုတတ်၏၊ ထိုမှတပါး ဝိပ္ပယုတ် ဖြစ်သော အကုသိုလ် ကမ္မဘဝအား ဥပနိဿယ ပစ္စည်းဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။

ဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပုဒ်ဖွင့် အကျယ် အဆုံးအဖြတ် ပြီး၏။

## ဘဝပစ္စယာ ဇာတိ စသော ပုဒ် အဆုံးအဖြတ်

"ဘဝပစ္စယာ ဇာတိ" အစရှိသော ပုဒ်တို့၌ ဇာတိ စသည်တို့၏ အဆုံးအဖြတ်ကို သစ္စနိဒ္ဒေသ၌ ပြဆိုခဲ့ပြီးသော နည်းဖြင့် သာလျှင် သိအပ်၏၊ ထူးခြားပုံကို ဆိုအံ့—ဤ "ဘဝပစ္စယာ ဇာတိ" ဟူသော ပုဒ်၌ ကမ္မဘဝကို သာလျှင် "ဘဝ" ဟူ၍ အလိုရှိအပ်၏၊ ထို စကား မှန်၏—ထို ကမ္မဘဝသည် ဇာတိ အား ကျေးဇူး ပြုတတ်၏၊ ဥပပတ္တိ ဘဝသည် ဇာတိအား ကျေးဇူး မပြုတတ်၊ ထို ကမ္မဘဝသည် ဇာတိအား ကမ္မပစ္စည်း, ဥပနိဿယ ပစ္စည်းတို့၏ အစွမ်းအားဖြင့် ပစ္စည်း နှစ်ပါးတို့ဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။

### စောဒနာ တက်ပုံ

ထို ဘဝပစ္စယာ ဇာတိ ဟူသော ပုဒ်၌ စောဒနာခြင်းသည် ဖြစ်ကောင်းပါ၏၊ ဘဝသည် ဇာတိအား ကျေးဇူး ပြုတတ်၏ဟု ဆိုသော ထို စကားကို အဘယ် အကြောင်းဖြင့် သိအပ်ပါ သနည်း၊ ဤသို့ စောဒနာခြင်းသည် အကယ်၍ ဖြစ်ငြားအံ့။

### ဖြေဆိုပုံ

အပ ဖြစ်သော ပစ္စည်း၏ တူမျှသည်၏ အဖြစ်သည် ရှိသော်လည်း ဖြစ်ကုန်သော ခန္ဓာတို့၏ ယုတ်သည်၏ အဖြစ် မြတ်သည်၏ အဖြစ် စသော အထူးကို မြင်ခြင်းကြောင့် သိအပ်၏၊ ရှဲဦးအံ့— အပ ဖြစ်ကုန်သော အမိ, အဘ, သုက်သွေး, အာဟာရ အစ ရှိကုန်သော ပစ္စည်း အကြောင်းတို့၏ ပြည့်စုံခြင်းသည် ရှိသော်

http://www.dhammadownload.com



လည်း သတ္တဝါတို့၏ အမြဲ အစုတို့သည် ဖြစ်ကုန်သော်လည်း၊ ဝါ—အမြဲပူး မွေးသော်လည်း ယုတ်ညံ့သော အဖြစ်, မြတ်သော အဖြစ် စသော အထူးသည် ထင်၏၊ ထို ယုတ်သော အဖြစ်, မြတ်သော အဖြစ် အစရှိသည်၏ အထူးသည် အကြောင်း ကင်း၍ မဖြစ်ချေ၊ အဘယ့်ကြောင့်နည်း—အခါခပ်သိမ်း လည်း ခပ်သိမ်းသော သတ္တဝါတို့အားရင်း မဖြစ်သောကြောင့်တည်း။

ကမ္မဘဝမှ အခြား တပါးသော အကြောင်း ရှိသည်လည်း မဖြစ်၊ အဘယ့်ကြောင့်နည်း—ထို ကမ္မဘဝကို ဖြစ်စေတတ် ကုန်သော သတ္တဝါတို့၏ အဇ္ဈတ္တ သန္တာန်၌ မိမိ သန္တာန်၌ ဖြစ်သည်မှ တပါးသော အထူး ဝိသေသကို ပြုတတ်သော အကြောင်း၏ မရှိခြင်းကြောင့်တည်း၊ ထိုသို့ အကြောင်း ကင်းသည်လည်း မဟုတ်, ကမ္မဘဝမှ အခြား တပါးသော အထူးကို ပြုတတ်သော အကြောင်းလည်း မရှိခြင်းကြောင့် ထို အထူးသည် ကမ္မဘဝလျှင် အကြောင်းရှိသည်သာ ဖြစ်၏၊ ထို စကား မှန်၏—ကံသည် သတ္တဝါတို့၏ ယုတ်ညံ့သော အဖြစ်, မြင့်မြတ်သော အဖြစ် အစရှိသည်၏ ထူးသော အကြောင်းသည် ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်—

ကမ္မံ သတ္တေ ဝိဘဇတိ, ယဒိဒံ ဟီနပဏီတတာယ။"

"အကြင် ယုတ်သည်၏ အဖြစ်, မြတ်သည်၏ အဖြစ် သည် ရှိ၏၊ ထို ယုတ်သည်၏ အဖြစ်, မြတ်သည်၏ အဖြစ် ဖြင့် ကံသည် သတ္တဝါတို့ကို ဝေဘန်ပေ၏။"

ဟူ၍ ဟောတော်မူ၏။

ထို့ကြောင့် ဘဝသည် ဇာတိအား ကျေးဇူး ပြုတတ်၏ ဟူသော ထို စကားကို သိအပ်၏။

ထိုမှတပါး ဇာတိသည် မရှိခဲ့သော် ဇရာ မရဏ မည်သော တရားသည်ရင်း, သောက စသော တရားတို့သည်ရင်း မရှိကုန်၊ အသင်္ခ အရေးကို ဆိုအံ့၊ ဇာတိ ရှိခဲ့သော် ဇရာ မရဏ

http://www.dhammadownload.com



တရားသည်ငှင်း, ဇရာ မရဏဟု ဆိုအပ်သော ဝဋ်ဆင်းရဲ တရားသည် နှိပ်စက်အပ်သော ပုထုဇဉ်မိုက်အား ဇရာ မရဏ နှင့် စပ်သည်မှုလည်း ဖြစ်ကုန်သော ဇရာ မရဏမှ တပါး ဉာတိ-ဗျသန စသော ထိုထို ဝဋ်ဆင်းရဲ တရားတို့သည် နှိပ်စက်အပ်သော ပုထုဇဉ်မိုက်အား ဇရာ မရဏနှင့် မစပ်သည်မှုလည်း ဖြစ်ကုန်သော သောက စသော တရားတို့သည်ငှင်း ဖြစ်ကုန်၏၊ ထို့ကြောင့် ဤ ဇာတိသည်လည်း ဇရာ မရဏအားငှင်း, သောက စသည်တို့ အားငှင်း ကျေးဇူး ပြုတတ်၏ဟု သိအပ်၏၊ ထို ဇာတိသည် ဥပနိဿယ ပစ္စည်း အစွမ်း အမြိတ် အဘို့ဖြင့် တပါး အဘို့ဖြင့် သာလျှင် ကျေးဇူး ပြုတတ်၏။

ဘဝပစ္စယာ ဇာတိ စသော ပုဒ်ဖွင့် အကျယ် အဆုံးအဖြတ် ပြီး၏။

---

ဆက်၍ ဆိုဦးအံ့—ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ သောက စသည်တို့ကို အဆုံး၌ အကြင့်ကြောင့် ဟောတော်မူအပ်ကုန်၏၊ ထို့ကြောင့် ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ'' ဟူ၍ ဤသို့ ဘဝစက်၏ အစ၌ အကြင် အဝိဇ္ဇာကို ဟောတော်မူအပ်ကုန်၏၊ ထို ဘဝ စက်၏ လက်ဦး ရှေ့ဖျား ထား၍ ဟောအပ်သော အဝိဇ္ဇာသည် သောက စသည်တို့ကြောင့် ပြီး၏။

''ဘဝစက္ကမဝိဒိတာဒိမိဒံ ကာရကဝေဒကရဟိတံ ဒွါဒသဝိဓ သုညတာသုညံ သတတံ သမိတံ ပဝတ္တတီတိ ဝေဒိတဗ္ဗံ''

''မသိအပ်သော အစ ရှိသော၊ ဝါ—အစကို မသိ နိုင်သော ပြုတတ်သောသူ, ခံစားတတ်သော သူမှ ကင်း သော အဝိဇ္ဇာ အစရှိသော တဆဲ့နှစ်ပါး အပြား ရှိသော အင်္ဂါတို့၏ သုည၏ အဖြစ်ဖြင့် ဆိတ်သော အစွန့် တရှည် မပြတ် လည်သော ဤ ဘဝ စက်သည် အရဟတ္တမဂ်ကို ရသည်တိုင်အောင် အလုံးစုံသော ကာလပတ်လုံး စပ်ကာ ဖြစ်၍ တရံမပြတ် ထပ်ထပ် ဒွန့်ရှည် တုံတုံလည်၏ ဟု ဤသို့ သိအပ်၏။''

http://www.dhammadownload.com



ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ သောက စသည်တို့ကြောင့် အဝိဇ္ဇာသည် အဘယ်သို့လျှင် ပြီးသနည်း၊ ဤ ဘဝ စက်သည် အဘယ်သို့လျှင် မသိအပ်သော အစရှိသနည်း၊ ပြုတတ်သောသူ, ခံစားတတ်သော သူမှ အဘယ်သို့လျှင် ကင်းသနည်း၊ တဆဲ့နှစ်ပါး အပြားရှိသော အင်္ဂါတို့၏ သုည အဖြစ်ဖြင့် အဘယ်သို့ ဆိတ်သနည်း၊ ဤသို့ အကယ်၍ စိစစ်ငြားအံ့။

ပြက်ပြက် ထင်စွာ ဖြေဆိုပါအံ့—ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ သောက, ဒေါမနဿ, ဥပါယာသတို့သည် အဝိဇ္ဇာနှင့် မကွေမကွာ ယှဉ်ကုန်၏၊ ပရိဒေဝ မည်သည်လည်း မောဟ လွှမ်းကဲ မိုက်မဲ တွေဝေသော သူအား ဖြစ်၏၊ ထို့ကြောင့် ထို သောက စသည်တို့သည် လက်ဦး ပြီးကုန်သည် ရှိသော် အဝိဇ္ဇာသည် ပြီး၏။

တနည်း တုံ—"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" "အာသဝ၏ ဖြစ်ပွါးခြင်းကြောင့် အဝိဇ္ဇာ၏ ဖြစ်ပွါးခြင်းသည် ဖြစ်၏" ဟု ဤသို့ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ အာသဝ၏ ဖြစ်ပွါးခြင်းကြောင့်လည်း ထို သောက စသည်တို့သည် ဖြစ်ကုန်၏၊ အဘယ်သို့ ဖြစ်ကုန်သနည်း၊ ရှေးဦးစွာ ဝတ္ထု ကာမနှင့် ကင်းကွာခြင်းကြောင့်၊ ဝါ—ဝတ္ထု ကာမနှင့် ကင်းကွာသည် ရှိသော် စိုးရိမ်ပူဆွေးခြင်း သောကသည် ကာမာသဝ သာလျှင် ဖြစ်ကြောင်း ရှိ၏၊ ဝါ—ကာမာသဝကြောင့် ဖြစ်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"တဿ စေ ကာမယာနဿ၊ ဆန္ဒဇာတဿ ဇန္တုနော၊ တေ ကာမာ ပရိဟာယန္တိ၊ သလ္လဝိဒ္ဓေါဝ ရုပ္ပတိ။"

"ဝတ္ထု ကာမ၌ လိုချင် နှစ်သက် တပ်မက် တောင့်တသော စိတ်ရှိထသော၊ ဝါ—ကိလေသာ ကာမဟု ဆိုအပ်သော သွားကြောင်း ယာဉ်ရှိထသော ဖြစ်သော တဏှာ ဆန္ဒရှိသော ထို သတ္တဝါအား ထို ရအပ်ပြီးသော ဝတ္ထု ကာမတို့သည် အကယ်၍ ကင်းကွာ ပျက်စီးကုန်အံ့၊

http://www.dhammadownload.com



ဤသို့ တစုံတခုသော ဆောင်ရန်ကြောင့် ရပြီးသော ဝတ္ထုကာမ ဆုတ်ယုတ် ပျက်စီးလတ်သော် ထို သတ္တဝါသည် မြားဖြင့် ထိုးအပ်သော သမင် ကဲ့သို့၊ ဝါ—မြားမှန်သော သမင်ကဲ့သို့ သောက ပရိဒေဝ စသော မြားငြောင့်ဖြင့် ဖောက်ပြန် ပျက်စီး၏"ဟူ၍ ဟောတော်မူ၏။

"ကာမတော ဇာယတေ သောကော" ဟူ၍လည်း ဟောတော်မူသေး၏၊ "ဝတ္ထုကာမ, ကိလေသာကာမ ကြောင့် စိုးရိမ် ပူဆွေးခြင်းသည် ဖြစ်၏။"

အလုံးစုံလည်း ဖြစ်ကုန်သော ထို သောက စသည်တို့သည် ဒိဋ္ဌိ ဟူသော အာသဝလျှင် ဖြစ်ကြောင်း ရှိကုန်၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်းဟူမူကား—

"တဿ အဟံ ရူပံ မမ ရူပန္တိ ပရိယုဋ္ဌာယိနော ရူပဝိပရိဏာမညထာဘာဝါ ဥပ္ပဇ္ဇန္တိ သောကပရိဒေဝ-ဒုက္ခဒေါမနဿုပါယာသာ။"

"ရုပ်သည် ငါပင်တည်း၊ ဝါ—ငါကား ရုပ်ပင်တည်း၊ ငါ၏ ရုပ်တည်း"ဟု ဤသို့ ဒိဋ္ဌိ ဟူသော မြားငြောင့်သည် ထိုးကျင့်အပ်သည်၏ အဖြစ်ဖြင့် တည်လေ့ရှိသော ထို သတ္တဝါအား ရုပ်၏ ပြကတေ့မှ ဖောက်ပြန်သည်၏ အဖြစ်, တပါးသော အပြားဖြင့် ဖြစ်သည်၏ အဖြစ်ကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ဖြစ်ကုန်၏" ဟူ၍ဟောတော်မူ၏။

ဒိဋ္ဌာသဝကြောင့် ထို သောက အစ ရှိသည်တို့သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ ဘဝါသဝ၏ ဖြစ်ပွါးခြင်းကြောင့်လည်း ထို သောက စသည်တို့ ဖြစ်ကုန်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ယေပိ တေ ဒေဝါ ဒီဃာယုကာ ဝဏ္ဏဝန္တော သုခ-ဗဟုလာ ဥစ္စေသု ဝိမာနေသု စိရံ ဒီဃမဒ္ဓါနံ တိဋ္ဌန္တိ၊ တေပိ

http://www.dhammadownload.com



တထာဂတဿ ဓမ္မဒေသနံ သုတွာ ဘယံ သန္တာသံ သံဝေဂမာပဇ္ဇန္တိ။"

"အသက် ရှည်ကုန်သော အဆင်း လှကုန်သော စည်းစိမ် ချမ်းသာ များကုန်သော အကြင် နတ်တို့သည်လည်း မြင့်မြတ်ကုန်သော ဗိမာန်တို့၌ အလွန်ရှည်ကြာ စွာသော အခွန့်ပတ်လုံး တည်ကုန်၏၊ ထိုနတ်တို့သည်လည်း သမ္မာသမ္ဗုဒ္ဓ ရှင်တော်ဘုရား၏ တရားဒေသနာကို ကြားနာရ၍ ကြောက်ရွံ့ခြင်းသို့ ပင်ပန်းခြင်းသို့ ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏" ဟူ၍ ဟောတော်မူသည်။

အဘယ် ပုဂ္ဂိုလ်တို့အား ကြောက်ခြင်း ဖြစ်သကဲ့သို့ ဖြစ်သနည်း—မသေမီ ရှေ့အဘို့၌ ဖြစ်သော အမှတ် နိမိတ် ငါးပါးတို့ကို မြင်၍ သေရအံ့သော ဘေးသည် ခြိမ်းခြောက်အပ်ကုန်သော နတ်တို့အား ကြောက်ရွံ့ခြင်းသည် ပင်ပန်းခြင်းသည် ထိတ်လန့်ခြင်းသည် ဖြစ်သကဲ့သို့တည်း၊ ဝါ—ပုဗ္ဗနိမိတ် ငါးပါးကို မြင်၍ သေအံ့သော ဘေးသည် ခြိမ်းခြောက်အပ်ကုန်သော နတ်တို့အား ဘဝါသဝ၏ ဖြစ်ပွါးခြင်းကြောင့် သောက စသည်တို့ ဖြစ်ကုန်သကဲ့သို့တည်း။

ဘဝါသဝ ဖြစ်ပွါးခြင်းကြောင့် ထို သောက စသည်တို့သည် ဖြစ်ကုန် သကဲ့သို့လည်း ထို့အတူ အဝိဇ္ဇာသဝ၏ ဖြစ်ပွါးခြင်းကြောင့်လည်း ထို သောက စသည်တို့သည် ဖြစ်ကုန်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"သ ခေါ ဘိက္ခဝေ ဗာလော ဒိဋ္ဌေဝ ဓမ္မေ တိဝိဓံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။"

"အို ရဟန်းတို့ စင်စစ် ထို ပညာ မဲ့သော သူမိုက်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ပင်လျှင် သောက ပရိဒေဝ ဒုက္ခ သုံးပါးကိုရင်း၊ နှလုံး မသာယာခြင်းကိုရင်း ခံစားရ၏" ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



ဤသို့ ပြဆိုပြီးသော နည်းဖြင့် အာသဝ၏ ဖြစ်ပွါးခြင်းကြောင့် ထို သောက အစ ရှိကုန်သော ထို တရားတို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် ထို သောက စသည်တို့သည် ပြီးကုန်သည် ရှိသော် အဝိဇ္ဇာ၏ အကြောင်း ဖြစ်၍ ဖြစ်ကုန်သော အာသဝေါတို့ကို ပြီးစေတတ်ကုန်၏။

အာသဝေါ တရားတို့သည် ပြီးကုန်လတ်သော် အာသဝ ဟူသော အကြောင်း ရှိလတ်သော် အဝိဇ္ဇာ ဟူသော အကျိုး၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည်လည်း ပြီးသည် သာလျှင် ဖြစ်၏ ဟူ၍ သိအပ်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ရှေးဦးစွာ ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ သောက စသည်တို့ဖြင့် အဝိဇ္ဇာသည် ပြီး၏ ဟူသော စကားကို သိအပ်၏။

ပဌမ စောဒနာ၏ အဖြေ ပြီး၏။

---

## ဒုတိယ စောဒနာ၏ အဖြေစကား

ထိုမှတပါး အကြောင်း ရှိလတ်သော် အကျိုး၏ ဖြစ်ခြင်း ကြောင့် အဝိဇ္ဇာသည် ပြီးလတ်သော် တဖန် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဟူ၍ ဤသို့ အကြောင်း အဆက်ဆက် အကျိုး အဆက်ဆက်အားဖြင့် ပြီးဆုံးခြင်းသည် မရှိ၊ ထို့ကြောင့် အကြောင်းနှင့် အကျိုး စပ်သည်၏ အစွမ်းဖြင့် မပြတ်မစဲ ဝဲသို့ခွန့်ရှည် တုံတုံလည်သော အင်္ဂါ တဆဲ့နှစ်ပါးရှိသော ထိုဘဝ စက်ကြီးသည် မသိအပ်သော အစ ရှိ၏ ဟူ၍ ထင်ရှားသည် ဖြစ်၏၊ ဤသို့ ဘဝ စက်၏ မသိအပ်သော အစ ရှိသည် ဖြစ်၍ "အစ" ကင်းသည်၏ အဖြစ်သည် ရှိသော် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူ၍ ဘဝ စက်၏ အဝိဇ္ဇာအားဖြင့် "အစ" ရှိသည်၏ အဖြစ်ကို ဆိုသော ဤ စကားသည် ဆန့်ကျင်၏၊ ဤသို့ စောဒနာငြားအံ့—

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ဤ စကားသည် "အစ" မှု ဖြစ်သော စကား မဟုတ်၊ ဤ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"

http://www.dhammadownload.com



ဟူသော စကားသည် ပြင္ဒာန်းသော တရားကို ဟောကြောင်းသည် သာလျှင် ဖြစ်၏၊ ချုပ်ဦးအံ့—ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ ဟူသော ဝဋ္ဋ သုံးပါးတို့အား အဝိဇ္ဇာသည် ပြဋ္ဌာန်းသော တရား ဖြစ်၏၊ ထင်ရှားစေအံ့—အဝိဇ္ဇာကို ဖြစ်စေသောကြောင့်၊ ဝါ—အဝိဇ္ဇာကို မပယ်ခြင်းကြောင့် အဝိဇ္ဇာမှ ကြွင်းသော ကိလေသဝဋ္ဋသည်ငှင်း, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋတို့သည်ငှင်း သူမိုက်ကို အထူးထူး အပြားပြား ဒုက္ခ ပွါးစီးသော သံသရာ နှောင်အိမ်၌ ချုပ်ကိုင် တားမြစ်ကုန်၏။

ဥပမာကား—မြွေ ဦးခေါင်းကို ကိုင်ခြင်းကြောင့် ခေါင်းမှ ကြွင်းသော မြွေ တကိုယ်လုံးသည် မြွေဘမ်းသမား၏ လက်မောင်းကို ရစ်ပတ် ချုပ်ကိုင် သကဲ့သို့တည်း၊ အထူးကို ဆိုအံ့—အဝိဇ္ဇာ ဝဋ္ဋမြစ်၏ ပြတ်ခြင်းကို ပြုအပ်သည် ရှိသော် ထိုထို ဝဋ္ဋသုံးပါးတို့မှ လွတ်ခြင်းသည် ဖြစ်၏၊ ဥပမာကား—မြွေဦးခေါင်း ပြတ်သည် ရှိသော် လက်မောင်း လက်ရုံးကို ရစ်ပတ်နေသော မြွေ၏ ကိုယ်မှ လွတ်ခြင်းကဲ့သို့တည်း၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော။"

"အဝိဇ္ဇာ၏ သာလျှင် အကြွင်း မရှိ အရိယမဂ်ဖြင့် ဖြတ်၍ ချုပ်ခြင်းကြောင့် သင်္ခါရ၏ ချုပ်ခြင်းသည် ဖြစ်၏။"

ဤသို့ အစရှိသည်ကို ဟောတော်မူ၏။

ဤသို့ အကြင် အဝိဇ္ဇာ ဟူသော ပြဋ္ဌာန်းသော တရားကို ဖြစ်စေသော သူ၏ နှောင်ဖွဲ့ခြင်းသည်ငှင်း, လွတ်သော သူ၏ လွတ်ခြင်းသည်ငှင်း ဖြစ်၏၊ ထို အဝိဇ္ဇာ ဟူသော ပဓာနဓမ္မကို ဤ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ပါဠိဖြင့် ဟောအပ်၏၊ "အစ" မျှသာ ဖြစ်သော စကား မဟုတ်၊ ဤသို့ ဤ ဘဝစက်ကို မသိအပ်သော "အစ" ရှိ၏ ဟူ၍ သိအပ်၏။

ဒုတိယ စောဒနာ၏ အဖြေ ပြီး၏။

http://www.dhammadownload.com



## တတိယစောဒနာ၏ အဖြေကား

ထို ဘဝ စက်သည် အဝိဇ္ဇာ စသော အကြောင်းတို့ကြောင့် သင်္ခါရ စသည်တို့၏ မစဲ မပြတ် မပြီး တိမ်းသည် မရှိ, တအိအိ လည်သော အားဖြင့် ဖြစ်ခြင်းမျှသည် အကြင့်ကြောင့် ဖြစ်၏၊ ထို့ကြောင့် ထို အဝိဇ္ဇာ စသော အကြောင်းမှ အခြား တပါးသော အကြောင်း မရှိ၊ ဗြဟ္မာသည် အကြီးအမြတ်တည်း၊ ဗြဟ္မာသည် ချီးမွမ်းအပ်သော အမြတ် အထွဋ် ဖြစ်၍ သံသရာကို စီရင်တတ်၏၊ ဤသို့ ကြံဆအပ်သော သံသရာကို ဖန်ဆင်း ပြုလုပ် စီရင်တတ်သော ဗြဟ္မာ အစရှိသည်မှုငင်း, စင်စစ် ငါ၏ ထိုသို့ သဘော ရှိသော ဤအတ္တသည် ထိုထို အကျိုးမဲ့ကို ဆိုတတ်ပေ၏၊ သုခ ဒုက္ခ စသည်ကို ခံစားတတ်ပေ၏၊ ဝါ—မိမိ အာရုံကို သိတတ်ပေ၏၊ ဝါ—သုခိတော, ဒုက္ခိတော စသည်ဖြင့် အလိုလို ကိုယ်တိုင် မူလည်း သိတတ်၏၊ သူတပါးသည်မူလည်း သိအပ်၏၊ ဤသို့ မိစ္ဆာ ဆက်ဆံ ဉာဏ် မသန့်သော သူမိုက်တို့သည် ကြံဆအပ်သော သုခ ဒုက္ခတို့ကို ခံစားတတ်သော အတ္တမှုငင်း ကင်းသည် ဖြစ်၏၊ ထို့ကြောင့် ဤ ဘဝစက်ကို ပြုလုပ် ဖန်ဆင်း စီရင်တတ်သော သူမှ ကင်း၏ ဟူ၍ငင်း, သုံးဆောင် ခံစားတတ်သော သူမှ ကင်း၏ ဟူ၍ငင်း ပညာရှိသည် သိအပ်၏။

တတိယ စောဒနာ၏ အဖြေ ပြီး၏။

---

## စတုတ္ထ စောဒနာ၏ အဖြေကား

ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ အဝိဇ္ဇာသည် ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့် မြဲသည်၏ အဖြစ်မှုငင်း, ပူပန်စေအပ် နှိပ်စက်အပ်သည်၏အဖြစ် ညစ်နွမ်းစေအပ်သည်၏ အဖြစ်ကြောင့်ငင်း, ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါ ထိုက်သည်၏ အဖြစ်ကြောင့်ငင်း, တင့်တယ်သည်၏ အဖြစ်မှုငင်း, ဖြစ်ခြင်း ပျက်ခြင်းသည် နှိပ်စက်ညှဉ်းဆဲအပ်သည်၏ အဖြစ်ကြောင့် ချမ်းသာသည်၏ အဖြစ်မှုငင်း, မိမိ ပစ္စည်းနှင့်စပ်၍

http://www.dhammadownload.com



ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် အလိုသို့ လိုက်တတ်သည်ဖြစ်၍ ဖြစ်သော မိစ္ဆာဒိဋ္ဌိတို့သည် ကြံဆအပ်သော အတ္တ၏ အဖြစ်မှရင်း ဆိတ်၏၊ အဝိဇ္ဇာသည် ဆိတ်သကဲ့သို့ ထို့အတူ သင်္ခါရ အစ ရှိသော အင်္ဂါ တဆဲ့ တပါးတို့သည်လည်း မြဲသော အဖြစ်မှ, တင့်တယ်သော အဖြစ်မှ, ချမ်းသာသော အဖြစ်မှ, အတ္တ၏ အဖြစ်မှ ဆိတ်ကုန်သည်ချည်းတည်း။

တနည်းကား—အဝိဇ္ဇာသည် အကြင့်ကြောင့် အတ္တ မဟုတ်, အတ္တ၏ ကိုယ်ပိုင် ဥစ္စာလည်း မဟုတ်, အတ္တ၌ မဖြစ်, အတ္တရှိ သည် မဖြစ်၊ ထို့အတူ သင်္ခါရ စသော အင်္ဂါ တဆဲ့ တပါးတို့သည်လည်း အတ္တ မဟုတ်ကုန်, အတ္တ၏ ကိုယ်ပိုင် ဥစ္စာမဟုတ်ကြကုန်, အတ္တ၌ မဖြစ်ကုန်, အတ္တ ရှိသည် မဖြစ်ကုန်၊ ထို့ကြောင့် ဤ ဘဝစက်ကို အဝိဇ္ဇာ စသော အင်္ဂါ တဆဲ့ နှစ်ပါးတို့၏ ဆိတ်သည်၏ အဖြစ်ဖြင့် ဓုဝ, သုဘ, သုခ, အတ္တ အဖြစ်မှ ဆိတ်၏ ဟူ၍ သိအပ်၏။

### အင်္ဂါတို့ကို စေဘန်ပြခြင်း

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဘဝစက်ကို ကွက်ကွက် ထင်ထင် သိမြင်ပြီး၍ တဖန်—

"တဿာဝိဇ္ဇာတဏှာ, မူလမတီတာဒယော တယော ကာလာ၊ ဒွေ့ အဋ္ဌ ဒွေ့ စေဝ စ, သရူပတော တေသု အင်္ဂါနိ။"

"ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့်ပင် ထို ဘဝ စက်၏ အဝိဇ္ဇာ နှင့် တဏှာတို့ကို "မူလ" ဟူ၍ သိအပ်ကုန်၏၊ အတိတ် အစ ရှိကုန်သော "ကာလ" သုံးပါးတို့ကို သိအပ် ကုန်၏၊ ထို အင်္ဂါ တဆဲ့ နှစ်ပါးတို့တွင် သရုပ်အားဖြင့် ပါဠိတော်၌ လာသည်၏ အစွမ်းအားဖြင့် အင်္ဂါ နှစ်ပါး တို့ကို "အတိတ်ကာလ" တို့ ဟူ၍ သိအပ်ကုန်၏၊ အင်္ဂါ ရှစ်ပါးတို့ကို "ပစ္စုပ္ပန်ကာလ" တို့ ဟူ၍ သိအပ်ကုန်၏၊ ကျန် အင်္ဂါ နှစ်ပါးတို့ကိုလည်း "အနာဂတ်ကာလ" တို့ ဟူ၍ သိအပ်ကုန်၏။"

http://www.dhammadownload.com



ချုဦးအံ့—ထိုပြဆိုပြီးသော သဘော ရှိသော ဤ ဘဝစက်၏ အဝိဇ္ဇာ နှင့် တဏှာ ဤ နှစ်ပါးသော တရားတို့ကို "ဝဋ်မြစ် မူလ" ဟူ၍ သိအပ်ကုန်၏၊ ထို ဘဝစက်သည် အတိတ် ဖြစ်သော ရှေ့အစွန်း ရှေ့အဘို့မှ ပစ္စုပ္ပန် အကျိုးကို ဆောင်သောအားဖြင့် အဝိဇ္ဇာလျှင် အရင်း ရှိသည် ဝေဒနာလျှင် အဆုံး ရှိသည် ဖြစ်၍ ပိုင်းခြား အပ်သော ဘဝစက် တခု ဖြစ်၏၊ နောက်၌ ဖြစ်သော အနာဂတ် အဘို့နှင့် စပ်သောအားဖြင့် တဏှာလျှင် အရင်းရှိသည် ဇရာမရဏလျှင် အဆုံး ရှိသည် ဖြစ်၍ ပိုင်းခြားအပ်သော ဘဝစက် တခု ဖြစ်၏၊ ဤသို့ နှစ်ပါး အပြား ရှိ၏။

ထို နှစ်ပါးသော ဘဝစက်တို့တွင် ရှေ့ဖြစ်သော အဝိဇ္ဇာ ဘဝစက်ကို ဒိဋ္ဌိစရိုက်၏ အစွမ်းဖြင့်၊ ဝါ—ဒိဋ္ဌိ ပြောသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူ၏၊ နောက် ဖြစ်သော တဏှာ ဘဝစက်ကို တဏှာစရိုက် ပြောသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူ၏၊ ထို စကား မှန်၏၊ ဒိဋ္ဌိ ပြောသော ပုဂ္ဂိုလ်တို့အား အဝိဇ္ဇာသည် သံသရာ၌ ဆောင်တတ်၏၊ တဏှာ စရိုက် ပြောသော ပုဂ္ဂိုလ်တို့အားလည်း တဏှာသည် သံသရာ၌ ဆောင်တတ်၏။

တနည်းကား—ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ဖြတ်ခြင်းငှါ ရှေး ဦးစွာသော အဝိဇ္ဇာ ဘဝစက်ကို ဟောတော်မူ၏၊ အဘယ် ကြောင့်နည်း—ပစ္စက္ခ မျက်မှောက်၌ မြင်အပ်သော ဝိညာဉ် စသော ပစ္စုပ္ပန် အကျိုး၏ ဖြစ်ခြင်းသည် အကြောင်း ဖြစ်ကုန် သော အဝိဇ္ဇာ သင်္ခါရတို့၏ မပြတ် မစဲခြင်းကို ပြခြင်းကြောင့် တည်း၊ ဝါ—ပဌမ ဘဝစက်၏ မပြတ် မစဲမူ၍ ဖြစ်ခြင်းကို ပြတတ်သည်၏ အဖြစ်ကြောင့်တည်း။

သဿတဒိဋ္ဌိကို အကြွင်းမဲ့ ဖြတ်ခြင်းငှါ ဒုတိယ ဘဝစက်ကို ဟောတော်မူ၏၊ အဘယ့်ကြောင့်နည်းဟူမူကား—ဖြစ်ကုန်ပြီး သော ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ ရင့်ခြင်း ပျက်ခြင်းကို ပြတတ်သည်၏ အဖြစ်ကြောင့်တည်း၊

http://www.dhammadownload.com



တနည်းကား—ဂမ္ဘီရသယျ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ရှေ့ဖြစ်သော အဝိဇ္ဇာ ဘဝစက်ကို ဟောတော်မူ၏ အဘယ့်ကြောင့်နည်း— "သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" ဤသို့ စသည်ဖြင့် သဘာဝဓမ္မတို့၏ အစဉ်အားဖြင့် ဖြစ်ခြင်းကို ပြတတ်သည်၏ အဖြစ်ကြောင့်တည်း။

ဩပပါတိက ပုဂ္ဂိုလ်၏ အစွမ်းဖြင့် နောက်ဖြစ်သော တဏှာ ဘဝ စက်ကို ဟောတော်မူ၏၊ အဘယ့်ကြောင့်နည်း၊ "ဥပါဒါန-ပစ္စယာ ဘဝေါ" ဟူ၍၎င်း, "ဘဝပစ္စယာ ဇာတိ" ဟူ၍၎င်း ဥပပတ္တိ ခန္ဓာတို့၏ တပေါင်းတည်း ဖြစ်ခြင်းကို ပြတတ်သည်၏ အဖြစ်ကြောင့်တည်း။

ထို ဘဝစက်အား အတိတ်ကာလ, ပစ္စုပ္ပန်ကာလ, အနာဂတ်ကာလ ဤ ကာလ သုံးပါးတို့သည် ဖြစ်ကုန်၏၊ ထို ကာလ သုံးပါးတို့တွင် ပါဠိတော်၌ လာသော သရုပ်အားဖြင့် အဝိဇ္ဇာ, သင်္ခါရ ဤ အင်္ဂါ နှစ်ပါးတို့သည် "အတိတ် ကာလ" မည်ကုန်၏၊ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဤ အင်္ဂါ ရှစ်ပါးတို့သည် "ပစ္စုပ္ပန် ကာလ" မည်ကုန်၏၊ ဇာတိ၎င်း, ဇရာမရဏ၎င်း ဤ အင်္ဂါ နှစ်ပါးတို့သည် "အနာဂတ်ကာလ" မည်ကုန်၏၊ တဖန်—

"ဟေတုဖလဟေတုပုဗ္ဗက, တိသန္ဓိစတုဘေဒသင်္ဂဟာဠေ့တံ၊ ဝီသတိ အာကာရာရံ, တိဝဋ္ဋမနဝဋ္ဌိတံ ဘမတိ။"

"အကြောင်း ရှေးရှိသော အစပ်, အကျိုး ရှေးရှိသော အစပ်, အကြောင်း ရှေးရှိသော အစပ်အားဖြင့် သုံးပါး သော အစပ် ရှိသည်လည်း ဖြစ်သော အဝိဇ္ဇာ စသော ဟေတု ဝိညာဉ် စသော ဖလ, တဏှာ စသော ဟေတု, ဇာတိ စသော ဖလအားဖြင့် လေးပါး အပြားရှိသော အင်္ဂါတို့ကို ပေါင်း၍ ယူရာ အလ္လာ လေးပါး ရှိသည်လည်း ဖြစ်သော အခြင်း အရာ နှစ်ဆယ် ရှိသည်လည်း ဖြစ်သော ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ် ဟူ၍ ဝဋ်သုံးပါး

http://www.dhammadownload.com



ရှိသည်လည်း ဖြစ်သော ထို ဘဝစက်သည် အပိုင်း အခြား မရှိသည် ဖြစ်၍၊ ဝါ—မရပ် မတန့်သည် ဖြစ်၍ မပြတ် လည်၏” ဤသို့လည်း သိအပ်၏။

ထို ဂါထာ၌ သင်္ခါရတို့၏၎င်း, ပဋိသန္ဓေ ဝိညာဉ်၏၎င်း အကြားသည် အကြောင်းနှင့် အကျိုး စပ်သည့်“ဟေတု ဖလ သန္ဓိ အစပ် တခု” မည်၏၊ ဝေဒနာ၏၎င်း, တဏှာ၏၎င်း အကြားသည် အကျိုးနှင့် အကြောင်း စပ်သည့် “ဖလဟေတု သန္ဓိ အစပ် တခု” မည်၏၊ ဘဝ၏၎င်း, ဇာတိ၏၎င်း အကြားသည် အကြောင်းနှင့် အကျိုး စပ်သည့် “ဟေတုဖလသန္ဓိ အစပ် တခု” မည်၏၊ ဤသို့ ဤ ဘဝ စက်ကို အကြောင်း ရှေးရှိသော အစပ်, အကျိုး ရှေးရှိသော အစပ်, အကြောင်း ရှေးရှိသော အစပ်ဟု ဆိုအပ်သော အစပ် သုံးပါး ရှိ၏ ဟူ၍ သိအပ်၏။

ထိုမှတပါး ထို ဘဝ စက်၏ အစပ် သုံးပါးတို့၏ အစ အဆုံး ဖြင့် ပိုင်းခြား အပ်ကုန်သော၊ ဝါ—ရှေ့ နောက်ဖြင့် ပိုင်းခြားအပ် ကုန်သော ပေါင်း၍ ယူရာ အလ္လာ လေးပါးတို့သည် ဖြစ်ကုန်၏၊ ဤ အလ္လာ လေးပါးတို့ ဟူသည် အဘယ်နည်း၊ အဝိဇ္ဇာ, သင်္ခါရ တို့သည် “ပဌမ အလ္လာ တခု” မည်၏၊ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် “ဒုတိယ အလ္လာ တခု” မည်၏၊ တဏှာ, ဥပါဒါန်, ဘဝတို့သည် “တတိယ အလ္လာ တခု” မည်၏၊ ဇာတိ, ဇရာ မရဏတို့သည် “စတုတ္ထ အလ္လာ တခု” မည်၏၊ ဤသို့ ဤ ဘဝစက်ကို ပေါင်း၍ ယူရာ အလ္လာ လေးပါး ရှိ၏ ဟူ၍ သိအပ်၏။

“အတီတေ ဟေတဝေါ ပဉ္စ, ဣဒါနိ ဖလပဉ္စကံ၊
ဣဒါနိ ဟေတဝေါ ပဉ္စ, အာယတိံ ဖလပဉ္စကံ။”

“အတိတ် ကာလ၌ အကြောင်း ငါးပါးတို့၎င်း, ယခု ပစ္စုပ္ပန် ဘဝ၌ အကျိုး ငါးပါး အပေါင်း၎င်း, ဤ ပစ္စုပ္ပန် ဘဝ၌ အကြောင်း ငါးပါးတို့၎င်း, နောင် အနာဂတ် ဘဝ၌ အကျိုးငါးပါး အပေါင်း၎င်း ဤသို့ အခြင်း အရာ

http://www.dhammadownload.com



သရုပ် အပြားဟု ဆိုအပ်ကုန်သော အကန့် နှစ်ဆယ် ရှိ၏” ဟူ၍ သိအပ်၏။

ထို ဂါထာ၌ အတိတ် အကြောင်း ငါးပါးကား—အဝိဇ္ဇာ နှင့် သင်္ခါရ ဤ အကြောင်း နှစ်ပါးတို့ကို ရှေးဦးစွာ ပါဠိတော်၌ သရုပ်အားဖြင့် ဟောတော်မူ၏၊ သို့သော်လည်း ဝဋ္ဋ ကာမ၏ အပြစ်ကို စိစစ် စုံစမ်း လမ်းမှန် မြော်သိ ဝိပဿနာဉာဏ် ကင်းသော ပုထုဇဉ်သည် ထိုထို ဝဋ္ဋ ကာမကို သိမ်းဆည်း ခြင်းကို ပြုသောအားဖြင့် တပ်မက်၏၊ တပ်မက်သည် ဖြစ်၍ မြဲစွာ စွဲလမ်း၏၊ ထိုသို့ စွန့်ပစ်နိုင်ခဲ မြဲစွာ စွဲလမ်းသော ပုထုဇဉ်မိုက်အား ဥပါဒါန် ဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်၏၊ ထို့ကြောင့် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကိုလည်း ယူအပ် ကုန်၏၊ ထို့ကြောင့် ဓမ္မသေနာပတိ အရှင် သာရိပုတ္တရာ မထေရ်သည် ပဋိသမ္ဘိဒါမဂ်၌—

“ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ, အာယူဟနာ သင်္ခါရာ, နိကန္တိ တဏှာ, ဥပဂမနံ ဥပါဒါနံ, စေတနာ ဘဝေါတိ ဣမေ ပဉ္စဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိပစ္စယာ။”

“ရှေး ဘဝ၌ ဖြစ်သော ကမ္မ ဘဝသည် ရှိသော် ဒုက္ခ စသည်တို့၏ အပြစ်ကို ဖုံးလွှမ်းတတ်သော မောဟသည် အဝိဇ္ဇာ မည်၏၊ ပေါင်းရုံး ဆည်းပူး တတ်သော ဒါန စသော ကြိယာကို ဖြစ်စေတတ်သော စေတနာတို့သည် သင်္ခါရ မည်ကုန်၏၊ ဝဋ္ဋ ကာမကို မရမက လိုချင် တပ်မက်တတ်သော လောဘသည် တဏှာ မည်၏၊ ပြင်းစွာ ကပ်ငြိတတ်သော သဘော တရားသည် ဥပါဒါန် မည်၏၊ ဒါန စသော ကြိယာ၌ စေ့ဆော် တတ်သော စေတနာသည် ကမ္မဘဝ မည်၏၊ ဤသို့ ရှေးဘဝ၌ ဖြစ်သော ကမ္မ ဘဝသည် ရှိသော် ဤ တရား ငါးပါးတို့သည် ဤ ယခု ပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတို့ ဖြစ်ကုန်၏” ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



ထို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ရှေး ဘဝ၌ ဖြစ်သော ကမ္မဘဝ" ဆိုသည်ကား—"ရှေး ဘဝ၌ ဖြစ်သော ကမ္မဘဝသည် ရှိသော် လွန်ခဲ့သော အတိတ် ဇာတိဘဝ၌ ကမ္မဘဝကို ပြုသည် ရှိသော်" ဟု ဆိုလိုသည်၊ "မောဟသည် အဝိဇ္ဇာ မည်၏" ဆိုသည်ကား—ထို ကံကို ပြုရာ ရှေး ဘဝ၌ ဒုက္ခသစ္စာ စသည်တို့၌ အပြစ်ကို ဖုံးလွှမ်းတတ်သော မဂ်ဖြင့် မပယ်အပ်သေးသော အကြင် မောဟသည် ရှိ၏၊ အကြင် မောဟဖြင့် တွေဝေသော သူသည် ကုသိုလ် အကုသိုလ် ကံကို ပြု၏၊ ထို မောဟသည် အဝိဇ္ဇာ မည်၏။

"ဒါန စသော ကြိယာကို ဖြစ်စေတတ်သော စေတနာတို့သည် သင်္ခါရ မည်ကုန်၏" ဆိုသည်ကား—ထို ကံကို ပြုသော သူအား အကြင် ရှေးဖြစ်သော စေတနာတို့သည် ရှိကုန်၏၊ အဘယ်ကဲ့သို့နည်းဟူမူကား—အလှူကို ပေးလှူအံ့ ဟူ၍ စိတ်ကို ဖြစ်စေ၍ တလပတ်လုံးငင်း, တနှစ်ပတ်လုံးငင်း ဒါန၏ အဆောက်အဦ ပစ္စည်း ပရိကံတို့ကို၊ ဝါ—အဆောက်အဦ ပစ္စည်း ဝတ္ထုကံတို့ကို စီရင်သော သူအား ဖြစ်ပေါ်ကုန်သော အကြင် ရှေးဖြစ်သော စေတနာတို့သည် ရှိကုန်၏၊ မလှူမီ ရှေးဖြစ်သော ထို စေတနာတို့သည် ဒါန စသော ကြိယာကို ဖြစ်စေတတ်သော သင်္ခါရတို့ မည်ကုန်၏။

ထိုမှတပါး အလှူခံသော ပုဂ္ဂိုလ်တို့၏ လက်၌ အလှူရေစက်ကို၊ ဝါ—အလှူဝတ္ထု ပစ္စည်းကို တည်စေသော သူ၏ စေတနာကို ဘဝ ဟူ၍ ဆိုအပ်၏၊ တနည်းကား—တခုသော အာဝဇ္ဇန်း ရှိကုန်သော ဇော ခြောက်ပါးတို့၌ ဖြစ်သော စေတနာတို့သည် ဒါန စသော ကြိယာကို ဖြစ်စေတတ်သော သင်္ခါရတို့ မည်ကုန်၏၊ ခုနစ်ခု မြောက်သော ဇော၌ ဖြစ်သော စေတနာသည် ဘဝ မည်၏၊ တနည်းကား—ရှေ့ နောက်ဟု အမှတ် မရှိသော စေတနာသည် ဘဝ မည်၏၊ သမ္ပယုတ် ဖြစ်ကုန်သော အဘိဇ္ဈာ အနဘိဇ္ဈာ စသည်တို့သည် ဒါန စသော ကြိယာကို ဖြစ်စေတတ်သော သင်္ခါရ မည်ကုန်၏။

http://www.dhammadownload.com



"ဝဋ္ဋုကာမကို မရမက လိုချင် တပ်မက်သော လောဘသည် တဏှာ မည်၏"ဆိုရာ၌ကား—ကံကို ပြုသောသူအား လာလတ္တံ့သော အကျိုး ဖြစ်သော ဥပပတ္တိ ဘဝ၌ အကြင် လိုချင်ခြင်းသည် အကြင် တောင့်တတတ်သော သဘော တရားရှိ၏၊ ထို လိုချင် တပ်မက် တောင့်တတတ်သော သဘော တရားသည် တဏှာ မည်၏။

"ပြင်းစွာ တပ်မက် ကပ်ငြိတတ်သော သဘော တရားသည် ဥပါဒါန်မည်၏" ဆိုသည်ကား—ကမ္မ ဘဝ၏ အကြောင်း ဖြစ်၍ ဖြစ်သော "ဤမည်သော ကံကို ပြု၍ ဤမည်သော အရပ်၌ ကာမဂုဏ်တို့ကို မှီဝဲအံ့ ဟူ၍၎င်း, ဖြတ်အံ့ ဟူ၍၎င်း ဤသို့ အစရှိသော နည်းဖြင့် ဖြစ်သော တပ်မက်သောအားဖြင့် ပြင်းစွာ ကပ်ငြိတတ်သော သဘော တရားသည် တပ်မက်တတ်သော အားဖြင့် ပြင်းစွာ စွဲလမ်းတတ်သော သဘော တရားသည် မှားသောအားဖြင့် သုံးသပ်တတ်သော သဘော တရားသည် ရှိ၏၊ ဤ ပြဆိုပြီး တရားစုသည် ဥပါဒါန် မည်၏။

"ဒါန စသော ကြိယာ၌ စေ့ဆော်တတ်သော စေတနာသည် ကမ္မဘဝ မည်၏" ဆိုရာ၌ကား—သုံးပါးသော အဋ္ဌ ဝိကပ်တို့၌ ပြဆိုပြီးသော အာယူဟန၏ အဆုံး၌ ဆိုအပ်ပြီးသော စေတနာသည် ဘဝ မည်၏၊ ဤနည်းဖြင့် အနက် အဓိပ္ပါယ်ကို သိအပ်၏။

"ယခု မျက်မှောက် ပဋိသန္ဓေ ဘဝ၌ အကျိုး ငါးပါး" ဆိုသည်ကား—ဝိညာဉ် အစ ဝေဒနာ အဆုံး ရှိသော အကျိုး ငါးပါး အပေါင်းသည် ပါဠိတော်၌ သရုပ်အားဖြင့် လာသည်သာတည်း၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ဣဓ ပဋိသန္ဓိဝိညာဏံ, ဩက္ကန္တိနာမရူပံ, ပသာဒေါ အာယတနံ, ဖုဋ္ဌော ဖဿော, ဝေဒယိတံ ဝေဒနာ၊ ဣတိ ဣမေ ပဉ္စ ဓမ္မာ ဣဓူပပတ္တိဘဝသ္မိံ ပုရေကတဿ ကမ္မဿ ပစ္စယာ။"

http://www.dhammadownload.com



"ဤပစ္စုပ္ပန် ဘဝ၌ အတိတ် ဖြစ်သော ဘဝ အထူးကို ပစ္စုပ္ပန် ဘဝနှင့် တဖန် စပ်ခြင်း သဘော စပ်တတ်သော သဘောဟု ဆိုအပ်သော စိတ်သည် ဝိညာဉ် မည်၏၊ အမိ ဝမ်းသို့ သက်ဝင် သကဲ့သို့ ဖြစ်ခြင်း သဘောသည် နာမ်ရုပ် မည်၏၊ စက္ခု စသော ပသာဒသည် အာယတန မည်၏၊ တွေ့ထိခြင်း သဘော တွေ့ထိတတ်သော သဘောသည် ဖဿ မည်၏၊ ခံစားခြင်း သဘော ခံစားတတ်သော အခြင်း အရာဖြင့် ဖြစ်စေတတ်သော သဘောသည် ဝေဒနာ မည်၏၊ ဤသို့ ဤ ပစ္စုပ္ပန် ဘဝ၌ ဥပပတ္တိ ဘဝသည် ရှိသော် ဤ တရား ငါးပါးတို့သည် ရှေး ဘဝ၌ ပြုအပ်သော ကံ၏ ကျေးဇူး ပြုသည်၏ အဖြစ်ကြောင့် ဖြစ်ကုန်၏" ဟူ၍ ဟောတော်မူ၏။

ထို ပါဠိတော်၌ "ပဋိသန္ဓေ စိတ်သည် ဝိညာဉ် မည်၏" ဆိုသည်ကား—အကြင် စိတ်ကို အတိတ် ဖြစ်သော ဘဝ အထူးကို ဤ ပစ္စုပ္ပန် ဘဝနှင့် တဖန် စပ်ခြင်း၏ အစွမ်းဖြင့်၊ ဝါ—ဘဝ တပါး၏ အဖြစ်ဖြင့် တဖန် စပ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သည်၏ အဖြစ်ကြောင့် ပဋိသန္ဓေ ဟူ၍ ဆိုအပ်၏၊ ထို ပဋိသန္ဓေ စိတ်သည် ဝိညာဉ် မည်၏။

"အမိ ဝမ်းသို့ သက်ဝင် သကဲ့သို့ ဖြစ်ခြင်း သဘောသည် နာမ်ရုပ် မည်၏" ဆိုသည်ကား—အမိ ဝမ်း၌၊ ဝါ—ပဋိသန္ဓေ အခိုက် အတန့်၌ ရုပ်နာမ် တရားတို့၏ အကြင် လာ၍ သက်ဝင် သကဲ့သို့ ဖြစ်ခြင်းသည် ရှိ၏၊ ဤ အမိ ဝမ်း၌ လာ၍ သက်ဝင် သကဲ့သို့ ဖြစ်ခြင်း သဘော ရှိသော တရားသည် နာမ်ရုပ် မည်၏၊ "စက္ခု စသော ပသာဒသည် အာယတန မည်၏" ဟူသော ဤ စကားကို စက္ခု အစ ရှိသော အာယတန ငါးပါး၏ အစွမ်း အားဖြင့် ဟောတော်မူအပ်၏။

"တွေ့ထိခြင်း သဘော တွေ့ထိတတ်သော သဘောသည် ဖဿ မည်၏" ဆိုသည်ကား—အကြင် သဘော တရားသည် အာရုံကို တွေ့ထိတတ်၏၊ တွေ့ထိလျက် ဖြစ်တတ်၏၊ ဤ အာရုံကို

http://www.dhammadownload.com



တွေ့ထိတတ်သော သဘောသည် ဖဿ မည်၏၊ "ခံစားခြင်း သဘောသည် ဝေဒနာ မည်၏" ဆိုသည်ကား—ပဋိသန္ဓေ ဝိညာဉ်နှင့်သော်ငင်း၊ သဠာယတနလျှင် ပစ္စည်း ရှိသော ဖဿနှင့်သော်ငင်း တကွ ဖြစ်သော အကြင် ဝိပါက် ဖြစ်သော ဝေဒနာသည် ရှိ၏၊ ထို ဝိပါက် ဖြစ်သော ဝေဒနာသည် ဝေဒနာ မည်၏၊ ဤသို့ အနက် အဓိပ္ပါယ်ကို သိအပ်၏။

"ဤပစ္စုပ္ပန် ဘဝ၌ အကြောင်း ငါးပါး" ဟူသော်ကား— တဏှာ အစ ရှိသည်တို့သည် ငါးပါးကုန်သော အကြောင်းတို့ မည်ကုန်၏၊ ပါဠိတော်၌ တဏှာ, ဥပါဒါန်, ဘဝတို့သည် သရုပ် အားဖြင့် တိုက်ရိုက် လာကုန်၏၊ သို့သော်လည်း ကမ္မဘဝကို ယူသည် ရှိသော် ထို ကမ္မဘဝ၏ ရှေ့အဘို့ ဖြစ်သော သင်္ခါရ တို့ကိုငင်း၊ ထို ဘဝနှင့် ယှဉ်ကုန်သော သင်္ခါရတို့ကိုငင်း ယူအပ် ကုန်သည် သာလျှင် ဖြစ်ကုန်၏၊ တဏှာ ဥပါဒါန်ကို ယူသဖြင့် ထို တဏှာ ဥပါဒါန်နှင့် ယှဉ်သော အဝိဇ္ဇာကိုလည်း ယူအပ်သည် သာလျှင် ဖြစ်၏၊ အကြင် အဝိဇ္ဇာဖြင့် တွေဝေသော သူသည် ကံကို ပြု၏၊ တွေဝေသဖြင့် ကံကို ပြုသောကြောင့် ထို အဝိဇ္ဇာ ကိုလည်း ယူအပ်သည် သာလျှင် ဖြစ်၏၊ ဤသို့ အကြောင်း ငါးပါး တို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့်—

"ဣဓ ပရိပက္ကတ္တာ အာယတနာနံ မောဟော အဝိဇ္ဇာ, အာယူဟနာ သင်္ခါရာ, နိကန္တိ တဏှာ, ဥပဂမနံ ဥပါဒါနံ, စေတနာ ဘဝေါ၊ ဣတိ ဣမေ ပဉ္စ ဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။"

"ဤ ပစ္စုပ္ပန် ဘဝ၌ အာယတနတို့၏ ရင့်ကျက်သည်၏ အဖြစ်ကြောင့် မိုက်မဲ တွေဝေတတ် မိုက်စေတတ်သော မောဟသည် အဝိဇ္ဇာ မည်၏၊ ပေါင်းရုံး ဆည်းပူး တတ်သော ဒါန စသော ပုညကြိယာကို ဖြစ်စေ တတ်သော စေတနာတို့သည် သင်္ခါရ မည်ကုန်၏၊ ဝတ္ထု ကာမကို လိုချင် တပ်မက်သော လောဘသည် တဏှာ မည်၏၊ ပြင်းစွာ ကပ်ငြိတတ်သော သဘော တရားသည်

http://www.dhammadownload.com



ဥပါဒါန် မည်၏၊ ဒါန စသော ပုညကြိယာ၌ စေ့ဆော်တတ်သော စေတနာသည် ကမ္မဘဝ မည်၏၊ ဤသို့ ဤ အကြောင်း တရား ငါးပါး တို့သည် ဤ ပစ္စုပ္ပန် ဘဝ၌ ကမ္မ ဘဝသည် ရှိသော် နောင် အနာဂတ် ကာလ၌ ပဋိသန္ဓေ၏ အ ကြောင်း တို့ သည် ဖြစ်ကုန်၏" ဟူ၍ ပဋိသမ္ဘိဒါ မဂ်၌ ဟောတော်မူ၏။

ထို ပါဠိတော်၌ "ဤ ပစ္စုပ္ပန် ဘဝ၌ အာယတနတို့၏ ရင့်ကျက်သည်၏ အဖြစ်ကြောင့်" ဟူသော စကားဖြင့် အာယတန ရင့်ကျက်သော သတ္တဝါ၏ ကံကို ပြုသော ကာလ၌ ပြင်းစွာ တွေဝေသော မောဟကို ပြအပ်၏၊ ကြွင်းသော စကားတို့သည် ပေါ်လွင် ထင်ရှားသော အနက် အဓိပ္ပါယ် ရှိသည် သာလျှင်တည်း။

"နောင် အနာဂတ် ကာလ၌ အကျိုး ငါးပါး" ဟူသော်ကား—ဝိညာဉ် အစ ရှိကုန်သော ငါးပါး အတိုင်း အရှည် ရှိကုန်သော တရားတို့သည် နောင် အနာဂတ် ဘဝ၌ အကျိုး ငါးပါး အပေါင်း မည်၏၊ ထို ဝိညာဉ် စသော ငါးပါးသော တရားတို့ကို ဇာတိ သဒ္ဒါဖြင့် ဟောတော်မူအပ်ကုန်၏၊ ဇရာမရဏသည်ကား ထို ဝိညာဉ် စသော ငါးပါးသော တရားတို့၏ သာလျှင် ဇရာမရဏသည် ဖြစ်၏၊ ထို့ကြောင့်—

"အာယတိံ ပဋိသန္ဓိ ဝိညာဏံ, ဩက္ကန္တိ နာမရူပံ, ပသာဒေါ အာယတနံ, ဖုဋ္ဌော ဖဿော, ဝေဒယိတံ ဝေဒနာတိ ဣမေ ပဉ္စ ဓမ္မာ အာယတိံ ဥပပတ္တိဘဝသ္မိံ ဣဓ ကတဿ ကမ္မဿ ပစ္စယာ"

"အနာဂတ် ဘဝ၌ ပဋိသန္ဓေ စိတ်သည် ဝိညာဉ် မည်၏၊ အမိ ဝမ်းတွင်းသို့ သက်ဝင် သကဲ့သို့ ဖြစ်ခြင်း သဘောသည် နာမ်ရုပ် မည်၏၊ စက္ခု စသော ပသာဒသည် အာယတန မည်၏၊ အာရုံကို တွေ့ခြင်း သဘောသည် ဖဿ မည်၏၊ အာရုံကို ခံစားခြင်း သဘောသည် ဝေဒနာ မည်၏၊ ဤသို့ ဤ တရား ငါးပါးတို့သည်

http://www.dhammadownload.com



အနာဂတ် ဘဝ၌ ဥပပတ္တိ ဘဝသည် ရှိသော် ဤ ပစ္စုပ္ပန် ဘဝ၌ ပြုအပ်သော ကံ၏ ကျေးဇူးပြုသည်၏ အဖြစ်ကြောင့် ဖြစ်ကုန်၏" ဟူ၍ ပဋိသမ္ဘိဒါ မဂ်၌ ဟောတော်မူသည်။

ဤသို့လျှင် ဤ ဘဝ စက်သည် အခြင်း အရာ နှစ်ဆယ် သရုပ် အပြားဟု ဆိုအပ်သော အကန့် ရှိသည် ဖြစ်၏။

"ဝဋ် သုံးပါးသည် မရပ် မနား အပိုင်း အခြား မရှိသည် ဖြစ်၍ လည်၏" ဟူသော စကား၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏—သင်္ခါရ, ဘဝတို့သည် "ကမ္မဝဋ်" မည်၏၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် "ကိလေသဝဋ်" မည်၏၊ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် "ဝိပါကဝဋ်" မည်၏။

ဤသို့ ဤ ဝဋ်သုံးပါးတို့ဖြင့် သုံးပါးသော ဝဋ်ရှိသော ဘဝ စက်သည် အကြင်မျှလောက် ကာလပတ်လုံး ကိလေသ ဝဋ်သည် မပြတ်စဲသေး၊ ထို ကိလေသဝဋ် မပြတ် မစဲသမျှ ကာလပတ်လုံး မပြတ်သေးသော ပစ္စည်း ရှိသည်၏ အဖြစ်ကြောင့် အပိုင်း အခြား မရှိ မရပ်တန့်သည် ဖြစ်၍ အကြိမ်ကြိမ် အဖန်ဖန် တပြောင်းပြန်ပြန် လည်တတ်သည်၏ အဖြစ်ကြောင့် ရဟတ် စက်ခြည် တလည် တည်း လည်ကုန်သလျှင်ကတည်း။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် တပြောင်းပြန်ပြန် အဖန်ဖန် လည်သော ဆိုအပ်ပြီးသော ဤ ဘဝ စက်ကို—

"သစ္စပ္ပဘဝတော ကိစ္စာ, ဝါရဏာ ဥပမာဟိ စ၊
ဂမ္ဘီရနယဘေဒါ စ, ဝိညာတဗ္ဗံ ယထာရဟံ။"

"သစ္စာတို့၏ အမွန်အားဖြင့်၎င်း, ကိစ္စအားဖြင့်၎င်း, ပြုလုပ်ခြင်း "ဖန်ဆင်းတတ်သောသူ ရှိ၏"ဟူသော မိစ္ဆာ အမြင် စသည်ကို တားမြစ်သောအားဖြင့်၎င်း, ဥပမာ တို့ဖြင့်၎င်း, ဉာဏ်ဖြင့် ထောက်မှီနိုင်ခဲ နက်နဲသော နည်း အပြားအားဖြင့်၎င်း ထိုက်သည်အား လျော်စွာ သိအပ် ၏။"

http://www.dhammadownload.com



## သန္ဓိ အမွန်အားဖြင့် ပြခြင်း

ထို ဂါထာ၌ အနက်ကို ဤသို့ သိအပ်၏၊ ကုသိုလ် အကုသိုလ် ဖြစ်သော ကံကို သာမညအားဖြင့် သမုဒယသစ္စာ ဟူ၍ သစ္စ ဝိဘင်း၌ ဟောတော်မူအပ်၏၊ ထို့ကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူ၍ သင်္ခါရတို့သည် အဝိဇ္ဇာအားဖြင့် ဒုတိယ သစ္စာ ဟူသော အမွန် ရှိသော ဒုတိယ သစ္စာသည် ဖြစ်၏။

ဝိညာဉ်သည် သင်္ခါရတို့ဖြင့် ဒုတိယ သစ္စာ ဟူသော အမွန် ရှိသော ပဌမ သစ္စာ ဖြစ်၏၊ နာမ်ရုပ် အစ ရှိကုန်သော ဝိပါက် ဝေဒနာ အဆုံး ရှိကုန်သော အင်္ဂါတို့သည် နာမ်ရုပ် အစ ရှိသည် တို့ဖြင့် ပဌမ သစ္စာ ဟူသော အမွန် ရှိသော ပဌမ သစ္စာတည်း၊ တဏှာသည် ဝေဒနာအားဖြင့် ပဌမ သစ္စာ ဟူသော အမွန် ရှိသော ဒုတိယ သစ္စာတည်း၊ ဥပါဒါန်သည် တဏှာအားဖြင့် ဒုတိယ သစ္စာလျှင် အမွန် ရှိသော ဒုတိယ သစ္စာသာတည်း။

ဘဝသည် ဥပါဒါန်အားဖြင့် ဒုတိယ သစ္စာ ဟူသော အမွန် ရှိသော ပဌမ သစ္စာ, ဒုတိယ သစ္စာ နှစ်ပါး အပေါင်းတည်း၊ ဇာတိသည် ဘဝအားဖြင့် ဒုတိယ သစ္စာ ဟူသော အမွန် ရှိသော ပဌမ သစ္စာတည်း၊ ဇရာမရဏသည် ဇာတိအားဖြင့် ပဌမ သစ္စာ ဟူသော အမွန် ရှိသော ပဌမ သစ္စာတည်း၊ ဤသို့ ရှေးဦးစွာ ဤ ဘဝစက်ကို သစ္စာ ဟူသော အမွန်အားဖြင့်၊ ဝါ—သစ္စာတို့၏ အမွန်အားဖြင့် ထိုက်သည်အား လျော်စွာ သိအပ်၏။

## ကိစ္စအားဖြင့် ပြခြင်း

ထိုမှတပါး ဤ ဘဝစက်၌ အကြင့်ကြောင့် အဝိဇ္ဇာသည် အာရုံတို့၌လည်း၊ ဝါ—ဒုက္ခ အစ ရှိကုန်သော ဖုံးလွှမ်းအပ် သော ဝတ္ထုတို့၌လည်း သတ္တဝါတို့ကို မှောင်ကြီး ချသို့ ပြင်းပြစွာ မိုက်တတ် မိုက်စေတတ်၏၊ သင်္ခါရတို့၏ ထင်ရှား ဖြစ်ခြင်းငှါ ကျေးဇူး ပြုတတ်သည်လည်း ဖြစ်၏၊ ထိုမှတပါး သင်္ခါရတို့သည် သင်္ခတ တရားကိုလည်း ပြုပြင်တတ်ကုန်၏၊ ဝိညာဉ်၏ ထင်ရှား

http://www.dhammadownload.com



ဖြစ်ခြင်း၌ ကျေးဇူး ပြုတတ်သည်လည်း ဖြစ်၏၊ ဝါ—ပစ္စည်းတို့သည်လည်း ဖြစ်ကုန်၏။

ဝိညာဉ်သည် အာရုံကိုလည်း သိဟတ်၏၊ နာမ်ရုပ်၏ ပစ္စည်းသည်လည်း ဖြစ်၏၊ နာမ်ရုပ်သည် အချင်းချင်းကိုလည်း မှီရာ၏ အဖြစ်ဖြင့် ထောက်ပံ့တတ်၏၊ သဠာယတန၏ ပစ္စည်းသည်လည်း ဖြစ်၏၊ သဠာယတနသည် အကြင် အကြင် မိမိ ဥစ္စာ ဖြစ်သော ရူပါရုံ စသော အာရုံ၌ ဖြစ်၏၊ ဖဿ၏ ပစ္စည်းသည်လည်းဖြစ်၏၊ ဖဿသည် အာရုံကိုလည်း တွေ့ထိတတ်၏၊ ဝေဒနာ၏ ပစ္စည်းသည်လည်း ဖြစ်၏၊ ဝေဒနာသည် အာရုံ၏ အရသာကိုလည်း ခံစားတတ်၏၊ တဏှာ၏ ပစ္စည်းသည်လည်း ဖြစ်၏၊ တဏှာသည် တပ်မက်ဘွယ်သော အာရုံ၌ တပ်တတ်၏၊ ဥပါဒါန်၏ ပစ္စည်းသည်လည်း ဖြစ်၏။

ဥပါဒါန်သည် ပြင်းစွာ စွဲလမ်းအပ်ကုန်သော တရားတို့ကိုလည်း ပြင်းစွာ စွဲလမ်းတတ်၏၊ ဘဝ၏ ပစ္စည်းသည်လည်း ဖြစ်၏၊ ဘဝသည် အထူးထူး အပြားပြား ဂတိ ငါးပါးတို့၌လည်း ပစ်ချတတ်၏၊ ဇာတိ၏ ပစ္စည်းသည်လည်း ဖြစ်၏၊ ဇာတိသည် ခန္ဓာတို့ကိုလည်း ဖြစ်စေတတ်၏၊ အဘယ်ကြောင့်နည်း—ထို ခန္ဓာတို့၏ အသစ် ဖြစ်စ၏ အဖြစ်ဖြင့် ဖြစ်ခြင်းကြောင့်တည်း၊ ဇရာမရဏ၏ ပစ္စည်းသည်လည်း ဖြစ်၏။

ဇရာမရဏသည်လည်း ခန္ဓာတို့၏ ရင့်တတ် ပျက်တတ်သည်၏ အဖြစ်ကို လည်း စွဲ၍ မှီ၍ တည်၏၊ တပါးသော ဘဝ အသစ် ထင်ရှား ဖြစ်ခြင်း၏ ပစ္စည်းသည်လည်း ဖြစ်၏၊ အဘယ်ကြောင့်နည်း—ဇရာမရဏ၏ သောက စသည်တို့၏ မှီ၍ တည်ရာ အကြောင်း၏ အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် ခပ်သိမ်းသော ပုဒ်တို့၌ နှစ်ပါးသော အပြားအားဖြင့် ဖြစ်သော ကိစ္စအားဖြင့်လည်း မပြတ် ဖြစ်သော အဝိဇ္ဇာ စသည်တို့၏ ကိစ္စအားဖြင့်လည်း ဤ ဘဝစက်ကို ထိုက်သည်အား လျော်စွာ သိအပ်၏။

ထိုမှတပါး ဤ ဘဝစက်၌ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ဤ စကားသည် "ပြုလုပ် ဖန်ဆင်းတတ်သော သူ ရှိ၏" ဟူသော

http://www.dhammadownload.com



မိစ္ဆာ အမြင်ကို တားမြစ်တတ်၏၊ ဝါ—တားမြစ်ကြောင်း စကားသည် ဖြစ်၏၊ "သင်္ခါရပစ္စယာ ဝိညာဏံ" ဟူသော ဤ စကားသည် "အတ္တဘောသည် ဘဝ တပါးမှ ဘဝ တပါး သို့ ပြောင်းသွား၏" ဟူသော မိစ္ဆာ အမြင်ကို တားမြစ် တတ်၏။

"ဝိညာဏပစ္စယာ နာမရူပံ" ဟူသော ဤ စကားသည် "အတ္တ ဟူ၍ ကြံဆအပ်သော ခန္ဓာ ငါးပါး ဟူသော ဝတ္ထုတို့၏ တလုံး တခဲတည်း မဟုတ်၊ အသီး အသီး ကွဲပြားခြင်းကို ပြခြင်း ကြောင့် ခန္ဓာ ငါးပါးတို့ကို မကွဲ မပြားသောအားဖြင့် တခုသော အတ္တပင်ဟု စွဲလမ်း၍ တပေါင်း တခဲတည်း" ဟု မှတ်သော သညာကို တားမြစ်တတ်၏။

"နာမရူပပစ္စယာ သဠာယတနံ" ဤသို့ အစ ရှိသော စကား သည် "အတ္တသည် မြင်၏,....(လ)....သိ၏, တွေ့ထိ၏, ခံစား၏, တပ်မက်၏, ပြင်းစွာ စွဲလမ်း၏, ဖြစ်၏, ပဋိသန္ဓေ အားဖြင့် ထင်ရှား ဖြစ်၏, ရင့်၏, အို၏, သေ၏, ပျက်၏၊" ဤသို့ အစရှိသော မိစ္ဆာ အမြင်ကို မြစ်တတ်၏၊ ထို ဆိုအပ်ပြီး သော အကြောင်းကြောင့် ဖောက်ပြန် မှားယွင်းသော အမြင်ကို တားမြစ်သောအားဖြင့်လည်း ထို ဘဝစက်ကို ထိုက်သည်အား လျော်စွာ သိအပ်၏။

## တည်ရာတူ ဥပမာ ပြပုံ

ထိုမှတပါး ဤ ဘဝစက်၌၊ ဝါ—အဝိဇ္ဇာ စသော တရားတို့ တွင် ကက္ခဠ ဖုသန စသော မိမိ မိမိတို့၏ ဝိသေသလက္ခဏာ, အနိစ္စတာ စသော ဆက်ဆံသော သာမည လက္ခဏာ၏ အစွမ်း အားဖြင့် သဘာဝ ဓမ္မတို့ကို မမြင်ခြင်းကြောင့် "သူကန်း" ကဲ့သို့ "အဝိဇ္ဇာ"ကို မှတ်အပ်၏၊ ဝါ—အဝိဇ္ဇာသည် "သူကန်း" နှင့် တူ၏။

မျက်စိ နှစ်လုံး အသုံး မရသော သူကန်းသည် ခြေချ မတော် ချော်ချွတ်ခြင်း ကဲ့သို့ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့်

http://www.dhammadownload.com



ဖြစ်ကုန်သော သင်္ခါရတို့ကို မှတ်အပ်ကုန်၏၊ ခြေချ မှားယွင်း အနင်း အသွား မတော် ချွတ်ချော်သော သူကန်း၏ လည်း ပြိုကျ ခြင်း ကဲ့သို့ သင်္ခါရကြောင့် ဖြစ်သော ဝိညာဉ်ကို မှတ်အပ်၏။

ကမ်းပါးပြတ်၌ ကျသော သူကန်းအား အိုင်း အမာကြီး ထင်ရှား ဖြစ်ခြင်း ကဲ့သို့ ဝိညာဉ်ကြောင့် ဖြစ်သော နာမ်ရုပ်ကို မှတ်အပ်၏၊ အိုင်း အမာကြီး၏ များသော အပြားဖြင့် ကွဲပေါက် ခြင်း ဖြစ်လတ်သော် သွေးပုပ် ပြည်စုရှ် အဖု အလုံးငယ် ဖောက်ပြန်ခြင်း ကဲ့သို့ နာမ်ရုပ်ကြောင့် ဖြစ်သော သဠာယတနကို မှတ်အပ်၏။

အိုင်း အမာကြီး အမာငယ်တို့ကို ထိမိ ခိုက်မိခြင်း ကဲ့သို့ သဠာယတနကြောင့် ဖြစ်သော ဖဿကို မှတ်အပ်၏၊ ထိခိုက်မိ ပုတ်ခတ်မိခြင်းကြောင့် ဖြစ်သော ဆင်းရဲ ကဲ့သို့ ဖဿကြောင့် ဖြစ်သော ဝေဒနာကို မှတ်အပ်၏၊ ဆင်းရဲကို ဆေးကုခြင်း၌ တောင့်တဘိသကဲ့သို့ ဝေဒနာကြောင့် ဖြစ်သော တဏှာကို မှတ်အပ်၏။

ဒုက္ခ ဝေဒနာကို ကုစားခြင်း၌ အလိုရှိသဖြင့် ဝေဒနာနှင့် မသင့် မလျော်သော ဆေး, ဥတု, ဘောဇဉ်ကို သင့်သည်ဟု စွဲလမ်း ယူမှား သကဲ့သို့ တဏှာကြောင့် ဖြစ်သော ဥပါဒါန်ကို မှတ်အပ်၏၊ စွဲလမ်းအပ်ပြီးသော မသင့် မလျော်သော ဆေးများ ကို လိမ်းကျံခြင်း ကဲ့သို့ ဥပါဒါန်ကြောင့် ဖြစ်သော ဘဝကို မှတ်အပ်၏။

မသင့် မလျောက်ပတ်သော ဆေးများကို လိမ်းကျံခြင်းကြောင့် အိုင်း အမာ၏ မန်းရောက်၍ ဖောက်ပြန်ခြင်း ထင်ရှား ဖြစ်၏သို့ ဘဝကြောင့် ဖြစ်သော ဇာတိကို မှတ်အပ်၏၊ အိုင်းအမာ မန်းရောက်၍ ဖောက်ပြန်ခြင်းကြောင့် အိုင်း အမာ၏ ကွဲပျက်ခြင်း ကဲ့သို့ ဇာတိကြောင့် ဖြစ်သော ဇရာမရဏကို မှတ်အပ်၏။

http://www.dhammadownload.com



## ဥပမာ ပြမုံ

ထိုမှတပါး အကြောင့်ကြောင့်ကား ဤဘဝစက်၌၊ ဝါ—အဝိဇ္ဇာ စသော အင်္ဂါ တဆဲ့ နှစ်ပါးတို့တွင် တိမ်လွှာသည် မျက်စိတို့ကို နှိပ်စက် လွှမ်းမိုး သကဲ့သို့ အဝိဇ္ဇာသည် မသိ မမြင်ခြင်း, စိုးစဉ်း သိမြင်ပါသော်လည်း ဖောက်ဖောက် ပြန်ပြန် မှားမှား ယှင်းယှင်း သိမြင်ခြင်း၏ အဖြစ်ဖြင့် သတ္တဝါတို့ကို နှိပ်စက်တတ်၏၊ ထို့ကြောင့် မျက်စိကို ဖုံးလွှမ်းသော "တိမ်လွှာ"နှင့် "အဝိဇ္ဇာ"တူ၏။

အအိမ်ကို လုပ်သော ပိုးသည် အစိတ် အစိတ် ဖြစ်သော အမျှင်တို့ဖြင့် မိမိ ကိုယ်ကို ရစ်ပတ် သကဲ့သို့ ထို အဝိဇ္ဇာသည် နှိပ်စက်အပ်သော သူမိုက်သည် တဖန် ဘဝသစ်ကို ဖြစ်စေတတ် ကုန်သော ပိုးအိမ် အမျှင်နှင့် တူသော သင်္ခါရတို့ဖြင့် မိမိ ကိုယ်ကို ရစ်ပတ်၏၊ ထို့ကြောင့် အအိမ် လုပ်တတ်သော"ပိုး"နှင့် အဝိဇ္ဇာ နှိပ်စက်သော "သူမိုက်" တူ၏၊ "ပိုးအိမ်"နှင့် "သင်္ခါရ" တူ၏။

ခရီးရှ် သိမ်းပိုက်၍ ဆောင်တတ်သော မှူးကြီး မတ်ကြီးသည် ခရီးရှ် သိမ်းပိုက်အပ်သော မင်းသားသည် မင်း အဖြစ်ကို ရသကဲ့သို့ သင်္ခါရသည် သိမ်းဆည်းအပ်သော ဝိညာဉ်သည် မနုဿ, ဒေဝ စသည် ထွေပြား ဂတိ ငါးပါးတို့၌ တည်ရာကိုရ၏၊ "သင်္ခါရ"သည် သိမ်းပိုက် စောင့်ရှောက်သည့် "အမတ်ကြီး"နှင့် တူ၏၊ "ဝိညာဉ်"သည် မင်း အဖြစ်သို့ ရောက်သော "မင်းသား" နှင့်တူ၏။

ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟု ဆိုအပ်သော ပဋိသန္ဓေ၏ အာရုံကို အာရုံပြုခြင်းကြောင့်၊ ဝါ—ကြံဆ၍ ယူခြင်းကြောင့် မျက်လှည့် ဆရာသည် စိန်စစ် မြစစ် မဟုတ်သည်ကို စိန် အစစ် မြ အစစ် စသည် ထင်စေသော မျက်လှည့် ဝတ္ထုကို ဖြစ်စေ သကဲ့သို့ ဝိညာဉ်သည် ပဋိသန္ဓေ အခါ၌ နတ်, လူ, ပိုး, ငှက် စသောအားဖြင့် များသော အပြား ရှိသော နာမ်ရုပ်ကို ဖြစ်စေ ၏၊ "မျက်လှည့် ဆရာ"နှင့် "ဝိညာဉ်"တူ၏၊ "မျက်လှည့် ဝတ္ထု ပစ္စည်း"နှင့် "နာမ် ရုပ်" တူ၏။

http://www.dhammadownload.com



မြေ ကောင်းကောင်း၌ ပေါက်ရောက် တည်ရှိသော တောအုပ်သည် ကြီးပွါးခြင်းသို့ စည်ပင်ခြင်းသို့ ပြန့်ပြောခြင်းသို့ ရောက်သကဲ့သို့ နာမ်ရုပ်၌ တည်သော သဋ္ဌာယတနသည် ကြီးပွါးခြင်းသို့ စည်ပင်ခြင်းသို့ ပြန့်ပြောခြင်းသို့ ရောက်၏၊ ''မြေကောင်း''နှင့် ''နာမ်ရုပ်''တူ၏၊ ''တောအုပ်''နှင့် ''သဋ္ဌာယတန''တူ၏။

ပွတ်ခုံသည် ပွတ်တံနှင့် တကွ ကြိတ်မိ ပွတ်မိခြင်းကြောင့် မီးဖြစ်သကဲ့သို့ ဝိသယီ ဝိသယ ဖြစ်ကုန်သော အဇ္ဈတ္တိကာယတန ဗာဟိရာယတနတို့၏ အချင်းချင်း ရှေ့ရှုသည်၏ အဖြစ် ဟု ဆိုအပ်သော ထိပါးခြင်းကြောင့် ဖဿသည် ဖြစ်၏၊ အဇ္ဈတ္တိကာယတနကား ဝိသယီ, ဗာဟိရာယတနကား ဝိသယ, ၎င်းတို့ အချင်းချင်း ''ရှေ့ရှု တော်သည်'' ကိုပင် ''ထိပါးသည်'' ဟု ဆို၏၊ ''ပွတ်ခုံ ပွတ်တံ''နှင့် ''အာယတန''တူ၏၊ ''မီးဖြစ်ခြင်း''နှင့် ''ဖဿ''တူ၏။

မီးသည် တွေ့ထိအပ်သော သူအား လောင်ပူခြင်း ဖြစ်သကဲ့သို့ ဖဿဖြင့် အာရုံကို တွေ့ထိအပ်သော သူအား ဝေဒနာသည် ထင်ရှား ဖြစ်၏၊ ''ဖဿ''သည် ''မီး''နှင့် တူ၏၊ ''ဝေဒနာ''သည် ''မီးလောင်ခြင်း''နှင့် တူ၏။

ဆားငန်ရေကို သောက်သော သူအား ရေ မွတ်သိပ်ဆာလောင်ခြင်းသည် တိုးပွါး သကဲ့သို့ အာရုံ၏ အရသာကို ခံစားသော သူအား တဏှာသည် တိုးပွါး၏၊ ရေ ဆာလောင် မွတ်သိပ်သော သူသည် ရေ အလွန် သောက်လိုသော အာသာကို ပြုသကဲ့သို့ တဏှာဖြင့် မွတ်သိပ်၍ အာရုံကို ခံစားလိုသော သူသည် ဘဝတို့၌ လိုချင်သော အာသာကို ပြု၏။

ထို ဘဝတို့၌ အလို အာသာကို ပြုခြင်းသည်၊ ဝါ—တဏှာဒိဋ္ဌိအားဖြင့် ဘဝကို အလွန် နှစ်သက်ခြင်းသည် ထို အာသာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဥပါဒါန်သည် ဖြစ်၏၊ အစာ အာမိသကို တပ်မက်ခြင်းကြောင့် ငါးသည် သံမျှားချိတ်ကို မျိုမိ ဟပ်မိ သကဲ့သို့ ဥပါဒါန်ကြောင့် ဘဝကို ပြင်းစွာ စွဲလမ်း၏။

http://www.dhammadownload.com



မျိုးစေ့သည် ရှိသော် အညွန့်သည် ဖြစ်သကဲ့သို့ ကမ္မဘဝ, ဥပပတ္တိ ဘဝသည် ရှိသော် ဇာတိသည် ဖြစ်၏၊ ဖြစ်ပေါ် ပေါက်ရောက်ပြီးသော သစ်ပင်၏ လည်းခြင်းကဲ့သို့ ဖြစ်ပြီးသော ခန္ဓာ၏ ရင့်ခြင်း ပျက်ခြင်းသည် မချွတ် ကေန် အမှန် ဖြစ်၏၊ ထို့ကြောင့် ဤသို့ ပြဆိုပြီးသော ဥပမာတို့ဖြင့်လည်း ထို ဘဝစက်ကို ထိုက်သည်အား လျော်စွာ သိအပ်၏။

ဥပမာတို့ဖြင့် ပြခြင်း ပြီး၏။

---

## နက်နဲသော နည်း အပြားအားဖြင့် ပြခြင်း

ထိုမှတပါး မြတ်စွာဘုရားသည် အကျိုးအားဖြင့်၊ဝါ—အနက်အားဖြင့်၎င်း, အကြောင်းအားဖြင့်၊ ဝါ—ပါဠိအားဖြင့်၎င်း, ဒေသနာဉာဏ်အားဖြင့်၎င်း, ထိုးထွင်း၍ သိသော ဉာဏ်အားဖြင့်၎င်း ပဋိစ္စသမုပ္ပါဒ်၏ နက်နဲသည်၏ အဖြစ်ကို ရည်၍—

"ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စာတိ"

"အို အာနန္ဒာ—ဤ ပဋိစ္စသမုပ္ပါဒ်သည် နက်လည်း နက်၏၊ နက်သည် ဖြစ်၍ သာလျှင် နက်လှချေ၏ တကားဟု ဉာဏ်ဝယ် ထင်၏။"

ဟူသော စကားကို အကြင့်ကြောင့် ဟောတော်မူအပ်၏၊ ထို့ကြောင့်—နက်နဲခြင်း အထူးထူး အပြားပြား အားဖြင့်လည်း ထို ဘဝစက်ကို ထိုက်သည်အား လျော်စွာ သိအပ်၏။

## ဂမ္ဘီရ လေးပါး အကျယ် ပြခြင်း

### (၁) အတ္ထဂမ္ဘီရ

ထို အတ္ထဂမ္ဘီရ, ဓမ္မဂမ္ဘီရ, ဒေသနာဂမ္ဘီရ, ပဋိဝေဓဂမ္ဘီရ ဟူသော နက်နဲခြင်း လေးပါးတို့တွင် ဇာတိကြောင့် ဇရာ မရဏသည် မဖြစ်သည် မဟုတ်, အမှန် စင်စစ် ဖြစ်သည်

http://www.dhammadownload.com



သာလျှင်တည်း၊ ဇာတိကို ကြည့်၍ ဇာတိမှ တပါးသော အကြောင်းကြောင့် ဖြစ်သည် မဟုတ်၊ ဤ ဇာတိ ဟူသော အကြောင်းကြောင့် ဖြစ်သော အခြင်းအရာအားဖြင့် ဇာတိကြောင့် ဇရာမရဏသည် တပေါင်းတည်း ဖြစ်၍ မိမိ အကြောင်းအား လျော်စွာ အထက် အထက်သို့ လာ၏။

ဤသို့ ဇာတိ ဟူသော အကြောင်းကြောင့် တပေါင်းတည်း ဖြစ်၍၊ ဝါ—အပေါင်းအစုဖြစ်သော တရား၏ မိမိ မိမိ အကြောင်းအား လျော်စွာ အထက် အထက်သို့ လာသော အဖြစ်၏ သိခြင်းငှါ ခဲယဥ်းသည်၏ အဖြစ်ကြောင့် ဇရာမရဏ၏ ဇာတိ ဟူသော အကြောင်းကြောင့် ကောင်းစွာ ဖြစ်၍ အပေါင်းအစု ဖြစ်သော တရား၏ မိမိ အကြောင်းအား လျော်စွာ အထက် အထက်သို့ လာသည်၏ အဖြစ် ဟူသော သဘောသည် နက်နဲ၏။

"တထာ ဇာတိယာ ဘဝပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ ဘဝဿ ဥပါဒါနပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ ဥပါဒါနဿ တဏှာပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ တဏှာယ ဝေဒနာပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ ဝေဒနာယ ဖဿပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ ဖဿဿ သဠာယတနပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ သဠာယတနဿ နာမရူပပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ နာမရူပဿ ဝိညာဏပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ ဝိညာဏဿ သင်္ခါရပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော၊ သင်္ခါရာနံ အဝိဇ္ဇာပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော။"

အဓိပ္ပါယ်—

"ထို့အတူ ဘဝကြောင့် ဇာတိ မဖြစ်သည် မဟုတ်၊ အမှန် စင်စစ် ဖြစ်သည် သာလျှင်တည်း၊ ဘဝကို ကြည့်၍ ဘဝမှ တပါး အခြားသော အကြောင်းကြောင့် ဖြစ်

http://www.dhammadownload.com



သည်လည်း မဟုတ်၊ ဤ ဘဝ ဟူသော အကြောင်း ကြောင့် ဖြစ်သော အခြင်းအရာအားဖြင့် ဘဝကြောင့် ဇာတိသည် တပေါင်းတည်း ဖြစ်၍ မိမိ အကြောင်းအား လျော်စွာ အထက် အထက်သို့ လာ၏၊ ဤသို့ ဘဝ ဟူသော အကြောင်းကြောင့် တပေါင်းတည်း ဖြစ်၍၊ ဝါ—အပေါင်း အစု ဖြစ်သော တရား၏ မိမိ မိမိ အကြောင်းအား လျော်စွာ အထက် အထက်သို့ လာသော အဖြစ်၏ သိခြင်းငှါ ခဲယဉ်းသည်၏ အဖြစ် ကြောင့် ဇာတိ၏ ဘဝ ဟူသော အကြောင်းကြောင့် ကောင်းစွာ ဖြစ်၍ အပေါင်း အစု ဖြစ်သော တရား၏ မိမိ မိမိ အကြောင်းအား လျော်စွာ အထက် အထက်သို့ လာသည်၏ အဖြစ် ဟူသော သဘော တရားသည် နက်နဲ၏၊....(လ)...”

ထို့ကြောင့် ဤ ဘဝ စက်သည် အကျိုးအားဖြင့် နက်နဲ၏၊ ဝါ—အနက်အားဖြင့် နက်နဲ၏၊ ဤသို့ ပြဆိုပြီးသည်ကား ရှေးဦး စွာ ဤ ဘဝ စက်၌ အကျိုးအားဖြင့် နက်သည်၏ အဖြစ်သည် ဖြစ်၏၊ နက်နဲသော အကျိုး ရှိသည်၏ အဖြစ်သည် ဖြစ်၏၊ ထို စကား မှန်၏—အကြောင်း၏ အကျိုးကို အတ္ထ ဟူ၍ ဆိုအပ်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—“ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ”ဟူ၍ ဟောတော်မူ၏၊ “အကြောင်း၏ အကျိုး၌ ဖြစ်သော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ” မည်၏။

အတ္ထ ဂမ္ဘီရ ပြီး၏။

---

## (၂) ဓမ္မ ဂမ္ဘီရ

ထိုမှ တပါး အကြင် အခြင်း အရာ အပြားအားဖြင့် အကြင် အကြင်သို့သော အခိုက် အတန့်ဖြင့် အဝိဇ္ဇာသည် ထိုထို သင်္ခါရ တို့အား ကျေးဇူး ပြုတတ်၏၊ ထိုထိုသို့သော ပစ္စယ အခြင်း အရာ အပြားအားဖြင့်၎င်း, အဝတ္ထာဝိသေသ၏၎င်း ထိုးထွင်း၍ သိနိုင်

http://www.dhammadownload.com



ခဲ့သည်၏ အဖြစ်ကြောင့် အဝိဇ္ဇာ၏ သင်္ခါရတို့အား ကျေးဇူး ပြုသည်၏ အဖြစ် ဟူသော သဘော တရားသည် နက်နဲ၏။

"တထာ သင်္ခါရာနံ ဝိညာဏဿ ပစ္စယဋ္ဌော ဂမ္ဘီရော၊ ဝိညာဏဿ နာမရူပဿ ပစ္စယဋ္ဌော ဂမ္ဘီရော၊ နာမရူပဿ သဠာယတနဿ ပစ္စယဋ္ဌော ဂမ္ဘီရော၊ သဠာယတနဿ ဖဿဿ ပစ္စယဋ္ဌော ဂမ္ဘီရော၊ ဖဿဿ ဝေဒနာယ ပစ္စယဋ္ဌော ဂမ္ဘီရော၊ ဝေဒနာယ တဏှာယ ပစ္စယဋ္ဌော ဂမ္ဘီရော၊ တဏှာယ ဥပါဒါနဿ ပစ္စယဋ္ဌော ဂမ္ဘီရော၊ ဘဝဿ ဇာတိယာ ပစ္စယဋ္ဌော ဂမ္ဘီရော၊ ဇာတိယာ ဇရာမရဏဿ ပစ္စယဋ္ဌော ဂမ္ဘီရော။"

အဓိပ္ပါယ်—

"ထို့အတူ ထိုထိုသို့သော အခြင်း အရာ အပြား အားဖြင့်၎င်း အဝတ္တာဝိသေသအားဖြင့်၎င်း ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် သင်္ခါရတို့၏ ဝိညာဉ်အား ကျေးဇူး ပြုသည်၏ အဖြစ် ဟူသော သဘော တရားသည် နက်နဲ၏၊....(လ)....ထိုထိုသို့သော အခြင်း အရာ အပြား အားဖြင့်၎င်း, အဝတ္တာဝိသေသအားဖြင့်၎င်း ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် ဇရာမရဏအား ဇာတိ၏ ကျေးဇူး ပြုသည်၏ အဖြစ် ဟူသော သဘော တရား သည် နက်နဲ၏။"

ထို့ကြောင့် ဤ ဘဝ စက်သည် အကြောင်းအားဖြင့် နက်သည်, အကျိုး၏ နက်နဲသော အကြောင်း ရှိသည် ဖြစ်၏၊ ဤ ပြဆိုပြီးသည်ကား ဤ ဘဝစက်၌ အကြောင်းအားဖြင့် နက်နဲ သော ဓမ္မဂမ္ဘီရ မည်၏၊ ထို စကား မှန်၏—အကြောင်း၏ ဓမ္မ ဟူသော အမည်သည် ဖြစ်၏၊ ဘုရား အဘယ်သို့ ဟောတော်မူ သနည်းဟူမူ—"ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" ဟူ၍ ဟော တော်မူ၏၊ "အကြောင်း၌ ဖြစ်သော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ" မည်၏။

ဓမ္မ ဂမ္ဘီရ ပြီး၏။

http://www.dhammadownload.com



## (၃) ဒေသနာ ဂမ္ဘီရ

ထိုမှ တပါး ထို ဘဝ စက်၏ ဝေနေယျတို့၏ သဘော လေးပါးကို သိခြင်းအား လျော်သည်၏ အဖြစ်ဟု ဆိုအပ်သော ထိုထို အကြောင်းကြောင့် အနုလောမ, ပဋိလောမ စသော ထိုထို အခြင်း အရာ အပြားအားဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့် ဒေသနာတော်သည်လည်း နက်နဲ၏၊ ထို ဒေသနာ အပြား၌ သဗ္ဗညုတ ဉာဏ်မှ အခြား တပါးသော ဉာဏ်သည် ထောက်ရာ တည်ရာကို မရနိုင်။

ထို စကား မှန်၏—ထို ဘဝစက်ကို အချို့သော သုတ်၌ အနုလုံအားဖြင့် ဟောတော်မူ၏၊ အချို့သော သုတ်၌ ပဋိလုံ အားဖြင့် ဟောတော်မူ၏၊ အချို့သော သုတ်၌ အနုလုံ, ပဋိလုံ အားဖြင့် ဟောတော်မူ၏၊ အချို့သော သုတ်၌ အလယ်မှ စ၍ အနုလုံအားဖြင့်ဧင်း, ပဋိလုံအားဖြင့်ဧင်း ဟောတော်မူ၏။

အချို့သော သုတ်၌ သုံးစပ် လေးလွှာသော ဘဝစက်ကို ဟောတော်မူ၏၊ အချို့သော သုတ်၌ နှစ်စပ် သုံးလွှာသော ဘဝစက်ကို ဟောတော်မူ၏၊ အချို့သော သုတ်၌ တစပ် နှစ်လွှာ သော ဘဝစက်ကို ဟောတော်မူ၏၊ ထို့ကြောင့် ဤ ဘဝစက်သည် ဒေသနာအားဖြင့် နက်နဲ၏၊ ဝါ—နက်နဲသော ဒေသနာရှိ၏။

ဒေသနာ ဂမ္ဘီရ ပြီး၏။

---

## (၄) ပဋိဝေဓ ဂမ္ဘီရ

ထိုမှ တပါး ဤ ဘဝစက်၌၊ ဝါ—ဂမ္ဘီရ လေးပါးတို့တွင် အဝိဇ္ဇာ စသည်တို့၏ အကြင် မသိခြင်း အညာဏ, မမြင်ခြင်း အဒဿန စသော သဘောသည် ရှိ၏၊ ထိုးထွင်း၍ သိအပ်သော အကြင် မသိခြင်း အညာဏ, မမြင်ခြင်း အဒဿန စသော သဘောကြောင့် အဝိဇ္ဇာ စသည်တို့သည် မဖောက်မပြန် မိမိ၏ လက္ခဏာအားဖြင့် ထိုးထွင်း၍ သိအပ်ကုန်၏၊ ထို အဝိဇ္ဇာ စသည်တို့၏ ထိုးထွင်း၍ သိအပ်သော မသိခြင်း အညာဏ, မမြင်ခြင်း အဒဿန စသော သဘောသည် ငြိုငြင်သဖြင့်

http://www.dhammadownload.com



သက်ဝင်အပ်သည်၏ အဖြစ်ကြောင့်၊ ဝါ—သက်ဝင်ခြင်းငှါ ခဲယဉ်းသည်၏ အဖြစ်ကြောင့် နက်နဲ၏၊ ထိုသို့ ထိုးထွင်း၍ သိအပ်သော မသိခြင်း အညာဏ, မမြင်ခြင်း အဒဿန စသော သဘော၏ နက်နဲသည်၏ အဖြစ်ကြောင့် ဤ ဘဝစက်သည် ထိုးထွင်း၍ သိအပ်သော သဘောအားဖြင့် နက်နဲ၏။

ရှေ့ဦးအံ့—ဘဝစက်၌၊ ဝါ—အဝိဇ္ဇာ စသည်တို့တွင် အကြင့် ကြောင့် အဝိဇ္ဇာ၏ သိတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက်၏ အညာဏ အဖြစ် တည်းဟူသော သဘော, မျက်မှောက် ပြုသော အားဖြင့် အာရုံကို မြင်သော ဉာဏ်၏ ဆန့်ကျင်ဘက် အဒဿနန၏ အဖြစ် တည်းဟူသော သဘော, သစ္စာ လေးပါးကို ထိုးထွင်း၍ ကောင်းစွာ သိခြင်းငှါ မပေးဖုံးလွှမ်းတတ်သည်၏ အဖြစ်တည်း ဟူသော သဘောသည် နက်နဲ၏။

သင်္ခါရတို့၏ အလွန် ပြုပြင်ခြင်း သဘော, ဆည်းပူး ရုံးစုခြင်း သဘော, သရာဂ သဘော, ဝိရာဂ သဘောသည် နက်နဲ၏၊ ဝိညာဉ်၏ အတ္တမှ ဆိတ်သည်၏ အဖြစ် ဟူသော သဘော, ဗျာပါရ ကင်းသည်၏ အဖြစ် ဟူသော သဘော, တခုသော ဘဝမှ တခုသော ဘဝသို့ မပြောင်း မရွှေသည်၏ အဖြစ် ဟူသော သဘော, ပဋိသန္ဓေအားဖြင့် ထင်ရှား ဖြစ်သည်၏ အဖြစ် ဟူသော သဘောသည် နက်နဲ၏။

နာမ်ရုပ်၏ တူသော ဖြစ်ခြင်း ရှိသည်၏ အဖြစ် ဟူသော သဘော, အသီး ဝေဘန်အပ်သည်၏ အဖြစ် ဟူသော သဘော, အသီး အခြား မဝေဘန်အပ်သည်၏ အဖြစ် ဟူသော သဘော, နမန ရုပ္ပန သဘောသည် နက်နဲ၏၊ သဠာယတန၏ အစိုးရ သည်၏ အဖြစ် ဟူသော သဘော, လောက၏ အဖြစ် ဟူသော သဘော, ဒွါရ၏ အဖြစ် ဟူသော သဘော, ခေတ္တ၏ အဖြစ် ဟူသော သဘော, ဝိသယီ၏ အဖြစ် ဟူသော သဘောသည် နက်နဲ၏။

ဖဿ၏ အာရုံကို တွေ့ထိခြင်း သဘော, အာရုံကို ထိပါး ချုပ်ခြစ်ခြင်း သဘော, ဝတ္ထု အာရုံ ဝိညာဉ်တို့၏ ပေါင်းဆုံခြင်း

http://www.dhammadownload.com



ကြောင့် ဖြစ်သော သဘော, ပေါင်းစု စည်းဝေးခြင်း သဘောသည် နက်နဲ၏၊ ဝေဒနာ၏ အာရုံ၏ အရသာကို ခံစားခြင်း သဘော, ချမ်းသာစေခြင်းသဘော, ဆင်းရဲစေခြင်းသဘော, အလတ်၌ တည်သည်၏ အဖြစ် ဟူသော သဘော, ဇီဝ မဟုတ်သည်၏ အဖြစ်, ခံစားတတ်သည်၏ အဖြစ် ဟူသော သဘောသည် နက်နဲသည်။

တဏှာ၏ အလွန် နှစ်သက်ခြင်း သဘော, မျှသကဲ့သို့ ဖြစ်၍ ငြီးဆုံးစေခြင်း သဘော, စီးသွားခြင်း သဘော, နွယ်ကဲ့သို့ ရစ်ပတ်ခြင်း သဘော, မြစ်နှင့် တူသည်၏ အဖြစ် ဟူသော သဘော, တဏှာသမုဒ္ဒရာ၏ အဖြစ် ဟူသော သဘော, ပြည့်စေနိုင်ခဲသည်၏ အဖြစ် ဟူသော သဘောသည် နက်နဲ၏၊ ဥပါဒါန်၏ အာရုံကို မြဲစွာ စွဲလမ်းခြင်း သဘော, အလွန် တပ်မက်မောသည်၏ အစွမ်းဖြင့် အာရုံကို ခံယူ စွဲလမ်းခြင်း သဘော, မှားသောအားဖြင့် နှလုံးသွင်းခြင်း သဘော, မှားသောအားဖြင့် သုံးသပ်ခြင်းသဘော, လွန်နိုင်ခဲသည်၏ အဖြစ် ဟူသော သဘောသည် နက်နဲ၏။

ဘဝ၏ ပေါင်းစည်း ရုံးစုခြင်း သဘော, အလွန် ပြုပြင်ခြင်း သဘော, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၏ သဘောသည် နက်နဲ၏၊ ဇာတိ၏ ရှေးဦး အသစ် ဖြစ်ခြင်း သဘော, ပြည့်စုံသော အာယတနရှိသည် ဖြစ်၍ ဖြစ်ခြင်း သဘော, အမိ ဝမ်းသို့ သက်ဝင် သကဲ့သို့ ဖြစ်ခြင်း သဘော, လုံးလုံး လျောင်းလျောင်း ထင်ထင် ရှားရှား ဖြစ်ခြင်း၏ အစွမ်းဖြင့် ထင်ရှား ဖြစ်ခြင်း သဘောသည် နက်နဲ၏။

ဇရာမရဏ၏ ကုန်ခြင်း သဘော, ပျက်ခြင်း သဘော, ကွဲပျက်ခြင်း သဘော, ဖောက်ပြန်ခြင်း သဘောသည် နက်နဲ၏၊ ဤ ဆိုအပ်ခဲ့ပြီးသည်ကား ဤ ဘဝ စက်၌ ထိုးထွင်း၍ သိအပ်သော သဘောအားဖြင့် နက်နဲသည်၏ အဖြစ် မည်၏။

ပဋိဝေဓ ဂမ္ဘီရ ပြီး၏။

http://www.dhammadownload.com



တဖန် အတ္တနယ နည်းလေးပါးဖြင့် တမျိုး ပြခြင်း

ထိုမှ တပါး အကြွင်းကြောင့် ဤ ဘဝစက်၌

(၁) တူသည်၏ အဖြစ် တည်းဟူသော ဧကတ္တ နည်းရင်း

(၂) မတူ ကွဲပြား ထူးခြားသည်၏ အဖြစ် ဟူသော နာနတ္တ နည်းရင်း

(၃) အားထုတ် ကြောင့်ကြ များပါရ ကင်းသည်၏ အဖြစ် ဟူသော အဗျာပါရ နည်းရင်း

(၄) အဝိဇ္ဇာ စသော သဘာဝ မွေတို့၏ ဤသို့ သဘော ရှိသည်၏ အဖြစ် ဟူသော ဧဝံဓမ္မတာ နည်းရင်း ဤသို့ အတ္တနယ လေးပါး အပြား ရှိကုန်၏၊ ထို့ကြောင့် ထို ဘဝစက်ကို နည်း အထူး အပြားအားဖြင့်လည်း ထိုက်သည်အား လျော်စွာသိအပ်၏။

(၁) ထို အတ္တနယ လေးပါးတို့တွင် "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဉ်သည် ဖြစ်၏၊" ဤသို့ မျိုးစေ့၏ အညှောက်, အညွန့်, ပင်စည်, အကိုင်း, အခက်, အလက်, အရွက် စသည်တို့၏ အဖြစ်ဖြင့် သစ်ပင်၏ အဖြစ်သို့ ရောက်သကဲ့သို့ သန္တာန်အားဖြင့် မပြတ် ဖြစ်ခြင်းသည်၊ ဝါ—သန္တာန်၏ မပြတ်ခြင်းသည် "ဧကတ္တနည်း" မည်၏။

အကြင် ဧကတ္တ နည်းကို မဖောက် မပြန် အမှန် အသင့် အားဖြင့် ရှုသောသူသည် အကြောင်း အကျိုး၏ အဖြစ်ဖြင့် စပ်ခြင်း, သန္တာန်၏ မပြတ်ခြင်းကို ထိုးထွင်း သက်ဝင်၍ သိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို စွန့်၏၊ အဖောက်ဖောက် အမှားမှား ဖောက်ပြန် သောအားဖြင့် ရှုသော သူသည် အကြောင်း အကျိုး စပ်သဖြင့် ဖြစ်သော သန္တာန်၏ မပြတ်ခြင်းကို အကြောင်း အကျိုး နှစ်ပါး တို့၏ တူသည်၏ အဖြစ်ဟူ၍ ယူခြင်းကြောင့် "ထို ဝိညာဉ်သည် ပင်လျှင် တဘဝမှ တဘဝသို့ ပြေးသွား ပြောင်းရွှေ့၏၊" ဤသို့ အစရှိသည်ဖြင့် သဿတဒိဋ္ဌိကို စွဲလမ်း၏။

http://www.dhammadownload.com



(၂) ထိုမှတပါး အဝိဇ္ဇာ စသည်တို့၏ အကြင် အကြင် မိမိ ဥစ္စာ ဖြစ်သော သဘော လက္ခဏာကို သီးသန့် ခြားနား အကွဲ အပြားကို ပိုင်းခြား မှတ်သားခြင်းသည်၊ ဝါ—အကြောင်း၏ရင်း, အကျိုး၏ရင်း ကွဲပြားသော သဘော ရှိသည်၏ အဖြစ်ကို ဉာဏ်ဖြင့် သီးသန့် ခြားနား ထင်ရှားမိမိ ထိုးထွင်း၍ သိခြင်းသည် "နာနတ္တနည်း" မည်၏။

အကြင် နာနတ္တ နည်းကို မဖောက် မပြန် အမှန် အသင့် အားဖြင့် ရှုသော သူသည် အသစ် အသစ်သော တရားတို့၏ ဖြစ်ခြင်းကို ရှုမြော်ခြင်းကြောင့် သဿတဒိဋ္ဌိကို စွန့်၏၊ အမှောက် မှောက် အမှားမှား ဖောက်ပြန်သောအားဖြင့် ရှုသော သူသည် တခုတည်းသော သန္တာန်၌ ကျသော တရား၏ ပြားသော သန္တာန်၌ ဖြစ်သည် ဖြစ်၍ အကြောင်း အကျိုး၏ အဖြစ်ဖြင့် အချင်းချင်း စပ်သည်၏ အဖြစ်မှ ကင်းသော တရား ကဲ့သို့ အထူးထူး အပြားပြား တသီး တခြား၏ အဖြစ်ကို ယူခြင်းကြောင့် "တပါးသော သူသည် သေလေ၏၊ အခြား တပါးသော သူသည် မွေးဖွား၏၊ ထို့ကြောင့် သတ္တဝါ တပါးသည် ပြတ်၏၊ သတ္တဝါ တပါးသည် ဖြစ်၏" ဟု ဤသို့ ယူသည် ဖြစ်၍ ဥစ္ဆေဒဒိဋ္ဌိကို စွဲလမ်း၏။

(၃) အဝိဇ္ဇာ၏ "သင်္ခါရတို့ကို ငါအဝိဇ္ဇာသည် ဖြစ်စေ အပ်ကုန်၏၊ သင်္ခါရတို့၏မူလည်း ဝိညာဉ်ကို ငါသင်္ခါရတို့သည် ဖြစ်စေအပ်ကုန်၏" ဟု ဤသို့ အလိုမရှိသည်၏ အဖြစ်ကြောင့် ဤသို့ အစရှိသော အားထုတ် ကြောင့်ကြ ဗျာပါရ ကင်းသည်၏ အဖြစ်သည် "အဗျာပါရနည်း" မည်၏။

အကြင် အဗျာပါရ နည်းကို "အားထုတ်ခြင်း ကင်းကုန်၏၊ ဇီဝမှ ကင်းကုန်၏၊ ဝါ—ဇီဝ မဟုတ်ကုန်၊ သဘာဝ ဓမ္မ ဖြစ်ကုန်၏" ဟု ဤသို့ မဖောက် မပြန် မှန်မှန် ကန်ကန် ရှုသမျှ သူသည် ပြုလုပ် စီရင်တတ်သော ကတ္တား မရှိသည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့် အတ္တ ရှိ၏ဟု ယူသော အတ္တဒိဋ္ဌိကို စွန့်၏။

http://www.dhammadownload.com



အမှောက်မှောက် အမှားမှား ဖောက်ပြန်သော အားဖြင့် ရှုသော သူသည် အားထုတ် ကြောင့်ကြ ဗျာပါရ မရှိသော်လည်း အဝိဇ္ဇာ စသည်တို့၏ သဘော သက်သက်သာ ဖြစ်၍ နိယမ အားဖြင့် ပြီးသော အကြင် အကြင် မိမိ ဥစ္စာ ဖြစ်သော ပစ္စယုပ္ပန် တရား၏ အကြင်သို့သော အကြောင်း၏ အဖြစ်သည် ရှိ၏၊ ထို သဘာဝ နိယမ သိဒ္ဓ ဖြစ်သော အကြောင်း၏ အဖြစ်ကို မယူ ခြင်းကြောင့် အကိရိယဒိဋ္ဌိကို ပြင်းစွာ စွဲလမ်း၏။

(၄) ထိုမှတပါး နို့ရည် အစရှိသော အကြောင်းတို့ကြောင့် နို့ဓမ်း အစ ရှိသော အကျိုးတို့၏ ဖြစ်ခြင်းကဲ့သို့ အခြား တပါး သော အကျိုးတို့၏ မဖြစ်ခြင်းကဲ့သို့ အဝိဇ္ဇာ အစ ရှိကုန်သော အကြောင်းတို့ကြောင့် သင်္ခါရ အစ ရှိသော အကျိုးတို့၏ သာလျှင် ဖြစ်သင့် ဖြစ်ထိုက်သည် ဖြစ်၍ ဖြစ်၏၊ ဤသို့ ဤ အဝိဇ္ဇာ အစ ရှိသော အကြောင်းအား လျော်သော သင်္ခါရ အစ ရှိသော အကျိုး တို့၏ သာလျှင် ဖြစ်သင့် ဖြစ်ထိုက်သည် ဖြစ်၍ ဖြစ်ခြင်းသည် "ဧဝံဓမ္မတာနည်း" မည်၏။

အကြင် ဧဝံဓမ္မတာ နည်းကို မဖောက် မပြန် မှန်မှန် ကန်ကန် ရှုသော သူသည် အကြောင်းအား လျော်သောအားဖြင့် အကျိုးကို ထိုးထွင်း၍ သိခြင်းကြောင့် "အကျိုး ဟူသမျှသည် အကြောင်း မရှိ" ဟု ယူသော အဟေတုကဒိဋ္ဌိကိုလည်း၊ "အကျိုးကို ပြုပြင် စီရင်တတ်သော အကြောင်း မရှိ" ဟု ယူသော အကိရိယဒိဋ္ဌိ ကိုလည်း ပယ်စွန့်နိုင်၏။

အမှောက်မှောက် အမှားမှား ဖောက်ပြန်သော အားဖြင့် ရှုသော သူသည် အကြောင်းအား လျော်သော အကျိုး၏ ဖြစ်ခြင်းကို မယူမူ၍ အမှတ် မရှိ တစုံတခုသော အကြောင်းကြောင့် အမှတ် မရှိ တစုံတခုသော အကျိုး၏ မဖြစ်သင့်ခြင်းကို ယူခြင်း ကြောင့် အဟေတုကဒိဋ္ဌိကိုလည်း၊ "မြဲ၏" ဟူသော နိယတ ဝါဒ ကိုလည်း ပြင်းစွာ စွဲလမ်း၏၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဤ ဘဝစက်ကို——

http://www.dhammadownload.com



"သစ္စပ္ပဘာဝတော ကိစ္စာ, ဝါရဏာ ဥပမာဟိ စ၊
ဂမ္ဘီရနယဘေဒါ စ, ဝိညာတဗ္ဗံ ယထာရဟံ။"

"သစ္စာတို့၏ အမွန်အားဖြင့်ငင်း, ကိစ္စအားဖြင့်ငင်း, မိစ္ဆာ အမြင်ကို တားမြစ်သောအားဖြင့်ငင်း, ဥပမာတို့ဖြင့်ငင်း, ဂမ္ဘီရနည်း အပြားအားဖြင့်ငင်း ထိုက်သည့်အား လျော်စွာ သိအပ်၏။"

ထို စကား မှန်၏—ဤ ဘဝစက်သည် အလွန် နက်နဲသည့်၏ အဖြစ် ကြောင့် ယောက်ရာ တည်ရာ မရှိ၊ အထူးထူး သော နည်းတို့ဖြင့် တောချုံ ကဲ့သို့ ထူထပ်သည်၏ အဖြစ်ကြောင့် လွန် မြောက် နိုင် ခဲ၏၊ သမာဓိ တည်းဟူသော မြတ်သော ကျောက်၌ ထက်စွာ သွေးအပ်သော မဂ်ဉာဏ် တည်း ဟူသော သန်လျက်ဖြင့် ဤ ဘဝစက်ကို မဖောက်ခွဲမူ၍ မိုးကြိုး စက်ဝန်း ကဲ့သို့ အမြဲ မပြတ် နှိပ်စက်တတ်သော သံသရာ ဘေးကို လွန်မြောက်နိုင်သော တစုံတယောက်သော သူသည် အိပ်မက်၏ အတွင်း၌သော်လည်း မရှိသလျှင်ကတည်း၊ ထို စကား မှန်၏၊ မြတ်စွာဘုရားသည်—

"ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ၊ ဧတဿ စာနန္ဒ ဓမ္မဿ အညာဏာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝ မယံ ပဇာ တန္တာကုလကဇာတာ ဂုဏ်ကုဏ္ဍိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။"

"အို အာနန္ဒာ ဤ ပဋိစ္စ သမုပ္ပါဒ်သည် နက်လည်း နက်၏၊ နက်သော အသွင်ဖြစ်၍လည်း ထင်၏၊ အို အာနန္ဒာ ရက်ကန်းချည်ထွေး ကဲ့သို့ ရှုပ်ထွေးစွာသော စာပေါင်း သိုက်ကဲ့သို့ ရှုပ်ထွေးလျက် နေသော ပဒေါမြက် ဖြူဆံမြက် ကြိုးထွေး ကဲ့သို့ ရှုပ်ထွေးလှစွာသော ဤ ပဋိစ္စ သမုပ္ပါဒ် တရားကို မသိခြင်းကြောင့်, လျော်စွာ မသိခြင်းကြောင့်, ထိုးထွင်း၍ မသိခြင်းကြောင့်,ဤ သတ္တဝါများ အပေါင်းသည်

http://www.dhammadownload.com



အပါယ် လေးဘုံကိုရင်း, မကောင်းသဖြင့် လားရခြင်း ကိုရင်း, ကမ္ဘာသကာ ကံထားရာ ဟူသော ဝိနိပါတ ဘေးကြီးကိုရင်း, တစဲလည်လည် ကျင်လည်ရမှု သံသရာကြီး ကိုရင်း မလွန်မြောက်နိုင်ကြချေ။"

ဟူသော စကားကို ဟောတော်မူ၏။

ထိုသို့ ဘဝ စက်ကို အရိယ မဂ်ဖြင့် မပယ် မဖျက်ရသေးသော သူသည် သံသရာကို မလွန်မြောက်နိုင်သည်၏ အဖြစ်ကြောင့် မိမိ၏ရင်း သူတပါး၏ရင်း စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သော ပညာရှိ သူတော်ကောင်းသည် ပဋိစ္စ သမုပ္ပါဒ်၌ လုံ့လ ပြုခြင်းမှ ကြွင်းသော ဗာဟိရ ကိစ္စတို့ကို စွန့်ပစ်ပယ်ရှားပြီး၍—

"ပညာရှိ သူတော်ကောင်းသည် ဤ မြတ်စွာဘုရား သာသနာတော်၌ နက်နဲစွာသော ပဋိစ္စသမုပ္ပါဒ် အထူး အပြား၌ အကြင် အကြင်သို့သော အခြင်း အရာအားဖြင့် အသိဉာဏ်၏ ထောက်ရာ တည်ရာကို ရနိုင်ရာ၏၊ ထိုထို သို့သော အခြင်း အရာအားဖြင့် သတိနှင့် ပြည့်စုံစွာ ပညာ အမြော်အမြင်နှင့် ပြည့်စုံသည် ဖြစ်၍ နေ့ည မပြတ် အခါခပ်သိမ်း အားထုတ် ကြိုးစားရာ၏။"

ဤသို့လျှင် ပညာရှိ အပေါင်း သူတော်ကောင်းတို့၏ နှစ်သက် မြတ်နိုးခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ် ကျမ်း၌ ဆွဲခုနစ်ပိုင်း ဆွဲခုနစ်ခန်းမြောက် ပညာဘာဝနာ အစီအရင်ကို ပြကြောင်း ဖြစ်သော ပညာဘူမိနိဒ္ဒေသ ပြီးပြီ။

၁၇-ပညာဘူမိ နိဒ္ဒေသ ပြီး၏။

http://www.dhammadownload.com

# ၁၈–ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသပိုင်း

ပညာဘူမိ နိဒ္ဒေသ၏ အခြားမဲ့ ဖြစ်သော ယခု အခါ၌ ဤသို့ အကြင် အကြင် စီစစ် စီရင်အပ်ကုန်ပြီးသော ဝိပဿနာ၏ ဖြစ်ရာ အာရုံ ဘုံ ဖြစ်ကုန်သော ခန္ဓာ စသော တရားတို့၌ ဆရာ ကောင်းထံ၌ ကျမ်းဂန်ကို သင်ယူခြင်း ဟူသော ဝါစုဂ္ဂတ နှုတ်သို့ တက်အောင် ပြုခြင်း ထက်ဝန်းကျင် ခပ်သိမ်းသော အပြားအားဖြင့် အနက်ကို သိခြင်းငှါ လိုသော သမာဆန္ဒ ပုဗ္ဗင်္ဂမ သဝန ဥပပရိက္ခာ စသည်တို့ဖြင့် ထို ကျမ်း၏ အနက်ကို နှလုံး၌ ထားသော အစီ အရင်၏ အစွမ်းဖြင့် ထက်ဝန်းကျင် လေ့လာအပ် မှီဝဲအပ်သော ဉာဏ်ကို ပြု၍ သီလဝိသုဒ္ဓိကိုငင်း, စိတ္တဝိသုဒ္ဓိကိုငင်း ဤသို့ မူလ ဖြစ်ကုန်သော အကြင် ဝိသုဒ္ဓိ နှစ်ပါးတို့ကို ပြည့်စုံစေအပ်ကုန်၏ ဟူ၍ ငါဆိုခဲ့ပြီ။

"ထို ဝိသုဒ္ဓိ နှစ်ပါးတို့တွင် ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်သော ပါတိမောက္ခ သံဝရ စသည် လေးပါး အပြားရှိသော သီလသည် "သီလဝိသုဒ္ဓိ" မည်၏၊ ထို သီလ ဝိသုဒ္ဓိကိုလည်း သီလနိဒ္ဒေသ၌ အကျယ် ချဲ့ထွင်၍ ဖွင့်ပြအပ် ပြီးသည်သာတည်း၊ ဥပစာရ ဈာန်နှင့် တကွ ဖြစ်ကုန်သော သမာပတ် ရှစ်ပါးတို့သည် "စိတ္တဝိသုဒ္ဓိ" မည်၏၊ ထို စိတ္တဝိသုဒ္ဓိ ဟူသော သမာပတ် ရှစ်ပါးကိုလည်း စိတ်ကို ပဓာန ပြုသဖြင့် ဟောတော်မူအပ်သော သမာဓိနိဒ္ဒေသ၌ ခပ်သိမ်းသော အခြင်း အရာအားဖြင့် ချဲ့ထွင် ဖွင့်ပြအပ်ပြီးသည်သာတည်း၊ ထိုသို့ အကျယ် ချဲ့အပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့် ထို သမာပတ် ရှစ်ပါးတို့ကို ထို သမာဓိနိဒ္ဒေသ၌ ချဲ့အပ်ပြီးသော နည်းဖြင့် သာလျှင် မိမိ သန္တာန်၌ ဖြစ်စေသည်၏ အစွမ်းအားဖြင့် သိအပ်ကုန်၏။

ထိုမှတပါး "ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓီတိ ဣမာ ပဉ္စ ဝိသုဒ္ဓိယော သရီရန္တိ" ဟူသော အကြင် စကားကို

http://www.dhammadownload.com



ဆိုအပ်၏၊ ထို စကား၌ ဒိဋ္ဌိဝိသုဒ္ဓိဉ်း, ကင်္ခါဝိတရဏဝိသုဒ္ဓိဉ်း, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉ်း, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဉ်း, ဉာဏဒဿနဝိသုဒ္ဓိဉ်း ဤ ငါးပါးကုန်သော ဝိသုဒ္ဓိတို့သည် ပွါးစေအပ်သည် ဖြစ်၍ ကိုယ်ထည် မည်၏၊ ထို ငါးပါးတို့တွင် နာမ်ရုပ်တို့ကို ခွဲခြမ်း ဝေဘန်၍ မဖောက် မပြန် ဟုတ်မှန် တိုင်းသော သဘောကို မြင်ခြင်းသည် "ဒိဋ္ဌိဝိသုဒ္ဓိ" မည်၏။

ထို ဒိဋ္ဌိဝိသုဒ္ဓိကို ပြည့်စုံစေလိုသော သမထ ဟူသော ယာဉ်ရှိသော ယောဂီ ပုဂ္ဂိုလ်သည်၊ ဝါ—သမထယာဉ် ရှိသော ဈာန်၌ဉ်း, ဈာန်၏ ဥပစာ၌ဉ်း တည်၍ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ နေဝသညာနာသညာ-ယတန ဈာန်ကိုဖြစ်စေ၍ ထို နေဝသညာနာသညာယတန ဈာန်မှ ကြွင်းသော ရူပါဝစရဈာန် အရူပါဝစရ ဈာန်တို့တွင် တပါးပါးသော ဈာန်မှ ထ၍ ဝိတက် အစရှိကုန်သော ဈာန်အင်္ဂါ တို့ကိုဉ်း, ထို ဈာန်နှင့် ယှဉ်ကုန်သော ဖဿ စသော တရား တို့ကိုဉ်း လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် ဉာဏ်ဖြင့် ပိုင်းခြား၍ မှတ်သားအပ်ကုန်၏။

ဉာဏ်ဖြင့် ပိုင်းခြား မှတ်သားပြီး၍ အလုံးစုံလည်း ဖြစ်သော ထို တရား အပေါင်းကို အာရုံသို့ ရှေးရှု ညွတ်တတ်သည်၏ အဖြစ်ကြောင့် အာရုံသို့ ရှေးရှု ညွတ်တတ်သည်၏ အဖြစ် တည်းဟူသော အနက်ကြောင့် "နာမ်" မည်၏ ဟု ဤသို့ မရော မယှက်သောအားဖြင့် မှတ်သားအပ်၏။

ထို နာမ် ရုပ်ကို ဉာဏ်ဖြင့် သိမ်းဆည်း ပိုင်းခြား နှလုံး၌ မှတ်သား ထားပြီးသည်မှ နောက်၌ နှိုင်းယှဉ်စရာ ဥပမာ မည်သည်ကား—ယောကျာ်းသည် အိမ်တွင်း၌ မြွေကို မြင်၍ ထို မြွေကို အစဉ်တစိုက် လိုက်လတ်သည် ရှိသော် ထို မြွေ၏ အောင်းရာကို မြင်သကဲ့သို့ ထို့ အတူလျှင် ဤ ယောဂါဝစရ ပုဂ္ဂိုလ်သည်လည်း ထို နာမ်ကို ဉာဏ်ဖြင့် ကပ်၍ ထက်ဝန်းကျင် ရှုလတ်သည် ရှိသော် "ဤ နာမ်သည် အဘယ်ကို မှီ၍

http://www.dhammadownload.com



ဖြစ်သနည်း''ဟု ထက်ဝန်းကျင်မှ ရှာလတ်သော် ထို နာမ်၏ မှီရာ ဖြစ်သော ဟဒယ ဝတ္ထု ရုပ်ကို မြင်၏။

ထို ဟဒယ ဝတ္ထုရုပ်ကို မြင်သည်မှ နောက်၌ ဟဒယ ဝတ္ထုရုပ်၏ မှီရာ ဖြစ်သော မဟာဘုတ်တို့ကိုင်း, ဘူတရုပ်ကို မှီကုန်သော ဘူတရုပ်မှ ကြွင်းသော ဥပါဒါရုပ်တို့ကိုင်း မြင်၏၊ ဤသို့ ရုပ်ကို သိမ်းဆည်း၏၊ ထို ယောဂါဝစရ ပုဂ္ဂိုလ်သည် အလုံးစုံလည်း ဖြစ်သော ထို ဘူတရုပ်, ဥပါဒါရုပ် ဟူသော တရား အပေါင်းသည် ဖောက်ပြန်တတ်သောကြောင့် ''ရုပ်မည်၏''ဟု ဤသို့ မရော မယှက် နှလုံး၌ မှတ်သား၏။

ထို နာမ်ကိုင်း, ရုပ်ကိုင်း အသီး အသီး တခြားစီ သိမ်းဆည်း ပြီးသည်မှ နောက်၌ နာမ်သည် အာရုံသို့ ရှေ့ရှု ညွတ်ခြင်း လက္ခဏာ ရှိ၏၊ ဝါ—အာရုံသို့ ရှေးရှု ညွတ်ခြင်း လက္ခဏာ ရှိသော တရားသည် ''နာမ်'' မည်၏၊ ရုပ်သည် သီတ, ဥဏှ စသော အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာ ရှိ၏၊ ဝါ—သီတုဏှ စသော အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာ ရှိသော သဘော တရားသည် ''ရုပ်'' မည်၏ဟု ဤသို့ အကျဉ်းအားဖြင့် နာမ် နှင့် ရုပ်ကို ပိုင်းခြား မှတ်သား၏။

ထိုမှတပါး သမထ ဘာဝနာနှင့် မရောသော ဝိပဿနာယာဉ် ရှိသော ယောဂီသည် အကြင် အကြင် ဆိုအပ်ပြီးသော သမထယာဉ် ရှိသော ပုဂ္ဂိုလ်သည် စတုဓာတုဝဝတ္ထာန်ကို ဆိုရာ၌ ''ယံ ထဒ္ဓလက္ခဏံ အယံ ပထဝီဓာတု'' အစ ရှိသည်ဖြင့် အကျဉ်း နှလုံး သွင်းခြင်း စသည်တို့၏ အစွမ်းဖြင့် ဆိုအပ်ကုန် ပြီးသော ထိုထို တဆဲ့ သုံးပါးသော ဓာတ်ကို သိမ်းဆည်းကြောင်း ဓာတုပရိဂ္ဂဟမုခတို့တွင် တပါးပါးသော ဓာတုပရိဂ္ဂဟမုခ၏ အစွမ်းဖြင့် အကျဉ်းအားဖြင့်ငင်း, အကျယ်အားဖြင့်ငင်း ဓာတ် လေးပါးတို့ကို သိမ်းဆည်း၏။

## ဝိပဿနာယာနိကဿ ဓာတုဝဝတ္ထာန နယ

ထိုနောင်မှ ထို ယောဂီအား မဖောက် မပြန် မိမိ၏ ကိစ္စ လက္ခဏာအားဖြင့် ဓာတ်တို့သည် ထင်စွာ ဖြစ်၍ ဖြစ်ကုန်လတ်

http://www.dhammadownload.com



သော် ကမ္မသမုဋ္ဌာန် ဖြစ်သော ဆံပင်၌ ရှေးဦးစွာ လေးပါး ကုန်သော ဓာတ်တို့ရင်း, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ လေးပါးရင်း, ဇီဝိတရင်း, ကာယပသာဒရင်း ဤသို့ ကာယဒသက၏ အစွမ်း အားဖြင့် ရုပ်ဆယ်ပါးတို့သည် ထင်ရှား ဖြစ်ကုန်၏၊ ထို ကမ္မ သမုဋ္ဌာန် ဆံပင်၌ သာလျှင် ဣတ္ထိဘာဝ, ပုမ္ဘာဝ၏ ရှိသည်၏ အဖြစ်ကြောင့် ဘာဝဒသက၏ အစွမ်းအားဖြင့် ရုပ် ဆယ်ပါး တို့သည် ထင်ရှား ဖြစ်ကုန်၏။

ထို ဆံပင်ဟု မှတ်အပ်သော ရုပ်အပေါင်း၌ ပင်လျှင် အာဟာရ သမုဋ္ဌာန် ဖြစ်သော ဩဇာလျှင် ရှစ်ခုမြောက် ရှိသော ရုပ်ရင်း, ဥတုသမုဋ္ဌာန် ဖြစ်သော ဩဇာလျှင် ရှစ်ခုမြောက် ရှိသော ရုပ်ရင်း, စိတ္တသမုဋ္ဌာန် ဖြစ်သော ဩဇာလျှင် ရှစ်ခုမြောက် ရှိသော ရုပ်ရင်း ဤသို့ ရှေး၌ ပြဆိုအပ်ပြီးသော ကာယဒသက, ဘာဝဒသက ကမ္မသမုဋ္ဌာန်ရုပ် နှစ်ဆယ်မှ တပါးလည်း ဖြစ်ကုန်သော အာဟာရ သမုဋ္ဌာန်ရုပ် ရှစ်ခု, ဥတုသမုဋ္ဌာန်ရုပ် ရှစ်ခု, စိတ္တသမုဋ္ဌာန်ရုပ် ရှစ်ခုအားဖြင့် ဤ နှစ်ဆဲ့ လေးပါးသော ရုပ်တို့သည် ထင်ရှား ဖြစ်ကုန်၏၊ ထို့အတူ လောမ အစ ရှိကုန်သော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော ဆိုလတံ့ သော ကောဋ္ဌာသ ရှစ်ပါးတို့ကို ပယ်၍ နှစ်ဆဲ့ လေးပါးသော ကောဋ္ဌာသတို့၌ ရုပ် လေးဆဲ့လေးပါး ရုပ် လေးဆဲ့လေးပါးစီတို့သည် ထင်ရှား ဖြစ်ကုန်၏။

ထိုမှတပါး ဥတုသမုဋ္ဌာန် စိတ္တသမုဋ္ဌာန် ဖြစ်ကုန်သော သေဒ ကောဋ္ဌာသ, အဿုကောဋ္ဌာသ, ခေဠကောဋ္ဌာသ, သိင်္ဃာဏိက ကောဋ္ဌာသ ဤ ကောဋ္ဌာသ လေးပါးတို့၌ နှစ်ပါးကုန်သော ဩဇဋ္ဌမက ရုပ်တို့၏ အစွမ်းအားဖြင့် ရုပ် တဆဲ့ ခြောက်ပါး ရုပ် တဆဲ့ ခြောက်ပါးစီတို့သည် ထင်ရှား ဖြစ်ကုန်၏။

ဥတုသမုဋ္ဌာန် ဖြစ်ကုန်သော ဥဒရိယကောဋ္ဌာသ, ကရီသ ကောဋ္ဌာသ, ပုဗ္ဗကောဋ္ဌာသ, မုတ္တကောဋ္ဌာသ ဟူသော ဤ ကောဋ္ဌာသ လေးပါးတို့၌ ဥတုသမုဋ္ဌာန် သက်သက် သာလျှင်

http://www.dhammadownload.com



ဖြစ်သော ဩဇဋ္ဌမက ရုပ်၏ အစွမ်းဖြင့် ရုပ် ရှစ်ပါး ရုပ် ရှစ်ပါးစီတို့သည် ထင်ရှား ဖြစ်ကုန်၏၊ ဤ ပြဆိုပြီးသော နည်းသည် ရှေးဦးစွာ ဒွတ္တိံသာကာရ ကောဋ္ဌာသ၌ ပြသော နည်းတည်း။

ဒွတ္တိံသာကာရ ကောဋ္ဌာသ နယ ပြီး၏။

---

ထိုမှတပါး ဤ သုံးဆဲ့ နှစ်ပါးသော ကောဋ္ဌာသ၌ ဖြစ်သော ရုပ် အပေါင်းသည် ထင်ရှားစွာ ဖြစ်လတ်သည် ရှိသော် ထိုမှ တပါးကုန်သော တေဇော ကောဋ္ဌာသ လေးပါး, ဝါယော ကောဋ္ဌာသ ခြောက်ပါး၏ အစွမ်းအားဖြင့် ဆယ်ပါးကုန်သော အကြွင် ကောဋ္ဌာသတို့သည် ထင်စွာ ဖြစ်ကုန်၏၊ ထို ကောဋ္ဌာသ ဆယ်ပါးတို့တွင် စားအပ်သော အာဟာရ စသည်ကို ကျက်စေတတ်သော ကံကြောင့် ဖြစ်သော "ဝမ်းမီး"ဟု ဆိုအပ်သော "ဂဟဏီ"မည်သော ပါစက တေဇော ကောဋ္ဌာသ၌ ရှေးဦးစွာ ဩဇာလျှင် ရှစ်ခုမြောက် ရှိသော ဩဇဋ္ဌမက ရုပ်ဂုဏ်, ဇီဝိတ ရုပ်ဂုဏ် ဤသို့ ရုပ် ကိုးပါးတို့သည် ထင်စွာ ဖြစ်ကုန်၏။

စိတ်ကြောင့် ဖြစ်သော အဿာသ, ပဿာသ ကောဋ္ဌာသ၌လည်း ထို့အတူ ဩဇဋ္ဌမကရုပ် ရှစ်ခု, သဒ္ဒရုပ် တခု ဤသို့ ရုပ် ကိုးပါးတို့သည် ထင်စွာ ဖြစ်ကုန်၏၊ "ဝမ်းမီး"မည်သော "ဂဟဏီ" ကမ္မဇ တေဇော ကောဋ္ဌာသ, အဿာသ ပဿာသ မည်သော စိတ္တဇ ဝါယော ကောဋ္ဌာသတို့မှ ကြွင်းကုန်သော စတု သမုဋ္ဌာနိက အကြောင်း လေးပါးတို့ကြောင့် ဖြစ်ကုန်သော တေဇော ကောဋ္ဌာသ သုံးပါး, ဝါယော ကောဋ္ဌာသ ငါးပါး အားဖြင့် ကောဋ္ဌာသ ရှစ်ပါးတို့၌ ဇီဝိတ နဝကရုပ် ကိုးပါးတို့ဂုဏ်, စိတ္တဇ, ဥတုဇ, အာဟာရဇအားဖြင့် သုံးပါးကုန်သော ဩဇဋ္ဌမက ရုပ်တို့ဂုဏ် ဤသို့ ရုပ် သုံးဆဲ့ သုံးပါးစီတို့သည် ထင်စွာ ဖြစ်ကုန်၏။

ထို ယောဂါဝစရ ပုဂ္ဂိုလ်အား ဤသို့ ပြဆိုပြီးသော နည်းဖြင့် အကျယ်အားဖြင့် လေးဆဲ့ နှစ်ပါးသော ကောဋ္ဌာသတို့၏ အစွမ်းအားဖြင့် ဤ ဘူတရုပ် ဥပါဒါရုပ်တို့သည် ထင်ကုန်သည် ရှိသော်

http://www.dhammadownload.com



ဝတ္ထုဒွါရတို့၏ အစွမ်းဖြင့် စက္ခု ဒသက အစရှိသော ဒသက ငါးပါးတို့ရင်း, ဝတ္ထု အစွမ်းအားဖြင့် ဟဒယ ဝတ္ထု ဒသကရင်း ဤသို့ ကောဋ္ဌာသရုပ် လေးဆဲ့ နှစ်ပါးမှ အခြား တပါးလည်း ဖြစ်ကုန်သော ဒသက ရုပ် ခြောက်ဆယ်တို့သည် ထင်စွာ ဖြစ်ကုန်၏။

ထို ယောဂါဝစရ ပုဂ္ဂိုလ်သည် အလုံးစုံလည်း ဖြစ်ကုန်သော ထို ရုပ်ပေါင်း (၁၄၉၄) တထောင့်လေးရာ ကိုးဆဲ့လေး ရုပ်တို့ကို ဖောက်ပြန်တတ်သော ရုပ္ပန လက္ခဏာအားဖြင့် တပေါင်းတည်း ပြု၍ ဤ (၁၄၉၄) တထောင့်လေးရာ ကိုးဆဲ့လေးပါး တရား သဘောသည် ဖောက်ပြန်တတ်သောကြောင့် ရုပ် မည်၏ ဟူ၍ အဖန် တလဲလဲ ရှု၏၊ ပြဆိုပြီးသော ဤနည်းဖြင့် ဉာဏ်ဖြင့် ပိုင်းခြား၍ သိမ်းဆည်းအပ်ပြီးသော ရုပ်ရှိသော ထို ယောဂီအား ဒွါရ၏ အစွမ်းအားဖြင့် နာမ် တရားတို့သည် ထင်စွာ ဖြစ်ကုန်၏။

ဒွါရအားဖြင့် ထင်ကုန်သော ဤ နာမ် တရားတို့ဟူသည် အဘယ်နည်း ဒွေပဉ္စဝိညာဉ် တဆယ်, မနောဓာတ် သုံးခု, မနောဝိညာဏဓာတ် ခြောက်ဆဲ့ ရှစ်ခုအားဖြင့် ဤ လောကီစိတ် ရှစ်ဆဲ့ တပါးတို့ရင်း, သာမညအားဖြင့် ထို လောကီစိတ် ရှစ်ဆဲ့ တခုတို့နှင့်တကွ ဖြစ်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, ဇီဝိတ, စိတ်၏ တည်ကြောင်း ဖြစ်သော ဧကဂ္ဂတာ, မနသိကာရ ဤသို့ ဤ ခုနစ်ပါး ခုနစ်ပါးသော သဗ္ဗစိတ္တသာဓာ-ရဏ စေတသိက်တို့ရင်း ဤ နာမ် တရားတို့သည် ထင်စွာ ဖြစ်ကုန်၏။

လောကုတ္တရာ စိတ်တို့သည်ကား သမထ ဘာဝနာနှင့် မရော ယှက် ဝိပဿနာ သက်သက် ကျင့်သော ပုဂ္ဂိုလ်အား ပညာနှင့် ပိုင်းခြား၍ သိမ်းဆည်းခြင်းသို့ မရောက်နိုင်ကုန်၊ သမထယာဉ် ရှိသော ပုဂ္ဂိုလ်အား သိမ်းဆည်းခြင်းသို့ မရောက်ကုန်၊ အဘယ့် ကြောင့်နည်း၊ မရအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် ထို လောကုတ္တရာ စိတ်တို့ကို ဤ အရာ၌ မယူအပ်ကုန်။

http://www.dhammadownload.com



ထို ယောဂီသည် အလုံးစုံလည်း ဖြစ်ကုန်သော လောကီစိတ် ကောသီတိနှင့် ထိုစိတ်နှင့် သမ္ပယုတ္တဓမ္မ စေတသိက် ဖြစ်သော နာမ် တရားတို့ကို ညွတ်တတ်သော နမန လက္ခဏာအားဖြင့် တပေါင်းတည်း ပြု၍ ထို စိတ် စေတသိက် တရား အပေါင်းသည် ညွတ်တတ်သောကြောင့် နာမ် မည်၏ ဟူ၍ စေ့စေ့ ၄၄ ဉာဏ် မျက်စိဖြင့် ရှု၏။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် တဦးသော ပုဂ္ဂိုလ်သည် စတု ဓာတု ဝဝတ္ထာန်ကို အကြောင်း ပြုသဖြင့် အကျယ်တဝင့် နာမ်ရုပ် ကို ပိုင်းခြား မှတ်သား၏၊ တဦးသော ပုဂ္ဂိုလ်သည် အဋ္ဌာရသ ဓာတ်၏ အစွမ်းအားဖြင့် အကျယ်တဝင့် ချဲ့ဖွင့်လျက် နာမ်တရား ရုပ်တရားကို ပိုင်းခြား မှတ်သား သိမ်းဆည်း၏၊ အဘယ်သို့ သိမ်းဆည်းသနည်း၊ ဤ သာသနာတော်၌ သံသရာ ဘေးကို ရှုလေ့ ရှိသော ပုဂ္ဂိုလ်သည် ဤ အတ္တဘော၌ စက္ခုဓာတ်သည် ရှိ၏၊.... (လ) ....မနောဝိညာဏဓာတ်သည် ရှိ၏၊ ဤသို့ ဓာတ်တို့ကို ဆင်ခြင်၍ ရုပ်နာမ် တရားတို့ကို ပိုင်းခြားမှတ်သား၏၊ လူများ အပေါင်းသည် ဖြူသော အဝန်း မည်းသော အဝန်းတို့ဖြင့် ဆန်းကြယ်သော အလျားရှည်သွယ် အနံ ကျယ်ပြန့်သော မျက်တွင်း၌ မျက်ကြော တည်းဟူသော ကြိုးငယ်ဖြင့် ဖွဲ့အပ်သော အကြင် အသားဆိုင်ကို မျက်စိ ဟူ၍ သိ၏၊ လူအပေါင်းတို့က မျက်စိဟု မှတ်သော အသားဆိုင်ကို မယူမူ၍ ခန္ဓနိဒ္ဒေသ၌ ဥပါဒါ ရုပ်တို့၌ ဆိုအပ်ပြီးသော အပြား ရှိသော စက္ခု ပသာဒကို စက္ခုဓာတ် ဟူ၍ မရော မယှက် ပိုင်းခြား မှတ်သား၏။

ထိုမှတပါး ထို စက္ခု ပသာဒ၏ မှီရာ ဖြစ်၍ ဖြစ်ကုန်သော ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်လေးပါးတို့၎င်း, အမြဲ အရံ ဖြစ်ကုန်သော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ရုပ်လေး ပါးတို့၎င်း, စောင့်ရှောက်တတ်သော ဇီဝိတိန္ဒြေ၎င်း, ဤသို့ စက္ခု ပသာဒ၏ သဟဇာတ် ဖြစ်သော ရုပ် ကိုးပါးတို့၎င်း, ထို စက္ခု ပသာဒ၌ ပင်လျှင် တည်ကုန်သော ကာယဒသက, ဘာဝဒသက အစွမ်းအားဖြင့် ကမ္မဇရုပ် နှစ်ဆယ်တို့၎င်း,

http://www.dhammadownload.com



အာဟာရသမုဋ္ဌာန်, ဥတုသမုဋ္ဌာန်, စိတ္တသမုဋ္ဌာန် ဖြစ်ကုန်သော ဩဇဋ္ဌမက ရုပ်၏ အစွမ်းအားဖြင့် ကမ္မဇ မဟုတ်သော အနုပါဒိဏ္ဏရုပ် နှစ်ဆဲ့ လေးပါးတို့ရင်း ဤသို့ ပြဆိုပြီးသော နည်းဖြင့် စက္ခု ပသာဒမှ ကြွင်းသော အကြွင် ငါးဆဲ့ သုံးပါး ကုန်သော ရုပ်တို့သည် ဖြစ်ကုန်၏၊ ထို ငါးဆဲ့ သုံးပါးသော ရုပ်တို့ကိုလည်း စက္ခုဓာတ် ဟူ၍ မပိုင်းခြား မမှတ်သားချေ၊ သောတဓာတ် စသည်တို့၌လည်း ဤ စက္ခုဓာတ်၌ ပြဆိုခဲ့ပြီးသော နည်းကို သာလျှင် သိအပ်၏။

အထူးကို ဆိုအံ့—ကာယ ဓာတ်၌ စက္ခု ဒသက စသည်မှ ကြွင်းကုန်သော၊ ဝါ—ကာယပသာဒမှ ကြွင်းကုန်သော လေးဆဲ့ သုံးပါးသော ရုပ်တို့သည် ဖြစ်ကုန်၏၊ ကေစိ ဆရာတို့သည်ကား ဥတုသမုဋ္ဌာန်, စိတ္တသမုဋ္ဌာန် ရုပ်တို့ကို သဒ္ဒရုပ်နှင့် တကွ ကိုးပါး ကိုးပါးစီတို့ကို ပြု၍ ရုပ် လေးဆဲ့ ငါးပါး ဖြစ်ကုန်၏ဟု ဆိုအပ်၏။

ဤသို့ ပသာဒရုပ် ငါးခု, ထို ပသာဒရုပ် ငါးပါးတို့၏ အာရုံ ဖြစ်ကုန်သော ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ငါးပါးတို့ရင်း ဤ ရုပ် ဆယ်ပါးတို့သည် ဓာတ်ဆယ်ပါး ဖြစ်ကုန်၏၊ ရုပ် တဆဲ့ နှစ်ပါးတို့မှ ကြွင်းသော နိပ္ဖန္နရုပ် ခြောက်ပါးတို့သည် ဓမ္မဓာတ် မည်ကုန်သည်သာတည်း။

ထိုမှတပါး စက္ခု ပသာဒကို မှီ၍ ရူပါရုံကို အာရုံ ပြု၍ ဖြစ်သော စိတ်သည် စက္ခုဝိညာဏဓာတ် မည်၏၊ ဤသို့သော နည်းဖြင့် ဒွေပဉ္စဝိညာဉ်တို့သည် ပဉ္စဝိညာဏဓာတ်တို့ မည် ကုန်၏၊ မနောဓာတ် ဖြစ်သော စိတ် သုံးခုတို့သည် တခုသော မနောဓာတ် မည်၏၊ မနောဝိညာဏဓာတ် ဖြစ်သော စိတ် ခြောက်ဆဲ့ ရှစ်ပါးတို့သည် တခုသော မနောဝိညာဏဓာတ် မည်၏။

ဤသို့ အလုံးစုံလည်း ဖြစ်ကုန်သော လောကီစိတ် ရှစ်ဆဲ့ တခုတို့သည် သတ္တဝိညာဏဓာတ်တို့ မည်ကုန်၏၊ ထို လောကီ စိတ် စေကာသီတိတို့နှင့် ယှဉ်သော ဖဿ အစ ရှိသော

http://www.dhammadownload.com



စေတသိက်တို့သည် တခုသော ဓမ္မဓာတ် မည်၏၊ ဤသို့ မရော မယှက် ကွက်ကွက် ထင်ရှား ပိုင်းခြား မှတ်သား၏။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဤ ဓာတ်တို့တွင် အခွဲနှင့် တကွ တဆဲ့ တခုမြောက် ရှိသော ဓာတ်တို့သည်၊ ဝါ—ဆယ်ခုခွဲ ဖြစ်သော ဓာတ်တို့သည် ရုပ် မည်၏၊ အခွဲနှင့် တကွ ရှစ်ခုမြောက် ရှိသော ဓာတ်တို့သည်၊ ဝါ—ခုနစ်ခုခွဲ ဖြစ်သော ဓာတ်တို့သည် နာမ် မည်၏၊ ဤသို့ တဦးသော ယောဂီသည် ဓာတ် တဆဲ့ ရှစ်ပါးတို့၏ အစွမ်းအားဖြင့် နာမ်တရား ရုပ်တရားကို မရော မယှက် ကွက်ကွက် ထင်ရှား ပိုင်းခြား မှတ်သား၏။

တပါးသော ယောဂီသည် အာယတန တဆဲ့ နှစ်ပါးတို့၏ အစွမ်းအားဖြင့် နာမ်ရုပ်ကို ပိုင်းခြား မှတ်သား သိမ်းဆည်း၏၊ အဘယ်ကဲ့သို့ သိမ်းဆည်းသနည်း၊ လူများ အပေါင်းသည် ဖြူသော အဝန်း မည်းသော အဝန်းတို့ဖြင့် ဆန်းကြယ်သော အလျား ရှည်သွယ် အနံ ကျယ်ပြန့်သော မျက်တွင်း၌ မျက်ကြော တည်းဟူသော ကြိုးငယ်ဖြင့် ဖွဲ့အပ်သော အကြင် အသားဆိုင်ကို မျက်စိ ဟူ၍ သိ၏၊ ဤသို့ အစ ရှိသည်ဖြင့် စက္ခုဓာတ်၌ ပြဆိုခဲ့ပြီးသော နည်းဖြင့် သာလျှင် ထို ငါးဆဲ့ သုံးပါးသော ရုပ်တို့ကို ကြဉ်ဖယ် ချန်ထား၍ စက္ခု ပသာဒ မျှကိုသာလျှင် စက္ခာယတန ဟူ၍ ပိုင်းခြား မှတ်သား၏။

ထို စက္ခုဓာတ်၌ ပြဆိုပြီးသော နည်းဖြင့် သာလျှင် သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယ ဓာတ်တို့ကို သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့ ဟူ၍ ပိုင်းခြား မှတ်သား၏၊ ထို အာယတန ငါးပါးတို့၏ အာရုံ ဖြစ်၍ ဖြစ်ကုန်သော တရား ငါးပါးတို့ကို ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနတို့ မည်ကုန်၏ ဟူ၍ ပိုင်းခြား မှတ်သား၏၊ လောကီဖြစ်သော ဝိညာဏဓာတ် ခုနစ်ပါးတို့ကို မနာယတန ဟူ၍ ပိုင်းခြား မှတ်သား၏။

http://www.dhammadownload.com



ထို လောကီ သတ္တဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော ဖဿ စသော စေတသိက်တို့ကိုင်း, ဩဠာရိကာယတနမှ ကြွင်းသော သုခုမ ရုပ်တို့ကိုင်း ဓမ္မာယတန ဟူ၍ ပိုင်းခြား မှတ်သား၏၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဤ အာယတနတို့တွင် အဋ္ဌနှင့် တကွ တဆဲ့ တခုမြောက် ရှိသော၊ ဝါ—ဆယ်ခုခွဲ ဖြစ်သော အာယတန တို့ကို ရုပ် ဟူ၍ငင်း, အဋ္ဌနှင့် တကွ နှစ်ခုမြောက် ရှိသော၊ ဝါ— တခုခွဲ ဖြစ်သော အာယတနတို့ကို နာမ် ဟူ၍ငင်း ပိုင်းခြား မှတ်သား၏၊ ဤသို့ တဦးသော ယောဂီသည် အာယတန ဆဲ့နှစ် ပါးတို့၏ အစွမ်းအားဖြင့် နာမ်တရား ရုပ်တရားကို မရော မယှက် ကွက်ကွက် ထင်ရှား ပိုင်းခြား မှတ်သား၏။

တဦးသော ယောဂီသည် ထို အာယတန ဆဲ့နှစ်ပါးအောက် ကျဉ်းလွန်းစွာ ခန္ဓာ၏ အစွမ်းဖြင့် ပိုင်းခြား မှတ်သား၏၊ အဘယ်သို့ ပိုင်းခြား မှတ်သားသနည်း၊ ဤ သာသနာတော်၌ သံသရာ ဘေးကို ရှုသော ယောဂီသည် တလံမျှလောက် အစောက် မြင့်ရှည် အိုးစရည်းနှင့် တူသော ဤ အတ္တဘော၌ အကြောင်း လေးပါးကြောင့် ဖြစ်ကုန်သော ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီး လေးပါးတို့ငင်း, ထို ဓာတ် လေးပါးကို မှီသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာငင်း, စက္ခုပသာဒ စသော ပသာဒရုပ် ငါးပါးတို့ငင်း, ဟဒယ ဝတ္ထုရုပ်ငင်း, ဘာဝရုပ် တခုငင်း, ဇီဝိတိန္ဒြေငင်း, စိတ် ဥတု အကြောင်း နှစ်ပါးကြောင့် ဖြစ်သော သဒ္ဒရုပ်ငင်း ဤသို့ ဤ တဆဲ့ ခုနစ်ပါးသော ရုပ်တို့ သည် သုံးသပ်ခြင်းငှါ တတ်ကောင်းသော၊ ဝါ—သုံးသပ်ခြင်းသို့ ရောက်သော သမ္မသနရုပ် မည်ကုန်၏၊ နိပ္ဖန္နရုပ် မည်ကုန်၏၊ ရူပရုပ် မည်ကုန်၏။

ထိုမှတပါး ကာယဝိညတ်, ဝစီဝိညတ်, အာကာသဓာတ်, ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဤ ဆယ်ပါးသော ရုပ်တို့သည် သုံးသပ်ခြင်းငှါ မတတ်ကောင်းသော အသမ္မသနရုပ် မည်ကုန်၏၊ အခြင်း အရာမျှ ဖြစ်ကုန်၏၊ နိပ္ဖန္နရုပ်လည်း မဟုတ်ကုန်၊ ဝါ—

http://www.dhammadownload.com



အနိပ္ဖန္နရုပ် မည်ကုန်၏၊ ရူပရုပ်လည်း မဟုတ်ကုန်၊ ဝါ—အရူပ ရုပ် မည်ကုန်၏။

ထိုသို့ သုံးသပ်ခြင်းငှါ မတတ်ကောင်းသဖြင့် အခြင်း အရာ စသည် မျှသာ ဖြစ်ကုန်ငြားသော်လည်း နိပ္ဖန္နရုပ်တို့၏ အခြင်း အရာမျှ ဖောက်ပြန်ခြင်းမျှ ထိုထို ရုပ်ကလာပ်တို့၏ ပိုင်းခြား ကြောင်း မျှ၏ အဖြစ်ကြောင့် သာလျှင် ရုပ်ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်၏။

ဤနည်းဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော ထို ရုပ်နှစ်ဆဲ့ခုနစ်ပါး တို့သည် "ရူပက္ခန္ဓာ" မည်၏၊ လောကီစိတ် ရှစ်ဆဲ့ တခုတို့နှင့် တကွ ဖြစ်သော ဝေဒနာ ရှစ်ဆဲ့ တပါးသည် "ဝေဒနာက္ခန္ဓာ" မည်၏၊ ထို လောကီစိတ် ရှစ်ဆဲ့ တခုနှင့် ယှဉ်သော သညာ ရှစ်ဆဲ့ တပါးသည် "သညာက္ခန္ဓာ" မည်၏၊ ထို လောကီ စိတ်နှင့် ယှဉ်ကုန်သော သင်္ခါရတို့သည် "သင်္ခါရက္ခန္ဓာ" မည်၏၊ လောကီ စိတ် ရှစ်ဆဲ့ တခု ဟူသော ဝိညာဉ်သည် "ဝိညာဏက္ခန္ဓာ" မည်၏၊ ဤသို့ မရော မယှက် ကွက်ကွက် ထင်ရှား ပိုင်းခြား မှတ်သား၏၊ ဤသို့လျှင် ရူပက္ခန္ဓာသည် "ရုပ်" မည်၏၊ နာမ် ဖြစ်ကုန်သော ခန္ဓာ လေးပါးတို့သည် "နာမ်" မည်၏၊ ဤသို့ တဦးသော ပုဂ္ဂိုလ်သည် ခန္ဓာ ငါးပါး၏ အစွမ်းအားဖြင့် ရုပ် တရား နာမ် တရားကို မရော မယှက် သက်သက် ထင်ရှား ပိုင်းခြားမှတ်သား၏။

ထိုမှ တပါးသော ယောဂီသည် အကြင် အမှတ် မရှိ အလုံး စုံသော ရုပ်သည် ရှိ၏၊ ထို အလုံးစုံသော ရုပ်သည် ဘူတရုပ် လေးခုတို့၎င်း, ထို မဟာဘုတ် လေးခုကို စွဲမှီ၍ ဖြစ်ကုန်သော ဥပါဒါရုပ်တို့၎င်း ဤသို့ နှစ်ပါး အပြား ရှိ၏၊ ဤသို့ အကျဉ်းအားဖြင့် သာလျှင် ဤ အဇ္ဈတ္တဘော၌ ရုပ်တရားကို သိမ်းဆည်း၍ ထို့အတူ မနာယတနသည်၎င်း, ဓမ္မာယတန တစိတ်သည်၎င်း နာမ် မည်၏၊ ဤသို့ နာမ် တရားကို သိမ်းဆည်း၍ ဤ နာမ် တရားသည်၎င်း, ဤ ရုပ် တရားသည်၎င်း ရှိ၏၊ ဤ နှစ်ပါးစုံကို နာမ်ရုပ်ဟု ဆိုအပ်၏၊ ဤသို့ အကျဉ်းအားဖြင့် နာမ်ရုပ်ကို မရော မယှက် ကွက်ကွက် ထင်ရှား ပိုင်းခြား မှတ်သား၏။

http://www.dhammadownload.com



ဆက်၍ ဆိုဦးအံ့—ထိုထိုခါတ် အစရှိသည်တို့ကို အကြောင်းပြုသဖြင့် ရုပ်ကို သိမ်းဆည်း၍ နာမ်ကို သိမ်းဆည်းသော ထိုယောဂီအား သိမ်မွေ့သည်၏ အဖြစ်ကြောင့် နာမ်သည် အကယ်၍ မထင်သည် ဖြစ်အံ့၊ ထို ယောဂီသည် လျော့ညံ့ လုံ့လ ဝန်ချခြင်းကို မပြုမူ၍၊ ဝါ—လုံ့လ မလျော့မူ၍ ရုပ်တရားကို သာလျှင် အဖန်တလဲလဲ လက္ခဏာ စသောအားဖြင့် ကောင်းစွာ သုံးသပ်အပ်၏၊ လက္ခဏာ စသောအားဖြင့် စိတ်၌ ထားအပ် နှလုံးသွင်းအပ် ဆင်ခြင်အပ်၏၊ ပညာဖြင့် ပိုင်းခြား၍ ယူအပ်၏၊ အချင်းချင်း မရော မယှက်သောအားဖြင့် ဆုံးဖြတ်အပ်၏။

အကျိုးထူးကို ဆိုအံ့—အကြင် အကြင် သုံးသပ်ခြင်း စသော အစီ အရင်ဖြင့် ထို ယောဂီအား ရုပ်သည် ကောင်းစွာ သုမ်သင်အပ်သည်၊ မရော မယှက် သက်သက် သန့်ရှင်း ထင်ခြင်းကြောင့် အချင်းချင်း ရှုပ်ထွေးခြင်း ကင်းသည် ထက်ဝန်းကျင်မှ အလွန် စင်ကြယ်သည် ဖြစ်၏၊ ထိုထို သုံးသပ်ခြင်း စသော အစီ အရင်ဖြင့် ထို ရုပ် တရားလျှင် အာရုံ ရှိကုန်သော နာမ်တရားတို့သည် အလိုလို ပင်လျှင် ထင်လာကုန်၏။

ဥပမာဖြင့် ထင်ရှားစေအံ့—မစင်ကြယ်သော ကြေးမုံ၌ ပကတိ မျက်နှာ၏ အရိပ် နိမိတ်ကို ကြည့်သော မျက်စိ အမြင်နှင့် ပြည့်စုံသော ယောကျ်ားအား မျက်နှာရိပ်သည် မထင်ရှား၊ ထို ယောကျ်ားသည် "မျက်နှာရိပ်သည် မထင်ရှားပါတကား" ဟု ကြေးမုံကို မစွန့် မပစ်၊ စင်စစ်သော်ကား ထို ကြေးမုံ"မှန်"ကို အကြိမ်ကြိမ် အဖန်ဖန် ပွတ်သပ်၏၊ ကြေးမုံ "မှန်" သည် စင်ကြယ်သော အခါ၌ ထို ယောကျ်ားအား မျက်နှာရိပ်သည် အလိုလို သာလျှင် ထင်ရှားခြင်း ဖြစ်သကဲ့သို့တည်း။

ဆီကို အလိုရှိသော ယောကျ်ားသည် နှမ်းမှုန့်ကို ဆီပွတ်ဆုံ၌ ထည့်လောင်း၍ ရေနွေးဖြင့် ပို့နံ့စေ၍ ဖြန်း၍ တကြိမ် နှစ်ကြိမ် ကြိတ်ညှစ်ကာမျှဖြင့် ဆီ မယွက်လတ်သည် ရှိသော် နှမ်းမှုန့်ကို မစွန့် မပစ်၊ စင်စစ်သော်ကား ထို နှမ်းမှုန့်ကိုပင် အကြိမ်ကြိမ်

http://www.dhammadownload.com



နယ်၍ နယ်၍ ကြိတ်ညှစ်၏၊ ဤသို့ ပြုသော ထို ဆီပွတ် ယောက်ျား အား အထူးသဖြင့် ကြည်သော နှမ်းဆီသည် ထွက်သကဲ့သို့တည်း။

ထိုမှ တပါး ရေကို ကြည်စေလိုသော ယောက်ျားသည် ခပေါင်း ရေကြည်စေ့ကို ကိုင်၍ အိုးတွင်း၌ လက်ကို ချ၍ တကြိမ် နှစ်ကြိမ် သွေးကာ ပွတ်တိုက်ကာမျှဖြင့် ရေသည် မကြည်လင်သေးသည် ရှိသော် ခပေါင်း ရေကြည်စေ့ကို မစွန့် မပစ်သေး၊ စင်စစ်သော်ကား ထို ခပေါင်း ရေကြည်စေ့ကို ပင် အကြိမ်ကြိမ် အဖန်ဖန် သွေး၍ ပွတ်တိုက်၏။

ထိုယောက်ျားသည် ဤသို့ ပြုလတ်သော် သွက်သွက်သော ညွန်သည်၊ ဝါ—ပါးသော ညွန်သည် နစ်မြုပ်၏, ရေ ကြည်၏၊ အထူးသဖြင့် သန့်ရှင်း ကြည်လင်သကဲ့သို့ ဤအတူ သာလျှင် ထို ယောဂီ ရဟန်းသည် အားလျော့ လုံ့လ ဝန်ချခြင်းကို၊ ဝါ— လက်လျှော့ခြင်းကို မပြုမူ၍ ရုပ်ကို သာလျှင် အဖန် တလဲလဲ သုံးသပ်အပ်၏၊ လက္ခဏာ စသောအားဖြင့် နှလုံး သွင်းအပ်၏၊ ပညာဖြင့် ပိုင်းခြား၍ ယူအပ်၏၊ အချင်းချင်း မရော မယှက်သော အားဖြင့် ဆုံးဖြတ်အပ်၏။

အကျိုးထူးကို ဆိုအံ့—အကြင် အကြင် သုံးသပ်ခြင်း စသော အစီ အရင်ဖြင့် ထို ယောဂီအား ရုပ် တရားသည် ကောင်းစွာ သုတ်သင်အပ်သည်, မရော မယှက် ထင်ခြင်းကြောင့် အချင်းချင်း ရှုပ်ထွေးခြင်း ကင်းသည်, ထက်ဝန်းကျင်မှ အလွန် စင်ကြယ်သည် ဖြစ်၏၊ ထိုထို သုံးသပ်ခြင်း စသော အစီ အရင်ဖြင့် ထို ရုပ် တရားတို့ကို သိမ်းဆည်း ပိုင်းခြား၍ ယူတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော သမ္မောဟ စသော ကိလေသာ တို့သည် ငြိမ်းသည် ဖြစ်၍ ဖြစ်ကုန်၏၊ ညွန်၏ အထက်၌ ရေသည် ကြည်လင် သကဲ့သို့ စိတ်သည် ကြည်လင်၏၊ ထို ရုပ်လျှင် အာရုံ ရှိကုန်သော နာမ် တရားတို့သည် အလိုလို ပင်လျှင် ထင်ကုန်၏။

ဤသို့ ပြဆိုပြီးသော ကြေးမုံ "မှန်" ဥပမာ, "ဆီ" ဥပမာ စသည်တို့နှင့် အတူ အခြား တပါးလည်း ဖြစ်ကုန်သော "ကြိတ်ညှစ်

http://www.dhammadownload.com



သမား, ခိုးသူ စစ်သောသူ, နွားငယ်ကို ဆုံးမသောသူ, နို့မြစ်ကို မွေနယ်၍ ဆိဥ ယူသောသူ, ငါး ချက်သောသူ" အစ ရှိကုန်သော ဥပမာတို့ဖြင့်လည်း ဤ အနက်ကို ပြအပ်၏။

ထိုမှတပါး ဤ ပြဆိုပြီးသော နည်းဖြင့် ကောင်းစွာ စင်ကြယ်သော ရုပ်ကို သိမ်းဆည်းခြင်း ရှိသော ထို ယောဂီအား နာမ် တရားတို့သည် ဖဿ၏ သဘော သတ္တိ ဖုသန လက္ခဏာ အားဖြင့်ရင်း, ဝေဒနာ၏ သဘော သတ္တိ အနုဘဝန လက္ခဏာ အားဖြင့်ရင်း ဤသို့ နာမ် တရားတို့ကို ဉာဏ်အား ရှေးရှု ထင်ခြင်း သိခြင်း၏ အကြောင်း သုံးပါးတို့ဖြင့် ဉာဏ်အား ရှေးရှု ကပ်၍ ထင်ကုန်၏။

အဘယ်သို့ ထင်သနည်း—ရှေးဦးစွာ ပထဝီဓာတ်သည် ခက်ထန်သည်၏ အဖြစ် တည်းဟူသော လက္ခဏာ ရှိ၏၊ ဤသို့ အစရှိသော နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်း ယှူငင် ဆင်ခြင်သော ယောဂီအား အာရုံ၌ ရှေးဦးစွာ ရှေးရှု ကျခြင်းကဲ့သို့ ဖြစ်သော ဖဿသည် ဉာဏ်အား ရှေးရှု ကပ်သည် ဖြစ်၍ ထင်၏၊ ထို့နောင်မှ ထို ဖဿနှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဖဿနှင့် တကွ စေတနာသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏ဟု ဤသို့ ဉာဏ်အား ရှေးရှု ကပ်၍ ထင်၏။

ထိုမှတပါး ဆံပင်ဟု ဆိုအပ်သော ပထဝီ ကောဋ္ဌာသ၌ ပထဝီ ဓာတ်သည် ခက်မာသည်၏ အဖြစ် တည်းဟူသော ကက္ခဠ လက္ခဏာ ရှိ၏၊.... (လ) ....အဿာသ ပဿာသ ကောဋ္ဌာသ၌ ပထဝီ ဓာတ်သည် ကြမ်းတမ်း ခက်မာသည်၏ အဖြစ် တည်းဟူသော ကက္ခဠ လက္ခဏာ ရှိ၏၊ ဤသို့ အစရှိသော နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်း ယှူငင် ဆင်ခြင်သော ယောဂီအား အာရုံ၌ ရှေးဦးစွာ ရှေးရှု ကျခြင်း ကဲ့သို့ ဖြစ်သော ဖဿသည် ဉာဏ်အား ရှေးရှု ကပ်၍ ထင်၏။

ထို့နောင်မှ ထို ဖဿနှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊

http://www.dhammadownload.com



ဖဿနှင့် တကွ စေတနာသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏ဟု ဤသို့ ဉာဏ်အား ရှေးရှု ကပ်၍ ထင်၏၊ ဤသို့ နာမ် တရားတို့သည် ဖဿ၏ သဘော သတ္တိ ဖုသန လက္ခဏာအားဖြင့်၊ ဝါ—ဖဿနှင့် စပ်သဖြင့် ဉာဏ်အား ရှေးရှု ကပ်၍ ထင်ကုန်၏။

ပထဝီ ဓာတ်သည် ကြမ်းတမ်း ခက်မာသည်၏ အဖြစ် တည်းဟူသော ကက္ခဠ လက္ခဏာ ရှိ၏၊ ဤသို့ အစရှိသော နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်း ယူငင် ဆင်ခြင်သော ယောဂီ တဦးအား ထို ပထဝီ ဓာတ်၏ ကြမ်းတမ်း ခက်မာသည်၏ အဖြစ်ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗ သဘောကို ခံစားသည်၏ အစွမ်းဖြင့် ဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ ထို ဝေဒနာနှင့် ယှဉ်သော သညာသည် သညာက္ခန္ဓာ မည်၏၊ ထို ဝေဒနာနှင့် ယှဉ်သော ဖဿသည်၎င်း, စေတနာသည်၎င်း သင်္ခါရက္ခန္ဓာ မည်၏၊ ထို ဝေဒနာနှင့် ယှဉ်သော စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏ဟု ဤသို့ ဉာဏ်အား ရှေးရှု ကပ်၍ ထင်၏။

ထိုမှတပါး ဆံပင်ဟု ဆိုအပ်သော ပထဝီ ကောဋ္ဌာသ၌ ပထဝီ ဓာတ်သည် ကက္ခဠ လက္ခဏာ ရှိ၏၊ ဤသို့ အစရှိသော နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်း ယူငင် ဆင်ခြင်သော ယောဂီအား ထို ပထဝီ ဓာတ်၏ ကြမ်းတမ်း ခက်မာသည်၏ အဖြစ်ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗ သဘောကို ခံစားသည်၏ အစွမ်းဖြင့် ဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊…. (လ)….အဿာသ ပဿာသ ကောဋ္ဌာသ၌ ပထဝီ ဓာတ်သည် ကက္ခဠ လက္ခဏာ ရှိ၏၊ ဤသို့ အစရှိသော နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်း ယူငင် ဆင်ခြင်သော ယောဂီအား ထို ပထဝီ ဓာတ်၏ ကြမ်းတမ်း ခက်မာသည်၏ အဖြစ် တည်းဟူသော ဖောဋ္ဌဗ္ဗ သဘောကို ခံစားသည်၏ အစွမ်းဖြင့် ဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ ထို ဝေဒနာနှင့် ယှဉ်သော သညာသည် သညာက္ခန္ဓာ မည်၏၊ ထို ဝေဒနာနှင့် ယှဉ်သော ဖဿသည်၎င်း, စေတနာသည်၎င်း သင်္ခါရက္ခန္ဓာ မည်၏၊ ထို ဝေဒနာနှင့် ယှဉ်သော စိတ်သည်

http://www.dhammadownload.com



ဝိညာဏက္ခန္ဓာ မည်၏ဟု ဤသို့ ဉာဏ်အား ရှေးရှု ကပ်၍ ထင်၏၊ ဤသို့ ဝေဒနာ၏ အစွမ်းအားဖြင့် နာမ် တရားတို့သည် ဉာဏ်အား ရှေးရှုကပ်၍ ထင်ကုန်၏။

ထို့မှတပါး ပထဝီ ဓာတ်သည် ကက္ခဠ လက္ခဏာ ရှိ၏၊ ဤသို့ အစရှိသော နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်းသော ယောဂီ တဦးအား ခက်တရော်သော အဖြစ်ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံကို သိတတ်သော ကာယဒွါရဖြင့် ရှေးရှု ဆောင်အပ်သော မနောဒွါရိက ဇောဝိညာဉ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ ထို ဝိညာဏက္ခန္ဓာနှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဖဿသည်၎င်း, စေတနာသည်၎င်း သင်္ခါရက္ခန္ဓာ မည်၏ဟု ဤသို့ ဉာဏ်အား ရှေးရှု ကပ်၍ ထင်၏။

ထို့မှတပါး ဆံပင်ဟု ဆိုအပ်သော ပထဝီ ကောဋ္ဌာသ၌ ပထဝီ ဓာတ်သည် ကက္ခဠ လက္ခဏာ ရှိ၏၊....(လ)....အဿာသ ပဿာသ ကောဋ္ဌာသ၌ ပထဝီ ဓာတ်သည် ကက္ခဠ လက္ခဏာ ရှိ၏၊ ဤသို့ အစရှိသော နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်းသော ယောဂီအား ခက်တရော်သော အဖြစ်ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံကို သိတတ်သော ကာယဒွါရဖြင့် ရှေးရှု ဆောင်အပ်သော မနောဒွါရိက ဇောဝိညာဉ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ ထို ဝိညာဉ်နှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဖဿသည်၎င်း, စေတနာသည်၎င်း သင်္ခါရက္ခန္ဓာ မည်၏ဟု ဤသို့ ဉာဏ်အား ရှေးရှု ကပ်၍ ထင်၏၊ ဤသို့ ဝိညာဉ်၏ အစွမ်းအားဖြင့် နာမ် တရားတို့သည် ဉာဏ်အား ရှေးရှု ကပ်၍ ထင်ကုန်၏။

စတု သမုဋ္ဌာန် ဖြစ်သော ဆံပင်တို့တွင် ကမ္မ သမုဋ္ဌာန် ဖြစ်သော ဆံပင်၌ ပထဝီ ဓာတ်သည် ကက္ခဠ လက္ခဏာ ရှိ၏၊ ဤသို့ အစ ရှိသော နည်းဖြင့် လေးဆဲ့ နှစ်ပါးသော ဓာတု ကောဋ္ဌာသတို့၌ လေးပါး လေးပါးကုန်သော ဓာတ်တို့၏ အစွမ်းဖြင့် ယောဇနာခြင်းကို ပြုအပ်၏၊ ဓာတ် ကောဋ္ဌာသ

http://www.dhammadownload.com



လေးဆဲ့ နှစ်ပါးမှ ကြွင်းကုန်သော စက္ခုဓာတ် အစ ရှိကုန်သော ရုပ်ကို သိမ်းဆည်းခြင်း အကြောင်းရင်းတို့၌ အလုံးစုံသော ဓာတ်ကောဋ္ဌာသ လေးဆဲ့ နှစ်ပါး၌ ပြဆိုပြီးသော ရုပ် သိမ်းဆည်းနည်း အထူးထူး အပြားပြားသို့ အစဥ် လျှောက်၍ ယောဇနာခြင်းကို ပြုအပ်၏။

ဤသို့ ကောင်းစွာ စင်ကြယ်သော ရုပ်ကို သိမ်းဆည်းခြင်း ရှိသည့် သာလျှင် ဖြစ်သော ထို ယောဂီအား နာမ် တရားတို့သည် နာမ် တရားတို့ကို သိခြင်း၏ အကြောင်း သုံးပါးတို့ဖြင့် အကြင့် ကြောင့်လျှင် ထင်ရှား ကုန်၏၊ ထို့ကြောင့် ကောင်းစွာ စင်ကြယ် ပြီးသော ရုပ်ကို သိမ်းဆည်းခြင်း ရှိသော ယောဂီသည် သာလျှင် နာမ် တရားကို သိမ်းဆည်းခြင်း၌ အားထုတ်ခြင်းကို ပြုအပ်၏၊ ကောင်းစွာ မစင်ကြယ်သော ရုပ်ကို သိမ်းဆည်းခြင်း ရှိသော ယောဂီသည် အားထုတ်ခြင်းကို မပြုအပ်။

အပြစ်ကို ဆိုအံ့—တခုသော ရုပ် တရားသည် မထင်သေး သော်ငြားလည်း, နှစ်ခုသော ရုပ်တရားတို့သည် မထင်ကုန်သော်ငြား ရုပ်ကို စွန့်၍ နာမ်တရား သိမ်းဆည်းခြင်းကို အကယ်၍ အားထုတ် ငြားအံ့၊ ကမ္မဋ္ဌာန်းမှ ယုတ်လျော့၏၊ ဥပမာကား—ပထဝီ ကသိုဏ်း ဘာဝနာ၌ ပြဆိုပြီးသော အပြား ရှိသော တောင်၌ ကျက်စားသော နွားမကဲ့သို့ ဆုတ်ယုတ်၏။

သင့်လျော်သော နည်းကို ဆိုအံ့—ကောင်းစွာ စင်ကြယ် ပြီးသော ရုပ်တရားကို သိမ်းဆည်းခြင်း၌ အပတ်တကုတ် အားယုတ် လုံ့လကို ပြုသော ယောဂီအား ကမ္မဋ္ဌာန်းသည် ကြီးပွါးခြင်းသို့ စည်ပင်ခြင်းသို့ ပြန့်ပြောသော အဖြစ်သို့ ရောက်၏။

ထို ယောဂီသည် ဤသို့ ဖဿ, ဝေဒနာ, ဝိညာဉ်တို့၏ အစွမ်းဖြင့် ထင်ကုန်သော နာမက္ခန္ဓာ လေးပါးတို့ကို ''နာမ်'' ဟူ၍ ထို နာမက္ခန္ဓာ လေးပါးတို့၏ အာရုံ ဖြစ်၍ ဖြစ်ကုန်သော မဟာဘုတ် လေးပါးတို့ကိုငြားလည်း, မဟာဘုတ် လေးပါးတို့ကို စွဲ၍ မှီ၍ ဖြစ်ကုန်သော ဥပါဒါ ရုပ်တို့ကိုငြား ''ရုပ်'' ဟူ၍ မရော မယှက် ကွက်ကွက် ထင်ရှား ပိုင်းခြား မှတ်သား၏။

http://www.dhammadownload.com



ဤ ပြဆိုပြီးသော နည်းဖြင့် ဓာတ် တဆဲ့ ရှစ်ပါးတို့ရင်း, အာယတန တဆဲ့ နှစ်ပါးတို့ရင်း ခန္ဓာ ငါးပါးတို့ရင်း ဤသို့ အလုံးစုံလည်း ဖြစ်ကုန်သော တေဘူမက သင်္ခါရ တရား ဟူသမျှ တို့ကို သန်လျက်ဖျားဖြင့် ကြီးစွာသော ပန်းကစ်ကို ဖွင့်သကဲ့သို့ ရင်း, အစုံသော ထန်းဖူးညှောက်ကို၊ ဝါ—ထန်းဖူးညှောက် အစုံကို ခွဲဘိသကဲ့သို့ရင်း, နာမ် တရား ဟူ၍ရင်း, ရုပ်တရား ဟူ၍ရင်း နှစ်ဘို့အားဖြင့် မရော မယှက် ကွက်ကွက် ထင်ရှား ပိုင်းခြား မှတ်သား၏။

နာမ်ရုပ်မျှမှ အထက်၌၊ ဝါ—နာမ်ရုပ်မှ လွဲ၍ လွန်၍ အခြား တပါးသော သတ္တဝါ ဟူသည်ရင်း, ပုဂ္ဂိုလ် ဟူသည်ရင်း, နတ် ဟူသည်ရင်း, ဗြဟ္မာ ဟူသည်ရင်း မရှိပြီ၊ ဝါ—နာမ်ရုပ် နှစ်ပါးက လွဲ၍ ပုဂ္ဂိုလ် သတ္တဝါ နတ် ဗြဟ္မာဟု မရှိပြီ၊ ဤသို့ ဆုံးဖြတ်ခြင်းသို့ ရောက်၏။

ထို ဝိပဿနာကမ္မိက ယောဂါဝစရသည် ဤသို့ အကြောင်း အကြောင်း ပြဆိုခဲ့ပြီးသော အပြားအားဖြင့် မဖောက် မပြန် ဟုတ်မှန် သော မိမိ သဘောအားဖြင့် နာမ်ရုပ်ကို မရော မယှက် သက်သက် ထင်ရှား ပိုင်းခြား မှတ်သားပြီး၍ ကောင်းသည်ထက် ကောင်း မွန်စွာ သတ္တဝါ ပုဂ္ဂိုလ်ဟု ဖြစ်သော ဤ လောကသမ္မုတိကို သော်လည်း ပယ်စွန့်ခြင်းငှါ, သတ္တဝါဟု ဖြစ်သော လွန်စွာ တွေဝေ ခြင်းကို ကောင်းစွာ လှန်ခြင်း အကျိုးငှါ၊ ဝါ— လွန်မြောက် ခြင်းငှါ, သတ္တဝါဟု လွန်စွာ တွေဝေသော သမ္မောဟ၏ ဆန့်ကျင်ဘက် ဖြစ်၍ ထို သမ္မောဟကို ပယ်ခွါ တတ်သော အသမ္မောဟ ဘုံ၌ စိတ်ကို ထားခြင်း အကျိုးငှါ များစွာကုန်သော သုတ္တန်တို့၏ အစွမ်းဖြင့်၊ ဝါ—"ယထာပိ အင်္ဂသမ္ဘာရာ" စသည်ဖြင့် ဤ ကျမ်း၌ ပြဆိုပြီးသည်လည်း ဖြစ်ကုန်သော "ရူပဉ္စ ဟိဒံ မဟာလိ အတ္တာ အဘာဝိဿ" ဤသို့ အစရှိသည်လည်း ဖြစ်ကုန်သော များစွာကုန်သော သုတ္တန်တို့၏ အစွမ်းဖြင့် ဤ တေဘူမ္မက တရားအပေါင်းသည် နာမ်တရားနှင့်

http://www.dhammadownload.com



ရုပ်တရား မျှသာလျှင်တည်း၊ သတ္တဝါသည် မရှိ, ပုဂ္ဂိုလ်သည် မရှိ, ဤသို့ "နာမ်ရုပ် နှစ်ပါး မျှသာ ဖြစ်၏" စသည်ဖြင့် ဆိုအပ်သော အနက်ကို ရှိုးနှော၍ မရော မယှက် ကွက်ကွက် ထင်ရှား မှတ်သား၏၊ ထို စကား မှန်၏—

"ယထာပိ အင်္ဂသမ္ဘာရာ, ဟောတိ သဒ္ဒေါ ရထော ဣတိ၊
ဧဝံ ခန္ဓေသု သန္တေသု, ဟောတိ သတ္တောတိ သမ္မုတိ။"

"ဝင်ရိုး လှည်းဘီး စသော အစိတ် သမ္ဘာရ အကြောင်း ရှိသောကြောင့် လှည်း ရထား ဟူသော ခေါ်ဝေါ် ပညတ်ခြင်းသည် ဖြစ်သကဲ့သို့လည်း ထို့အတူ ဥပါဒါနက္ခန္ဓာတို့သည် ရှိကုန် လတ်သော် သတ္တဝါ ဟူသော ခေါ်ဝေါ် ပညတ် သမုတ်အပ်သော ဝေါဟာရ သည် ဖြစ်၏" ဟူသော ထိုစကားကို ဟောတော်မူ၏။

ထိုမှတပါးလည်း—

"သေယျထာပိ အာဝုသော ကဋ္ဌဉ္စ ပဋိစ္စ, ဝလ္လိဉ္စ, ပဋိစ္စ, မတ္တိကဉ္စ ပဋိစ္စ, တိဏဉ္စ ပဋိစ္စ အာကာသော ပရိဝါရိတော အဂါရံတွေဝ သင်္ချံ ဂစ္ဆတိ။"

"အို ငါ့ရှင်—ဥပမာ မည်သည်ကား သစ်ကို လည်း စွဲ၍ နွယ်ကို လည်း စွဲ၍ မြေညက်ကို လည်း စွဲ၍ မြက် သက်ငယ်ကို လည်း စွဲ၍ ထို သစ်, နွယ်, မြေညက်, သက်ငယ်တို့ဖြင့် ခြံရံအပ်သော ကောင်းကင်သည် "အိမ်" ဟူ၍ သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်သကဲ့သို့ အို ငါ့ရှင်—စင်စစ် ဤအတူ သာလျှင် အရိုးကိုလည်း စွဲ၍ အကြောကိုလည်း စွဲ၍ အသားကိုလည်း စွဲ၍ အရေ ကိုလည်း စွဲ၍ ထို အရိုး, အကြော, အသား, အရေ စသည်တို့ဖြင့် ခြံရံအပ်သော ကောင်းကင်သည် "ကိုယ်" ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏" ဟူသော ထို စကားကို ဟောတော်မူပြန်၏။

http://www.dhammadownload.com



ထိုမှ တပါးလည်း ဖြစ်သော—

"ဒုက္ခမေဝ ဟိ သမ္ဘောတိ, ဒုက္ခံ တိဋ္ဌတိ ဝေတိ စ၊
နာညတြ ဒုက္ခံ သမ္ဘောတိ, နာညံ ဒုက္ခာ နိရုဇ္ဈတိ။"

"မှန်၏ ဒုက္ခ ဒုက္ခတာ စသော အပြားအားဖြင့် သုံးပါး အပြား ရှိသော ဒုက္ခသည် သာလျှင် အကြောင်းအား လျော်စွာ ဖြစ်၏၊ ထို သုံးပါး အပြား ရှိသော ဒုက္ခသည် သာလျှင် ခဏဋ္ဌီတိ, ပဗန္ဓဋ္ဌီတိအားဖြင့် တည်၏၊ ခဏ နိရောဓ, အာယုက္ခယ နိရောဓ စသောအားဖြင့် ချုပ်ပျက်မှုလည်း ချုပ်ပျက်၏၊ ယခင် ပြဆိုပြီးသော ဒုက္ခကို ကြဉ်ထား၍ ထို ပြဆိုပြီး ဒုက္ခမှ တပါးသော တစုံတခုသော တရား သဘောသည် မဖြစ်၊ ပြဆိုပြီးသော ဒုက္ခမှ တပါးသော တစုံတခုသော တရား သဘောသည် ချုပ်သည်လည်း မဟုတ်" ဟူသော ထို စကားကို ဟောတော်မူပြန်၏။

ဤသို့ အရာမက များစွာကုန်သော သုတ္တန်တို့ဖြင့် နာမ်တရား ရုပ်တရားကို သာလျှင် ပြအပ်၏၊ သတ္တဝါကို မပြ၊ ပုဂ္ဂိုလ်ကို မပြ၊ ထို့ကြောင့် ဝင်ရိုး, လှည်းဘီး, ရထားချိုင့် လှည်းသံ အစ ရှိကုန်သော အစိတ် ဖြစ်သော အဆောက် အဦတို့သည် ရထားဟု ခေါ်ဝေါ်ခြင်း၏ အကြောင်း ဖြစ်သော တခုသော အခြင်း အရာ အားဖြင့် စုဝေးကုန်သည် ရှိသော် "ရထား" ဟူ၍ ခေါ်ဝေါ်ခြင်း မှုသည် ဖြစ်သကဲ့သို့ ပရမတ္ထအားဖြင့် တခုတခုသော အစိတ် ဖြစ်သော အဆောက် အဦကို စုံစမ်းအပ်သည် ရှိသော် ရထား မည်သည် မရှိ။

ထိုမှတပါး သစ် အစ ရှိကုန်သော အိမ်၏ အဆောက် အဦ တို့သည် အိမ်ဟု ခေါ်ဝေါ်ခြင်း၏ အကြောင်း ဖြစ်သော တခုသော အခြင်း အရာဖြင့် ကောင်းကင်ကို ခြံရံ၍ တည်ကုန်သော "အိမ်" ဟူသော ဝေါဟာရ မှုသည် ဖြစ်သကဲ့သို့ ပရမတ္ထ အားဖြင့် အိမ် မည်သည် မရှိသကဲ့သို့ ထိုမှတပါး လက်ချောင်း

http://www.dhammadownload.com



လက်မ စသည်တို့သည် လက်ဆုပ်ဟု ခေါ်ဝေါ်ခြင်း၏ အကြောင်း ဖြစ်သော တခုသော အခြင်း အရာအားဖြင့် တည်ကုန်သော် "လက်ဆုပ်" ဟူသော ဝေါဟာရ မျှသည် ဖြစ် သကဲ့သို့ရင်း၊

စောင်းခွက်, စောင်းညှို့ စသည် တို့သည် စောင်းဟု ခေါ်ဝေါ်ခြင်း အကြောင်း ဖြစ်သော တခုသော အပြား အားဖြင့် တည်ကုန်သော် "စောင်း" ဟူသော ဝေါဟာရ မျှသည် ဖြစ်သကဲ့သို့ရင်း၊ ဆင် မြင်း စသည်တို့သည် စစ်သည်ဟု ခေါ်ဝေါ်ခြင်း၏ အကြောင်း ဖြစ်သော တခုသော အခြင်းအရာ အားဖြင့် တည်ကုန်သော် "စစ်သည်" ဟူသော ဝေါဟာရ မျှသည် ဖြစ်သကဲ့သို့ရင်း၊ တံတိုင်း, အိမ်, တံခါးမုခ်, ပြအိုး, တန်ဆောင်း စသည်တို့သည် မြို့ဟု ခေါ်ဝေါ်ခြင်း၏ အကြောင်း ဖြစ်သော တခုသော အခြင်း အရာအားဖြင့် တည်ကုန်လတ်သော် "မြို့" ဟူသော ဝေါဟာရ မျှသည်ဖြစ်သကဲ့သို့ရင်း၊

ပင်စည်, အခက်, အရွက် စသည်တို့သည် သစ်ပင်ဟု ခေါ်ဝေါ် ခြင်း၏ အကြောင်း ဖြစ်သော တခုသော အခြင်း အရာအားဖြင့် တည်ကုန်လတ်သော် "သစ်ပင်"ဟူသော ဝေါဟာရ မျှသည် ဖြစ်သကဲ့သို့ ပရမတ္ထအားဖြင့် တခု တခုသော အစိတ်ကို စုံစမ်း အပ်သည် ရှိသော် သစ်ပင် မည်သည် မရှိသကဲ့သို့ ဤ အတူ သာလျှင် ဥပါဒါနက္ခန္ဓာ ငါးပါးဟု မှတ်အပ်ကုန်သော ရုပ်နာမ် တရားတို့သည် အစည်းအဝေး တူသောအားဖြင့် အပေါင်း အစု ဖြစ်ကုန်သည် သန္တာန်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သည် ရှိလတ် သော် သတ္တဝါ ပုဂ္ဂိုလ် ဟူသော ဝေါဟာရ မျှသည် ဖြစ်၏၊ ပရမတ္ထအားဖြင့် တခု တခုသော အစိတ် အစိတ် သဘော တရား ကို စုံစမ်းအပ်သည် ရှိသော် "ငါဖြစ်၏" ဟူ၍ရင်း "ငါ့ကိုယ်ပင်" ဟူ၍ရင်း ဖြစ်သော ဤသို့သော မိစ္ဆာ အယူ၏ တည်ရာ ဖြစ်၍ ဖြစ်သော သတ္တဝါ မည်သည် မရှိ။

သင့်လျော်ပုံကို ဆိုအံ့—ပရမတ္ထအားဖြင့် နာမ်ရုပ်မျှသည်သာ ရှိ၏၊ ဤသို့ မဖောက် မပြန် ဟုတ်မှန်သော သဘောအားဖြင့်

http://www.dhammadownload.com



သိခြင်းသည် ဖြစ်၏၊ ဤသို့ ပရမတ္ထအားဖြင့် သတ္တ ဇီဝ မည်သည် မရှိ၊ နာမ် ရုပ်မျှ သာလျှင် ရှိ၏ဟု ယူသော အခြင်း အရာအားဖြင့် ရှုသော ယောဂီ၏ မြင်တတ် သိတတ်သော ဝိပဿနာ ဉာဏ်သည် "ယထာဘူတဉာဏ်" မည်၏၊ ဝါ—ဟုတ်မှန်သော သဘော အလျောက် မဖောက် မပြန် ဟုတ်မှန်သော သဘော အတိုင်း အကြင် အကြင် ဟုတ်မှန်သော သဘောဖြင့် တေဘူမ္မက ဓမ္မကို မြင်သော ဉာဏ် မည်၏၊ ဤ ယထာဘူတဉာဏ် အမြင်ကို သတ္တ ဇီဝ ပုဂ္ဂလဟု ယူခြင်း မိစ္ဆာဂါဟမှ စင်ကြယ်သောကြောင့် "ဒိဋ္ဌိဝိသုဒ္ဓိ"ဟူ၍ ဟောတော်မူအပ်၏။

အကြင် ပုဂ္ဂိုလ်သည် ထို ယထာဘူတဉာဏ် အမြင်ကို ပယ်၍ သတ္တဝါ ဟူသည် ပရမတ္ထအားဖြင့် ရှိ၏ ဟူ၍ စွဲလမ်း ယူမှား၏၊ ထို အယူ လွဲသော အတ္တဝါဒီ ပုဂ္ဂိုလ်သည် ထို သတ္တဝါ ဟူ၍ ယူအပ်သော အတ္တ၏ ချုပ်လေပြီးသော အတ္တ၏ တဖန် အသစ် မဖြစ် ပျောက်ပျက်ခြင်းကို ခွင့်ပြုရာ၏၊ အတ္တ၏ မပျောက် မပျက် ခြင်းကိုမူလည်း ခွင့်ပြုရာ၏၊ အတ္တ၏ ပျောက်ပျက်ခြင်း မရှိသည်၏ အဖြစ်ကို ခွင့်ပြုသော အတ္တဝါဒီ ပုဂ္ဂိုလ်သည် သဿတဒိဋ္ဌိ အယူ၌ ကျ၏၊ ချုပ်ပြီးသော အတ္တ၏ ပျောက်ပျက်ခြင်းကို ခွင့်ပြုသော အတ္တဝါဒီသည် ဥစ္ဆေဒဒိဋ္ဌိ အယူ၌ ကျ၏။

အဘယ့်ကြောင့်နည်း နို့ရည်အား လျော်စွာ ဖြစ်သော၊ ဝါ— နို့ရည်၏ အကျိုး ဖြစ်သော နို့မေး၏ ဖြစ်ခြင်း ကဲ့သို့ ထို အတ္တအား လျော်စွာ ဖြစ်သော အခြား တပါးသော တစုံတခုသော တရား၏ မရှိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ၌ ကျ၏၊ ထို အတ္တဝါဒီသည် သတ္တဝါ မြဲ၏ ဟူ၍ ယူသည် ဖြစ်၍ ဘဝနိရောဓမှ တွန့်သည် မည်၏၊ ဝါ—ဘဝ၌ သာလျှင် ပုန်းလျှိုး ခိုအောင်းသည် မည်၏၊ သတ္တဝါ သည် ပျောက်ပျက်၏ဟု ယူသည် ဖြစ်၍ အလွန် ပြေးသည် မည်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်—

"ဒွီဟိ ဘိက္ခဝေ ဒိဋ္ဌိဂတေဟိ ပရိယုဋ္ဌိတာ ဒေဝမနုဿာ ဩလီယန္တိ ဧကေ၊ အတိဓာဝန္တိ ဧကေ၊ စက္ခုမန္တော စ ပဿန္တိ ကထဉ္စ ဘိက္ခဝေ ဩလီယန္တိ ဧကေ

http://www.dhammadownload.com



ဘဝါရာမာ ဘိက္ခဝေ ဒေဝမနုဿာ ဘဝရတာ ဘဝ-
သမုဒိတာ၊ တေသံ ဘဝနိရောဓာယ ဓမ္မေ ဒေသိယမာနေ
စိတ္တံ န ပက္ခန္ဒတိ၊ နပ္ပသီဒတိ, န သန္တိဋ္ဌတိ, နာဓိမုစ္စတိ၊
ဧဝံ ခေါ ဘိက္ခဝေ ဩလီယန္တိ ဧကေ၊ ကထဉ္စ ဘိက္ခဝေ
အတိဓာဝန္တိ ဧကေ၊ ဘဝေနေဝ ခေါ ပနေကေ အဋ္ဋီ-
ယမာနာ ဟရာယမာနာ ဇိဂုစ္ဆမာနာ ဝိဘဝံ အဘိနန္ဒန္တိ၊
"ယတော ကိရ ဘော အယံ အတ္တာ ကာယဿ ဘေဒါ
ဥစ္ဆိဇ္ဇတိ, ဝိနဿတိ, န ဟောတိ ပရံမရဏာ, ဧတံ သန္တံ,
ဧတံ ပဏီတံ, ဧတံ ယာထာဝ"န္တိ၊ ဧဝံ ခေါ ဘိက္ခဝေ
အတိဓာဝန္တိ ဧကေ၊ ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော
ပဿန္တိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ပဿတိ၊
ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ
နိရောဓာယ ပဋိပန္နော ဟောတိ၊ ဧဝံ ခေါ ဘိက္ခဝေ
စက္ခုမန္တော ပဿန္တီတိ။"

"အို ရဟန်းတို့—သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူ
နှစ်ပါးတို့သည် နှိပ်စက်အပ်ကုန်သော နတ်လူတို့သည်
ရှိကုန်၏၊ ထို နတ် လူတို့တွင် အချို့သော နတ်လူတို့သည်
ဘဝ၌ အလွန် မွေ့လျော်သည် ဖြစ်၍ ဘဝ၏ ချုပ်ခြင်းမှ
တွန့်ခြင်းသို့ ရောက်ကုန်၏၊ အချို့သော နတ် လူတို့သည်
အယူ လွန်၍ ပြေးကုန်၏၊ ယထာဘူတဉာဏ် အမြင်ဟု
ဆိုအပ်သော ဉာဏ်ပညာ မျက်စိနှင့် ပြည့်စုံသော သူတို့
သည် သာလျှင် မဖောက် မပြန် အမှန် မြင်နိုင်ကုန်၏၊ အို
ရဟန်းတို့—အချို့သော နတ် လူတို့သည် အဘယ်သို့လျှင်
ဘဝ၏ ချုပ်ခြင်းမှ တွန့်ကြကုန်သနည်း၊ အိုရဟန်းတို့—
တဏှာ ဒိဋ္ဌိအားဖြင့် လွန်စွာ မွေ့လျော်အပ်သော ကာမ
ဘဝ စသော ဘဝ ရှိကုန်သော ကာမ စသော ဘဝ၌
လွန်စွာ နှစ်သက် ဝမ်းမြောက်ခြင်းသို့ ရောက်ကုန်သော
နတ် လူတို့သည် ရှိကုန်၏၊ ထို နတ် လူတို့အား ဘဝ
ချုပ်ခြင်းငှါ တရားတို့ကို ဟောအပ်ကုန်သည်ရှိသော်

http://www.dhammadownload.com



စိတ်သည် ဘဝ၌ သာယာ နှစ်သက် မက်မောခြင်းကြောင့် ဘဝ၏ ချုပ်ခြင်းကို ဆောင်တတ်သော တရားတော်၌ မသက်ဝင်နိုင်, မယုံကြည်နိုင်, မတည်တံ့နိုင်, နှလုံးမသွင်းနိုင်၊ အို ရဟန်းတို့—ဤသို့လျှင် အချို့သော နတ်လူတို့သည် ဘဝ၏ ချုပ်ငြိမ်းခြင်းမှ တွန့်တို ဆုတ်နစ်ကြကုန်၏၊ အို ရဟန်းတို့—အချို့သော နတ် လူတို့သည် အဘယ်သို့လျှင် အယူ လွန်၍ ပြေးကုန်သနည်း၊ အို ရဟန်းတို့—စင်စစ် အချို့သော နတ်လူတို့သည် ဘဝဖြင့် သာလျှင် ဆင်းရဲစေအပ်ကုန်သည် ဖြစ်၍ ရှက်စနိုးကုန်သည် ဖြစ်၍ စက်ဆုပ် ရွံရှာကုန်သည် ဖြစ်၍ ဘဝ၏ ကင်းခြင်း ဘဝ၏ ပြတ်ခြင်းကို အလွန် နှစ်သက်ကုန်၏၊ "အို အချင်းတို့—ဤ ကိုယ်သည် ဇီဝိတိန္ဒြေ၏၊ ဝါ—ဥပါဒိဏ္ဏက ခန္ဓာ၏ ပျက်သည်မှ နောက်၌ ပြတ်၏, ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်၊ ထိုသို့ စုတိမှ နောက်၌ မဖြစ်ခြင်းကြောင့် ထိုသို့ ပြတ်ခြင်း ပျောက်ခြင်းသည် ငြိမ်သက်၏၊ ထိုသို့ ပြတ်ခြင်း ပျောက်ခြင်းသည် မွန်မြတ်၏၊ ဝါ—မွန်မြတ်ပေစွ၊ ထိုသို့ ပြတ်ခြင်း ပျောက်ခြင်းသည် မချွတ်မယွင်းပေစွ" ဟူ၍ ဤသို့ အလွန် နှစ်သက် မက်မောကုန်၏၊ အို ရဟန်းတို့—ဤသို့လျှင် အချို့သော နတ် လူတို့သည် အယူ လွန်၍ ပြေးကုန်၏၊ အို ရဟန်းတို့—ယထာဘူတဉာဏ် ပညာ အမြင်နှင့် ပြည့်စုံသော သူသည် အဘယ်သို့လျှင် မဖောက် မပြန် အမှန် မြင်နိုင်ကုန်သနည်း၊ အို ရဟန်းတို့—ဤ သာသနာတော်၌ အကြင် ရဟန်းသည် အကြင် အကြင် မိမိ ဥစ္စာ ဖြစ်သော အကြောင်းတို့ကြောင့် ဖြစ်သော၊ ဝါ—ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ ငါးပါး အပေါင်းကို အကြင် အကြင် ဟုတ်မှန်သော သာမညာ သဘော လက္ခဏာအားဖြင့် ရှု၏၊ ခန္ဓာ ငါးပါး အပေါင်းကို ဟုတ်မှန်သော သဘော လက္ခဏာအားဖြင့် မြင်၍ ခန္ဓာ ငါးပါး အပေါင်းကို ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်စေခြင်းငှါ

http://www.dhammadownload.com



ကျင့်သည် ဖြစ်၏၊ အို ရဟန်းတို့—ဤသို့လျှင် ယထာဘူတဉာဏ် အမြင်နှင့် ပြည့်စုံသော သူသည် မဖောက်မပြန် အမှန် မြင်နိုင်ကုန်၏” ဟူ၍ ဟောတော်မူ၏။

ထိုသို့ “အသ္မိ” ဟူ၍ “အဟံ” ဟူ၍ မှတ်ယူခြင်း စွဲလမ်းခြင်း၏ ဝတ္ထု ဖြစ်သော သတ္တဝါ မည်သည် မရှိ၊ ပရမတ်အားဖြင့် နာမ်ရုပ်မျှသာ ဖြစ်သောကြောင့် သစ်သားရုပ်သည် အတ္တမှ ဆိတ်၏၊ ဇီဝချို့တဲ့ အသက် မဲ့၏၊ အားထုတ် လုံ့လ ဗျာပါရ မရှိ၊ ထိုသို့ သုည နိဇ္ဇီဝ နိရီဟက ဖြစ်လျက်လည်း ထို သစ်ယန္တရား ရုပ်သည် သစ်သား ရုပ်၌ ဖွဲ့အပ်သော ယန္တရား ကြိုးငယ်နှင့် ယှဉ်သည်၏ အစွမ်းအားဖြင့် သွားလည်း သွား၏, ရပ်လည်း ရပ်၏, ကလည်း က၏။

အားထုတ် လုံ့လ ဗျာပါရနှင့် တကွ ဖြစ်သည်, အမူအရာ ပယောဂ ဗျာပါရနှင့် တကွ ဖြစ်သည် ထင်သကဲ့သို့ ဤအတူ ဤ နာမ်ရုပ် အစု မျှသည်လည်း အတ္တမှ ဆိတ်၏၊ ဇီဝချို့တဲ့ အသက် မဲ့၏၊ ဝါ—အသက် မရှိ၊ အားထုတ် လုံ့လ ဝီရိယ ကင်း၏၊ ထိုသို့ သုည နိဇ္ဇီဝ နိရီဟက ဖြစ်လျက်လည်း အချင်းချင်း အညီ အညွတ် ယှဉ်တွဲကြသည်၏ အစွမ်းဖြင့် သွားလည်း သွား၏, ရပ်လည်း ရပ်၏, အားထုတ် လုံ့လ ဝီရိယနှင့် တကွ ဖြစ်သည်, အမူ အရာ ပယောဂ ဗျာပါရနှင့် တကွ ဖြစ်သည် ထင်၏၊ ဤသို့ မှတ်အပ်၏၊ ထို့ကြောင့် ရှေး ဆရာတော်တို့သည်—

“နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော,
န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ၊
သုညံ ဣဒံ ယန္တမိဝါဘိသင်္ခတံ,
ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌသာဒိသော။”

“ဤ ခန္ဓာ ဟူသော လောက၌ အမှန်အားဖြင့်၊ ဝါ—ပရမတ္ထအားဖြင့် နာမ်သည်ရင်း ရုပ်သည်ရင်း ရှိ၏၊ သင့်စွ—ဤ နာမ်ရုပ် အစုမျှ၌ သတ္တဝါ မည်သည် မရှိ၊

http://www.dhammadownload.com



လူ မည်သည် မရှိ၊ ဤ **နာမ်ရုပ် နှစ်ပါး အပေါင်း** သည် အတ္တ ဇီဝမှ ဆိတ်၏၊ ယန္တရား ကြိုးငင်ခြင်း တည်းဟူသော အကြောင်းထူးသည် ပြုပြင်အပ်သော ယန္တရား ရုပ်ကဲ့သို့ ပစ္စည်း၏ အစွမ်းဖြင့် ဖြစ်၏၊ အခါ ခပ်သိမ်း ကျင်နာသည်၏ အဖြစ်ကြောင့် ဆင်းရဲ၏၊ အစုမျှသာ ဖြစ်၏၊ အတ္တမှ ဆိတ်သည်၏ အဖြစ်ကြောင့် မြက်ထင်းတုံးနှင့် တူ၏" ဟူ၍ ဆိုတော်မူကုန်ပြီ။

**စင်စစ်သော်ကား**—ဤ နာမ်ရုပ် မျှသာ ဖြစ်သော **အတ္တ ဘောကို** သစ်ယန္တရားရုပ် ဥပမာ သာလျှင် ပြအပ်သည် မဟုတ်သေး၊ အခြား တပါးသော ကျူစည်း ဥပမာ အစ ရှိကုန်သော ဥပမာတို့ဖြင့်လည်း ပြအပ်၏၊ ထင်ရှားစေအံ့— ကျူစည်း နှစ်စည်းတို့ကို အချင်းချင်း၊ ဝါ—တစည်းသည် တစည်းကို မှီ၍ ထားအပ်ကုန်သည် ရှိသော် ကျူစည်း တခုသည် တခုသော ကျူစည်း၏၊ ဝါ—ကျူစည်း တခု၏ အထောက် အပံ့ ဖြစ်၏၊ ကျူစည်း တခု လဲသည် ရှိသော် အခြားသော ကျူစည်းသည်လည်း လဲသကဲ့သို့ ဤအတူ ပဉ္စဝေါကာရ ဘုံ၌ နာမ်နှင့် ရုပ်သည် အချင်းချင်း၊ ဝါ—တပါးသည် တပါးကို မှီ၍ ဖြစ်၏၊ တပါးသည် တပါး၏ အထောက် အပံ့ ဖြစ်၏၊ မရဏ၏ အစွမ်းဖြင့် တပါးသည် ချုပ်ပျက် စုတေ ကျရွေ့သည် ရှိသော် ဤမှ တပါးသည်လည်း ချုပ်ပျက် စုတေ ကျရွေ့၏၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

"ယမကံ နာမရူပဉ္စ, ဥဘော အညောညနိဿိတာ၊
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ, ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။"

"နာမ်ငှင်း ရုပ်ငှင်း အစုံ ဖြစ်သော အကြင် တရား အပေါင်းသည် ရှိ၏၊ ထို နှစ်ပါးသော နာမ်ရုပ်တို့သည် တပါးသည် တပါးကို မှီ၍ တည်ကုန်၏၊ ထို့ကြောင့် သာလျှင် တပါး ပျက်သည် ရှိသော် နာမ်ရုပ် နှစ်ပါး လုံးပင် ပျက်ကုန်၏၊ ထို နာမ် နှင့် ရုပ် ချုပ်ပျက်ခြင်းသည်

http://www.dhammadownload.com



အကြောင်း တရား ချုပ်ခြင်းကြောင့် ဖြစ်၏၊ ဝါ— တပါးသည် တပါး၏ ပစ္စည်း တရား ဖြစ်ကုန်လျက်လည်း နာမ်နှင့် ရုပ် နှစ်ပါးလုံးပင် ပျက်ကုန်သည်ချည်းတည်း" ဟူ၍ ဆိုတော်မူကြကုန်ပြီ။

ထိုမှ တပါး လက်ခတ်ဖြင့် ရိုက်ခတ်အပ်သော စည်ကို မှီ၍ စည်သံသည် ဖြစ်လတ်သော် စည်ကား တခြား, အသံကား တခြားတပါးတည်း၊ စည်နှင့် အသံတို့ကား မရောနှောကြကုန်၊ စည်သည် အသံမှ ဆိတ်၏၊ အသံသည် စည်မှ ဆိတ်၏၊ ထို့အတူ ဝတ္ထု ဒွါရ အာရုံဟု ဆိုအပ်သော ရုပ်ကို မှီ၍ နာမ်သည် ဖြစ်လတ်သော် ရုပ်ကား တခြား, နာမ်ကား တခြားတပါးတည်း၊ နာမ် ရုပ်တို့သည် အချင်းချင်း မရောနှောကြကုန်၊ နာမ်သည် ရုပ်မှ ဆိတ်၏၊ ရုပ်သည် နာမ်မှ ဆိတ်၏၊ စင်စစ်သော်ကား စည်ကို စွဲ၍ အသံ ဖြစ်သကဲ့သို့ ရုပ်ကို စွဲ၍ နာမ်သည် ဖြစ်၏၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

"န စက္ခုတော ဇာယရေ ဖဿပဉ္စမာ,
န ရူပတော နော စ ဥဘိန္နမန္တရာ၊
ဟေတုံ ပဋိစ္စပ္ပဘဝန္တိ သင်္ခတာ,
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။

န သောတတော ဇာယရေ ဖဿပဉ္စမာ,
န သဒ္ဒတော နော စ ဥဘိန္နမန္တရာ၊ ···· (လ) ····။

န ဃာနတော ဇာယရေ ဖဿပဉ္စမာ,
န ဂန္ဓတော နော စ ဥဘိန္နမန္တရာ၊ ···· (လ) ····။

န ဇိဝှါတော ဇာယရေ ဖဿပဉ္စမာ,
န ရသတော နော စ ဥဘိန္နမန္တရာ၊ ···· (လ) ····။

န ကာယတော ဇာယရေ ဖဿပဉ္စမာ,
န ဖဿတော နော စ ဥဘိန္နမန္တရာ၊ ···· (လ) ····။

http://www.dhammadownload.com



န ဝတ္ထုတော ရူပါ ပဘာဝန္တိ သန်တာ,
န စာပိ ဓမ္မာယတနေဟိ နိဂ္ဂတာ၊
ဟေတုံ ပဋိစ္စပ္ပဘာဝန္တိ သန်တာ,
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။''

"စက္ခာယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ ရူပါ-ယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ စက္ခုနှင့် ရူပါရုံ နှစ်ပါးစုံတို့၏ အလယ် အကြား၌လည်း ဖဿလျှင် ငါးခု မြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ တီးခတ် အပ်သော စည်မှ အသံသည် စည်ကို တီးခတ်သည် ရှိသော် အသံ ဖြစ်သကဲ့သို့ ထို့အတူ စက္ခု, ရူပါရုံ, အလင်း, နှလုံးသွင်းခြင်း စသော အကြောင်းကို စွဲမှီ၍ ထို အကြောင်း တရားတို့သည် အညီ အညွတ် ကပ်၍ ပြုအပ်ကုန်သော ဖဿ စသော တရားတို့သည် ဖြစ်ကုန်၏။

သောတာယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿ လျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ သဒ္ဒါယတနမှ ထွက်သည်၏ အစွမ်းအားဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ သောတ နှင့် သဒ္ဒါရုံ နှစ်ပါးတို့၏ အလယ် အကြား၌လည်း ဖဿလျှင် ငါးခုမြောက် ဖြစ်သော တရားတို့သည် မဖြစ်ကုန်၊.... (လ)....။

ဃာနာယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ ဂန္ဓာ-ယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ ဃာနနှင့် ဂန္ဓာရုံ နှစ်ပါးတို့၏ အလယ် အကြား၌လည်း ဖဿလျှင် ငါးခု မြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊.... (လ)....။

http://www.dhammadownload.com



ဇိဝှါယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ ရသာ-ယတနမှထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ ဇိဝှါနှင့်ရသာရုံ နှစ်ပါး တို့၏ အလယ်အကြား၌လည်း ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊..... (လ).....။

ကာယာယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ ဖောဋ္ဌဗ္ဗာယတနမှ ထွက်သည်၏ အစွမ်းဖြင့် ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ်ကုန်၊ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးတို့၏ အလယ် အကြား၌လည်း ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် မဖြစ် ကုန်၊..... (လ).....။

ဟဒယ ဝတ္ထု ရုပ်မှ ထွက်သည်၏ အစွမ်းဖြင့် သန္တတ ဖြစ်ကုန်သော ဖဿလျှင် ငါးခုမြောက် ရှိသော တရား တို့သည် မဖြစ်ကုန်၊ ဓမ္မာယတနမှ ထွက်ကုန်၍လည်း မဖြစ်ကုန်၊ မိမိတို့အား လျော်ကပ်သော ပစ္စည်း တရား ကို စွဲမှီ၍ သန္တတ ဖြစ်ကုန်သော ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့သည် ဖြစ်ကုန်၏၊ တီးခတ်အပ်သော စည်၏ အသံသည် စည်ကို တီးခတ်သည် ရှိသော် အသံ ဖြစ်သကဲ့သို့ ထို့ အတူ ဟဒယ ဝတ္ထု, ဓမ္မာရုံ, ဖဿ, နှလုံးသွင်းခြင်း စသော အကြောင်းကို စွဲမှီ၍ ထို အကြောင်း တရားတို့သည် အညီ အညွတ် ကပ်၍ ပြုအပ် ကုန်သော ဖဿ စသော တရားတို့သည် ဖြစ်ကုန်၏။”

ဟူ၍ ဆိုတော်မူကုန်ပြီ။

တနည်းကား—ဤ နာမ်ရုပ် နှစ်ပါးတို့တွင် နာမ်သည် တန်ခိုး အာနုဘော် ကင်း၏၊ မိမိ ဥစ္စာ ဖြစ်သော တန်ခိုး အာနုဘော်ဖြင့် ဖြစ်ခြင်းငါ မစားနိုင်, မခဲနိုင်, မသောက်နိုင်, စကားမပြောဆိုနိုင်, ဣရိယာပုထ်ကို မပြုနိုင်၊ ရုပ်သည်လည်း တန်ခိုး အာနုဘော်

http://www.dhammadownload.com



ကင်း၏၊ မိမိ၏ ကိုယ်ပိုင် ဥစ္စာ ဖြစ်သော တန်ခိုး အာနုဘော်ဖြင့် ဖြစ်ခြင်းငှါ မတတ်နိုင်၊ ထို စကား မှန်၏—ထို ရုပ်၏ ခဲလိုသည်၏ အဖြစ်သည် မရှိ, သောက်လိုသည်၏ အဖြစ်သည် မရှိ, စကား ဆိုလိုသည်၏ အဖြစ်သည်လည်း မရှိ, ဣရိယာပုထ်ကို ပြုလိုသည်၏ အဖြစ်သည်လည်း မရှိ။

စင်စစ်သော်ကား—နာမ်ကို မှီ၍ ရုပ်သည် ဖြစ်၏၊ ရုပ်ကို မှီ၍ နာမ်သည် ဖြစ်၏၊ နာမ်၏ ခဲလိုသည်၏ အဖြစ်သည် ရှိသော် ရုပ်သည် ခဲ၏၊ နာမ်၏ သောက်လိုသည်၏ အဖြစ်သည် ရှိသော် ရုပ်သည် သောက်၏၊ နာမ်၏ စကား ဆိုလိုသည်၏ အဖြစ်သည် ရှိသော် ရုပ်သည် စကား ဆို၏၊ နာမ်၏ ဣရိယာပုထ်ကို ပြုလိုသည်၏ အဖြစ်သည် ရှိသော် ရုပ်သည် ဣရိယာပုထ်ကို ပြု၏၊ ဤဆို အပ်ပြီးသော အနက်ကို ထင်စွာပြခြင်း အကျိုးငှါ ရှေး အဋ္ဌကထာ ဆရာတို့သည် ဤ ဆိုလတ္တံ့သော ဥပမာကို ဆောင်ကုန်၏။

## ဥပမာ

သူကန်း နှင့် သူဆွံ့သည် အရပ် တပါးသို့ သွားလိုကုန်သည် ဖြစ်၍ သူကန်းက ငဆွံ့ကို "အို မိတ်ဆွေ ကျွန်ုပ်သည် ခြေဖြင့် ပြုအပ်သော သွားခြင်း အမှုကို ပြုနိုင်ပါ၏၊ မျက်စိ ကန်းခြင်း ကြောင့် ညီညွတ်သော အရာ မညီညွတ်သော အရာတို့ကိုကား မမြင်နိုင်ပါ"ဟု ပြောဆို၏၊ ငဆွံ့ကလည်း သူကန်းကို ပြောဆို ပြန်၏၊ "အို မိတ်ဆွေ ကျွန်ုပ်မူကား မျက်စိဖြင့် ပြုအပ်သော မြင်ခြင်း ကိစ္စကို ပြုနိုင်ပါ၏၊ ဝါ—မြင်နိုင်ပါ၏၊ ခြေဖြင့် ပြုအပ် သော ရွေ့တိုးခြင်း နောက်ဆုတ်ခြင်း စသော သွားခြင်း အမှုကို မပြုနိုင်ပါ"ဟု ပြောဆို၏။

သူကန်းသည် ငါတို့ နှစ်ဦး ပေါင်းစပ်ခြင်း၏ အစွမ်းဖြင့် လိုရာ အရပ်သို့ ရောက်ခြင်း ကိစ္စ ပြီးမြောက်တော့မည်တကား ဟု နှစ်သက် ရွှင်လန်း ဝမ်းသာသည် ဖြစ်၍ ငဆွံ့ကို ပခုန်းပေါ်သို့ တင်၍ ထမ်း၏၊ ငဆွံ့သည် သူကန်း၏ ပခုန်းထက်၌ ထိုင်၍

http://www.dhammadownload.com



"ဘယ်ခြေက လှမ်းလေ့, ညာခြေက လှမ်းလေ့" စသည်ဖြင့် လမ်းညွှန်လေ၏။

ထို ဥပမာ၌၊ ဝါ—ထိုသူ နှစ်ဦးတို့တွင် သူကန်းသည်လည်း တန်ခိုး အာနုဘော် ကင်း၏၊ အားနည်း၏၊ မိမိ၏ ကိုယ်ပိုင် ဥစ္စာ ဖြစ်သော တန်ခိုး အာနုဘော်ဖြင့် မိမိ၏ အစွမ်း သတ္တိဖြင့် မသွားနိုင်၊ ဆွံ့သည်လည်း တန်ခိုး အာနုဘော် ကင်း၏၊ အားနည်း၏၊ မိမိ၏ ကိုယ်ပိုင် ဥစ္စာဖြစ်သော တန်ခိုး အာနုဘော် ဖြင့် မိမိ၏ အစွမ်း သတ္တိဖြင့် မသွားနိုင်။

ထို ကန်း နှင့် ဆွံ့တို့၏ အချင်းချင်း တယောက်သည် တယောက်ကို မှီ၍ သွားခြင်းသည် မဖြစ်သည် မဟုတ်, ဖြစ်သည် သာလျှင် ဖြစ်သကဲ့သို့ ဤ အတူ သာလျှင် နာမ်သည်လည်း တန်ခိုး အာနုဘော် ကင်း၏၊ မိမိ၏ ကိုယ်ပိုင် ဥစ္စာ ဖြစ်သော တန်ခိုး အစွမ်းဖြင့် မဖြစ်နိုင်၊ ထိုထိုသို့သော ကြိယာတို့၌ မဖြစ်နိုင်။

ရုပ်သည်လည်း တန်ခိုး အာနုဘော် ကင်း၏၊ မိမိ ကိုယ်ပိုင် ဥစ္စာ ဖြစ်သော တန်ခိုး အာနုဘော် အစွမ်းဖြင့် မဖြစ်နိုင်၊ ထိုထိုသို့သော ကြိယာတို့၌ မဖြစ်နိုင်၊ ထို ရုပ်နာမ် နှစ်ပါးတို့၏ အချင်းချင်း တပါးသည် တပါးကို မှီ၍ ဖြစ်ခြင်းသည်လည်း မဖြစ်သည် မဟုတ်, ဖြစ်သည် သာလျှင်တည်း၊ တည်ခြင်း သည်လည်း မတည်သည် မဟုတ်, တည်သည် သာလျှင်တည်း။

ထို့ကြောင့်—

"န သကေန ဗလေန ဇာယရေ,<br>
နာပိ သကေန ဗလေန တိဋ္ဌရေ၊<br>
ပရဓမ္မဝသာနုဝတ္တိနော,<br>
ဇာယရေ သင်္ခတာ အတ္တဒုဗ္ဗလာ။

ပရပစ္စယတော စ ဇာယရေ,<br>
ပရအာရမ္မဏတော သမုဋ္ဌိတာ၊<br>
အာရမ္မဏပစ္စယေဟိ စ,<br>
ပရဓမ္မေဟိ စိမေ ပဘာဝိတာ။

http://www.dhammadownload.com



ယထာပိ နာဝံ နိဿာယ, မနုဿာ ယန္တိ အဏ္ဏဝေ၊
ဧဝမေဝ ရူပံ နိဿာယ, နာမကာယော ပဝတ္တတိ။

ယထာ စ မနုဿေ နိဿာယ, နာဝါ ဂစ္ဆတိ အဏ္ဏဝေ,
ဧဝမေဝ နာမံ နိဿာယ, ရူပကာယော ပဝတ္တတိ။

ဥဘော နိဿာယ ဂစ္ဆန္တိ, မနုဿာ နာဝါ စ အဏ္ဏဝေ၊
ဧဝံ နာမဉ္စ ရူပဉ္စ, ဥဘော အညောညနိဿိတာ။"

"သင်္ခတ ဖြစ်ကုန်သော နာမ်ရုပ် တရားတို့သည် မိမိ အစွမ်းဖြင့် မဖြစ်ကုန်၊ မိမိ အစွမ်းဖြင့် တည်လည်း မတည်ကုန်၊ မိမိမှ တပါးသော ဟေတုပစ္စည်းဟု ဆိုအပ်သော အကြောင်း တရားတို့၏ အလို အစွမ်း သတ္တိသို့ လိုက်ခြင်း သဘော ရှိကုန်သည် ဖြစ်၍ ဖြစ်ကုန်ရာ၏၊ သင်္ခတ ဖြစ်ကုန်သော နာမ်ရုပ် တရားတို့သည် မိမိတို့၏ အားနည်းကုန်ရကား တပါးသော တရားတို့၏ ပစ္စယသတ္တိကြောင့်သာလျှင် ဖြစ်ကုန်၏။

တပါးသော တရားတို့၏ အာရမ္မဏသတ္တိကြောင့် ကောင်းစွာ ထင်ကုန်၏၊ တပါးသော တရား ဖြစ်ကုန်သော အာရမ္မဏအကြောင်း ပစ္စယအကြောင်းတို့သည်သာလျှင် ဤ နာမ်ရုပ် တရားတို့ကို ဖြစ်စေအပ်ကုန်၏၊ လူတို့သည် လှေကို အမှီပြု၍၊ ဝါ—လှေ၌ တည်၍ သမုဒ္ဒရာ၌ သွားကုန် သကဲ့သို့ ဤအတူ ရုပ်ကို မှီ၍၊ ဝါ— ရုပ်၌ တည်၍ နာမကာယသည် ဖြစ်၏။

လူတို့ကို မှီ၍ လှေသည် သမုဒ္ဒရာ၌ သွားသကဲ့သို့ ထို့အတူ နာမ်ကို မှီ၍ ရူပကာယသည် ဖြစ်၏။

လူတို့သည်၎င်း, လှေသည်၎င်း လှေနှင့် လူသား ဤ နှစ်ပါးတို့သည် အချင်းချင်း တပါးသည် တပါးကို မှီ၍ သမုဒ္ဒရာ၌ သွားကုန်သကဲ့သို့ ထို့အတူ နာမ်သည်၎င်း, ရုပ်သည်၎င်း နာမ်ရုပ် နှစ်ပါးတို့သည် အချင်းချင်း

http://www.dhammadownload.com



တပါးသည် တပါးကို မှီ၍ ဖြစ်ကုန်၏" ဟူသော ထို စကားကို ဟောတော်မူအပ်၏။

ဤသို့ ပြဆိုပြီးသော အပြားအားဖြင့် အထူးထူးသော စတုသတ္တတိ နာမရူပပရိဂ္ဂဟနယ ဖြစ်သည့် ခုနစ်ဆဲ့လေးပါးသော နာမ်ရုပ် သိမ်းဆည်းနည်း, နာမရူပမတ္တတာ ဝဝတ္ထာပနနယ ခေါ်သည့် နာမ်ရုပ်မျှ ကိုသာ ပိုင်းခြား သိမ်းဆည်းနည်း တို့ဖြင့် နာမ်တရား ရုပ်တရားကို ပိုင်းခြား မှတ်သား ဆုံးဖြတ်သော ယောဂီ၏ မဖောက် မပြန် မှန်ကန်သော သဘောကို ကောင်းစွာ မြင်ခြင်းသည် ဖြစ်၏။

အစ မထင် သံသရာ ကာလပတ်လုံး ထုံအပ်သော ခန္ဓာပဉ္စကဥ္စ အတ္တ ဟူ၍ စွဲလမ်း ယူမှားသော အမှတ်သညာကို ပယ်ခွါ၍ အသမ္မောဟ ဘုံ၌ တည်သော နာမ်ရုပ်တို့ကို၊ ဝါ—နာမ်ရုပ်တို့၏ မဖောက် မပြန် မှန်ကန်သော သဘောအားဖြင့် ကောင်းစွာ မြင်ခြင်းကို အတ္တဟု စွဲလမ်းသော ဒိဋ္ဌိ ဟူသော အညစ်အကြေးကို သုတ်သင်တတ် စင်ကြယ်စေတတ်သောကြောင့်"ဒိဋ္ဌိဝိသုဒ္ဓိ"ဟူ၍ သိအပ်၏။

နာမရူပဝဝတ္ထာနံ ဟူသော အမည်သည်ရင်း, သင်္ခါရ ပရိစ္ဆေဒ ဟူသော အမည်သည်ရင်း ဤ နာမ်ရုပ်၏ မဖောက် မပြန် မှန်ကန်သော သဘောကို မြင်သော ဉာဏ်၏ သာလျှင် အမည်တည်း။

**၁၈-ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသ ပြီး၏။**

http://www.dhammadownload.com

# ၁၉—ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသပိုင်း

ထို ဒိဋ္ဌိ ဝိသုဒ္ဓိ၏ အာရုံ၏ အဖြစ်ဖြင့် ပြအပ်ပြီးသည် သာလျှင် ဖြစ်သော နာမ်ရုပ်၏ အကြောင်း ပစ္စယကို သိမ်းဆည်းသဖြင့် အဓွန့် သုံးပါးတို့၌ ယုံမှားခြင်းကို လွန်၍ တည်သော ဉာဏ်သည် ယုံမှားခြင်းကို လွန်မြောက်နိုင်သည် ဖြစ်၍ ယုံမှားခြင်း တည်းဟူသော အညစ် အကြေးကို စင်ကြယ်စေတတ်သော "ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်" မည်၏။

ထို ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပြည့်စုံစေလိုသော ရဟန်းသည် ထို နာမ်ရုပ်၏ ဟေတုအကြောင်း, ပစ္စယအကြောင်းကို ရှာဖွေ၏၊ အကြောင်းရှာပုံကား—ဥပမာအားဖြင့် လိမ္မာသော ဆေးဆရာ သည် အနာရောဂါကို မြင်သော် ထို ရောဂါ၏ ဖြစ်ကြောင်းကို ရှာသကဲ့သို့၎င်း, အစဉ် သနားတတ်သော ယောကျ်ားသည် အသက် အရွယ် ငယ်စွာသော အသိဉာဏ် ပညာ နုံ့သေးသော ပက်လက် အိပ်တတ်ကာမျှ ဖြစ်သော သူငယ်ကို ရထားလမ်း ခရီးမ၌ အိပ်သည်ကို မြင်၍ "ဤ သူငယ်သည် အဘယ် သူ၏ သား ဖြစ်သနည်း"ဟု သူငယ်၏ မိဘတို့ကို ဆင်ခြင်ခြင်း ရှာဖွေခြင်း ဖြစ်သကဲ့သို့၎င်း ထို့အတူ ယို နာမ်ရုပ်၏ ဟေတု အကြောင်း, ပစ္စယအကြောင်းတို့ကို ရှာမှီးခြင်းသို့ ရောက်၏၊ ငါ—အကြောင်း ရှာ၏။

ထို ယောဂီ ရဟန်းသည် အစ ပဌမ၌လျှင် ဤ ဆိုလတ့ံသော နည်းဖြင့် ဆင်ခြင်၏ နာမ်သည် ရှေးဦးစွာ အကြောင်း မရှိသည် မဟုတ်၊ ဧကန် အကြောင်း ရှိသည် သာလျှင်တည်း၊ အဘယ့် ကြောင့်နည်း—အလုံးစုံသော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ တခုတည်း ကဲ့သို့ တူသည်၏ အဖြစ်သို့ ရောက်ခြင်း၏ ခပ်သိမ်း သော အခါ၌လည်း တခုတည်းကဲ့သို့ တူသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ပုဂ္ဂိုလ် ဟူဟူသမျှတို့အားလည်း တခုတည်း ကဲ့သို့ တူသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။

http://www.dhammadownload.com



နာမ်ရုပ်သည် အစိုးရသော အရှင်ဗ္ဗယရ စသည့် အကြောင်းရှိသည် မဖြစ်၊ အဘယ့်ကြောင့်နည်း၊ နာမ်ရုပ်မှ အလွန် ဗ္ဗယရ အရှင် စသည်တို့၏ မရှိခြင်းကြောင့်တည်း၊ ဗ္ဗယရ အရှင် စသည်တို့သည် နာမ်ရုပ်မျှသာတည်း၊ ဤသို့ အကြင် ဆရာတို့သည် ဆိုကုန်၏၊ ထို ဆရာတို့၏ အယူ၌လည်း ဗ္ဗယရ အရှင် စသည်ဟူ ဆိုအပ်သော နာမ်ရုပ်၏ အကြောင်း မရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် နာမ်ရုပ်သည် ဗ္ဗယရ အရှင် အစရှိသည့် အကြောင်း မရှိ။

ထိုသို့ နာမ်ရုပ်၏ အကြောင်း ကင်းသည်လည်း မဟုတ်, အစိုးရ အရှင် ဗ္ဗယရ စသော ဝိသမ အကြောင်း ရှိသည်လည်း မဟုတ်သည်၏ အဖြစ်ကြောင့် ထို နာမ်ရုပ်၏ ဇနက အကြောင်း, ဉပထမ္ဘက အကြောင်းတို့သည် ဖြစ်ရာ၏၊ ထို ဇနက အကြောင်း, ဉပထမ္ဘက အကြောင်းတို့သည် အဘယ်သည်တို့နည်း၊ ဤသို့ ဆင်ခြင်၏၊ ဤ ဆိုပြီးသော နည်းဖြင့် နာမ်ရုပ်၏ ဟေတု ဟူသော ဇနကအကြောင်း, ပစ္စယ ဟူသော ဉပထမ္ဘက အကြောင်းတို့ကို ဆင်ခြင်၍ ရှေးဦးစွာ ဤ ရူပကာယ၏ ဟေတု အကြောင်း, ပစ္စယ အကြောင်းတို့ကို ဤ ဆိုလတ္တံ့သော နည်းဖြင့် သိမ်းဆည်း၏။

ဤ ကိုယ်သည် ဖြစ်သည် ရှိသော် ဥပ္ပလကြာ, ပဒုမကြာ, ပုဏ္ဍရိက်ကြာ, ကြာနားဒွောင်း စသည်တို့၏ အတွင်း၌ ဖြစ်သည် မဟုတ်၊ ပတ္တမြား, ပုလဲသွယ် စသည်တို့၏ အတွင်း၌ ဖြစ်သည်လည်း မဟုတ်၊ အမှန် စင်စစ်သော်ကား—အစာသစ်အိမ်, အစာကျက်အိမ်တို့၏ အလယ် အကြား၌ အမိ၏ ဝမ်းရေလွှာကို နောက်မှ ပြု၍ ကျောက်ဆစ်ရိုးကို ရှေ့မျက်နှာစာ ပြု၍ အူမ အူသိမ်တို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ မိမိ ကိုယ်တိုင်လည်း မကောင်းသော အပုပ်နံ့တို့ဖြင့် စက်ဆုပ်ရွံရှာလျက် မကောင်းသော အပုပ်နံ့တို့ဖြင့် စက်ဆုပ်ရွံရှာဘွယ် ရှိသော အလွန် ကျဉ်းမြောင်းသော အရပ်၌ ငါးပုပ် မုယောမှုံ့ပုပ် ညွန်နှင့် တကွသော လုပ်ဆေးရေ ကိုယ်ဝန် အညစ် အကြေး စသည်တို့၏ သွန်ရာ ယိုစီးရာ ကျင်း

http://www.dhammadownload.com



အိုင်အရပ် ညွန်စီး ရွံ့ပုပ် ရှိသော တစီးအိုင် အရပ်စသည်တို့၌ ပိုးလောက် ကဲ့သို့ဖြစ်၏။

ဤသို့ ဖြစ်သော ထို ရူပကာယ၏ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဤလေးပါးသော တရားတို့သည် ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် ဟေတု မည်သော ဇနက အကြောင်း မည်၏၊ အာဟာရသည် ထောက်ပံ့တတ်သည်၏ အဖြစ်ကြောင့် ပစ္စယ ဟူသော ဥပတ္ထမ္ဘက အကြောင်း မည်၏၊ ဤ ငါးပါးသော တရားတို့သည် ဖြစ်ထိုက်သည့်အား လျော်စွာ ဇနက အကြောင်း, ဥပတ္ထမ္ဘက အကြောင်းတို့ ဖြစ်ကုန်၏။

ထို အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ ငါးပါးတို့တွင်လည်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန် အကြောင်း သုံးပါးတို့သည် ဤ ရူပကာယ၏ မှီရာ ဥပနိဿယအကြောင်းတို့ ဖြစ်ကုန်၏၊ ဥပမာကား—အမိသည် သား သူငယ်၏ မှီရာ ဖြစ်သကဲ့သို့ငှင်း, အဘသည် သားကို ဖြစ်စေသကဲ့သို့ငှင်း ကံသည် ဤ ရူပကာယကို ဖြစ်စေတတ်၏။

နို့ထိန်းသည် သူငယ်ကို ကောင်းစွာ ဆောင်သကဲ့သို့ အာဟာရသည် ဤ ရူပကာယကို ကောင်းစွာ ဆောင်၏၊ ဤသို့ ရူပကာယ၏ အကြောင်း ဖြစ်သော တရား ငါးပါးကို သိမ်းဆည်း ဆင်ခြင်၍ တဖန် "စက္ခုံ ပသာဒကိုလည်း စွဲမှီ၍ ရူပါရုံတို့ကိုလည်း စွဲမှီ၍ စက္ခုဝိညာဉ်သည် ဖြစ်၏" ဤသို့ အစရှိသော နည်းဖြင့် နာမကာယ၏ အကြောင်း ဖြစ်သော စက္ခုပသာဒ ရူပါရုံ စသော အကြောင်းတို့ကို သိမ်းဆည်း ဆင်ခြင်၏။

ထို ယောဂီ ရဟန်းသည် ဤသို့ အကြောင်းအားဖြင့် နာမ်ရုပ်၏ ယခု ပစ္စုပ္ပန် ဘဝ၌ ဖြစ်ခြင်းကို မြင်၍ "ဤ နာမ်ရုပ်သည် ယခု ပစ္စုပ္ပန် ဘဝ၌ အဝိဇ္ဇာ စသော အကြောင်းကြောင့် ဖြစ်သကဲ့သို့ ထို့အတူ အတိတ် ဖြစ်သော အခွန့်၌လည်း ဤ နာမ်ရုပ်သည် အဝိဇ္ဇာ စသော အကြောင်းကြောင့် ဖြစ်ဘူးပြီ၊ နောင် အနာဂတ် အခွန့်၌လည်း အဝိဇ္ဇာ စသော အကြောင်းကြောင့် ဤ နာမ်ရုပ်သည် ဖြစ်လတ္တံ့" ဟု ဤသို့ အဖန် တလဲလဲ အမြဲ အစွဲ ရှု၏။

http://www.dhammadownload.com



ဤ ပြဆိုပြီးသော နည်းဖြင့် အဇဖန် တလဲလဲ ရှုသော ထိုယောဂီအား အတိတ် ဖြစ်သော ခန္ဓာ အစဉ် ကောဋ္ဌာသကို ရည်၍ "ငါသည် လွန်လေပြီးသော ကာလ၌ ဖြစ်ဘူးလေပြီလော၊ လွန်လေပြီးသော ကာလ၌ မဖြစ်ဘူးလေသလော၊ အတိတ် ဘဝ၌ ဘယ်သို့သောသူ ဖြစ်ဘူးလေသနည်း၊ အတိတ် ဘဝ၌ ဘယ်သို့သော အခြင်း အရာအားဖြင့် ဖြစ်ဘူးလေသနည်း၊ အတိတ် ဘဝ၌ အဘယ်သို့သောသူ ဖြစ်၍ ဘယ်သို့သောသူ ဖြစ်ဘူးလေသနည်း"ဟု ဤသို့ ငါးပါး အပြားရှိသော အကြင် ယုံမှားခြင်းကို ပယ်တော်မူအပ်ပြီ။

နောင် အနာဂတ် ဖြစ်သော ခန္ဓာ အစဉ် ကောဋ္ဌာသကို ရည်မှတ်၍ "ငါသည် အနာဂတ် ဘဝ၌ ဖြစ်ရလတ္တံ့လော၊ အနာဂတ် ဘဝ၌ မဖြစ်ရလတ္တံ့လော၊ အနာဂတ် ကာလ၌ ဘယ်သို့သော သူသည် ဖြစ်ရလတ္တံ့နည်း၊ အနာဂတ် ကာလ၌ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ရလတ္တံ့နည်း၊ အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်၍ ဘယ်သို့သောသူ ဖြစ်ရလတ္တံ့နည်း"ဟု ဤသို့ ငါးပါး အပြား ရှိသော အကြင် ယုံမှားခြင်းကိုလည်း ပယ်တော်မူအပ်ပြီ။

ပစ္စုပ္ပန် ဖြစ်သော ခန္ဓာအစဉ် ကောဋ္ဌာသကို ရည်မှတ်၍ ယခု မျက်မှောက် ဘဝ၌မူလည်း ပဋိသန္ဓေ အစ, စုတိ အဆုံး ရှိသော အလုံးစုံသော ဝတ္တမာန်ကာလကို ရည်မှတ်၍ မိမိ ခန္ဓာ၌ "သို့လော သို့လော"ဟု ယုံမှားခြင်းသည် ဖြစ်၏၊ "ငါသည် ငါ ဟုတ်ပါလေ၏လော၊ ငါ မဟုတ်လေသလော၊ အဘယ်သို့သော သူသည် ဖြစ်လေသနည်း၊ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်လေသနည်း၊ ဤ သတ္တဝါသည် ဘယ် ဘဝမှ လာသနည်း၊ ထို သတ္တဝါသည် ဘယ် ဘဝသို့ လားလတ္တံ့ သွားလတ္တံ့နည်း"ဟု ဤသို့ ခြောက်ပါး အပြား ရှိသော အကြင် ယုံမှားခြင်းကိုလည်း ပယ်တော်မူအပ်ပြီ၊ ထို ဆိုအပ်ပြီးသော တဆဲ့ခြောက်ပါး အပြား ရှိသော အလုံးစုံသော ယုံမှားခြင်းကို လည်း ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်အပ်၏။

http://www.dhammadownload.com



ယောဂီ တဦးသည် ဆက်ဆံသည် မဆက်ဆံသည်၏ အစွမ်းဖြင့် နှစ်ပါး အပြား ရှိသော နာမ်၏ ပစ္စယအကြောင်းကို ရှု၏၊ ကံ,စိတ်,ဥတု,အာဟာရတို့၏ အစွမ်းဖြင့် လေးပါး အပြား ရှိသော ရုပ်၏ ပစ္စယအကြောင်းကို ဆင်ခြင် ကြည့်ရှု၏၊ ရှုဦးအံ့—နာမ်၏ ပစ္စယအကြောင်းသည် ဆက်ဆံသော သာဓာရဏပစ္စယအကြောင်း, မဆက်ဆံသော အသာဓာရဏပစ္စယ အကြောင်း ဟူ၍ နှစ်ပါး အပြား ရှိ၏။

ထို နှစ်ပါးတို့တွင် စက္ခုဒွါရ အစရှိကုန်သော ဒွါရ ခြောက်ပါး တို့သည်၎င်း, ရူပါရုံ စသော အာရုံ ခြောက်ပါးတို့သည်၎င်း နာမ်၏ သာဓာရဏပစ္စယ မည်၏၊ အဘယ်ကြောင့်နည်း၊ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ အပြား၊ ထို ဘေဒ၏လည်း သောမနဿ သဟဂုတ် စသော တပါးပါးသော အပြားအားဖြင့် အကြွင်း အကျန် မရှိ အလုံးစုံသော အပြား ရှိသည်လည်း ဖြစ်သော နာမ်၏ ထို စက္ခု စသော ဒွါရ ရူပါရုံ စသော အာရုံကြောင့် ဖြစ်ခြင်းကြောင့် ဆက်ဆံသော ပစ္စယအကြောင်း သည် ဖြစ်၏၊ ယောနိသောမနသိကာရ အယောနိသောမနသိကာရ စသည် ကမ္မဘဝ စသည်သည် ကုသိုလ် စသော အပြားအားဖြင့် အကြွင်း အကျန် မရှိ, အလုံးစုံသော အပြား ရှိသည်လည်း ဖြစ်သော နာမ်၏ မဆက်ဆံသော အသာဓာရဏပစ္စယ အကြောင်းသည် ဖြစ်၏။

ရှုဦးအံ့—ယောနိသောမနသိကာရ သဒ္ဓမ္မသဝန စသည် သည် ကုသိုလ်၏ သာလျှင် အကြောင်း ဖြစ်၏၊ ထို ယောနိသော မနသိကာရ စသည်မှ ပြန်သော အယောနိသောမနသိကာရ, အသဒ္ဓမ္မသဝန, အသပ္ပုရိသုပနိဿယ စသည်သည် အကုသိုလ် ၏ အကြောင်း သာလျှင် ဖြစ်၏၊ ကံ အဝိဇ္ဇာ စသည်သည် ဝိပါက်၏ အကြောင်း ဖြစ်၏၊ ဘဝင် စသည်သည် ကြိယာ၏ အကြောင်း ဖြစ်၏၊ ထို့ကြောင့် မနသိကာရ စသည်သည် ဆက်ဆံသော သာဓာရဏပစ္စယ အကြောင်း မဆက်ဆံသော အသာဓာရဏ ပစ္စယ အကြောင်း ဖြစ်၏။

http://www.dhammadownload.com



ထိုမှတပါး ကံ, စိတ်, ဥတု, အာဟာရ ဤ လေးပါးသော တရားသည် ရုပ်၏ အကြောင်း ဖြစ်၏၊ ထို ဇနကကံ အစရှိသော ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့တွင် ကံသည် အတိတ် ဖြစ်၍ သာလျှင် ကံလျှင် ဖြစ်ကြောင်း ရှိသော ရုပ်၏ အကြောင်း ဖြစ်၏၊ စိတ်သည် ပစ္စုပ္ပန် ဖြစ်ဆဲ ဖြစ်၍ သာလျှင် စိတ်လျှင် ဖြစ်ကြောင်း ရှိသော ရုပ်၏ အကြောင်းဖြစ်၏၊ ဥတု, အာဟာရ တို့သည် ဥတုသမုဋ္ဌာန်, အာဟာရသမုဋ္ဌာန် ဖြစ်သော ရုပ်၏ မိမိ၏ ဌီခဏ၌ အကြောင်းတို့သည် ဖြစ်ကုန်၏။

ဤသို့ သာဓာရဏ အသာဓာရဏ အစွမ်း စသည်ဖြင့် ပြဆို ပြီးသော အပြား အားဖြင့် တဦးသော ယောဂီသည် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏၊ ထို ယောဂီသည် ပြဆို ပြီးသော နည်းအတိုင်း အကြောင်းအားဖြင့် နာမ်ရုပ်၏ ဖြစ်ခြင်း ကို မြင်၍ "ဤ နာမ်ရုပ်သည် ယခု ပစ္စုပ္ပန်၌ အကြောင်း အားလျော်စွာ ဖြစ်သကဲ့သို့ ထို့အတူ အတိတ် အခွန့်၌လည်း အကြောင်းအားဖြင့် ဖြစ်ဘူးပြီ၊ အနာဂတ် အခွန့်၌လည်း အကြောင်းအားဖြင့် ဖြစ်လတ့်"ဟု ဤသို့ အဖန် တလဲလဲ ရှု၏၊ ဤသို့ အကြိမ်ကြိမ် အဖန်ဖန် ရှုသော ထို ယောဂီအား ပြဆိုပြီး သော နည်းအတိုင်း သာလျှင် အတိတ်, အနာဂတ်, ပစ္စုပ္ပန် အခွန့် သုံးပါးတို့၌ ယုံမှားခြင်းသည် ပျောက်၏၊ ဝါ—ယုံမှားခြင်း တဆဲ့ ခြောက်ပါးကို ပယ်ဖျောက်အပ်၏။

တဦးသော ယောဂီသည် နာမ်ရုပ်ဟု ဆိုအပ်ကုန်သော ထို သင်္ခတ သင်္ခါရတို့၏ သာလျှင် ဇရာသို့ ရောက်ခြင်းကိုဎင်း, ဇရာသို့ ရောက်ကုန်ပြီးသော သင်္ခတ သင်္ခါရတို့၏ ဘင်ခေါ် မရဏကိုဎင်း မြင်၍ "သင်္ခတ သင်္ခါရတို့၏ ဤ ဇရာ မရဏ မည်သည်ကား ဇာတိ ရှိသော် သာလျှင် ဖြစ်၏၊ ဘဝ မည်သည် ဥပါဒါန် ရှိသော် သာလျှင် ဖြစ်၏၊ ဥပါဒါန် မည်သည် တဏှာ ရှိသော် သာလျှင် ဖြစ်၏၊ တဏှာသည် ဝေဒနာ ရှိသော် သာလျှင် ဖြစ်၏၊ ဝေဒနာသည် ဖဿ ရှိသော် သာလျှင် ဖြစ်၏၊ ဖဿသည် သဠာယတန ရှိသော် သာလျှင် ဖြစ်၏၊ သဠာယတနသည် နာမ်ရုပ်

http://www.dhammadownload.com



ရှိသော် သာလျှင် ဖြစ်၏၊ နာမ်ရုပ်သည် ဝိညာဉ် ရှိသော် သာလျှင် ဖြစ်၏၊ ဝိညာဉ်သည် သင်္ခါရတို့ ရှိကုန်သော် သာလျှင် ဖြစ်၏၊ သင်္ခါရတို့သည် အဝိဇ္ဇာ ရှိသော် သာလျှင် ဖြစ်ကုန်၏''ဟု ဤသို့ အပြန် ပဋိလုံ ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏၊ ထိုသို့ သိမ်းဆည်းလတ်သော် ထို ယောဂီအား ပြဆိုပြီးသော နည်းအတိုင်း သာလျှင် ယုံမှားခြင်းသည် ပျောက်၏၊ ဝါ—ယုံမှားခြင်းကို ပယ်ဖျောက်အပ်၏။

တဦးသော ယောဂီသည် ဤသို့လျှင် အဝိဇ္ဇာ တည်းဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ ဤသို့ ရှေး၌ အကျယ် ချဲ့၍ ပြအပ်ပြီးသော အနုလုံ ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းဖြင့် သာလျှင် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏၊ ထိုသို့ သိမ်းဆည်းလတ်သော် ထို ယောဂီအား ပြဆိုပြီးသော နည်းဖြင့် သာလျှင် ယုံမှားခြင်းသည် ပျောက်၏၊ ဝါ—ယုံမှား ခြင်းကို ပယ်အပ်၏။

တဦးသော ယောဂီသည် ရှေးဖြစ်သော ကမ္မဘဝကို ပြုအပ်သည် ရှိသော် တွေဝေခြင်း သဘောသည် အဝိဇ္ဇာ မည်၏၊ အားထုတ်ခြင်း ပေါင်းစည်းရုံးစုခြင်း သဘောသည် သင်္ခါရ မည်၏၊ တပ်မက်ခြင်း သဘောသည် တဏှာ မည်၏၊ ကပ်ငြိခြင်း စွဲလမ်းခြင်း သဘောသည် ဥပါဒါန် မည်၏၊ စေတနာသည် ဘဝ မည်၏၊ ဤ တရား ငါးပါးတို့သည် ရှေးဖြစ်သော ကမ္မဘဝကို ပြုအပ်သည်ရှိသော် ဤ ပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေ၏ အကြောင်း တို့သည် ဖြစ်ကုန်၏။

ဤ ပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေသည် ဝိညာဉ် မည်၏၊ အမိဝမ်း၌ သက်ဝင် သကဲ့သို့ ဖြစ်ခြင်းသည် နာမ်ရုပ် မည်၏၊ မဟာဘုတ်ကို ကြည်စေတတ်သော ပသာဒ ငါးပါးသည် အာယတန မည်၏၊ အာရုံကို တွေ့ခြင်း သဘောသည် ဖဿ မည်၏၊ ခံစားသော အခြင်း အရာဖြင့် ဖြစ်ခြင်း သဘောသည် ဝေဒနာ မည်၏၊ ဤသို့ ဤ ပစ္စုပ္ပန် ဘဝ၌ ဥပပတ္တိ ဘဝသည် ဖြစ်သည်

http://www.dhammadownload.com



ရှိသော် ဤ တရား ငါးပါးတို့သည် ရှေးဘဝ၌ ပြုအပ်သော ကံ၏ အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ဤ ပစ္စုပ္ပန် ဘဝ၌ အာယတနတို့၏ ရင့်ပြီးသည်၏ အဖြစ်ကြောင့် တွေဝေခြင်းသည် အဝိဇ္ဇာ မည်၏၊....(လ)....စေတနာသည် ဘဝ မည်၏၊ ဤသို့ ဤ ပစ္စုပ္ပန် ဘဝ၌ ရှေးဖြစ်သော ကမ္မဘဝကို ပြုအပ်သည် ရှိသော် ဤ တရား ငါးပါးတို့သည် နောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းတို့သည် ဖြစ်ကုန်၏၊ ဤသို့ ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏။

## ကံ လေးမျိုး လေးစား ပြားပုံ

ထို ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့် ဆိုသော စကား၌ ကံသည်—

(၁) မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုး ရှိသည့် "ဒိဋ္ဌဓမ္မ ဝေဒနီယကံ။"

(၂) အခြားမဲ့သော ကိုယ်၏ အဖြစ်၌၊ ဝါ—ဒုတိယ ဘဝ၌ ခံစားအပ်သော အကျိုး ရှိသည့် "ဥပပဇ္ဇ ဝေဒနီယကံ။"

(၃) တတိယ ဘဝမှ စ၍ နိဗ္ဗာန် ရသည့် ဘဝတိုင်အောင် အခွင့် ရတိုင်း ကြိုးကြား ကြိုးကြား ခံစားအပ်သော အကျိုး ရှိသည့် "အပရာပရိယ ဝေဒနီယကံ။"

(၄) ဖြစ်ပြီးသော အကျိုး ရှိသည်လည်း မဟုတ်, ဖြစ်ဆဲသော အကျိုး ရှိသည်လည်း မဟုတ်, ပြုကာ မတ္တသာ ဖြစ်၍ ဖြစ်ပြီးသည် သာလျှင် ကံမည်သော "အဟောသိကံ"ဟူ၍ လေးပါး အပြားရှိ၏။

ထို ကံ လေးပါးတို့တွင် တခုသော ဇောဝီထိ၌ ခုနစ်ကြိမ်သော ဇောစိတ်တို့တွင် ကုသိုလ် မူလည်း ဖြစ်စေ, အကုသိုလ် မူလည်း ဖြစ်စေ ပဌမဇောနှင့် ယှဉ်သော စေတနာသည် "ဒိဋ္ဌဓမ္မ ဝေဒနီယကံ"မည်၏၊ ထို ဒိဋ္ဌဓမ္မ ဝေဒနီယကံသည် ဤ ဘဝ

http://www.dhammadownload.com



ပစ္စုပ္ပန် အတ္တဘော၌ သာလျှင် အကျိုးကို ပေး၏၊ ထို ပစ္စုပ္ပန် ဘဝ၌ အကျိုး ပေးခြင်းငှါ မစွမ်းနိုင်သော အဟောသိကံသည်ကား "ကံသည် ဖြစ်ပြီးပြီ, ကံ၏ အကျိုးသည် ဖြစ်ပြီးသည် လည်း မဟုတ်, ကံ၏ အကျိုးသည် ဖြစ်လတ္တံ့သည်လည်း မဟုတ်၊ ကံ၏ အကျိုးသည် ဖြစ်ဆဲလည်း မဟုတ်"ဟူ၍ ဤသို့ ဤ တိက်၏ အစွမ်းဖြင့် "အဟောသိကံ"မည်သည် ဖြစ်၏။

ထိုမှတပါး ဒါန စသော ကောင်းမှုကိစ္စ, ပါဏာတိပါတ စသော မကောင်းမှုကိစ္စကို ပြီးစေတတ်သော သတ္တမဇောနှင့် ယှဉ်သော စေတနာသည် "ဥပပဇ္ဇဝေဒနီယကံ" မည်၏၊ ထို ဥပပဇ္ဇ ဝေဒနီယကံသည် ပစ္စုပ္ပန် အတ္တဘော၏ အခြားမဲ့ ဖြစ်သော ဒုတိယမြောက် ဘဝ၏ အတ္တဘော၌ အကျိုးကို ပေး၏၊ ထို အခြားမဲ့ ဘဝ ဖြစ်သော ဒုတိယဘဝ၌ အကျိုး ပေးခြင်းငှါ မစွမ်းနိုင်သော ကံသည် ဆိုအပ်ပြီးသော နည်းဖြင့်လျှင် အဟောသိကံ မည်၏။

ပဌမဇော, သတ္တမဇော နှစ်ပါးတို့၏ အကြား၌ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌ ဤ အလယ်ဇော ငါးချက်နှင့် ယှဉ်သော စေတနာသည် "အပရာပရိယဝေဒနီယကံ" မည်၏၊ ထို အပရာပရိယကံသည် နောင် အနာဂတ် တတိယ ဘဝက စ၍ နိဗ္ဗာန် ရသည့် ဘဝတိုင်အောင်သော ကာလ၌ အကြင် အခါ၌ အခွင့်ကို ရ၏၊ ထို အခါ၌ အကျိုး ပေး၏၊ သံသရာ ဟူသော မပြတ် မစဲ ဖြစ်ခြင်းသည် ရှိသော်၊ ဝါ—သံသရာ စက်ရဟတ် မပြတ်သမျှ ကာလပတ်လုံး အဟောသိကံ မည်သည် မဖြစ်။

## တနည်း ကံ လေးပါး ပြားပုံ

တမျိုး တစား အခြား တပါးသော ကံသည်—

(၁) အလွန် အပြစ် ကြီးသော အကုသိုလ်, အလွန် အာနုဘော် ကြီးသော ကုသိုလ် ဟူသော လေးသော "ဂရုကံ" ငှင်း။

http://www.dhammadownload.com



(၂) အကြိမ်များစွာပြုအပ် ကောင်းစွာ မှီဝဲအပ်ပြီးသော "အာစိဏ္ဏကံ" ၎င်း။

(၃) သေခါနီး ကာလ၌ ပြုအပ် အောက်မေ့အပ်သော "အာသန္နကံ" ၎င်း။

(၄) ရှေးဘဝက ပြုအပ် ပြီးသည်၏ အဖြစ်ကြောင့် "ကဋတ္တာကံ" ၎င်း ဤသို့ လေးပါး အပြား ရှိ၏။

ထို လေးပါးတို့တွင် ကုသိုလ်သည် မူလည်း ဖြစ်စေ, အကုသိုလ် သည် မူလည်း ဖြစ်စေ ဂရုကကံ အဂရုက ကံတို့တွင် အမိကို သတ် ခြင်း မာတုဃာတက စသော ကံမူလည်း ဖြစ်သော မဟဂ္ဂုတ် ကံမူလည်း ဖြစ်သော အကြင် ဂရုက ကံသည် ရှိ၏၊ ထို မဟာ-သာဝဇ္ဇ ဖြစ်သော အကုသိုလ် ဂရုကံ, မဟာနုဘာဝ ဖြစ်သော မဟဂ္ဂုတ် ကုသိုလ် ဂရုကံသည် သာလျှင် ရှေးမျှား လက်မွန် အကျိုးကို ဖြစ်စေ၏။

ထို့အတူ အကြိမ် များစွာ ပြုအပ် အကြိမ် များစွာ မှီဝဲအပ် သော ဗာဟုလ္လကံ, အကြိမ် များစွာ မပြုအပ် အကြိမ် များစွာ မမှီဝဲအပ်သော အဗာဟုလ္လကံတို့တွင်လည်း သီလ ရှိသည်လည်း ဖြစ်သော သီလ မရှိသည် မူလည်း ဖြစ်သော အကြင် ကံကို အကြိမ် များစွာ ပြုအပ်၏ အကြိမ်များစွာ မှီဝဲအပ်၏၊ ထိုအကြိမ်များစွာပြု အပ် အကြိမ်များစွာမှီဝဲအပ်သော အာစိဏ္ဏ ကံသည် သာလျှင် ရှေးမျှား လက်မွန် အကျိုး ပေး၏။

သေခါနီး ကာလ၌ အဖန် ဟလဲလဲ အောက်မေ့အပ်သော ကံသည် "အာသန္နကံ မည်၏၊ သင့်စွ—အကြင် ကံကို နီးသော သေခြင်း ရှိသော သူသည်၊ ဝါ—သေခါနီးသော သူသည် အဖန် တလဲလဲ အောက်မေ့ခြင်းငှါ စွမ်းနိုင်၏၊ ထို ကံဖြင့် သာလျှင် ဖြစ် ၏၊ ထိုမှ တပါး ထို သုံးပါးသော ကံတို့မှ လွတ်သော အဖန် တလဲလဲ အာသေဝန ပစ္စည်း ရရှိသော ကံသည် "ကဋတ္တာကံ" မည်သည် ဖြစ်၏၊ ထို ဂရုက အစရှိသော ကံ သုံးပါးတို့ မရှိမှ သာလျှင် ထို ကဋတ္တာကံသည် ပဋိသန္ဓေကို ငင်၏။

http://www.dhammadownload.com



## တနည်း ကံ လေးပါး

တမျိုး တစား အခြား တပါး ဖြစ်သော ကံသည်လည်း—

(၁) ဝိပါက် ကဋတ္တာ ရုပ်ကို ဖြစ်စေတတ်သော "ဇနက ကံ"ငင်း။

(၂) ထောက်ပံ့တတ် နိုင်စေတတ်သော "ဥပထမ္ဘက ကံ"ငင်း။

(၃) ကပ်၍ နှိပ်စက် ညှဉ်းဆဲတတ်သော "ဥပပီဠက ကံ"ငင်း။

(၄) ကပ်၍ ဖြတ်တတ် သတ်တတ်သော "ဥပဃာတက ကံ" ငင်း ဤသို့ လေးပါး အပြား ရှိ၏။

ထိုကံ လေးပါးတို့တွင် ဇနကကံ မည်သည် ကုသိုလ်သည် လည်း ဖြစ်၏၊ အကုသိုလ်သည် လည်း ဖြစ်၏၊ ထို ကုသိုလ် ဇနကကံ, အကုသိုလ် ဇနကကံသည် ပဋိသန္ဓေ အခါ၌ငင်း, ပဝတ္တိ အခါ၌ငင်း၊ ကဋတ္တာရုပ်၊ ဝိပါက် နာမက္ခန္ဓာတို့ကို ဖြစ်စေ၏။

ထိုမှတပါး ဥပထမ္ဘက ကံသည် ဝိပါက်ကို ဖြစ်စေခြင်းငှါ မတတ်နိုင်၊ အခြား တပါးသော ကံသည် ပဋိသန္ဓေကို ပေးအပ် သည် ရှိသော် ဝိပါက်ကို ဖြစ်စေအပ်သည် ရှိသော် ဖြစ်ဆဲ ဖြစ်သော ချမ်းသာ ဆင်းရဲကို ထောက်ပံ့တတ်၏၊ ရှည်စွာသော အဓွန့် ကာလပတ်လုံး ဖြစ်စေတတ်၏။

ဥပပီဠက ကံသည် အခြား တပါးသော ကံသည် ပဋိသန္ဓေကို ပေးသည် ရှိသော် ဝိပါက် အကျိုးတို့ကို ဖြစ်စေအပ်သော ဖြစ်ဆဲ ဖြစ်သော ချမ်းသာ ဆင်းရဲကို နှိပ်စက်တတ်၏၊ ညှဉ်းဆဲတတ်၏၊ ကြာမြင့်စွာသော ကာလပတ်လုံး ဖြစ်စေခြင်းငှါ အခွင့် မပေး။

ထိုမှတပါး ဥပဃာတကကံသည် မိမိသည် ကုသိုလ်သည်ငင်း, အကုသိုလ်သည်ငင်း ဖြစ်လတ်၍ မိမိမှ တပါးသော အားနည်း သော ကံကို ဖြတ်၍ သတ်၍ ထိုကံ၏ အကျိုး ဝိပါက်ကို တားမြစ်၍ မိမိ၏ အကျိုး ဝိပါက်၏ အခွင့်ကို ပြု၏။

http://www.dhammadownload.com



ဆက်၍ ဆိုအံ့—ဤသို့ ကံသည် အခွင့်ကို ပြုအပ်သည် ရှိသော် ထို ဝိပါက်ကို ဖြစ်သည် မည်၏ ဟူ၍ ဆိုအပ်၏၊ ဤသို့လျှင် ဤ တဆဲ့ နှစ်ပါးသော ကံတို့၏ အားရှိသည်၏ အဖြစ်, အား မရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အထူးအပြား သည်ရင်း, ဝိပါက်တို့၏ ယုတ်သည်၏ အဖြစ်, မြတ်သည်၏ အဖြစ် စသော အထူးအပြားသည်ရင်း သဗ္ဗညု ရှင်တော် ဘုရားတို့၏ ကံအထူး ဝိပါက် အထူးကို သိသော ဉာဏ်အား သာလျှင် မဖောက်မပြန် ဟုတ်မှန်သော မိမိ ကိစ္စအားဖြင့် ထင်ရှားသည် ဖြစ်၏၊ သာဝက အပေါင်းတို့နှင့် မဆက်ဆံချေ။

ထိုသို့ အသာဓာရဏ ဖြစ်သော်လည်း ဝိပဿနာ ရှုသော ပုဂ္ဂိုလ်သည် ကံတို့၏ အားရှိသည်၏ အဖြစ်, အား မရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ကံ အထူးအပြားကိုရင်း, ဝိပါက်တို့၏ ယုတ်သည်၏ အဖြစ်, မြတ်သည်၏ အဖြစ် စသော ဝိပါက် အထူး အပြားကိုရင်း တစိတ် တဒေသအားဖြင့် သိသင့်၏၊ ထိုသို့ အနည်းငယ် တစိတ် တဒေသအားဖြင့် သိသင့်သည်၏ အဖြစ် ကြောင့် အမြွက်မျှကို ပြသဖြင့် ဤကံ အထူးကို ငါသည် ပြအပ်၏။

ဤသို့ တဆဲ့ နှစ်ပါး အပြား ရှိသော ပစ္စုပ္ပန် ဝိပါက် အစဉ်၏ အကြောင်းမျှ ဖြစ်သော ဤ ကံ တစိတ် တဒေသကို အပေါင်း ဖြစ်သော ကမ္မဝဋ်၌ ထည့်၍ ဤသို့ တဦးသော ယောဂီသည် ကမ္မဝဋ် ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ် ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏။

ထို ယောဂီသည် ဤသို့ ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့် အကြောင်း ပစ္စယအားဖြင့် နာမ်ရုပ်၏ အဆက်ဆက် အဆင့်ဆင့် ဖြစ်ခြင်းကို မြင်၍ "ဤ နာမ်တရား ရုပ်တရားသည် ယခု မျက်မြင် ပစ္စုပ္ပန် ဘဝ၌ ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့် သာလျှင် ဥပထမ္ဘက ပစ္စယ အကြောင်းအားဖြင့် ဖြစ်သကဲ့သို့ ထို့အတူ အတိတ် အခွန့်၌လည်း ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့်

http://www.dhammadownload.com


သာလျှင် ဥပထမ္ဘက ပစ္စယ အကြောင်းအားဖြင့် ဖြစ်ဘူးပြီ၊ နောင် အနာဂတ် အခွန့်၌လည်း ကမ္မဝဋ် ဝိပါကဝဋ် အစွမ်းအားဖြင့် သာလျှင် ဥပထမ္ဘက အကြောင်း ပစ္စယအားဖြင့် ဖြစ်လတ့ံ"ဟု ဤသို့ ရုပ်နာမ်၏ အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏။

ဤသို့ ကံသည်၎င်း, ကံ၏ အကျိုးသည်၎င်း, ကံဟု ဆိုအပ်သော အဆင့်ဆင့် လည်သော တရားသည်၎င်း, ဝိပါက်ဟု ဆိုအပ်သော အဆင့်ဆင့် လည်သော တရားသည်၎င်း, ကံဟု ဆိုအပ်သော အဆင့်ဆင့် ဖြစ်သော တရားသည်၎င်း, ဝိပါက်ဟု ဆိုအပ်သော အဆင့်ဆင့် ဖြစ်သော တရားသည်၎င်း, ကံဟု ဆိုအပ်သော အကြောင်း အကျိုး အဖြစ်ဖြင့် စပ်သော အစဉ်သည်၎င်း, ဝိပါက်ဟု ဆိုအပ်သော အကြောင်း အကျိုး အဖြစ်ဖြင့် စပ်သော အစဉ်သည်၎င်း, အကျိုးကို ပြုတတ်သော တရားသည်၎င်း၊ ဝါ—မိမိ ပစ္စည်းတို့သည် ပြုအပ်သော တရားသည်၎င်း, ကိရိယာ၏ အကျိုးသည်၎င်း ဖြစ်၏။

"ကမ္မာ ဝိပါကာ ဝတ္တန္တိ, ဝိပါကော ကမ္မသမ္ဘဝေါ၊
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ, ဧဝံ လောကော ပဝတ္တတိ။"

"ကံကြောင့် အကျိုး ဝိပါက်တို့သည် ဖြစ်ကုန်၏၊ အကျိုး ဝိပါက်သည် ကံ ဟူသော ဖြစ်ကြောင်း ရှိ၏၊ ကံကြောင့် တဖန် ဘဝသစ်သည် ဖြစ်၏၊ ဤသို့ လောကသည် အဆင့်ဆင့် ဖြစ်၏။"

ဤသို့ ဝိပဿနာ ဉာဏ်စက္ခုဖြင့် အဖန်ဖန် ကြည့်ရှု၏၊ ဤပြဆိုပြီးသော နည်းဖြင့် အဖန် တလဲလဲ ရှုသော ထို ယောဂီအား အတိတ်ဖြစ်သော ခန္ဓကောဋ္ဌာသ စသည်တို့ကို ရည်မှတ်၍ "ငါသည် ဖြစ်ဘူးပြီလော" ဤသို့ စသော နည်းဖြင့် ဟောတော်မူအပ်သော တဆဲ့ ခြောက်ပါး အပြား ရှိသော ထို ဆိုအပ်ပြီးသော သဘောရှိသော အကြင် ဝိစိကိစ္ဆာသည် ရှိ၏၊ အလုံးစုံ ရှိရှိသမျှသော ထို ဝိစိကိစ္ဆာသည် ပျောက်၏။

http://www.dhammadownload.com



အလုံးစုံသော ဘဝ, အလုံးစုံသော ယောနိ, အလုံးစုံသော ဂတိ, အလုံးစုံသော ဝိညာဏဋ္ဌိတိ, အလုံးစုံသော သတ္တာဝါသတို့၌ အကြောင်း အကျိုး စပ်သည်၏ အစွမ်းဖြင့် အဆင့်ဆင့် ဖြစ်သော နာမ်ရုပ်မျှသည် သာလျှင် ထင်၏၊ ထို ယောဂီသည် အကြောင်း တရားထက် အလွန် ပြုတတ်သော မြဟ္မာ ဗိဿနိုး စသော ကတ္တားကို မမြင်၊ ဝိပါက်၏ အဆင့်ဆင့် ဖြစ်ခြင်းထက် အလွန် အကျိုး ဝိပါက်ကို ခံစားတတ်သော ပုဂ္ဂိုလ် ကတ္တားကို မမြင်။

စင်စစ်သော်ကား အကြောင်း တရားသည် ရှိသော် ပြုတတ်သောသူ "ကတ္တား" ဟူ၍ ဝိပါက်၏ အဆင့်ဆင့် ဖြစ်ခြင်းသည် ရှိသော် "ခံစားတတ်သောသူ" ဟူ၍ ပညတ်ကာ မျှဖြင့် ပညာရှိတို့သည် ခေါ်ဝေါ်ကြကုန်၏၊ ဤသို့ သာလျှင် ထို ယောဂီသည် သင့်တင့် လျောက်ပတ်စွာ မြင်တတ်သော ဝိပဿနာ ပညာဖြင့် ကောင်းစွာ မြင်အပ်သည် ဖြစ်၏၊ ထို့ကြောင့် ရှေး သူဟောင်းတို့သည်—

"ကမ္မဿ ကာရကော နတ္ထိ, ဝိပါကဿ စ ဝေဒကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ, ဧဝေတံ သမ္မဒဿနံ။
ဧဝံ ကမ္မေ ဝိပါကေ စ, ဝတ္တမာနေ သဟေတုကေ၊
ဗီဇရုက္ခာဒိကာနံဝ, ပုဗ္ဗာကောဋိ န နာယတိ။
အနာဂတေပိ သံသာရေ, အပ္ပဝတ္တံ န ဒိဿတိ၊
ဧတမတ္ထံ အနညာယ, တိတ္ထိယာ အသယံဝသီ။
သတ္တသညံ ဂဟေတွာန, သဿတုစ္ဆေဒဒဿိနော၊
ဒွါသဋ္ဌိဒိဋ္ဌိံ ဂဏှန္တိ, အညမညံ ဝိရောဓိတာ။
ဒိဋ္ဌိဗန္ဓနဗဒ္ဓါ တေ, တဏှာသောတေန ဝုယှရေ၊
တဏှာသောတေန ဝုယှန္တာ, န တေ ဒုက္ခာ ပမုစ္စရေ။
ဧဝမေတံ အဘိညာယ, ဘိက္ခု ဗုဒ္ဓဿ သာဝကော၊
ဂမ္ဘီရံ နိပုဏံ သုညံ, ပစ္စယံ ပဋိဝိဇ္ဈတိ။
ကမ္မံ နတ္ထိ ဝိပါကမှိ, ပါကော ကမ္မေန ဝိဇ္ဇတိ၊
အညမညံ ဥဘော သုညာ, န စ ကမ္မံ ဝိနာ ဖလံ။

http://www.dhammadownload.com


ယထာ န သူရိယေ အဂ္ဂိ, န မဏိမှိ န ဂေါမယေ၊
န တေသံ ဗဟိ သော အတ္ထိ, သမ္ဘာရေဟိ စ ဇာယတိ။
တထာ န အန္တော ကမ္မဿ, ဝိပါကော ဥပလဗ္ဘတိ၊
ဗဟိဒ္ဓါပိ န ကမ္မဿ, န ကမ္မံ တတ္ထ ဝိဇ္ဇတိ။
ဖလေန သုညံ တံ ကမ္မံ, ဖလံ ကမ္မေန ဝိဇ္ဇတိ၊
ကမ္မဉ္စ ခေါ ဥပါဒါယ, တတော နိဗ္ဗတ္တတေ ဖလံ။
န ဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ, သံသာရဿတ္ထိ ကာရကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ, ဟေတုသမ္ဘာရပစ္စယာ။"

"ကံကို ပြုတတ်သော သူသည် မရှိ၊ အကျိုး ဝိပါက်ကို ခံစားတတ်သော သူသည်လည်း မရှိ၊ သက်သက်သော နာမ်ရုပ် ဟု ဆိုအပ်သော တရားတို့သည် သာလျှင် ဖြစ်ကုန်၏၊ ဤသို့ ပြဆိုပြီးသော သဘော ရှိသော ထိုထိုသော ဉာဏ် အမြင်သည် သာလျှင် မဖောက် မပြန် ဟုတ်မှန်သော အမြင်သည် ဖြစ်၏။

မျိုးစေ့ သစ်ပင် စသည်တို့၏ ရှေး ဖြစ်သော အစွန်း အစကို မသိအပ် မသိနိုင် သကဲ့သို့ ထို့အတူ အကြောင်းနှင့် တကွ ဖြစ်သော ကံဝဋ်ဒုက္ခ ဝိပါက်ဝဋ်ဒုက္ခ ရှေး ဖြစ်သော အစကို မသိအပ် မသိနိုင်။

ရှေး ဘဝ၌ ဖြစ်သော အစ အစွန်းကို မသိနိုင် သကဲ့သို့ ထို့အတူ အနာဂတ် အစွန်း၌လည်း "ခန္ဓာနဉ္စ ပဋိပါဋိ" စသည်ဖြင့် ဟောတော်မူအပ်သော သံသရာသည် ရှိလတ်သော် ကံဝိပါက်တို့၏ မဖြစ်ခြင်းသည် မထင်၊ အဆက်ဆက် အဆင့်ဆင့် ဖြစ်ခြင်းသည် သာလျှင် ထင်၏၊ "ကမ္မဿ ကာရကော နတ္ထိ" စသည်ဖြင့် ဆိုအပ်ပြီးသော ဤ အနက်ကို မသိခြင်းကြောင့် တိတ္ထိတို့သည် မဖောက် မပြန် ဉာဏ် အမြင် ဟူသော မိမိ အလိုသို့ မလိုက်နိုင်ကြကုန်။

အကြင် တိတ္ထိတို့သည် ပရမတ္ထအားဖြင့် သတ္တဝါ ဖြစ်၏ ဟူသော အမှတ် သညာကို ယူကုန်၍ သဿတဒိဋ္ဌိ အယူ

http://www.dhammadownload.com



ဥစ္ဆေဒဒိဋ္ဌိ အယူ ရှိကုန်သည် ဖြစ်၍၊ ဝါ—သဿတ ဥစ္ဆေဒ အားဖြင့် ရှုကုန်သည် ဖြစ်၍ ခြောက်ဆဲ့ နှစ်ပါး သော မိစ္ဆာ အယူကို ယူကုန်၏၊ အချင်းချင်း အယူတို့ကို ဆန့်ကျင်စေကုန်သော၊ ဝါ—အယူအားဖြင့် အချင်းချင်း ဆန့်ကျင်ကြကုန်သော—

မိစ္ဆာဒိဋ္ဌိ ဟူသော အနှောင် အဖွဲ့ဖြင့် နှောင်ဖွဲ့ အပ်ကုန် သော ထို တိတ္ထိတို့သည် တဏှာ တည်းဟူသော ရေ အယဉ်ဖြင့် မျောကုန်၏၊ တဏှာ တည်းဟူသော ရေ အယဉ်ဖြင့် မျောကုန်သော ထို တိတ္ထိတို့သည် ဆင်းရဲ အပေါင်းမှ မလွတ်ကြကုန်။

ဤသို့ ထို ဆိုအပ်ပြီးသော အနက်ကို သမ္ဗုဒ္ဓ ရှင်တော် ဘုရား၏ တပည့်ဖြစ်သော ရဟန်းသည် ထူးသော ဉာဏ်ဖြင့် ကောင်းစွာ သိ၍ နက်နဲသော ဉာဏ်၏ အာရုံ ဖြစ်သော ကြောင့် နက်နဲစွာသော သိမ်မွေ့သော ဉာဏ်၏ အာရုံ ဖြစ်သောကြောင့် သိမ်မွေ့စွာသော သုညတာဝမှဆိတ်သော၊ ပါ—တပါးသည် တပါး၏ သဘောမှ ဆိတ်သော နာမ်ရုပ်၏ အကြောင်းကို ထိုးထွင်း၍ သိ၏။

ဝိပါက်၌ ကံသည် မရှိ, ဝိပါက်သည် ကံ၌ မရှိ၊ ကံနှင့် ဝိပါက် နှစ်ပါးတို့သည် အချင်းချင်း တပါးသည် တပါး၏ သဘောမှ ဆိတ်ကုန်၏၊ ကံကို ကြဉ်၍ အကျိုးသည် ဖြစ်လည်း မဖြစ်သလျှင်ကာတည်း။

နေ၌ မီးသည် မရှိ, သူရိယကန် ကျောက်၌ မီးသည် မရှိ, နွားချေး၌ မီးသည် မရှိ၊ ထို မီးသည် ထို နေ ကျောက် စသည်တို့၏ အပ၌လည်း မရှိ၊ နေပူ အစရှိသော အကြောင်း အဆောက်အဦတို့ကြောင့် သာလျှင် မီးသည် ဖြစ်သကဲ့သို့—

ထို့အတူ ကံ၏ အတွင်း၌ ဝိပါက်ကို မရအပ်၊ ကံ၏ ပြင်ပ၌လည်း ဝိပါက်ကို မရအပ်၊ ထို ဝိပါက်၌ ကံသည် လည်း မရှိ၊ ထို ကံသည် အကျိုးမှ ဆိတ်၏၊ အကျိုးသည်

http://www.dhammadownload.com



လည်း ကံ၌ မရှိ၊ အမှန် အစစ်ကား ကံကို သာ၍သာ စွဲ၍ ထို ကံကြောင့် အကျိုးသည် ဖြစ်၏။

ထို စကား မှန်၏—ဤ သတ္တ လောက၌ သံသရာကို ပြုလုပ် ဖန်ဆင်းတတ်သော နတ်သည်ရင်း မြဟ္မာသည်ရင်း မရှိ၊ အကြောင်း အပေါင်း ဟူသော အကြောင်းကြောင့်၊ ဝါ—ဇနက ဟူသော ဟေတု အကြောင်း၊ ဥပထမ္ဘက သမ္ဘာရ ဟူသော ပစ္စယ အကြောင်းကြောင့် နာမ်တရား သက်သက် ရုပ်တရား သက်သက်တို့သည် သာလျှင် အဆက်ဆက် အဆင့်ဆင့် ဖြစ်ကုန်၏”ဟူ၍ ဆိုတော်မူကုန်ပြီ။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် နာမ်ရုပ်၏ အကြောင်း တရား သိမ်းဆည်းခြင်းကို ပြုသောကြောင့် အဓွန့် သုံးပါးတို့၌ ဝိစိကိစ္ဆာကို ပယ်ဖြတ်ပြီးသော ထို ယောဂီအား ခပ်သိမ်း ကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန် တရားတို့သည် စုတိ ပဋိသန္ဓေ၏ အစွမ်းဖြင့် ထင်ရှားကုန်သည် ဖြစ်ကုန်၏။

ထို နာမ်ရုပ် သိမ်းဆည်းရာ၌ နာမ်ရုပ်၏ အကြောင်း သိမ်းဆည်းခြင်းကို ပြုကြောင်း ဖြစ်သော ပညာသည် ထို ယောဂီ၏ ပိုင်းခြားသည်၏ အစွမ်းအားဖြင့် သိခြင်း ရှိသော ပရိညာ ဉာဏ်သည် ဖြစ်၏။

ထို ယောဂီသည် ဤ ဆိုလတ္တံ့သော အခြင်း အရာအားဖြင့် အထူးထူး အပြားပြား သိ၏၊ အတိတ် ဘဝ၌ ကံဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော အကြင်ခန္ဓာတို့သည် ဖြစ်ကုန် ၏၊ အတိတ် ဘဝ၌ ကံကြောင့်ဖြစ်ကုန်သော ထို ခန္ဓာတို့သည် ထို အတိတ် ဘဝ၌ သာလျှင် ချုပ်ကုန်ပြီ၊ တနည်းတုံ—အတိတ်ကံ ဟူသော အကြောင်းကြောင့် ဤ ပစ္စုပ္ပန် ဘဝ၌ အတိတ် ဘဝ ခန္ဓာမှ တပါးကုန်သော ခန္ဓာ တို့သည် ဖြစ်ကုန်၏။

အတိတ် ဘဝမှ ဤ ပစ္စုပ္ပန် ဘဝသို့ လာသော တစုံတခုသော တရားသည်လည်း မရှိ၊ ဤ ပစ္စုပ္ပန် ဘဝ၌လည်း ကံဟူသော

http://www.dhammadownload.com



အကြောင်းကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည် အမြဲ မတည် ရှည် မကြာ ချုပ်ကုန်လတ့်၊ တဖန် ဘဝသစ်၌ တပါး တခြား ကုန်သော ခန္ဓာတို့သည် ကံတည်းဟူသော အကြောင်းကြောင့် ဖြစ်ကြကုန်လတ့်၊ ဤ ပစ္စုပ္ပန် ဘဝမှ တဖန် ဘဝသစ်သို့ တခုသော တရားသည် မျှလည်း မသွားလတ့်။

စင်စစ်သော်ကား ဆရာ၏ ခံတွင်းမှ သရဇ္ဈာယ်သံသည် အန္တေဝါသိက တပည့်၏ ခံတွင်းသို့ မဝင်၊ ထို ဆရာ၏ သရဇ္ဈာယ်ခြင်း ဟူသော အကြောင်းကြောင့် ထို တပည့်၏ ခံတွင်း၌ သရဇ္ဈာယ် ခြင်းသည် မဖြစ်သည်လည်း မဟုတ် ဖြစ်သည်သာတည်း။

သူနာ စေခိုင်းအပ်သော တမန်သည် ဆေးဆရာ၏ မန္တရားရေကို၊ ဝါ—ရေမန်းကို သောက်၏၊ ထို တမန် သောက်သော ရေမန်းသည် မကျန်း မမာ ရောဂါသည်၏ ဝမ်းသို့ မဝင်၊ ထို ရေမန်းကို တမန်က· သောက်ခြင်း ဟူသော အကြောင်းကြောင့် ထို သူနာ၏ ရောဂါသည် မငြိမ်းသည်လည်း မဟုတ် ငြိမ်းသည် သာလျှင်တည်း။

မျက်နှာ၌ ပြုပြင် ဆင်ယင် ထားသော တန်ဆာသည် ကြေးမုံပြင် "မှန်" စသည်တို့၌ ထင်သော မျက်နှာရိပ်သို့ မသွား၊ ထို မျက်နှာ၌ ပြုပြင် ဆင်ယင်အပ်သော တန်ဆာ ဟူသော အကြောင်းကြောင့် ထို ကြေးမုံပြင် "မှန်" အစရှိသည်တို့၌ ပြုပြင် ဆင်ယင်အပ်သော တန်ဆာသည် မထင်သည်လည်း မဟုတ်, သေသေချာချာ ထင်သည်သာလျှင်တည်း။

တခုသော ဆီမီးစာမှ ဆီမီးလျှံသည် အခြား တပါးသော ဆီမီးစာသို့ မပြောင်း မရွှေ့ မလိုက် မသွား၊ ထို မူလ ဆီမီးစာ၌ တည်သော မီးလျှံ ဟူသော အကြောင်းကြောင့် ထို အခြား တပါးသော မီးစာ၌ ဆီမီးလျှံသည် မဖြစ်သည်ကား မဟုတ်, ဖြစ်သည် သာလျှင်တည်း။

ထို့အတူ အတိတ် ဘဝဟောင်းမှ ဤ ပစ္စုပ္ပန် ဘဝသစ်သို့ တစုံတခု ခန္ဓာဟူသော တရားသည် မပြောင်း မရွှေ့ မရွှေ့ မလိုက်၊

http://www.dhammadownload.com



ဤ ပစ္စုပ္ပန် ဘဝမှ မူလည်း တဖန် ဘဝသစ်သို့၊ ဝါ—အနာဂတ် ဘဝသို့ တစုံတရာ ခန္ဓာ ဟူသော တရားသည် မပြောင်း မရွှေ့ မရွေ့ မလိုက်။

အတိတ် ဘဝဟောင်း၌ ခန္ဓာ အာယတန ဓာတ် ဟူသော အကြောင်းကြောင့် ဤ ပစ္စုပ္ပန် ဘဝ၌ ခန္ဓာ အာယတန ဓာတ် တို့သည် မဖြစ်သည်ကား မဟုတ်, အမှန် စင်စစ် ဖြစ်သည် သာလျှင် ဖြစ်၏၊ ဤ ပစ္စုပ္ပန် ဘဝ၌မူလည်း ဖြစ်ကုန်သော ခန္ဓာ အာယ-တန ဓာတ်တို့သည် မဖြစ်ကုန်သည်ကား မဟုတ်, အမှန် စင်စစ် ဖြစ်ကုန်သည် သာလျှင် ဖြစ်၏၊ ဤသို့ အထူးထူး အပြားပြား အားဖြင့် သိ၏။

“ယထေဝ စက္ခုဝိညာဏံ, မနောဓာတု အနန္တရံ၊
န စေဝ အာဂတံ နာပိ, န နိဗ္ဗတ္တံ အနန္တရံ။
တထေဝ ပဋိသန္ဓိမှိ, ဝတ္တတေ စိတ္တသန္တတိ၊
ပုရိမံ ဘိဇ္ဇတိ စိတ္တံ, ပစ္ဆိမံ ဇာယတေ တတော။
တေသံ အန္တရိကာ နတ္ထိ, ဝီစိ တေသံ န ဝိဇ္ဇတိ၊
န စိတော ဂစ္ဆတိ ကိဉ္စိ, ပဋိသန္ဓိ စ ဇာယတိ။”

“ကြိယာ မနောဓာတ်၏ အခြားမဲ့၌ ရအပ်သော စက္ခု ဝိညာဉ်သည် ကြိယာ မနောဓာတ်မှ လာသည်လည်း မဟုတ်၊ အဘယ့်ကြောင့်နည်း ဟူမူကား၊ ကြိယာ မနော ဓာတ်၌ လာစရာ ဖြစ်သော စက္ခု ဝိညာဉ်၏ မရှိခြင်း ကြောင့်တည်း၊ ထို ကြိယာ မနောဓာတ်၏ အခြားမဲ့၌ ပစ္စည်း၏ ညီညွတ်ခြင်းကို ရသဖြင့် မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည် သာလျှင် ဖြစ်သကဲ့သို့ပင်။

ထို့အတူ ပဋိသန္ဓေ အခါ၌ စိတ်၏ အစဉ်သည် ဖြစ်၏၊ ရှေး ဖြစ်ပြီးသော စိတ်သည် ပျက်၏၊ ထိုသို့ စုတိစိတ်မှ အခြားမဲ့၌ နောက် ဖြစ်သော ပဋိသန္ဓေ စိတ်သည် ဖြစ်၏။

ထို စုတိစိတ် ပဋိသန္ဓေ စိတ်တို့၏ အကြား၌ ခြားဆီး ခြင်းကို ပြုတတ်သော တစုံတခုသော တရားသည် မရှိ၊

http://www.dhammadownload.com



ထို စုတိစိတ် နှင့် ပဋိသန္ဓေ စိတ်တို့၏ အလယ် အကြား သည် မရှိ၊ ဤ စုတိစိတ်မှ တစုံတခုသော တရားသည် သွားသည်လည်း မဟုတ်၊ ပဋိသန္ဓေ ဝိညာဉ်သည်ကား စုတိစိတ်မှ တပါးဖြစ်၍ သာလျှင် အကြောင်းအား လျော်စွာ ဖြစ်၏၊ ဤသို့ အပြားအားဖြင့် သိအပ်၏။”

ဤသို့ ပြဆိုပြီးသော နည်းဖြင့် စုတိ ပဋိသန္ဓေ၏ အစွမ်းဖြင့် သိအပ်ပြီးသော အလုံးစုံသော တေဘူမက တရားရှိသော ယောဂီ ၏ ခပ်သိမ်းသော အခြင်းအရာအားဖြင့် နာမ်ရုပ်၏ အကြောင်း ပစ္စည်းကို သိမ်းဆည်းသော ဉာဏ်သည် သန်မာ လျင်မြန်သော အားအစွမ်းသို့ ရောက်သည် ဖြစ်၏၊ အဘယ့်ကြောင့်နည်း၊ များစွာ သော အခြင်း အရာဖြင့် ပြွမ်းသော အကြောင်း ပစ္စည်းကို သိမ်းဆည်းသော အစီ အရင်၏ ဆန့်ကျင်ဘက် တရားတို့ကြောင့် မလှုပ်မကြွ ခိုင်ခံ့စွာ တည်သည်၏ အဖြစ်ကြောင့်တည်း။

တဆဲ့ ခြောက်ပါး အပြား ရှိသော ယုံမှားခြင်းသည် လွန်မင်း စွာ ပျောက်ကင်း၏၊ အစွန် သုံးပါး၌ တည်သော နာမ်တရား ရုပ်တရားတို့၏ ဖြစ်ခြင်း၌ တွေဝေခြင်း ကင်းသည်၏ အဖြစ် ကြောင့်တည်း၊ သက်သက်သော်ကား ထို ယုံမှားခြင်း တဆဲ့ ခြောက်ပါးသည် သာလျှင် ပျောက်ကင်းသည် မဟုတ်သေး “မြတ်စွာ ဘုရား၌ ယုံမှား၏” ဤသို့ အစရှိသော နည်းဖြင့် ဖြစ်သော ယုံမှားခြင်း ရှစ်ပါးသည်လည်း ပျောက်ကင်းသည် သာလျှင်တည်း။

မိစ္ဆာဒိဋ္ဌိ အယူ ခြောက်ဆဲ့နှစ်ပါးတို့သည်လည်း ကင်းကွာ ကုန်သည်သာတည်း၊ ဤသို့ အထူးထူး အပြားပြား များသော နည်းတို့ဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းဖြင့် အစွန် သုံးပါးတို့၌ ယုံမှားခြင်းကို ဖျောက်ပယ် ချွတ်ခွါ၍ တည်သော ဉာဏ်ကို “ကင်္ခါဝိတရဏဝိသုဒ္ဓိ” ဟူ၍ သိအပ်၏။

ဓမ္မဋ္ဌိတိ ဉာဏ် ဟူသော အမည်သည်၎င်း, ယထာဘူတဉာဏ် ဟူသော အမည်သည်၎င်း, သမ္မာဒဿနဉာဏ် ဟူသော အမည်

http://www.dhammadownload.com



သည်ဂုဏ်း ထို ကဲ့သို့ ဝိတရဏာဝိသုဒ္ဓိ၏ သာလျှင်ပရိယာယ် ဝေဝုစ်တို့တည်း၊ ထို စကား မှန်၏—

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ပစ္စယသမုပ္ပန္နာ၊ ဥဘောပေတေ ဓမ္မာ ပစ္စယသမုပ္ပန္နာတိ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ။"

"အဝိဇ္ဇာသည် ဟေတု သဟဇာတ စသော သတ္တိဖြင့် သင်္ခါရတို့အား ထိုက်သည် အားလျော်စွာ ကျေးဇူး ပြုတတ်၏၊ ထိုသို့ အဝိဇ္ဇာက ကျေးဇူး ပြုတတ်သည်၏ အဖြစ်ကြောင့် သာလျှင် သင်္ခါရတို့သည် အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ အဝိဇ္ဇာသည်လည်း အာသဝေါ စသည်တို့၏ အစွမ်းဖြင့် အကြင့်ကြောင့် အကြောင်း ပစ္စည်းကြောင့် ဖြစ်သည် သာတည်း၊ ထို့ကြောင့် ထို အဝိဇ္ဇာ သင်္ခါရ တရား နှစ်ပါးတို့သည် သင့်လျော်သော အကြောင်း ပစ္စည်းကြောင့်သာ ဖြစ်ကုန်၏၊ ဤသို့ အကြောင်း ပစ္စည်းကို သိမ်းဆည်းခြင်း၌ ဖြစ်သော ပညာသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏" ဟူသော ထို စကားကို ဘုရား ဟောတော်မူ၏။

အနိစ္စအားဖြင့်၊ ဝါ—အတည် အစွဲ အမြဲ မရှိသော သဘောအားဖြင့် အနိစ္စ, အနိစ္စ ဟူ၍ အဖန် တလဲလဲ အမြဲ ယူကြိုး နှလုံးသွင်းသော ပုဂ္ဂိုလ်သည် အဘယ် တရားတို့ကို မဖောက် မပြန် ဟုတ်မှန်သော သဘော အလျောက် သိသနည်း မြင်သနည်း၊ အဘယ်သို့သော အကြောင်းကြောင့် မဖောက် မပြန် အစစ် အမှန် မြင်တတ်သည် မည်သည်ဖြစ်သနည်း၊ အဘယ်သို့ မြင်အပ်ပြီးသည်ကို အစဉ်မှီးသဖြင့် ခပ်သိမ်း ကုန်သော သင်္ခါရတို့သည် အနိစ္စအားဖြင့်၊ ဝါ—အနိစ္စ,အနိစ္စ ဟူ၍ ကောင်းစွာ မြင်အပ်ကုန်သနည်း၊ အဘယ် တရား၌ ယုံမှားခြင်းသည် ပျောက်ကင်းသနည်း၊ ဒုက္ခအားဖြင့်၊ ဝါ—ဒုက္ခ,ဒုက္ခဟူ၍ အနတ္တအားဖြင့်၊ ဝါ—အနတ္တ, အနတ္တ ဟူ၍ အဖန် တလဲလဲ အမြဲ ယူကြိုး နှလုံးသွင်းသော ယောဂီသည် အဘယ် တရားတို့ကို မဖောက် မပြန် ဟုတ်မှန်သော သဘော

http://www.dhammadownload.com



အလျောက် သိသနည်း မြင်သနည်း၊ . . . . (လ) . . . . အဘယ် တရား၌ ယုံမှားခြင်းသည် ပျောက်ကင်းသနည်း ဤသို့ အမေး ပုစ္ဆာ ပြုသနာ ဖြစ်လတ်သော်—

အဖြေကား—

အနိစ္စအားဖြင့်၊ ဝါ—အနိစ္စ, အနိစ္စ ဟူ၍ အဖန် တလဲလဲ အမြဲ ယှုကြိုး နှလုံး သွင်းသော ယောဂီသည် သင်္ခါရ နိမိတ်ကို၊ ဝါ—ဃနသညာ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် နိမိတ္တ မည်သော သင်္ခါရ ပဉ္စက္ခန္ဓာကို၊ ဝါ—လုံးလုံး လျောင်း လျောင်း တရားကိုယ် အထည် ရှိသည်၏ အဖြစ်ဖြင့် ဉာဏ်အား ထင်ခြင်းကြောင့် နိမိတ္တ မည်သော ပဉ္စက္ခန္ဓာကို မဖောက် မပြန် ဟုတ်မှန်စွာ သိ၏ မြင်၏။

ထိုသို့ ယထာဘူတ မြင်ခြင်းကြောင့် မဖောက် မပြန် အမှန် မြင်တတ်သော တရားကို သမ္မာဒဿနဉာဏ် ဟူ၍ ဆိုအပ်၏၊ ဤသို့ ပစ္စက္ခ မျက်မှောက်အားဖြင့် သိအပ်သည်ကို အစဉ် မှီးသဖြင့် ခပ်သိမ်းကုန်သော သင်္ခါရတို့သည် အမြဲ မရှိ အနိစ္စ စင်စစ်သာ တကားဟု မဖောက် မပြန် အမှန် ထင်ထင် မြင်အပ်ကုန်၏၊ ဤ ယခင် မြင်အပ်ပြီးသော တရားတို့၌ ယုံမှားခြင်းသည် ပျောက်ကင်း၏။

ဒုက္ခအားဖြင့် ဒုက္ခ, ဒုက္ခ ဟူ၍၊ ဝါ—ဆင်းရဲခြင်း အစစ်သာ တကား ဟု အဖန် တလဲလဲ အမြဲ ယှုကြိုး နှလုံးသွင်းသော ယောဂီသည် ဖြစ်သော ကိလေသအဘိသင်္ခါရတို့ကြောင့် အဆင့် ဆင့် ဖြစ်သော ဥပါဒိဏ္ဏကက္ခန္ဓာကို မဖောက် မပြန် အဟုတ် အမှန် သိ၏ မြင်၏။

အနတ္တအားဖြင့် အနတ္တ, အနတ္တ ဟူ၍၊ ဝါ—အတ္တမဟုတ်, အနှစ် သာရ မရှိ, အစိုး မရ, အကာ အတိသာ တကားဟု အဖန် တလဲလဲ အမြဲ ယှုကြိုး နှလုံးသွင်းသော ယောဂီသည် သင်္ခါရ နိမိတ်ကိုရင်း၊ ဝါ—ဃနသညာ ဖြစ်ခြင်း၏ အကြောင်း၏

အဖြစ်ကြောင့် နိမိတ္တ မည်သော သညာ၏ ပဋ္ဌကာနဲ့ဘကိုင်း၊ ဝါ— လုံးလုံး လျောင်းလျောင်း တရားကိုယ် အထည် ရှိသည်၏ အဖြစ်ဖြင့် ဉာဏ်အား ထင်ခြင်းကြောင့် နိမိတ္တ မည်သော ပဋ္ဌကာနဲ့ဘကိုင်း, ကိလေသ အဘိသင်္ခါရတို့ကြောင့် အဆင့်ဆင့် ဖြစ်သော ဥပါဒိန္နကကာနဲ့ဘကိုင်း မဖောက် မပြန် ဟုတ်မှန်သည့် အလျောက် သိ၏ မြင်၏၊ ထိုသို့ ယထာဘူတ မြင်ခြင်းကြောင့် မဖောက် မပြန် အမှန် မြင်တတ်သော သမ္မာဒဿနဉာဏ် ဟူ၍ ဆိုအပ်၏။

ထိုသို့ မျက်မှောက် ပစ္စက္ခအားဖြင့် သိအပ် မြင်အပ်သည်ကို အစဉ် မှီးသဖြင့် ခပ်သိမ်းကုန်သော သဘော တရားတို့သည် အနတ္တအားဖြင့်၊ ဝါ—အတ္တမဖြစ်, စင်စစ် အနှစ်သာရ မရှိလေစွ တကား ဟု ပိုင်းခြား၍ မဖောက် မပြန် အမှန် ထင်ထင် မြင်ကုန်၏၊ ဤ ယခင် မြင်အပ်ပြီးသော တရားတို့၌ ယုံမှား ခြင်းသည် ပျောက်ကင်း၏။

အကြင် အကြင် ယထာဘူတဉာဏ်သည်၎င်း, အကြင် အကြင် သမ္မာဒဿန ဉာဏ်သည်၎င်း, အကြင် အကြင် ကင်္ခါဝိတရဏ ဉာဏ်သည်၎င်း ရှိ၏၊ ဤ ဉာဏ် ပညာ တရား သုံးပါးတို့သည် ထူးသော အနက် ရှိကုန်သလော၊ ဝါ—အနက်အားဖြင့် ထူးထူး ခြားခြား ရှိကြသေးသလော၊ သဒ္ဒါအားဖြင့် ထူးခြားသေး သလော၊ သို့မဟုတ် အနက်အားဖြင့် မထူးမခြား တူကြကုန် သလော၊ သဒ္ဒါမျှသည် သာလျှင် ထူးခြားသလော၊ ဤကား အမေးတည်း။

**အဖြေကား—**

အကြင် ယထာဘူတ ဉာဏ်သည်၎င်း, အကြင် သမ္မာဒဿန ဉာဏ်သည်၎င်း, အကြင် ကင်္ခါဝိတရဏ ဉာဏ်သည်၎င်း ရှိ၏၊ ဤ ဉာဏ် ပညာ တရား သုံးပါးတို့သည် တူသော အနက် ရှိကုန်၏၊ ဝါ—အနက်အားဖြင့် တူကုန်၏၊ သဒ္ဒါမျှသည် သာလျှင် ထူး၏၊ ဤကား အဖြေတည်း။

http://www.dhammadownload.com



အကျိုး ကြီးမားပုံကို ဆိုဦးအံ့—ဤသို့ ပြဆိုခဲ့ပြီးသော ယထာဘူတ, သမ္မာဒဿန, ကင်္ခါဝိတရဏာခေါ် ဉာဏ်နှင့် ပြည့်စုံသော ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်သော ယောဂီသည် သဗ္ဗညု ရှင်တော် ဘုရား၏ သာသနာတော်၌ သက်သာရာကို ရသည်, ထောက်ရာ တည်ရာကို ရသည်, မြဲသော သုဂတိ ရှိသည် ဖြစ်၍ "စူဠသောတာပန်" မည်သည် ဖြစ်၏။

"တသ္မာ ဘိက္ခု သဒါ သတော, နာမရူပဿ သဗ္ဗသော၊ ပစ္စယေ ပရိဂ္ဂဏှေယျ, ကင်္ခါဝိတရဏတ္ထိကော။"

"ထိုသို့ ယထာဘူတ ဉာဏ်၏ မဟာနိသံသ ရှိသည်၏ အဖြစ်ကြောင့် သံသရာ ဘေးကို ရှုသော ယောဂီသည် ကင်္ခါဝိတရဏာ ဉာဏ်ကို အလိုရှိသည် ဖြစ်၍ နေ့ညဉ့် မစဲ အမြဲ မပြတ် သမ္မာသတိနှင့် ပြည့်စုံသည် ဖြစ်၍ နာမ်ရုပ်၏ ပစ္စယ အကြောင်းတို့ကို သိမ်းဆည်းသောအား အလုံးစုံသော အခြင်းအရာ အပြားဖြင့် သိမ်းဆည်း ဆင်ခြင်ရာ၏။"

၁၉-ကင်္ခါဝိတရဏာဝိသုဒ္ဓိ နိဒ္ဒေသပိုင်း ပြီး၏။

http://www.dhammadownload.com

## ၂၀—မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း

ဤ ဥပက္ကိလေသမှ လွတ်သော ခရီးမှန် သွားသော ဝိပဿနာ ပညာသည် အရိယမဂ်၏ ရှေ့ အဘို့ ဖြစ်သော ခရီးမှန် လမ်းရိုး တည်း၊ ဤ ဩဘာသ စသည့် အပြားရှိသော ဥပက္ကိလေသ ဆယ်ပါးသည် အရိယမဂ်၏ ရှေ့ အဘို့၌ ဖြစ်သော ခရီးမှန် လမ်းရိုး မဟုတ် ကောက်ကျစ် လွဲချော်သော ခရီးမှားတည်း ဟု ဤသို့လျှင် အရိယမဂ်၏ ရှေ့ အဘို့၌ ဖြစ်သော ခရီးမှန် လမ်းရိုးကိုင်း, ခရီးမှန် လမ်းရိုး မဟုတ် ကောက်ကျစ် လွဲချော်သော ခရီးမှား ကိုင်း မဖောက် မပြန် ကောင်းစွာ မှတ်သား၍ တည်သော ဉာဏ်သည် "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" မည်၏၊ ခရီးမှားမှန်ကို သိတတ် မြင်တတ်သည် ဖြစ်၍ ကိလေသာ အပြစ် အညစ် အကြေးမှ စင်ကြယ်သော ဉာဏ်ဟုဆိုလိုသည်။

ထို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသောယောဂီ သည် အတိတ် စသည်တို့၏ အစွမ်းအားဖြင့် များသော အပြား အားဖြင့် ကွဲပြားကုန်သော တရားတို့ကို ကလာပ် အပေါင်း အစည်းအားဖြင့် ဖွဲ့စည်း စုရုံး၍ သုံးသပ်သော ဉာဏ်ဟု ဆိုအပ် သော "ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ" စသော နည်းဖြင့် နာမ်ရုပ် တရားတို့ကို အထူးထူး အပြားပြား ရှုတတ်သော ဝိပဿနာ ပညာ၌ အစဉ်သဖြင့် အားထုတ်ခြင်းကို ပြုအပ်၏ ပြုရမည်။

အဘယ့်ကြောင့် ပြုအပ်သနည်း၊ အားထုတ် အပ်သော ဝိပဿနာ ရှိသော ယောဂီအား ဩဘာသ စသည်တို့၏ ဖြစ်ခြင်း သည် ရှိလတ်သော် မဂ္ဂါမဂ္ဂဉာဏ်၏ ဖြစ်သင့်သည်၏ အဖြစ် ကြောင့်တည်း၊ ဝိပဿနာ ဘာဝနာကို ပြင်းစွာ အားထုတ်သော ယောဂီအား ဩဘာသ စသည်တို့သည် ဖြစ်ကုန်သည် ရှိသော် မဂ္ဂါမဂ္ဂ ဉာဏ်သည် ဖြစ်၏၊ ဝိပဿနာ၌ ကလာပ် အပေါင်း အစည်း အားဖြင့် သုံးသပ်ခြင်းသည် အစ မူလတည်း၊ ထို့ကြောင့်

http://www.dhammadownload.com



ထို အပေါင်း အစည်းအားဖြင့် သုံးသပ်ခြင်းကို ကလာပ်ဝိတရဏာ ဉာဏ်၏ အခြားမဲ့၌ ပြအပ်၏။

ကနည်းတုံ—တီရဏ ပရိညာသည် ဖြစ်ဆဲ ဖြစ်လတ်သော် မဂ္ဂါမဂ္ဂဉာဏ်သည် အကြောင်းကြောင့် ဖြစ်၏၊ တီရဏပရိညာ သည်လည်း ဉာတ ပရိညာ၏ အခြားမဲ့၌ အကြောင်းကြောင့် ဖြစ်၏၊ ထို့ကြောင့်လည်း ထို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကို ပြည့်စုံ စေလိုသော ယောဂီသည် ကလာပ် အပေါင်း အစည်းအားဖြင့် သုံးသပ်ခြင်း၌ ရှေးဦးစွာ အားထုတ်ခြင်းကို ပြုသင့်၏။

## ပရိညာ ၃-ပါး အဆုံးအဖြတ်

"ထို တီရဏပရိညာသည် ဉာတပရိညာ၏ အခြားမဲ့၌ ဖြစ်၏" ဆိုရာဝယ် ဤဆိုလတ္တံ့သည်ကား သရုပ်အားဖြင့် ဆုံးဖြတ်ခြင်း, ဘုံအားဖြင့် ဆုံးဖြတ်ခြင်း, ကိစ္စအားဖြင့် ဆုံးဖြတ်ခြင်းတည်း၊ ချဲ့ဦးအံ့—လောကီ ဖြစ်သော ပရိညာတို့သည် ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ ဟူ၍ သုံးပါး ရှိကုန်၏၊ အကြင် ပရိညာ သုံးပါးကို ရည်၍—

"အဘိညာပညာ ဉာတဋ္ဌေန ဉာဏံ၊ ပရိညာပညာ တီရဏဋ္ဌေန ဉာဏံ၊ ပဟာနပညာ ပရိစ္စာဂဋ္ဌေန ဉာဏံ။"

"သဘာဝ တရားတို့၏ လက္ခဏာကို ကောင်းစွာ မှတ်သော အားဖြင့် ဥဿယျမ်တို့ကို ရှုရှု သိသော အဘိညာ ပညာကို အဘိညေယျ တရားတို့ကို သိခြင်း ဟူသော အကြောင်းကြောင့် ဉာဏ် ဟူ၍ ဆိုအပ်၏၊ အနိစ္စ စသော လက္ခဏာတို့ကို ပိုင်းခြား၍ သိသော ပရိညာ ပညာကို စုံစမ်းတတ် သုံးသပ်တတ်သည်၏ အဖြစ် ဟူသော အကြောင်းကြောင့် ဉာဏ်ဟူ၍ ဆိုအပ်၏၊ ပယ်အပ်သော ပဟာတဗ္ဗ တရားတို့ကို ပယ်ဖြတ်တတ် စွန့်ပစ်တတ်သော ပဟာနပညာကို ပဟာတဗ္ဗ တရားတို့ကို ပယ်ခြင်း စွန့်ခြင်း ဟူသော အနက် သဘောကြောင့် ဉာဏ်ဟူ၍ ဆိုအပ်၏"

ဟူ၍ မြတ်စွာ ဘုရား ဟောကြားတော်မူအပ်၏။

http://www.dhammadownload.com



ထို လောကီ ပရိညာ သုံးပါးတို့တွင် ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာ ရှိ၏၊ ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ ရှိ၏၊ ဤနည်းဖြင့် ထိုထို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ စသော တရားတို့၏ မိမိ မိမိတို့၏ လက္ခဏာကို အသီး အသီး ကောင်းစွာ မှတ်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ပညာသည် "ဉာတပရိညာ" မည်၏။

ရုပ်သည် မမြဲ, ဝေဒနာသည် မမြဲ၊ ဤသို့ အစရှိသော နည်းဖြင့် ထိုထို မိမိ မိမိတို့၏ အသီးသီးသော လက္ခဏာကို ကောင်းစွာ မှတ်သောအားဖြင့် ယူအပ်ကုန်သော တေဘူမက တရားတို့၏ သာလျှင် အလုံးစုံတို့အား ဆက်ဆံသော အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော သာမည လက္ခဏာကို တင်၍ ဖြစ်သော အနိစ္စတာ စသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာသည် အနိစ္စတာ စသော လက္ခဏာကို စုံစမ်းတတ် သုံးသပ်တတ် ပိုင်းခြား၍ သိတတ်သော "တီရဏပရိညာ" မည်၏။

ထို ပစ္စတ္တလက္ခဏာ, သာမညလက္ခဏာကို ကောင်းစွာ မှတ်အပ်သည်၏ အစွမ်းဖြင့် ယူအပ်ကုန်သော တေဘူမက တရားတို့၌ သာလျှင် မြဲ၏ဟု မှတ်သားသော သညာ စသည်ကို ပယ်စွန့်သည်၏ အစွမ်းအားဖြင့် ဖြစ်သော အနိစ္စတာ အစရှိသော လက္ခဏာလျှင် အာရုံ ရှိသော ဝိပဿနာ ပညာသည် ပဟာတဗ္ဗ ဓမ္မကို စွန့်ပစ် ပယ်ဖြတ်တတ်သော "ပဟာနပရိညာ" မည်၏။

ထို ပရိညာ သုံးပါးတို့တွင် နာမ်ရုပ်ကို ပိုင်းခြား မှတ်သားသော ပညာမှ စ၍ နာမ်ရုပ်၏ ပစ္စယ အကြောင်းကို သိမ်းဆည်းသည် တိုင်အောင် ဉာတ ပရိညာ၏ အရာ မည်၏၊ သင့်စွ—ထို နာမ်ရုပ်ကို ပိုင်းခြားခြင်း နာမ်ရုပ်၏ အကြောင်း ပစ္စည်းကို သိမ်းဆည်းခြင်း တို့၏ အတွင်း၌ တေဘူမက တရားတို့၏ အသီး အသီး မိမိ မိမိတို့၏ လက္ခဏာကို ထိုးထွင်း၍ သိခြင်း၏ သာလျှင် အကြီး အကဲ အစိုးရသည်၏ အဖြစ် မည်သည် ဖြစ်၏။

အပေါင်း အစည်း ကလာပ်အားဖြင့် သုံးသပ်သည်မှ စ၍ ဖြစ်ခြင်း ပျက်ခြင်းကို အဖန် တလဲလဲ ရှုသော ဥဒယဗ္ဗယ ဉာဏ်

http://www.dhammadownload.com



တိုင်အောင် တီရဏ ပရိညာ၏ အရာသည် ဖြစ်၏၊ ထို အပေါင်း အစည်းအားဖြင့် သုံးသပ်ခြင်း ကလာပ သမ္မသန နှင့် အဖြစ် အပျက်ကို ရှုခြင်း ဥဒယဗ္ဗယ၏ အတွင်း၌ တေဘူမက တရားတို့၏ အနိစ္စ စသော သာမည လက္ခဏာကို ထိုးထွင်း၍ သိခြင်း၏ သာလျှင် အကြီး အကဲ အစိုးရသည်၏ အဖြစ် မည်သည် ဖြစ်၏။

အဖြစ်ကို လွှတ်၍ ပျက်ခြင်း ချုပ်ခြင်းကိုသာ အဖန် တလဲလဲ ရှုခြင်း ဘင်္ဂါနုပဿနာကို အစ ပြု၍ အထက်၌ ပဟာန ပရိညာ၏ အရာ မည်သည် ဖြစ်၏၊ ထို စကား မှန်၏၊ ထို ဘင်္ဂါနုပဿနာမှ စ၍ အနိစ္စ အခြင်း အရာအားဖြင့် ရုပ်နာမ် တရားတို့ကို သုံးသပ် သည် ဖြစ်၍ နိစ္စသညာကို စွန့်ပယ်၏။

ဒုက္ခ အခြင်း အရာအားဖြင့် ရုပ်နာမ် တရားတို့ကို သုံးသပ်သည် ဖြစ်၍ ဤ ရုပ်နာမ် သင်္ခါရတို့ကား သုခပင်ဟု ဖြစ်သော သုခ သညာကို စွန့်ပယ်၏၊ အနတ္တ အခြင်း အရာအားဖြင့် သင်္ခါရတို့ကို သုံးသပ်သည် ဖြစ်၍ အတ္တ သညာကို စွန့်ပယ်၏၊ ငြီးငွေ့သော အခြင်း အရာဖြင့် သုံးသပ် ဆင်ခြင်သည် ဖြစ်၍ အလွန် နှစ်သက် တတ်သည့် သပ္ပီတိက တဏှာကို စွန့်ပစ် ပယ်ဖြတ်၏။

စက်ဆုပ်ဘွယ်သော အခြင်း အရာအားဖြင့် အဖန် တလဲလဲ ရှုသော ဝိရာဂါနုပဿနာဖြင့် စက်ဆုပ် ရွံရှာသည်၏ အစွမ်း အားဖြင့် အဖန် တလဲလဲ ရှုဆင်ခြင်သည် ဖြစ်၍ ရုပ်နာမ် သင်္ခါရတို့၌ တပ်မက်သော ရာဂကို စွန့်ပစ် ပယ်ဖြတ်၏၊ သင်္ခါရတို့ကို ချုပ်စေသော အခြင်း အရာအားဖြင့် အဖန် တလဲလဲ ရှုသော နိရောဓာနုပဿနာဖြင့် နောင်ခါ အသစ် မဖြစ် ချုပ်စေခြင်းငှါ ရှုသည်ဖြစ်၍ သင်္ခါရတို့၏ အသစ် ဖြစ်ခြင်း သမုဒယကို စွန့်ပစ် ပယ်ဖြတ်၏။

တဖန် စွန့်သော အခြင်း အရာအားဖြင့် အဖန် တလဲလဲ ရှုသော ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွန့်လွှတ်ခြင်းငှါ အဖန် တလဲလဲ ရှုသည် ဖြစ်၍ သင်္ခါရတို့ကို စွဲလမ်းခြင်းကို၊ ဝါ—အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို စွဲလမ်းခြင်းကို စွန့်ပစ် ပယ်ဖြတ်၏။

http://www.dhammadownload.com



ဤသို့ နိစ္စသညာ စသည်တို့ကို ပယ်စွန့်ခြင်းကို ပြီးစေ တတ်ကုန်သော အနုပဿနာ ခုနစ်ပါးတို့၏ အကြီး အကဲ အစိုးရသည်၏ အဖြစ်သည် ဖြစ်၏၊ ဤသို့ ဤ လောကီ ပရိညာ သုံးပါးတို့တွင် နာမ်ရုပ်တို့ကို ပိုင်းခြားခြင်း မှတ်ခြင်း၏ရင်း, နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်း၏ရင်း ပြည့်စုံစေ အပ်သည်၏ အဖြစ်ကြောင့် ဤ ယောဂီသည် ဉာတပရိညာကို ရအပ်ပြီးသော မည်သည် ဖြစ်၏။

ဤမှ တပါးသော တီရဏပရိညာ, ပဟာနပရိညာတို့သည် ရအပ်လတ့ံသည် မည်ကုန်၏၊ ထို့ကြောင့် "တီရဏ ပရိညာသည် ဖြစ်ဆဲ ဖြစ်လတ်သော် မဂ္ဂါမဂ္ဂဉာဏ်သည် အကြင့်ကြောင့် ဖြစ်၏၊ တီရဏ ပရိညာသည်လည်း ဉာတ ပရိညာ၏ အခြားမဲ့၌ အကြင့်ကြောင့် ဖြစ်၏၊ ယို့ကြောင့်လည်း ထို မဂ္ဂါမဂ္ဂဉာဏ-ဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသော ယောဂီသည် ကလာပ် အပေါင်း အစည်းအားဖြင့် သုံးသပ်ခြင်း၌ ရှေးဦးစွာ အားထုတ် ခြင်းကို ပြုအပ်၏" ဟူသော စကားကို ဆိုခဲ့ပြီ။

ထို အပေါင်း အစည်း၌ သုံးသပ် ဆင်ခြင် ခြင်းကို ထင်စွာ ပြုအပ်သည် ရှိသော် လက်မွန် အစ၏ အဖြစ်ဖြင့် ဤ ဆိုလတ့ံ သည်ကား ပဋိသမ္ဘိဒါမဂ် ပါဠိတော်တည်း—

"ကထံ အတီတာနာဂတပစ္စုပ္ပန္နာနံ ဓမ္မာနံ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ၊ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ၊…. (လ) ….ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ။ ယာကာစိ ဝေဒနာ…. (လ) ….။ယံကိဉ္စိ ဝိညာဏံ…. (လ) ….။ အနတ္တတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ။ စက္ခုံ…. (လ) ….။ ဇရာမရဏံ အတီတာ-နာဂတပစ္စုပ္ပန္နံ အနိစ္စတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ၊ ဒုက္ခတော, အနတ္တတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ၊ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေနာတိ သင်္ခိပိတွာ

http://www.dhammadownload.com



ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ ဝေဒနာ၊ ဝိညာဏံ၊ စက္ခုံ ....(လ)....။ ဇရာမရဏံ....(လ)....သမ္မသနေ ဉာဏံ၊ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ, သင်္ခတံ, ပဋိစ္စသမုပ္ပန္နံ, ခယဓမ္မံ, ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓဓမ္မန္တိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ ဝေဒနံ၊ ဝိညာဏံ၊စက္ခုံ....(လ)....ဇရာမရဏံ အတီတာနာဂတ-ပစ္စုပ္ပန္နံ အနိစ္စံ, သင်္ခတံ, ပဋိစ္စသမုပ္ပန္နံ, ခယဓမ္မံ, ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓဓမ္မန္တိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ ဇာတိပစ္စယာ ဇရာမရဏံ၊ အသတိ ဇာတိယာ နတ္ထိ ဇရာမရဏန္တိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ၊ အတီတံပိ အဒ္ဓါနံ, အနာဂတံပိ အဒ္ဓါနံ, ဇာတိပစ္စယာ ဇရာမရဏံ၊ အသတိ ဇာတိယာ နတ္ထိ ဇရာမရဏန္တိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ ဘဝပစ္စယာ ဇာတိ၊....(လ)....အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အသတိ အဝိဇ္ဇာယ နတ္ထိ သင်္ခါရာတိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ အတီတံပိ အဒ္ဓါနံ, အနာဂတံပိ အဒ္ဓါနံ, အဝိဇ္ဇာပစ္စယာ သင်္ခါရာ အသတိ အဝိဇ္ဇာယ နတ္ထိ သင်္ခါရာတိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ တံ ဉာတဋ္ဌေန ဉာဏံ၊ ပဇာနနဋ္ဌေန ပညာ၊ တေန ဝုစ္စတိ အတီတာနာဂတပစ္စုပ္ပန္နာနံ ဓမ္မာနံ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏန္တိ။"

ဤကား ပဋိသမ္ဘိဒါမဂ် ပါဠိတော်တည်း။

## ပဋိသမ္ဘိဒါမဂ် မြန်မာပြန် အဓိပ္ပါယ်

"အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ စသော တေဘူမက တရားတို့ကို တခုတည်းအားဖြင့် ရုံးစည်း ပေါင်းစု၍ အနိစ္စ စသည် တို့၏ အစွမ်းအားဖြင့် ဆုံးဖြတ် ပိုင်းခြား မှတ်သားခြင်းကို ပြီးစေအပ်သည် ရှိသော် ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေတတ်သော ပညာကို ထို အနိစ္စ စသည်တို့၏

http://www.dhammadownload.com



အစွမ်းဖြင့် စုံစမ်းခြင်းကို ပြီးစေတတ်သော ဉာဏ်ဟူ၍ ဆိုအပ်၏၊ ထို ပညာသည် အဘယ်သို့သော အခြင်း အရာအားဖြင့် ဖြစ်သနည်း၊ အကြွင်း အမှတ် မရှိ အလုံးစုံသော ရုပ်သည် ရှိ၏၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ရုပ်သည်၎င်း, အဇ္ဈတ္တ သန္တာန်၌ ဖြစ်သော ရုပ်သည်၎င်း, ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော ရုပ်သည်၎င်း, ရုန့်ရင်း ကြမ်းတမ်းသော ဩဠာရိက ရုပ်သည်၎င်း, သိမ်မွေ့သော သုခုမ ရုပ်သည်၎င်း, ယုတ်ညံ့သော ဟီန ရုပ်သည်၎င်း, မွန်မြတ်သော ပဏီတ ရုပ်သည်၎င်း, ဝေးသော အရပ်၌ ရှိသော အကြွင်း ဒူရေ ရုပ်သည်၎င်း, နီးသော အရပ်၌ ရှိသည့် အကြွင်း သန္တိကေ ရုပ်သည်၎င်း ရှိ၏၊ အလုံးစုံသော ထိုထို ရုပ်ဟူသမျှကို မမြဲသော အခြင်းအရာ အားဖြင့် အနိစ္စ, အနိစ္စ ဟူ၍ ဆုံးဖြတ် ပိုင်းခြား မှတ်သား၏၊ ထိုသို့ အနိစ္စ အခြင်းအရာ အားဖြင့် ဆုံးဖြတ် ပိုင်းခြား မှတ်သား ခြင်းသည် သမ္မသန တခု မည်၏၊ ဆင်းရဲခြင်း ဘေးဟူသော အခြင်းအရာအားဖြင့် ဒုက္ခ, ဒုက္ခ ဟူ၍ ဆုံးဖြတ် ပိုင်းခြား မှတ်သား၏၊ ထိုသို့ ဒုက္ခ အခြင်းအရာ အားဖြင့် ဆုံးဖြတ် ပိုင်းခြား မှတ်သားခြင်းသည် သမ္မသန တခု မည်၏၊ အစိုး မရ, ကိုယ်ပိုင် မဟုတ်, အလိုသို့ မလိုက်သော အခြင်း အရာအားဖြင့် အနတ္တ, အနတ္တ ဟူ၍ ဆုံးဖြတ် ပိုင်းခြား မှတ်သား၏၊ ထိုသို့ အနတ္တ အခြင်းအရာ အားဖြင့် ဆုံးဖြတ် ပိုင်းခြား မှတ်သားခြင်းသည် သမ္မသန တခု မည်၏၊ အလုံး စုံသော ဝေဒနာ ဟူသမျှကို····(လ)····အလုံးစုံသော ဝိညာဉ် ဟူသမျှကို····(လ)····အစိုးမရ, အနှစ် သာရ မရှိသောအားဖြင့် အနတ္တ, အနတ္တ ဟူ၍ ဆုံးဖြတ် ပိုင်းခြား မှတ်သား၏၊ ထိုသို့ အနတ္တ အခြင်း အရာအားဖြင့် ဆုံးဖြတ် ပိုင်းခြား မှတ်သားခြင်းသည် သမ္မသန တခု မည်၏၊ စက္ခုကို····(လ)····အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော ဇရာ မရဏကို မမြဲသော အခြင်းအရာ ကုန်တတ်သော ပျက်တတ်သော အခြင်းအရာအားဖြင့် အနိစ္စ, အနိစ္စ

http://www.dhammadownload.com



ဟူ၍ ဆုံးဖြတ် ပိုင်းခြား မှတ်သား၏၊ ထိုသို့ အနိစ္စဟု တခုသော အခြင်းအရာ အားဖြင့် ဆုံးဖြတ် ပိုင်းခြား မှတ်သားခြင်းသည် သမ္မသန တခု မည်၏၊ ဆင်းရဲဘေး ဟူသော အခြင်းအရာ အားဖြင့် ဒုက္ခ, ဒုက္ခ ဟူ၍ ဆုံးဖြတ် ပိုင်းခြား မှတ်သား၏၊ အစိုးမရ, အနှစ် သာရ မရှိသော အားဖြင့် အနတ္တ, အနတ္တ ဟူ၍ ဆုံးဖြတ်ပိုင်းခြား မှတ်သား၏၊ ထိုသို့ အနတ္တဟု တခုသော အခြင်းအရာ အားဖြင့် ဆုံးဖြတ် ပိုင်းခြား မှတ်သားခြင်းသည် သမ္မသန တခု မည်၏။"

လက္ခဏ ဝဝတ္ထာပန ဝါရ ပြီး၏။

---

"အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ရုပ်သည် ကုန်ခန်း ချုပ်ပျက်တတ်သော သဘောကြောင့် အနိစ္စ မည်၏၊ ကြောက်အပ် ထိတ်လန့်အပ်သော ဘေးဟူသော သဘောကြောင့် ဒုက္ခ မည်၏၊ အတ္တ ဟူသော အနှစ် သာရ ကင်းသည်၏ အဖြစ်ကြောင့် အနတ္တ မည်၏၊ ဤသို့ ချဉ်းချုံး သိမ်းရုံး၍ အနိစ္စ စသည်တို့၏ အစွမ်းဖြင့် ဆုံးဖြတ် မှတ်သားခြင်း၌ ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေ တတ်သော ပညာကို ထိုသို့သော စုံစမ်းခြင်းကို ပြီးစေ တတ်သော ဉာဏ် ဟူ၍ ဆိုအပ်၏၊ ဤနည်းတူ ဝေဒနာ သည်, သညာသည်, သင်္ခါရတို့သည်, ဝိညာဉ်သည်, စက္ခု သည်.... (လ).... ဇရာ မရဏသည်.... (လ).... အနိစ္စ စသည်တို့၏ အစွမ်းဖြင့် စုံစမ်းခြင်း၌ ထိုသို့သော စုံစမ်း ခြင်းကို ပြီးစေတတ်သော ဉာဏ် ဟူ၍ ဆိုအပ်၏။"

လက္ခဏာတို့၏ ဟိတ်ကို ကြားတတ်သော ဟေတု ဝါရ ပြီး၏။

---

"အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ရုပ်သည် အမြဲမရှိ၊ ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း

http://www.dhammadownload.com



တရားတို့က ပြုပြင် စီရင်အပ်၏၊ သင့်လျော်သော အကြောင်း ပစ္စည်း တရားတို့ကို စွဲ၍ အညီ အညွတ် တကွ ဖြစ်တတ်၏၊ ထို့ကြောင့် ကုန်ခန်းခြင်း သဘော ရှိ၏၊ ပျက်ခြင်း သဘော ရှိ၏၊ ကင်းခြင်း သဘော ရှိ၏၊ ချုပ်ခြင်း သဘော ရှိ၏၊ ဤသို့ ချဉ်းချုံး သိမ်းရုံး၍ အနိစ္စ စသည်တို့၏ အစွမ်းဖြင့် ဆုံးဖြတ် မှတ်သားခြင်း၌ ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေတတ်သော ပညာကို စုံစမ်းခြင်းကို ပြီးစေတတ်သော ဉာဏ် ဟူ၍ ဆိုအပ်၏၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ဝေဒနာသည်, သညာသည်, သင်္ခါရတို့သည်, ဝိညာဉ်သည်, စက္ခုသည်······(လ)···· ဇရာမရဏသည် အမြဲ မရှိ၊ ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း တရားတို့က ပြုပြင် စီရင်အပ်၏၊ သင့်လျော်သော အကြောင်း တရားကို စွဲ၍ အညီ အညွတ် တကွ ဖြစ်တတ်၏၊ ထို့ကြောင့် ကုန်ခန်းခြင်း သဘော ရှိ၏၊ ပျက်ခြင်း သဘော ရှိ၏၊ ကင်းပြတ်ခြင်း သဘော ရှိ၏၊ ချုပ်ခြင်း သဘော ရှိ၏၊ ဤသို့ သိမ်းရုံး ချဉ်းချုံး၍ အနိစ္စ စသည်တို့၏ အစွမ်းဖြင့် ဆုံးဖြတ် မှတ်သားခြင်း၌ ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေတတ်သော ပညာသည် စုံစမ်းခြင်းကို ပြီးစေတတ်သော ဉာဏ် မည်၏။"

**ရင့်စေအပ် ဖြစ်စေအပ်သော အကျိုး၏ အဖြစ်ကို ကောင်းစွာ မှတ်ခြင်း အကြောင်းကို ပြသည်ဖြစ်စေသော ဟေတု ပတိဋ္ဌာပန ဝါရ ပြီး၏။**

"ဇာတိ ဟူသော အကြောင်းကြောင့် ဇရာ မရဏ သည် ဖြစ်၏၊ ဇာတိ မရှိသော် ဇရာ မရဏသည် မရှိ၊ ဤသို့ အကျဉ်းချုံး သိမ်းရုံး၍ ဆုံးဖြတ်ခြင်း၌ ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေတတ်သော ပညာသည် စုံစမ်း ခြင်း၌ ထိုသို့သော စုံစမ်းခြင်းကို ပြီးစေတတ်သော ဉာဏ် မည်၏၊ အတိတ် အခွန့်၌လည်း, အနာဂတ် အခွန့်၌လည်း ဇာတိ ဟူသော အကြောင်းကြောင့် ဇရာ မရဏသည်

http://www.dhammadownload.com



မရှိ၊ ဤသို့ အကျဉ်းချုံး သိမ်းရုံး၍ ဆုံးဖြတ်ခြင်း၌ ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေတတ်သော ပညာသည် စုံစမ်းခြင်းကိုပြီးစေတတ်သော ဉာဏ်မည်၏၊ ....(လ).... ဘဝ ဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏၊ ....(လ)....အတိတ် အခွန့်၌၎င်း, အနာဂတ်အခွန့်၌၎င်း အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ အဝိဇ္ဇာ မရှိသော် သင်္ခါရတို့သည် မရှိကုန်၊ ဤသို့ ချုံးချုံး သိမ်းရုံး၍ ဆုံးဖြတ်ခြင်း၌ ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေတတ်သော ပညာသည် စုံစမ်းခြင်းကို ပြီးစေတတ်သော ဉာဏ် မည်၏၊ ထိုသို့ စုံစမ်းတတ်သော ပညာသည် သိတတ်သည်၏ အဖြစ်ကြောင့် ဉာဏ် မည်၏၊ အထူးထူး အပြားပြားအားဖြင့် သိတတ်သည်၏ အဖြစ်ကြောင့် "အတီတာနာဂတပစ္စုပ္ပန္နာနံ ဓမ္မာနံ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ" ဟူ၍ ဆိုအပ်၏။"

## ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ပေယျာလ ဒုပ်သမျှ တရား အပေါင်းကို ဖော်ပြခြင်း

ဤ အထက်က ပြဆိုခဲ့သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "စက္ခုံ....(လ)....ဇရာမရဏံ" ဟူသော ဤ ပေယျာလဖြင့် ဒွါရ ခြောက်ပါး, အာရုံ ခြောက်ပါးတို့နှင့် တကွ ဒွါရ၌ ဖြစ်ကုန်သော တရားတို့ကို၎င်း, ခန္ဓာ ငါးပါး, ဒွါရ ခြောက်ပါး, အာရုံ ခြောက်ပါး, ဝိညာဉ် ခြောက်ပါး, ဖဿ ခြောက်ပါး, ဝေဒနာ ခြောက်ပါး, သညာ ခြောက်ပါး, စေတနာ ခြောက်ပါး, တဏှာ ခြောက်ပါး, ဝိတက် ခြောက်ပါး, ဝိစာရ ခြောက်ပါး, ဓာတ် ခြောက်ပါး, ကသိုဏ်း ဆယ်ပါး, ကောဋ္ဌာသ သုံးဆဲ့နှစ်ပါး, အာယတန တဆဲ့ နှစ်ပါး, ဓာတ် တဆဲ့ ရှစ်ပါး, ဣန္ဒြေ နှစ်ဆဲ့ နှစ်ပါး, ဓာတ် သုံးပါး, ဘဝ ကိုးပါး, ဈာန် လေးပါး, အပ္ပမညာ လေးပါး, သမာပတ် လေးပါး, ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆဲ့နှစ်ပါး ဤသို့သော တရား အပေါင်း အစုတို့ကို အကျဉ်းရုံး

http://www.dhammadownload.com


ချဉ်းချုံးအပ်ကုန်၏၊ ဤသို့ သိအပ်ကုန်၏၊ ထို စကား မှန်၏— အဘိညေယျ နိဒ္ဒေသ ပါဠိတော်၌—

“သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အဘိညေယျံ၊ စက္ခု ဘိက္ခဝေ အဘိညေယျံ၊ ရူပါ, စက္ခုဝိညာဏံ, စက္ခုသမ္ဖဿော, ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ, ဒုက္ခံ ဝါ, အဒုက္ခမသုခံ ဝါ၊ တမ္ပိ အဘိညေယျံ၊ သောတံ ဘိက္ခဝေ အဘိညေယျံ၊ သဒ္ဒါ, သောတဝိညာဏံ, သောတသမ္ဖဿော၊ ယမ္ပိဒံ သောတသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ, ဒုက္ခံ ဝါ, အဒုက္ခမသုခံ ဝါ၊ တမ္ပိ အဘိညေယျံ။....(လ)....မနော ဘိက္ခဝေ အဘိညေယျံ၊ ဓမ္မာ, မနောဝိညာဏံ, မနောသမ္ဖဿော၊ ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ, ဒုက္ခံ ဝါ, အဒုက္ခမသုခံ ဝါ၊ တမ္ပိ အဘိညေယျံ၊ ရူပံ, ဝိညာဏံ, စက္ခု, မနော, ရူပါ, ဓမ္မာ, စက္ခုဝိညာဏံ, မနောဝိညာဏံ, စက္ခုသမ္ဖဿော, မနောသမ္ဖဿော, စက္ခုသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာ ဝေဒနာ, ရူပသညာ, ဓမ္မသညာ, ရူပသဉ္စေတနာ, ဓမ္မသဉ္စေတနာ, ရူပတဏှာ, ဓမ္မတဏှာ, ရူပဝိတက္ကော, ဓမ္မဝိတက္ကော, ရူပဝိစာရော ဓမ္မဝိစာရော, ပထဝီဓာတု, ဝိညာဏဓာတု, ပထဝီကသိဏံ, ဝိညာဏကသိဏံ, ကေသာ,....(လ)....မတ္ထလုင်္ဂံ, စက္ခာယတနံ, ဓမ္မာယတနံ, စက္ခုဓာတု, မနောဓာတု, မနောဝိညာဏဓာတု, စက္ခုန္ဒြိယံ, အညာတာဝိန္ဒြိယံ, ကာမဓာတု, ရူပဓာတု, အရူပဓာတု, ကာမဘဝေါ, ရူပဘဝေါ, အရူပဘဝေါ, သညာဘဝေါ, အသညာဘဝေါ, နေဝသညာနာသညာဘဝေါ, ဧကဝေါကာရဘဝေါ, စတုဝေါကာရဘဝေါ, ပဉ္စဝေါကာရဘဝေါ, ပဌမံ ဈာနံ, စတုတ္ထံ ဈာနံ, မေတ္တာ စေတောဝိမုတ္တိ, ဥပေက္ခာ စေတောဝိမုတ္တိ, အာကာသာနဉ္စာယတနသမာပတ္တိ,

http://www.dhammadownload.com



နေဝသညာနာသညာယတနသမာပတ္တိ, အဝိဇ္ဇာ အဘိဉ္ဉေယျာ၊····(လ)····ဇရာမရဏံ အဘိဉ္ဉေယျံ။"

ဟူသော ထို စကားကို ဟောတော်မူအပ်ပြီ။

ပါဠိတော် မြန်မာပြန်—

"အို ရဟန်းတို့—အလုံးစုံ ကုန်အောင်သော ရှိရှိသမျှ တရား အပေါင်းသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားချည်းတည်း၊ အို ရဟန်းတို့—ရှိရှိသမျှ အဘယ် တရား အလုံးစုံကို ထူးသော ဉာဏ်ဖြင့် သိအပ်သနည်း၊ ပါ—ထူးသော ဉာဏ်ဖြင့် သိအပ်သော အလုံးစုံ ရှိရှိသမျှ သော တရား အစုသည် အဘယ်နည်း၊ အို ရဟန်းတို့— စက္ခုသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား အစုတည်း၊ ရူပ်တို့သည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတို့တည်း၊ စက္ခုဝိညာဉ်သည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း၊ စက္ခုသမ္ဖဿသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် သုခမူလည်း ဖြစ်သော ဒုက္ခ မူလည်း ဖြစ်သော အဒုက္ခမသုခမူလည်း ဖြစ်သော အကြင် ဝေဒနာသည်လည်းဖြစ်၏၊ ထိုဝေဒနာသုံးပါးသည်လည်း ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း၊····(လ) ····အို ရဟန်းတို့—မနောသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း၊ ဓမ္မတို့သည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း၊ မနောဝိညာဉ်သည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း၊ မနော သမ္ဖဿသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား တည်း၊ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် သုခ မူလည်း ဖြစ်သော, ဒုက္ခမူလည်း ဖြစ်သော, အဒုက္ခမသုခ မူလည်း ဖြစ်သော အကြင် ဝေဒနာသည်လည်း ဖြစ်၏၊ ထို ဝေဒနာ သုံးပါးသည်လည်း ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း။ (ဤ နည်းကို မှီး၍) ရူပက္ခန္ဓာ

http://www.dhammadownload.com



အစ ဝိညာဏက္ခန္ဓာ အဆုံး ခန္ဓာ ငါးပါးသည်၊ စက္ခုဒွါရ အစ မနောဒွါရအဆုံး ဒွါရ ခြောက်ပါးသည်၊ ရူပါရုံ အစ ဓမ္မာရုံ အဆုံး အာရုံ ခြောက်ပါးသည်၊ စက္ခုဝိညာဉ် အစ မနော ဝိညာဉ် အဆုံး ဝိညာဉ် ခြောက်ပါးသည်၊ စက္ခု-သမ္ဖဿ အစ မနော သမ္ဖဿ အဆုံး ဖဿ ခြောက်ပါးသည်၊ စက္ခုသမ္ဖဿဇာ ဝေဒနာ အစ မနော သမ္ဖဿဇာ ဝေဒနာ အဆုံး ဝေဒနာ ခြောက်ပါးသည်၊ ရူပသညာ အစ ဓမ္မသညာ အဆုံး သညာ ခြောက်ပါးသည်၊ ရူပသဉ္စေတနာ အစ ဓမ္မသဉ္စေတနာ အဆုံး စေတနာ ခြောက်ပါးသည်၊ ရူပတဏှာ အစ ဓမ္မတဏှာ အဆုံး တဏှာ ခြောက်ပါးသည်၊ ရူပဝိတက္က အစ ဓမ္မဝိတက္က အဆုံး ဝိတက် ခြောက်ပါးသည်၊ ရူပဝိစာရ အစ ဓမ္မဝိစာရ အဆုံး ဝိစာရ ခြောက်ပါးသည်၊ ပထဝီဓာတ် အစ ဝိညာဏဓာတ် အဆုံး ဓာတ် ခြောက်ပါးသည်၊ ပထဝီ ကသိုဏ်း အစ ဝိညာဏ ကသိုဏ်း အဆုံး ကသိုဏ်း ဆယ်ပါးသည်၊ ကေသာ အစ မတ္ထလုင်္ဂံ အဆုံး ကောဋ္ဌာသ သုံးဆဲ့ နှစ်ပါးသည်၊ စက္ခာ-ယတန အစ ဓမ္မာယတန အဆုံး အာယတန တဆဲ့ နှစ်ပါးသည်၊ စက္ခုဓာတ် အစ မနောဓာတ် မနောဝိညာဏဓာတ် အဆုံး ဓာတ် တဆဲ့ ရှစ်ပါးသည်၊ စက္ခုန္ဒြေ အစ အညာတာဝိန္ဒြေ အဆုံး ဣန္ဒြေ နှစ်ဆဲ့ နှစ်ပါးသည်၊ ကာမဓာတ် ရူပဓာတ် အရူပဓာတ် ဟူသော ဓာတ်သုံးပါးသည်၊ ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ ဟူသော ဘဝကိုးပါးသည်၊ ပဌမဈာန် အစ စတုတ္ထဈာန် အဆုံး ဈာန်လေးပါးသည်၊ မေတ္တာ စေတောဝိမုတ္တိ အစ ဥပေက္ခာ စေတောဝိမုတ္တိ အဆုံး စေတောဝိမုတ္တိ လေးပါးသည်၊ အာကာသာနဉ္စာယတနသမာပတ္တိ အစ နေဝသညာ-နာသညာယတနသမာပတ္တိ အဆုံး အရူပသမာပတ် လေးပါးသည်၊ အဝိဇ္ဇာသည် ထူးသော ဉာဏ်ဖြင့် သိအပ်

http://www.dhammadownload.com



သော တရားတည်း၊....(လ)....ဇရာ မရဏသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားတည်း။"

ထူးသော ဉာဏ်ဖြင့် သိအပ်သော ထို အဘိညေယျ တရား အပေါင်းကို ထို အဘိညေယျ နိဒ္ဒေသ၌ ဤ ဆိုအပ်ခဲ့ပြီးသော အစီရင်ဖြင့် အကျယ် ချဲ၍ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ဤ ပဋိသမ္ဘိဒါမဂ်၌ အလုံးစုံ ခန္ဓာ စသော တရား အစုကို ပေယျာလဖြင့် ချုံးအပ်၏၊ ဤသို့ အကျဉ်း ချုံးအပ်သော ဤ တရား အစု၌၊ ဝါ—ဤ အဘိညေယျ နိဒ္ဒေသ၌ လောကုတ္တရာ ဖြစ်ကုန်သော အကြင် တရားတို့သည် "ဝိညာဏံ မနော **ဓမ္မာ**" အစရှိသည်ဖြင့် လာကုန်၏၊ ထို လောကုတ္တရာ တရားတို့ကို အနိစ္စ စသောအားဖြင့် သုံးသပ်ခြင်းငှါ မသင့် မလျော်သည်၏ အဖြစ်ကြောင့် ဤ ပညာဘာဝနာ အရာ၌ မယူအပ်ကုန်။

အကြင် ရုပ်နာမ်တရားတို့သည်လည်း အနိစ္စ စသောအားဖြင့် သုံးသပ်အပ်သည်၏ အဖြစ်သို့ ကပ်ကုန်၏၊ ဝါ—အနိစ္စ စသော အားဖြင့် သုံးသပ်ခြင်းငှါ သင့်လျော်ကုန်၏၊ ထို ရုပ်နာမ် တရား တို့တွင် အကြင် အကြင် ရုပ်နာမ် တရားတို့သည် အကြင် ယောဂီအား ထင်ရှားကုန်၏၊ လွယ်လွယ် ကူကူ ချမ်းသာသဖြင့် သိမ်းဆည်းခြင်းသို့ ရောက်ကုန်၏၊ ထို ရုပ်နာမ်တို့၌ သာ ထို ယောဂီသည် သုံးသပ်ခြင်းကို အားထုတ်အပ်၏။

ထို ခန္ဓာပဉ္စက ဒွါရဆက္က စသော တရား အစုတို့တွင် ဤ ဆိုလတ္တံ့သည်ကား ခန္ဓာ ပဉ္စက၏ အစွမ်းဖြင့် အားထုတ်ခြင်း အစီအရင်ကို ယှဉ်ခြင်းတည်း။

> "ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ ဝါ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ ဒုက္ခတော အနတ္တတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ"

ဟူ၍ ဤ ဆိုအပ်ခဲ့ပြီးသည်ကား **အားထုတ်ခြင်း** အစီ အရင်ကို ယှဉ်ခြင်းတည်း၊ ဤမျှသော **အစီ အစဉ်**ဖြင့် ဤ ယောဂီ ရဟန်း

http://www.dhammadownload.com



သည် ''ယံကိဉ္စိ ရူပံ'' ဟူ၍ ဤသို့ အမှတ် မရှိသောအားဖြင့် ပြအပ်သော ရုပ်ဟူသမျှ အားလုံးကို အတီတ တိက်ဖြင့်ရင်း, အဇ္ဈတ္တ စသော ဒုက် လေးပါးတို့ဖြင့်ရင်း ဤသို့ တဆဲ့တပါး သော အရာ ဌာနတို့ဖြင့် ပိုင်းခြား၍ ရုပ် ဟူသမျှ အားလုံးကို အနိစ္စအားဖြင့်၊ ဝါ—မမြဲသော သဘော အနိစ္စ, အနိစ္စ ဟူ၍ ဆုံးဖြတ် ပိုင်းခြား မှတ်သား၏၊ အနိစ္စ, အနိစ္စ ဟူ၍ အဖန် တလဲလဲ မှိဝဲ မပြတ် သုံးသပ် စုံစမ်း၏၊ အဘယ်သို့သော အခြင်း အရာအားဖြင့် သုံးသပ်သနည်း၊ ဤ ပဋိသမ္ဘိဒါမဂ် ပါဠိ၌ ပင်လျှင် နောက်ပိုင်း ဖြစ်သော ''ဒုတိယဝါရေ ရူပံ အတီတာနာဂတ- ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန'' စသည်ဖြင့် လာသော ဒုတိယ ဟောတု ဝါရ၌ ဟောတော်မူအပ်သော နည်းအတိုင်း သုံးသပ်၏။

ထင်ရှားစေအံ့—ဤသို့သော အခြင်း အရာအားဖြင့် သုံးသပ် ခြင်းကို ''ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန'' ဟူ၍ အောက် ပဋိသမ္ဘိဒါမဂ်၌ အကြင့်ကြောင့် ဟောတော်မူအပ်ပြီ၊ ထိုသို့ ဟောတော်မူပြီး ဖြစ်သောကြောင့် ဤ ဟောတော်မူသော နည်းဖြင့်သာ သုံးသပ်၏၊ ဤသို့ သုံးသပ်သော ယောဂီသည် အနိစ္စ, အနိစ္စ ဟူ၍ သုံးသပ်၏။

သုံးသပ်ပုံကား—အတိတ် ဖြစ်သော အကြင် ရုပ်သည် ရှိ၏၊ ထို အတိတ် ရုပ်သည် ထို အတိတ် ဘဝ၌ သာလျှင် ချုပ်ငြိမ်း ကုန်ပျောက်လေပြီ၊ ဤ ပစ္စုပ္ပန် ဘဝသို့ မရောက်လာ၊ သို့ဖြစ်၍ ရုပ်သည် ကုန်တတ်သော သဘော ရှိသည်၏ အဖြစ်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အနာဂတ် ဖြစ်သော အကြင် ရုပ်သည် အခြားမဲ့ ဖြစ်လတ္တံ့ သော ဘဝ၌ ဖြစ်လတ္တံ့၊ ထို အနာဂတ် ရုပ်သည်လည်း ထို အခြားမဲ့ ဖြစ်သော အနာဂတ် ဘဝ၌ သာလျှင် ချုပ်ပျောက် ကုန်ငြိမ်းလတ္တံ့၊ ထို အနန္တရ ဘဝမှ အခြားသော နောက် တဘဝသို့ မသွားလတ္တံ့၊ သို့ဖြစ်၍ ကုန်တတ် ပျက်တတ်သော သဘော ရှိသည်၏ အဖြစ် ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

http://www.dhammadownload.com



ပစ္စုပ္ပန် ဖြစ်သော အကြင် ရုပ်သည် ရှိ၏၊ ထို ပစ္စုပ္ပန် ရုပ်သည်လည်း ဤ ပစ္စုပ္ပန် ဘဝ၌ သာလျှင် ချုပ်ငြိမ်း ကုန်ပျောက်ဆဲ ဖြစ်၏၊ ဤ ပစ္စုပ္ပန် ဘဝမှ နောက် ဘဝသို့ မသွား၊ သို့ဖြစ်၍ ကုန်တတ် ပျက်တတ်သော သဘော ရှိသည်၏ အဖြစ်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အဇ္ဈတ္တ သန္တာန်၌ ဖြစ်သော အကြင် ရုပ်သည် ရှိ၏၊ ထို အဇ္ဈတ္တ ရုပ်သည်လည်း အဇ္ဈတ္တ သန္တာန်၌ သာလျှင် ကုန်ငြိမ်း ချုပ်ပျောက်၏၊ ဗဟိဒ္ဓ အဖြစ်သို့ မရောက်၊ သို့ဖြစ်၍ ထို အဇ္ဈတ္တ ရုပ်သည်လည်း ကုန်တတ် ပျက်ကတ်သော အနက် သဘော ရှိသည်၏ အဖြစ်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော အကြင် ရုပ်သည် ရှိ၏၊ ထို ဗဟိဒ္ဓ ရုပ်သည်လည်း ဗဟိဒ္ဓ သန္တာန်၌ သာလျှင် ချုပ်ငြိမ်း ကုန်ပျောက်၏၊ အဇ္ဈတ္တ အဖြစ်သို့ မရောက်၊ သို့ဖြစ်၍ ဗဟိဒ္ဓ ရုပ်သည်လည်း ကုန်တတ် ပျက်တတ်သောကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အကြင် ရုပ်သည် ရုန့်ရင်း ကြမ်းတမ်း၏၊ ထို ရုန့်ရင်းသော ဩဠာရိက ရုပ်သည်လည်း ထို ဖြစ်ရာ၌ သာလျှင် ချုပ်ငြိမ်း ကုန်ပျောက်၏၊ ထို ဖြစ်ရာမှ အခြား တပါးသို့ မသွား၊ သို့ဖြစ်၍ ကုန်တတ် ပျက်တတ်သော အနက်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အကြင် ရုပ်သည် သိမ်မွေ့သည် ဖြစ်၏၊ ထို သိမ်မွေ့သော သုခုမ ရုပ်သည်လည်း ထို ဖြစ်ရာ၌ သာလျှင် ချုပ်ငြိမ်း၏၊ ထိုဖြစ်ရာမှ အခြား တပါးသို့ မသွား၊ သို့ဖြစ်၍ ကုန်တတ်ပျက်တတ်သော အနက်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အကြင် ရုပ်သည် ဟီန မည်သည် ဖြစ်၏၊ ထို ဟီန ရုပ်သည်လည်း ထို ဖြစ်ရာ၌ သာလျှင် ချုပ်၏၊ ထို ဖြစ်ရာမှ အခြား တပါးသို့ မသွား၊ သို့ဖြစ်၍ ကုန်တတ် ပျက်တတ်သော အနက်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

http://www.dhammadownload.com



အကြင် ရုပ်သည် ပဏ္ဍိတ မည်သည် ဖြစ်၏၊ ထို ပဏ္ဍိတ ရုပ်သည်လည်း ထို ဖြစ်ရာ၌ သာလျှင် ချုပ်၏၊ ထို ဖြစ်ရာမှ အခြား တပါးသို့ မသွား၊ သို့ဖြစ်၍ ကုန်တတ် ပျက်တတ်သော အနက်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အကြင် ရုပ်သည် ဝေးသော အရပ်၌ ဖြစ်၏၊ ထို ဒူရေ ရုပ်သည်လည်း ထို ဖြစ်ရာ၌ သာလျှင် ချုပ်၏၊ သန္တိကေ အဖြစ်သို့ မရောက်၊ သို့ဖြစ်၍ ကုန်တတ် ပျက်တတ်သော အနက်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အကြင် ရုပ်သည် နီးသော အရပ်၌ ဖြစ်၏၊ ထို သန္တိကေ ရုပ်သည်လည်း ထိုဖြစ်ရာ၌ သာလျှင် ချုပ်၏၊ ဒူရေ အဖြစ်သို့ မရောက်၊ သို့ဖြစ်၍ ကုန်တတ် ပျက်တတ်သော အနက်ကြောင့် အနိစ္စ မည်၏ဟု ဤသို့ သုံးသပ်၏။

အတိတ် စသောအားဖြင့် ပြားသော ရုပ်ကို သုံးသပ်ခြင်း ကြောင့် တဆဲ့တပါး အပြားရှိသည်လည်း ဖြစ်သော ဤ သမ္မသန အားလုံးသည်လည်း သုံးသပ်သော ဤ သမ္မသန၏ အစွမ်းဖြင့် တခုသော သမ္မသန မည်၏၊ အနိစ္စဟု တခုသော အခြင်းအရာ အားဖြင့် သုံးသပ်ခြင်းကို အကြောင်း ပြု၍ သမ္မသန တခု မည်သော်လည်း အတိတ် စသော အရာ ဌာန ဩကာသ အပြား အားဖြင့် တဆဲ့ တပါး အပြား ရှိသည်ဖြစ်၏။

အလုံးစုံ သာလျှင် ဖြစ်သော ထို တဆဲ့ တပါး အပြားရှိသော ရုပ်သည် ဘေးဟူသော သဘော ရှိသည်၏ အဖြစ်ကြောင့် ဒုက္ခ မည်၏၊ "ဘေးဟူသော သဘော" ဆိုရာ၌ ဘေး ဥပဒ်နှင့် တကွ ဖြစ်သောကြောင့် ဆို၏၊ သင့်စွ—အကြင် ရုပ်သည် မမြဲသော သဘော ရှိ၏၊ ထို မမြဲသော အနိစ္စ ဖြစ်သော ရုပ်သည် ကြောက်အပ်သော ဘေးကို ဆောင်တတ်သည် ဖြစ်၏၊ ဥပမာကား၊ သီဟောပမ သုတ်ကို မြတ်စွာဘုရား ဟောကြား တော်မူသည် ရှိသော် နတ် ဗြဟ္မာတို့အား ထိတ်လန့် ကြောက်ရွံ့ ခြင်း ဖြစ်သကဲ့သို့တည်း။

http://www.dhammadownload.com



ဤသို့ ဤ အတိတ် စသောအားဖြင့် ပြားသော ရုပ်ကို သုံးသပ်ခြင်းကြောင့် ဤ သမ္မသနသည်လည်း ဒုက္ခ ဟူသော အခြင်း အရာအားဖြင့် သုံးသပ်ခြင်းကို အကြောင်း ပြု၍ တခုသော သမ္မသန မည်၏၊ အတိတ် စသော အရာဌာန ဩကာသ အပြားအားဖြင့်ကား တဆဲ့ တပါး အပြား ရှိ၏။

အလုံးစုံ ရှိရှိသမျှသော ရုပ်သည် ဒုက္ခချည်းသာ ဖြစ်သကဲ့သို့ ထို့အတူ အလုံးစုံ ဖြစ်သော ရှိရှိသမျှ ထို ရုပ်သည်လည်း **အနှစ်သာရ** မရှိသည်၏ အဖြစ်ကြောင့် အတ္တ မဟုတ် အနတ္တ မည်၏ဟု ဤသို့ သုံးသပ်၏၊ "အနှစ် သာရ မရှိ" ဟူရာ၌ "အတ္တသည် သူတပါးတို့ အလိုနှင့် စပ်ခြင်း မရှိ၊ သုခ ဒုက္ခကို ပြုတတ်, **စီရင်**တတ်၏၊ သုခ ဒုက္ခကို ခံစားတတ်၏၊ မိမိ အလိုနှင့်သာ စပ်ခြင်း ရှိ၏၊ မိမိ အစိုးရ၏၊ မိမိ အလိုသို့သာ လိုက်စေနိုင်၏" ဟူ၍ ဤသို့ တိတ္ထိတို့သည် ကြံဆအပ်သော အတ္တ ဟူသော အနှစ်သာရ၏ မရှိခြင်းကြောင့်ဆို၏။

ထို စကား မှန်၏—အကြင် ရုပ်သည် မမြဲ၊ ထို မမြဲသော ရုပ်သည် ဒုက္ခသာတည်း၊ ထို အနိစ္စ ဒုက္ခ ဖြစ်သော ရုပ်သည် မိမိ၏သော်လည်း အနိစ္စ၏ အဖြစ်ကိုဝင်း, ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခြင်းကိုဝင်း တားမြစ်ခြင်းငှါ မတတ်နိုင်သေး၏ရှင့်၊ ထို အနိစ္စ ဒုက္ခ ဖြစ်သော ရုပ်၏ ပြုပြင် စီရင်တတ်၏ အစ ရှိသော အဖြစ်သည်၊ ဝါ—ကာရက ဝေဒက သယံဝသီ၏ အဖြစ်သည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ ထို့ကြောင့်—

"ရူပဥ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ, န ယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။"

"အို ရဟန်းတို့—ဤ ရုပ်သည်ကား အစိုးရသော၊ ဝါ—အလိုသို့ လိုက်စေတတ်သော အတ္တ ဖြစ်မူကား ဤ ရုပ်သည် ကျင်နာခြင်းငှါ မဖြစ်ရာ"

ဤသို့ အစ ရှိသော စကားကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

http://www.dhammadownload.com



ဤသို့ အတိတ် စသောအားဖြင့် ပြားသော ရုပ်ကို သုံးသပ်ခြင်းကြောင့် ဤ သမ္မသန၏ အစွမ်းဖြင့် အနတ္တဟု တခုသော အခြင်းအရာအားဖြင့် သုံးသပ်ခြင်းကို အကြောင်းပြု၍ သမ္မသန တခု မည်၏၊ အတိတ် စသော အရာ ဌာန ဩကာသ အပြားအားဖြင့်ကား တဆဲ့တပါး အပြား ရှိ၏၊ ဝေဒနာက္ခန္ဓာ စသော နာမက္ခန္ဓာ လေးပါးတို့၌လည်း ဤ ရူပက္ခန္ဓာ၌ ပြဆိုပြီးသော နည်းကိုသာ ဆောင်အပ်၏။

ထိုမှတပါး အကြင် ရုပ်သည် အနိစ္စတည်း၊ ထို အနိစ္စ ဖြစ်သော ရုပ်သည် အမြဲအားဖြင့် သခ်ိတ အစ ရှိသော အပြား ရှိသည့် အကြင့်ကြောင့် ဖြစ်၏၊ ထို့ကြောင့် ထို အနိစ္စ၏ ပရိယာယ် ဝေဝုစ်ကို ပြခြင်းငှါလည်းကောင်း, အထူးထူးသော အကြောင်းတို့ဖြင့် အနိစ္စ အဖြစ်ကို ပွါးစေခြင်းငှါ နှလုံးသွင်းခြင်း၏ ဖြစ်ခြင်းကို ပြခြင်းငှါလည်း—

“ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သခ်တံ ပဋိစ္စ-သမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။”

ဟူ၍ တဖန် ပါဠိတော်ကို မိန့်ဆိုအပ်၏၊ ဝေဒနာ အစရှိသည့် တို့၌လည်း ဤ နည်းကို ဆောင်အပ်၏။

ထို ယောဂါဝစရ ပုဂ္ဂိုလ်သည် ယခင် ပြဆိုပြီးသော အပြား ရှိသည့် သာလျှင် ဖြစ်သော ခန္ဓာ ငါးပါးတို့၌ အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်ခြင်း၏ မြဲမြံသည်၏ အဖြစ် တည်းဟူသော အကျိုးငှါ—

“ကတမေဟိ စတ္တာရီသာယ အာကာရေဟိ အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ကတမေဟိ စတ္တာရီ-သာယ အာကာရေဟိ သမ္မတ္တနိယာမံ ဩက္ကမတိ။”

ဟူသော ဤပုဒ်၏ ဝိဘင်း ပဒဘာဇနီ၌—

**“တော” လေးဆယ်သရုပ်**

“ပဉ္စက္ခန္ဓေ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊

http://www.dhammadownload.com



ပလုဂ္ဂတော၊ ပလောကတော၊ ဤတိတော၊ ဥပဒ္ဒဝတော၊ ဘယတော၊ ဥပသဂ္ဂတော၊ စလတော၊ ပဘင်္ဂုတော၊ အဒ္ဓုဝတော၊ အတာဏတော၊ အလေဏတော၊ အသရဏတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အာဒီနဝတော၊ ဝိပရိဏာမဓမ္မတော၊ အသာရကတော၊ အဃမူလတော၊ ဝဓကတော၊ ဝိဘဝတော၊ သာသဝတော၊ သင်္ခတတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊ ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ မရဏဓမ္မတော၊ သောကဓမ္မတော၊ ပရိဒေဝဓမ္မတော၊ ဥပါယာသဓမ္မတော၊ သံကိလေသိကဓမ္မတောတိ စတ္တာရီသာယ အာကာရေဟိ ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။”

ဤသို့ အစ ရှိသော နည်းဖြင့် အရိယမဂ်ကို ရခြင်းအား လျော်သောကြောင့် အနုလောမ မည်သော ဉာဏ်ကို ခွဲခြမ်း ဝေဘန်တော်မူလိုသော သမ္ဗုဒ္ဓ ရှင်တော်ဘုရားသည် အသီးသီး ခွဲခြမ်း ဝေဘန်သောအားဖြင့် အကြင် အနိစ္စ အစ ရှိသော အားဖြင့် သုံးသပ်ခြင်းကို ဆိုအပ်ပြီ၊ ယခင် ပြဆိုပြီးသော လေးဆဲ့ လေးပါးသော အခြင်း အရာ အပြား ရှိသော ထို အနိစ္စ စသော သမ္မသန၏ အစွမ်းဖြင့် ဤ ခန္ဓာ ငါးပါးတို့ကို သုံးသပ်၏။

## “တော” လေးဆယ် မြန်မာပြန်

“အဘယ် မည်ကုန်သော လေးဆယ်သော အကြောင်း အခြင်း အရာတို့ဖြင့် အရိယမဂ်ကို ရခြင်းအား လျော်သော အာရုံ၏ သဘောသို့ သက်ဝင်၍ ဆုံးဖြတ် ပိုင်းခြားခြင်းငှာ စွမ်းနိုင်သော သဘော ရှိသဖြင့် ခံ့ချိသော ခန္တီဉာဏ်ကို ရသနည်း၊ အဘယ် မည်ကုန်သော လေးဆယ်သော အကြောင်း အခြင်း အရာတို့ဖြင့် သမ္မာဒိဋ္ဌိ စသည်ဟု ဆိုအပ်သော မှန်ကန်သော သဘော ရှိသည် ဖြစ်၍

http://www.dhammadownload.com



မဆုတ် မနစ်သော သဘော ရှိသည်၏ အဖြစ်ကြောင့် မြဲမြံသော အရိယမဂ်ကို သက်ဝင်နိုင်သနည်း၊ ဤသို့သော အမေးတော်သည် ရှိသော်—

၁။ ခန္ဓာ ငါးပါးတို့ကို အနိစ္စအားဖြင့် သုံးသပ်၏၊
၂။ ဒုက္ခအားဖြင့် သုံးသပ်၏၊
၃။ မျှားနာခြင်း ဟူသော မူလ ရောဂါနှင့် တူသောအားဖြင့် သုံးသပ်၏၊
၄။ အိုင်းအမာနှင့် တူသောအားဖြင့်၊
၅။ မြှား ငြောင့်နှင့် တူသောအားဖြင့်၊
၆။ အစီးအပွါး မဲ့ကို ဆောင်သော အဃအားဖြင့်၊
၇။ ဇရာ မျှာမိ ဟူသော မူလ ရောဂါမှ တပါးသော ပြင်းပြ သည်းစွာသော အနာ အာဗာဓအားဖြင့်၊
၈။ ပြင်ပ သူစိမ်းနှင့် တူသော ပရအားဖြင့်၊
၉။ ဇရာ ဗျာဓိ မရဏတို့ဖြင့် ပေါက်ကွဲ ပျက်စီးသော ပလောကအားဖြင့်၊
၁၀။ များသော ပျက်စီးခြင်းကို ဆောင်သည် ဖြစ်၍ အသစ် အာဂန္တုက အကုသိုလ် အပင်းအသင်း ပျက်စီးခြင်း အကြောင်း ဤတိအားဖြင့်၊
၁၁။ အထူးထူး အပြားပြား များစွာသော အကျိုးမဲ့တို့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် အလုံးစုံသော မင်းဘေး မင်းဒဏ် စသော ဥပဒ္ဒဝေါ၏ တည်ရာ ဝတ္ထုအားဖြင့်၊
၁၂။ ခပ်သိမ်းသော ဘေး အပေါင်းတို့၏ တည်ရာ ဘယ အားဖြင့်၊
၁၃။ အကျိုးမဲ့တို့သည် အစဉ် တစိုက် လိုက်အပ်သည် ဖြစ်၍ ရောဂါ စသော ဒေါသ အပြစ်တို့နှင့် ကပ်ငြိခြင်း မကင်းသော ဥပသဂ္ဂအားဖြင့်၊

http://www.dhammadownload.com



၁၄။ ဇာတိ ဇရာ မရဏ လာဘ အလာဘ စသော လောကဓံ တရားတို့ကြောင့် တုန်လှုပ်သော စလ အားဖြင့်၊

၁၅။ ပျက်စီးခြင်းသို့ ရောက်သော ပဘင်္ဂုအားဖြင့်၊

၁၆။ မမြဲမြံ မခိုင်ခံ့သော သဘော အဓုဝအားဖြင့်၊

၁၇။ ဘေးရန်ကို မစောင့် မရှောက်နိုင်သော အတာဏ အားဖြင့်၊

၁၈။ မှီခို ပုန်းအောင်းရာ မဟုတ်သော အလေဏအားဖြင့်၊

၁၉။ ကိုးကွယ်ရာ မဟုတ်သော အသရဏအားဖြင့်၊

၂၀။ ဓုဝ သုဘ သုခ အတ္တ စသည် အဖြစ်မှ ဆိတ်သော ရိတ္တအားဖြင့်၊

၂၁။ အချည်းနှီး တုစ္ဆအားဖြင့်၊

၂၂။ အစိုးရခြင်း အလိုသို့ လိုက်ခြင်း ပြုပြင်တတ်ခြင်း ခံစားတတ်ခြင်း မိမိ အလိုသို့သာ လိုက်တတ်၏ဟု တိတ္ထိတို့ ကြံဆအပ်သော အတ္တမှ ဆိတ်သော သုည အားဖြင့်၊

၂၃။ တိတ္ထိတို့ ကြံဆအပ်သော အတ္တ၏ ဆန့်ကျင်ဘက် အနတ္တအားဖြင့်၊

၂၄။ အပြစ် ဒေါသ အာဒီနဝအားဖြင့်၊ ဝါ—အတီး ကျွန်သော ကပဏ မနုဿနှင့် တူသော အဘို့တို့ ဖြင့်၊

၂၅။ ဖောက်ပြန်ခြင်း သဘော ပကတိ ရှိသော ဝိပရိဏာမ ဓမ္မအားဖြင့်၊

၂၆။ အနှစ် မဟုတ် အကာနှင့် တူသော အသာရကအားဖြင့်၊

၂၇။ မကောင်းမှု၏ အကြောင်းရင်း အဃမူလအားဖြင့်၊

၂၈။ အဆွေ ခင်ပွန်း၏ မျက်နှာ ကဲ့သို့ ချိုသာသော မျက်နှာ ရှိသည် ဖြစ်၍ အကျွမ်း ဝင်သူကို သတ်တတ်သော သူသတ် ရန်သူနှင့် တူသော ဝဓကအားဖြင့်၊

http://www.dhammadownload.com



၂၉။ အစီးအပွါး ကင်းသော ဝိဘဝအားဖြင့်၊ ဝါ—ဝိဘဝ တဏှာ ဝိဘဝ ဒိဋ္ဌိ၏ အကြောင်းအားဖြင့်၊

၃၀။ အာသဝေါ၏ အာရုံ အကြောင်း အာသဝအားဖြင့်၊ ဝါ—အာသဝေါ၏ ပဒဋ္ဌာန်အားဖြင့်၊

၃၁။ ဟေတု အကြောင်း, ပစ္စယ အကြောင်းတို့သည် ပေါင်းစု၍ ပြုပြင်အပ်သော သင်္ခတအားဖြင့်၊

၃၂။ မစ္စုမာရ် ကိလေသမာရ်တို့၏ အစာ အာမိသ ဟူသော မာရာမိသအားဖြင့်၊

၃၃။ ဖြစ်ခြင်း သဘော ရှိသော ဇာတိဓမ္မအားဖြင့်၊

၃၄။ ရင့်ခြင်း ဟောင်းခြင်း သဘော ဇရာဓမ္မအားဖြင့်၊

၃၅။ နာခြင်း သဘော ရှိသော ဗျာဓိဓမ္မအားဖြင့်၊

၃၆။ သေခြင်း ပျက်စီးခြင်း သဘော ရှိသော မရဏဓမ္မ အားဖြင့်၊

၃၇။ စိုးရိမ်ခြင်း သဘော ရှိသော သောကဓမ္မအားဖြင့်၊

၃၈။ ငိုကြွေးခြင်း သဘော ရှိသော ပရိဒေဝ ဓမ္မအားဖြင့်၊

၃၉။ လွန်စွာ ပင်ပန်းခြင်း သဘော ရှိသော ဥပါယာသ ဓမ္မအားဖြင့်၊

၄၀။ တဏှာ သံကိလေသ, ဒိဋ္ဌိ သံကိလေသ, ဒုစ္စရိတ သံကိလေသတို့၏ အာရုံ အဖြစ် တည်းဟူသော သံကိလေသိက ဓမ္မအားဖြင့် သုံးသပ်၏၊

ဤသို့ လေးဆယ်သော အကြောင်း အခြင်း အရာ တို့ဖြင့် ခန္ဓာ ငါးပါးတို့ကို အနိစ္စအားဖြင့် အဖန် တလဲလဲ ရှုသော ယောဂီသည် အရိယမဂ်ကို ရခြင်းအား လျော်သော အာရုံ၏ သဘောသို့ သက်ဝင်၍ ဆုံးဖြတ်ပိုင်းခြားခြင်းဌ စွမ်းနိုင်သော သဘော ရှိသဖြင့် ခိုင်ချိသော အနုလောမ ခန္တီဉာဏ် ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ရာ ဖြစ်သော

http://www.dhammadownload.com



> အသင်္ခတဓာတ်သည် သာလျှင် မြဲ၏၊ ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်၏၊ ဤသို့ အဖန် တလဲလဲ ယောဂီသည် မြဲမြဲသော အရိယ မဂ်သို့ သက်ဝင်နိုင်၏။"

## "ဓာတ" လေးဆယ် အကျယ်ဖွင့်

(၁) အဘာယ်သို့သော အခြင်း အရာအားဖြင့် သုံးသပ်သနည်း၊ ချဲ့ဦးအံ့—ထို ယောဂီသည် ခန္ဓာ တပါး တပါးကို တပါးသော အစွန်းကို လွန်နိုင်သော သဿတ မဟုတ်သည်၏ အဖြစ်ကြောင့်၊ ဝါ—တပါးသော အစွန်းကို မလွန်နိုင်သည်၏ အဖြစ်ကြောင့် ဖြစ်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော ရှေ့အစွန်း နောက်အစွန်း ရှိသည်၏ အဖြစ်ကြောင့်၎င်း နိစ္စ ဓုဝ မဟုတ်သော "အနိစ္စ" အားဖြင့် သုံးသပ်၏။

(၂) ဖြစ်ခြင်း ပျက်ခြင်းဖြင့် ခဏတိုင်း ခဏတိုင်း ထို ပုဂ္ဂိုလ်ကို နှိပ်စက်တတ်သည်၏ အဖြစ်ဖြင့်၎င်း၊ ဝါ—ဖြစ်ခြင်း ပျက်ခြင်းတို့သည် ခဏတိုင်း ခဏတိုင်း နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၎င်း, သုံးပါး အပြားရှိသော ဒုက္ခ၏ တည်ရာ ဝတ္ထု၏ အဖြစ်ကြောင့်၎င်း၊ ဝါ—သံသရာ ဆင်းရဲ၏ တည်ရာ ဝတ္ထု၏ အဖြစ်ကြောင့်၎င်း "ဒုက္ခ" အားဖြင့် သုံးသပ်၏။

(၃) ယထာရုပ ပစ္စည်းတို့ဖြင့် မျှစေအပ်သည်၏ အဖြစ်ကြောင့်၎င်း, အစဉ် တစိုက် လိုက်သော အနာတို့၏ အကြောင်း မူလ ဖြစ်သော အနာနှင့် တူသည်၏ အဖြစ်ကြောင့်၎င်း၊ ဝါ—အစဉ် တစိုက် လိုက်သော အနာတို့၏ အကြောင်း ဖြစ်သော ကူးစက်တတ်သည့် (ယာပျ) အနာနှင့် တူသည်၏ အဖြစ်ကြောင့် ၎င်း အစဉ် တစိုက် လိုက်သော အနာတို့၏ အကြောင်း ဖြစ်သော ကူးစက်တတ်သည့် (ယာပျ) အနာနှင့် တူသော "ရောဂ" အားဖြင့် သုံးသပ်၏။

(၄) သုံးပါး အပြား ရှိသော ဒုက္ခ၏ အဖြစ်ဟု ဆိုအပ်သော ထိုးကျင့် ကိုက်ခဲခြင်းနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်၎င်း, ထိုက်တန်

http://www.dhammadownload.com



သည်အား လျော်စွာ အာရုံအားဖြင့် ဖြစ်စေ သမ္ပယုတ်အားဖြင့် ဖြစ်စေ ရာဂ အစရှိသည့် ကိလေသာ ဟူသော မစင် မကြယ် ဝက်ဆုပ်ဘွယ်သော အညစ် အကြေးကို တစစ်စစ် ယိုစီးတတ်သည်၏ အဖြစ်ကြောင့်၎င်း, ဥပဒ် ဇရာ ဘင်တို့ဖြင့် ဖူးဖူးယောင်သည်၏ အဖြစ် မှည့်ကျက်သည်၏ အဖြစ် ဖရိုဖရဲ ပေါက်ပြဲ ကွဲအက်ပျက်စီးသည်၏ အဖြစ်ကြောင့်၎င်း အိုင်းအမာနှင့် တူသော "ဂဏ္ဍ" အားဖြင့် သုံးသပ်၏။

(၅) နှိပ်စက်ခြင်းကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၎င်း, ကိုယ်တွင်း၌ ထိုးကျင့် စူးဝင်တတ်သည်၏ အဖြစ်ကြောင့်၎င်း, အရိယမဂ် တည်းဟူသော မွေးညှပ်နှင့် ကင်း၍ နုတ်ခြင်းငှါ တတ်နိုင်ခဲသည်၏ အဖြစ်ကြောင့်၎င်း ကိုယ်တွင်း စူးဝင်သော မြှားငြောင့်နှင့် တူသော "သလ္လ" အားဖြင့် သုံးသပ်၏။

(၆) အကုသိုလ် တရားတို့ကဲ့သို့ ဘုရား စသော အရိယာသခင်တို့သည် ကဲ့ရဲ့ ရှုတ်ချအပ်သည်၏ အဖြစ်ကြောင့်၎င်း, သတ္တဝါ အများတို့၏ စီးပွါးမဲ့ကို လွန်စွာ ဆောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း "အ"ဃ" ဟု ဆိုအပ်သော အကုသိုလ် ထိုထိုတရားယုတ်၏ တည်ရာ ဝတ္ထု၏ အဖြစ်ကြောင့်၎င်း အရိယာသခင်တို့ ပြစ်တင် ကဲ့ရဲ့ မျှား၍ စီးပွါးမဲ့ကို ဆောင်တတ်သော မကောင်းမှု၏ တည်ရာ ဝတ္ထု "အဃ" အားဖြင့် သုံးသပ်၏။

(၇) မိမိနှင့် စပ်ခြင်း မရှိ၊ ဇူရိယာပုထ် လေးပါး၌ မတတ်နိုင်၊ ကိုယ်စွမ်းအားဖြင့် သူတပါးနှင့် စပ်ခြင်း ရှိသည်၏ အဖြစ်ကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၎င်း, အသည်း အသန် လွန်စွာ နှိပ်စက်သော အနာ၏ အကြောင်း၏ အဖြစ်ကြောင့်၎င်း လွန်မင်းပြင်းထန်စွာ နှိပ်စက်သည့် အနာနှင့် တူသော "အာဗာဓ" အားဖြင့် သုံးသပ်၏။

(၈) အလိုသို့ မလိုက်တတ်သည်၏ အဖြစ်ကြောင့်၎င်း, မအိုစေလင့်၊ မနာစေလင့်၊ မသေစေလင့် ဤသို့ စသည်ဖြင့် စီရင်ခြင်းငှါ မတတ်ကောင်းသည်၏ အဖြစ်ကြောင့်၎င်း ပြင်ပသူစိမ်းနှင့် တူသော "ပရ" အားဖြင့် သုံးသပ်၏။

http://www.dhammadownload.com



(၉) ဗျာဓိ ဇရာ မရဏတို့ဖြင့် ပြိုကွဲ ပေါက်ပြဲ ပျက်စီးတတ်သည်၏ အဖြစ်ကြောင့်၊ ဝါ—လွန်စွာ ပျက်စီးခြင်း ဗျသန သဘော ရှိသည်၏ အဖြစ်ကြောင့် အလွန် အမင်း ပျက်စီးခြင်း "ပလောက" အားဖြင့် သုံးသပ်၏။

(၁၀) အထွေထွေ အပြားပြား များစွာသော ပျက်စီးခြင်းကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် ဖျက်ဆီးခြင်းငှါ ရောက်လာသော အာဂန္တုက အကုသလ အပင်းအသင်း များစွာသော ပျက်စီးခြင်း၏ အကြောင်း "ဤတိ" အားဖြင့် သုံးသပ်၏။

(၁၁) "ဥယဲ ကြက်ငယ် ပေါက်ဝယ် ကျေးသို့" တွေးဆ၍ သိခြင်းငှါ မတတ်နိုင်သည် သာလျှင် ဖြစ်ကုန်သော ပြန့်ပြော ပေါများကုန်သော မင်းဘေး မင်းဒဏ် စသော အကျိုးမဲ့တို့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း, အလုံးစုံ ကပ်၍ နှိပ်စက်တတ်သော ဥပဒ္ဒဝေါ၏ တည်ရာ ဝတ္ထု ယာခင်း ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း များစွာသော မင်းဘေး မင်းဒဏ် မကြီးစည်အဲပ် ကပ်၍ နှိပ်စက်တတ်သော "ဥပဒ္ဒဝေါ" အားဖြင့် သုံးသပ်၏။

(၁၂) ဤ ပစ္စုပ္ပန် မျက်မှောက် ဘဝ၌ ရောက်သော ဘေး, တမလွန် လောက၌ ရောက်သော ဘေးဟု ဆိုအပ်သော အလုံးစုံ ရှိရှိသမျှသော ဘေးအပေါင်းတို့၏ တည်ရာ၏ အဖြစ်ကြောင့်၎င်း, ဆင်းရဲ ခပ်သိမ်း ငြိမ်း ချမ်းမြေ့ရာဟု ဆိုအပ်သော လွန်စွာ သက်သာရာ ဟူသော နိဗ္ဗာန်၏ ဆန့်ကျင်ဘက် ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း ချမ်းသာ ဟူသမျှနှင့် မရော ပြန့်ပြော များပြား ကြီးမားသည့် ဘေး ဟူသော "ဘယ" အားဖြင့် သုံးသပ်၏။

(၁၃) မရေ မတွက်နိုင်အောင် များစွာကုန်သော ဗဟိဒ္ဓ၌ ဉာတိဗျသန စသည် အဇ္ဈတ္တ၌ ရောဂါ စသည် အပြား ရှိကုန်သော အကျိုးမဲ့တို့သည် အစဉ် တစိုက် လိုက်အပ်သည်၏ အဖြစ်ကြောင့်၎င်း, အာရုံအားဖြင့် ဖြစ်စေ သမ္ပယုတ်အားဖြင့် ဖြစ်စေ ရာဂ အစ ရှိသော ဒေါသနှင့် ကပ်ငြိ ရှက်တွယ်သည်၏ အဖြစ်ကြောင့်၎င်း, ဘီလူး ဥပါ ယုတ်မာသော နတ်ဆိုးတို့သည် ဆောင်အပ် ဖြစ်စေအပ်သော ရောဂါ စသော အကျိုးမဲ့ကဲ့သို့

http://www.dhammadownload.com



သည်းခံခြင်းငှါ မထိုက်သည်၏ အဖြစ်ကြောင့်ရင်း အဇ္ဈတ္တ ဗဟိဒ္ဓ ဉာတိဗျသန ရောဂ စသော အကျိုးမဲ့တို့ဖြင့် ငြိတွယ် နှိပ်စက်နှိုင် ခက်သော "ဥပသဂ္ဂ" အားဖြင့် သုံးသပ်၏။

(၁၄) ဗျာဓိ ဇရာ မရဏတို့ကြောင့်ရင်း, လာဘ အလာဘ စသော လောကဓံတို့ကြောင့်ရင်း, မတည်တံ့ မနိုင်ခံ့ အပြားအားဖြင့် တုန်လှုပ်သည်၏ အဖြစ်ကြောင့်ရင်း မခံ့ မနိုင် ယိမ်းယိုင် တုန်လှုပ်သော "စလ" အားဖြင့် သုံးသပ်၏။

(၁၅) မိမိ၏ လုံ့လ ပယောဂဖြင့်ရင်း, သူတပါး၏ လုံ့လ ပယောဂကြောင့်ရင်း, ပကတိ ပင်ကိုယ် သဘောအားဖြင့်ရင်း, ဖရိုဖရဲ ပြိုကွဲ ပျက်စီးခြင်းသို့ ရောက်ခြင်း အလေ့ ရှိသည်၏ အဖြစ်ကြောင့်ရင်း, ဖရိုဖရဲ ပြိုကွဲ ပျက်စီးတတ်သော သဘော "ပဘင်္ဂု" အားဖြင့် သုံးသပ်၏။

(၁၆) အလွန် နုသော ကာလမှ စ၍ တရွေ့ရွေ့ ကြွေ၍ ကျသော သစ်သီးကဲ့သို့ မန္ဒ ခိဍ္ဍ စသော အလုံးစုံသော အခိုက် အတံ့ အရွယ်တို့၌ ကြွေကျခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်ရင်း မကြွေကျသေးသော်လည်း ခပ်သိမ်းသော အခြင်းအရာအားဖြင့် အနှစ် မရှိသည် ဖြစ်၍ မြဲမြံ နိုင်ခံ့သော အဖြစ်၏ မရှိသောကြောင့်ရင်း, မမြဲမြံ မနိုင်ခံ့ မတည်တံ့သော "အဒ္ဓုဝ" အားဖြင့် သုံးသပ်၏။

(၁၇) စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်ရင်း, စောင့်ရှောက်စေလိုသောအာသာဖြင့် ဆည်းကပ်ပါသော်လည်း ဘေးကင်းခြင်းကို မရအပ်သည်၏ အဖြစ်ကြောင့်ရင်း, ဘေးမဲ့အောင် မစောင့်ရှောက်တတ်သော "အတာဏ" အားဖြင့် သုံးသပ်၏။

(၁၈) ဆင်းရဲ အပေါင်းမှ ကြောက်သည် ဖြစ်၍ ခိုမှီ ကပ်ရပ်လိုသော အာသာဖြင့် ကပ်ရပ် မှီခိုခြင်းငှါ မထိုက်သည်၏ အဖြစ်ကြောင့်ရင်း, ခိုမှီသော အာသာဖြင့် ကပ်ရပ် မှီခိုလာသော သူတို့အားလည်း ဆင်းရဲ ဒုက္ခကို ပျောက်ပယ်စေခြင်း ဟူသော

http://www.dhammadownload.com



ပုန်းအောင်းရာ ကိစ္စကို မပြုတတ်သည်၏ အဖြစ်ကြောင့်ငုပ်း ပုန်းအောင်း ခိုမှီရာ မဟုတ်သော "အလေဏ" အားဖြင့် သုံးသပ်၏။

(၁၉) ဇာတိ ဇရာ ဗျာဓိ စသော ဘေးကို ကြောက်၍ မှီခို ကပ်ရပ်ကုန်သော သူတို့၏ ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဘေးကို ပယ်ဖျောက်တတ်သော အဖြစ်၏ မရှိခြင်းကြောင့် ဘေး ဟူသမျှ မဖျောက် မပယ်တတ်သော၊ ဝါ—ကိုးကွယ်ရာ မဟုတ် သော "အသရဏ" အားဖြင့် သုံးသပ်၏။

(၂၀) ပရမတ္ထအားဖြင့် ထင်ရှား မရှိ၊ အတိဗာလ ပုဂ္ဂိုလ် တို့သည် ကြံဆအပ်သော အပြား ရှိကုန်သော ခိုင်ခံ့မြဲမြံသည်၏ အဖြစ်၊ တင့်တယ် လျောက်ပတ်သည်၏ အဖြစ်၊ ချမ်းသာသည်၏ အဖြစ်၊ အတ္တ ဟူသော အဖြစ်တို့ဖြင့် အတွင်းသား အနှစ် ကင်းသည်၏ အဖြစ်ကြောင့် ဓုဝ, သုဘ, သုခ, အတ္တ အဖြစ် ဟူသော အနှစ် ကင်းသော "ရိတ္တ" အားဖြင့် သုံးသပ်၏။

(၂၁) အတွင်းသား အနှစ် ကင်းသည်၏ အဖြစ်ကြောင့် သာလျှင် အချည်းနှီး "တုစ္ဆ" အားဖြင့်၊ ဝါ—အသေး အငယ်၏ အဖြစ် အယုတ် အမာ၏ အဖြစ်ကြောင့် အသေး အငယ် အယုတ် အမာ "တုစ္ဆ" အားဖြင့် သုံးသပ်၏၊ သင့်စွ—လောက၌ အသေး အငယ် အယုတ် အမာကိုလည်း တုစ္ဆ ဟူ၍ ဆိုအပ်၏။

(၂၂) အရှင် သခင် သူတပါးနှင့် စပ်ခြင်း ကင်းသည်၊ ပြုပြင်တတ်သည်၊ ခံစားတတ်သည်၊ မိမိဗျာနဲဆောက်တည် တတ် သည်ဟု ဆိုအပ်သော အတ္တမှ ကင်းသည် ဆိတ်သည်၏ အဖြစ် ကြောင့် အတိဗာလ တိတ္ထိတို့သည် ကြံဆအပ်သော အတ္တမှ ဆိတ်သော "သုည" အားဖြင့် သုံးသပ်၏။

(၂၃) မိမိ၏လည်း အရှင် မရှိသည်၏ အဖြစ် အစ ရှိသော အဖြစ်ကြောင့် တိတ္ထိတို့ ကြံဆအပ်သော အတ္တ မဟုတ်သော အားဖြင့် အတ္တ၏ ဆန့်ကျင်ဘက် "အနတ္တ" အားဖြင့် သုံးသပ်၏။

http://www.dhammadownload.com



(၂၄) ပဝတ္တိ ဟူသော ဝဋ္ဋဒုက္ခ၏ အဖြစ်ကြောင့်ငှင်း၊ ဆင်းရဲ အပေါင်း၏ အပြစ် ဒေါသ၏ အဖြစ်ကြောင့်ငှင်း၊ ဝဋ္ဋဆင်းရဲ ဟူသော အပြစ် ဒေါသ "အာဒီနဝ" အားဖြင့် သုံးသပ်၏၊ တနည်းကား—အလွန် အထီး ကျန်သည် ဖြစ်၍ ဆင်းရဲ ယိရှား ပင်ပန်းလှစွာ ဖြစ်တတ်သည်၊ ထို့ကြောင့် အာဒီနဝ မည်၏၊ ထို အာဒီနဝ ဟူသော အမည်သည် အထီး ကျန်သော သူဆင်းရဲ၏ အမည်တည်း၊ ခန္ဓာတွို့သည်လည်း ဆင်းရဲ ယိရှား ပင်ပန်းစွာ အထီး ကျန်သော သူဆင်းရဲနှင့် တူကုန်သည်သာ တည်း၊ ထိုသို့ ဆင်းရဲ ယိရှား ပင်ပန်းစွာ အထီး ကျန်သော သူဆင်းရဲနှင့် တူသည်၏ အဖြစ်ကြောင့် ဝတ်မွတ် ချည်းနွမ်း အထီး ကျန်သည့် သူဆင်းရဲနှင့် တူသော "အာဒီနဝ" အားဖြင့် သုံးသပ်၏။

(၂၅) အိုခြင်း ဇရာဖြင့်ငှင်း၊ သေခြင်း မရဏဖြင့်ငှင်း ဤသို့ နှစ်ဘို့အားဖြင့် ဖောက်ပြန်ခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့် ဇရာ မရဏ ဟူသော နှစ်ဘို့အားဖြင့် ဖောက်ပြန် ခြင်း သဘော ရှိသည်၏ အဖြစ် "ဝိပရိဏာမဓမ္မ" အားဖြင့် သုံးသပ်၏။

(၂၆) သဘောအားနည်းသည်၏ အဖြစ်ကြောင့်ငှင်း၊ အနှစ် မပါ အကာ ကဲ့သို့ သုခကို ဖျက်ဆီးလွယ်သည်၏ အဖြစ် ကြောင့်ငှင်း အကာသဘွယ် ပျက်စီးလွယ်သည် ဖြစ်၍ အနှစ် မဲ့သော "အသာရက" အားဖြင့် သုံးသပ်၏။

(၂၇) မကောင်းမှု အကုသိုလ်၏ အကြောင်း၏ အဖြစ် ကြောင့် ကြမ်းကြုတ် ရှုန့်ရင်းသော ပါပဓမ္မ၏ အကြောင်းရင်း အဖြစ် "အဃမူလ" အားဖြင့် သုံးသပ်၏။

(၂၈) အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ၏ မျက်နှာကဲ့သို့ ပြုံးချိုသော မျက်နှာရှိသော ရန်သူ အပေါင်းသည် အကျွမ်း ဝင်သူကို သတ်သကဲ့သို့ အကျွမ်းဝင်သူကို သတ်ဘတ်သည်၏ အဖြစ်ကြောင့် အကျွမ်းဝင်သူကို သတ်တတ်သော မိတ္တမုခ

http://www.dhammadownload.com



သပတ္တခေါ် သူသတ် ရန်သူနှင့် တူသော "ဝဓက" အားဖြင့် သုံးသပ်၏။

(၂၉) ပွါးစီးခြင်း ကင်းသည်၏ အဖြစ်ကြောင့်ရင်း, ဝိဘဝ တဏှာ ဝိဘဝဒိဋ္ဌိ အညစ် အကြေးကို ဖြစ်စေတတ်သည်၏ အဖြစ် ကြောင့်ရင်း ပွါးစီးခြင်း မရှိ, ဝိဘဝ တဏှာ ဝိဘဝ ဒိဋ္ဌိ အညစ် အကြေးကိုသာ ဖြစ်စေတတ်သော "ဝိဘဝ" အားဖြင့် သုံးသပ်၏။

(၃၀) အာသဝေါ တရားတို့၏ ပဒဋ္ဌာန်၏ အဖြစ်ကြောင့် အာသဝေါ တရား လေးပါးတို့၏ အာရုံ "သာသဝ" အားဖြင့် သုံးသပ်၏။

(၃၁) ဇနကကံ ဟူသော ဟေတု အကြောင်း ဥပထမ္ဘကကံ ဟူသော ပစ္စယ အကြောင်းတို့သည် ပြုပြင်အပ်သည်၏ အဖြစ် ကြောင့် ဇနက အကြောင်း ဥပထမ္ဘက အကြောင်းတို့သည် အညီ အညွတ် ကပ်၍ ပြုပြင် စီရင်အပ်သည်၏ အဖြစ် "သင်္ခတ" အားဖြင့် သုံးသပ်၏။

(၃၂) မစ္စုမာရ် ကိလေသမာရ်တို့၏ စားအပ်သော အစာ အာမိသဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့် မစ္စုမာရ် ကိလေသမာရ် တို့၏ စားအပ်သော အစာ "မာရာမိသ"အားဖြင့် သုံးသပ်၏။

(၃၃-၃၄-၃၅-၃၆) ဇာတိသဘော, ဇရာသဘော, ဗျာဓိ သဘော, မရဏ သဘော ရှိသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေ နေခြင်း, အိုခြင်း, နာခြင်း, သေခြင်း သဘော ရှိသော "ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဓမ္မ" အားဖြင့် သုံးသပ်၏။

(၃၇-၃၈-၃၉) သောက၏ အကြောင်း, ပရိဒေဝ၏ အကြောင်း, ဥပါယာသ၏ အကြောင်း၏ အဖြစ်ကြောင့် စိုးရိမ် ခြင်း၏ အကြောင်း, ငိုကြွေးခြင်း၏ အကြောင်း, လွန်စွာ ပင်ပန်း ခြင်း၏ အကြောင်း ဖြစ်သော "သောက၊ ပရိဒေဝ၊ ဥပါ- ယာသဓမ္မ" အားဖြင့် သုံးသပ်၏။

(၄၀) တဏှာ သံကိလေသ, ဒိဋ္ဌိ သံကိလေသ, ဒုစ္စရိတ သံကိလေသတို့၏ အာရုံ ဖြစ်သော တရား၏ အဖြစ်ကြောင့်

http://www.dhammadownload.com



သံကိလေသ သုံးပါးတို့၏ အာရုံ ဖြစ်သော "သံကိလေသိကဓမ္မ အားဖြင့် သုံးသပ်၏။

ဤသို့ လေးဆယ်သော အပြားအားဖြင့် ဆိုအပ်ပြီးသော အနိစ္စ စသောအားဖြင့် သုံးသပ်ခြင်း၏ အစွမ်းဖြင့် သုံးသပ်၏၊ အစဉ် မပျက် စကား ဆက်၍ ဆိုဦးအံ့—ဤ နယ ဝိပဿနာ လေးဆယ်သော သမ္မသန အပြားတို့တွင်၊ ဝါ—ခန္ဓာ ငါးပါး တို့တွင် ခန္ဓာ တပါး တပါး၌ "အနိစ္စတော၊ ပလောကတော၊ စလတော၊ ပဘင်္ဂုတော၊ အဓုဝတော၊ ဝိပရိဏာမဓမ္မတော၊ အသာရကတော၊ ဝိဘဝတော၊ သင်္ခတတော၊ မရဏဓမ္မတော" ဤသို့ ဆယ်ပါး ဆယ်ပါးသော သမ္မသနတို့ကို ပြု၍ ခန္ဓာ ငါးပါး၌ အနိစ္စာနုပဿနာ ငါးဆယ်တို့ရင်း, ခန္ဓာ တပါး တပါး၌ "ပရတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော" ဟူသော ငါးပါး ငါးပါးသော သမ္မသနတို့ကို ပြု၍ ခန္ဓာ ငါးပါး၌ အနတ္တာနုပဿနာ နှစ်ဆဲ့ ငါးပါးတို့ရင်း—

ပြဆိုပြီးသော သမ္မသန တဆဲ့ ငါးပါးမှ ကြွင်းကုန်သော—

"ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ဤတိတော၊ ဥပဒ္ဒဝတော၊ ဘယတော၊ ဥပသဂ္ဂတော၊ အတာဏတော၊ အလေဏတော၊ အသရဏတော၊ အာဒီနဝတော၊ အဃမူလတော၊ ဝဓကတော၊ သာသဝတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊ ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ သောကဓမ္မတော၊ ပရိဒေဝဓမ္မတော၊ ဥပါယာသဓမ္မတော၊ သံကိလေသိကဓမ္မတော။"

ဟူသော သမ္မသန နှစ်ဆဲ့ ငါးပါး နှစ်ဆဲ့ ငါးပါးတို့ကို ခန္ဓာ တပါး တပါး၌ ထား၍ ခန္ဓာ ငါးပါး၌ ဒုက္ခာနုပဿနာ တရာ့ နှစ်ဆဲ့ ငါးပါးတို့ရင်း ဤသို့ ထို လေးဆယ် သော သမ္မသန ဘေဒ တို့သည် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ ဟူသော အနုပဿနာ သုံးပါးတို့၌ အတွင်း ဝင်ကုန်၏။

http://www.dhammadownload.com



ဤသို့ ပြဆိုပြီးသော နည်းဖြင့် နှစ်ရာ အပြား ရှိသော ဤ အနိစ္စ အစရှိသော သမ္မသနဖြင့် ခန္ဓာ ငါးပါးတို့ကို သုံးသပ် ဆင်ခြင်သော ထို ယောဂီအား နယ ဝိပဿနာဟု ဆိုအပ်သော ထို အနိစ္စဟု သုံးသပ်ခြင်း, ဒုက္ခဟု သုံးသပ်ခြင်း, အနတ္တဟု သုံးသပ်ခြင်းသည် မြဲမြံ နိုင်ခံ၏၊ ဤ ဆိုအပ်ပြီးသော အစီ အရင်သည် ရှေးဦးစွာ ဤ လေးဆယ်သော သမ္မသနတို့၌၊ ဝါ—ဤ နယ ဝိပဿနာ၌ ပါဠိတော် နည်းကို အစဥ် မှီးသဖြင့် သုံးသပ်ခြင်း၌ အားထုတ်သော အစီ အရင်တည်း။

ဆက်၍ ဆိုအံ့—ဤသို့သော နည်းဖြင့် လက္ခဏာရေး သုံးပါးကို အကျဉ်းအားဖြင့် ရှုခြင်း တည်းဟူသော နယ ဝိပဿနာ၌ အပတ် တကုတ် အားထုတ် လုံ့လကို ပြုပါသော်လည်း အကြွင် မုဒိန္ဒြိယ မန္ဒပညာ ပုဂ္ဂိုလ်အား နယ ဝိပဿနာသည် အကယ်တမှု မပြည့်စုံသည် ဖြစ်အံ့၊ လိုရာ မပေါက် မပြီးမြောက်သော ထို ယောဂီသည် ပြဆိုလတ္တံ့သော အခြင်းအရာ အာကာရ ကိုးပါးတို့ဖြင့် သဒ္ဓါ စသော ဣန္ဒြေ တို့သည် ထက်မြက်ကုန်၏၊ ခဏတိုင်း ခဏတိုင်း ဖြစ်ကုန် ဖြစ်ကုန်သော ရုပ်တရားတို့၏ ဘင်လက္ခဏာကို သာလျှင် မြင်၏။

ထို ဘင်ကို ရှုခြင်း မြင်ခြင်း၌လည်း အရို အသေ ပြုလေ့ ရှိသည်၏ အဖြစ်ကြောင့် ထို ခယ ဒဿနကို ပြည့်စုံစေ၏၊ မပြတ် မလပ် အပတ် တကုတ် ပြုခြင်းဖြင့် ပြည့်စုံစေ၏၊ အာဝါသ အစ ရှိသော သပ္ပါယ ခုနစ်ပါးကို မှီဝဲသဖြင့် ပြည့်စုံစေ၏၊ သမာဓိ ဟူသော သမထ၏ နိမိတ် အခြင်း အရာကို ကောင်းစွာ မှတ်သည်၏ အစွမ်းဖြင့်လည်း ပြည့်စုံစေ၏၊ ဗောဇ္ဈင်တို့ကို အသင့် အလျော် အားဖြင့် ဖြစ်စေခြင်းဖြင့်လည်း ပြည့်စုံစေ၏၊ ကိုယ်၌၎င်း, အသက်၌၎င်း, ငဲ့ကွက်ခြင်း မရှိသည်၏ အဖြစ် ဟူသော စိတ်ကို ဖြစ်စေ၏။

ထို ငဲ့ကွက် မချစ် အနပေက္ခ ပြုအပ်သော ကိုယ်စိတ်၌ ငဲ့ကွက် မချစ် အနပေက္ခ ပြုသည်၏ အဖြစ်ဖြင့်၎င်း, သဒ္ဓါ စသော ဣန္ဒြေ တို့ကို ထက်သည်၏ အဖြစ်သို့ ရောက်စေသဖြင့်၎င်း ဖြစ်တိုင်း

ဖြစ်တိုင်းသော ဆင်းရဲကို ပျင်းရိခြင်းမှ ထွက်မြောက်တတ်သော လုံ့လဖြင့် လွှမ်းမိုး၍ 'ဘာဝနာကို ပြည့်စုံစေ၏၊ အကြင် အကြင် အလို ရှိအပ်သော ဘာဝနာ ပြည့်စုံခြင်း၏ အကြား၌လည်း မတွန့်တိုသဖြင့် ဘာဝနာကို ပြည့်စုံစေ၏၊ ဤသို့ အဋ္ဌကထာ၌ မိန့်အပ်ကုန်သော အခြင်း အရာ အာကာရ ကိုးပါးတို့၏ အစွမ်းဖြင့် သဒ္ဓါ စသော ဣန္ဒြေတို့ကို ထက်အောင် ပြု၍ ပထဝီ ကသိုဏ်း နိဒ္ဒေသ၌ ပြဆိုပြီးသော နည်းဖြင့် အသပ္ပါယ ခုနစ်ပါးတို့ကို ကြဉ်၍ သပ္ပါယ ခုနစ်ပါးတို့ကို မှီဝဲသည် ဖြစ်၍ ရံခါ ရံခါ ရုပ်ကို သုံးသပ်ရာ၏၊ ရံခါ ရံခါ နာမ်ကို သုံးသပ်ရာ၏။

ရုပ်ကို သုံးသပ်သော ယောဂီသည် ရုပ်၏ ဖြစ်ခြင်းကို ရှုအပ်၏၊ ထို ရုပ်၏ ဖြစ်ခြင်းကား အဘယ်နည်း—ဤ ရုပ်မည်သည် ကံ အစ ရှိသည်တို့၏ အစွမ်းအားဖြင့် လေးပါးကုန်သော အကြောင်းတို့ကြောင့် ဖြစ်၏၊ ထို အကြောင်း လေးပါးတို့တွင် အလုံးစုံသော သတ္တဝါတို့အား ရုပ်သည် ဖြစ်သည် ရှိသော် ရှေးဦးစွာ ကံကြောင့် ဖြစ်၏၊ ချဲ့ဦးအံ့—ပဋိသန္ဓေ ခဏ၌ သာလျှင် ဂဗ္ဘသေယျက သတ္တဝါတို့အား ရှေးဦးစွာ ကာယဒသက, ဝတ္ထုဒသက, ဘာဝ-ဒသက ဟူသော သုံးပါးသော သန္တတိသီသ အစွမ်းအားဖြင့် ဝတ္ထုဒသက, ကာယဒသက, ဘာဝဒသကဟု ဆိုအပ်ကုန်သော ကမ္မဇရုပ် သုံးဆယ်တို့သည် ဖြစ်ကုန်၏။

ထို ကမ္မဇရုပ် သုံးဆယ်တို့သည်လည်း ပဋိသန္ဓေ စိတ်၏ ဥပါဒ် ခဏ၌ သာလျှင် ဖြစ်ကုန်၏၊ ဥပါဒ် ခဏ၌ သာလျှင် ဖြစ်ကုန်သကဲ့သို့လည်း ထို့အတူ ဌီခဏ၌၎င်း, ဘင်ခဏ၌၎င်း ဖြစ်ကုန်၏၊ ထို နာမ်ရုပ်တို့တွင် ရုပ်သည် နှေးနှေးကွေးကွေး ဖြည်းဖြည်း ချုပ်ခြင်း ရှိ၏၊ ဝါ—ကြာမြင့်မှ ချုပ်ခြင်း ရှိ၏၊ စိတ္တက္ခဏ အသက် တဆဲ့ ခုနစ်ချက် ရှည်သည့်၏ အဖြစ်ကြောင့်တည်း၊ လေးလံ နှေးကန်သော အပြန် ရှိ၏၊ စိတ်သည် လျင်လျင် မြန်မြန် ချုပ်ခြင်း ရှိ၏၊ ပေါ့ပါးသော အပြန် ရှိ၏၊ ထိုသို့ ရုပ် တရားတို့ထက် နာမ် တရားတို့၏ တိုသော ကာလ ရှိသည်၏ အဖြစ်ကြောင့်—

"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ဧဝံ လဟုပရိဝတ္တံ, ယထယိဒံ ဘိက္ခဝေ စိတ္တံ။"

"အို ရဟန်းတို့—ဤ စိတ်သည် လျင်မြန်သော အပြန် ရှိ၏၊ ထို့အတူ လျင်လျင် မြန်မြန် အပြန်ရှိသော စိတ်မှ တပါးသော တခုသော တရားကိုမျှလည်း ငါဘုရားသည် သမန္တ စက္ခုဖြင့် ကြည့်ရှု၍ မြင်တော်မမူ" ဟူ၍ မြတ်စွာ ဘုရား ဟောတော်မူပြီ။

ထို စကား မှန်၏—ရုပ်သည် ထင်ရှား ရှိစဉ်ပင်လျှင် တဆဲ့ ခြောက်ကြိမ် တိုင်အောင် ဘဝင် စိတ်သည် ဖြစ်၍ ချုပ်၏၊ စိတ်၏ ဥပါဒ် ခဏသည်ရှင်း, ဌီ ခဏသည်ရှင်း, ဘင် ခဏသည်ရှင်း တခုတည်း ကဲ့သို့ တူကုန်၏၊ အထူးကား—ရုပ်၏ ဥပါဒ် ခဏ ဘင် ခဏတို့သည် သာလျှင် လျင်မြန်ကုန်၏၊ ထို စိတ်၏ ဥပါဒ် ခဏနှင့် တူကုန်၏၊ ရုပ်၏ ဌီတိက္ခဏသည် ကြာမြင့်လှစွာ၏၊ အကြင်မျှလောက် တဆဲ့ ခြောက်ချက်သော စိတ်တို့သည် ဖြစ်ပြီး၍ ချုပ်ကုန်၏၊ ထိုမျှလောက် တည်၏၊ ပဋိသန္ဓေ စိတ်၏ ဥပါဒ် ခဏ၌ ဖြစ်သော ဌီခဏသို့ ရောက်သော ပုရေဇာတ ပစ္စည်း တပ်သော ဟဒယ ဝတ္ထုရုပ်ကို မှီ၍ ဒုတိယ ဘဝင် စိတ်သည် ဖြစ်၏၊ ထို ဒုတိယ ဘဝင်စိတ်နှင့် တကွ ဖြစ်သော ဌီသို့ ရောက်သော ပုရေဇာတ ပစ္စည်း တပ်သော ဟဒယ ဝတ္ထုရုပ်ကို အမှီ ပြု၍ တတိယ ဘဝင်သည် ဖြစ်၏၊ ဤနည်းဖြင့် တဘဝ အတွက် အသက် ရှည်သမျှ ကာလပတ်လုံး စိတ်၏ ဖြစ်ခြင်းကို သိအပ်၏။

အထူးကို ဆိုအံ့—သေခါနီးသော သတ္တဝါအား တခုသာလျှင် ဖြစ်သော ဌီခဏသို့ ရောက်သော ပုရေဇာတ ပစ္စည်း တပ်သော ဟဒယ ဝတ္ထုရုပ်ကို မှီ၍ တဆဲ့ ခြောက်ချက်သော စိတ္တက္ခဏ တို့သည် ဖြစ်ကုန်၏၊ ပဋိသန္ဓေ စိတ်၏ ဥပါဒ် ခဏ၌ ဖြစ်သော ရုပ်သည် ပဋိသန္ဓေ စိတ်မှ အထက် ဖြစ်သော နောက်ကာလ၌ တဆဲ့ ခြောက်ချက်မြောက်သော စိတ်နှင့် တကွ ချုပ်၏၊ ပဋိသန္ဓေ စိတ်၏ ဌီခဏ၌ ဖြစ်သော ရုပ်သည် တဆဲ့ ခုနစ်ချက် မြောက်သော ဘဝင် စိတ်၏ ဥပါဒ်ခဏနှင့် တကွ

http://www.dhammadownload.com



ချုပ်၏၊ ပဋိသန္ဓေ စိတ်၏ ဘင်ခဏ၌ ဖြစ်သော ရုပ်သည် တဆဲ့ ခုနစ်ချက် မြောက်သော ဘဝင် စိတ်၏ ဌီခဏသို့ ရောက်၍ ချုပ်၏၊ အကြင်မျှလောက် သံသရာ ဟူသော ဆက်ကာ ဆက်ကာ ဖြစ်တတ်သော တရားမည်သည်၊ ဝါ—စိတ်၏ ဖြစ်ခြင်း မည်သည် ရှိ၏၊ ထိုမျှလောက် ကာလပတ်လုံး ထို့အတူ သာလျှင် ဖြစ်၏။

ဥပပတ် သတ္တဝါတို့အားလည်း စက္ခုဒသက စသော ခုနစ်ပါး သော သန္တတိသီသတို့၏ အစွမ်းအားဖြင့် ခုနစ်ဆယ်သော ရုပ်တို့သည် ထို့အတူသာလျှင် ဖြစ်ကုန်၏၊ ထို ကံကြောင့် ဖြစ်သော ရုပ်၏ ဖြစ်ခြင်း၌ ဝေဘန်ခြင်းကို သိအပ်၏၊ "ကံ" သည်၎င်း၊ ကံလျှင် ဖြစ်ကြောင်း ရှိသော "ကမ္မသမုဋ္ဌာန တရား" သည်၎င်း၊ ကံလျှင် အထောက် အပံ့ ရှိသော "ကမ္မပစ္စယတရား" သည်၎င်း၊ ကံလျှင် အထောက်အပံ့ ရှိသည် ဖြစ်၍ စိတ်လျှင် ဖြစ်ကြောင်း ရှိသော "ကမ္မပစ္စယစိတ္တသမုဋ္ဌာန တရား" သည်၎င်း၊ ကံလျှင် အထောက် အပံ့ ရှိသည်ဖြစ်၍ ဥတုလျှင် ဖြစ်ကြောင်း ရှိသော "ကမ္မပစ္စယဥတုသမုဋ္ဌာန တရား" သည်၎င်း ဤသို့သော ငါးခြမ်း ဝေဘန်ခြင်းကို သိအပ်၏။

ထို ကမ္မ၊ ကမ္မသမုဋ္ဌာန စသည်ဖြင့် ဝေဘန်ခြင်း၌ နာနာက္ခဏိက ကမ္မပစ္စည်း တပ်သော ကုသိုလ် အကုသိုလ် စေတနာသည် "ကံ" မည်၏၊ သဟဇာတကမ္မပစ္စည်း တပ်ကာမျှ ဖြစ်သော ဝိပါက် ကြိယာ စေတနာသည် ဤအရာ၌ ကံမမည်၊ ဝိပါက် နာမက္ခန္ဓာတို့သည်၎င်း၊ စက္ခုဒသက စသော အမျှ ခုနစ်ဆယ် သော ကဋတ္တာရုပ်သည်၎င်း "ကမ္မသမုဋ္ဌာန်" မည်၏၊ ထို ဆိုအပ် ပြီးသော ဝိပါက် နာမက္ခန္ဓာ၊ စက္ခုဒသက စသော အမျှ ခုနစ်ဆယ် သော ကဋတ္တာရုပ်သည် ပင်လျှင် "ကမ္မပစ္စယ" မည်၏၊ သင့်စွ— ကံသည် ကံလျှင် ဖြစ်ကြောင်း ရှိသော တရားအား ဖြစ်စေတတ် သော ဇနကသည် သာလျှင် မဟုတ်သေး၊ ထောက်ပံ့တတ်သော ဥပထမ္ဘကသတ္တိဖြင့် ကျေးဇူး ပြုတတ်သည်လည်း ဖြစ်၏။

ဝိပါက် စိတ်ကြောင့် ဖြစ်သော ရုပ်သည် "ကမ္မပစ္စယစိတ္တ- သမုဋ္ဌာန" မည်၏၊ ကမ္မသမုဋ္ဌာန် ရုပ်တို့၌ ဌီခဏသို့ ရောက်သော

http://www.dhammadownload.com



ဩဇာသည် အခြား တပါးသော ဩဇာလျှင် ရှစ်ခုမြောက် ရှိသော ရုပ်ကို အာဟာရသည် နှံ့အပ်သော ကိုယ်၌ ဖြစ်စေ၏၊ ထို ကမ္မသမုဋ္ဌာန် ဖြစ်သော အာဟာရလျှင် ဖြစ်ကြောင်း ရှိသော ဩဇဋ္ဌမက ရုပ်၌လည်း ဩဇာသည် ဋ္ဌီခဏသို့ ရောက်၍ အခြား တပါးသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤသို့ တူသော သန္တတိ၏ အစွမ်းဖြင့် လေးပါး ငါးပါးလည်း ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ ဖြစ်ခြင်းတို့ကို စပ်၏၊ ထို ရုပ်သည် "ကမ္မ-ပစ္စယအာဟာရ သမုဋ္ဌာန်" မည်၏။

ဋ္ဌီခဏသို့ ရောက်သော ကံကြောင့် ဖြစ်သော တေဇောဓာတ်သည် ဥတုလျှင် ဖြစ်ကြောင်း ရှိသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ထို ဥတုသမုဋ္ဌာန် ဩဇဋ္ဌမက၌လည်း ဋ္ဌီခဏသို့ ရောက်သော ဥတုသည် အခြား တပါးသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤသို့ တူသော သန္တတိ၏ အစွမ်းဖြင့် လေးပါး ငါးပါးလည်း ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ ဖြစ်ခြင်းတို့ကို စပ်၏၊ ထို ရုပ်သည် "ကမ္မပစ္စယ ဥတုသမုဋ္ဌာန်" မည်၏၊ ဤသို့ ရှေးဦးစွာ ကမ္မဇရုပ်၏ ဖြစ်ခြင်းကို အဖန် တလဲလဲ ရှုအပ်၏။

စိတ္တဇ ရုပ်တို့၌လည်း "စိတ်" ၎င်း, စိတ်လျှင် ဖြစ်ကြောင်း ရှိသော "စိတ္တသမုဋ္ဌာန် ရုပ်" ၎င်း, စိတ်လျှင် အထောက် အပံ့ ရှိသော "စိတ္တပစ္စယရုပ်" ၎င်း, စိတ်လျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ အာဟာရလျှင် ဖြစ်ကြောင်း ရှိသော "စိတ္တပစ္စယ အာဟာရသမုဋ္ဌာန်ရုပ်" ၎င်း, စိတ်လျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ ဥတုလျှင် ဖြစ်ကြောင်း ရှိသော "စိတ္တပစ္စယဥတုသမုဋ္ဌာန် ရုပ်" ၎င်း ဤသို့သော ခွဲခြမ်း ဝေဘန်ခြင်းကို သိအပ်၏။

ထို စိတ်, စိတ္တသမုဋ္ဌာန စသည်တို့တွင် တခုယုတ် ကိုးဆယ်သော စိတ်တို့သည် "စိတ်" မည်၏၊ ထို ရှစ်ဆဲ့ ကိုးပါးသော စိတ်တို့တွင် သုံးဆဲ့ နှစ်ပါးသော စိတ်တို့၎င်း, နှစ်ဆဲ့ ခြောက်ပါးသော စိတ်တို့၎င်း, တဆဲ့ ကိုးပါးသော စိတ်တို့၎င်း ဤ ကောဋ္ဌာသ သုံးပါးဖြင့် ရေတွက်အပ်သော စိတ်တို့ကို ထိုက်သည် အားလျော်စွာ ရုပ် ဣရိယာပုထ် ဝိညတ်တို့ကို ဖြစ်စေတတ်ကုန်၏ ဟူ၍

http://www.dhammadownload.com


သိအပ်ကုန်၏၊ တဆဲ့ ခြောက်ပါးသော စိတ်တို့ကို ရုပ် ဣရိယာပုထ် ဝိညတ်တို့ကို မဖြစ်စေတတ်သော စိတ်တို့ ဟူ၍ သိအပ်ကုန်၏။

ချဲ့ဦးအံ့—ကာမာဝစရ စိတ်တို့တွင် ကာမာဝစရကုသိုလ် စိတ် ရှစ်ခု, အကုသိုလ်စိတ် တဆဲ့နှစ်ခု, မနောဓာတ် ကြဉ်အပ်သော ကာမကြိယာစိတ် ဆယ်ခု, ရူပကုသိုလ် အဘိညာဉ်, ရူပကြိယာ အဘိညာဉ် နှစ်ခု ဤ သုံးဆဲ့ နှစ်ပါးသော စိတ်တို့သည် ရုပ် ဣရိယာပုထ်ကိုငင်း, ဝိညတ်ကိုငင်း ဖြစ်စေတတ်ကုန်၏၊ ဝိပါက် ကြဉ်သော အဘိညာဉ် ဒွေမှ ကြွင်းကုန်သော ရူပကုသိုလ်, ရူပကြိယာစိတ် ဆယ်ခု, အရူပ ကုသိုလ်, အရူပကြိယာစိတ် ရှစ်ခု, လောကုတ္တရာစိတ် ရှစ်ခု ဤနှစ်ဆဲ့ ခြောက်ပါးသော စိတ်တို့သည် ရုပ်ကိုငင်း, ဣရိယာပုထ်ကိုငင်း ဖြစ်စေကုန်၏။

ကာမာဝစရ စိတ်တွင် ဘဝင် စိတ် ဆယ်ခု, ရူပါဝစရ စိတ်မှ ဘဝင် စိတ် ငါးခု, မနောဓာတ် သုံးခု, ဝိပါက် အဟိတ် မနောဝိညာဏဓာတ်, သောမနဿသဟဂုတ် သန္တိရဏစိတ် တခု ဤ တဆဲ့ ကိုးပါးသော စိတ်တို့သည် ရုပ်ကို သာလျှင် ဖြစ်စေကုန်၏၊ ဣရိယာပုထ်ကို မဖြစ်စေကုန်၊ ဝိညတ်ကို မဖြစ်စေကုန်၊ ဒွေပဉ္စဝိညာဉ် တဆယ်, ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ် တခု, ရဟန္တာတို့၏ စုတိစိတ် တခု, အရူပ ဝိပါက်စိတ် လေးခု, ဤ တဆဲ့ ခြောက်ပါးသော စိတ်တို့သည် ရုပ်ကို မဖြစ်စေနိုင်ကုန်၊ ဣရိယာပုထ်ကို မဖြစ်စေနိုင်ကုန်၊ ဝိညတ်ကို မဖြစ်စေနိုင်ကုန်။

ဆက်၍ ဆိုအံ့—ဤ စိတ်တို့တွင် အကြင် စိတ်တို့သည် ရုပ်ကို ဖြစ်စေတတ်ကုန်၏၊ ထို ရုပ်ကို ဖြစ်စေတတ်သော စိတ်တို့သည် ဌီခဏာ၌ မဖြစ်စေနိုင်ကုန်၊ ဘင် ခဏာ၌လည်း မဖြစ်စေနိုင်ကုန်၊ မှန်၏၊ ထို ဌီခဏ ဘင် ခဏာ၌ စိတ်သည် အားမရှိသည် ဖြစ်၏၊ သင့်လျော်သည်ကို ဆိုအံ့—ဥပါဒ် ခဏာ၌ အနန္တရာဒိ ပစ္စည်းကို ရခြင်းကြောင့် သန်မာ လျင်မြန်သော အားရှိသည် ဖြစ်၏၊ ထို့ကြောင့် ထို အနန္တရာဒိ ပစ္စည်းကို ရသော စိတ်သည် ထို ဥပါဒ် ခဏာ၌ ပုရေဇာတပစ္စည်း တပ်သော ဟဒယဝတ္ထုကို မှီ၍ ရုပ်ကို ဖြစ်စေ၏။

http://www.dhammadownload.com



နာမ်ခန္ဓာ သုံးပါးတို့သည်၎င်း, သဒ္ဒနဝကကလာပ် ရုပ် ကိုးခု အပေါင်း၎င်း, ကာယဝိညတ်, ဝစီဝိညတ်, အာကာသဓာတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ရူပဿ ဥပစယ, သန္တတိ ဤသို့ အပြားအားဖြင့် တဆဲ့ ခုနစ်ပါးသော ရုပ်သည်၎င်း စိတ်လျှင် ဖြစ်ကြောင်း ရှိသော "စိတ္တသမုဋ္ဌာန်" မည်၏၊ "ပဥ္စဝဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ" ဟူ၍ ဟောတော်မူအပ်သော အကြောင်း လေးပါး ကြောင့် ဖြစ်သော စတုသမုဋ္ဌာနိက ရုပ်သည် စိတ်လျှင် အထောက် အပံ့ ရှိသော "စိတ္တပစ္စယ" မည်၏၊ စိတ္တ သမုဋ္ဌာန် ရုပ်တို့၌ ဌီခဏသို့ ရောက်သော ဩဇာသည် အခြား တပါးသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤသို့ နှစ်ပါး သုံးပါးကုန်သော ရုပ်ကလာပ် တို့၏ ဖြစ်ခြင်းတို့ကို ဆက်၏၊ စပ်စေ၏။

ထို ဩဇာသည် ဖြစ်စေအပ်သော ဩဇဋ္ဌမက ရုပ်သည် စိတ်လျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ အာဟာရကြောင့် ဖြစ်သော "စိတ္တပစ္စယအာဟာရသမုဋ္ဌာန်" မည်၏၊ စိတ် ဟူသော ဖြစ်ခြင်း ရှိသော ဌီခဏသို့ ရောက်သော ဥတုသည် အခြား တပါးသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤသို့ နှစ်ပါး သုံးပါးကုန်သော ဖြစ်ခြင်းတို့ကို ဆက်၏၊ စပ်စေ၏၊ ဤ ဥတုသည် ဖြစ်စေအပ်သော ဩဇဋ္ဌမက ရုပ်သည် စိတ်လျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ ဥတုလျှင် ဖြစ်ကြောင်းရှိသော "စိတ္တပစ္စယ ဥတုသမုဋ္ဌာန်" ရုပ် မည်၏၊ ဤသို့ စိတ္တဇရုပ်၏ ဖြစ်ခြင်းကို အဖန် တလဲလဲ ရှုအပ်၏။

အာဟာရဇ ရုပ်တို့၌လည်း "အာဟာရ" ၎င်း, အာဟာရလျှင် အထောက် အပံ့ ရှိသော "အာဟာရပစ္စယ" ၎င်း, အာဟာရလျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ အာဟာရလျှင် ဖြစ်ကြောင်း ရှိသော၊ ဝါ—အာဟာရကြောင့် ဖြစ်သော "အာဟာရပစ္စယ အာဟာရသမုဋ္ဌာန်" ၎င်း, အာဟာရ ဟူသော အထောက် အပံ့ ရှိသည် ဖြစ်၍ ဥတုကြောင့် ဖြစ်သော "အာဟာရပစ္စယ ဥတု-သမုဋ္ဌာန်ရုပ်" ၎င်း ဤသို့သော ဝေဘန်ခြင်း ငါးပါးကို သိအပ်၏။

http://www.dhammadownload.com


ထို ဝေဘန်ခြင်း၌ အလုပ် အလွှေ့ကို မပြုတတ်သော်လည်း ပြုအပ် သကဲ့သို့သော အာဟာရသည် "အာဟာရ" မည်၏၊ ဥပါဒိဏ္ဏက ဖြစ်သော ကမ္မဇရုပ်ကို အထောက် အပံ့ ရ၍ ဋ္ဌီသို့ ရောက်သော ဩဇာသည် ဖြစ်စေအပ်သော ဩဇဋ္ဌမက ရုပ်, အာကာသဓာတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ ဤသို့ တဆဲ့လေးပါး အပြားရှိသော ရုပ်သည် "အာဟာရ သမုဋ္ဌာန်ရုပ်" မည်၏၊ "ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူအပ်သော စတု သမုဋ္ဌာန် ရုပ်သည် အာဟာရလျှင် အထောက် အပံ့ ရှိသော "အာဟာရ ပစ္စယရုပ်" မည်၏။

အာဟာရလျှင် ဖြစ်ကြောင်း ရှိသော ရုပ်တို့၌ ဋ္ဌီ ခဏသို့ ရောက်သော ဩဇာသည် အခြား တပါးသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ထို အခြား တပါးသော ဩဇဋ္ဌမက ရုပ်၌လည်း ဩဇာ ဖြစ်သော အခြား တပါးသည် ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤသို့ ဆယ်ကြိမ် ဆဲ့နှစ်ကြိမ် တိုင်အောင် ဖြစ်ခြင်းကို ဆက်၏၊ စပ်စေ၏၊ ထို ဩဇဋ္ဌမက ရုပ်သည် အာဟာရ ဟူသော အထောက် အပံ့ ရှိသည် ဖြစ်၍ အာဟာရကြောင့် ဖြစ်သော "အာဟာရ-ပစ္စယအာဟာရသမုဋ္ဌာန်ရုပ်" မည်၏။

တနေ့ အတွင်း၌ စားသော အာဟာရသည် ခုနစ်ရက် ပတ်လုံးလည်း ထောက်ပံ့၏၊ အထူးကား—နတ်၌ ဖြစ်သော ဩဇာသည်၊ ဝါ—နတ်ဩဇာသည် တလ နှစ်လ ပတ်လုံးလည်း ထောက်ပံ့၏၊ အမိသည် စားအပ်သော အာဟာရသည်လည်း ဝမ်းတွင်းရှိ သူငယ်၏ တကိုယ်လုံးကို ပျံ့နှံ့၍ ရုပ်ကို ဖြစ်စေ၏၊ ကိုယ်၌ လိမ်းကျံသော အာဟာရသည်လည်း ရုပ်ကို ဖြစ်စေ၏၊ ကမ္မဇအာဟာရသည် ဥပါဒိဏ္ဏကအာဟာရ မည်၏၊ ထို ဥပါဒိဏ္ဏကအာဟာရသည်လည်း ဋ္ဌီ ခဏသို့ ရောက်သည် ဖြစ်၍ ရုပ်ကို ဖြစ်စေ၏၊ ထို ဥပါဒိဏ္ဏကအာဟာရသည် ဖြစ်စေအပ်သော ရုပ်၌လည်း ဩဇာသည် အခြား တပါးသော ရုပ်ကို

http://www.dhammadownload.com



ဖြစ်စေ၏၊ ဤသို့ လေးကြိမ် ငါးကြိမ် ကုန်သော ဖြစ်ခြင်းတို့ကို ဆက်၍၊ စပ်စေ၏။

အာဟာရကြောင့် ဖြစ်သော တေဇောဓာတ်သည် ဌီခဏသို့ ရောက်သည် ဖြစ်၍ ဥတုလျှင် ဖြစ်ကြောင်း ရှိသော သြဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤ သြဇဋ္ဌမက ရုပ်သည် အာဟာရလျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ ဥတုလျှင် ဖြစ်ကြောင်း ရှိသော "အာဟာရပစ္စယဥတုသမုဋ္ဌာန်ရုပ်" မည်၏၊ ထို အာဟာရ ပစ္စယဥတုသမုဋ္ဌာန် ရုပ်၌ ဤ ကမ္မဇ အာဟာရသည် အာဟာရ ကြောင့် ဖြစ်သော ရုပ်တို့အား ဖြစ်စေတတ်သည် ဖြစ်၍ အထောက် အပံ့သည် ဖြစ်၏၊ ကြွင်းကုန်သော ကမ္မသမုဋ္ဌာန်, စိတ္တသမုဋ္ဌာန်, ဥတုသမုဋ္ဌာန်, တိသန္တတိ ရုပ်တို့အား နိဿယ သတ္တိ, အာဟာရသတ္တိ, အတ္ထိသတ္တိ, အဝိဂတသတ္တိအားဖြင့် ဥပထမ္ဘက ပစ္စည်းသည် ဖြစ်၏၊ ဤသို့ အာဟာရဇ ရုပ်၏ ဖြစ်ခြင်း ကို အဖန် တလဲလဲ ရှုအပ်၏။

ဥတုဇ ရုပ်၌လည်း "ဥတု" သည်၎င်း, ဥတုလျှင် ဖြစ်ကြောင်း ရှိသော "ဥတုသမုဋ္ဌာန်ရုပ်"၎င်း, ဥတုလျှင် အထောက် အပံ့ ရှိသော "ဥတုပစ္စယရုပ်"၎င်း, ဥတု ဟူသော အထောက် အပံ့ ရှိသည် ဖြစ်၍ ဥတုကြောင့် ဖြစ်သော "ဥတုပစ္စယဥတုသမုဋ္ဌာန် ရုပ်"၎င်း, ဥတုလျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ အာဟာရ ကြောင့် ဖြစ်သော "ဥတုပစ္စယ အာဟာရသမုဋ္ဌာန်ရုပ်"၎င်း ဤသို့သော ဝေဘန်ခြင်း ငါးပါးတို့ကို သိအပ်၏။

ထို ဝေဘန်ခြင်း ငါးပါး၌ လေးပါးသော အကြောင်းကြောင့် ဖြစ်သော တေဇော ဓာတ်သည် "ဥတု" မည်၏၊ အထူးကား— ဤ ဥတုသည် သီတဥတု, ဥဏှဥတု ဟူ၍ နှစ်ပါး အပြား ရှိ၏၊ "ဥတုသမုဋ္ဌာန်ရုပ်"ကို ဤသို့ သိအပ်၏၊ အကြောင်း လေးပါး ကြောင့် ဖြစ်သော ဥတုသည် ဥပါဒိဏ္ဏက ရုပ်ကို အထောက် အပံ့ ရ၍ ဌီသို့ ရောက်သည် ဖြစ်၍ ကိုယ်၌ ဥတုဇရုပ်ကို ဖြစ်စေ၏၊ ထို ဥတုသမုဋ္ဌာန် ရုပ်သည် သဒ္ဒနဝကရုပ် ကိုးခု အပေါင်း, အာကာ- သဓာတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ

http://www.dhammadownload.com



ဟူ၍ တဆဲ့ငါးပါး အပြား ရှိ၏၊ ဥတုလျှင် အထောက် အပံ့ ရှိသော "ဥတုပစ္စယရုပ်" မည်သည်ကား အကြောင်း လေးပါး ကြောင့် ဖြစ်သော စတုသမုဋ္ဌာန် ရုပ်ပင်တည်း။

သဘာဂဥတု, ဝိသဘာဂဥတုသည် လေးပါးသော သမုဋ္ဌာန် ရှိသော ရုပ်တို့၏ ဖြစ်ခြင်း၏ရင်း, ပျက်စီးခြင်း၏ရင်း အကြောင်း သည် ဖြစ်၏၊ ဥတုလျှင် အထောက် အပံ့ ရှိသည် ဖြစ်၍ ဥတု ကြောင့် ဖြစ်သော "ဥတုပစ္စယဥတုသမုဋ္ဌာန်ရုပ်" မည်သည် ကား ဥတုလျှင် ဖြစ်ကြောင်း ရှိသော တေဇောဓာတ်သည် ဌီခဏသို့ ရောက်သည် ဖြစ်၍ အခြားသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ထို ဥတု သမုဋ္ဌာန် တေဇော ဓာတ်ကြောင့် ဖြစ်သော ဩဇဋ္ဌမက ရုပ်၌လည်း တည်သော ဥတုသည် အခြား တပါး သော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤသို့ ဆယ်ကြိမ် ဆဲ့နှစ်ကြိမ်ဟု ဆိုအပ်သော တပါး တပါးသော ရုပ်၏ အပိုင်း အခြားထက် ရှည်စွာသော ကာလပတ်လုံးလည်း အနုပါဒိဏ္ဏက အဘို့၌ တည်၍ ဥတုသမုဋ္ဌာန်ရုပ်သည် ဖြစ်သည်သာလျှင်တည်း။

"ဥတုပစ္စယအာဟာရသမုဋ္ဌာန်ရုပ်" မည်သည်ကား ဥတု သမုဋ္ဌာန် ဖြစ်၍ ဌီခဏသို့ ရောက်သော ဩဇာသည် အခြား တပါးသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ထို ဥတုသမုဋ္ဌာန် ဩဇာသည် ဖြစ်စေအပ်သော ဩဇဋ္ဌမက ရုပ်၌လည်း တည်သော ဩဇာသည် အခြား တပါးသော ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏၊ ဤသို့ ဆယ်ကြိမ် ဆဲ့နှစ်ကြိမ်တို့ တိုင်အောင် ရုပ်ကလာပ်တို့၏ ဖြစ်ခြင်းကို ဆက်၏၊ စပ်စေ၏၊ ထို ရုပ်ကလာပ် အပေါင်း၌ ဥတု သည် ဥတုသမုဋ္ဌာန် ရုပ်တို့အား ဖြစ်စေတတ်သည် ဖြစ်၍ ကျေးဇူး ပြုတတ်၏၊ ဥတုသမုဋ္ဌာန်မှ ကြွင်းကုန်သော ကမ္မ သမုဋ္ဌာန်, စိတ္တသမုဋ္ဌာန်, အာဟာရသမုဋ္ဌာန်, တိသန္တတိ ရုပ်တို့ အား နိဿယသတ္တိ, အတ္ထိသတ္တိ, အဝိဂတသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ ဤသို့ ဥတုဇ ရုပ်၏ ဖြစ်ခြင်းကို အဖန် တလဲလဲ ရှုအပ်၏။

http://www.dhammadownload.com



အကျိုးကို ဆိုအံ့—ဤ ဆိုအပ်ပြီးသော နည်းဖြင့် ရုပ်ကလာပ်တို့၏ ဖြစ်ခြင်းကို အဖန် တလဲလဲ ကြည့်ရှု ဆင်ခြင် ပွါးများသော ယောဂီ ပုဂ္ဂိုလ်သည် ရံခါ ရံခါ ရုပ်ကို သုံးသပ်သည် မည်၏၊ ထိုမှ တပါး ရုပ်ကို သုံးသပ်သော ယောဂီသည် ရုပ်ကလာပ်၏ ဖြစ်ခြင်းကို ရှုအပ်သကဲ့သို့ ထို့အတူ နာမ်ကို သုံးသပ်သော ယောဂီသည်လည်း နာမ်တရား၏ ဖြစ်ခြင်းကို အဖန် တလဲလဲ ရှုအပ်၏၊ ထို နာမ်တရား၏ ဖြစ်ခြင်းကိုလည်း လောကီ စိတ္တုပ္ပါဒ် ရှစ်ဆဲ့တပါးတို့၏ အစွမ်းဖြင့် သာလျှင် ရှုအပ်၏၊ ဤ လောကီ စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် ရှုသော ဝိပဿနာသည် အဘယ်နည်း၊ ချဲ့၍ ဖြေအံ့—ဤ နာမ် မည်သည်ကား ရှေး လွန်လေပြီးသော ဘဝ၌ အားထုတ်အပ်သော ကံ၏ အစွမ်းဖြင့် ပဋိသန္ဓေ အခါ၌ ရှေးဦးစွာ တဆဲ့ကိုးပါးသော စိတ္တုပ္ပါဒ် အပြား ရှိသည် ဖြစ်၍ ထိုထို ဘဝအားဖြင့် ဖြစ်၏။

ထို တဆဲ့ကိုးပါး အပြားရှိသော စိတ္တုပ္ပါဒ် အပြား နာမ်တရား၏ ဖြစ်သော အခြင်း အရာကို ပဋိစ္စသမုပ္ပါဒ်နိဒ္ဒေသ၌ ဟောတော်မူပြီးသော နည်းဖြင့် သာလျှင် သိအပ်၏၊ ထို တဆဲ့ကိုးပါး အပြား ရှိသော စိတ်သည် ပင်လျှင် ပဋိသန္ဓေ စိတ်၏ အခြားမဲ့ ဖြစ်သော စိတ်မှ စ၍ ဘဝင်၏ အစွမ်းအားဖြင့် ဖြစ်၏၊ အသက်၏ အဆုံး၌ စုတိ၏ အစွမ်းအားဖြင့် ဖြစ်၏၊ ထို တဆဲ့ကိုးပါးသော စိတ္တုပ္ပါဒ်တို့တွင် အကြင် စိတ်သည် ကာမာဝစရစိတ် ဖြစ်၏၊ ထို ကာမ ပဋိသန္ဓေ တဆယ်သည် ခြောက်ပါးသော ဒွါရတို့၌ အားကြီးသော အာရုံ၌ တဒါရုံ၏ အစွမ်းအားဖြင့် ဖြစ်၏။

ထိုမှတပါး ပဝတ္တိ အခါ၌ စက္ခုပသာဒ၏ မပျက်သည်၏ အဖြစ်ကြောင့် ရူပါရုံတို့၏ စက္ခုအား ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့် အလင်းကို မှီသော မနသိကာရလျှင် အကြောင်း ရှိသော စက္ခု ဝိညာဉ်သည် သမ္ပယုတ် တရားတို့နှင့် တကွ ဖြစ်၏၊ စက္ခုပသာဒ၏ ဌီခဏ၌ ဌီခဏသို့ ရောက်သည် သာလျှင် ဖြစ်သော ရူပါရုံသည် စက္ခုပသာဒကို ထိ၏၊ ထို ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည် ရှိသော် ဘဝင် နှစ်ကြိမ် ဖြစ်ပြီး၍ ချုပ်၏၊ ထို ဘဝင်

http://www.dhammadownload.com



နှစ်ကြိမ် ချုပ်ပြီးသည်မှ ထို ရူပါရုံ၌လျှင် ကြိယာမနောဓာတ်သည် ဆင်ခြင်ခြင်း အာဝဇ္ဇန်း ကိစ္စကို ပြီးစေလျက် ဖြစ်၏၊ ထို ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ထို ရူပါရုံကို ပင်လျှင် မြင်တတ်သော ကုသလဝိပါက်မှုလည်း ဖြစ်သော အကုသလဝိပါက်မှုလည်း ဖြစ်သော စက္ခုဝိညာဉ်သည် ဖြစ်၏။

ထိုသို့ စက္ခုဝိညာဉ် ဖြစ်သည်မှ နောက်၌ ထို ရူပါရုံကို ပင်လျှင် ခံလင့် သကဲ့သို့သော ဝိပါက်မနောဓာတ်သည် ဖြစ်၏၊ ထို ဝိပါက်မနောဓာတ် ဖြစ်သည်မှ နောက်၌ ထို ရူပါရုံကို ပင်လျှင် စုံစမ်းလင့် သကဲ့သို့သော ဝိပါက်အဟိတ်မနောဝိညာဏဓာတ်သည် ဖြစ်၏၊ ထို ဝိပါက်အဟိတ်မနောဝိညာဏဓာတ် ဖြစ်သည်မှ နောက်၌ ထို ရူပါရုံကို ပင်လျှင် ပိုင်းခြား မှတ်သားလင့် သကဲ့သို့သော ကြိယာအဟိတ်မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည် ဖြစ်၏။

ထို ဝုဋ္ဌော စိတ် ဖြစ်သည်မှ နောက်၌ ကာမာဝစရ ကုသိုလ် အကုသိုလ် ကြိယာ စိတ်တို့တွင် တခုခုသည်မှုလည်း ငါးကြိမ်မှုလည်း ဖြစ်ကုန်သော ခုနစ်ကြိမ်မှုလည်း ဖြစ်ကုန်သော ဇောတို့သည် ဖြစ်၍ ဖြစ်၏၊ ဥပေက္ခာသဟဂုတ်အဟိတ်စိတ်သည်မှုလည်း ဖြစ်၏၊ ထို ဇော ငါးကြိမ် ခုနစ်ကြိမ် ချုပ်သည်မှ နောက်၌ ကာမာဝစရ သတ္တဝါတို့အား တဆဲ့ တပါးကုန်သော တဒါရုံ စိတ်တို့တွင် ဇောအားရှင်း, အာရုံအားရှင်း လျော်စွာ အမှတ်မရှိ တခုခုသော တဒါရုံသည် ဖြစ်၏၊ ဤသို့ ရှုအပ်၏၊ စက္ခုဒွါရမှ ကြွင်းသော သောတဒွါရ စသော ပဉ္စဒွါရတို့၌လည်း ဤနည်းကို သိအပ်၏။

အထူးကို ဆိုအံ့—မနောဒွါရ၌ မဟဂ္ဂုတ် စိတ်တို့သည်လည်း ဖြစ်ကုန်၏၊ ဤသို့ ခြောက်ပါးသော ဒွါရ နာမ်တရား၏ ဖြစ်ခြင်းကို ရှုမြင်အပ်၏၊ အကျိုးထူးကို ဆိုအံ့—ဤသို့ ပြဆိုပြီးသော နည်းဖြင့် နာမ်တရား၏ ဖြစ်ခြင်းကို အဖန် တလဲလဲ ရှုသော ယောဂီသည် ရံခါ ရံခါ နာမ်တရားကို သုံးသပ်သည် မည်၏၊ ဤသို့ ရံခါ ရံခါ ရုပ်တရားကို သုံးသပ်၍ ရံခါ ရံခါ နာမ်တရားကို သုံးသပ်၍လည်း

http://www.dhammadownload.com



အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာရေး သုံးပါးကို ရုပ်၌ တင်၍ နာမ်၌ တင်၍ ဥဒယဗ္ဗယဉာဏ်ကို ရခြင်း အစဉ်ဖြင့် ကျင့်သော အချို့သော ယောဂီသည် ပညာဘာဝနာကို ပြည့်စုံ စေနိုင်၏၊ ဝါ—အရဟတ္တဖိုလ်ကို ရ၏။

## ရူပ သတ္တကကို ဝေဘန်၍ ပြခြင်း

တဦးသော ယောဂီသည် ရုပ်တို့၌ မနသိကာရ သတ္တက နာမ်တို့၌ မနသိကာရ သတ္တကတို့၏ အစွမ်းဖြင့် လက္ခဏာရေး သုံးပါးကို ရုပ်၌ တင်၍ နာမ်၌ တင်၍ ရုပ်နာမ် ဖြစ်သော သင်္ခါရ တို့ကို သုံးသပ်၏၊ ထို ရူပ သတ္တက, အရူပ သတ္တက နှစ်ပါးတို့တွင် ဘဝသစ်ကို ယူခြင်း ဘဝဟောင်းကို စွန့်ပစ်ခြင်းအားဖြင့်၎င်း၊ ဝါ—ဇာတိအားဖြင့်၎င်း, မရဏအားဖြင့်၎င်း, အရွယ်အားဖြင့် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့်၎င်း, အာဟာရကြောင့် ဖြစ်သည်၏ အဖြစ်ဖြင့်၎င်း, ဥတုကြောင့် ဖြစ်သည်၏ အဖြစ်ဖြင့်၎င်း, ကံကြောင့် ဖြစ်သည်၏ အဖြစ်ဖြင့် ၎င်း, စိတ်ကြောင့် ဖြစ်သည်၏ အဖြစ်ဖြင့်၎င်း, ကြေး သံ မြေ ကျောက် စသော အပြားအားဖြင့် အထူးထူးသော အဆင်း သဏ္ဌာန် ရှိသော ကံကို မငဲ့ဘဲ သဘောဖြင့် ပြီးသော ဓမ္မတာ ရုပ်အားဖြင့်၎င်း ဤသို့ ဤ အာဒါန နိက္ခေပန မနသိကာရ စသော ပြဆိုပြီးသည့် ကောဋ္ဌာသ အပြားတို့ဖြင့် လက္ခဏာရေး သုံးပါးကို ရုပ်၌ တင်၍ သုံးသပ်သော ယောဂီသည် ရုပ် တရားတို့၌ ခုနစ် ပါးသော အခြင်း အရာတို့ဖြင့် နှလုံးသွင်းခြင်း၏ အစွမ်းဖြင့် လက္ခဏာရေး သုံးပါးကို ရုပ်၌ တင်၍ သုံးသပ်သည် မည်၏၊ ဝါ—ရူပ သတ္တက မည်၏၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

> "အာဒါနနိက္ခေပနတော, ဝယောဝုဍ္ဍတ္ထဂါမိတော၊
> အာဟာရတော စ ဥတုတော,ကမ္မတော စာပိ စိတ္တတော၊
> ဓမ္မတာ ရူပတော သတ္တ, ဝိတ္ထာရေန ဝိပဿတိ။"

"ဘဝသစ်ကို ယူခြင်း ဘဝဟောင်းကို စွန့်ပစ်ခြင်း အာဒါန နိက္ခေပနအားဖြင့်၎င်း, အရွယ်အားဖြင့် ကြီးရင့်

http://www.dhammadownload.com



ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သည်၏ အဖြစ် ဝယောဝုဍ္ဍဂါမိအားဖြင့်၎င်း, ရုပ်၏ ပစ္စည်း ဖြစ်သော အာဟာရအားဖြင့်၎င်း, ရုပ်၏ ပစ္စည်း ဖြစ်သော ဥတု အားဖြင့်၎င်း, ရုပ်၏ ပစ္စည်း ဖြစ်သော ကံအားဖြင့်၎င်း, ရုပ်၏ ပစ္စည်း ဖြစ်သော စိတ်အားဖြင့်၎င်း, ဓမ္မတာ ရုပ်အားဖြင့်၎င်း ဤသို့ အာဒါန နိက္ခေပန စသော မနသိ ကာရ အပြား ခုနစ်ပါးတို့ဖြင့် အကျယ်တဝင့်အားဖြင့် ထိုထို ကောဋ္ဌာသသို့ လက္ခဏာရေး သုံးပါးကို တင်၍ ရှု၏" ဟူ၍ ဆိုကုန်ပြီ။

ထိုဂါထာ၌ "ဘဝသစ်ကို ယူခြင်း" ဟူသော အာဒါနကား "ပဋိသန္ဓေ" တည်း၊ "ဘဝဟောင်းကို စွန့်ပစ်ခြင်း" ဟူသော နိက္ခေပနကား "စုတိ" တည်း၊ ဤသို့ ယောဂါဝစရ ပုဂ္ဂိုလ်သည် ဤ ဘဝသစ်ကို ယူခြင်း ဟူသော ပဋိသန္ဓေ, ဘဝဟောင်းကို စွန့်ပစ်ခြင်း ဟူသော စုတိတို့ဖြင့် တခုသော အနှစ် တရာကို ပိုင်းခြား၍ သင်္ခါရ ဟူသော ရုပ်တရားတို့၌ လက္ခဏာရေး သုံးပါး ကို တင်၏၊ အဘယ်သို့ တင်သနည်း၊ ဤ အာဒါန နိက္ခေပန၏ အတွင်း၌ ဖြစ်ကုန်သော ခပ်သိမ်းကုန်သော ဘူတရုပ် ဥပါဒါရုပ် အားဖြင့် ပြားသော သင်္ခါရတို့သည် မမြဲကုန်၊ အဘယ့်ကြောင့်နည်း ဖြစ်ခြင်း ချုပ်ခြင်းတို့၏ အစွမ်းဖြင့် ဖြစ်သောကြောင့်၎င်း, ဇရာ မရဏသည် ဖောက်ပြန်စေအပ်သည်၏ အဖြစ်ကြောင့်၎င်းတည်း၊ တသက်လျှာ၏ အဖြစ်ကြောင့်၎င်း၊ ဝါ—ထိုဥပါဒ် ဌီ ဘင်မျှ ခဏ ရှည်ကြာသည်၏ အဖြစ်ကြောင့်၎င်း, နိစ္စ အဖြစ်ကို ပယ်ခြင်းကြောင့်၎င်း အနိစ္စ မည်ကုန်၏။

ထိုမှတပါး အကြင့်ကြောင့် ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ် အပြား ရှိသော သင်္ခါရတို့သည် ဌီခဏသို့ ရောက်ကုန်၏၊ ဌီခဏ၌ ဇရာ သဘောဖြင့် ပင်ပန်း ညှိုးနွမ်းကုန်၏၊ ဇရာသို့ ရောက်ကုန် သော သင်္ခါရတို့သည် ဧကန် မချွတ် ပျက်စီးကုန်၏၊ ထိုသို့ ဖြစ်ပြီး ကုန်သော သင်္ခါရတို့၏ ဌီခဏသို့ ရောက်ခြင်း စသော အကြောင်း ကြောင့်၊ ဝါ—ထိုသို့ ဥပါဒ် ဇရာ ဘင်သည် မပြတ် နှိပ်စက်အပ်

http://www.dhammadownload.com



သည်၏ အဖြစ်ကြောင့်၎င်း၊ ဝါ—ဥပါဒ် ဇရာ ဘင်အားဖြင့် ရှုံ့ရှာဘွယ် အနိဋ္ဌ တရား ဖြစ်၍ ပုဂ္ဂိုလ်ကို မပြတ် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၎င်း, ထိုသို့ နှိပ်စက်တတ်သည် ဖြစ်၍ သည်းခံနိုင်ခဲသည်၏ အဖြစ်ကြောင့်၎င်း, ထိုသို့ သုံးပါးသော ဒုက္ခတာတို့၏၎င်း, သံသာရ ဒုက္ခ၏၎င်း, တည်ရာ ဝတ္ထု၏ အဖြစ်ကြောင့်၎င်း, ထိုသို့ သုခ၏ ပဋိပက္ခ ဖြစ်၍ သုခကို ပယ်တတ် မြစ်တတ်သည်၏ အဖြစ်ကြောင့်၎င်း သင်္ခါရတို့သည် သုခ မဟုတ် ဒုက္ခ အစစ် မည်ကုန်၏။

ထိုမှတပါး အကြင့်ကြောင့် ဖြစ်ပြီးကုန်သော သင်္ခါရတို့သည် ဌီခဏသို့ မရောက်ပါစေကုန်လင့်၊ ဖြစ်သော အခြင်း အရာဖြင့်သာ တည်ပါစေကုန်၊ ဌီခဏသို့ ရောက်သော သင်္ခါရတို့သည် မရင့် မအိုပါစေကုန်လင့်၊ အိုပင် အိုသော်လည်း ဇရာ၏ အစွမ်းဖြင့် ပင်ပန်း နွမ်းလျ မကျပါစေကုန်လင့်၊ ဇရာသို့ ရောက်ကုန်သော သင်္ခါရတို့သည် မပျက်ပါစေကုန်လင့်၊ အတည် အစွဲ မြဲပါစေကုန်၊ ဤသို့ ဤသုံးပါးသော အရာတို့၌ တဆုဆုသော ဓမ္မိဿရ ဖြစ်တော်မူသော ဘုရားရှင်၏လည်း အလိုသို့ လိုက်တတ်သော အဖြစ်သည် မရှိချေ။

ထို သုံးပါးသော ဌာနတို့၌ အလိုသို့ လိုက်သော အခြင်း အရာမှ သင်္ခါရတို့သည် ဆိတ်ကုန်၏၊ ထိုသို့ ဆိုအပ်ပြီးသော အကြောင်းကြောင့် အစိုးပိုင်နိုင် အရှင် သခင် ဖြစ်သူ တစုံ တယောက်မျှ မရှိသည်၏ အဖြစ်ကြောင့်၎င်း, ပြဆိုပြီးသော နည်းဖြင့် အလိုသို့ လိုက်တတ်သော အဖြစ် မရှိခြင်းကြောင့်၎င်း၊ ဝါ—သဗ္ဗညူ ဘုရား၏သော်လည်း အလိုသို့ လိုက်ခြင်း မရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ဝါ—မိမိ အလိုသို့ လိုက်စေနိုင်သောသူ တစုံတယောက်မျှ မရှိသည်၏ အဖြစ်ကြောင့်၎င်း, သာသနာတော်မှ တပါး တိတ္ထိတို့သည် ကြံဆအပ်သော အတ္တကို ပယ်ခြင်းကြောင့်၎င်း, သင်္ခါရတို့သည် အတ္တ မဟုတ်, အနတ္တ အစစ် မည်ကုန်၏။

http://www.dhammadownload.com



ဤသို့ ပြဆိုပြီးသော နည်းဖြင့် ပဋိသန္ဓေ စုတိ ဟူသော အာဒါန နိက္ခေပန အစွမ်းဖြင့် အနှစ် တရာဖြင့် ပိုင်းခြားအပ်သော ရုပ်၌ လက္ခဏာရေး သုံးပါးကို တင်၍ သုံးသပ်သည်မှ နောက်၌ အရွယ်အားဖြင့် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သော အားဖြင့် လက္ခဏာရေး သုံးပါးကို ရုပ်၌ တင်၏၊ ထိုသို့ တင်ရာ၌ "ဝယောဝုဍ္ဎတ္ထင်္ဂမ" မည်သည်ကား အရွယ်၏ အစွမ်းဖြင့် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းတည်း၊ ထို အရွယ်အားဖြင့် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်း၏ အစွမ်းဖြင့် လက္ခဏာရေး သုံးပါးသို့ တင်၏၊ အဘယ်သို့ တင်သနည်း—

## အရွယ် သုံးပါး ပိုင်းခြား၍ သုံးသပ်ပုံ

ထို ယောဂီ ပုဂ္ဂိုလ်သည် ထို အနှစ် တရာကို ပင်လျှင် ပဌမ အရွယ်အားဖြင့်၎င်း, မဇ္ဈိမ အရွယ်အားဖြင့်၎င်း, ပစ္ဆိမ အရွယ်အားဖြင့်၎င်း ဤသို့ အရွယ် သုံးပါးတို့ဖြင့် ပိုင်းခြား၏၊ ထို အရွယ် သုံးပါးတို့တွင် အစ၌ သုံးဆဲ့သုံးနှစ်တို့သည် "ပဌမ အရွယ်" မည်၏၊ ထို ပဌမရွယ်မှ နောက် သုံးဆဲ့လေးနှစ်တို့သည် "မဇ္ဈိမ အရွယ်" မည်၏၊ ထို မဇ္ဈိမ ရွယ်မှ နောက် သုံးဆဲ့သုံးနှစ်တို့သည် "ပစ္ဆိမ အရွယ်" မည်၏၊ ဤသို့ အရွယ် သုံးပါးကို ပိုင်းခြား၍ မှတ်အပ်၏၊ ဤ အရွယ် သုံးပါးတို့ဖြင့် အနှစ် တရာကို ပိုင်းခြား၍ ပဌမရွယ်၌ ဖြစ်သော ရုပ်သည် မဇ္ဈိမရွယ်သို့ မရောက်မူ၍ ထို ပဌမ ရွယ်၌လျှင် ချုပ်၏၊ ထို့ကြောင့် ထို ရုပ်သည် အနိစ္စ မည်၏၊ အကြင် ရုပ်သည် အနိစ္စ မည်၏၊ ထို အနိစ္စ ဖြစ်သော ရုပ်သည် ဒုက္ခ မည်၏၊ အကြင် ရုပ်သည် ဒုက္ခ မည်၏၊ ထို ဒုက္ခ ဖြစ်သော ရုပ်သည် အနတ္တ မည်၏။

မဇ္ဈိမရွယ်၌ ဖြစ်သော ရုပ်သည်လည်း ပစ္ဆိမရွယ်သို့ မရောက်မူ၍ ထို မဇ္ဈိမရွယ်၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို မဇ္ဈိမရွယ် ရုပ်သည်လည်း အနိစ္စ မည်၏, ဒုက္ခ မည်၏, အနတ္တ မည်၏၊ ပစ္ဆိမ အရွယ်၌ သုံးဆဲ့သုံးနှစ်တို့ ပတ်လုံး ဖြစ်သော ရုပ်သည်လည်း သေသည်မှ နောက်၌ သွားလာခြင်းငှါ မစွမ်းနိုင်၊

http://www.dhammadownload.com



ထို့ကြောင့် ထို ပဋ္ဌိမရွယ်၌ ဖြစ်သော ရုပ်သည်လည်း အနိစ္စ မည်၏, ဒုက္ခ မည်၏, အနတ္တ မည်၏၊ ဤသို့ လက္ခဏာရေး သုံးပါးကို ရုပ်၌ တင်၏၊ ဤသို့လျှင် ပဌမရွယ် စသည်တို့၏ အစွမ်းဖြင့် အရွယ်အားဖြင့် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် လက္ခဏာရေး သုံးပါးကို ရုပ်၌ တင်၍ တဖန်—

အရွယ် ဆယ်ပါး ပိုင်းခြား၍ ဆင်ခြင်ပုံ

(၁) သတိ ပညာ နှံ့နှေးခြင်း များသောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "မန္ဒ ဒသက" အရွယ်၊

(၂) မြူးထူး ရွှင်ပျော်ခြင်း များသောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "ခိဍ္ဍာ ဒသက" အရွယ်၊

(၃) အဆင်းနှင့် ပြည့်စုံသောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "ဝဏ္ဏ ဒသက" အရွယ်၊

(၄) ခွန်အားနှင့် ပြည့်စုံ သန်မြန်သောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "ဗလ ဒသက" အရွယ်၊

(၅) ပညာ ပွင့်လင်းသောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "ပညာ ဒသက" အရွယ်၊

(၆) ခိဍ္ဍာရတိ ဝဏ္ဏ ဗလ ပညာများ ဆုတ်ယုတ်သောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "ဟာနိ ဒသက" အရွယ်၊

(၇) ရှေ့သို့ ကိုင်းသောအားဖြင့်ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "ပဗ္ဘာရ ဒသက" အရွယ်၊

(၈) ထွန်ကိုင်း ကွဲသို့ ကုန်းသောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "ဝင်္က ဒသက" အရွယ်၊

(၉) မောဟဖြင့် တွေဝေသောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "မောမူဟ ဒသက" အရွယ်၊

http://www.dhammadownload.com



(၁၀) အိပ်ရာ ဩောင်စောင်း လျောင်းတစင်းစင်း များသောအားဖြင့် ဖြစ်သော နှစ်တို့၏ ဆယ်ခုတို့၏ အပေါင်း ဟူသော "**သယန ဒသက**" အရွယ် ဤသို့ ထို ဆယ်ပါးသော ဒသကတို့၏ အစွမ်းဖြင့် အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် လက္ခဏာရေး သုံးပါးကို ရှုပ်၍ တင်၏။

(၁) ထို ဒသက အရွယ် ဆယ်ပါးတို့တွင် အနှစ် တရာ အသက် ရှင်သော ပုဂ္ဂိုလ်၏ ရှေးဦးစွာ ဖြစ်သော ဆယ်နှစ်တို့သည်၊ ဝါ—မွေးသည်မှ အသက် ဆယ်နှစ် တိုင်အောင် အရွယ်သည် "**မန္ဒ ဒသက**" မည်၏၊ သင့်စွ—ထို အရွယ်၌ ထို ပုဂ္ဂိုလ်သည် သတိ ပညာ နုံ့နွေး၏, မရုပ် မတည် လျှပ်ပေါ်၏, ငယ်မူ ငယ်ရာ မပျောက်။

(၂) ပဌမ ဒသကမှ နောက်ဖြစ်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် ဆယ်နှစ်မှ နှစ်ဆယ် တိုင်အောင် အရွယ်သည် "**ခိဍ္ဍာ ဒသက**" မည်၏၊ သင့်စွ—ထို **ခိဍ္ဍာ** ဒသက အရွယ်၌ မြူးထူး ခုန်လွှား ကစားသောအားဖြင့် ပျော်ပျော် ရွှင်ရွှင် များ၏။

(၃) ထို ဒုတိယ ဆယ်နှစ်မှ နောက်ဖြစ်ကုန်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် နှစ်ဆယ်မှ သုံးဆယ် တိုင်အောင် အရွယ်သည် "**ဝဏ္ဏ ဒသက**" မည်၏၊ သင့်စွ—ထို ဝဏ္ဏ ဒသက အရွယ်၌ ထို ပုဂ္ဂိုလ်၏ ဝဏ္ဏာယတနသည် စိုစို ပြည်ပြည် အရည် အရောင် တက်တိုး၍ ပြည့်ဖြိုး ပြန့်ပြောခြင်းသို့ ရောက်၏။

(၄) ထို တတိယ ဆယ်နှစ်မှ နောက်၌ ဖြစ်ကုန်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက်သုံးဆယ်မှ လေးဆယ်တိုင်အောင် အရွယ်သည် "**ဗလ ဒသက**" မည်၏၊ သင့်စွ—ထို ဗလ ဒသက အရွယ်၌ အရိုး အကြောတို့၏ မြဲမြံ ခိုင်ခံ့သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ထို ပုဂ္ဂိုလ်၏ ခွန်အားသည်ငင်း, ရဲစွမ်း သတ္တိသည်ငင်း ပြန့်ပြော ကြီးပွါးခြင်းသို့ ရောက်၏။

(၅) ထို စတုတ္ထ ဆယ်နှစ်မှ နောက်၌ ဖြစ်ကုန်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် လေးဆယ်မှ ငါးဆယ် တိုင်အောင်

http://www.dhammadownload.com



အရွယ်သည် **"ပညာ ဒသက"** မည်၏၊ သင့်စွ—ထို ပညာ ဒသက အရွယ်၌ ထို ပုဂ္ဂိုလ်၏ ပညာသည် ကောင်းစွာ တည်၏၊ ပြကတေ့ အားဖြင့် ပညာ အားနည်းသော ပုဂ္ဂိုလ်ပင်သော်လည်း ထို ပညာ ဒသက အရွယ်၌ အနည်းငယ်မျှသော ပညာသည် တိုးတက် ပြန့်ပွါး သန့်ရှင်း ထင်ရှားဖြစ်သည်သာတည်း။

(၆) ထို ပဉ္စမ ဆယ်နှစ်မှ နောက်၌ ဖြစ်ကုန်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် ငါးဆယ်မှ ခြောက်ဆယ် တိုင်အောင် အရွယ်သည် **"ဟာနိ ဒသက"** မည်၏၊ သင့်စွ—ထို ဟာနိ ဒသက အရွယ်၌ ထို ပုဂ္ဂိုလ်၏ ခိဍ္ဍာရတိ ဝဏ္ဏ ဗလ ပညာတို့သည် ရွေ့လျော ဆုတ်ယုတ်ကုန်၏။

(၇) ထို ဆဋ္ဌ ဆယ်နှစ်မှ နောက်၌ ဖြစ်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် ခြောက်ဆယ်မှ ခုနစ် ဆယ်တိုင်အောင် အရွယ်သည် **"ပဗ္ဘာရ ဒသက"** မည်၏၊ သင့်စွ—ထို ပဗ္ဘာရ ဒသက အရွယ်၌ ထို ပုဂ္ဂိုလ်၏ အတ္တဘောသည် ရှေ့သို့ ညွတ်ကိုင်း၏။

(၈) ထို သတ္တမ ဆယ်နှစ်မှ နောက်၌ ဖြစ်ကုန်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် ခုနစ်ဆယ်မှ ရှစ်ဆယ် တိုင်အောင် အရွယ်သည် **"ဝင်္က ဒသက"** မည်၏၊ သင့်စွ—ထို ဝင်္က ဒသက အရွယ်၌ ထို ပုဂ္ဂိုလ်၏ အတ္တဘောသည် ထွန်တုံးစွန်း ကဲ့သို့ ကုန်း၏။

(၉) ထို အဋ္ဌမ ဆယ်နှစ်မှ နောက်၌ ဖြစ်ကုန်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် ရှစ်ဆယ်မှ ကိုးဆယ် တိုင်အောင် အရွယ်သည် **"မောမူဟ ဒသက"** မည်၏၊ သင့်စွ—ထို မောမူဟ ဒသကအရွယ်၌ ထို ပုဂ္ဂိုလ်သည် သတိ ပညာ လွတ်ကင်း ကွာ၍ လွန်စွာ တွေဝေ၏၊ ပြုတိုင်း ပြုတိုင်းသော အမှုကို မေ့လျော့၏။

(၁၀) ထို နဝမ ဆယ်နှစ်မှ နောက်၌ ဖြစ်ကုန်သော ဆယ်နှစ်တို့သည်၊ ဝါ—အသက် ကိုးဆယ်မှ တရာ တိုင်အောင် အရွယ်

http://www.dhammadownload.com



သည် "သယန ဒသက" မည်၏၊ သင့်စွ—ထို သယန ဒသက အရွယ်၌ အနှစ်တရာ အရွယ်ရှိသော ထို ပုဂ္ဂိုလ်သည် ရပ်ခြင်း သွားခြင်း စသောအားဖြင့် ခန္ဓာကို ဆောင်ခြင်းငှါ မတတ်နိုင် သဖြင့် အိပ်ရာ ညောင်စောင်း လျောင်းတစင်းစင်း များသည် သာလျှင် ဖြစ်၏။

## အရွယ် ဆယ်ပါးကို လက္ခဏာသို့ တင်ပုံ

ထို အရွယ် ဆယ်ပါး၏ အစွမ်းဖြင့် လက္ခဏာ သုံးပါးသို့ တင်ရာ ၌ ယောဂီသည် ထို ဒသက ဆယ်ပါးတို့၏ အစွမ်းဖြင့် အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် လက္ခဏာရေး သုံးပါးကို တင်ခြင်းငှါ ဤ ဆိုလတံ့သော နည်းဖြင့် ဆင်ခြင်၏၊ ပဌမ မန္ဒဒသက၌ ဖြစ်သော ရုပ်သည် ဒုတိယခိဍ္ဍာ ဒသကသို့ မရောက်မူ၍ ထို ပဌမ ဒသက၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို ရုပ်သည် မမြဲ, သုခ မဟုတ်, ဒုက္ခ အစစ်သာတည်း၊ အတ္တ မဟုတ်, အနတ္တ အစစ်သာတည်း၊····(လ)····နဝမ မောမူဟ ဒသက၌ ဖြစ်သော ရုပ်သည် ဒသမ သယန ဒသကသို့ မရောက်မူ၍ ထို နဝမ ဒသက၌ သာလျှင် ချုပ်၏၊ ဒသမ သယန ဒသက၌ ဖြစ်သော ရုပ်သည် တဖန် ဘဝသစ်သို့ မရောက်မူ၍ ဤ မျက်မြင် လောက ပစ္စုပ္ပန် ဘဝ၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို ရုပ်သည်လည်း မမြဲ, သုခ မဟုတ်, ဒုက္ခ အစစ်သာတည်း၊ အတ္တ မဟုတ်, အနတ္တ အစစ်သာတည်း၊ ဤသို့ လက္ခဏာရေး သုံးပါးကို တင်၏။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် ဒသက အရွယ် ဆယ်ပါး၏ အစွမ်းဖြင့် အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သော အားဖြင့် လက္ခဏာရေး သုံးပါးကို တင်၍ တဖန် ထို အနှစ် တရာကို ပင်လျှင် ငါးနှစ်စီ ပိုင်းခြား သတ်မှတ်သည်၏ အစွမ်း အားဖြင့် နှစ်ဆယ်သော အဘို့ အစု ကောဋ္ဌာသ ပြု၍ အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် လက္ခဏာရေး သုံးပါးကို တင်၏၊ အဘယ်သို့ တင်သနည်း—

http://www.dhammadownload.com



## အရွယ် ဆယ်ပါးကို ကောဋ္ဌာသ နှစ်ဆယ်ပြု၍ လက္ခဏာသို့ တင်ပုံ

ထိုယောဂီသည် ဤ ဆိုလတ္တံ့သော နည်းဖြင့် ဆင်ခြင်၏၊ ဆင်ခြင်ပုံကား—ပဌမ ငါးနှစ် အတွင်း၌ ဖြစ်သော ရုပ်သည် ဒုတိယ ငါးနှစ် အတွင်းသို့ မရောက်မူ၍ ထို ပဌမ ဝဿ ပဉ္စကဉ္စ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို ရုပ်သည်လည်း မမြဲ, သုခ မဟုတ်, ဒုက္ခ အစစ်သာတည်း၊ အတ္တ မဟုတ်, အနတ္တ အစစ် သာတည်း၊ ဤသို့ ဆင်ခြင်၏၊.... (လ) ....ဧကူနဝီသတိမ ငါးနှစ် အတွင်း၌ ဖြစ်သော ရုပ်သည် ဝီသတိမ ငါးနှစ် အတွင်းသို့၊ ဝါ— နှစ်ဆယ်သော ကောဋ္ဌာသသို့ မရောက်မူ၍ ထို ဆဲ့ကိုးပါးသော ကောဋ္ဌာသ ဧကူနဝီသတိမ ငါးနှစ် အတွင်း၌ သာလျှင် ချုပ်၏။

နှစ်ဆယ်သော ကောဋ္ဌာသဝီသတိမ ငါးနှစ်အတွင်း၌ဖြစ်သော ရုပ်သည် သေသည်မှ အခြား တပါးသို့ သွားခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် ထို ရုပ်သည်လည်း မမြဲ, သုခ မဟုတ်, ဒုက္ခ အစစ် သာတည်း၊ အတ္တ မဟုတ်, အနတ္တ အစစ်သာတည်း၊ ဤသို့ ဆင်ခြင်၏၊ ဤသို့ ကောဋ္ဌာသ နှစ်ဆယ်တို့၏ အစွမ်းဖြင့် အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် လက္ခဏာရေး သုံးပါးကို တင်၍ တဖန် ထို အနှစ် တရာကို ပင်လျှင် လေးနှစ် လေးနှစ်စီ ပိုင်းခြား သတ်မှတ်သည်၏ အစွမ်းအားဖြင့် နှစ်ဆဲ့ ငါးပါးသော အဘို့ အစု ကောဋ္ဌာသ ပြု၍ လက္ခဏာရေး သုံးပါးသို့ တင်၏။

ထိုမှတပါး သုံးနှစ် သုံးနှစ်စီ ပိုင်းခြား သတ်မှတ်သည်၏ အစွမ်းဖြင့် သုံးဆဲ့ သုံးပါးသော အဘို့ အစု ကောဋ္ဌာသ ပြု၍ လက္ခဏာရေး သုံးပါးကို တင်၏၊ နှစ်နှစ် နှစ်နှစ်စီ ပိုင်းခြား သတ်မှတ်သည်၏ အစွမ်းအားဖြင့် ငါးဆယ်သော အဘို့ အစု ကောဋ္ဌာသ ပြု၍ လက္ခဏာရေး သုံးပါးကို တင်၏၊ တနှစ် တနှစ်စီ ပိုင်းခြား သတ်မှတ်သည်၏ အစွမ်းဖြင့် တရာသော အဘို့ အစု ကောဋ္ဌာသ ပြု၍ လက္ခဏာရေး သုံးပါးကို တင်၏။

http://www.dhammadownload.com



ထို့နောင်မှ တနှစ်ကို သုံးစု ပြု၍ မိုးဥတု, ဆောင်းဥတု, နွေဥတု ဟု ဆိုအပ်သော ဥတု သုံးပါးတို့တွင် တပါးပါးသော ဥတု၏ အစွမ်းအားဖြင့် ထို တခု တခုသော ဥတု၌ အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သော ရုပ်၌ လက္ခဏာရေး သုံးပါးကို တင်၏၊ အဘယ်သို့ တင်သနည်း—

## တနှစ်အတွင်း ဥတုသုံးပါးစသည်ဖြင့်ဖြစ်သော ရုပ်တို့၌ လက္ခဏာကို တင်ပုံ

မိုးဥတု၌ လေးလတို့ပတ်လုံး ဖြစ်သော ရုပ်သည် ဆောင်း ဥတုသို့ မရောက်မူ၍ မိုးဥတု၌ သာလျှင် ချုပ်၏၊ ဆောင်းဥတု၌ ဖြစ်သော ရုပ်သည် နွေဥတုသို့ မရောက်မူ၍ ထို ဆောင်းဥတု၌ သာလျှင် ချုပ်၏၊ နွေဥတု၌ ဖြစ်သော ရုပ်သည် တဖန် မိုးဥတုသို့ မရောက်မူ၍ ထို နွေဥတု၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို ဥတု သုံးပါး၌ ဖြစ်သော ရုပ်သည်လည်း မမြဲ, သုခ မဟုတ်, ဒုက္ခ အစစ်သာတည်း၊ အတ္တ မဟုတ်, အနတ္တ အစစ်သာတည်း၊ ဤသို့ လက္ခဏာရေး သုံးပါးကို တင်၏၊ ဤသို့ တင်ပြီး၍ တဖန်—

တနှစ်ကို နှစ်လစီ ပိုင်းခြား၍ ဝဿာန ရတု စသည်ဖြင့် ခြောက်ပါး အစု ကောဋ္ဌာသ ပြုပြီးလျှင် ဝဿာန ရတု၌ ဝါခေါင်လ, တော်သလင်းလ နှစ်လ ပတ်လုံး ဖြစ်သော ရုပ်သည် သရဒ ရတုသို့ မရောက်မူ၍ ထို ဝဿာန ရတု၌ သာလျှင် ချုပ်၏၊ သရဒ ရတု၌ သီတင်းကျွတ်, တန်ဆောင် မုန်း နှစ်လပတ်လုံး ဖြစ်သော ရုပ်သည် ဟေမန္တ ရတုသို့ မရောက်မူ၍ ထို သရဒ ရတု၌ သာလျှင် ချုပ်၏၊ ဟေမန္တ ရတု၌ နတ်တော်, ပြာသို နှစ်လပတ်လုံး ဖြစ်သော ရုပ်သည် သိသိရ ရတုသို့ မရောက်မူ၍ ထို ဟေမန္တ ရတု၌ သာလျှင် ချုပ်၏၊ သိသိရ ရတု၌ တပို့တွဲ, တပေါင်း နှစ်လပတ်လုံး ဖြစ်သော ရုပ်သည် ဝသန္တ ရတုသို့ မရောက်မူ၍ ထို သိသိရ ရတု၌ သာလျှင် ချုပ်၏။

http://www.dhammadownload.com



ဝသန္တ ရတုဥ္ဓ တန်းခူး, ကဆုန် နှစ်လပတ်လုံး ဖြစ်သော ရုပ်သည် ဂိမှ ရတုသို့ မရောက်မူ၍ ထို ဝသန္တ ရတုဥ္ဓ သာလျှင် ချုပ်၏၊ ဂိမှ ရတုဥ္ဓ နယုန်, ဝါဆို နှစ်လပတ်လုံး ဖြစ်သော ရုပ်သည် တဖန် ဝဿာန ရတုသို့ မရောက်မူ၍ ထို ဂိမှ ရတုဥ္ဓ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို ရတု ခြောက်ပါးတွင် နှစ်လ နှစ်လစီ ရှိသော ရတု တပါး တပါး၌ ဖြစ်သော ရုပ်သည်လည်း အမြဲ မဟုတ်, အနိစ္စသာတည်း၊ သုခ မဟုတ်, ဒုက္ခ အစစ်သာ တည်း၊ အတ္တမဟုတ်, အနတ္တ အစစ်သာတည်း၊ ဤသို့ ထို ရတု ခြောက်ပါး၌ အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် ဖြစ်သော ရုပ်၌ လက္ခဏာရေး သုံးပါးကို တင်၏။

ဤသို့ လက္ခဏာ သုံးပါးကို တင်၍ ထို ရတု ခြောက်ပါးအားဖြင့် လက္ခဏာ သုံးပါးကို တင်ပြီးသည်မှ နောက်၌ ကာဠပက္ခ, ဇုဏှ ပက္ခ အစွမ်းအားဖြင့် လက္ခဏာ သုံးပါးကို တင်၏၊ လဆုတ် ကာဠပက္ခ၌ ဖြစ်သော ရုပ်သည် လဆန်း ဇုဏှပက္ခသို့ မရောက် မူ၍ ထို လဆုတ် ကာဠပက္ခ၌ သာလျှင် ချုပ်၏၊ လဆန်း ဇုဏှ ပက္ခ၌ ဖြစ်သော ရုပ်သည် လဆုတ် ကာဠပက္ခသို့ မရောက်မူ၍ ထို လဆန်း ဇုဏှပက္ခ၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ကာဠပက္ခ ဇုဏှပက္ခ၌ ဖြစ်သော ရုပ်သည်လည်း မမြဲ, ဒုက္ခ အစစ်သာတည်း၊ အနတ္တ အစစ်သာတည်း၊ ဤသို့ လက္ခဏာရေး သုံးပါးကို တင်၏၊

ထို ပက္ခအားဖြင့် လက္ခဏာရေး သုံးပါးကို တင်ပြီးသည်မှ နောက်၌ ရတ္တိ, ဒိဝ အစွမ်းအားဖြင့် လက္ခဏာသို့ တင်၏၊ ညဉ့်၌ ဖြစ်သော ရုပ်သည် နေ့သို့ မရောက်မူ၍ ထို ညဉ့်၌ ပင်လျှင် ချုပ်၏၊ နေ့၌ ဖြစ်သော ရုပ်သည်လည်း ညဉ့်သို့ မရောက်မူ၍ ထို နေ့၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို နေ့,ညဉ့် နှစ်ပါး၌ ဖြစ်သော ရုပ်သည်လည်း မမြဲ, ဒုက္ခ အစစ်သာတည်း, အနတ္တ အစစ် သာတည်း၊ ဤသို့ လက္ခဏာရေး သုံးပါးကို တင်၏။

ထိုနေ့,ညဉ့်အားဖြင့် လက္ခဏာသို့ တင်ပြီးသည်မှ နောက်၌ ထိုနေ့,ညဉ့်ကို ပင်လျှင် ပုဗ္ဗဏှ စသည်တို့၏ အစွမ်းဖြင့် ခြောက်ပါး

http://www.dhammadownload.com


သော အတို အစု ကောဋ္ဌာသ ပြု၍ လက္ခဏာသို့ တင်၏၊ ပုဗ္ဗဏှ သမယ နံနက် အခါ၌ ဖြစ်သော ရုပ်သည် မဇ္ဈန္ဟ သမယ မွန်းတည့် နေ့လည် အခါသို့ မရောက်မူ၍ ထို ပုဗ္ဗဏှ သမယ နံနက် အခါ၌ သာလျှင် ချုပ်၏၊ မဇ္ဈန္ဟ သမယ၌ ဖြစ်သော ရုပ်သည် သာယန္ဟ သမယ ညချမ်း အခါသို့ မရောက်မူ၍ ထို မဇ္ဈန္ဟ သမယ၌ သာလျှင် ချုပ်၏။

သာယန္ဟ သမယ၌ ဖြစ်သော ရုပ်သည် ပဌမယာမ်သို့ မရောက်မူ၍ ထို သာယန္ဟ သမယ၌ သာလျှင် ချုပ်၏၊ ပဌမ ယာမ်၌ ဖြစ်သော ရုပ်သည် မဇ္ဈိမ ယာမ်သို့ မရောက်မူ၍ ထို ပဌမ ယာမ်၌ သာလျှင် ချုပ်၏၊ မဇ္ဈိမ ယာမ်၌ ဖြစ်သော ရုပ်သည် ပစ္ဆိမ ယာမ်သို့ မရောက်မူ၍ ထို မဇ္ဈိမ ယာမ်၌ သာလျှင် ချုပ်၏၊ ပစ္ဆိမ ယာမ်၌ ဖြစ်သော ရုပ်သည် တဖန် ပုဗ္ဗဏှ သမယသို့ မရောက်မူ၍ ထို ပစ္ဆိမ ယာမ်၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို သမယ ကောဋ္ဌာသ ခြောက်ပါး၌ ဖြစ်သော ရုပ်သည်လည်း မမြဲ, ဒုက္ခ အစစ်သာတည်း, အနတ္တ အစစ်သာတည်း၊ ဤသို့ လက္ခဏာ သုံးပါးကို တင်၏။

ဤသို့ တင်ပြီး၍ တဖန် ထို ရုပ်၌ သာလျှင်—

၁။ "ရှေ့သို့ တက်ခြင်း" အဘိက္ကမ,
၂။ "နောက်သို့ ဆုတ်ခြင်း" ပဋိက္ကမ,
၃။ "တူရူ ကြည့်ခြင်း" အာလောကန,
၄။ "တစောင်း ကြည့်ခြင်း" ဝိလောကန,
၅။ "ကွေးခြင်း" သမိဉ္ဇန,
၆။ "ဆန့်ခြင်း" ပသာရဏ၏ အစွမ်းဖြင့် လက္ခဏာကို တင်၏။

(၁) ရှေ့သို့ တက်ခြင်း အဘိက္ကမ ကာလ၌ ဖြစ်သော ရုပ်သည် ပဋိက္ကမ ကာလသို့ မရောက်မူ၍ ထို အဘိက္ကမ အခါ၌ သာလျှင် ချုပ်၏။

http://www.dhammadownload.com



(၂) နောက်သို့ ဆုတ်ခြင်း ပဋိက္ကမ ကာလ၌ ဖြစ်သော ရုပ်သည် အာလောကန ကာလသို့ မရောက်မူ၍ ထို ပဋိက္ကမ ကာလ၌ သာလျှင် ချုပ်၏။

(၃) တူရူကြည့်ခြင်း အာလောကန ကာလ၌ ဖြစ်သော ရုပ်သည် ဝိလောကန ကာလသို့ မရောက်မူ၍ ထို အာလောကန ကာလ၌ သာလျှင် ချုပ်၏။

(၄) တစောင်း ကြည့်ခြင်း ဝိလောကန ကာလ၌ ဖြစ်သော ရုပ်သည် သမိဉ္ဇန ကာလသို့ မရောက်မူ၍ ထို ဝိလောကန ကာလ၌ သာလျှင် ချုပ်၏။

(၅) ကွေးခြင်း သမိဉ္ဇန ကာလ၌ ဖြစ်သော ရုပ်သည် ပသာရဏ ကာလသို့ မရောက်မူ၍ ထို သမိဉ္ဇန ကာလ၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို အဘိက္ကမ စသည်၌ ဖြစ်သော ရုပ်သည် လည်း မမြဲ, ဆင်းရဲ အစစ်သာတည်း, အနတ္တ အစစ်သာတည်း၊ ဤသို့ လက္ခဏာ သုံးပါးကို တင်၏။

ထို အဘိက္ကမ စသည်တို့၏ အစွမ်းဖြင့် လက္ခဏာ သုံးပါးသို့ တင်ပြီးသည်မှ နောက်၌ တခုသော ဘဝါးလှမ်း အကြိမ်မှာပင် "ခြေကို ချီကြွခြင်း" ဥဒ္ဓါရဏ၊ "ခြေကို ရှေ့သို့ ဆောင်ခြင်း" အတိဟရဏ၊ "ခြေကို ထိုမှ ဤမှ ဆောင်ခြင်း" ဝီတိဟရဏ၊ "ခြေကို အောက်သို့ လွှတ်ခြင်း ချခြင်း" ဝေါဿဇ္ဇန၊ "ခြေကို မြေ၌ ချထားခြင်း" သန္နိက္ခေပန၊ တဖန် ဒုတိယ ခြေကို ကြွသော အခါ၌ "ခြေကို မြေနှင့် တကွ ကြပ်ကြပ် နှိပ်ခြင်း ရုပ်ခြင်း" သန္နိရုဇ္ဈနတို့၏ အစွမ်းအားဖြင့် ကောဋ္ဌာသ ခြောက်ပါးကို ပြု၏။

ထို ဥဒ္ဓါရဏ စသော ကောဋ္ဌာသ ခြောက်ပါးတို့တွင် ခြေကို မြေမှ ချီကြွခြင်းသည် "ဥဒ္ဓါရဏ" မည်၏၊ ခြေကို ရှေ့သို့ ဆောင်ခြင်းသည် "အတိဟရဏ" မည်၏၊ သစ်ငုတ်, ခလုပ်, ဆူးခြောင့်, မြွေ, ကင်း, သန်း စသည်တို့တွင် တစုံတခုသာလျှင် ဖြစ်သောဘေးရန်ကို မြင်၍ ထိုမှ ဤမှ အရပ်သို့ ခြေကို လှုပ်ရှား

http://www.dhammadownload.com



လှဲဖယ်ခြင်းသည် "ဝိတိဟရဏ" မည်၏၊ ချီသော ခြေကို အောက်သို့ လွှတ်ခြင်း ချခြင်းသည် "ဝေါဿဇ္ဇန"မည်၏၊ မြေအပြင်၌ ခြေကို ချထား ခြင်းသည် "သန္နိက္ခေပန"မည်၏၊ တဖန် ဒုတိယ ခြေကို ချီသော ကာလ၌ ချီသော ခြေကို မြေနှင့်တကွ ရှေရှ နှိပ်ခြင်းသည် "သန္နိရုဇ္ဈန"မည်၏။

ထို ဥဒ္ဒါရဏ စသော ခြောက်ပါးတို့တွင် ခြေကို ချီသော အခါ၌ ပထဝီဓာတ်, အာပေါဓာတ် ဤ ဓာတ် နှစ်ပါးတို့သည် အစွမ်း သတ္တိအားဖြင့် ယုတ်ညံ့သော ပမာဏ ရှိကုန်၏၊ ညံ့ကုန် နုံ့ကုန်၏၊ တေဇော, ဝါယော ဓာတ်နှစ်ပါးတို့သည် အစွမ်း သတ္တိအားဖြင့် လွန်ကဲသော ပမာဏ ရှိကုန်၏၊ သန်မာ ထက်မြက်သော အားရှိကုန်၏၊ ထို့အတူ ခြေကို ရှေ့သို့ ဆောင်ခြင်း, ထိုမှ ဤမှ လှဲဖယ် ရှောင်ကွင်း ယူဆောင်ခြင်းတို့၌ တေဇောဓာတ်, ဝါယော ဓာတ် နှစ်ပါးတို့သည် လွန်ကဲသော ပမာဏ ရှိကုန်၏၊ သန်မာ ခိုင်ခံ့သော အားရှိကုန်၏၊ ခြေကို လွှတ်ခြင်း ခြေကို အောက်သို့ ချခြင်း၌ တေဇော, ဝါယော ဓာတ်နှစ်ပါးတို့သည် သတ္တိအားဖြင့် ယုတ်ညံ့သော ပမာဏ ရှိကုန်၏, နုံ့ကုန်၏။

ပထဝီဓာတ်, အာပေါဓာတ် နှစ်ပါးတို့သည် သတ္တိအားဖြင့် လွန်ကဲသော ပမာဏ ရှိကုန်၏၊ ထက်မြက် သန်မာသော အားရှိကုန်၏၊ မြေ အပြင်၌ ခြေကို ထားခြင်း, ချီအပ်သော ခြေကို မြေနှင့် တကွ ကြပ်ကြပ် နှိပ်ခြင်းတို့၌ ထိုအတူ ပထဝီ, အာပေါ ဓာတ်နှစ်ပါးတို့သည် သတ္တိအားဖြင့် လွန်ကဲကုန်၏၊ ထက်မြက် သန်မာသော အားရှိကုန်၏၊ ဤသို့ ခြောက်ပါးသော ကောဋ္ဌာသ တို့ကိုပြု၍ ထို ကောဋ္ဌာသ ခြောက်ပါးတို့၏ အစွမ်းဖြင့် ထို ကောဋ္ဌာသ ခြောက်ပါးတို့တွင် တပါးပါးသော ကောဋ္ဌာသ၌ အရှယ် ကြီးရင့် ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် လက္ခဏာရေး သုံးပါးကို တင်၏။

အဘယ်သို့ တင်သနည်း—ထို ယောဂီသည် ဤသို့ ဆင်ခြင်၏၊ ခြေကို ချီသော အခါ၌ ဖြစ်ကုန်သော အကြင် ဓာတ်တို့သည်ငင်း, ထို ဓာတ်လေးပါးတို့ကို မှီ၍ စွဲ၍ ဖြစ်ကုန်သော အကြင် ဥပါဒါ

http://www.dhammadownload.com



ရုပ်တို့သည်ငှင်း ရှိကုန်၏၊ ထို မဟာဘုတ် ဥပါဒါရုပ် ရှိသမျှ အားလုံးတို့သည် အတိဟရဏ ကာလသို့ မရောက်မူ၍ ဤ ဥဒ္ဓါရဏ ခဏ္ဍ၌ သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် ခြေကို မြေမှ ချီသော အခါ ဥဒ္ဓါရဏ ခဏ္ဍ ဖြစ်သော ရုပ်တို့သည်လည်း မမြဲကုန်, ဒုက္ခတို့တည်း, အနတ္တတို့တည်း၊ ဤသို့ ဆင်ခြင်၏။

ထို့အတူ ခြေကို ရှေ့သို့ ဆောင်သော အတိဟရဏ ခဏ္ဍ ဖြစ်သော အကြင် ဓာတ်တို့သည်ငှင်း, ထို ဓာတ်လေးပါးတို့ကို မှီ၍ စွဲ၍ ဖြစ်ကုန်သော ဥပါဒါ ရုပ်တို့သည်ငှင်း ရှိကုန်၏၊ ထို ဘူတရုပ် ဥပါဒါရုပ် အားလုံးတို့သည် ဝီတိဟရဏ ခဏသို့ မရောက်မူ၍ ဤ အတိဟရဏ ခဏ္ဍ၌ သာလျှင် ချုပ်ကုန်၏၊ ဝီတိဟရဏ ခဏ္ဍ ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ် အားလုံး တို့သည် ဝေါဿဇ္ဇန ခဏသို့ မရောက်မူ၍ ဝီတိဟရဏ ခဏ္ဍ၌ သာလျှင် ချုပ်ကုန်၏၊ ဝေါဿဇ္ဇန ခဏ္ဍ ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ် အားလုံးတို့သည် သန္နိက္ခေပန ခဏသို့ မရောက်မူ၍ ဝေါဿဇ္ဇန ခဏ္ဍ၌ သာလျှင် ချုပ်ကုန်၏၊ သန္နိက္ခေပန ခဏ္ဍ ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ် အားလုံးတို့သည် သန္နိရုဇ္ဈန ခဏသို့ မရောက်မူ၍ သန္နိက္ခေပန ခဏ္ဍ၌ သာလျှင် ချုပ်ကုန်၏။

ဤသို့ ဥဒ္ဓါရဏ စသော ထိုထို ကောဋ္ဌာသ၌ ဖြစ်ကုန်သော ရုပ် အပေါင်းတို့သည် ဤမှ တပါး မိမိမှ တပါးသော ကောဋ္ဌာသ သို့ မရောက်မူ၍ ထိုထို ဥဒ္ဓါရဏ စသော မိမိ ကောဋ္ဌာသတို့၌ သာလျှင် အဆစ် အဆစ် အစပ် အစပ် အပိုင်း အပိုင်း ဖြစ်၍ လောလော ပူသော အိုးကင်း၌ ထည့်အပ်သော နှမ်းတို့ကဲ့သို့ တဖြစ်ဖြစ် တဖျောက်ဖျောက်သော အသံကို ပြုကုန်သကဲ့သို့ ဘူတရုပ် ဥပါဒါရုပ် ဖြစ်သော သင်္ခါရတို့သည် ပျက်ကုန်၏။

ထို့ကြောင့် ဥဒ္ဓါရဏ စသော ကောဋ္ဌာသ၌ ဖြစ်သော ထိုရုပ် အားလုံးတို့သည်လည်း မမြဲကုန်, ဒုက္ခ အစစ်တို့သာတည်း, အနတ္တ အစစ်တို့သာတည်း၊ ဤသို့ ဆင်ခြင်၏၊ ဤသို့ အဆစ် အဆစ် ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ် ဖြစ်သော သင်္ခါရတို့ကို ရှုသော ထို ယောဂီ၏ ရူပ်ကို သုံးသပ်ခြင်းသည် သိမ်မွေ့၏။

http://www.dhammadownload.com



ဆက်၍ ဆိုအံ့—ထို သုံးသပ်ခြင်း၏ သိမ်မွေ့သော အဖြစ်၌ ဤသို့ ဆိုလတ့်သည်ကား ဥပမာတည်း—ထင်းမီးရှူး မြက်မီးရှူး စသည်တို့၌ ပြုအပ်သော လေ့ကျက်ခြင်း ရှိသော ဆီမီးကို ရှေးက မမြင်ဘူးသော ပစ္စန္တရစ်၌ နေသော လူတယောက်သည် မြို့ကြီး ပြည်မသို့ လာလတ်၍ အိမ်ဈေး အတွင်း၌ အလျှံ တပြောင်ပြောင် တောက်ပသော ဆီမီးကို မြင်၍ အခြား ယောကျ်ား တယောက်ကို မေးသတတ်—"အိုချစ်ဆွေ—ဤသို့ အလျှံ တလက်လက် နှစ်သက်ဘွယ် ရှိသော ဤ တပြောင်ပြောင် တောက်ပသော ဝတ္ထုသည်ကား အဘယ်နည်း"ဟု ဤသို့ မေး၏၊ ထို ကျေးတော သားကို မြို့ကြီးသားက—"အို မိတ်ဆွေ—ဤ ဆီမီး၌ နှစ်သက်ဘွယ် အဘယ်မှာ ရှိအံ့နည်း၊ ဤ အရောင် တလက်လက် ထွန်းလင်းသော ဝတ္ထုသည် ဆီမီး မည်၏၊ ဆီခန်းသဖြင့်၎င်း၊ ဆီမီးစာကုန်သဖြင့်၎င်း ထို ဆီမီး၏ သွားရာ ခရီးသည်လည်း မထင်လတ့်"ဟု ဤသို့ ပြန်ပြော၏။

ထို ပဌမ ဖြေကြားသော မြို့ကြီးသားကို မြို့တွင်းသား အခြား တယောက်သော သုခမိန်က ဤသို့ ဆို၏—"အို မိတ်ဆွေတို့ ဤ ဆီခန်းခြင်း၊ မီးစာ ကုန်ခြင်းကြောင့် ဆီမီးလျှံ မထင်၊ ချုပ်ငြိမ်း ပျောက်ပျက်ခြင်းသည် ကြမ်းသေး၏၊ သင့်စွ—ဤ မီးစာကို အစဉ် သဖြင့် လောင်အပ်သည် ရှိသော် သုံးခုမြောက်သော အဘို့ သုံးခုမြောက်သော အဘို့၌ မီးလျှံသည် ဤမှတပါး ထိုမှတပါး သော အရပ် အစိတ်သို့ မရောက်မူ၍ သာလျှင် ချုပ်လတ့်"ဟု ဤသို့ ဆို၏။

ထို မြို့တွင်းသား ဒုတိယ သုခမိန်ကို နန်းတွင်းသား အခြား သုခမိန် တဦးက ဤသို့ ဆိုပြန်၏—"အို မိတ်ဆွေတို့ ဤ သုံးခု မြောက်သော အဘို့၌ ဤမှ ထိုမှ အရပ် အစိတ်သို့ မရောက်မူ၍ သာလျှင် ချုပ်ခြင်းသည်လည်း ကြမ်းပါသေး၏၊ သင့်စွ—ဤ မီးစာ၏ လက်တသစ် လက်တသစ် ပမာဏ ရှိသော အရပ်၌ မီးလျှံသည် ဤမှတပါး ထိုမှတပါးသော အရပ်အစိတ်သို့ မရောက် မူ၍ သာလျှင် ချုပ်လတ့်၊ လက်တခြမ်း လက်တခြမ်း ပမာဏ

http://www.dhammadownload.com



ရှိသော အရပ်၌ မီးလျှံသည် ဤမှ ထိုမှ အရပ် တပါးသို့ မရောက်မူ၍ သာလျှင် ချုပ်လတ့်၊ ချည်ချောင်း ချည်ချောင်းတိုင်း၌ မီးလျှံသည် ဤမှ ထိုမှ အခြားသို့ မရောက်မူ၍ သာလျှင် ချုပ်လတ့်၊ ချည်မျှင် ချည်မျှင်တိုင်း၌ မီးလျှံသည် ဤမှတပါး ဤမှတပါးသော ချည်မျှင်သို့ မရောက်မူ၍ သာလျှင် ချုပ်လတ့်"ဟု ဤသို့ သိမ်မွေ့သည်ထက် သိမ်မွေ့စွာ ဆို၏၊ ချည်မျှင်ကို လွှတ်၍ မီးလျှံကို ပညတ်ခြင်းငှါ မတတ်ကောင်း၊ ဤသို့ မှတ်အပ်၏။

ထို ဥပမာ၌ ဆီခန်းခြင်းကြောင့်၎င်း, မီးစာကုန်ခြင်းကြောင့်၎င်း ဆီမီးလျှံ၏ သွားရာ ခရီးသည်လည်း မထင်လတ့်၊ ဤသို့ ယောက်ျား၏ အသိဉာဏ် ကဲ့သို့ ယောဂီ၏ ပဋိသန္ဓေနှင့် စုတိအားဖြင့် အနှစ် တရာ ပိုင်းခြားအပ်သော ရုပ်၌ လက္ခဏာသုံးပါးသို့ တင်ခြင်းကို မှတ်အပ်၏၊ မီးစာ၏ သုံးခုမြောက်သော အဘို့ သုံးခုမြောက်သော အဘို့၌ မီးလျှံသည် ဤမှ တပါးသော ဤမှ တပါးသော အရပ် အစိတ်သို့ မရောက်မူ၍ သာလျှင် ချုပ်လတ့်ဟု ထင်သော ယောက်ျား၏ အသိဉာဏ်ကဲ့သို့ ယောဂီ၏ အနှစ် တရာ၏ သုံးခုမြောက် သုံးခုမြောက်သော ကောဋ္ဌာသဖြင့် ပိုင်းခြားအပ်သော အရွယ် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် ဖြစ်သော ရုပ်၌ လက္ခဏာ သုံးပါးသို့ တင်ခြင်းကို မှတ်အပ်၏။

လက်တသစ် လက်တသစ် ပမာဏ ရှိသော အရပ်၌ မီးလျှံသည် ဤမှ ထိုမှ အရပ် တပါးသို့ မရောက်မူ၍ သာလျှင် ချုပ်လတ့်ဟု သိသော ယောက်ျား၏ အသိဉာဏ် ကဲ့သို့ ယောဂီ၏ ဆယ်နှစ်, ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်ဖြင့် ပိုင်းခြားအပ်သော ရုပ်၌ လက္ခဏာ သုံးပါး တင်ခြင်းကို မှတ်အပ်၏။

လက်တခြမ်း လက်တခြမ်း ပမာဏ ရှိသော အရပ်၌ မီးလျှံသည် ဤမှ ထိုမှ အရပ် တပါးသို့ မရောက်မူ၍ သာလျှင် ချုပ်လတ့်ဟု သိသော ယောက်ျား၏ အသိဉာဏ်ကဲ့သို့ ယောဂီ၏ တခုတခုသော ဥတု၏ အစွမ်းဖြင့် တနှစ်ကို သုံးဘို့ သုံးစုအားဖြင့်၎င်း, ခြောက်ဘို့ ခြောက်စုအားဖြင့်၎င်း ခွဲခြမ်း ဝေဘန်၍

http://www.dhammadownload.com



လေးလ, နှစ်လပတ်လုံး ဖြစ်သော ရုပ်၌ လက္ခဏာ သုံးပါးသို့ တင်ခြင်းကို မှတ်အပ်၏။

ချည်ချောင်းတိုင်း ချည်ချောင်းတိုင်း၌ မီးလျှံသည် ဤမှတပါး ဤမှတပါးသော ချည်ချောင်းသို့ မရောက်မူ၍ သာလျှင် ချုပ်လတ္တံ့ဟု သိသော ယောက်ျား၏ အသိဉာဏ် ကဲ့သို့ ယောဂီ၏ လဆုတ်ပက္ခ, လဆန်း ပက္ခ၏ အစွမ်းဖြင့်ငှင်း, ညဉ့် နေ့၏ အစွမ်းဖြင့်ငှင်း, တညဉ့် တနေ့ကို ခြောက်ဘို့ ခြောက်စု ပြု၍ ပုဗ္ဗဏှ စသည်တို့၏ အစွမ်းဖြင့်ငှင်း ပိုင်းခြားအပ်သော ရုပ်၌ လက္ခဏာ သုံးပါးသို့ တင်ခြင်းကို မှတ်အပ်၏။

ချည်မျှင်တိုင်း ချည်မျှင်တိုင်း၌ မီးလျှံသည် ဤမှထိုမှ တပါးသော ချည်မျှင်သို့ မရောက်မူ၍ သာလျှင် ချုပ်လတ္တံ့ဟု သိသော ယောက်ျား၏ အသိဉာဏ် ကဲ့သို့ ယောဂီ၏ ရှေ့သို့ တက်ခြင်း စသည်တို့၏ အစွမ်းဖြင့်ငှင်း, ခြေကို ချီကြွခြင်း စသည်တို့တွင် တပါးပါးသော ကောဋ္ဌာသ၏ အစွမ်းဖြင့်ငှင်း ပိုင်းခြားအပ်သော ရုပ်၌ လက္ခဏာ သုံးပါးသို့ တင်ခြင်းကို မှတ်အပ်၏၊ ဤသို့ ဥပမာနှင့် ဥပမေယျ နှီးနှောခြင်းကို မှတ်အပ်၏။

ထို ယောဂီသည် ပြဆိုပြီးသော နည်းဖြင့် အထူးထူးသော ကောဋ္ဌာသတို့ဖြင့် အရွယ် ကြီးရင့်ပြီး၍ ချုပ်ခြင်းသို့ ရောက်သော ရုပ်၌ လက္ခဏာ သုံးပါးကို တင်၍ တဖန် ထို ရုပ်ကို ပင်လျှင် အထူးထူး အပြားပြား ခွဲခြမ်း ဝေဘန်လျက် အာဟာရကြောင့် ဖြစ်သော ရုပ် စသည်တို့၏ အစွမ်းဖြင့် လေးဘို့ လေးစု လေးပုံ ပြု၍ တဘို့ တစု တပုံသော ကောဋ္ဌာသ၌ လက္ခဏာ သုံးပါးကို တင်၏၊ ထို အာဟာရမယ ရုပ် စသည်တို့တွင် ထို ယောဂီ၏ အာဟာရကြောင့် ဖြစ်သော ရုပ်သည် ငတ်မွတ်သော အခါ ဝပြော ရောင့်ရဲသော အခါတို့၌ ဖြစ်သော အစွမ်းအားဖြင့် ထင်ရှား၏။

ထို စကား မှန်၏—ဆာလောင် ငတ်မွတ်သော အခါ၌ ဖြစ်သော ရုပ်သည် ညှိုးနွမ်း၏, ပင်ပန်း၏၊ မီးလောင်ငုတ် ကဲ့သို့ရင်း, မီးသွေးတောင်း၌ နားသော ကျီးကဲ့သို့ရင်း အဆင်း

http://www.dhammadownload.com



မလှသည် မကောင်းသော သဏ္ဌာန် ရှိသည် ဖြစ်၍ ဝပြော ရောင့်ရဲသော အခါ၌ ဖြစ်သော ရုပ်သည် တင်းတိမ်၏၊ စိုစို ပြည်ပြည် တိုးပွါးသော အသား အရေ၏ ပြည့်စုံခြင်းဖြင့် ပျို့ပျို့ ဖြိုးဖြိုး ရှိ၏, နူးညံ့၏, သိမ်မွေ့၏, ကောင်းသော အတွေ့ ရှိ၏။

ထို ယောဂီသည် ထို ရုပ်ကို သိမ်းဆည်း ရှုံးစု၍ ငတ်မွတ်သော အခါ၌ ဖြစ်သော ရုပ်သည် ဝပြောသော ကာလသို့ မရောက်မူ၍ ဤ ငတ်မွတ်သော ကာလ၌ သာလျှင် ချုပ်၏၊ ဝပြောသော ကာလ၌ ဖြစ်သော ရုပ်သည် ငတ်မွတ်သော ကာလသို့ မရောက်မူ၍ ဤ ဝပြောသော ကာလ၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို အာဟာရကြောင့် ဖြစ်သော ရုပ်သည်လည်း မမြဲ, အနိစ္စ သာတည်း, ဒုက္ခ အစစ်သာတည်း, အနတ္တ အစစ်သာတည်း၊ ဤသို့ ထို အာဟာရကြောင့် ဖြစ်သော ရုပ်၌ လက္ခဏာ သုံးပါးသို့ တင်၏။

ဥတုကြောင့် ဖြစ်သော ရုပ်သည် အချမ်း အပူ၏ အစွမ်းဖြင့် ထင်ရှား၏၊ ချဲ့ဦးအံ့—ပြင်းပြစွာ ပူသော အခါ၌ ဖြစ်သော ရုပ်သည် ညှိုးနွမ်း၏, ပင်ပန်း၏, အဆင်း မလှ၊ သပ္ပါယ သီတ ဥတုကြောင့် ဖြစ်သော ရုပ်သည် ရောင့်ရဲ ခိုင်ခံ့၏, စိုမို ပြည်ပြည် ရှိ၏, သိမ်မွေ့၏၊ ထို ယောဂီသည် ထို ဥတုဇ ရုပ်ကို သိမ်းရှုံး စုစည်း၍ ဥဏှဥတုကြောင့် ဖြစ်သော ရုပ်သည် ချမ်းအေးသော ကာလသို့၊ ဝါ—သီတ ဥတုကြောင့် ဖြစ်သော ရုပ်သို့ မရောက် မူ၍ ဤ ပူပြင်းသော ဥဏှ ကာလ၌ သာလျှင် ချုပ်၏၊ သီတ ဥတုကြောင့် ဖြစ်သော ရုပ်သည် ပူပြင်းသော ကာလသို့၊ ဝါ— ဥဏှ ဥတုကြောင့် ဖြစ်သော ရုပ်သို့ မရောက်မူ၍ ဤ အေးသော သီတ ကာလ၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို သီတ ဥဏှ ဥတုကြောင့် ဖြစ်သော ရုပ်သည်လည်း မမြဲ, အနိစ္စ အစစ်, ဒုက္ခ အစစ်, အနတ္တ အစစ်သာတည်း၊ ဤသို့ ထို ဥတုဇ ရုပ်၌ လက္ခဏာ သုံးပါးကို တင်၏။

ကမ္မဇရုပ်သည် အာယတနဟု ဆိုအပ်သော ဒွါရ၏ အစွမ်းဖြင့် ထင်ရှား၏၊ ချဲ့ဦးအံ့—စက္ခုဒွါရ၌ စက္ခုဒသက, ကာယဒသက

http://www.dhammadownload.com



ဘာဝဒသကၡ အစွမ်းဖြင့် ကမ္မဇရုပ် သုံးဆယ်တို့သည် ဖြစ်ကုန်၏၊ ထိုမှတပါး ထို ကမ္မဇရုပ် သုံးဆယ်တို့ကို ထောက်ပံ့ တတ်ကုန်သော ဥတုသမုဋ္ဌာန် စိတ္တသမုဋ္ဌာန် အာဟာရ သမုဋ္ဌာန် ရုပ်တို့သည် နှစ်ဆဲ့ လေးပါး ရှိကုန်၏၊ ဤသို့သော အပြားအားဖြင့် စက္ခုဒွါရ၌ ငါးဆဲ့ လေးပါး ရှိကုန်၏၊ သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရတို့၌လည်း ထို စက္ခုဒွါရနှင့် အတူ ငါးဆဲ့ လေးပါး ငါးဆဲ့ လေးပါးစီ ရှိကုန်၏၊ ကာယ ပသာဒဟု ဆိုအပ်သော ကာယဒွါရ၌ ကာယဒသက ဘာဝဒသက၏ အစွမ်းဖြင့်ဂုဏ်း, ဥတု သမုဋ္ဌာန် စသည်တို့၏ အစွမ်းဖြင့်ဂုဏ်း လေးဆဲ့ လေးပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။

ဟဒယ ဝတ္ထုဟု ဆိုအပ်သော မနောဒွါရ၌ ဝတ္ထုဒသက ကာယဒသက ဘာဝဒသက၏ အစွမ်းဖြင့်ဂုဏ်း, ဥတု သမုဋ္ဌာန် စသည်တို့၏ အစွမ်းဖြင့်ဂုဏ်း ရုပ် ငါးဆဲ့လေးပါးတို့သည် သာလျှင် ဖြစ်ကုန်၏၊ ထို ယောဂီသည် ပြဆိုခဲ့ပြီးသော အလုံးစုံ ကမ္မဇ ရုပ်စုပေါင်း (၃၁၄) သုံးရာကဆဲ့လေးပါးတို့ကို သိမ်းဆည်း ရုံးစုပြီးလျှင် စက္ခု ဒွါရ၌ ဖြစ်သော ရုပ်သည် သောတ ဒွါရသို့ မရောက်မူ၍ ဤ စက္ခု ဒွါရ၌ သာလျှင် ချုပ်၏၊ သောတ ဒွါရ၌ ဖြစ်သော ရုပ်သည် ဃာနဒွါရသို့ မရောက်မူ၍ ဤ သောတဒွါရ၌ သာလျှင် ချုပ်၏၊ ဃာနဒွါရ၌ ဖြစ်သော ရုပ်သည် ဇိဝှါဒွါရသို့ မရောက်မူ၍ ဤ ဃာနဒွါရ၌ သာလျှင် ချုပ်၏၊ ဇိဝှါဒွါရ၌ ဖြစ်သော ရုပ်သည် ကာယဒွါရသို့ မရောက်မူ၍ ဤ ဇိဝှါဒွါရ၌ သာလျှင် ချုပ်၏၊ ကာယဒွါရ၌ ဖြစ်သော ရုပ်သည် မနောဒွါရသို့ မရောက်မူ၍ ဤ ကာယဒွါရ၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထို ကမ္မဇရုပ်သည်လည်း မမြဲ, အနိစ္စ အစစ်, ဒုက္ခ အစစ်, အနတ္တ အစစ်သာတည်း၊ ဤသို့ ထို ကမ္မဇရုပ်၌ လက္ခဏာ သုံးပါးကို တင်၏။

စိတ်ကြောင့် ဖြစ်သော ရုပ်သည် သောမနဿ ဖြစ်သော ပုဂ္ဂိုလ် ဒေါမနဿ ဖြစ်သော ပုဂ္ဂိုလ်၏ အစွမ်းဖြင့်၊ ဝါ— သောမနဿ ဖြစ်သော ကာလ, ဒေါမနဿ ဖြစ်သော ကာလ၏

http://www.dhammadownload.com



အစွမ်းဖြင့် ထင်ရှား၏၊ ချဲ့ဦးအံ့—နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်း သောမနဿ ရှိသော ကာလ၌ ဖြစ်သော ရုပ်သည် နူးညံ့၏, သိမ်မွေ့၏, ကောင်းသော အဆင်း ရှိ၏၊ စိတ် ပင်ပန်း နွမ်းနယ်ခြင်း ဒေါမနဿ ရှိသော အခါ၌ ဖြစ်သော ရုပ်သည် ညှိုးနွမ်း၏, ပင်ပန်း၏, အဆင်း မလှချေ၊ ထို ယောဂီသည် ထို စိတ္တဇ ရုပ်ကို သိမ်းဆည်း ရုံးစုပြီးလျှင် သောမနဿ ရှိသော ကာလ၌ ဖြစ်သော ရုပ်သည် ဒေါမနဿိတ ကာလသို့ မရောက်မူ၍ ဤ သောမနဿိတ ကာလ၌ သာလျှင် ချုပ်၏၊ စိတ် ဆင်းရဲခြင်း ဒေါမနဿ ရှိသော ကာလ၌ ဖြစ်သော ရုပ်သည် သောမနဿိတ ကာလသို့ မရောက်မူ၍ ဤ ဒေါမနဿိတ ကာလ၌ ပင်လျှင် ချုပ်၏။

ထို့ကြောင့် ထို စိတ္တဇ ရုပ်သည်လည်း မမြဲ, အနိစ္စ အစစ်, ဒုက္ခ အစစ်, အနတ္တ အစစ်သာတည်း၊ ဤသို့ ထို စိတ္တဇ ရုပ်၌ လက္ခဏာ သုံးပါးကို တင်၏၊ ဤသို့ စိတ်လျှင် ဖြစ်ကြောင်း ရှိသော ရုပ်ကို သိမ်းဆည်း ရုံးစုပြီးလျှင် ထို စိတ္တဇ ရုပ်၌ လက္ခဏာ သုံးပါးကို တင်သော ထို ယောဂီအား ဤ ဆိုလတ့်သော သဒ္ဓိရ တို့၏ အလွန် တိုသော ခဏ ရှိသည်၏ အဖြစ် ဟူသော အနက်သည် ထင်ရှား၏။

၁။ ဇီဝိတံ အတ္တဘာဝေါ စ, သုခဒုက္ခာ စ ကေဝလာ၊
ဧကစိတ္တသမာယုတ္တာ, လဟုသော ဝတ္တတေ ခဏော။

၂။ စူဠာသီတိ သဟဿာနိ, ကပ္ပံ တိဋ္ဌန္တိ ယေ မရူ၊
နတ္တေဝ တေပိ တိဋ္ဌန္တိ, ဒွီဟိ စိတ္တေဟိ သမောဟိတာ။

၃။ ယေ နိရုဒ္ဓါ မရန္တဿ, တိဋ္ဌမာနဿ ဝါ ဣဓ၊
သဗ္ဗေဝ သဒိသာ ခန္ဓာ, ဂတာ အပ္ပဋိသန္ဓိကာ။

၄။ အနန္တရာ စ ယေ ဘဂ္ဂါ, ယေ စ ဘဂ္ဂါ အနာဂတေ၊
တဒန္တရာ နိရုဒ္ဓါနံ, ဝေသမံ နတ္ထိ လက္ခဏေ။

၅။ အနိဗ္ဗတ္တေန န ဇာတော, ပစ္စုပ္ပန္နေန ဇီဝတိ၊
စိတ္တဘင်္ဂါမတော လောကော, ပညတ္တိ ပရမတ္ထိယာ။

http://www.dhammadownload.com



၆။ အနိဓာနဂတာ ဘဂ္ဂါ, ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ, အာရဂ္ဂေ သာသပူပမာ။

၇။ နိဗ္ဗတ္တာနဉ္စ ဓမ္မာနံ, ဘင်္ဂေါ နေသံ ပုရက္ခတော၊
ပလောကဓမ္မာ တိဋ္ဌန္တိ, ပုရာဏေဟိ အမိဿိတာ။

၈။ အဒဿနတော အာယန္တိ, ဘင်္ဂါ ဂစ္ဆန္တျဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ, ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။

၁။ ဇီဝိတခြေသည်ရင်း, (ဇီဝိတ၊ ဝေဒနာ၊ ဝိညာဉ်ကို ကြည့်၍) ကြွင်းသော အတ္တဘောသည်ရင်း, သုခ ဝေဒနာ ဒုက္ခ ဝေဒနာ တို့သည်ရင်း, အတ္တဘောနှင့်ရင်း, နိစ္စ အဖြစ်နှင့်ရင်း မရောမယှက် သက်သက် ဖြစ်ကုန်၍ တခု တခုသော စိတ်နှင့် တကွ ဖြစ်ကုန်၏၊ ပြဆိုပြီးသော နည်းဖြင့် တခုသော စိတ္တက္ခဏ ရှိသည်၏ အဖြစ်ကြောင့် အလွန် တိုသည် ဖြစ်၍ လျင်မြန်ခြင်း ရှိသော ထို အသက် ရှင်ခြောသာ ခဏသည် ဖြစ်၏။

၂။ အကြင် နတ်တို့သည် ကမ္ဘာပေါင်း ရှစ်သောင်း လေး ထောင် ပတ်လုံး တည်ကုန်၏၊ ထို နေဝသညာနာသညာ-ယတန နတ်ဗြဟ္မာ တို့သည်လည်း ဤသို့ ရှည်ကြာစွာ အသက် ရှင်ကုန်သော်လည်း စိတ္တက္ခဏ နှစ်ချက်တို့နှင့် တကွ ဖြစ်ကုန်၍ မတည်နိုင်ကုန်သည်သာတည်း။

၃။ စုတေသော သတ္တဝါ၏ စုတိနှင့် တကွ ချုပ်ကုန်၏ ဟု ဆိုအပ်ကုန်သော အကြင် ခန္ဓာတို့သည်ရင်း, ဤ ပဝတ္တိ အခါ၌ တည်သော သတ္တဝါ၏ ဘင်သို့ ရောက်သဖြင့် ချုပ်သော အကြင် ခန္ဓာတို့သည်ရင်း ရှိကုန်၏၊ ထို အလုံးစုံသော ခန္ဓာတို့ သည်လည်း တချက်တည်း တူကုန်သည် ဖြစ်၍ ချုပ်ခြင်းသို့ ရောက် ကုန်၏၊ တဖန် လာ၍ စပ်ခြင်း မရှိကုန်မူ၍ ကင်းကုန်၏။

၄။ အကြင် သင်္ခါရတို့သည် အခြားမဲ့၌ သာလျှင် ချုပ်ကုန်ပြီ၊ အကြင် သင်္ခါရတို့သည်လည်း အနာဂတ်၌ ချုပ်ခြင်း သဘော ရှိကုန်သည် ဖြစ်၍ ချုပ်ကုန်လတ္တံ့၊ ထို အတိတ် အနာဂတ် သင်္ခါရ တို့၏ရင်း, ထို အတိတ် အနာဂတ် သင်္ခါရတို့၏ အလယ်၌ ပစ္စုပ္ပန်၏

http://www.dhammadownload.com



အဖြစ်သို့ ရောက်၍ ချုပ်ကုန်သော သင်္ခါရတို့၏ရင်း, ထို သုံးပါး အပြားရှိသော သင်္ခါရတို့၏လည်း ဘင် ဟူသော လက္ခဏာ ကြောင့် မတူသည်၏ အဖြစ်သည် မရှိ။

၅။ ခဏတ္တယသို့ ရောက်ဆဲ မဟုတ်သော စိတ်ဖြင့် ဖြစ်သော မည်သည် မဟုတ်၊ ပစ္စုပ္ပန် စိတ်ဖြင့် အသက် ရှင်သည် မည်၏၊ စိတ်၏ ချုပ်ခြင်းကြောင့် ဤ သတ္တ လောကသည် သေသည် မည်၏၊ ဤသို့ ဖြစ်သော်လည်း ၎ ၎ကြာန ပညတ်သည် ပရမတ္ထနှင့် စပ်ခြင်း ရှိရကား ပရမတ္ထ ဖြစ်၍ ဖြစ်၏။

၆။ အကြင် သင်္ခါရတို့သည် ချုပ်ကုန် ပျက်ကုန်၏၊ ထို သင်္ခါရ တို့သည် တစုံတခုသို့ လားအပ်သည်၏ အဖြ ါသို့ မရောက်ကုန်၊ အနာဂတ်၌ အစု အပုံသည် မရှိ၊ အကြင် ပစ္စုပ္ပန် ဖြစ်သော သင်္ခါရ တို့သည် ရအပ်သော အတ္တဘော ရှိကုန်၍ ဖြစ်ဆဲ ဖြစ်ကုန်၏၊ ထို ပစ္စုပ္ပန် သင်္ခါရတို့သည်လည်း ပွတ်ဆောက်ဖျားး၌ တင်ထားသော မုံညင်းစေ့လျှင် ဥပမာ ရှိကုန်လျက် တည်ကုန်၏။

၇။ ဖြစ်ကုန်သော ထို သင်္ခါရ တရားတို့၏လည်း ဘင် မည်သည် ရှေ့မှ ပြုအပ်သည် ဖြစ်၍ ရှေး အတိတ်ဟောင်း ခန္ဓာ တို့နှင့် မရောယှက်ကုန်သည် ဖြစ်၍ ပျက်စီးခြင်း သဘော ရှိကုန် သည် ဖြစ်၍ တည်ကုန်၏။

၈။ မမြင်အပ်သည်မှ လာကုန်၏၊ ပျက်ကုန် ပျက်ကုန်ပြီးသော သင်္ခါရတို့သည်လည်း မမြင်အပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏၊ ကောင်းကင်၌ လျှပ်စီး ပြက်သကဲ့သို့ ဖြစ်လည်း ဖြစ်ကုန်၏၊ ပျက်လည်း ပျက်ကုန်၏၊ ဤသို့သော အနက်သည် ထင်ရှား၏။

ဤသို့သော နည်းဖြင့် အာဟာရကြောင့် ဖြစ်သော ရုပ် စသည်တို့၌ လက္ခဏာ သုံးပါးကို တင်၍ တဖန် မိမိ အလိုလို သာလျှင် ဖြစ်ခြင်း သဘော ရှိသော ဓမ္မတာ ရုပ်၌ လက္ခဏာ သုံးပါးကို တင်၏။

http://www.dhammadownload.com



## ဓမ္မတာ ရုပ်၌ လက္ခဏာ တင်ပုံ

ဗဟိဒ္ဓ သန္တာန်၌ ဣန္ဒြေနှင့် မစပ်သော သံ့, ကြေး, သလွဲဖြူ, သလွဲမည်း, ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ကျောက်မျက်ရွဲ, ခရုသင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်, မြေ, ကျောက်, တောင်, မြက်, သစ်ပင်, နွယ် စသည် အပြား ရှိသော ဝိဝဋ္ဋ ကပ်မှ စ၍ ဖြစ်သော ရုပ်သည် မိမိ အလိုလိုသာ ဖြစ်ခြင်း သဘော ရှိသော "ဓမ္မတာရုပ်" မည်၏၊ ထို ဓမ္မတာ ရုပ်သည် ထို ယောဂီအား ပန်းသုံးညွန့် စသည်တို့၏ အစွမ်းအားဖြင့် ထင်ရှား၏။

ရှုဦးအံ့—ပန်းသုံးညွန့်သည် အစ ပဌမ၌ ပါးပါး နီ၏၊ ပန်းရောင် ကဲ့သို့ အနီ ပြော့၏၊ ထို့နောက်မှ နှစ်ရက် သုံးရက် လွန်သော ကာလ၌ တခဲနက် နီ၏၊ ဝါ—အနီ ရင့်ရင့်ကြီး ဖြစ်၏၊ တဖန် နောက် နှစ်ရက် သုံးရက် လွန်သော ကာလ၌ နီသော အဆင်းညှို့၏၊ ဝါ—ဖျော့တော့သော အဆင်း ရှိ၏၊ ထို့နောင်မှ နှစ်ရက် သုံးရက် လွန်သော ကာလ၌ သရက်ရွက်နု စသည်တို့၏ ရွက်ညွန့် အဆင်းကဲ့သို့ ရှိ၏၊ ထို့နောင်မှ သရက် စသည်တို့၏ ရင့်သော ရွက်ညွန့် အဆင်းနှင့် တူ၏၊ ထို့နောင်မှ စိမ်းရွှေသော အရွက် အဆင်းနှင့် တူ၏၊ ထို့နောင်မှ ညိုသော အရွက်အဆင်းနှင့် တူ၏၊ ထိုညိုသော အရွက် အဆင်းနှင့် တူသော အဆင်း ရှိသော ကာလမှ စ၍ အဆင်း စသော အားဖြင့် တူသော အဘို့ ရှိသော ရုပ်အစဉ်ကို အကြောင်း အကျိုး အဆင့်ဆင့် အစဉ် စပ်သော အားဖြင့် ဖြစ်သည် ဖြစ်၍ တနှစ်မျှဖြင့် သစ်ရွက်ရော် သစ်ရွက်ခြောက် ဖြစ်၍ အညှာမှ ကြွေ၍ ကျ၏။

ထို ယောဂီသည် ထို ပန်းသုံးရွက်ကို ဉာဏ်ဖြင့် သိမ်းဆည်း ရုံးစု၍ ပါးပါး နီသော ကာလ၌ ဖြစ်သော ရုပ်သည် တခဲနက် အနီရင့်သော ကာလသို့ မရောက်မူ၍ ချုပ်၏၊ တခဲနက် အနီရင့် သော ကာလ၌ ဖြစ်သော ရုပ်သည် ဖျော့တော့သော အဆင်း ရှိသော ကာလသို့ မရောက်မူ၍ ချုပ်၏၊ ဖျော့တော့သော အဆင်း ရှိသော ကာလ၌ ဖြစ်သော ရုပ်သည် သရက် စသော ရွက်နု

http://www.dhammadownload.com



ရွက်ညွှန့် အဆင်း ရှိသော ကာလသို့ မရောက်မူ၍ ချုပ်၏၊ သရက် စသော ရွက်နု ရွက်ညွှန့် အဆင်း ရှိသည့် ကာလ၌ ဖြစ်သော ရုပ်သည် သရက် စသည်တို့၏ ရွက်ရင့် အဆင်း ရှိသော ကာလသို့ မရောက်မူ၍ ချုပ်၏၊ သရက် စသည်တို့၏ ရွက်ရင့် အဆင်း ရှိသော ကာလ၌ ဖြစ်သော ရုပ်သည် စိမ်းရွှေသော အရွက် အဆင်းသို့ မရောက်မီ ချုပ်၏။

စိမ်းရွှေသော အရွက် အဆင်း ကာလ၌ ဖြစ်သော ရုပ်သည် ရွက်ညို အဆင်းသို့ မရောက်မီပင် ချုပ်၏၊ ရွက်ညို အဆင်း ရှိသော ကာလ၌ ဖြစ်သော ရုပ်သည် သစ်ရွက်ရော် အဆင်း ရှိသော ကာလသို့ မရောက်မီပင် ချုပ်၏၊ သစ်ရွက်ရော် အဆင်း ရှိသည့် ကာလ၌ ဖြစ်သောရုပ်သည် အညှာမှ ကြွေကျသော ကာလသို့ မရောက်မီပင် ချုပ်၏၊ ထိုကြောင့် ထို ပန်းသုံးရွက်သည် မမြဲ, အနိစ္စ အစစ်, ဒုက္ခ အစစ်, အနတ္တ အစစ်တည်း၊ ဤသို့ ထို ပန်းသုံးရွက်၌ လက္ခဏာ သုံးပါးကို တင်၍ ဤ ပန်းသုံးရွက်၌ ပြဆိုပြီးသော နည်းဖြင့် သံ,ကြေး, သလွဲဖြူ, သလွဲမည်း စသော ဓမ္မတာ ရုပ်ရှိသမျှ အလုံးစုံကို သုံးသပ်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် ရှေးဦးစွာ ရူပ သတ္တက၏ အစွမ်းဖြင့် လက္ခဏာ သုံးပါးသို့ တင်၍ သင်္ခါရ တရားတို့ကို သုံးသပ်၏။

ရူပ သတ္တက ပြီး၏။

---

## အရူပ သတ္တကကို ဝေဘန်၍ ပြခြင်း

"အရူပ သတ္တက၏ အစွမ်းအားဖြင့်" ဟူသော စကားကို ငါဆိုခဲ့ပြီ၊ ထို စကား၌ ဤ ဆိုလတ္တံ့သည်ကား မာတိကာ ခေါင်းစဉ်တည်း—

(၁) နာမ် တရားတို့၏ အစု အပေါင်း "ကလာပ" အားဖြင့်ငင်း၊

(၂) အစုံ အစုံ "ယမက" အားဖြင့်ငင်း၊

http://www.dhammadownload.com



(၃) နာမ် တရားတို့၏ ခဏိက အဖြစ်ကို ထင်ရှားစွာ ဖော်ပြသော "ခဏိက" အားဖြင့်၎င်း၊

(၄) အစဉ် အတိုင်း "ပဋိပါဋိ" အားဖြင့်၎င်း၊

(၅) မိစ္ဆာ အယူကို ခွါသော "ဒိဋ္ဌိ ဥဂ္ဃါဋန" အားဖြင့်၎င်း၊

(၆) မာနကို သတ်သော "မာန သမုဂ္ဃါဋန" အားဖြင့်၎င်း၊

(၇) တဏှာ ဟူသော နိကန္တိကို ကုန်စေသော အဖြစ် "နိကန္တိ ပရိယာဒါန" အားဖြင့်၎င်း ဤသည်လျှင် မာတိကာ ခုနစ်ပါးတည်း။

---

## အရူပ သတ္တက ပဒဘာဇနီ အကျယ်

(၁) ထို မာတိကာ ခုနစ်ပါး၌ "**နာမ် တရားတို့၏ အစု အပေါင်း ကလာပ အားဖြင့်**" ဟူသည်ကား—ဖဿလျှင် ငါးခုမြောက် ရှိကုန်သော တရားတို့တည်း၊ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖဿလျှင် ငါးခုမြောက် ရှိကုန်သော နာမ် တရားတို့၏ အစု အပေါင်းအားဖြင့် သုံးသပ်သနည်း၊ ဤ သာသနာတော်၌ သံသရာဘေးကို ရှုသော ယောဂီသည် ဤသို့ အဖန်တလဲလဲ ဆင်ခြင်၏၊ ဆင်ခြင်ပုံကား—ဆံပင်တို့သည် အနိစ္စ အစစ်တို့တည်း, ဒုက္ခ အစစ်တို့တည်း, အနတ္တ အစစ်တို့တည်း၊ ဤသို့ သုံးသပ်ခြင်း၌ ဖြစ်ကုန်သော ဖဿလျှင် ငါးခုမြောက် ရှိကုန်သော အကြင်နာမ် တရားတို့သည်၎င်း,အမွေးတို့သည်၎င်း၊····(လ)···· ဦးနှောက်သည် အနိစ္စတည်း, ဒုက္ခတည်း, အနတ္တတည်း။

ဤသို့ သုံးသပ်ခြင်း၌ ဖြစ်သော ဖဿလျှင် ငါးခုမြောက် ရှိကုန်သော အကြင် နာမ် တရားတို့သည်၎င်း ရှိကုန်၏၊ ထို ဖဿလျှင် ငါးခုမြောက် ရှိကုန်သော နာမ် တရားရှိသမျှ အားလုံးတို့သည် ဤမှ တပါး ဤမှ တပါးသော ကောဋ္ဌာသသို့ မရောက်မူ၍ အဆစ် အဆစ် အရေး အရေး ဖြစ်၍ လောလော ပူသော အိုးကင်း၌ ထည့်အပ်သော နှမ်းကဲ့သို့ ဖြစ်ဖြစ် ဖြစ်ဖြစ် အသံ ပြုကုန်သကဲ့သို့ ဖြစ်၍ ပျောက်ပျက်ကုန်၏၊ ထို့ကြောင့် နိစ္စ မဟုတ်, အနိစ္စ အစစ်

http://www.dhammadownload.com



တို့တည်း၊ သုခမဟုတ်, ဒုက္ခ အစစ်တို့တည်း၊ အတ္တ မဟုတ်, အနတ္တ အစစ်တို့တည်း၊ ဤသို့ သုံးသပ်၏၊ ဤ ပြဆိုပြီးသော နည်းသည် ရှေးဦးစွာ ဝိသုဒ္ဓိကထာ၌ နည်းတည်း။

အရိယဝံသ ကထာ၌ လာသော နည်းထူးကား—အောက်က ပြခဲ့သော ရူပသတ္တက အပြား ခုနစ်ပါးသော အရာ ဌာနတို့၌ "ရူပံ အနိစ္စံ, ဒုက္ခံ, အနတ္တာ" ဟူ၍ သုံးသပ်သည်၏ အစွမ်း အားဖြင့် ဖြစ်သော စိတ်ကို၊ ဝါ—စိတ္တုပ္ပါဒ်ကို အခြား တပါး သော စိတ်ဖြင့် အနိစ္စတည်း, ဒုက္ခတည်း, အနတ္တတည်း၊ ဤသို့ တပေါင်းတည်း ယူ၍ သုံးသပ်သော ယောဂီသည် ဖဿလျှင် ငါးခုမြောက် ရှိသော နာမ်တရားတို့၏ အပေါင်း အစု ကလာပ အားဖြင့် သုံးသပ်သည် မည်၏၊ ဤသို့ အရိယဝံသ ကထာ၌ ဆိုအပ်သော ထိုစကားသည်လည်း အလွန် သင့်မြတ်ပါ၏၊ ထိုသို့ သင့်မြတ်လှပါသောကြောင့် ကလာပ သမ္မသနမှ ကြွင်းသော ယမက အစရှိသည်တို့ကိုလည်း ထို အရိယဝံသ ကထာ၌ လာသော နည်းဖြင့် သာလျှင် ငါတို့ ဝေဘန်ကုန်အံ့။

(၂) "**အစုံ အစုံ ယမက အားဖြင့်**" ဟူသည်ကား—ဤ သာသနာတော်၌ သံသရာ ဘေးကို ရှုသော ယောဂီသည် ပဋိသန္ဓေ စုတိ နှစ်ပါး အကြား၌ ဖြစ်သော ရုပ်ကို အနိစ္စတည်း, ဒုက္ခတည်း, အနတ္တတည်းဟု သုံးသပ်၍ ထို ပဋိသန္ဓေ စုတိ နှစ်ပါး အကြား၌ ဖြစ်သော ရုပ်ကို သုံးသပ်သည်၏ အစွမ်းဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်ကိုလည်း အခြား တပါးသော စိတ်ဖြင့် အနိစ္စတည်း, ဒုက္ခတည်း, အနတ္တတည်းဟု သုံးသပ်၏။

အရွယ် ကြီးရင့်ပြီး၍ ချုပ်ခြင်းသို့ ရောက်သော ဝယောဝုဍ္ဍတ္ထင်္ဂမ ရုပ်ကို, အာဟာရဇ ရုပ်ကို, ဥတုဇ ရုပ်ကို, ကမ္မဇ ရုပ်ကို, စိတ္တဇ ရုပ်ကို, ဓမ္မတာ ရုပ်ကို အနိစ္စတည်း, ဒုက္ခတည်း, အနတ္တ တည်းဟု သုံးသပ်၍ ထို ဝယောဝုဍ္ဍတ္ထင်္ဂမ စသော ရုပ်၌ သုံးသပ် သော စိတ်ကိုလည်း အခြား တပါးသော စိတ်ဖြင့် အနိစ္စတည်း, ဒုက္ခတည်း, အနတ္တတည်းဟု ဤသို့ သုံးသပ်၏၊ ထိုကဲ့သို့ သုံးသပ်

http://www.dhammadownload.com



သည် ရှိသော် "အစုံ အစုံ ယမက အားဖြင့်" သုံးသပ်သည် မည်၏၊ နာမ်ရုပ် တရားတို့ကို အကြောင်း ပြု၍ အစုံ အစုံ၏ အစွမ်းဖြင့် သုံးသပ်ခြင်း၏ ဖြစ်သောကြောင့်တည်း။

(၃) **"ခဏိကအားဖြင့်"** ဟူသည်ကား—ဤ သာသနာတော်၌ ယောဂီသည် ပဋိသန္ဓေ စုတိ နှစ်ပါး အကြား၌ ဖြစ်သော ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်၍ ထို အာဒါန နိက္ခေပန ရုပ်၌ သုံးသပ်သော ရှေးဦး စိတ်ကို နှစ်ခုမြောက်သော ဒုတိယ စိတ်ဖြင့်, နှစ်ခုမြောက်သော သမ္မသိတ စိတ်ကို တတိယ စိတ်ဖြင့်, သုံးခုမြောက်သော သမ္မသိတ စိတ်ကို စတုတ္ထ စိတ်ဖြင့်, လေးခုမြောက်သော သမ္မသိတ စိတ်ကို ပဉ္စမစိတ်ဖြင့်, ထို ငါးခုမြောက်သော သမ္မသိတ စိတ်သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တတည်းဟု ဤသို့ သုံးသပ်၏။

ဝယောဝုဍ္ဎတ္ထင်္ဂမ ရုပ်ကို, အာဟာရဇ ရုပ်ကို, ဥတုဇ ရုပ်ကို, ကမ္မဇ ရုပ်ကို, စိတ္တဇ ရုပ်ကို, ဓမ္မတာ ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်၍ ထို ဝုဍ္ဎတ္ထင်္ဂမ စသည်တို့၏ အစွမ်းအားဖြင့် ရုပ်၌ သုံးသပ်သော ပဌမ စိတ်ကို ဒုတိယ စိတ်ဖြင့်၊ ဝါ—ပဌမ ဖြစ်သော ရူပပရိဂ္ဂဟ စိတ်ကို ဒုတိယ ဖြစ်သော နာမပရိဂ္ဂဟ စိတ်ဖြင့် သုံးသပ်၏၊ ဒုတိယ စိတ်ကို တတိယ စိတ်ဖြင့်, တတိယ စိတ်ကို စတုတ္ထ စိတ်ဖြင့်, စတုတ္ထ စိတ်ကို ပဉ္စမ စိတ်ဖြင့်, ထို စတုတ္ထ သမ္မသိတ စိတ်သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တတည်းဟု သုံးသပ်၏၊ ဤသို့ ရုပ်ကို သိမ်းဆည်းသော ပဌမ စိတ်မှ စ၍ လေးပါး လေးပါးသော စိတ်တို့ကို အဖန် တလဲလဲ သုံးသပ်သော ယောဂီသည် သမ္မသန စိတ်တို့၏ ခဏိက၏ အဖြစ်ကို ထင်စွာ ပြသော ခဏိက သမ္မသန မည်၏။

(၄) **"အစဉ်အတိုင်းပဋိပါဋိ အားဖြင့်"** ဟူသည်ကား— ပဋိသန္ဓေ စုတိ နှစ်ပါး အကြား၌ ဖြစ်သော အာဒါန နိက္ခေပန ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်၍ ထို အာဒါန နိက္ခေပန အားဖြင့် ရုပ်ကို သုံးသပ်သော ပဌမ စိတ်ကို ဒုတိယ စိတ်ဖြင့်,

http://www.dhammadownload.com



ဒုတိယ စိတ်ကို တတိယ စိတ်ဖြင့်, တတိယ စိတ်ကို စတုတ္ထ စိတ်ဖြင့်....(လ)....ဒသမ စိတ်ကို ဧကာဒသမ စိတ်ဖြင့်, ထို ဒသမ သမ္မသန စိတ်သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တတည်းဟု ဤသို့ သုံးသပ်၏။

ဝယောဝုဍ္ဎတ္ထင်္ဂမ ရုပ်ကို အာဟာရဇ ရုပ်ကို, ဥတုဇ ရုပ်ကို, ကမ္မဇ ရုပ်ကို, စိတ္တဇ ရုပ်ကို, ဓမ္မတာ ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်၍ ထို ဝုဍ္ဎတ္ထင်္ဂမ စသည်တို့၏ အစွမ်းဖြင့် ရုပ်ကို သုံးသပ်သော ပဌမ စိတ်ကို ဒုတိယ စိတ်ဖြင့်, ဒုတိယ စိတ်ကို တတိယ စိတ်ဖြင့်....(လ)....ဒသမ စိတ်ကို ဧကာဒသမ စိတ်ဖြင့်, ဤ ဒသမ သမ္မသန စိတ်သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တတည်းဟု ဤသို့ ဝိပဿနာ အစဉ်ဖြင့် အလုံးစုံသော နေ့အဘို့ ပတ်လုံးလည်း၊ ဝါ—တနေ့လုံးလည်း သုံးသပ်ခြင်းငှါ ဖြစ်သင့်ရာ၏။

ထိုသို့ပင် တနေ့လုံး သုံးသပ်သင့်သော်လည်း ဒသမ စိတ်ကို သုံးသပ်သည် တိုင်အောင် ရုပ် ကမ္မဋ္ဌာန်းသည်ရင်း, နာမ် ကမ္မဋ္ဌာန်းသည်ရင်း အဝါးဝစွာ လေ့လာအပ်သည် ဖြစ်၏၊ ထို့ကြောင့် ဒသမ စိတ်၌ သာလျှင် တန့်ရပ်ရာ၏၊ ဤသို့ အရိယဝံသ ကထာ၌ ဆို၏၊ ဤသို့သော နည်းဖြင့် သုံးသပ်သော ယောဂီသည် အစဉ်အတိုင်း ပဋိပါဋိအားဖြင့် သုံးသပ်သည် မည်၏။

(၅-၆-၇) **ဒိဋ္ဌိ သမုဂ္ဃါဋနာ, မာန သမုဂ္ဃါဋနာ, နိကန္တိ ပရိယာဒါန** ဟူကုန်သော ဤ မာတိကာ သုံးပါးတို့၌ တသီး တခြား ဖြစ်သော သမ္မသနနည်း မည်သည် မရှိ၊ ထိုသို့ မရှိ သော်လည်း အောက် ဖြစ်သော ရူပ သတ္တက၌ ထို ဆိုအပ်ပြီးသော အကြင် ရုပ်ကိုရင်း, ဤ အရူပ သတ္တက၌ ထို ဆိုအပ်ပြီးသော အကြင် နာမ်ကိုရင်း သိမ်းဆည်း ရှုံးစုအပ်ပြီ၊ ထို ရုပ်နာမ်ကို အဖန် တလဲလဲ ရှုသော ယောဂီသည် ရုပ်နာမ်ထက် အလွန် အခြား တပါးသော သတ္တဝါ မည်သည်ကို မမြင်၊ **သတ္တဝါကို မမြင်သော အခါမှ စ၍** "သတ္တဝါသည် ပရမတ္ထ

http://www.dhammadownload.com



အားဖြင့် ထင်ရှား ရှိ၏”ဟု ဖြစ်သော သညာသည် ကွာ၏, ခွါအပ်သည် ဖြစ်၏။

သတ္တ သညာကို ခွါခြင်း၏ အစွမ်းကြောင့် ဖြစ်သော စိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသော ပုဂ္ဂိုလ်အား ဒိဋ္ဌိသည် မဖြစ်၊ ဒိဋ္ဌိ မဖြစ်သည် ရှိသော် ဒိဋ္ဌိ ကွာသည် မည်၏၊ ဝါ—ဒိဋ္ဌိကို ခွါအပ်သည် မည်၏၊ ဒိဋ္ဌိကို ခွါခြင်း၏ အစွမ်းကြောင့် ဖြစ်သော စိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသော ယောဂီအား ဒိဋ္ဌိလျှင် ဥပနိဿယ ရှိသည် ဖြစ်၍ အပါယ် လားကြောင်း ဖြစ်သော မာနသည် မဖြစ်၊ ထို မာန မဖြစ်သည် ရှိသော် မာန ကွာသည် မည်၏၊ ဝါ— မာနကို ခွါအပ်သည် မည်၏။

မာနကို ခွါခြင်း၏ အစွမ်းကြောင့် ဖြစ်သော စိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသော ယောဂီအား အပါယ် လားကြောင်း တဏှာသည် မဖြစ်၊ ထို သိမ်မွေ့သော နိကန္တိ တဏှာ မဖြစ်သည် ရှိသော် သိမ်မွေ့သည့် တဏှာ ဟူသော နိကန္တိသည် ကုန်ခန်း ခြောက်သွေ့သည် မည်၏၊ ဤ စကားကို ဝိသုဒ္ဓိ ကထာ၌ ရှေးဦးစွာ ဆိုအပ်၏၊ အရိယဝံသ ကထာ၌ကား ဒိဋ္ဌိ ဥဂ္ဃါဋန, မာနဥဂ္ဃါဋန, နိကန္တိ ပရိယာဒါန ဟူသော မာတိကာကို ထား၍ ဤ ဆိုလတ္တံ့သော သုံးသပ်ပုံ စီရင်နည်းကို ပြအပ်၏။

ရှုဦးအံ့—ငါသည် ဝိပဿနာရှုအံ့၊ ငါ၏ ဝိပဿနာတည်း၊ ဤသို့ ယူသော ယောဂီအား ဒိဋ္ဌိ၏ ပျောက်ခြင်း ကွာခြင်း မည်သည် မဖြစ်၊ သင့်လျော်ပုံကို ဆိုအံ့—သင်္ခါရတို့သည် သာလျှင် သင်္ခါရတို့ကို ရှုကုန်၏, သုံးသပ်ကုန်၏, နှလုံးပိုက်ထား မှတ်သား ကုန်၏, သိမ်းဆည်း ရုံးစုကုန်၏, ပိုင်းခြားကုန်၏၊ ဤသို့ ယူသော ယောဂီအား ဒိဋ္ဌိကို ခွါသည် မည်၏၊ ကောင်းစွာ ရှုအံ့၊ နှလုံးကို ပွါးစေသည် ဖြစ်၍၊ ဝါ—နှလုံးကို ပွါးစေသော အခြင်း အရာဖြင့် ဝိပဿနာ ရှုအံ့၊ ဤသို့ ယူသော ယောဂီအား မာနကို ခွါသည် မမည်၊ ဝါ—မာနကို ခွါခြင်း မည်သည် မဖြစ်။

သင့်လျော်စွာ မာန ခွါပုံကား—သင်္ခါရတို့သည် သာလျှင် သင်္ခါရတို့ကို ရှုကုန်၏, သုံးသပ်ကုန်၏, နှလုံးပိုက်ထား မှတ်သား

http://www.dhammadownload.com



ကုန်၏, သိမ်းဆည်း စုရုံး ချဉ်းချုံးကုန်၏, ပိုင်းခြားကုန်၏၊ ဤသို့ ယူသော ယောဂီအား မာနကို ခွါအပ်သည်, ကွာစေသည် မည်၏၊ ငါသည် ဝိပဿနာ ရှုစေခြင်းငှါ စိတ်ကို စွမ်းနိုင်၏, ဝါ—နိုင်နင်း၏၊ ထို့ကြောင့် ဝိပဿနာရှု၍ သာလျှင် ကာလကို လွန်စေအံ့၊ ဤသို့ ဝိပဿနာကို သာယာသော ယောဂီအား နိကန္တိ တဏှာ ကုန်ပျက် ခန်းခြောက်ခြင်း မည်သည် မဖြစ်။

သင့်လျော်စွာ နိကန္တိ တဏှာ ခွါပုံကား—သင်္ခါရတို့သည် သာလျှင် သင်္ခါရတို့ကို ရှုကုန်၏၊ အဖန် တလဲလဲ သုံးသပ်ကုန်၏၊ နှလုံးပိုက်ထား မှတ်သားကုန်၏, သိမ်းဆည်း ယူကြိုး စုရုံးကုန်၏, ပိုင်းခြားကုန်၏၊ ဤသို့ ယူသော ယောဂီအား နိကန္တိ တဏှာ ကုန်ပျက် ခန်းခြောက်သည် မည်၏၊ သင်္ခါရတို့သည် အကယ်၍ အတ္တ ဖြစ်ကုန်ငြားအံ့၊ အတ္တ ဟူ၍ ပညာဖြင့် ယူခြင်းငှါ သင့်ကုန်ရာ၏၊ ဗျတိရိက်ကို ဆိုအံ့—အတ္တ မဟုတ်ခြင်းကြောင့် သာလျှင် အနတ္တ ဟူ၍ သာ ဉာဏ်ပညာဖြင့် ယူအပ်ကုန်၏၊ ဝါ—အနတ္တ အစစ် ဖြစ်ကုန်လျက်လျှင် အတ္တ ဟူ၍ တိတ္ထိတို့သည် ယူအပ်ကုန်၏။

ထိုကြောင့် ထို သင်္ခါရတို့သည် မိမိ အလိုသို့ လိုက်တတ်သော အတ္တ မရှိသည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့်၊ ဝါ—မိမိ အာဏာကို ဖြစ်စေနိုင်သော အစိုးတရ ပိုင်ရှင် သာမိ အတ္တ မရှိသည်၏ အဖြစ် ဟူသော သကတ် အနက်ကြောင့် အနတ္တ မည်ကုန်၏၊ ရှေးအဘို့၌ ထင်ရှား မရှိ၊ ယခုမှ ဖြစ်၍ အရှည် မတည်၊ ရုတ်တရက် ချက်ခြင်း ကုန်ခန်း ပျောက်ပျက်တတ် သဖြင့် မရှိသည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့် အနိစ္စ မည်၏၊ ဖြစ်ခြင်း ပျက်ခြင်းသည် အဖန် တလဲလဲ နှိပ်စက် ညှဉ်းဆဲ အပ်သည်၏ အဖြစ် တည်းဟူသော သကတ် အနက် ကြောင့်၊ ဝါ—ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် သတ္တဝါကို နှိပ်စက် ညှဉ်းဆဲ တတ်သည်၏ အဖြစ် တည်းဟူသော သကတ် အနက် ကြောင့် ဒုက္ခ မည်ကုန်၏၊ ဤသို့ ရှုသော ယောဂီအား ဒိဋ္ဌိ၏ ကွာခြင်း မည်သည် ဒိဋ္ဌိကို ခွါခြင်း မည်သည် ဖြစ်၏။

http://www.dhammadownload.com



သင်္ခါရတို့သည် အကယ်၍ နိစ္စ ဖြစ်ကုန်ငြားအံ့၊ နိစ္စ ဟူ၍ ပညာဖြင့် ယူခြင်းငှါ သင့်ကုန်ရာ၏၊ ဗျတိရိက်ကို ဆိုအံ့— အနိစ္စ စင်စစ် ဖြစ်ကုန်လျက်လျှင် နိစ္စ ဟူ၍ တိတ္ထိတို့သည် ယူကုန်၏၊ ထို့ကြောင့် ထို သင်္ခါရတို့သည် ဥပါဒ်မှ ရှေးအဘို့၌ ထင်ရှား မရှိ၊ ယခုမှဖြစ်၍ တာရှည် မတည်၊ ချက်ခြင်း ရုတ်တရက် ပျောက်ပျက် ကုန်ခန်းတတ်သဖြင့် မရှိသည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့် အနိစ္စ မည်၏၊ ဖြစ်ခြင်း ပျက်ခြင်းသည် အဖန် တလဲလဲ နှိပ်စက် ညှဉ်းဆဲအပ်သည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့်၊ ဝါ—ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် ထို ပုဂ္ဂိုလ်ကို နှိပ်စက် ညှဉ်းဆဲတတ်သည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့် ဒုက္ခ မည်၏၊ မိမိ အလိုသို့ လိုက်တတ်သော အတ္တ မရှိသည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့် အနတ္တ မည်၏၊ ဤသို့ ရှုသော ယောဂီအား မာနကို ကွာစေသည် ခွါသည် မည်၏။

သင်္ခါရတို့သည် အကယ်၍ သုခ စင်စစ် ဖြစ်ကုန်ငြားအံ့၊ သုခ ဟူ၍ ပညာဖြင့် ယူခြင်းငှါ သင့်ကုန်ရာ၏၊ ဗျတိရိက်ကို ဆိုအံ့—ဒုက္ခ အစစ် ဖြစ်ပါတုံလျက်လျှင် သုခ ဟူ၍ တိတ္ထိတို့သည် ယူကုန်၏၊ ထို့ကြောင့် ထို သင်္ခါရတို့သည် ဖြစ်ခြင်း ပျက်ခြင်း တို့ဖြင့် ထို ပုဂ္ဂိုလ်ကို နှိပ်စက် ညှဉ်းဆဲတတ်သည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့် ဒုက္ခ မည်၏၊ ဥပါဒ်မှ ရှေးအဘို့၌ ထင်ရှား မရှိ၊ ယခုမှ ဖြစ်၍ တာရှည် မတည်၊ ချက်ခြင်း ရုတ်တရက် ပျောက်ပျက် ကုန်ခန်းတတ်သဖြင့် မရှိ သည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့် အနိစ္စ မည်၏၊ မိမိ အလိုသို့ လိုက်တတ်သော အတ္တ မရှိသည်၏ အဖြစ် တည်းဟူသော သကတ် အနက်ကြောင့် အနတ္တ မည်၏။

ဤသို့ ရှုသော ယောဂီအား သိမ်မွေ့သော နိကန္တိ တဏှာ၏ ကုန်ခန်း ပျောက်ပျက်ခြင်း မည်၏၊ ဤသို့ သင်္ခါရတို့ကို အနတ္တ အားဖြင့် ရှုသော ယောဂီအား ဒိဋ္ဌိကို ခွါခြင်း မည်သည် ဖြစ်၏၊ အနိစ္စအားဖြင့် ရှုသော ယောဂီအား မာနကို ကွာစေသည်

http://www.dhammadownload.com



မည်၏၊ ဝါ—မာနကို ခွါခြင်း မည်သည် ဖြစ်၏၊ ဒုက္ခအားဖြင့် ရှုသော ယောဂီအား နိကန္တိ တဏှာကို ခွါခြင်း မည်သည် ဖြစ်၏၊ ဤသို့ ဤနာမ ဝိပဿနာသည် မိမိ မိမိ၏ အရာ ဌာန၌ သာလျှင် တည်၏ ဟူသော ဤနည်းကို ပြအပ်၏၊ ဤသို့လျှင် အရူပ သတ္တက၏ အစွမ်းဖြင့်လည်း လက္ခဏာ သုံးပါးကို တင်၍ သင်္ခါရ တို့ကို သုံးသပ်၏၊ အကျိုးထူးကား—ဤမျှ ဤရွေ့သော အစီ အရင် ဖြင့် ထို ယောဂီအား ရုပ် ကမ္မဋ္ဌာန်းသည်ရင်း, နာမ် ကမ္မဋ္ဌာန်း သည်ရင်း အဝါးဝစွာ လေ့လာ ကျွမ်းကျင်အပ်သည် ဖြစ်၏။

အရူပ သတ္တက ပြီး၏။

---

ဤသို့ လက်လည်စွာလှ အဝါး ဝအောင် လေ့လာအပ်ပြီးသော ရုပ် ကမ္မဋ္ဌာန်း, နာမ် ကမ္မဋ္ဌာန်း ရှိသော၊ ဝါ—ရုပ်ခတ် နာမ်ခတ်တို့၌ သုံးသပ် ဆင်ခြင် ကျွမ်းကျင်စွာ လေ့လာ အပ်ပြီးသော ထို ယောဂီသည် အထက်၌ ပျက်ခြင်းကိုသာ အဖန် တလဲလဲ ရှုသော ဘင်္ဂါနုပဿနာမှ စ၍ ပဟာန ပရိညာဉ်၏ အစွမ်းဖြင့် ဤ အရာ၌ ကဲ့သို့ တစိတ် တဒေသ မဆိုမူ၍ သရုပ် အားဖြင့်ရင်း, ကိစ္စအားဖြင့်ရင်း အလုံးစုံသော အခြင်း အရာ အားဖြင့် ဆိုလတံ့ကုန်သော အကြင် မဟာ ဝိပဿနာ တဆဲ့ ရှစ်ပါးတို့သည် ရှိကုန်၏၊ ထို ဆိုလတံ့သော မဟာ ဝိပဿနာ တဆဲ့ ရှစ်ပါးတို့၏ ဤ တီရဏ ပရိညာဉ်၌ သာလျှင် မဆွ လက်မွန် တစိတ် တဒေသကို ထိုးထွင်းလျက် သိသည် ဖြစ်၍ ဤ၌ ဖြစ်သင့် ဖြစ်ထိုက်သော အနုပဿနာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ထို နိစ္စသညာ စသော တရားတို့ကို စွန့်ပစ် ပယ်ခွါ၏၊ အနိစ္စာ-နုပဿနာ အစ ရှိကုန်သော ပညာတို့သည် တဆဲ့ ရှစ်ပါးကုန်သော "မဟာ ဝိပဿနာ" တို့ မည်ကုန်၏။

အကြင် တဆဲ့ ရှစ်ပါးကုန်သော မဟာ ဝိပဿနာတို့တွင် အနိစ္စာနုပဿနာကို ပွါးစေသော ယောဂီသည် နိစ္စဟု မှတ်မှားသော သညာကို ခွါ၏၊ ဒုက္ခာနုပဿနာကို ပွါးစေသော ယောဂီ သည် သုခဟု မှတ်မှားသော သညာကို ခွါ၏၊ အနတ္တာ-

http://www.dhammadownload.com



နုပဿနာကို ပွါးစေသော ယောဂီသည် အတ္တဟု မှတ်မှားသော သညာကို ခွါ၏၊ အနိစ္စာနုပဿနာတို့ကြောင့် ကောင်းစွာ မြင်၍ ငြီးငွေ့သော အခြင်းအရာ အားဖြင့် အဖန် တလဲလဲ ရှုသော နိဗ္ဗိဒါနုပဿနာကို ပွါးစေသော ယောဂီသည် နှစ်သက် စုံမက်သော သပ္ပီတိက တဏှာကို ခွါ၏၊ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်၍ အနိဋ္ဌ အသုဘ အခြင်း အရာကို မြင်သော ဉာဏ် ရှေ့သွား ပြုလျက် စက်ဆုပ်သော အခြင်းအရာ အားဖြင့် အဖန် တလဲလဲ ရှုခြင်း ဝိရာဂါနုပဿနာကို ပွါးစေသော ယောဂီသည် တွယ်တာ စုံမက်သော ရာဂကို ခွါ၏။

သင်္ခါရတို့၏ ချုပ်ကြောင်း တဖန် မဖြစ်ကြောင်း အခြင်းအရာ အားဖြင့် အဘယ် အခါမှ ချုပ်ပါအံ့နည်းဟု အဖန် တလဲလဲ ရှုသော နိရောဓာနုပဿနာကို ပွါးစေသော ယောဂီသည် သင်္ခါရ တို့၏ တဖန် ဘဝ အသစ် ဖြစ်ခြင်း သမုဒယကို စွန့်ပစ် ပယ်ခွါ နိုင်၏၊ သင်္ခါရတို့ကို တဖန် မယူ, မစွဲလမ်းမူ၍ စွန့်လွှတ်ကြောင်း ဖြစ်သော ပဋိနိဿဂ္ဂါနုပဿနာကို ပွါးစေသော ယောဂီသည် တဖန် ဘဝသစ်အားဖြင့် သင်္ခါရတို့ကို ယူခြင်းကို၊ ဝါ—နိစ္စ အစ ရှိသည်တို့၏ အခြင်းအရာဖြင့် စွဲလမ်းခြင်း အာဒါနကို စွန့်ခွါ၏၊ သင်္ခါရတို့၏ ဘင်ခဏကို အဖန် တလဲလဲ ရှုသော ခယာနုပဿနာကို ပွါးစေသော ယောဂီသည် သန္တတိ, သမူဟ, ကိစ္စ, အာရုံတို့၏ အစွမ်းအားဖြင့် မပြို မကွဲ တလုံး တခဲတည်းဟု မှတ်မှားသော ဃနသညာကို ပယ်ခွါ၏။

သင်္ခါရတို့၏ ပျောက်ပျက်ခြင်း ချုပ်ငြိမ်းခြင်းကို အဖန် တလဲလဲ ရှုသော ဝယာနုပဿနာကို ပွါးစေသော ယောဂီသည် သင်္ခါရ တို့ကို ဆည်းပူး သိမ်းကျုံး စုရုံး ပေါင်းစည်းခြင်းကို ပြုသော အာယူဟန တဏှာကို ပယ်ခွါ၏၊ ဇရာ မရဏ ဟူသော အဘို နှစ်ပါးတို့ဖြင့် ဖောက်ပြန်ခြင်းကို အဖန် တလဲလဲ ရှုသော ဝိပရိ-ဏာမာနုပဿနာကို ပွါးစေသော ယောဂီသည် ခိုင်ခံ့ မြဲမြံ သည်၏ အဖြစ်ဟု မှတ်မှားသော ဓုဝ သညာကို ပယ်ခွါ၏၊ နိမိတ် ကင်းကြောင်း ဖြစ်သော အနိမိတ္တာနုပဿနာ မည်သော

http://www.dhammadownload.com



အနိစ္စာနုပဿနာကို ပွါးစေသော ယောဂီသည် အစဉ်၌ဝင်း, အပေါင်း၌ဝင်း တခုတည်း တလုံး တခဲတည်း၏ အဖြစ်ကို မှတ်သော သညာဖြင့် ယူအပ်သော လုံးလုံး လျောင်းလျောင်း အထည်ကိုယ် ရှိသကဲ့သို့ ကပ်၍ ထင်ခြင်း ဟူသော နိမိတ်ကိုပယ်ခွါ၏။

တောင့်တ တပ်မက် နှစ်သက်ဘွယ် မရှိဟု အသိဉာဏ် ဖြစ်ကြောင်း ဖြစ်သော အပ္ပဏိဟိတာနုပဿနာ မည်သော ဒုက္ခာနုပဿနာကို ပွါးစေသော ယောဂီသည် သုခကို တောင့်တသော တဏှာပဏိဓိကို ပယ်ခွါ၏၊ သင်္ခါရတို့၏ အတ္တမှ ဆိတ်သည်၏ အဖြစ်ကို အဖန် တလဲလဲ ရှုသော သုညတာ-နုပဿနာ မည်သော အနတ္တာနုပဿနာကို ပွါးစေသော ယောဂီသည် အတ္တဟု မှတ်မှားသော နှလုံးသွင်းခြင်း "အဘိ-နိဝေသ"ကို ပယ်ခွါ၏၊ သင်္ခါရတို့၏ နိစ္စ, သုဘ, သုခ, အတ္တမှ ဆိတ်သည်၏ အဖြစ်ကို ယူ၍ ဖြစ်သော ဝိပဿနာ ပညာ လွန်ကဲသော၊ ဝါ—အဓိပညာ သိက္ခာ မည်ထိုက်သော တရားတို့၌ အဖန် တလဲလဲ ရှုသော အဓိပညာဓမ္မဝိပဿနာကို ပွါးစေသော ယောဂီသည် နိစ္စ သာရ စသည်တို့ကို ယူမှားသော နှလုံးသွင်းခြင်း ဟူသော တဏှာနှင့် တကွသော ဒိဋ္ဌိကို ပယ်ခွါ၏။

အကြင် အကြင် မဖောက် မပြန် ဟုတ်မှန်သော သဘောကို သိတတ် မြင်တတ်သော သဘောဖြင့် အကြောင်းနှင့် တကွသော နာမ်ရုပ်ကို ရှုသော ယထာဘူတဉာဏဒဿန အနုပဿနာကို ပွါးစေသော ယောဂီသည် "အဟောသိံ နု ခေါ အဟာမတီတ-မဒ္ဓါနံ" ဤသို့ အစရှိသည့်မှုလည်း ဖြစ်သော "လောကကို အစိုးရသည့် ပရမိဿရ ဗြဟ္မာ စသည်ကြောင့် လောကသည် ဖြစ်၏"ဟု ဤသို့ အစရှိသည့်မှုလည်း ဖြစ်သော ပြင်းစွာ တွေဝေသော အားဖြင့် နှလုံးသွင်းခြင်း ကင်္ခါနှင့်တကွ ဒိဋ္ဌိ ဟူသော သမ္မောဟာဘိနိဝေသကို ပယ်ခွါ၏။

ဘုံသုံးတန်၌ အလျှံ ပြောင်ပြောင် လောင်သော သံနှောင် အိမ်ကြီး အလား ကြီးစွာသော ဘေးအားဖြင့် ထင်သည် ဖြစ်၍ အပြစ် ဒေါသကို အဖန် တလဲလဲ ရှုသော အာဒီနဝါနုပဿနာကို

http://www.dhammadownload.com



ပွါးစေသော ယောဂီသည် တစုံ တခုမျှ၏လည်း ပုန်းအောင်းရာ မှီခိုရာ မရှိသည်၏ အဖြစ်ကို မြင်ခြင်းကြောင့် ပုန်းအောင်းရာ မှီခိုရာဟု ကပ်ငြိ တွယ်တာသဖြင့် မှားသော နှလုံးသွင်းခြင်း တဏှာဒိဋ္ဌိ ဟူသော အာလယာဘိနိဝေသကို ပယ်၏၊ သင်္ခါရ တို့ကို စွန့်လွှတ်ခြင်း၏ အကြောင်း ဖြစ်သော အနိစ္စ စသည်တို့၌ ဉာဏ်အားဖြင့် အဖန် တလဲလဲ ဆင်ခြင်သော "ပဋိသင်္ခါ-နုပဿနာ"ကို ပွါးစေသော ယောဂီသည် အနိစ္စ စသည်တို့၌ အဖန် တလဲလဲ ဆင်ခြင်သော ဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော အဝိဇ္ဇာ မည်သော "အပ္ပဋိသင်္ခါ"ကို ပယ်၏၊ ဝဋ်ကင်းမြင်း အကျိုးငှါ အဖန် တလဲလဲ ရှုသော သင်္ခါရုပေက္ခာ ဉာဏ်, အနု-လောမ ဉာဏ် ဟူသော ဝိဝဋ္ဋာနုပဿနာကို ပွါးစေသော ယောဂီသည် ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်း အစရှိသော ကိလေ-သာ၏ ဖြစ်ခြင်းဟု ဆိုအပ်သော မှားသော နှလုံးသွင်းခြင်း သံယောဂါဘိနိဝေသကို ပယ်၏။

ထို မဟာ ဝိပဿနာ တဆဲ့ရှစ်ပါးတို့တွင် ဤ ယောဂီသည် အနိစ္စ အစရှိသော လက္ခဏာ သုံးပါး အပေါင်း၏ အစွမ်းဖြင့် သင်္ခါရတို့ကို အကြင့်ကြောင့် မြင်အပ်ကုန်၏၊ ထို့ကြောင့် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ တို့သည် ရအပ်သည် မည်ကုန်၏၊ ဆက်၍ ဆိုအံ့—အကြင် အနိစ္စာ-နုပဿနာ အကြင် အနိမိတ္တာနုပဿနာတို့သည် ရှိကုန်၏၊ ထို တရားတို့သည် အနက်အားဖြင့် တူကုန်၏, သဒ္ဒါသည် သာလျှင် ထူး၏၊ အကြင် ဒုက္ခာနုပဿနာသည်၎င်း, အကြင် အပ္ပဏိ-ဟိတာနုပဿနာသည်၎င်း ရှိ၏၊ ထို တရား နှစ်ပါးတို့သည် အနက်အားဖြင့် တူကုန်၏, သဒ္ဒါသည် သာလျှင် ထူး၏၊ အကြင် အနတ္တာနုပဿနာသည်၎င်း, အကြင် သုညတာနုပဿနာ သည်၎င်း ရှိ၏၊ ထို တရား နှစ်ပါးတို့သည် အနက် အားဖြင့် တူကုန်၏, သဒ္ဒါသည်သာ ထူး၏၊ ထို့ကြောင့် ထို အနိမိတ္တာ-နုပဿနာ, အပ္ပဏိဟိတာနုပဿနာ, သုညတာနုပဿနာ တို့သည်လည်း ရအပ်သည် မည်ကုန်၏။

http://www.dhammadownload.com



အထူးကို ဆိုဦးအံ့—အမိပညာ ဓမ္မဝိပဿနာ မှုသည် အလုံးစုံလည်း ဖြစ်ကုန်သော ဝိပဿနာတို့ပင်တည်း၊ ယထာဘူတဉာဏဒဿနကို ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့်သာလျှင် သဂြိုဟ် အပ်ပြီ၊ ထိုကြောင့် ဤ အမိပညာ ဓမ္မဝိပဿနာ, ယထာဘူတ ဉာဏဒဿန နှစ်ပါး အပေါင်း သည်လည်း ရအပ်သည် မည်သည်သာလျှင်တည်း၊ အနိစ္စာနုပဿနာ စသည်မှ ကြွင်းကုန်သော နိဗ္ဗိဒါနုပဿနာ စသော ဝိပဿနာဉာဏ် ဆယ်ပါးတို့၌ စိုးစဉ်းကို ရအပ်ပြီ, စိုးစဉ်းကို မရအပ်သေး၊ ထို ဝိပဿနာဉာဏ် ဆယ်ပါး တို့၏ အထူးထူး အပြားပြား ပိုင်းခြား ဝေဘန်ခြင်းကို နောက် ဖြစ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကထာ၌ ထင်ရှားစွာ ပြဆို ကုန်အံ့၊ သင့်စွ—အကြင် တစိတ် တဒေသကို သာလျှင်၊ ဝါ— ဝိပဿနာဉာဏ်ကို သာလျှင် ရအပ်ပြီ၊ ထို ရအပ်သော တစိတ်ကို၊ ဝါ—ရပြီးသော ဝိပဿနာကို ရည်၍—

"ဧဝံ ပဂ္ဂဏှရူပါရူပကမ္မဋ္ဌာနေ ယာ ဥပရိ ဘင်္ဂါနုပဿနတော ပဋ္ဌာယ ပဟာနုပရိညာဝသေန သဗ္ဗာကာရတော ဝတ္တဗ္ဗာ အဋ္ဌာရသ မဟာဝိပဿနာ၊ တာသံ ဣဓေဝ တာဝ ဧကဒေသံ ပဋိဝိဇ္ဈန္တော တပ္ပဋိပက္ခေ ဓမ္မေ ပဇဟတိ။"

ဟူသော စကားကို ငါ ဆိုခဲ့ပြီ။

## ဥဒယဗ္ဗယာနုပဿနာကို ရအောင် အားထုတ်ရန်

ထို ယောဂီသည် ဤ ပြဆိုခဲ့ပြီးသော နည်းဖြင့် အနိစ္စာနုပဿနာ စသည်တို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော အနိစ္စသညာ စသည်တို့ကို ပယ်ခွါခြင်းကြောင့် အထူးသဖြင့် စင်ကြယ် သော ဉာဏ်ရှိသည် ဖြစ်၍ နယဝိပဿနာဟု ဆိုအပ်သော ကလာပ, သမ္မသနဉာဏ်၏ ကမ်းတဘက်သို့၊ ဝါ—အပြီး အဆုံးသို့ ရောက်၍ သမ္မသနဉာဏ်၏ အခြားမဲ့၌—

"ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။"

http://www.dhammadownload.com



ဟူ၍ အကြင် ဥဒယဗ္ဗယာနုပဿနာကို ဟောတော်မူအပ်၏၊ ထို ဥဒယဗ္ဗယာနုပဿနာကို ရခြင်းငှါ လုံ့လကို အားထုတ်အပ်၏။

"သင်္ခတ ပစ္စုပ္ပန်, ခဏ ပစ္စုပ္ပန် ဖြစ်ကုန်သော တေဘူမက တရားတို့၏ ဖောက်ပြန်ခြင်းကို အဖန် တလဲလဲ ရှုခြင်း၌ ဖြစ်သော ပညာသည် ဖြစ်ခြင်း ပျက်ခြင်းကို ရှုခြင်း၌ ဖြစ်သောဉာဏ် မည်၏။"

ဆက်၍ ဆိုအံ့—လုံ့လ ကြိုးကုတ် အားထုတ်သော ယောဂီသည် ရှေးဦးစွာ အကျဉ်းအားဖြင့် အားထုတ်၏၊ ထို အကျဉ်းအားဖြင့် အားထုတ်ရာ၌ ဤ ဆိုလတံ့သည်ကား ပါဠိတော်တည်း—

"ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။"

ဟူသော စကားကို ပြဆိုခဲ့ပြီ၊ ထို စကားကို အဘယ်သို့သော အပြားအားဖြင့် သိအပ်သနည်း၊ ဤသို့ မေးငြားအံ့—

"ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဇာတာ ဝေဒနာ ပစ္စုပ္ပန္နာ၊ တဿာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဇာတာ သညာ ပစ္စုပ္ပန္နာ၊ တဿာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဇာတာ သင်္ခါရာ ပစ္စုပ္ပန္နာ၊ တေသံ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

http://www.dhammadownload.com



ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ၊ တဿာဘိနိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဇာတံ စက္ခာယတနံ ပစ္စုပ္ပန္နံ၊ တဿာဘိနိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ....(လ)....။

ဇာတံ စက္ခုဓာတု ပစ္စုပ္ပန္နံ၊ တဿာဘိနိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ....(လ)....။

ဇာတံ စက္ခုန္ဒြိယံ ပစ္စုပ္ပန္နံ၊ တဿာဘိနိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ....(လ)....။

ဇာတော ဘဝေါ ပစ္စုပ္ပန္နော၊ တဿာဘိနိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။"

"ဖြစ်ဆဲ ဖြစ်သော ရုပ်သည် ပစ္စုပ္ပန် မည်၏၊ ဝါ— ပစ္စုပ္ပန် ဖြစ်သော ရုပ်သည် ဖြစ်ဆဲ ဖြစ်၍ ခဏငယ် သုံးပါး၌ အတွင်းဝင်သော ရုပ်ပင်တည်း၊ ထို ပစ္စုပ္ပန် ဖြစ်သော ရုပ်၏ စ၍ ဖြစ်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ဖြစ်ခြင်း ဥဒယ မည်၏၊ ဖောက်ပြန်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာ သည် ပျက်ခြင်း ဝယ မည်၏၊ အကြင် ဖြစ်ခြင်း ပျက်ခြင်း ဥဒယ ဝယကို အဖန် တလဲလဲ ရှုသော ပညာသည် ရှိ၏၊ ထို ဥဒယ ဝယကို အဖန် တလဲလဲ ရှုသော ပညာ သည် ဉာဏ် မည်၏။"

အမှာ။ ။ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့ကိုလည်း ဤနည်းကိုမှီး၍ သိသင့် သိထိုက်၏။

ခန္ဓာ ငါးပါးပြီး၏။

http://www.dhammadownload.com



"ဖြစ်ဆဲ ဖြစ်သော အတ္တဘောကို ရဆဲ ဖြစ်သော စက္ခာယတနသည် ပစ္စုပ္ပန် မည်၏၊ ဝါ—ပစ္စုပ္ပန် ဖြစ်သော စက္ခာယတန မည်သည် ဖြစ်ဆဲ ဖြစ်၍ ခဏငယ် သုံးပါး၌ အတွင်းဝင်သော ရုပ် အာယတနပင်တည်း၊ ထို ပစ္စုပ္ပန် ဖြစ်သော စက္ခာယတန၏ စ၍ ဖြစ်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ဥဒယ မည်၏၊ ဖောက်ပြန်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ဝယ မည်၏၊ ထို ဥဒယ ဝယကို အဖန် တလဲလဲ ရှုသော ပညာသည် ဉာဏ် မည်၏။"

အမှာ။ ။သောတာယတန စသော အာယတန တဆဲ့ နှစ်ပါးတို့ကိုလည်း ဤနည်းအတိုင်း သိအပ်၏။

အာယတန တဆဲ့ နှစ်ပါးပြီး၏။

---

"ဖြစ်ဆဲ ဖြစ်သော စက္ခု ဓာတ်သည် ပစ္စုပ္ပန် မည်၏၊ ဝါ—ပစ္စုပ္ပန် ဖြစ်သော စက္ခုဓာတ် မည်သည် ဖြစ်ဆဲ ဖြစ်၍ ခဏငယ် သုံးပါး၌ အတွင်းဝင်သော ဓာတ်ပင်တည်း၊ ထို ပစ္စုပ္ပန် ဖြစ်သော စက္ခု ဓာတ်၏ စ၍ ဖြစ်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ဥဒယ မည်၏၊ ဖောက်ပြန်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ဝယ မည်၏၊ ထို ဥဒယ ဝယကို အဖန် တလဲလဲ ရှုသော ပညာသည် ဉာဏ်မည်၏။"

အမှာ။ ။သောတ ဓာတ် စသော ဓာတ် တဆဲ့ ရှစ်ပါးတို့ကိုလည်း ဤနည်းအတိုင်း သိအပ်၏။

ဓာတ် တဆဲ့ ရှစ်ပါး ပြီး၏။

---

"ဖြစ်ဆဲ ဖြစ်သော စက္ခုန္ဒြေသည် ပစ္စုပ္ပန် မည်၏၊ ဝါ—ပစ္စုပ္ပန် ဖြစ်သော စက္ခုန္ဒြေသည် ဖြစ်ဆဲ ဖြစ်၍ ခဏငယ် သုံးပါး၌ အတွင်းဝင်သော ဣန္ဒြေပင်တည်း၊ ထို ပစ္စုပ္ပန် ဖြစ်သော စက္ခုန္ဒြေ၏ စ၍ ဖြစ်ခြင်းဟု

http://www.dhammadownload.com



မှတ်အပ်သော သင်္ခတလက္ခဏာသည် ဥဒယ မည်၏၊ ဖောက်ပြန်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတလက္ခဏာသည် ဝယ မည်၏၊ ထို ဥဒယ ဝယကို အဖန် တလဲလဲ ရှုသော ပညာသည် ဉာဏ် မည်၏။"

သောတဝိညာဉ် စသော ဇာယတနခြောက် ပါးတို့ကိုလည်း ဤနည်းအတိုင်း သိအပ်၏။

မှတ်ချက်။ ။ဤခန္ဓာ၊ အာယတန၊ ဓာတ်၊ ဇာယတနခြောက်တို့၌ အာဒိဒီပကနည်းဖြင့် အစ, အစ တပါးစီကိုသာ ဖော်ပြထားသည်။

ဇာယတနခြောက် ခုဆယ့် နှစ်ပါး ပြီး၏။

---

"ဖြစ်ဆဲ ဖြစ်သော ဘဝသည် ပစ္စုပ္ပန် မည်၏၊ ဝါ— ပစ္စုပ္ပန် ဖြစ်သော ဘဝ မည်သည် ဖြစ်ဆဲ ဖြစ်၍ ခဏငယ် သုံးပါး၌ အတွင်းဝင်သော တရားတည်း၊ ထို ဘဝ၏ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာသည် ဥဒယ မည်၏၊ ဖောက်ပြန်ခြင်း ဟူ၍ မှတ်အပ်သော သင်္ခတ လက္ခဏာသည် ဝယ မည်၏၊ ထို ဥဒယ ဝယကို အဖန် တလဲလဲ ရှုသော ပညာသည် ဉာဏ် မည်၏။"

မှတ်ချက်။ ။ပဋိစ္စ သမုပ္ပါဒ်၌ အဝိဇ္ဇာ အစ ဇရာမရဏ ကုန်အောင် အင်္ဂါ တဆဲ့နှစ်ပါး ဟောသော်လည်း ဤ အရာ၌ အဝိဇ္ဇာ အစ ဘဝတွင် အဆုံးသတ်ပြီးလျှင် အန္တဒီပက နည်းဖြင့် အဆုံး ဖြစ်သော "ဘဝ" ကိုသာ ဖော်ပြလေသည်။

ပဋိစ္စ သမုပ္ပါဒ် ဆယ်ပါး ပြီး၏။

---

ထို ယောဂီသည် "ဇာတံ ရူပံ ပစ္စုပ္ပန္နံ" စသည်ဖြင့် ပြဆိုခဲ့ပြီး သော ပါဠိဂတိဖြင့် ဖြစ်ဆဲ ဖြစ်သော နာမ်ရုပ်၏ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတ၏ လက္ခဏာ ဖြစ်သော ဖြစ်ခြင်းကို အသစ် ဖြစ်သော အခြင်းအရာကို ဥဒယ ဟူ၍ အဖန် တလဲလဲ ရှု၏၊ ဖောက်ပြန်ခြင်းဟု မှတ်အပ်သော သင်္ခတ၏ လက္ခဏာ ဖြစ်သော

http://www.dhammadownload.com



ကုန်ပျက် ချုပ်ပျောက်ခြင်းကို ပျက်ခြင်း ဘင်ကို ဝယ ဟူ၍ အဖန် တလဲလဲ ရှု၏၊ ထို ယောဂီသည် ဤသို့သော အခြင်းအရာ အားဖြင့် သိ၏။

ဤ နာမ်ရုပ်၏ ဖြစ်သည့်မှ ရှေး၌ မဖြစ်မီ၊ ဝါ—မဖြစ်ရသေး သော နာမ်ရုပ်၏ ဖြစ်သည့်မှ ရှေး၌ အကြွင် အခါမှ ရှေး၌ အကြွင် အစု အပုံ "ရာသီ" အကြွင် အစိုင် အခဲ "နိစယ" မှ ဖြစ်ဆဲ ဖြစ်ရာသို့ လာရာ၏၊ ထို စုံ့စုံ့တက်သော အဖု အစု သည်၎င်း, ထို ဟုတ်ဟုတ် ငြားငြားသော အခြင်း အရာအားဖြင့် အစိုင် အခဲ ဖြစ်သော အပေါင်း အစုသည်၎င်း မရှိ၊ အဘယ့် ကြောင့်နည်းဟူမူ—အတ္တဘော မရအပ်သော တရား၏ အချင်း ခပ်သိမ်း မရှိသည်၏ အဖြစ်ကြောင့်တည်း။

ထို့ကြောင့် ဖြစ်ဆဲ ဖြစ်သော နာမ်ရုပ်၏လည်း စုံ့စုံ့တက် သော အပုံ အစုမှ၎င်း, ဟုတ်ဟုတ် ငြားငြားသော အခြင်း အရာ အားဖြင့် အစိုင် အခဲ အပေါင်း အစုမှ၎င်း လာခြင်း မည်သည် မရှိ၊ ချုပ်ဆဲ ဖြစ်သော နာမ်ရုပ်၏လည်း တူရူလေးရပ်, အထောင့် လေးရပ်သို့ ကပ်ခြင်း သွားခြင်း မည်သည် မရှိ၊ ချုပ်ပြီးသော နာမ်ရုပ်၏လည်း တခုသော အရာ၌ စုံ့စုံ့တက်သော အစု အပုံ ရာသီအားဖြင့်၎င်း, ဟုတ်ဟုတ် ငြားငြားသော အခြင်းအရာ အားဖြင့် အစိုင် အခဲ အပေါင်း အစုအားဖြင့်၎င်း, မြေ၌ သိုမှီး မြှုပ်ထားအပ်သော နိဓာနအားဖြင့်၎င်း တည်ခြင်း မည်သည် မရှိ။

ထို စကားကို ထင်ရှားစေအံ့—စောင်းကို တီးအပ်သည် ရှိသော်၊ ဝါ—တီးအပ်သော စောင်းမှ ဖြစ်သော အသံသည် ဖြစ်ပေါ်သည်မှ ရှေး၌ အစိုင် အခဲ အပေါင်း အစု ဟူသည် မရှိ၊ ဖြစ်ဆဲသော အသံသည်လည်း အစိုင် အခဲ အပေါင်း အစုမှ လာသည် မဟုတ်၊ ချုပ်ဆဲသော အသံ၏လည်း တူရူ လေးရပ်, အထောင့် လေးရပ်သို့ သွားခြင်း ကပ်ခြင်း မည်သည် မရှိ၊ ချုပ်ပြီးသော အသံသည်လည်း တစုံတခုသော အရပ်၌ ပေါင်းစု စည်းဝေး၍ မတည်၊ စင်စစ်သော်ကား—စောင်းကို၎င်း, စောင်း

http://www.dhammadownload.com



ကျက်သော သားရေကိုဎင်း, စောင်းသွား၏ ထို အသံ ဖြစ်ခြင်းအား လျောက်ပတ်သော စောင်းတီးခြင်း လုံ့လကိုဎင်း စွဲ၍ ရှေးက မရှိမူ၍ ယခုမှ ဖြစ်၏၊ ဖြစ်ပြီး၍ အရှည် မတည်, ရုတ်တရက် ချက်ခြင်း ချုပ်ပျောက် ပျက်စီးသကဲ့သို့ ထို့အတူ ရုပ်နာမ် တရား ရှိသမျှ အားလုံးတို့သည်လည်း ရှေးက မရှိမူ၍ ယခုမှ ဖြစ်ကုန်၏၊ ဖြစ်ပြီး၍ အရှည် မတည်,ရုတ်တရက် ချက်ခြင်း ချုပ်ပျောက် ပျက်စီးကုန်၏၊ ဤသို့ သိ၏။

ဥဒယဗ္ဗယ နှလုံးသွင်းခြင်း အကျဉ်း အစီ အရင် သခ်ေပ ၆၆ ပြီး၏။

---

## ဥဒယဗ္ဗယ ဉာဏ် အကျယ်

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် အကျဉ်း သခ်ေပအားဖြင့် ဖြစ်ခြင်း ပျက်ခြင်း၌ နှလုံးသွင်းခြင်း ဥဒယဗ္ဗယ မနသိကာရကို ပြု၍ တဖန် ဤ ဥဒယဗ္ဗယ ဉာဏ်၏ သာလျှင် အကျယ် ဖွင့်ရာ ဝိဘင်း၌ အဝိဇ္ဇာ၏ ရှေး၌ ဖြစ်ပြီးခြင်းကြောင့် ရုပ်၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ဖြစ်ပြီးသည်၏ အဖြစ်ဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို ကြည့်ရှု မြင်သိ၏၊ တဏှာ၏ ရှေးဘဝ၌ ဖြစ်ပြီး ခြင်းကြောင့်, ကံ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့်, ရှေးဘဝ၌ အာဟာရ၏ ဖြစ်ပြီးခြင်းကြောင့် ရုပ်၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ဖြစ်ပြီးသည်၏ အဖြစ်ဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှု၏၊ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတ လက္ခဏာ ကို ရှုသည် ဖြစ်၍လည်း ရူပက္ခန္ဓာ၏ ဥပ္ပါဒ လက္ခဏာဟု ဆိုအပ် သော အဖြစ်ကို ရှု၏။

ရူပက္ခန္ဓာ၏ အဖြစ် ဥဒယကို ရှုသော ယောဂီသည် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ဤ အကြောင်း လေးပါးတို့၏ ရှိသည်၏ အဖြစ် ဟူသော လက္ခဏာ လေးပါး, ပစ္စုပ္ပန် ရုပ်၏ ဥပါဒ်ခြင်း ဖြစ်ခြင်း လက္ခဏာ တပါး ဤ ငါးပါးသော လက္ခဏာတို့ကို ရှုကြည့် မြင်သိ၏၊ အရဟတ္တမဂ်ဉာဏ်၏ အစွမ်း သတ္တိဖြင့် အဝိဇ္ဇာ၏ တဖန် မဖြစ်ပြန်ခြင်း ဟူသော ချုပ်ခြင်းကြောင့်

http://www.dhammadownload.com



အနာဂတ် ဖြစ်သော ရုပ်၏ တဖန် မဖြစ်ခြင်း ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အဝိဇ္ဇာ ဟူသော အနာဂတ် ရုပ်၏ အကြောင်း ချုပ်သည်၏ အဖြစ်ဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်း ဝယကို ရှု၏။

အရဟတ္တ မဂ်ဉာဏ်၏ သတ္တိဖြင့် တဏှာ၏ တဖန် မဖြစ်ပြန်ခြင်း ချုပ်ခြင်းကြောင့် အရဟတ္တ မဂ်ဉာဏ်ဖြင့် ကံ၏ တဖန် မဖြစ်ပြန်ခြင်း ချုပ်ခြင်းကြောင့် ပဋိသန္ဓေ အကြောင်း ဖြစ်သော ကဗဠီကာရာ-ဟာရ၏ ချုပ်ခြင်းကြောင့် ထို အာဟာရ သမုဋ္ဌာန် ဖြစ်သော ရုပ်၏ မဖြစ်ခြင်း ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့အနာဂတ်၌ ရုပ် ဖြစ်ခြင်း၏ အကြောင်း မရှိခြင်း ချုပ်ခြင်း အဖြစ်ဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်း ဝယကို ရှုကြည့် မြင်သိ၏။

ရုပ်၏ဘင် ဟူသော ဖောက်ပြန်ခြင်း သဘော လက္ခဏာကို ရှုသည် ဖြစ်၍လည်း ရူပက္ခန္ဓာ၏ ပျက်ခြင်း ဝယကို ရှုကြည့် မြင်သိ၏၊ ရူပက္ခန္ဓာ၏ ပျက်ခြင်း ဝယကို ရှုကြည့် မြင်သိသည် ဖြစ်၍လည်း အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ဤ အကြောင်း လေးပါးတို့၏ ချုပ်သည်၏ အဖြစ် ဟူသော အနုပ္ပါဒ နိရောဓ လက္ခဏာ လေးပါး, အနာဂတ် ရုပ်၏ ဘင်ခဏ၌ ပျက်ခြင်း ချုပ်ခြင်း ဟူသော ခဏ နိရောဓ လက္ခဏာ တပါး ဤ လက္ခဏာ ငါးပါးတို့ကို ရှုကြည့် မြင်သိ၏။

ထိုမှ တပါး ရှေး ဘဝ၌ အဝိဇ္ဇာ၏ ဖြစ်သောကြောင့် ဝေဒနာ၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ထင်ရှား ရှိသည် ဖြစ်၍ ဖြစ်ပြီးသည်၏ အဖြစ်ဖြင့် ဝေဒနာ၏ ဖြစ်ခြင်း ဥဒယကို ရှု၏၊ ရှေး ဘဝ၌ တဏှာ၏ ဖြစ်ပြီးခြင်းကြောင့်, ရှေးဘဝ၌ ကံ၏ ဖြစ်ပြီးခြင်းကြောင့် ဖဿ၏ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့် ဝေဒနာ၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ထင်ရှား ရှိသည်၏ အဖြစ်ဖြင့် ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်း ဥဒယကို ရှုကြည့် မြင်သိ၏၊ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သန္တတိ လက္ခဏာကို ရှုသည် ဖြစ်၍လည်း ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်း ဥဒယကို မြင်၏၊ ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်း ဥဒယကို ရှုသော ယောဂီသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ဤအကြောင်း

http://www.dhammadownload.com



လေးပါးတို့၏ ရှိသော အဖြစ် ဥပ္ပါဒ လက္ခဏာ လေးပါး, ပစ္စုပ္ပန် ဝေဒနာ၏ ဥပါဒ်ခြင်း ဖြစ်ခြင်း လက္ခဏာ တပါး ဤ လက္ခဏာ ငါးပါးတို့ကို ရှုကြည့် မြင်သိ၏။

အရဟတ္တ မဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏ တဖန် မဖြစ်ခြင်း ချုပ်ခြင်းကြောင့်, အရဟတ္တ မဂ်ဉာဏ်ဖြင့် တဏှာ၏ တဖန် မဖြစ်ပြန်ခြင်း ချုပ်ခြင်းကြောင့်, အရဟတ္တ မဂ်ဉာဏ်ဖြင့် ကံ၏ တဖန် မဖြစ်ပြန်ခြင်း ချုပ်ခြင်းကြောင့် ဝေဒနာ၏ မဖြစ်ခြင်း ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ ဝေဒနာ ဖြစ်ခြင်း၏ အကြောင်း၏ မရှိခြင်း ချုပ်ခြင်းဖြင့် ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်း ဝယကို မြင်၏၊ ပစ္စုပ္ပန် အကြောင်း ဖြစ်သော ဖဿ၏ မရှိခြင်းကြောင့် ဝေဒနာ၏ ချုပ်ခြင်းသည် ဖြစ်၏။

ဝေဒနာ ဖြစ်ခြင်း၏ အကြောင်း မရှိသည်၏ အဖြစ်ဖြင့် ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်း ဝယကို မြင်၏၊ ဝေဒနာ၏ ဘင် ဟူသော ဖောက်ပြန်ခြင်း လက္ခဏာကို ရှုသော ယောဂီသည်လည်း ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကို မြင်၏၊ ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကို ရှုသော ယောဂီသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ၌ အကြောင်း လေးပါးတို့၏ တဖန် မဖြစ်ခြင်း ချုပ်ခြင်း အနုပ္ပါဒ လက္ခဏာ နိရောဓ လက္ခဏာ လေးပါး, အနာဂတ် ဝေဒနာ၏ ဘင်ခဏ၌ ပျက်ခြင်း ချုပ်ခြင်း ခဏနိရောဓလက္ခဏာ ဤ လက္ခဏာ ငါးပါးတို့ကို ရှုကြည့် မြင်သိ၏။

ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော ယောဂီသည် လက္ခဏာ ငါးပါးတို့ကို မြင်သကဲ့သို့ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၏လည်း ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော ယောဂီသည် လည်း လက္ခဏာ ငါးပါးတို့ကို မြင်၏၊ အထူးကား— ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော ယောဂီသည် ဖဿ အရာ၌ "နာမရူပသမုဒယာ နာမရူပနိရောဓာ" "နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဉ် ဖြစ်၏၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် ဝိညာဉ် ချုပ်၏" ဟူ၍ မြင်၏ သိ၏။

http://www.dhammadownload.com



ဤသို့ ပြဆိုပြီးသော နည်းဖြင့် ခန္ဓာ တပါးပါး၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုသဖြင့် ဆယ်ပါးစီ ဆယ်ပါးစီတို့ကို ပြု၍ အကြင် ငါးဆယ်သော လက္ခဏာတို့ကို ဟောတော်မူအပ်ကုန်၏၊ ထို လက္ခဏာ ငါးဆယ်တို့၏ အစွမ်းဖြင့် ပြဆိုခဲ့ပြီးသော ဤနည်းဖြင့် ရှေးဘဝ၌ အဝိဇ္ဇာတို့၏ ဖြစ်ပြီးခြင်းကြောင့်လည်း, ရှေးဘဝ၌ တဏှာ၏ ဖြစ်ပြီးခြင်းကြောင့်လည်း, ရှေးဘဝ၌ ကံ၏ ဖြစ်ပြီးခြင်း ကြောင့်လည်း, ကဗဠီကာရာဟာရ၏ ထင်ရှား ရှိခြင်းကြောင့် လည်း ရုပ်၏ ဖြစ်သင့်ခြင်းသည် ဖြစ်၏။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် သာလျှင် အဝိဇ္ဇာ၏ တဖန် မဖြစ်သော ချုပ်ခြင်းကြောင့်လည်း, တဏှာ၏ ချုပ်ခြင်းကြောင့် လည်း, ကံ၏ ချုပ်ခြင်းကြောင့်လည်း, ပစ္စုပ္ပန် အကြောင်း ဖြစ်သော ကဗဠီကာရာဟာရ၏ မရှိခြင်းကြောင့်လည်း ရုပ်၏ မဖြစ် ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း ပစ္စယအားဖြင့်လည်း အကျယ်အားဖြင့် နှလုံးသွင်းခြင်းကို ပြု၏။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သန္တတိ လက္ခဏာကို ရှုသည် ဖြစ်၍လည်း စတုသမုဋ္ဌာန် ရုပ်သည် ဖြစ်ပေ၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် သာလျှင် ဖောက်ပြန် ပျက်စီးခြင်း ဝိပရိဏာမ လက္ခဏာကို ရှုသည် ဖြစ်၍ လည်း စတုသမုဋ္ဌာန် ရုပ်သည် ချုပ်၏၊ ဤသို့ ခဏအားဖြင့်လည်း အကျယ်တဝင့် နှလုံးသွင်းခြင်းကို ပြု၏။

ဤသို့ နှလုံးသွင်းသော ထို ယောဂီအား ဤသို့ ဤ ရုပ် တရား တို့သည် ရှေးက မရှိမူ၍ ယခုမှ ဖြစ်ကုန်သတတ်၊ ဖြစ်ပြီးလျှင် အရှည် မတည် ချုပ်ပျက် ပျောက်ကင်းကုန်သတတ်၊ ဤသို့ ဉာဏ်သည် အထူးသဖြင့် သန့်ရှင်း စင်ကြယ်၏၊ ဤသို့ အကြောင်း ပစ္စယအားဖြင့်၎င်း, ခဏအားဖြင့်၎င်း နှစ်ပါးသော အပြားဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော ထို ယောဂီအား "သစ္စာ အပြား, ပဋိစ္စသမုပ္ပါဒ် အပြား, ဧကတ္တ စသော နည်းအပြား, အနိစ္စတာ စသော လက္ခဏာ အပြား" တို့သည် လက်ဝယ် တင်ထား ပတ္တမြားသို့ အလွန် ထင်ရှားကုန်၏။

http://www.dhammadownload.com



"သစ္စာ" အပြား စသည်တို့၏ ထင်ရှားပုံကို အကျယ် ဆိုအံ့— ထို ယောဂီသည် ရှေးဘ၀၌ အဝိဇ္ဇာ စသည်တို့၏ ဖြစ်ပြီးခြင်းကြောင့် ခန္ဓာတို့၏ ဖြစ်သင့်ခြင်းကိုလည်း, အဝိဇ္ဇာ စသည်တို့၏ တဖန် မဖြစ်ခြင်း ချုပ်ခြင်းကြောင့် ခန္ဓာတို့၏ တဖန် မဖြစ်ခြင်း ချုပ်ခြင်းကိုလည်း, အကြင် ရှု၏၊ ဤ ရှုခြင်းသည် ထို ယောဂီ၏ အကြောင်းအားဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော ဥဒယဗ္ဗယ ဒဿန မည်၏၊ ထိုမှတပါး နိဗ္ဗတ္တိ လက္ခဏာ, ဝိပရိဏာမ လက္ခဏာတို့ကို ရှုသော ယောဂီသည် ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှု၏၊ ဤ ရှုခြင်းသည် ထို ယောဂီ၏ ခဏအားဖြင့် ရှုသော ဥဒယဗ္ဗယ ဒဿန မည်၏။

သင့်စွ—ဥပ္ပါဒ ခဏ၌ သာလျှင် နိဗ္ဗတ္တိလက္ခဏာသည် ဖြစ်၏၊ ဘင်္ဂက္ခဏ၌ သာလျှင် ဝိပရိဏာမလက္ခဏာသည်လည်း ဖြစ်၏၊ ထို့ကြောင့် ထို နိဗ္ဗတ္တိလက္ခဏာ, ဝိပရိဏာမလက္ခဏာ တို့ကို ရှုသော ယောဂီသည် ခဏအားဖြင့် ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုသည် မည်၏၊ ထိုသို့ "အဝိဇ္ဇာဒိသမုဒယာ" စသည် ကား "ပစ္စယ" အားဖြင့် ခန္ဓာတို့၏ ဥဒယဗ္ဗယကို ရှုခြင်း, "နိဗ္ဗတ္တိ လက္ခဏာ" စသည်ကား "ခဏ" အားဖြင့် ခန္ဓာတို့၏ ဥဒယဗ္ဗယကို ရှုခြင်း မည်သည်၏ အဖြစ်ကြောင့် ဤသို့ ပြဆိုပြီး သော အပြားအားဖြင့် အကြောင်း ပစ္စယအားဖြင့်လည်း, ခဏ အားဖြင့်လည်း နှစ်ပါးသော အဘို့ဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော ထို ယောဂီအား အကြောင်း ပစ္စယဖြင့် အဖြစ် ဥဒယကို ရှုခြင်းကြောင့် ခန္ဓာတို့ကို ဖြစ်စေတတ်သော အဝိဇ္ဇာ စသော ပစ္စည်းကို ထိုးထွင်း၍ သိသောကြောင့် သမုဒယသစ္စာသည် ထင်ရှား၏။

ခဏအားဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို ရှုခြင်းကြောင့် ဇာတိဟူ ဆိုအပ်သော ဝဋ္ဋဒုက္ခကို သိသောကြောင့် ဒုက္ခသစ္စာသည် ထင်ရှား၏၊ ဥပမာကား—အစိတ် အပိုင်း တစွန်း တစကို မြင်သဖြင့် တောင်, သမုဒ္ဒရာ စသည်တို့ကို မြင်သော သူတို့အား အပေါင်း ဖြစ်သော တောင်, သမုဒ္ဒရာ၏

http://www.dhammadownload.com



ထင်ရှားခြင်းကဲ့သို့တည်း၊ အကြောင်း ပစ္စယအားဖြင့် အပျက် ဝယကို မြင်ခြင်းကြောင့် နိရောဓ သစ္စာသည် ထင်ရှား၏၊ အဘယ့် ကြောင့်နည်း—ပစ္စည်း တရားတို့၏ မဖြစ်ခြင်းဖြင့် အကြောင်း ပစ္စည်း ရှိကုန်သော အကျိုး တရားတို့၏၊ ဝါ—ပစ္စည်းကြောင့် ဖြစ်ကုန်သော အကျိုး တရားတို့၏ တဖန် မဖြစ်ခြင်းကို သိခြင်း ကြောင့်တည်း၊ ခဏအားဖြင့် အပျက် ဝယကို မြင်ခြင်းကြောင့် မရဏဟု ဆိုအပ်သော ဝဋ္ဋဒုက္ခကို သိသောကြောင့် ဒုက္ခ သစ္စာသည် သာလျှင် ထင်ရှား၏။

ထို ယောဂီ၏ ပစ္စယအားဖြင့်၎င်း, ခဏအားဖြင့်၎င်း အကြင် ဥဒယဗ္ဗယတို့ကို မြင်ခြင်းသည် ရှိ၏၊ ထို ဥဒယဗ္ဗယတို့ကို မြင်ခြင်း၌ မတွေ မဝေ ထင်ရှားသော အသမ္မောဟ ပညာသည်၊ ဝါ—ထို အသမ္မောဟ ပြဋ္ဌာန်းသော ဝိတက် စသော တရား အစုသည် ရှိ၏၊ ဤ အသမ္မောဟ ပြဋ္ဌာန်းသော ဝိတက် စသော တရား အစုသည် နိဗ္ဗာန် ရောက်အောင် ဆောင်နှင်းတတ်သော နိယျာန အား လျော်သည်၏ အဖြစ်ကြောင့် လောကီ ဖြစ်သော မဂ်သည် သာလျှင် ဖြစ်၏၊ ထို့ကြောင့် မဂ္ဂ သစ္စာသည် ထင်ရှား၏၊ အဘယ်ကြောင့်နည်း—သဘာဝ ဓမ္မကို ထိုးထွင်း၍ သိသည်၏ အဖြစ်ကြောင့်တည်း၊ ထို ဥဒယဗ္ဗယ၌ သမ္မောဟကို တဒင်္ဂအားဖြင့် သတ်တတ် ပယ်တတ်သည်၏ အဖြစ်ကြောင့်တည်း။

ထို့မှတပါး အကြောင်း ပစ္စယအားဖြင့် ထို ယောဂီ၏ အဖြစ် ဥဒယကို မြင်ခြင်းကြောင့် ဝဋ္ဋတရား၌ ဖြစ်ခြင်းအား လျော်သော အနုလုံ ဖြစ်သော "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသော ပဋိစ္စ သမုပ္ပါဒ်သည် ထင်ရှား ဖြစ်၏၊ အဘယ့်ကြောင့်နည်း "ဤ အဝိဇ္ဇာ စသော အကြောင်း တရားသည် ရှိသော် ဤ သင်္ခါရ စသော အကျိုးတရားသည် ဖြစ်၏ဟု ဤသို့ ထိုးထွင်း၍ သိခြင်းကြောင့် ထင်ရှား၏၊ အကြောင်း ပစ္စယအားဖြင့် အပျက် ဝယကို မြင်ခြင်း ကြောင့် ဝဋ္ဋဖြစ်ခြင်းအား မလျော်သော ပဋိလုံ ဖြစ်သော "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" အစ ရှိသော ပဋိစ္စသမုပ္ပါဒ်သည် ထင်ရှား ဖြစ်၏။

http://www.dhammadownload.com



အဘယ်ကြောင့်နည်း—ဤ အဝိဇ္ဇာ စသော အကြောင်း တရား၏ တဖန် မဖြစ်ခြင်း ချုပ်ခြင်းကြောင့် ဤ သင်္ခါရ စသော အကျိုး တရားသည် တဖန် မဖြစ်သောအားဖြင့် ချုပ်၏၊ ဤသို့ ထိုးထွင်း၍ သိခြင်းကြောင့် ထင်ရှား၏၊ ထိုမှ တပါး ခဏအားဖြင့် အဖြစ် အပျက် ဥဒယဗ္ဗယကို ရှုကြည့် မြင်သိခြင်းကြောင့် ဇာတိ စသော အကြောင်း တရားကို စွဲ၍ ဖြစ်ကုန်သော ဇရာ မရဏ စသော ပဋိစ္စသမုပ္ပန္န အကျိုး တရားတို့သည် ထင်ရှား ဖြစ်ကုန်၏။

အဘယ်ကြောင့်နည်း—သင်္ခတ လက္ခဏာကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ ဖြစ်ခြင်း ပျက်ခြင်း ရှိသော တရားတို့သည် သင်္ခတ တရားတို့ ဖြစ်ကုန်၏၊ ထို သင်္ခတတို့သည်လည်း "ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ" စသည်ဖြင့် ဘုရား ဟောတော်မူသောကြောင့် ပဋိစ္စသမုပ္ပန္န တရားတို့ပင် ဖြစ်ကုန်၏၊ ထို့ကြောင့် ဥဒယဗ္ဗယကို မြင်သဖြင့် ပဋိစ္စသမုပ္ပန္န တရားတို့သည် ထင်ရှား ဖြစ်ကုန်၏။

ထိုမှတပါး ဧကတ္တ နည်းကား—ထို ယောဂီအား အကြောင်း ပစ္စယအားဖြင့် ဥဒယကို ရှုခြင်းကြောင့် ဧကတ္တ နည်းသည် ထင်ရှား ဖြစ်၏၊ အဘယ်ကြောင့်နည်း—အကြောင်းနှင့် အကျိုး စပ်သဖြင့် သန္တာန်၏ အစဉ် အဆက် မပျက်သည်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ ထို့ကြောင့် ထင်ရှား၏၊ ထိုသို့ သန္တာန်၏ အစဉ် အဆက် မပျက်သည်ကို သိလတ်သော် ဥစ္ဆေဒဒိဋ္ဌိကို ကောင်းစွာ သာလျှင် စွန့်ပစ် ပယ်ခွါ၏၊ ခဏအားဖြင့် ဥဒယကို ရှုခြင်းကြောင့် နာနတ္တနည်းသည် ထင်ရှား ဖြစ်၏၊ အဘယ့် ကြောင့်နည်း—အသစ် အသစ်သော သင်္ခါရတို့၏ ဥပါဒ် ခဏကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ ထိုသို့ အသစ် အသစ်သော သင်္ခါရတို့၏ ဥပါဒ် ခဏကို သိလတ်သော် သဿတဒိဋ္ဌိကို ကောင်းစွာ သာလျှင် စွန့်ပစ် ပယ်ခွါ၏။

ထိုမှတပါး အဗျာပါရနည်းကား—ထို ယောဂီအား အကြောင်း ပစ္စယအားဖြင့် ဥဒယဗ္ဗယကို မြင်သဖြင့် အဗျာပါရ နည်းသည် ထင်ရှား ဖြစ်၏၊ အဘယ့်ကြောင့်နည်း—ပရမတ္ထ

http://www.dhammadownload.com



တရားတို့၏ အလိုသို့ မလိုက်တတ်သည်၏ အဖြစ်ကို သိတတ်သောကြောင့် ပရမတ္ထအားဖြင့် အတ္တ ရှိ၏ဟု စွဲလမ်းသော အတ္တဒိဋ္ဌိကို ကောင်းစွာ စွန့်ပစ် ပယ်ခွါ၏။

ထိုမှတပါး ဓမ္မဓာတုနည်းသည် ထင်ရှား၏၊ အဘယ့်ကြောင့်နည်း—ပစ္စည်းအား လျော်သဖြင့် ဖဿ၏ ဥပါဒ်ခဏကို ထိုးထွင်း၍ သိသောကြောင့်တည်း၊ ထိုသို့ ပစ္စည်းအား လျော်သဖြင့် ဖဿ၏ ဥပါဒ် ခဏကို သိသည် ရှိသော် ကောင်းစွာ သာလျှင် အကိရိယဒိဋ္ဌိကို စွန့်ပစ် ပယ်ခွါနိုင်၏။

ထိုမှတပါး အနတ္တ လက္ခဏာ နည်းကား—ထို ယောဂီအား အကြောင်း ပစ္စယအားဖြင့် ဥဒယကို မြင်ခြင်းကြောင့် အနတ္တ လက္ခဏာသည် ထင်ရှား ဖြစ်၏၊ အဘယ့်ကြောင့်နည်း—ပရမတ္ထ သဘာဝ ဓမ္မတို့၏ အားထုတ်ခြင်း ကြောင့်ကြ များပါရ ကင်းသည်၏ အဖြစ်, အကြောင်း ပစ္စယနှင့် စပ်၍ ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ ခဏအားဖြင့် ဥဒယဗ္ဗယကို မြင်ခြင်းကြောင့် သင်္ခါရတို့၏ အဖြစ် အပျက်အားဖြင့် ပိုင်းခြားအပ်သော အဖြစ်၏ သိအပ်သည်၏ အဖြစ်ကြောင့် အနိစ္စ လက္ခဏာသည် ထင်ရှား ဖြစ်၏။

အဘယ်ကြောင့်နည်း—ရှေးက မရှိ, ယခုမှ ဖြစ်၍ အရှည် မတည်, ရုတ်တရက် ပျက်စီးခြင်းကို ထိုးထွင်း၍ သိသောကြောင့်ငင်း, ရှေးအဘို့ နောက်အဘို့၌ ဆိတ်သည်၏ အဖြစ်ကို ထိုးထွင်း၍ သိသောကြောင့်ငင်းတည်း၊ ဖြစ်ခြင်း ပျက်ခြင်းကို မြင်သဖြင့် ဒုက္ခလက္ခဏာသည်လည်း ထင်ရှား ဖြစ်၏၊ အဘယ့်ကြောင့်နည်း—ဖြစ်ခြင်း ပျက်ခြင်း သဘော တရားတို့သည် အဖန် တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။

ဥဒယဗ္ဗယကို ပထဝီ ဖဿ စသည်တို့၏ ကက္ခဠ ဖုသန စသော သဘာဝ လက္ခဏာသည်လည်း ထင်ရှား ဖြစ်၏၊ အဘယ့်ကြောင့်နည်း—ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သည်၏

http://www.dhammadownload.com



အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ ထို ပထဝီ ဖဿ စသော တရားတို့၏ ကက္ခဠ ဖုသန စသော သဘာဝ လက္ခဏာ သည် ထင်ရှား ဖြစ်လတ်သော် ဥပါဒ် အစရှိသော သင်္ခတ လက္ခဏာ၏ ခဏ တပါး၌ မတည်ခြင်းကြောင့် ဥပ္ပါဒက္ခဏ စသော တိုသော ကာလ ရှိသည်၏ အဖြစ်သည်လည်း ထင်ရှား ဖြစ်၏၊ အဘယ့်ကြောင့်နည်း—ဖြစ်သော ဥပါဒ် ခဏ၌ ပျက်ခြင်း ဘင်ခဏ၏ မရှိသည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်ရင်း, ပျက်ဆဲ ဝယက္ခဏ ဘင်ခဏ၌လည်း ဖြစ်ခြင်း ဥပါဒ် ခဏ၏ မရှိသည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်ရင်းတည်း။

သစ္စာ အပြား, ပဋိစ္စ သမုပ္ပါဒ် အပြား စသည်ဖြင့်
ထင်ရှား ဖြစ်ပုံ တခန်း ပြီး၏။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ထင်ရှားသည် ဖြစ်၍ ဖြစ်သော "သစ္စာ အပြား, ပဋိစ္စ သမုပ္ပါဒ် အပြား, ဧကတ္တ စသော နည်း အပြား, အနိစ္စတာ စသော လက္ခဏာ အပြား" ရှိသော ဤ သင်္ခါရ တရားတို့သည် ရှေး၌ မဖြစ်ဘူး ကုန်သည် ဖြစ်၍ ယခုမှ အသစ် ဖြစ်ကုန်သတတ်၊ ဖြစ်ကုန်ပြီးသော သင်္ခါရ တရားတို့သည် အရှည် မတည်, ရုတ်တရက် ချက်ခြင်း ချုပ်ငြိမ်း ပျောက်ပျက် ကုန်သတတ်၊ ဤသို့ အမြဲ အသစ်တို့သည် သာလျှင် ဖြစ်၍ သင်္ခါရတို့သည် ထို ယောဂီအား ထင်ကုန်၏၊ စင်စစ်သော်ကား အမြဲ အသစ်တို့သည် သာလျှင် မဟုတ်ကုန်သေး၊ နေ ထွက်သော အခါ၌ ဆီးနှင်းပေါက် သွေ့ခြောက် သကဲ့သို့ရင်း, ရေ၌ ရေပွက် ကဲ့သို့ရင်း, ရေ၌ သားသော အရေး ကဲ့သို့ရင်း, ပွတ်ဆောက်ဖျား၌ တင်ထားသော မုံညင်းစေ့ ကဲ့သို့ရင်း, လျှပ်စစ် ပြက်သကဲ့သို့ရင်း တိုစွာသော ကာလမျှသာ တည်ခြင်း ရှိကုန်၏ ဟူ၍လည်း ထင်ကုန်၏။

စင်စစ် အမြဲ အသစ်တို့သည် သာလျှင် မဟုတ်သေး၊ တိုစွာသော ကာလမျှသာ တည်ခြင်း ရှိကုန်သည် မဟုတ်သေး၊

http://www.dhammadownload.com



မျက်လှည့်, တံလျှပ်, အိပ်မက်, ပတ်ပတ် လှည့်သော မီးစက်, ဂန္ဓဗ္ဗနတ်တို့၏ မြို့ထူး ကစားချင်သော အလိုဖြင့် မြို့ကဲ့သို့ ကောင်းကင်၌ ထင်စေအပ်သော နတ်မြို့, ရေမြှုပ်စိုင်, ငှက်ပျော တုံး အစရှိသည်တို့ ကဲ့သို့ အနှစ် ကင်းကုန်သည် ဖြစ်၍ အနှစ် မဲ့ကုန်၏၊ ဤသို့လည်း ထင်ကုန်၏။

ဤသို့လျှင် "ဇာတံ ရူပံ ပစ္စုပ္ပန္နံ" အစ ရှိသော ပါဠိတော်နည်းကို အစဉ် မှီးသဖြင့်၎င်း, "ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ" အစရှိသော ပါဠိတော် နည်းကို အစဉ် မှီးသဖြင့်၎င်း ဤမျှ အတိုင်း အရှည် ရှိသော "ဥဒယဗ္ဗယ ပဋိဝေဓ" တိုင်အောင်သော ဘာဝနာ အစီ အရင်ဖြင့် ထို ယောဂီသည် ပျက်ခြင်း သဘော ရှိသည် ဖြစ်၍ သာလျှင် ဖြစ်၏၊ ဖြစ်ပြီး၍လည်း မိမိ၏ သဘော ဓမ္မတာအားဖြင့် ပျက်ခြင်းသို့ ရောက်၏၊ ဤသို့ ပြဆိုပြီးသော အပြား ရှိသော ဥဒယကို၎င်း, ဝယကို၎င်း မျက်မှောက် ပြုသော အခြင်း အရာအားဖြင့် အမျှ ငါးဆယ်သော လက္ခဏာတို့ကို ထိုးထွင်း၍ တည်သော ဥဒယဗ္ဗယာနုပဿနာ မည်သော လက်ဦးစွာသော နုသော တရုဏဝိပဿနာ ဉာဏ်ကို ရခြင်းကြောင့် အားထုတ်အပ်သော ဝိပဿနာ ရှိသော အာရဒ္ဓ- ဝိပဿက ယောဂီဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဥဒယဗ္ဗယာနုပဿနာမည်သော တရုဏဝိပဿနာဉာဏ် ပြီး၏။

## ဝိပဿနုပက္ကိလေသ တရား ဆယ်ပါး

ထို့နောင်မှ ဥဒယဗ္ဗယာနုပဿနာဟု ဆိုအပ်သော ဤ တရုဏ ဝိပဿနာ ဉာဏ်၏ အစွမ်းဖြင့် ဘင်္ဂါနုပဿနာ စသည်ဟု ဆိုအပ် သော တရုဏဝိပဿနာ ဉာဏ်၏ အစွမ်းဖြင့် မဟုတ်သေး, နိဗ္ဗိဒါနုပဿနာ စသည်ဟု ဆိုအပ်သော အားကြီးသော ဗလဝ ဝိပဿနာ၏ အစွမ်းဖြင့် မဟုတ်သေး, ဝိပဿနာကို ပြင်းထန်စွာ အားထုတ်ရလွှ ရှိသော အာရဒ္ဓဝိပဿကယောဂီအား သာလျှင်

http://www.dhammadownload.com



ဝိပဿနာကို ညစ်ညူးစေတတ်သော ဝိပဿနုပက္ကိလေသ တရားဆယ်ပါးတို့သည် ဖြစ်ကုန်၏။

ဝိပဿနုပက္ကိလေသ တရားတို့သည်ကား မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီးသော အရိယာ သာဝကအားရှင်း, သီလ ဝိပတ္တိ စသော တစုံတခုကြောင့် အကျင့် ပျက်သော ပုဂ္ဂိုလ်အားရှင်း, ဝိပဿနာကို အားထုတ်နေလျက် အကြား၌ တွန့်၍ ကမ္မဋ္ဌာန်းကို ပယ်စွန့်ချထားအပ်သော ပုဂ္ဂိုလ်အားရှင်း, သီလသမ္ပန္န ဖြစ်လျက် ပျင်းရိသဖြင့် ဘာဝနာကို အားမထုတ်သော ပုဂ္ဂိုလ်အားရှင်း မဖြစ်ကုန်၊ အကျင့်မြတ်နှင့် ပြည့်စုံသော ကောင်းသော ရှေ့လုံ့လ နောက်လုံ့လ စပ်၍ ဉာဏဘာဝနာကို မပြတ် အားထုတ်သော အားထုတ်အပ်သော ဝိပဿနာ ရှိသော အာစာရ ကုလပုတ္တ အမျိုးကောင်းသားအား ဖြစ်ကုန်သည်သာတည်း၊ ထို ဥပက္ကိလေသ တရားဆယ်ပါးတို့သည် အဘယ်နည်း—

## ဥပက္ကိလေသ ဆယ်ပါး

၁။ ဩဘာသ၊
၂။ ဉာဏ်၊
၃။ ပီတိ၊
၄။ ပဿဒ္ဓိ၊
၅။ သုခ၊
၆။ အဓိမောက္ခ၊
၇။ ပဂ္ဂဟာ၊
၈။ ဥပဋ္ဌာန၊
၉။ ဥပေက္ခာ၊
၁၀။ နိကန္တိ၊

ဤ ဆယ်ပါးတို့တည်း၊ သင့်စွ—

"ကထံ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသံ ဟောတိ၊ အနိစ္စတော မနသိကရောတော ဩဘာသော ဥပ္ပဇ္ဇတိ၊ ဩဘာသော ဓမ္မောတိ ဩဘာသံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ ဒုက္ခတော, အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ တထာ အနိစ္စတော မနသိကရောတော ဉာဏံ ဥပ္ပဇ္ဇတိ၊ ပီတိ····။

http://www.dhammadownload.com



ပဿဒ္ဓိ….။ သုခံ….။ အဓိမောက္ခော….။ ပဂ္ဂဟော….။ ဥပဋ္ဌာနံ…။ ဥပေက္ခာ…။ နိကန္တိ ဥပ္ပဇ္ဇတိ၊ နိကန္တိဓမ္မောတိ နိကန္တိံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ ဒုက္ခတော, အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတီတိ။"

ဟူသော ထို စကားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

ပါဠိတော် မြန်မာပြန်—

"အဘယ်သို့သော အခြင်းအရာ အားဖြင့် ဩဘာသ စသည်တို့၌ အရိယဓမ္မဟု ဖြစ်သော ဥဒ္ဓစ္စသည် ဝိပဿနာ ခရီးမှ ဖဲသဖြင့် ဖောက်ပြန်သည် ဖြစ်၍ ယူသော စိတ်သည် ဖြစ်သနည်း၊ အနိစ္စ, အနိစ္စဟု နှလုံး သွင်းသော ယောဂီ အား ဝိပဿနာ၏ အာနုဘော်ကြောင့် ဖြစ်သော အရောင် အလင်းသည် ဖြစ်၏၊ ဤသို့သော အရောင် အလင်းကို လွှတ်သော တရားသည် "ငါ လိုချင် တောင့်တသော အရိယမဂ်ဖိုလ် တရားတည်း"ဟု ဤသို့ ဝိပဿနာ၏ အာနုဘော်ကြောင့် ဖြစ်သော အရောင် အလင်းကို မဂ်ဟူ၍ ၎င်း, ဖိုလ်ဟူ၍၎င်း, နိဗ္ဗာန်ဟူ၍၎င်း နှလုံးသွင်း၏၊ ထို ဝိပဿနာ အရောင် အလင်းကြောင့် အကြင် ပျံ့လွင့်ခြင်း သည် ဖြစ်၏၊ ထို ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စ မည်၏၊ ထို ဝိပဿနာ အရောင် အလင်း ဖြစ်သော ဥဒ္ဓစ္စသည် ဝိပဿနာ ခရီးမှ ဖဲသဖြင့် ဖောက်ပြန်သည် ဖြစ်၍ ယူအပ် သော စိတ်ရှိသော ယောဂီသည် အနိစ္စအားဖြင့် ရှေးရှု ထင်သော အာရုံကို မဖောက် မပြန် ဟုတ်မှန်သော သဘောဖြင့် အသေ အချာ မသိ၊ အဘယ့်ကြောင့်နည်း ဟူမူ—"မဂ်သို့ ရောက်သည် ငါဖြစ်ပြီ"ဟူသော အမှတ် သညာဖြင့် အနိစ္စတာ စသည်တို့၏ အစွမ်းအားဖြင့်

http://www.dhammadownload.com



နှလုံးသွင်းမှု မရှိခြင်းကြောင့်တည်း၊ ဒုက္ခ ဟူ၍, အနတ္တ ဟူ၍ ရှုရ ထင်သော အာရုံကို မဖောက် မပြန် ဟုတ်မှန်သော သဘောအတိုင်း အသေအချာ မသိ။

ထိုမှတပါး အနိစ္စ, အနိစ္စဟု နှလုံးသွင်းသော ယောဂီအား အလွန် သန့်ရှင်း စင်ကြယ်သော ဉာဏ်သည် ဖြစ်၏၊ အလွန် သန့်ရှင်း စင်ကြယ်သော ၌ ဉာဏ်သည် "ငါ လိုချင် တောင့်တသော အရိယ မဂ်ဖိုလ် တရားတည်း"ဟု ဉာဏ်ကို မဂ်ဟူ၍ငင်း, ဖိုလ်ဟူ၍ငင်း, နိဗ္ဗာန် ဟူ၍ငင်း နှလုံးသွင်း၏၊ ထို ဉာဏ် ဟူသော အကြောင်းကြောင့် အကြင် ပျံ့လွင့်ခြင်းသည် ဖြစ်၏၊ ထို ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စ မည်၏၊ ထို ဉာဏ်ကြောင့် ဖြစ်သော ဥဒ္ဓစ္စသည် ဝိပဿနာ ခရီးမှ ဖဲသဖြင့် ဖောက်ပြန်သည် ဖြစ်၍ ယူအပ်သော စိတ်ရှိသော ယောဂီသည် အနိစ္စဟု ရှုရ ထင်သော အာရုံကို မဖောက် မပြန် ဟုတ်မှန်သော သဘော အလျောက် သေသေ ချာချာ မသိ၊ ဒုက္ခ ဟူ၍....အနတ္တ ဟူ၍ ရှုရ ထင်သော အာရုံကို အကြင် အကြင် မဖောက် မပြန် ဟုတ်မှန်သော သဘောဖြင့် သေသေ ချာချာ မသိ။

ထိုမှတပါး အနိစ္စ, အနိစ္စဟု နှလုံးသွင်းသော ယောဂီအား ငါးပါး အပြားရှိသော ပီတိသည် ဖြစ်၏....။ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည် ဖြစ်၏....။ အလွန် မွန်မြတ်သော သုခသည် ဖြစ်၏....။ စိတ် စေတသိက်တို့ကို အလွန် ကြည်စေတတ်သော အားရှိသော အဓိမောက္ခ သဒ္ဓါသည် ဖြစ်၏....။ သမ္ပယုတ် တရားကို ကောင်းစွာ ချီးမြှင့်တတ်သော ပဂ္ဂဟ မည်သော ဝီရိယသည် ဖြစ်၏....။ အာရုံသို့ ကပ်၍ မြဲစွာ တည်သော ဥပဋ္ဌာန မည်သော သတိသည် ဖြစ်၏....။ ဝိပဿနုပေက္ခာ, အာဝဇ္ဇနုပေက္ခာသည် ဖြစ်၏....။ ဩဘာသ စသည်တို့၌ ငဲ့ကွက် တပ်မက်သော သဘော သိမ်မွေ့သော နိကန္တိ မည်သော

http://www.dhammadownload.com



တဏှာသည် ဖြစ်၏၊ ထို နိကန္တိ တဏှာသည် "ငါ့ လိုချင်တောင့်တ၍ ဖြစ်သော အရိယ မဂ်ဖိုလ် တရားတည်း"ဟု နိကန္တိ တဏှာကို မဂ် ဟူ၍ငင်း, ဖိုလ်ဟူ၍ငင်း, နိဗ္ဗာန် ဟူ၍ငင်း နှလုံးသွင်း၏၊ ထို နိကန္တိ ဟူသော အကြောင်းကြောင့် အကြင် ပျံ့လွင့်ခြင်းသည် ရှိ၏၊ ထို ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စ မည်၏၊ ထို နိကန္တိကြောင့် ဖြစ်သော ဥဒ္ဓစ္စသည် ဝိပဿနာ ခရီးမှ ဖဲသဖြင့် ဖောက်ပြန်သည် ဖြစ်၍ ယူအပ်သော စိတ်ရှိသော ယောဂီသည် အနိစ္စဟု ရှေးရှု ထင်သော အာရုံကို မဖောက် မပြန် ဟုတ်မှန်သော သဘောအားဖြင့် သေသေ ချာချာ မသိ၊ ဒုက္ခ ဟူ၍, အနတ္တ ဟူ၍ ရှေးရှု ထင်သော အာရုံကို အကြင် အကြင် မဖောက် မပြန် ဟုတ်မှန်သော သဘောဖြင့် သေသေ ချာချာ မသိ။"

(၁) ထို ဩဘာသ စသော ဥပက္ကိလေသ ဆယ်ပါးတို့တွင် "ဩဘာသ" ဟူသည်ကား—ဝိပဿနာ စိတ်ကြောင့် ဖြစ်သော မိမိ သန္တာန်၌ ကျရောက်သော စိတ္တသမုဋ္ဌာန် ဖြစ်သော ပြိုးပြိုးပြက် ထွက်သော အရောင်, ဥတုသမုဋ္ဌာန် ဖြစ်သော ပြိုးပြိုးပြက် ထွက်သော အရောင်တည်း၊ ထို ဝိပဿနာ ဩဘာသသည် ဖြစ်လတ်သော် ယောဂါဝစရ ပုဂ္ဂိုလ်သည် "ငါ့အား ဤ အခါမှ ရှေး၌ ဤသို့ သဘော ရှိသော အရောင် အလင်းသည် မဖြစ်ဘူးလေစွတကား၊ မချွတ် ဧကန် မဂ်သို့ ရောက်သည် ဖြစ်ပြီ၊ ဖိုလ်သို့ ရောက်သည် ဖြစ်ပြီ"ဟု ဤသို့ မဂ် မဟုတ်သော ဩဘာသကို ပင်လျှင် မဂ် ဟူ၍ငင်း, ဖိုလ် မဟုတ်သော ဩဘာသကို ပင်လျှင် ဖိုလ် ဟူ၍ငင်း စွဲယူ၏၊ မဂ် မဟုတ်သည်ကို မဂ် ဟူ၍ငင်း, ဖိုလ် မဟုတ်သည်ကို ဖိုလ် ဟူ၍ငင်း ယူမှားသော ထို ယောဂီ၏ ဝိပဿနာ လမ်းစဉ်သည် လွဲချော်သော မည်သည် ဖြစ်၏။

ထို ယောဂီသည် မိမိ၏ ဝိပဿနာ ဟူသော မူလ ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ အရောင် အလင်းကို သာလျှင် သာယာလျက် နေ၏၊ စင်စစ်သော်ကား—ထို အရောင်သည် အချို့သော ရဟန်းအား

http://www.dhammadownload.com



ထက်ဝယ် ဖွဲ့ခွေနေရာ အရပ်မျှကို သာလျှင် ထွန်းလင်းလျက် ရှိ၏၊ အချို့သော ရဟန်းအား တိုက်ခန်းကို ထွန်းလင်း တောက်ပစေလျက် ဖြစ်၏၊ အချို့သော ရဟန်းအား တိုက်ခန်း ပြင်ပကိုလည်း ထွန်းလင်း တောက်ပစေလျက် ဖြစ်၏၊ အချို့သော ရဟန်းအား ကျောင်းတိုက် တတိုက်လုံးကို ထွန်းလင်း တောက်ပစေလျက် ဖြစ်၏၊ အချို့သော ရဟန်းအား တဂါဝုတ်ကို, ယူဇနာ ဝက်ကို, တယူဇနာ, နှစ်ယူဇနာ, သုံးယူဇနာကို·······(လ)·······အချို့သော ရဟန်းအား မြေအပြင်မှ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် တခဲနက် အလင်းကို ပြုလျက် ဖြစ်၏၊ အထူးကား—မြတ်စွာဘုရား၏ အရောင်အလင်းသည်ကား စကြဝဠာ တသောင်းသော လောကဓာတ်ကို တပြိုင်နက် ထွန်းလင်း တောက်ပစေလျက် ထင်ရှား ဖြစ်၏။

ဩဘာသ ထူးပုံသာဓက—

ဆက်၍ ဆိုအံ့—ဤသို့ ထို ဩဘာသ၏ နည်းသည်၏ အဖြစ်, ကြီးပြန့်သည်၏ အဖြစ်, မတူ ထူးခြား ကွဲပြားသည်၏ အဖြစ်၌ ဤ ဆိုလတ့ံသည်ကား—သိခြင်း၏ အကြောင်း ဝတ္ထုတည်း၊ အဆင့်စကား ကြားရဘူးသည်ကား—**စိတ္တလ တောင်**၌ အထွဋ်နှစ်ခု ရှိသော ကျောင်း၏ အတွင်း၌ **မထေရ်နှစ်ပါး**တို့သည် သီတင်းသုံး နေကြကုန်၏၊ ထို နေ့သည်လည်း လဆုတ် ပက္ခ လကွယ် ဥပုသ်နေ့ ဖြစ်၏၊ အရပ် မျက်နှာတို့သည် မိုဃ်းတိမ်လွှာ ဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ ဝါ—တမိုးလုံး တိမ်ဖုံးနေ၏၊ ညဉ့် အခါ၌လည်း အင်္ဂါ လေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်ကြီး ဖြစ်၏၊ ထိုအခါ မထေရ် တပါးက "အရှင်ဘုရား—အကျွန်ုပ်အား ယခု အခါဝယ် စေတီယင်ပြင် မြတ်သော နေရာ၌ အဆင်း ငါးပါး ရှိသော ပန်းတို့သည် ထင်မြင်ကုန်၏"ဟု လျှောက်၏၊ မထေရ်ကြီးက "အို ငါ့ရှင်—အံ့ဩလောက်စရာ မဟုတ်သည်ကို ဆိုဘိ၏၊ ငါ့မှာမူကား ယခု အခါဝယ် မဟာသမုဒ္ဒရာ၏ ယူဇနာ ပတ်လည် အရပ်၌ ငါးလိပ်တို့ကို ထင်မြင်ကုန်၏"ဟု ဆို၏။

http://www.dhammadownload.com



ဤ ဆိုလတ္တံ့သော ဝိပဿနာ ညစ်ညူးကြောင်း ဝိပဿနုပက္ကိလေသသည် များသောအားဖြင့် သမထနှင့် တကွ ဝိပဿနာ ရသော ယောဂီအား ဖြစ်၏၊ ထို သမထနှင့် တကွ ဝိပဿနာကို ရ၍ ရနိုးခြင်း ရှိသော ယောဂီသည် သမာပတ်ဖြင့် ခွါအပ်ကုန်သော ကိလေသာတို့၏ မဥပါဒ်ခြင်းကြောင့်၊ ဝါ—ကိလေသာတို့ ဝေးကွာနေခြင်းကြောင့် "ငါ ရဟန္တာ ဖြစ်ပြီ" ဟူ၍ စိတ်ကို ဖြစ်စေ၏၊ ဝါ—ထင်မှတ်၏၊ ဥစ္စဝါလိုက် အရပ်၌ သီတင်းသုံးသော မဟာနာဂမထေရ် ကဲ့သို့၎င်း, ဟံကနက အရပ်၌ သီတင်းသုံးသော မဟာဒတ္တမထေရ် ကဲ့သို့၎င်း, စိတ္တလတောင် နိက်ဘရစဏ္ဍက မည်သော ပဓာနဃရကျောင်း၌ သီတင်းသုံးသော စူဠသုမနမထေရ် ကဲ့သို့၎င်း သိအပ်၏။

မဟာ နာဂမထေရ် ဝတ္ထု—

ထို ဝတ္ထုတို့တွင် ဤ ဆိုလတ္တံ့သည်ကား—ဗ[illegible]သော ဝတ္ထုကို ပြခြင်းတည်း၊ ကြားဘူးသည်ကား—တဦးသော ဝါလိုက်ရအရပ်၌ သီတင်းသုံးသော ဓမ္မဒိန္နမထေရ်သည် အပြားအားဖြင့် ဖြစ်သော ပဋိသမ္ဘိဒါ ရှိသော ရဟန္တာကြီး ဖြစ်၏၊ များစွာသော ရဟန်းသံဃာအား ဩဝါဒ ပေးသော ဆရာကြီး ဖြစ်၏၊ ထို ဓမ္မဒိန္နမထေရ်သည် တနေ့သော အခါ မိမိ၏ နေ့သန့်ရာ နေရာ၌ နေ၍ "အကြောင်း အဘယ်သို့နည်း—ငါတို့၏ ဆရာကြီး ဖြစ်သော ဥစ္စဝါလိုက် အရပ်၌ သီတင်းသုံးသော မဟာနာဂမထေရ်၏ ရဟန်းအဖြစ်ကို ပြုသော ကိစ္စသည် အပြီး အဆုံးသို့ ရောက်ပြီလော, အပြီးသို့မရောက်သေးသလော၊ ဝါ—ရဟန္တာ ဖြစ်ပြီလော, မဖြစ်သေးသလော"ဟု ဆင်ခြင်လတ်သည် ရှိသော် ထို ကျေးဇူးရှင် မဟာ နာဂ မထေရ်၏ ပုထုဇဉ် အဖြစ်ကို သာလျှင် မြင်၍ "ငါမသွားသည် ရှိသော် ပုထုဇဉ် အဖြစ်ဖြင့် သာလျှင် သေရရှာလတ္တံ့"ဟု ဤသို့ သိပြီးမှ တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်၍ နေ့သန့်ရာ နေရာ၌ နေသော မဟာ နာဂ မထေရ်၏ အနီး၌ သက်၍ ရှိခိုး၍ ဝတ်ကို ပြု၍ တင့်အပ်သော အရပ်၌ နေ၏။

http://www.dhammadownload.com



"အို ငါ့ရှင် ဓမ္မဒိန္န—အခါ မဟုတ်ဘဲ အဘယ့်ကြောင့် လာသနည်း"ဟု မေးလတ်သော် "အရှင်ဘုရား—ပြဿနာ မေးလို၍ လာပါ၏"ဟု လျှောက်၏၊ ထို့နောက်မှ "အို ငါ့ရှင် ဓမ္မဒိန္န—သင်မေးပင် မေးစေကာမူ ငါသိလျှင် ဖြေဆိုအံ့"ဟု အခွင့် ပြုသည်ရှိသော် ဓမ္မဒိန္န မထေရ်က ပြဿနာ တထောင်ကို မေး၏၊ မေးတိုင်း မေးတိုင်း ပြဿနာ တထောင်ကို မငြိမယှက် သွက်လက်လျင်မြန်စွာ ဖြေဆို၏၊ ထို့နောက်မှ "အရှင်ဘုရား—အရှင်ဘုရားတို့၏ ဉာဏ်တော်သည် အလွန် ထက်မြက်ပေစွတကား၊ အရှင်ဘုရားတို့သည် ဤ အရိယ မဂ်ဖြင့် လာသော ပဋိသမ္ဘိဒါ တရားကို ဘယ် အခါက ရရှိထားပေသနည်း"ဟု ပြန်လျှောက်လတ်သော် "အို ငါ့ရှင် ဓမ္မဒိန္န—ဤနေ့မှ နောက်ဆုတ် ပြန်ရေလျှင် နှစ်ပေါင်း ခြောက်ဆယ် ကာလ၌၊ဝါ—လွန်ခဲ့သော အနှစ် ခြောက်ဆယ်က ရအပ်၏"ဟု မိန့်တော်မူ၏။

"အရှင်မြတ်ဘုရား—အဘိညာဉ် သမာဓိကို သုံးဆောင်နိုင်ကုန်၏လော"ဟု မေးလျှောက်ရာ "အို ငါ့ရှင် ဓမ္မဒိန္န—ဤ အဘိညာဉ် သမာဓိကို သုံးဆောင်ခြင်းသည် ဝန်မလေးပါ၊ လွယ်ကူလှချေ၏"ဟု မိန့်တော်မူသော် "အရှင်ဘုရား—ထိုသို့ ဝန်မလေးပါမူ ဆင်ကြီး တကောင် ဖန်ဆင်းတော်မူစေချင်၏"ဟု လျှောက်၏၊ မဟာနာဂ မထေရ်သည် ငွေတောင် ကဲ့သို့ ကိုယ်လုံးဆွတ်ဆွတ် ဖြူသော ဆင်ကို ဖန်ဆင်း၏၊ "အရှင်ဘုရား—ယခု အကြင်သို့သော အခြင်း အရာအားဖြင့် ပြုသည် ရှိသော် ဤ ဆင်ဖြူသည် မတုန် မလှုပ် ငြိမ်သက်သော နားရွက် ရှိသည် ဖြစ်၍ နားရွက် မခတ်ဘဲ အမြီးထောင်လျက် နှာမောင်းကို ခံတွင်းသို့ သွင်းပြီးလျှင် ကြောက်မက်ဘွယ်သော ကြိုးကြာသံ မြည်လျက် အရှင်ဘုရားတို့၏ ရှေ့ရှု မျက်မှောက် အနီးသို့ လာရောက်၏၊ ထိုသို့သော အခြင်း အရာအားဖြင့် ထို ဆင်ဖြူကြီးကို ပြုတော်မူပါ"ဟု လျှောက်၏။

မဟာနာဂ မထေရ်သည် ထို ဓမ္မဒိန္န မထေရ် လျှောက်သည့် အတိုင်း ပြု၍ လျင်မြန်သော အဟုန်ဖြင့် လာသော ဆင်ဖြူကြီး၏

http://www.dhammadownload.com



ကြောက်မက်ဘွယ်သော အမှု အရာကို မြင်သဖြင့် ကြောက်လန့်သောကြောင့် ထ၍ ပြေးခြင်းငှါ အားထုတ်၏၊ ရဟန္တာ ဖြစ်ပြီးသော ဓမ္မဒိန္န မထေရ်သည် လက်ကို ဆန့်၍ မဟာနာဂ မထေရ်၏ သက်နှင်းစွန်းကို ကိုင်လျက် “အရှင်ဘုရား—ရဟန္တာအား ရှံ့ရှား တုန်လှုပ် ကြောက်လန့် စိုးရိမ်ခြင်း ဖြစ်ရသေးသလော”ဟု လျှောက်၏။

ထို မဟာနာဂ မထေရ်သည် ထို အခါ ကာလ ကျရောက်မှ မိမိ၏ ပုထုဇဉ် အဖြစ်ကို သိ၍ “အို ငါ့ရှင် ဓမ္မဒိန္န—သင်သည် ငါ၏ ကိုးကွယ်ရာ ဖြစ်ပါလော” ဟု ဆို၍ ခြေရင်း၌ ဆောင့်ကြောင့် ထိုင်၏၊ “အရှင်ဘုရား—အကျွန်ုပ်သည် အရှင်တို့၏ “ကိုးကွယ်ရာ ဖြစ်ပါစေတော့” ဟု နှလုံး ပြုပြီး လာခဲ့ပါ၏၊ စိုးရိမ် ကြောင့်ကြတော်မမူပါလင့်” ဟု ဆို၍ ကမ္မဋ္ဌာန်းကို ဟော၏၊ မဟာနာဂ မထေရ်သည် ကမ္မဋ္ဌာန်းကို ယူ၍ စင်္ကြံသို့ တက်၍ သုံးကြိမ်မြောက် ဘဝါးလှမ်း၌ ဖြစ်သော ဒိလ်ဟု ဆိုအပ်သော အရဟတ္တ ဖိုလ်သို့ ရောက်တော်မူ၏၊ မဟာနာဂ မထေရ်သည်ကား ဒေါသစရိုက် အားကြီးသူ ဖြစ်သတတ်၊ ဤသို့ သဘော ရှိကုန်သော ရဟန်းတို့သည် ဝိပဿနာ အရောင်အလင်း၌ တုန်လှုပ်ကုန်၏။

ဩဘာသ ပြီး၏။

---

(၂) “ဉာဏ်” ဟူသည်ကား—ဝိပဿနာ ဉာဏ်တည်း၊ ရုပ်နာမ် တရားတို့ကို နှိုင်းချိန် စုံစမ်းသော ထို ဥဒယဗ္ဗယ ဉာဏ် အပြီး အဆုံးသို့ ရောက်စေသော ယောဂီအား ပစ်လွှတ်အပ်သော သိကြားမင်း၏ ဝဇီရစိန် ကဲ့သို့ အဟုန် မပျက်သော ထက်သော တန်ခိုး ရှိသော သွေးအပ်သည် ဖြစ်၍ အလွန် ထက်သော ဉာဏ်သည် ဖြစ်သတတ်။

(၃) “ပီတိ”ဟူသည်ကား—ဝိပဿနာ စိတ်နှင့် ယှဉ်သော ပီတိတည်း၊ ထို ယောဂီအား ထို အခါ၌ ခုဒ္ဒကာပီတိ, ခဏိကာ

http://www.dhammadownload.com



ပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ ဟူ၍ ငါးပါး အပြား ရှိသော ဤပီတိသည် တကိုယ်လုံးကို ပျံ့နှံ့ ပြည့်စေလျက် ဖြစ်သတတ်။

(၄) "မဿဒ္ဓိ" ဟူသည်ကား—ဝိပဿနာ စိတ်နှင့် ယှဉ်သော ပဿဒ္ဓိတည်း၊ ထို အခါ၌ ညဉ့်သန့်ရာ နေရာ၌ဝင်း, နေ့သန့်ရာ နေရာ၌ဝင်း နေသော ထို ယောဂီအား ကိုယ်စိတ်တို့၏ ပူပန်ခြင်းသည် မဖြစ်၊ လေးလံသည်၏ အဖြစ်သည် မဖြစ်၊ ကြမ်းတန်း ခက်မာသည်၏ အဖြစ်သည် မဖြစ်၊ အမှု၌ မခံ့သည်၏ အဖြစ်သည် မဖြစ်၊ ကျင်နာသည်၏ အဖြစ်သည် မဖြစ်၊ ကောက်သည်၏ အဖြစ်သည် မဖြစ်၊ စင်စစ်သော်ကား—ထို ယောဂီ၏ ကိုယ်စိတ်တို့သည် ငြိမ်းကုန်၏, ပေါ့ကုန်၏, နူးညံ့ကုန်၏, အမှု၌ ခံ့ကုန်၏, အလွန် သန့်ရှင်း စင်ကြယ်ကုန်၏, ဖြောင့်လည်း ဖြောင့်မတ်ကုန်၏၊ ထို ယောဂီသည် ဤ ပဿဒ္ဓိ အစ ရှိသည်တို့ဖြင့် ချီးမြှောက်အပ်သော ကိုယ်စိတ် ရှိသည် ဖြစ်၍ ထို ဥဒယဗ္ဗယ ဉာဏ် ဖြစ်သော ကာလ၌ လူတို့ ခံစားခြင်းငှါ လျောက်ပတ်သော ကာမသုခရတိကို လွန်သည် ဖြစ်၍ "အမာနုသီ" မည်သော မွေ့လျော်ခြင်းကို ခံစားရ၏၊ ထို အမာနုသီရတိကို ရည်၍—

"သုညာဂါရံ ပဝိဋ္ဌဿ, သန္တစိတ္တဿ ဘိက္ခုနော၊
အမာနုသီရတိ ဟောတိ, သမ္မာ ဓမ္မံ ဝိပဿတော။
ယတော ယတော သမ္မသတိ, ခန္ဓာနံ ဥဒယဗ္ဗယံ၊
လဘတိ ပီတိ ပါမောဇ္ဇံ, အမတန္တံ ဝိဇာနတံ။"

"ဆိတ်ငြိမ်သော ကျောင်းသို့ ဝင်ပြီး၍ စိတ်၏ မငြိမ် သက်ခြင်းကို ပြုတတ်သော ကိလေသာ ကင်းသဖြင့် စိတ် အလွန် ငြိမ်သက်သော နာမ်ရုပ် တရားကို ဥဒယဗ္ဗယာ-နုပဿနာ စသည်တို့၏ အစွမ်းဖြင့် သင့်လျော်အောင် ကောင်းစွာ ရှုသော ယောဂီ ရဟန်းအား ဝိပဿနာကို အားမထုတ်သော လူတို့၏ ဘာရာ မဟုတ်သောကြောင့်

http://www.dhammadownload.com



အမာနုသီ မည်သော ဝိပဿနာနှင့် ယှဉ်သော ပီတိ သုခဟု မှတ်အပ်သော မွေ့လျော်ခြင်းသည် ဖြစ်၏။

အကြင် အကြင် ရုပ်အားဖြင့်၎င်း, နာမ်အားဖြင့်၎င်း ခန္ဓာတို့၏ အဖြစ် အပျက်ကို သုံးသပ်၏၊ ထိုထို ရုပ်နာမ် တရားကို သိမြင်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့၏ အမြိုက် နိဗ္ဗာန် အဆုံးရှိသော ပီတိ ပါမောဇ္ဇကို ဤ ရဟန်းသည် ရ၏" ဟူ၍ ဟောတော်မူအပ်ပြီ။

ဤသို့ ထို ယောဂီအား အမာနုသီ မည်သော ဤ မွေ့လျော် ခြင်းကို ပြီးစေလျက် လဟုတာ စသည်နှင့် ယှဉ်သော ပဿဒ္ဓိသည် ဖြစ်၏။

(၅) "သုခ" ဟူသည်ကား—ဝိပဿနာ စိတ်နှင့် ယှဉ်သော စေတသိက သုခတည်း၊ ထို ယောဂီအား ထို အခါ၌ တကိုယ်လုံး ပျံ့နှံ့အောင် စွတ်စိုစေလျက် အလွန် မွန်မြတ်သော ချမ်းသာသည် ဖြစ်သတတ်။

(၆) "အဓိမောက္ခ" ဟူသည်ကား—အလွန် သန့်ရှင်း ကြည်လင်သော သဒ္ဓါ တရားတည်း၊ သင့်စွ—ထို သဒ္ဓါသည် ဤ အရာ၌ ကံ၏ အကျိုးကို၎င်း, ရတနာ သုံးပါး၏ ဂုဏ်ကို၎င်း ယုံကြည်သော သဒ္ဓါ မဟုတ်၊ စင်စစ်သော်ကား ကိလေသာ ချောက်ချားခြင်း ကင်းသဖြင့် ဝိပဿနာနှင့် ယှဉ်သည် သာလျှင် ဖြစ်သော ထို ယောဂီ၏ စိတ်, စေတသိက်တို့ကို အလွန် အကဲ ကြည်လင်စေတတ်သည် ဖြစ်၍ ဖြစ်သော သန်မြန်သော အားရှိ သော သဒ္ဓါသည် ဖြစ်၏။

(၇) "ပဂ္ဂဟ" ဟူသည်ကား—ဝီရိယတည်း၊ သင့်စွ— ဝိပဿနာနှင့် ယှဉ်သည် သာလျှင် ဖြစ်သော ထို ယောဂီ၏ မလျော့ သော အား မထုတ်လွန်းသော ကောင်းစွာ ချီပင့် မြှောက်တင် တတ်သော ဝီရိယသည် ဖြစ်၏။

(၈) "ဥပဋ္ဌာန" ဟူသည်ကား—သတိတည်း၊ သင့်စွ— ဝိပဿနာနှင့် သမ္ပယုတ် သာလျှင် ဖြစ်သော ထို ယောဂီအား

http://www.dhammadownload.com



သဘာဝ ဓမ္မကို ကောင်းစွာ မှတ်သဖြင့် အာရုံ၌ မြဲစွာ ကပ်၍ ကျသော ဆန့်ကျင်ဘက် ကင်းခြင်းကြောင့် ထို ဆန့်ကျင်ဘက် တရားသည် မလှုပ် မရှားအပ်သည်၏ အဖြစ်ဖြင့် မြဲစွာ တည်သော ထို့ကြောင့် မြဲစွာ တည်သည်၏ အဖြစ်ကြောင့် သာလျှင် ကောင်းစွာ စိုက်ထားအပ်သော ကျောက်စာတိုင် ကဲ့သို့ မတုန် မလှုပ်သော မတုန် မလှုပ်သည်၏ အဖြစ်ကြောင့် သာလျှင် မြင့်မိုရ် တောင်မင်းနှင့် တူသော သတိသည် ဖြစ်၏၊ ထို ယောဂီသည် အကြင် အကြင် မိမိအား ရှေ့ရှု ထင်သော ရုပ်နာမ် ဟူသော အရာကို ဆင်ခြင်၏၊ နှလုံးသို့ ကောင်းစွာ ဆောင်၏၊ နှလုံး၌ ထား၏၊ ပညာဖြင့် ဆင်ခြင်၏၊ ထိုထို ရုပ်နာမ် ဟူသော အရာသည် ထို ယောဂီ၏ သတိအား သက်ဝင်၍ ဒိဗ္ဗစက္ခု အဘိညာဉ်အား တမလွန် လောကသည် ထင်သကဲ့သို့ ထင်၏။

(၉) "ဥပေက္ခာ" ဟူသည်ကား—သင်္ခါရတို့ကို စိစစ်ခြင်း၌ လျစ်လျူ ရှုသည်၏ အဖြစ်ဖြင့် တည်သော ဝိပဿနုပေက္ခာသည်၎င်း မနောဒွါရာဝဇ္ဇန်းနှင့် သမ္ပယုတ် ဖြစ်သော စေတနာ ဟူသော အာဝဇ္ဇနုပေက္ခာသည်၎င်းတည်း၊ သင့်စွ—ထို အခါ၌ ထို ယောဂီ၏ အလုံးစုံသော သင်္ခါရတို့၌ လျစ်လျူ ဖြစ်၍ ဖြစ်သော ဝိပဿနုပေက္ခာသည်လည်း သန်မြန်သော အားရှိသည် ဖြစ်၍ ဖြစ်၏၊မနောဒွါရ၌ အာဝဇ္ဇနုပေက္ခာသည်လည်း ဖြစ်၏၊ထိုစကား မှန်၏—ထိုထို ရုပ်နာမ် ဌာနကို ဆင်ခြင်သော ယောဂီအား ထို အာဝဇ္ဇနုပေက္ခာသည် သိကြားမင်းသည် ပစ်လွှတ်အပ်သော ဝဇိရစိန် လက်နက် ကဲ့သို့၎င်း, ဖက်ထုပ်၌ ပြေးဝင်သော မီးရဲရဲ တောက်သော စဉ်းသွား ကဲ့သို့၎င်း ရဲသည် ထက်သည် ဖြစ်၍ ဖြစ်၏။

(၁၀) "နိကန္တိ" ဟူသည်ကား—ဝိပဿနာ၌ အလိုရှိသော ငဲ့ကွက် တပ်မက်သော နိကန္တိတည်း၊ ထို စကား မှန်၏—ဩဘာသ စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ဝိပဿနာ၌ ငဲ့ကွက်ခြင်းကို ပြုလျက် သိမ်မွေ့သည်လည်း ဖြစ်သော ငြိမ်သက်သော အခြင်း အရာ ရှိသည်လည်း ဖြစ်သော နိကန္တိသည်

http://www.dhammadownload.com



ထို ယောဂီအား ဖြစ်၏၊ အကြင် နိကန္တိသည်၊ ဝါ—အကြင် နိကန္တိကို ကိလေသာ ဟူ၍ သိမ်းဆည်းခြင်းငှါ သိခြင်းငှါ မတတ်နိုင်သည် ဖြစ်၏။

ဆက်၍ ဆိုဦးအံ့—အရောင် အလင်းသည် ဖြစ်ရာဌာနကဲ့သို့ ထို့အတူ ယခင် ပြအပ်ကုန်ပြီးသော ဉာဏ် စသည်တို့တွင်လည်း တပါးပါးသည် ဖြစ်လတ်သော် ထို ယောဂီသည် "စင်စစ် ငါ့အား ဤ ယခု အခါမှ ရှေး၌ ဤသို့ သဘော ရှိသော ဉာဏ်သည် မဖြစ်ဘူးလေစွတကား၊ ဤသို့ သဘော ရှိသော ပီတိသည် မဖြစ်စဘူး၊ ဤသို့ သဘော ရှိသော ပဿဒ္ဓိသည် မဖြစ်စဘူး၊ ဤသို့ သဘော ရှိသော သုခသည် မဖြစ်စဘူး၊ ဤသို့ သဘော ရှိသော ပဂ္ဂဟသည် မဖြစ်စဘူး၊ ဤသို့ သဘော ရှိသော ဥပဋ္ဌာနသည် မဖြစ်စဘူး၊ ဤသို့ သဘော ရှိသော ဥပေက္ခာသည် မဖြစ်စဘူး၊ ဤသို့ သဘော ရှိသော နိကန္တိသည် မဖြစ်စဘူး၊ မချွတ် ဧကန် မဂ်သို့ ရောက်သည် ဖြစ်၏၊ ဖိုလ်သို့ ရောက်သည် ဖြစ်၏" ဟူ၍ ဤသို့ မဂ် မဟုတ်သည်ကို ပင်လျှင် မဂ် ဟူ၍ ယူ၏၊ ဖိုလ် မဟုတ်သည်ကို ပင်လျှင် ဖိုလ် ဟူ၍ ယူ၏၊ မဂ် မဟုတ်သည်ကို မဂ် ဟူ၍ ယူသော ဖိုလ် မဟုတ်သည်ကို ဖိုလ် ဟူ၍ ယူသော ထို ယောဂီအား အစဥ်အားဖြင့် ဖြစ်သော ဝိပဿနာသည် ရှောင်လွှဲ ဖဲကြဥ်သည် မည်၏၊ ဝါ—ဝိပဿနာ အစဥ် ခရီး လမ်း ရိုးမှ ဖဲကြဥ်သည် မည်၏၊ ထို ယောဂီသည် မိမိ၏ ဝိပဿနာ ဟူသော မူလ ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ နိကန္တိကို သာလျှင် သာယာသည် ဖြစ်၍ နေ၏။

ဥပက္ကိလေသ စကား တရပ်ပြီး၏။

---

## ဥပက္ကိလေသ ဖြစ် မဖြစ် ရှင်းလင်းချက်

ဤ ဆယ်ပါးတို့တွင် ဩဘာသ စသော ရှေ့ ကိုးပါးတို့ကိုကား မုချအားဖြင့် ဥပက္ကိလေသ ဖြစ်သော ဒိဋ္ဌိ, မာန, တဏှာတို့၏ ဖြစ်ရာ ဌာန အကြောင်း၏ အဖြစ်ကြောင့် ဥပက္ကိလေသ ဟူ၍ ဆိုအပ်ကုန်၏၊ အကုသိုလ်၏ အဖြစ်ကြောင့် ဥပက္ကိလေသ ဟူ၍

http://www.dhammadownload.com



မဆိုအပ်ကုန်၊ အထူးကား—နောက်ဆုံး နိကန္တိသည် ဥပက္ကိလေသ မည်သည်လည်း ဖြစ်၏၊ ဒိဋ္ဌိဂ္ဂါဟ စသော ဥပက္ကိလေသ၏ ဖြစ်ရာ ဌာန ဝတ္ထုသည်လည်း ဖြစ်၏၊ ဂါဟတို့ကို မသုံးသပ်မူ၍ ဂါဟတို့၏ ဝတ္ထု အဖြစ်၏ အစွမ်းဖြင့် သာလျှင် ထို ဥပက္ကိလေသတို့သည် ဆယ်ပါး ဖြစ်ကုန်၏။

ဥပက္ကိလေသ သုံးဆယ် ဖြစ်ပုံ—

ထိုမှတပါး စွဲလမ်းတတ်သော ဒိဋ္ဌိ, တဏှာ, မာနတို့၏ အစွမ်းဖြင့်၊ ဝါ—စွဲလမ်း၍ ယူမှားသော ဒိဋ္ဌိဂ္ဂါဟ, တဏှာဂ္ဂါဟ, မာနဂ္ဂါဟတို့၏ အစွမ်းဖြင့် အမျှ သုံးဆယ်တို့သည် ဖြစ်ကုန်၏၊ အဘယ်သို့ ဖြစ်ကုန်သနည်း—"ငါ၏ အရောင် အလင်းသည် ဖြစ်ပြီ" ဟု ဤသို့ ယူမှတ် မှားသော ယောဂီအား ဒိဋ္ဌိဟု စွဲလမ်းတတ်သော "ဒိဋ္ဌိဂ္ဂါဟ" တရားသည် ဖြစ်၏၊ စင်စစ် နှစ်သက် ဘွယ်များ နှလုံးကို ပွါးစေတတ်သော အရောင် အလင်းသည် ဖြစ်လတ်ပြီ" ဟု ဤသို့ ယူမှတ် မှားသော ယောဂီအား မာန ဟူသော စွဲလမ်းတတ်သော "မာနဂ္ဂါဟ" တရားသည် ဖြစ်၏၊ အရောင် အလင်းကို သာယာ စုံမက် နှစ်သက် မြတ်နိုး သော ယောဂီအား တဏှာ အစွမ်းဖြင့် စွဲလမ်းတတ်သော "တဏှာဂ္ဂါဟ" တရားသည် ဖြစ်၏၊ ဤသို့ ဩဘာသ၌ ဒိဋ္ဌိ, မာန, တဏှာ၏ အစွမ်းဖြင့် စွဲလမ်း ဖမ်းယူတတ်သော တရား သုံးပါး ဖြစ်ကုန်၏။

ဩဘာသမှ ကြွင်းသော ဉာဏ် ပီတိ စသော ကိုးပါးတို့၌လည်း ထို့အတူ ဂါဟ သုံးပါး သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဤသို့ စွဲလမ်း ဖမ်းယူတတ်သောတရား၏ အစွမ်းဖြင့် အမျှ သုံးဆယ်သော ဥပက္ကိလေသတို့သည် ဖြစ်ကုန်၏၊ ထို ဒိဋ္ဌိဂ္ဂါဟ စသည်ဟု မှတ်အပ်ကုန်သော ဥပက္ကိလေသတို့၏ အစွမ်းဖြင့် မလိမ္မာသော ဉာဏ်မလင်းသော ယောဂီသည် ဩဘာသ စသည်တို့ကြောင့် တုန်လှုပ်၏ ပျံ့လွင့်၏၊ ဩဘာသ စသည်တို့တွင် တပါး တပါးကို "ဤ တရားသည် ငါ၏ ဥစ္စာတည်း၊ ဤသည်ကား ငါ ဖြစ်၏,

http://www.dhammadownload.com



ဤသည်ကား ငါ၏ ကိုယ်တည်း” ဟု ဤသို့ အဖန် တလဲလဲ ရှု၏၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

“ဩဘာသေ စေဝ ဉာဏေ စ၊ ပီတိယာ စ ဝိကမ္ပတိ၊
ပဿဒ္ဓိယာ သုခေ စေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ။”
“အဓိမောက္ခေ စ ပဂ္ဂါဟေ၊ ဥပဋ္ဌာနေ စ ကမ္ပတိ၊
ဥပေက္ခာဝဇ္ဇနာယဉ္စ၊ ဥပေက္ခာယ နိကန္တိယာ။”

ထို ပါဠိ၏ မြန်မာပြန်—

“အကြင် ဥပက္ကိလေသတို့ဖြင့် စိတ်သည် တုန်လှုပ်၏၊ ဩဘာသကြောင့်ရင်း၊ ဝါ—ဩဘာသ၌ရင်း, ဉာဏ်ကြောင့်ရင်း၊ ဝါ—ဉာဏ်၌ရင်း, ပီတိကြောင့်ရင်း, ပီတိ၌ရင်း, ပဿဒ္ဓိကြောင့်ရင်း, ပဿဒ္ဓိ၌ရင်း၊ သုခကြောင့်ရင်း၊ ဝါ—သုခ၌ရင်း ထို ဥပက္ကိလေသတို့ဖြင့် စိတ်သည် တုန်လှုပ်၏။”

“အဓိမောက္ခကြောင့်ရင်း၊ ဝါ—အဓိမောက္ခ၌ရင်း, ပဂ္ဂဟကြောင့်ရင်း၊ ဝါ—ပဂ္ဂဟ၌ရင်း, သတိကြောင့်ရင်း၊ ဝါ—သတိ၌ရင်း, ဥပေက္ခာဝဇ္ဇနာကြောင့်ရင်း, ဝါ—ဥပေက္ခာဝဇ္ဇနာ၌ရင်း, ဝိပဿနုပေက္ခာကြောင့်ရင်း၊ ဝါ—ဝိပဿနုပေက္ခာ၌ရင်း, နိကန္တိကြောင့်ရင်း၊ ဝါ—နိကန္တိ၌ရင်း ထို ဥပက္ကိလေသတို့ဖြင့် စိတ်သည် တုန်လှုပ်၏” ဟူ၍ ဆိုတော်မူကြကုန်ပြီ။

သင့်လျော်သည်ကို ဆိုအံ့—ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ လိမ္မာသော မှည့်ရင့်သည့် ပညာ ရှိသော အာဂံ ပါဠိ၌ လိမ္မာသော ဥပက္ကိလေသတို့၌ အပြစ်, ထို ဥပက္ကိလေသတို့ကို သုတ်သင်ခြင်း၌ အကျိုးကို သိသော ဉာဏ် ပညာနှင့် ပြည့်စုံသော ယောဂီသည် ဩဘာသ စသည်တို့ ဖြစ်ကုန်လတ်သော် ကမ္မဋ္ဌာန်း ပေးသော ဆရာက ကမ္မဋ္ဌာန်း ပေးသော ကာလ၌ ဥဒယဗ္ဗယဉာဏ် ဖြစ်သော အခါ၌ “အကြင် ဩဘာသ စသည်ကို ဖြစ်တတ်၏” ဟူ၍

http://www.dhammadownload.com



မှာကြားထားအပ်၏၊ “ငါ့အား စင်စစ် ထို ငါ့ဆရာ မှာကြား လိုက်သည့် သဘော ရှိသော ပိုးပိုး ဝင်းဝင်း ထွန်းလင်း သော ဤ အရောင်သည် ဖြစ်လတ်ပြီ၊ ထို ဆရာ မှာကြား လိုက်သည့် သဘော ရှိသော ဤ ဩဘာသသည် မြသည် မဟုတ်, အကြောင်း တရားတို့သည် ပြုပြင်အပ်၏, အကြောင်း တရားကို စွဲ၍ ဖြစ်တတ်၏, ကုန်ပျောက်ခြင်း သဘော ရှိ၏, ပျက်ခြင်း သဘော ရှိ၏, ကင်းခြင်း သဘော ရှိ၏, ချုပ်ခြင်း သဘောရှိ၏”ဟူ၍ ဤသို့သော အခြင်း အရာအားဖြင့် သာလျှင် ထို ဩဘာသကို ပညာဖြင့် ပိုင်းခြား၍ အဖန် တလဲလဲ စုံစမ်း ဆင်ခြင်၏။

ထိုမှ တပါးလည်း ထိုယောဂီအား ဤဆိုလတ့်သော စိတ်သည် ဖြစ်၏၊ “ဩဘာသသည် အကယ်၍ အတ္တ ဖြစ်ငြားအံ့၊ အတ္တ ဟူ၍ မှတ်ယူခြင်းငှါ ဖြစ်ရာ၏၊ ထိုသို့ကား မဟုတ် အတ္တ မဖြစ်ပါ ဘဲလျက် ဤ ဩဘာသကို အတ္တဟု ယူအပ်၏၊ ထို့ကြောင့် ထို ဩဘာသသည် အလိုသို့ လိုက်တတ်သော သဘော မရှိသည်၏ အဖြစ်ကြောင့် အနတ္တ မည်၏၊ ရှေးက မရှိ, ယခုမှ ဖြစ်၍ အရှည် မတည်, ပျက်စီးတတ်သည်၏ အဖြစ် ဟူသော သဘော ကြောင့် အနိစ္စ မည်၏, ဖြစ်ခြင်း ပျက်ခြင်းတို့သည် အဖန် တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ဒုက္ခ မည်၏”ဟူ၍ ဤသို့သော စိတ်သည် ဖြစ်၏၊ ဩဘာသ၌ အလုံးစုံကို အရူပ သတ္တကဥ္စ ပြဆို ခဲ့ပြီးသော နည်းဖြင့် ချဲ့အပ်၏၊ ဩဘာသ၌ အကျယ် ချဲ့အပ်သကဲ့သို့ ကြွင်းသော ကိုးပါးသော ဥပက္ကိလေသတို့၌လည်း အကျယ် ချဲ့အပ်၏။

ထို ယောဂီသည် ဤသို့ စုံစမ်း ဆင်ခြင်၍ ဩဘာသကို “ဤ ဩဘာသသည် ငါ၏ ဥစ္စာ မဟုတ်, ဤ ဩဘာသသည် ငါ မဟုတ်, ဤ ဩဘာသသည် ငါ၏ အတ္တ မဟုတ်”ဟု ဤသို့ အဖန် တလဲလဲ ကောင်းစွာ ရှု၏၊ ဉာဏ်ကို....(လ)....နိကန္တိကို “ဤ နိကန္တိသည် ငါ၏ ဥစ္စာမဟုတ်, ဤ နိကန္တိသည် ငါ မဟုတ်, ဤ နိကန္တိသည် ငါ၏ အတ္တ မဟုတ်”ဟု ဤသို့ အဖန် တလဲလဲ

http://www.dhammadownload.com



ကောင်းစွာ ရှု၏၊ ထိုသို့ အဖန် တလဲလဲ ကောင်းစွာ ရှုသော ယောဂီသည် ဩဘာသ စသည့်တို့ကြောင့် မတုန် မလှုပ် မချောက်ချား မယိမ်း မယိုင် နိုင်နံ့၏၊ ထို့ကြောင့် ရှေး ဆရာ တို့သည်—

"ဣမာနိ ဒသဋ္ဌာနာနိ, ပညာ ယဿ ပရိစိတာ၊
ဓမ္မုဒ္ဓစ္စကုသလော ဟောတိ, န စ ဝိက္ခေပံ ဂစ္ဆတိ။"

"ပြဆိုခဲ့ပြီးသော ဩဘာသ စသော ဤ ဥပက္ကိလေသ အကြောင်းတို့ကို အကြင် ယောဂီ၏ ပညာသည် ဩဘာသ စသည်တို့၌ အနိစ္စတာ စသည်တို့ကို မှတ်သည်၏ အစွမ်း အားဖြင့် လေ့ကျက်ခြင်း ရှိလတ်ပြီ၊ ဝါ—သိမ်းဆည်း ဆင်ခြင်၍ ထက်ဝန်းကျင် တည်လတ်ပြီ၊ ထို ယောဂီသည် ဓမ္မုဒ္ဓစ္စမဂ် မဟုတ်သည်၏ အဖြစ်ကို သိသဖြင့် ဓမ္မုဒ္ဓစ္စ၌ လိမ္မာသည် ဖြစ်၏၊ ပျံ့လွင့်ခြင်းသို့လည်း မရောက်"ဟူ၍ ဆိုတော်မူကုန်ပြီ။"

ထို ယောဂီသည် ဤသို့ ပျံ့လွင့်ခြင်းသို့ မရောက်သည် ဖြစ်၍ အမျှ သုံးဆယ် အပြား ရှိသော ထို ဥပက္ကိလေသ တည်းဟူသော အမြေး အယှက်ကို သုမ်သင် ရှင်းလင်း တျင်းတျင်း ကုန်စင်အောင် ဖျက်ဆီး၍ "ဩဘာသ အစရှိကုန်သော တရားတို့သည် မဂ် မဟုတ်ကုန်၊ ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယာနုပဿနာ၏ အစွမ်းဖြင့် ဝိပဿနာ ခရီးမှန် သွားသော ဝိပဿနာ ဉာဏ်သည် သာလျှင် မဂ် ဖြစ်၏၊ ဝါ—ဖြောင့်မှန်သော ခရီးတည်း" ဟု ဤသို့ ခရီး မဟုတ်သည်ကိုဎင်း, ခရီး ဟုတ်သည်ကိုဎင်း ပိုင်းခြား မှတ်သား၏၊ ထို ယောဂီ၏ ဤသို့ ဤ ဝိထိပ္ပဋိပန္န ဝိပဿနာ ဉာဏ်သည် ခရီးမှန်တည်း၊ ဤ ဥပက္ကိလေသသည် ခရီးမှန် မဟုတ်, ဤသို့ ခရီး ဟုတ် မဟုတ်ကို သိပြီး၍ တည်သောဉာဏ်သည် "မဂ္ဂါ-မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" မည်၏၊ ဝါ—"အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိတတ် မြင်တတ်သော ဉာဏ်၏ စင်ကြယ်ခြင်း" မည်၏၊ ဤသို့ သိအပ်၏။

http://www.dhammadownload.com



ဤ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံခြင်း တည်းဟူသော အတိုင်း အရှည် ရှိသော အစီ အရင်ဖြင့် ထို ယောဂီသည် သစ္စာ သုံးပါးတို့ကို ပိုင်းခြား မှတ်သားခြင်းကို ပြုအပ်၏၊ အဘယ်သို့ ဖြစ်သနည်း၊ ဒိဋ္ဌိ ဝိသုဒ္ဓိကို ရအပ်သည် ရှိသော် ရှေးဦးစွာ နာမ်ရုပ် ကို ပိုင်းခြား မှတ်သားသဖြင့် ဒုက္ခ သစ္စာကို ပိုင်းခြား မှတ်သား ခြင်းကို ပြုသည် ဖြစ်၏၊ အဘယ့်ကြောင့်နည်း—ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ဉာဏ်ကို ရသည် ရှိသော် အကြောင်း ပစ္စည်းကို သိမ်းဆည်း ခြင်းကြောင့် သမုဒယ သစ္စာကို ပိုင်းခြား မှတ်သားခြင်း ပြုသည် ဖြစ်၏၊ ဤ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ရသည် ရှိသော် မဖောက် မပြန် အရိယမဂ်၏ အကြောင်း ဖြစ်သော လောကီမဂ်ကို ပိုင်းခြား မှတ်သား ခြင်းကြောင့် မဂ္ဂ သစ္စာကို ပိုင်းခြား မှတ်သားခြင်း ပြုသည် ဖြစ်၏၊ ဤသို့ လောကီ သာလျှင် ဖြစ်သော ဉာဏ်ဖြင့် လက်ဦးစွာ သစ္စာ သုံးပါးတို့ကို ပိုင်းခြား မှတ်သားခြင်း ပြုသည် ဖြစ်၏။

ဤသို့လျှင် သူတော်ကောင်းတို့၏ နှစ်သက် ဝမ်းမြောက်ခြင်း အကျိုးငှါ ပြုပြင် စီရင်အပ်သော ဝိသုဒ္ဓိမဂ် ကျမ်း၌ ပညာဘာဝနာကို ဆိုရာ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသ အမည် ရှိသော အပိုင်း ကဏ္ဍ ၂၀-သည်ပြီး၏။

၂၀-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း ပြီး၏။

http://www.dhammadownload.com

# ၂၁—ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ
# နိဒ္ဒေသပိုင်း

တသီး တခြား အခန်း တပါးကို ဆိုအံ့—ဥဒယဗ္ဗယ ဉာဏ် စသော ဝိပဿနာ ဉာဏ် ရှစ်ပါးတို့၏ အစွမ်းဖြင့် ဝိပဿနာ အကျင့်၏ အပြီး အဆုံး အထွဋ် အထိပ်သို့ ရောက်သော ဝိပဿနာ ဉာဏ်သည်၎င်း, ကိုးခုမြောက်သော သစ္စာ လေးပါးကို သိခြင်း အား လျော်စွာသော သစ္စာနုလောမ ဉာဏ်သည်၎င်း ဤ ဉာဏ် ကိုးပါးသည် "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ"မည်၏၊ ရှစ်ပါး ဟူသည်ကား—ဥပက္ကိလေသမှ လွတ်သော ဝိပဿနာ ခရီး လမ်းမှန် သွားသော ဝိပဿနာဟု ဆိုအပ်သော—

(၁) ဥဒယဗ္ဗယာနုပဿနာ ဉာဏ်၊
(၂) ဘင်္ဂါနုပဿနာ ဉာဏ်၊
(၃) ဘယတုပဋ္ဌာန ဉာဏ်၊
(၄) အာဒီနဝါနုပဿနာ ဉာဏ်၊
(၅) နိဗ္ဗိဒါနုပဿနာ ဉာဏ်၊
(၆) မုစ္စိတုကမျတာ ဉာဏ်၊
(၇) ပဋိသင်္ခါနုပဿနာ ဉာဏ်၊
(၈) သင်္ခါရုပေက္ခာ ဉာဏ်၊

ဤ ရှစ်ပါးသော ဉာဏ်တို့ကို သိအပ်ကုန်၏။

(၉) ကိုးခုမြောက် "သစ္စာနုလောမိကဉာဏ်" ဟူသည်ကား "အနုလောမဉာဏ်"၏ အမည်တည်း။

ထိုကိုးပါးသော ဉာဏ်သည်ပင် "ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ" မည်သောကြောင့် ထို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံ စေခြင်းငှါ အလိုရှိသော ယောဂီသည် ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယ ဉာဏ်ကို အစပြု၍ ထို ဉာဏ် ကိုးပါးတို့၌ အားထုတ် ခြင်းကို ပြုအပ်၏။

http://www.dhammadownload.com



တဖန် ဥဒယဗ္ဗယဉာဏ်၌ အားထုတ်ခြင်းသည် အဘယ် အကျိုးရှိအံ့နည်း ဟူငြားအံ့၊ အနိစ္စ စသော လက္ခဏာတို့ကို ကောင်းစွာ မှတ်နိုင်ခြင်း အကျိုး ရှိ၏၊ အကြင့်ကြောင့် ဥဒယဗ္ဗယ ဉာဏ်သည် မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိမှ အောက်၌ ဥပက္ကိလေသ ဆယ်ပါးတို့ဖြင့် ညှိုးနွမ်းသည် ဖြစ်၍ မဖောက်မပြန် မိမိ၏ သဘော ကိစ္စအားဖြင့် အနိစ္စ စသော လက္ခဏာ သုံးပါးကို ကောင်းစွာ မှတ်ခြင်းငှါ မတတ်နိုင်၊ ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယ ဉာဏ်သည်ကား လက္ခဏာ သုံးပါးကို ကောင်းစွာ မှတ်ခြင်းငှါ တတ်စွမ်းနိုင်၏၊ ထို့ကြောင့် အနိစ္စစသော လက္ခဏာတို့ကို ကောင်းစွာ မှတ်နိုင်ခြင်း အကျိုးငှါ ဤ ဥဒယဗ္ဗယ ဉာဏ်၌ တဖန် အားထုတ်ခြင်းကို ပြုအပ်၏။

ထိုမှတပါး လက္ခဏာတို့သည် အဘယ်တရားကို နှလုံး မသွင်း ခြင်းကြောင့် အဘယ်တရားသည် ဖုံးလွှမ်းအပ်သည်၏ အဖြစ် ကြောင့် မထင်ကုန်သနည်း၊ ရှေးဦးစွာ အနိစ္စလက္ခဏာသည် ဖြစ်ခြင်း ပျက်ခြင်းကို နှလုံး မသွင်းခြင်းကြောင့် သန္တတိ အစဉ်သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ကြည်ကြည်လင်လင် ကောင်း စွာ မထင်နိုင်၊ ဒုက္ခလက္ခဏာသည် အဖန် တလဲလဲ မပြတ် မလပ် နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဣရိယာပုထ်တို့သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ကောင်းစွာ မထင်နိုင်၊ အနတ္တ လက္ခဏာသည် ပထဝီ, အာပေါ စသော အထူးထူးသော ဓာတ်, ဖဿ ဝေဒနာ စသော အထူးထူးသော သဘာဝများကို အသီး အသီး ခွဲခြား ဝေဘန်ခြင်းကို နှလုံး မသွင်းခြင်းကြောင့် အစိုင် အခဲ ဟူသော ဃနသည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ကောင်းစွာ မထင်နိုင်။

ကောင်းစွာ ထင်နိုင်ပုံကို ဆိုအံ့—ဖြစ်ခြင်း ပျက်ခြင်းကို သိမ်းဆည်း၍ သန္တတိ အစဉ်ကို ဖျက်ဆီးအပ်သည် ရှိသော် အနိစ္စ လက္ခဏာသည် မဖောက် မပြန် ဟုတ်မှန်သော သဘောအားဖြင့် သန့်ရှင်းကြည်လင် ကောင်းစွာ ထင်၏၊ အကြင်အကြင် သိမ်းဆည်း အပ်သော ဥဒယဗ္ဗယဉာဏ်၏ အစွမ်းဖြင့် သင်္ခါရတို့၏ မပြတ်

http://www.dhammadownload.com



မလပ် အဖန် တလဲလဲ နှိပ်စက်အပ် ညှဉ်းဆဲအပ်သည်၏ အဖြစ်ကို နှလုံး သွင်း၍ ဇာရိယာပုထ်၌ ရသင့် ရထိုက်သော ဒုက္ခကို ဖုံးလွှမ်း တတ်သည်၏ အဖြစ်ကို ခွါအပ်သည် ရှိသော် ဒုက္ခလက္ခဏာသည် မဖောက် မပြန် ဟုတ်မှန်တိုင်းသော သဘောအားဖြင့် ကောင်းစွာ ထင်၏။

ပထဝီ, အာပေါ စသော အထူးထူးသော ဓာတ်တို့ကို၊ ဝါ— ဖဿ, ဝေဒနာ စသော အထူးထူးသော သဘာဝဓမ္မတို့ကို "အညာ ပထဝီဓာတု, အညာ အာပေါဓာတု၊" "ပထဝီ ဓာတ်သည် အာပေါဓာတ် မဟုတ်, တခြား တပါးတည်း၊ အာပေါဓာတ်သည် ပထဝီ မဟုတ်, တေဇော မဟုတ်, တခြား တပါးတည်း" ဤသို့စသည်ဖြင့်၎င်း, "အညော ဖဿော, အညာ ဝေဒနာ၊" "ဖဿသည် ဝေဒနာ မဟုတ်, တခြား တပါးတည်း၊ ဝေဒနာသည် ဖဿ မဟုတ်, တခြား တပါးတည်း" ဤသို့ စသည် ဖြင့်၎င်း အသီး အသီး ခွဲခြမ်း ဝေဘန်ခြင်းကို ပြု၍ သမူဟဃန, ကိစ္စဃန, အာရမ္မဏဃနကို ခွဲခြမ်း ဝေဘန်ခြင်းကို ပြုသည်ရှိသော် အနတ္တ လက္ခဏာသည် မဖောက် မပြန် ဟုတ်မှန် တိုင်းသော သဘောအားဖြင့် သန့်ရှင်း ကြည်လင် ကောင်းစွာ ထင်၏။

ဆက်၍ ဆိုအံ့— ဤ နာမ်ရုပ် တရား အပေါင်းတို့၌ အနိစ္စ၎င်း, အနိစ္စဟု မှတ်ကြောင်း လက္ခဏာ၎င်း, ဒုက္ခ၎င်း, ဒုက္ခလက္ခဏာ ၎င်း, အနတ္တ၎င်း, အနတ္တဟု မှတ်ကြောင်း လက္ခဏာ၎င်း ဤသို့ ခြောက်ပါးသော ဝေဘန်ခြင်းကို သိအပ်၏၊ ထို ခြောက်ပါး သော ဝေဘန်ခြင်းတို့တွင် အနိစ္စ ဟူသည်ကား ခန္ဓာ ငါးပါး အပေါင်းတည်း၊ ခန္ဓာ ငါးပါး အပေါင်းသည် အဘယ့်ကြောင့် အနိစ္စ မည်သနည်း၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်းမှ တပါး သော ဌီ ဟူသော ဇရာ သဘော ထင်ရှား ရှိသည်၏ အဖြစ် ကြောင့် အနိစ္စ မည်၏၊ ဝါ—ဖြစ်ပြီး၍ အရှည် မတည်, လျင်မြန် စွာ ပျက်စီးခြင်းကြောင့် အနိစ္စ မည်၏။

ဖြစ်ခြင်း သဘော, ပျက်ခြင်း သဘော, ဖြစ်ခြင်း ပျက်ခြင်းမှ တပါးသော ဌီ ဟူသော ဇရာ သဘောသည် အနိစ္စ လက္ခဏာ

http://www.dhammadownload.com



မည်၏၊ ဝါ—ဖြစ်၍ ပျက်ခြင်းဟု ဆိုအပ်သော အခြင်းအရာ၏ ဖောက်ပြန်ခြင်းသည် အနိစ္စဟု မှတ်ကြောင်း လက္ခဏာ မည်၏၊ ထို့ပြင် "အကြင် သဘောသည် မမြဲ, ထို မမြဲသော သဘောသည် ဒုက္ခမည်၏"ဟု ဤသို့ ဘုရား ဟောတော်မူသောကြောင့် ထို ခန္ဓာ ငါးပါး အပေါင်းသည် ပင်လျှင် ဒုက္ခ မည်၏၊ အဘယ့်ကြောင့်နည်း—ဖြစ်ခြင်း ပျက်ခြင်းဖြင့် အဖန် တလဲလဲ အမြဲ မပြတ် နှိပ်စက် ညှဉ်းဆဲအပ်သည့်၏ အဖြစ်ကြောင့်တည်း။

ဖြစ်ခြင်း ပျက်ခြင်းဖြင့် အဖန် တလဲလဲ အမြဲ မပြတ် နှိပ်စက် ညှဉ်းဆဲသော အခြင်း အရာသည် ဒုက္ခဟု မှတ်ကြောင်း လက္ခဏာ မည်၏၊ "အကြင် ခန္ဓာ ငါးပါး အပေါင်းသည် ဒုက္ခ မည်၏, ထို ဒုက္ခ မည်သော ခန္ဓာ ငါးပါး အပေါင်းသည် အနတ္တ မည်၏"ဟု ဤသို့ ဘုရား ဟောတော်မူသောကြောင့်လည်း ထို ခန္ဓာ ငါးပါး အပေါင်းသည် ပင်လျှင် အနတ္တ မည်၏၊ အဘယ့်ကြောင့်နည်း—တစုံတယောက်သော သူ၏ အလိုသို့ မလိုက်ခြင်းကြောင့်တည်း၊ သူတပါး အလိုသို့ မလိုက်သော အခြင်း အရာသည် အနတ္တဟု မှတ်ကြောင်း လက္ခဏာ မည်၏။

ထို အလုံးစုံသော လက္ခဏာတ္တယ လက္ခိတဗ္ဗ ဖြစ်သော ခန္ဓာ ပဉ္စကကိုလည်း ဤ ယောဂီသည် ဥပက္ကိလေသမှ လွတ်သော ခရီး လမ်းမှန် သွားသော ဝိပဿနာ ဟူသော ဥဒယဗ္ဗယာနုပဿနာ ဉာဏ်ဖြင့် မဖောက် မပြန် ဟုတ်မှန်သော မိမိ၏ သဘော လက္ခဏာ အားဖြင့် ကောင်းစွာ မှတ်၏၊ ဤသို့ ကောင်းစွာ မှတ်၍ အဖန် တလဲလဲ အနိစ္စ ဒုက္ခ အနတ္တဟု ရုပ်နာမ် တရားတို့ကို ချိန်သော စုံစမ်းသော ထို ယောဂီ၏ ထို ဉာဏ်သည် ထက်သည် ဖြစ်၍ ဖြစ်၏၊ သင်္ခါရတရားတို့သည် လျင်စွာ ထင်ကုန်၏။

ဉာဏ်သည် ထက်သည် ဖြစ်၍ ဖြစ်သည် ရှိသော်၊ ဝါ—ထက်သည်၏ အဖြစ်သို့ ဆောင်သည် ရှိသော် သင်္ခါရ တရားတို့သည် လျင်စွာ ထင်ကုန်သည် ရှိသော် ဖြစ်ခြင်း ဟူသော ဥပါဒ်သို့ရင်း, ဌီ ဟူသော ဇရာသို့ရင်း, ဥပါဒ်ဏ္ဍကဟု ဆိုအပ်သော ပဝတ္တ တရားသို့ရင်း, သင်္ခါရတို့၏ အထည်ကိုယ် ဖြစ် လုံးလုံး လျှောင်း

http://www.dhammadownload.com



လျှောင်း ထင်ခြင်းမျှသို့ငင်း မရောက်၊ ခယ ဝယ ဘေဒဟု ဆိုအပ်သော ခဏိက နိရောဓ၌ သာလျှင် သတိသည် ကောင်းစွာ တည်၏၊ သဉာရ၌ အတွင်းဝင်သော တရား အပေါင်းသည် ဤသို့ ဖြစ်ပြီး၍ ဤသို့ စက်ဆုပ်ဘွယ်လိ ချုပ်ဘိ၏တကားဟု ဤသို့ ရှုသော ယောဂီအား ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်းကို သာလျှင် နှလုံး ပြုရာ တခုသော ဌာန၌ ဘင်ကို သာလျှင် အဖန် တလဲလဲ ရှုသည် မည်သော ဘင်္ဂါနုပဿနာ ဉာဏ်သည် ဖြစ်၏၊ အကြင် ဘင်္ဂါနုပဿနာ ဉာဏ်ကို ရည်၍—

"ကထံ အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ၊ ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ၊ အနုပဿတီတိ ကထံ အနုပဿတိ၊ အနိစ္စတော အနုပဿတိ, နော နိစ္စတော၊ ဒုက္ခတော အနုပဿတိ, နော သုခတော၊ အနတ္တတော အနုပဿတိ, နော အတ္တတော၊ နိဗ္ဗိန္ဒတိ, နော နန္ဒတိ၊ ဝိရဇ္ဇတိ, နော ရဇ္ဇတိ၊ နိရောဓေတိ, နော သမုဒေတိ၊ ပဋိနိဿဇ္ဇတိ, နော အာဒိယတိ၊ အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခတော အနုပဿန္တော သုခသညံ၊ အနတ္တတော အနုပဿန္တော အတ္တသညံ၊ နိဗ္ဗိန္ဒန္တော နန္ဒိံ၊ ဝိရဇ္ဇန္တော ရာဂံ၊ နိရောဓေန္တော သမုဒယံ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ၊ ဝေဒနာရမ္မဏတာ၊ သညာရမ္မဏတာ၊ သင်္ခါရာရမ္မဏတာ၊ ဝိညာဏာရမ္မဏတာ၊ စက္ခာရမ္မဏတာ၊....( လ )....ဇရာမရဏာရမ္မဏတာ၊ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊....(လ)....ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။"

ပါဠိတော် မြန်မာပြန် အဓိပ္ပါယ်—

"အာရုံကို ဆင်ခြင်၍ ဘင်ကို အဖန် တလဲလဲ ရှုခြင်း၌ အပြားအားဖြင့် သိတတ်သော ပညာသည် ရှိ၏၊ ဤ

http://www.dhammadownload.com



ပညာကို အထူးသဖြင့် ရှုခြင်း၌ ဉာဏ်ဟူ၍ ဆိုအပ်၏၊ ထို ဉာဏ်သည် အဘယ်သို့ ဖြစ်သနည်း—ရုပ်လျှင် အာရုံ ရှိသော စိတ်သည် ဖြစ်ပြီး၍ ပျက်၏၊ ထို ရုပ်ဟူသော အာရုံကို ဆင်ခြင်၍၊ ဝါ—ခယ ဝယအားဖြင့် မြင်၍ ထို စိတ်၏ ဘင်ကို အဖန် တလဲလဲ ရှု၏၊ အဘယ်သို့သော အခြင်း အရာအားဖြင့် အဖန် တလဲလဲ ရှုသနည်း—အနိစ္စ အားဖြင့် အဖန် တလဲလဲ ရှု၏, နိစ္စအားဖြင့် မရှု၊ ဒုက္ခအားဖြင့် အဖန် တလဲလဲ ရှု၏, သုခအားဖြင့် မရှု၊ အနတ္တအားဖြင့် အဖန် တလဲလဲ ရှု၏, အတ္တအားဖြင့် မရှု၊ ငြီးငွေ့၏, မနှစ်သက်၊ တပ်ခြင်း ကင်း၏, မတပ်မက်၊ ချုပ်စေ၏, မဖြစ်စေ၊ စွန့်လွှတ်၏, မစွဲလမ်း၊ အနိစ္စအားဖြင့် အဖန် တလဲလဲ ရှုသည် ဖြစ်၍ နိစ္စ သညာကို စွန့်ပယ်၏၊ ဒုက္ခအားဖြင့် အဖန် တလဲလဲ ရှုသည် ဖြစ်၍ သုခသညာကို စွန့်ပယ်၏၊ အနတ္တ အားဖြင့် အဖန် တလဲလဲ ရှုသည် ဖြစ်၍ အတ္တ သညာကို စွန့်ပယ်၏၊ သံသရာကို ငြီးငွေ့သည် ဖြစ်၍ နှစ်သက်ခြင်း သပ္ပီတိက တဏှာကို စွန့်ပယ်၏၊ တပ်ခြင်း ကင်းသည် ဖြစ်၍ တပ်မက်ခြင်း ရာဂကို စွန့်ပယ်၏၊ ချုပ်စေ သည် ဖြစ်၍ ဖြစ်ခြင်း သမုဒယကို စွန့်ပယ်၏၊ စွန့်လွှတ် သည် ဖြစ်၍ စွဲလမ်းခြင်း အာဒါနကို စွန့်ပယ်၏၊ ဝေဒနာ လျှင် အာရုံ ရှိသော····သညာလျှင် အာရုံရှိသော····သင်္ခါရ လျှင် အာရုံ ရှိသော····ဝိညာဉ်လျှင် အာရုံရှိသော···· စက္ခုလျှင် အာရုံရှိသော····(လ)····ဇရာ မရဏလျှင် အာရုံရှိသော စိတ်သည် ဖြစ်ပြီး၍ ပျက်၏၊····(လ)···· စွန့်လွှတ်သည် ဖြစ်၍ စွဲလမ်းခြင်း အာဒါနကို စွန့်ပယ်၏ ဟူ၍ပင်တည်း။"

၁။ "ဝတ္ထုသင်္ကမနာ စေဝ, ပညာယ စ ဝိဝဋ္ဋနာ၊
အာဝဇ္ဇနာဗလဉ္စေဝ, ပဋိသင်္ခါဝိပဿနာ။

၂။ အာရမ္မဏအန္ဝယေန, ဥဘော ဧကဝဝတ္ထနာ၊
နိရောဓေ အဓိမုတ္တတာ, ဝယလက္ခဏဝိပဿနာ။

http://www.dhammadownload.com



၃။ အာရမ္မဏဉ္စ ပဋိသင်္ခါ, ဘင်္ဂဉ္စ အနုပဿတိ၊
သုညတော စ ဥပဋ္ဌာနံ, အဓိပညာ ဝိပဿနာ။

၄။ ကုသလော တီသု အနုပဿနာသု,
စတဿော စ ဝိပဿနာသု၊
တယော ဥပဋ္ဌာနေ ကုသလတာ,
နာနာဒိဋ္ဌီသု န ကမ္ပတိ။"

အဓိပ္ပါယ်—

"ပုရိမ ဝတ္ထုမှ တပါး ဝတ္ထုသို့ ပြောင်းခြင်းငှါ, ပညာကို နစ်စေခြင်းငှါ, ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ငှါ ဤသည်ကား ရုပ် စသော အာရုံကို သိ၍ ဘင်ကို ရှုသော ပဋိသင်္ခါနုပဿနာ မည်၏။

အာရုံကို အစဉ်လျှောက်သဖြင့် နှစ်ပါးသော အာရုံတို့ကို တူသော သဘောအားဖြင့် ပိုင်းခြား မှတ်သားခြင်းငှါ, ချုပ်ခြင်း၌ ညွတ်ရှိုင်းသော အဖြစ်ငှါ ဤသည်ကား ပျက်ခြင်း လက္ခဏာကို ရှုသော ဝယလက္ခဏ ဝိပဿနာ မည်၏။

အာရုံကိုလည်း ဆင်ခြင်၍ ဘင်ကိုလည်း အဖန် တလဲလဲ ရှု၏၊ သုညအားဖြင့်လည်း တင်၏၊ ဤသည်ကား အဓိပညာ ဝိပဿနာ မည်၏။

အနုပဿနာ သုံးပါးတို့၌ လိမ္မာသော ရဟန်းသည် အနုပဿနာ လေးပါးတို့၌ငှါ, သုံးပါးသော ထင်ခြင်းတို့၌ လိမ္မာသည်၏ အဖြစ်ငှါ အထူးထူး အပြားပြား များသော ဒိဋ္ဌိတို့ကြောင့် မတုန် မလှုပ်" ဟူ၍ငှါ ဟောတော်မူပြီ။

ထိုသဘော တရားသည် သိတတ်သော အနက်ကြောင့် ဉာဏ် မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်ကြောင့် ပညာ မည်၏၊ ထို့ကြောင့် "အာရုံကို ဆင်ခြင်၍ ဘင်ကို အဖန် တလဲလဲ

http://www.dhammadownload.com



ရှုခြင်း၌ အပြားအားဖြင့် သိတတ်သော ပညာသည် ရှိ၏၊ ဤ ပညာကို အထူးသဖြင့် ရှုခြင်း၌ ဉာဏ် ဟူ၍ ဆိုအပ်၏" ဟူ၍ ဆိုခဲ့ပြီ၊ ထို ပါဠိတော်၌ "အာရုံကို ဆင်ခြင်၍" ဆိုသည်ကား— ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်က စ၍ ဇရာ မရဏ တိုင်အောင် ဝိပဿနာ၏ ဘုံ အလုံးစုံသော အာရုံကို ဆင်ခြင်၍ သိ၍ ကုန်ပျောက်ခြင်းအားဖြင့် ပျက်စီးခြင်းအားဖြင့် မြင်၍ဟု ဆိုလိုသည်။

"ဘင်ကို အဖန် တလဲလဲ ရှုခြင်း၌ အပြားအားဖြင့် သိတတ်သော ပညာ" ဟူသည်ကား—ထို ရုပ်, ဝေဒနာ စသော ဝိပဿနာဘုံ အာရုံကို ကုန်ခြင်းအားဖြင့် ပျက်ခြင်းအားဖြင့် ဆင်ခြင်၍ ဖြစ်သော ဉာဏ်၏ ဘင်ကို အဖန် တလဲလဲ ရှုခြင်း၌ အကြင် ပညာသည် ရှိ၏၊ ဤ ဉာဏ်၏ ဘင်ကို ရှုသော ပညာကို အဖန် တလဲလဲ ရှုခြင်း၌ သိတတ်သော ဉာဏ် ဟူ၍ဆိုအပ်၏၊ ဤ ဆိုအပ်ခဲ့ပြီးသည်ကား ရှေးဦးစွာ ထို ဝိပဿနာ ဉာဏ်သည် အဘယ်သို့ ဖြစ်သနည်း ဟူသော ကထေတုကမျတာ ပုစ္ဆာ၏ အနက်တည်း။

ထို့နောင်မှ အကြင် အခြင်း အရာဖြင့် ထို ဉာဏ်သည် ဖြစ်၏၊ ထို အခြင်း အရာကို ပြခြင်းငှါ "ရုပ်လျှင် အာရုံ ရှိသော စိတ်သည်" ဤသို့ အစ ရှိသော စကားကို ဆိုအပ်၏၊ ထို ပါဠိတော်၌ "ရုပ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်ပြီး၍ ပျက်၏" ဟူသည်ကား—ရုပ်လျှင် အာရုံ ရှိသော စိတ်သည် ဖြစ်ပြီး၍ ပျက်၏၊ တနည်းကား—ရုပ်လျှင် အာရုံ ရှိသည်၏ အဖြစ်၌၊ ဝါ—အဖြစ်ကြောင့် စိတ်သည် ဖြစ်ပြီး၍ ပျက်၏ဟု ဆိုလို၏။

"ထို အာရုံကို ဆင်ခြင်၍" ဟူသည်ကား—ထို ရုပ် ဟူသော အာရုံကို သိ၍ ကုန်ခြင်းအားဖြင့် ပျက်ခြင်းအားဖြင့် မြင်၍ဟု ဆိုလိုသည်၊ "ထို စိတ်၏ ဘင်ကို အဖန် တလဲလဲ ရှု၏" ဟူသည်ကား—အကြင် စိတ်ဖြင့် ထို ရုပ် ဟူသော အာရုံကို ကုန်ခြင်းအားဖြင့် ပျက်ခြင်းအားဖြင့် ရှုအပ်၏၊ ထို ရုပ် ဟူသော

http://www.dhammadownload.com



အာရုံကို ခယ ဝယအားဖြင့် ရှုသော စိတ်၏ ဘင်ကို အခြား တပါးသော ဝိပဿနာ စိတ်ဖြင့် အဖန် တလဲလဲ ရှု၏ဟု ဆိုလိုသည်၊ ဤကား အနက်တည်း၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

"ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ"

"အနုပဿနာ ဉာဏ်ဖြင့် သိအပ်သော ရုပ် ဝေဒနာ စသော အာရုံကိုငင်း, ရုပ် ဝေဒနာ စသော အာရုံကို အဖန် တလဲလဲ ရှုသော အနုပဿနာ ဉာဏ်ကိုငင်း ဉာတ နှင့် ဉာဏ နှစ်ဝကိုလည်း ခယ ဝယအားဖြင့် အဖန် တလဲလဲ ရှု၏" ဟူ၍ ဆိုတော်မူကြကုန်ပြီ။

ဆက်၍ ဆိုအံ့—ဤ "ထို စိတ်၏ ဘင်ကို အဖန် တလဲလဲ ရှု၏" ဆိုရာ၌ "အဖန် တလဲလဲ ရှု၏" ဟူသည်ကား—များစွာ ကုန်သော အခြင်း အရာတို့ဖြင့် အဖန် တလဲလဲ ရှု၏ဟု ဆိုလိုသည်၊ ထို့ကြောင့် "အနုပဿတီတိ ကထံ အနုပဿတိ အနိစ္စတော အနုပဿတိ" ဤသို့ အစရှိသည်ကို ဟောတော်မူပြီ၊ ထို စကား၌ အကြင့်ကြောင့် ဘင် မည်သည်ကား အနိစ္စတာ၏ လွန်မြတ်သော အစွန်းတည်း၊ ထို့ကြောင့် ထို ဘင်ကို ရှုသော ယောဂီ ပုဂ္ဂိုလ်သည် ရုပ် ဝေဒနာက စ၍ ဇရာ မရဏ တိုင်အောင် အလုံးစုံသော သင်္ခါရတို့၌ အတွင်းဝင်သော တရား အပေါင်းကို အနိစ္စအားဖြင့် သာလျှင် ဥဒယကို လွှတ်၍ ဘင် သက်သက်ကို ရှုသည်၏ အစွမ်းအားဖြင့် အဖန် တလဲလဲ ရှု၏၊ နိစ္စအားဖြင့် အနုပဿနာ မပြု မရှု။

ထို့နောင်မှ အနိစ္စ ဖြစ်သော သင်္ခါရ၏ ဒုက္ခ၏ အဖြစ်ကြောင့် ဒုက္ခ ဖြစ်သော သင်္ခါရ၏ အနတ္တ၏ အဖြစ်ကြောင့် ထို အနိစ္စ အားဖြင့် ယူအပ်ပြီးသော အလုံးစုံသော သင်္ခါရ၌ အတွင်း ဝင်သော တရား အပေါင်းကို ပင်လျှင် ဒုက္ခအားဖြင့် အဖန် တလဲလဲ ရှု၏, သုခအားဖြင့် အနုပဿနာ မပြု မရှု၊ အနတ္တ

http://www.dhammadownload.com



အားဖြင့် အဖန် တလဲလဲ ရှု၏, အတ္တအားဖြင့် အနုပဿနာ မပြု မရှု။

ထိုမှတပါး အကြင့်ကြောင့် အကြင် သင်္ခါရ၌ အတွင်း ဝင်သော တရား အပေါင်းသည် မြဲသည် မဟုတ်, ဒုက္ခ အတိတည်း၊ အလိုသို့ လိုက်တတ်သော အတ္တ မဟုတ်၊ ထို သင်္ခါရ၌ အတွင်း ဝင်သော တရား အပေါင်းကို တဏှာ အဘိနန္ဒန, ဒိဋ္ဌိ အဘိနန္ဒန၏ အစွမ်း ဖြင့် "ဤ သင်္ခါရ အပေါင်းသည် ငါတည်း, ဤ သင်္ခါရ တရား အပေါင်းသည် ငါ၏ အတ္တတည်း"ဟု လွန်စွာ တပ်မက် မနှစ် သက်အပ်၊ ထို သင်္ခါရ၌ အတွင်း ဝင်သော တရား အပေါင်း၌ တပ်မက်သည်၏ အစွမ်းဖြင့် စိတ်ကို မဖြစ်စေအပ်၊ ထို့ကြောင့် ဘင်္ဂါနုပဿနာကို အစဉ် လျှောက်သဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု မြင်အပ်ပြီးသော ထို သင်္ခါရ တရား အပေါင်း၌ ငြီးငွေ့၏, မနှစ်သက်, စက်ဆုပ်၏, မတပ်မက်၊ ထို ယောဂီသည် ဤသို့ မတပ်မက်သည် ဖြစ်၍ ရှေးဦးစွာ လောကီသာလျှင် ဖြစ်သော ဉာဏ်ဖြင့် ရာဂကို စွန့်ပယ် ချုပ်ငြိမ်းစေ၏၊ မဖြစ်စေ, ဖြစ်စေခြင်းကို မပြုဟု ဆိုလိုသည်။

တနည်းကား—ဤသို့ ဘင်္ဂါနုပဿနာကို အစဉ် လျှောက် သဖြင့် တပ်ခြင်း ကင်းသော ထို ယောဂီသည် ရှေးရှု ထင်ထင် မြင်လာသော သင်္ခါရ၌ အတွင်းဝင်သော တရား အပေါင်းကို ချုပ်ခြင်းကို နှလုံးပြုသကဲ့သို့ ထို့အတူ မမြင်အပ်သော အတိတ် အနာဂတ် သင်္ခါရ တရားတို့ကိုလည်း အတု လိုက်သော ဉာဏ်, အလျော် နှိုင်းဆသော ဉာဏ် အစွမ်းဖြင့် "မျက်မှောက် ဒိဋ္ဌ ဤ ပစ္စုပ္ပန်၌ ထင်မြင်သော သင်္ခါရ တရား အပေါင်းကဲ့သို့ ထို့အတူ ထို မမြင်အပ်သော အတိတ် အနာဂတ် သင်္ခါရ တရား အပေါင်း သည်လည်း ဤသို့ ချုပ်ပျက်ခြင်း သဘော ရှိသည်သာတည်း"ဟု နှိုင်းယှဉ် ထောက်ဆလျက် ချုပ်စေခြင်းကို နှလုံး သွင်း၏၊ သမုဒယကို နှလုံး မသွင်း၊ သင်္ခါရ၌ အကျုံးဝင်သော တရား အပေါင်း၏ ချုပ်ခြင်းကို သာလျှင် နှလုံးသွင်း၏၊ ထို သင်္ခါရ၌

http://www.dhammadownload.com



အကျုံး ဝင်သော တရား အပေါင်း၏ ချုပ်ခြင်းကိုသာလျှင် မြင်၏၊ သမုဒယကို မရှု မကြည့် ဆိုလိုသည်၊ ဤကား အနက်တည်း။

ဤသို့ ပြဆိုပြီးသော အပြား ရှိသော အနိစ္စာနုပဿနာ စသည်တို့၏ အစွမ်းဖြင့် ကျင့်သော ထို ယောဂီသည် စွန့်လွှတ်၏, မစွဲလမ်း၊ အဘယ် အလိုကို ဆိုအပ်သနည်း—ဤ အနိစ္စ စသော အနုပဿနာကိုလည်း တဒင် ပဟာန်၏ အစွမ်းဖြင့် ခန္ဓာတို့နှင့် အဘိသင်္ခါရတို့နှင့် တကွ ကိလေသာတို့ကို စွန့်ခြင်းကြောင့်ငှင်း, သင်္ခတ ဓမ္မတို့၌ အနိစ္စတာ စသော အပြစ်ကို မြင်သဖြင့်လည်း ထို အနိစ္စ စသည်မှ ပြန်သော နိစ္စ သုခ စသော သဘော ရှိသော နိဗ္ဗာန်၌ ထို နိဗ္ဗာန်သို့ ညွတ်သော နှလုံး ရှိသည်၏ အဖြစ်ဖြင့် ပြေးဝင်ခြင်းကြောင့်ငှင်း ပရိစ္စာဂ ပဋိနိဿဂ္ဂ မည်သည်လည်း ဖြစ်၏၊ ပက္ခန္ဒန ပဋိနိဿဂ္ဂ မည်သည့်လည်း ဖြစ်၏။

ထို့ကြောင့် ထိုအနိစ္စာဒိ အနုပဿနာနှင့် ပြည့်စုံသော ရဟန်းသည် အကြင် အကြင် ဆိုအပ်ပြီးသော တဒင် ပဟာန် အပြား တမျိုး အပြား ရှိသော နည်းဖြင့် ကိလေသာတို့ကို စွန့်၏၊ နိဗ္ဗာန်၌လည်း ပြေးဝင်၏၊ ဝါ—နှလုံး ညွတ်၏၊ ဖြစ်စေသည်၏ အစွမ်း အားဖြင့် ကိလေသာတို့ကို ယူလည်း မယူ၊ အပြစ်ကို မမြင်သည်၏ အစွမ်းဖြင့် သင်္ခတ ဖြစ်သော အာရုံကို မယူ၊ ထို့ကြောင့် စွန့်လွှတ်၏, မစွဲလမ်း ဟူ၍ ဆိုအပ်၏။

ယခု အခါ၌ ထို ယောဂီ၏ ထို အနိစ္စာနုပဿနာ စသော ဉာဏ်တို့ဖြင့် အကြင် တရားတို့ကို ပယ်စွန့်ခြင်းသည် ဖြစ်၏၊ ထို တရားတို့ကို ထိုသို့ ပယ်ခြင်းကို ပြအံ့သောငှါ "အနိစ္စတော အနုပဿန္တော အနိစ္စသညံ့ ပဇဟတိ" ဤသို့ အစ ရှိသော စကားကို ဆိုအပ်၏၊ ထို ပါဠိတော်၌ တပ်နှစ်သက်ခြင်း "နန္ဒီ" ဟူသည်ကား—ပေါ်လွင်သော ပီတိနှင့် တကွ ဖြစ်သော ရွှေရှု တင်တတ်သော တဏှာတည်း၊ ဖွင့်ပြပြီးသည်မှ ကြွင်းကျန်သော စကားသည် ဖွင့်ပြပြီးသော နည်းအတိုင်းသာတည်း၊ ထိုမှတပါး ဂါထာတို့၌ "ဝတ္ထု ပြောင်းခြင်း" ဟူသည်ကား—ရုပ်၏ ဘင်ကို မြင်၍ တဖန် အကြင် စိတ်ဖြင့် ရုပ်၏ ဘင်ကို မြင်အပ်၏၊ ထို

http://www.dhammadownload.com



ဝိပဿနာ စိတ်၏လည်း ဘင်ကို ရှုသည်၏ အစွမ်းဖြင့် ရုပ်၏ ဘင် ဟူသော ရှေးဖြစ်သော အာရုံမှ ဝိပဿနာ စိတ်၏ ဘင် ဟူသော တပါးသော အာရုံသို့ ပြောင်းခြင်းတည်း။

"ဝိပဿနာ ပညာကို နှစ်စေခြင်း" ဟူသည်ကား—ဖြစ်ခြင်း ဥဒယကို ပယ်၍ ပျက်ခြင်း ဝယဉ်၌ ကောင်းစွာ တည်စေခြင်းတည်း၊ "ဆင်ခြင်ခြင်း၄ါ စွမ်းနိုင်ဇသော အဖြစ်" ဟူသည်ကား—ရုပ်၏ ဘင်ကို ရှု၍ တဖန် ရုပ်၏ ဘင်လျှင် အာရုံ ရှိသော စိတ်၏ ဘင်ကို ရှုခြင်း၄ါ အခြားမဲ့၌ သာလျှင် ဆင်ခြင်ခြင်း၄ါ စွမ်းနိုင်သည်၏ အဖြစ်တည်း၊ "ပဋိသင်္ခါ ဝိပဿနာ" ဟူသည်ကား—ရုပ် စသော အာရုံကို သိ၍ ထို ဝိပဿနာ စိတ်၏ ဘင်ကို ရှုခြင်း ပဋိသင်္ခါ-နုပဿနာ မည်၏ ဆိုလိုသည်။

"အာရုံကို အစဉ် လျှောက်သဖြင့် နှစ်ပါးသော အာရုံတို့ကို တူသော သဘောအားဖြင့် ပိုင်းခြား မှတ်သားခြင်း" ဟူသည်ကား—ပစ္စက္ခ မျက်မှောက်အားဖြင့် မြင်အပ်ပြီးသော အာရုံကို အစဉ် လျှောက်သဖြင့် "ဤ ပစ္စုပ္ပန် ဖြစ်သော တရားသည် ပျက်သကဲ့သို့ ထို့အတူ အတိတ်၌လည်း သင်္ခါရ၌ အတွင်းဝင်သော တရား အပေါင်းသည် ပျက်လေပြီ, အနာဂတ်၌လည်း ပျက်လတံ့" ဟု ဤသို့ မြင်, မမြင် ဒိဋ္ဌာဒိဋ္ဌ အားဖြင့် နှစ်ပါးကုန်သော အာရုံတို့ကို ဤ ခဏ ဘင်အားဖြင့် ပျက်ခြင်း သဘော ရှိသည်၏ အဖြစ်ဖြင့် သာလျှင် ကောင်းစွာ ပိုင်းခြား မှတ်သားခြင်းတည်း၊ သင့်စွ—ရှေး ဆရာတို့သည်—

"သံဝိဇ္ဇမာနမှိ ဝိသုဒ္ဓိဒဿနော,
တဒန္ဝယံ နေတိ အတီတနာဂတေ၊
သဗ္ဗေပိ သင်္ခါရဂတာ ပလောကိနော၊
ဥဿာဝ ဗိန္ဒူ သူရိယေဝ ဥဂ္ဂတေ။"

ဟူသော ဤစကားကို ဆိုအပ်သည်သာတည်း။

"ပစ္စက္ခ မျက်မှောက်အားဖြင့် ရပ်အပ်သော ပစ္စုပ္ပန် သင်္ခါရ တရား အပေါင်း၌ ဘင်္ဂဒဿန၏ ဘေးရန်ကို

http://www.dhammadownload.com



ပယ်သောအားဖြင့် အထူးစင်ကြယ်သော ဘင်ကို ရှုသော ဉာဏ် အမြင် ရှိသော ယောဂီသည် ထို ပစ္စုပ္ပန် သင်္ခါရ၏ ဘင်ကို ရှုသော ဉာဏ်၏ အတု လိုက်၍ ဖြစ်သော ဝိပဿနာ ဉာဏ်ကို အတိတ် ဖြစ်သော သင်္ခါရဥ္စင်း, အနာဂတ် ဖြစ်သော သင်္ခါရဥ္စင်း ဖြစ်စေ၏၊ အလုံးစုံလည်း ဖြစ်ကုန်သော အတိတ်သင်္ခါရ အနာဂတ်သင်္ခါရတရား အပေါင်းတို့သည် ပျက်ခြင်း သဘော ရှိကုန်၏၊ ဥပမာကား—နေသည့် တက်လတ်သည် ရှိသော် ဆီးနှင်းပေါက်သည် ပျောက်ပျက်သကဲ့သို့တည်း။"

"ချုပ်ခြင်း၌ ညွတ်ရှိုင်းသောအဖြစ်" ဟူသည်ကား—ဤသို့ ဣဋ္ဌ, အဣဋ္ဌအားဖြင့် နှစ်ပါးကုန်သော အာရုံတို့၏ ခဏ ဘင်၏ အစွမ်းအားဖြင့် တူမျှကုန်၏ဟု ပိုင်းခြား မှတ်သားခြင်းကို ပြု၍ ဘင်ဟု ဆိုအပ်သော ထို ချုပ်ခြင်း၌ သာလျှင် နှလုံး သွင်းသည်၏ အဖြစ်, ထို ခဏ နိရောဓ၌ အလေးပြုသည်၏ အဖြစ်, ထို ခဏ နိရောဓ၌ စိတ်ညွတ်သည်၏ အဖြစ်, ထို ခဏ နိရောဓသို့ ကိုင်းသည်၏ အဖြစ်, ထို ခဏ နိရောဓသို့ ရှိုင်းသည်၏ အဖြစ်ကို ဆိုလိုသည်၊ ဤကား အနက်တည်း၊ "ပျက်ခြင်း လက္ခဏာကို ရှုခြင်း ဝယလက္ခဏာ ဝိပဿနာ" ဟူသည်ကား—ဤပစ္စက္ခဖြင့် မြင်အပ်သည့် အာရုံကို အစဉ် လျှောက်၍ နှစ်ပါးကုန်သော ဣဋ္ဌ, အဣဋ္ဌ အာရုံတို့ကို ခဏဘင်အားဖြင့် တူသည်၏ အဖြစ်ဖြင့် ပိုင်းခြား မှတ်သားခြင်းသည် ဖောက်ပြန်ခြင်း ပျက်ခြင်း လက္ခဏာကိုရှုသော ဝယလက္ခဏာနုပဿနာ မည်၏၊ ဝါ—ဘင်္ဂါနုပဿနာ မည်၏ဟု ဤသို့ ဆိုလိုသည် ဖြစ်၏။

"အာရုံကိုလည်း ဆင်ခြင်၍" ဟူသည်ကား—ရှေး၌ ဖြစ်သော ရုပ် စသော အာရုံကိုလည်း သိ၍ ဆိုလိုသည်၊ "ဘင်ကိုလည်း အဖန် တလဲလဲ ရှု၏" ဟူသည်ကား—ထို ရုပ် စသော အာရုံ၏ ဘင်ကို မြင်၍ ထိုသို့ ရုပ် စသည်လျှင် အာရုံ ရှိသော စိတ်၏ ဘင်ကို အဖန် တလဲလဲ ရှု၏ ဆိုလိုသည်၊ "သုညအားဖြင့်လည်း ထင်၏" ဟူသည်ကား—ဤသို့ ရုပ် စသော အာရုံ၏ ဘင်ကို

http://www.dhammadownload.com



သာလျှင် အာရုံ ရှိသော စိတ်၏ ဘင်ကို ရှုသော ထို ယောဂီအား သင်္ခါရတို့သည် သာလျှင် ပျက်ကုန်၏၊ ထို သင်္ခါရတို့၏ ပျက်ခြင်းသည် မရဏမည်၏၊ သင်္ခါရမှ တပါးသော အတ္တ မည်စကောင်းသော တစုံတခုသော တရားသည် မရှိ၊ ဤသို့ အတ္တမှ ဆိတ်သောအားဖြင့် ထင်ခြင်းသည် ပြည့်စုံ၏၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

"ခန္ဓာ နိရုဇ္ဈန္တိ န စတ္ထိ အညော,
ခန္ဓာနံ ဘေဒေါ မရဏန္တိ ဝုစ္စတိ၊
တေသံ ခယံ ပဿတိ အပ္ပမတ္တော,
မဏိံဝ ဝိဇ္ဈံ ဝဇိရေန ယောနိသော။"

ဟူ၍ ဆိုတော်မူကြကုန်ပြီ။

"ခန္ဓာ ဖြစ်သော သင်္ခါရတို့သည် သာလျှင် ချုပ်ကုန်၏၊ ဤ လောက၌ ခန္ဓာမှ လွတ်သော အခြား တပါးသော အတ္တ မည်စကောင်းသော တစုံ တခုသော တရားသည် မရှိသာလျှင်ကတည်း၊ ခန္ဓာတို့၏ ပျက်ခြင်းကို မရဏ ဟူ၍ ဆိုအပ်၏၊ ထို ခန္ဓာ ဖြစ်သော တရားတို့၏ ခဏတိုင်း ခဏတိုင်း ထင်လာသော ဘင်ကို မမေ့မလျော့သော ယောဂီသည် ရှု၏၊ အဘယ်ကဲ့သို့ရှုသနည်း—လိမ္မာသော ယောက်ျားသည် သင့်လျော်သော အကြောင်းဖြင့် ရွဲကို စိန်ဖြင့် ထွင်းသည်ရှိသော် ရွဲ၏ အပေါက်ကို သာလျှင် နှလုံးမူသကဲ့သို့ ရွဲ၏ အဆင်း စသည်ကို နှလုံး မမူသကဲ့သို့ ထို့အတူ သင်္ခါရတို့၏ ဘင်ကို သာလျှင် မပြတ် နှလုံးသွင်း၏၊ သင်္ခါရတို့ကို နှလုံးမသွင်း။"

အဓိပညာဝိပဿနာ" ဟူသည်ကား—အကြင် အာရုံကို ဆင်ခြင်ခြင်းသည်၎င်း, အကြင်- ဘင်ကို အဖန် တလဲလဲ ရှုခြင်းသည်၎င်း, အကြင် အတ္တမှ ဆိတ်သောအားဖြင့် ထင်ခြင်းသည်၎င်း ရှိ၏၊ ဤသို့ သုံးပါး အပြားအားဖြင့် ဆိုအပ်သော ပညာကို "အဓိပညာဝိပဿနာ" မည်၏ ဟူ၍ ဆိုလိုသည်ဖြစ်၏။

http://www.dhammadownload.com



"အနုပဿနာ သုံးပါးတို့၌ လိမ္မာသော" ဟူသည်ကား— အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာဟု ဆိုအပ်ကုန်သော အနုပဿနာ သုံးပါးတို့၌ လိမ္မာသော ရဟန်းသည်၊ "အနုပဿနာ လေးပါး" ဟူသည်ကား—နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာဟု ဆိုအပ်ကုန်သော ဝိပဿနာ လေးပါးတို့၌ရင်း ဆိုလိုသည်၊ "သုံးပါးသော ထင်ခြင်းတို့၌ လိမ္မာသော" ဟူသည် ကား—ကုန်တတ်သော ခယအားဖြင့်ရင်း, ပျက်တတ်သော ဝယအားဖြင့်ရင်း, အတ္တမှ ဆိတ်သော သုညအားဖြင့်ရင်း ဤသို့ အနိစ္စ ဒုက္ခ အနတ္တတို့၏ အစွမ်းဖြင့် သုံးပါး အပြား ရှိသော ဤ ထင်ခြင်း၌ လိမ္မာသည်၏ အဖြစ်ကြောင့် ဆိုလိုသည်။

"အထူးထူး အပြားပြားသော ဒိဋ္ဌိတို့ကြောင့် မတုန် မလှုပ်" ဟူသည်ကား—သဿတဒိဋ္ဌိ အစရှိကုန်သော အထူးထူး အပြားပြားကုန်သော ဒိဋ္ဌိတို့ကြောင့် မတုန်မလှုပ်၊ ဤသို့ မတုန် မလှုပ်သော ထို ယောဂီသည် မချုပ်သေးသော သင်္ခါရသည် သာလျှင် ချုပ်၏၊ မပျက်သေးသော သင်္ခါရသည် သာလျှင် ပျက်၏ဟု ဖြစ်သော နှလုံး သွင်းခြင်း ရှိသည် ဖြစ်၍ ကွဲသောစို၍ အားနည်းသော မြေခွက်စိမ်း၏ ကွဲခြင်းကို သာလျှင် ရှုသကဲ့သို့ ရင်း, ဖရိုဖရဲ လွှင့်အပ်သော သိမ်မွေ့သော မြူ၏ ပျောက်ပျက်ခြင်း ကို သာလျှင် ရှုသကဲ့သို့ရင်း, လှော်အပ်ကုန်သော နှမ်းတို့၏ ပျက်ခြင်းကို သာလျှင် ရှုသကဲ့သို့ရင်း, အလုံးစုံသော သင်္ခါရတို့၏ ဥပါဒ် ဌီ ပဝတ္တ နိမိတ်ကို လွှတ်၍ ပျက်ခြင်းကိုသာလျှင် နှလုံးသွင်း ၏, ရှု၏, မြင်၏။

ဥပမာကား—မျက်စိ အမြင် ရှိသော ယောကျ်ားသည် ရေကန်၏ ကမ်း၌ရင်း, မြစ်ကမ်း၌ရင်း တည်လျက် ကြီးစွာသော မိုးပေါက်ရှိသော မိုးသည် ရွာသည် ရှိသော် ရေအပြင်၌ ကြီးကုန် ကြီးကုန်သော ရေပွက်တို့သည် ဖြစ်၍ လျင်စွာ လျင်စွာ ပျက်ကုန်သည်တို့ကို ရှုမြင်ရာ၏၊ ဤ ဥပမာ အတူ ခပ်သိမ်းကုန် သော သင်္ခါရတို့သည် "ပျက်ကုန်၏, ပျက်ကုန်၏" ဟု ဤသို့

http://www.dhammadownload.com



ရေပွက်တန့်၊ ပျက်လွယ် သည်ကို ရှုသော သဘော ရှိသော ယောဂီကို ရည်၍ မြတ်စွာဘုရားသည်—

"ယထာ ပုပ္ဖုဠကံ ပဿေ, ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ အဝေက္ခန္တံ, မစ္စုရာဇာ န ပဿတိ။"

ဟူ၍ ဟောတော်မူအပ်၏။

"ရေပွက်ကို ရှုသကဲ့သို့ရင်း, တံလှပ်ကို ရှုသကဲ့သို့ရင်း ထို့အတူ ရုပ်နာမ် ခန္ဓာ ဟူသော လောကကို ဉာဏ်ဖြင့် သက်၍ အပျက် အပျက်ကိုသာ ရှုသော ယောဂီကို သေမင်း သည် မမြင်ရပြီ။"

ဤသို့ "အလုံးစုံသော သင်္ခါရတို့သည် လျင်စွာ လျင်စွာ ပျက်ကုန် ပျက်ကုန်လေစွ"ဟု မပြတ် မလပ် အထပ်ထပ် ရှုသော ထို ယောဂီအား ရှစ်ပါးသော အာနိသင်ဖြင့် ခြံရံအပ်သော ဘင်္ဂါ-နုပဿနာ ဉာဏ်သည် အားရှိသော အဖြစ်သို့ ရောက်သည် ဖြစ်၏၊ ထို ဘင်္ဂါနုပဿနာ ဉာဏ်၌ ဤ ဆိုလတ္တံ့သည်ကား ရှစ်ပါးသော အာနိသင်တို့တည်း—

### ဘင်္ဂါနုပဿနာ ဉာဏ်၌ အာနိသင် ရှစ်ပါး

(၁) ဘဝဒိဋ္ဌိ ဟူသော သဿတ ဒိဋ္ဌိကို ပယ်နိုင်ခြင်း၊
(၂) အသက် ဇီဝိတ၌ တပ်မက်ခြင်းကို စွန့်ခွါနိုင်ခြင်း၊
(၃) နေ့ည မပြတ် ဘာဝနာ၌ လွန်စွာ လွန်စွာ အားထုတ်ခြင်း၊
(၄) ယုတ်မာသော အလို ရမ္မက်မှ ဝေးသည် ဖြစ်၍ စင်ကြယ်သော အသက်မွေးခြင်း ရှိသည်၏ အဖြစ်၊
(၅) ကိစ္စ ကြီးငယ်တို့၌ ကြောင့်ကြ များပါရကို ပယ်နိုင်ခြင်း၊
(၆) (အတ္တ သိနေဟမှ ကင်းသည် ဖြစ်၍) ဘေးကင်း သည်၏ အဖြစ်၊

http://www.dhammadownload.com



(၇) သည်းခံနိုင်ခြင်း, ကောင်းသော အမှု၌ မွေ့လျော်သော အဖြစ်ကို ရခြင်း၊

(၈) ဆိတ်ငြိမ်သော တောကျောင်း, သမထ ဝိပဿနာ ဘာဝနာ ဟူသော လွန်ကဲသော ကုသိုလ်၌ မမွေ့လျော်ခြင်း, ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပိုက်ခြင်းတို့ကို နှိမ်နင်း ဖျက်ဆီးနိုင်သည်၏ အဖြစ်၊

ဤ ရှစ်ပါးတို့တည်း၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

"ဉာမာနိ အဋ္ဌဂုဏမုတ္တမာနိ,
ဒိသွာ တဟိံ သမ္မသတေ ပုနပ္ပုနံ၊
အာဒိတ္တစေလဿိရသူပမော မုနိ,
ဘင်္ဂါနုပဿီ အမတဿ ပတ္တိယာ။"

ဟူ၍ ဆိုတော်မူကြကုန်ပြီ။

"ထို ဘင်္ဂါနုပဿနာ၌ ဘဝဒိဋ္ဌိကို ပယ်ခြင်း အစ ရှိသော ဤ မြတ်သော အာနိသင် ရှစ်ပါးတို့ကို မြင်၍ ဦးခေါင်း၌ တပြောင်ပြောင် တောက်လောင်သော ဦးရစ် ရှိသော သူလျှင် ဥပမာ ရှိသော ဘင်ကို ရှုလေ့ ရှိသော ရဟန်းသည် အမြိုက် နိဗ္ဗာန်သို့ ရောက်ခြင်းငှါ အဖန် တလဲလဲ သုံးသပ်၏။"

(၂) ဘင်္ဂါနုပဿနာ ဉာဏ် ပြီး၏။

---

## (၃) ဘယတုပဋ္ဌာန ဉာဏ်

ဤသို့ ပြဆိုပြီးသော နည်းဖြင့် အလုံးစုံသော တေဘူမက သင်္ခါရတို့၏ ခယဝယ ဘေဒဟု ဆိုအပ်သော ခဏိက နိရောဓလျှင် အာရုံ ရှိသော ဘင်္ဂါနုပဿနာ ဉာဏ်ကို အရှိ အသေ အလေး အမြတ်အားဖြင့် မှီဝဲသော ပွါးသော အဖန်ဖန် အလီလီ အားထုတ်သော ထို ယောဂီအား အလုံးစုံသော ဘဝ သုံးပါး,

http://www.dhammadownload.com



ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၌ ခဏတိုင်း ခဏတိုင်း ပျက်ခြင်း သဘော ရှိကုန်သော သင်္ခါရတို့သည် ကောင်းစွာ ထင်ကုန်၏။

ချမ်းချမ်း သာသာ အသက် ရှင်လိုသော ကြောက်လန့် တတ်သော သူအား ခြင်္သေ့၊ ကျား၊ သစ်၊ ဝံ၊ အောင်း၊ ဘီလူး၊ ရက္ခိုသ်၊ ကြမ်းသောနွား၊ ကြမ်းသောခွေး၊ ပါးစောင် နှစ်ဘက်မှ မုန်ယိုထွက်သော ကြမ်းသော ဆင်၊ ကြမ်းသော အဆိပ် ရှိသော မြွေ၊ လျှင်မြန်သော အဆိပ် ရှိသော မြွေ၊ မိုးကြိုး စက်ဝန်း၊ သုသာန်၊ စစ်မြေ အရပ်၊ အလျှံ တပြောင်ပြောင် တောက်လောင် သော မီးကျီးတွင်း စသည်တို့သည် ကြောက်မက်ဘွယ် ရှိသည်၏ အဖြစ်ကြောင့် ထိတ်လန့်ခြင်း အကြောင်းတို့သည် ဖြစ်၍ ထင်ကုန် ၏၊ ကြီးစွာသော ကြောက်မက်ဘွယ် ဖြစ်၍ ထင်ကုန်၏။

ထို ယောဂီ ပုဂ္ဂိုလ်အား "အတိတ် သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော သင်္ခါရတို့သည် ချုပ်ဆဲ၊ ဖြစ်လတ္တံ့သော အနာဂတ် သင်္ခါရတို့သည်လည်း ဤ ပစ္စုပ္ပန် သင်္ခါရကဲ့သို့ပင် အတူ ချုပ်ကုန်လတ္တံ့"ဟု ဤသို့ ရှုသော ထို ယောဂီအား ဤ အရာ၌ ကြောက်မက်ဘွယ်အားဖြင့် ထင်လာသော ဘယတုပဋ္ဌာန ဉာဏ် မည်သည် ဖြစ်၏၊ ထို ဘယတုပဋ္ဌာန ဉာဏ်၌ ဤ ဆိုလတ္တံ့သည် ကား ဥပမာတည်း။

ဥပမာကား—

မိန်းမ တယောက်၏ သား သုံးယောက်တို့သည် မင်းပြစ် မင်းဒဏ် သင့်ကုန်သတတ်၊ ထို သုံးယောက်သော သားတို့အား မင်းသည် ဦးခေါင်း ဖြတ်ခြင်းကို စေခိုင်း၏၊ ထို မိန်းမသည် သား သုံးယောက်နှင့် အတူ တကွ လူသတ်ရာ သင်းချိုင်းသို့ လိုက်သတတ်၊ ထို အခါ၌ သားကြီး၏ ဦးခေါင်းကို ဖြတ်ပြီး၍ သားလတ်၏ ဦးခေါင်းကို ဖြတ်ရန် အားထုတ်ကုန်၏၊ ထို သား များ၏ မိခင်သည် သားကြီး ဦးခေါင်း ပြတ်သည်ကိုရင်း, သား လတ် ဦးခေါင်း ပြတ်ဆဲဖြစ်သည်ကိုရင်း မြင်၍ သားငယ်၌

http://www.dhammadownload.com



တပ်မက် တွယ်တာခြင်းကို စွန့်၏၊ "ဤ သားငယ်သည်လည်း ထို သားကြီး သားလတ်တို့ အတူသာလျှင် ဖြစ်လတ့်" ဟု ထပ်မက်ခြင်း အာလယကို စွန့်လွှတ်၏။

ထို ဥပမာ၌ ထို သားသည် မိန်းမ၏ သားကြီး၏ ဦးခေါင်း ပြတ်သည်ကို ရှုခြင်းကဲ့သို့ ယောဂီ၏ အတိတ် သင်္ခါရတို့၏ ခဏိက နိရောဓကို ရှုခြင်းကို၊ ဝါ—ဘင်ကို ရှုခြင်းကို မှတ်အပ်၏၊ သားလတ်၏ ပြတ်ဆဲသော ဦးခေါင်းကို ရှုခြင်းကဲ့သို့ ပစ္စုပ္ပန် သင်္ခါရတို့၏ ခဏိက နိရောဓကို ရှုခြင်းကို မှတ်အပ်၏၊ "ဤ သားငယ်သည်လည်း ထို သားကြီး သားလတ်တို့၏ နည်းတူ သာလျှင် ဦးခေါင်း ပြတ်လတ့်"ဟု သားငယ်၌ တပ်ခြင်း အာလယကို စွန့်သကဲ့သို့ "အနာဂတ်၌လည်း ဖြစ်လတ့်သော သင်္ခါရတို့သည် ပျက်ပျောက် ချုပ်ငြိမ်းကုန်လတ့်" ဟု အနာဂတ် ဖြစ်သော သင်္ခါရတို့၏ ချုပ်လတ့်သော ဘင်ကို ရှုခြင်းကို မှတ်အပ်၏၊ ဤသို့ ရှုသော ထို ယောဂီအား ထို ရှုသော အရာ၌ ဘယတုပဋ္ဌာန ဉာဏ်သည် ဖြစ်၏။

တနည်း သားပုပ် ဥပမာ—

သားသေ သားပုပ်ကိုသာ မွေးဘွားတတ်သော မိန်းမ တယောက်သည် သားပေါင်း ဆယ်ယောက် မွေးဘွားသတတ်၊ ထို သား တကျိပ်တို့တွင် သား ကိုးယောက်တို့သည် သေကုန်ပြီ၊ လက်၌ ရှိသော သား တယောက်သည် သေဆဲ၊ အခြား သား တယောက်သည် ဝမ်း၌ တည်၏၊ ထို သားများ မိခင်သည် သား ကိုးယောက် သေပြီးသည်တို့ကို မြင်၍ ဆယ်ယောက်မြောက် ဖြစ်သော သားကိုလည်း သေဆဲကို မြင်၍ "ဤ ဝမ်း၌ လွယ်သော သားကိုလည်း ထို သား တကျိပ်တို့၏ နည်းတူ သာလျှင် သေလတ့်"ဟု ဝမ်းရှိ သား၌ တပ်ခြင်း အာလယကို စွန့်၏။

ထို ဥပမာ၌ ဤ မိန်းမ၏ ကိုးယောက်သော သားတို့၏ သေခြင်းကို အောက်မေ့ခြင်း ကဲ့သို့ ယောဂီ၏ အတိတ် ဖြစ်သော သင်္ခါရတို့၏ ခဏိက နိရောဓကို မှတ်အပ်၏၊ လက်ရှိ သားငယ်၏

http://www.dhammadownload.com



သေဆဲ အဖြစ်ကို ရှုခြင်းကဲ့သို့ ယောဂီ၏ ပစ္စုပ္ပန် သင်္ခါရတို့၏ ခဏိကနိရောဓကို မှတ်အပ်၏၊ ဝမ်းရှိ သားငယ်၌ တပ်ခြင်းကို စွန့်သကဲ့သို့ အနာဂတ် သင်္ခါရတို့၏ ချုပ်လတ္တံ့သော ဘင်ကို ရှုခြင်းကို မှတ်အပ်၏၊ ဤသို့ ရှုသော ထို ယောဂီအား ဘင်ကို ရှုခြင်းကို အကြောင်း ပြုသဖြင့် သင်္ခါရတို့၏ ကြောက်မက်ဘွယ် အဖြစ်ဖြင့် ထင်သော ထို ခဏ၌ ဘယတုပဋ္ဌာနဉာဏ်သည် ဖြစ်၏။

ဆက်၍ ဆိုအံ့—ဘယတုပဋ္ဌာနဉာဏ်သည် ကြောက်သလော မကြောက်သလော၊ မကြောက်၊ ဉာဏ်၏ ကြောက်သော အခြင်းအရာ အားဖြင့် မဖြစ်ခြင်းကြောင့်တည်း၊ ထို စကား မှန်၏—ဘယတုပဋ္ဌာနဉာဏ်သည် အတိတ် ဖြစ်သော သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ် သင်္ခါရတို့သည် ချုပ်ကုန်လတ္တံ့ဟု ဤသို့ စုံစမ်း ဆင်ခြင်ခြင်း မျှသည်သာလျှင် ဖြစ်၏၊ ထို့ကြောင့် ဥပမာ မည်သည်ကား—မျက်စိ အမြင် ရှိသော ယောကျ်ားသည် မြို့တံခါး၌ မီးကျီးတွင်း သုံးတွင်းတို့ကို ကြည့်လတ်သော် မိမိသည် မကြောက်၊ မှန်၏၊ စင်စစ်သော်ကား—ထို ယောကျ်ားကား "ဤ မီးကျီးတွင်း၌ အကြင် အကြင် သူတို့သည် ကျကုန်လတ္တံ့၊ ထိုထို ကျသော သူ အားလုံးတို့သည် အတိုင်း မသိ များပြားသော ဆင်းရဲကို ခံစားရကုန်လတ္တံ့"ဟု ဤသို့ ဆင်ခြင်ခြင်းမျှသည်သာလျှင် ဖြစ်သကဲ့သို့ရင်း၊ ဥပမာ တနည်းသော်ကား—မျက်စိ အမြင် ရှိသော ယောကျ်ားသည် ရှားသား တံကျင် သံတံကျင် ရွှေတံကျင် ဤသို့ အစဉ်သဖြင့် ထားအပ်သော တံကျင် သုံးခုကို ကြည့်လတ်သော် မိမိသည် မကြောက်။

မှန်၏၊ စင်စစ်သော်ကား—ထို ယောကျ်ားအား "အကြင် အကြင် သူတို့သည် ဤ တံကျင်တို့၌ ကျကုန်လတ္တံ့၊ ထိုထို ကျသော သူ အားလုံးတို့သည်ပင် အတိုင်း မသိ များပြားသော ဆင်းရဲကို ခံစားရကုန်လတ္တံ့"ဟု ဤသို့ ဆင်ခြင်ခြင်း မျှသည်သာလျှင် ဖြစ်သကဲ့သို့ရင်း၊ ထို့အတူ ဘယတုပဋ္ဌာနဉာဏ်သည် မကြောက်၊ မှန်၏—စင်စစ် ထိုဘယတုပဋ္ဌာန ဉာဏ်အား မီးကျီးတွင်းသုံးခုနှင့်

http://www.dhammadownload.com



တူကုန်သော တံကျင် သုံးချောင်းနှင့် တူသည်လည်း ဖြစ်ကုန်သော ဘုံသုံးပါးတို့၌ အတိတ်သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည် ချုပ်ကုန် လတ္တံ့ဟု ဤသို့ ဆင်ခြင်ခြင်း မျှသည်သာလျှင် ဖြစ်၏။

ထို ဘယတုပဋ္ဌာန ဉာဏ်အား စင်စစ် အလုံးစုံသော ဘဝ သုံးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါး၌ တည်ကုန်သော သင်္ခါရတို့သည် အထူးထူး အပြားပြား ကြီးကျယ်သော အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကုန် သည့်, ဘေးဘျမ်း ရှိကုန်သည် ဖြစ်၍ ကြောက်မက်ဘွယ်အားဖြင့် အကြင့်ကြောင့် ထင်ကုန်၏၊ ထို့ကြောင့် ထို ဉာဏ်ကို ဘယတု- ပဋ္ဌာန ဉာဏ် ဟူ၍ ဆိုအပ်၏၊ ဤသို့ ထို ဘယတုပဋ္ဌာန ဉာဏ်အား ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဤ ဆိုလတ္တံ့ သည်ကား ပါဠိတော်တည်း။

"အနိစ္စတော မနသိကရောတော ကိံ ဘယတော ဥပဋ္ဌာတိ၊ ဒုက္ခတော, အနတ္တတော မနသိကရောတော ကိံ ဘယတော ဥပဋ္ဌာတီတိ၊ အနိစ္စတော မနသိကရော- တော နိမိတ္တံ ဘယတော ဥပဋ္ဌာတိ၊ ဒုက္ခတော မနသိ- ကရောတော ပဝတ္တံ ဘယတော ဥပဋ္ဌာတိ၊ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ, ပဝတ္တဉ္စ ဘယတော ဥပဋ္ဌာတိ။"

ပါဠိတော် မြန်မာပြန်—

"အနိစ္စအားဖြင့် နှလုံး သွင်းသော ယောဂီအား အဘယ် တရားသည် ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်သနည်း၊ ဒုက္ခအားဖြင့်, အနတ္တအားဖြင့် နှလုံးသွင်း သော ယောဂီအား အဘယ်တရားသည် ကြောက်အပ် သည်၏ အဖြစ်ဖြင့် ထင်သနည်း၊ ဤကား အမေး တော်တည်း၊ အနိစ္စအားဖြင့် နှလုံး သွင်းသော ယောဂီ

http://www.dhammadownload.com



အား နိမိတ်သည် ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်၏၊ ဒုက္ခအားဖြင့် နှလုံးသွင်းသော ယောဂီအား ပဝတ္တသည် ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်၏၊ အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီအား နိမိတ်သည်၎င်း, ပဝတ္တ သည်၎င်း ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်၏။"

ထိုပါဠိတော်၌ "နိမိတ်" ဟူသည်ကား—သင်္ခါရ နိမိတ်တည်း၊ ဤ သင်္ခါရ နိမိတ်ဟူသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော သင်္ခါရတို့၏ အမည်တည်း၊ မှန်၏—အနိစ္စအားဖြင့် နှလုံး သွင်းသော ယောဂီသည် သင်္ခါရတို့၏ သေဆုံးခြင်း ဘင်ကို သာလျှင် မြင်၏၊ ထိုသို့ ဘင်ကို မြင်ခြင်းကြောင့် ထို ယောဂီအား နိမိတ်သည် ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်၏၊ "ပဝတ္တ" ဟူသည်ကား—ရူပဘဝ, အရူပဘဝ ဟူသော မပြတ် မစဲ ဖြစ်သော ဝဋ္ဋတရားတည်း။

ထို စကားမှန်၏—ဒုက္ခအားဖြင့် နှလုံး သွင်းသော ယောဂီ သည် သုခဟု သမုတ်အပ်သော်လည်း ရူပဘဝ, အရူပဘဝ ဟူသော ပဝတ္တ၏ မပြတ် မလပ် အထပ်ထပ် အဖန်ဖန် နှိပ်စက် အပ်သည်၏ အဖြစ်ကို သာလျှင် မြင်၏၊ ထို့ကြောင့် ထို ယောဂီအား ရူပဘဝ, အရူပဘဝ ဟူသော ပဝတ္တသည် ကြောက်ဘွယ်အားဖြင့် ထင်၏၊ ထိုမှတပါး အနတ္တအားဖြင့် နှလုံး သွင်းသော ယောဂီသည် နိမိတ္တ ပဝတ္တ နှစ်ပါးစုံကိုလည်း လူဆိတ်သော ရွာကဲ့သို့၎င်း, တံလှပ်ကဲ့သို့၎င်း, ကောင်းကင်၌ မြူးထူးခြင်းငှါ ဂန္ဓဗ္ဗနတ်တို့ ဖန်ဆင်းအပ်သော နတ်မြို့ကဲ့သို့၎င်း ကင်း၏ ဟူ၍, ဆိတ်၏ ဟူ၍, အတ္တမှ ဆိတ်၏ ဟူ၍, အရှင် မရှိဟူ၍, အကြီး အကဲ မရှိ ဟူ၍ ရှု၏၊ ထိုသို့ ရှုကြည့် မြင်သိ ခြင်းကြောင့် ထို ယောဂီအား "နိမိတ်" သည်၎င်း, "ပဝတ္တ" သည်၎င်း နှစ်ပါးစုံသည် ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်၏။

http://www.dhammadownload.com



## (၄) အာဒီနဝါနုပဿနာဉာဏ်

ထို ဘယတုပဋ္ဌာန ဉာဏ်ကို ရှိသေ လေးမြတ်စွာ မှီဝဲသော ပွါးများသော အကြိမ် များစွာ ပြုအပ်သော ထို ယောဂီအား အလုံးစုံသော ဘဝ သုံးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၌ သဓိရလျှင် အကြောင်း ရှိသော အနတ္တမှ စောင့်ရှောက်တတ်သော တရား သည် မထင်၊ သဓိရလျှင် အကြောင်း ရှိသော အနတ္တကို ရှောင်လွှဲ သဖြင့် စောင့်ရှောက်ခြင်းငှါ ပုန်းအောင်းရာသည် မထင်၊ သဓိရလျှင် အကြောင်း ရှိသော အနတ္တကို ရှောင်လွှဲခြင်းငှါ ပြေးသွားရာသည် မထင်၊ သဓိရလျှင် အကြောင်း ရှိသော အနတ္တမှ ကိုးကွယ်ရာသည် မထင်။

အလုံးစုံသော ဘဝ သုံးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၌ ဖြစ်ကုန်သော သဓိရ ရှိရှိသမျှတို့တွင် တခုသော သဓိရမျှကိုလည်း တောင့်တ ခြင်းသည်ငှင်း, မှားသောအားဖြင့် သုံးသပ်ခြင်းသည်ငှင်း မဖြစ်၊ ဘဝ သုံးပါးတို့သည် အလျှံ ကင်း၍ မီးကျီးတို့ဖြင့် ပြည့်သော မီးကျီးတွင်းတို့ ကဲ့သို့ ထင်ကုန်၏၊ မဟာဘုတ် လေးပါးတို့သည် အဆိပ်ကြမ်းသော မြွေ အဆိပ်လျှင်မြန်သော မြွေတို့ကဲ့သို့ ထင်ကုန်၏၊ ခန္ဓာ ငါးပါးတို့သည် ချီအပ် မိုးအပ်သော သန်လျက် ရှိသော သူသတ် ယောက်ျားတို့ကဲ့သို့ ထင်ကုန်၏။

အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် လူသူ ကင်းဆိတ် သော ရွာဆိုး ရွာပျက်ကဲ့သို့ ထင်ကုန်၏၊ ဗာဟိရာယတန ခြောက်ပါးတို့သည် ရွာကို ဖျက်ဆီးသော ခိုးသား ထားပြတို့ကဲ့သို့ ထင်ကုန်၏၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါးတို့သည်ငှင်း, သတ္တာဝါသ ကိုးပါးတို့သည်ငှင်း ရာဂဂ္ဂိ စသော မီး ဆဲ့တပါးတို့ဖြင့် အလျှံ တပြောင်ပြောင် တောက်လောင်သကဲ့သို့ငှင်း, ထက်ဝန်းကျင်မှ အလျှံ တပြောင်ပြောင် တောက်လောင် သကဲ့သို့ငှင်း, တပြိုင် နက်သော အလျှံ အပေါင်းနှင့် တကွ ဖြစ်သကဲ့သို့ငှင်း,

http://www.dhammadownload.com



အလုံးစုံသော သင်္ခါရတို့သည် အိုင်းအမာ ကဲ့သို့ ဖြစ်ကုန်၍ငင်း, များစွာသော အနာကဲ့သို့ ဖြစ်ကုန်၍ငင်း, မြားငြောင့်ကဲ့သို့ ဖြစ်ကုန်၍ငင်း, အစီး အပွါးမဲ့ကို ဆောင်သကဲ့သို့ ဖြစ်ကုန်၍ငင်း, ဗျာဓိ ဟူသော မူလ ရောဂါမှ တပါးသော ပြင်းပြ သည်းစွာသော အနာကဲ့သို့ ဖြစ်ကုန်၍ငင်း ဒုက္ခ သဘော ရှိသည်၏ အဖြစ်ကြောင့် သာယာအပ်သော သဘောမှ ကင်းကုန်သည် ဖြစ်၍ ထင်ကုန်၏၊ ပျက်စီးခြင်း ဝိပတ္တိ အဆုံး ရှိသည်၏ အဖြစ်ကြောင့် ပြည့်စုံခြင်းမှ ကင်းကုန်သည် ဖြစ်၍ ထင်ကုန်၏၊ ကြီးမားသော အပြစ် အစု ဖြစ်ကုန်သည် ဖြစ်၍ ထင်ကုန်၏။

အဘယ်သို့ ထင်ကုန်သနည်း—ချမ်းချမ်း သာသာ အသက် ရှည်လိုသော ကြောက်တတ်သော ယောကျ်ားအား မွေ့လျော် ဘွယ်သော အခြင်း အရာအားဖြင့် တည်သော်လည်း သားရဲ ရှိသဖြင့် သက်ဝင်ခြင်းငှါ ခဲယဉ်းသော တောအုပ်ကဲ့သို့ငင်း, ကျားရဲ ရှိသဖြင့် သက်ဝင်ခြင်းငှါ ခဲယဉ်းသော ဂူကဲ့သို့ငင်း, ဖမ်းယူ ကိုက်စားတတ်သည့် မိကျောင်း စသော ရေစောင့် ရက္ခိုသ် ရှိသော ရေကဲ့သို့ငင်း, ချီမိုးအပ်သော သန်လျက် ရှိသော ရန်သူတို့ ကဲ့သို့ငင်း, အဆိပ် ရှိသော ဘောဇဉ် ကဲ့သို့ငင်း, ခိုးသူ ရှိသော ခရီး ကဲ့သို့ငင်း, အလျှံ ပြောင်ပြောင် တောက်လောင်သော အိမ်ကဲ့သို့ငင်း, မြို့မှ ထွက်သော စစ်သည် ရှိသော စစ်မြေ ကဲ့သို့ ငင်း သာယာအပ်သော သဘောမှ ကင်းကုန်သည် ဖြစ်၍ ပြည့်စုံ ခြင်းမှ ကင်းကုန်သည် ဖြစ်၍ ကြီးစွာသော အပြစ် အစု ရှိကုန်သည် ဖြစ်၍ ထင်ကုန်၏။

ထင်ရှားစေအံ့—ထို ကြောက်တတ်သော ယောကျ်ားသည် ထို သားရဲ ရှိသော တောအုပ် စသည် အရပ်တို့သို့ ရောက်လတ် သော် ကြောက်သည် ဖြစ်၍, ထိတ်လန့်သည် ဖြစ်၍, ကြက်သီး မွေးညှင်း ထသည် ဖြစ်၍ ထက်ဝန်းကျင်မှ အပြစ်ကို သာလျှင် မြင်သကဲ့သို့ ထို့အတူ ဤယောဂီသည် သင်္ခါရတို့၏ ပျက်ခြင်းကိုသာ ရှုသည်၏ အစွမ်းဖြင့် အလုံးစုံသော သင်္ခါရတို့သည် ကြောက်အပ် သည့်၏ အဖြစ်ဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ ပြည့်စုံ

http://www.dhammadownload.com



ခြင်း ကင်းသော သာယာခြင်း ကင်းသော အပြစ်ကို သာလျှင် မြင်၏။

ဤသို့သော နည်းဖြင့် အဖန် တလဲလဲ ရှုသော ထို ယောဂီအား အပြစ်ကိုသာ စီစစ် စေ့ငု ကြည့်ရှုတတ်သော "အာဒီနဝဉာဏ်" မည်သည် ဖြစ်၏၊ အကြင် အာဒီနဝဉာဏ်ကို ရည်၍ ဝဏ္ဏ၊ ဆယ်ပါး ဝါရ ဆဲ့နှစ်ပါးတို့ဖြင့် တန်ဆာ ဆင်အပ်သော အနွယ ဗျတိရေက၏ အစွမ်းဖြင့် ပြဆိုလတ့်သော ထို အာဒီနဝဉာဏ်၏ ပဒဘာဇနီကို ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

"ကထံ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ပဝတ္တံ ဘယန္တိ၊ နိမိတ္တံ ဘယန္တိ၊ အာယူဟနာ ဘယန္တိ၊ ပဋိသန္ဓိ ဘယန္တိ၊ ဂတိ ဘယန္တိ၊ နိဗ္ဗတ္တိ ဘယန္တိ၊ ဥပပတ္တိ ဘယန္တိ၊ ဇာတိ ဘယန္တိ၊ ဇရာ ဘယန္တိ၊ ဗျာဓိ ဘယန္တိ၊ မရဏံ ဘယန္တိ၊ သောကော ဘယန္တိ၊ ပရိဒေဝေါ ဘယန္တိ၊ ဥပါယာသော ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ၊ အပ္ပဝတ္တံ.... (လ) ....အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ ဘယံ, အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ၊ ပဝတ္တံ.... (လ)......ဥပါယာသော ဘယံ, အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ပဝတ္တံ ဘယန္တိ.... (လ) ....ဥပါယာသော ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ၊ အပ္ပဝတ္တံ.... (လ) ....အနုပါယာသော သုခန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ၊ ပဝတ္တံ.... (လ) ....ဥပါယာသော ဒုက္ခံ, အနုပါယာသော သုခန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ သာမိသန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ပဝတ္တံ.... ( လ ) ....ဥပါယာသော

http://www.dhammadownload.com



သာမိသန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ၊ အပ္ပဝတ္တံ....(လ)....အနုပါယာသော နိရာမိသန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ၊ ဥပ္ပါဒေါ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ပဝတ္တံ....(လ)....ဥပါယာသော သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ၊ အပ္ပဝတ္တံ....(လ)....အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ ပဝတ္တံ....(လ)....ဥပါယာသော သင်္ခါရာ၊ အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။"

"ဥပ္ပါဒဉ္စ ပဝတ္တဉ္စ, နိမိတ္တံ ဒုက္ခန္တိ ပဿတိ၊
အာယူဟနံ ပဋိသန္ဓိံ, ဉာဏံ အာဒီနဝေ ဣဒံ။
အနုပ္ပါဒံ အပ္ပဝတ္တံ, အနိမိတ္တံ သုခန္တိ စ၊
အနာယူဟနာ အပ္ပဋိသန္ဓိ, ဉာဏံ သန္တိပဒေ ဣဒံ။
အာဒီနဝေ ဝတ္တဉာဏံ, ပဉ္စဋ္ဌာနေသု ဇာယတိ၊
ပဉ္စဋ္ဌာနေ သန္တိပဒေ, ဒသဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ, နာနာဒိဋ္ဌီသု န ကမ္ပတီတိ။"

ပါဠိတော် မြန်မာပြန် အဓိပ္ပါယ်—

"ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် အပြစ် ဒေါသ ဟူသော အာရုံ၌ ဖြစ်သော "အာဒီနဝဉာဏ်" မည်သည် အဘယ်သို့ ဖြစ်သနည်း— သင်္ခါရတို့၏ ဖြစ်ခြင်း ဥပ္ပါဒသည် ကြောက်အပ်သော သဘော ဘေး တခုတည်း၊ ဤသို့ ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် အပြစ် ဒေါသ ဟူသော အာရုံ၌ ဖြစ်သော "အာဒီနဝဉာဏ်" မည်၏၊ ပဝတ္တိ အခါ၌ သင်္ခါရတို့၏ စပ်ကာ စပ်ကာ ဖြစ်ခြင်း ပဝတ္တသည် ကြောက်အပ်သော သဘော ဘေးကြီး တခု

http://www.dhammadownload.com



တည်း၊ ဤသို့ ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် အပြစ် ဒေါသ ဟူသော အာရုံ၌ ဖြစ်သော "အာဒီနဝဉာဏ်" မည်၏၊ သင်္ခါရ နိမိတ်သည် ကြောက်အပ်သော သဘော ဘေးကြီး တခုတည်း၊ နောင်အခါ ပဋိသန္ဓေ၏ အကြောင်း ဖြစ်သော အာယူဟန ကံသည် ဘေးကြီး တခုတည်း၊ အနာဂတ် အာယတိ ပဋိသန္ဓေသည် ဘေးတည်း၊ ပဋိသန္ဓေ၏ ဖြစ်ရာ ငါးဖြာသော ဂတိသည် ဘေးတည်း၊ ခန္ဓာတို့၏ ဖြစ်ခြင်း နိဗ္ဗတ္တိသည် ဘေးတည်း၊ ဝိပါက်၏ ဖြစ်ခြင်း ဥပပတ္တိသည် ဘေးတည်း၊ ဇာတိသည် ဘေးတည်း၊ ဇရာသည် ဘေးတည်း၊ ဗျာဓိသည် ဘေးတည်း၊ ပရိဒေဝသည် ဘေးတည်း၊ ဥပါယာသသည် ဘေးတည်း၊ ဤသို့ ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် အပြစ် ဒေါသ ဟူသော အာရုံ၌ ဖြစ်သော "အာဒီနဝဉာဏ်" မည်၏။"

ပဌမ ဝါရ ပြီး၏။

---

ဖြစ်ခြင်း မရှိ၍ အနုပ္ပါဒ မည်သော နိဗ္ဗာန်သည်၊ ဝါ—သင်္ခါရတို့၏ နောင်အခါ ဖြစ်ခြင်း ကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည် ဘေးမရှိ၊ ဤသို့ သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ ဖြစ်သော အမြိုက် နိဗ္ဗာန်၌ ဖြစ်သောဉာဏ် မည်၏၊ ပဝတ္တ မရှိသော နိဗ္ဗာန်သည်၊ ဝါ—ပဝတ္တ ကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည်....(လ)....ဥပါယာသ မရှိသော နိဗ္ဗာန်သည် ဘေးမရှိ၊ ဤသို့ သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ ဖြစ်သော အမြိုက် နိဗ္ဗာန်၌ ဖြစ်သည့် သန္တိပဒဉာဏ်"မည်၏။"

ဒုတိယ ဝါရ ပြီး၏။

http://www.dhammadownload.com



"သင်္ခါရတို့၏ ဖြစ်ခြင်း ဥပ္ပါဒသည် ကြောက်အပ်သော သဘော ဘေးကြီး တခုတည်း၊ သင်္ခါရတို့၏ နောင်အခါ ဖြစ်ခြင်း မရှိ၍ အနုပ္ပါဒ မည်သော နိဗ္ဗာန်သည် ဘေးမရှိ၊ ဤသို့ သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ အမြိုက် နိဗ္ဗာန် ဖြစ်သော "သန္တိပဒဉာဏ်" မည်၏၊ ပဝတ္တိ အခါ၌ သင်္ခါရတို့၏ စပ်ကာ စပ်ကာ ဖြစ်ခြင်း ပဝတ္တသည်....(လ)....ဥပါယာသသည် ကြောက်အပ်သော သဘော ဘေးကြီး တခုတည်း၊ ဥပါယာသ မရှိသော အနုပါယာသ နိဗ္ဗာန်သည် ဘေးမရှိ၊ ဤသို့ သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ အမြိုက် နိဗ္ဗာန်၌ ဖြစ်သော "သန္တိပဒဉာဏ်" မည်၏။"

တတိယ ဝါရ ပြီး၏။

---

"သင်္ခါရတို့၏ ဖြစ်ခြင်း ဥပ္ပါဒသည် ဒုက္ခ အစစ်တည်း၊ ဤသို့ ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် "အာဒီနဝဉာဏ်" မည်၏၊ ပဝတ္တိ အခါ၌ သင်္ခါရတို့၏ စပ်ကာ စပ်ကာ ဖြစ်ခြင်း ပဝတ္တသည်....(လ)....ဥပါယာသသည် ဆင်းရဲခြင်း ဒုက္ခ အစစ်တည်း၊ ဤသို့ ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ဘယတုပဋ္ဌာန ပညာသည် "အာဒီနဝဉာဏ်" မည်၏။"

စတုတ္ထ ဝါရ ပြီး၏။

---

"သင်္ခါရတို့၏ နောင်အခါ ဖြစ်ခြင်း မရှိ၍ အနုပ္ပါဒ မည်သော နိဗ္ဗာန်သည် ချမ်းသာခြင်း သုခ စင်စစ်တည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏၊ ပဝတ္တ မရှိသဖြင့် အပ္ပဝတ္တ မည်သော နိဗ္ဗာန်သည်....(လ)....ဥပါယာသ မရှိသဖြင့် အနုပါယာသ မည်သော နိဗ္ဗာန်သည် ချမ်းသာခြင်း သုခ စင်စစ်တည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏။"

ပဉ္စမ ဝါရ ပြီး၏။

http://www.dhammadownload.com



"သင်္ခါရတို့၏ ဖြစ်ခြင်း ဥပ္ပါဒသည် ဒုက္ခတည်း၊ သင်္ခါရတို့၏ ဖြစ်ခြင်း မရှိသော အနုပ္ပါဒ နိဗ္ဗာန်သည် သုခတည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏၊ ပဝတ္တသည်....(လ)....ဥပါယာသသည် ဒုက္ခတည်း၊ အနုပါယာသ နိဗ္ဗာန်သည် သုခတည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏။"

ဆဋ္ဌ ဝါရ ပြီး၏။

---

"ဥပ္ပါဒသည် အာမိသ သုံးပါးနှင့် တကွ ဖြစ်၏၊ ဤသို့ ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ဘယတုပဋ္ဌာန ပညာသည် "အာဒီနဝဉာဏ်" မည်၏၊ ပဝတ္တသည်....(လ)....ဥပါယာသသည် သုံးပါးသော အာမိသနှင့် တကွ ဖြစ်၏၊ ဤသို့ သိသော ဘယတုပဋ္ဌာန ပညာသည် "အာဒီနဝဉာဏ်" မည်၏။"

သတ္တမ ဝါရ ပြီး၏။

---

"အနုပ္ပါဒသည် အာမိသ သုံးပါးမှ ကင်း၍၊ ဝါ— အာမိသ သုံးပါးမှ ကင်းသော နိရာမိသတည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏၊ အပ္ပဝတ္တသည်....(လ)....အနုပါယာသသည် နိရာမိသတည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏။"

အဋ္ဌမ ဝါရ ပြီး၏။

---

"ဥပ္ပါဒသည် အာမိသ သုံးပါးနှင့် တကွ ဖြစ်၏၊ အနုပ္ပါဒသည် အာမိသ သုံးပါးမှ ကင်း၏၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏၊ ပဝတ္တသည်....(လ)....ဥပါယာသသည် အာမိသ သုံးပါးနှင့် တကွ ဖြစ်၏၊ အနုပါယာသသည် နိရာမိသတည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏။"

နဝမ ဝါရ ပြီး၏။

http://www.dhammadownload.com



"ဥပ္ပါဒသည် သင်္ခါရတို့တည်း၊ ဤသို့ သိသော ဘယတုပဋ္ဌာန ပညာသည် "အာဒီနဝဉာဏ်" မည်၏၊ ပဝတ္တသည်….(လ)….ဥပါယာသသည် သင်္ခါရတို့တည်း၊ ဤသို့ သိသော ဘယတုပဋ္ဌာန ပညာသည် "အာဒီနဝဉာဏ်" မည်၏။"

ဒသမ ဝါရ ပြီး၏။

"အနုပ္ပါဒသည် နိဗ္ဗာန်တည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏၊ အပ္ပဝတ္တသည်….(လ)….အနုပါယာသသည် နိဗ္ဗာန်တည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏။"

ဧကာဒသမ ဝါရ ပြီး၏။

"ဥပ္ပါဒသည် သင်္ခါရတို့တည်း၊ အနုပ္ပါဒသည် နိဗ္ဗာန်တည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏၊ ပဝတ္တသည်….(လ)….ဥပါယာသသည် သင်္ခါရတို့တည်း၊ အနုပါယာသသည် နိဗ္ဗာန်တည်း၊ ဤသို့ သိသော ဉာဏ်သည် "သန္တိပဒဉာဏ်" မည်၏။"

ဒွါဒသမ ဝါရ ပြီး၏။

"ဥပ္ပါဒကိုငင်း, ပဝတ္တကိုငင်း, နိမိတ္တကိုငင်း, အာယူဟနကိုငင်း, ပဋိသန္ဓေကိုငင်း ဒုက္ခ ဟူ၍ ရှု၏၊ ဤ ဝတ္ထု ငါးပါး ရှိသော ဉာဏ်ကို အာဒီနဝဉာဏ် ဟူ၍ သိအပ်၏။"

"အနုပ္ပါဒ နိဗ္ဗာန်ကိုငင်း, အပ္ပဝတ္တ နိဗ္ဗာန်ကိုငင်း, အနိမိတ္တ နိဗ္ဗာန်ကိုငင်း, အနာယူဟန နိဗ္ဗာန်ကိုငင်း, အပ္ပဋိသန္ဓိ နိဗ္ဗာန်ကိုငင်း သုခ အစစ်ဟု ရှု၏၊ ဤ ဝတ္ထု ငါးပါး ရှိသော ဉာဏ်ကို သန္တိပဒဉာဏ် ဟူ၍ သိအပ်၏။"

ဝတ္ထုဆယ်ပါး ပြီး၏။

http://www.dhammadownload.com



"အပြစ် ဒေါသ အာဒီနဝ ဟူသော အာရုံ၌ ဖြစ်သော အာဒီနဝဉာဏ်သည် ငါးပါးသော ဝတ္ထုတို့၌ ဖြစ်၏၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ အမြိုက် နိဗ္ဗာန် အာရုံ၌ ဖြစ်သော သန္တိပဒဉာဏ်သည် ငါးပါးသော ဝတ္ထုတို့၌ ဖြစ်၏၊ ဤသို့ ဆယ်ပါးသော ဉာဏ်တို့ကို သိ၏၊ အာဒီနဝဉာဏ်, သန္တိပဒဉာဏ် နှစ်ပါးတို့၌ လိမ္မာသည်၏ အဖြစ်ကြောင့် အထူးထူးသော ဒိဋ္ဌိတို့ကြောင့် မတုန်မလှုပ်။"

"တံ ဉာတဋ္ဌေန ဉာဏံ, ပဇာနနဋ္ဌေန ပညာ, တေန ဝုစ္စတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏန္တိ။"

"ထိုသို့ သိသော ဉာဏ်သည် သိတတ်သော အနက်ကြောင့် ဉာဏ် မည်၏၊ အပြား အားဖြင့် သိတတ်သော အနက်ကြောင့် ပညာ မည်၏၊ ထို့ကြောင့် ဘယတုပဋ္ဌာန ပညာသည် အာဒီနဝဉာဏ် မည်၏ ဟူ၍ ဆိုအပ်၏။"

ဤသို့ ဟောတော်မူပြီ။

ထိုပါဠိတော်၌"သင်္ခါရတို့၏ ဖြစ်ခြင်း ဥပ္ပါဒ"ဆိုသည်ကား— ရှေး ဘဝ၌ ပြုအပ်သော ကံ ဟူသော အကြောင်းကြောင့် ဤ ပစ္စုပ္ပန် ဘဝ၌ သင်္ခါရတို့၏ ဖြစ်ခြင်းတည်း၊ "သင်္ခါရတို့၏ ဖြစ်ခြင်း ပဝတ္တ" ဆိုသည်ကား—ထို ရှေးဘဝ၌ ပြုအပ်သော ကံ ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရ၏ ပစ္စုပ္ပန်ဘဝ ပဝတ္တိ အခါ၌ ဖြစ်ခြင်းတည်း၊ "နိမိတ်" ဆိုသည်ကား—အစွန့် သုံးပါး၌ တည်သော ရုပ်, နာမ်, အဇ္ဈတ္တ, ဗဟိဒ္ဓ စသည် ဝေဘန်ခြင်း ရှိသော အလုံးစုံလည်း ဖြစ်သော သင်္ခါရ နိမိတ်တည်း၊ "အာယူဟန ကံ" ဆိုသည်ကား—နောင် အနာဂတ် ဘဝ၌ ပဋိသန္ဓေ၏ အကြောင်း ဖြစ်သော ယခု ပစ္စုပ္ပန်ဘဝ၌ ပြုသော ကံတည်း၊ "ပဋိသန္ဓေ" ဆိုသည်ကား—နောင် အနာဂတ်ဘဝ၌ ဖြစ်ခြင်းတည်း။

"ဂတိ" ဆိုသည်ကား—အကြင် ဂတိ၌ ပဋိသန္ဓေသည် ဖြစ်၏၊ နိရယဂတိ စသည် ငါးပါး အပြား ရှိသော ထို ဂတိသည်

http://www.dhammadownload.com



သုစရိုက် ဒုစရိုက်၏ အစွမ်းဖြင့် လားအပ်သည်၏ အဖြစ်ကြောင့် "ဂတိ" မည်၏၊ "ခန္ဓာတို့၏ ဖြစ်ရာ နိဗ္ဗတ္တိ" ဆိုသည်ကား— အလုံးစုံ ရှိရှိသမျှကုန်သော ခန္ဓာတို့၏ ဖြစ်ခြင်းတည်း၊ ဝိပါက်၏ ဖြစ်ခြင်း"ဥပပတ္တိ"ဆိုသည်ကား—သမာပတ်ဝင်စားသည်လည်း ဖြစ်သော ပဋိသန္ဓေ စွဲနေသည်လည်း ဖြစ်သော ဤသို့ ဟောတော်မူအပ်သော ဝိပါက်၏ ဖြစ်ခြင်းတည်း၊ "ဇာတိ" ဆိုသည်ကား— ဇရာ မရဏ စသည်တို့၏ အကြောင်း ဖြစ်၍ ဖြစ်သော ဘဝ ဟူသော အကြောင်းကြောင့် ဖြစ်သော ဇာတိတည်း၊ "ဇရာ မရဏ" စသည်တို့မှာ ထင်ရှားကုန်ပြီသာတည်း။

ဤ ပါဠိတော်၌လည်း ဥပ္ပါဒ အစရှိကုန်သော ငါးပါးတို့ကို သာလျှင် အာဒီနဝ ဉာဏ်၏ အာရုံဟု ဆိုအပ်သော ဖြစ်ရာ ဌာန၏ အစွမ်းဖြင့် ဟောတော်မူအပ်ကုန်၏၊ ကြွင်းသော ပုဒ်တို့ကို ထို ဥပ္ပါဒ စသော ငါးပုဒ်တို့၏ ဝေဝုစ်၏ အစွမ်းဖြင့် ဟောတော်မူ အပ်ကုန်၏၊ မှန်၏—"နိဗ္ဗတ္တိ, ဇာတိ" ဟူသော ဤ နှစ်ပုဒ် အပေါင်းသည် ဥပ္ပါဒ၏ငှင်း, ပဋိသန္ဓေ၏ငှင်း ဝေဝုစ်တည်း၊ "ဂတိ, ဥပပတ္တိ" ဟူသော ဤ နှစ်ပုဒ် အပေါင်းသည် ပဝတ္တ၏ ဝေဝုစ်တည်း၊ "ဇရာ" အစ ရှိသည်တို့သည် နိမိတ်၏ ဝေဝုစ်တို့ တည်း၊ ဤသို့ မှတ်အပ်၏၊ ထို့ကြောင့်—

> "ဥပ္ပါဒဉ္စ ပဝတ္တဉ္စ, နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
> အာယူဟနံ ပဋိသန္ဓိံ, ဉာဏံ အာဒီနဝေ ဣဒံ။"

ဟူသော စကားကိုငှင်း, "ဣဒံ အာဒီနဝေ ဉာဏံ, ပဉ္စ-ဋ္ဌာနေသု ဇာယတိ" ဟူသော စကားကိုငှင်း ဟောတော်မူခဲ့လေပြီ။

ထိုမှတပါး "အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ" ဤသို့ အစ ရှိသော စကားကို အနွယအားဖြင့် ပြအပ်သော အာဒီနဝ ဉာဏ်၏ ဆန့်ကျင်ဘက် ပဋိပက္ခဉာဏ်ကို ဗျတိရိက်အားဖြင့် ပြခြင်းငှါ ဟောတော်မူအပ်၏၊ တနည်းကား—သင်္ခါရတို့၏ ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းကြောင့် အပြစ်ကို မြင်၍

http://www.dhammadownload.com



ထိတ်လန့်သော နှလုံး ရှိသော ယောဂီတို့အား "ဘေး မရှိရာ သည်လည်း, ဘေးဥပဒ် ကုန်ရာသည်လည်း, အပြစ် မရှိသော တရားသည်လည်း ရှိပါပေ၏"ဟု ဤသို့ သက်သာခြင်းကို ဖြစ်စေခြင်း အကျိုးငှါလည်း ဤ "အနုပ္ပါဒေါ ခေမံ"စသော စကားကို ဟောတော်မူအပ်၏၊ တနည်းကား—ထို ယောဂီအား ဥပ္ပါဒ အစရှိသည်တို့သည် ကြောက်အပ်သည်၏ အဖြစ်ဖြင့် ကောင်းစွာ ထင်ကုန်၏၊ ထို ယောဂီအား ထို ဘယ၏ ဆန့်ကျင်ဘက် ဖြစ်သော အဘယသို့ ညွတ်သော စိတ်သည် ဖြစ်၏၊ ထို့ကြောင့် ကြောက်အပ်သည်၏ အဖြစ်ဖြင့် ထင်သည်၏ အစွမ်းဖြင့် ပြီးသော အာဒီနဝ ဉာဏ်၏ အာနိသင်ကို ပြခြင်းငှါလည်း ဤ "အနုပ္ပါဒေါ ခေမံ" စသော စကားကို ဟောတော်မူအပ်၏။

ဆက်ဦးအံ့—ဤ ပါဠိတော်၌ အကြင် ဥပ္ပါဒ အစရှိသည်သည် ကြောက်အပ်၏၊ ထို ဥပ္ပါဒ အစရှိသည်သည် အကြင့်ကြောင့် အမြဲအားဖြင့် ဒုက္ခတည်း၊ ထို နိယမအားဖြင့် ဒုက္ခ ဖြစ်သော ကြောက်အပ်သော သဘော ရှိသော ဥပ္ပါဒ စသည်သည် ဝဋ္ဋာမိသ, လောကာမိသ, ကိလေသာမိသ ဟူသော အာမိသ သုံးပါးတို့မှ မလွတ်သည်၏ အဖြစ်ကြောင့် အာမိသနှင့် တကွ ဖြစ်သည် သာတည်း၊ အကြင် ဥပ္ပါဒ စသော တရားသည်လည်း သာမိသတည်း၊ ထို သာမိသ ဖြစ်သော ဥပ္ပါဒ စသော တရားသည် အနည်းငယ် သင်္ခါရသာတည်း၊ ထိုသို့ ဘယဟု ဆိုအပ်သော ဥပ္ပါဒ စသည်၏ ဒုက္ခာဒိဘာဝ၌ ပြအပ်သည်၏ အဖြစ်ကြောင့် "ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ" ဤသို့ အစရှိသော စကားကို ဟောတော်မူအပ်၏။

ဤသို့ တပုဒ်ပုဒ်ဖြင့် ဒုက္ခ သဘော ဟူသော အနက်သည် ပြီးကောင်းသော်လည်း ကြောက်အပ်သည်၏ အဖြစ် ဟူသော အခြင်းအရာအားဖြင့် ဒုက္ခ ဟူသော အခြင်းအရာအားဖြင့် သာမိသ ဟူသော အခြင်းအရာအားဖြင့် ဤသို့ အခြင်းအရာ ထူးသော အားဖြင့် ဖြစ်ခြင်း အထူး၏ အစွမ်းဖြင့် ဤ ပုဒ်တို့၌ ဉာဏ်ထူးသည်၏ အဖြစ်ကို သိအပ်၏၊ "ဒသဉာဏေ ပဇာနာတိ၊ ဆယ်ပါး

http://www.dhammadownload.com



သော ဉာဏ်တို့ကို သိ၏" ဟူသည်ကား—အာဒီနဝဉာဏ်ကို သိသော ယောဂီသည် ဥပ္ပါဒ စသည် ဖြစ်ရာ ရှိကုန်သော ဉာဏ် ငါးပါးတို့၄င်း, အနုပ္ပါဒ စသည် ဖြစ်ရာ ရှိကုန်သော ဉာဏ် ငါးပါးတို့၄င်း ဤသို့ ဆယ်ပါးသော ဉာဏ်တို့ကို သိ၏, ထိုးထွင်း၍ သိ၏, မျက်မှောက် ပြု၏။

"အာဒီနဝဉာဏ်, သန္တိပဒဉာဏ် နှစ်ပါးတို့၌ လိမ္မာသည်၏ အဖြစ်ကြောင့်"ဆိုသည်ကား—အာဒီနဝ ဉာဏ်၌၄င်း, သန္တိပဒ ဉာဏ်၌၄င်း ဤ နှစ်ပါးသော ဉာဏ်တို့၌ လိမ္မာသည်၏ အဖြစ် ကြောင့် ဆိုလိုသည်၊ "အထူးထူးသော ဒိဋ္ဌိတို့ကြောင့် မတုန် မလှုပ်" ဆိုသည်ကား—လွန်မြတ်သော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ နိဗ္ဗာန် ရှိ၏၊ ဤသို့ စသော မိစ္ဆာ အယူ၏ အစွမ်းဖြင့် ဖြစ်ကုန်သော ဒိဋ္ဌိတို့ကြောင့် မတုန် မလှုပ်၊ ကြွင်းသော စကားသည် ဤ အာဒီနဝါနုပဿနာ ဉာဏ်၌ ပေါ်လွင် ထင်ရှား ပြီးသာလျှင်တည်း။

(၄) အာဒီနဝါနုပဿနာဉာဏ် ပြီး၏။

## (၅) နိဗ္ဗိဒါနုပဿနာဉာဏ်

ထို ယောဂီသည် ဤသို့ အလုံးစုံသော တေဘူမက သင်္ခါရ၌ အပြစ်အားဖြင့် ရှုသည် ဖြစ်၍ အလုံးစုံသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသတို့၌ ဖြစ်သော ပျက်စီးခြင်း သဘော နှင့်တကွ ဖြစ်သော သင်္ခါရ၌ အတွင်း ဝင်သော တေဘူမက တရား အပေါင်း၌ ငြီးငွေ့ခြင်းသို့ ရောက်၏, ဆန့်ကျင်၏, မမွေ့လျော်၊ ဥပမာကား—အနောတတ် အိုင်၏ အနောက် မျက်နှာ စိတ္တကူဋ် တောင်ခြေရင်း၌ မွေ့လျော်သော ရွှေဟင်္သာမင်းသည် မစင် ကြယ်သော ဒွန်းစဏ္ဍား ရွာတံခါး အနီး အိုင်ငယ်၌ မမွေ့လျော် သကဲ့သို့ အိုင်ကြီး ခုနစ်အိုင်တို့၌ သာလျှင် မွေ့လျော် သကဲ့သို့ ထို့အတူ ဤ ယောဂီသနင်း ဟင်္သာမင်းသည်လည်း ထက်ဝန်းကျင် ကောင်းစွာ မြင်အပ်သော အပြစ် ရှိသော ပျက်စီးခြင်း သဘောနှင့် တကွ ဖြစ်သော တေဘူမက သင်္ခါရ တရား အပေါင်း၌ မမွေ့

http://www.dhammadownload.com



လျော်၊ စင်စစ်သော်ကား ဘာဝနာ ဟူသော မွေ့လျော်ရာ ရှိသည်၏ အဖြစ်ကြောင့် ဘာဝနာ၌ မွေ့လျော် ပျော်ပိုက်သော ပီတိနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ခုနစ်ပါးသော အနုပဿနာ တို့၌ သာလျှင် မွေ့လျော်၏။

ဥပမာတပုံကား—ရွှေချိုင့်၌ လှောင်အပ်သော သားများ သနင်း ခြင်္သေ့မင်းသည် မမွေ့လျော် သကဲ့သို့ ယူဇနာ သုံးထောင် ကျယ်သော ဟိမဝန္တာ၌ သာလျှင် စင်စစ် မွေ့လျော် သကဲ့သို့ ထို့အတူ ဤ ယောဂီ သနင်း ခြင်္သေ့မင်းသည်လည်း ကာမ သုဂတိ စသော သုဂတိ ဘုံသုံးတန်၌လည်း မမွေ့လျော်၊ စင်စစ်သော်ကား အနုပဿနာ သုံးပါးတို့၌ သာလျှင် မွေ့လျော် ၏၊ ဥပမာတထုံးကား—ငွေတောင် အတူ ကိုယ်လုံး ဖြူသော လက်ခြေ လေးဘက် အမြီး နှာမောင်း အင်္ဂါဇာတ် အားဖြင့် ဤ ခုနစ်ပါးသော အင်္ဂါတို့ဖြင့် မြေ၌ တည်သော တန်ခိုး ကြီးသော ကောင်းကင်သို့ ပျံသွားနိုင်သော ဆဒ္ဒန် ဆင်မင်းသည် မြို့လယ်၌ မမွေ့လျော်၊ ဟိမဝန္တာတော ဆဒ္ဒန် အိုင်၌သာလျှင် မွေ့လျော် သကဲ့သို့ ထို့အတူ ဤ ယောဂီ ဆင်မြတ်သည်လည်း အလုံးစုံလည်း ဖြစ်သော တေဘူမက သင်္ခါရ၌ မမွေ့လျော်၊ "အနုပ္ပါဒေါ ခေမံ" ဤသို့ အစရှိသော နည်းဖြင့် နှလုံးသွင်းခြင်း ရှေးရှိသော အလျော် ဟူသော ဉာဏ်ဖြင့် မြင်အပ်သော သင်္ခါရ ရှိရှိသမျှ အားလုံးတို့၏ ငြိမ်းရာ အမြိုက် နိဗ္ဗာန်၌ သာလျှင် မွေ့လျော်၏၊ ထို သန္တိပဒ၌ ညွတ်သော ထို သန္တိပဒ၌ ကိုင်းသော ထို သန္တိပဒ၌ ရှိုင်းသော စိတ်ရှိသည် ဖြစ်၏။

(၅) နိဗ္ဗိဒါနုပဿနာဉာဏ်ပြီး၏။

---

## (၆) မုဉ္စိတုကမျတာဉာဏ်

ထို နိဗ္ဗိဒါဉာဏ်သည် ရှေးဖြစ်သော ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝါနုပဿနာဉာဏ် နှစ်ပါးနှင့် အနက်အားဖြင့် တူ၏၊ ထို့ကြောင့် ရှေးဆရာတို့သည်—

http://www.dhammadownload.com



"ဘယတုပဋ္ဌာနံ ဧကမေဝ တိဏ္ဏံ နာမာနိ လဘတိ၊ သဗ္ဗသင်္ခါရေ ဘယတော အဒ္ဒသာတိ ဘယတုပဋ္ဌာနံ နာမ ဇာတံ၊ တေသု ယေဝ သင်္ခါရေသု အာဒီနဝံ ဥပ္ပါဒေတီတိ အာဒီနဝါနုပဿနာ နာမ ဇာတံ၊ တေသု ယေဝ သင်္ခါ-ရေသု နိဗ္ဗိန္ဒမာနံ ဥပ္ပန္နန္တိ နိဗ္ဗိဒါနုပဿနာ နာမ ဇာတံ။"

"ဘယတုပဋ္ဌာနဉာဏ် တပါးသည် ပင်လျှင် အမည် သုံးပါးတို့ကို ရ၏၊ အလုံးစုံသော သင်္ခါရတို့ကို ကြောက်အပ်သည်၏ အဖြစ်ဖြင့် မြင်ပြီ၊ ထို့ကြောင့် ဘယတုပဋ္ဌာန ဉာဏ်မည်သည် ဖြစ်၏၊ ထို တေဘူမက သင်္ခါရတို့၌ သာလျှင် အပြစ်ကို ထင်ရှားပြု၏၊ ထို့ကြောင့် အာဒီနဝါ-နုပဿနာ မည်သည် ဖြစ်၏၊ ထို တေဘူမက သင်္ခါရတို့၌ သာလျှင် ငြီးငွေ့သည် ဖြစ်၍ ဖြစ်၏, ထို့ကြောင့် နိဗ္ဗိဒါ-နုပဿနာ မည်သည် ဖြစ်၏။"

ဟူ၍ ဆိုတော်မူကြကုန်ပြီ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လည်း "ယာ စ ဘယတုပဋ္ဌာနေ ပညာ, ယဉ္စ အာဒီနဝေ ဉာဏံ, ယာ စ နိဗ္ဗိဒါ ဣမေ ဓမ္မာ ဧကဋ္ဌာ, ဗျဉ္ဇနမေဝ နာနံ"ဟူ၍ ဟောတော်မူအပ်၏၊ "ကြောက်အပ်သော အားဖြင့် ထင်ခြင်း၌ အကြင် ပညာသည်ငှင်း, အကြင် အာဒီနဝ ဉာဏ်သည်ငှင်း, အကြင် နိဗ္ဗိဒါ ဉာဏ်သည်ငှင်း ဤ တရား သုံးပါး တို့သည် အနက်အားဖြင့် တူကုန်၏, သဒ္ဒါမျှသည် သာလျှင် ထူး၏။"

ဆက်၍ ဆိုအံ့—ဤ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သော ဆန့်ကျင် သော သင်္ခါရ၌ မမွေ့လျော်သော ဤ အမျိုးကောင်းသားအား အလုံးစုံသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ တို့၌ ဖြစ်ကုန်သော ပျက်ခြင်း သဘော ရှိကုန်သော သင်္ခါရ တို့တွင် တခုသော သင်္ခါရ၌လည်း စိတ်သည် မငြိ, မကပ်, မဖွဲ့အပ်၊ အလုံးစုံ သော သင်္ခါရတို့၌ အတွင်း ဝင်သော တရား အပေါင်းမှ

http://www.dhammadownload.com



လွှတ်ခြင်းငှါ အလိုရှိသည် ဖြစ်၏၊ ထွက်မြောက်ခြင်းငှါ အလိုရှိသည် ဖြစ်၏။

အဘယ်ကဲ့သို့နည်း၊ ဥပမာ မည်သည်ကား—ကွန်၏ အတွင်းသို့ ဝင်ရောက်သော ငါးရင်း, မြွေခံတွင်းသို့ ဝင်ရောက်သော ဖားရင်း, ချိုင့်လှောင်အပ်သော တောကြက်ရင်း, မြဲစွာ ဖွဲ့သော ကျော့ကွင်းနိုင်ငံသို့ လိုက်ရသော သမင်ရင်း, အလမ္ပာယ်၏ လက်ထဲသို့ ရောက်သော မြွေရင်း, ကြီးစွာသော ညွန်တွင်းသို့ သက်ဆင်းမိသော ဆင်ရင်း, ဂဠုန်မင်း၏ ခံတွင်းသို့ ရောက်သော နဂါးမင်းရင်း, ရာဟု အသူရိန် ခံတွင်းသို့ ရောက်သော လရင်း, ရန်သူတို့က ဝန်းဝိုင်း ခြံရံအပ်သော ယောက်ျားရင်း ဤသို့ အစ ရှိသော သူတို့သည် ထိုထို ကွန် အစရှိသော အနှောင် အဖွဲ့မှ လွှတ်လိုကုန်သည် ထွက်မြောက်လိုကုန်သည် သာလျှင် ဖြစ်သကဲ့သို့ ထို့အတူ ထို ယောဂီ သူမြတ်၏ စိတ်သည် ခပ်သိမ်းသော သင်္ခါရ၌ အတွင်း ဝင်သော တေဘူမက တရား အပေါင်းမှ လွှတ်လိုသည် ဖြစ်၏၊ ထွက်မြောက်လိုသည် ဖြစ်၏၊ ထိုအခါ၌ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် အလုံးစုံသော သင်္ခါရတို့၌ အာလယ ကင်းသော ခပ်သိမ်းသော သင်္ခါရ၌ အတွင်း ဝင်သော တရား အပေါင်းမှ လွှတ်ခြင်းငှါ အလိုရှိသော ထို ယောဂီအား မုဉ္စိတုကမျတာ ဉာဏ်သည် ဖြစ်၏။

(၆) မုဉ္စိတု ကမျတာ ဉာဏ် ပြီး၏။

---

## (၇) ပဋိသင်္ခါနုပဿနာဉာဏ်

ထို ယောဂီသည် ဤ ဆိုလတ္တံ့သော နည်းဖြင့် အလုံးစုံသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ ကိုးပါးတို့၌ ဖြစ်ကုန်သော ဖျက်ခြင်း သဘော ရှိကုန်သော သင်္ခါရတို့မှ လွှတ်လိုသည် ဖြစ်၍ အလုံးစုံသော သင်္ခါရ၌ အတွင်း ဝင်သော တရား အပေါင်းမှ လွှတ်ခြင်းငှါ တဖန် ထို တေဘူမက သင်္ခါရ

http://www.dhammadownload.com



တို့ကို ဤ ဆိုလတ္တံ့သော အခြင်း အရာအားဖြင့် ပဋိသင်္ခါနုပဿနာ ဉာဏ်ဖြင့် လက္ခဏာရေး သုံးပါးကို တင်၍ သိမ်းဆည်း၏။

ထို ယောဂီသည် အလုံးစုံသော သင်္ခါရတို့ကို တပါးသော အစွန်းကို လွန်နိုင်သော သဘော မဟုတ်သည်၏ အဖြစ်ကြောင့်၊ ဝါ—တပါးသော အစွန်းကို မလွန်နိုင်သည်၏ အဖြစ်ကြောင့်၊ အခိုက် အတန့်မျှ၏ အဖြစ်ကြောင့်၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့်၊ ဗျာဓိ, ဇရာ, မရဏတို့ဖြင့် ပေါက်ကွဲ ပျက်စီးသည်၏ အဖြစ်ကြောင့်၊ ဇာတိ, ဇရာ, မရဏ, လာဘ, အလာဘ စသော လောကဓံတို့ဖြင့် တုန်လှုပ်သည်၏ အဖြစ်ကြောင့်၊ ပျက်စီးခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့်၊ မြဲသော သဘော မရှိခြင်းကြောင့်၊ ဇရာ, မရဏ ဟူသော နှစ်ပါးသော အဘို့ဖြင့် ဖောက်ပြန်ခြင်း သဘော ရှိခြင်းကြောင့်၊ အနှစ် မဟုတ် အကာနှင့် တူခြင်းကြောင့်၊ အစီး အပွါး ကင်းခြင်းကြောင့်၊ ဟေတု အကြောင်း, ပစ္စယ အကြောင်းတို့သည် ပေါင်းစု၍ ပြုပြင်အပ်သည်၏ အဖြစ်ကြောင့်၊ သေခြင်းပျက်ခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်၊ ဤသို့ အစ ရှိကုန်သော အကြောင်းတို့ကြောင့် အနိစ္စ မည်၏, ဤသို့ ရှု၏။

မပြတ် မလပ် အဖန်ဖန် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၊ သည်းခံနိုင်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခ၏ တည်ရာ ဝတ္ထု၏ အဖြစ်ကြောင့်၊ "ယာပျ" အနာ ဟူသော မူလ ရောဂါနှင့် တူသည်၏ အဖြစ်ကြောင့်၊ အိုင်းအမာနှင့် တူသည်၏ အဖြစ်ကြောင့်၊ မြှားငြောင့်နှင့် တူသည်၏ အဖြစ်ကြောင့်၊ အစီး အပွါး မဲ့ကို ဆောင်သည်၏ အဖြစ်ကြောင့်၊ "ယာပျ" အနာ ဟူသော မူလ ရောဂါမှ တပါးသော ပြင်းပြ သည်းစွာသော အနာ၏ အဖြစ်ကြောင့်၊ များစွာသော ဗျသနကို ဆောင်သည် ဖြစ်၍ အသစ် အာဂန္တုက အကုသိုလ် အသင်း အပင်း ပျက်စီးခြင်း အကြောင်း၏ အဖြစ်ကြောင့်၊ အထူးထူး အပြားပြား များစွာသော အကျိုးမဲ့တို့ကို ဆောင်တတ်သည်၏ အဖြစ်ဖြင့် အလုံးစုံသော

http://www.dhammadownload.com



ဥပ္ပဒ္ဒဝေါ၏ တည်ရာ ဝတ္ထု၏ အဖြစ်ကြောင့်၊ ဘေး ခပ်သိမ်းတို့၏ တည်ရာ အဖြစ်ကြောင့်၊ အကျိုးမဲ့တို့သည် အစဉ် လိုက်အပ်သည် ဖြစ်၍ ငြိတွယ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်၊ ဝါ—ရာဂစသော အပြစ်တို့နှင့် ကပ်ငြိခြင်း မကင်းသည်၏ အဖြစ်ကြောင့်၊ ဘေးရန်ကို မစောင့် မရှောက် နိုင်သည်၏ အဖြစ်ကြောင့်၊ ခိုမှီး ပုန်းအောင်းရာ မဟုတ်သည်၏ အဖြစ်ကြောင့်၊ ကိုးကွယ်ရာ မဟုတ်သည်၏ အဖြစ်ကြောင့်၊ အပြစ် ဒေါသ၏ အဖြစ်ကြောင့်၊ ဝါ—အထီး ကျန်သော သူနှင့် တူသည်၏ အဖြစ်ကြောင့်၊ မကောင်းမှု၏ အကြောင်း မူလ၏ အဖြစ်ကြောင့်၊ အဆွေခင်ပွန်း မျက်နှာ ကဲ့သို့ ချိုသော မျက်နှာ ရှိသည် ဖြစ်၍ အကျွမ်းဝင်သော သူကို သတ်တတ်သော သူသတ် ရန်သူနှင့် တူသည်၏ အဖြစ်ကြောင့်၊ အာသဝေါ တရား၏ အာရုံ၏ အဖြစ်ကြောင့်၊ မစ္စုမာရ ကိလေသမာရ်တို့၏ အစာ အာမိသ၏ အဖြစ်ကြောင့်၊ ဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်၊ ရင့်ခြင်း ဟောင်းခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်၊ နာခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်၊ စိုးရိမ်ခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်၊ ငိုကြွေးခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်၊ လွန်စွာပင်ပန်းခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်၊ တဏှာ သံကိလေသိက, ဒိဋ္ဌိ သံကိလေသိက, ဒုစ္စရိတသံကိလေသိကတို့၏ အာရုံ၏ အဖြစ်တည်းဟူသော သဘော၏ အဖြစ်ကြောင့် ဤသို့ အစ ရှိကုန်သော အကြောင်းတို့ကြောင့် ဒုက္ခ မည်ကုန်၏, ဤသို့ ရှု၏။

မနှစ်သက်ဘွယ် ရှိသည် ဖြစ်၍ မတင့်တယ်သည်၏ အဖြစ်ကြောင့်၊ မကောင်းသော အနံ့ ရှိသည်၏ အဖြစ်ကြောင့်၊ ရွံရှာ စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့်၊ နှစ်သက်ခြင်းမှ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၊ ဝတ်စား တန်ဆာ မဆင်သဖြင့် ထို သဘာဝရတို့၏ သုဘ အဖြစ်ကို ပယ်ဖျောက်ခြင်းငှါ တတ်ကောင်းသည်၏ အဖြစ်ကြောင့်၊ မကောင်းသည်၏ အဖြစ်ကြောင့်၊ ပဋိဃသံယောဇဉ်၏ ဝတ္ထု၏ အဖြစ်ဖြင့် ရှုကုန်သော သူတို့ကို မိမိ၌ဖွဲ့တတ်သည်၏ အဖြစ်ကြောင့် ဤသို့ အစ ရှိကုန်သော အကြောင်း

http://www.dhammadownload.com



တို့ကြောင့် ဒုက္ခလက္ခဏာ၏ အခြံ အရံ ဖြစ်၍ ဖြစ်သော အသုဘ အားဖြင့် ရှု၏။

ပြင်ပသူစိမ်းနှင့် တူသည်၏ အဖြစ်ကြောင့်၊ ရိတ္တ, သုဘ, သုခ, အတ္တ စသည် အဖြစ်မှ ဆိတ်သည်၏ အဖြစ်ကြောင့်၊ အချည်းနှီး၏ အဖြစ်ကြောင့်၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တမှ ဆိတ်သည်၏ အဖြစ်ကြောင့်၊ အရှင် မရှိသည်၏ အဖြစ်ကြောင့်၊ အစိုး မရ သည်၏ အဖြစ်ကြောင့်၊ အလိုသို့ မလိုက်တတ်သည် ၏ အဖြစ်ကြောင့် ဤသို့ အစရှိကုန်သော အကြောင်းတို့ကြောင့် အနတ္တအားဖြင့် ရှု၏။

**အကျိုး အာနိသင်ကား**—ဤသို့ ရှုသော ဤ ယောဂီသည် လက္ခဏာရေး သုံးပါးကို တင်၍ သင်္ခါရတို့သည် သိမ်းဆည်း အပ်သည် မည်ကုန်သည် ဖြစ်ကုန်၏၊ အဘယ့်ကြောင့် ဤ ယောဂီသည် ထို သင်္ခါရတို့ကို ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် သိမ်းဆည်းသနည်း—တဖန် မလိုက်ခြင်း ကောင်းစွာ လွတ်ခြင်း မုစ္စန၏၊ ဝါ—အလွတ်ကြီး လွတ်ခြင်း၏ အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို ကောင်းစွာ သိမ်းဆည်းခြင်း ထက်ဝန်းကျင် နယ်ချေခြင်းဟု ဆိုအပ်သော အကြောင်း၏ ပြည့်စုံခြင်း အကျိုးငှါ သိမ်းဆည်း၏၊ ထို မုစ္စန ဥပါယ ပြည့်စုံ စေခြင်းငှါ သင်္ခါရတရားတို့ကို သိမ်းဆည်းခြင်း၌ ဤ ဆိုလတ္တံ့ သည်ကား ဥပမာတည်း။

**တံငါသား တယောက်သည်** "ငါးတို့ကို ဖမ်းအံ့" ဟု ငါးအုပ်သော ဆောင်းကို၊ ဝါ—ငါးထောင်သော မြှုံးကို ယူ၍ ရေ၌ နှစ်သတတ်၊ ထို တံငါသားသည် မြှုံးဝဖြင့် လက်ကို သွင်း၍ ရေထဲ၌ ရေမြွေဟောက်ကို လည်၌ ကိုင်ဆုပ်၍—"ငါသည် ငါးကို ဖမ်းမိပြီ" ဟု နှစ်သက် ရွှင်လန်း ဝမ်းမြောက်၏၊ ထို တံငါသားသည် "ရောမ ငါးကြီးကို ငါ ရပေပြီတကား" ဟု လက်ကို မြှောက်ပင့် ချီကြွ၍ ကြည့်ရှုလတ်သော် လည်ရေး သုံးရစ်ကို မြင်သဖြင့် ရေမြွေဟောက်ဟု သိလတ်၍ ကြောက်လန့် သဖြင့် ရောက်လတ္တံ့သော အပြစ်ဘေးကို မြင်သောကြောင့်

http://www.dhammadownload.com



အကြင် အကြင် ဖမ်းအပ်သော မြွေကို မစွန့်မူ၍ ယူခြင်း၌ ငြီးငွေ့သည် ဖြစ်၍ လွှတ်လိုသည်ဖြစ်၍ လွှတ်ခြင်း၏ အကြောင်းကို ပြုလျက် အမြီးဖျားမှ စ၍ မြွေသည် မိမိ၏ ကိုယ်ဖြင့် ရစ်ပတ်ထားသော လက်ကို ဖြည်၍ လက်မောင်းကို မြှောက်၍ ဦးခေါင်းအထက်၌ နှစ်ကြိမ် သုံးကြိမ် ပတ်ပတ် လှည့်လျက် မြွေကို အားနည်းအောင်ပြု၍ ပြီးမှ—"ဟယ် ဆိုးယုတ် ပျက်ချော်သော မြွေ, သွားချင်ရာ သွားလေတော့" ဟု စွန့်လွှတ်၍ လျင်မြန်စွာ ကန်ပေါင်သို့ တက်၍ "အို အချင်းတို့—ငါသည် မြွေဆိုးကြီး၏ ခံတွင်းမှ လွတ်ရ ပေပြီတကား" ဟု ဆို၍ လာသော ခရီးကို ကြည့်လျက် တည်၏။

ထို ဥပမာ၌ ထို တံငါသား၏ ငါးဟူ၍ ရေမြွေဟောက်ကို လည်၌ ဆုပ်၍ နှစ်သက်သော အခါကဲ့သို့ ဤ ယောဂီအားလည်း အစ၌ သာလျှင် အတ္တဘောကို ရ၍ နှစ်သက်သော ကာလကို မှတ်အပ်၏၊ ထို တံငါသား၏ ဆောင်းဝမှ မြွေဦးခေါင်းကို ထုတ်၍ လည်ရေး သုံးခုကို မြင်သကဲ့သို့ ဤ ယောဂီ၏ သမူဟဃန, ကိစ္စဃန, အာရမ္မဏဃန သုံးပါး ခွဲခြား ဝေဘန်ခြင်းကို ပြု၍ တေဘူမက သင်္ခါရတို့၌ လက္ခဏာရေး သုံးပါးကို မြင်ခြင်းကို မှတ်အပ်၏။

ထို တံငါသား၏ ကြောက်သော ကာလကဲ့သို့ ဤ ယောဂီ၏ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်၏၊ ထို မြွေဟောက်ဟု သိသော အခါမှ စ၍ မြွေကြောင့် ဖြစ်လတ္တံ့သော အပြစ်ကို ရှုခြင်းကဲ့သို့ အာဒီနဝါနုပဿနာဉာဏ်ကို ရှုအပ်၏၊ ကိုင်သော မြွေကို မလွှတ်မူ၍ ယူခြင်း၌ ငြီးငွေ့သကဲ့သို့ နိဗ္ဗိဒါနုပဿနာဉာဏ်ကို မှတ်အပ်၏၊ မြွေကို လွှတ်လိုသော အဖြစ်ကဲ့သို့ မုစ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။

လွှတ်ခြင်း၏ လွှတ်ရအံ့သော အကြောင်းကို ပြုသကဲ့သို့ ပဋိသင်္ခါနုပဿနာ ဉာဏ်ဖြင့် တေဘူမက သင်္ခါရတို့၌ လက္ခဏာရေး သုံးပါးကို တင်ခြင်းကို မှတ်အပ်၏၊ ထို့ထက် ထင်ရှားစေအံ့—ထို တံငါသည် မြွေကို ဦးခေါင်းပေါ်၌ ပတ်ပတ် လှည့်၍

http://www.dhammadownload.com



အားနည်းအောင် ပြု၍ ပြန်မကိုက်နိုင်အောင် ပြု၍ ကျွတ်ကျွတ်လွတ်လွတ် လွှတ်ပစ်သကဲ့သို့ ထို့အတူ ဤ ယောဂီသည် ...ဏာဝရေး သုံးပါးကို တင်သဖြင့် သင်္ခါရတို့ကို ပတ်ပတ် ...၍ အားနည်းအောင် ပြု၍ တဖန် နိစ္စ အခြင်းအရာ, သုခ အခြင်းအရာ, သုဘ အခြင်းအရာ, အတ္တ အခြင်းအရာဖြင့် ထင်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကို ရောက်စေ၍ ကျွတ်ကျွတ်လွတ်လွတ် စွန့်လွှတ်၏၊ ထို့ကြောင့်—

"မုစ္စိတုကမျတာ ဥပါယသမ္ပဒါနတ္ထံ ဝေ ပရိဂ္ဂဏှာတိ"

"တဖန် မလိုက်ခြင်း ကောင်းစွာ လွှတ်ခြင်း မုစ္စန၏၊ ဝါ—အလွှတ်ကြီး လွှတ်ခြင်း၏ အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို ကောင်းစွာ သိမ်းဆည်းခြင်း ထက်ဝန်းကျင် နယ်ချေခြင်းဟု ဆိုအပ်သော အကြောင်း၏ ပြည့်စုံခြင်း အကျိုးငှါ သိမ်းဆည်း၏။"

"အနိစ္စန္တိကတော" တပါးသော အစွမ်းကို မလွန်နိုင်သည်၏ အဖြစ်ကြောင့် ဤသို့ အစရှိသော အခြင်းအရာ လေးဆယ်ကျော်တို့ဖြင့် သင်္ခါရတို့၏ အနိစ္စ စသည်၏ အဖြစ်ကို ကောင်းစွာ မှတ်သည်၏ အစွမ်းဖြင့် ဖြစ်သော ဆင်ခြင် သုံးသပ်ခြင်းဖြင့် ထို ယောဂီအား ပဋိသင်္ခါဉာဏ် ဖြစ်ခြင်းသည် ထင်ရှား၏၊ အကြင် ပဋိသင်္ခါဉာဏ်ကို ရည်၍—

"အနိစ္စတော မနသိကရောတော ကိံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ၊ ဒုက္ခတော အနတ္တတော မနသိကရောတော ကိံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ၊ အနိစ္စတော မနသိ-ကရောတော နိမိတ္တံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ၊ ဒုက္ခတော မနသိကရောတော ပဝတ္တံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ၊ အနတ္တ-တော မနသိကရောတော နိမိတ္တဉ္စ, ပဝတ္တဉ္စ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ။"

ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



"အနိစ္စအားဖြင့် နှလုံးသွင်းသော ယောဂီအား အဘယ်ကို သိ၍ ဉာဏ်သည် ဖြစ်သနည်း—ဒုက္ခအားဖြင့်, အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီအား အဘယ်ကို သိ၍ ဉာဏ်သည် ဖြစ်သနည်း—အနိစ္စအားဖြင့် နှလုံးသွင်းသော ယောဂီအား နိမိတ်ကို သိ၍ ဉာဏ်သည် ဖြစ်၏၊ ဒုက္ခအားဖြင့် နှလုံးသွင်းသော ယောဂီအား ပဝတ္တကို သိ၍ ဉာဏ်သည် ဖြစ်၏၊ အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီအား နိမိတ်ကိုလည်း, ပဝတ္တကိုလည်း သိ၍ ဉာဏ်သည် ဖြစ်၏။"

အဖွင့်ကို ဆိုအံ့—ဤ ပါဠိတော်၌ "နိမိတ်ကို သိ၍" ဆိုသည်ကား—သင်္ခါရ နိမိတ်ကို မမြဲ မမြဲ မခိုင် မခံ့ အခိုက် အတန့် တသက်လျှာမျှတည်းဟု အနိစ္စလက္ခဏာ၏ အစွမ်းဖြင့် သိ၍ ရှေးဦးစွာ သိပြီး၍ နောက်မှ ဉာဏ်သည် အကယ်၍ကား မဖြစ်၏ရှင့်၊ ထိုသို့ပင် မဖြစ်သော်လည်း သဒ္ဒဝေါဟာရ သဒ္ဒ-မျှဟာ၏ အစွမ်းဖြင့် "မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနော-ဝိညာဏန္တိ" ဤသို့ အစရှိသော ပြယုဂ်တို့ကဲ့သို့ ထိုအတူ ဤ အရာ၌လည်း "ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ" ဟူ၍ ဟောတော်မူ၏။

တနည်းတုံ ဧကတ္တနည်းဖြင့် ရှေးဖြစ်သော သိခြင်း ကြိယာကိုလည်း, နောက်ဖြစ်သော ဥပ္ပဇ္ဇန ကြိယာကိုလည်း တပေါင်းတည်း ပြု၍ ဤသို့ "ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ" ဟူ၍ ဟောတော်မူအပ်၏၊ ဤနည်းဖြင့် ဤမှ တပါးသော "ပဝတ္တံ ပဋိသင်္ခါ, နိမိတ္တဉ္စ ပဝတ္တဉ္စ ပဋိသင်္ခါ" ဟူသော ပုဒ်နှစ်ခု အပေါင်း၌လည်း အနက်ကို သိအပ်၏။

(၇) ပဋိသင်္ခါနုပဿနာဉာဏ်ပြီး၏။

## (၈) သင်္ခါရုပေက္ခာဉာဏ်

ထို ယောဂီသည် ဤသို့သော နည်းဖြင့် ပဋိသင်္ခါနုပဿနာ ဉာဏ်ဖြင့် အလုံးစုံသော သင်္ခါရတို့သည် အတ္တမှ ဆိတ်သုန်း၏ ဟု သိမ်းဆည်း၍ တဖန် ဤ တရား သဘောသည် အတ္တမှလည်း,

http://www.dhammadownload.com



အတ္တနှင့် စပ်သော ဥစ္စာမှဒင်း ဆိတ်၏ ဟု နှစ်ပါးသော အဘို့ ရှိသော သုညတ အဖြစ်ကို ပညာဖြင့် သိမ်းဆည်း၏၊ ထို ယောဂီသည် ဤသို့ အတ္တ၏ မရအပ်သည်၏ အဖြစ်ကြောင့် မိမိမှ တပါး သော တစုံတခုသော သတ္တဝါ သင်္ခါရကို မိမိ၏ သုခ ဒုက္ခကို ပြီးစေတတ်သော ပရိက္ခာရ၏ အဖြစ်၌ ဟည့်သည်ကို မမြင်မူ၍ တဖန် ငါသည် တစုံတခုသော ဌာန၌၊ ဝါ—ကာလ၌၊ ဝါ— အဇ္ဈတ္တ, ဗဟိဒ္ဓမ္မ၌ အတ္တကို မမြင်။

မိမိ၏ အတ္တကို တစုံတယောက်သော သူတပါး၏ ကြောင့်ကြ အပ်သော ဥစ္စာ၏ အဖြစ်၌ ဆောင်အပ်သည်ကို မမြင်၊ တစုံတခု သော ဌာန, ကာလ, ဓမ္မ၌ သူတပါး၏လည်း အတ္တကို မမြင်၊ သူတပါး၏ အတ္တသည် ငါ၏ တစုံတခုသော အဇ္ဈတ္တ, ဗဟိဒ္ဓ၌ ကြောင့်ကြအပ်သော ပရိက္ခာရ၏ အဖြစ်၌ ရှိ၏ ဟူ၍ မမြင်၊ ဤသို့ ဤ သုညတာနုပဿနာ အရာ၌ အစွန်း အဘို့ လေးပါး ရှိသော အကြင် သုညတ အဖြစ်ကို ဟောတော်မူ၏၊ ထို သုညတ အဖြစ် လေးပါးကို သိမ်းဆည်း၏။

အဘယ်သို့ သိမ်းဆည်းသနည်း၊ ရှေ့ဦးအံ့—ဤ ယောဂီသည် "နာဟံ ကွစနိ" "ငါသည် တစုံတခုသော ဌာန, ကာလ, ဓမ္မ၌ အတ္တကို မမြင်" ဆိုသည်ကား—တစုံတခုသော ဌာန, ကာလ, ဓမ္မ၌ အတ္တကို မမြင်၊ "ကဿစိ ကိဉ္စနတသ္မိံ" ဟူသည်ကား— မိမိ၏ အတ္တကို တစုံတယောက်သော သူတပါး၏ ကြောင့်ကြ အပ်သော ပရိက္ခာရ၏ အဖြစ်၌ ဆောင်အပ်သည်ကို မမြင်၊ အစ်ကို ညီသား အရာ၌မူလည်း အစ်ကို ညီသားဟူ၍ အဆွေခင်ပွန်း အရာ၌မူလည်း အဆွေခင်ပွန်း မိတ်ဆွေ ဟူ၍ ပရိက္ခာရ အရာ၌ မူလည်း ပရိက္ခာရ ဟူ၍ အောက်မေ့၍ ဆောင်အပ်သည်ကို မမြင်၊ ဤကား အနက်တည်း။

"န စ မမ ကွစနိ" ဟူသော ဤပုဒ်၌ "မမ" သဒ္ဒါကို ရှေးဦးစွာ ချန်ထား၍ တစုံတခုသော ဌာန, ကာလ, ဓမ္မ၌ မိမိမှ တပါး၏လည်း အတ္တကို မမြင်၊ ဤကား အနက်တည်း၊ ယခု အခါ၌ "မမ" သဒ္ဒါကို ဆောင်၍ "မမ ကိသ္မိဉ္စိ ကိဉ္စန အတ္တိ"

http://www.dhammadownload.com



ဟူသည်ကား—ထို ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိမှ တပါးသော သူ၏ အတ္တသည် ငါ၏ တစုံတခုသော ဌာန, ကာလ, ဓမ္မ၌ ကြောင့်ကြအပ်သော ပရိက္ခရာ၏ အဖြစ်၌ ရှိ၏ ဟူ၍ မမြင်၊ ဤကားအနက်တည်း၊ မိမိ၏ ညီ အစ်ကို သားချင်း အရာ၌ ညီ အစ်ကို သားချင်း ဟူ၍ အဆွေ ခင်ပွန်း အရာ၌ အဆွေ ခင်ပွန်း ဟူ၍ ပရိက္ခာရ အရာ၌ ပရိက္ခာရ ဟူ၍ ဤသို့ တစုံတခုသော ဌာန၌ မိမိမှ တပါးသော သူ၏ ကိုယ်ကို ဤ ကြောင့်ကြအပ်သော ဥစ္စာ၏ အဖြစ်ဖြင့်ဆောင်အပ်သည်ကို မမြင်၊ ဤကား အနက်တည်း။

ဤသို့ ဤ ယောဂီသည် အကြင့်ကြောင့် တစုံတခုသော အဇ္ဈတ္တ, ဗဟိဒ္ဓ ဓမ္မ၌ အတ္တကို မမြင်၊ ထို အတ္တကို မိမိမှ တပါးသော သူ၏ ကြောင့်ကြအပ်သော ဥစ္စာ၏ အဖြစ်၌ ဆောင်အပ်သည်ကို မမြင်၊ မိမိမှ တပါးသော သူ၏ အတ္တကို မမြင်၊ ထို မိမိမှ တပါးသော သူ၏ သာလျှင် အတ္တကို မိမိ၏ ကြောင့်ကြအပ်သော ဥစ္စာ အဖြစ်၌ ဆောင်အပ်သည်ကို မမြင်၊ ထိုကြောင့် ဤ ယောဂီ သည် အစွန်း အဘို့ လေးပါး ရှိသော သုညတ၏ အဖြစ်ကို ပညာဖြင့် သိမ်းဆည်းအပ်သည်ဖြစ်၏။

ဤသို့ ပြဆိုပြီးသော နည်းဖြင့် အစွန်း အဘို့ လေးပါး ရှိသော အတ္တမှ ဆိတ်သော သုညတကို သိမ်းဆည်းပြီး၍ တဖန် ယူအပ်သော အခြင်း အရာ ခြောက်ပါးတို့ဖြင့် သုညတ၏ အဖြစ်ကို သိမ်းဆည်း၏၊ အဘယ်သို့ သိမ်းဆည်းသနည်း—စက္ခုဒွါရ မျက်စိသည် အတ္တမှငင်း, အတ္တနိယမှငင်း, နိစ္စ၏ အဖြစ်မှငင်း ဆိတ်၏၊ မြဲမြံ ခိုင်ခံ့သော ဓုဝ၏ အဖြစ်မှငင်း, အခါခပ်သိမ်း ထင်ရှား ရှိ၏ ဟူသော သဿတ အဖြစ်မှငင်း, ဖောက်ပြန်ခြင်း ကင်းသော အဝိပရိဏာမဓမ္မ အဖြစ်မှငင်း ဆိတ်၏၊.... (လ).... မနောဒွါရ စိတ်သည် အတ္တမှငင်း, အတ္တနိယမှငင်း.... (လ).... အဝိပရိဏာမ ဓမ္မ အဖြစ်မှငင်း ဆိတ်၏။

ရူပါရုံတို့သည် အတ္တမှငင်း.... (လ)....အဝိပရိဏာမ ဓမ္မ အဖြစ်မှငင်း ဆိတ်ကုန်၏၊.... (လ)....ဓမ္မာရုံတို့သည် အတ္တမှ ငင်း.... (လ)....ဆိတ်ကုန်၏၊ စက္ခုဝိညာဉ်သည် အတ္တမှငင်း

http://www.dhammadownload.com



....(လ)....အဝိပရိဏာမ ဓမ္မမှငင်း ဆိတ်၏၊ မနောဝိညာဉ်သည် အတ္တမှငင်း....(လ)....ဆိတ်၏၊ စက္ခုသမ္ဖဿသည် အတ္တမှငင်း....(လ)....အဝိပရိဏာမ ဓမ္မမှငင်း ဆိတ်၏၊ ဤသို့ ဇရာ မရဏ တိုင်အောင် ဤနည်းကို ဆောင်အပ်၏၊ ဤသို့ ယူအပ်သော အခြင်းအရာ ခြောက်ပါးတို့ဖြင့် အတ္တ စသည်မှ ဆိတ်သော သုညတ၏ အဖြစ်ကို သိမ်းဆည်းပြီး၍ တဖန် ယူအပ်သော အခြင်းအရာ ရှစ်ပါးတို့ဖြင့် သိမ်းဆည်း၏။

ဤ အခြင်းအရာ ရှစ်ပါးကား—ရုပ်သည် နိစ္စသာရ ဟူသော အနှစ်ဖြင့်ငင်း, ဓုဝသာရ ဟူသော အနှစ်ဖြင့်ငင်း, သုခသာရ ဟူသော အနှစ်ဖြင့်ငင်း, အတ္တသာရ ဟူသော အနှစ်ဖြင့်ငင်း နိစ္စ အဖြစ်ဖြင့်ငင်း, ဓုဝ အဖြစ်ဖြင့်ငင်း, သဿတ အဖြစ်ဖြင့်ငင်း, အဝိပရိဏာမ အဖြစ်ဖြင့်ငင်း အနှစ် မဟုတ်၊ အနှစ် မရှိ၊ အနှစ်မှ ကင်း၏၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရသည်၊ ဝိညာဉ်သည်၊ စက္ခုဒွါရသည်၊ ဇရာ မရဏသည် နိစ္စသာရ ဟူသော အနှစ်ဖြင့် ငင်း, ဓုဝသာရ ဟူသော အနှစ်ဖြင့်ငင်း, သုခသာရ ဟူသော အနှစ်ဖြင့်ငင်း, အတ္တသာရ ဟူသော အနှစ်ဖြင့်ငင်း, နိစ္စ အဖြစ် ဖြင့်ငင်း, ဓုဝ အဖြစ်ဖြင့်ငင်း, သဿတ အဖြစ်ဖြင့်ငင်း, အဝိပရိဏာမ အဖြစ်ဖြင့်ငင်း အနှစ် မဟုတ်၊ အနှစ် မရှိ၊ အနှစ်မှ ကင်း၏။

ကျူပင်သည် အနှစ် မရှိ၊ အနှစ် မဲ့သည်၊ အနှစ်မှ ကင်းသည် ဖြစ်သကဲ့သို့ငင်း, ကြက်ဆူပင်သည် အနှစ်မှ ကင်းသကဲ့သို့ငင်း, ရေသဖန်းပင်သည် အနှစ်မှ ကင်းသကဲ့သို့ငင်း, ရေခံတက်ဖြူပင်, ဝါ—ကြောက်မီးကူပင်သည် အနှစ်မှ ကင်းသကဲ့သို့ငင်း, ပေါက်ပင်သည်၊ ရေမြှုပ်စိုင်သည်၊ ရေပွက်သည်၊ တံလှပ်သည်၊ ငှက်ပျောတုံးသည်၊ မျက်လှည့်သွားး ပြအပ်သော ဝတ္ထုသည် အနှစ် မဟုတ်၊ အနှစ် မဲ့သည်၊ အနှစ်မှ ကင်းသည် ဖြစ်သကဲ့သို့ငင်း ထို့အတူ ရုပ်သည်....(လ)....ဇရာ မရဏသည် နိစ္စသာရ ဟူသော အနှစ်ဖြင့်ငင်း,....(လ)....အဝိပရိဏာမ အဖြစ်ဖြင့်ငင်း အနှစ် မဟုတ်၊ အနှစ် မရှိ၊ အနှစ်မှ ကင်း၏၊ ဤသို့ သိမ်းဆည်း၏၊ ထို

http://www.dhammadownload.com



ယောဂီသည် ဤသို့သော နည်းဖြင့် ယူအပ်သော အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဆိတ်သည်၏ အဖြစ်ကို သိမ်းဆည်းပြီး၍ တဖန် ယူအပ်သော အခြင်းအရာ ဆယ်ပါးတို့ဖြင့် သိမ်းဆည်း၏။

အခြင်းအရာ ဆယ်ပါးကား—ရုပ်ကို နိစ္စသာရ စသည်တို့၏ မရှိခြင်းကြောင့် အနှစ်မှ ကင်းသော ရိတ္တအားဖြင့် ရှု၏၊ အနည်းငယ်သော ယုတ်ညံ့သော တုစ္ဆအားဖြင့် ရှု၏၊ အတ္တသာရမှ ဆိတ်သော သုညတအားဖြင့် ရှု၏၊ အတ္တ မဟုတ်သော အနတ္တအားဖြင့် ရှု၏၊ အစိုးရသူ မရှိသော အနိဿရိယအားဖြင့် ရှု၏၊ မပြု မပြင်ဘဲ အလို အလျောက်သာ ဖြစ်သော အကာမကာရိယအားဖြင့် ရှု၏၊ ရုပ်သည် "ဤသို့ ဖြစ်စေသတည်း၊ ဤသို့ မဖြစ်စေသတည်း"ဟု အလိုကို မရကောင်းသည်၏ အဖြစ် အလဗ္ဘနီယအားဖြင့် ရှု၏၊ မိမိသည် သူတပါး၏ အလိုသို့ မလိုက်တတ်သည်၏ အဖြစ်, သူတပါးကို မိမိ အလိုဖြင့် မလိုက်စေနိုင်သည်၏ အဖြစ် အဝသဝတ္တနအားဖြင့် ရှု၏၊ သူစိမ်းပြင်ပ ဟူသော ပရအားဖြင့် ရှု၏၊ အကြောင်းမှ ဆိတ်သော, အကျိုးမှ ဆိတ်သော ဝိဝိတ္တအားဖြင့် ရှု၏၊ ဝေဒနာကို၊....(လ)....ဝိညာဉ်ကို ရိတ္တအားဖြင့် ရှု၏၊....(လ)....ဝိဝိတ္တအားဖြင့် ရှု၏၊ ဤသို့ ယူအပ်သော အခြင်းအရာ ဆယ်ပါးတို့ဖြင့် ဆိတ်သည်၏ အဖြစ် သုညတကို သိမ်းဆည်းပြီး၍ တဖန် ယူအပ်သော အခြင်းအရာ တဆဲ့ နှစ်ပါးတို့ဖြင့် သိမ်းဆည်း၏။

ဤ အခြင်းအရာ ဆဲ့နှစ်ပါးတို့ကား—ရုပ်သည် တိတ္ထိတို့ ကြံဆအပ်သော အတ္တဟု ဆိုအပ်သော သတ္တဝါ မဖြစ်၊ ရုပ်သည် တိတ္ထိတို့ ကြံဆအပ်သော ဇီဝ မဖြစ်၊ ရုပ်သည် ဆောင်တတ်သောသူ မဖြစ်၊ ရုပ်သည် မာန၏ ဖြစ်ရာ လုလင် မဖြစ်၊ ရုပ်သည် တိတ္ထိတို့ ကြံဆအပ်သော ဇန္တု မဖြစ်၊ ရုပ်သည် တိတ္ထိတို့ ကြံဆအပ်သော ပုဂ္ဂိုလ် မဖြစ်၊ ရုပ်သည် ငါ ဟူသော မာနကို ထားရာ အတ္တ မဖြစ်၊ ရုပ်သည် အတ္တ၏ အရံအကာ အစောင့် အရှောက် အဖြစ် တည်းဟူသော မိမိ၏ ဥစ္စာ မဖြစ်၊ ရုပ်သည် ငါ မဟုတ်၊ ရုပ်သည် ငါ၏ ဥစ္စာ မဟုတ်၊ ရုပ်သည် တပါးသော သူ၏ ဥစ္စာ

http://www.dhammadownload.com



မဟုတ်၊ ရုပ်သည် တစုံတယောက်သော သူ၏လည်း ဥစ္စာ မဟုတ်၊ ဝေဒနာသည်၊....(လ)....ဝိညာဉ်သည် တစုံတယောက်သော သူ၏လည်း ဥစ္စာ မဟုတ်၊ ဤသို့ ယူအပ်သော အခြင်းအရာ တဆဲ့နှစ်ပါးတို့ဖြင့် ဆိတ်သည်၏ အဖြစ် သုညတကို သိမ်းဆည်းပြီး၍ တဖန် တီရဏပရိညာ၏ အစွမ်းဖြင့် ယူအပ်သော အခြင်း အရာ သမ္မသနနည်း လေးဆဲ့ နှစ်ပါးတို့ဖြင့် သုညတကို သိမ်းဆည်း၏။

ရုပ်ကို အနိစ္စအားဖြင့်၊ ဒုက္ခအားဖြင့်၊ ရောဂအားဖြင့်၊ ဂဏ္ဍအားဖြင့်၊ သလ္လအားဖြင့်၊ အဃအားဖြင့်၊ အာဗာဓအားဖြင့်၊ ပရအားဖြင့်၊ ပလောကအားဖြင့်၊ ဤတိအားဖြင့်၊ ဥပဒ္ဒဝအားဖြင့်၊ ဘယအားဖြင့်၊ ဥပသဂ္ဂအားဖြင့်၊ စလအားဖြင့်၊ ပဘင်္ဂုအားဖြင့်၊ အဒ္ဓုဝအားဖြင့်၊ အတာဏအားဖြင့်၊ အလေဏအားဖြင့်၊ ဘေးကို မဖျောက်ပယ်ခြင်းကြောင့် ကိုးကွယ်ရာ မဟုတ်သော အသရဏအားဖြင့်၊ ကိုးကွယ်ရာဟု ယူခြင်းငှါ မသင့်သည် ဖြစ်၍ ကိုးကွယ်ရာ မဟုတ်သော အသရဏီဘူတအားဖြင့်၊ တုစ္ဆအားဖြင့်၊ သုညအားဖြင့်၊ အနတ္တအားဖြင့်၊ မသာယာအပ်သော အနဿာဒအားဖြင့်၊ ရုပ်၏ ဖြစ်ခြင်းသည် ရှိလတ်သော် အလုံးစုံသော အပြစ်တပုံ တခေါင်းကြီးကို ရသောကြောင့် အပြစ် အစုအပုံ ဟူသော အာဒီနဝအားဖြင့်၊ ဝိပရိဏာမ ဓမ္မအားဖြင့်၊ အသာရကအားဖြင့် အဃမူလအားဖြင့်၊ ဝဓကအားဖြင့်၊ ဝိဘဝအားဖြင့်၊ သာသဝအားဖြင့်၊ သင်္ခတအားဖြင့်၊ မာရာမိသအားဖြင့်၊ ဇာတိဓမ္မအားဖြင့်၊ ဇရာဓမ္မအားဖြင့်၊ ဗျာဓိဓမ္မအားဖြင့်၊ မရဏဓမ္မအားဖြင့်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဓမ္မအားဖြင့်၊ ဖြစ်ခြင်း သမုဒယအားဖြင့်၊ ချုပ်ခြင်း အတ္ထင်္ဂမအားဖြင့်၊ သုခသောမနဿကို မဖြစ်စေသော အနဿာဒအားဖြင့်၊ အပြစ်များသော အာဒီနဝအားဖြင့်၊ ထွက်မြောက်ကြောင်း နိဿရဏအားဖြင့် ရှု၏။

ဝေဒနာကို........(လ)........ဝိညာဉ်ကို အနိစ္စ အား ဖြင့်၊ ...(လ)....နိဿရဏအားဖြင့် ရှု၏၊ ထို စကား မှန်၏—

http://www.dhammadownload.com



"ရူပံ အနိစ္စတော… (လ)…နိ ဿရဏ တော ပဿန္တော သုညတော လောကံ အဝေက္ခတိ။ ဝေဒနံ… (လ)…ဝိညာဏံ အနိစ္စတော… (လ)…နိဿရဏ-တော ပဿန္တော သုညတော လောကံ အဝေက္ခတိ။"

"သုညတော လောကံ အဝေက္ခဿု,
မောဃရာဇ သဒါ သတော၊
အတ္တာနုဒိဋ္ဌိံ ဉဟစ္စ, ဧဝံ မစ္စုတရော သိယာ၊
ဧဝံ လောကံ အဝေက္ခန္တံ, မစ္စုရာဇာ န ပဿတိ။"

ဟူ၍ ဤ သုညတာပရိဂ္ဂဟဏကထာ သန္နိဋ္ဌာနကို နိဒ္ဒေသ၌ ဟောတော်မူပြီးသည်သာတည်း။

"ရုပ်ကို အနိစ္စအားဖြင့် … (လ) …နိဿရဏအားဖြင့် ရှုသော ယောဂီသည် ဆိတ်သောအားဖြင့် လောကကို ရှုသည် မည်၏၊ ဝေဒနာကို…. (လ) ….ဝိညာဉ်ကို အနိစ္စ အားဖြင့်…. (လ) ….နိဿရဏအားဖြင့် ရှုသော ယောဂီ သည် ဆိတ်သောအားဖြင့် လောကကို ရှုသည် မည်၏။"

"အို မောဃရာဇရသေ့—နေ့ည မကွာ အခါခပ်သိမ်း သတိပဋ္ဌာန် လေးပါး မပြတ် ပွါးလျက် ထင်သော သတိနှင့် ပြည့်စုံသည် ဖြစ်၍ ကိုယ် ဟူ၍ အစဉ် ပြေးသွားသော ဝဋ္ဋ နှစ်ဆယ် ရှိသော သက္ကာယဒိဋ္ဌိကို နုတ်ပစ် ပယ်ခွါ၍ အလိုသို့ မလိုက်တတ် အစိုးမရသော ခန္ဓာ ငါးပါး ရုပ်နာမ် တရား၏ ဖြစ်သော အခြင်း အရာကို ကောင်းစွာ မှတ်သည်၏ အစွမ်းဖြင့်၎င်း, သင်္ခါရ ဟူသမျှကား "နိစ္စ, သုခ, အတ္တ စသော အနှစ် သာရ မရှိ, အချည်းနှီးသာ" ဟု ကောင်းစွာ အသင့် ရှုသည်၏ အစွမ်းဖြင့်၎င်း ဤ နှစ်ပါး သော အခြင်း အရာတို့ဖြင့် နိစ္စ, သုခ, အတ္တ စသော အနှစ် သာရမှ ဆိတ်သောအားဖြင့် သင်္ခါရ လောကကို ပညာ စက္ခုဖြင့် ရှုမျှော် ဆင်ခြင် ထင်အောင် စုံစမ်းဘိ လော့၊ ဤသို့ ရှုမျှော် ဆင်ခြင် ထင်မြင်လတ်သော် သေမင်း ကို လွန်သည် ဖြစ်ရာ၏၊ ဤသို့ ဟောအပ်ပြီးသော နိစ္စ,

http://www.dhammadownload.com



သုခ, အတ္တ, ဓုဝ, သဿတ, အဝိပရိဏာမဓမ္မ စသော အနှစ် မရ အနှစ်မှ ဆိတ်သော အခြင်း အရာအားဖြင့် ပညာ စက္ခုဖြင့် ရှုမျှော် ဆင်ခြင် ထင်အောင် စုံစမ်းသော သူကို သေမင်းသည် မမြင်နိုင်ပြီ။"

ဤသို့ ပြဆိုပြီးသော လေးဆဲ့ နှစ်ပါးသော အခြင်းအရာဖြင့် နိစ္စ, သုခ, အတ္တ စသော အနှစ် သာရမှ ဆိတ်သောအားဖြင့် ကြည့်ရှု ဆင်ခြင် ထင်မြင်၍ လက္ခဏာရေး သုံးပါးကို တင်၍ တေဘူမက သင်္ခါရတို့ကို သိမ်းဆည်း ထပ်ထပ် သုံးသပ်သော ယောဂီသည် လျစ်လျူ မရှုသည်၏ အဖြစ်ဖြင့် သင်္ခါရတို့၏ ပျက်စီးခြင်းကို မှီ၍ ဖြစ်လတ့်ံသော ဘေးကိုငင်း, ထို သင်္ခါရတို့၏ ပြည့်စုံခြင်းကို မှီ၍ ဖြစ်လတ့်ံသော ဝမ်းမြောက် နှစ်သက်ခြင်းကိုငင်း စွန့်ပစ် ပယ်ခွါ၍ သင်္ခါရတို့၌ လေးတူ ချိန်သို့ ဥဒါသိန်မှုသည် လျစ်လျူ ရှုသည် ဖြစ်၏၊ ငါ ဟူ၍ငင်း, ငါ၏ ဥစ္စာ ဟူ၍ငင်း မစွဲလမ်း၊ အဘယ်ကဲ့သို့နည်း—မယားကို စွန့်ပစ် ရှင်းကွာပြီးသော ယောကျ်ားကဲ့သို့တည်း။

ဥပမာ မည်သည်ကား—ယောကျ်ားအား အလို ရှိ၍ ရှာမှီး အပ်သော နှစ်သက်အပ်သော နှလုံးကို ပွါးစေတတ်သော မယားသည် ရှိသည် ဖြစ်ရာ၏၊ ထို ယောကျ်ားသည် ထို မယားနှင့် ကင်း၍ တခဏမျှလည်း သည်းခံခြင်းငှါ မတတ်နိုင်ရာ၊ အလွန်လျှင်မြတ်နိုးရာ၏၊ ထို ယောကျ်ားသည် ထို မိန်းမကို အခြား တပါးသော ယောကျ်ားနှင့် တကွ ရပ်သည်ကိုငင်း, ထိုင်သည်ကိုငင်း, စကားပြောဆိုသည်ကိုငင်း, ရယ်သည်ကိုငင်း မြင်၍ အမျက် ထွက်သည် ဖြစ်ရာ၏၊ နှလုံး မသာသည် ဖြစ်၍ ပြင်းစွာသော ဒေါမနဿဝေဒနာကို ခံစားရရာ၏။

ထို ယောကျ်ားသည် အခါ တပါး၌ ထို မိန်းမ၏ မစောင့်စည်းသော အပြစ်ကို မြင်၍ ထို မိန်းမယုတ် လက်မှ လွတ်လိုသည် ဖြစ်၍ ထို အယုတ်မကို စွန့်ကွာရာ၏၊ ထို မိန်းမယုတ်ကို ငါ့ မယား ဟူ၍ မမှတ်တော့ပြီ၊ ထိုသို့ မယား မမှတ်, ကွာလတ်သည်မှ စ၍ ထို မိန်းမကို အမှတ် မရှိသော ယောကျ်ားနှင့် တကွ

http://www.dhammadownload.com



တစုံတရာသော အမှု ပြုလေသည်ကို မြင်သော်လည်း အမျက် မထွက်ရာသလျှင်ကတည်း၊ နှလုံး မသာခြင်းသို့ မရောက်ရာ၊ စင်စစ် သော်ကား ဥဒါသိန်မှုသည် လျစ်လျူသမှု ဥပေက္ခာ ပြုသည် ဖြစ်ရာ၏။

ဤနည်းတူ ထို ယောဂီသည် အလုံးစုံ ရှိသမျှ သတ္တဝါတို့မှ လွတ်လိုသည် ဖြစ်၍ ပဋိသင်္ခါနုပဿနာဖြင့် သင်္ခါရတို့ကို သိမ်းဆည်း ထပ်ထပ် သုံးသပ်သော ယောဂီသည် "ငါ, ငါ, ငါ၏ ဥစ္စာ"ဟု စွဲလမ်း ယူမှတ်စရာ မမြင်မှု၍ ပျက်စီးခြင်း ဘေးကိုရင်း, ပြည့်စုံ ခြင်းကို မှီ၍ ဖြစ်လတ့်သော နှစ်သက်ခြင်းကိုရင်း စွန့်ပစ် ပယ်ခွါ၍ အလုံးစုံသော သင်္ခါရတို့၌ ဥဒါသိန်တမှု လျစ်လျူ ရှုသည် ဖြစ်၏၊ ဤသို့သော နည်းဖြင့် သိသော ဤ သို့သော နည်းဖြင့် ရှုသော ထို ယောဂီ၏ စိတ်သည် ဘဝ သုံးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၌ တွန့်၏ ရှုံ့၏ နစ်၏ မပျံ့ပွါး၊ ဝါ—မွေ့လျော်သော အားဖြင့် မပြေးဝင်၊ ဥပေက္ခာသည်ရင်း, စက်ဆုပ် ရွံရှာသည်၏ အဖြစ်သည်ရင်း တည်၏။

သိလွယ်စရာ ဥပမာမည်သည်ကား—စဥ်းငယ် ကိုင်းသော ပဒုမာ ရွက်၌ ရေပေါက်တို့သည် တွန့်ကုန် သကဲ့သို့ ရှုံ့ကုန် သကဲ့သို့ နစ်ကုန် သကဲ့သို့ မပျံ့ကုန် သကဲ့သို့ရင်း, ဥပမာတဖုံကား—မီး၌ ထည့်အပ်သော ကြက်တောင်သည်ရင်း, အကြောတုံးသည်ရင်း တွန့်သကဲ့သို့ ရှုံ့သကဲ့သို့ နစ်သကဲ့သို့ မပျံ့သကဲ့သို့ ထို့အတူ သာလျှင် ထို ယောဂီအား ဘဝ သုံးပါးတို့၌ စိတ်သည် တွန့်၏ ရှုံ့၏ နစ်၏ မပျံ့ပွါး၊ လျစ်လျူသမှု ဥပေက္ခာသည်ရင်း, စက်ဆုပ် ရွံရှာသည်၏ အဖြစ်သည်ရင်း တည်၏။

ဤသို့ ထို ယောဂီ၏ သင်္ခါရုပေက္ခာ မည်သော ဉာဏ်သည် ဖြစ်၏၊ ဆက်ဦးအံ့—ထို သင်္ခါရုပေက္ခာ ဉာဏ်သည် ပူပန် ခပ်သိမ်း ငြိမ်းရာ ဖြစ်သော အမတဓာတ် နိဗ္ဗာန်မြတ်ကို ငြိမ်သက်သော သန္တိအားဖြင့် အကယ်၍ ရှုအံ့၊ ခပ်သိမ်းသော သင်္ခါရတို့၏ ဖြစ်ခြင်းကို စွန့်၍ နိဗ္ဗာန်သို့ သာလျှင် ပြေးဝင်၏၊ နိဗ္ဗာန်ကို ငြိမ်သက်

http://www.dhammadownload.com



သောအားဖြင့် အကယ်၍ မရှုသည် ဖြစ်အံ့၊ အဖန် တလဲလဲ သင်္ခါရ တရားလျှင် အာရုံရှိသည် ဖြစ်၍ ဖြစ်၏၊ အဘယ်ကဲ့သို့ နည်း—သမုဒ္ဒရာကို ကူးကုန်သော သင်္ဘောသားတို့၏ အရပ် မျက်နှာကို သိစေသော ကျီးကဲ့သို့တည်း။

သမုဒ္ဒရာကို ကူးကုန်သော ကုန်သည်တို့သည် သင်္ဘောသို့ တက်ကုန်သည် ရှိသော် "အရပ် မျက်နှာကို သိသော ဒိသာ ကာကကျီး" ကို ဖမ်းယူကုန်၏၊ ထို သင်္ဘောသားတို့သည် အကြင် အခါ၌ သင်္ဘောသည် လေ အဟုန်ဖြင့် လွှင့်အပ်သည် ဖြစ်၍ လမ်းလွဲသို့ ပြေး၏, ရောက်၏, ကမ်းကို မမြင်ရချေ၊ ထိုသို့ ဘယ်ရောက်မှန်း မသိ, လမ်းမှားသော အခါ၌ ဒိသာကာက ကျီးကို လွှတ်ကုန်၏၊ ထို ဒိသာကာက ကျီးသည် လင်းယဉ်တိုင်ဖျားမှ ကောင်းကင်သို့ ပျံ၍ တူရူ အရပ် လေးမျက်နှာသို့ငှင်း, အထောင့် လေးထောင့် အရပ်သို့ငှင်း အစဉ်သဖြင့် ပျံဝဲ၍ ကမ်းကို အကယ်၍ မြင်အံ့၊ ထို မြင်ရာ ကမ်းသို့ သာလျှင် ပျံသွားလေ၏၊ အကယ်၍ ကမ်းကို မမြင်အံ့၊ အဖန် တလဲလဲ ပြန်လာ၍ လင်းယဉ်တိုင်၌ သာလျှင် နားလာပြန်သကဲ့သို့ ထို့အတူ သင်္ခါရုပေက္ခာ ဉာဏ်သည် ပူပန် ခပ်သိမ်း ငြိမ်းရာ ဖြစ်သော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ကို ငြိမ်သက်သော သန္တိအားဖြင့် အကယ်၍ ရှုအံ့၊ အလုံး ခုံသော သင်္ခါရ၏ အဖြစ်ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့ သာလျှင် ပြေးဝင်၏။

အကယ်၍ မရှုအံ့, မမြင်အံ့၊ အဖန် တလဲလဲ သင်္ခါရ တရားလျှင် အာရုံ ရှိသည် ဖြစ်၍ ဖြစ်၏၊ ထို သင်္ခါရုပေက္ခာ ဉာဏ်သည် ဖန်း စကောဖျား၌ လှိမ့်အပ် ဆင့်အပ်သော မုန့်ညက် ကဲ့သို့ငှင်း၊ ဝါ— ဖန် လေးငယ်ဖြင့် ခတ်အပ်သော အစေ့ ကင်းပြီးသော ဝါဂွမ်း ကဲ့သို့ငှင်း, အထူးထူးသော အပြားအားဖြင့် သင်္ခါရတို့ကို သိမ်းရုံး၍ သင်္ခါရတို့၏ ပျက်စီးခြင်းကို မှီ၍ ဖြစ်လတ့်သော ဘေးကိုငှင်း, ထို သင်္ခါရတို့၏ ပြည့်စုံခြင်းကို မှီ၍ ဖြစ်လတ့်သော နှစ်သက်ခြင်းကိုငှင်း စွန့်ပစ် ပယ်ခွါ၍ စီစစ်ခြင်း၏ အထွဋ်၌ အထိပ်သို့ ရောက်သည်၏ အဖြစ်ကြောင့် တောဘူမက သင်္ခါရတို့၌ လျစ်လျူ ရှုသကဲ့သို့ သင်္ခါရ

http://www.dhammadownload.com



တို့ကို စိစစ်ခြင်း၌လည်း လျစ်လျူ ရှုသည်ဖြစ်၍ အနုပဿနာ သုံးပါး၏ အစွမ်းဖြင့် တည်၏။

ဤသို့ တည်သော သင်္ခါရုပေက္ခာ ဉာဏ်သည် သုံးပါး အပြား ရှိသော ဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်၍ ခုနစ်ပါးသော အရိယာ ပုဂ္ဂိုလ်တို့ကို ဝေဘန်ခြင်းငှါ အထောက် အပံ့ ကျေးဇူး ပြုသည် ဖြစ်၏၊ ထို ဝိမောက္ခမုခ သုံးပါး၏ အဖြစ်သို့ ရောက်၍ အရိယာ ခုနစ်ပါးကို ခွဲခြမ်း ဝေဘန်ခြင်းငှါ ကျေးဇူး ပြုရာ၌ ဤ သင်္ခါရုပေက္ခာ ဝိပဿနာ ဉာဏ်သည် အနုပဿနာ သုံးပါး၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် သဒ္ဓိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ သုံးပါးတို့၏ သမ္ဗယုတ် တရားတို့ကို အစိုးရသော အဖြစ်၏ အစွမ်းဖြင့် သုံးပါး အပြား ရှိသော ဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်သည် မည်၏၊ ချဲ့ဦးအံ့—အနုပဿနာ သုံးပါးတို့ကို ဝိမောက္ခမုခ သုံးပါးတို့ပင်တည်း ဟူ၍ ဆိုအပ်ကုန်၏၊ ဘုရား၏ အဘယ်သို့ ဟောတော်မူသနည်း—

"တီဏိ ခေါ ပနိမာနိ ဝိမောက္ခမုခါနိ လောကနိယျာနာယ သံဝတ္တန္တိ—

(၁) သဗ္ဗသင်္ခါရေ ပရိစ္ဆေဒပရိဝဋ္ဋုမတော သမနုပဿနတာယ, အနိမိတ္တာယ စ ဓာတုယာ စိတ္တသမ္ပက္ခန္ဒနတာယ။

(၂) သဗ္ဗသင်္ခါရေသု မနောသမုတ္တေဇနတာယ, အပ္ပဏိဟိတာယ စ ဓာတုယာ စိတ္တသမ္ပက္ခန္ဒနတာယ။

(၃) သဗ္ဗဓမ္မေ ပရတော သမနုပဿနတာယ, သုညတာယ စ ဓာတုယာ စိတ္တသမ္ပက္ခန္ဒနတာယ၊ ဣမာနိ တီဏိ ဝိမောက္ခမုခါနိ လောကနိယျာနာယ သံဝတ္တန္တိ။"

ဟူ၍ ဘုရား ဟောတော်မူ၏။

(၁) "စင်စစ် ဤ သုံးပါးသော ဝိမောက္ခမုခတို့သည် အလုံးစုံသော လောကမှ ထွက်မြောက်ခြင်းငှါ၊ ဝါ—

http://www.dhammadownload.com



သတ္တလောက၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းငှါ ဖြစ်ကုန်၏၊ အလုံးစုံသော သင်္ခါရတို့ကို ပိုင်းခြားခြင်း ပရိစ္ဆေဒအားဖြင့်၎င်း, သွားရာ ခရီး ပရိဝဋုမအားဖြင့်၎င်း အဖန် တလဲလဲ ကောင်းစွာ ရှုခြင်းငှါ ဖြစ်ကုန်၏၊ ခပ်သိမ်းသောသင်္ခါရနိမိတ်မှ ကင်းခြင်းကြောင့် အနိမိတ္တဟု အမည်ရသော အသင်္ခတဓာတ်၌ ပိုင်းခြား၍ အနုလောမဉာဏ် စသည်၏ အဖြစ်ဖြင့် အမိစိတ္တ၏ ကောင်းစွာ ပြေးဝင် ခြင်းငှါလည်း ဖြစ်ကုန်၏။

(၂) အလုံးစုံသော သင်္ခါရတို့၌ စိတ်ကို ထက်စေခြင်းငှါ လည်းဖြစ်ကုန်၏၊ ရာဂပဏိဓိ စသည်တို့၏ မရှိခြင်း ကြောင့် အပ္ပဏိဟိတ အမည်ရသော အသင်္ခတ ဓာတ်၌ ပိုင်းခြား၍ အနုလောမ ဉာဏ်စသည်၏ အဖြစ်ဖြင့် အမိစိတ္တ၏ ကောင်းစွာ ပြေးဝင် ခြင်းငှါ လည်း ဖြစ်ကုန်၏။

(၃) အလုံးစုံသော ဓမ္မတာ တရားတို့ကို သုစိမ်း ပြင်ပအားဖြင့် အဖန် တလဲလဲ ကောင်းစွာ ရှုခြင်းငှါ လည်း ဖြစ်ကုန်၏၊ အတ္တမှ ဆိတ်သည်၏ အဖြစ် ကြောင့် သုညတ ဟု အမည် ရသော အသင်္ခတ ဓာတ်၌ ပိုင်းခြား၍ အနုလောမ ဉာဏ် စသည်၏ အဖြစ်ဖြင့် အမိစိတ္တ၏ ကောင်းစွာ ပြေးဝင် ခြင်းငှါ လည်း ဖြစ်ကုန်၏၊ ဤ ဝိမောက္ခ မုခ သုံးပါးတို့သည် သတ္တ လောက၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းငှါ ဖြစ်ကုန်၏။”

ထို ပါဠိတော်၌ “အလုံးစုံသော သင်္ခါရတို့ကို ပိုင်းခြားခြင်း အားဖြင့်၎င်း, သွားရာ ခရီးအားဖြင့်၎င်း” ဟူသည်ကား— ဥဒယဗ္ဗယ၏ အစွမ်းဖြင့် ပိုင်းခြားသောအားဖြင့်၎င်း, သွားရာ ခရီးအားဖြင့်၎င်း ဆိုလိုသည်၊ သင့်စွ—အနိစ္စ, အနိစ္စဟု အဖန်

http://www.dhammadownload.com



တလဲလဲ ရှုခြင်းသည် ဖြစ်သည်မှ ရှေး၌ သင်္ခါရတို့သည် မရှိကုန် ဟူ၍ ပိုင်းခြား၍ ထို သင်္ခါရတို့၏ သွားရာကို၊ ဝါ—ဖြစ်ခြင်းကို ကောင်းစွာ လိုက်ရှာသည် ဖြစ်၍ ပျက်သည်မှ နောက်သို့မသွား ကုန်၊ ဤ ပျက်ရာ၌ သာလျှင် ကွယ်ပျောက်ကုန်၏ဟု ဤသို့သွားရာ ခရီးအားဖြင့် ကောင်းစွာ သုံးသပ်၏၊ "စိတ်ကို ထက်စေခြင်းငှါ" ဟူသည်ကား—စိတ်ကို ထိတ်လန့်စေခြင်းငှါ၊ မှန်၏—ဒုက္ခ, ဒုက္ခဟု အဖန် တလဲလဲ ရှုသဖြင့် သင်္ခါရတို့၌ စိတ်သည် ထိတ်လန့်၏။

"သူ့စိမ်းပြင်ပအားဖြင့် ရှုခြင်းငှါဖြစ်ကုန်၏" ဟူသည်ကား— "ငါမဟုတ်, ငါ၏ဥစ္စာလည်း မဟုတ်" ဟု ဤသို့ အနတ္တအားဖြင့် အဖန် တလဲလဲ ရှုခြင်းငှါ ဆိုလိုသည်၊ ဤသို့ ဤ ပရိစ္ဆေဒ ပရိဝဋုမ, မနောသမုဋ္ဌေဇန, ပရတော သမနုပဿနတာ ဟူသော သုံးပုဒ် တို့ကို၊ ဝါ—သဗ္ဗသင်္ခါရေ အစ ရှိသော ဤ သုံးဝါကျတို့ကို အနိစ္စာနုပဿနာ စသည်တို့၏ အစွမ်းဖြင့် ဟောတော်မူအပ် ကုန်၏၊ ဤသို့သိအပ်ကုန်၏၊ ထို့ကြောင့် သာလျှင် ထိုသုံးပုဒ်တို့ ၏ အခြားမဲ့၌ "အနိစ္စတော မနသိကရောတော ကထံ သင်္ခါရာ ဥပဋ္ဌဟန္တိ" ဟူသော ပြဿနာ၏ အဖြေ၌—

> "အနိစ္စတော မနသိကရောတော ခယတော သင်္ခါရာ ဥပဋ္ဌဟန္တိ၊ ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ၊ အနတ္တတော မနသိကရောတော သုညတော သင်္ခါရာ ဥပဋ္ဌဟန္တိ။"

ဟူ၍ ဟောတော်မူအပ်၏။

> "အနိစ္စအားဖြင့် နှလုံး သွင်းသော ယောဂီအား ခယအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏၊ ဒုက္ခအားဖြင့် နှလုံး သွင်းသော ယောဂီအား ကြောက်အပ်သည်၏ အဖြစ် ဘယအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏၊ အနတ္တ အားဖြင့် နှလုံးသွင်းသော ယောဂီအား အတ္တမှ ဆိတ် သော သုညအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏။"

http://www.dhammadownload.com



အကြင် ဝိမောက္ခတို့၏ ဤ အနုပဿနာတို့သည် မုခတို့ ဖြစ်ကုန်၏၊ ထို ဝိမောက္ခတို့သည် အဘယ်သည်တို့နည်း—အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခ, သုညတ ဝိမောက္ခ ဤ သုံးပါး တို့တည်း၊ ထို စကား မှန်၏—

"အနိစ္စတော မနသိကရောန္တော အဓိမောက္ခဗဟုလော အနိမိတ္တံ ဝိမောက္ခံ ပဋိလဘတိ၊ ဒုက္ခတော မနသိကရောန္တော ပဿဒ္ဓိဗဟုလော အပ္ပဏိဟိတံ ဝိမောက္ခံ ပဋိလဘတိ၊ အနတ္တတော မနသိကရောန္တော ဝေဒဗဟုလော သုညတဝိမောက္ခံ ပဋိလဘတိ။"

ဟူ၍ ဘုရား ဟောတော်မူအပ်၏။

"အနိစ္စအားဖြင့် နှလုံး သွင်းသော ယောဂီသည် သဒ္ဓိန္ဒြေ အဖြစ် များ၍ အနိမိတ္တ မည်သော ဝိမောက္ခကို ရ၏၊ ဒုက္ခအားဖြင့် နှလုံး သွင်းသော ယောဂီသည် ပဿဒ္ဓိ အဖြစ် များ၍ အပ္ပဏိဟိတ မည်သော ဝိမောက္ခကို ရ၏၊ အနတ္တအားဖြင့် နှလုံး သွင်းသော ယောဂီသည် ပညိန္ဒြေ အဖြစ် များ၍ သုညတ မည်သော ဝိမောက္ခကို ရ၏။"

ဆက်၍ ဆိုအံ့—ဤ ပါဠိတော်၌ "အနိမိတ္တဝိမောက္ခ" ဟူသည်ကား—နိမိတ် မရှိသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံ ပြု၍ ဖြစ်သော အရိယမဂ်တည်း၊ သင့်စွ—ထို အရိယ မဂ်ကို အနိမိတ္တဟု ဆိုအပ်သော အသင်္ခတ ဓာတ်၌ အာရုံ ပြုသော အားဖြင့် ဖြစ်သည်၏ အဖြစ်ကြောင့် အနိမိတ္တ မည်၏ ဟူ၍ငင်း, ကိလေသာတို့မှ လွတ်သည်၏ အဖြစ်ကြောင့်လည်း ဝိမောက္ခ မည်၏ ဟူ၍ငင်း သိအပ်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် သာလျှင် အပ္ပဏိဟိတ အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံ ပြု၍ ဖြစ်သော အရိယမဂ်ကို အပ္ပဏိဟိတ မည်၏ ဟူ၍ သိအပ်၏၊ သုညတ အခြင်း အရာအားဖြင့် နိဗ္ဗာန်ကို အာရုံ ပြု၍ ဖြစ်သော အရိယ မဂ်ကို သုညတ မည်၏ ဟူ၍ သိအပ်၏။

http://www.dhammadownload.com



အဘိဓမ္မာ ပါဠိတော်၌ကား—

"ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိကံ အပစယဂါမိံ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ ဝိဝိစ္စေဝ ကာမေဟိ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ အပ္ပဏိဟိတံ သုညတံ။"

ဟူ၍ အကြင် ဝိမောက္ခ နှစ်ပါးကို သာလျှင် ဟောတော်မူ၏၊ ထို အဘိဓမ္မာ၌ ဟောတော်မူသော ဝိမောက္ခ နှစ်ပါး အပေါင်းကို အဖြောင့် အမှန် မုချ ဧကန်အားဖြင့် ဝိပဿနာမှ မဂ်၏ အမည် လာခြင်းကို ရည်၍ ဟောတော်မူ၏။

ပါဠိတော် မြန်မာပြန်—

"အကြင် အခါ၌ မိစ္ဆာ အယူတို့ကို ပယ်စွန့်၍ ရှေးဦးစွာသော သောတာပတ္တိ မဂ်သို့ ရောက်ခြင်းငှါ လောကုတ္တရာ ဖြစ်သော ဝဋ်မှ လွတ်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်သို့ သွားကြောင်း ဖြစ်သော ဈာန်ကို ပွါးစေ၏၊ ထို အခါ၌ ဝတ္ထုကာမ ကိလေသာကာမတို့မှ ဆိတ်၍ သာလျှင် အပ္ပဏိဟိတ ဖြစ်သော, သုညတ ဖြစ်သော ပဌမ ဈာန်ကို ပြည့်စုံစေ၍ နေ၏။"

ဆက်၍ ဆိုအံ့—ဝိပဿနာ ဉာဏ်ကို ပဋိသမ္ဘိဒါမဂ်၌—

(၁) "အနိစ္စာနုပဿနံ ဉာဏံ နိစ္စတော အဘိနိဝေသံ မုဉ္စတီတိ သုညတော ဝိမောက္ခော၊ ဒုက္ခာနုပဿနံ ဉာဏံ သုခတော အဘိနိဝေသံ မုဉ္စတီတိ သုညတော ဝိမောက္ခော၊ အနတ္တာနုပဿနံ ဉာဏံ အတ္တတော အဘိနိဝေသံ မုဉ္စတီတိ သုညတော ဝိမောက္ခောတိ ဧဝံ အဘိနိဝေသံ မုဉ္စနဝသေန သုညတော ဝိမောက္ခောတိ စ။

(၂) အနိစ္စာနုပဿနံ ဉာဏံ နိစ္စတော နိမိတ္တံ မုဉ္စတီတိ အနိမိတ္တော ဝိမောက္ခော၊ ဒုက္ခာနုပဿနံ ဉာဏံ သုခတော နိမိတ္တံ မုဉ္စတီတိ အနိမိတ္တော ဝိမောက္ခော၊ အနတ္တာ-

http://www.dhammadownload.com



နုပဿနံ ဉာဏံ အတ္တတော နိမိတ္တံ မုဉ္စတီတိ အနိမိတ္တော ဝိမောက္ခောတိ ဧဝံ နိမိတ္တံ မုဉ္စနဝသေန အနိမိတ္တော ဝိမောက္ခောတိ စ။

(၃) အနိစ္စာနုပဿနံ ဉာဏံ နိစ္စတော ပဏိဓိံ မုဉ္စတီတိ အပ္ပဏိဟိတော ဝိမောက္ခော၊ ဒုက္ခာနုပဿနံ ဉာဏံ သုခတော ပဏိဓိံ၊ အနတ္တာနုပဿနံ ဉာဏံ အတ္တတော ပဏိဓိံ မုဉ္စတီတိ အပ္ပဏိဟိတော ဝိမောက္ခောတိ ဧဝံ ပဏိဓိံ မုဉ္စနဝသေန အပ္ပဏိဟိတော ဝိမောက္ခောတိ စ။"

ဟူ၍ ဟောတော်မူအပ်၏။

ပါဠိတော် မြန်မာပြန် အဓိပ္ပါယ်—

(၁) **သင်္ခါရတို့ကား အနိစ္စသာတည်းဟု** အဖန် တလဲလဲ ရှုသည်၏ အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် နိစ္စ အခြင်းအရာအားဖြင့် ဖြစ်သော မှားသောနှလုံး သွင်းခြင်းကို ဖျက်ဆီးသည်၏ အစွမ်းဖြင့် လွတ်၏၊ ထိုသို့ နိစ္စာဘိနိဝေသမှ ဆိတ်သည်၏ အဖြစ်ကြောင့်၎င်း, လွတ်သည်၏ အဖြစ်ကြောင့်၎င်း သုညတ ဖြစ်သော ဝိမောက္ခ မည်၏၊ သင်္ခါရတို့ကား ဒုက္ခသာတည်းဟု အဖန် တလဲလဲ ရှုသည်၏ အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် သုခ အခြင်းအရာအားဖြင့် ဖြစ်သော မှားသော နှလုံး သွင်းခြင်းကို ဖျက်ဆီးသည်၏ အစွမ်းဖြင့် လွတ်၏၊ ထိုသို့ သုခါဘိနိဝေသမှ ဆိတ်သည်၏ အဖြစ်, လွတ်သည်၏ အဖြစ်ကြောင့် သုညတ ဖြစ်သော ဝိမောက္ခ မည်၏၊ သင်္ခါရတို့ကား အနတ္တသာတည်းဟု အဖန် တလဲလဲ ရှုသည်၏ အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် အတ္တ အခြင်းအရာအားဖြင့် ဖြစ်သော မှားသော နှလုံး သွင်းခြင်းကို ဖျက်ဆီးသည်၏ အစွမ်းဖြင့် လွတ်၏၊ ထိုသို့ အတ္တာဘိနိဝေသမှ ဆိတ်သည်၏ အဖြစ်, လွတ်သည်၏ အဖြစ်ကြောင့် သုညတ ဖြစ်သော ဝိမောက္ခမည်၏၊ ဤသို့

http://www.dhammadownload.com



နိစ္စ ဟူ၍, သုခ ဟူ၍, အတ္တ ဟူ၍ မှားသော နှလုံးသွင်းခြင်းကို လွတ်သည်၏ အစွမ်းအားဖြင့် သုညတ ဖြစ်သော ဝိမောက္ခမည်၏၊ ဤသို့ရင်း—

(၂) **သင်္ခါရတို့ကား အနိစ္စသာတည်း** ဟု အဖန်တလဲလဲ ရှုသော အနိစ္စာနုပဿနာ ဉာဏ်သည် နိစ္စအားဖြင့် ဖြစ်သော သင်္ခါရနိမိတ်ကို ဖျက်ဆီးသည်၏ အစွမ်းအားဖြင့် လွတ်၏၊ ထိုသို့ နိစ္စနိမိတ်မှ ဆိတ်သည်၏ အဖြစ်, လွတ်သည်၏ အဖြစ်ကြောင့် အနိမိတ္တ မည်သော ဝိမောက္ခ ဖြစ်၏၊ ဒုက္ခာနုပဿနာဉာဏ်သည် သုခအားဖြင့် ဖြစ်သော သင်္ခါရ နိမိတ်ကို ဖျက်ဆီးသည်၏ အစွမ်းအားဖြင့် လွတ်၏၊ ထိုသို့ သုခ နိမိတ်မှ ဆိတ်သည်၏ အဖြစ်, လွတ်သည်၏ အဖြစ်ကြောင့် အနိမိတ္တ မည်သော ဝိမောက္ခ ဖြစ်၏၊ အနတ္တာနုပဿနာ ဉာဏ်သည် အတ္တအားဖြင့် ဖြစ်သောသင်္ခါရ နိမိတ်ကို ဖျက်ဆီးသည်၏ အစွမ်းအားဖြင့် လွတ်၏၊ ထိုသို့ အတ္တနိမိတ်မှ ဆိတ်သည်၏ အဖြစ်, လွတ်သည်၏ အဖြစ်ကြောင့် အနိမိတ္တ မည်သော ဝိမောက္ခ ဖြစ်၏၊ ဤသို့ နိစ္စနိမိတ်, သုခနိမိတ်, အတ္တ နိမိတ်ကို ဖျက်ဆီးသည်၏ အစွမ်းဖြင့် လွတ်သည်၏ အဖြစ်ကြောင့် အနိမိတ္တ ဖြစ်သော ဝိမောက္ခ မည်၏၊ ဤသို့ရင်း—

(၃) **သင်္ခါရတို့ကား အနိစ္စသာတည်း** ဟု အဖန်တလဲလဲ ရှုသည်၏ အစွမ်းအားဖြင့် ဖြစ်သော အနိစ္စာနုပဿနာ ဉာဏ်သည် နိစ္စအားဖြင့် ဖြစ်သော ပဏိဓိကို လွတ်၏၊ ထိုသို့ နိစ္စ ပဏိဓိမှ ဆိတ်သည်၏ အဖြစ်, လွတ်သည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ မည်သော ဝိမောက္ခ ဖြစ်၏၊ ဒုက္ခာနုပဿနာ ဉာဏ်သည် သုခအားဖြင့် ဖြစ်သော ပဏိဓိကို လွတ်၏၊ ထိုသို့ သုခ ပဏိဓိမှ ဆိတ်သည်၏ အဖြစ်, လွတ်သည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ မည်သော ဝိမောက္ခ ဖြစ်၏။

http://www.dhammadownload.com



အနတ္တာနုပဿနာ ဉာဏ်သည် အတ္တအားဖြင့် ဖြစ်သော ပဏိဓိကို လွှတ်၏၊ ထိုသို့ အတ္တပဏိဓိမှ ဆိတ်သည်၏ အဖြစ်, လွှတ်သည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ မည်သော ဝိမောက္ခ ဖြစ်၏၊ ဤသို့ နိစ္စပဏိဓိ, သုခပဏိဓိ, အတ္တပဏိဓိကို လွှတ်သည်၏ အစွမ်းအားဖြင့် အပ္ပဏိဟိတ ဖြစ်သော ဝိမောက္ခ မည်၏" ဤသို့ရင်း ဟောတော်မူအပ်၏။

ထိုသို့ ဟောတော်မူအပ်သော်လည်း ထို ဝိပဿနာဉာဏ် သုံးပါးသည် သင်္ခါရ နိမိတ်ကို မစွန့်ခြင်းကြောင့် မုချကေန်အားဖြင့် အနိမိတ္တ မည်သည် မဖြစ်၊ ပရိယာယ်အားဖြင့်သာ ဖြစ်၏၊ ထိုမှ တပါး မုချ ကေန်အားဖြင့် သုညတ မည်သည်ရင်း, အပ္ပဏိဟိတ မည်သည်ရင်း ဖြစ်၏၊ ဆက်ဦးအံ့—ထို ဝိပဿနာ ဉာဏ်၏ အာရုံ၏ အစွမ်းဖြင့်၊ ဝါ—အရိယမဂ်သို့ ရောက်ကြောင်း၏ အစွမ်းဖြင့် အရိယမဂ်ခဏ၌ ဝိမောက္ခကို ထုတ်အပ်၏၊ ထိုသို့ ထုတ်အပ်သည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ ဝိမောက္ခ, သုညတ ဝိမောက္ခ နှစ်ပါးကို သာလျှင် အဘိဓမ္မာ၌ ဟောတော်မူအပ်၏ဟု သိအပ်၏၊ ဤ ပြဆိုပြီးသော စကားသည် ရှေးဦးစွာ ဤ ဝိပဿနာ အရာ၌ ဝိမောက္ခကို ဆိုကြောင်း စကားတည်း။

ဝိမောက္ခ ပြီး၏။

---

## အရိယာ ပုဂ္ဂိုလ် ခုနစ်ဦး ဝေဘန်ပုံ

ထိုမှတပါး "ခုနစ်ပါးသော အရိယာ ပုဂ္ဂိုလ်တို့ကို ဝေဘန်ခြင်းငှါ ကျေးဇူး ပြုသည် ဖြစ်၏" ဟူသော အကြင် စကားကို ပြဆိုခဲ့ပြီ၊ ထိုစကား၌—

(၁) သဒ္ဓါနုသာရီ ပုဂ္ဂိုလ်၊
(၂) သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်၊
(၃) ကာယသက္ခိ ပုဂ္ဂိုလ်၊

http://www.dhammadownload.com



(၄) ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်၊
(၅) ဓမ္မာနုသာရီ ပုဂ္ဂိုလ်၊
(၆) ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်၊
(၇) ပညာဝိမုတ္တ ပုဂ္ဂိုလ်၊

ဤ အရိယာပုဂ္ဂိုလ် ခုနစ်ယောက်တို့သည် ရှေးဦးစွာ ဖြစ်ကုန်၏၊ ထို ခုနစ်ဦးသော အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါနုသာရီ စသော ဝေဘန်အပ်သော သဘော ရှိသည်၏ အဖြစ်ဖြင့် ဤ သဠါရုပေက္ခာ ဥာဏ်သည် အထောက် အပံ့ ကျေးဇူး ပြုတတ်သည် ဖြစ်၏။

(၁) ရှုဦးအံ့—အကြင် ပုဂ္ဂိုလ်သည် အနိစ္စအားဖြင့် နှလုံးသွင်းသည် ဖြစ်၍ အဓိမောက္ခ ဟူသော သဒ္ဓါတရားများသည်ဖြစ်၍ သဒ္ဓါနုသာရီ ဖြစ်အံ့သော အဖြစ်၏ အကြောင်း ဖြစ်သော လွန်ကဲသော သဒ္ဓိန္ဒြေကို ရ၏၊ ထို ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ သဒ္ဓါသို့ အစဉ်လိုက်သော "သဒ္ဓါနုသာရီ ပုဂ္ဂိုလ်"မည်၏။

(၂) သောတာပတ္တိမဂ်ခဏမှ ကြွင်းကုန်သော သောတာပတ္တိဖိုလ်က စ၍ အရဟတ္တဖိုလ် တိုင် အောင်သော ခုနစ်ဌာနတို့၌ "သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်" မည်၏။

(၃) ထိုမှတပါး အကြင် ပုဂ္ဂိုလ်သည် ဒုက္ခအားဖြင့် နှလုံးသွင်းသည် ဖြစ်၍ ပဿဒ္ဓိ များသည် ဖြစ်၍ လွန်ကဲသော သမာဓိန္ဒြေကို ရ၏၊ ထို ပုဂ္ဂိုလ်သည် အလုံးစုံသော ရှစ်ဌာနတို့၌လည်း "ကာယသက္ခိ ပုဂ္ဂိုလ်" မည်သည် ဖြစ်၏။

(၄) ထိုမှတပါး အရူပဈာန် လေးပါးသို့ ရောက်၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်သည် "ဥဘတောဘာဂဝိမုတ္တ"မည်သည် ဖြစ်၏။

(၅) ထိုမှတပါး အကြင် ပုဂ္ဂိုလ်သည် အနတ္တ အားဖြင့် နှလုံးသွင်းသည် ဖြစ်၍ ပညာ အဖြစ် များရကား လွန်ကဲ

http://www.dhammadownload.com



သော ပညိန္ဒြေကို ရ၏၊ ထို ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ "ဓမ္မာနုသာရီ" မည်သည် ဖြစ်၏။

(၆) အလယ် ခြောက်ချက်သော အရာတို့၌ "ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်" မည်သည် ဖြစ်၏။

(၇) အရဟတ္တဖိုလ်၌ "ပညာ ဝိမုတ္တ ပုဂ္ဂိုလ်" မည်သည် ဖြစ်၏၊ ထို စကား မှန်၏—

"အနိစ္စတော မနသိကရောတော သဒ္ဓိန္ဒြိယံ အဓိမတ္တံ ဟောတိ၊ သဒ္ဓိန္ဒြိယဿ အဓိမတ္တတ္တာ သောတာပတ္တိမဂ္ဂံ ပဋိလာဘတိ၊ တေန ဝုစ္စတိ သဒ္ဓါနုသာရီတိ၊ တထာ အနိစ္စတော မနသိကရောတော သဒ္ဓိန္ဒြိယံ အဓိမတ္တံ ဟောတိ၊ သဒ္ဓိန္ဒြိယဿ အဓိမတ္တတ္တာ သောတာပတ္တိဖလံ သစ္ဆိကတံ ဟောတိ၊ တေန ဝုစ္စတိ သဒ္ဓါဝိမုတ္တောတိ အာဒိ။"

ဤသို့ အစရှိသည်ဖြင့် ဟောတော်မူအပ်၏။

"အနိစ္စအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ လွန်ကဲသည် ဖြစ်၏၊ သဒ္ဓိန္ဒြေ၏ လွန်ကဲသည်၏ အဖြစ်ကြောင့် သောတာပတ္တိ မဂ်ကို ရ၏၊ ထိုသို့ သဒ္ဓါ လွန်ကဲသည်၏ အဖြစ်ကြောင့် သဒ္ဓါနုသာရီ ဟူ၍ ဆိုအပ်၏၊ ထိုမှတပါး အနိစ္စအားဖြင့် နှလုံးသွင်းသော ယောဂီအား သဒ္ဓိန္ဒြေ လွန်ကဲ၏၊ သဒ္ဓိန္ဒြေ လွန်ကဲသည်၏ အဖြစ်ကြောင့် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုအပ်သည် ဖြစ်၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တ ဟူ၍ ဆိုအပ်၏။"

ထိုမှ တပါးသော သာဓက သုတ်ကိုလည်း ဟောတော်မူ၏။

"သဒ္ဒဟန္တော ဝိမုတ္တောတိ သဒ္ဓါဝိမုတ္တော၊"

"ယုံကြည်သည် ဖြစ်၍ လွတ်၏၊ ထို့ကြောင့် သဒ္ဓါ ဝိမုတ္တ မည်၏။"

http://www.dhammadownload.com



ရောက်အပ် ရအပ်သော အရှုပစျာန်တို့၏ အနန္တရကာလ ပတ်လုံး မျက်မှောက် ပြုအပ်သည်ကို မျက်မှောက် ပြုလေပြီ၊ ထိုသို့ မျက်မှောက် ပြုအပ်သည်ကို နာမကာယဖြင့် မျက်မှောက် ပြုပြီးသည်၏ အဖြစ်ကြောင့် ကာယသက္ခိ ပုဂ္ဂိုလ် မည်၏၊ ဒဿနဟု ဆိုအပ်သော သောတာပတ္တိမဂ်ဉာဏ် ကိစ္စ၏အဆုံး အနန္တရလျှင် နိဗ္ဗာနသို့ ရောက်သည်တည်း၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်မည်၏။

ယုံကြည်သည် ဖြစ်၍ လွတ်ဆဲ ဖြစ်၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တ မည်၏၊ လွန်ကဲသော ဈာန်၏ အတွေ့ကို လက်ဦးစွာ တွေ့တတ် ရောက်တတ်၏၊ နောက်မှ နိရောဓဟု ဆိုအပ်သော နိဗ္ဗာန်ကို မျက်မှောက် ပြုဆဲ ဖြစ်၏၊ ထို့ကြောင့် ကာယသက္ခိ မည်၏၊ "သင်္ခါရတို့သည် ဆင်းရဲ အတိသာတည်း၊ နိဗ္ဗာန်သည် သုခ အစစ်တည်း"ဟု ဤသို့ ဉာဏ်သည် ဖြစ်၏၊ ပညာဖြင့် သိအပ်ပြီးသည်, မြင်အပ်ပြီးသည်, ထင်ရှား ပြုအပ်သည်, မျက်မှောက်ပြု အပ်ပြီးသည်, တွေ့အပ် ရောက်အပ်ပြီးသည် ဖြစ်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တ မည်၏။

ဤမှ တပါးကုန်သော သဒ္ဓါနုသာရီ စသော လေးပုဒ်တို့၌ကား အနက်ကို ဤသို့ သိအပ်၏၊ အာရုံ အရာ၌ တည်သော သဒ္ဓါ တရားသို့ အစဉ် လိုက်တတ်၏၊ ထို့ကြောင့် သဒ္ဓါနုသာရီ မည်၏၊ တနည်းကား—အကြောင်းဖြစ်သော သဒ္ဓါတရားဖြင့် သစ္စပ္ပဋိ-ဝေဓအား လျှော်စွာ သွားတတ် ကျင့်တတ်၏၊ ထို့ကြောင့် သဒ္ဓါနုသာရီ မည်၏၊ ထို့အတူ ပညာဟု ဆိုအပ်သော သဘော တရားကို အစဉ် လိုက်တတ်၏၊ ထို့ကြောင့် ဓမ္မာနုသာရီ မည်၏။

တနည်းကား—ပညာဖြင့် သစ္စပ္ပဋိဝေဓအား လျှော်စွာ သွားတတ် ကျင့်တတ်၏၊ ထို့ကြောင့် ဓမ္မာနုသာရီ မည်၏၊ အရူပ ဈာန်ဖြင့်၎င်း, အရိယမဂ်ဖြင့်၎င်း ဤသို့ နှစ်ပါးစုံ အဘို့ဖြင့် လွတ်သည်တည်း၊ ထို့ကြောင့် ဥဘတောဘာဂဝိမုတ္တ မည်၏၊ ရှေးဦးစွာ ဈာန်ဖဿနှင့် ကင်း၍ ပိုင်းခြား၍ သိခြင်း စသော လေးပါး လေးပါးသော အပြားတို့ဖြင့် သစ္စာလေးပါးတို့ကို

http://www.dhammadownload.com



ထိုးထိုး ထွင်းထွင်း သိသည် ဖြစ်၍ ထို ကိစ္စ၏ အပြီး အဆုံးသို့ ရောက်ခြင်းဖြင့် ပြီးပြီးသော ကိစ္စ ရှိသည်၏ အဖြစ်ကြောင့် အထူး သဖြင့် လွတ်သည်တည်း၊ ထို့ကြောင့် ပညာဝိမုတ္တမည်၏၊ ဤသို့ ဝစနတ္ထကို သိအပ်၏။

သင်္ခါရုပေက္ခာ ဉာဏ်သည်ကား ရှေး၌ ဖြစ်သောမုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါနုပဿနာဉာဏ် နှစ်ပါးနှင့် သရုပ် အနက် အားဖြင့် တူ၏၊ ထို့ကြောင့် ရှေး ဆရာတို့သည်—

"ဣဒံ သင်္ခါရုပေက္ခာဉာဏံ ဧကမေဝ တီဏိ နာမာနိ လဘတိ—ဟေဋ္ဌာ မုဉ္စိတုကမျတာဉာဏံ နာမ ဇာတံ၊ မဇ္ဈေ ပဋိသင်္ခါနုပဿနာဉာဏံ နာမ၊ အန္တေ စ သိခါပတ္တံ သင်္ခါရုပေက္ခာဉာဏံ နာမ။"

ဟူ၍ ဆိုတော်မူကြကုန်ပြီ။

"ဤ သင်္ခါရုပေက္ခာ ဉာဏ်သည် တခုတည်းသာ ဖြစ်ပါလျက် အမည် သုံးပါးတို့ကို ရ၏၊ အောက်၌ မုဉ္စိတုကမျတာ ဉာဏ်သည် ဖြစ်၏၊ အလယ်၌ ပဋိသင်္ခါနုပဿနာ ဉာဏ်မည်သည် ဖြစ်၏၊ အဆုံး၌ကား အထွဋ် အထိပ် အဦး အဖျားသို့ ရောက်သည် ဖြစ်၏" ဤသို့ ဆိုကုန်ပြီ။

ပါဠိတော်၌လည်း—

"ကထံ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏံ၊ ဥပ္ပါဒံ၊ ပဝတ္တံ၊ နိမိတ္တံ....(လ).... ဥပါယာသံ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏံ၊ ဥပ္ပါဒေါ ဒုက္ခန္တိ....(လ).... ဘယန္တိ၊ သာမိသန္တိ၊....(လ)....ဥပ္ပါဒေါ သင်္ခါရာတိ၊ ....(လ)....ဥပါယာသော သင်္ခါရာတိ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏန္တိ။"

ဟူ၍ ဟောတော်မူပြီ။

http://www.dhammadownload.com



"ဆန္ဒရာဂကို ပယ်သဖြင့် လွတ်လိုသည်၏ အဖြစ်မှုလည်း ဖြစ်သော, အဖန် တလဲလဲ စုံစမ်း ဆင်ခြင်တတ်သည်မှုလည်း ဖြစ်သော, လျစ်လျူအားဖြင့် အညီအညွတ် တည်သည်မှုလည်း ဖြစ်သော မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာသည် သင်္ခါရကို လျစ်လျူ ရှုခြင်းတို့၌ ဉာဏ် မည်သည် အဘယ်သို့ ဖြစ်သနည်း—ဥပ္ပါဒကို လွတ်လိုသည်၏ အဖြစ်မှုလည်း ဖြစ်သော အဖန် တလဲလဲ စုံစမ်း ဆင်ခြင်တတ်သည်မှုလည်း ဖြစ်သော, လျစ်လျူအားဖြင့် အညီအညွတ် တည်သည်မှုလည်း ဖြစ်သော မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာသည် သင်္ခါရကို လျစ်လျူ ရှုခြင်းတို့၌ ဉာဏ် မည်၏၊ ပဝတ္တကို၊ နိမိတ်ကို၊ ....(လ)....ဥပါယာသကို လွတ်လိုသည်၏ အဖြစ်မှုလည်း ဖြစ်သော, အဖန် တလဲလဲ စုံစမ်း ဆင်ခြင်တတ်သည်မှုလည်း ဖြစ်သော, လျစ်လျူအားဖြင့် အညီ အညွတ် တည်သည်မှုလည်း ဖြစ်သော ပညာသည် သင်္ခါရကို လျစ်လျူ ရှုခြင်းတို့၌ ဉာဏ်မည်၏၊ ဥပ္ပါဒသည် ဒုက္ခသာတည်း၊ ....(လ).... ဘေးသာတည်း၊ သာမိသသာတည်း၊ ဤသို့ရှင်း၊....(လ)....ဥပ္ပါဒသည် သင်္ခါရတို့သာတည်း၊ ....(လ)....ဥပါယာသသည် သင်္ခါရတို့သာတည်း၊ ဤသို့ရှင်း မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာသည် သင်္ခါရကို လျစ်လျူရှုခြင်းတို့၌ ဉာဏ်မည်၏။"

ထို ပါဠိတော်၌ လွတ်လိုသည်၏ အဖြစ်လည်း ဟုတ်၏, ထို လွတ်လိုသည်၏ အဖြစ် ဟူသည် အဖန် တလဲလဲ စုံစမ်း ဆင်ခြင်ခြင်းသည်လည်း ဟုတ်၏, လျစ်လျူအားဖြင့် အညီ အညွတ် တည်သည်လည်း ဟုတ်၏, ထို သုံးပါးသော သတ္တိကြောင့် "မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ" မည်၏၊ ဤသို့ မဂ်၏ ရှေ့အဘို့၌ နိဗ္ဗိဒါ ဉာဏ်ဖြင့် ငြီးငွေ့သော ပုဂ္ဂိုလ်၏ ဥပ္ပါဒ ပဝတ္တ စသည်ကို ညွန်းသဖြင့် ဆိုအပ်သော သင်္ခါရတို့ကို ထို သင်္ခါရတို့၌ တပ်သော ဆန္ဒရာဂကို ပယ်သဖြင့် လွတ်လိုသည်၏ အဖြစ်သည် လွတ်လိုသည်၏

http://www.dhammadownload.com



အဖြစ် "မုဉ္စိတုကမျတာ" မည်၏၊ လွတ်ခြင်း၏ အကြောင်းကို ပြုခြင်းငှါ အလယ်၌ အဖန် တလဲလဲ စုံစမ်း ဆင်ခြင်ခြင်းသည် "ပဋိသင်္ခါ" မည်၏၊ အာလယ ကင်းသည်၏ အဖြစ်သို့ ရောက်ခြင်းဖြင့် ငဲ့ကွက်ခြင်းကို စွန့်သည်၏ အစွမ်းဖြင့် လွတ်၍ ထိုသို့ စွန့်လွှတ်ခြင်းကို ပြုခြင်း၏ အဆုံး နောက်ကာလ၌ လျစ်လျူ ရှုသောအားဖြင့် အညီ အညွတ် တည်ခြင်းသည် "အဇ္ဈုပေက္ခန သဏ္ဌိဋ္ဌနာ" မည်၏၊ အကြင် သင်္ခါရုပေက္ခာ ဉာဏ်ကို ရည်၍—

"ဥပ္ပါဒေါ သင်္ခါရာ, တေ သင်္ခါရေ အဇ္ဈုပေက္ခတီတိ သင်္ခါရုပေက္ခာတိ အာဒိ။"

ဤသို့ စသည်ကို ဟောတော်မူပြီ။

"ဥပ္ပါဒသည် သင်္ခါရ မည်ကုန်၏၊ ထို သင်္ခါရတို့ကို လျစ်လျူ ရှု၏၊ ထို့ကြောင့် သင်္ခါရုပေက္ခာ မည်ကုန်၏။"

ဤသို့ အဇ္ဈုပေက္ခန အခြင်းအရာ ဟူသောအားဖြင့် "မုဉ္စိတုကမျတာ"လည်း မည်၏, သဏ္ဌိဋ္ဌနာလည်း မည်၏ဟု ဆိုအပ်သော အခြင်းအရာအားဖြင့် ဤ ဉာဏ်သည် တပါးတည်းသာ ဖြစ်၏၊ တနည်းလည်း ဤ ပါဠိဖြင့် ဤ ဉာဏ်ကို တပါးတည်း ဟူ၍သာလျှင် သိအပ်၏၊ ထိုစကား မှန်၏—

"ယာ စ မုဉ္စိတုကမျတာ, ယာ စ ပဋိသင်္ခါနုပဿနာ ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ, ဗျဉ္ဇနမေဝ နာနံ။"

ဟူသော ထို စကားကို ဟောတော်မူအပ်၏။

"အကြင် မုဉ္စိတုကမျတာ ဉာဏ်သည်ငှင်း, အကြင် ပဋိသင်္ခါနုပဿနာ ဉာဏ်သည်ငှင်း, အကြင် သင်္ခါရုပေက္ခာ ဉာဏ်သည်ငှင်း ရှိ၏၊ ဤ ဉာဏ် သုံးပါးတို့သည် အနက် သဘော တူကုန်၏, သဒ္ဒါမျှသည် သာလျှင် ထူး၏။"

http://www.dhammadownload.com



ထိုမှတပါး ဤသို့ သင်္ခါရုပေက္ခာ ဉာဏ်ကို ရပြီးသော ဤ အမျိုးသား၏ ဝိပဿနာသည် အထွဋ် အထိပ် အဦး အဖျားသို့ ရောက်သည် ဖြစ်၍ ထခြင်းဟု ဆိုအပ်သော မဂ်သို့ ဆိုက်သော ကြောင့် "ဝုဋ္ဌာနဂါမိ"မည်သည် ဖြစ်၏၊ "သိခါပတ္တ ဝိပဿနာ" ဟူသည်ရင်း၊ "ဝုဋ္ဌာနဂါမိနီ" ဟူသည်ရင်း၊ ဤ အမည်သည် **သင်္ခါရုပေက္ခာ** ဉာဏ်, အနုလောမ ဉာဏ်, ဂေါတြဘူ ဉာဏ် သုံးပါး **အပေါင်း**၏ သာလျှင် အမည်သည် ဖြစ်၏။

**သင့်စွ**—ထို ဝိပဿနာသည် အထွဋ် အမြတ်၏ အဖြစ်သို့ ရောက်သည်၏ အဖြစ်ကြောင့် "သိခါပတ္တ" မည်၏၊ ဝုဋ္ဌာန ဟူသော အရိယမဂ်သို့ ရောက်တတ်၏၊ ထို့ကြောင့် "ဝုဋ္ဌာန-ဂါမိနီ" မည်၏၊ အပဉ္စ ဝိပဿနာ၏ အာရုံ ဖြစ်သော ခန္ဓာ ပဉ္စကဟု ဆိုအပ်သော နိမိတ် ဖြစ်၍ ဖြစ်သော ဝိပဿနာဖြင့် ကျက်စားရာ အာရုံ ပြုခြင်းဟု ဆိုအပ်သော မှီဝဲသုံးသပ်အပ်သော ဝတ္ထုမှရင်း, မိမိ သန္တာန်၌ မိစ္ဆာဒိဋ္ဌိသို့ အတုလိုက်၍ ဖြစ်သော ကိလေသာဥပါဒိန္နကက္ခန္ဓာ ဟူသော ပဝတ္တ သုံးပါးမှရင်း ထသည်၏ အဖြစ်ကြောင့် မဂ်ကို "ဝုဋ္ဌာန"ဟူ၍ ဆိုအပ်၏၊ ထို ဝုဋ္ဌာန မည်သော အရိယမဂ်သို့ ရောက်တတ်၏၊ ထို့ကြောင့် "ဝုဋ္ဌာနဂါမိနီ"မည်၏၊ မဂ်နှင့် တကွ စပ်အပ်၏ ဟူလို။

ထို ဝိပဿနာဖြင့် ကျက်စားရာ အာရုံ ပြုခြင်းဟု ဆိုအပ်သော မှီဝဲ သုံးဆောင်အပ်သော ဝတ္ထုမှရင်း, ပဝတ္တ သုံးပါးမှရင်း ထသည်၏ အဖြစ်ကြောင့် ဝုဋ္ဌာန မည်၏ဟု ဆိုအပ်ခဲ့သော အကျဉ်း စကား၌ ဤ ဆိုလတ့်သည်ကား—အဘိနိဝေသ ဝုဋ္ဌာန တို့ကို ထင်စွာ ပြခြင်း အကျိုးငှါ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ရူပါရူပ၊ ပဉ္စက္ခန္ဓ၊ လက္ခဏတ္တယ အစွမ်းဖြင့် ဆိုအပ်သော ဥဒ္ဒေသတည်း။

(၁) အဇ္ဈတ္တံ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ၊

(၂) အဇ္ဈတ္တံ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ၊

(၃) ဗဟိဒ္ဓါ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ၊

(၄) ဗဟိဒ္ဓါ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ၊

http://www.dhammadownload.com



(၅) ရူပေ အဘိနိဝိသိတ္တွာ ရူပါ ဝုဋ္ဌာတိ၊
(၆) ရူပေ အဘိနိဝိသိတ္တွာ အရူပါ ဝုဋ္ဌာတိ၊
(၇) အရူပေ အဘိနိဝိသိတ္တွာ အရူပါ ဝုဋ္ဌာတိ၊
(၈) အရူပေ အဘိနိဝိသိတ္တွာ ရူပါ ဝုဋ္ဌာတိ၊
(၉) ဧကပ္ပဟာရေန ပဉ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိ၊
(၁၀) အနိစ္စတော အဘိနိဝိသိတ္တွာ အနိစ္စတော ဝုဋ္ဌာတိ၊
(၁၁) အနိစ္စတော အဘိနိဝိသိတ္တွာ ဒုက္ခတော အနတ္တ-တော ဝုဋ္ဌာတိ၊
(၁၂) ဒုက္ခတော အဘိနိဝိသိတ္တွာ ဒုက္ခတော အနိစ္စတော အနတ္တတော ဝုဋ္ဌာတိ၊
(၁၃) အနတ္တတော အဘိနိဝိသိတ္တွာ အနတ္တတော အနိစ္စ-တော ဒုက္ခတော ဝုဋ္ဌာတိ၊

မြန်မာပြန်——

(၁) မိမိ သန္တာန်ဝယ် အကျုံး ဝင်သော တရားတို့၌ နှလုံး သွင်း၍၊ ဝါ—ဝိပဿနာကို ဖြစ်စေ၍ မိမိ သန္တာန်၌ အတွင်း ဝင်သော တရားမှ ထ၏၊

(၂) မိမိ သန္တာန်ဝယ် အကျုံး ဝင်သော တရားတို့၌ ဝိပဿနာကို ဖြစ်စေ၍ ဗဟိဒ္ဓ သန္တာန်၌ အတွင်း ဝင်သော တရားမှ ထ၏၊

(၃) ဗဟိဒ္ဓ သန္တာန်ဝယ် အတွင်း ဝင်သော တရားတို့၌ ဝိပဿနာကို ဖြစ်စေ၍ ဗဟိဒ္ဓ သန္တာန်၌ အတွင်း ဝင်သော တရားမှ ထ၏၊

(၄) ဗဟိဒ္ဓ သန္တာန်ဝယ် အကျုံး ဝင်သော တရားတို့၌ ဝိပဿနာကို ဖြစ်စေ၍ မိမိ သန္တာန်၌ အတွင်း ဝင်သော တရားမှ ထ၏၊

(၅) ရုပ်၌ ဝိပဿနာကို ဖြစ်စေ၍ ရုပ်မှ ထ၏၊

http://www.dhammadownload.com



(၆) ရုပ်၌ ဝိပဿနာကို ဖြစ်စေ၍ နာမ်မှ ထ၏၊
(၇) နာမ်၌ ဝိပဿနာကို ဖြစ်စေ၍ နာမ်မှ ထ၏၊
(၈) နာမ်၌ ဝိပဿနာကို ဖြစ်စေ၍ ရုပ်မှ ထ၏၊
(၉) တပြိုင်နက်အားဖြင့်၊ ဝါ—တပေါင်းတည်းအားဖြင့် ခန္ဓာ ငါးပါးတို့မှ ထ၏၊
(၁၀) အနိစ္စအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ အနိစ္စအားဖြင့် ထ၏၊
(၁၁) အနိစ္စအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ ဒုက္ခအားဖြင့် အနတ္တအားဖြင့် ထ၏၊
(၁၂) ဒုက္ခအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ ဒုက္ခအားဖြင့် အနိစ္စအားဖြင့် အနတ္တအားဖြင့် ထ၏၊
(၁၃) အနတ္တအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ အနတ္တအားဖြင့် အနိစ္စအားဖြင့် ဒုက္ခအားဖြင့် ထ၏၊

(၁) အဘယ်သို့ ထသနည်း—ဤ သာသနာတော်၌ အချို့သော ယောဂီသည် အစ၌လျှင် အဇ္ဈတ္တသင်္ခါရတို့၌ နှလုံးသွင်းဆင်ခြင်၏၊ ဝါ—ဝိပဿနာကို ဖြစ်ပွါးစေ၏၊ ဝိပဿနာပွါးစေ၍ ထို အဇ္ဈတ္တ သင်္ခါရတို့ကို ရှု၏ မြင်၏၊ သက်သက်သော အဇ္ဈတ္တ သင်္ခါရကို ရှုကာမျှဖြင့် သာလျှင် ဝုဋ္ဌာန ဟူသော မဂ်ဖြင့် ထခြင်းသည် အကြင့်ကြောင့် မဖြစ်၊ ဗဟိဒ္ဓသန္တာန်၌လည်း ရှုအပ်သည် သာလျှင်တည်း၊ ထိုသို့ ရှုအပ်သည်၏ အဖြစ်ကြောင့် သူတပါး၏ ခန္ဓာတို့ကိုလည်း, အနုပါဒိန္နကသင်္ခါရတို့ကိုလည်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ရှု၏၊ ထို ယောဂီသည် ရံခါရံခါ မိမိ သန္တာန်၌ သင်္ခါရ အပေါင်းကို သုံးသပ်၏၊ တရံတခါ ဗဟိဒ္ဓ၌ ဖြစ်သော သင်္ခါရတို့ကို သုံးသပ်၏၊ ဤသို့သော နည်းဖြင့် သုံးသပ်သော ထို ယောဂီအား မိမိ သန္တာန် သင်္ခါရတို့ကို သုံးသပ်သော ကာလ၌ ဝိပဿနာသည် မဂ်နှင့် တကွ စပ်၏၊ ဤ ယောဂီသည် အဇ္ဈတ္တ၌ ဝိပဿနာ ဖြစ်စေ၍ အဇ္ဈတ္တမှ ထသည်မည်၏။

http://www.dhammadownload.com



(၂) သို့မဟုတ် ထို ယောဂီအား ဗဟိဒ္ဓ သင်္ခါရတို့ကို သုံးသပ်သော ကာလ၌ ဝိပဿနာသည် မဂ်နှင့် တကွ အကယ်၍ စပ်သည် ဖြစ်အံ့၊ ဤ ယောဂီသည် အဇ္ဈတ္တ၌ ဝိပဿနာကို ဖြစ်စေ၍ ဗဟိဒ္ဓမှ ထသည် မည်၏။

(၃) ဗဟိဒ္ဓ၌ ဝိပဿနာကို ဖြစ်စေ၍ ဗဟိဒ္ဓမှ ထခြင်း၌ၣင်း၊

(၄) ဗဟိဒ္ဓ၌ ဝိပဿနာကို ဖြစ်စေ၍ အဇ္ဈတ္တမှ ထခြင်း၌ၣင်း ဤနည်းကို သာလျှင် သိအပ်၏။

(၅) တဦးသော ယောဂီသည် လက်ဦး အစ၌လျှင် ရုပ်၌ နှလုံး သွင်း၏၊ ဝါ—ဝိပဿနာကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေပြီး၍ ဘူတရုပ်ကိုၣင်း, ဉပါဒါရုပ်ကိုၣင်း တပေါင်း တစု တည်း ပြု၍ ရှု၏၊ သို့သော်လည်း သက်သက် ရုပ်ကို ရှုခြင်းမျှဖြင့် သာလျှင် ထခြင်းသည် မဖြစ်သေး၊ နာမ်ကိုလည်း ရှုအပ်သည်သာ တည်း၊ ထို့ကြောင့် ထို ရုပ်ကို အာရုံ ပြု၍ ဖြစ်သော ဝေဒနာကို ၣင်း, သညာကိုၣင်း, သင်္ခါရတို့ကိုၣင်း, ဝိညာဉ်ကိုၣင်း, ဤ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် တရား လေးပါးသည် နာမ် တရားတည်း၊ ဤသို့ နာမ်ကို ရှု၏၊ ထို ယောဂီသည် ရံခါ ရုပ်ကို သုံးသပ်၏၊ ရံခါ နာမ်ကို သုံးသပ်၏၊ ဤသို့ သုံးသပ်သော ထို ယောဂီအား ရုပ်ကို သုံးသပ်သော ကာလ၌ ဝိပဿနာသည် မဂ်နှင့် တကွ စပ်၏၊ ဤ ယောဂီသည် ရုပ်၌ ဝိပဿနာကို ဖြစ်စေ၍ ရုပ်မှ ထသည် မည်၏။

(၆) သို့မဟုတ် ထို ယောဂီအား နာမ်ကို သုံးသပ်သော ကာလ၌ ဝိပဿနာသည် မဂ်နှင့် တကွ အကယ်၍ စပ်အံ့၊ ရုပ်၌ ဝိပဿနာကို ဖြစ်စေ၍ နာမ်မှ ထသည် မည်၏။

(၇) နာမ်၌ ဝိပဿနာကို ဖြစ်စေ၍ နာမ်မှ ထခြင်း၌ၣင်း၊

(၈) နာမ်၌ ဝိပဿနာကို ဖြစ်စေ၍ ရုပ်မှ ထခြင်း၌ၣင်း ဤနည်းကို သာလျှင် သိအပ်၏။

(၉) အလုံးစုံ ရှိရှိသမျှသော တေဘူမက တရား အပေါင်း သည် ဖြစ်ခြင်း သဘော ရှိ၏၊ ထို ဖြစ်ခြင်း သဘော ရှိသော

http://www.dhammadownload.com



ဇတဘူမက နာမ် တရား ရုပ် တရား ဟူသမျှသည် ချုပ်ခြင်း သဘော ပျက်ခြင်း သဘော ရှိသည်ချည်းတည်းဟု ဤသို့ နှလုံးသွင်း၍ ဤသို့သော နည်းဖြင့် သာလျှင် ထသော ကာလ၌ကား တပြိုင်နက် တချက်တည်းအားဖြင့် ခန္ဓာ ငါးပါးမှ ထသည်မည်၏။

(၁၀) တဦးသော ပုဂ္ဂိုလ်သည် လက်ဦး အစ၌လျှင် အနိစ္စအားဖြင့် သင်္ခါရတို့ကို သုံးသပ်၏၊ ထိုသို့ သုံးသပ်သော်လည်း အနိစ္စအားဖြင့် သုံးသပ်ကာမျှဖြင့် မဂ် ဟူသော ထခြင်းသည် အကြင့်ကြောင့် မဖြစ်သေး၊ ဒုက္ခအားဖြင့်ငင်း, အနတ္တအားဖြင့်ငင်း သုံး သပ် အပ် သည် သာ တည်း၊ ထို့ ကြောင့် ဒုက္ခ အား ဖြင့် ငင်း အနတ္တအားဖြင့်ငင်း သုံးသပ်၏၊ ဤနည်းဖြင့် ကျင့်သော ထို ယောဂီအား အနိစ္စအားဖြင့် သုံးသပ်သော ကာလ၌ ထခြင်းသည် အကယ်၍ဖြစ်အံ့၊ ဤ ယောဂီသည် အနိစ္စအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ အနိစ္စအားဖြင့် ထသည် မည်၏။

(၁၁) ထိုမှတပါး ထို ယောဂီအား ဒုက္ခအားဖြင့်ငင်း အနတ္တအားဖြင့်ငင်း သုံးသပ်သော ကာလ၌ ထခြင်းသည် ဖြစ်၏၊ ဤ ယောဂီသည် အနိစ္စအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ ဒုက္ခအားဖြင့် ထသည် မည်၏။

(၁၂-၁၃) ဒုက္ခအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ အနတ္တအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ ဟူသော ကြွင်းသော ဝုဋ္ဌာန တို့၌လည်း ဤနည်းကို သာလျှင် သိအပ်၏။

ဆက်၍ ဆိုအံ့—ဤ ပုဂ္ဂိုလ်တို့တွင် အကြင် ပုဂ္ဂိုလ်သည်လည်း အနိစ္စအားဖြင့် ဝိပဿနာကို ဖြစ်စေ၏၊ အကြင် ပုဂ္ဂိုလ်သည်လည်း ဒုက္ခအားဖြင့် ဝိပဿနာကို ဖြစ်စေ၏၊ အကြင် ပုဂ္ဂိုလ်သည်လည်း အနတ္တအားဖြင့် ဝိပဿနာကို ဖြစ်စေ၏၊ ထသော ကာလ၌ကား အနိစ္စအားဖြင့် ထသည် ဖြစ်အံ့၊ ဤ သုံးဦးသော ပုဂ္ဂိုလ်တို့ သည်လည်း အဓိမောက္ခ ဖြစ်ခြင်း များကုန်သည် ဖြစ်ကုန်၏၊ သဒ္ဓိန္ဒြေကို ရကုန်၏၊ အနိမိတ္တဝိမောက္ခဖြင့် လွတ်ကုန်၏၊ ပဌမ မဂ်ခဏ၌ သဒ္ဓါနုသာရီ မည်ကုန်သည် ဖြစ်ကုန်၏၊ ခုနစ်ပါး သော အရာတို့၌ သဒ္ဓါဝိမုတ္တ မည်ကုန်သည် ဖြစ်ကုန်၏၊ ထိုမှ

http://www.dhammadownload.com



တပါး ဒုက္ခအားဖြင့် ထခြင်းသည် အကယ်၍ ဖြစ်အံ့၊ ဤ ပုဂ္ဂိုလ် သုံးဦးတို့သည်လည်း ပဿဒ္ဓိ ဖြစ်ခြင်း များကုန်သည် ဖြစ်ကုန်၏၊ သမာဓိန္ဒြေကို ရကုန်၏၊ အပ္ပဏိဟိတဝိမောက္ခဖြင့် လွတ်ကုန်၏၊ အလုံးစုံသော ရှစ်ဌာနတို့၌ ကာယသက္ခိ မည်ကုန်သည် ဖြစ်ကုန်၏။

ထူးပုံကိုဆိုအံ့— ဤ ပုဂ္ဂိုလ် သုံးဦးတို့တွင် အကြင် ပုဂ္ဂိုလ်အား အရူပဈာန်သည် အခြေခံ ဖြစ်၏၊ ထို အရူပဈာန်ကို အခြေခံ ပြုသော ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်၌ ဥဘတောဘာဂ ဝိမုတ္တ မည်သည် ဖြစ်၏၊ ထိုမှတပါး ထို ပုဂ္ဂိုလ် သုံးဦးတို့အား အနတ္တအားဖြင့် ထခြင်းသည် ဖြစ်အံ့၊ ထို ပုဂ္ဂိုလ် သုံးဦးတို့သည်လည်း ပညာ ဖြစ်ခြင်း များကုန်သည် ဖြစ်ကုန်၏၊ ပညိန္ဒြေကို ရကုန်၏၊ သုညတဝိမောက္ခဖြင့် လွတ်ကုန်၏၊ ပဌမ မဂ်ခဏ၌ ဓမ္မာနုသာရီ မည်ကုန်သည် ဖြစ်ကုန်၏၊ ခြောက်ပါးသော ဌာနတို့၌ ဒိဋ္ဌိပ္ပတ္တ မည်ကုန်သည် ဖြစ်ကုန်၏၊ အရဟတ္တဖိုလ်၌ ပညာဝိမုတ္တ မည်ကုန်သည် ဖြစ်ကုန်၏၊ ဤသို့ သိအပ်၏။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဥပမာကား—

ယခု အခါ၌ ဘယတုပဋ္ဌာန အစရှိသော ပုရိမဉာဏ်, ဂေါတြဘူ အစရှိသော ပစ္ဆိမဉာဏ်တို့နှင့် တကွ ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို ထင်ရှားစွာ ပြခြင်းငှါ ဥပမာ တဆဲ့ နှစ်မျိုးတို့ကို သိအပ်ကုန်၏၊ ဤ ဆိုလတ္တံ့သည်ကား ထို ဥပမာတို့၏ ဥဒ္ဒေသတည်း—

"ဝဋ္ဋုလိ, ကဏှသပ္ပေါ, စ၊
ယာနံ, ဂေါ, ယက္ခိ, ဒါရကော,။
ခုဒ္ဒံ, ပိပါသံ, သီတု,ဏှံ,
အန္ဓကာရံ, ဝိသေန, စ။"

"လင်းနို့, ရေမြွေဟောက်, အိမ်, နွား, ဘီလူးမ, သူငယ်, အစာ ငတ်မွတ်ခြင်း, ရေသိပ်ခြင်း, အချမ်း, အပူ, အဆိပ်နှင့် တကွ အမိုက်တိုက် ဤသည်ကား **အကျဉ်း**တည်း။"

http://www.dhammadownload.com



ဆက်၍ ဆိုအံ့—ဤ ဥပမာတို့ကို ထိုထို ဉာဏ်အရာ၌ တည်သော ဥပမာ ဝတ္ထုကို ရသင့်သောကြောင့် ဘယတုပဋ္ဌာန ဉာဏ်မှ စ၍ ဆောင်ခြင်းငှါ သင့်ကုန်ရာ၏၊ ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အရာ၌ ဆောင်အပ်ကုန်သည် ရှိသော် ဘယတုပဋ္ဌာန ဉာဏ်မှ ဖိုလ်ဉာဏ် တိုင်အောင် အလုံးစုံသော ဉာဏ်ကိစ္စသည် ထင်ရှားသည် ဖြစ်၏၊ ထို့ကြောင့် ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာ အရာ၌ သာလျှင် ဆောင်အပ်ကုန်၏ဟု ဝိသုဒ္ဓိကထာ၌ ဆိုအပ်ကုန်၏။

"လင်းနို့"ကား—ဤ သစ်ပင်၌ အပွင့်ကိုဎင်း, အသီးကိုဎင်း ရလတံ့၊ ဤသို့ နှလုံး ပိုက်၍ ခက်မ ငါးဖြာ ရှိသော သစ်မည်စည်ပင်၌ ဝင်နား၍ အခက် တခက်ကို စုံစမ်း၍ ထို အခက်၌ တစုံတခုသော အပွင့်ကိုဎင်း, အသီးကိုဎင်း ယူအပ်သည်၏ အဖြစ်သို့ ရောက်သည်ကို မမြင်၊ ပဌမ တခက်ကို စုံစမ်းသကဲ့သို့ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ အခက်တို့ကိုလည်း စုံစမ်း၍ ယူအပ်သည်၏ အဖြစ်သို့ ရောက်အောင် တစုံတခုကိုမျှ မမြင်၊ ထို လင်းနို့သည် "ဤ သစ်ပင်ကား အသီး အပွင့် ကင်းလေစွ, ဤ သစ်ပင်၌ ယူလောက်အောင် တစုံတခုသော အပွင့် အသီးမျှ မရှိခဲ့တကား"ဟု ထို သစ်ပင်၌ တပ်ခြင်း အာလယကို စွန့်လွှတ်၍ ဖြောင့်မတ်စွာ ထောင်နေသော အကိုင်းသို့ တက်၍ သစ်ခွကြားမှ ဦးခေါင်းကို ဖော်၍ အထက်သို့ မျှော်၍ ကောင်းကင်သို့ ပျံတက်၍ အသီး ရှိသော အခြား သစ်ဇာပင်၌ ဝင်နား၏။

ထို ဥပမာ၌ လင်းနို့ ကဲ့သို့ ယောဂီ ပုဂ္ဂိုလ်ကို မှတ်အပ်၏၊ ခက်မ ငါးဖြာ ရှိသော သစ်မည်စည်ပင် ကဲ့သို့ ပဉ္စုပါဒါနက္ခန္ဓာ တို့ကို မှတ်အပ်၏၊ ထို သစ်ပင်၌ လင်းနို့ ဝင်နားသကဲ့သို့ ယောဂီ၏ ခန္ဓာ ပဉ္စက၌ နှလုံးသွင်းခြင်းကို မှတ်အပ်၏၊ ထို လင်းနို့၏ တစုံတခုသော အခက်ကို စုံစမ်း၍ ယူလောက်အောင် တစုံတရာမျှ မမြင်၍ ကြွင်းသော အခြား အခက်တို့ကို စုံစမ်းသကဲ့သို့ ယောဂီ၏ ရူပက္ခန္ဓာကို သုံးသပ်၍ ထို ရူပက္ခန္ဓာ၌ ယူခြင်းငှါ လျောက်ပတ်သော တစုံတခုသော နိစ္စသာရ, သုခသာရ စသော အနှစ်ကို

http://www.dhammadownload.com



မမြင်၍ ကြွင်းသော ခန္ဓာတို့၌ သုံးသပ်ခြင်းကို မှတ်အပ်၏၊ ထို လင်းနို့၏ "ဤ သစ်ပင်သည် အသီး မဲ့စွတကား"ဟု သစ်ပင်၌ တပ်ခြင်း အာလယကို စွန့်ခြင်းကဲ့သို့ ယောဂီ၏ ခန္ဓာ ငါးပါး တို့၌လည်း အနိစ္စလက္ခဏာ စသည်ကို မြင်သည်၏ အစွမ်းဖြင့် လည့်ဝယ် ဆွဲထားသော ခွေးကောင်ပုပ် ကဲ့သို့ စက်ဆုပ် ငြီးငွေ့ ရကြောင်း မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါနုပဿနာဉာဏ်, သင်္ခါရု- ပေက္ခာ ဉာဏ် သုံးပါး အပေါင်းကို မှတ်အပ်၏၊ ထို လင်းနို့၏ မြောင့်မတ်စွာ ထောင်နေသော အကိုင်းသို့ တက်ခြင်းကဲ့သို့ ယောဂီ၏ အနုလောမ ဉာဏ်ကို မှတ်အပ်၏၊ ဦးခေါင်းကို ဖော်၍ အထက်သို့ မျှော်ကြည့်ခြင်းကဲ့သို့ ဂေါတြဘူ ဉာဏ်ကို မှတ်အပ်၏၊ ကောင်းကင်၌ ပျံတက်သကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ အခြား သော သစ်ပင်၌ နားသကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

"ရေမြွေဟောက်" ဥပမာကို ပဋိသမ္ဘိ ဉှာဏ်၌ ပြဆိုခဲ့ပြီးပြီ သာလျှင်တည်း၊ အထူးကား—ဤ ရေမြွေဟောက် ဥပမာ၌ ဥပမာနှင့် ဥပမေယျ နှီးနှောရာဝယ် မြွေကို လွှတ်ခြင်းကဲ့သို့ ဂေါတြဘူ ဉာဏ်ကို မှတ်အပ်၏၊ ခပ်သိမ်းသော သင်္ခါရ အဖြစ်သို့ ရောက်သော တေဘူမက တရားကို စွန့်လွှတ်၍ နိဗ္ဗာန်ကို အာရုံ ပြုခြင်းကြောင့်တည်း၊ မြွေကို လွှတ်ပြီး၍ လာရာ ခရီးကို ကြည့်လျက် ရပ်ခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ သွား၍ ဘေးကင်းရာ အရပ်၌ တည်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏၊ ဤကား အထူးတည်း။

"အိမ်"ဟူသည်ကား—အိမ့်ရှင်သည် ညအခါ၌ စားသောက် ပြီး၍ အိပ်ရာသို့ တက်၍ အိပ်မွေ့ခြင်းကို သက်လတ်သည် ရှိသော် နေအိမ်ကို မီးလောင်သတတ်၊ ထို အိမ့်ရှင်သည် နိုးလတ်၍ မီးကို မြင်၍ ကြောက်သည် ဖြစ်၍ မိမိ ကိုယ်ကို "မီးမလောင်မီ အကယ်၍ ထွက်ပြေးရမူကား ကောင်းလေစွ"ဟု ကြံ၍ ထွက်ရာ အရပ်ကို ကြည့်သည် ရှိသော် ထွက်ပေါက် ခရီးကို မြင်၍ ထွက်လဝ်၍ လျင်စွာ ဘေးကင်းရာ အရပ်သို့ သွား၍ တည်၏၊ ထို ဥပမာ၌ အိမ့်ရှင်၏ စားသောက်ပြီး၍ အိပ်ရာသို့ တက်၍ အိပ်ပျော်ခြင်းသို့

http://www.dhammadownload.com



ရောက်သကဲ့သို့ ပုထုဇဉ်မိုက်၏ ခန္ဓာ ငါးပါး အပေါင်းတို့ကို "ငါငါ့, ငါ့ဥစ္စာ, ငါ့ဥစ္စာ"ဟု စွဲလမ်းခြင်းကို မှတ်အပ်၏၊ နိုး၍ မီးကို မြင်၍ ကြောက်သော ကာလကဲ့သို့ ကောင်းသော အကျင့်ကို ကျင့်၍ လက္ခဏာရေး သုံးပါးကို မြင်၍ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ထွက်ပေါက် ခရီးလမ်းကို ကြည့်ခြင်းကဲ့သို့ မုဉ္စိတုကမျတာ ဉာဏ်ကို မှတ်အပ်၏၊ ထွက်လမ်းကို မြင်ခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ မီးလောင်သော အိမ်တွင်းမှ ထွက်ပြေးခြင်း ကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လျင်သော အဟုန်ဖြင့် ပြေးခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ ဘေးကင်းရာ အရပ်၌ တည်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

"နွား" ဟူသည်ကား—လယ်သမား တဦး၏ ညအခါ၌ အိပ်ပျော် နေစဉ် နွားတို့သည် ခြံကို ဖောက်၍ ထွက်ပြေးကြကုန်သတတ်၊ ထို လယ်သမားသည် မိုးသောက်ထ အခါ၌ ထိုနွားခြံသို့ သွား၍ ကြည့်လတ် သည်ရှိသော် ထို နွားတို့၏ ထွက်ပြေးသော အဖြစ်ကို သိ၍ နွားခြေရာ အစဉ် အတိုင်း လိုက်၍ မင်း၏ နွားတို့ကို မြင်လေ၏၊ ထို မင်း၏ နွားတို့ကို ငါ့ နွားတို့ ဟူ၍ မှတ်ထင်၍ ဆောင်လေသည် ရှိသော် မိုးလင်းသော ကာလ၌ "ဤ နွားတို့သည် ငါ့နွား မဟုတ်ကုန်၊ မင်းနွားတော်တို့တည်း"ဟု သိ၍ အကြင်ရွှေလောက်သော ကာလပတ်လုံး "ဤ နွားလိုက်သူကား ခိုးသူတည်း" ဟု ဖမ်း၍ "မင်းချင်းတို့သည် ငါ့ကို ပျက်စီးခြင်းသို့ မရောက်စေကုန်သေး, ထိုသို့ ပျက်စီးခြင်းသို့ မရောက်မီပင်လျှင် ထွက်ပြေးအံ့" ဟု ကြံ၍ ကြောက်သည် ဖြစ်၍ နွားတို့ကို စွန့်၍ လျင်မြန်စွာ ထွက်ပြေး၍ ဘေးကင်းရာ အရပ်၌ တည်၏၊ ထို ဥပမာ၌ ငါ့နွားဟု ထင်၍ မင်း၏ နွားတော်တို့ကို ဖမ်းယူခြင်း ကဲ့သို့ ပုထုဇဉ် မိုက်၏ ငါငါ့, ငါ့ကိုယ်, ငါ့ဥစ္စာ ဟူ၍ ဥပါဒါနက္ခန္ဓာတို့ကို စွဲလမ်းခြင်းကို မှတ်အပ်၏၊ မိုးလင်းလတ်သော် မင်း၏ နွားတော်တို့ ဟူ၍ သိခြင်းကဲ့သို့ ယောဂီ၏ လက္ခဏာရေး သုံးပါး၏ အစွမ်းဖြင့် ခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု သိခြင်းကို မှတ်အပ်၏၊ မင်းချင်းတို့ ဖမ်းယူ သတ်ဖြတ်ခြင်းမှ ကြောက်သော

http://www.dhammadownload.com



ကာလကဲ့သို့ ဘယတုပဋ္ဌာန ဉာဏ်ကို မှတ်အပ်၏၊ နွားတို့ကို လွှတ်၍ ထွက်ပြေးလို သကဲ့သို့ မုဉ္စိတုကမျတာ ဉာဏ်ကို မှတ်အပ်၏၊ နွားတို့ကို လွှတ်ခြင်း ကဲ့သို့ ဂေါတြဘူ ဉာဏ်ကို မှတ်အပ်၏၊ ထွက်ပြေး သကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ ဘေးကင်းရာ အရပ်၌ တည်သကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

"ဘီလူးမ" ဟူသည်ကား—ယောကျ်ား တယောက်သည် ဘီလူးမနှင့် အိမ်ထောင်ခြင်းကို ပြုသတတ်၊ ထို ဘီလူးမသည် ညအခါ၌ "ဤယောကျ်ားသည် အိပ်ပျော်ပြီ" ဟု မှတ်၍ သူကောင်ပစ်ရာ သုသာန်သို့ သွား၍ လူသားကို စား၏၊ ထို ယောကျ်ားသည် "ဤ မိန်းမကား အဘယ်သို့ သွားသနည်း" ဟု အစဥ်တစိုက် လိုက်သွားလေ၍ လူသား စားနေသည်ကို မြင်၍ ထို ဘီလူးမ၏ လူ မဟုတ်သော အဖြစ်ကို အမှန် သိ၍ "အကြင်မျှလောက် ငါ့ကို မစားသေး, ထိုသို့ ငါ့ကို မစားမီ ပြေးအံ့" ဟု ကြံ၍ ကြောက်သဖြင့် လျင်မြန်စွာ ပြေးပြီးလျှင် ဘေးကင်းရာ အရပ်၌ တည်၏၊ ထို ဥပမာ၌ ဘီလူးမနှင့် အတူ တကွ ပေါင်းဘော်ခြင်း ကဲ့သို့ ခန္ဓာတို့ကို ငါ ငါ့, ငါ့ကိုယ်, ငါ့ဥစ္စာဟု စွဲလမ်းခြင်းကို မှတ်အပ်၏၊ သုသာန်၌ လူသား စားနေသော ဘီလူးမကို မြင်၍ ဤ မိန်းမကား လူမဟုတ်, ဘီလူးမတည်းဟု သိခြင်းကဲ့သို့ ခန္ဓာတို့၏ လက္ခဏာ သုံးပါးကို မြင်၍ အနိစ္စ စသည်၏ အဖြစ်ကို သိခြင်းကို မှတ်အပ်၏၊ ကြောက်သော ကာလကဲ့သို့ ဘယတုပဋ္ဌာန ဉာဏ်ကို မှတ်အပ်၏၊ ပြေးလိုသည်၏ အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာ ဉာဏ်ကို မှတ်အပ်၏၊ သုသာန်၌ ဘီလူးမကို စွန့်လွှတ်ခြင်း ကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လျင်မြန်စွာ ထွက်ပြေး သကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ ဘေးကင်းရာ၌ တည်သကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

"သူငယ်" ဟူသည်ကား—မိန်းမ တယောက်သည် သား၌ ချစ်ခြင်း ပြင်းစွာ ရှိသည် ဖြစ်သတတ်၊ ထို သားချစ်ကြူးသော မိန်းမသည် အထက် ပြာသာဒ်၌ နေလျက်လျှင် အိမ်၏ အကြား သွားသော ခရီး၌ သူငယ် ငိုသံကို ကြား၍ "ငါ၏ သားကို တစုံ

http://www.dhammadownload.com



တယောက်သော သူသည် ပုတ်ခတ် ညှဉ်းဆဲအပ်သလော” ဟု လျင်စွာ သွား၍ မိမိသား ဟူသော အမှတ်ဖြင့် သူတပါး သားကို ပိုက်ပွေ့ ယူ၏၊ ထို မိန်းမသည် “ဤ သူငယ်ကား သူတပါး သားတည်း” ဟု သိ၍ ရှုံ့ရှာ ရှက်စနိုးသည် ဖြစ်၍ ဟိုဟို သည်သည် ဤမှ ထိုမှ ကြည့်၍ “ငါ့ကို တစုံတယောက်သော သူသည် ဤမိန်းမ ကား သူတပါး သားကို ခိုးတတ်သော ကလေးခိုးမတည်း၊ ဤသို့ မစွပ်စွဲ မဆဲမဆိုပါစေလင့်” ဟု ကြံ၍ ထို သူငယ်ကို ထို အိမ် လမ်းကြား ခရီး၌ ပင်လျှင် ချထား၍ တဖန် အဆောတလျင် ပြာသာဒ်သို့ တက်၍ နေ၏။

ထို ဥပမာ၌ မိမိသား ဟူသော အမှတ်ဖြင့် သူတပါး သားကို ပွေ့ပိုက် ယူခြင်းကဲ့သို့ ငါငါ, ငါ့ကိုယ်, ငါ့ဥစ္စာဟု ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို စွဲလမ်းခြင်းကို မှတ်အပ်၏၊ ဤ သူငယ်ကား သူတပါး သားတည်းဟု သိခြင်းကဲ့သို့ လက္ခဏာ သုံးပါး၏ အစွမ်းဖြင့် ငါ မဟုတ်, ငါ၏ ဥစ္စာ မဟုတ်ဟု အမှန် သိခြင်းကို မှတ်အပ်၏၊ သားခိုးမဟု ဆိုအံ့သည်မှ ကြောက်သကဲ့သို့ ဘယ- တုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ဟိုဟို သည်သည် ဤမှ ထိုမှ ကြည့်ခြင်းကဲ့သို့ မုဉ္စိတုကမျတာ ဉာဏ်ကို မှတ်အပ်၏၊ ထို ချီယူရာ အရပ် အိမ်ကြား လမ်း၌ သာလျှင် သူငယ်ကို ချထားခြင်း ကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ချထားပြီး အိမ်ကြား လမ်း၌ တည်သော ကာလကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ ပြာသာဒ်သို့ တက်သကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ ပြာသာဒ် ထက်သို့ တက်ပြီးလျှင် ချမ်းသာစွာ တည်နေ သကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

ထိုမှတပါး “ငတ်မွတ်ခြင်း” “ရေဆိဒ်ခြင်း” “အချမ်း” “အပူ” “အဆိပ်နှင့်တကွ” “အမိုက်တိုက်” ဤခြောက်ပါးသော ဥပမာတို့ကို ဝုဋ္ဌာနဂါမိနီ မည်သော အရိယမဂ်သို့ ဆိုက်သော ဝိပဿနာ၌ တည်သော ယောဂီ၏ လောကုတ္တရာတရားသို့ ရှေ့ရှု ညွတ်သည်၏ အဖြစ် ရှိုင်းသည်၏ အဖြစ် ကိုင်းသည်၏ အဖြစ်ကို ပြခြင်းငှါ ဆိုအပ်ကုန်၏၊ ထင်ရှားစေအံ့—ငတ်မွတ်

http://www.dhammadownload.com



ခြင်းဖြင့် နှိပ်စက်အပ်သော အလွန် ဆာလောင်သော ယောကျ်ားသည် ကောင်းသော အရသာ ရှိသော ဘောဇဉ်ကို တောင့်တ သကဲ့သို့ ထို့အတူ သံသရာဝဋ်ဆင်းရဲ၌ ဖြစ်သော ငတ်မွတ်ခြင်းဖြင့် နှိပ်စက်အပ်သော ဤ ယောဂီသည် အမြိုက် အရသာ ရှိသော ကာယဂတာသတိ ဟူသော ဘောဇဉ်ကို တောင့်တ၏၊ ထိုမှတပါး ရေသိပ်သော ယောကျ်ားသည် လည်ချောင်း ခံတွင်း ခြောက်ကပ်သည် ဖြစ်၍ အသီးရည် ရှာခြင်း အစ ရှိသော များစွာသော အကြောင်း အဆောက် အဦ ရှိသော အဖျော်ကို တောင့်တ သကဲ့သို့ ထို့အတူ သံသရာဝဋ် တည်းဟူသော ရေသိပ်ခြင်းသည် တွေ့ထိအပ်သော ဤ ယောဂီသည် အင်္ဂါ ရှစ်ပါး ရှိသော အရိယမဂ် အဖျော်ကို တောင့်တ၏။

အချမ်းဖြင့် နှိပ်စက်အပ်သော ယောကျ်ားသည် အပူကို တောင့်တ သကဲ့သို့ ထို့အတူ သံသရာ ဆင်းရဲ ဝဋ်ဆင်းရဲ၌ ချစ်တပ် လွန်စွာ တဏှာ ဟူသော အချမ်းဖြင့် တွေ့ထိအပ်သော ဤယောဂီသည် ကိလေသာကို ပူပန်စေတတ်သော အရိယမဂ် တည်းဟူသော မီး အပူဓာတ်ကို တောင့်တ၏၊ အပူ နှိပ်စက် အပ်သော ယောကျ်ားသည်လည်း အချမ်းကို တောင့်တ သကဲ့သို့ ထို့အတူ သံသရာဝဋ်၌ ရာဂဂ္ဂိ စသော ကိလေသာမီး ဆဲ့တပါး တို့ဖြင့် ပြင်းစွာ ပူပန်သော ဤ ယောဂီသည် ကိလေသာမီး ဆဲ့တပါးတို့၏ ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။

အင်္ဂါ လေးပါးနှင့် ပြည့်စုံသော အမိုက်တိုက်ဖြင့် နှိပ်စက် အပ်သော ယောကျ်ားသည် အလင်းကို တောင့်တသကဲ့သို့ ထို့ အတူ အဝိဇ္ဇာ ဟူသော မှောင် အမိုက်ဖြင့် ဖုံးလွှမ်းအပ် အဖန် တလဲလဲ ဖုံးလွှမ်းအပ်သော ဤ ယောဂီသည် ဉာဏ်ဖြင့် ပြီးသော အလင်း ရှိသော မဂ်ဘာဝနာကို တောင့်တ၏၊ ထိုမှတပါး အဆိပ်ဖြင့် နှိပ်စက်အပ်သော ယောကျ်ားသည် အဆိပ်ကို ဖျောက် တတ်သော ဆေးကို တောင့်တသကဲ့သို့ ထို့အတူ ကိလေသာ ဟူသော အဆိပ်ဖြင့် နှိပ်စက်အပ်သော ဤ ယောဂီသည် ကိလေသာ အဆိပ်ကို နှိပ်နင်း ပယ်ဖျောက်နိုင်သော အမြိုက် ဖြစ်၍

http://www.dhammadownload.com



ဖြစ်သော၊ ဝါ—မသေသည်၏ အဖြစ်ကို ပြီးစေတတ်သော ဆေးဟု ဆိုအပ်သော နိဗ္ဗာန်ကို တောင့်တ၏၊ ထို့ကြောင့်—

"ဤသို့သော နည်းဖြင့် သိအပ်သော ဤသို့သော နည်းဖြင့် ရှုသော ထို ယောဂီ၏ စိတ်သည် ဘဝ သုံးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာဝါသ ကိုးပါးတို့၌ တွန့်၏ ရှုံ့၏ နစ်၏ မပျံ့ပွါး၊ ဝါ—မွေ့လျော်သောအားဖြင့် မပြေးဝင်၊ ဥပေက္ခာ သည်ဖြင့်း, စက်ဆုပ် ရွံ့ရှာသည့် အဖြစ်သည်ဖြင့်း တည်၏။"

ဟူသော စကားကို ပြဆိုခဲ့ပြီးလေပြီ၊ အလုံးစုံသော စကားကို ယခင် ပြဆိုပြီးသော နည်းဖြင့်သာလျှင် သိအပ်၏၊ ဤမျှ အတိုင်း အရှည် ရှိသော ဝိပဿနာ အစဉ်ဖြင့် သာလျှင် ဤ ယောဂီသည် ဘဝ စသည်တို့မှ တွန့်လိပ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ကျင့်သော ပုဂ္ဂိုလ် မည်သည် ဖြစ်၏၊ အကြင် ဘဝ စသည်တို့မှ တွန့်လိပ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ကျင့်တတ်သော ပုဂ္ဂိုလ်ကို ရည်၍—

"ပဋိလီနစရဿ ဘိက္ခုနော,
ဘဇမာနဿ ဝိဝိတ္တမာနသံ၊
သာမဂ္ဂိယမာဟု တဿ တံ,
ယော အတ္တာနံ ဘဝနေ န ဒဿယေ။"

ဟူ၍ ဟောတော်မူ၏။

"အို ရဟန်းတို့—အကြင် ရဟန်းသည် ဘုံသုံးပါး၌ မိမိ၏ အတ္တဘောကို မပြရာ၊ ဝါ—မမြင်ရာ၊ ကာယ ဝိဝေက, စိတ္တဝိဝေက၌ ယှဉ်သော စိတ်ကို ဆည်းကပ် သော, ဘဝ သုံးပါးတို့မှ တွန့်လိပ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ကျင့်နိုင်ပေသော ထို ယောဂီရဟန်းအား ထို ဘုံသုံးပါး၌ မိမိ၏ အတ္တဘောကို မမြင်ရခြင်းကို လျောက်ပတ် သင့်တင့်လှ၏ ဟူ၍ ဘုရား အစရှိကုန်သော အရိယာ အရှင်မြတ်တို့သည် ချီးမွမ်းတော်မူကြကုန်၏။"

http://www.dhammadownload.com



ဤ ပြဆိုပြီးသော နည်းဖြင့် ဤ သင်္ခါရုပေက္ခာဉာဏ်သည် ယောဂီ၏ ဘဝ သုံးပါး၌ တွန့်လိပ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ကျင့်နိုင်သော ပုဂ္ဂိုလ်၏ အဖြစ်ကို မြဲမြဲ မှတ်၍ အထက်၌ အရိယ မဂ်၏လည်း အရိယ မဂ်ခဏ၌ ရစကောင်းသော ဗောဇ္ဈင်၏ ခြောက်ပါး ခုနစ်ပါး ဟူသော အထူး, မဂ္ဂင်၏ ခုနစ်ပါး ရှစ်ပါး ဟူသော အထူး, ဈာနင်၏ လေးပါး ငါးပါး စသော အထူး, ပဋိပဒါ အထူး, ဝိမောက္ခ အထူးကို မြဲမြဲ စွဲစွဲ မှတ်၏၊ ချဲ့ဦးအံ့— တိပိဋကစူဠနာဂ မထေရ် စသော အချို့ ကေစိ ဆရာတို့က "အရိယ မဂ်ခဏ၌ ရစကောင်းသော ဗောဇ္ဈင်, မဂ္ဂင်, ဈာနင် တို့၏ ခြောက်ပါး ခုနစ်ပါး, ခုနစ်ပါး, ရှစ်ပါး, လေးပါး ငါးပါး စသည် အထူးကို မဂ်၏ အနီး ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အခြေ အမြစ် ဖြစ်သော ဈာန်သည် မြဲစေ၏"ဟု ဆိုကုန်၏။

မောရဝါပီ အရပ်၌ သီတင်း သုံးသော မဟာဒတ္တ မထေရ် စသော အချို့ ဆရာတို့က "မဂ်၏ အနီး ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ ရှုအပ်သော အာရုံ ဖြစ်၍ ဖြစ်ကုန်သော ခန္ဓာတို့သည် မြဲစေ ကုန်၏"ဟု ဆိုကုန်၏၊ တိပိဋကစူဠာဘယ စသော အချို့သော မထေရ်တို့က "ပါဒကဈာန်, သမ္မသိတဈာန် နှစ်ပါးတို့၏ ကွဲပြား ခြားနားခြင်းသည် ရှိလတ်သော် ဝိပဿက ပုဂ္ဂိုလ်၏ အလိုသည် မှတ်၏၊ မြဲစေ၏"ဟု ဆိုကုန်၏၊ ထို မထေရ် သခင် အရှင် သုံးဦးတို့၏ အယူတော်၌ အကြင် ရွေအတ္တိ၌ ဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် မှတ်သည်သာတည်း၊ ဝါ—မြဲစေ သည်သာတည်း၊ ဤသို့ သိအပ်၏။

ထို ဗောဇ္ဈင် စသည်တို့၏ အထူးကို မှတ်ခြင်း၌ ဤ ဆိုလတ္တံ့ သည်ကား အစဥ်အတိုင်း ဖြစ်သော စကားတည်း၊ ချဲ့ဦးအံ့— ဝိပဿနာ ဟူသော မှတ်ကြောင်း ဖြစ်သော ဈာန်ဟူသော အစေး ကင်း၍ ဝိပဿနာ ခြောက်သော ပုဂ္ဂိုလ်အား ဖြစ်သော မဂ်သည်၎င်း, သမာပတ်ကို ရသော ပုဂ္ဂိုလ်အား ဈာန်ကို အခြေ မပြုမူ၍ ဖြစ်သော မဂ်သည်၎င်း, ပဌမဈာန်ကို အခြေ ပြု၍ ပဌမ ဈာန်မှ တပါးသော ပကိဏ္ဏကသင်္ခါရတို့ကို သုံးသပ်၍

http://www.dhammadownload.com



ဖြစ်စေအပ်သော မဂ်သည်ငင်း ပဌမဈာန်နှင့် ယှဉ်ကုန်သည့် သာလျှင်ချည်း ဖြစ်ကုန်၏၊ အလုံးစုံသော မဂ်တို့၌ ဗောဇ္ဈင် ခုနစ်ပါးတို့သည်, မဂ္ဂင် ရှစ်ပါးတို့သည်, ဈာနင် ငါးပါးတို့သည် ဖြစ်ကုန်၏။

ထင်ရှားစေအံ့—ထို အရိယမဂ်တို့၏ ရှေးအဘို့ ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သည်ငင်း, ဥပေက္ခာ သဟဂုတ်သည်ငင်း ဖြစ်၍ ထသော ကာလ၌ သင်္ခါရုပေက္ခာ၏ အဖြစ်သို့ ရောက်၍ သောမနဿသဟဂုတ်သည် ဖြစ်၏၊ ပဉ္စက နည်း၌ ဒုတိယ, တတိယ, စတုတ္ထ ဈာန်တို့ကို အခြေ ပြု၍ ဖြစ်စေ အပ်သော မဂ်တို့၌ အစဉ်အတိုင်း သာလျှင် ဈာန်သည် အင်္ဂါ လေးပါး ရှိသည်ငင်း, အင်္ဂါ သုံးပါး ရှိသည်ငင်း, အင်္ဂါ နှစ်ပါး ရှိသည်ငင်း ဖြစ်၏၊ အထူးကား—အလုံးစုံသော မဂ်တို့၌ မဂ္ဂင် ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ စတုတ္ထ ဈာန်ကို အခြေ ပြု၍ ဖြစ်သော မဂ်၌ ဗောဇ္ဈင် ခြောက်ပါးတို့သည် ဖြစ်ကုန်၏၊ ဤ ဒုတိယ ဈာန် စသည်တို့၏ အင်္ဂါ လေးပါး စသော အထူးသည် ပါဒကဈာန် ဟူသော မှတ်ကြောင်းဖြင့် သာလျှင်ငင်း, ဝိပဿနာ ဟူသော မှတ်ကြောင်းဖြင့် သာလျှင်ငင်း ဖြစ်၏။

ထို စကား မှန်၏—ထို ပဉ္စက နည်း၌ ဒုတိယ, တတိယ, စတုတ္ထ ဈာန်တို့ကို အခြေ ပြု၍ ဖြစ်စေအပ်သော မဂ်တို့၏လည်း ရှေးအဘို့၌ ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ် သည်ငင်း, ဥပေက္ခာသဟဂုတ်သည်ငင်း ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် သောမနဿသဟဂုတ်သည် သာလျှင် ဖြစ်၏၊ အထူးကို ဆိုအံ့—ပဉ္စမဈာန်ကို အခြေ ပြု၍ ဖြစ်စေအပ်သော မဂ်၌ ဥပေက္ခာစိတ္တေကဂ္ဂတာ၏ အစွမ်းဖြင့် ဈာန် အင်္ဂါ နှစ်ပါး တို့သည် ဖြစ်ကုန်၏၊ ဗောဇ္ဈင် ခြောက်ပါး, မဂ္ဂင် ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဤ ဈာနင် နှစ်ပါး, ဗောဇ္ဈင် ခြောက်ပါး, မဂ္ဂင် ခုနစ်ပါး အထူးသည်လည်း ပါဒကဈာနနိယမ, ဝိပဿနာနိယမ နှစ်ပါး၏ အစွမ်းဖြင့် ဖြစ်၏၊ သင့်စွ—ဤနည်း၌ မဂ်၏ ရှေးအဘို့၌ ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သည်ငင်း,

http://www.dhammadownload.com



ဥပေက္ခာ သဟဂုတ်သည်ငှင်း ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဥပေက္ခာ သဟဂုတ်သည် သာတည်း၊ အရူပဈာန်တို့ကို အခြေ ပြု၍ ဖြစ်စေအပ်သော မဂ်၌လည်း ဤနည်းကို သာလျှင် သိအပ်၏၊ ဤသို့ ပါဒကဈာန်မှ ထ၍ အမှတ်မရှိ တေဘူမက သင်္ခါရတို့ကို သုံးသပ် ဆင်ခြင်၍ ဖြစ်စေအပ်သော မဂ်၏ နီးသော အရပ်၌ ထအပ်သော သမာပတ်သည် မိမိနှင့် တူသည်၏ အဖြစ်ကို ပြု၏၊ အဘယ်ကဲ့သို့ နည်း—မြေကြီး အဆင်းသည် ဖွတ်အဆင်း၏ မိမိနှင့် တူသော အဖြစ်ကို ပြုသကဲ့သို့တည်း။

ထိုမှတပါး ဒုတိယ မထေရ်၏ အလို၌ အကြင် အကြင် သမာပတ်မှ ထ၍ အကြင် အကြင် သမာပတ် တရားတို့ကို သုံးသပ်၍ မဂ်သည် ဖြစ်စေအပ်သည် ဖြစ်အံ့၊ ထိုထို သမာပတ်နှင့် တူသည် သာလျှင် ဖြစ်၏၊ ဆက်၍ ဆိုအံ့—ထို ဒုတိယ မထေရ်၏ အယူ၌ လည်း ဝိပဿနာ နိယမကို ပြဆိုပြီးသော နည်းအတိုင်း သိအပ်၏၊ တတိယ မထေရ်၏ အယူ၌လည်း မိမိ မိမိ၏ အလိုအားလျော် သဖြင့် အကြင် အကြင် ဈာန်ကို အခြေ ပြု၍ အကြင် အကြင် ဈာန်တရားတို့ကို သုံးသပ်၍ ဖြစ်စေအပ်သော မဂ်သည် ထိုထို ဈာန်နှင့် တူသည် သာလျှင် ဖြစ်၏၊ အပြစ် တင်စရာ ဂရဟာကို ဆိုဦးအံ့—ပါဒကဈာန်ကိုငှင်း, သမ္မသိတဈာန်ကိုငှင်း ကြဉ်၍ အလိုမျှဖြင့် သာလျှင် ထိုထို ဈာန်နှင့် တူစွာ ဖြစ်ခြင်းသည် ပင်လျှင် မပြည့်စုံ၊ ထို ပါဒကဈာန်, သမ္မသိတဈာန် ဟူသော ဥပနိဿယ တို့နှင့် ကင်း၍ အဇ္ဈာသယမျှဖြင့် မပြည့်စုံခြင်း ဟူသော အနက်ကို ဥပနိဿယနှင့် ကင်း၍ သက်ပွမျှဖြင့် သကဒါဂါမိဖိုလ် စသည်တို့၏ မပြီးခြင်းကို ပြတတ်သော နန္ဒကောဝါဒ သုတ်ဖြင့် ပြအပ်၏၊ ဤ တတိယ ထေရ ဝါဒ၌လည်း ဝိပဿနာ နိယမကို အကြင် အကြင် သမာပတ်မှ ထ၍ စသည်ဖြင့် ပြဆိုပြီးသော နည်းဖြင့် သာလျှင် သိအပ်၏၊ ဤသို့ ရှေးဦးစွာသင်္ခါရုပေက္ခာဝိပဿနာသည် ဗောဇ္ဈင်, မဂ္ဂင်, ဈာနင်တို့ကို မှတ်၏, မြဲစေ၏၊ ဤသို့ သိအပ်၏။

ထိုမှတပါး ဤ သင်္ခါရုပေက္ခာ ဉာဏ်သည် လက်ဦး၌ ကိလေသာ တို့ကို ခွါသည်ရှိသော် ဆင်းရဲ ငြိုငြင်သဖြင့် စိတ္တ ပယောဂဟု

http://www.dhammadownload.com



ဆိုအပ်သော အားထုတ်ခြင်းနှင့် တကွ တိုက်တွန်းခြင်းနှင့် တကွ ဥါခြင်းငှါ အကယ်၍ မတတ်နိုင်သည် ဖြစ်အံ့, ဆင်းရဲ ငြိုငြင်သော အကျင့် ဒုက္ခပဋိပဒါ မည်သည် ဖြစ်၏၊ ထိုမှ ပြန်သောအားဖြင့် မငြို မငြင် ချမ်းသာသော အကျင့် သုခပဋိပဒါ မည်သည် ဖြစ်၏၊ ထိုမှတပါး ကိလေသာတို့ကို ဥါ၍ မဂ်ဟူသော တောင့်တအပ်သော တရားသို့ ရောက်၍ နေရာ ဝိပဿနာ ရှိသော မဂ်၏ ထင်ရှားခြင်းကို နှေးနှေး ကွေးကွေး လေးလေး ပင်ပင် ပြုသော ၍ သမ္မါရုပေက္ခာသည် နှေးသော လေးသော အဘိညာဉ် ရှိသည့် ဒန္ဓာဘိညာ မည်၏၊ ထိုမှ ပြန်သော အားဖြင့် လျင်မြန်သော အဘိညာဉ် ရှိသည့် ခိပ္ပါဘိညာ မည်၏၊ ဤသို့ ဤ သင်္ခါရုပေက္ခာ ဉာဏ်သည် မဂ်၏ လာကြောင်း ဖြစ်သော အရာ၌ တည်၍ မိမိ မိမိ၏ မဂ်၏ ဒုက္ခပဋိပဒါ စသော အမည်ကို ပေး၏၊ ထို့ကြောင့် မဂ်သည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါ ခိပ္ပါဘိညာ အမည် လေးပါး တို့ကို ရ၏။

ထို ပဋိပဒါ လေးပါးသည် အချို့သော ရဟန်းအား အသီး အခြား တပါးစီ ဖြစ်၏၊ အချို့သော ရဟန်းအား မဂ်လေးပါးတို့၌လည်း တခုတည်း သာလျှင် ဖြစ်၏၊ အထူးကား—သဗ္ဗညု ဘုရားရှင်တို့အား မဂ်လေးပါးတို့သည်လည်း ချမ်းသာ လွယ်ကူ သော အကျင့် သုခပဋိပဒါ ရှိကုန်သည်, လျင်မြန်သော အဘိညာဉ် ရှိသည့် ခိပ္ပါဘိညာသည် သာလျှင် ဖြစ်ကုန်ပြီ၊ ထို့အတူ တရား စစ်သူကြီး ဖြစ်သော အရှင် သာရိပုတ္တရာ၏ မဂ်လေးပါးတို့သည် လည်း သုခပဋိပဒါ ခိပ္ပါဘိညာသည် သာလျှင် ဖြစ်ကုန်၏၊ အရှင် မဟာမောဂ္ဂလာန်၏ကား—ပဌမ မဂ်သည် သုခပဋိပဒါ ခိပ္ပါ-ဘိညာ ဖြစ်၏၊ အထက် မဂ်သုံးပါးတို့သည် ဒုက္ခပဋိပဒါ ဒန္ဓာ-ဘိညာ ဖြစ်ကုန်၏။

ဆက်၍ ဆိုအံ့—ပဋိပဒါ ကဲ့သို့ ထို့အတူ အဓိပတိ လေးပါး တို့သည်လည်း အချို့သော ရဟန်းအား မဂ်လေးပါးတို့၌ တသီး တခြား တပါးစီ ဖြစ်ကုန်၏၊ အချို့သော ရဟန်းအား မဂ်လေးပါး

http://www.dhammadownload.com



လုံး၌ပင်လည်း တူကုန်သည့် သာလျှင် ဖြစ်ကုန်၏၊ ဤသို့ သင်္ခါရုပေက္ခာဉာဏ်သည် ပဋိပဒါ အထူးကို မှတ်၏, မြဲစေ၏၊ ထိုမှတပါး အကြင် အခြင်းဖြင့် ဝိမောက္ခ အထူးကို မှတ်၏၊ ထို အခြင်းအရာကို ရှေး၌ ပြဆိုခဲ့ပြီးသည့် သာလျှင်တည်း။ မဂ်မည်သည်ကား—

(၁) မိမိ၏ သဘော အားဖြင့် ဝိသေသ ဖြစ်ခြင်းဖြင့် သော်၎င်း,

(၂) ဆန့်ကျင်ဘက် အားဖြင့် သော်၎င်း,

(၃) မိမိဂုဏ် အားဖြင့် သော်၎င်း,

(၄) အာရုံ အားဖြင့် သော်၎င်း,

(၅) အာဂုံ အားဖြင့် သော်၎င်း ဤသို့ ငါးပါးကုန်သော အကြောင်းတို့ကြောင့် အမည်ကို ရ၏။

(၁) ထင်ရှားစေအံ့—သင်္ခါရုပေက္ခာ ဉာဏ်သည် အနိစ္စ အားဖြင့် တေဘူမက သင်္ခါရတို့ကို သုံးသပ်ခြင်း တည်းဟူသော အကြောင်းကြောင့် အကယ်၍ ထအံ့, အနိမိတ္တဟု မှတ်အပ်သော လွတ်ခြင်းဖြင့် မဂ်သည် လွတ်၏၊ ဒုက္ခအားဖြင့် သုံးသပ်သော ကြောင့် အကယ်၍ ထအံ့, အပ္ပဏိဟိတဝိမောက္ခဟု မှတ်အပ်သော လွတ်ခြင်းဖြင့် မဂ်သည် လွတ်၏၊ အနတ္တအားဖြင့် သုံးသပ်သောကြောင့် အကယ်၍ ထသည် ဖြစ်အံ့, သုညတဝိမောက္ခဟု မှတ်အပ်သော လွတ်ခြင်းဖြင့် မဂ်သည် လွတ်၏။

ဤ နိမိတ် စသည်မှ ကင်းသဖြင့် ရအပ်သော အနိမိတ္တ, အပ္ပဏိဟိတ, သုညတ သုံးပါး အပြားရှိသော အမည်သည် မဂ်၏ မိမိ သဘောအားဖြင့် ဝိသေသ ဖြစ်ခြင်းဖြင့် ပြီးသော အမည်တည်း။

(၂) ထိုမှတပါး ဤ မဂ်သည် အနိစ္စာနုပဿနာဖြင့် သင်္ခါရတို့၏ အပေါင်း ကိစ္စ အာရုံအားဖြင့် တခဲနက်ကို ဝေဘန်

http://www.dhammadownload.com



ခြင်းကို မြင်၍ နိစ္စနိမိတ် ဓုဝနိမိတ် သဿတနိမိတ်တို့ကို စွန့်လျက် အကြင့်ကြောင့် လာ၏၊ ထို့ကြောင့် အနိမိတ္တ မည်၏၊ ထိုမှ တပါး ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်၍ ပဏိဓိပဟ ဆိုအပ်သော တောင့်တခြင်းကို ခြောက်စေ၍ လာသည်၏ အဖြစ် ကြောင့် အပ္ပဏိဟိတ မည်၏၊ အနတ္တာနုပဿနာဖြင့် အတ္တ သတ္တ ပုဂ္ဂလ သညာကို ပယ်၍ သင်္ခါရတို့၏ အတ္တ သတ္တဝါ ပုဂ္ဂိုလ်မှ ဆိတ်သည်၏ အဖြစ်ဖြင့် မြင်အပ်သည်၏ အဖြစ်ကြောင့် သုညတ မည်၏၊ ထို့ကြောင့် ဤ နိစ္စနိမိတ် စသည်တို့ကိုလည်းကောင်း, ရာဂ စသော ပဏိဓိကိုလည်းကောင်း, အတ္တ စသော သညာကိုလည်းကောင်း ပယ်သည်၏ အစွမ်းအားဖြင့် ရအပ်သော မဂ်၏ အနိမိတ္တ အပ္ပဏိဟိတ သုညတ ဟူသော အမည် သုံးပါး အပေါင်းသည် ဆန့်ကျင်ဘက်အားဖြင့် ပြီးသော အမည် မည်၏။

(၃) ထိုမှတပါး ဤမဂ်သည် ရာဂ စသည်တို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် သုညတ မည်၏၊ စွဲလမ်းအပ်သော ရူပနိမိတ် ဝေဒနာနိမိတ် စသည်တို့၏ မရှိခြင်းကြောင့်၊ တနည်းကား— ရာဂနိမိတ် ဒေါသနိမိတ် မောဟနိမိတ်တို့၏ သာလျှင် မရှိခြင်း ကြောင့် အနိမိတ္တ မည်၏၊ ရာဂပဏိဓိ ဒေါသပဏိဓိ စသည်တို့၏ မရှိခြင်းကြောင့် အပ္ပဏိဟိတ မည်၏၊ ထိုသို့ ဤ ရာဂ စသည်တို့၏ ဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ရူပနိမိတ် စသည်တို့၏ မရှိ သည်၏ အဖြစ်ကြောင့်လည်းကောင်း, ရာဂ ပဏိဓိ စသည်တို့၏ မရှိသည်၏ အဖြစ်ကြောင့်လည်း ရအပ်သော သုညတ အနိမိတ္တ အပ္ပဏိဟိတ ဟူသော အမည် သုံးပါး အပေါင်းသည် ထို မဂ်၏ မိမိ ဂုဏ်အား ဖြင့် ပြီးသော အမည် မည်၏။

(၄) ထို မဂ်သည် အလုံးစုံသော သင်္ခါရမှ ဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အတ္တမှ ဆိတ်သည်၏ အဖြစ်ကြောင့်လည်း သုညတ မည်သော အလုံးစုံသော သင်္ခါရ နိမိတ် မရှိသည်၏ အဖြစ်ကြောင့် အနိမိတ္တလည်း မည်သော တဏှာပဏိဓိ စသည် တို့၏ မရှိခြင်းကြောင့် အပ္ပဏိဟိတလည်း မည်သော နိဗ္ဗာန်ကို

http://www.dhammadownload.com



အာရုံပြု၏၊ ဤသို့သော အကြောင်းကြောင့်လည်း သုညတ အနိမိတ္တ အပ္ပဏိဟိတ ဟူ၍ ဆိုအပ်၏၊ ဤ သုညတ အနိမိတ္တ အပ္ပဏိဟိတ မည်သော နိဗ္ဗာန်ကို အာရုံ ပြုသည်၏ အဖြစ် ကြောင့် ရအပ်သော အမည် သုံးပါး အပေါင်းသည် ထို မဂ်၏ **အာရုံအားဖြင့်** ရအပ်သော အမည် မည်၏။

(၅) ထိုမှတပါး လာခြင်းသည် ဝိပဿနာ ဟူသော လာခြင်း ၎င်း, မဂ် ဟူသော လာခြင်း၎င်း ဤသို့ နှစ်ပါး အပြား ရှိ၏၊ ထို နှစ်ပါးတို့တွင် မဂ်၌ ဝိပဿနာ ဟူသော လာခြင်းကို ရအပ်၏၊ ဖိုလ်၌ မဂ် ဟူသော လာခြင်းကို ရအပ်၏၊ သင့်စွ—အနတ္တာ-နုပဿနာသည် အတ္တမှ ဆိတ်သည်၏ အဖြစ်ကို ရှုအပ်သည်၏ အဖြစ်ကြောင့် မိမိ သဘောအားဖြင့် သုညတ မည်၏၊ ထို သုညတ ဝိပဿနာ၏ မဂ်သည် ဝိပဿနာ ဟူသော လာခြင်းဖြင့် သုညတ မည်၏၊ အနိစ္စာနုပဿနာသည် နိစ္စနိမိတ် စသည်ကို ခွါခြင်းကြောင့် အနိမိတ္တ နိမိတ် မည်၏၊ အနိမိတ္တ ဝိပဿနာ၏ မဂ်သည် ဝိပဿနာ အားဖြင့် အနိမိတ္တ မည်၏၊ ဤ မဂ်၏ အနိမိတ္တ ဟူသော အမည်ကို အဘိဓမ္မာ ဒေသနာတော် နည်းအားဖြင့် မရအပ်၊ သုတ္တန် ဒေသနာအားဖြင့် ရအပ်၏၊ သင့်စွ—ထို သုတ္တန်၌ ဂေါတြဘူ ဉာဏ်သည် အနိမိတ္တ မည်သော နိဗ္ဗာန်ကို အာရုံ ပြု၍ အနိမိတ္တ အမည်ရှိသည် ဖြစ်၍ မိမိသည် ရောက်ကြောင်း လာကြောင်း ပဋိပဒါ အရာ၌ တည်၍ မိမိ မဂ်အား အနိမိတ္တ ဟူသော အမည်ကို ပေး၏၊ ဤသို့ ရှေး ဆရာတို့ ဆိုကုန်၏၊ ထို အကြောင်း ဖြစ်သော ဝိပဿနာသည် ပေးအပ်သော အမည်ဖြင့် မဂ်ကို အနိမိတ္တ ဟူ၍ ဆိုအပ်၏။

ထိုမှတပါး မဂ် ဟူသော လာခြင်းဖြင့် ဖိုလ်သည် အနိမိတ္တ မည်၏၊ ဤသို့သော စကားသည် သင့်သည်သာတည်း၊ ဒုက္ခာ-နုပဿနာ ဉာဏ်သည် တေဘူမက သင်္ခါရတို့၌ တဏှာ ဟူသော တောင့်တခြင်းကို ခြောက်ခန်းစေ၍ လာသည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ မည်၏၊ အပ္ပဏိဟိတ ဝိပဿနာဖြင့် မဂ်သည်

http://www.dhammadownload.com



အပ္ပဏိဟိတ မည်၏၊ အပ္ပဏိဟိတ မည်သော မဂ် ဖိုလ်သည် အပ္ပဏိဟိတပင် မည်၏၊ ဤသို့သော နည်းဖြင့် ဝိပဿနာသည် မိမိ၏ အပ္ပဏိဟိတ ဟူသော အမည်ကို မဂ်အား ပေး၏၊ မဂ်သည် အပ္ပဏိဟိတ ဟူသော မိမိ၏ အမည်ကို ဖိုလ်အား ပေး၏၊ ဤသို့ ဤ အပ္ပဏိဟိတ ဟူသော အမည်သည် လာခြင်းအားဖြင့် ပြီးသော အမည်တည်း၊ ဤသို့လျှင် ဤ သင်္ခါရုပေက္ခာ ဉာဏ်သည် ဝိမောက္ခ အထူးကို မှတ်၏, မြဲစေ၏။

(၈) သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

---

## အနုလောမဉာဏ်

ထို သင်္ခါရုပေက္ခာဉာဏ်ကို အရှိ အသေ မှီဝဲသော ပွါးစေသော မီး ပွတ်သောလား များစွာ အလေ့ အလာ ပြုသော ထို ယောဂီအား ယုံကြည်သည် ဖြစ်၍ ဝတ္ထု၌ တည်လျက် ဆုံးဖြတ်သော သဒ္ဓါသည် အလွန် အားသန်သည် ဖြစ်၍ ဖြစ်၏၊ ကောင်းစွာ ချီးမြှောက်အပ်သော မတွန့်တိုသည် ဖြစ်၍ အလွန် ထက်သည်၏ အဖြစ်ဖြင့် ဆန့်ကျင်ဘက် တရားကို လွှင့်ပျောက်စေခြင်းငှါ စွမ်းနိုင်သော ဝီရိယသည် ဖြစ်၏၊ အလွန် ထက်သည်၏ အဖြစ်ကြောင့် အာရုံသို့ ရွေ့ရှုသည်၏ အဖြစ်ဖြင့် ကောင်းစွာ ထင်သော သတိသည် ဖြစ်၏၊ ပဿဒ္ဓိ သုခတို့ကို လွန်သည်၏ အဖြစ်ကြောင့် အာရုံ၌ အညီ အညွတ် ကောင်းစွာ ထားအပ်သော စိတ်သည် ဖြစ်၏၊ အနုလောမဉာဏ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ဖြင့် အလွန် အကဲ ထက်လှစွာသော သင်္ခါရတို့ကို စီစစ် လျစ်လျူ ဖြစ်သော သင်္ခါရုပေက္ခာ ပညာသည် ဖြစ်၏။

ထို သင်္ခါရုပေက္ခာဉာဏ် ဖြစ်သော ယောဂီအား ယခုအခါ မဂ်သည် ဖြစ်တော့လတံ့၊ ဤသို့ ဆိုအပ်သည် ရှိသော် သင်္ခါရုပေက္ခာ ဉာဏ်သည် သင်္ခါရတို့ကို အနိစ္စ ဟူ၍ငှင်း, ဒုက္ခ ဟူ၍ငှင်း, အနတ္တ ဟူ၍ငှင်း တခုခုသော အခြင်းအရာဖြင့် သုံးသပ်သည်

http://www.dhammadownload.com



ဖြစ်၍ သုံးကြိမ် ဖြစ်ပြီး၍ ချုပ်ပျက်သည် ဖြစ်၍ ဘဝင်သို့ သက်၏၊ ဘဝင်၏ အခြားမဲ့၌ သင်္ခါရုပေက္ခာ ပညာသည် ပြုအပ်သော အနန္တရ စသောအားဖြင့် အာရုံ ပြုသော နည်းဖြင့် သာလျှင် သင်္ခါရတို့ကို အနိစ္စ ဟူ၍၎င်း, ဒုက္ခ ဟူ၍၎င်း, အနတ္တ ဟူ၍၎င်း အာရုံကို ပြုလျက် မနောဒွါရာဝဇ္ဇန်းသည် ဖြစ်၏၊ ထို မနောဒွါရာဝဇ္ဇန်း ချုပ်သည်မှ နောက်၌ ဘဝင်ကို လည်စေ၍၊ ဝါ—နှစ်စေ၍ ဖြစ်သော ထို ကြိယာစိတ်၏ အခြားမဲ့၌ မတူသော စိတ်၏ ဖြစ်ခြင်းဟု ဆိုအပ်သော အခြားအဆီး မရှိသော စိတ်အစဉ်သို့ အစဉ် မပြတ် လိုက်သော ပဌမဇောစိတ်သည် ထို ရှေးအတူသာလျှင် သင်္ခါရတို့ကို အာရုံ ပြု၍ ဖြစ်၏။

အကြင် ပဌမဇောစိတ်ကို အရိယမဂ်ကို ပြုပြင်တတ်သော ကြောင့် ပရိကံ ဟူ၍ ဆိုအပ်၏၊ ထို ပဌမ ဇောစိတ် ပရိကံသည် ဖြစ်၏၊ ထို ပရိကံဇော၏ အခြားမဲ့၌ ထို ရှေးအတူသာလျှင် သင်္ခါရတို့ကို အာရုံ ပြု၍ အကြင် ဇောစိတ်ကို မဂ်၏ အနီး၌ ကျင်လည်သည်၏ အဖြစ်ကြောင့် ဥပစာရ ဟူ၍ ဆိုအပ်၏၊ နှစ်ခု မြောက်သော ထို ဥပစာရဇောစိတ်သည် ဖြစ်၏၊ ထို ဥပစာရ ဇော၏ အခြားမဲ့၌လည်း ထို ရှေးအတူသာလျှင် သင်္ခါရတို့ကို အာရုံ ပြု၍ အကြင် စိတ်ကို ရှေ့နောက် ဖြစ်သော ဓမ္မတို့အား လျော်သည်၏ အဖြစ်ကြောင့် အနုလုံ ဟူ၍ ဆိုအပ်၏၊ သုံးကြိမ် မြောက်သော ထို အနုလုံဇောစိတ်သည် ဖြစ်၏၊ ဤ ပရိကံ, ဥပစာ, အနုလုံ ဟူသော အမည်သည် ထို သုံးပါးသော ဇောတို့၏ အသီးအခြား ဖြစ်သော အမည်တည်း၊ သို့သော်လည်း ခပ်သိမ်း သော ဇောတို့အား ဆက်ဆံသောအားဖြင့် သုံးပါး အပြား ရှိသည်လည်း ဖြစ်သော ထို ဇောစိတ်ကို ရှိသေစွာ မှီဝဲတတ်သည်၏ အဖြစ်ကြောင့် အာသေဝန ဟူ၍၎င်း, ပရိကံ ဟူ၍၎င်း, ဥပစာ ဟူ၍၎င်း, အနုလုံ ဟူ၍၎င်း ဆိုခြင်းငှါ သင့်၏။

အဘယ် မည်သော ဓမ္မအား လျော်သနည်း—ရှေ့အဘို့ နောက် အဘို့တို့၌ ဖြစ်ကုန်သော ဓမ္မ အဘို့ အစုတို့အား

http://www.dhammadownload.com



လျော်၏၊ သင့်စွ—ထို တတိယမြောက် အနုလုံဇောသည့် ရှေးအဘို့၌ ဖြစ်ကုန်သော ဥဒယဗ္ဗယ အစရှိကုန်သော ဝိပဿနာ ဉာဏ် ရှစ်ပါးတို့၏ မဖောက်မပြန် မှန်သော ကိစ္စ ရှိသည့်၏ အဖြစ်အားလည်း လျော်၏၊ အထက် ဖြစ်သော မဂ်ခကော၌ သုံးဆဲ့ ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့၏ မဖောက် မပြန် မှန်သော ကိစ္စ ရှိသည့်၏ အဖြစ်အားလည်း လျော်၏။

ရှုဦးအံ့—ထို အနုလုံဉာဏ်သည့် အနိစ္စ လက္ခဏာ စသည် တို့၏ အစွမ်းဖြင့် တေဘူမက သင်္ခါရတို့ကို အာရုံ ပြု၍ ဖြစ်သည့်၏ အဖြစ်ကြောင့် ဖြစ်ခြင်း ပျက်ခြင်း ရှိသည် သာလျှင် ဖြစ်ကုန်သော သင်္ခါရ တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိသော ဉာဏ်သည် ဖြစ်ခြင်း ပျက်ခြင်းတို့ကို စင်စစ် သေသေ ချာချာ မြင်ပြီ, သိပြီ၊ ဤသို့ရင်း, ဘင်္ဂ... ရှိသည် သာလျှင် ဖြစ်ကုန်သော တရား တို့၏ ဘင်ကို ရှုသော ဉာဏ်သည် ဘင်ကို စင်စစ် အသေ အချာ မြင်ပြီ, သိပြီ၊ ဤသို့ရင်း, ကြောက်အပ်သော သဘော ရှိသော သင်္ခါရသည် သာလျှင် ဘယတုပဋ္ဌာနဉာဏ်အား စင်စစ် ကေန် ကြောက်အပ်သည့်၏ အဖြစ်ဖြင့် ရှေ့ရှု ထင်၏၊ ဤသို့ရင်း, အပြစ် ရှိသော သင်္ခါရ၌ သာလျှင် အာဒီနဝ အနုပဿနာဉာဏ်သည် အပြစ်ကို မြင်၏၊ ဤသို့ရင်း, ငြီးငွေ့အပ်သော သင်္ခါရ တရား၌ သာလျှင် နိဗ္ဗိန္ဒိတ ဉာဏ်သည် ငြီးငွေ့၏၊ ဤသို့ရင်း, စွန့်လွှတ် အပ်သော သင်္ခါရ တရား၌ သာလျှင် မုဉ္စိတုကမျတာ ဉာဏ်သည် လွှတ်လိုသည် ဖြစ်ပြီ၊ ဤသို့ရင်း—

သုံးသပ် ဆင်ခြင်အပ်သော တရားကို သာလျှင် ပဋိသင်္ခါ ဉာဏ်ဖြင့် စင်စစ် သုံးသပ် ဆင်ခြင်အပ်ပြီ၊ ဤသို့ရင်း, လျစ်လျူ ရှုအပ်သော သင်္ခါရ တရားတို့ကို သာလျှင် သင်္ခါရုပေက္ခာ ဉာဏ်သည် စင်စစ် လျစ်လျူ ရှုအပ်ပြီ၊ ဤသို့ရင်း မဆိုအပ် သော်လည်း အတ္တာပတ္တိ နည်းအားဖြင့် ဆိုသကဲ့သို့ ဤ ဥဒယဗ္ဗယ ဖသော ဝိပဿနာ ဉာဏ် ရှစ်ပါးတို့၏ မဖောက် မပြန်မှန်သော ကိစ္စ ရှိသည့်၏ အဖြစ်အားလည်း လျော်၏၊ အထက် ဖြစ်သော

http://www.dhammadownload.com



မဂ်ခဏ၌ ဗောဓိပက္ခိယ တရား သုံးဆဲ့ ခုနစ်ပါးတို့၏ မဖောက် မပြန် မှန်သော ကိစ္စ ရှိသည်၏ အဖြစ်အားလည်း လျော်၏၊ အဓိပ္ပာယ်ကြောင့်နည်း—အနုလောမ ဉာဏ်၏ ဖုံးလွှမ်းတတ်သော သံကိလေသကို ခွါခြင်း ဟူသော အကျင့်သည် ရှိ၏၊ ထို သစ္စာကို ဖုံးလွှမ်းတတ်သော သံကိလေသကို ခွါခြင်း အကျင့်ဖြင့် ရောက်အပ်သည်၏ အဖြစ်ကြောင့်တည်း။

ထင်ရှားစေအံ့—တရား စောင့်သော မင်းသည် တရား ဆုံးဖြတ်ရာ အရပ်၌ နေလျက် တရား စီရင် ဆုံးဖြတ်သော အမတ်ကြီးတို့၏ အဆုံး အဖြတ်ကို ကြား၍ အဂတိ လိုက်ခြင်းကို စွန့်၍ လျစ်လျူ ရှုသည် ဖြစ်၍ "ဤ အတိုင်းသာ အဆုံး အဖြတ် တည်စေ"ဟု ဝမ်းမြောက်သည် ဖြစ်၍ ထို အမတ်ကြီးတို့၏ အဆုံး အဖြတ်အားလည်း လျော်သကဲ့သို့, ရှေးမင်းတို့သည် ပညတ် အပ်သော အကျင့်အားလည်း လျော်သကဲ့သို့ ထို့အတူ ဤ ဥပမာ၏ ပြည့်စုံခြင်းကို သိအပ်၏၊ တူပုံကား—တရားစောင့် သော မင်းကဲ့သို့ အနုလောမ ဉာဏ်ကို မှတ်အပ်၏၊ တရားမှန် ဆုံးဖြတ်သော အမတ်ကြီး ရှစ်ယောက်ကဲ့သို့ ဝိပဿနာ ဉာဏ် ရှစ်ပါးတို့ကို မှတ်အပ်၏၊ ရှေး၌ ဖြစ်သော မင်းကျင့်တရား ကဲ့သို့ ဗောဓိပက္ခိယ တရား သုံးဆဲ့ ခုနစ်ပါးတို့ကို မှတ်အပ် ကုန်၏။

ထို ဥပမာ၌ မင်းသည် ဤသို့ ဖြစ်စေဟု ဆိုသည် ဖြစ်၍ အမတ်ကြီးတို့၏ အဆုံး အဖြတ်အားဧင်း, ရှေးမင်းတို့ ပညတ် အပ်သော မင်းကျင့် တရားအားဧင်း လျော်သကဲ့သို့ ထို့အတူ အနိစ္စ စသည်တို့၏ အစွမ်းဖြင့် သင်္ခါရတို့ကို အာရုံ ပြု၍ ဖြစ်သော ဤ ဉာဏ်သည် ဝိပဿနာ ဉာဏ် ရှစ်ပါးတို့၏ မဖောက် မပြန် မှန်သော ကိစ္စ ရှိသည်၏ အဖြစ်အားဧင်း, အထက် မဂ်ခဏ၌ ဗောဓိပက္ခိယ တရား သုံးဆဲ့ ခုနစ်ပါးတို့၏ မဖောက် မပြန် မှန်သော ကိစ္စ ရှိသည်၏ အဖြစ်အားဧင်း လျော်၏၊ ထိုသို့ အောက်၌ ဖြစ်သော ဝိပဿနာ ဉာဏ်တို့အား လျော်သော

http://www.dhammadownload.com



အမြွက်ဖြင့် အထက် ဗောဓိပက္ခိယ တရားတို့အား လျော်သည်၏ အဖြစ်ကြောင့် သာလျှင် ဤ ဉာဏ်ကို မဂ္ဂသစ္စာအား လျော်သော သစ္စာနုလောမိက ဉာဏ်ဟူ၍ ဆိုအပ်၏။

အနုလောမ ဉာဏ် ပြီး၏။

---

ဤ အနုလောမ ဉာဏ်သည် သာလျှင် သင်္ခါရ အာရုံ ရှိသော မဂ်သို့ ချဉ်းကပ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးသည် ဖြစ်၏၊ စင်စစ်သော်ကား—အချင်းခပ်သိမ်း ဂေါတြဘုဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်၏ အဆုံးသည် ဖြစ်၏၊ ယခု အခါ၌ ထို ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ သာလျှင် မတွေဝေ စိမ့်သောငှါ ဤ ဆိုလတံ့သော ထိုထို သုတ်ပုဒ်တို့အား လျော်စွာ စေ့စပ် နှီးနှောခြင်းကို သိအပ်၏၊ ထို သုတ္တသံသန္ဒနာ ဟူသည် အဘယ်နည်း—ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာကို သဠာယတန ဝိဘင်း ပါဠိတော်၌—

"အတမ္မယတံ ဘိက္ခဝေ နိဿာယ အတမ္မယတံ အာဂမ္မ ယာယံ ဥပေက္ခာ ဧကတ္တာ ဧကတ္တသိတာ၊ တံ ပဇဟထ၊ တံ သမတိက္ကမထ။"

ဟူ၍ ဤသို့ ဟောတော်မူအပ်ကုန်၏။

"အို ရဟန်းတို့—တဏှာ၏ ဆန့်ကျင်ဘက် ဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို အမှီပြု၍ အခြေပြု၍ တဏှာ၏ ဆန့်ကျင်ဘက် ဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို အကြောင်း ပြု၍ အကြင် အရူပသမာပတ်၌ အတွင်း ဝင်သော ဝေဒနုပေက္ခာသည်၊ ဝါ—ထို အရူပ သမာပတ်သို့ လျှင် အာရုံ ရှိသော ဝိပဿနုပေက္ခာသည် တခုတည်း သော အနက် သဘော ရှိ၏၊ တခုတည်း သဘော ရှိသော အာရုံကို မှီ၏၊ ထို ဥပေက္ခာကို စွန့်ပစ်ကြကုန်၊ ထို ဥပေက္ခာကို လွန်မြောက်ကြကုန်။"

http://www.dhammadownload.com



အလဂဒ္ဒသုတ် ပါဠိတော်၌—

"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။"

ဟူ၍ ဤသို့ ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ကို နိဗ္ဗိဒါဟု ဟောတော်မူ၏။

"ငြီးငွေ့သည် ဖြစ်၍ တပ်ခြင်း ကင်း၏၊ တပ်ခြင်း ကင်းသောကြောင့် ကိလေသာမှ လွတ်၏။"

သုသီမသုတ် ပါဠိတော်၌—

"ပုဗ္ဗေ ခေါ သုသီမ, ဓမ္မဋ္ဌိတိ ဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။"

ဟု ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ကို ဓမ္မဋ္ဌိတိ ဉာဏ် ဟူ၍ ဟောတော်မူ၏။

"အိုသုသီမ—ရှေးမဆွကလျှင် ဓမ္မဋ္ဌိတိ ဉာဏ်သည် ဖြစ်၏၊ နောက်မှ နိဗ္ဗာန်၌ မဂ်ဉာဏ်သည် ဖြစ်၏။"

ပေါဋ္ဌပါဒသုတ်၌—

"သညာ ခေါ ပေါဋ္ဌပါဒ ပဌမံ ဥပ္ပဇ္ဇတိ၊ ပစ္ဆာ ဉာဏံ။"

"အို ပေါဋ္ဌပါဒ—စင်စစ် သညာသည် ရှေးဦးစွာ ဖြစ်၏၊ နောက်မှ မဂ်ဉာဏ်သည် ဖြစ်၏။"

ဤသို့ ဤဝုဋ္ဌာနဂါမိနီဝိပဿနာကို သညဂ္ဂံ ဟူ၍ ဟောတော်မူအပ်၏။

ဒသုတ္တရ ပါဠိတော်၌—

"ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပါရိသုဒ္ဓိပဓာနိယင်္ဂံ။"

"အကြင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ရှိ၏၊ ထို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ပါရိသုဒ္ဓိ၏ ပြဓာန်းသော အကြောင်း အင်္ဂါ မည်၏။"

http://www.dhammadownload.com



ဤသို့ ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ကို ပါဠိရသုဒ္ဓိ၏ ပြဋ္ဌာန်း သော, အကြောင်း အင်္ဂါ ဟူ၍ ဟောတော်မူ၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌—

"ယာ စ မုဉ္စိတုကမျတာ ယာ စ ပဋိသင်္ခါနုပဿနာ ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကဋ္ဌာ၊ ဗျဉ္ဇနမေဝ နာနံ။"

"အကြင် မုဉ္စိတုကမျတာဉာဏ်သည်၎င်း, အကြင် ပဋိသင်္ခါနုပဿနာဉာဏ်သည်၎င်း, အကြင် သင်္ခါရုပေက္ခာ ဉာဏ်သည်၎င်း ရှိ၏၊ ဤ တရား သုံးပါးတို့သည် အနက် သဘော တူကုန်၏၊ သဒ္ဒါ မျှသာလျှင် ထူး၏။"

ဤသို့ ဤဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ကို အမည် သုံးပါး တို့ဖြင့် ဟောတော်မူ၏၊ ပဋ္ဌာန်းကျမ်း၌ "အနုလောမံ ဂေါတြ- ဘုဿ၊ အနုလောမံ ဝေါဒါနဿ" ဟူ၍ ဤသို့ အနုလုံ, ဂေါတြဘူ, ဝေါဒါန် သုံးပါးသော အမည်တို့ဖြင့် ဟောတော်မူ၏။

ရထဝိနီတသုတ်၌—

"ကိံ ပနာဝုသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓတ္ထံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတီတိ။"

"အိုငါ့ရှင်—အသို့နည်း—ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အကျိုးငှါ ရှင်တော် ဘုရား အထံ၌ မြတ်သော အကျင့်ကို သုံးသလော။"

ဤသို့ ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာကို ပဋိပဒါဉာဏဒဿန- ဝိသုဒ္ဓိ ဟူ၍ ဟောတော်မူကုန်၏။

"ဇာတိနေကေဟိ နာမေဟိ, ကိတ္တိတာ ယာ မဟေသိနာ၊
ဝုဋ္ဌာနဂါမိနီ သန္တာ, ပရိသုဒ္ဓါ ဝိပဿနာ။

ဝုဋ္ဌာတုကာမော သံသာရ, ဒုက္ခပင်္ကမဟာဘယာ၊
ကရေယျ သတတံ တတ္ထ, ယောဂံ ပဏ္ဍိတဇာတိကော။"

http://www.dhammadownload.com



"ဤသို့ တပါးမက များစွာသော အမည်တို့ဖြင့် သီလက္ခန္ဓ စသည့် ကျေးဇူး ဂုဏ် အထူးကို ဆည်းပူး ရှာမှီးတော်မူသော မြတ်စွာဘုရားသည် ချီးမွမ်းတော်မူသော ကိလေသာဟူ မီးပူ ခပ်သိမ်း ကင်းငြိမ်း ငြေ စေတတ်သော ထက်ဝန်းကျင် စင်ကြယ်သော ဝုဋ္ဌာန-ဂါမိနီမည်သော အကြင် ဝိပဿနာသည် သာသနာတော်ဝယ် ထင်ရှားရှိ၏။

ထို ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ ကြီးစွာသော ဘေးဟု ဆိုအပ်သော သံသရာ ဆင်းရဲ ဝဲညွှန်ထဲမှ ထမြောက်ခြင်း လွတ်ထွက်ခြင်းကို အလိုရှိသော တိဟိတ် ပဋိသန္ဓေ ပညာဖြင့် ပညာရှိသော ယောဂီသည် ဘာဝနာ အားထုတ်ခြင်းကို နေ့ညမယွင်း အချင်းခပ်သိမ်း ပြုရာ၏။"

ဤသို့လျှင် သူတော်ကောင်းတို့၏ ဝမ်းမြောက် နှစ်သက် စေခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်း ပညာဘာဝနာကို ပြဆိုရာ၌ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသ အမည်ရှိသော ၂၁-အပိုင်း ပြီး၏။

**၂၁-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း ပြီး၏။**

http://www.dhammadownload.com

# ၂၂—ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသပိုင်း

ဤ အနုလောမ ဉာဏ်မှ နောက်ဖြစ်သော အထက်၌ ဂေါတြဘူ ဉာဏ်သည် ဖြစ်၏၊ ထို ဂေါတြဘူ ဉာဏ်သည် မဂ်၏ အာဝဇ္ဇန်း အရာ၌ တည်သည်၏ အဖြစ်ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ မဝင်၊ ဉာဏဒဿနဝိသုဒ္ဓိသို့လည်း မဝင်၊ ဆဋ္ဌဝိသုဒ္ဓိ, သတ္တမ ဝိသုဒ္ဓိတို့၏ အလယ်၌ မခေါ်ဝေါ်လောက်သည် သာလျှင် ဖြစ်၏၊ ဝိပဿနာ အလျဉ်၌ ကျသည်၏ အဖြစ်ကြောင့်ကား ဝိပဿနာဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ထိုမှတပါး သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် ဤ လေးပါးသော မဂ်တို့၌ ဖြစ်သော ဉာဏ်သည် "ဉာဏဒဿန ဝိသုဒ္ဓိ" မည်၏၊ ထို မဂ်လေးပါး၌ ဖြစ်သော ဉာဏ်တို့တွင် ရှေးဦးစွာ ပဌမ မဂ်၌ ဖြစ်သော ဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီသည် အခြား တပါးသော တစုံတခုသော ပြုဘွယ် ကိစ္စ မည်သည် မရှိ၊ သင့်စွ—ဤ ယောဂီသည် အကြင် ကိစ္စကို ပြုအပ်သည် ဖြစ်ရာ၏၊ ထို ကိစ္စကို အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာကို ဖြစ်စေသော ဤ ယောဂီသည် ပြုအပ်ပြီးသည် သာလျှင်တည်း။

ဤသို့ အနုလောမ ဉာဏ်ကို ဖြစ်စေပြီးသော ထို ယောဂီ၏ စိတ်သည် သုံးပါးလည်း ဖြစ်ကုန်သော နှစ်ပါးလည်း ဖြစ်ကုန်သော ထို အနုလောမ ဉာဏ်တို့ဖြင့် မိမိ မိမိ၏ အာနုဘော်အား လျော်စွာ ရုန့်ရင်း ရုန့်ရင်းကုန်သော သစ္စာလေးပါးကို ဖုံးလွှမ်း တတ်သော အမိုက် မောဟကို ကွယ်ပျောက်စေအပ်သည် ရှိသော် အလုံးစုံသော သင်္ခါရတို့၌ မပြေးဝင်, မတည်, နှလုံးမသွင်း, မကပ် မငြိ, မစပ်, စည်းငယ် ကိုင်းသော ပဒုမာရွက်မှ ရေကဲ့သို့ တွန့်၏, ရှုံ့၏, လည်၏၊ အလုံးစုံသော သင်္ခါရနိမိတ် အာရုံသည်၎င်း, အလုံးစုံသော မပြတ် ဖြစ်သော ဥပါဒိဏ္ဏကက္ခန္ဓာ အာရုံသည်၎င်း ပလိဗောဓအားဖြင့် ထင်၏၊ ထိုနောက် ထို ယောဂီအား အလုံးစုံသော နိမိတ္တ ပဝတ္တ အာရုံ ဟူသမျှသည် ပလိဗောဓအားဖြင့် ထင်လတ်ပြီးသော် ဒုတိယ အနုလောမဉာဏ်၊ ဝါ—တတိယ

http://www.dhammadownload.com



အနုလောမ ဉာဏ်၏ အာသေဝန ပစ္စည်း ရပြီးသော ဉာဏ်၏ အဆုံး၌ နိမိတ် ကင်းသော နိမိတ်၏ ဆန့်ကျင်ဘက် ဖြစ်သော ပဝတ္တ ကင်းသော ပဝတ္တ၏ ဆန့်ကျင်ဘက် ဖြစ်သော သင်္ခါရ မဟုတ်သော သင်္ခါရ၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကို အာရုံ-ပြုလျက် ပုထုဇဉ်တို့၏ အနွယ်ဇာတ်ကို ပုထုဇဉ် ဟူသော အမည် ဝေါဟာရကို ပုထုဇဉ်တို့၏ အရာ ဌာနကို လွန်မြောက်၍ အရိယာတို့၏ အနွယ်ဇာတ်သို့ အရိယ ဟူသော အမည် ဝေါဟာရသို့ အရိယာတို့၏ အရာဌာန အဝတ္ထာဘုံသို့ သက်ဝင် လျက် နိဗ္ဗာန် အာရုံ၌ ရှေးဦးစွာ လည်ခြင်း, ရှေးဦးစွာ နှလုံးသွင်းခြင်း, ရှေးဦးစွာ ဆင်ခြင်ခြင်း ဖြစ်၍ ဖြစ်သော ပဌမ သောတာပတ္တိ မဂ်အား အနန္တရ, သမနန္တရ, အာသေဝန, ဥပ-နိဿယ, နတ္ထိ, ဝိဂတ၏ အစွမ်းဖြင့် ခြောက်ပါးကုန်သော ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူး ပြုသည်၏ အဖြစ်ကို ပြီးစေလျက် အထွဋ် အထိပ် အပြီး အဆုံးသို့ ရောက်သော ဝိပဿနာ၏ ဦးထိပ် ဖြစ်၍ ဖြစ်သော စင်စစ် ဧကန် တကြိမ်သာ ဖြစ်သဖြင့် တဖန် ပြန်မလည် သော ဂေါတြဘူ ဉာဏ်သည် ဖြစ်၏၊ အကြင် ဂေါတြဘူ ဉာဏ်ကို ရည်၍—

> "ကထံ ဗဟိဒ္ဓါ ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ ဂေါတြဘုဉာဏံ၊ ဥပ္ပါဒံ အဘိဘုယျတီတိ ဂေါတြဘု၊ ပဝတ္တံ····(လ)···· ဥပါယာသံ အဘိဘုယျတီတိ ဂေါတြဘု၊ ဗဟိဒ္ဓါ သင်္ခါရ-နိမိတ္တံ အဘိဘုယျတီတိ ဂေါတြဘု၊ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု၊ အပ္ပဝတ္တံ····(လ)····အနုပါယာသံ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု၊ ဥပ္ပါဒံ အဘိဘုယျိတွာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။"

ဟူသော စကားကို ဟောတော်မူ၏။

ပါဠိတော် မြန်မာပြန်—

> "အသင်္ခတ ဓာတ်မှ အပဟု မှတ်အပ်သော သင်္ခါရမှ ထခြင်း ဖြစ်၍ ဖြစ်သော ဆုတ်နစ်ခြင်း လည်ခြင်းသည်

http://www.dhammadownload.com



ပြီးလတ်သော် ဖြစ်သော ပညာသည် ဂေါတြဘူဉာဏ် မည်သည် အဘယ်သို့ ဖြစ်သနည်း—သင်္ခါရတို့၏ ဖြစ်ခြင်း ဥပ္ပါဒကို နှိပ်စက် လွှမ်းမိုးတတ်၏၊ ထို့ကြောင့် ဂေါတြဘူ မည်၏၊ ဥပါဒိဏ္ဏကက္ခန္ဓာတို့၏ ဖြစ်ခြင်း ပဝတ္တကို ....(လ)....ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသကို နှိပ်စက် လွှမ်းမိုးတတ်၏၊ ထို့ကြောင့် ဂေါတြဘူ မည်၏၊ အသင်္ခတ ဓာတ်မှ အပဉ္စ သင်္ခါရ နိမိတ်ကို နှိပ်စက် လွှမ်းမိုးတတ်၏၊ ထို့ကြောင့် ဂေါတြဘူ မည်၏၊ ဥပ္ပါဒမှ ကင်းသော အနုပ္ပါဒ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏၊ ထို့ကြောင့် ဂေါတြဘူ မည်၏၊ ပဝတ္တ ကင်းသော အပ္ပဝတ္တ နိဗ္ဗာန်သို့ ....(လ)....ဥပါယာသ ကင်းသော အနုပါယာသ နိဗ္ဗာန်သို့, သင်္ခါရတို့၏ ချုပ်ရာ ဖြစ်သော နိရောဓ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏၊ ထို့ကြောင့် ဂေါတြဘူ မည်၏၊ သင်္ခါရ တို့၏ ဖြစ်ခြင်း ဥပ္ပါဒကို နှိပ်စက် လွှမ်းမိုး၍ အနုပ္ပါဒ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏၊ ထို့ကြောင့် ဂေါတြဘူ မည်၏။” အလုံးစုံကို ချဲ့အပ်၏—

ထို စကားရပ်၌ ဤ ဆိုလတ္တံ့သည်ကား—တချက်သော အာဝဇ္ဇန်းဖြင့် တခုသော ဝီထိ၌ ဖြစ်ကုန်သော်လည်း အနုလုံ ဂေါတြဘူ တို့၏ အထူးထူးသော အာရုံ၌ ဖြစ်သော အခြင်း အရာကို ပြတတ်သော ဥပမာတည်း၊ ချဲ့ဦးအံ့—ရေမြောင်းကြီးကို ခုန်၍ ထိုမှာဘက်ကမ်း၌ တည်လိုသော ယောကျ်ားသည် လျင်မြန် စွာ ပြေးလတ်၍ မြောင်းကြီး၏ ဤမှာဘက် ကမ်း၌ သစ်ကိုင်းဝယ် ချည်နှောင်၍ ဆွဲအပ်သော ကြိုးကိုဂုင်း, လှံကိုဂုင်း ကိုင်၍ မြောင်း၏ အထက် အဘို့ဖြင့် ခုန်၍ ထိုမှာဘက် ကမ်းသို့ ညွှတ်သော ရှိုင်းသော ကိုင်းသော ကိုယ်ရှိသည် ဖြစ်၍ ထိုမှာဘက် ကမ်း၏ အထက် အဘို့သို့ ရောက်သည် ဖြစ်၍ ထိုသို့ ကိုင်သော ကြိုး လှံကန် ကို လွှတ်၍ တုန်လှုပ်လျက် ထိုမှာဘက် ကမ်း၌ ဆင်း၍ ဖြည်းဖြည်း တည်သကဲ့သို့ ထို့အတူ ဤ ယောဂီသည်လည်း ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၏ ထိုမှာဘက်ကမ်း သဘွယ်

http://www.dhammadownload.com



ဖြစ်၍ ဖြစ်သော နိဗ္ဗာန်၌ တည်လိုသည် ဖြစ်၍ ဥဒယဗ္ဗယ ဝိပဿနာ ဉာဏ် အစရှိသည်ဟု ဆိုအပ်သော လျင်မြန်သော အဟုန်ဖြင့် ပြေးလတ်၍ အတ္တဘော တည်းဟူသော သစ်ကိုင်း၌ ဖွဲ့ချည်၍ ဆွဲကိုင်အပ်သော ရုပ် ဟူသော ကြိုးကိုဂုဏ်း, ဝေဒနာ စသည်တို့တွင် တပါးပါးသော နာမ် လှံကန်ကိုဂုဏ်း အနိစ္စ ဒုက္ခ အနတ္တ ဤသို့ အနုလောမ၏ အာဝဇ္ဇန်းဖြင့် ကိုင်၍—

ထို လက္ခဏာရေး သုံးပါး ဟူသော အာရုံကို၊ ဝါ—ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟူသော အာရုံကို မလွှတ်မူ၍ သာလျှင် ရှေးဦး ပဌမ အနုလုံ စိတ်ဖြင့် ခုန်၍ ဒုတိယ အနုလောမ စိတ်ဖြင့် ထိုမှာဘက် ကမ်းသို့ ညွတ် ကိုင်း ရှိုင်းသော ကိုယ်ရှိ သကဲ့သို့ နိဗ္ဗာန် ဟူသော ထိုမှာဘက် ကမ်းသို့ ညွတ် ကိုင်း ရှိုင်းသော စိတ်ရှိသည် ဖြစ်၍ တတိယ အနုလုံစိတ်ဖြင့် ထိုမှာဘက် ကမ်း၏ အထက် အဘို့သို့ ရောက်သကဲ့သို့ ယခုပင်လျှင် ရောက်အပ် သော နိဗ္ဗာန်၏ အနီးသည် ဖြစ်၍ ထို တတိယ အနုလုံ စိတ်၏ ချုပ်သဖြင့် ထို သင်္ခါရ ဟူသော အာရုံကို လွှတ်၍ ဂေါတြဘူ စိတ်ဖြင့် သင်္ခါရ ကင်းသော ထိုမှာဘက် ကမ်းသဘွယ် ဖြစ်၍ ဖြစ်သော နိဗ္ဗာန်၌ ယောဂီသည် အာရုံ ပြုသောအားဖြင့် ကျ၏၊ ထိုသို့ နိဗ္ဗာန်ကို အာရုံပြုသော်လည်း တကြိမ်သာလျှင် အာရုံ ပြုအပ်သော နိဗ္ဗာန် ဟူသော အာရုံ၌ အာသေဝန ပစ္စည်းကို မရသည်၏ အဖြစ် ကြောင့် တုန်လှုပ်သော ထို ယောကျ်ားကဲ့သို့ မြဲမြံစွာ တည်သည် မဖြစ်သေး၊ ထို ဂေါတြဘူ ဖြစ်သည်မှ နောက်၌ မဂ်ဉာဏ်ဖြင့် မြဲစွာ တည်၏၊ ဤ ဆိုအပ်ပြီးသည်ကား ဥပမာ ဥပမေယျတည်း။

အနုလုံ, ဂေါတြဘူ ထူးခြားပုံ—

ထိုဉာဏ် နှစ်ပါးတို့တွင် အနုလုံ ဉာဏ်သည် သစ္စာကို ဖုံးလွှမ်း တတ်သော ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှါ သာလျှင် တတ်နိုင်၏၊ နိဗ္ဗာန်ကို အာရုံ ပြုခြင်းငှါမူကား မတတ် နိုင်၊ ဂေါတြဘူ ဉာဏ်သည်ကား နိဗ္ဗာန်ကို သာလျှင် အာရုံ ပြုနိုင် ၏၊ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်မှောင်ကို မပယ် မဖျောက်နိုင်၊ ထို အနုလုံ, ဂေါတြဘူတို့၏ အသီး

http://www.dhammadownload.com



အခြား ကိစ္စကို ပြုခြင်း၌ ဤ ဆိုလတ့ံသည်ကား ဥပမာတည်း— မျက်စိ အမြင်ရှိသော ယောကျ်ား တယောက်သည် "နက္ခတ်နှင့် လ၏ ယှဉ်ခြင်းကို သိရအံ့"ဟု ညအဘို့၌ အိမ်မှ ထွက်၍ လကို ကြည့်ရှုခြင်းငှါ အထက် ကောင်းကင်သို့ မော်၍ ကြည့်၏၊ ထို ယောကျ်ားအား တိမ်တိုက်တို့သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် လသည် မထင်၊ ထို အခါ၌ တခုသော လေသည် ထလတ်၍ ရုန့်ရင်း, အလွန် ရုန့်ရင်းကုန်သော တိမ်တိုက်တို့ကို ဖျက်ဆီး၏၊ အခြား တပါးသော လေသည် အလတ် ဖြစ်သော တိမ်တိုက်တို့ကို ဖျက်ဆီး၏၊ အခြား တပါးသော လေသည် သိမ်မွေ့သော တိမ်တိုက်တို့ကို ဖျက်ဆီး၏၊ ထိုသို့ တိမ်တိုက် ကင်းစင်ပြီးသည်မှ ထို ယောကျ်ားသည် တိမ်တိုက်ကင်းသော ကောင်းကင်၌ လကို မြင်၍ နက္ခတ်နှင့်လ ယှဉ်ခြင်းကို သိ၏။

ဥပမာ နှင့် ဥပမေယျ ဟပ်ပုံ—

ထို ဥပမာ၌ သုံးပါးသော တိမ်တိုက် ကဲ့သို့ သစ္စာကို ဖုံးလွှမ်း တတ်သော ထူလ, မဇ္ဈိမ, သုခုမ ဖြစ်သော ကိလေသာ ဟူသော အမိုက်မှောင်ကို မှတ်အပ်၏၊ သုံးမျိုး သုံးပါးသော လေတို့ကဲ့သို့ ပဌမ, ဒုတိယ, တတိယ အနုလုံ စိတ်တို့ကို မှတ်အပ်ကုန်၏၊ မျက်စိ အမြင် ရှိသော ယောကျ်ား ကဲ့သို့ ဂေါတြဘူ ဉာဏ်ကို မှတ်အပ်၏၊ တပါး တပါးသော လေ၏ အကြင် အကြင် ဆိုအပ်ပြီးသော အစဉ်ဖြင့် တိမ်တိုက်တို့ကို ဖျက်ဆီးခြင်း ကဲ့သို့ တခု တခုသော အနုလုံစိတ်၏ သစ္စာကို ဖုံးလွှမ်းတတ်သည့် ကိလေသာ အမိုက်တိုက်ကို ဖျက်ဆီးခြင်းကို မှတ်အပ်၏၊ တိမ်တိုက် ကင်းသော ကောင်းကင်၌ ထို ယောကျ်ား၏ စင်ကြယ်သော လကို မြင်ခြင်း ကဲ့သို့ သစ္စာကို ဖုံးလွှမ်းတတ်သည့် ကိလေသာ အမိုက်မှောင်သည် ကင်းစင်ပြီးလတ်သော် ဂေါတြဘူဉာဏ်၏ စင်ကြယ်သော နိဗ္ဗာန်ကို မြင်ခြင်းကို မှတ်အပ်၏၊ တူပုံကား—သုံးပါးသော လေတို့သည် လကို ဖုံးလွှမ်းတတ်သော တိမ်တိုက်တို့ကို သာလျှင် ဖျောက်လွှင့်ခြင်းငှါ တတ်နိုင်ကုန်၏၊ လကို မြင်ခြင်းငှါ မတတ်နိုင်သကဲ့သို့ ပင်လျှင် ထို့အတူ သုံးကြိမ်သော အနုလုံတို့သည်

http://www.dhammadownload.com



သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို သာလျှင် ပယ်ဖျောက်ခြင်းငှါ တတ်စွမ်းနိုင်ကုန်၏၊ နိဗ္ဗာန်ကို မြင်ခြင်းငှါ မတတ်နိုင်ကုန်၊ ထို ယောကျ်ားသည် လကို သာလျှင် မြင်နိုင်၏၊ တိမ်တိုက်တို့ကို မလွှင့် မဖျောက်နိုင် သကဲ့သို့ ထို့အတူ ဂေါတြဘူ ဉာဏ်သည် နိဗ္ဗာန်ကို သာလျှင် မြင်နိုင်၏၊ ကိလေသာ အမိုက်မှောင်ကို မပယ် မဖျောက်နိုင်၊ ထိုသို့ ကိလေသာကို မပယ်နိုင်ခြင်းကြောင့် သာလျှင် ထို ဂေါတြဘူ ဉာဏ်ကို မဂ်၏ အာဝဇ္ဇန်း ဟူ၍ ဆိုအပ်၏၊ ထို စကား မှန်၏—

"အနာဝဇ္ဇနမ္ပိ သမာနံ အာဝဇ္ဇနဋ္ဌာနေ ဌတွာ ဧဝံ နိဗ္ဗတ္တာဟီတိ မဂ္ဂဿ သညံ ဒတွာ ဝိယ နိရုဇ္ဈတိ၊ မဂ္ဂေါပိ တေန ဒိန္နသညံ အမုဉ္စိတွာဝ အဝိစိသန္တတိဝသေန တံ ဉာဏံ အနုဗန္ဓမာနော အနိဗ္ဗိဒ္ဓပုဗ္ဗံ အပဒါလိတပုဗ္ဗံ လောဘက္ခန္ဓံ ဒေါသက္ခန္ဓံ မောဟက္ခန္ဓံ နိဗ္ဗိဇ္ဈမာနောဝ ပဒါလယမာနောဝ နိဗ္ဗတ္တတိ။"

"ထို ဂေါတြဘူ ဉာဏ်သည် အာဝဇ္ဇန်း မဟုတ်သည် ဖြစ်လျှင်မူလည်း အာဝဇ္ဇန်း အရာ၌ တည်၍ ဤသို့ ဖြစ်လေလော့ဟု၊ ဝါ—အနုလုံ ဉာဏ်တို့သည် သဒ္ဒါရကို အာရုံ ပြုသကဲ့သို့ ထို့အတူ သဒ္ဒါရကို အာရုံ မပြုမူ၍ ငါကဲ့သို့ နိဗ္ဗာန်ကို အာရုံ ပြု၍ ဖြစ်လေလော့ဟု မဂ်အား အမှတ်သညာကို ပေးသကဲ့သို့ ဖြစ်၍ ချုပ်၏၊ မဂ်သည် လည်း ထို ဂေါတြဘူ ဉာဏ်က ပေးအပ်သော သညာကို မလွှတ်မူ၍သာလျှင် အခြား မရှိသော အစဉ်၏ အစွမ်းဖြင့် ထို ဂေါတြဘူ ဉာဏ်သို့ အစဉ် လိုက်လျက် မဖောက် မထွင်း ဘူးသေးသော မခွဲစိတ်ဘူးသေးသော လောဘတုံးကို၊ ဒေါသတုံးကို၊ မောဟတုံးကို ဖောက်ထွင်းလျက် သာလျှင် ခွဲစိတ်လျက် သာလျှင် ဖြစ်၏။"

ထို ဂေါတြဘူ ဉာဏ်က ပေးအပ်သော သညာကို မလွှတ် သကဲ့သို့ ဖြစ်၍ ထို ဂေါတြဘူသည် ယူအပ်သော နိဗ္ဗာန် အာရုံ၌ သာလျှင် ဖြစ်၍ မဂ်သည် လောဘတုံး ဒေါသတုံး မောဟတုံးကို

http://www.dhammadownload.com



ဖောက်ခွဲခြင်း၌ ဤ ဆိုလတံ့သည်ကား ဥပမာတည်း—လေးသွား တယောက်သည် ရှစ်ဥသဘ အတိုင်း အရှည် ရှိသော အရပ်၌ ဝိတောက်နှစ် ပျဉ်ချပ် တရာကို ထားစေ၍ ပုဆိုးဖြင့် မျက်နှာကို ရစ်ပတ်၍ မြှားကို ကောင်းစွာ ဖွဲ၍ စက်ယန္တရား၌ ရပ်၏၊ အခြားသော ယောကျ်ား တယောက်သည် စက်ယန္တရားကို လှည့်၍ လည်စေ၍ အကြင် အခါ၌ လေးသွားအား ပျဉ်ချပ်သည် ရှေ့ရှု တည့်တည့် ဖြစ်၏၊ ထို အခါ၌ ထို ပျဉ်ချပ်၌ လှံကန်ဖြင့် ခေါက်သော အမှတ် သညာကို ပေး၏၊ လေးသွားသည် လှံကန် ဖြင့် ခေါက်ခြင်းကြောင့် ဖြစ်သော အသံ အမှတ်ကို မလွှတ်မူ၍ သာလျှင် မြှားကို ပစ်၍ ပျဉ်ချပ် တရာကို ဖောက်ထွင်း၏၊ ထို ဥပမာ၌ ပျဉ်ချပ် တရာကို ဖောက်ထွင်းခြင်း၏ အကြောင်း ဖြစ်သော လှံကန်ဖြင့် ခေါက်ခြင်းကြောင့် ဖြစ်စေအပ်သော အသံ ဟူသော အမှတ်ကဲ့သို့ ဂေါတြဘူ ဉာဏ်ကို မှတ်အပ်၏၊ လေးသွား ကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ လေးသွား၏ လှံကန် အမှတ် သညာကို မလွှတ်မူ၍လျှင် ပျဉ်ချပ် တရာကို ဖောက်ထွင်းခြင်း ကဲ့သို့ မဂ်ဉာဏ်၏ ဂေါတြဘူ ဉာဏ်က ပေးအပ်သော သညာကို မလွှတ်မူ၍ သာလျှင် နိဗ္ဗာန်ကို အာရုံပြု၍ မဖောက် မထွင်းဘူး ကုန်သေးသော မခွဲ မစိတ်ဘူးကုန်သေးသော လောဘ ဒေါသ မောဟတုံးတို့ကို ဖောက်ထွင်း ခွဲစိတ်ခြင်းကို မှတ်အပ်၏။

ဤ မဂ်သည် လောဘတုံး စသည်တို့ကို ဖောက်ထွင်းခြင်းကို သာလျှင် ပြုရုံကာမျှ သက်သက်မဟုတ်သေး၊ စင်စစ်သော်ကား— အစကို မသိနိုင်သော သံသရာ ဝဋ်ဆင်းရဲ ဟူသော သမုဒ္ဒရာ ရေကို ခြောက်စေ၏၊ အလုံးစုံသော အပါယ် တံခါးတို့ကို ပိတ်၏၊ သဒ္ဓါ သီလ စသော သူတော်ကောင်း ဥစ္စာ ခုနစ်ပါးတို့၏ မျက်မှောက် ပြီးသည်၏ အဖြစ်ကို ပြု၏၊ အင်္ဂါ ရှစ်ပါး ရှိသော မိစ္ဆာမဂ်ကို စွန့်၏၊ ပါဏာတိပါတ စသော ငါးပါးသောရန်, နှစ်ဆဲ့ ငါးပါး သော ဘေးကြီးတို့ကို ငြိမ်းစေ၏၊ သဗ္ဗညု ရှင်တော်ဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ် အဖြစ်သို့ ဆောင်တတ်၏၊ ထိုမှ တပါးကုန်သော အရာမက များကုန်သော ရတနာ သုံးပါးဂုဏ်၌

http://www.dhammadownload.com



မတုန် မလှုပ် သက်ဝင် ယုံကြည်ခြင်း စသော အာနိသင်တို့ကိုလည်း ရခြင်းငှါ ဖြစ်၏၊ ဤသို့ ရာထောင်မက များစွာသော အာနိသင်ကို ပေးတတ်သော သောတာပတ္တိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သောတာပတ္တိမဂ်၌ ဖြစ်သော ဉာဏ် မည်၏။

ပဌမ မဂ်ဉာဏ် ပြီး၏။

---

ထိုမှတပါး ဤ သောတာပတ္တိ မဂ်ဉာဏ်၏ အခြားမဲ့၌ ထို သောတာပတ္တိ မဂ်စိတ်၏ သာလျှင် အကျိုး ဖြစ်၍ ဖြစ်ကုန်သော နှစ်ကြိမ်သော ဖိုလ်စိတ်တို့သည်ငင်း, သုံးကြိမ်သော ဖိုလ်စိတ်တို့ သည်ငင်း ဖြစ်ကုန်၏၊ ထို စကား မှန်၏—လောကုတ္တရာ ကုသိုလ် တို့၏ မိမိ၏ အခြားမဲ့ အကျိုးပေးခြင်း သဘော ရှိသည်၏ အဖြစ် ကြောင့် သာလျှင် "သမာဓိမာနန္တရိကညမာဟု"ဟူ၍ငင်း, "ဒန္ဓံ အနန္တရိကံ ပါပုဏာတိ အာသဝါနံ ခယာယ"ဟူ၍ငင်း ဤသို့ အစရှိသော စကားကို ဟောတော်မူအပ်၏။

"အကြင် မဂ်သမာဓိကို မိမိ ဖြစ်သည်၏ အခြားမဲ့၌ အမြဲအားဖြင့် သာလျှင် အကျိုးပေးခြင်းကြောင့် မိမိ၏ အခြားမဲ့ ဖြစ်သော ဖိုလ်ဟူသော အကျိုး၌ ယှဉ်၏ ဟူ၍၊ ဝါ—ဖိုလ်ဟူသော အကျိုး ရှိ၏" ဟူ၍ ဟောတော်မူ ကုန်ပြီ။

"အာသဝေါ တရားတို့၏ ကုန်ခြင်းငှါ ဖြည်းဖြည်း နှေးနှေး မိမိ၏ အခြားမဲ့၌ သာလျှင် ဖြစ်သော ဖိုလ်ဟူ သော အကျိုး ရှိသည့် အရိယမဂ်သို့ ရောက်၏။"

အချို့ ကေစိ ဆရာတို့သည်ကား—"တကြိမ်, နှစ်ကြိမ်, သုံးကြိမ်, လေးကြိမ်သော ဖိုလ်တို့သည် ဖြစ်ကုန်၏"ဟု ဆိုကုန် ၏၊ ထို ကေစိ ဆရာတို့၏ စကားကို မယူသင့်, မမှတ်သင့်၊ အဘယ့် ကြောင့်နည်း—အာသေဝန ပစ္စည်းကို ရသော အနုလုံ ဉာဏ်၏ အခြားမဲ့၌ ဂေါတြဘူ ဉာဏ်သည် ဖြစ်၏၊ ထို့ကြောင့် အလုံးစုံ

http://www.dhammadownload.com



တို့၏ အောက် ယုတ်သော အဘိဇ္ဈာ ဖြစ်သော အပိုင်း အခြားဖြင့် နှစ်ကြိမ်သော အနုလုံစိတ်တို့သည် ဖြစ်သင့်၏၊ ထို စကားမှန်၏— တကြိမ်သော အနုလုံသည် အာသေဝန ပစ္စည်းကို မရ၊ တနည်း တမျိုး ဆိုအံ့—တခုသော အာဝဇ္ဇန်း ရှိသော ဝီထိသည် ခုနစ် ချက်သော စိတ် အတိုင်း အရှည် ရှိသည် ဖြစ်၏၊ ထို့ကြောင့် အကြင် ပုဂ္ဂိုလ်အား နှစ်ကြိမ်သော အနုလုံတို့သည် ဖြစ်ကုန်၏၊ ထို ပုဂ္ဂိုလ်အား သုံးကြိမ်မြောက်သော ဂေါတြဘူသည် ဖြစ်၏၊ လေးကြိမ်မြောက်သော မဂ်စိတ်သည် ဖြစ်၏၊ သုံးကြိမ်မြောက် သော ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏၊ အကြင် ပုဂ္ဂိုလ်အား သုံးကြိမ် သော အနုလုံတို့သည် ဖြစ်ကုန်၏၊ ထို ပုဂ္ဂိုလ်အား လေးကြိမ် မြောက်သော ဂေါတြဘူသည်, ငါးကြိမ်မြောက်သော မဂ်စိတ် သည်, နှစ်ကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏ ဟူ၍ ငါ ပြဆိုခဲ့ပြီ။

ကေစိ ဆရာတို့ကား—အကြင် ပုဂ္ဂိုလ်အား လေးကြိမ်မြောက် သော အနုလုံတို့သည် ဖြစ်ကုန်၏၊ ထို ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဂေါတြဘူသည်ဥင်း, ခြောက်ကြိမ်မြောက်သော မဂ်စိတ်သည်ဥင်း, တကြိမ်သော ဖိုလ်စိတ်သည်ဥင်း ဖြစ်၏ဟု ဆိုကုန်၏၊ ထိုကေစိ ဝါဒကို အနှစ် သာရအားဖြင့် မယုံကြည်အပ်၊ အဘယ့်ကြောင့် နည်း—လေးကြိမ်မြောက်ဥင်း, ငါးကြိမ်မြောက်ဥင်း အကြင့် ကြောင့် အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏၊ ထို ငါးကြိမ်ထက် အလွန် အပ္ပနာ၏ အစွမ်းအားဖြင့် မဖြစ်၊ ဘဝင် နီးသည်၏ အဖြစ်ကြောင့်တည်း၊ ဤသို့ အဋ္ဌကထာ၌ ပယ်အပ်၏၊ ထိုသို့ ပယ်ပြီး ဖြစ်သောကြောင့် မယုံကြည်အပ်၊ ဤမျှ အတိုင်း အရှည် ရှိသော ပဌမ မဂ်၏ အခြားမဲ့၌ ဖိုလ်၏ ဖြစ်ခြင်းမျှဖြင့် သာလျှင် ဤ ပုဂ္ဂိုလ်သည် သောတာပန် မည်သော နှစ်ယောက်မြောက် ဖြစ်သော အရိယာ ပုဂ္ဂိုလ်သည် ဖြစ်၏၊ သိကြားမင်း စကြ ဝတေးမင်း အဖြစ် စသော မေ့လျော့ခြင်း၏ အရာသို့ ရောက်၍ ပြင်းစွာ မေ့လျော့ခြင်း ဖြစ်သော်လည်း နတ်ပြည် လူ့ပြည်တို့၌

http://www.dhammadownload.com



ခုနစ်ကြိမ် ကျင်လည်၍ အဖန်တလဲလဲ ပြေးသွား၍ ဆင်းရဲခြင်း၏ အဆုံးကို ပြုခြင်းငှါ စွမ်းနိုင်သည် ဖြစ်၏။

ဖိုင်၏ အဆုံး၌ ထို သောတာပန် ပုဂ္ဂိုလ်၏ စိတ်သည် ဘဝင်သို့ သက်၏၊ ထို ဘဝင် သက်သည်မှ နောက်၌ ဘဝင်၏ ပြတ်ခြင်းကြောင့် မဂ်ကို ဆင်ခြင်ခြင်းငှါ မနောဒွါရာဝဇ္ဇန်းသည် ဖြစ်၏၊ ထို မနောဒွါရာဝဇ္ဇန်းသည် ချုပ်ပြီးလတ်သော် အစဉ် အတိုင်း မဂ်ကို ဆင်ခြင်သော ခုနစ်ကြိမ်သော ဇောတို့သည် ဖြစ်ကုန်၏၊ ဤသည်လျှင် မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တည်း၊ တဖန် ဘဝင်သို့ သက်၍ ထိုနည်းဖြင့် သာလျှင် ဖိုလ် စသည်တို့ကို ဆင်ခြင်ခြင်းငှါ အာဝဇ္ဇန်း အစ ရှိသည်တို့သည် ဖြစ်ကုန်၏၊ အကြင် အကြင် ဆိုအပ်ပြီးသော အာဝဇ္ဇန်း ဇောစိတ် တို့၏ ဖြစ်ခြင်းကြောင့် ဤ သောတာပန် ပုဂ္ဂိုလ်သည် မဂ်ကို ဆင်ခြင်သည် မည်၏၊ ဖိုလ်ကို ဆင်ခြင်သည် မည်၏၊ ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သည် မည်၏၊ ပယ်ပြီးသည်မှ ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်သည် မည်၏၊ နိဗ္ဗာန်ကို ဆင်ခြင်သည် မည်၏၊ ရှုဦးအံ့—ထို သောတာပန် ပုဂ္ဂိုလ်သည် ငါသည် ဤ မဂ်ဖြင့် လာ၏တကား၊ ဤသို့ မဂ်ကို ဆင်ခြင်၏၊ ထို့နောင်မှ ငါသည် ဤ အကျိုးကို ရအပ်၏၊ ဤသို့ ဖိုလ်ကို ဆင်ခြင်၏၊ ထို့နောင်မှ ငါသည် ဤမည်သော ကိလေသာတို့ကို ပယ်အပ် ကုန်ပြီ၊ ဤသို့ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်၏။

ထို့နောင်မှ ငါ့အား ဤမည်သော ကိလေသာတို့သည် ကြွင်းကျန်ကုန်သေး၏ဟု ဤသို့ အထက် မဂ်သုံးပါး အပေါင်းသည် သတ်အပ်ကုန်သော ကိလေသာတို့ကို ဆင်ခြင်၏၊ အဆုံး၌လည်း ဤ တရားကို ငါသည် အာရုံ ပြုသောအားဖြင့် သိအပ်ပြီဟု ဤသို့ သေခြင်း ကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၏၊ ထိုသို့လျှင် သောတာပန် ဖြစ်သော အရိယာ သာဝက၏ ငါးကြိမ်သော ပစ္စဝေက္ခဏာ ဇောတို့သည် ဖြစ်ကုန်၏၊ သောတာပန် ပုဂ္ဂိုလ် အား ငါးကြိမ်သော ပစ္စဝေက္ခဏာ ဇောတို့သည် ဖြစ်ကုန်သကဲ့သို့ လည်း ထို့အတူ သကဒါဂါမိ ပုဂ္ဂိုလ်, အနာဂါမိ ပုဂ္ဂိုလ်တို့အား

http://www.dhammadownload.com



လည်း ငါးကြိမ်သော ပစ္စဝေက္ခဏာ ဇောတို့သည် ဖြစ်ကုန်၏၊ အထူးကား—ရဟန္တာ သခင်အား ကြွင်းသော ကိလေသာကို ဆင်ခြင်ခြင်း မည်သည် မရှိပြီ၊ ဤသို့ မှတ်အပ်၏၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် အလုံးစုံကုန်သော ပစ္စဝေက္ခဏာ ဇော တဆဲ့ကိုးပါးတို့သည် ဖြစ်ကုန်၏၊ ဆက်ဆိုအံ့—ငါးပါးသော ပစ္စဝေက္ခဏာတို့ကိုင်ငး, လေးပါးသော ပစ္စဝေက္ခဏာ တို့ကိုငင်း အကြင် ညွှန်ပြခြင်းသည် ရှိ၏၊ ဤ ငါးပါးသော ပစ္စဝေက္ခဏာ, လေးပါးသော ပစ္စဝေက္ခဏာတို့ကို ပြခြင်းသည် အလွန်ဆုံးကို ပိုင်းခြားခြင်းသာတည်း၊ သင့်စွ—ပယ်ပြီးသော ကိလေသာ ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်းသည် သေက္ခ ပုဂ္ဂိုလ်တို့အား ဖြစ်သည်လည်း ရှိ၏, မဖြစ်သည်လည်း ရှိ၏။

ထိုစကား သင့်၏—ထို ပယ်ပြီးသော ကိလေသာ ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်း၏ မရှိသောကြောင့် သာလျှင် မဟာနာမ် မည်သော သာကီဝင် မင်းသည် မြတ်စွာဘုရားကို မေးလျှောက်၏—"ဘုန်းတော်သခင် ရှင်ပင်ဘုရား—အကြင် မပယ်အပ်သော ကိလေသာ ဓမ္မဖြင့် အကျွန်ုပ်၏ ကုသိုလ် စိတ်ကို ရံခါ လောဘ တရားတို့သည်လည်း ကုန်စေ၍ တည်ကုန်၏၊ အကျွန်ုပ်၏ အဇ္ဈတ္တ သန္တာန်၌ မပယ်အပ်သေးသော ထိုကိလေသာ ဓမ္မသည် အဘယ် မည်သော ကိလေသာ ဓမ္မနည်း" ဟု ဤသို့ လျှောက်၏၊ (အလုံးစုံသော မဟာနာမသုတ်ကို အကျယ်ချဲ့၍ သိအပ်၏၊) ထိုမှတပါး ဤသို့ ဆင်ခြင်၍ သောတာပန် ဖြစ်ပြီးသော ထို အရိယာ သာဝကသည် ထို နေရာ၌ ပင်လျှင်မူလည်း နေလျက် ဘာဝနာ အားထုတ်ခြင်းကို ပြု၏၊ တခြားသော နေရာ, တပါးသော အခါ၌မူလည်း ဘာဝနာ အားထုတ်ခြင်းကို ပြု၏၊ ပြုပုံကား—အားသန်သော ကာမရာဂ ဗျာပါဒတို့ကို ခေါင်းပါးစေခြင်းငှါ နှစ်ခုမြောက်သော သကဒါဂါမိ ဖိုလ်သို့ ရောက်ခြင်း ရခြင်းငှါ ဘာဝနာ အားထုတ်ခြင်း ပယောဂကို ပြု၏။

ထို ပုဂ္ဂိုလ်သည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစု၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် အပြားရှိသော ထို သင်္ခါရ

http://www.dhammadownload.com



အပေါင်းကိုလျှင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ဝိပဿနာ ဉာဏ်ဖြင့် လက္ခဏာရေး သုံးပါးကို စုံစမ်းသည်၏ အစွမ်းဖြင့် သုံးသပ်၏၊ ဆင့်ကာ ဆင့်ကာ အဖန် တလဲလဲ ဝိပဿနာ ဉာဏ်ကို ဖြစ်စေ၏၊ ဝိပဿနာ အစဉ်သို့ သက်၏၊ ဤ ပြဆိုခဲ့ပြီးသော နည်းဖြင့် ကျင့်သော ထို သောတာပန် ပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် စသည်တို့ကို ဖြစ်စေခြင်း၌ ပြဆိုခဲ့ပြီးသော နည်းဖြင့် သာလျှင် သင်္ခါရုပေက္ခာ ဉာဏ်၏ အဆုံး၌ တခုသော အာဝဇ္ဇန်းဖြင့် အနုလုံ ဂေါတြဘူ ဉာဏ်တို့သည်၊ ဝါ—အနုလောမဉာဏ် ဝေါဒါန်တို့သည် ဖြစ်ကုန်လတ်သော် ဂေါတြဘူနှင့် တူသော ဝေါဒါန်၏ အခြားမဲ့၌ သကဒါဂါမိမဂ်သည် ဖြစ်၏၊ ထို သကဒါဂါမိ မဂ်နှင့် ယှဉ်သော ဉာဏ်သည် သကဒါဂါမိမဂ်၌ ဖြစ်သောဉာဏ် မည်၏။

ဒုတိယ မဂ်ဉာဏ် ပြီး၏။

ဤ ဒုတိယ ဉာဏ်၏လည်း အခြားမဲ့၌ ပြဆိုပြီးသော နည်းဖြင့် သာလျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏၊ ဤမျှ အတိုင်း အရှည် ရှိသော ဒုတိယ မဂ်၏ အခြားမဲ့၌ ဒုတိယ ဖိုလ်၏ ဖြစ်ခြင်း မျှဖြင့် သာလျှင် ဤပုဂ္ဂိုလ်သည် သကဒါဂါမိ ပုဂ္ဂိုလ်မည်၏၊ လေးယောက် မြောက်သော အရိယာ ပုဂ္ဂိုလ်သည် ဖြစ်၏၊ တကြိမ် သာလျှင် ဤ လူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် လာ၍ ဝဋ်ဒုက္ခ၏ အဆုံးကို ပြုခြင်းငှါ စွမ်းနိုင်သည် ဖြစ်၏၊ ထို ဒုတိယ ဖိုလ်သို့ ရောက်သည်မှ နောက်၌ ပစ္စဝေက္ခဏာသည် ဆိုအပ်ပြီးသော နည်းရှိသလျှင် ကတည်း၊ ဤသို့ ဆင်ခြင်ပြီး၍ သကဒါဂါမိဖြစ်သော ထို အရိယာ သာဝကသည် ထိုနေရာ၌မှုလည်း နေလျက် တပါးသော အခါ၌ မူလည်း နေလျက် သကဒါဂါမိ မဂ်ဖြင့် ခေါင်းပါးစေအပ်ပြီးသော ကာမ ရာဂသံယောဇဉ် ဗျာပါဒ သံယောဇဉ်တို့ကို အကြွင်းမရှိ ပယ်ခြင်းငှါ သုံးခုမြောက်သော အနာဂါမိ ဖိုလ်သို့ ရောက်ခြင်းငှါ ဝိပဿနာ အားထုတ်ခြင်းကို ပြု၏၊ ထို သကဒါဂါမိ ပုဂ္ဂိုလ်သည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစည်း ရုံးစု၍ ထို ရုပ်နာမ် ဖြစ်သော တေဘူမက သင်္ခါရ တရား အပေါင်းကို ပင်လျှင် အနိစ္စ

http://www.dhammadownload.com



ဒုက္ခ အနတ္တ ဟူ၍ ဉာဏ်ဖြင့် သုံးသပ်၏၊ ဝိပဿနာဉာဏ်ကို အဖန်ဖန် ဖြစ်စေ၏၊ ဝိပဿနာ အစဉ်သို့ သက်၏၊ ဤသို့သော နည်းဖြင့် ကျင့်သော ထို သကဒါဂါမိ ပုဂ္ဂိုလ်အား ပြဆိုပြီးသော နည်းဖြင့် သာလျှင် သင်္ခါရုပေက္ခာ ဉာဏ်၏ အဆုံး၌ တခုသော အာဝဇ္ဇန်းဖြင့် အနုလုံဉာဏ်, ဝေါဒါနဉာဏ်တို့သည် ဖြစ်ကုန်လတ်သော် ဝေါဒါနဉာဏ်၏ အခြားမဲ့၌ အနာဂါမိ မဂ်သည် ဖြစ်၏၊ ထို အနာဂါမိ မဂ်နှင့် ယှဉ်သော ဉာဏ်သည် ထို အနာဂါမိ မဂ်၌ ဖြစ်သောဉာဏ် မည်၏။

တတိယ မဂ်ဉာဏ် ပြီး၏။

---

ဤ အနာဂါမိ မဂ်ဉာဏ်၏လည်း အခြားမဲ့၌ ပြဆိုပြီးသော နည်းဖြင့် သာလျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏၊ ဤမျှ အတိုင်းအရှည် ရှိသော အနာဂါမိ မဂ်၏ အခြားမဲ့၌ အနာဂါမိ ဖိုလ်၏ ဖြစ်ခြင်းဖြင့် သာလျှင် ဤ ပုဂ္ဂိုလ်သည် ဥပပတ် ပဋိသန္ဓေသာ ရှိသော ထို ဗြဟ္မာဘုံ၌၊ ဝါ—သုဒ္ဓါဝါသ ဘုံ၌ ပရိနိဗ္ဗာန် ပြုလေ့ရှိသော ပဋိသန္ဓေ အစွမ်းအားဖြင့် တဖန် မပြန်သော သဘော ရှိသော ပုဂ္ဂိုလ် ဖြစ်၍ ပဋိသန္ဓေ အစွမ်းအားဖြင့် ဤ ကာမဓာတ်သို့ တဖန် မလာခြင်းကြောင့် အနာဂါမိ မည်သော ခြောက်ယောက် မြောက်သော အရိယာ ပုဂ္ဂိုလ်သည် ဖြစ်၏၊ ထိုသို့ အနာဂါမိ ဖိုလ်သို့ ရောက်သည်မှ နောက်၌ ပစ္စဝေက္ခဏာသည် ပြဆိုပြီးသော နည်းရှိသည်သာတည်း၊ ဤသို့ ဆင်ခြင်၍ သာလျှင် ထို အနာဂါမိ ဖြစ်သော အရိယာ သာဝကသည် ထိုနေရာ၌မှုလည်း နေလျက် အခြားသော နေရာ, တပါးသော အခါ၌မှုလည်း နေလျက် ရူပဘုံ၌ တပ်သော ရာဂ, အရူပဘုံ၌တပ်သော ရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဟု ဆိုအပ်ကုန်သော ဥဒ္ဓံဘာဂိယ သံယောဇဉ် ငါးပါးတို့ကို အကြွင်းမဲ့ ပယ်ခြင်း အကျိုးငှါ လေးခုမြောက်သော အရဟတ္တ ဖိုလ်သို့ ရောက်ခြင်းငှါ ဝိပဿနာ အားထုတ်ခြင်းကို ပြု၏၊ ထို အနာဂါမိ ပုဂ္ဂိုလ်သည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစည်း ရုံးစု၍ ထို ရုပ်နာမ်ဖြစ်သော တေဘူမက သင်္ခါရ

http://www.dhammadownload.com



တရား အပေါင်းကို ပင်လျှင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ဉာဏ်ဖြင့် သုံးသပ်၏၊ ဝိပဿနာ ဉာဏ်ကို အဖန်ဖန် ဖြစ်ပွါးစေ၏၊ ဝိပဿနာ အစဉ်သို့ သက်၏၊ ဤသို့သော နည်းဖြင့် ကျင့်သော အနာဂါမိ ပုဂ္ဂိုလ်အား ပြဆိုပြီးသော နည်းဖြင့် သာလျှင် သင်္ခါရုပေက္ခာ ဉာဏ်၏ အဆုံး၌ တခုသော အာဝဇ္ဇန်းဖြင့် အနုလုံဉာဏ်, ဂေါတြဘူ ဉာဏ်တို့သည် ဖြစ်ကုန်လတ်သော် ဂေါတြဘူ၏ အခြားမဲ့၌ အရဟတ္တမဂ်ဉာဏ်သည် ဖြစ်၏၊ ထို အရဟတ္တ မဂ်နှင့် ယှဉ်သော ဉာဏ်သည် ထို အရဟတ္တ မဂ်၌ ဖြစ်သော ဉာဏ်မည်၏။

စတုတ္ထ မဂ်ဉာဏ် ပြီး၏။

---

ဤ အရဟတ္တ မဂ်ဉာဏ်၏လည်း အခြားမဲ့၌ ပြဆိုပြီးသော နည်းဖြင့် သာလျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏၊ ဤမျှ အဘိုင်း အရှည် ရှိသော စတုတ္ထ မဂ်၏ အခြားမဲ့၌ စတုတ္ထ ဖိုလ်၏ ဖြစ်ခြင်း မျှဖြင့် သာလျှင် ဤ ပုဂ္ဂိုလ်သည် ရဟန္တာ မည်သော ရှစ်ယောက် မြောက်သော အရိယာ ပုဂ္ဂိုလ် ဖြစ်၏၊ ပူဇော်အပ် ကြီးမြတ်သော အာနုဘော် ရှိသော အာသဝေါ ကုန်ပြီးသော အဆုံးစွန်သော ကိုယ်ကို ဆောင်တတ်သော ချအပ်သော ခန္ဓာဝန် ကိလေသဝန် အဘိသင်္ခါရဝန် ရှိသော အစဉ် အတိုင်း ရောက်အပ်ပြီးသော အရဟတ္တ ဖိုလ် ဟူသော မိမိ အကျိုး ရှိသော ကုန်ပြီးသော ဆယ် ပါးသော ဘဝ သံယောဇဉ် ရှိသော ခန္ဓာ စသည်တို့၏ သဘော ကို အသင့်အားဖြင့် သိ၍ အထူးသဖြင့် လွတ်ပြီးသော နတ်နှင့် တကွသော သတ္တလောက၏ မြတ်သော အလှူခံ ပုဂ္ဂိုလ်သည် ဖြစ်၏၊ ဤမျှ ဤမျှသော စကား အစီ အစဉ်ဖြင့် "သောတာ-ပတ္တိမဂ္ဂေ သကဒါဂါမိမဂ္ဂေ အနာဂါမိမဂ္ဂေ အရဟတ္တမဂ္ဂေ ဉာဏံ ဉာဏဒဿနဝိသုဒ္ဓိ နာမ" ဟူသော အကြင် စကားကို ငါ ဆိုခဲ့ပြီ၊ ထို စကားကို ဤ ပြဆို ပြီးသော အစီ အစဉ်ဖြင့် ရောက်အပ်ကုန်၏၊ ဤ လေးပါးသော မဂ်ဉာဏ်တို့ကို ရည်၍ ငါသည် ဆိုအပ်၏၊ ယခု အခါ၌ စတုတ္ထ မဂ်ဉာဏ်အားဖြင့် လေးပါးသော ဉာဏ် အစိတ်ရှိသော ဤ

http://www.dhammadownload.com



ဉာဏဒဿန ဝိသုဒ္ဓိ၏ သာလျှင် သတိပဋ္ဌာန်၏ ထက်ဝန်းကျင် ပြည့်စုံခြင်း အစရှိသော အာနုဘော်ကို သိခြင်း အကျိုးငါ—

"ပရိပုဏ္ဏဗောဓိပက္ခိယ,
ဘာဝေါ ဝုဋ္ဌာနဗလသမာယောဂေါ၊
ယေ ယေန ပဟာတဗ္ဗာ,
ဓမ္မာ တေသံ ပဟာနဉ္စ။
ကိစ္စာနိ ပရိညာဒီနိ,
ယာနိ ဝုတ္တာနိ အဘိသမယကာလေ၊
တာနိ စ ယထာသဘာဝေန,
ဇာနိတဗ္ဗာနိ သဗ္ဗာနိ။"

"ထက်ဝန်းကျင် ပြည့်စုံသော ဗောဓိပက္ခိယ ရှိသည်၏ အဖြစ်ကိုင်း, လေးပါးသော မဂ်ဉာဏ်တို့၏ နိမိတ္တ ပဝတ္တမှ ထခြင်း သမထဗလ ဝိပဿနာဗလ တို့နှင့် ယှဉ်ခြင်းကိုင်း အကြင် သံယောဇဉ် အစရှိသော တရား တို့ကို အကြင် ပဌမမဂ် အစရှိသည်သည် ပယ်အပ်ကုန်၏၊ ထို သံယောဇဉ် အစရှိသောတရားတို့ကို ထို ပဌမမဂ် အစရှိသည်သည် ပယ်ခြင်းကိုင်း, သစ္စာ လေးပါးတို့ကို ရှေးရှု မျက်မှောက်သော ကာလ၌ ပရိညာကိစ္စ ပဟာန ကိစ္စ အစရှိကုန်သော အကြင် ကိစ္စတို့ကို ဆိုအပ်ကုန်ပြီ၊ ထို ပရိညာကိစ္စ ပဟာနကိစ္စ သစ္ဆိကိရိယကိစ္စ ဘာဝနာ ကိစ္စတို့ကိုင်း အကြင် အကြင် ဟုတ်မှန်သော အလျောက် သိအပ်ကုန်၏။"

ဤကား မာတိကာတည်း၊ ထို မာတိကာ၌ "ထက်ဝန်းကျင် ပြည့်စုံသော ဗောဓိပက္ခိယ ရှိသည်၏ အဖြစ်" ဆိုသည်ကား— ဗောဓိပက္ခိယ တရားတို့၏ ထက်ဝန်းကျင် ပြည့်စုံသော အဖြစ် တည်း၊ ရှေ့ဦးအံ့—သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပ္ပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး ဤသို့သော အပြားအားဖြင့် သုံးဆဲ့ ခုနစ်ပါး ရှိကုန်သော ဤ တရားတို့သည် သစ္စာ လေးပါးကို

http://www.dhammadownload.com



သိတတ်သော အနက်ကြောင့် "ဗောဓ" ဟူ၍ အမည် ရသော အရိယာ ပုဂ္ဂိုလ်၏ အကူ အမြောင် အပင်း အသင်း၌ ဖြစ်သည်၏ အဖြစ်ကြောင့်၊ ဝါ—ကျေးဇူး ပြုတတ်သော အပင်း အသင်း အဖြစ်၌ တည်သည်၏ အဖြစ်ကြောင့် "ဗောဓိပက္ခိယ" မည်ကုန်၏၊ "အပင်း အသင်း၌ ဖြစ်တတ်သည်" ဟူသည်ကား— ကူမြောင်၍ ကျေးဇူး ပြုတတ်သည်၏ အဖြစ်၌ တည်သည်၏ အဖြစ်ကြောင့်တည်း။

ထို ဗောဓိပက္ခိယ သုံးဆဲ့ ခုနစ်ပါးတို့တွင် ကာယ ဝေဒနာ အစရှိသော အာရုံတို့၌ ပြေးဝင်၍ အသုဘ အခြင်း အရာ စသည်တို့ကို ယူသည်၏ အစွမ်းဖြင့် ကပ်၍ တည်တတ်သည်၏ အဖြစ်ကြောင့် "ပဋ္ဌာန" မည်၏၊ "သတိ"သည် ပင်လျှင် ပဋ္ဌာန မည်၏၊ ထို့ကြောင့် "သတိပဋ္ဌာန်" မည်၏၊ ထိုသို့ သတိသည် ပင်လျှင် သတိပဋ္ဌာန် မည်သော်လည်း ထိုသတိ၏ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ဟူသော လေးပါးသော အာရုံ တို့၌ အသုဘ အခြင်းအရာ ဒုက္ခ အခြင်းအရာ အနိစ္စ အခြင်း အရာ အနတ္တ အခြင်းအရာကို ယူသည်၏ အစွမ်းဖြင့်၎င်း, သုဘ- သညာ သုခသညာ အတ္တသညာကို ပယ်ခြင်း ကိစ္စကို ပြီးစေသည် ၏ အစွမ်းဖြင့်၎င်း ဖြစ်ခြင်းကြောင့် လေးပါးသော အဘို့တို့ဖြင့် ပြားခြင်းသည် ဖြစ်၏၊ ထို့ကြောင့် လေးပါးသော သတိပဋ္ဌာန်တို့ ဟူ၍ ဆိုအပ်ကုန်၏။

ဤ ဝီရိယဖြင့် အားထုတ်တတ်ကုန်၏၊ ဝါ—ကိုယ်စိတ်တို့ကို ချီးမြှောက်တတ်ကုန်၏၊ ထို့ကြောင့် ထို ဝီရိယသည် "ပဓာန" မည်၏၊ တင့်တယ် ကောင်းမြတ်သော အားထုတ်ခြင်း ဖြစ်သော ကြောင့် "သမ္မပ္ပဓာန"မည်၏၊ တနည်းကား—ဤ ဝီရိယဖြင့် ကောင်းစွာ အားထုတ်တတ်ကုန်၏၊ ထို့ကြောင့် ထို ဝီရိယသည် "သမ္မပ္ပဓာန"မည်၏၊ တနည်းကား—ထို ဝီရိယသည် ကိလေသာ ဟူသော ဖောက်ပြန်ခြင်းဟု ဆိုအပ်သော ရူပအသာရုပ္ပ သဘောမှ ကင်းသည်၏ အဖြစ်ကြောင့် တင့်တယ် လျောက်ပတ် ကောင်းမြတ် သည်လည်း ဖြစ်၏၊ အခိုင် အမာ စီးပွါး ချမ်းသာကို ပြီးစေတတ်

http://www.dhammadownload.com



သည်၏ အဖြစ်ကြောင့်၎င်း, အထူးသဖြင့် ချီးမွမ်းအပ်သည်၏ အဖြစ်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း, မြတ်သည် အဖြစ်၏ အကြောင်း၏ အဖြစ်ကြောင့်၎င်း ထို နှစ်ပါးသော သတ္တိကြောင့် "သမ္မပ္ပဓာန်"မည်၏။

ဤ သမ္မပ္ပဓာန် ဟူသော အမည်သည် ဝီရိယ လုံ့လ၏ အမည် တည်း၊ အကြင့်ကြောင့်ကား—ထို သမ္မပ္ပဓာန်သည် ဖြစ်ကုန်ပြီး သော အကုသိုလ်တို့ကို ပယ်ခြင်းကိစ္စ, မဖြစ်ကုန်သေးသော အကုသိုလ်တို့ကို မဖြစ်စေခြင်း ကိစ္စကို၎င်း, မဖြစ်ကုန်သေးသော ကုသိုလ်တို့၏ ဖြစ်စေခြင်း ကိစ္စ, ဖြစ်ပြီးကုန်သော ကုသိုလ်တို့၏ ပွါးစီး မြင့်ရှည် တည်ခြင်း ကိစ္စကို၎င်း ပြီးစေ၏၊ ဤ ကိစ္စ လေးပါး တို့ကို ပြီးစေခြင်း ဟူသော အကြောင်းကြောင့် လေးပါး အပြား ရှိသည် ဖြစ်၏၊ ထိုသို့ ကိစ္စ လေးပါးကို ပြီးစေသောအားဖြင့် လေးပါး အပြား ရှိသည်၏ အဖြစ်ကြောင့် သမ္မပ္ပဓာန် လေးပါး ဟူ၍ ဆိုအပ်၏၊ ရှေးယခင် ဣဒ္ဓိဝိဓဉာဏ နိဒ္ဒေသ၌ ပြဆိုခဲ့သော ပြီးခြင်းအနက် ပြည့်စုံခြင်း အနက်ကြောင့် "ဣဒ္ဓိ"မည်၏၊ ဝါ— ပြီးကြောင်း ပြည့်စုံ ပွါးစီးခြင်းသို့ ရောက်ကြောင်း၏ အဖြစ် ကြောင့် "ဣဒ္ဓိ"မည်၏၊ သမ္ပယုတ် ဖြစ်သော ထို ဣဒ္ဓိ၏ ပြဋ္ဌာန်း သော အနက်ကြောင့်၊ ဝါ—အဓိပတိ ပစ္စည်း၏ အဖြစ်ကြောင့် အခြေ "ပါဒ" မည်သတည်း၊ ထို့ကြောင့် "ဣဒ္ဓိပ္ပါဒ"မည်၏၊ တနည်းကား—ဖိုလ် ဖြစ်၍ ဖြစ်သော ထို ဣဒ္ဓိ၏ ရှေ့အဘို့၌ ဖြစ်သော အကြောင်း ဟူသော အနက်ကြောင့် "ပါဒ"မည်၏၊ ထို့ကြောင့် "ဣဒ္ဓိပ္ပါဒ"မည်၏။

ထို ဣဒ္ဓိပ္ပါဒ်သည် ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ၏ အစွမ်းဖြင့် လေးပါး အပြား ရှိ၏၊ ထိုကြောင့် ဣဒ္ဓိပ္ပါဒ် လေးပါး ဟူ၍ ဆိုအပ် ကုန်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—"စတ္တာရော ဣဒ္ဓိပ္ပါဒါ၊ ဆန္ဒိဒ္ဓိပ္ပါဒေါ စိတ္တိဒ္ဓိပ္ပါဒေါ ဝီရိယိဒ္ဓိပ္ပါဒေါ ဝီမံသိဒ္ဓိပ္ပါ- ဒေါ" ဟူ၍ ဟောတော်မူ၏၊ ဤ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ သည် လောကုတ္တရာ တရားတို့သာတည်း၊ သို့သော်လည်း ရဟန်း သည် ဆန္ဒကို အကြီး အမှူး ပြု၍ သမာဓိကို အကယ်၍ ရသည်

http://www.dhammadownload.com



ဖြစ်အံ့၊ စိတ်၏ တခုသော အာရုံ ရှိသည်၏ အဖြစ်ကို အကယ်၍ ရသည်ဖြစ်အံ့၊ ဤ သမာဓိကို ဆန္ဒလျှင် အကြီး အကဲ ရှိသော သမာဓိ ဟူ၍ ဆိုအပ်၏၊ ဤသို့ အစရှိသော စကားကို ဘုရား ဟောတော်မူသောကြောင့် ဆန္ဒ အစရှိသော အဓိပတိ လေးပါး၏ အစွမ်းဖြင့် ရအပ်သော တရား ဖြစ်ကုန်သော လောကီ ဖြစ်ကုန်သော ဖဿ အစရှိသော တရားတို့သည်လည်း ဣဒ္ဓိပ္ပါဒ် မည်သည် ဖြစ်ကုန်၏။

သဒ္ဓါ၏ ဆန့်ကျင်ဘက် ဖြစ်သော အကုသိုလ်, ရတနာ သုံးပါး မှ တပါး မကြည်ညိုအပ်သော ပုဂ္ဂိုလ်၌ ကြည်ညိုသော ပသာဒ၏ အတု အယောင် ဖြစ်သော မိစ္ဆာဓိမောက္ခ ဟူသော မယုံကြည်မှု "အသဒ္ဓိယ"တရား၊ ထိနမိဒ္ဓ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ် ဟူသော ပျင်းရိခြင်း "ကောသဇ္ဇ"တရား၊ သတိ မေ့လျော့ခြင်း သတိ ကင်းလွတ် ပျောက်ပျက်ခြင်း ထို သတိ ကင်းသော အခြင်း အရာကြောင့် ဖြစ်သော အကုသိုလ် ခန္ဓာ ဟူသော "ပမာဒ" တရား၊ စိတ်၏ ပျံ့လွင့်ခြင်း ဟူသော "ဝိက္ခေပ"တရား၊ ပြင်းစွာ တွေဝေခြင်း ဟူသော "သမ္မောဟ"တရားတို့ကို နှိပ်နင်း လွှမ်းမိုး တတ်သည်၏ အဖြစ်ကြောင့် နှိပ်နင်း လွှမ်းမိုး အစိုးရခြင်းဟု ဆိုအပ်သော အကြီး အမှူး၏ အဖြစ် သဘောဖြင့်၊ ဝါ—ယုံကြည် သဖြင့် ဆုံးဖြတ်တတ်သော "သဒ္ဓါ"၊ သမ္ပယုတ် တရားတို့ကို ချီးမြှင့်တတ်သော "ဝီရိယ"၊ အာရုံသို့ ကပ်၍ တည်တတ်သော "သတိ"၊ မပျံ့လွင့်သော "သမာဓိ"၊ အပြားအားဖြင့် သိတတ်သော "ပညာ"၏ တူသော လက္ခဏာအားဖြင့် သမ္ပယုတ် တရားတို့၌ အစိုးရသည်၏ အဖြစ်ကြောင့် "ဣန္ဒြိယ"မည်၏၊ အသဒ္ဓိယ ကောသဇ္ဇ စသော တရားတို့သည် မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၎င်း, မတုန် မလှုပ်သည်၏ အဖြစ်ကြောင့်၎င်း, သမ္ပယုတ် တရားတို့၌ မြဲမြံ ခိုင်ခံ့သည်၏ အဖြစ်ကြောင့်၎င်း "ဗလ" ဗိုလ်မည်၏၊ ထို နှစ်ပါးစုံသည်လည်း သဒ္ဓါ, ဝီရိယစသည်တို့၏ အစွမ်းဖြင့် ငါးပါး ငါးပါးစီ အပြား ရှိ၏၊ ထို့ကြောင့် ဣန္ဒြေ ငါးပါး, ဗိုလ် ငါးပါး ဟူ၍ ဆိုအပ်ကုန်၏။

http://www.dhammadownload.com



အရိယ သစ္စာ လေးပါးတို့ကို သိသော သတ္တဝါ၏ အကြောင်း၏ အဖြစ်ကြောင့် သတိ အစရှိကုန်သော ခုနစ်ပါးသော တရားတို့သည် "ဗောဇ္ဈင်" မည်ကုန်၏၊ ထိုမှတပါး ဝဋ်မှ ထွက်မြောက်ကြောင်း၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိ အစရှိကုန်သော ရှစ်ပါးသော တရားတို့သည် "မဂ္ဂင်" မည်ကုန်၏၊ ထို့ကြောင့် ဗောဇ္ဈင် ခုနစ်ပါး မဂ္ဂင် ရှစ်ပါး ဟူ၍ ဟောတော်မူအပ်ပြီ၊ ဤနည်းဖြင့် ဤ ဗောဓိပက္ခိယ တရား သုံးဆဲ့ ခုနစ်ပါးတို့ကို အရိယ မဂ်၏ ရှေ့အဘို့၌ လောကီ ဝိပဿနာသည် ဖြစ်လတ်သော် တဆဲ့ လေးပါးသော အပြားအားဖြင့်၊ ဝါ— အာနာပါနပဗ္ဗ, ဣရိယာပထပဗ္ဗ, စတုသမ္ပဇညပဗ္ဗ, ပဋိကူလမနသိကာရပဗ္ဗ, ဓာတုမနသိကာရပဗ္ဗ, ကိုးပါးသော သိဝထိကပဗ္ဗ ဟူသော ဤ တဆဲ့ လေးပါး အပြားအားဖြင့် ရုပကာယကို သိမ်းဆည်းသော ပုဂ္ဂိုလ်အား ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရ၏၊ ကိုးပါး အပြားအားဖြင့်၊ ဝါ—သုခံ ဝေဒနံ စသော သုံးပါး၊ သာမိသံ စသော သုံးပါး၊ နိရာမိသ စသော သုံးပါး ဤ ကိုးပါး အပြားအားဖြင့်လည်း ဝေဒနာကို သိမ်းဆည်းသော ပုဂ္ဂိုလ်အား ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ရ၏၊ တဆဲ့ ခြောက်ပါးသော အပြားအားဖြင့်၊ ဝါ—သရာဂ၊ ဝီတရာဂ၊ သဒေါသ၊ ဝီတဒေါသ၊ သမောဟ၊ ဝီတမောဟ၊ သံခိတ္တ၊ ဝိက္ခိတ္တ၊ မဟဂ္ဂတ၊ အမဟဂ္ဂတ၊ သမာဟိတ၊ အသမာဟိတ၊ သဥတ္တရ၊ အနုတ္တရ၊ ဝိမုတ္တ၊ အဝိမုတ္တ ဤ တဆဲ့ ခြောက်ပါး အပြားအားဖြင့်လည်း စိတ်ကို သိမ်းဆည်းသော ပုဂ္ဂိုလ်အား စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ရ၏၊ နီဝရဏပဗ္ဗ၊ ဥပါဒါနက္ခန္ဓပဗ္ဗ၊ အာယတနပဗ္ဗ၊ ဗောဇ္ဈင်ပဗ္ဗ၊ သစ္စပဗ္ဗ ဤ ငါးပါးသော အပြားအားဖြင့် သဘာဝ ဓမ္မတို့ကို သိမ်းဆည်းသော ပုဂ္ဂိုလ်အား ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ရ၏။

ဤ မျက်မြင် ပစ္စုပ္ပန် အတ္တဘော၌ မိမိအား မဖြစ်စဘူးသော သူတပါးအား ဖြစ်သော အကုသိုလ်ကိုဋ္ဌင်း, ထို အကုသိုလ်လျှင် အကြောင်း ရှိသော သတ်ခြင်း နှောင်ဖွဲ့ခြင်းငှါ ထိုက်သော အပြစ်

http://www.dhammadownload.com



စသည်တို့ကိုငှင်း မြင်၍ အကြင် အခြင်းဖြင့် ကျင့်သော သူအား ဤ အကုသိုလ် အကြောင်း ရှိသော အဖြစ်သည် ဖြစ်၏၊ ထို အခြင်းဖြင့် ငါ မကျင့်ပေအံ့၊ ဤသို့ ကောင်းစွာ ကျင့်သည် ရှိသော် ငါ့အား ဤ အကုသိုလ် အကြောင်း ရှိသော အဖြစ်သည် မဖြစ်လတ္တံ့၊ ဤသို့ နှလုံးပြု၍ ထိုကဲ့သို့ အကုသိုလ် အကြောင်း ရှိသော အဖြစ်ကို မဖြစ်စေခြင်းငှါ အားထုတ်သော ကာလ၌ "အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော" ဟူသော ပဌမ သမ္မပ္ပဓာန်ကို ရ၏၊ မိမိအား အကြိမ် များစွာ ဖြစ်ခြင်းသို့ ရောက်သော၊ ဝါ—လေ့ကျက်ခြင်းသို့ ရောက်သော အကုသိုလ်ကို မြင်၍ ထိုသို့ သဘော ရှိသော အကုသိုလ်ကို ပယ်ခြင်းငှါ လုံ့လ ပြုသော အခါ၌ "ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော" ဟူသော ဒုတိယ သမ္မပ္ပဓာန်ကို ရ၏၊ ဤ မျက်မှောက် ပစ္စုပ္ပန် အတ္တဘော၌ မဖြစ်ဘူးသေးသော ဈာန်ကိုငှင်း, ဝိပဿနာကိုငှင်း ဖြစ်စေခြင်းငှါ လုံ့လ ပြုသော ပုဂ္ဂိုလ်အား "အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော" ဟူသော တတိယ သမ္မပ္ပဓာန်ကို ရ၏၊ ဤ ပစ္စုပ္ပန် အတ္တဘော၌ ဖြစ်ဘူးသော ဈာန်ကိုငှင်း, ဝိပဿနာကိုငှင်း အကြင် အခြင်းအရာဖြင့် ဖြစ်စေအပ်သည် ရှိသော် မဆုတ်ယုတ်၊ ဤသို့သော အခြင်းအရာဖြင့် အဖန် တလဲလဲ ဖြစ်ပွါးစေသော ပုဂ္ဂိုလ်အား "ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော" ဟူသော စတုတ္ထ သမ္မပ္ပဓာန်ကို ရ၏။

ဆန္ဒကို အကြီးအမှူး ပြု၍ ကုသိုလ် တရား ဖြစ်ပွါးစေသော ကာလ၌ "ဆန္ဒိဒ္ဓိပ္ပါဒ်"ကို ရ၏၊ မိစ္ဆာဝါစာမှ ကြဉ်ရှောင်သော ကာလ၌ "သမ္မာဝါစာ"ကို ရ၏၊ ဤသို့ အထူးထူးသော စိတ်တို့၌ ရကုန်၏၊ ထိုမှတပါး ဤ လေးပါးသော အရိယမဂ်ဉာဏ်တို့၏ ဖြစ်ရာ ကာလ၌ ဤ ဗောဓိပက္ခိယ တရား သုံးဆဲ့ ခုနစ်ပါးတို့ကို တခုသော စိတ္တုပ္ပါဒ်၌ ရအပ်ကုန်၏၊ ဖိုလ်ခဏ၌ လေးပါးသော သမ္မပ္ပဓာန်တို့ကို ထား၍ ကြွင်းသော ဗောဓိပက္ခိယ သုံးဆဲ့ သုံးပါးတို့ကို ရအပ်ကုန်၏၊ ဆက်၍ ဆိုအံ့—ဤသို့ တခုသော မဂ်စိတ်၌ ရအပ်ကုန်သော ထို ဗောဓိပက္ခိယ သုံးဆဲ့ ခုနစ်ပါး

http://www.dhammadownload.com



တို့တွင် တပါးတည်း သာလျှင် ဖြစ်သော နိဗ္ဗာန်လျှင် အာရုံ ရှိသော သတိကို ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့၌ သုဘသညာ, သုခသညာ, နိစ္စသညာ, အတ္တသညာကို ပယ်ခြင်း ကိစ္စ ပြီးစေခြင်း၏ အစွမ်းဖြင့် သတိပဋ္ဌာန် လေးပါး ဟူ၍ ဆိုအပ်၏၊ ဝီရိယ တခုကိုပင်လျှင် "မဖြစ်ကုန်သေးသော အကုသိုလ် တရားတို့ကို မဖြစ်စေခြင်း" စသော ကိစ္စ လေးပါးကို ပြီးစေသည်၏ အစွမ်းဖြင့် သမ္မပ္ပဓာန် လေးပါး ဟူ၍ ဆိုအပ်၏၊ အထူးကား—သတိပဋ္ဌာန်, သမ္မပ္ပဓာန်မှ ကြွင်းကုန်သော ဣဒ္ဓိပ္ပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့၌ ယုတ်လျော့ခြင်း ပွါးခြင်းသည် မရှိ၊ တမျိုး တသွယ် ဆိုဘွယ် စကား အထူးကား—ထို ဗောဓိပက္ခိယ တရား သုံးဆဲ့ ခုနစ်ပါးတို့တွင်—

"နဝ ဧကဝိဓာ ဧကော, ဒွေဓာထ စတုပဉ္စဓာ၊
အဋ္ဌဓာ နဝဓာ စေဝ, ဣတိ ဆဒ္ဓါ ဘဝန္တိ တေ။"

"ကိုးပါးသော ဗောဓိပက္ခိယ တရားတို့သည် တပါးသော အဘို့ ရှိကုန်၏၊ တခုသော တရားသည် နှစ်ပါးသော အဘို့ဖြင့်၎င်း, လေးပါးသော အဘို့, ငါးပါးသော အဘို့ဖြင့်၎င်း, ရှစ်ပါးသော အဘို့ဖြင့်၎င်း, ကိုးပါးသော အဘို့ဖြင့်၎င်း တည်၏၊ ဤသို့ ထို ဗောဓိပက္ခိယ တရားတို့သည် ခြောက်ပါးသော အဘို့တို့ဖြင့် ဖြစ်ကုန်၏။"

"ကိုးပါးသော ဗောဓိပက္ခိယ တရားတို့သည် တပါးသော အဘို့ ရှိကုန်၏" ဆိုသည်ကား—ဆန္ဒ, စိတ္တ, ပီတိ, ပဿဒ္ဓိ, ဥပေက္ခာ, သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဤ ကိုးပါးသော တရားတို့သည် ဆန္ဒိဒ္ဓိပ္ပါဒ် စသည်တို့၏ အစွမ်းအားဖြင့် တပါးသော အဘို့ ရှိကုန်သည် သာလျှင် ဖြစ်ကုန်၏၊ အခြား တပါးသော အဘို့သို့ မဝင်ကုန်၊ ဝါ—ဆန္ဒသည် ဆန္ဒိဒ္ဓိပ္ပါဒ်၊ စိတ္တသည် စိတ္တိဒ္ဓိပ္ပါဒ်၊ ပီတိသည် ပီတိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသည် ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာသည် ဥပေက္ခာ သမ္ဗောဇ္ဈင်၊ သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ

http://www.dhammadownload.com



တို့သည် ဆိုင်ရာ မဂ္ဂင်၊ ဤသို့ ဤ ကိုးပါးသော တရားတို့သည် ဆိုင်ရာ တပါးသော အဘို့ဖြင့် သာ၍လျှင် ဖြစ်ကုန်၏။" "တခုသော တရားသည် နှစ်ပါးသော အဘို့ဖြင့်" ဟူသည်ကား—သဒ္ဓါသည် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်၏ အစွမ်းဖြင့် နှစ်ပါးသော အဘို့တို့ဖြင့် တည်ကုန်၏၊ "လေးပါးသော အဘို့, ငါးပါးသော အဘို့ဖြင့်" ဆိုသည်ကား—ထိုမှတပါး တခုသော တရားသည် လေးပါးသော အဘို့ဖြင့် တည်၏၊ အခြား တခုသော တရားသည် ငါးပါးသော အဘို့ဖြင့် တည်၏ ဟူလိုသည်၊ ထို သမာဓိ ပညာတို့တွင် သမာဓိ ဟူသော တခုသော တရားသည် သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင်၏ အစွမ်းဖြင့် တည်၏၊ ပညာ ဟူသော တခုသော တရားသည် ထို လေးပါးသော ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့၏ရင်း, ဝီမံသိဒ္ဓိပ္ပါဒ် ဟူသော ကောဋ္ဌာသ ၏ရင်း အစွမ်းဖြင့် ငါးပါးသော အဘို့ဖြင့် တည်၏။

"ရှစ်ပါးသော အဘို့, ကိုးပါးသော အဘို့ဖြင့်" ဆိုသည် ကား—အခြား တပါး တခုသော တရားသည် ရှစ်ပါးသော အဘို့ဖြင့် တည်၏၊ အခြား တပါး တခုသော တရားသည် ကိုးပါး သော တခုသော အဘို့ဖြင့် တည်၏ ဟူလိုသည်၊ သတိ ဟူသော တခုသော တရားသည် သတိပဋ္ဌာန် လေးပါး, သတိန္ဒြေ, သတိ ဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင်၏ အစွမ်းဖြင့် ရှစ်ပါး သော အဘို့ဖြင့် တည်၏၊ ဝီရိယ ဟူသော တခုသော တရားသည် သမ္မပ္ပဓာန် လေးပါး, ဝီရိယိဒ္ဓိပ္ပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယ သမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်၏ အစွမ်းဖြင့် ကိုးပါးသော အဘို့ဖြင့် တည်၏၊ ဤသို့ မှတ်အပ်၏၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့်—

"စုဒ္ဒသေဝ အသမ္ဘိန္နာ, ဟောန္တေတေ ဗောဓိပက္ခိယာ၊
ကောဋ္ဌာသတော သတ္တဝိဓာ, သတ္တတိံ သပ္ပဘေဒတော။

သကိစ္စနိပ္ဖါဒနတော, သရူပေန စ ဝုတ္တိတော၊
သဗ္ဗေဝ အရိယမဂ္ဂဿ, သမ္ဘဝေ သမ္ဘဝန္တိ တေ။"

http://www.dhammadownload.com



"ထို ဗောဓိပက္ခိယ တရားတို့သည် ပုဒ်တပါးနှင့် မရောယှက်ကုန်သည် ဖြစ်၍ မယူအပ်သေးသည်ကိုသာ ယူသဖြင့် ယူအပ်ကုန်သည် ရှိသော် တဆဲ့ လေးပါးသော သဘာဝ ဓမ္မတို့သည် သာလျှင် ဖြစ်ကုန်၏၊ အဘို့ အစု ကောဋ္ဌာသအားဖြင့် သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပ္ပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ခုနစ်ပါး အပြား ရှိကုန်၏၊ အသီး အသီး ခွဲခြမ်း ဝေဘန်သောအားဖြင့် သုံးဆဲ့ ခုနစ်ပါး အပြား ရှိကုန်၏။

သတိ, ဝီရိယ စသော အချို့သော တရား၏ သဘာဝ အားဖြင့် တပါးတည်း ဖြစ်သော်လည်း မိမိ မိမိ၏ အာနု ဘော်အား လျော်စွာ ကာယာနုပဿနာ စသော ထိုထို မိမိ ကိစ္စကို ပြီးစေတတ်သည်၏ အဖြစ်ငှါး, မကွဲပြားသော စိတ္တုပ္ပါဒ် စသည်၏ သရုပ်အားဖြင့် ဖြစ်ခြင်းငှါး သုံးဆဲ့ ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ အလုံးစုံ သာလျှင် ဖြစ်ကုန် သော ထို ဗောဓိပက္ခိယ တရားတို့သည် အရိယမဂ်၏ ဖြစ်သင့်ခြင်းသည် ရှိသော် ဖြစ်ကုန်၏။"

ဤသို့ ရှေးဦးစွာ ဤ ဉာဏဒဿန ဝိသုဒ္ဓိ အရာ၌ ထက်ဝန်းကျင် ပြည့်စုံသော ဗောဓိပက္ခိယ ရှိလည်၏အဖြစ်ကို သိအပ်၏၊ "လေးပါးသော မဂ်ဉာဏ်တို့၏ နိမိတ္တ ပဝတ္တမှ ထခြင်း သမထ-ဗလ, ဝိပဿနာဗလတို့နှင့် ယှဉ်ခြင်း ဝုဋ္ဌာနဗလ သမာယောဂ" ဟူသည်ကား—သင်္ခါရ နိမိတ်မှ ထခြင်း ဥပါဒိဏ္ဏကက္ခန္ဓာတို့၏ ဖြစ်ခြင်း ဟူသော ပဝတ္တမှ ကင်းခြင်းကိုငှါး, သမထဝိပဿနာ တို့၏ အစွမ်းနှင့် ယှဉ်ခြင်းကိုငှါး သိအပ်၏၊ ချဲဦးအံ့—လောကီ ဝိပဿနာသည် သင်္ခါရနိမိတ် ဟူသော အာရုံ ရှိသည်၏ အဖြစ် ကြောင့်ငှါး, ပဝတ္တ၏ အကြောင်း ဖြစ်သော သမုဒယ၏ မပြတ် ခြင်း ကြောင့် ငှါး သင်္ခါရနိမိတ်မှ မထ၊ ဂေါတြဘူ ဉာဏ်သည် သမုဒယကို မဖြတ်နိုင်သောကြောင့် ပဝတ္တမှ မထ၊ နိဗ္ဗာန်ကို အာရုံ ပြုသည်၏ အဖြစ်ကြောင့်ကား သင်္ခါရ နိမိတ်မှ ထ၏၊ ထို့ကြောင့် တခုသော အဘို့မှ ထမြောက်သည် ဖြစ်၏၊ ထို့ကြောင့်

http://www.dhammadownload.com



မြတ်စွာဘုရားသည် "-ဗဟိဒ္ဓါ ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ ဂေါတြဘု-ဉာဏံ" ဟူ၍၎င်း, ထိုမှတပါး "ဥပ္ပါဒါ ဝိဝဋ္ဋိတွာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု၊ ပဝတ္တာ ဝိဝဋ္ဋိတွာ"ဟူ၍၎င်း ဟောတော်မူ၏၊ အလုံးစုံသော စကားကို သိအပ်၏။

ဤ လေးပါးသော မဂ်ဉာဏ်တို့သည်လည်း အနိမိတ္တ ဟူသော နိဗ္ဗာန် အာရုံ ရှိသည်၏ အဖြစ်ကြောင့်၊ ဝါ—နိမိတ် ဟူသော အာရုံ မရှိသည်၏ အဖြစ်ကြောင့် နိမိတ်မှ ထကုန်၏၊ သမုဒယကို အကြွင်းမဲ့ ဖြတ်ခြင်းကြောင့် ပဝတ္တမှ ထကုန်၏၊ ထို့ကြောင့် နိမိတ် ပဝတ္တ နှစ်ပါးမှ ထမြောက်ကုန်သည် ဖြစ်ကုန်၏။

ထို့ကြောင့်—

"ကထံ ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏံ၊ သောတာပတ္တိမဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ မိစ္ဆာ-ဒိဋ္ဌိယာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ၊ တေန ဝုစ္စတိ ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏန္တိ။"

ဟူ၍ ဟောတော်မူအပ်၏။

ပါဠိတော် မြန်မာပြန် အဓိပ္ပါယ်—

"နိမိတ္တ ပဝတ္တ နှစ်ပါးမှ ထမြောက်ခြင်း လည်ခြင်း၌ ပညာသည် မဂ်၌ ဖြစ်သော ဉာဏ် မည်သည် အဘယ်သို့ ဖြစ်သနည်း—သောတာပတ္တိမဂ်ခဏ၌ ပရိညာဘိသမယ, ပဟာနာဘိသမယ, သစ္ဆိကိရိယာဘိသမယ, ဘာဝနာဘိ-သမယ လက္ခဏာ ရှိသော သစ္စာ အနက် လွန်ခဲခက်ကို ပြက်ပြက် ထင်ထင် သိမြင်တတ်သော အနက် သဘော ကြောင့် သမ္မာဒိဋ္ဌိသည် ခြောက်ဆဲ့ နှစ်ပါး အပြား ရှိသော မိစ္ဆာဒိဋ္ဌိမှ ထ၏၊ အပါယဂမနီယ အဖြစ်ဖြင့် ထို မိစ္ဆာ-ဒိဋ္ဌိသို့ အစဉ် လိုက်သော ဝိစိကိစ္ဆာ စသော ကိလေသာ တို့မှ၎င်း, ထို မိစ္ဆာဒိဋ္ဌိသို့ အစဉ် လိုက်သော ခန္ဓာတို့မှ၎င်း

http://www.dhammadownload.com



ထ၏၊ အသခ်တဓာတ်မှ အပဥ္ဇ အလုံးစုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် "ဒုဘတော ဝုဋ္ဌာန-ဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏံ" ဟူ၍ ဆိုအပ်၏။"

အာရုံသို့ ရှေ့ရှု ထင်စေတတ်သော အနက်သဘောကြောင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ ထ၏၊ နှုတ် အမူအရာ မရှိုင်းပြရအောင် သိမ်းဆည်းတတ်သော အနက်ကြောင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ ထ၏၊ ကိုယ် အမူအရာ မရှိုင်းပြရအောင် ကောင်းစွာ ဖြစ်စေတတ်သော အနက်သဘောကြောင့် သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တမှ ထ၏၊ အသက်မွေး ဝမ်းကြောင်း ဖြူစင်စေတတ်သည်၏ အဖြစ်ကြောင့် သမ္မာအာဇီဝသည် မိစ္ဆာဇီဝမှ ထ၏၊ ချီးမြှောက်တတ်သော အနက်ကြောင့် သမ္မာဝါယာမသည် မိစ္ဆာဝါယာမမှ ထ၏၊ အာရုံသို့ ကပ်၍ တည်တတ်သော အနက်သဘောကြောင့် သမ္မာသတိသည် မိစ္ဆာသတိမှ ထ၏၊ မပျံ့လွင့်တတ်သော အနက်ကြောင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ ထ၏၊ ထို မိစ္ဆာသမာဓိသို့ အစဉ် လိုက်သော ကိလေသာတို့မှလည်းကောင်း၊ ထို မိစ္ဆာသမာဓိသို့ အစဉ်လိုက်သော ခန္ဓာတို့မှလည်းကောင်း ထ၏၊ အသခ်တဓာတ်မှ အပဥ္ဇ အလုံးစုံသော သင်္ခါရ နိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် "ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏံ" ဟူ၍ ဆိုအပ်၏။

သကဒါဂါမိ မဂ်ခဏ၌ သစ္စာအနက် လွန်ခဲခက်ကို ကွက်ကွက် ထင်ထင် သိမြင်တတ်သော သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာ-ဒိဋ္ဌိမှ ထ၏၊.... (လ) ....မပျံ့လွင့်တတ်သော အနက် သဘောကြောင့် သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂ သံယောဇဉ်မှလည်းကောင်း၊ ပဋိဃသံယောဇဉ်မှလည်းကောင်း၊ ရုန့်ရင်းသော ကာမရာဂါနုသယမှလည်းကောင်း၊ ပဋိဃာနုသယမှလည်းကောင်း ထ၏၊.... (လ) ....အနာဂါမိ မဂ်ခဏ၌ သစ္စာ အနက် လွန်ခဲခက်ကို ကွက်ကွက် ထင်ထင် သိမြင်တတ်သော သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ .... (လ) ....မပျံ့လွင့်တတ်သော သဘောကြောင့် သမ္မာသမာဓိသည် ခေါင်းပါး သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်သော ကာမ-

http://www.dhammadownload.com



ရာဂသံယောဇဉ်မှရင်း, ပဋိဃသံယောဇဉ်မှရင်း ထ၏၊ ခေါင်းပါး သိမ်မွေ့သည်၏ အဖြစ်သို့ရောက်သော ကာမရာဂါနုသယမှရင်း, ပဋိဃာနုသယမှရင်း ထ၏၊····(လ)····အရဟတ္တ မဂ်ခဏ၌ သစ္စာ အနက် လွန်ခဲခက်ကို ကွက်ကွက် ထင်ထင် သိမြင်တတ်သော သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ မပျံ့လွင့် တတ်သော အနက် သဘောကြောင့် သမ္မာသမာဓိသည် ရူပဘဝ ကို တပ်သော ရာဂမှ, အရူပရာဂမှ, မာနမှ, ဥဒ္ဓစ္စမှ, အဝိဇ္ဇာမှ, မာနာနုသယမှ, ဘဝရာဂါနုသယမှ, အဝိဇ္ဇာနုသယမှ ထ၏၊ ထို ရူပရာဂ စသည်သို့ အစဉ် လိုက်သော ကိလေသာတို့မှရင်း, ထို ကိလေသာသို့ အစဉ် လိုက်သော ခန္ဓာတို့မှရင်း ထ၏၊ အသခ်တ ဓာတ်၏ အပဥ္စ အလုံးစုံသော သင်္ခါရ နိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် "ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏံ" ဟူ၍ ဆိုအပ်၏။

ထိုမှတပါး လောကီ ဖြစ်ကုန်သော သမာပတ် ရှစ်ပါးတို့ကို ပွါးစေသော ကာလ၌ သမထ ဟူသော သမာဓိ၏ အားသည် လွန်ကဲသည် ဖြစ်၏၊ အနိစ္စာနုပဿနာ စသည်တို့ကို ပွါးစေသော ကာလ၌ ဝိပဿနာ ပညာ၏ အားသည် လွန်ကဲ၏၊ အရိယမဂ် ခဏ၌ကား အချင်းချင်း မလွန် မယုတ်သော ကိစ္စ သဘော ရှိသည်၏ အဖြစ်ကြောင့် ထို သမထ ဝိပဿနာ တရားတို့သည် ထမ်းပိုး၌ ယှဉ်စုံ တွဲဖွဲ့အပ်သော အားတူ နွားတို့ ကဲ့သို့ အချင်းချင်း မယုတ် မလွန်ကုန်သည် ဖြစ်၍ ဖြစ်ကုန်၏၊ ထို့ကြောင့် ဤ လေးပါးသော ဉာဏ်တို့၌လည်း နှစ်ပါးစုံသော သမထ ဝိပဿနာ အားတို့နှင့် တူမျှသော ပရိစ္ဆေဒအားဖြင့် ယှဉ်ခြင်းသည် ဖြစ်၏။ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"ဥဒ္ဓစ္စသဟဂတကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌ-ဟတော စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓဂေါစရော၊ အဝိဇ္ဇာသဟဂတကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌဟတော အနုပဿနဋ္ဌေန ဝိပဿနာ

http://www.dhammadownload.com



နိရောဓဂေါစရာ၊ ဣတိ ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနာ ဧကရသာ ဟောန္တိ၊ ယုဂနဒ္ဓာ ဟောန္တိ၊ အညမညံ နာတိဝတ္တန္တိ။”

ဟူ၍ ဟောတော်မူ၏။

မြန်မာပြန်—

“ဥဒ္ဓစ္စနှင့် တကွ ဖြစ်သော ကိလေသာတို့မှုလည်း, ဥဒ္ဓစ္စသို့ အစဉ် လိုက်သော ခန္ဓာတို့မှုလည်း ထသော စိတ်၏ အာရုံ တခုတည်း ရှိသည်၏ အဖြစ် ဟူသော ဝိက္ခေပ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သော သမာဓိသည် နိဗ္ဗာန် ဟူသော အာရုံရှိ၏၊ အဝိဇ္ဇာ ပြဋ္ဌာန်းသော ကိလေသာတို့မှုလည်း, ထို အဝိဇ္ဇာ ကိလေသာသို့ အစဉ် လိုက်သော ခန္ဓာတို့မှုလည်း ထသော စိတ်၏ အဖန် တလဲလဲ ရှုတတ်သည်၏ အဖြစ်ကြောင့် ဝိပဿနာသည် နိဗ္ဗာန် ဟူသော အာရုံ ရှိ၏၊ ဤသို့ နိမိတ်မှလည်း, ပဝတ္တမှလည်း ထတတ်သည်၏ အဖြစ်ဖြင့် သမထ နှင့် ဝိပဿနာတို့သည် တူသောကိစ္စ ရှိကုန်၏၊ ထမ်းပိုး၌ ယှဉ်စုံ တွဲဖွဲ့အပ်သော အားတူ နွားတို့ကဲ့သို့ အားတူ အချင်းချင်း မယုတ် မလွန်ကြကုန်၊ အချင်းချင်း မလွန်ကြကုန်။”

ထို့ကြောင့်“ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ” ဟူ၍ ဆိုအပ်၏။

“နိမိတ်မှလည်း, ပဝတ္တမှလည်း ထတတ်သည်၏ အဖြစ်ဖြင့် သမထ နှင့် ဝိပဿနာကို ထမ်းပိုး၌ တူစုံ ယှဉ်တွဲ ဖွဲ့စပ်အပ်သော နွားကဲ့သို့ အားတူ ပြု၍ ပွါးစေ၏။”

ဤသို့ ဤ ဉာဏဒဿနဝိသုဒ္ဓိ အရာ၌ မဂ်ဉာဏ် လေးပါးတို့၏ နိမိတ်မှ ထခြင်း, ပဝတ္တမှ ထခြင်း, သမထဗလ, ဝိပဿနာ ဗလနှင့် ယှဉ်ခြင်းကို သိအပ်၏၊ ထိုမှတပါး အကြင် သံယောဇဉ်

http://www.dhammadownload.com



အစရှိသော တရားတို့ကို အကြင် ပဌမမဂ် အစရှိသည်သည် ပယ်အပ်ကုန်၏၊ "ထို သံယောဇဉ် အစရှိသော တရားတို့ကို ထို ပဌမမဂ် အစရှိသည်သည် ပယ်ခြင်းကိုရင်း" ဆိုသည်ကား— ဤ ဉာဏ် လေးပါးတို့တွင် အကြင် သံယောဇဉ် စသော အကုသိုလ် တရားတို့ကို အကြင် ဉာဏ်ဖြင့် ပယ်အပ်ကုန်၏၊ ထို သံယောဇဉ် စသော အကုသိုလ် တရားတို့ကို ပယ်ခြင်းကိုလည်း သိအပ်၏၊ ချဲဦးအံ့—ထို မဂ်ဉာဏ် လေးပါးတို့သည် ယှဉ်သင့်သည်အား လျော်စွာ သံယောဇဉ် ဆယ်ပါး၊ ကိလေသာ ဆယ်ပါး၊ ဖောက်ပြန်သော သဘော ရှိသော မိစ္ဆတ္တ အကုသိုလ် တရား၊ လောက၌ အကျုံးဝင်သော လောကဓံ တရား၊ ဝန်တိုသော မစ္ဆရိယ၊ ဝိပ္ပလ္လာသ၊ ဂန္ထ၊ အဂတိ၊ အာသဝ၊ ဩဃ၊ ယောဂ၊ နီဝရဏ၊ ပရာမာသ၊ ဥပါဒါန်၊ အနုသယ၊ မလ၊ အကုသလကမ္မပထ၊ အကုသလ စိတ္တုပ္ပါဒ်ဟု ဆိုအပ်ကုန်သော အကုသိုလ် တရားတို့ကို ပယ်ခြင်းကို ပြုတတ်ကုန်၏။

ထို သံယောဇဉ် စသော အကုသိုလ် တရားတို့တွင် "သံယောဇဉ်" တို့ကို ဟူသည်ကား—မျက်မှောက် ပစ္စုပ္ပန်၌ ဖြစ်သော ခန္ဓာတို့နှင့်. တမလွန် လောက၌ ဖြစ်သော ခန္ဓာတို့ကို ယှဉ်စေတတ် စပ်တတ် နှောင်ဖွဲ့တတ်သည်၏ အဖြစ်ကြောင့်ရင်း, အကျိုးနှင့် အကြောင်း ကံကို ယှဉ်စေတတ် စပ်တတ် နှောင်ဖွဲ့တတ်သည်၏ အဖြစ်ကြောင့်ရင်း, ဆင်းရဲ အပေါင်းနှင့် ဝဋ္ဋတွင်းသား သတ္တဝါတို့ကို ယှဉ်စပ်တတ် နှောင်ဖွဲ့တတ်သည်၏ အဖြစ်ကြောင့်ရင်း, ရူပရာဂ အရူပရာဂ အစရှိကုန်သော ဆယ်ပါးသော သံယောဇဉ် တရားတို့ကို ဆိုအပ်ကုန်၏၊ အကြင့်ကြောင့် ထို ရူပရာဂ အစရှိသော သံယောဇဉ်တို့သည် အကြင် မျှလောက်သော ကာလပတ်လုံး ဖြစ်၏၊ အရိယမဂ်ဖြင့် မဖြတ်အပ်ကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ထို ခန္ဓာ အကျိုး တရား ဒုက္ခ အပေါင်းတို့၏ မစဲ မငြိမ်းခြင်းသည် ဖြစ်၏၊ ထို သံယောဇဉ် ဆယ်ပါးတို့တွင်လည်း ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ်၊ မာန သံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် ဤ

http://www.dhammadownload.com



သံယောဇဉ် ငါးပါးတို့သည် အထက်ဖြစ်သော ရူပဘဝ၌၊ ဝါ—တတိယမဂ် ဖြစ်သည်မှ အထက်၌ ဖြစ်လတ္တံ့သော ခန္ဓာ စသည်တို့နှင့် ခန္ဓာ စသည်တို့ကို ယှဉ်စေတတ်သည်၏ အဖြစ်ကြောင့် "ဥဒ္ဓံ ဘာဂိယ သံယောဇဉ်" တို့ မည်ကုန်၏။ သက္ကာယဒိဋ္ဌိ သံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ကာမရာဂ သံယောဇဉ်၊ ပဋိဃ သံယောဇဉ် ဤ သံယောဇဉ် ငါးပါးတို့သည် ကာမဘုံ ဟူသော အောက် အဘို့၌ ဖြစ်လတ္တံ့သော ခန္ဓာ စသည်ကို ယှဉ်စပ်တတ် ဖွဲ့စည်းတတ်သည်၏ အဖြစ်ကြောင့် "အဓောဘာဂိယ သံယောဇဉ်"တို့ မည်ကုန်၏။

"ကိလေသာ" ဆိုသည်ကား—မိမိသည် ညစ်နွမ်းသည်၏ အဖြစ်ကြောင့်၎င်း, မိမိနှင့် သမ္ပယုတ် ဖြစ်သော တရားတို့ကို ညစ်နွမ်းစေတတ်သည်၏ အဖြစ်ကြောင့်၎င်း လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဤ ဆယ်ပါးသော တရားတို့သည် "ကိလေသာ" မည်ကုန်၏။ "ဖောက်ပြန် မှားယွင်းသော သဘော ရှိသော "မိစ္ဆတ္တ" အကုသိုလ် တရား"ဟူသည်ကား—မှားသောအားဖြင့် နှလုံးသွင်းခြင်း စသည်တို့၏ အစွမ်းဖြင့် ဖောက်ပြန်သည် ဖြစ်၍ ဖြစ်တတ်သောကြောင့် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ ဤတရား ရှစ်ပါးတို့သည် ဖောက်ပြန် မှားယွင်းသော သဘော ရှိသော "မိစ္ဆတ္တတရား" မည်ကုန်၏၊ တနည်းကား—လောက ထူပိက ဟူသော အသညသတ်ဘုံ, နေဝသညာနာသညာယတနဘုံ စသည်တို့၌ သမ္မိရမှ လွတ်၏" ဟု နှလုံးသွင်း ဖောက်ပြန် မှားယွင်းခြင်း ဟူသော မိစ္ဆာဝိမုတ္တိ၊ နှလုံးသွင်း မှားယွင်းခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဖောက်ပြန်သည် ဖြစ်၍ ဖြစ်တတ်သော မောဟ ဟူသော မိစ္ဆာဉာဏ်တို့နှင့် တကွ ဤ ဆယ်ပါးသော တရား တို့သည် မိစ္ဆတ္တ တရား မည်ကုန်၏။ "လောက၌ အကျုံးဝင်သော တရား" ဆိုသည်ကား—ခန္ဓာ ဟူသော လောက၏ ဖြစ်ခြင်း သည် ရှိသော် ကောင်းမှု၏ အစွမ်းဖြင့် အဆက်ဆက် အဆင့်ဆင့်

http://www.dhammadownload.com



မပြတ်သော သဘော ရှိသည်၏ အဖြစ်ကြောင့် လာဘ်ရခြင်း, လာဘ်မရခြင်း, အခြံအရံများခြင်း, အခြံအရံနည်းခြင်း, ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်း ဤ တရား ရှစ်ပါးတို့သည် လောကဓမ္မ "လောကဓံ" မည်ကုန်၏။

ဆက်၍ ဆိုအံ့—ဤ မဂ်ဉာဏ်ဖြင့် ပယ်အပ်သော အရာ၌ ကာရဏူပစာရ အားဖြင့် လာဘ၊ ယသ၊ ပသံသ၊ သုခလျှင် အကြောင်းရင်း ရှိသော တဏှာ လောဘကိုငင်း, အလာဘ၊ အယသ၊ နိန္ဒ၊ ဒုက္ခလျှင် အကြောင်းရင်း ရှိသော ဒေါသ ပဋိဃကိုငင်း ထို လောကဓမ္မသဒ္ဒါဖြင့် ယူခြင်းကို ပြုအပ်၏၊ ဤသို့ သိအပ်၏။ "ဝန်တိုခြင်း မစ္ဆရိယ" ဆိုသည်ကား—ကျောင်း အိမ် စသော အရိပ် အာဝါသ၌ ဝန်တိုခြင်း အာဝါသမစ္ဆရိယ၊ အလုပ်အကျွေး ဒါယကာ၌ ဝန်တိုခြင်း ကုလမစ္ဆရိယ၊ ပစ္စည်း လာဘ်၌ ဝန်တိုခြင်း လာဘမစ္ဆရိယ၊ တရား ဓမ္မ၌ ဝန်တိုခြင်း ဓမ္မမစ္ဆရိယ၊ အဆင်း၌ ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်း ဝဏ္ဏမစ္ဆရိယ ဤသို့ ကျောင်းကန် အရိပ် အာဝါသ စသည်တို့၌ သူတပါးတို့အား ဆက်ဆံသည်၏ အဖြစ်ကို သည်းမခံနိုင်သော အခြင်းအရာ အားဖြင့် ဖြစ်ကုန်သော ဤ တရား ငါးပါးတို့သည် "မစ္ဆရိယ" မည်ကုန်၏။ "ဝိပ္ပလ္လာသ" ဆိုသည်ကား— အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ သာလျှင် ဖြစ်ကုန်သော ဝတ္ထုတို့၌ မြဲ၏, ချမ်းသာ၏, အတ္တတည်း, တင့်တယ်၏ဟု ထိုသို့သော အခြင်းအရာ အားဖြင့် ဖြစ်သော သညာ၏ ဖောက်ပြန်ခြင်း, စိတ်၏ ဖောက်ပြန်ခြင်း, အယူဝါဒ၏ ဖောက်ပြန်ခြင်း ဤ သုံးပါးတို့သည် "ဝိပ္ပလ္လာသ" မည်ကုန်၏။ "ဂန္ထ" ဆိုသည်ကား—နာမကာယကိုငင်း, ရူပကာယကိုငင်း စပ်တတ်သည်၏ အဖြစ်ကြောင့် အဘိဇ္ဈာ အစ ရှိကုန်သော လေးပါးသော တရားတို့သည် "ဂန္ထ" မည်ကုန်၏၊ ထိုစကား မှန်၏—ထို လေးပါးသော ဂန္ထတို့ကို အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတပရာမာသကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဟူ၍ ဤသို့ သာလျှင် ဟောတော်မူအပ်ကုန်၏။

http://www.dhammadownload.com



"အဂတိ" ဟူသော ဤ အမည်သည် ချစ်ခြင်း၊ မုန်းခြင်း၊ တွေဝေခြင်း၊ ကြောက်ခြင်းတို့ကြောင့် မပြုသင့်သည်ကို ပြုခြင်း၏ ၎င်း, ပြုအပ်သည်ကို မပြုခြင်း၏၎င်း အမည်တည်း၊ သင့်စွ—ထို မပြုအပ်သည်ကို ပြုခြင်း ပြုအပ်သည်ကို မပြုခြင်းကို အရိယာ သခင်တို့သည် မလားအပ် မရောက်အပ်သည်၏ အဖြစ်ကြောင့် "အဂတိ" ဟူ၍ ဆိုအပ်၏၊ "အာသဝ" ဟူသော ဤ အမည်သည် အာရုံ ပြုသည်၏ အစွမ်းဖြင့် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ဩကာသအားဖြင့် ဘဝဂ်တိုင်အောင် ဖြစ်တတ်သည်၏ အဖြစ် ကြောင့်, တနည်းကား—အိုးပေါက်တို့မှ ရေသည် ယိုစီးသကဲ့သို့ သတိ တည်းဟူသော တံခါးရွက်ဖြင့် မပိတ်အပ်ကုန်သော စက္ခု စသော ဒွါရတို့မှ ကိလေသာ ဟူသော မစင်မကြယ် စက်ဆုပ် ဘွယ်၏ အဖြစ်ဖြင့် ယိုစီး ထွက်သွားတတ်သည်၏ အဖြစ်ကြောင့် အမြဲ ယိုစီးသည်၏ အဖြစ်ကြောင့် ကာမရာဂ, ဘဝရာဂ, မိစ္ဆာဒိဋ္ဌိ, အဝိဇ္ဇာတို့၏ အမည်တည်း၊ ဘဝ ကိုးပါး တည်းဟူသော ပင်လယ်ရေ အယဉ်၌ ငင်တတ်သည်၏ အဖြစ်ကြောင့်၎င်း, ကူးခပ်နိုင်ခဲသည်၏ အဖြစ်ကြောင့်၎င်း "ဩဃ" ဟူသော အမည်သည်၎င်း, အာရုံနှင့်ကင်းကွာခြင်း ဒုက္ခနှင့် ကင်းကွာ ခြင်းကို မပေးခြင်းကြောင့် "ယောဂ" ဟူသော အမည်သည်၎င်း ထို ကာမရာဂ, ဘဝရာဂ, မိစ္ဆာဒိဋ္ဌိ, အဝိဇ္ဇာတို့၏ သာလျှင် အမည်တည်း။

"နီဝရဏ" ဆိုသည်ကား—အကုသိုလ် စိတ်ကို၊ ဝါ—ချာန် စိတ်ကို အစစ္စာ ကာလ၌ ပိတ်ပင်ခြင်း ကိလေသာ ဝါသနာကို ဆောင်၍ ပိတ်ဆို့ခြင်း နံရံ တံခါးရွက် စသည်တို့ဖြင့် ပိတ်ဆို့ ကွယ်ကာ သကဲ့သို့ ပိတ်ဆို့ ကွယ်ကာခြင်း အနက်ကြောင့် ကာမစ္ဆန္ဒ အစ ရှိကုန်သော ငါးပါးသော တရားတို့သည် "နီဝရဏ" မည်ကုန်၏။ "ပရာမာသ" ဟူသော အမည်သည် ထိုထိုသို့သော ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ဟူသော အာရုံ တရားတို့၏ အသုဘ အစရှိသော သဘောကို၊ ဝါ—အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ သဘောကို လွန်၍ မှားသောအားဖြင့်

http://www.dhammadownload.com



ဖြစ်ခြင်းကြောင့် မိစ္ဆာဒိဋ္ဌိ၏ အမည်တည်း။ "ဥပါဒါနိ" ဆိုသည်ကား—ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပဋိစ္စ သမုပ္ပါဒ် နိဒ္ဒေသ၌ ဟောတော်မူအပ်ကုန်ပြီးသော ကာမုပါဒါန် အစရှိကုန်သော တရား လေးပါးတို့ ပင်တည်း။ "အနုသယ" ဟူသည်ကား—အစွမ်းသို့ ရောက်သည်၏ အဖြစ်ဖြင့် ကာမရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ ဟူ၍ ဤသို့ ဟောတော်မူအပ်ကုန်သော ကာမရာဂ အစရှိသော တရား ခုနစ်ပါးတို့ပင်တည်း။

မှန်၏—ထို ကာမရာဂ စသော တရား ခုနစ်ပါးတို့သည် အားအစွမ်းသို့ ရောက်သည်၏ အဖြစ်ကြောင့် အဖန် တလဲလဲ ကာမရာဂ စသည်တို့၏ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် အဖန် တလဲလဲ ကိန်းကုန်သည်သာတည်း၊ ဝါ—လျောက်ပတ်သော အကြောင်းတို့ကို ရ၍ ဖြစ်ကုန်သည်သာတည်း၊ ထို့ကြောင့် "အနုသယ" မည်ကုန်၏။ "မလ" ဟူသည်ကား—ဆီ သုတ်လိမ်းသော ညွန်ကဲ့သို့ မိမိသည်လည်း မစင်ကြယ်သည်၏ အဖြစ်ကြောင့် မိမိမှ တပါးသော တရားတို့၏လည်း မစင်ကြယ်သည်၏ အဖြစ်ကို ပြုခြင်းကြောင့် လောဘ, ဒေါသ, မောဟဟု ဆိုအပ်ကုန်သော တရား သုံးပါးတို့သည် အညစ် အကြေး "မလ" မည်ကုန်၏။ "အကုသလ ကမ္မပထ" ဟူသည်ကား—အကုသိုလ် ကံ၏ အဖြစ်ကြောင့်၎င်း, ဒုဂ္ဂတိတို့၏ အကြောင်း၏ အဖြစ်ကြောင့်၎င်း ပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဟူသော ဤတရား ဆယ်ပါးတို့သည် "အကုသလ-ကမ္မပထ" မည်ကုန်၏။ "အကုသလ စိတ္တုပ္ပါဒ်" ဆိုသည်ကား—လောဘမူ စိတ္တုပ္ပါဒ် ရှစ်ခု၊ ဒေါသမူ စိတ္တုပ္ပါဒ် နှစ်ခု၊ မောဟမူ စိတ္တုပ္ပါဒ် နှစ်ခုအားဖြင့် ဤ တဆဲ့ နှစ်ပါးသော စိတ္တုပ္ပါဒ်တို့တည်း။

ဤနည်းဖြင့် သံယောဇဉ် အစရှိကုန်သော ထို အကုသိုလ် တရားတို့ကို ထို မဂ်ဉာဏ် လေးပါးတို့သည် ယှဉ်သင့်သည် အား

http://www.dhammadownload.com



လျော်စွာ ပယ်ခြင်းကို ပြတတ်ကုန်၏၊ အဘယ်သို့ ပယ်ခြင်းကို ပြတတ်ကုန်သနည်း၊ ဝါ—ယှဉ်သင့်သည်အား လျော်စွာ ပယ်ပုံကား—သံယောဇဉ်တို့တွင် ရှေးဦးစွာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ သံယောဇဉ်ရင်း, အပါယ်သို့ လားစေတတ်ကုန်သော ကာမရာဂ သံယောဇဉ် ပဋိဃ သံယောဇဉ်တို့ရင်း ဤသံယောဇဉ် တရား ငါးပါးတို့သည် ပဌမ မဂ်ဖြင့် သတ်အပ်သော တရားတို့ မည်ကုန်၏၊ အပါယဂမနီယမှ ကြွင်းကုန်သော ရုန့်ရင်းကုန်သော ကာမရာဂ သံယောဇဉ် ပဋိဃသံယောဇဉ်တို့သည် ဒုတိယ မဂ်ဖြင့် သတ်အပ်သော တရား မည်ကုန်၏၊ သိမ်မွေ့ကုန်သော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်တို့သည် တတိယ မဂ်ဖြင့် သတ်အပ်သော တရား မည်ကုန်၏၊ ရူပ-ရာဂအစရှိသော သံယောဇဉ် ငါးပါးတို့သည်လည်း စတုတ္ထ မဂ်ဉာဏ်ဖြင့် သာလျှင် သတ်အပ်သော တရားမည်ကုန်၏၊ နောက်နောက်သော ကိလေသာစသော အရာတို့၌လည်း အကြင် ပုဒ်၌ ဧဝ သဒ္ဒါဖြင့် မှတ်ခြင်းကို မပြုကုန်အံ့၊ ထို ပုဒ်၌ အကြင် အကြင် ကိလေသာ စသည်ကို အထက် မဂ်ဉာဏ်တို့ဖြင့် သတ်အပ်၏ ဟူ၍ ငါတို့ ဆိုကုန်အံ့—ထိုထို လောဘ မောဟ စသော ကိလေသာသည် ရှေးရှေး မဂ်ဉာဏ်တို့ဖြင့် သတ်အပ်သော အပါယ်သို့ လားစေခြင်း စသော သတ္တိ ရှိသည် သာလျှင်ဖြစ်၍ အထက် မဂ်ဉာဏ်တို့ဖြင့် သတ်အပ်သည် ဖြစ်၏၊ ဤသို့သော အဓိပ္ပါယ်ကို သိအပ်၏။

ကိလေသာတို့တွင် ဒိဋ္ဌိ ဝိစိကိစ္ဆာတို့သည် ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ဒေါသသည် တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတို့သည် စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ မိစ္ဆတ္တတို့တွင် မိစ္ဆာဒိဋ္ဌိ, မုသာဝါဒ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ ဤမိစ္ဆတ္တ လေးပါးတို့သည် ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ မိစ္ဆာ-သင်္ကပ္ပ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ ဤမိစ္ဆတ္တ သုံးပါးတို့သည် တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ဤ ပိသုဏဝါစာ ဖရုသ

http://www.dhammadownload.com



ဝါစာတို့၌လည်း စေတနာကို သာလျှင် “ဝါစာ” ဟူ၍ သိအပ်၏၊ သမ္ဖပ္ပလာပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဉာဏ်တို့သည် စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်သော တရားတို့တည်း၊ လောကဓံတို့တွင် ပဋိဃသည် တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်သော တရားတည်း၊ လောဘသည် စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်သော တရားတည်း၊ အခြံ အရံကြောင့်ဖြင်း, ချီးမွမ်းခြင်းကြောင့်ဖြင်း ဖြစ်သော လောဘကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်၏ဟု အချို့ ဆရာတို့ ဆိုကုန်၏။

မစ္ဆရိယ တရား ငါးပါးတို့သည် ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်သော တရားတို့သာတည်း၊ဝိပ္ပလ္လာသတို့တွင် အနိစ္စ၌ နိစ္စဟူ၍ဖြင်း, အနတ္တ၌ အတ္တဟူ၍ဖြင်း ဖြစ်သော သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသတို့ဖြင်း, ဒုက္ခ၌ သုခဟူ၍ဖြင်း, အသုဘ၌ သုဘဟူ၍ဖြင်း ဖြစ်သော ဒိဋ္ဌိဝိပ္ပလ္လာသဖြင်း ဤဝိပ္ပလ္လာသ လေးပါးတို့ကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ အသုဘ၌ သုဘ ဟူ၍ ဖြစ်သော သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသတို့ကို တတိယ မဂ်ဉာဏ်ဖြင့် ပယ်အပ်ကုန်၏၊ ဒုက္ခ၌ သုခ ဟူ၍ ဖြစ်သော သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ တို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ ဂန္ထတို့တွင် သီလဗ္ဗတပရာမာသ ကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထတို့ကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ဗျာပါဒကာယဂန္ထကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ အဘိဇ္ဈာကာယဂန္ထကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်၏။ အဂတိ လေးပါးကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်သည် သာလျှင်တည်း။ အာသဝတို့တွင် ဒိဋ္ဌာသဝကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ကာမာသဝကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ဘဝါသဝ အဝိဇ္ဇာသဝ နှစ်ပါးတို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ ဩဃလေးပါး ယောဂလေးပါး တို့၌လည်း ဤနည်းအတိုင်း သာလျှင် သိအပ်၏။ နီဝရဏတို့တွင် ဝိစိကိစ္ဆာနီဝရဏကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ကုက္ကုစ္စနီဝရဏသုံးပါးတို့ကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်

http://www.dhammadownload.com



ကုန်၏၊ ထိနမိဒ္ဓ ဥဒ္ဓစ္စတို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ ပရာမာသကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်၏။

ဥပါဒါန်တို့တွင် အလုံးစုံလည်း ဖြစ်ကုန်သော လောကီ တရားတို့၏ ဝတ္ထုကာမ၏ အစွမ်းအားဖြင့် "ကာမ"ဟူ၍ လာသည်၏ အဖြစ်ကြောင့် ရူပရာဂ အရူပရာဂသည်လည်း ကာမုပါဒါန်၌ ကျ၏, ဝင်၏၊ ထို့ကြောင့် ထို ကာမုပါဒါန်ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ကြွင်းသော ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တို့ကို ပဌမမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ အနုသယတို့တွင် ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့သည် ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်သော တရားတို့သာတည်း၊ သိမ်မွေ့ ခေါင်းပါးသော ကာမရာဂါနုသယ ပဋိဃာနုသယတို့ကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယတို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ မလတို့တွင် မိမိလည်း ညစ်နွမ်း သူတပါးကိုလည်း ညစ်နွမ်းစေတတ်သော ဒေါသ အညစ်အကြေးကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ လောဘ မောဟ အညစ်အကြေးတို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။

အကုသလ ကမ္မပထတို့တွင် ပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, မိစ္ဆာဒိဋ္ဌိ ဤ ငါးပါးသော အကုသလ ကမ္မပထတို့ကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ပိသုဏာဝါစာ, ဖရုသဝါစာ, ဗျာပါဒ ဤ အကုသလ ကမ္မပထ သုံးပါးတို့ကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ သမ္ဖပ္ပလာပ, အဘိဇ္ဈာ ဤ နှစ်ပါးတို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ အကုသလ စိတ္တုပ္ပါဒ်တို့တွင် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု, ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် တခု ဤ စိတ္တုပ္ပါဒ် ငါးပါးတို့ကို ပဌမ မဂ်ဖြင့် သတ်အပ်ကုန်သည် သာလျှင်တည်း၊ ပဋိဃသမ္ပယုတ် စိတ္တုပ္ပါဒ် နှစ်ခုတို့ကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ကြွင်းသော အကုသိုလ် စိတ္တုပ္ပါဒ်တို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ဤသို့သော နည်းဖြင့် အကြင် အကုသိုလ် တရား

http://www.dhammadownload.com



ကို အကြင် မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ထို အကုသိုလ် တရားကို ထို မဂ်ဉာဏ်သည် ပယ်အပ်သည် မည်၏၊ ထို့ကြောင့် "ဤနည်းဖြင့် သံယောဇဉ် အစရှိကုန်သော ထို အကုသိုလ် တရားတို့ကို ထို မဂ်ဉာဏ် လေးပါးတို့သည် ယှဉ်သင့်သည် အားလျော်စွာ ပယ်ခြင်းကို ပြုတတ်ကုန်၏"ဟူ၍ ပြဆိုခဲ့ပြီ။

**စောဒနာ သောဓနာ**ကို ထုတ်ဆိုဦးအံ့—ဤ မဂ်ဉာဏ် လေးပါးတို့သည် အတိတ် အနာဂတ် ဖြစ်ကုန်သော ထို ကိလေသာ တရားတို့ကို စွန့်ပယ်ကုန်သလော၊ ထိုသို့မဟုတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ထို ကိလေသာ တရားတို့ကို စွန့်ပယ်ကုန်သလော၊ ဤသည်ကား-စောဒနာခြင်းတည်း။ ဤ ကိလေသာ ပယ်ပုံကို စောဒနာရာ၌ သင်၏ စောဒနာသည် မပြည့်စုံသေး၊ ရှေးဦးစွာ အတိတ် အနာဂတ် ဖြစ်ကုန်သော သံကိလေသ ဓမ္မတို့ကို အကယ်၍ စွန့်ကုန်အံ့, ဤသို့ အတိတ် အနာဂတ် သံကိလေသတို့ကို စွန့်သည် ရှိသော် လုံ့လသည် အကျိုး မရှိသည် ဖြစ်ရာ၏၊ အဘယ့်ကြောင့်နည်း—ပယ်အပ်သော သံကိလေသ ဓမ္မတို့၏ မရှိသည်၏ အဖြစ်ကြောင့်တည်း၊ အကယ်၍ ပစ္စုပ္ပန် သံကိလေသ ဓမ္မတို့ကို စွန့်ပယ်ကုန်အံ့—ထို ပစ္စုပ္ပန် သံကိလေသတို့ကို စွန့်ပယ်ကုန်သော်လည်း လုံ့လသည် အကျိုး မရှိသည် ဖြစ်ရာ၏၊ အဘယ့်ကြောင့်နည်း—ပယ်အပ်ကုန်သော သံကိလေသ ဓမ္မတို့၏ လုံ့လနှင့်တကွ ရှိသည်၏ အဖြစ်ကြောင့်တည်း၊ တစုံတခုသော အခြင်းအရာ အားဖြင့် ပယ်ခြင်းသည် အကယ်၍ ဖြစ်ငြားအံ့—ဤသို့ ဖြစ်သော်လည်း မဂ်ကို ပွါးစေခြင်းသည် သံကိလေသနှင့် ယှဉ်သည်လည်း ဖြစ်ရာ၏၊ အဘယ့်ကြောင့်နည်း—ပယ်အပ်သော တရား ပယ်တတ်သော တရားတို့၏ တကွ တည်ခြင်းကြောင့်တည်း။

တနည်းကား—ကိလေသာတို့၏ စိတ္တဝိပ္ပယုတ္တ အဖြစ်သည် ဖြစ်ရာ၏၊ ပစ္စုပ္ပန်ကိလေသာသည် စိတ္တဝိပ္ပယုတ်မည်သည် ရှိလည်း မရှိခဲ့၊ ထိုစကား မှန်၏—နာမ်တရားတို့သည် ဧကဝတ္ထုကစသည်တို့၏ အဖြစ်ဖြင့် ဖြစ်ကုန်လတ်သော် ခဏ သုံးပါး၌ အကျုံးဝင်ကုန်သည် ဖြစ်၍ ပစ္စုပ္ပန်တို့သည် ဖြစ်ကုန်၏၊ ထို ပစ္စုပ္ပန်ဖြစ်

http://www.dhammadownload.com



သော နာမ်တရားတို့သည် စိတ်နှင့် ဝိပ္ပယုတ် မည်ကုန်သည် အသို့ ဖြစ်ကုန်ရာအံ့နည်း—ထို့ကြောင့် ကိလေသာတို့၏ ဝိပ္ပယုတ်၏ အဖြစ်သည် မရှိသည်သာတည်း၊ ဤ ဆိုအပ်ပြီးသော စောဒနာသည် သူတပါးတို့နှင့် မဆက်ဆံ၊ မိမိ သာလျှင် ထူးထူး ခြားခြား ကြံဆ၍ ဖြစ်စေအပ်သော စောဒနာတည်း၊ ထို စကား မှန်၏— ထို ပုဂ္ဂိုလ်သည် ကိလေသာတို့ကို ပယ်သည်ဖြစ်အံ့၊ အတိတ် ဖြစ်သော ကိလေသာတို့ကို ပယ်သလော, အနာဂတ် ကိလေသာတို့ကို ပယ်သလော, ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်သလောဟု ဆိုပြီး၍ တဖန် အကယ်၍ အတိတ် ကိလေသာတို့ကို ပယ်အံ့၊ အပြစ် မလွတ်၊ အပြစ် ဖြစ်ပုံကား—ထို အတိတ် ကိလေသာတို့ကို ပယ်ခြင်းသည် ရှိသော် ထို ပုဂ္ဂိုလ်သည် ကုန်ပြီးသော ကိလေသာတို့ကို ကုန်စေသည် မည်၏၊ ချုပ်ပြီးသော ကိလေသာတို့ကို ချုပ်စေသည် မည်၏၊ ကင်းပြီးသော ကိလေသာတို့ကို ကင်းစေသည် မည်၏၊ ချုပ်ခြင်းသို့ ရောက်သော ကိလေသာတို့ကို ချုပ်ခြင်းသို့ ရောက်စေသည် မည်၏၊ အတိတ် ဖြစ်သော အကြင် ကိလေသာသည် မရှိ, ထို လွန်ပြီးသော ကိလေသာကို ပယ်သည် မည်၏၊ ဤသို့လည်း ဆိုပြီး၍ အတိတ် ကိလေသာတို့ကို ပယ်သည် မဟုတ်၊ ဤသို့ ပါဠိတော်၌ သာလျှင် မြစ်အပ် ပယ်အပ်၏။

ထိုမှတပါး အကယ်၍ အနာဂတ် ကိလေသာတို့ကို ပယ်သည် ဖြစ်အံ့၊ ထို အနာဂတ် ကိလေသာကို ပယ်ခြင်းသည် ရှိသော် မဖြစ်သေးသော ကိလေသာကို ပယ်သည် မည်၏၊ မရောက်သေးသော ကိလေသာကို ပယ်သည် မည်၏၊ ခဏတ္တယသို့ မရောက်သေးသော ကိလေသာကို ပယ်သည် မည်၏၊ ထင်ရှားစွာ မဖြစ်သေးသော ကိလေသာကို ပယ်သည် မည်၏၊ အနာဂတ် ဖြစ်သော အကြင် ကိလေသာသည် မရှိ၊ ထို မရှိသော ကိလေသာကို ပယ်သည် မည်၏၊ ဤသို့လည်း ဆိုပြီး၍ အနာဂတ် ကိလေသာတို့ကို ပယ်သည် မဟုတ်၊ ဤသို့ မြစ်အပ် ပယ်အပ်၏၊ ထို့အတူ ပစ္စုပ္ပန် ကိလေသာတို့ကို အကယ်၍ ပယ်သည် ဖြစ်အံ့, အပြစ် ရောက်ပုံကား—ထို ပစ္စုပ္ပန် ကိလေသာကို ပယ်ခြင်းသည် ရှိသော်

http://www.dhammadownload.com



တပ်လျက် ရာဂကို ပယ်သည် မည်၏၊ အမျက် ထွက်လျက် ဒေါသကို ပယ်သည် မည်၏၊ တွေဝေလျက် မောဟကို ပယ်သည် မည်၏၊ မာနဖြင့် ခက်ထန်သော စိတ်ရှိသည် ဖြစ်လျက် မာနကို ပယ်သည် မည်၏၊ မှားသောအားဖြင့် နှလုံးသွင်းသည် ဖြစ်လျက် မိစ္ဆာဒိဋ္ဌိကို ပယ်သည် မည်၏၊ ပျံ့လွင့်ခြင်းသို့ ရောက်လျက် ဥဒ္ဓစ္စကို ပယ်သည် မည်၏၊ မဆုံးဖြတ်နိုင်ပါဘဲလျက် ဝိစိကိစ္ဆာကို ပယ်သည် မည်၏၊ မြဲမြံ ခိုင်ခံ့စွာ တည်သည်၏ အဖြစ်သို့ ရောက်သော ကိလေသာ ရှိလျက် မြဲမြံသော အနုသယ ရှိလျက် အနုသယကို ပယ်သည် မည်၏၊ အကုသိုလ် တရား ကုသိုလ် တရားတို့သည် ထမ်းပိုး၌ ယှဉ်စုံ တွဲဘက် ကအပ်သော နွားတို့ ကဲ့သို့ ယှဉ်စုံ ပြိုင်တူ ဖြစ်သည် မည်ကုန်၏။

သံကိလေသနှင့် ယှဉ်သော မဂ်ကို ပွါးစေခြင်းသည် ဖြစ်သည် မည်၏၊ ဤသို့လည်း ဆိုပြီး၍ အတိတ် ကိလေသာတို့ကို ပယ်သည် မဟုတ်၊ အနာဂတ် ကိလေသာတို့ကို ပယ်သည် မဟုတ်၊ ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်သည် မဟုတ်၊ ဤသို့ အလုံးစုံ ကာလ သုံးပါးကို ပယ်၍ အပြစ်ကို ဆိုအံ့—အကြင့်ကြောင့် ကာလ သုံးပါး တို့၌လည်း ကိလေသာတို့ကို ပယ်ခြင်းသည် မသင့်၊ ကိလေသာ တို့သည်လည်း ကာလ သုံးပါး၌ ဖြစ်ကုန်ခဲ့၊ ထိုသို့ ကာလ သုံးပါး၌ ကိလေသာကို ပယ်ခြင်း၏ မသင့်သောကြောင့် မဂ်ကို ပွါးစေခြင်း မည်သည် မရှိခဲ့၊ ဖိုလ်ကို မျက်မှောက် ပြုခြင်းသည် မရှိ၊ ကိလေသာကို ပယ်ခြင်းသည် မရှိ၊ သစ္စာ လေးပါးကို ရှေ့ရှု မျက်မှောက် ထိုးထွင်း၍ သိခြင်းသည် မရှိ၊ ဤသို့ ပြဿနာ၏ အဆုံး၌ မဂ်ကို ပွါးစေခြင်းသည် မရှိသည်ကား မဟုတ်၊ ရှိသည် သာတည်း၊ ဤသို့ ဝန်ခံ၍ ဥပမာ အဘယ်ကဲ့သို့နည်း၊ ဤသို့ မေးသည် ရှိသော် ပါဠိတော်၌ ပင်လျှင် ဤ ဆိုလတံ့သော ဥပမာကို ဟောတော်မူ၏။

**အသီး မသီးသော အကြင် နုသော သစ်ပင်ငယ်သည် ရှိ၏၊** ထို အသီး မသီးသေးသော သစ်ပင်ငယ်ကို ယောကျ်ားသည် အမြစ်ကို ဖြတ်ရာ၏၊ ထို သစ်ပင်ငယ်၏ အကြင် မသီးသော

http://www.dhammadownload.com



အသီးတို့သည် ဖြစ်ကုန်ရာ၏၊ ထို မသီးသေးသော အသီးတို့သည်မဖြစ်ကုန်သေးသည် ဖြစ်၍ သာလျှင် မဖြစ်ကုန်၊ မရောက်ကုန်သေးသည် ဖြစ်၍ သာလျှင် မရောက်ကုန်၊ မဖြစ်ကုန်သေးသည် ဖြစ်၍ သာလျှင် မဖြစ်ကုန်၊ ထင်ရှား မရှိကုန်သေးသည် ဖြစ်၍ သာလျှင် ထင်ရှား မရှိကုန်၊ ဤအတူ သာလျှင် ဖြစ်ပေါ်သော ခန္ဓာသည် ကိလေသာတို့၏ ဖြစ်ခြင်းအကြောင်းတည်း၊ ဖြစ်ပေါ်သော ခန္ဓာသည် ကိလေသာတို့ ဖြစ်ခြင်း၏ အထောက်အပံ့တည်း၊ ဖြစ်ပေါ်သော ဥပါဒိန္နကက္ခန္ဓာ ငါးပါး၌ အပြစ်ကို မြင်၍ ဖြစ်ပေါ်ခြင်း ကင်းသော နိဗ္ဗာန်၌ စိတ်သည် ပြေးဝင်၏၊ ဖြစ်ပေါ်ခြင်း ကင်းသော နိဗ္ဗာန်၌ စိတ်၏ ပြေးဝင်သည်၏ အဖြစ်ကြောင့် အကြင် ကိလေသာတို့သည် ဖြစ်ပေါ်သော ခန္ဓာ ငါးပါး ဟူသော အကြောင်းကြောင့် ဖြစ်ကုန်ရာ၏၊ ထို ကိလေသာတို့သည် မဖြစ်ကုန်မူ၍ သာလျှင် မဖြစ်ကုန်သည် မည်ကုန်၏၊ ....(လ)....ထင်ရှား မဖြစ်ကုန်မူ၍ သာလျှင် ထင်ရှား မဖြစ်သည် မည်ကုန်၏၊ ထို့ကြောင့် ပယ်အပ်သည် မည်ကုန်သည် ဖြစ်ကုန်၏၊ ထိုသို့ ပယ်အပ်သည် မည်သောကြောင့် "နတ္ထိ ကိလေသာ ပဟာနန္တိ" ဟူ၍ ပရဝါဒီသည် ပြုအပ်သော ပယ်ခြင်းကို "န ဟိ" စသော ပါဠိဖြင့် ပယ်အပ်၏။

ဤသို့ ဒုက္ခ၏ အကြောင်း ဖြစ်သော ကိလေသာတို့၏ ချုပ်ခြင်းကြောင့် နောင် ဖြစ်လတ္တံ့သော ဒုက္ခ အပေါင်း၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဥပါဒိန္နကက္ခန္ဓာတို့၏ ဖြစ်ခြင်းသည် ကိလေသာတို့၏ ဖြစ်ခြင်း၏ အကြောင်းတည်း၊ သင်္ခါရ နိမိတ်သည် ကိလေသာတို့၏ ဖြစ်ခြင်း အကြောင်းတည်း၊ အားထုတ်ခြင်း စေတနာသည် ကိလေသာတို့၏ ဖြစ်ခြင်း အကြောင်းတည်း၊....(လ).... အားထုတ်ခြင်း အာယူဟာန ကင်းသော နိဗ္ဗာန်၌ စိတ်၏ ပြေးဝင်သည်၏ အဖြစ်ကြောင့် အာယူဟာန ဟူသော အကြောင်းကြောင့် အကြင် ကိလေသာ တို့သည် ဖြစ်ကုန်ရာ၏၊ ထို ကိလေသာတို့သည် မဖြစ်ကုန်မူ၍ သာလျှင် မဖြစ်ကုန်၊.... (လ) ....ထင်ရှား မဖြစ်ကုန်မူ၍သာလျှင် ထင်ရှား မဖြစ်သည် မည်ကုန်၏၊ ဤသို့ အကြောင်း

http://www.dhammadownload.com



ဖြစ်သော ကိလေသာတို့၏ ချုပ်ခြင်းကြောင့် နောင် ဖြစ်လတ္တံ့သော အကျိုး တရား၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ မဂ်ကို ပွါးစေခြင်းသည် ရှိ၏၊ ဖိုလ်ကို မျက်မှောက် ပြုခြင်းသည် ရှိ၏၊ ကိလေသာတို့ကို ပယ်ခြင်းသည် ရှိ၏၊ သစ္စာ လေးပါးကို ရှေ့ရှု မျက်မှောက် ထိုးထွင်း၍ သိခြင်းသည် ရှိ၏၊ ဤသို့သော စကားကို ဟောတော်မူအပ်၏။

"မဖြစ်ကုန်မူ၍ သာလျှင် မဖြစ်ကုန်သည် မည်ကုန်၏" ဟူသော ဤ စကားဖြင့် အဘယ် အနက် သဘောကို ပြအပ်သနည်း—ဝိပဿနာ၏ အာရုံ ဖြစ်သော ဥပါဒိန္နကက္ခန္ဓာဟု ဆိုအပ်သော ဖြစ်ရာ ဌာနဘုံကို ရကုန်သော ကိလေသာတို့ကို ပယ်ခြင်းကို ပြအပ်၏၊ ရအပ်သော ဖြစ်ရာ ဌာနဘုံ ရှိကုန်သော ကိလေသာတို့သည် အတိတ် ကိလေသာတို့လော၊ အနာဂတ် ကိလေသာတို့လော၊ ထိုသို့ မဟုတ် ပစ္စုပ္ပန် ကိလေသာတို့လော၊ ရအပ်သော ဖြစ်ရာ ဌာနဘုံ ရှိကုန်သော ကိလေသာတို့သည် ဘူမိလဒ္ဓုပ္ပန္န သာလျှင် မည်ကုန်၏၊ ဝတ္တမာနုပ္ပန္န စသည် မမည်ကောင်း၊ ထိုစကားမှန်၏—ဥပ္ပန္နသည် ဝတ္တမာနုပ္ပန္န, ဘူတာပဂတုပ္ပန္န, ဩကာသကတုပ္ပန္န, ဘူမိလဒ္ဓုပ္ပန္နတို့၏ အစွမ်းအားဖြင့် များသော အပြားရှိ၏၊ ထို ဥပ္ပန္နတို့တွင် ဥပါဒ် ဌီ ဘင်နှင့် ပြည့်စုံသည်ဟု ဆိုအပ်သော အလုံးစုံသော သင်္ခါရ တရားသည်လည်း "ဝတ္တမာနုပ္ပန္န" မည်၏၊ ဝါ—ဖြစ်ဆဲ ခဏတ္တယသို့ ရောက်ဆဲသော ဥပ္ပန္န မည်၏၊ အာရုံ၏ ဇူန္ဒ အနိဋ္ဌ မဇ္ဈတ္တ သဘော ဖြစ်သော အရသာကို ခံစား၍ ချုပ်ပြီးသော ခံစားပြီး၍ ကင်းသည် ချုပ်သည်ဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်သည် အာရုံ၏ အရသာကို ခံစားပြီးသဖြင့် ချုပ်ပြီး ကင်းပြီးသော "ဘူတာပဂတုပ္ပန္န" မည်၏၊ ဥပါဒ် စသော ခဏ သုံးပါး အပေါင်းသို့ အစဉ်အားဖြင့် ရောက်၍ ချုပ်ပြီးသော ဖြစ်ပြီး၍ ချုပ်ပြီး ကင်းပြီးဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်မှ ကြွင်းသော သင်္ခတ တရားသည်၎င်း, ကုသိုလ် အကုသိုလ်သည်၎င်း ဖြစ်ပြီး၍ ချုပ်ပြီး ကင်းပြီးသော "ဘူတာပဂတုပ္ပန္န" မည်၏။

http://www.dhammadownload.com



ထို သတ္တဝါအား ရှေး၌ ပြုအပ်ကုန်ပြီးသော အကြွင်း ကံတို့သည် ရှိကုန်၏၊ ဤသို့ အစရှိသော နည်းဖြင့် ဟောအပ်သော ကုသိုလ် အကုသိုလ် ကံသည် အတိတ် ဖြစ်လျှင်မှုလည်း အခြား တပါးသော အကျိုးကို တားမြစ်၍ မိမိ အကျိုး၏ အခွင့်ကို ပြု၍ တည်သည်၏ အဖြစ်ကြောင့် "ဩကာသကတုပ္ပန္န" မည်၏၊ ထို အခြင်းဖြင့် ပြုအပ်ပြီးသော အခွင့်ရှိသော ဝိပါက်သည်လည်း မဖြစ်သေးပါ ဘဲလျက် ပြဆိုပြီးသော နည်းဖြင့် အခွင့်ကို ပြုပြီးလတ်သော် စင်စစ် သဖြင့် ဖြစ်ခြင်းကြောင့် "ဩကာသကတုပ္ပန္န" မည်၏၊ မနုဿ ဒေဝ စသည်တို့၏ အတ္တဘောဟု ဆိုအပ်သော ထိုထို ဥပါဒါ-နက္ခန္ဓာတို့၌ ထိုထို သန္တာနဝယ် တဖန် မဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်သို့ မရောက်စေအပ်သေးသောကြောင့် အရိယ မဂ်ဖြင့် မပယ် မနုတ်အပ်သေးသော အကုသိုလ်သည် "ဘူမိ-လဒ္ဓုပ္ပန္န" မည်၏၊ ဤ ဘူမိလဒ္ဓုပ္ပန္န ဟူသော ပုဒ်၌ ဘူမိ၏ရင်း, ဘူမိလဒ္ဓ၏ရင်း အထူးကို သိအပ်၏၊ ထူးပုံကား—ဝိပဿနာ၏ အာရုံ ဖြစ်၍ ဖြစ်ကုန်သော ဘုံသုံးပါး၌ ဖြစ်ကုန်သော ခန္ဓာ ငါးပါးတို့သည် "ဘူမိ" မည်၏၊ ထို ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းငှါ ထိုက်သော ကိလေသာ အပေါင်းသည် "ဘူမိလဒ္ဓ" မည်၏၊ အကြင့်ကြောင့် ထို မပိုင်းခြားအပ်သေးသော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ကိလေသာတို့၏ ဖြစ်ရာ ဘုံကို ဖြစ်ခြင်းငှါ ထိုက်သော ထို ကိလေသာ အပေါင်းသည် ရအပ်သော မည်သည် ဖြစ်၏၊ ထို့ကြောင့် ထို ကိလေသာ အပေါင်းကို "ဘူမိလဒ္ဓ"ဟူ၍ ဆိုအပ်၏။

ဆက်၍ ဆိုအံ့—စင်စစ် ထို ဘူမိကိုလည်း ထို ကိလေသာ အပေါင်းသည် အာရုံ ပြုသည်၏ အစွမ်းအားဖြင့် မရအပ်, ရအပ်၏ဟု ဆိုလျှင် အပြစ်မကင်း၊ အပြစ် ဖြစ်ပုံကား—အာရုံ ပြုသည်၏ အစွမ်းအားဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော အတိတ် အနာဂတ် ဖြစ်ကုန်သော ခန္ဓာတို့ကိုရင်း, ပိုင်းခြား၍ သိအပ်ကုန် လျက်လည်း ရဟန္တာ ပုဂ္ဂိုလ်တို့၏ ခန္ဓာတို့ကိုရင်း အာရုံ ပြု၍ ကိလေသာတို့သည် ဖြစ်ကုန်၏၊ အဘယ်ကဲ့သို့နည်း—မဟာ

http://www.dhammadownload.com



ကစ္စည်း ထေရ်, ဥပ္ပလဝဏ် ထေရီ အစရှိကုန်သော ရဟန္တာ ...ခင်တို့၏ ခန္ဓာတို့ကို အာရုံ ပြု၍ သောရေယျသူဋ္ဌေး, နန္ဒ လုလင် ...သော သူတို့အား ကိလေသာတို့သည် ဖြစ်ကုန်သကဲ့သို့တည်း၊ ဆက်၍ဆိုအံ့—ထို သူတပါး သန္တာန်၌ တည်သော ကိလေသာ အပေါင်းသည် ထို မိမိ သန္တာန်မှ တပါးသော သူ၏ သန္တာန်၌ အာရုံပြုကာမျှဖြင့် ဘူမိလဒ္ဓ မည်သည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်သည်ရှိသော် ထို သူတပါး သန္တာန်၌ ဖြစ်သော ကိလေသာ အပေါင်း၏ သူတပါး သန္တာန်၌ ကျရောက်သည်၏ အဖြစ်ကြောင့် မပယ်အပ်သည်၏ အဖြစ်ကြောင့် တစုံတယောက် သော သူသည်မျှ ဘဝ၏ အမြစ်ကို မပယ် မနုတ်နိုင်ရာချေ။

သင့်လျော်သည်ကို ဆိုအံ့—ကိလေသာ၏ ဥပ္ပတ္တိ ဌာန အားဖြင့် ဘူမိလဒ္ဓကို သိအပ်၏၊ အကြင် အကြင် ဘဝ၌၊ ဝါ— အကြင် အကြင် သန္တာန်၌ ဝိပဿနာဖြင့် မပိုင်းခြားအပ်ကုန်သော ခန္ဓာတို့သည် ဖြစ်ကုန်၏၊ ထိုထို ဘဝ၌၊ ဝါ—ထိုထို သန္တာန်၌ ဖြစ်သည်မှ စ၍ ထို ခန္ဓာတို့၌ ဝဋ်မြစ် ဖြစ်သော ကိလေသာ အပေါင်းသည် ကိန်း၏၊ ထို ခန္ဓာတို့၌ ကိန်းသော ကိလေသာကို မဂ်ဖြင့် မပယ် အပ်သေးသည်၏ အဖြစ်ကြောင့် ရအပ်သော ဖြစ်ရာ ဌာနဘုံ ရှိ၏ဟူ၍ မှတ်အပ်၏၊ ထို ကိလေသာတို့၏ ဖြစ်ရာ ဥပ္ပတ္တိဌာနဘုံ ဖြစ်ကုန်သော ခန္ဓာတို့တွင်လည်း အကြင် ပုဂ္ဂိုလ်၏ အဇ္ဈတ္တ၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်သည် ရှိသော်လည်း အကြင် အတိတ် စသည် ကာမာဝစရ စသည် အပြားအားဖြင့် ပြားကုန်သော ခန္ဓာတို့၌ မပယ်အပ်သည်၏ အဖြစ်ကြောင့် ကိလေသာတို့သည် ကိန်းကုန်၏၊ ထို ပုဂ္ဂိုလ်၏ ထို ကိလေသာ တို့၏ ကိန်းရာ ဖြစ်သော ခန္ဓာတို့သည် သာလျှင် ထို ကိလေသာ တို့၏ ဖြစ်ရာဌာန ဝတ္ထု ယာခင်း မည်ကုန်၏၊ အခြား တပါးသော ပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်သော ခန္ဓာတို့သည် ထို ကိလေသာတို့၏ တည်ရာဌာန ဝတ္ထု ယာခင်း မဟုတ်ကုန်။

ဆက်ဦးအံ့—အတိတ် ခန္ဓာတို့၌ မဂ်ဖြင့် မပယ်အပ်သေး၍ ကိန်းဝပ်ခြင်း ရှိကုန်သော ကိလေသာတို့၏ အတိတ် ခန္ဓာတို့သည်

http://www.dhammadownload.com



သာလျှင် ဖြစ်ရာ ဌာန ဝတ္ထု ယာခင်း မည်ကုန်၏၊ အတိတ် ခန္ဓာမှ တပါး ကုန်သော ပစ္စုပ္ပန် ခန္ဓာ အနာဂတ် ခန္ဓာတို့သည် ဖြစ်ရာ ဌာန ဝတ္ထု မမည်ကုန်၊ အနာဂတ် ခန္ဓာ စသည်တို့၌ ဤနည်းကို သိအပ်၏၊ ထိုမှတပါး ကာမာဝစရက္ခန္ဓာတို့၌ ကိန်းဝပ်သော အနုသယတို့ကို မပယ်အပ်သေးကုန်သော ကိလေသာတို့၏ ကာမာဝစရက္ခန္ဓာတို့သည် သာလျှင် ဖြစ်ရာဌာန ဝတ္ထုမည်ကုန်၏၊ ဤမှ တပါးသော ရူပါဝစရက္ခန္ဓာ အရူပါဝစရက္ခန္ဓာတို့သည် ဖြစ်ရာ ဌာန ဝတ္ထု မမည်ကုန်၊ ရူပါဝစရက္ခန္ဓာ အရူပါဝစရက္ခန္ဓာ တို့၌ ဤနည်းကို သိအပ်၏၊ အထူးကို ဆိုအံ့—သောတာပန် ပုဂ္ဂိုလ် စသည်တို့တွင် အကြင် အကြင် အရိယာ ပုဂ္ဂိုလ်၏ ခန္ဓာ တို့၌ ဝဋ္ဋမြစ် ဖြစ်သော ထိုထို ကိလေသာ အပေါင်းကို ထိုထို မဂ်ဖြင့် ပယ်အပ်ပြီ၊ ထိုထို အရိယာ ပုဂ္ဂိုလ်၏ ထိုထို ခန္ဓာတို့သည် ကုန်ခန်းပြီးသော ထိုထို ဝဋ္ဋမြစ် မူလ ဖြစ်သော ကိလေသာတို့၏ တည်ရာ ဌာန ဝတ္ထု ယာခင်း မဟုတ်သည်၏ အဖြစ်ကြောင့် ဘူမိ ဟူသော ခေါ်ဝေါ်ခြင်းကို မရကုန်။

ပုထုဇဉ်အား အချင်းခပ်သိမ်း ဝဋ္ဋမြစ် မူလ ဖြစ်ကုန်သော ကိလေသာတို့၏ မပယ်အပ်သေးသည်၏ အဖြစ်ကြောင့် အမှတ် မရှိသော စေတနာ စေတသိက အပြား ရှိသည်လည်း ဖြစ်သော ပြုအပ်သော ကံသည် ကုသိုလ်မူလည်း ဖြစ်၏၊ အကုသိုလ်သော် မူလည်း ဖြစ်၏၊ ဤသို့ မပယ်အပ်သေးသော အနုသယ ရှိသည်၏ အဖြစ်ကြောင့် ထို ပုထုဇဉ်အား ကံ ကိလေသာ ဟူသော အကြောင်းကြောင့် ဝိပါကဝဋ္ဋသည် လည်၏၊ ထို ပုထုဇဉ်အား ထို ဝဋ္ဋမူလ ကိလေသာတို့သည် ရူပက္ခန္ဓာ၌ သာလျှင် ကိန်း၏၊ ဝေဒနာက္ခန္ဓာ စသည်တို့၌ မကိန်း၊ တနည်းကား—ဝိညာဏက္ခန္ဓာ၌ သာလျှင် ကိန်း၏၊ ရူပက္ခန္ဓာ စသည်တို့၌ မကိန်း၊ ဤသို့ မဆိုသင့်၊ အဘယ့်ကြောင့်နည်း—သာမညအားဖြင့် ခန္ဓာ ငါးပါး တို့၌လည်း ကိန်းသည်၏ အဖြစ်ကြောင့်တည်း၊ အဘယ် ကဲ့သို့နည်း—သစ်ပင်၌ သသမ္ဘာရ ပထဝီ၏ ရသ စသည်တို့ ကဲ့သို့တည်း၊ ထင်ရှားစေအံ့—ဥပမာကား၊ သစ်ပင်ကြီးသည်

http://www.dhammadownload.com



တည်သည် ရှိသော် မြေ အပြင်ကို တည်ရာ ပြု၍ သသမ္ဘာရ ပထဝီ ရသကိုင်း, သသမ္ဘာရ အာပေါရသကိုင်း မှီ၍ ထို ပထဝီ ရသ, အာပေါရသ ဟူသော အကြောင်းကြောင့် အမြစ်၊ ပင်စည်၊ အခက် ငယ်၊ အခွ၊ ခက်မ၊ အညွန့်၊ အရွက်၊ အပွင့်၊ အသီးတို့ဖြင့် ကြီးပွါး၍ ကောင်းကင်ပြင်ကို ပြည့်စေ၍ ကမ္ဘာကြီး ဆုံးသည်တိုင်အောင် မျိုးစေ့ အဆက်ဆက်ဖြင့် သစ်ပင် အဆက်ဆက်ကို အဆင့်ဆင့် စပ်ဖွဲ့လျက် တည်၏၊ ထိုသို့ တည်သည် ရှိသော် ထို ပထဝီရသ, အာပေါရသသည် အမြစ်၌ သာလျှင် အစဉ် လျောက်၍ နှံ၏၊ ပင်စည်၊ ခက်ငယ်၊ ခက်မ စသည်တို့၌ အစဉ် လျောက်၍ နှံသည် မဟုတ်ဟု ဤသို့ မဆိုသင့်၊ အဘယ့်ကြောင့်နည်း—သာမည ဆက်ဆံသောအားဖြင့် အလုံးစုံသော အမြစ် ပင်စည် စသည်တို့၌ အစဉ် လျောက်၍ နှံသည်၏ အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် မဆိုအပ်သကဲ့သို့ပင်းတည်း။

ဇာတိရိက်ကို ဆိုအံ့—ထို သစ်ပင်၏ သာလျှင် အပွင့် အသီး စသည်တို့၌ ငြီးငွေ့ စက်ဆုပ်နိုးသော တစုံတယောက်သော ယောကျ်ားသည် သစ်ပင် လေးမျက်နှာတို့၌ "မဏ္ဍူက ကဏ္ဍက" မည်သော "အဆိပ် ရှိသော ဆူး"ကို နှက်ရာ၏၊ ထိုသို့ နှက်သော အခါ၌ ထို သစ်ပင်သည် ထို အဆိပ်၏ အတွေ့ဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ပထဝီရသ အာပေါရသ တို့၏ ကုန်ခန်းသည်၏ အဖြစ်ကြောင့် မပွါးသော သဘော ရှိသည်၏ အဖြစ်သို့ ရောက်လတ်၍ တဖန် အစဉ် အဆက်ဆက်ကို ဖြစ်စေ ခြင်းငှါ မတတ်နိုင် သကဲ့သို့ ထို့အတူ ခန္ဓာတို့၏ ဆက်ကာ ဆက်ကာ ဖြစ်ခြင်း၌ ငြီးငွေ့ စက်ဆုပ်နိုးသော အမျိုးကောင်း သားသည် ထို ယောကျ်ား၏ အရပ် လေးမျက်နှာတို့၌ သစ်ပင်၌ အဆိပ်ကို ယှဉ်စေသကဲ့သို့ မိမိ သန္တာန်၌ အရိယမဂ် လေးပါး တို့ကို ပွါးစေခြင်းကို အားထုတ်၏၊ ထိုသို့ စွဲစွဲ မြဲမြဲ သဲသဲ မဲမဲ မလွဲ မဆုတ် အားထုတ်လတ်သော် ထို အမျိုးကောင်း သား၏ ထို ခန္ဓာ အစဉ်သည် ထို အရိယမဂ် လေးပါး တည်းဟူသော အဆိပ်၏ အတွေ့ကြောင့် အလုံးစုံ ရှိရှိသမျှသော ဝဋ္ဋမြစ်၏

http://www.dhammadownload.com



အကြောင်း အဖြစ်ဖြင့် ဖြစ်ကုန်သော ကိလေသာတို့ကို ကုန်ခန်းစေသည်၏ အဖြစ်ကြောင့် ကြိယာ၏ အဖြစ်မျှသို့ ကပ်သော ကာယကံ စသော အလုံးစုံသော ကံအပြား ရှိသည် ဖြစ်၍ နောင်အခါ၌ ဘဝသစ်၌ တဖန် မဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်သို့ ရောက်လတ်၍ ဘဝတပါး တည်းဟူသော အစဉ်ကို ဖြစ်စေခြင်းငှါ မတတ်နိုင်၊ စင်စစ် အဆုံးစွန် စုတိ ဟူသော ဝိညာဉ် ချုပ်သဖြင့် လောင်စရာ မီးစာ မရှိသော တောမီးကဲ့သို့ အရိယ မဂ်ဖြင့် ဥပါဒါန် လေးပါးကို ပယ်အပ်ပြီးသည်ဖြစ်၍၊ ဝါ—ရုပ် အစရှိသည်တို့တွင် တစုံတခုကိုမျှ မစွဲလမ်းသည် ဖြစ်၍ ပရိနိဗ္ဗာန် ပြုရ၏၊ ထို့အတူ ဘူမိ၏ရင်း, ဘူမိလဒ္ဓ၏ရင်း ထူးသည်၏ အဖြစ်ကို သိအပ်၏။

တနည်း တဖုံ ဆိုတုံဦးအံ့—သမုဒါစာရုပ္ပန္န၊ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န၊ အဝိက္ခမ္ဘိတုပ္ပန္န၊ အသမူဟတုပ္ပန္နတို့၏ အစွမ်းဖြင့် အခြား တပါးလည်း ဖြစ်သော ဥပ္ပန္နသည် လေးပါး အပြား ရှိ၏၊ ထို ဥပ္ပန္န လေးပါးတို့တွင် ဝတ္တမာနုပ္ပန္နသည် ပင်လျှင် "သမုဒါစာရုပ္ပန္န" မည်၏၊ ထိုမှတပါး စက္ခုပသာဒ အစရှိသည်တို့အား ရူပါရုံ စသော အာရုံသည် ထင်ခြင်းသို့ ရောက်လတ်သော် ရှေးအဘို့၌၊ ဝါ—အစ ပဌမ ဖြစ်သော ဇောဝါရ၌ မဖြစ်သေးသော်လည်း ကိလေသာအပေါင်းကို အာရုံ၏ အယောနိသောမနသိကာရဖြင့် တက်စီး၍ ယူအပ်သည်၏ အဖြစ်ကြောင့် သာလျှင် နောက် ကာလ တပါး၌ မုချ မလွဲ အမြဲ စင်စစ် ဖြစ်လတ္တံ့သောကြောင့် "အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န"မည်၏ ဟူ၍၊ ဝါ—အာရုံကို တက်စီး၍ ယူအပ်ပြီးသည်၏ အဖြစ်ကြောင့် မဖြစ်သေးသော်လည်း အမြဲ စင်စစ် ဖြစ်လတ္တံ့သော ဥပ္ပန္န ဟူ၍ ဆိုအပ်၏၊ အလွန် အဆင်းလှသော မိန်းမချော မိန်းမလှတို့၏ ဖြစ်ရာ **ကလျာဏဂါမ** မည်သော ရွာ၌ ဆွမ်းခံဝင်သော **မဟာတိဿ** **မထေရ်**အား ရဟန်းတို့နှင့် ဝိသဘာဂ ဖြစ်သော မိန်းမ၏ အဆင်းလှသည်ကို မြင်ခြင်းကြောင့် ကိလေသာ ဖြစ်ခြင်းကဲ့သို့ တည်း။

http://www.dhammadownload.com



သမထ နှင့် ဝိပဿနာတို့တွင် တပါးပါး၏ အစွမ်းအားဖြင့် မခွါအပ်သေးသော ကိလေသာ အပေါင်းသည် စိတ်၏အစဉ်သို့ မတက်သေးသော်လည်း ဖြစ်ခြင်းကို မြစ်တတ်သော အကြောင်း၏ မရှိခြင်းကြောင့် "အဝိက္ခမ္ဘိတုပ္ပန္န" မည်၏၊ ထိုမှ တပါး သမထ ဝိပဿနာတို့၏ အစွမ်းဖြင့် ခွါပြီးသော်လည်း ကိလေသာ အပေါင်းကို အရိယမဂ်ဖြင့် မနုတ်အပ်သေးသည်၏ အဖြစ်ကြောင့် တဖန် ဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်ကို မလွန်သည်၏ အဖြစ်ကြောင့် "အသမူဟတုပ္ပန္န"ဟူ၍ ဆိုအပ်၏၊ အဘယ်သူ ဖြစ်ပုံကဲ့သို့နည်း— ကောင်းကင် ခရီး ဈာန်ယာဉ်စီးလျက် ကြွသွားတော်မူသော သမာပတ် ရှစ်ပါးကို ရပြီးသော မထေရ်အား အပွင့်နှင့် ပြည့်စုံသော ပန်းပင် ရှိသော ပန်းဥယျာဉ်၌ ပန်းပွင့်တို့ကို ဆွတ်လျက် သာယာသော အသံဖြင့် သီချင်းဆိုနေသော မာတုဂါမ၏ သီချင်းသံကို ကြားလေခြင်းကြောင့် ဖြစ်သော ကိလေသာ ကဲ့သို့တည်း၊ ဆက်ဦးအံ့—သုံးပါး အပြားရှိသည်လည်း ဖြစ်သော ထို အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န၊ အဝိက္ခမ္ဘိတုပ္ပန္န၊ အသမူဟတုပ္ပန္နသည် ဘူမိလဒ္ဓုပ္ပန္နဖြင့် သာလျှင် ပေါင်း၍ ယူခြင်းသို့ ရောက်၏ ဟူ၍ သိအပ်၏၊ ထိုသို့ ပြဆိုပြီးသော အပြားရှိသော ထို ဥပ္ပန္နတို့တွင် ဝတ္တမာနုပ္ပန္န၊ ဘူတာပဂတုပ္ပန္န၊ ဩကာသကတုပ္ပန္န၊ သမုဒါစာ-ရုပ္ပန္နဟု ဆိုအပ်သော လေးပါး အပြားရှိသော အကြင် ဥပ္ပန္နသည် ရှိ၏၊ ထို လေးပါး အပြားရှိသော ဥပ္ပန္နသည် မဂ်ဖြင့် မသတ်အပ် သေးသည်၏ အဖြစ်ကြောင့် တစုံတခုသော မဂ်ဉာဏ်ဖြင့်လည်း ပယ်အပ်သည် မဖြစ်။

ထိုမှတပါး ဘူမိလဒ္ဓုပ္ပန္န၊ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န၊ အဝိက္ခမ္ဘိ-တုပ္ပန္န၊ အသမူဟတုပ္ပန္နဟု ဆိုအပ်သော အကြင် ဥပ္ပန္နသည် ရှိ၏၊ လေးပါး အပြား ရှိသော ထို ဥပ္ပန္န၏ တဖန် မဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်သို့ မရောက်စေရသေးသောအားဖြင့် ထိုထို ဖြစ်ခြင်းငှါ ထိုက်သည်၏ အဖြစ်ကို အကြွင်းမဲ့ ဖျက်ဆီးလျက် ထိုထို လောကီ လောကုတ္တရာ ဉာဏ်သည် အကြင့်ကြောင့် ဖြစ်၏၊ ထို့ကြောင့် ထို ဘူမိလဒ္ဓုပ္ပန္န စသော ဥပ္ပန္န ရှိသမျှ အားလုံး

http://www.dhammadownload.com



သည်လည်း ပယ်အပ်သည် ဖြစ်၏၊ ဤသို့ ဤ ဉာဏဒဿန ဝိသုဒ္ဓိ၌ အကြင် သံကိလေသဓမ္မတို့ကို အကြင် မဂ်ဉာဏ်ဖြင့် ပယ်အပ်ကုန်၏၊ ထို သံကိလေသတို့ကို ထို မဂ်ဉာဏ်ဖြင့် ပယ်ခြင်းကိုလည်း သိအပ်၏။

"ကိစ္စာနိ ပရိညာဒီနိ, ယာနိ ဝုတ္တာနိ အဘိသမယကာလေ, တာနိ စ ယထာသဘာဝေန, ဇာနိတဗ္ဗာနိ သဗ္ဗာနိ"ဟူသော ဤ မာတိကာပုဒ်၌ အကျယ်ကို ဆိုအံ့—အရိယ သစ္စာ လေးပါးတို့ကို ထိုးထွင်း၍ သိသော ခဏ၌ ထိုဉာဏ် လေးပါးတို့တွင် တပါးပါးသော မဂ်ဉာဏ်၏ တခုသော ခဏ၌ ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ သစ္ဆိကိရိယကိစ္စ၊ ဘာဝနာကိစ္စဟု ဆိုအပ်ကုန်သော ဤ ကိစ္စ လေးပါးတို့ကို ဟောတော်မူအပ်ကုန်ပြီ၊ အလုံးစုံသော ထို ကိစ္စ လေးပါးတို့ကို မဖောက်မပြန် ဟုတ်မှန်သော သဘောအားဖြင့် သိအပ်ကုန်၏၊ ထိုစကား မှန်၏—ရှေး အဋ္ဌကထာ ဆရာတို့သည်—

> "ယထာ ပဒီပေါ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ ကိစ္စာနိ ကရောတိ၊ ဝဋ္ဋိံ ဈာပေတိ, အန္ဓကာရံ ဝိဓမတိ, အာလောကံ ပရိဝိဒံသေတိ, သိနေဟံ ပရိယာဒိယတိ, ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ သစ္စာနိ အဘိသမေတိ၊ ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ၊ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ၊ နိရောဓံ သစ္ဆိကြိယာဘိသမယေန အဘိသမေတိ၊ ကိံ ဝုတ္တံ ဟောတိ၊ နိရောဓံ အာရမ္မဏံ ကရိတွာ စတ္တာရိပိ သစ္စာနိ ပါပုဏာတိ ပဿတိ ပဋိဝိဇ္ဈတိ။"

ဟူသော ထို စကားကို ဆိုတော်မူကုန်ပြီ။

> "ဆီမီးသည် မရှေး မနှောင်း တပြိုင်နက် တခုသော ခဏ၌ ကိစ္စ လေးပါးတို့ကို ပြု၏၊ မီးစာကို လောင်စေ၏၊

http://www.dhammadownload.com



အမိုက်မှောင်ကို ဖျက်ဆီး၍၊ အရောင် အလင်းကို ပြ၍၊ ဆီကို ကုန်စေ၍၊ ထို့အတူ မဂ်ဉာဏ်သည် မရှေး မနှောင်း တခုသော ခဏ၌ သစ္စာ လေးပါးတို့ကို ထိုးထွင်း၍ သိ၏၊ ဒုက္ခ သစ္စာကို အကြွင်းမဲ့ ပိုင်းခြား၍ သိခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍ သိ၏၊ သမုဒယ သစ္စာကို သမုစ္ဆေဒ ပဟာနဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍ သိ၏၊ သမ္မာသင်္ကပ္ပ စသော ကြွင်းသော သတ္တင်္ဂ မဂ်ကို ပွါးစေခြင်း အဘိသမယဖြင့် ထိုးထွင်း၍ သိခြင်းဖြင့် သိ၏၊ အင်္ဂါကိုက မဂ်ကို မတွေ့စေ သောအားဖြင့်သာ ထိုးထွင်း၍ သိ၏၊ ဝါ—မောဟကို ဖျက်ဆီးသောအားဖြင့်သာ ထိုးထွင်း၍ သိ၏၊ နိရောဓ သစ္စာကို မျက်မှောက် ပြုခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍ သိ၏၊ အဘယ်သို့သော အနက် သဘောကို ဆိုလိုသနည်း—နိဗ္ဗာန်ကို အာရုံပြု၍ သစ္စာ လေးပါးတို့ကိုလည်း ရ၏, သိ၏, မြင်၏, ထိုးထွင်း၍ သိ၏"ဟု ဆိုလိုသည် ဖြစ်၏။

ထိုမှတပါး မြတ်စွာဘုရားသည်—

"ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ,
ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊
ဒုက္ခနိရောဓမ္ပိ ပဿတိ,
ဒုက္ခနိရောဓဂါမိနိပ္ပဋိပဒမ္ပိ ပဿတိ။"

"အို ရဟန်းတို့—အကြင် ပုဂ္ဂိုလ်သည် ဒုက္ခ သစ္စာကို မြင်၏၊ ထို ပုဂ္ဂိုလ်သည် ဒုက္ခ၏ အကြောင်း သမုဒယ သစ္စာကိုလည်း မြင်၏၊ ဒုက္ခ၏ ချုပ်ရာ နိရောဓ သစ္စာကို လည်း မြင်၏၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သော မဂ္ဂသစ္စာကိုလည်း မြင်၏။"

ဟူ၍ ဟောတော်မူအပ်၏။

http://www.dhammadownload.com



ထိုမှ ကျန်သော အလုံးစုံသော သုတ်ကို သိအပ်၏၊ ထို့ပြင်—

"မဂ္ဂသမင်္ဂိဿ ဉာဏံ ဒုက္ခေပေတံ ဉာဏံ, ဒုက္ခသမုဒယေပေတံ ဉာဏံ, ဒုက္ခနိရောဓေပေတံ ဉာဏံ, ဒုက္ခနိရောဓဂါမိနိပဋိပဒါယပေတံ ဉာဏံ။"

"အရိယ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ဉာဏ်သည် ရှိ၏၊ ထို ဉာဏ်သည် ဒုက္ခ သစ္စာ၌လည်း ဖြစ်၏၊ ထို ဉာဏ်သည် ဒုက္ခ၏ အကြောင်း သမုဒယ သစ္စာ၌လည်း ဖြစ်၏၊ ထို ဉာဏ်သည် ဒုက္ခ၏ ချုပ်ရာ နိရောဓ သစ္စာ၌ လည်း ဖြစ်၏၊ ထို ဉာဏ်သည် ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သော မဂ္ဂ သစ္စာ၌ လည်း ဖြစ်၏။"

ဟူ၍လည်း ဟောတော်မူ၏။

ထို ဥပမာ၌ ဆီမီးသည် မီးစာကို လောင်စေသကဲ့သို့ ထို့အတူ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏၊ အမိုက်မှောင်ကို လွှင့်ပယ် ဖျောက်ဖျက်သကဲ့သို့ ထို့အတူ သမုဒယ သစ္စာကို ပယ်စွန့်၏၊ အရောင် အလင်းကို ပြသကဲ့သို့ ထို့အတူ သဟဇာတ စသော ပစ္စည်း တပ်သည်၏ အဖြစ်ကြောင့် သမ္မာသင်္ကပ္ပ စသော တရားဟု ဆိုအပ်သော သတ္တင်္ဂိက မဂ်ကို ပွါးစေ၏၊ ဆီကို ကုန်စေသကဲ့သို့ ထို့အတူ ကိလေသာ ဟူသော အစေး၏ ကုန်ရာ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြု၏၊ ဤသို့ ဥပမာနှင့် ဥပမေယျ နှီးနှောခြင်းကို သိအပ်၏၊ တနည်း တဖုံ ဆိုပေတုံအံ့—နေမင်း သည် တက်လတ်သည် ရှိသော် ထင်ရှား ဖြစ်သည်နှင့် တကွ မရှေး မနှောင်း ကိစ္စ လေးပါးတို့ကို ပြု၏၊ ရူပါရုံတို့ကို ထင်ရှား ပြ၏၊ အမိုက်မှောင်ကို ပယ်ဖျောက်၏၊ အလင်းကို ပြ၏၊ အချမ်းကို ငြိမ်းစေ၏၊ ထို့အတူ မဂ်ဉာဏ်သည်····(လ)····နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍ သိ၏၊ ဤ နေမင်း ဥပမာ၌လည်း နေမင်းသည် ရူပါရုံ တို့ကို ထင်ရှား ပြသကဲ့သို့ ထို့အတူ မဂ်ဉာဏ်သည် ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိ၏၊ အမိုက်မှောင်ကို ပယ်ဖျောက်သကဲ့သို့ ထို့အတူ

http://www.dhammadownload.com



သမုဒယ သစ္စာကို ပယ်စွန့်၏၊ အလင်းကို ပြသကဲ့သို့ ထို့အတူ သဟဇာတ စသော ပစ္စည်း တပ်သည်၏ အဖြစ်ကြောင့် မဂ်ကို ပွါးစေ၏၊ အချမ်းကို ငြိမ်းစေ သကဲ့သို့ ထို့အတူ အလုံးစုံ ကိလေသာ ဟူသော ပူလောင်ခြင်း ငြိမ်းခြင်းကို ချုပ်ခြင်းကို မျက်မှောက်ပြု၏၊ ဤသို့ ဥပမာနှင့် ဥပမေယျ နှီးနှောခြင်းကို သိအပ်၏။

တနည်း တဖုံ ဆိုပြန်တုံအံ့—လှေသည် မရှေး မနှောင်း တခု သော ခဏ၌ ကိစ္စလေးပါးတို့ကို ပြု၏၊ ဤမှာဘက် ကမ်းကို စွန့်၏၊ ရေ အယဉ်ကို ဖြတ်၏၊ ဝန်ကို ဆောင်၏၊ ထိုမှာဘက် ကမ်းသို့ ရောက်၏၊ ထို့အတူ မဂ်ဉာဏ်သည်····(လ)····ချုပ်ခြင်း ကို မျက်မှောက် ပြုခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍ သိ၏၊ ဤ လှေ ဥပမာ၌လည်း လှေသည် ဤမှာဘက် ကမ်းကို စွန့်သကဲ့သို့ ထို့အတူ မဂ်ဉာဏ်သည် ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိ၏၊ ရေ အယဉ်ကို ဖြတ်သကဲ့သို့ ထို့အတူ သမုဒယ သစ္စာကို စွန့်၏၊ ဝန်ကို ဆောင်သကဲ့သို့ ထို့အတူ သဟဇာတ စသော ပစ္စည်း၏ အဖြစ်ကြောင့် သတ္တင်္ဂိက မဂ်ကို ပွါးစေ၏၊ ထိုမှာဘက် ကမ်းသို့ ရောက်သကဲ့သို့ ထို့အတူ ထိုမှာဘက်ကမ်း ဖြစ်၍ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြု၏၊ ဤသို့ ဥပမာ နှင့် ဥပမေယျ နှီးနှောခြင်းကို သိအပ်၏။ ဆက်၍ ဆိုအံ့—ဤ ပြဆို ပြီးသော နည်းဖြင့် သစ္စာ လေးပါးတို့ကို ထိုးထွင်း၍ သိသော ကာလ၌ တခုသော ခဏ၌ ကိစ္စ လေးပါးတို့၏ အစွမ်းဖြင့် ဖြစ်သော ထို အရိယ မဂ်ဉာဏ်၏ တဆဲ့ ခြောက်ပါးသော အခြင်း အရာတို့ဖြင့် မဖောက် မပြန် မှန်သော သဘောအားဖြင့် လေးပါး သော ကိစ္စတို့သည် တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိအပ် သော အခြင်း အရာ ရှိကုန်၏၊ ဘုရား အဘယ်သို့ ဟောတော် မူသနည်း—

"ကထံ တထဋ္ဌေန စတ္တာရိ ကိစ္စာနိ ဧကပဋိဝေဓာနိ ဟောန္တိ၊ သောဠသဟာကာရေဟိ တထဋ္ဌေန စတ္တာရိ ကိစ္စာနိ ဧကပဋိဝေဓာနိ။

http://www.dhammadownload.com



ဒုက္ခဿ—ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော တထဋ္ဌော။

သမုဒယဿ—အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သံယောဂဋ္ဌော, ပလိဗောဓဋ္ဌော တထဋ္ဌော။

နိရောဓဿ—နိဿရဏဋ္ဌော, ဝိဝေကဋ္ဌော, အသင်္ခတဋ္ဌော, အမတဋ္ဌော တထဋ္ဌော။

မဂ္ဂဿ—နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော တထဋ္ဌော။

ဣမေဟိ သောဠသဟာကာရေဟိ တထဋ္ဌေန စတ္တာရိ သစ္စာနိ ဧကသင်္ဂဟိတာနိ၊ ယံ ဧကသင်္ဂဟိတံ, တံ ဧကတ္တံ၊ ယံ ဧကတ္တံ, တံ ဧကေန ဉာဏေန ပဋိဝိဇ္ဈတီတိ စတ္တာရိ သစ္စာနိ ဧကပဋိဝေဓာနိ။”

ဟူ၍ ဟောတော်မူ၏။

မြန်မာပြန် အဓိပ္ပါယ်—

“မဖောက် မပြန် ဟုတ်မှန်သော သဘောဖြင့် သစ္စာလေးပါးတို့သည် တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိအပ်သော အခြင်း အရာ ရှိကုန်သည့် အဘယ်သို့ ဖြစ်ကုန်သနည်း—တဆဲ့ ခြောက်ပါးကုန်သော အခြင်း အရာတို့ဖြင့် မဖောက် မပြန် မှန်သော သဘောဖြင့် သစ္စာလေးပါးတို့သည် တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိအပ်သော အခြင်း အရာ ရှိသည် ဖြစ်ကုန်၏။

ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်း သဘော, အကြောင်း တရားတို့ ပြုပြင်အပ်သော သဘော, ပူပန်စေခြင်း သဘော, ဇရာ မရဏတို့က ဖောက်ပြန်စေအပ်သည်၏ အဖြစ် သဘောသည် မဖောက် မပြန် ဟုတ်မှန်သော သဘော မည်၏။

http://www.dhammadownload.com



**သမုဒယသစ္စာ၏** အားထုတ်တတ် ပေါင်းစည်းတတ်သည်၏ အဖြစ် သဘော, ဝဋ်၏ အကြောင်း၏ အဖြစ် သဘော၊ ဝါ—ဝဋ်ဆင်းရဲကို ပေးတတ် နှင်းတတ်သည်၏ အဖြစ် သဘော, ဝဋ်၌ ယှဉ်စေခြင်း သဘော, မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တားမြစ်တတ်သည်၏ အဖြစ် သဘောသည် မဖောက် မပြန် ဟုတ်မှန်သော သဘော မည်၏။

**နိရောဓသစ္စာ၏** ထွက်မြောက်ရာ၏ အဖြစ် သဘော, ကိလေသာ သင်္ခါရတို့မှ ဆိတ်သည်၏ အဖြစ် သဘော, အကြောင်း တရားတို့ မပြုပြင်အပ်သည်၏ အဖြစ် သဘော, သေခြင်း ပျက်စီးခြင်း ကင်းသည်၏ အဖြစ် သဘောသည် မဖောက် မပြန် ဟုတ်မှန်သော သဘော မည်၏။

**မဂ္ဂသစ္စာ၏** ဝဋ်မှ ထွက်မြောက်တတ်သော ထွက်မြောက်ကြောင်း၏ အဖြစ် သဘော, နိဗ္ဗာန်သို့ ရောက်ကြောင်း၏ အဖြစ် သဘော, သစ္စာ လေးပါးကို မြင်တတ်သည်၏ အဖြစ် သဘော, သစ္စာ လေးပါးကို မြင်ခြင်းကိစ္စ၌ သမ္ပယုတ် တရားတို့၏ အကြီး အမှူး အဖြစ် သဘောသည် မဖောက် မပြန် မှန်သော သဘော မည်၏။

ဤ တဆဲ့ခြောက်ပါးသော အခြင်း အရာတို့ဖြင့် မဖောက် မပြန် ဟုတ်မှန်သော သဘောဖြင့် သစ္စာ လေးပါးတို့သည် တခုတည်းသော သဘောအားဖြင့် သာလျှင် ပေါင်း၍ ယူအပ်ကုန်၏၊ အကြင် ပိဋ္ဋန သခ်တ စသော တဆဲ့ခြောက်ပါးသော သဘောကို မဖောက် မပြန် ဟုတ်မှန်သည်၏ အဖြစ် ဟူသော တခုတည်းသော သဘောအားဖြင့် ပေါင်း၍ ယူအပ်၏၊ ထို ပေါင်း၍ ယူအပ်သော တဆဲ့ခြောက်ပါးသော သဘောသည် သစ္စာ လေးပါးတို့၏ တူသည်၏ အဖြစ် သဘော မည်၏၊ အကြင် တူသည်၏ အဖြစ် ဟူသော တဆဲ့ ခြောက်ပါးသော

http://www.dhammadownload.com



သဘောသည် ရှိ၏၊ ထိုသို့ တူသည်၏ အဖြစ် ဟူသော တဆဲ့ ခြောက်ပါးသော သဘောကို၊ ဝါ—အကြင် ဒုက္ခ စသည်ကို မဖောက် မပြန်သော တခုတည်းသော သဘောဖြင့် ပေါင်း၍ ယူအပ်၏၊ ထို ဒုက္ခသစ္စာ စသည် သည် မဖောက် မပြန် ဟုတ်မှန်သော တခုတည်းသော သဘော ရှိ၏၊ အကြင် ဒုက္ခသစ္စာ စသည်သည် မဖောက် မပြန် ဟုတ်မှန်သော သဘောဟု ဆိုအပ်သော တခုတည်း သော အနက် သဘော ရှိ၏၊ ထို အနက် တခုတည်း သဘော ရှိသော ဒုက္ခသစ္စာ စသည်ကို တခုသော မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊ ထို့ကြောင့် သစ္စာလေးပါး တို့သည် တပေါင်းတည်း ထိုးထွင်း၍ သိအပ်သော အခြင်း အရာ ရှိသည် ဖြစ်ကုန်၏။"

ဤသို့ ဟောတော်မူ၏။

ထို ပါဠိတော်၌ စောဒနာခြင်းသည် ဖြစ်ရာ၏၊ စောဒနာပုံ ကား—ဒုက္ခ သမုဒယ စသည်တို့၏ ပီဠန သင်္ခတ စသည်မှ တပါး လည်း ဖြစ်ကုန်သော ရောဂ နှင့် တူသည်၏ အဖြစ်,အိုင်းအမာနှင့် တူသည်၏ အဖြစ် အစ ရှိကုန်သော အခြင်း အရာ သဘောတို့ သည် ရှိကုန်သေး၏ မဟုတ်လော၊ ထိုသို့ ရှိကုန်ပါလျက် အဘယ့် ကြောင့် အနက် သဘော လေးပါးတို့ကို သာလျှင် ဟောတော် မူအပ်ကုန်သနည်း—ဤ စောဒနာ၌ အဖြေကို ဆိုကုန်အံ့— သမုဒယ စသော သစ္စာ တပါးကို မြင်သည်၏ အစွမ်းဖြင့် ထင်သည်၏ အဖြစ်ကြောင့် အနက် သဘော လေးပါးတို့ကို သာလျှင် ဟောတော်မူအပ်ကုန်၏၊ ထိုစကား မှန်၏—"တတ္ထ ကတမံ ဒုက္ခေ ဉာဏံ၊ ဒုက္ခံ အာရဗ္ဘ ယာ ဥပ္ပဇ္ဇတိ ပညာ ပဇာနာတိ" ဤသို့ အစရှိသော နည်းဖြင့် တပါး တပါးသော သစ္စာကို အာရုံ ပြုသည်၏ အစွမ်းအားဖြင့်လည်း သစ္စာဉာဏ်ကို ဟောတော်မူအပ်၏၊ **"ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ, သမုဒယမ္ပိ သော ပဿတိ"** ဤသို့ အစရှိသော နည်းဖြင့် တခု သော သစ္စာကို အာရုံ ပြု၍ ကြွင်းသော သစ္စာတို့၌လည်း ကိစ္စ

http://www.dhammadownload.com



ပြီးခြင်း၏ အစွမ်းအားဖြင့်လည်း သစ္စာဉာဏ်ကို ဟောတော်မူအပ်၏။

ထို သာဓက ပါဌ် နှစ်မျိုးတို့တွင်—အကြင် အခါ၌ တခု တခုသော သစ္စာကို အာရုံ ပြု၏၊ ထို အခါ၌ သမုဒယ သစ္စာကို မြင်ခြင်းကြောင့် ရှေးဦးစွာ သဘော အားဖြင့် ပီဠန လက္ခဏာ ရှိသည်လည်း ဖြစ်သော ဒုက္ခသစ္စာ၏ သင်္ခတ အနက် သဘောသည် ထင်ရှား ဖြစ်၏၊ ထင်ပုံကား—ထို ဒုက္ခသစ္စာကို အားထုတ်ခြင်း အာယူဟန လက္ခဏာ ရှိသော သမုဒယ သစ္စာသည် အကြင့်ကြောင့် ပေါင်းစုသောအားဖြင့် ဖြစ်စေအပ်၏၊ ပစ္စည်းတပါးတို့နှင့် တကွ အညီ အညွတ် ရောက်၍ ပြုပြင်အပ်၏၊ အစု ပြုအပ်၏၊ ထိုသို့ သမုဒယသည် အပေါင်း အစုအားဖြင့် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် ထို ဒုက္ခသစ္စာ၏ ထိုသင်္ခတ အနက် သဘောသည် ထင်ရှား ဖြစ်၏၊ ထိုမှတပါး မဂ္ဂသစ္စာသည် အကြင့်ကြောင့် ကိလေသာ ဟူသော ပူပန်ခြင်း ကင်းသည် ဖြစ်၍၊ ဝါ—ကိလေသာ ဟူသော ပူပန်ခြင်းကို လွှင့်ရှားတတ်သည် ဖြစ်၍ မိမိသည်လည်း ကိလေသာ ပူပန်ခြင်း ကင်းသည်၏ အဖြစ်ကြောင့် အလွန် ချမ်းအေး၏၊ ထို့ကြောင့် မဂ္ဂသစ္စာကို မြင်သဖြင့် ထို ဒုက္ခ သစ္စာ၏ ပူလောင်ခြင်း သန္တာပ အနက် သဘောသည် ထင်ရှား ဖြစ်၏၊ အဘယ်ကဲ့သို့နည်း—ညီတော် အရှင် နန္ဒအား နတ်သမီးကို မြင်သဖြင့် သုန္ဒရီ အမည်ရသော ဇနပဒ ကလျာဏီ မင်းသမီး၏ အဆင်း မလှ, မျောက်အိုမသို့ အရုပ် ဆိုးသည်၏ အဖြစ်သည် ထင်ရှား ဖြစ်သကဲ့သို့တည်း။

ထိုမှတပါး မဖောက် မပြန် မပျက်စီးဘဲ မြဲသော သဘောရှိသည့် နိရောဓ သစ္စာကို မြင်သဖြင့် ထို ဒုက္ခ သစ္စာ၏ ဖောက်ပြန်စေအပ်သည်၏ အဖြစ် သဘောသည် ထင်ရှား ဖြစ်၏၊ ဤသို့ နိရောဓ သစ္စာကို မြင်သဖြင့် ဖောက်ပြန်သော သဘောကို ထင်ခြင်းသည် ဤ ဒုက္ခ သစ္စာ၌ ဆိုရာပင်လျှင် မရှိ၊ ထိုမှတပါး သဘော ဓမ္မတာ အားဖြင့် အာယူဟန လက္ခဏာ ရှိသည်လည်း ဖြစ်သော သမုဒယ သစ္စာ၏ ဒုက္ခ သစ္စာကို မြင်သဖြင့် နိဒါန သဘောသည် ဤ သမုဒယ

http://www.dhammadownload.com



သစ္စာကား ထို ဒုက္ခ သစ္စာကို ဆောင်နှင်းတတ်၏၊ ထို့ကြောင့် ထင်ရှားဖြစ်၏၊ အဘယ်ကဲ့သို့နည်း—မသင့် မလျောက်ပတ်သော ဘောဇဉ်ကို သုံးဆောင် ခံစားခြင်းကြောင့် ဖြစ်ပွါးသော အနာ ရောဂါကို မြင်သဖြင့် ဘောဇဉ်၏ အနာ ရောဂါ ဖြစ်ကြောင်း၏ အဖြစ်သည် ထင်ရှား ဖြစ်သကဲ့သို့တည်း၊ ဝဋ်ဆင်းရဲ၌ ယှဉ်ခြင်း ကင်းသော နိရောဓကို မြင်သဖြင့် သမုဒယ သစ္စာ၏ ကိလေသာ ဒုက္ခတို့နှင့် ယှဉ်တွဲခြင်း သံယောဂ သဘောသည် ထင်ရှား ဖြစ်၏၊ ထွက်မြောက်တတ် ထွက်မြောက်ကြောင်း ဖြစ်သော မဂ္ဂ သစ္စာကို မြင်သဖြင့်ကား သမုဒယ သစ္စာ၏ သံသရာ နှောင်အိမ်၌ သွတ်သွင်း၍ နှိပ်စက်လျက် မဂ်ဖိုလ်ကို တားမြစ်ခြင်း ပလိဗောဓ သဘောသည် ထင်ရှား ဖြစ်၏။

ထိုမှတပါး နိဿရဏ လက္ခဏာ ရှိသည်လည်း ဖြစ်သော နိရောဓ သစ္စာ၏ ကိလေသာ ဟူသော အပေါင်း အဘော်နှင့် ပေါင်းဘော် ယှဉ်တွဲခြင်း စသည်တို့၏ အစွမ်းဖြင့် မဆိတ် မညံ့ ဖြစ်၍ ဖြစ်သော သမုဒယ သစ္စာကို မြင်သဖြင့် ဥပဓိ လေးပါးမှ ဆိတ်သည်၏ အဖြစ် သဘောသည် ထင်ရှား ဖြစ်၏၊ မဂ္ဂသစ္စာကို မြင်သဖြင့် အသင်္ခတ သဘောသည် ထင်ရှား ဖြစ်၏၊ ထိုစကား မှန်၏—ဤ ယောဂီသည် အစ မထင်သော သံသရာ၌ မဂ်ကို ရှေး၌ မမြင်စဖူး၊ ထို သံသရာ၌ မမြင်စဖူးသော အရိယ မဂ်ကိုလည်း သပ္ပစ္စယ ဓမ္မ၏ အဖြစ်ကြောင့် သင်္ခတသာလျှင်တည်း၊ ထို့ကြောင့် အပ္ပစ္စယဓမ္မ ဖြစ်သော နိရောဓ သစ္စာ၏ အသင်္ခတ အဖြစ်သည် အတိုင်းထက် အလွန်လျှင် ထင်ရှားသည် ဖြစ်၏၊ ထိုမှတပါး ဒုက္ခ သစ္စာကို မြင်သဖြင့် ထို နိရောဓ သစ္စာ၏ အမတ သဘောသည် ထင်ရှား ဖြစ်၏၊ သင့်စွ—ဒုက္ခ သစ္စာသည် ပျက်စီးခြင်း သေခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့် အဆိပ်နှင့် တူ၏၊ ထို အဆိပ်သဘွယ် ဖြစ်သော ဒုက္ခ သစ္စာ၏ ဆေးသဘွယ် ဖြစ်၍ ဖြစ်သော နိဗ္ဗာန်သည် သေခြင်း ပျက်စီးခြင်း ကင်း၏၊ ဝါ— သေခြင်း ပျက်စီးခြင်း ကင်းလွတ်ငြိမ်းကြောင်း ဆေးကောင်း သဘွယ် ဖြစ်၏၊ ဤသို့ ထင်ရှားဖြစ်၏။

http://www.dhammadownload.com



ထိုမှတပါး နိယျာန လက္ခဏာ ရှိသည်လည်း ဖြစ်သော မဂ္ဂ သစ္စာ၏ သမုဒယ သစ္စာကို မြင်သဖြင့် မဂ်ဟူ၍ ချီးမွမ်းအပ်သည်၏ အဖြစ်သို့ ရောက်သော သိမ်မွေ့ ငြိမ်သက်သည်၏ အဖြစ်ဖြင့် ထင်သော နိကန္တိပင် ဖြစ်သော်လည်း ဤ သမုဒယ သစ္စာသည် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း မဟုတ်၊ ဤ အရိယ မဂ်သည် သာလျှင် နိဗ္ဗာန်သို့ရောက်ခြင်း၏ အကြောင်းတည်း၊ဤသို့ မဂ်သည် မဂ်ဉာဏ်ကို မြင်ရာ၌ ပြဆိုပြီးသော နည်းဖြင့် ဟေတု သဘောသည် ထင်ရှား ဖြစ်၏၊ အလွန် သိမ်မွေ့ နက်နဲစွာသော နိရောဓ သစ္စာကို မြင်သဖြင့် မဂ္ဂ သစ္စာ၏ ဒဿန သဘောသည် ထင်ရှား ဖြစ်၏၊ အဘယ်ကဲ့သို့နည်း—အလွန် သိမ်မွေ့ကုန်သော ရူပါရုံတို့ကို မြင်သော သူအား ''ငါ၏ မျက်စိသည် အလွန် ကြည်စွတကား''ဟု မျက်စိ၏ အလွန် ကြည်သည်၏ အဖြစ်သည် ထင်ရှားစွာ ဖြစ်သကဲ့သို့တည်း၊ ပြန့်ပြော ပေါများသော အပြစ် ရှိသည့် ဒုက္ခ သစ္စာကို မြင်သဖြင့် ထို ဒုက္ခ သစ္စာ၏ ဆန့်ကျင်ဘက်အားဖြင့် အကြီး အမှူး၏ အဖြစ် အဓိပတေယျ သဘောသည် ထင်ရှား ဖြစ်၏၊ အဘယ်ကဲ့သို့နည်း—များစွာသော ရောဂါတို့ဖြင့် နာကျင်သော အထီး ကျန်မွဲ လူဆင်းရဲကို မြင်သဖြင့် စည်းစိမ် ခြွေရံ စံစံ ပယ်ပယ် လူ၀ယ် သနင်း ဘုရင်မင်း၏ မြတ်သည်၏ အဖြစ်သည် ထင်ရှား ဖြစ်သကဲ့သို့တည်း။

ဤသို့ ဤ သစ္စာ လေးပါးတို့၌ မိမိ လက္ခဏာ၏ အစွမ်းဖြင့် လက်ဦး အစ အစ တခုခုသော သဘော၏ငင်း, သမုဒယ အစ ရှိသော သစ္စာ တပါးကို မြင်သည်၏ အစွမ်းဖြင့် လက်ဦး အစ အစ တခုတခုစီမှ တပါးကုန်သော သခ်တဋ္ဌ စသော သုံးပါး သုံးပါး သော သဘောတို့၏ငင်း ထင်ရှားသည်၏ အဖြစ်ကြောင့် တခု တခုသော သစ္စာ၏ လေးပါး လေးပါးကုန်သော သဘော လက္ခဏာ အာကာရတို့ကို ဟောတော်မူအပ်ကုန်၏၊ ဆက်၍ ဆိုအံ့—မဂ်ခဏ၌ အလုံးစုံ သာလျှင် ဖြစ်ကုန်သော ထို တဆဲ့ ခြောက်ပါးသော သဘော လက္ခဏာ အာကာရတို့သည် ဒုက္ခ စသည်တို့၌ လေးကိစ္စ ထင်သော တခုသော မဂ်ဉာဏ်ဖြင့် သာလျှင်

http://www.dhammadownload.com



ထိုးထွင်း၍ သိအပ်သည်၏ အဖြစ်သို့ ရောက်၏၊ အထူးကို ဆိုအံ့— အကြင် ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်တို့သည် သစ္စာ လေးပါးတို့ကို အထူး ထူးသော ခဏာ၌ အထူးထူးသော ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းကို အလိုရှိကုန်၏၊ ထို ဝိတဏ္ဍာဝါဒီ ဆရာတို့၏ အဖြေကို အဘိဓမ္မာ အဋ္ဌကထာ၌ ကျမ်းဂန်၌ ဖြေဆိုဟောကြားတော်မူပြီးသည်သာတည်း၊ ယခု အခါ၌ ပရိညာကိစ္စ အစရှိကုန်သော အကြင် ကိစ္စ လေးပါး တို့ကို ဟောတော်မူကုန်ပြီ၊ ထို ကိစ္စ လေးပါးတို့တွင်—

"တိဝိဓာ ဟောတိ ပရိညာ, တထာ ပဟာနမ္ပိ သစ္ဆိကိရိယာပိ၊ ဒွေ ဘာဝနာ အဘိမတာ, ဝိနိစ္ဆယော တတ္ထ ဉာတဗ္ဗော။"

"ပရိညာသည် သုံးပါး အပြား ရှိ၏၊ ထို့အတူ ပဟာန် သည်လည်း သုံးပါး အပြား ရှိ၏၊ သစ္ဆိကိရိယာသည်လည်း သုံးပါး အပြား ရှိ၏၊ ဘာဝနာကိုကား နှစ်ပါး ရှိ၏ ဟူ၍ ဉာဏ်ဖြင့် ရှုရ သိအပ်၏၊ ထို ပရိညာ စသည်တို့၌ အဆုံး အဖြတ်ကို သိအပ်၏။"

"ပရိညာ သုံးပါး" ဟူသော်ကား—ဉာတ ပရိညာ, တီရဏ ပရိညာ, ပဟာန ပရိညာ ဟူ၍ ဤသို့ သုံးပါး အပြား ရှိ၏၊ ထို သုံးပါးတို့တွင် အဘိညာဥ် ပညာသည် သိတတ်သော အနက် သဘောကြောင့် ဉာဏ် မည်၏၊ ဤသို့ အကျဉ်း ပြပြီး၍ အကြင် အကြင် တရားတို့ကို ထူးသော ဉာဏ်ဖြင့် သိအပ်ကုန်၏၊ ထိုထို တရားတို့သည် သိအပ်ကုန်သည် ဖြစ်ကုန်၏၊ ဤသို့ အကျဉ်း အားဖြင့်၎င်း, "သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အဘိညေယျံ၊ စက္ခုံ ဘိက္ခဝေ အဘိညေယျန္တိ" "အို ရဟန်းတို့— အလုံးစုံကို ထူးသော ဉာဏ်ဖြင့် သိအပ်၏၊ အို ရဟန်းတို့—အဘယ် အလုံးစုံကို ထူးသော ဉာဏ်ဖြင့် သိအပ်သနည်း၊ အို ရဟန်းတို့— စက္ခုကို ထူးသော ဉာဏ်ဖြင့် သိအပ်၏" ဤသို့ အစရှိသော နည်းဖြင့် အကျယ်အားဖြင့်၎င်း ဟောတော်မူအပ်သော ပရိညာ သည် "ဉာတ ပရိညာ" မည်၏၊ ထို ဉာတ ပရိညာ၏

http://www.dhammadownload.com



အကြောင်းနှင့် တကွသော နာမ်နှင့်ရုပ်ကို ရှေးရှု မျက်မှောက် သိခြင်းသည် ပရိညာတို့၏ အရာ မဟုတ်သောကြောင့် တသီး တခြား ဖြစ်သော အရာတည်း။

ထိုမှတပါး—"ပရိညာပညာ တီရဏဋ္ဌေန ဉာဏံ"ဟု အကျဉ်း ပြပြီး၍ "ယေ ယေ ဓမ္မာ ပရိညာတာ ဟောန္တိ၊ တေ တေ ဓမ္မာ တီရိတာ ဟောန္တိ။" "အကြင် အကြင် တရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ ထိုထို တရားတို့သည် စုံစမ်းအပ်ကုန်သည် ဖြစ်ကုန်၏။" ဤသို့ အကျဉ်းအားဖြင့်၎င်း, "သဗ္ဗံ ဘိက္ခဝေ ပရိ-ညေယျံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ ပရိညေယျံ၊ စက္ခုံ ဘိက္ခဝေ ပရိ-ညေယျံ။" "အို ရဟန်းတို့—အလုံးစုံကို ပိုင်းခြား၍ သိအပ်ကုန်၏၊ အို ရဟန်းတို့—အဘယ် အလုံးစုံကို ပိုင်းခြား၍ သိအပ်သနည်း— အို ရဟန်းတို့—စက္ခုကို ပိုင်းခြား၍ သိအပ်၏။" ဤသို့ အစ ရှိသော နည်းဖြင့် အ[illegible]အားဖြင့်၎င်း ဟောတော်မူအပ်သော ပရိညာသည် "တီရဏ ပရိညာ" မည်၏၊ ကလာပ်အားဖြင့် သုံးသပ်သည်မှ စ၍ အနိစ္စ ဟူ၍၎င်း, ဒုက္ခ ဟူ၍၎င်း, အနတ္တ ဟူ၍၎င်း စုံစမ်းသည်၏ အစွမ်းအားဖြင့် ဖြစ်သော ထို တီရဏ ပရိညာ၏ အနုလောမ ဉာဏ် ဖြစ်သည်တိုင်အောင် တသီး တခြား ဖြစ်သော အာဝေနိက အရာ မည်၏။

ထိုမှတပါး—"ပဟာနပရိညာ ပရိစ္စာဂဋ္ဌေန ဉာဏံ" ဟု အကျဉ်း ပြပြီး၍ "ယေ ယေ ဓမ္မာ ပဟီနာ ဟောန္တိ၊ တေ တေ ဓမ္မာ ပရိစ္စတ္တာ ဟောန္တိ။" "အကြင် အကြင် တရားတို့သည် ပယ်အပ်ကုန်သည် ဖြစ်ကုန်၏၊ ထိုထို ပယ်အပ်သော တရားတို့သည် စွန့်အပ်ကုန်သည် ဖြစ်ကုန်၏။" ဤသို့ အကျယ်အားဖြင့် ဟောတော်မူအပ်ကုန်သော "အနိစ္စာနုပဿနာယ နိစ္စသညံ ပဇဟတိ" အစ ရှိသော နည်းဖြင့် ဖြစ်သော ပရိညာသည် "ပဟာန ပရိညာ" မည်၏၊ ထို ပဟာန ပရိညာ၏ ဘင်္ဂါနုပဿနာ ဉာဏ်မှစ၍ မဂ်ဉာဏ် တိုင်အောင် အရာ မည်၏၊ ဤ အဘိသမယ ကာလဝယ် ကိစ္စကို စီစစ်ရာ၌ ဤ "ပဟာန ပရိညာ" ကိုသာ အလို ရှိအပ်၏၊ တနည်း ကား—အကြင့်ကြောင့် ဉာတ ပရိညာ တီရဏ ပရိညာတို့သည်

http://www.dhammadownload.com



လည်း ထို ပဟာန ပရိညာ ဟူသော အကျိုး ရှိကုန်သည်သာတည်း၊ ဝါ—မဂ် ဟူသော အကျိုး ရှိကုန်သည်သာတည်း၊ ထို့မှတပါး အကြင် တရားတို့ကို ပယ်စွန့်၏၊ ထို တရားတို့သည် မြဲသော အားဖြင့်၎င်း, သိအပ်ကုန်သည်၎င်း, စုံစမ်းအပ် ကူးခပ်အပ်ကုန် သည်၎င်း ဖြစ်ကုန်၏၊ ထို့ကြောင့် ပရိညာ သုံးပါး အပေါင်းသည် လည်း ဤ ပရိယာယ်အားဖြင့် မဂ်ဉာဏ်၏ ကိစ္စတည်း၊ ဤသို့ သိအပ်၏။

"**ထို့အတူ ပဟာန်သည်လည်း သုံးပါး အပြားရှိ၏**" ဟူသည်ကား—ပဟာန်သည်လည်း ဝိက္ခမ္ဘန ပဟာန်, တဒင်္ဂ ပဟာန်, သမုစ္ဆေဒ ပဟာန် ဟူ၍ ပရိညာကဲ့သို့ သုံးပါး အပြား ရှိသည်သာလျှင် ဖြစ်၏၊ ထို ပဟာန် သုံးပါးတို့တွင် မှော်ရှိသော ရေ၌ ပစ်ချအပ်သော အိုးကြောင့် မှော်၏ ကွာခြင်းကဲ့သို့ ထိုထို လောကီ သမာဓိဖြင့် နီဝရဏ, ဝိတက်, ဝိစာရ အစရှိကုန်သော ဆန့်ကျင်ဘက် တရားတို့၏ ကွာခြင်းသည်၊ ဝါ—ဆန့်ကျင်ဘက် တရားတို့ကို ခွါခြင်းသည် ရှိ၏၊ ထို ဆန့်ကျင်ဘက် တရားတို့ကွာခြင်း ခွါခြင်းသည် "ဝိက္ခမ္ဘနပဟာန်" မည်၏။ ပါဠိတော်၌ကား—"ဝိက္ခမ္ဘနပ္ပဟာနဉ္စ နီဝရဏာနံ ပဌမဇ္ဈာနံ ဘာဝယတော" "ပဌမဈာန်ကို ပွါးစေသော ပုဂ္ဂိုလ်အား နီဝရဏတို့ကို ခွါခြင်း ဟူသော ပဟာန်သည်၎င်း" ဤသို့ နီဝရဏ တရားတို့ကို သာလျှင် ပယ်ခြင်းကို ဟောတော်မူအပ်၏၊ ထိုစကားကို ဤသူသည် ဒေါသမီး မနှိပ်စက်အပ်သော စိတ်ရှိ၏၊ ကင်းငြိမ်းသော ထိန မိဒ္ဓ ရှိ၏၊ ဤသို့ အစရှိသည်ဖြင့် သူတပါးတို့အားလည်း ထင်ရှားသည်၏ အဖြစ်ကြောင့် ဟောတော်မူအပ်၏ ဟူ၍သာလျှင် မှတ် အပ်၏၊ ထိုစကား မှန်၏—နီဝရဏတို့သည် ဈာန်၏ ရှေ့ အဘို့ ၌၎င်း, နောက် အဘို့၌၎င်း အဆောတလျင် စိတ်ကို မလွှမ်းမိုး မနှိပ်စက် နိုင်ကုန်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ရူပသညာ စသည်တို့သည် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် စသည် ကို ဝင်စားသော ခဏ၌ သာလျှင် ကွာကုန်၏၊ ထို့ကြောင့် နီဝရဏတို့ကို ခွါခြင်းသည် ထင်ရှား၏။

http://www.dhammadownload.com



ထိုမှတပါး—ညဉ့်အခါ၌ ထွန်းညှိအပ်သော ဆီမီးဖြင့် မှောင်အမိုက်၏ ပျောက်ခြင်းကဲ့သို့ ဝိပဿနာ၏ အစိတ် ဖြစ်၍ ဖြစ်သော ထိုထို ဉာဏ်ဟူသော အကြောင်းကြောင့် ဆန့်ကျင်ဘက်၏ အစွမ်းအားဖြင့် သာလျှင် ထိုထို ပယ်အပ်သော တရား၏ ပျောက်ကင်းခြင်းသည်၊ ဝါ—ထိုထို ပဟာတဗ္ဗ တရားကို ပယ်ခြင်းသည် ရှိ၏၊ ထို ပျောက်ကင်းခြင်း, ပယ်ခြင်းသည် "တဒင်္ဂ ပဟာန်" မည်၏၊ ထိုဉာဏ်, ထိုဉာဏ်၏ ပယ်ခြင်း ကိစ္စ ဟူသည် အဘယ်နည်း—နာမ်ရုပ်ကို ပိုင်းခြားခြင်းဖြင့် ရှေးဦးစွာ သက္ကာယ ဒိဋ္ဌိကို အကြွင်း ပယ်ခြင်းသည်၎င်း, နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းခြင်းဖြင့် အကြောင်း ကင်း၏ မရှိ ဟူသော အဟေတုက ဒိဋ္ဌိ၊ ဗြဟ္မာ ဗိဿကိုးတို့သာ အကြောင်း ရှိ၏ ဟု ယူသော ဝိသမဟေတု ဒိဋ္ဌိကို၎င်း, တဆဲ့ ခြောက်ပါးသော ဝတ္ထု ရှိသော ယုံမှားကင်္ခါ ဟူသော အညစ် အကြေးကို၎င်း, ၎င်းကြွင်း အကြွင်း ပယ်ခြင်းသည်၎င်း, တဆဲ့ တပါးသော အရာတို့၌ တည်၍ ခန္ဓာတို့ကို ခွဲခြမ်းစိတ်ဖြာသောအားဖြင့် သုံးသပ်သော ကလာပ သမ္မသန ဉာဏ်ဖြင့် ငါ, ငါ့ကိုယ်, ငါ့ဥစ္စာဟု အပေါင်း၌ စွဲလမ်းခြင်းကို အကြွင်း ပယ်ခြင်းသည်၎င်း, မဂ်ဟုတ်သည် မဂ်မဟုတ်သည်ကို ပိုင်းခြား မှတ်သားခြင်းဖြင့် မဂ် မဟုတ်သည်၌ မဂ်ဟု ဖြစ်သော သညာကို အကြွင်း ပယ်ခြင်းသည်၎င်း, ခန္ဓာတို့၏ ဖြစ်ခြင်းကို မြင်သဖြင့် ဥစ္ဆေဒ ဒိဋ္ဌိကို အကြွင်း ပယ်ခြင်းသည်၎င်း, ခန္ဓာတို့၏ ပျက်ခြင်းကို မြင်သဖြင့် သဿတ ဒိဋ္ဌိကို အကြွင်း ပယ်ခြင်းသည်၎င်း, ဘယတုပဋ္ဌာန ဉာဏ်ဖြင့် ကြောက်မက်ဘွယ် သဘော ရှိသော တေဘူမက တရား အပေါင်း၌ ကြောက်အပ်သော သဘော မရှိဟု ဖြစ်သော သညာကို အကြွင်း ပယ်ခြင်းသည်၎င်း, အပြစ်ကို မြင်တတ်သော အာဒီနဝ ဉာဏ်ဖြင့် ရူပက္ခန္ဓာ၌ သာယာခြင်း၏ အစွမ်းဖြင့် ဖြစ်သော မိစ္ဆာ သညာကို အကြွင်း ပယ်ခြင်းသည်၎င်း, နိဗ္ဗိဒါနုပဿနာ ဉာဏ်ဖြင့် ဝဋ်၌ အလွန် မွေ့လျော်သည်၏ အစွမ်းဖြင့် ဖြစ်သော မိစ္ဆာ သညာကို အကြွင်း ပယ်ခြင်းသည်၎င်း, မုစ္စိတုကမျတာ ဉာဏ်ဖြင့် သံသရာ ဝဋ်မှ မလွတ်လိုသည်၏ အဖြစ်ကို အကြွင်း ပယ်ခြင်းသည်၎င်း, ပဋိသင်္ခါဉာဏ်ဖြင့်

http://www.dhammadownload.com



ပဋိသန္ဓေ၏ ဆန့်ကျင်ဘက် ဖြစ်သော မောဟကို အကြွင်း ပယ်ခြင်းသည်၎င်း၊ သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် လျစ်လျူ မရှု ငဲ့ကွက်ခြင်းကို အကြွင်း ပယ်ခြင်းသည်၎င်း၊ အနုလောမ ဉာဏ်ဖြင့် မဂ္ဂသစ္စာကို သိခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော သင်္ခါရတို့၏ အနိစ္စ စသောအားဖြင့် စွဲလမ်းခြင်းကို အကြွင်း ပယ်ခြင်းသည်၎င်း ရှိ၏။

တနည်းတုံကား—တဆဲ့ ရှစ်ပါးကုန်သော မဟာ ဝိပဿနာ တို့တွင် အနိစ္စာနုပဿနာဖြင့် နိစ္စဟု ဖြစ်သော သညာကို အကြွင်း ပယ်ခြင်းသည်၎င်း၊ ဒုက္ခာနုပဿနာဖြင့် သုခဟု ဖြစ်သော သညာ ကို အကြွင်း ပယ်ခြင်းသည်၎င်း၊ အနတ္တာနုပဿနာဖြင့် အတ္တ သည် ပရမတ္ထအားဖြင့် ရှိ၏ဟု ဖြစ်သော သညာကို အကြွင်း ပယ်ခြင်းသည်၎င်း၊ နိဗ္ဗိဒါနုပဿနာ ဉာဏ်ဖြင့် သပ္ပီတိက တဏှာ ကို အကြွင်း ပယ်ခြင်းသည်၎င်း၊ ဝိရာဂါနုပဿနာဖြင့် ရာဂကို အကြွင်း ပယ်ခြင်းသည်၎င်း၊ ရာဂ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အဖန် တလဲလဲ ရှုသော နိရောဓာနုပဿနာဖြင့် ဖြစ်ခြင်း သမုဒယကို အကြွင်း ပယ်ခြင်းသည်၎င်း၊ ရာဂ၏ စွန့်လွှတ်ရာ နိဗ္ဗာန်ကို အဖန် တလဲလဲ ရှုသော ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲလမ်းခြင်း အာဒါနကို အကြွင်း ပယ်ခြင်းသည်၎င်း၊ ခယာနုပဿနာဖြင့် ဃနသညာကို အကြွင်း ပယ်ခြင်းသည်၎င်း၊ သင်္ခါရတို့၏ ဘင်ခဏကို ရှုသော ဝယာနုပဿနာဖြင့် ပြုပြင်ကြောင်း ဖြစ်သော စေတနာ အာယူဟနကို အကြွင်း ပယ်ခြင်းသည်၎င်း၊ ဇရာ မရဏ ဟူသော အကြောင်း နှစ်ပါးတို့ကြောင့် ဖောက်ပြန်ခြင်းကို ရှုသော ဝိပရိ-ဏာမာနုပဿနာဖြင့် မြဲမြံ နိုင်ခံ့၏ဟု မှတ်သော ဓုဝသညာကို အကြွင်း ပယ်ခြင်းသည်၎င်း၊ အနိစ္စာနုပဿနာ မည်သော အနိမိတ္တာနုပဿနာဖြင့် နိစ္စ စသော နိမိတ်ကို အကြွင်း ပယ်ခြင်း သည်၎င်း၊ ဒုက္ခာနုပဿနာ မည်သော အပ္ပဏိဟိတာနုပဿနာ ဖြင့် သုခကို တောင့်တခြင်းကို အကြွင်း ပယ်ခြင်းသည်၎င်း၊ အနတ္တာနုပဿနာ မည်သော သုညတာနုပဿနာဖြင့် မှားသော နှလုံးသွင်းခြင်း အဘိနိဝေသကို အကြွင်း ပယ်ခြင်းသည်၎င်း၊ အဓိ-

http://www.dhammadownload.com



ပညာ ဓမ္မဝိပဿနာဖြင့် ခန္ဓာ ငါးပါး၌ အနှစ်သာရ ရှိ၏ဟု ယူမှားသော အားဖြင့် နှလုံးသွင်းခြင်း သာရာဒါနာဘိနိဝေသကို အကြွင်း ပယ်ခြင်းသည်၎င်း ယထာဘူတ ဉာဏဒဿနဖြင့်၊ ဝါ— အကြွင်း အကြွင်း မဖောက် မပြန် ဟုတ်မှန်သော သဘောဖြင့် သိတတ် မြင်တတ်သော သပ္ပစ္စယ နာမရူပ ပရိဂ္ဂဟ ဉာဏ်ဖြင့် သံသယ မိစ္ဆာဉာဏ်တို့၏ အစွမ်းဖြင့် တွေဝေသဖြင့် သာလျှင် ဖြစ်သော နှလုံးသွင်းခြင်း သမ္မောဟာဘိနိဝေသကို အကြွင်း ပယ်ခြင်းသည်၎င်း, အာဒီနဝါနုပဿနာဖြင့် သင်္ခတ တရားတို့၌ ပုန်းအောင်းရာ မှီခိုရာဟု ယူခြင်း ဘုံသုံးပါး၌ ကပ်ငြိလျက် အမှား နှလုံးသွင်းခြင်း အာလယာဘိနိဝေသကို အကြွင်း ပယ်ခြင်း သည်၎င်း, ပဋိသင်္ခါနုပဿနာဖြင့် ပဋိသင်္ခါ၏ ဆန့်ကျင်ဘက် ဖြစ်သော မောဟကို အကြွင်း ပယ်ခြင်းသည်၎င်း, ဝဋ္ဋကင်းရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်သော သင်္ခါရုပေက္ခာဉာဏ် အနုလောမ-ဉာဏ် ဟူသော ဝိဝဋ္ဋာနုပဿနာဖြင့် သက်ဝင်သည်၏ အဖြစ်ဖြင့် ဖြစ်သော သံယောဇဉ် စသော ကိလေသာတို့သာလျှင် ဖြစ်သော သံယောဂါဘိနိဝေသကို အကြွင်း ပယ်ခြင်းသည်၎င်း ရှိ၏၊ ဤ အလုံးစုံသည်လည်း "တဒင်္ဂ ပဟာန်" မည်သည်သာတည်း။

ထို တဆဲ့ ရှစ်ပါးသော မဟာ ဝိပဿနာတို့တွင် အနိစ္စာ-နုပဿနာ အစ ရှိကုန်သော ခုနစ်ပါးသော အနုပဿနာတို့ဖြင့် နိစ္စသညာ စသည်တို့ကို အကြွင်း ပယ်ခြင်းသည် ရှိ၏၊ ထို ပယ်ခြင်းကို ဘင်္ဂါနုပဿနာ၌ "သမ္ပဿနီရဂတံ အနိစ္စတော အနုပဿတိ" အစရှိသည်ဖြင့် ဖွင့်ထုတ် ပြဆိုခဲ့ပြီးသည် သာလျှင်တည်း၊ မဖွင့် မပြ အဝိသေးသည်ကို ဆိုအံ့—"ခယာနုပဿနာ" ဟူသည်ကား— သန္တတိ, သမူဟ, ကိစ္စ, အာရုံတို့၏ အစွမ်းဖြင့် ဖြစ်သော တခဲ နက်ကို ဝေဘန်ခြင်းကို ပြု၍ ကုန်ခြင်း သဘောကြောင့် မြဲသည် မဟုတ်၊ ဤသို့ ကုန်ခြင်း သဘောကို ရှုသော ပုဂ္ဂိုလ်အား အကြွင်း ဉာဏ်သည် ရှိ၏၊ ထို ဉာဏ်ဖြင့် တခဲနက် ဟူ၍ မှတ်မှားသော သညာကို ပယ်ခြင်းသည် ဖြစ်၏။ "ဝယာနုပဿနာ" ဟူသည် ကား—ဒိဋ္ဌ ဖြစ်သော အာရုံကို အစဉ် လျှောက်သဖြင့် ဒိဋ္ဌ အဒိဋ္ဌ

http://www.dhammadownload.com



အာရုံ နှစ်ပါးတို့ကို ခဏဘင် ဟူသော တူသော သဘောအားဖြင့် ပိုင်းခြား မှတ်သားခြင်းငှင်း, ချုပ်ခြင်း၌ ညွတ်ကိုင်းသော အဖြစ်ကြောင့်ငှင်း ဤသည်ကား ပျက်ခြင်း လက္ခဏာကို ရှုသော ဝယာနုပဿနာ မည်၏၊ ဤသို့ အောက်၌ ဆိုအပ်ပြီးသော မျက်မှောက်အားဖြင့်ငှင်း, အစဉ် လျှောက်၍ အသင့် အလျော် မြော်ဆသော အားဖြင့်ငှင်း သင်္ခါရတို့၏ ဘင်ကို ရှု၍ ဘင်ဟု ဆိုအပ်သော ထို အစွန့် သုံးပါး၌ တည်သော သင်္ခါရတို့၏ ချုပ်ခြင်း၌ သာလျှင် နှလုံးသွင်းသည်၏ အဖြစ်ဟု ဆိုအပ်သော အကြင် ပညာသည် ရှိ၏၊ ထို နိရောဓ၌ နှလုံးသွင်းသည်၏ အဖြစ်ဟု ဆိုအပ်သော ဝယာနုပဿနာဖြင့် ပြုပြင်ခြင်း, အားထုတ်ခြင်းကို ပယ်ခြင်းသည် ဖြစ်၏၊ ထိုစကား မှန်၏—အကြင် သင်္ခါရ တရားတို့၏ အကျိုးငှါ အားထုတ်ရာ၏၊ ထို သင်္ခါရ တရားတို့ကို ဤသို့ ပျက်ခြင်း သဘော ရှိကုန်၏ဟု ရှုသော ထို ပုဂ္ဂိုလ်၏ စိတ်သည် အားထုတ်ခြင်း၌ မညွတ်။

"ဝိပရိဏာမာနုပဿနာ" ဟူသည်ကား—ရူပ သတ္တက စသည်တို့၏ အစွမ်းဖြင့် ထိုထို ပဋိသန္ဓေ စုတိ စသော အပိုင်း အခြားကို လွန်၍ ပြဆိုပြီးသော အပိုင်း အခြားမှ ရှေး၌ငှင်း, နောက်၌ငှင်း တပါးသော အခြင်း အရာအားဖြင့် ဖြစ်ခြင်းကို ရှုခြင်းတည်း၊ ဝါ—တပါးသော အဝတ္ထာ အထူးအားဖြင့် ဖြစ်ခြင်းကို ရှုခြင်း တည်း၊ တနည်းကား—ဖြစ်သော သင်္ခါရ တရား၏ ဇရာဖြင့် ငှင်း, မရဏဖြင့်ငှင်း နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဖောက်ပြန်ခြင်းကို မြင်ခြင်းတည်း၊ ထို ဝိပရိဏာမာနုပဿနာဖြင့် မြဲမြံ ခိုင်ခံ့သည်၏ အဖြစ်ကို မှတ်မှားသော သညာကို ပယ်ခြင်းသည် ဖြစ်၏။ "**အနိမိတ္တာနုပဿနာ**" ဟူသည်ကား—အနိစ္စာနုပဿနာပင် တည်း၊ ထို အနိစ္စာနုပဿနာဖြင့် နိစ္စ နိမိတ်ကို ပယ်ခြင်းသည် ဖြစ်၏။ "အပ္ပဏိဟိတာနုပဿနာ" ဟူသည်ကား—ဒုက္ခာနုပဿနာပင်တည်း၊ ထို ဒုက္ခာနုပဿနာဖြင့် သုခ ဟူ၍ တောင့်တခြင်းကို ပယ်ခြင်းသည် ဖြစ်၏။ "သုညတာနုပဿနာ" ဟူသည်ကား—အနတ္တာနုပဿနာပင်တည်း၊ ထို အနတ္တာနုပဿနာဖြင့်

http://www.dhammadownload.com



**အတ္တသည်** ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏ဟု မှားသော **အားဖြင့်** နှလုံးသွင်းခြင်းကို ပယ်ခြင်းသည် ဖြစ်၏။ "**အဓိပညာ ဓမ္မ ဝိပဿနာ**" ဟူသည်ကား—

"အာရမ္မဏဉ္စ ပဋိသင်္ခါ, ဘင်္ဂဉ္စ အနုပဿတိ၊
သုညတော စ ဥပဋ္ဌာနံ, အဓိပညာ ဝိပဿနာ။"

"ရုပ်စသော အာရုံကိုလည်း သိ၍ ထိုရုပ် စသည့် အာရုံ ရှိသော စိတ်၏ ဘင်ကိုလည်း အဖန် တလဲလဲ ရှု၏၊ သုညတအားဖြင့်လည်း ထင်ခြင်း၊ ဤသည်လျှင် အဓိပညာ ဓမ္မ ဝိပဿနာ မည်၏။"

ဤသို့ ပြဆိုခဲ့ပြီးကုန်သော ရုပ် အစရှိသော အာရုံကို သိ၍ ထို ရုပ် စသော အာရုံ၏ငှင်း, ထို ရုပ် စသည်လျှင် အာရုံရှိသော စိတ်၏ငှင်း ဘင်ကို မြင်၍ သင်္ခါရတို့သည် သာလျှင် ပျက်စီးကုန်၏၊ တေဘူမက သင်္ခါရတို့၏ ပျက်ခြင်း သေခြင်းသည် ဖြစ်၍ သင်္ခါရမှ တပါးသော တစုံတခုသော ပုဂ္ဂိုလ် သတ္တဝါသည် မရှိ၊ ဤသို့ ဘင်၏ အစွမ်းဖြင့် ပုဂ္ဂိုလ် သတ္တဝါမှ ဆိတ်သည်၏ အဖြစ်ကို ယူ၍ ဖြစ်သော အကြင် ဝိပဿနာသည် ရှိ၏၊ ထို ဝိပဿနာကို လွန်ကဲသော ပညာသည်လည်း ဖြစ်၏၊ တေဘူမက တရားတို့ကို အထူးထူး အပြားပြား ရှုတတ်သည်လည်း ဖြစ်၏။ ဤသို့သော **အကြောင်းကြောင့်** "အဓိပညာ ဓမ္မဝိပဿနာ" ဟူ၍ ဆိုအပ်၏၊ **ထို အဓိပညာ** ဓမ္မဝိပဿနာဖြင့် နိစ္စဟူသော အနှစ် သာရ မရှိ **သည်၏** အဖြစ်ကိုငှင်း, အတ္တ ဟူသော အနှစ် သာရ မရှိသည်၏ **အဖြစ်ကိုငှင်း** ကောင်းစွာ မြင်အပ်သည်၏ အဖြစ်ကြောင့် **အနှစ်** သာရ မရှိသော ခန္ဓာ ငါးပါးတို့၌ အနှစ် သာရ ရှိ၏ဟု ယူမှား သော နှလုံးသွင်းခြင်းကို ပယ်ခြင်းသည် ဖြစ်၏။ "**ယထာဘူတ ဉာဏဒဿန**" ဟူသည်ကား—အကြောင်းနှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းခြင်းတည်း၊ ထို ယထာဘူတ ဉာဏဒဿန ဖြင့် ငါသည် အတိတ် ဖြစ်သော အခွန့်၌ ဖြစ်ဘူးလေပြီလော၊ ဤသို့ အစရှိသော ယုံမှား သံသယ၏ အစွမ်းအားဖြင့်ငှင်း, ဗြဟ္မာ ဗိဿဏိုး စသော အကြောင်းကြောင့် လောကသည် ဖြစ်၏၊

http://www.dhammadownload.com



ဤသို့ အစရှိသော မိစ္ဆာဉာဏ်၏ အစွမ်းအားဖြင့်ဝင်း ဖြစ်သော သံသယ မိစ္ဆာဉာဏ်တို့၏ အစွမ်းဖြင့် ဖြစ်သော တွေဝေခြင်း ဟူသော အမှား နှလုံးသွင်းခြင်းကို ပယ်ခြင်းသည် ဖြစ်၏။

"အာဒီနဝါနုပဿနာ" ဟူသည်ကား—ဘယတုပဋ္ဌာန ဉာဏ်၏ အစွမ်းအားဖြင့် ဖြစ်သော အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဋ္ဌိတိ, သတ္တာဝါသတို့၌ အပြစ်ကို ရှုသော ဉာဏ်တည်း၊ ထို အာဒီနဝ ဒဿန ဉာဏ်ဖြင့် တစုံတခုသော ပုန်းအောင်းရာ စောင့်ရှောက်ရာဟု ကပ်ငြိ တွယ်တာအပ်သော တစုံတခုသော ဘဝ ယောနိ စသည် မထင် မမြင်၊ ထို့ကြောင့် သင်္ခါရတို့၌ ပုန်း အောင်းရာ မှီခိုရာ အဖြစ်ဟု ယူမှားသော အာလယာဘိနိဝေသ ဘဝနိကန္တိကို ပယ်ခြင်းသည်ဖြစ်၏။ "ပဋိသင်္ခါနုပဿနာ" ဟူသည်ကား—ဘဝ သုံးပါးမှ လွတ်ခြင်း၏ အကြောင်းကို ပြုတတ်သော ပညာသည် ပဋိသင်္ခါဉာဏ် မည်၏၊ ထို ပဋိသင်္ခါ ဉာဏ်ဖြင့် ပဋိသင်္ခါ၏ ဆန့်ကျင်ဘက် ဖြစ်သော မောဟကို ပယ်ခြင်းသည်ဖြစ်၏။ "ဝိဝဋ္ဋာနုပဿနာ" ဟူသည်ကား— သင်္ခါရုပေက္ခာ ဉာဏ်သည်၎င်း, အနုလောမ ဉာဏ်သည်၎င်း အကြွင် သို့သော အခြင်း အရာအားဖြင့် စိတ်သည် သင်္ခါရတို့ကို လွှတ်၍ ဝင်ကင်းရာ ဖြစ်သော နိဗ္ဗာန်သို့ ပြေးဝင်၏၊ ထိုသို့သော အခြင်း အရာအားဖြင့် ဖြစ်သောကြောင့် ဝိဝဋ္ဋာနုပဿနာ မည်၏။ ထိုစကား မှန်၏—သင်္ခါရုပေက္ခာ ဉာဏ်, အနုလောမ ဉာဏ် ဖြစ်သော အခါ၌ ထို ယောဂီ ပုဂ္ဂိုလ်၏ စိတ်သည် စဉ်းငယ် ညွှတ်သော ပဒုမာ ကြာရွက်ဖျား၌ ရေပေါက်ကဲ့သို့ အလုံးစုံသော သင်္ခါရ တရားအပေါင်းမှ တွန့်၏, ရှုံ၏, နစ်၏၊ ဤသို့ ဟောတော် မူ၏၊ ထို့ကြောင့် ထို ဝိဝဋ္ဋာနုပဿနာဖြင့် သက်ဝင်သည်၏ အဖြစ် ဖြင့် ဖြစ်သော သံယောဇဉ်စသော ကိလေသာ ဟူသော အဘိ- နိဝေသကို ပယ်ခြင်းသည် ဖြစ်၏၊ ကာမသံယောဂ အစရှိသော ကိလေသာ ဟူသော အဘိနိဝေသကို ကိလေသာ၏ ဖြစ်ခြင်းကို ပယ်ခြင်းသည်ဖြစ်၏။ ဤသို့ ပြဆိုပြီးသောနည်းဖြင့် အကျယ် အားဖြင့် တဒင်္ဂ ပဟာန်ကို သိအပ်၏၊ ပါဠိတော်၌ကား—

http://www.dhammadownload.com



"တဒင်္ဂပဟာနဉ္စ ဒိဋ္ဌိဂတာနံ နိဗ္ဗေဓဘာဂိယံ သမာဓိံ ဘာဝယတော။"

"နိဗ္ဗေဓ အဘို့ရှိသော ဝိပဿနာ သမာဓိကို ပွါးစေသော ယောဂီအား ခြောက်ဆဲ့ နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ အယူတို့ကို ထို ဝိပဿနာ၏ အစိတ်ဖြစ်သော ဉာဏ်ဖြင့် ပယ်ခြင်းသည်လည်း ဖြစ်၏။"

ဤသို့ အကျဉ်းအားဖြင့် ဟောတော်မူအပ်၏။

ထိုမှတပါး မိုးကြိုးစက်ဖြင့် နှိပ်စက်အပ်သော သစ်ပင်၏၊ ဝါ—မိုးကြိုး ပစ်သော သစ်ပင်၏ တဖန် မဖြစ်ပြန်သကဲ့သို့ အကြင် အခြင်းအရာဖြင့် အရိယ မဂ်ဉာဏ်ဖြင့် သံယောဇဉ် အစ ရှိကုန်သော အကုသိုလ် တရားတို့၏ တဖန် ဖြစ်ပြန်ခြင်း သဘော မရှိ၊ ထို အခြင်းအရာဖြင့် အကြင် ပယ်ခြင်းသည် ရှိ၏၊ ဤ နောက်ခါ တဖန် မဖြစ်ပြန်ခြင်း သဘောအားဖြင့် ပယ်ခြင်းသည်၊ ဝါ—အမြစ်ပြတ် ပယ်ခြင်းသည် "သမုစ္ဆေဒပဟာန်" မည်၏၊ ဤ သမုစ္ဆေဒ ပဟာန်ကို ရည်၍—

"သမုစ္ဆေဒပဟာနဉ္စ လောကုတ္တရံ ခယဂါမိမဂ္ဂံ ဘာဝယတော"

"လောကုတ္တရာ ဖြစ်သော သံကိလေသ စသော သင်္ခါရ ရှိသမျှ အားလုံးတို့၏ ကုန်ရာ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်သော အရိယမဂ်ကို ပွါးစေသော ယောဂီအား သမုစ္ဆေဒ ပဟာန်သည်လည်း ဖြစ်၏" ဟူ၍ မိန့်တော်မူ၏။

ဤသို့ ဤသုံးပါးသော ပဟာန်တို့တွင် သမုစ္ဆေဒ ပဟာန်ကို သာလျှင် ဤ အဘိသမယကို ဆိုရာ စကားရပ်၌ အလိုရှိအပ်၏၊ သို့သော်လည်း ထို ယောဂီအား သမုစ္ဆေဒ ပဟာန်၏ ရှေ့အဘို့၌ ဝိက္ခမ္ဘန ပဟာန်, တဒင်္ဂ ပဟာန်တို့သည်လည်း ထို သမုစ္ဆေဒ ပဟာန် ဟူသော အကျိုး ရှိကုန်သည် သာလျှင် ဖြစ်ကုန်၏၊

http://www.dhammadownload.com



ထို့ကြောင့် ပဟာန် သုံးပါး အပေါင်းသည်လည်း ဤ ပရိယာယ်ဖြင့် မဂ်ဉာဏ်၏ ကိစ္စတည်း၊ ဤသို့ သိအပ်၏။ ဥပမာဖြင့် ထင်ရှားစေအံ့—ရန်သူ မင်းကိုသတ်၍ မင်းအဖြစ်သို့ ရောက်သော မင်းသည် ထို မင်းမဖြစ်မီ ရှေ့အဘို့၌ အကြွင်း အမှုကိုလည်း ပြု၏၊ အလုံးစုံသော ထိုအမှုကို ဤမည်သော အမှု ဤမည်သော အမှုကိုလည်း မင်းသည် ပြုအပ်၏ ဟူ၍ သာလျှင် ဆိုအပ်၏၊ ဤနည်းတူ သာလျှင် လောကီ ဉာဏ်ဖြင့် ပြီးစေအပ်ကုန်သော်လည်း ဝိက္ခမ္ဘန ပဟာန်, တဒင်္ဂ ပဟာန်တို့ကို သမုစ္ဆေဒ ပဟာန်၏ အစွမ်းအားဖြင့် ဖြစ်သော မဂ်ကိစ္စ၏ အဖြစ်ဖြင့် ဆိုအပ်ကုန်၏၊ အဘယ့်ကြောင့်နည်း—ထိုတဒင်္ဂပဟာန်, ဝိက္ခမ္ဘန ပဟာန်တို့၏ ထို မဂ်ဟူသော အကျိုး ရှိသည်၏ အဖြစ်ကြောင့်ငှင်း, မဂ်၏ ထိုတဒင်္ဂ, ဝိက္ခမ္ဘန စိတ်အစဉ်၌ ကျသည်၏ အဖြစ်ကြောင့်ငှင်း တည်း။

သစ္ဆိကိရိယာသည်လည်း သုံးပါး အပြား ရှိ၏၊ လောကီ သစ္ဆိကိရိယာ, လောကုတ္တရာ သစ္ဆိကိရိယာ ဟူ၍ နှစ်ပါး အပြား ရှိသော်လည်း လောကုတ္တရာ ဖြစ်သော သစ္ဆိကိရိယာ၏ ဒဿန, ဘာဝနာ၏ အစွမ်းအားဖြင့် ပြားခြင်းကြောင့် သုံးပါး အပြား ရှိသည် ဖြစ်၏၊ ထို သစ္ဆိကိရိယာ သုံးပါးတို့တွင် ငါသည် ပဌမဈာန်ကို ရသည် ဖြစ်ပြီ၊ လေ့လာခြင်း ရှိသည် ဖြစ်ပြီ၊ ငါသည် ပဌမဈာန်ကို မျက်မှောက် ပြုအပ်ပြီ၊ ဤသို့ အစရှိသော နည်းဖြင့် လာသော ပဌမဈာန် စသည်တို့ကို တွေ့ခြင်းသည် "လောကီ သစ္ဆိကိရိယာ" မည်၏။ "တွေ့ခြင်း" ဟူသည်ကား—ရပြီး၍ ဤ ပဌမဈာန် စသည်ကို "ငါသည်ရအပ်ပြီ"ဟု မျက်မှောက်အားဖြင့် အာရုံပြုခြင်းဟု ဆိုအပ်သော ဉာဏ်နှင့် တွေ့ခြင်းဖြင့် တွေ့ခြင်း တည်း၊ ထိုစကား မှန်၏—ဤ အနက်ကို သာလျှင် ရည်၍ တွေ့ခြင်း ဟူသော သဘောအားဖြင့် မျက်မှောက် ပြုတတ်သော ပညာ သည် ဉာဏ်မည်၏၊ ဤသို့ အကျဉ်း ပြပြီး၍ "ယေ ယေ ဓမ္မာ သစ္ဆိကတာ ဟောန္တိ၊ တေ တေ ဓမ္မာ ဖုသိတာ ဟောန္တိ။" "အကြွင်း အကြွင်း တရားတို့ကို မျက်မှောက် ပြုအပ်ကုန်သည်

http://www.dhammadownload.com



ဖြစ်ကုန်၏၊ ထိုထို တရားတို့သည် ဉာဏ်ဖြင့် တွေ့အပ်ကုန်၏၊” ဤသို့ သစ္စိကိရိယ နိဒ္ဒေသကို ဟောတော်မူအပ်၏။

တနည်း တဖုံ ဆိုပေတုံအံ့—မိမိ သန္တာန်၌ ဈာန် မဂ် ဖိုလ်တို့ကဲ့သို့ မဖြစ်စေမူ၍လည်း အကြင် တရားတို့ကို သက်သက် သူတပါးကို ယုံကြည်ရခြင်း ကင်းသော ဉာဏ်ဖြင့် သိအပ်ကုန်၏၊ ထို တရားတို့သည် မျက်မှောက် ပြုအပ်ကုန်သည် ဖြစ်ကုန်၏။ ထိုစကား မှန်၏—ထို့ကြောင့်သာလျှင်—

“သဗ္ဗံ ဘိက္ခဝေ သစ္ဆိကာတဗ္ဗံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ သစ္ဆိကာတဗ္ဗံ၊ စက္ခုံ ဘိက္ခဝေ သစ္ဆိကာတဗ္ဗန္တိ။”

“အို ရဟန်းတို့—အလုံးစုံကို မျက်မှောက် ပြုအပ်၏၊ အို ရဟန်းတို့—အဘယ် အလုံးစုံကို မျက်မှောက် ပြုအပ်သနည်း၊ အို ရဟန်းတို့—စက္ခုကို မျက်မှောက် ပြုအပ်၏။”

ဟု ဤသို့ စသည်ကို ဟောတော်မူ၏။

ဤမှ တပါးသော တရားကိုလည်း ဟောတော်မူ၏၊

“ရူပံ ပဿန္တော သစ္ဆိကရောတိ၊ ဝေဒနံ····(လ)···· ဝိညာဏံ ပဿန္တော သစ္ဆိကရောတိ၊ စက္ခုံ ဇရာမရဏံ အမတောဂဓံ နိဗ္ဗာနံ ပဿန္တော သစ္ဆိကရောတိ။”

“ရုပ်ကို ပစ္စက္ခအားဖြင့် သိသည် ဖြစ်၍ မျက်မှောက် ပြု၏၊ ဝေဒနာကို····(လ)····ဝိညာဉ်ကို ပစ္စက္ခအားဖြင့် သိသည်ဖြစ်၍ မျက်မှောက် ပြု၏၊ စက္ခုကို····(လ)···· ဇရာမရဏကို အမတ၌ အကျုံးဝင်သော နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့် သိသည် ဖြစ်၍ မျက်မှောက် ပြု၏။”

ဤသို့ ဟောတော်မူ၏။

“ယေ ယေ ဓမ္မာ သစ္ဆိကတာ ဟောန္တိ၊ တေ တေ ဓမ္မာ ဖုသိတာ ဟောန္တိ။”

http://www.dhammadownload.com



"အကြင် အကြင် တရားတို့သည် မျက်မှောက် ပြုအပ်ကုန်၏၊ ထိုထို တရားတို့သည် ဉာဏ်ဖြင့် တွေ့ထိအပ်ကုန်သည် ဖြစ်ကုန်၏။"

ဤသို့ မှတ်အပ်၏။

လောကီ သစ္ဆိကိရိယာမှ တပါး လောကုတ္တရာ သစ္ဆိကိရိယာကို ဆိုအံ့—သောတာပတ္တိမဂ် ခဏ၌ နိဗ္ဗာန်ကို မြင်ခြင်းသည် ဒဿန မည်သော သောတာပတ္တိ မဂ်ဖြင့် မျက်မှောက်ပြုခြင်း မည်၏၊ သောတာပတ္တိ မဂ်မှ ကြွင်းသော အထက် မဂ်ခဏတို့၌ ဘာဝနာ မည်သော အထက် မဂ်ဖြင့် မျက်မှောက် ပြုခြင်း မည်၏၊ ဤသို့ မှတ်အပ်၏၊ ဒဿန, ဘာဝနာအားဖြင့် နှစ်ပါး အပြား ရှိသည်လည်း ဖြစ်သော ထို သစ္ဆိကိရိယာကို ဤ အဘိသမယကို ဆိုရာ၌ အလို ရှိအပ်၏၊ ထို့ကြောင့် ဒဿနမဂ်, ဘာဝနာမဂ်၏ အစွမ်းအားဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းသည် ဤ ယထာဝိကတ ဖြစ်သော လောကုတ္တရာ ဉာဏ်၏ သစ္ဆာ မည်၏၊ ဤသို့ သိအပ်၏။ "**ဘာဝနာ နှစ်ပါးကို ဉာဏ်ဖြင့် [illegible] သိအပ်၏**" ဟူသည်ကား—ဘာဝနာတို့ကို လောကီ ဘာဝနာ, လောကုတ္တရာ ဘာဝနာ ဟူသော နှစ်ပါးတို့ကို သာလျှင် အလိုရှိအပ်ကုန်၏၊ ထို ဘာဝနာ နှစ်ပါးတို့တွင် လောကီ ဖြစ်ကုန်သော သီလ သမာဓိ ပညာတို့ကို ဖြစ်စေခြင်းသည်၎င်း, ထို သီလ သမာဓိ ပညာတို့ဖြင့် မိမိ သန္တာန်ကို ထုံခြင်းသည်၎င်း လောကီ ဘာဝနာ မည်၏၊ လောကုတ္တရာ ဖြစ်ကုန်သော သီလ သမာဓိ ပညာတို့ကို ဖြစ်စေခြင်းသည်၎င်း, ထို လောကုတ္တရာ သီလ သမာဓိ ပညာတို့ဖြင့် မိမိ သန္တာန်ကို ထုံခြင်းသည်၎င်း လောကုတ္တရာ ဘာဝနာ မည်၏။

ထို လောကီ လောကုတ္တရာ ဘာဝနာ နှစ်ပါးတို့တွင် ဤ ဉာဏဒဿန ဝိသုဒ္ဓိ ကထာ၌ လောကုတ္တရာ ဘာဝနာကို အလိုရှိအပ်၏၊ လောကီ ဘာဝနာကို အလိုမရှိအပ်၊ လောကုတ္တရာ ဘာဝနာ၏ အဆောက် အဦသာ ဖြစ်သောကြောင့်တည်း၊ ထို

http://www.dhammadownload.com



စကား မှန်၏—လေးပါး အပြားရှိသည့်လည်း ဖြစ်သော ထို အရိယ မဂ်ဉာဏ်သည် လောကုတ္တရာ ဖြစ်ကုန်သော သမ္မာဝါစာ စသည် အပြားရှိကုန်သော သီလ သမာဓိတို့ကို ဖြစ်စေ၏၊ အဘယ်သို့ ဖြစ်စေသနည်း—ထို သီလ စသည်တို့အား သဟဇာတ ပစ္စည်း စသည်၏ အဖြစ်ဖြင့် ဖြစ်စေ၏၊ ထို ကိလေသာ အရင်း အမြစ် ပြတ်ပြီး ငြိမ်းပြီးသည်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော လောကုတ္တရာ သီလ သမာဓိတို့ဖြင့် အရိယာ ပုဂ္ဂိုလ်သည် မိမိ သန္တာန်ကို ထုံစေ၏၊ ထို့ကြောင့် လောကုတ္တရာ ဘာဝနာသည် သာလျှင် ထို မဂ်ဉာဏ်၏ ကိစ္စ မည်၏၊ ဤသို့ ပရိညာ အစရှိကုန်သော အကြောင်းကိစ္စတို့ကို အဘိသမယ ကာလ၌ ဟောတော်မူအပ်ကုန်ပြီ၊ အလုံးစုံသော ထို ကိစ္စတို့ကိုလည်း မဖောက် မပြန် ဟုတ်မှန်တိုင်းသော သဘောဖြင့် သိအပ်ကုန်၏၊ ဤမျှ အတိုင်းအရှည် ရှိသော စကား အစဉ်ဖြင့်လည်း "**သီလေ ပတိဋ္ဌာယ နရော သပ္ပညော, စိတ္တံ ပညဉ္စ ဘာဝယံ**" ဟူ၍ ဤသို့ သရုပ်အားဖြင့် သာလျှင် လာသော ပညာဘာဝနာ၏ အစီ အရင်ကို ပြခြင်းငှါ—

"မူလဘူတာ ဝိသုဒ္ဓိယော သမ္ပာဒေတွာ သရီရဘူတာ ပဉ္စ ဝိသုဒ္ဓိယော သမ္ပာဒေန္တေန ဘာဝေတဗ္ဗာ။"

ဟူ၍ အကြင် စကားကို အကျဉ်းအားဖြင့် ဆိုအပ်ပြီ၊ ထို စကားကို အကျယ် ပြဆိုပြီးသည် ဖြစ်၏၊ "အဘယ်သို့ ပွါးအပ်သနည်း" ဟူသော ဤ ပြဿနာသည်လည်း ဖြေဆိုပြီးသည် ဖြစ်၏။

ဤသို့လျှင် သူတော်ကောင်းတို့၏ နှစ်သက် ဝမ်းမြောက်စေခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း ပညာ ဘာဝနာကို ဆိုရာ၌ ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ အမည်ရှိသော အပိုင်း ၂၂-ပြီး၏။

၂၂-ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ ပြီး၏။

http://www.dhammadownload.com

# ၂၃—ပညာဘာဝနာနိသံသ နိဒ္ဒေသပိုင်း

ပညာဘာဝနာ၏ အကျိုးထူး—

**"ပညာ ဘာဝနာ၏ အကျိုးကား အဘယ်နည်း"** ဟူ၍ အကြင် စကားကို ဆိုခဲ့ပြီ၊ ထိုအမေးစကား၌ အဖြေကို ဆိုကုန်အံ့၊ ရှေ့ဦးအံ့—ဤပညာ ဘာဝနာ မည်သည်ကား သာဝက ဗောဓိ အစရှိသော ပြန့်ပြော ဖွံ့စင်သော အာနိသင် အထူးကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် အရာမက များသော အကျိုး အာနိသင် ရှိကုန်၏၊ ထိုပညာ ဘာဝနာ၏ အကျိုး အာနိသင်ကို ရှည်မြင့်စွာသော ကာလပတ်လုံးလည်း နယဒဿနကို မပြုမူ၍ အကျယ် ချဲ့ဖွင့်သောအားဖြင့် ထင်ရှားစွာ ပြခြင်းငှါ မလွယ်၊ ထိုသို့ အကျယ်အားဖြင့် ပြခြင်းငှါ မလွယ်သော်လည်း အကျဉ်းချုပ် အားဖြင့် ပြဆိုရသည် ရှိသော်—

(က) သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ စသော များစွာသော ကိလေသာတို့ကို တဒင်္ဂ ပဟာန် စသည်တို့၏ အစွမ်းဖြင့် ပယ်ခြင်း ဖျက်ဆီးခြင်းငှင်း၊

(ခ) သောတာပတ္တိဖိုလ် စသော အရိယာ ဖိုလ်ချမ်းသာ ၏ အရသာကို ခံစားရခြင်းငှင်း၊

(ဂ) နိရောဓ သမာပတ်ကို ဝင်စားခြင်းငှါ စွမ်းနိုင်သည် ၏ အဖြစ်ငှင်း၊

(ဃ) အာဟုနေယျ အဖြစ် စသည်၏ ပြီးခြင်းငှင်း၊

ဤသို့သော အကျိုး အာနိသင်ကိုသိအပ်၏။ ထို အကျိုး အာနိသင်တို့တွင် နာမ်ရုပ်ကို ပိုင်းခြားသည်မှ စ၍ သက္ကာယဒိဋ္ဌိ အစရှိသည်တို့၏ အစွမ်းအားဖြင့် အကြင် အထူးထူး အထွေထွေ သော ကိလေသာတို့ကို ဖျက်ဆီးခြင်းကို ဆိုအပ်ပြီ၊ ဤသက္ကာယဒိဋ္ဌိ စသော အားဖြင့် အထူးထူးသော ကိလေသာတို့ကို ဖျက်ဆီးခြင်း သည် လောကီ ဖြစ်သော ပညာဘာဝနာ၏ အကျိုး အာနိသင်

http://www.dhammadownload.com



တည်း၊ အရိယ မဂ်ခဏ၌ သံယောဇဉ်အစရှိကုန်သော ကိလေသာတို့၏ အစွမ်းအားဖြင့် အကြင် အထူးထူး အထွေထွေသော ကိလေသာကို ပယ်ခြင်း ဖျက်ဆီးခြင်းကို ဆိုအပ်ပြီ၊ ဤ အထူးထူးသော ကိလေသာ တို့ကို ဖျက်ဆီးခြင်းသည် လောကုတ္တရာ ဖြစ်သော ပညာ ဘာဝနာ၏ အကျိုး အာနိသင်တည်း၊ ဤသို့ သိအပ်၏။

"ဘီမဝေဂါနုပတိတာ, အသနီဝ သိလုစ္စယေ၊
ဝါယုဝေဂသမုဋ္ဌိတော, အရညမိဝ ပါဝကော။
အန္ဓကာရံ ဝိယ ရဝိ, သတေဇုဇ္ဇလမဏ္ဍလော၊
ဒီဃရတ္တာနုပတိတံ၊ သဗ္ဗာနတ္ထဝိဓာယကံ။
ကိလေသဇာလံ ပညာဟိ, ဝိဒ္ဓံသယတိ ဘာဝိတာ၊
သံဒိဋ္ဌိကမတော ဇညာ, အာနိသံသမိမံ ဣဓ။"

"အလုံးစုံသော လူအပေါင်း၏ ဦးခေါင်းကို ခွဲအံ့ သကဲ့သို့ ကြောက်မက်ဘွယ်သော အဟုန်ဖြင့် လျင်စွာ ကျသော မိုဃ်းကြိုးစက်သည် ကြီးစွာသော ကျောက်တောင်ကြီးတို့ကို ဖျက်ဆီးသကဲ့သို့ငင်း၊ လေအဟုန်ဖြင့် ပြင်းစွာ ဖြစ်သော တောမီးသည် တောကို ဖျက်ဆီးသကဲ့သို့ငင်း။

သာရဒ ကာလ၌ မိမိ၏ တန်ခိုးဖြင့် တောက်ပလျက် မကြည့်နိုင် မကြည့်ဝံ့အောင် အရောင် အဝန်း ရှိသော နေမင်းသည် အမိုက်မှောင်ကို ပယ်ဖျောက် ဖျက်ဆီးသကဲ့သို့ငင်း၊ ထို့အတူ ရှည်မြင့်စွာသော ကာလပတ်လုံး ခန္ဓာ သန္တာန်၌ ကျရောက်သော သတ်ခြင်း နှောင်ဖွဲ့ခြင်း စသော ဒုဂ္ဂတိ၌ ဖြစ်သော ထက်ဝန်းကျင် ပူပန်စေတတ်သော ဇာတိ ဇရာ စသော အလုံးစုံသော အကျိုးစီးပွါးမဲ့ကို စီရင်တတ် သော ကိလေသာ ကွန်ရက်ကို ပွါးစေအပ်သော ပညာသည် အကြင့်ကြောင့် ဖျက်ဆီးပေ၏၊ ထို့ကြောင့် မျက်မှောက် ထင်ထင် မြင်သိစကောင်းသော ဤ အကျိုး အာနိသင်ကို ဤ ပညာ ဘာဝနာ အရာ၌ အမျိုးကောင်း သားသည် သိရာ၏။"

http://www.dhammadownload.com



အရိယ ဖိုလ်ချမ်းသာ၏ အရသာ—

**"အရိယ ဖိုလ်ချမ်းသာ၏ အရသာကို ခံစားရခြင်း"** ဟူသည်ကား—ကိလေသာကို ဖျက်ဆီးခြင်း သက်သက် သာလျှင် အကျိုးဆက် အာနိသင် ရှိသည် မဟုတ်သေး၊ အရိယ မဂ်၏ ဖိုလ် အရသာကို ခံစားရခြင်းသည်လည်း၊ ဝါ—အရိယာ ဖြစ်သော ဖိုလ်၏ ပဋိပဿဒ္ဓိ ဝိမုတ္တိ ချမ်းသာ အရသာကို ခံစားရခြင်း သည်လည်း ပညာ ဘာဝနာ၏ အကျိုး အာနိသင်ပေတည်း၊ ထိုစကား မှန်၏—သောတာပတ္တိ ဖိုလ် အစရှိသော အရိယ မဂ်၏ ဖိုလ်ကို အရိယ ဖိုလ်ဟူ၍ ဆိုအပ်၏၊ ထို နိဗ္ဗာန်လျှင် အာရုံရှိသော အရိယ ဖိုလ်၏ မဂ္ဂဝီထိ၌၎င်း, ဖလသမာပတ်၏ အစွမ်းအားဖြင့် ဖြစ်ခြင်း၌၎င်း ဤသို့ နှစ်ပါးသော အခြင်းအရာတို့ဖြင့် ပဋိပဿဒ္ဓိ ဝိမုတ္တိ သုခ ဟူသော အရသာထူး အရသာမြတ်ကို ခံစားရခြင်း သည် ဖြစ်၏၊ ထို အခြင်းအရာ နှစ်ပါးတို့တွင် ထို အရိယ ဖိုလ်၏ မဂ္ဂဝီထိ၌ ဖြစ်ခြင်းကို ပြအပ်ပြီးပြီသာတည်း၊ ဆိုဘွယ် စဉ်းငယ် ကျန်သေး၏၊ အကြင် ဆရာတို့သည် သံယောဇဉ်ကို ပယ်ခြင်းမျှ သည် သာလျှင် အရိယမဂ်၏ အကျိုး မည်၏၊ သံယောဇဉ်ကို ပယ်ခြင်းမှ တပါး သော တစုံတခုသော ဝိပါက် အကျိုး တရား သည် မရှိဟု ဆိုကြကုန်၏၊ ထို ဆရာတို့အား သင့်လျော်သည် ဖြစ်၍ နှစ်သက်စေခြင်းအကျိုးငှါ ဤပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ထုတ်ဆောင် ပြဆိုအပ်၏—

"ကထံ ပယောဂပဋိပဿဒ္ဓိပညာ ဖလေ ဉာဏံ၊ သောတာပတ္တိမဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ မိစ္ဆာ-ဒိဋ္ဌိယာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ ပိ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ၊ တံ ပယောဂ-ပဋိပဿဒ္ဓတ္တာ ဥပ္ပဇ္ဇတိ၊ သမ္မာဒိဋ္ဌိ မဂ္ဂဿေတံ ဖလန္တိ။"

မြန်မာပြန်—

"အဘယ်သို့လျှင် အရိယမဂ် ဟူသော ပယောဂကြောင့် ဖြစ်သော ကိလေသာတို့၏ ငြိမ်းခြင်း၌ ဖြစ်သော ပညာ

http://www.dhammadownload.com



သည် ဖိုလ်၌ဖြစ်သော ဉာဏ် မည်သနည်း—သောတာပတ္တိ မဂ်ခဏ၌ နိဗ္ဗာန်ကို မြင်တတ်သော သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ သမ္မုယုတ်အားဖြင့်ရင်း, ဥပနိဿယအားဖြင့်ရင်း ထို မိစ္ဆာဒိဋ္ဌိသို့ အစဉ် လိုက်ကုန်သော ကိလေသာတို့မှရင်း, ထို မိစ္ဆာဒိဋ္ဌိသို့ အစဉ် လိုက်ကုန်သော ထို မိစ္ဆာဒိဋ္ဌိနှင့် သမ္ပယုတ် ဖြစ်သော ခန္ဓာ, ထို မိစ္ဆာဒိဋ္ဌိကြောင့် နောင် ဖြစ်လတ့်သော ခန္ဓာတို့မှရင်း ထ၏၊ ပြဆိုပြီးသော ကိလေသာ ခန္ဓာတို့မှ အပ ဖြစ်ကုန်သော ဝိပဿနာ၏ အာရုံ ဖြစ်သော အလုံးစုံသော သင်္ခါရ နိမိတ်တို့မှလည်း ထ၏၊ ထို အဇ္ဈတ္တ ဗဟိဒ္ဓ တို့မှ ထခြင်း စသော မဂ်ပယောဂ၏ ငြိမ်းခြင်းကြောင့် မဂ်၏ အခြားမဲ့၌ ဖိုလ်ဖြစ်သော သမ္မာဒိဋ္ဌိသည် နှစ်ကြိမ်, သုံးကြိမ်, လေးကြိမ်စသည်ဖြင့် အကြိမ်များစွာ ဖြစ်၏၊ ဤ သမ္မာဒိဋ္ဌိသည် မဂ်၏ အကျိုးမည်၏" ဤသို့ အစရှိသည်ကို အကျယ် ချဲအပ်၏။

"စတ္တာရော အရိယမဂ္ဂါ, စတ္တာရိ စ သာမညဖလာနိ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ၊ မဟဂ္ဂတော ဓမ္မော အပ္ပမာဏဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။"

ဤသို့ အစရှိသော သုတ်တို့သည်လည်း ဤ အရိယဖိုလ်၏ သဘာဝ ဓမ္မ အဖြစ်ဖြင့် ထင်ရှား ရှိသည်၏ အဖြစ်၌ သက်သေ သာဓကတို့တည်း။

ပါဠိတော် မြန်မာပြန်—

"လေးပါးကုန်သော အရိယမဂ်တို့ရင်း, လေးပါးကုန်သော သာမညဖိုလ်တို့ရင်း ဤ မဂ်လေးပါး, ဖိုလ်လေးပါး တရားတို့သည် အပ္ပမာဏ ဖြစ်သော နိဗ္ဗာန်လျှင် အာရုံ ရှိကုန်၏၊ မဟဂ္ဂုတ် ဖြစ်သော နေဝသညာနာသညာယတန ကုသိုလ် ကြိယာ တရားသည် နိရောဓ သမာပတ်မှ ထသော အခါ၌ အပ္ပမာဏ ဖြစ်သော

http://www.dhammadownload.com



အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏။''

ဖလသမာပတ်နှင့် စပ်၍ မှတ်ဘွယ်—

ထိုမှတပါး ထို အရိယ ပုဂ္ဂိုလ်၏ ဖိုလ်၏ ဖြစ်ခြင်း ဟူသော ဖလသမာပတ်၌ ဖြစ်ခြင်းကို ပြခြင်းငှါ—

''ကာ ဖလသမာပတ္တိ၊ ကေ တံ သမာပဇ္ဇန္တိ၊ ကေ န သမာပဇ္ဇန္တိ၊ ကသ္မာ သမာပဇ္ဇန္တိ၊ ကထဉ္စဿာ သမာပဇ္ဇနံ ဟောတိ၊ ကထံ ဌာနံ၊ ကထံ ဝုဋ္ဌာနံ၊ ကိံ ဖလဿ အနန္တရံ၊ ကဿ စ ဖလံ အနန္တရံ။''

(၁) ''ဖလသမာပတ် ဟူသည် အဘယ်နည်း၊

(၂) အဘယ်သူတို့သည် ထို သမာပတ်ကို ဝင်စားကုန်သနည်း၊

(၃) အဘယ်သူတို့သည် မဝင်စားနိုင်ကုန်သနည်း၊

(၄) အဘယ့်ကြောင့် သမာပတ် ဝင်စားကုန်သနည်း၊

(၅) အဘယ်သို့လျှင် ထို သမာပတ်ကို ဝင်စားသနည်း၊

(၆) အဘယ်သို့လျှင် တည်ခြင်းသည် ဖြစ်သနည်း၊

(၇) အဘယ်သို့လျှင် သမာပတ်မှ ထသနည်း၊

(၈) ဖိုလ်၏ အခြားမဲ့၌ အဘယ် တရားသည် ဖြစ်သနည်း၊

(၉) ဖိုလ်သည်လည်း အဘယ် တရား၏ အခြားမဲ့၌ ဖြစ်သနည်း။

ဤသို့ သရုပ်, ကတ္တား, ကာရဏ, အာကာရ, ဌိတိ, ဝုဋ္ဌာနန္တရ၏ အစွမ်းအားဖြင့် ဤ အမေး ပြဿနာကို သိအပ်၏။

ထို ပြဿနာ အမေး၌—''ဖလသမာပတ် ဟူသည် အဘယ်နည်း'' ဆိုသည်ကား—အရိယ ဖိုလ်နှင့် ယှဉ်သော ဈာန်၏ အာရုံဖြစ်သော နိဗ္ဗာန်၌ အကြင် အပ္ပနာ အခြင်း အရာအားဖြင့် ဖြစ်ခြင်း

http://www.dhammadownload.com



သည် ရှိ၏၊ ထို အပ္ပနာသည် ''ဖလ သမာပတ်'' မည်၏။ ''အဘယ် သူတို့သည် ထို သမာပတ်ကို ဝင်စားကုန်သနည်း၊—အဘယ် သူတို့သည် မဝင်စားနိုင်ကုန်သနည်း'' ဆိုရာ၌ကား—ချွန် မရ သော ပုထုဇဉ် ဟူသမျှ အားလုံးတို့သည် ထို သမာပတ်ကို မဝင်စား နိုင်ကုန်၊ အဘယ့်ကြောင့်နည်း—ထိုထို ဖလ သမာပတ်ကို မရအပ် သေးသည်၏ အဖြစ်ကြောင့်တည်း၊ အရိယာအရှင်ဟူသမျှအားလုံး တို့သည်ကား ဝင်စားနိုင်ကုန်၏၊ အဘယ့်ကြောင့်နည်း— ဖလသမာပတ်ကို အရိယာ အရှင်တို့ ရအပ်ပြီးသည်၏ အဖြစ် ကြောင့်တည်း၊ ဆက်၍ ဆိုအံ့—အထက် အထက် ဖြစ်သော သကဒါဂါမိ စသော ပုဂ္ဂိုလ်တို့သည် အောက် အောက် ဖြစ်သော သောတာပတ္တိဖိုလ် စသည်ကို မဝင်စားနိုင်ကုန်၊ အဘယ့် ကြောင့်နည်း—ပုဂ္ဂိုလ်ထူး၏ အဖြစ်သို့ ရောက်ခြင်းဖြင့် အောက် အောက်သော ဖလ သမာပတ်တို့၏ ငြိမ်းသည်၏ အဖြစ် ကြောင့်တည်း၊ အောက်ဖြစ်သော သောတာပန် စသော ပုဂ္ဂိုလ်တို့သည်လည်း အထက် ဖြစ်သော သကဒါဂါမိဖိုလ် စသည် ကို မဝင်စားနိုင်ကုန်၊ အဘယ့်ကြောင့်နည်း—မရအပ်သည်၏ အဖြစ်ကြောင့်တည်း၊ အသင့် အလျော် ဆိုအံ့—မိမိ မိမိ၏ သာလျှင် ဖိုလ်ကို၊ ဝါ—မိမိ မိမိ၏ ဖိုလ်ကို သာလျှင် ဝင်စား နိုင်ကုန်၏၊ ဤသည်ကား ဤ မိမိ မိမိတို့ ရသော ဖလ သမာပတ်ကို သာလျှင် ဝင်စားခြင်း၌ အဆုံးအဖြတ်တည်း။

ကေစိ ဆရာတို့ အယူသည်ကား—ပုထုဇဉ်သာ မဟုတ်, သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့သည်လည်း ထို ဖလ သမာ ပတ်ကို မဝင်စားနိုင်ကုန်၊ အထက် ဖြစ်ကုန်သော အနာဂါမိ ရဟန္တာ နှစ်ဦးတို့သည် သာလျှင် ဝင်စားနိုင်ကုန်၏ဟု ဆိုကုန်၏၊ အကြင့်ကြောင့် ထို အထက် ဖြစ်သော အနာဂါမိ ရဟန္တာ ပုဂ္ဂိုလ် နှစ်ဦးတို့သည် သမာဓိ၌ ဖြည့်ခြင်းကို ပြုလေ့ရှိကုန်၏၊ အနာဂါမိ ရဟန္တာ ပုဂ္ဂိုလ်မှ တပါးကုန်သော သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့သည်ကား သီလတို့၌ ဖြည့်ခြင်းကို ပြုလေ့ရှိကုန်၏၊ ထို့ကြောင့် အနာဂါမိ ရဟန္တာ ပုဂ္ဂိုလ် နှစ်ဦးတို့သည် သာလျှင်

http://www.dhammadownload.com



ဖလ သမာပတ်ကို ဝင်စားနိုင်ကုန်၏ဟု ဤ ဝင်စားနိုင်ခြင်း အကြောင်းကိုလည်း ကေစိတို့ ဆိုကုန်၏၊ အနာဂါမ် ရဟန္တာတို့သည် သမာဓိ၌ ပြည့်ခြင်းကို ပြုလေ့ရှိကုန်၏ဟု ကေစိတို့က ပြဆိုသော ထို အကြောင်းသည် အကြောင်း မဟုတ်သဖြင့် ယုတ္တိ မရှိသည် သာလျှင်တည်း၊ အဘယ့်ကြောင့် ယုတ္တိ မရှိသနည်းဟူမူ— ပုထုဇဉ်၏လည်း မိမိ ရပြီးသော လောကီ သမာဓိကို ဝင်စားနိုင်သည့်၏ အဖြစ်ကြောင့်တည်း၊ ဤ အနက်၌ အကြောင်း ယုတ္တိ ရှိ, မရှိကို စီစစ် ကြံစည်ခြင်းဖြင့် အဘယ် အကျိုး ရှိပါအံ့နည်း။ ပါဠိတော်၌ ပင်လျှင်—

"ကတမေ ဒသ ဂေါတြဘုဓမ္မာ ဝိပဿနာဝသေန ဥပ္ပဇ္ဇန္တိ၊ သောတာပတ္တိမဂ္ဂလာဘတ္ထာယ ဥပ္ပါဒံ၊ ပဝတ္တံ ....(လ)....ဥပါယာသံ၊ ဗဟိဒ္ဓါ သင်္ခါရနိမိတ္တံ အဘိဘုယျတီတိ ဂေါတြဘု။ သောတာပတ္တိဖလသမာပတ္တတ္ထာယ သကဒါဂါမိမဂ္ဂံ၊......( လ )......အရဟတ္တဖလသမာပတ္တတ္ထာယ၊ သုညတဝိဟာရသမာပတ္တတ္ထာယ၊ အနိမိတ္တဝိဟာရသမာပတ္တတ္ထာယ ဥပ္ပါဒံ၊....( လ )....ဗဟိဒ္ဓါ သင်္ခါရနိမိတ္တံ အဘိဘုယျတီတိ ဂေါတြဘု။"

ဟူ၍ တိုက်ရိုက် သေသေ ချာချာ ဟောတော်မူအပ်သည် မဟုတ်တုံလော။

ပါဠိတော် မြန်မာပြန်—

"ဆယ်ပါးကုန်သော အဘယ် ဂေါတြဘူ တရားတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း၊— သောတာပတ္တိမဂ်ကို ရခြင်း အကျိုးငှါ ဥပ္ပါဒကို ပဝတ္တကို ....(လ)....ဥပါယာသကို ဗဟိဒ္ဓ၌ သင်္ခါရနိမိတ်ကို နှိပ်စက်၏၊ ထို့ကြောင့် ဂေါတြဘူ မည်၏။ သောတာပတ္တိဖလသမာပတ်ကို ဝင်စားခြင်း အကျိုးငှါ၊ သကဒါဂါမိမဂ်ကို ရခြင်း အကျိုးငှါ၊....(လ)....အရဟတ္တ ဖလ သမာပတ်ကို ဝင်စားခြင်း အကျိုးငှါ၊ သုညတ ဝိဟာရ သမာပတ်ကို ဝင်စားခြင်း အကျိုးငှါ၊ အနိမိတ္တ ဝိဟာရ သမာ

http://www.dhammadownload.com



ပတ်ကို ဝင်စားခြင်း အကျိုးငှါ၊ ဥပ္ပါဒကို၊....(လ)....
ဗဟိဒ္ဓ သင်္ခါရ နိမိတ်ကို လွှမ်းမိုး နှိပ်စက်၏၊ ထို့ကြောင့်
ဂေါ်တြဘူ မည်၏။"

သို့ဖြစ်၍ အရိယာ အရှင် ဟူသမျှ အားလုံးတို့သည်လည်း မိမိ မိမိ၏ ဖိုလ်ကို ဝင်စားနိုင်ကုန်၏ဟု ဤသို့ ဤ သမာပတ်ကို ဝင်စားရာ၌ ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏၊ ဝါ—အဆုံး အဖြတ်ကို သိအပ်၏။

"အဘယ့်ကြောင့် သမာပတ် ဝင်စားကုန်သနည်း"ဟူသည် ကား—မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေခြင်း အကျိုးငှါ သမာပတ်ကို ဝင်စားကုန်၏၊ ဥပမာဖြင့် ထင်ရှား စေအံ့—စကြဝတေး မင်းသည် မင်း၏ စည်းစိမ် ချမ်းသာကို ခံစားသကဲ့သို့၎င်း, နတ်တို့သည် နတ်၏ စည်းစိမ် ချမ်းသာကို ခံစားသကဲ့သို့၎င်း ထို့အတူ အရိယာ သခင်တို့သည် ရာဂ စသော အညစ် အကြေးတို့မှ ကင်းဝေး ဖြူစင်သဖြင့် မြတ်သော "လော-ကုတ္တရာ ဖိုလ်ချမ်းသာကို ခံစားကုန်အံ့"ဟု အချိန် ကာလ ပိုင်းခြား ခြင်းကို ပြု၍ အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏ၌ ဖလသမာ ပတ်ကို ဝင်စားကုန်၏၊ "အဘယ်သို့လျှင် ထိုသမာပတ်ကို ဝင်စား သနည်း၊ အဘယ်သို့လျှင် တည်ခြင်း ဖြစ်သနည်း၊ အဘယ်သို့လျှင် သမာပတ်မှ ထသနည်း" ဟူရာ၌ ရှေးဦးစွာ အကြောင်း နှစ်ပါး တို့ဖြင့် ထို ဖလ သမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏၊ နိဗ္ဗာန်မှ အခြား တပါးသော အာရုံကို နှလုံး မသွင်းခြင်းကြောင့်၎င်း, နိဗ္ဗာန်ကိုသာ နှလုံး သွင်းခြင်းကြောင့်၎င်း ဤသို့ အကြောင်း အခြင်း အရာ နှစ်ပါးတို့ဖြင့် သမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏၊ အဘယ်သို့ ဟောတော်မူသနည်း—

"ဒွေ ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတော-ဝိမုတ္တိယာ သမာပတ္တိယာ သဗ္ဗနိမိတ္တာနဉ္စ အမနသိ-ကာရော၊ အနိမိတ္တာယ စ ဓာတုယာ မနသိကာရော။"

"အို ငါ့အရှင်—နိမိတ်ကင်းသော နိဗ္ဗာန်လျှင် အာရုံ ရှိသော စေတော ဝိမုတ္တိဟု ဆိုအပ်သော ဖလ သမာပတ်ကို

http://www.dhammadownload.com



ဝင်စားခြင်း အကျိုးငှါ အကြောင်းတို့သည် နှစ်ပါးတို့တည်း၊ အလုံးစုံသော သင်္ခါရ နိမိတ်တို့ကို အဖြစ်ကိုမြင်ပြီး၍ စွန့်လွှတ်အပ်သည်၏ အဖြစ်ကြောင့် မဆင်ခြင် နှလုံးမသွင်းခြင်းငှင်း၊ အလုံးစုံသော သင်္ခါရ နိမိတ် ကင်းသည်၏ အဖြစ်ကြောင့် အနိမိတ္တ မည်သော အသင်္ခတဓာတ်ကို ဖလ သမာပတ်၏ သဟဇာတ ဖြစ်သော မနသိကာရ စေတသိက်ဖြင့် နှလုံးပိုက်ထားခြင်းငှင်း ဤ နှစ်ပါးတို့တည်း။"

ဟူ၍ ဟောတော်မူ၏။

ဆက်၍ ဆိုအံ့—ဤ ဆိုလတံ့သည်ကား ဤ သမာပတ်ကို ဝင်စားရာ၌ ဝင်စားခြင်း အစီအရင်တည်း၊ ဖလသမာပတ်ကို ဝင်စားခြင်းငှါ အလိုရှိသော အရိယာ သာဝကသည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် အထူးထူးသော အာရုံမှ ဖဲခွါ၍ တယောက်ထည်းသာ ကိန်းအောင်းလျက် ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယတုပဋ္ဌာနဉာဏ် အစရှိသော ဝိပဿနာဉာဏ် ကိုးပါးတို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို ရှုအပ်ကုန်၏၊ ဖြစ်သော ဥဒယဗ္ဗယ ဘင် စသော ဝိပဿနာ အစဉ် အတိုင်း ရှိသော ထို အရိယာ သာဝက၏ သင်္ခါရလျှင် အာရုံရှိသော ဝေါဒါန်ဟု အမည်ရသော ဂေါတြဘူ ဉာဏ်၏ အခြားမဲ့၌ ဖလသမာပတ်၏ အစွမ်းဖြင့် နိဗ္ဗာန် အာရုံ၌ စိတ်သည် အပ္ပနာ ချာန်၏ အစွမ်းဖြင့် ဖြစ်၏၊ ဆက်ဦးအံ့—ဤ အနုပုဗ္ဗ ဝိပဿနာ၏ အစွမ်းဖြင့် ဖလသမာပတ်ကို ဝင်စားရာ၌ ဖလ သမာပတ်သို့ ညွတ်သည်၏ အဖြစ်ကြောင့် သေက္ခ ပုဂ္ဂိုလ်အားလည်း ဖိုလ်သည် သာလျှင် ဖြစ်၏၊ မဂ်သည် မဖြစ်။ အခြေ မရှိသည့် ကေစိ ဝါဒကား—သောတာပန်သည် သောတာပတ္တိ ဖလ သမာပတ်ကို ဝင်စားအံ့ဟု ဝိပဿနာကို ဖြစ်စေ၍ သကဒါဂါမ်သည် ဖြစ်၏၊ သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း သကဒါဂါမိ ဖလ သမာပတ်ကို ဝင်စားအံ့ဟု ဝိပဿနာကို ဖြစ်စေ၍ အနာဂါမ်သည် ဖြစ်၏၊ ဤသို့ အဘယ ဂိရိ စသော ကေစိ ဆရာတို့ ဆိုကုန်၏။

http://www.dhammadownload.com



ထို အဘယဂိရိ ဝါဒီ ကေစိဆရာတို့ကို သေသေ ချာချာ ခပ်နာနာ နှိပ်၍ ပြောဆိုအပ်ကုန်၏၊ ဤသို့ သင် ကေစိတို့ ပြောသကဲ့သို့ ဖလ သမာပတ်ကို ဝင်စားအံ့ဟု ဝိပဿနာကို ဖြစ်စေလျက် သောတာပန် ပုဂ္ဂိုလ်က သကဒါဂါမိ ပုဂ္ဂိုလ်ဖြစ်, သကဒါဂါမိက အနာဂါမိ ဖြစ်သည် ရှိသော် အနာဂါမိသည် ရဟန္တာ ဖြစ်လတံ့၊ ရဟန္တာသည် ပစ္စေကဗုဒ္ဓါ ဖြစ်လတံ့၊ ပစ္စေကဗုဒ္ဓါသည်လည်း သဗ္ဗညုဘုရား ဖြစ်လတံ့၊ ထို့ကြောင့် ဖိုလ်မှ တပါးသော တစုံတခုသော အကျိုးသည် မရှိချေ၊ ဆက်ဦးအံ့— ထို ကေစိ ဆရာတို့၏ စကားကို "ဒသ ဂေါတြဘုဓမ္မာ ဝိပဿနာ-ဝသေန ဥပ္ပဇ္ဇန္တိ"ဟု မဂ်အကျိုး ရှိသော ဝိပဿနာ, ဖိုလ် အကျိုး ရှိသော ဝိပဿနာကို အသီးအခြား ပြု၍ ဟောတော်မူအပ်သော ပါဠိတော်၏ အစွမ်းဖြင့် ပင်လျှင် ပယ်အပ်ပြီ၊ ဤသို့ ပယ်အပ်ပြီးသော အကြောင်းကြောင့်လည်း ကေစိ ဆရာတို့ စကားကို မမှတ်သားအပ်၊ မနာယူအပ်၊ သေက္ခ ပုဂ္ဂိုလ်အားလည်း ဖိုလ်သည် သာလျှင် ဖြစ်၏၊ မဂ်သည် မဖြစ်၊ ဤသို့ ဤ ပြဆိုပြီးသော အနက်သဘောကို သာလျှင် ယူအပ်၏၊ ထို အရိယာ သာဝကအား ပဌမ ဈာန်နှင့် ယှဉ်သော မဂ်ကို အကယ်၍ ရသည် ဖြစ်အံ့၊ ဖိုလ်သည် ပဌမ ဈာန်နှင့် ယှဉ်သည် သာလျှင် ဖြစ်၏၊ ဒုတိယ ဈာန် စသည်တို့တွင် တပါးပါးသော ဈာန်နှင့် ယှဉ်သော မဂ်ကို ရသည် အကယ်၍ ဖြစ်အံ့၊ ဒုတိယ ဈာန် စသည်တို့တွင် တပါးပါးသော ဈာန်နှင့် ယှဉ်သည် သာလျှင် ဖြစ်၏၊ ဤသို့ ရှေးဦးစွာ ထို ဖလ သမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏။

"တယော ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ ဌိတိယာ၊ သဗ္ဗနိမိတ္တာနဉ္စ အမနသိ-ကာရော, အနိမိတ္တာယ စ ဓာတုယာ မနသိကာရောတိ, ပုဗ္ဗေ စ အဘိသင်္ခါရောတိ။"

"ထိုမှတပါး အို ငါ့ရှင်—နိမိတ် မမည်သော နိဗ္ဗာန်လျှင် အာရုံရှိသော စေတောဝိမုတ္တိ ဟူသော ဖလ သမာပတ်၏ ပဗန္ဓအားဖြင့် တည်ခြင်းငှါ အကြောင်းတို့သည်

http://www.dhammadownload.com



သုံးပါးတို့တည်း၊ ရူပ နိမိတ် စသော အလုံးစုံသော နိမိတ်တို့ကို နှလုံးမသွင်းခြင်းငှင်း, နိမိတ် ကင်းသည် ဖြစ်၍ အနိမိတ္တ မည်သော အသင်္ခတ ဓာတ်ကို နှလုံးမူခြင်းငှင်း, သမာပတ် ဝင်စားသည်မှ ရှေးအဘို့၌ စိတ်ကို ပိုင်းခြားခြင်းငှင်း ဤ သုံးပါးတို့တည်း။"

ဤသို့ ဟောတော်မူသောကြောင့် ထို ဖလ သမာပတ်၏ အကြောင်း သုံးပါးတို့ဖြင့် ပစ္စအားဖြင့် တည်ခြင်းသည် ဖြစ်၏၊ ထို ပါဠိတော်၌ "ရှေးအဘို့၌ စိတ်ကို ပိုင်းခြားခြင်း"ဟူသည်ကား— သမာပတ် ဝင်စားသည်မှ ရှေးအဘို့၌ အချိန် ကာလကို ပိုင်းခြားခြင်းတည်း၊ ထိုစကား မှန်၏— ဤ မည်သော ကာလ၌ ထအံ့ဟု ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့် ထို ဖလ သမာပတ်၏ အကြင်မျှလောက် ထို ပိုင်းခြားအပ်သော ကာလသည် မရောက်သေး၊ ထိုမျှလောက် တည်ခြင်းသည် ဖြစ်၏ဟု မှတ်အပ်၏။

"ဒွေ ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယစေတော-ဝိမုတ္တိယာ ဝုဋ္ဌာနာယ၊ သဗ္ဗနိမိတ္တာနဉ္စ မနသိကာရော, အနိမိတ္တာယ စ ဓာတုယာ အမနသိကာရောတိ။"

"ထိုမှတပါး အို ငါ့ရှင်— အနိမိတ္တ မည်သော စေတောဝိမုတ္တိမှ ထခြင်း၏ အကြောင်းတို့သည် ဆိုလတံ့သောနှစ်ပါးတို့သာလျှင်တည်း၊ ရူပနိမိတ် စသော နိမိတ်အားလုံးတို့ကို နှလုံး သွင်းခြင်းငှင်း, အနိမိတ္တ မည်သော အသင်္ခတ ဓာတ်ကို နှလုံး မသွင်းခြင်းငှင်း ဤ နှစ်ပါးတို့တည်း။"

ဤသို့ ဟောတော်မူသောကြောင့် ထို ဖလ သမာပတ်မှ အကြောင်း နှစ်ပါးတို့ဖြင့် ထခြင်းသည် ဖြစ်၏၊ ထို ပါဠိတော်၌ "အလုံးစုံသော နိမိတ်" ဆိုသည်ကား— ရုပ်နိမိတ်, ဝေဒနာနိမိတ်, သညာနိမိတ်, သင်္ခါရနိမိတ်, ဝိညာဉ်နိမိတ်တို့ကို ဆိုသတည်း၊ ရုပ်နိမိတ် စသော ရှိသမျှ နိမိတ် အားလုံးတို့ကိုလည်း တပေါင်းတည်း အကယ်၍ကား နှလုံး မထားနိုင်၏ရှင့်၊ ထိုသို့ပင် တပေါင်းတည်း တပြိုင်နက် နှလုံး မသွင်းနိုင်သော်လည်း အကြွင်း

http://www.dhammadownload.com



မရှိ အလုံးစုံကို သိမ်းကျုံးသည်၏ အစွမ်းဖြင့် ဤ အလုံးစုံ ဟူသော စကားကို ဟောတော်မူအပ်၏၊ ထိုသို့ နိမိတ် အားလုံးတို့ကို တပေါင်းတည်း နှလုံး မသွင်းနိုင်သောကြောင့် ဘဝင်၏ အကြောင်းကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော အာရုံသည် ဖြစ်၏၊ ထို ကံ, ကမ္မနိမိတ် ဟူသော ဘဝင်၏ အာရုံကို ဘဝင်နှင့် တကွသော မနသိကာရဖြင့် နှလုံး သွင်းသော အရိယာ သာဝကအား ဖလ သမာပတ်မှ ထခြင်းသည် ဖြစ်၏၊ ဤသို့ ထို ဖလ သမာပတ်မှ ထခြင်းကို သိအပ်၏။

"ဗိုလ်၏ အခြားမဲ့၌ အဘယ် တရားသည် ဖြစ်သနည်း— ဗိုလ်သည်လည်း အဘယ် တရား၏ အခြားမဲ့၌ ဖြစ်သနည်း"— ဆိုရာ၌ ရှေးဦးစွာ ရှေးရှေးသော ဗိုလ်၏ အခြားမဲ့၌ နောက်နောက်သော ဗိုလ်သည် သာလျှင်မူလည်း ဖြစ်၏၊ အလုံးစုံတို့၏ နောက်ဆုံး ဖြစ်သော ဗိုလ်၏ အခြားမဲ့၌ ဘဝင်သည်မူလည်း ဖြစ်၏၊ ထိုမှတပါး ဗိုလ်သည် မဂ်၏ အခြားမဲ့၌ ဖြစ်သော ဗိုလ်သည်မူလည်း ရှိ၏၊ မဂ္ဂဝီထိ၌ ဖြစ်စေ, ဖလသမာပတ္တိ၌ ဖြစ်စေ ရှေးရှေးဗိုလ် အခြားမဲ့၌ ဖြစ်သော နောက်နောက် ဗိုလ်သည်လည်း ရှိ၏၊ ဖလသမာပတ္တိ ဝီထိ၌ အနုလုံ မည်သော ဂေါတြဘူ၏ အခြားမဲ့၌ ဖြစ်သော ဗိုလ်သည်လည်း ရှိ၏၊ နေဝသညာနာသညာယတန ကုသိုလ် ကြိယာ၏ အခြားမဲ့၌ ဖြစ်သော ဗိုလ်သည်လည်း ရှိ၏၊ ထို ဗိုလ်တို့တွင် မဂ္ဂဝီထိ၌ မဂ်၏ အခြားမဲ့၌ ဖြစ်သော လက်ဦး ဗိုလ်သည် ဖြစ်၏၊ ရှေးရှေးသော ဗိုလ်၏ နောက်နောက်၌ ဖြစ်သော ဗိုလ်သည် ဗိုလ်၏ အခြားမဲ့၌ ဖြစ်၏၊ ဖလသမာပတ္တိ ဝီထိတို့၌ ရှေးရှေး ဖြစ်သော ဗိုလ်သည် အနုလုံ၏ အခြားမဲ့၌ ဖြစ်၏၊ ဤ ဖလသမာပတ္တိ ဝီထိ၌မှပင် အနုလုံကို ဂေါတြဘူ ဟူ၍ သိအပ်၏၊ ပဋ္ဌာန်း ကျမ်းကြီး၌—

"အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော၊ သေက္ခာနံ အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။"

http://www.dhammadownload.com



"ရဟန္တာ ပုဂ္ဂိုလ်၏ အနုလုံသည် ဖလ သမာပတ်အား အနန္တရ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊ သေက္ခ ပုဂ္ဂိုလ်တို့၏ အနုလုံသည် ဖလ သမာပတ်အား အနန္တရ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုတတ်သည် ဖြစ်၏။"

ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

အကြင် ဖိုလ်ဖြင့် နိရောဓ သမာပတ်မှ ထခြင်းသည် ဖြစ်၏၊ ထို နိရောဓ သမာပတ်မှ ထသော အနာဂါမိဖိုလ်, အရဟတ္တ ဖိုလ်သည်လည်း နေဝသညာနာသညာယတန ကုသိုလ် ကြီးယော ဇော၏ အခြားမဲ့၌ ဖြစ်၏၊ ထို ဖိုလ်တို့တွင် မဂ္ဂဝီထိ၌ ဖြစ်သော ဖိုလ်ကို ချန်လှပ်ထား၍ ကြွင်းသော ဖိုလ် အလုံးစုံသည် ဖလ သမာပတ်၏ အစွမ်းအားဖြင့် ဖြစ်သော ဖိုလ် မည်၏၊ ဤသို့ ပြဆိုပြီးသော နည်းဖြင့် မဂ္ဂ ဝီထိ၌ရင်း, ဖလ သမာပတ်၌ရင်း ဖြစ်သည်၏ အစွမ်းဖြင့်—

"ပဋိပဿဒ္ဓဒရထံ, အမတာရမ္မဏံ သုဘံ၊
ဝန္တလောကာမိသံ သန္တံ, သာမညဖလမုတ္တမံ။
ဩဇဝန္တေန သုစိနာ, သုခေန အဘိသန္ဒိတံ၊
ယေန သာတာတိသာတေန, အမတေန မဓုံ ဝိယ။
တံ သုခံ တဿ အရိယဿ, ရသဘူတမနုတ္တရံ၊
ဖလဿ ပညံ ဘာဝေတွာ, ယသ္မာ ဝိန္ဒတိ ပဏ္ဍိတော။
တသ္မာ အရိယဖလဿေတံ, ရသာနုဘာဝနံ ဣဓ၊
ဝိပဿနာဘာဝနာယ, အာနိသံသောတိ ဝုစ္စတိ။"

မြန်မာပြန်—

"ကိလေသာဟူ အပူ ခပ်သိမ်း ငြိမ်းသော အမြိုက် နိဗ္ဗာန်လျှင် အာရုံ ရှိသော မတင့်တယ်စရာ ကိလေသာ အညစ် အကြေး မရှိသည် ဖြစ်၍ တင့်တယ်စွာသော တဏှာ ဟူသော လောကာမိသကို မထွေးအန်ပြီးထသော အပူ ခပ်သိမ်း ငြိမ်းပြေးထသော မြတ်လှစွာသော ဤ အရိယ မဂ်၏ အကျိုး ဖြစ်သော ဖိုလ်သည် အမြိုက်ဆေးကို

http://www.dhammadownload.com



ရလိုသဖြင့် ရောနှောအပ်သော ပျားရည်ကဲ့သို့ ဩဇာနှင့် ပြည့်စုံသော ကိလေသာ အညစ် အကြေး မရှိသည် ဖြစ်၍ စင်ကြယ်စွာသော မဟာဂ္ဂုတ် သာယာဘွယ်, လောကုတ္တရာ ကုသိုလ် သာယာဘွယ်ထက်လည်း အလွန်လျှင် သာယာအပ် ချိုမြိန် ကောင်းမြတ်သော အရသာ ရှိသော အကြင် အတု မရှိသော အနုတ္တရ ချမ်းသာ သုခဖြင့် အချင်းခပ်သိမ်း အမြဲ စိုစို ပြည်ပြည် ရှိ၏၊ ဝါ—စွတ်စိုစေ၏။

အရိယာ သခင်တို့သည်သာ သုံးဆောင် ခံစားထိုက်သော ထိုသာမည ဖိုလ်၏ အရသာ အစစ် အနှစ် အဆီခဲ ဖြစ်၍ ဖြစ်သော မိမိထက် လွန်ကဲသော အရသာ မရှိ, အရသာ အရှိဆုံး ဖြစ်သော ထိုသို့သော ချမ်းသာ သုခကို ပညာရှိသော ယောဂီ ပုဂ္ဂိုလ်သည် ဝိပဿနာ ပညာကို ပွါးစေသောအားဖြင့် ရ၏။

ထိုသို့ အတု မရှိသော အနုတ္တရ သုခကို ရသည်၏ အဖြစ်ကြောင့် အရိယ ဖိုလ်၏ ဤ အတုမရှိ, အကောင်းဆုံး ဖြစ်သော အရသာ အဆီခဲကို ခံစားရခြင်းသည် ဤ သာသနာတော်၌ ဝိပဿနာကို ပွါးခြင်း၏ အကျိုး အာနိသင် ဟူ၍ ဆိုအပ်၏။”

နိရောဓ သမာပတ်နှင့် စပ်၍ မှတ်ဘွယ်—

“**နိရောဓ သမာပတ်ကို ဝင်စားနိုင်သည်၏ အဖြစ်**” ဟူသည်ကား—အရိယာဖိုလ်၏ အရသာမြတ်ကို ခံစားရခြင်း သက်သက် မျှသာ အကျိုး အာနိသင် ရှိသည် မဟုတ်သေး၊ အမှန်အစစ်သော်ကား ဤ နိရောဓ သမာပတ်ကို ဝင်စားခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်သည်လည်း ဤ ပညာ ဘာဝနာ၏ အကျိုး အာနိသင် ဟူ၍ သိအပ်၏၊ ထို အကျဉ်း စကား၌ နိရောဓ သမာပတ်ကို ထင်ရှားစွာ ပြခြင်း အကျိုးငှါ ဤ သရုပ် စသည်တို့၏ အစွမ်းဖြင့် အမေး ပုစ္ဆာ ပြဿနာတို့ကို သိအပ်၏။

http://www.dhammadownload.com



(၁) နိရောဓ သမာပတ်သည် အဘယ်နည်း၊

(၂) အဘယ် ပုဂ္ဂိုလ်တို့သည် ထိုနိရောဓ သမာပတ်ကို ဝင်စားနိုင်ကုန်သနည်း၊

(၃) အဘယ် ပုဂ္ဂိုလ်တို့သည် မဝင်စားနိုင်ကုန်သနည်း၊

(၄) အဘယ်ဘုံ၌ ဝင်စားနိုင်ကုန်သနည်း၊

(၅) အဘယ့်ကြောင့် အဘယ် အကျိုးငှါ ဝင်စားသနည်း၊

(၆) အဘယ်သို့လျှင် ထိုနိရောဓ သမာပတ်ကို ဝင်စားခြင်းသည် ဖြစ်သနည်း၊

(၇) အဘယ်မျှသော အကြောင်းဖြင့် တည်ခြင်းသည် ဖြစ်သနည်း၊

(၈) အဘယ်မျှသော အကြောင်းဖြင့် ထခြင်းသည် ဖြစ်သနည်း၊

(၉) ထပြီးသော ပုဂ္ဂိုလ်၏ စိတ်သည် အဘယ်သို့ ညွတ်သနည်း၊

(၁၀) သေသော သူ၏ငှင်း, နိရောဓ သမာပတ်ကိုဝင်စားသောသူ၏ငှင်း အထူးသည် အဘယ်နည်း၊

(၁၁) နိရောဓ သမာပတ်သည် သင်္ခတလော, အသင်္ခတလော, လောကီလော, လောကုတ္တရာလော, နိပ္ဖန္နလော, အနိပ္ဖန္နလော၊

ဤသည်ကား အမေး ပုစ္ဆာတို့တည်း။

(၁) **"နိရောဓ သမာပတ်သည် အဘယ်နည်း"** ဟူရာ၌ သဉ္ဉာ သုံးပါးတို့၏ အစဉ် အတိုင်း ချုပ်ခြင်း၏ အစွမ်းအားဖြင့် စိတ် စေတသိက် ဖြစ်ကုန်သော တရားတို့၏ အကြင် ပိုင်းခြားတိုင်းသော ကာလပတ်လုံး မဖြစ်ခြင်းသည် ရှိ၏၊ ဤ စိတ် စေတသိက်တို့၏ ပိုင်းခြားတိုင်းသော ကာလပတ်လုံး မဖြစ်ခြင်းသည် နိရောဓ သမာပတ် မည်၏။

http://www.dhammadownload.com



(၂) "**အဘယ် ပုဂ္ဂိုလ်တို့သည် ထို နိရောဓ သမာပတ်ကို ဝင်စားနိုင်ကုန်သနည်း။**" (၃) "**အဘယ် ပုဂ္ဂိုလ်တို့သည်မဝင်စားနိုင်ကုန်သနည်း။**" ပုထုဇဉ်ဟူသမျှတို့သည်၎င်း, သောတာပန်တို့သည်၎င်း, သကဒါဂါမ်တို့သည်၎င်း မဝင်စားနိုင်ကုန်၊ သုက္ခဝိပဿက ဖြစ်ကုန်သော အနာဂါမ်တို့သည်၎င်း, ရဟန္တာတို့သည်၎င်း မဝင်စားနိုင်ကုန်၊ သမာပတ် ရှစ်ပါးကို ရကုန်သော အနာဂါမ်တို့သည်၎င်း, ရဟန္တာတို့သည်၎င်း နိရောဓ သမာပတ်ကို ဝင်စားနိုင်ကုန်၏၊ ထို စကား မှန်၏—

"ဒွီဟိ ဗလေဟိ သမန္နာဂတတ္တာ တယော စ သင်္ခါရာနံ ပဋိပဿဒ္ဓိယာ သောဠသဟိ ဉာဏစရိယာဟိ နဝဟိ သမာဓိစရိယာဟိ ဝသီဘာဝတာ ပညာ နိရောဓသမာပတ္တိယာ ဉာဏံ။"

"နှစ်ပါးသော အစွမ်းတို့ဖြင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်၎င်း, သုံးပါးကုန်သော ဝစီသင်္ခါရ, ကာယသင်္ခါရ, စိတ္တသင်္ခါရတို့၏ ငြိမ်းခြင်းကြောင့်၎င်း, တဆဲ့ ခြောက်ပါးကုန်သော ဉာဏ်၏ ဖြစ်ခြင်းတို့ကြောင့်၎င်း, ကိုးပါးကုန်သော သမာဓိ၏ ဖြစ်ခြင်းတို့ကြောင့်၎င်း, လေ့လာခြင်းရှိသည်၏ အဖြစ် ဟူသော ပညာသည်၊ ဝါ—စွမ်းနိုင်သော သတ္တိ ရှိသည်၏ အဖြစ် ဟူသော ပညာသည် နိရောဓ သမာပတ်ကို ဝင်စားခြင်း၏ ဉာဏ်မည်၏။"

ဟူ၍ ဟောတော်မူအပ်၏။

ဆက်၍ ဆိုအံ့—နိရောဓ သမာပတ်ကို ဆောင်တတ်သော အကြောင်း၏ ပြည့်စုံခြင်းသည် သမာပတ် ရှစ်ပါး ရကုန်သော အနာဂါမ် ရဟန္တာတို့ကို ချန်လှပ်ထား၍ အခြား တပါးကုန်သော ပုဂ္ဂိုလ်တို့အား မရှိ၊ ထို့ကြောင့် ထို အဋ္ဌသမာပတ္တိလာဘီ အနာဂါမ် ရဟန္တာတို့သည်သာလျှင် ထို နိရောဓ သမာပတ်ကို ဝင်စားနိုင်ကုန်၏၊ ထိုမှ တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မဝင်စားနိုင်ကုန်။ ဤ ပါဠိတော်၌ "နှစ်ပါးသော အစွမ်းတို့သည် အဘယ်သည်

http://www.dhammadownload.com



**တွဲနည်း**၊····(လ)····လေ့လာခြင်း ရှိသည်၏ အဖြစ်သည်
**အတိနည်း**—ဤကား အမေးတည်း၊ ဤ ပုစ္ဆာ၌ ဖြေဆိုစရာ
**စိုးစဉ်းမျှ** မရှိ၊ ဤ အလုံးစုံသော ပုဒ်တို့၏ အဖြေကို ဤ "ဒွိဟိ
ဗလေဟိ သမန္နာဂတဿ" စသော ဥဒ္ဒေသ၏ အဖွင့် အကျယ်
**နိဒ္ဒေသ၌** မြတ်စွာဘုရား ဟောကြားတော်မူပြီးပြီ၊ အဘယ်သို့
ဟောတော်မူသနည်း—

"ဒွိဟိ ဗလေဟီတိ ဒွေ ဗလာနိ—သမထဗလံ, ဝိပဿနာဗလံ၊ ကတမံ သမထဗလံ၊ နေက္ခမ္မဝသေန စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမထဗလံ၊ အဗျာပါဒ-ဝသေန, အာလောကသညာဝသေန, အဝိက္ခေပဝသေန, ····(လ)····ပဋိနိဿဂ္ဂါနုပဿီ အဿာသဝသေန, ပဋိ-နိဿဂ္ဂါနုပဿီ ပဿာသဝသေန စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမထဗလန္တိ၊ ကေနဋ္ဌေန သမထဗလံ၊ ပဌမဇ္ဈာနေန နီဝရဏေ န ကမ္ပတီတိ သမထဗလံ၊ ဒုတိယဇ္ဈာနေန ဝိတက္ကဝိစာရေ,··· (လ) ···နေဝသညာ-နာသညာယတနသမာပတ္တိယာ အာကိဉ္စညာယတန-သညာယ န ကမ္ပတီတိ သမထဗလံ၊ ဥဒ္ဓစ္စေ စ, ဥဒ္ဓစ္စသဟဂတကိလေသေ စ, ခန္ဓေ စ န ကမ္ပတိ န စလတိ န ဝေဓတီတိ သမထဗလံ၊ ဣဒံ သမထဗလံ၊ ကတမံ ဝိပဿနာဗလံ၊ အနိစ္စာနုပဿနာ ဝိပဿနာဗလံ၊ ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ, နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါ-နုပဿနာ ဝိပဿနာဗလံ၊ ရူပေ အနိစ္စာနုပဿနာ, ····(လ)····ရူပေ ပဋိနိဿဂ္ဂါနုပဿနာ ဝိပဿနာဗလံ၊ ဝေဒနာယ, သညာယ, သင်္ခါရေသု, ဝိညာဏေ, ····(လ)····စက္ခုသ္မိံ,ဇရာမရဏေ ပဋိနိဿဂ္ဂါနုပဿနာ ဝိပဿနာဗလန္တိ၊ ကေနဋ္ဌေန ဝိပဿနာဗလံ၊ အနိစ္စာ-နုပဿနာယ နိစ္စသညာယ န ကမ္ပတီတိ ဝိပဿနာဗလံ၊ ဒုက္ခာနုပဿနာယ သုခသညာယ န ကမ္ပတီတိ၊ အနတ္တာ-

http://www.dhammadownload.com



နုပဿနာယ အတ္တသညာယ န ကမ္ပတီတိ၊ နိဗ္ဗိဒါနုပဿနာယ နန္ဒိယာ န ကမ္ပတီတိ၊ ဝိရာဂါနုပဿနာယ ရာဂေ န ကမ္ပတီတိ၊ နိရောဓာနုပဿနာယ သမုဒယေ န ကမ္ပတီတိ၊ ပဋိနိဿဂ္ဂါနုပဿနာယ အာဒါနေ န ကမ္ပတီတိ ဝိပဿနာဗလံ၊ အဝိဇ္ဇာယ စ, အဝိဇ္ဇာသဟဂတကိလေသေ စ, ခန္ဓေ စ န ကမ္ပတိ န စလတိ န ဝေဓတီတိ ဝိပဿနာဗလံ၊ ဣဒံ ဝိပဿနာဗလံ။

တယော စ သင်္ခါရာနံ ပဋိပဿဒ္ဓိယာတိ၊ ကတမေသံ တိဏ္ဏန္နံ၊ သင်္ခါရာနံ ပဋိပဿဒ္ဓိယာ ဒုတိယဇ္ဈာနံ သမာပန္နဿ ဝိတက္ကဝိစာရာ ဝစီသင်္ခါရာ ပဋိပဿဒ္ဓါ ဟောန္တိ၊ စတုတ္ထံ ဈာနံ သမာပန္နဿ အဿာသပဿာသာ ကာယသင်္ခါရာ ပဋိပဿဒ္ဓါ ဟောန္တိ၊ သညာဝေဒယိတနိရောဓံ သမာပန္နဿ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရာ ပဋိပဿဒ္ဓါ ဟောန္တိ၊ ဣမေသံ တိဏ္ဏန္နံ သင်္ခါရာနံ ပဋိပဿဒ္ဓိယာ။

သောဠသဟိ ဉာဏစရိယာဟီတိ ကတမာဟိ သောဠသဟိ ဉာဏစရိယာဟိ အနိစ္စာနုပဿနာ ဉာဏစရိယာ၊ ဒုက္ခာ၊ အနတ္တာ၊ နိဗ္ဗိဒါ၊ ဝိရာဂါ၊ နိရောဓာ၊ ပဋိနိဿဂ္ဂါ၊ ဝိဝဋ္ဋာနုပဿနာ ဉာဏစရိယာ၊ သောတာပတ္တိဖလသမာပတ္တိ ဉာဏစရိယာ၊ သကဒါဂါမိမဂ္ဂေါ၊····(လ)····အရဟတ္တဖလသမာပတ္တိ ဉာဏစရိယာ၊ ဣမာဟိ သောဠသဟိ ဉာဏစရိယာဟိ။

နဝဟိ သမာဓိစရိယာဟီတိ ကတမာဟိ နဝဟိ သမာဓိစရိယာဟိ ပဌမဇ္ဈာနံ သမာဓိစရိယာ ဒုတိယဇ္ဈာနံ····( လ )····နေဝသညာနာသညာယတနသမာပတ္တိသမာဓိစရိယာ ပဌမဇ္ဈာနပ္ပဋိလာဘတ္ထာယ ဝိတက္ကော စ ဝိစာရော စ ပီတိ စ သုခဉ္စ စိတ္တေကဂ္ဂတာ စ····(လ)····နေဝသညာနာသညာယတနပ္ပဋိလာဘတ္ထာယ ဝိတက္ကော

http://www.dhammadownload.com



စ ဝိစာရော စ ပီတိ စ သုခဉ္စ စိတ္တေကဂ္ဂတာ စ ဣမာဟိ နဝဟိ သမာဓိစရိယာဟိ။

ဝသီတိ ပဉ္စဝသိယော—အာဝဇ္ဇနဝသီ, သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီ, ပစ္စဝေက္ခဏာဝသီ၊ ပဌမဇ္ဈာနံ ယတ္ထိစ္ဆကံ ယဒိစ္ဆကံ ယာဝတိစ္ဆကံ အာဝဇ္ဇတိ၊ အာဝဇ္ဇနာယ ဒန္ဓာယိတတ္တံ နတ္ထီတိ အာဝဇ္ဇနဝသီ၊ ပဌမဇ္ဈာနံ ယတ္ထိစ္ဆကံ ယဒိစ္ဆကံ ယာဝတိစ္ဆကံ သမာပဇ္ဇတိ၊ သမာပဇ္ဇနာယ ဒန္ဓာယိတတ္တံ နတ္ထီတိ သမာပဇ္ဇနဝသီ၊ အဓိဋ္ဌာတိ အဓိဋ္ဌာနေ ဝုဋ္ဌာတိ၊ ဝုဋ္ဌာနေ ပစ္စဝေက္ခတိ၊ ပစ္စဝေက္ခဏာယ ဒန္ဓာယိတတ္တံ နတ္ထီတိ ပစ္စဝေက္ခဏာဝသီ၊ ဒုတိယံ....(လ)....နေဝသညာနာသညာယတနသမာပတ္တိံ ယတ္ထိစ္ဆကံ ယဒိစ္ဆကံ ယာဝတိစ္ဆကံ အာဝဇ္ဇတိ....(လ)....ပစ္စဝေက္ခတိ၊ ပစ္စဝေက္ခဏာယ ဒန္ဓာယိတတ္တံ နတ္ထီတိ ပစ္စဝေက္ခဏာဝသီ၊ ဣမာ ပဉ္စ ဝသိယောတိ။"

ပါဠိတော် မြန်မာပြန်—

"**နှစ်ပါးသော အစွမ်းတို့ဖြင့်**"ဟူသည်ကား—**အစွမ်း**တို့သည် ကာမစ္ဆန္ဒ စသော ပစ္စနီက ဓမ္မတို့ကို ငြိမ်းစေတတ်သော ဆန့်ကျင်ဘက် တရားတို့ကြောင့် မတုန်မလှုပ် ခိုင်ခံ့သော သမထ အစွမ်းငှင်း, အနိစ္စ စသည်တို့၏ အစွမ်းဖြင့် အထူးထူးသော အခြင်းအရာတို့ဖြင့် ရှုတတ်သော ဆန့်ကျင်ဘက် တရားတို့ကြောင့် မတုန်မလှုပ် ခိုင်ခံ့သော ဝိပဿနာ ပညာ အစွမ်းငှင်း ဤသို့ နှစ်ပါးတို့တည်း၊ ထို နှစ်ပါးတို့တွင် သမထ အစွမ်းသည် အဘယ်နည်း— ကာမစ္ဆန္ဒကို ဥါတတ်သော နေက္ခမ္မ သက်ပွ၏၊ ဝါ— အလောဘ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် စိတ်၏ တခုတည်းသော အာရုံ ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အကြောင်း မပျံ့လွင့်ခြင်းသည် ရှိ၏၊ ထို မပျံ့

http://www.dhammadownload.com



လွှင့်သော သမာဓိသည် သမထ အစွမ်း မည်၏၊ ဗျာပါဒကို ဥါတတ်သော အဗျာပါဒ ဝိတက်၏၊ ဝါ—အဒေါသ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့်, ထိနမိဒ္ဓကို ခွါတတ်သော ထင်ရှားသည်ကို ပြု၍ နှလုံးသွင်းခြင်းဖြင့် ကမ်း၍ ထင်သော အာလောက သညာ၏ အစွမ်းဖြင့်, ဥဒ္ဓစ္စကို ခွါတတ်သော မပျံ့လွင့်သော အညီ အညွတ် ကောင်းစွာတည်သောသမာဓိ၏ အစွမ်းဖြင့်….(လ)…. အလုံးစုံသော မိစ္ဆာ ဝိတက်ကို ခွါတတ်သော အထွဋ်အဖျားသို့ ရောက်သော ပဋိနိဿဂ္ဂကို ရှုလျက် ထွက်သက်ကို ဖြစ်စေသည်၏ အစွမ်းဖြင့်, ပဋိနိဿဂ္ဂကိုရှုလျက် ဝင်သက်ကို ဖြစ်စေသည်၏ အစွမ်းဖြင့် စိတ်၏ တခုတည်းသော အာရုံ ရှိသည်၏ အဖြစ် ဟူသော အကြောင်း မပျံ့လွင့်ခြင်းသည် ရှိ၏၊ ထို မပျံ့လွင့်သော သမာဓိသည် သမထ အစွမ်း မည်၏၊ အဘယ် အနက်ကြောင့် သမထဗလ မည်သနည်း—ပဌမဈာန်ဖြင့် နီဝရဏ ဟူသော အကြောင်းကြောင့် ဈာန် သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ ဝါ—ဈာန သမ္ပယုတ္တ သမာဓိသည် မတုန်မလှုပ်တတ်၊ ထို့ကြောင့် သမထဗလ မည်၏၊ ဒုတိယဈာန်ဖြင့် ဝိတက် ဝိစာရ ဟူသော အကြောင်းကြောင့် ….(လ)….နေဝသညာနာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတန သညာကြောင့် ဈာန် သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ ဝါ—ဈာန သမ္ပယုတ္တ သမာဓိသည် မတုန်မလှုပ်တတ်၊ ထို့ကြောင့် သမထဗလ မည်၏၊ ဥဒ္ဓစ္စကြောင့်၎င်း, ဥဒ္ဓစ္စနှင့် သမ္ပယုတ် ဖြစ်သော မောဟ အဟိရိက စသော ကိလေသာ ဟူသော အကြောင်းကြောင့်၎င်း, ဥဒ္ဓစ္စနှင့် သမ္ပယုတ် ဖြစ်သော ခန္ဓာလေးပါးကြောင့်၎င်း တည်ရာမှ ရွေ့သောအားဖြင့် မတုန်မလှုပ်တတ်၊ ပတ်ပတ် လည်၍ မတုန်မလှုပ်တတ်၊ ပြင်းထန်စွာ မတုန်မလှုပ်တတ်၊ ထို့ကြောင့် သမထဗလ မည်၏၊ ဤ နေရာမှ စသည်တို့၏ အစွမ်းဖြင့် ရအပ်သော

http://www.dhammadownload.com



စိတ္တေကဂ္ဂတာ၏ နီဝရဏ အစရှိသည်တို့ကြောင့် မတုန် မလှုပ်သည်၏ အဖြစ် ထို နီဝရဏ စသည်တို့ကို လွှမ်းမိုး၍ မြဲစွာတည်ခြင်းသည် သမထဗလ မည်၏။ ဝိပဿနာ အစွမ်းသည် အဘယ်နည်း—အနိစ္စာနုပဿနာသည် ဝိပဿနာဗလ မည်၏၊ ဒုက္ခာနုပဿနာသည်, အနတ္တာနုပဿနာသည်, နိဗ္ဗိဒါနုပဿနာသည်, ဝိရာဂါနုပဿနာသည်, နိရောဓာနုပဿနာသည်, ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာဗလ မည်၏၊ ရုပ်၌ အနိစ္စာနုပဿနာသည် ....(လ)....ရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာဗလ မည်၏၊ ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ ဝိညာဉ်၌ ....(လ)....စက္ခု၌၊ ဇရာ မရဏ၌ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာဗလ မည်၏၊ အဘယ် အနက်ကြောင့် ဝိပဿနာဗလ မည်သနည်း—အနိစ္စာနုပဿနာဖြင့် နိစ္စသညာကြောင့် မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလ မည်၏၊ ဒုက္ခာနုပဿနာဖြင့် သုခသညာကြောင့် မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလ မည်၏၊ အနတ္တာနုပဿနာဖြင့် အတ္တသညာကြောင့် မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလ မည်၏၊ နိဗ္ဗိဒါနုပဿနာဖြင့် သမ္ဘိတိက တဏှာကြောင့် မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလ မည်၏၊ ဝိရာဂါနုပဿနာဖြင့် ရာဂကြောင့်မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလ မည်၏၊ နိရောဓာနုပဿနာဖြင့် သမုဒယကြောင့် မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလမည်၏၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲလမ်းခြင်း အာဒါနကြောင့် မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလမည်၏၊ တဆဲ့နှစ်ပါးသော အကုသိုလ် စိတ္တုပ္ပါဒ်၌ ဖြစ်သော အဝိဇ္ဇာဟူသော အကြောင်းကြောင့်ငင်း, အဝိဇ္ဇာနှင့် သမ္ပယုတ်ဖြစ်သော လောဘ ဒေါသ အစရှိသော အကြောင်းကြောင့်ငင်း, အဝိဇ္ဇာနှင့် သမ္ပယုတ် ဖြစ်သော ခန္ဓာကြောင့်ငင်း တည်ရာမှ ရွေ့သော အားဖြင့် မတုန် မလှုပ်တတ်၊ ပတ်ပတ်

http://www.dhammadownload.com



လည်း၍ မတုန် မလှုပ်တတ်၊ ပြင်းထန်စွာ မတုန် မလှုပ်တတ်၊ ထို့ကြောင့် ဝိပဿနာဗလ မည်၏၊ ဤ အနိစ္စာနုပဿနာ စသည်တို့၏ အစွမ်းဖြင့် ရှုအပ်သော ဝိပဿနာ၏ နိစ္စသညာ အစရှိသည်တို့ကြောင့် မတုန် မလှုပ်သည်၏ အဖြစ် ထို နိစ္စသညာ စသည်တို့ကို နှိပ်နင်းလွှမ်းမိုး၍ မြဲစွာတည်ခြင်းသည် ဝိပဿနာဗလ မည်၏။

"သင်္ခါရ သုံးပါးတို့၏ ငြိမ်းခြင်းကြောင့်နည်း" ဟူသည်ကား—အဘယ် မည်ကုန်သော သင်္ခါရ သုံးပါးတို့၏ ငြိမ်းခြင်းကြောင့်နည်း ဟူမူကား—ဒုတိယဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက် ဝိစာရဟု ဆိုအပ်ကုန်သော ဝစီသင်္ခါရတို့သည် ငြိမ်းကုန်၏၊ စတုတ္ထဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ထွက်သက် ဝင်သက်ဟု ဆိုအပ်ကုန်သော ကာယသင်္ခါရတို့သည် ငြိမ်းကုန်၏၊ သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား သညာလည်း ဖြစ်သော ဝေဒနာလည်း ဖြစ်သော စိတ္တသင်္ခါရတို့သည် ငြိမ်းကုန်၏၊ ဤ သင်္ခါရ သုံးပါးတို့၏ ငြိမ်းခြင်းကြောင့်တည်း။

"တဆဲ့ခြောက်ပါးကုန်သော ဉာဏ်၏ ဖြစ်ခြင်းတို့ကြောင့်" ဟူရာ၌ အဘယ် မည်ကုန်သော တဆဲ့ခြောက်ပါးကုန်သော ဉာဏ်၏ ဖြစ်ခြင်းတို့ဖြင့် ဝင်စားကုန်သနည်း—အနိစ္စာနုပဿနာသည် ဉာဏ်၏ ဖြစ်ခြင်း မည်၏၊ ဒုက္ခာနုပဿနာသည် ဉာဏ်၏ ဖြစ်ခြင်း မည်၏၊ အနတ္တာနုပဿနာသည်, နိဗ္ဗိဒါနုပဿနာသည်, ဝိရာဂါနုပဿနာသည်, နိရောဓာနုပဿနာသည်, ပဋိနိဿဂ္ဂါနုပဿနာသည်, ဝိဝဋ္ဋာနုပဿနာသည် ဉာဏ်၏ ဖြစ်ခြင်း မည်၏၊ သောတာပတ္တိမဂ်သည် ဉာဏ်၏ ဖြစ်ခြင်း မည်၏၊ သောတာပတ္တိဖလသမာပတ်သည် ဉာဏ်၏ ဖြစ်ခြင်း မည်၏၊ သကဒါဂါမိ မဂ်သည်....(လ)....အရဟတ္တဖလ

http://www.dhammadownload.com



သမာပတ်သည် ဉာဏ်၏ ဖြစ်ခြင်း မည်၏၊ ဤ ဉာဏစရိယ တဆဲ့ ခြောက်ပါးတို့ဖြင့် ဝင်စားကုန်၏။

**"ကိုးပါးကုန်သောသမာဓိတို့၏ဖြစ်ခြင်းတို့ကြောင့်"** ဟူရာ၌ အဘယ်မည်ကုန်သော ကိုးပါးကုန်သော သမာဓိ၏ ဖြစ်ခြင်းတို့ဖြင့် ဝင်စားကုန်သနည်း—ပဌမဈာန်သည် သမာဓိ၏ ဖြစ်ခြင်းမည်၏၊ ဒုတိယဈာန်သည်···· (လ) ···· နေဝသညာနာသညာယတန သမာပတ္တိသည် သမာဓိ၏ ဖြစ်ခြင်းမည်၏၊ ပဌမဈာန်ကို ရခြင်း အကျိုးငှါ ဝိတက် သည်၎င်း, ဝိစာရသည်၎င်း, ပီတိသည်၎င်း, သုခသည်၎င်း, စိတ္တေကဂ္ဂတာသည်၎င်း သမာဓိ၏ ဖြစ်ခြင်း မည်၏၊ နေဝ-သညာနာသညာယတန ဈာန်သမာပတ်ကို ရခြင်း အကျိုး ငှါ ဝိတက်, ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာသည် သမာဓိ၏ ဖြစ်ခြင်း မည်၏၊ ဤ ကိုးပါးသော သမာဓိ၏ ဖြစ်ခြင်းတို့ဖြင့် ဝင်စားကုန်၏။

**"လေ့လာခြင်းရှိသည်၏အဖြစ်ဝသီ"** ဟူသည်ကား— ဝသီတို့သည် အာဝဇ္ဇနဝသီ, သမာပဇ္ဇနဝသီ, အဓိဋ္ဌာန-ဝသီ, ဝုဋ္ဌာနဝသီ, ပစ္စဝေက္ခဏာဝသီဟူ၍ ငါးပါး ရှိ၏၊ ထို ဝသီ ငါးပါးတို့တွင် ပဌမဈာန်ကို အကြင် အကြင် အရပ်၌ အလိုရှိ၏, ထိုထို အလိုရှိရာ အရပ်၌ ဆင်ခြင်နိုင်၏၊ အကြင် အကြင် အခါ၌ အလိုရှိ၏, ထိုထို အလိုရှိသော အခါ၌ ဆင်ခြင်နိုင်၏၊ ဝါ—အကြင် အကြင် ဈာနင်၌ အလိုရှိ၏, ထိုထို အလိုရှိသော ဈာနင်ကို ဆင်ခြင်နိုင်၏၊ အကြင် အကြင် မျှလောက် အလိုရှိ၏, ထိုထို အလိုရှိသမျှလောက် ဆင်ခြင်နိုင်၏၊ အာဝဇ္ဇန်းကို ဖြစ်စေခြင်းငှါ လေးထိုင်း နှေးဖြည်းသည်၏ အဖြစ် မရှိ၊ ဤသို့ ဖြစ်သည် ရှိသော် အာဝဇ္ဇနဝသီသည် ပြီးသည် မည်၏၊ ပဌမဈာန်ကို အကြင် အကြင် အရပ်၌ ဝင်စားခြင်းငှါ အလိုရှိ၏၊ ထိုထို အလိုရှိသော အရပ်၌ ဝင်စားနိုင်၏၊ အကြင် အကြင် အခါ၌ ဝင်စားခြင်းငှါ အလိုရှိ၏၊ ထိုထို ဝင်စားလိုသော

http://www.dhammadownload.com



အခါ၌ ဝင်စားနိုင်၏၊ အကြင် အကြင်မျှလောက် ဝင်စားခြင်းငှါ အလိုရှိ၏၊ ထိုထို ဝင်စားလိုသလောက် ဝင်စားနိုင်၏၊ ဝင်စားသော ပုဂ္ဂိုလ်၏ အကြင် အကြင် အလိုရှိတိုင်းသော ကာလပတ်လုံး ဝင်စားခြင်းငှါ လေးထိုင်းနှေးဖြည်းသည်၏ အဖြစ်သည် မရှိ၊ ဤသို့ ဖြစ်သည်ရှိသော် သမာပဇ္ဇနဝသီသည် အပြီးတိုင်သည် မည်၏၊ ပဌမဈာန်ကို အကြင်မျှလောက် ထားခြင်းငှါ အလိုရှိ၏၊ ထိုသို့ထားခြင်းငှါ အလိုရှိသလောက် ကာလပတ်လုံး ထားနိုင်၏၊ ထားသော ပုဂ္ဂိုလ်၏ ဈာန်ကို အလိုရှိတိုင်း ထားခြင်း၌ လေးထိုင်း နှေးဖြည်းသည်၏ အဖြစ်သည် မရှိ၊ ဤသို့ဖြစ်သည် ရှိသော် အဓိဋ္ဌာနဝသီသည် အပြီးတိုင်သည်မည်၏။ အကြင် အကြင်မျှလောက်သော ကာလဖြင့် ဈာန်မှထခြင်းငှါ အလိုရှိ၏၊ ထိုထိုမျှလောက် ပိုင်းခြားတိုင်းသောကာလဖြင့် ဈာန်မှ ထနိုင်၏၊ ထသော ပုဂ္ဂိုလ်၏ ပိုင်းခြားတိုင်းသော ကာလဖြင့် ထခြင်း၌ လေးထိုင်း နှေးဖြည်းသည်၏ အဖြစ်သည် မရှိ၊ ဤသို့ ဖြစ်သည်ရှိသော် ဝုဋ္ဌာနဝသီသည် အပြီး တိုင်သည် မည်၏၊ အကြင် အကြင်မျှလောက်သော ကာလပတ်လုံး ဈာန်ကို ဆင်ခြင်ခြင်းငှါ အလိုရှိ၏၊ ထိုထို ဆင်ခြင်လိုသမျှလောက် ကာလ အပိုင်းအခြားဖြင့် ဆင်ခြင်နိုင်၏၊ အကြင် အကြင် အမှတ်မရှိ တစုံတခုသော အရပ်၌ ထိုထို အမှတ် မရှိသော အခါ၌ အကြင် အကြင် အမှတ်မရှိ တစုံတခုသော ဈာနင်ကို ဆင်ခြင်သော ပုဂ္ဂိုလ်အား အကြင် အလိုရှိတိုင်းသော ကာလပတ်လုံး ဆင်ခြင်ခြင်းငှါ လေးထိုင်း နှေးဖြည်းသည်၏ အဖြစ်သည် မရှိ၊ ဤသို့ ဖြစ်သည်ရှိသော် ပစ္စဝေက္ခဏာဝသီသည် အပြီးတိုင်သည် မည်၏၊ ဒုတိယ ဈာန်ကို....(လ)....နေဝသညာနာသညာယတန သမာပတ်ကို အကြင်အကြင် အရပ်၌ ဝင်စားခြင်းငှါ အလိုရှိ၏၊ ထိုထို ဝင်စားလိုသော အရပ်၌ ဝင်စားနိုင်၏၊ အကြင် အကြင် အခါ၌ဝင်စားခြင်းငှါ အလိုရှိ၏၊ ထိုထို ဝင်စားလိုသော အခါ၌

http://www.dhammadownload.com



ဝင်စားနိုင်၏၊ အကြင် အကြင်မျှလောက် ဝင်စားခြင်းငှါ အလိုရှိ၏၊ ထိုထို ဝင်စားလိုသမျှလောက် ဝင်စားနိုင်၏၊ ....(လ)....ဆင်ခြင်နိုင်၏၊ ထိုထို အမှတ်မရှိ တစုံတခု သော အရပ်၌ ထိုထို အမှတ်မရှိ တစုံတခုသော အခါ၌ ထိုထို အမှတ်မရှိ တစုံတခုသော ဈာနင်ကို ဆင်ခြင်သော ပုဂ္ဂိုလ်အား အလိုရှိသလောက် ဆင်ခြင်ခြင်းငှါ လေးထိုင်း နှေးဖြည်းသည်၏ အဖြစ်သည် မရှိ၊ ဤသို့ ဖြစ်သည်ရှိသော် ပစ္စဝေက္ခဏာဝသီသည် အပြီးတိုင်သည် မည်၏။ ဤ ငါးပါးသော ဝသီတို့ကို မှတ်အပ်ကုန်၏။"

ဤ ပါဠိတော်၌ "တဆဲ့ ခြောက်ပါးကုန်သော ဉာဏ်၏ ဖြစ်ခြင်း" ဟူသော ဤ နိဒ္ဒေသသည် အကြွင်းမဲ့ သိမ်းကျုံး၍ အလွန်ကို ညွှန်ပြခြင်းတည်း၊ စင်စစ်သော်ကား—အနာဂါမိ ပုဂ္ဂိုလ်အား တဆဲ့ လေးပါးသော ဉာဏစရိယတို့ဖြင့် နိရောဓ သမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏၊ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ကို မရသေးသည်၏ အဖြစ်ကြောင့်တည်း၊ ဥက္ကဋ္ဌ၏ အစွမ်း အားဖြင့် "သောဠသဟိ ဉာဏစရိယာဟိ" ဟူ၍ အကယ်၍ ဆိုအပ်သည် ဖြစ်အံ့—ထို တဆဲ့ ခြောက်ပါးအောက် ယုတ်လျော့ သော အဝကံသ အစွမ်းအားဖြင့်လည်း လိုအပ်သေး၏၊ ထိုသို့ အလွန် အယုတ် ပိုင်းခြားခြင်း ဖြစ်သင့်သောကြောင့် သကဒါဂါမိ ပုဂ္ဂိုလ်အား တဆဲ့ နှစ်ပါးကုန်သော ဉာဏစရိယတို့ဖြင့် သောတာပန် ပုဂ္ဂိုလ်အားလည်း ဆယ်ပါးကုန်သော ဉာဏစရိယ တို့ဖြင့် နိရောဓသမာပတ်ကို ဝင်စားခြင်းသည် အဘယ့်ကြောင့် မဖြစ်သနည်း—ဤကား စောဒနာခြင်းတည်း၊ မဖြစ်နိုင်၊ အဘယ့် ကြောင့်နည်း—သမာဓိ၏ ဘေးရန် ဝတ္ထု ဖြစ်သော ကာမဂုဏ် ငါးပါး ရှိသော ကာမရာဂကို မဂ်ဖြင့် မဖြတ်အပ်သေးသည်၏ အဖြစ်ကြောင့်တည်း။

ထိုစကား မှန်၏—ထို သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ် တို့သည် ထို ကာမရာဂကို မပယ်မဖြတ်ရသေး၊ ထိုသို့ မပယ် မဖြတ်

http://www.dhammadownload.com



ရသေးသည်၏ အဖြစ်ကြောင့် သမထ ဗလသည်လည်း မပြည့်စုံနိုင်သေး၊ ထို သမထ ဗလ မပြည့်စုံသည် ရှိသော် နှစ်ပါးသော အစွမ်း ဗလတို့ဖြင့် ဝင်စားအပ်သော နိရောဓ သမာပတ်ကို ဗလအစွမ်း ချို့တဲ့သည်၏ အဖြစ်ကြောင့် ဝင်စားခြင်းငှါ မတတ်နိုင်ကုန်၊ အထူးကား—အနာဂါမ် ပုဂ္ဂိုလ်သည် ထို သမာဓိ၏ ဘေးရန် ဖြစ်သော ကာမရာဂကို အကြွင်းမဲ့ ပယ်ဖြတ်ပြီးပြီ၊ ထို့ကြောင့် သာလျှင် ထို အနာဂါမ် ပုဂ္ဂိုလ်သည် ပြည့်စုံသော အားအစွမ်း ရှိ၏၊ အားအစွမ်း ပြည့်စုံသည်၏ အဖြစ်ကြောင့် နိရောဓ သမာပတ်ကို ဝင်စားနိုင်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူ၏၊ "နိရောဓ သမာပတ်မှ ထသော အနာဂါမ် ပုဂ္ဂိုလ်အား နေဝသညာနာသညာယတန ကုသိုလ်သည် ဖလ သမာပတ်အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတတ်၏၊" ထို စကား မှန်၏—ဤ "နိရောဓာ ဝုဋ္ဌဟန္တဿ" စသော စကားကို ပဋ္ဌာန်း ကျမ်းကြီး၌ အနာဂါမ်ပုဂ္ဂိုလ်၏ သာလျှင် နိရောဓ သမာပတ်မှ ထခြင်းကို ရည်၍ ဟောတော်မူ၏၊ အဘယ့်ကြောင့် သိရသနည်း—"နေဝသညာနာသညာယတနကုသလံ" ဟူ၍ ဟောတော်မူသောကြောင့် သိရ၏။

(၄) "အဘယ်ဘုံ၌ ဝင်စားနိုင်ကုန်သနည်း" ဟူရာ၌ ပဉ္စဝေါကာရ ဘုံ၌ ဝင်စားနိုင်ကုန်၏၊ အဘယ့်ကြောင့်နည်း—ပဉ္စဝေါကာရ ဘုံ၌သာလျှင် အစဉ် အတိုင်း ဝင်စားအပ်သော သမာပတ် ရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဗျတိရိက်ကို ဆိုအံ့—စတုဝေါကာရဘုံ၌ ပဌမဈာန် စသည်တို့၏ ဖြစ်ခြင်းသည် မရှိ၊ ထို့ကြောင့် ထို စတုဝေါကာရ ဘုံ၌ နိရောဓ သမာပတ်ကို ဝင်စားခြင်းငှါ မတတ်နိုင်၊ ကေစိ ဆရာတို့သည်ကား—ဟဒယ ဝတ္ထု၏ မရှိခြင်းကြောင့် ထို စတုဝေါကာရဘုံ၌ နိရောဓ သမာပတ်ကို မဝင်စားနိုင်ဟု ဆိုကုန်၏၊ ထို ကေစိ ဆရာတို့၏ အယူကို မယူအပ်ချေ။

http://www.dhammadownload.com



(၅) **"အာယံကြောင့် အာယ် အကျိုးငှါ ဝင်စား သနည်း"** ဟူရာ၌ သင်္ခတ တရားတို့၏ ခဏ ခဏ ဖြစ်ခြင်း ပျက်ခြင်း၌၊ ဝါ—သင်္ခတ တရားတို့၏ သုံးပါးသော ခုက္ခတာ တို့ဖြင့် နှိပ်စက်အပ်သော ဖြစ်ခြင်း အကျွဲ အပြား၌ ငြီးငွေ့၍ ပျက်မှောက်ဘာဝ ပစ္စက္ခအဖြာဘောဌ် စိတ် စေတသိက် မရှိကုန်သည် ဖြစ်၍ သညာ ဝေဒနာတို့၏ ချုပ်ရာ ဖြစ်သော အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်သကဲ့သို့ ချမ်းသာစွာ နေကုန်အံ့ဟု ဤသို့ နှလုံးသွင်းသောကြောင့် ဝင်စားကုန်၏။

(၆) **"အာယ်ကဲ့သို့လျှင် ထို နိရောဓသမာပတ်ကို ဝင်စား ခြင်းသည် ဖြစ်သနည်း"** ဟူရာ၌ ထမ်းပိုး၌ ယှဉ်စုံ ဖွဲ့အပ်သော နွားတို့ကဲ့သို့ အစုံ ဖွဲ့အပ်ကုန်သည် ဖြစ်၍ အချင်းချင်း ကျေးဇူး ပြုသောအားဖြင့် တကွ ဖြစ်ကုန်သော သမထ ဝိပဿနာတို့၏ အစွမ်းဖြင့် အလွန် အကဲသို့ ရောက်၍ နေဝသညာနာသညာ- ယတန ရှာန်တိုင်အောင်ငင်း, အနုလောမဉာဏ် တိုင်အောင်ငင်း မနစ် မဆုတ် အားထုတ်၍ ပုဗ္ဗကိစ္စကို ပြုပြီးသည် ဖြစ်၍ နေဝ- သညာနာသညာယတနသမာပတ်ကို ဝင်စားပြီး၍ ထို နေဝ- သညာနာသညာယတနသမာပတ်ကို ချုပ်စေသော ပုဂ္ဂိုလ်၏ ဤသို့ တစုံတခုမျှလည်း ဖြစ်သော တပါး တပါးသော စိတ် စေတ သိက်တို့ကို မဖြစ်စေသဖြင့် ထို နိရောဓ သမာပတ်ကို ဝင်စားခြင်း သည် ဖြစ်၏၊ ချဲ့ဦးအံ့—အကြင် ပုဂ္ဂိုလ်သည် သမထ၏ အစွမ်းဖြင့် သာလျှင် အားထုတ်အံ့၊ ထို ပုဂ္ဂိုလ်သည် နေဝသညာနာသညာ- ယတန သမာပတ်သို့ ရောက်၍ တည်၏၊ ရပ်တန့်၏၊ အကြင် ပုဂ္ဂိုလ်သည်ကား ဝိပဿနာ အစွမ်းဖြင့် သာလျှင် အားထုတ်အံ့၊ ထို ပုဂ္ဂိုလ်သည် ဖလသမာပတ်သို့ ရောက်၍ တည်၏၊ ရပ်တန့်၏၊ အကြင် ပုဂ္ဂိုလ်သည်ကား သမထ ဝိပဿနာ အစွမ်း နှစ်ပါးဖြင့် သာလျှင် အားထုတ်၍ မဝင်စားမီ ရှေးအဘို့၌ ပြုအပ်သော ပုဗ္ဗ- ကိစ္စကို ပြုပြီး၍ နေဝသညာနာသညာယတနရှာန်ကို ချုပ်စေ၏၊ ထို အစွမ်း နှစ်ပါးဖြင့် အားထုတ်၍ ကျင့်သော ပုဂ္ဂိုလ်သည် သာလျှင် ထို နိရောဓသမာပတ်ကို ဝင်စားနိုင်၏၊ ဤ ဆိုအပ်ပြီး

http://www.dhammadownload.com



သည်ကား အဘယ်သို့လျှင် ထို နိရောဓ သမာပတ်ကို ဝင်စားခြင်း ဖြစ်သနည်း ဟူသော အမေး၏ အဖြေ အကျဉ်းပေတည်း။

အကျယ် ဖြေပုံကား—ဤ သာသနာတော်၌ နိရောဓ သမာပတ်ကို ဝင်စားလိုသော ရဟန်းသည် ဆွမ်းစားပြီး၍ လက်ခြေတို့ကို ကောင်းစွာ ဆေးကြော သုတ်သင်ပြီးမှ ဆိတ်ငြိမ်သော အရပ်၌ ကောင်းစွာ ခင်းအပ်ပြီးသော နေရာ၌ တင်ပြင်ခွေ ထိုင်၍ အထက်ပိုင်း ဖြစ်သော ကိုယ်ကို ဖြောင့်ဖြောင့် ထား၍ နိရောဓ သမာပတ်သို့ ရှေ့ရှု သတိကို ဖြစ်စေ၍ နေ၏၊ ထို နိရောဓ သမာပတ်ကို ဝင်စားလိုသော ရဟန်းသည် ပဌမဈာန်ကို ဝင်စား၍ ပဌမဈာန်မှ ထပြီးလျှင် ထို ပဌမဈာန်၌ သင်္ခါရတို့ကို အနိစ္စအားဖြင့်၎င်း, ဒုက္ခအားဖြင့်၎င်း, အနတ္တအားဖြင့်၎င်း ရှု၏၊ ဤသို့ ရှုသော ဝိပဿနာသည် သင်္ခါရတို့ကို သိမ်းဆည်းသော သင်္ခါရ ပရိဂ္ဂဏှက ဝိပဿနာ၎င်း, ဖလ သမာပတ်ကို ဆောင်တတ်သော ဖလသမာပတ္တိဝိပဿနာ၎င်း, နိရောဓသမာပတ်ကို ဆောင်တတ်သော နိရောဓသမာပတ္တိဝိပဿနာ၎င်း ဤသို့ သုံးပါး အပြား ရှိ၏၊ ထို သုံးပါးတို့တွင် သင်္ခါရ ပရိဂ္ဂဏှကဝိပဿနာသည် နုံ့သည်မူလည်း ဖြစ်စေ, ထက်သည်မူလည်း ဖြစ်စေ မဂ်၏ နီးစွာသော အကြောင်း ပဒဋ္ဌာန် ဖြစ်သည်သာလျှင်တည်း၊ ဖလသမာ-ပတ္တိဝိပဿနာသည်ကား ထက်မှ သာလျှင် သင့်၏၊ သင်္ခါရ သာလျှင် အာရုံ ရှိသည် ဖြစ်သော်လည်း အလုံးစုံသော သင်္ခါရတို့မှ ဆုတ်နစ်ပြန်လည်သော အခြင်း အရာအားဖြင့် သာလျှင် ဖြစ်ခြင်းကြောင့်၎င်း, မဂ်ကဲ့သို့ နိဗ္ဗာန် အာရုံ ဖြစ်သော ဖိုလ်၏ အကြောင်း၏ အဖြစ်ကြောင့်၎င်းတည်း၊ ထို့ကြောင့် မဂ်ကို ပွါးစေခြင်းနှင့် တူသည်ဖြစ်၏။

နိရောဓသမာပတ္တိဝိပဿနာသည်ကား—မနုံ့လွန်း မထက်လွန်းမှ သာလျှင် သင့်၏၊ ထို့ကြောင့် ဤ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းသည် မနုံ့လွန်း မထက်လွန်းသော ဝိပဿနာဖြင့် ထို ပဌမဈာန် သင်္ခါရတို့ကို ရှု၏၊ ထို့နောင်မှ ဒုတိယဈာန်ကို ဝင်စား၍ ဒုတိယဈာန်မှ ထ၍ ထို ဒုတိယဈာန် စိတ္တုပ္ပါဒ်၌

http://www.dhammadownload.com



သဒ္ဒါရတို့ကို ထို မန္ဒလွန်း မထက်လွန်းသော ဝိပဿနာဖြင့် သာလျှင် ရှု၏၊ ထို့နောင်မှ တတိယဈာန်ကို ဝင်စား၍ ....(လ)....ထို့နောင်မှ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၍ ဝိညာဏဉ္စာယတနဈာန်မှ ထ၍ ထို ဝိညာဏဉ္စာယတနဈာန် စိတ္တုပ္ပါဒ်၌ သင်္ခါရတို့ကို ထို မန္ဒလွန်း မထက်လွန်းသော ဝိပဿနာ ဖြင့် သာလျှင် ရှု၏။ ထို ဝိညာဏဉ္စာယတနသင်္ခါရကို ရှုသည်၏ အခြားမဲ့၌ အာကိဉ္စညာယတနဈာန်ကို ဝင်စား၍ အာကိဉ္စညာ-ယတန ဈာန်မှ ထ၍—

(၁) အသီးအခြား ဖြစ်၍ မိမိ ကိုယ်နှင့် မစပ်သော ပရိက္ခရာ၏ မပျက်စီးခြင်းကို မိဋ္ဌာန်ခြင်းငှင်း၊

(၂) သံဃာတော်၏ ငံ့မျှော် လင့်သည်ကို ဆင်ခြင်ခြင်းငှင်း၊

(၃) သဗ္ဗညုမြတ်စွာဘုရား၏ ခေါ်တော်မူသည်ကို ဆင်ခြင် ခြင်းငှင်း၊

(၄) ဇီဝိတိန္ဒြေ၏ အဝွန့် အပိုင်း အခြားကို ဆင်ခြင်ခြင်းငှင်း ဤ လေးပါးသော ပုဗ္ဗကိစ္စတို့ကို ပြု၏။

(၁) ထို ပုဗ္ဗကိစ္စ လေးပါးတို့တွင် "ပရိက္ခရာ၏ မပျက် စီးအောင် မိဋ္ဌာန်ခြင်း"ကား—အကြင် ပရိက္ခရာသည် ဤ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းနှင့် တကွ တစပ် တည်း စပ်သည် မဖြစ်၊ အထူးထူးသော တည်ရာနှင့် စပ်သည် ဖြစ်၍ တည်သော သပိတ် သင်္ကန်း ညောင်စောင်း အင်းပျဉ် မူလည်း ဖြစ်သော နေရာ ကျောင်းမူလည်း ဖြစ်သော ပြဆိုပြီး သည်မှ တပါးလည်း ဖြစ်သော တစုံတခုသော ပရိက္ခရာမျိုးသည် ရှိ၏၊ ထို အလုံးစုံသော ပရိက္ခရာသည် အကြင် အခြင်းအရာဖြင့် အမိဋ္ဌာန် ပြုသည် ရှိသော် မပျက်စီး၊ မီး, ရေ, လေ, ခိုးသူ, ကြွက် စသည်တို့၏ အစွမ်းဖြင့် မပျက်စီးနိုင်၊ ထို အခြင်းအရာဖြင့် အမိဋ္ဌာန် ပြုအပ်၏၊ ဝါ—စိတ်ကို ဖြစ်စေအပ်၏၊ ထို ပုဗ္ဗကိစ္စ၌ ဤ ဆိုလတ္တံ့သည်ကား အမိဋ္ဌာန် ပြုရပုံ အစီအရင်တည်း၊

http://www.dhammadownload.com



"ဤမည်သော ပရိက္ခရာ ဤမည်သော ပရိက္ခရာကို ဤ ခုနစ်ရက် အတွင်း၌ မီးမလောင်ပါစေသတည်း၊ ရေသည် မမျောအပ်သည် ဖြစ်ပါစေသတည်း၊ လေသည် မဖျက်ဆီးပါစေသတည်း၊ ခိုးသူတို့ မခိုးမဝှက်နိုင်ပါစေသတည်း၊ ကြွက်, ပိုးဟပ် စသည်တို့ မကိုက် မခဲနိုင်ပါစေသတည်း"ဟု အဓိဋ္ဌာန် ပြုရာ၏၊ ဤသို့သော နည်းဖြင့် စိတ်ကို ဖြစ်စေအပ်သည် ရှိသော် ထို ခုနစ်ရက်ပတ်လုံး ထို ရဟန်း၏ ပရိက္ခရာ အပေါင်းကို တစုံတခုသော ဘေးရန်သည် မဖျက်ဆီးနိုင်။

ဤသို့ အဓိဋ္ဌာန် မပြုသော ရဟန်း၏ ပရိက္ခရာသည်ကား မီးစသည်တို့ဖြင့် ပျက်စီး၏၊ အဘယ် ပုဂ္ဂိုလ်ကဲ့သို့နည်း—မဟာနာဂထေရ်၏ ပရိက္ခရာ ကဲ့သို့တည်း၊ မဟာနာဂ မထေရ်သည် မယ်တော် ဥပါသိကာမ၏ ရွာသို့ ဆွမ်းခံ ဝင်တော်မူသတတ်၊ မယ်တော်သည် ယာဂုကို လှူကပ်ပြီးနောက် ဆွမ်းစား စရပ်၌ ဆွမ်းကို ငံ့လင့်လျက် သီတင်းသုံးစေ၏၊ မထေရ်သည် ထို အခိုက် တွင် နိရောဓသမာပတ်ကို ဝင်စား၍ နေ၏၊ ထို မဟာနာဂ မထေရ်သည် နိရောဓသမာပတ်ကို ဝင်စား၍ နေစဉ် ဆွမ်းစား စရပ်ကို မီးစွဲလောင်လတ်သော် ကြွင်းသော ရဟန်းတို့သည် မိမိ မိမိ၏ နေသော နေရာကို ယူ၍ ရှောင်တိမ်း ကြွသွားကုန်၏၊ ရွာသူ ရွာသား အပေါင်းတို့သည် သောင်းသောင်းဖျဖျ ရုတ်တ ရက် စည်းဝေးကြကုန်၍ မထေရ်ကို မြင်သဖြင့် "ရဟန်းပျင်း, ရဟန်းပျင်း"ဟု ဆိုကုန်၏၊ မီးသည် သက်ငယ်, ဝါး, သစ်သား တို့ကို လောင်ကျွမ်းစေ၍ မထေရ်ကို ဝိုင်းရံ၍ တည်၏၊ လူအပေါင်း တို့သည် အိုးတို့ဖြင့် ရေကို ဆောင်၍ ငြိမ်းစေပြီးလျှင် ပြာ မီးသွေး အပေါင်းကို ဖယ်ရှား၍ နွားချေးစိုဖြင့် လိမ်းကျံသည်ကို ပြု၍ ပန်းတို့ဖြင့် ကြဲ၍ ရှိခိုးလျက် တည်ကြကုန်၏၊ မထေရ်သည် ပိုင်းခြားအပ်သော ကာလ၏ အစွမ်းဖြင့် သမာပတ်မှ ထ၍ ရှိခိုး ပူဇော်နေကြသော ထို လူတို့ကို မြင်သဖြင့် "ငါ သမာပတ် ဝင်စားမှုသည် လူသူအများ ထင်ရှား ဖြစ်လေပြီတကား"ဟု ဤသို့ နှလုံးပိုက်လျက် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ပိယင်္ဂုကျွန်းသို့

http://www.dhammadownload.com



ကြွတော်မူလေ၏၊ ဤ အဓိဋ္ဌာန် ပြုခြင်းသည် အခြား အရပ်၌ ဖြစ်၍ ကိုယ်နှင့် မစပ်သော ပရိက္ခရာ၏ မပျက်စီးအောင် ဓိဋ္ဌာန် ခြင်း မည်၏။

အကြွင် သင်းပိုင် ကိုယ်ဝတ်သည်ရှင်း၊ အကြွင် ထိုင်သော နေရာသည်ရှင်း မိမိ ကိုယ်နှင့် စပ်သည် ဖြစ်၏၊ ထို မိမိ ကိုယ်နှင့် စပ်သော ပရိက္ခရာ၌ တသီး တခြား အဓိဋ္ဌာန် ပြုဘွယ် ကိစ္စမရှိ၊ နိရောဓသမာပတ်၏ အစွမ်းဖြင့် သာလျှင် ထို မီးစသော အန္တရာယ်ကို စောင့်ရှောက်၏၊ အဘယ်သူကဲ့သို့နည်း—သက် တော် ရှည်သော သဉ္ဇီဝ မထေရ်အား စောင့်ရှောက်သကဲ့သို့ တည်း၊ ချဲ့အံ့—"အာယသ္မတော သဉ္ဇီဝဿ သမာဓိဝိပ္ဖါရာဣဒ္ဓိ၊ အာယသ္မတော သာရိပုတ္တဿ သမာဓိဝိပ္ဖါရာဣဒ္ဓိ" ဟူသော ထိုစကားကို ဣဒ္ဓိဝိဓ နိဒ္ဒေသခန်း၌ ဆိုအပ်ခဲ့ပြီ။

(၂) "သံဃာတော်၏ ငံ့မျှော်လင့်သည်ကို ဆင်ခြင်ခြင်း" ဆိုသည်ကား—သံဃာတော်၏ မျှော်လင့်ခြင်းတည်း၊ အကြွင်မျှ လောက် ကာလပတ်လုံး ဤ သမာပတ်ဝင်စားသော ရဟန်းသည် လာ၏၊ ထို ရဟန်း လာသည်တိုင်အောင်သော ကာလပတ်လုံး သံဃာကံကို မပြုလင့်သေးဘဲ ဆိုင်းငံ့ မျှော်လင့်နေခြင်း ဆိုလိုသည်၊ ဤ စကားရပ်၌လည်း သံဃာတော်၏ မျှော်လင့်ခြင်းသည် ထို နိရောဓ သမာပတ် ဝင်စားခြင်း ပုဗ္ဗကိစ္စ မဟုတ်၊ ပုဗ္ဗကိစ္စ အစစ်ကား—သံဃာတော်၏ မျှော်လင့်သည်ကို ဆင်ခြင်ခြင်း သည် သာလျှင် ထို နိရောဓသမာပတ် ဝင်စားသော ရဟန်း၏၊ ဝါ—နိရောဓ သမာပတ် ဝင်စားခြင်း၏ ပုဗ္ဗကိစ္စ အစစ်တည်း။

ထို့ကြောင့် ဤ ပြဆိုလတံ့သော နည်းဖြင့် ဆင်ခြင်အပ်၏— "ငါသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စား၍ နေသည်ရှိသော် သံဃာတော်သည် ဉတ္တိကံ စသည်တို့တွင် တစုံ တခု သာလျှင် ဖြစ်သော ကံကို ပြုလိုသည် အကယ်၍ ဖြစ်တုံအံ့၊ အကြွင်မျှလောက်သော ကာလပတ်လုံး တစုံတယောက်သော ရဟန်းသည် လာ၍ ငါ့ကို မခေါ်သေး၊ ထိုသို့ မခေါ်မီ ကာလမျှ လောက်လျှင် သမာပတ်မှ ထအံ့"ဟူ၍ ဤသို့ ဆင်ခြင်အပ်၏၊

http://www.dhammadownload.com



ဤသို့ ဆင်ခြင်ခြင်းကို ပြု၍ သမာပတ် ဝင်စားသော ရဟန်းသည် ထို ခေါ်အံ့ဟု လာသော ရဟန်းသည် မိမိ အနီးသို့ နီးကပ် ရောက်လာသော အခါ၌ပင် သမာပတ်မှ ထနိုင်သည် သာလျှင် တည်း၊ အကြင် ရဟန်းသည်ကား—ဤသို့ ဆင်ခြင်ခြင်းကို မပြု၊ သံဃာတော်သည်လည်း စည်းဝေး၍ ထို သမာပတ် ဝင်စားသော ရဟန်းကို အစည်းအဝေး၌ မမြင်သည် ဖြစ်၍ "ဤမည်သော ရဟန်းသည် အဘယ်မှာနည်း"ဟု မေး၏၊ "နိရောဓသမာပတ်ကို ဝင်စား၍ နေပါသည်"ဟူ၍ တစုံတယောက်သော ရဟန်းက လျှောက်လတ်သော် သံဃာတော်က တစုံတယောက်သော ရဟန်းကို အခေါ်လွှတ်၏၊ "သွားချေ—ထို ရဟန်းကို သံဃာတော်၏ စကားဖြင့် ခေါ်ချေလော့"ဟု ဤသို့ ခေါ်စေ၏၊ ထိုသို့ သံဃာတော်၏ အမိန့်ဖြင့် စေခိုင်းလတ်သော် ထို တမန်ရဟန်းသည် ထို သမာပတ် ဝင်စားသော ရဟန်း၏ ကြားလောက်ရာ အရပ်၌ ရပ်၍ "**ဒို ငါ့ရှင်—သံဃာတော်သည် ငါ့ရှင်ကို မျှော်လင့်၏**"ဟု ဤသို့ ဆိုကာမျှ၌ သာလျှင် သမာပတ်မှ ထခြင်းသည် ဖြစ်၏၊ သံဃာတော်၏ အမိန့် အာဏာတော် မည်သည်ကား—ဤမျှလောက်ပင် ဝန်လေးသည်သာတည်း၊ ထို့ကြောင့် ထို သံဃာတော် မျှော်လင့်အံ့သည်ကို ဆင်ခြင်၍ အကြင် အခြင်းအရာဖြင့် သံဃာတော်က မခေါ်ရဘဲ မိမိ အလို အလျောက် သမာပတ်မှ ထနိုင်၏၊ ထို အခြင်းအရာဖြင့် သမာပတ် ဝင်စားအပ်၏။

(၃) "**သဗ္ဗညုဘုရား ခေါ်တော်မူသည်ကို ဆင်ခြင်ခြင်း**" ဆိုသည်မှာ—ဤဘုရား ခေါ်တော်မူရာ၌လည်း မြတ်စွာဘုရား၏ ခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်းသည် သာလျှင် ဤ သမာပတ် ဝင်စားသော ရဟန်း၏ ပုဗ္ဗကိစ္စ မည်၏၊ ထို့ကြောင့် ထို ဘုရား ခေါ်တော်မူအံ့သည်ကိုလည်း ဤ ဆိုလတ္တံ့သော နည်းဖြင့် ဆင်ခြင်အပ်၏—"ငါသည် ခုနစ်ရက်ပတ်လုံး နိရောဓ သမာပတ်ကို ဝင်စား၍ နေစဉ် မြတ်စွာ ဘုရားသည် အကြောင်း ဝတ္ထုသည် သံဃာတော်သို့ သက်သည် ရှိသော်၊ ဝါ—သံဃာတော်သို့

http://www.dhammadownload.com


သက်သော ဝဏ္ဏုကြောင့် သိက္ခာပုဒ်ကိုမူလည်း အကယ်၍ ပညတ်အံ့၊ ထိုသို့ သဘော ရှိသော အတ္ထုပ္ပတ္တိကြောင့် တရားကို မူလည်း အကယ်၍ ဟောအံ့၊ အကြင်မျှလောက်သော ကာလ ပတ်လုံး တစုံ တယောက်သော ရဟန်းသည် လာ၍ "အို ငါ့ရှင်—သင့်ကို မြတ်စွာဘုရား ခေါ်တော်မူ၏"ဟု မခေါ်သေး၊ ထိုသို့ လာ၍ မခေါ်မီ ပင်လျှင် သမာပတ်မှ ထအံ့"ဟူ၍ ဤသို့ ဆင်ခြင်အပ်၏၊ ဤသို့ ဆင်ခြင်ခြင်းကို ပြု၍ နေသည်ရှိသော် ထို ခေါ်အံ့ဟု လာသော ရဟန်းသည် မိမိ အနီးသို့ ရောက်သော အခါ၌ ပင်လျှင် သမာပတ်မှ ထနိုင်သည်သာလျှင်တည်း။

အကြင် ရဟန်းသည်ကား ဤသို့ ဆင်ခြင်ခြင်းကို မပြု၊ မြတ်စွာ ဘုရားသည်လည်း သံဃာ စည်းဝေးသည် ရှိသော် ထိုသမာပတ် ဝင်စားသော ရဟန်းကို မမြင်သည် ဖြစ်၍ "ဤမည်သော ရဟန်းသည် အဘယ်မှာနည်း" ဟု မေးတော်မူ၏၊ "နိရောဓ သမာပတ် ဝင်စားနေပါသည်ဘုရား" ဟု တစုံ တယောက်က လျှောက်ကြားလတ်သော် တစုံတယောက်သော ရဟန်းကို ခေါ် စေ၏၊ "သွားချေ—ငါဘုရား၏ အမိန့်တော်ဖြင့် ခေါ်ချေလော့" ဟု ဤသို့ စေခိုင်း၏၊ ထိုသို့ စေခိုင်းလတ်သော် တမန် ရဟန်း သည် ထိုသမာပတ် ဝင်စားသော ရဟန်း၏ ကြားလောက်ရာ အရပ်၌ ရပ်၍ "**မြတ်စွာဘုရားသည် ငါ့ရှင်ကို ခေါ်တော်မူ၏**" ဟူ၍ ဆိုကာမျှ၌ သာလျှင် သမာပတ်မှထခြင်းသည် ဖြစ်၏၊ မြတ်စွာ ဘုရား၏ ခေါ်တော်မူခြင်းသည် ဤမျှလောက်ပင် ဝန်လေးသည် သာတည်း၊ ထို့ကြောင့် ထို မြတ်စွာဘုရား၏ ခေါ်တော်မူအံ့ သည်ကို ဆင်ခြင်၍ အကြင်သို့သော အခြင်းအရာအားဖြင့် ဘုရားမြတ်စွာ မခေါ်ရဘဲ မိမိ အလိုလို သာလျှင် ထနိုင်၏၊ ထိုသို့ သော အခြင်း အရာ အားဖြင့် သမာပတ် ဝင်စားအပ်၏။

(၄) "**ဇီဝိတိန္ဒြေ၏ အပိုင်း အခြားကို ဆင်ခြင်ခြင်း**" ဆိုသည်မှာ—မိမိ အသက် ဇီဝိတိန္ဒြေ ဖြစ်ရာ ကာလ၏ အပိုင်း အခြားတည်း၊ ဤသမာပတ် ဝင်စားသော ရဟန်းသည် အသက် ရှင်ရာကာလ အပိုင်း အခြားတို့၌ လိမ္မာသည် ဖြစ်ရာ၏၊ မိမိ၏

http://www.dhammadownload.com



**အာယု သင်္ခါရတို့သည် ခုနစ်ရက် တိုင်အောင် ဖြစ်ကုန်လတ္တံ့လော၊** မဖြစ်ကုန်လတ္တံ့လော၊ ဤသို့ ဆင်ခြင်၍ သာလျှင် သမာပတ် ဝင်စား အပ်၏၊ အကြင့်ကြောင့် ခုနစ်ရက် အတွင်း၌ အာယုသင်္ခါရချုပ် သည် ရှိသော် မဆင်ခြင်မူ၍သာလျှင် အကယ်၍ ဝင်စားအံ့— **ထို သမာပတ် ဝင်စားသော ရဟန်း၏ သေခြင်းကို နိရောဓ သမာပတ်သည် တားမြစ်ခြင်းငှါ မတတ်နိုင်၊** အဆုံးဖြစ်သော ဘဝင်ဖြင့် သေခြင်းကြောင့် နိရောဓ သမာပတ်၏ အတွင်း၌ သေခြင်း၏ မရှိသည်၏ အဖြစ်ကြောင့် **ခုနစ်ရက် အတွင်း မသေမီ အကြား၌ သာလျှင် သမာပတ်မှ ထရ၏၊** ထို့ကြောင့် ထိုအာယု သင်္ခါရ၏ တည်လတ္တံ့သော အပိုင်း အခြားကို အဆောတလျင် သေခြင်းသည် မဖြစ်ပါစေလင့်၊ ဤသို့ နှလုံး ပိုက်၍ ဆင်ခြင်ပြီးမှ သာလျှင် သမာပတ် ဝင်စားအပ်၏၊ ဤမှ ကြွင်းသော ယခင် ပုဗ္ဗကိစ္စ သုံးပါးကို မဆင်ခြင်ခြင်းငှါလည်း သင့်သေး၏၊ ဤကာလ အပိုင်း အခြားကိုကား မုချ ကေန် အမှန် မချွတ် ဆင်ခြင်အပ်သည် သာတည်း၊ ဤသို့ အဋ္ဌကထာ၌ ဆို၏။

ထိုနိရောဓ သမာပတ်ကို ဝင်စားသော ရဟန်းသည် ဤသို့ ပြဆိုပြီးသော နည်းဖြင့် အာကိဉ္စညာယတနစျာန်ကို ဝင်စား၍ ထို စျာန်မှ ထ၍ ဤ ပုဗ္ဗကိစ္စ လေးပါးကို ပြု၍ နေဝသညာ-နာသညာယတန စျာန်ကို ဝင်စား၏၊ ထို့နောင်မှ တကြိမ်သော စိတ္တဝါရ, နှစ်ကြိမ်သော စိတ္တဝါရတို့ကို လွန်၍ စိတ် မရှိသည် ဖြစ်၏၊ စိတ် စေတသိက်တို့၏ ချုပ်ခြင်းသို့ ရောက်၏၊ အဘယ့် ကြောင့် ထို ရဟန်းအား နှစ်ချက်သော စိတ်တို့၏ အထက်၌ စိတ်တို့သည် မဖြစ်ကုန်သနည်း—နိရောဓ အကျိုးငှါ ယှဉ်စေအပ် သော ပယောဂ၏ အဖြစ်ကြောင့် မဖြစ်ကုန်၊ ချဲ့ဦးအံ့—သမာပတ် ဝင်စားသော ဤရဟန်း၏ နှစ်ပါးကုန်သော သမထ ဝိပဿနာ ဓမ္မတို့ကို ထမ်းပိုး၌ ယှဉ်စုံ ဖွဲ့အပ်သော နွားတို့ကဲ့သို့ အချင်းချင်း မလွန် မဟုတ်ဘဲ အစုံ အညီ ဖွဲ့အပ်သည်တို့ကို ပြု၍ ဤ သမာပတ် ရှစ်ပါးသို့ တက်ခြင်းသည် ရှိ၏၊ ဤ သမာပတ် ရှစ်ပါးသို့ တက်ခြင်း သည် ပဌမစျာန် စသည်တို့ငှင်း ထို ပဌမစျာန် စသည်တို့၌

http://www.dhammadownload.com



ဖြစ်သော သညာရေစက်ကို ရှုသော အနုပဿနာတို့၏ငှင်း အစဉ် အားဖြင့် ချုပ်ခြင်းအနုပုဗ္ဗ နိရောဓ၏ ယှဉ်စေအပ်သော ပယောဂ တည်း၊ နေဝသညာနာသညာယတန သမာပတ်ကို ဝင်စားခြင်း၏ ပယောဂ မဟုတ်၊ ထိုသို့ အနုပုဗ္ဗ နိရောဓ၏ ပယောဂ အဖြစ်ကြောင့် နှစ်ကြိမ်သောစိတ်တို့၏ အထက်၌ စိတ်တို့သည် မဖြစ်ကုန်။

အကြင် ရဟန်းသည်ကား အာကိဉ္စညာယတန ဈာန်မှ ထ၍ ဤ ပုဗ္ဗကိစ္စ လေးပါးကို မပြုဘဲ နေဝသညာနာသညာယတနဈာန် ကို ဝင်စားအံ့၊ ထို ပုဗ္ဗကိစ္စကို မပြုသော ရဟန်းသည် နေဝ-သညာနာသညာယတနဈာန်မှ နောက်၌ အလုံးစုံ ပိုင်းခြား တိုင်းသော ကာလပတ်လုံး စိတ် မရှိသည် ဖြစ်ခြင်းငှါ မတတ်နိုင်, ပြန်လည်၍ တဖန် အာကိဉ္စညာယတနဈာန်၌ သာလျှင် တည်၏၊ ဤ ပုဗ္ဗကိစ္စကို မပြုဘဲ သမာပတ်ကို ဝင်စားရာ၌ကား ခရီးသို့ မသွား၊ မရောက်ဘူးသော ယောကျာ်း ဥပမာကို ပြဆိုသင့်၏၊ ခရီး တခုသို့ မသွားစဘူးသော ယောကျာ်း တယောက်သည် ခရီး အကြား၌ ရေရှိသော ချောက်ကိုငှင်း, နက်သော ရေနှင့် ရောသော ညွန်ကိုငှင်း လွန်၍ ထားအပ်သော ကြမ်းတမ်းသော နေပူကြောင့် လောလော ပူသော ကျောက်ဖျာပူသို့လည်းရောက်လတ်၍ ထိုဝတ် မြိတိုင်း ရုံမြဲတိုင်းသော အဝတ် အရုံကို မပြု မပြင်မူ၍ သာလျှင် ချောက်သို့ သက်လတ်သော် ပရိက္ခရာကို ရေစွတ်အံ့သည်မှ ကြောက်သောကြောင့် တဖန်သာလျှင် ကမ်း၌လည်၍ တည်ပြန်၏၊ ကျောက်ဖျာကို နင်း၍လည်း လွန်စွာ ပူသော ခြေရှိသည် ဖြစ်၍ တဖန်သာလျှင် ဤမှာဘက် အဘို့၌ တည်ပြန်သတတ်၊ ထိုဥပမာ၌ ခရီးသွား မကျွမ်းကျင်သော ထို ယောကျာ်းသည် အဝတ် အရုံကို ပြုပြင်ခြင်း မရှိသည်၏ အဖြစ်ကြောင့် ချောက်သို့ သက်ကာမျှ ဖြစ်၍လျှင်, အလွန် ပူသော ကျောက်ဖျာကိုလည်း နင်းကာမျှ ဖြစ်၍လျှင် ပြန်ဆုတ်၍ ဤမှာဘက်၌ သာလျှင် တည်သကဲ့သို့ ထို့အတူ ယောဂီသည်လည်း ပုဗ္ဗကိစ္စကို မပြုသည်၏ အဖြစ် ကြောင့် နေဝသညာနာသညာယတနဈာန်ကို ဝင်စားကာမျှ ဖြစ်၍လျှင် ပြန်နစ်၍ အာကိဉ္စညာယတန၌ တည်၏။ ဥပမာတမုံ

http://www.dhammadownload.com



**ထား**—ထို ခရီးကို ရှေးက သွားလာဘူးသော ယောကျာ်းသည် ထို အရပ်သို့ ရောက်လတ်၍ ပုဆိုး တထည်ကို မြဲမြံ ကြပ်ကြပ် ဝတ်၍ တထည်ကို လက်ဖြင့် ကိုင်ပြီးလျှင် ချောက်ကို ခုန်၍ လောလော ပူသော ကျောက်ဖျာကိုလည်း နင်းမိရုံမျှသာ နင်း၍ ထိုမှာဘက်သို့ သွားသကဲ့သို့ ထို့အတူ ပုဗ္ဗကိစ္စ ပြီးသော ရဟန်းသည် နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍ သလျှင် နေဝသညာနာသညာယတနဈာန်မှ နောက်၌ စိတ် မရှိသည်ဖြစ်၍ စိတ် စေတသိက် စိတ္တဇရုပ်၏ ချုပ်ခြင်းသို့ ထိရောက်၍ နေ၏။

(၇) **"အဘယ်မျှသော အကြောင်းဖြင့် တည်ခြင်းသည် ဖြစ်သနည်း"** ဆိုသည်မှာ—ဤ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဝင်စား ပြီးသော ထို နိရောဓ သမာပတ်၏ ကာလ အပိုင်း အခြား၏ အစွမ်းဖြင့်၎င်း, ကာလ အပိုင်း အခြား၏ အကြား၌ အသက်၏ ကုန်ခြင်း, သံဃာတော်၏ ငံ့လင့် မျှော်လင့်ခြင်း, မြတ်စွာဘုရား၏ ခေါ်တော်မူခြင်း မရှိသည်၏ အဖြစ်ကြောင့်၎င်း တည်ခြင်းသည် ဖြစ်၏။

(၈) **"အဘယ်မျှသော အကြောင်းဖြင့် ထခြင်း ဖြစ်သနည်း"** ဆိုသည်မှာ—အနာဂါမ်အား အနာဂါမိဖိုလ်၏ ဖြစ်ခြင်းဖြင့် ရဟန္တာအား အရဟတ္တဖိုလ်၏ ဖြစ်ခြင်းဖြင့် ဤ အကြောင်း နှစ်ပါးဖြင့် ထခြင်းသည် ဖြစ်၏။

(၉) **"နိရောဓ သမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်သနည်း"** ဟူရာ၌ နိဗ္ဗာန်သို့ ညွတ်သည် ဖြစ်၏၊ ထိုစကား မှန်၏၊—

"သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌိတဿ ခေါ အာဝုသော ဝိသာခ ဘိက္ခုနော ဝိဝေကနိန္နံ စိတ္တံ ဟောတိ ဝိဝေကပေါဏံ ဝိဝေကပဗ္ဘာရန္တိ။"

ဟူ၍ စူဠဝေဒလ္လသုတ်၌ ဟောတော်မူ၏။

http://www.dhammadownload.com



"အို ဒါယကာ ဝိသာခ—သညာ ဝေဒနာတို့၏ ချုပ်ရာ ဖြစ်သော နိရောဓ သမာပတ်မှ ထသော ရဟန်း၏ စိတ်သည် ရှေးမဆွကာ ပင်လျှင် သခိရမှ မျက်နှာ လှဲသည်၏ အဖြစ်ကြောင့်ငှင်း, မိုလ်စိတ်၏ ဖြစ်ခြင်းကြောင့်ငှင်း နိဿရဏ ဝိဝေကသို့ ညွတ်၏၊ ဝိဝေကသို့ ကိုင်း၏၊ နိဿရဏ ဝိဝေကသို့ ရှိုင်း၏။"

ဤသို့ ဓမ္မဒိန္နာထေရီ ဟောတော်မူ၏။

(၁၀) "သေသော သူ၏ငှင်း, နိရောဓ သမာပတ်ကို ဝင်စားသော သူ၏နှင်း အထူးသည့် အဘယ်နည်း" ဟူသော ဤ ပုစ္ဆာ၏ အဖြေကိုလည်း မဟာဝေဒလ္လသုတ် ပါဠိတော်၌ အရှင် ဓမ္မဒိန္နာထေရီမ ဟောတော်မူသည်မှာ—

"ယွာယံ အာဝုသော မတော ကာလင်္ကတော၊ တဿ ကာယသင်္ခါရာ နိရုဒ္ဓါ ပဋိပဿဒ္ဓါ၊ ဝစီသင်္ခါရာ, စိတ္တသင်္ခါရာ နိရုဒ္ဓါ ပဋိပဿဒ္ဓါ၊ အာယု ပရိက္ခီဏော၊ ဥသ္မာ ဝူပသန္တာ၊ ဣန္ဒြိယာနိ ပရိဘိန္နာနိ၊ ယွာယံ ဘိက္ခု သညာဝေဒယိတနိရောဓံ သမာပန္နော၊ တဿပိ ကာယ-သင်္ခါရာ နိရုဒ္ဓါ ပဋိပဿဒ္ဓါ၊ ဝစီသင်္ခါရာ, စိတ္တသင်္ခါရာ နိရုဒ္ဓါ ပဋိပဿဒ္ဓါ၊ အာယု အပရိက္ခီဏော၊ ဥသ္မာ အဝူပသန္တာ၊ ဣန္ဒြိယာနိ အပရိဘိန္နာနီတိ။"

"အို ဒါယကာ ဝိသာခ—အကြင် သတ္တဝါသည် သေ၏၊ ထို သေသော သတ္တဝါအား ကာယ သင်္ခါရတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏၊ ဝစီသင်္ခါရတို့သည်, စိတ္တ သင်္ခါရတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏၊ ဇီဝိတိန္ဒြေ သည် ကုန်ပြီ၊ ကမ္မဇတေဇော ဓာတ်သည် အပူဓာတ်မှ ငြိမ်းသဖြင့် အေးမြ ရှိလတ်ပြီ၊ စက္ခု စသော ဣန္ဒြေတို့သည် ပျက်ကုန်ပြီ၊ အကြင် ရဟန်းသည် သညာ ဝေဒနာ၏ ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စား၏၊ ထို နိရောဓ သမာပတ်ကို ဝင်စားသော ရဟန်း၏လည်း ကာယ သင်္ခါရတို့သည်

http://www.dhammadownload.com



ချုပ်ကုန်၏ ငြိမ်းကုန်၏၊ ဝစီ သင်္ခါရတို့သည်, စိတ္တ သင်္ခါရတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏၊ ဇီဝိတိန္ဒြေမူကား မကုန်သေး၊ ကမ္မဇ တေဇောဓာတ်သည်လည်း အပူငွေ့ မငြိမ်းသေး၊ စက္ခု စသော ဣန္ဒြေတို့သည်လည်း မပျက်စီးကုန်၊ ဤသည်လျှင် အထူးတည်း။"

(၁၁) "**နိရောဓ သမာပတ်သည် သင်္ခတလော, အသင်္ခတလော**" စသော ပုစ္ဆာ၌ကား—နိရောဓ သမာပတ်သည် သင်္ခတ ဟူ၍၎င်း, အသင်္ခတ ဟူ၍၎င်း, လောကီ ဟူ၍၎င်း, လောကုတ္တရာ ဟူ၍၎င်း မဆိုသင့်၊ အဘယ့်ကြောင့်နည်း—ပရမတ္ထ သဘော တရားအားဖြင့် မရှိသည်၏ အဖြစ်ကြောင့်တည်း၊ ထိုမှတပါး အကြင့်ကြောင့် ထို နိရောဓ သမာပတ်ကို ဝင်စားသော အရိယာ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဝင်စားအပ်သည် မည်သည် ဖြစ်၏၊ ထို့ကြောင့် နိပ္ဖန္န ဟူ၍ ဆိုခြင်းငှါ သင့်၏၊ ဒ႑နပ္ဖန္န ဟူ၍ ဆိုခြင်းငှါ မသင့်၊ ဝါ—အနိပ္ဖန္န ဟု မဆိုသင့်။

"ဣတိ သန္တံ သမာပတ္တိံ, ဣမံ အရိယနိသေဝိတံ၊
ဒိဋ္ဌေဝဓမ္မနိဗ္ဗာန, မိတိ သင်္ခံ ဥပါဂတံ။
ဘာဝေတွာ အရိယံ ပညံ, သမာပဇ္ဇန္တိ ပဏ္ဍိတာ၊
ယသ္မာ တသ္မာ ဣမိဿာပိ, သမာပတ္တိသမတ္ထတာ၊
အရိယမဂ္ဂေသု ပညာယ, အာနိသံသောတိ ဝုစ္စတိ။"

"ဤသို့ ပြဆိုပြီးသော နည်းဖြင့် သင်္ခါရတို့၏ ငြိမ်းသည်၏ အဖြစ်ကြောင့်၎င်း, ငြိမ်သက်သော တရားသို့ အစဉ်လိုက်သည်၏ အဖြစ်ကြောင့်၎င်း ငြိမ်သက်စွာထသော အရိယာ သခင်တို့သည် သာလျှင် မှီဝဲအပ်သော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ဒုက္ခတာ သုံးပါးတို့၏ ငြိမ်းသည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်သော ဤ နိရောဓ သမာပတ်ကို ပညာသခင် အရှင်မြတ်တို့သည် စင်ကြယ်သော မဂ်ပညာ ဖိုလ်ပညာကို ပွါးစေ၍ အကြင့်ကြောင့် ဝင်စားကုန်၏၊ ထို့ကြောင့် ဤ

http://www.dhammadownload.com



နိရောဓ သမာပတ် ဝင်စားခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကို အရိယမဂ်တို့၌ ပွါးစေအပ်သော ပညာ၏ အကျိုး အာနိသင် ဟူ၍ ဆိုအပ်၏။"

ဤတွင် စကားတရပ် ပြီး၏။

---

## အာဟုနေယျ အဖြစ်

"**အာဟုနေယျ အဖြစ် စသည်၏ ပြီးခြင်း**" ဆိုသည်မှာ— ပညာ ဘာဝနာ၏ အကျိုးသည် နိရောဓ သမာပတ်ကို ဝင်စားခြင်း၌ စွမ်းနိုင်ရုံ သက်သက်မျှ သာလျှင် မဟုတ်သေး၊ စင်စစ် အဟုတ်သော်ကား—ဤ အာဟုနေယျ အဖြစ် စသည်တို့၏ ပြီးခြင်းကိုလည်း ဤ လောကုတ္တရာ ပညာကို ပွါးစေခြင်း၏၊ ဝါ—ပွါးစေအပ်သော လောကုတ္တရာ ပညာ၏ အကျိုး ဟူ၍ သိအပ်၏၊ ချဲ့ဦးအံ့—သာမညအားဖြင့် လေးပါး အပြားရှိသည်လည်း ဖြစ်သော ဤ လောကုတ္တရာ ပညာ၏ ပွါးစေအပ်သည်၏ အဖြစ်ကြောင့် ပွါးစေအပ်သော လောကုတ္တရာ ပညာရှိသော အရိယာ ပုဂ္ဂိုလ်သည် နတ်ပြဟ္မာနှင့် တကွသော သတ္တလောက၏ အဝေးမှသော်လည်း ဆောင်ယူ၍ လာအပ်သော အလှူ ဝတ္ထုကို ခံခြင်း၌ ထိုက်၏၊ **အာဂန္တုကအား** ရည်မှတ်အပ်သော အလှူ ဝတ္ထုကို ခံထိုက်၏၊ တမလွန် လောကကို ယုံကြည်၍ လှူအပ်သော အလှူ ဝတ္ထုကို ခံထိုက်၏၊ လက်အုပ်ချီခြင်းကို ခံထိုက်၏၊ လူ အပေါင်း၏ အတု မရှိ မြတ်လှစွာသော ကုသိုလ် အခင်း သန့်ရှင်း ပေါင်းမြက် ခွန်ထွက် သန်သန် လယ်ယာ မြေကောင်း အစစ် အမှန်လည်း ဖြစ်၏။

အထူးအားဖြင့်ကား—ဤ အရိယမဂ်ပညာတို့တွင် လက်ဦးစွာ ပဌမမဂ်ပညာကို မထက်လွန်းသဖြင့် နုံသော ဝိပဿနာ၏ အစွမ်းဖြင့် ပွါးစေ၍ သောတာပန် အဖြစ်သို့ ရောက်သော အရိယာ သခင်သည် နုံသော သဒ္ဓါစသော ဣန္ဒြေရှိသည် ဖြစ်သော်လည်း ခုနစ်ကြိမ် အတိုင်းအရှည် အတ္တဘောကို ယူခြင်း ဘဝဋ္ဋ

http://www.dhammadownload.com



ဖြစ်ခြင်း သဘော ရှိသော "သဗ္ဗက္ခဏ္ဍုပ္ပရမသောတာပန်" မည်သည် ဖြစ်၏၊ ခုနစ်ကြိမ်တိုင်အောင် သုဂတိ ဘဝ၌ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် တပြောင်း ပြန်ပြန် ကျင်လည်၍ ဝဋ်ဆင်းရဲ အပေါင်း၏ အဆုံးကို ပြုနိုင်၏၊ မန္ဒလွန်း မထက်လွန်း အလတ် ဖြစ်သော ဝိပဿနာ၏ အစွမ်းဖြင့် ပဌမမဂ်ပညာကို ပွါးစေ၍ သောတာပန် အဖြစ်သို့ ရောက်သော သဒ္ဓါစသော ဣန္ဒြေ အလတ် ဖြစ်သော မဇ္ဈိမ သောတာပန်သည် တခုသော ဘဝမှ တခုသော ဘဝသို့ လာသည် ဖြစ်၍၊ ဝါ—မြတ်သော အမျိုး တဦးမှသည် မြတ်သော အမျိုး တဦးသို့ လာသည် ဖြစ်၍ "ကောလံကောလသောတာပန်" မည်သည် ဖြစ်၏၊ လူ နတ်တို့၏ အစွမ်းဖြင့် နှစ်ကြိမ် သုံးကြိမ်သော ဘဝသို့ တိုင်အောင် ကျင်လည်၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုနိုင်၏၊ ထက်သော ဝိပဿနာ၏ အစွမ်းဖြင့် ပဌမ မဂ်ပညာကို ပွါးစေ၍ သောတာပန် အဖြစ်သို့ ရောက်သော အရိယာသည် ထက်သော ဣန္ဒြေ ရှိသည် ဖြစ်၍ အတ္တဘောကို ယူခြင်း တခုသာလျှင် ဖြစ်သော ခန္ဓာ မျိုးစေ့ တခုသာ ရှိသော "ဧကဗီဇီ သောတာပန်" မည်၏၊ လူ့ ဘဝကို တကြိမ်သာ ဖြစ်စေ၍ ဝဋ်ဆင်းရဲ အဆုံးကို ပြု၏။

ဒုတိယ မဂ်ပညာကို ပွါးစေ၍ "သကဒါဂါမိ" မည်သည် ဖြစ်၏၊ ဤ လူ့ဘုံသို့ တကြိမ်သာလျှင် ပဋိသန္ဓေ အစွမ်းဖြင့် လာ၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏၊ တတိယ မဂ်ပညာကို ပွါးစေ၍ ဤ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာခြင်းကြောင့် "အနာဂါမိ" မည်သည် ဖြစ်၏၊ ထို အနာဂါမိ သခင်သည် အရဟတ္တ ဖိုလ်ကို ယှဉ်စေတတ်သော သဒ္ဓါစသော ဣန္ဒြေတို့၏ ထူးသော အဖြစ်၏ အစွမ်းအားဖြင့် အန္တရာ ပရိနိဗ္ဗာယီ အနာဂါမိ, ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမိ, အသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမိ, သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမိ, ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမိ ဤ ငါးပါးသော အပြားဖြင့် ဤ ကာမဘုံကို ပယ်စွန့်၍ ပရိနိဗ္ဗာန် ပြုသည် ဖြစ်၏၊ ထို အနာဂါမိ ငါးဦးတို့တွင် အမှတ် မရှိသော သုဒ္ဓါဝါသ ဘုံ၌ ဖြစ်၍ အသက် အပိုင်း အခြား၏ အလယ် ထက်ဝက်သို့ မရောက်မူ၍

http://www.dhammadownload.com



သာလျှင် ကိလေသ ပရိနိဗ္ဗာန်အားဖြင့် ပရိနိဗ္ဗာန် ပြုသော အနာဂါမ်သည် "အန္တရာ ပရိနိဗ္ဗာယီ အနာဂါမ်" မည်၏၊ အသက် အပိုင်း အခြား၏ အလယ် ဗဟိုကို လွန်၍ ကိလေသ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန် စံသော အနာဂါမ်သည် "ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ်" မည်၏၊ ပယောဂ လွန်ကဲခြင်းမှ ကင်းသော ဝိပဿနာ အကျင့်ဖြင့် အထက် ဖြစ်သော အရဟတ္တမဂ်ကို ဖြစ်စေသော အနာဂါမ်သည် "အသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်" မည်၏၊ အဓိမတ္တ ပယောဂနှင့် တကွသော ဝိပဿနာ အကျင့်ဖြင့် အထက် ဖြစ်သော အရဟတ္တမဂ်ကို ဖြစ်စေသော အနာဂါမ်သည် "သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်" မည်၏၊ အဝိဟာ စသော အကြင် အကြင် ဘုံ၌ ဖြစ်၏၊ လက်ဦး အစ ဖြစ်ရာ ထိုထို ဘုံမှ အထက်၌ အကနိဋ္ဌ ဘုံတိုင်အောင် ပဋိသန္ဓေအားဖြင့် တက်၍ ထို ဘုံ၌ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်သည် "ဥဒ္ဓံသောတ-အကနိဋ္ဌဂါမီ အနာဂါမ်" မည်၏။

စတုတ္ထမဂ် ပညာကို ပွါးစေ၍ အချို့သော ရဟန္တာသည် "သဒ္ဓါဝိမုတ္တ" ပုဂ္ဂိုလ် ဖြစ်၏၊ အချို့သော ရဟန္တာသည် "ပညာ-ဝိမုတ္တ" ပုဂ္ဂိုလ် ဖြစ်၏၊အချို့သော ရဟန္တာသည် "ဥဘတော-ဘာဂဝိမုတ္တ" ပုဂ္ဂိုလ် ဖြစ်၏၊ အချို့သော ရဟန္တာသည် ဝိဇ္ဇာ သုံးပါး ရှိသော ပုဂ္ဂိုလ် ဖြစ်၏၊ အချို့သော ရဟန္တာသည် အဘိညာဉ် ခြောက်ပါး ရှိသော ပုဂ္ဂိုလ် ဖြစ်၏၊ အချို့သော ရဟန္တာသည် ပဋိသမ္ဘိဒါ အထူး အပြားသို့ ရောက်သော အာသ-ဝေါ ကုန်ခန်း ပြီးသော ရဟန္တာမြတ် ဖြစ်၏၊ အကြင် စတုတ္ထမဂ် ပညာကို ပွါးစေခြင်းကို ရည်၍ အောက်အကျဉ်းအားဖြင့် ဟောသော ဂါထာ အဖွင့်၌ "မဂ္ဂက္ခဏေ ပနေသတံ ဇဋံ ဝိဇဋေတိ နာမ၊ ဖလက္ခဏေ ဝိဇဋိတဇဋော သဒေဝကဿ လောကဿ အဂ္ဂဒက္ခိဏေယျော ဟောတိ" ဟူ၍ မိန့်ဆိုပြီးပြီ၊ "ဤ ပုဂ္ဂိုလ်သည် အရဟတ္တ မဂ်ခဏ၌ ထို တဏှာ တည်းဟူသော အမြွေး အယှက်ကို ဖျက်ဆီး ဖြည်ရှင်းဆဲ မည်၏၊ အရဟတ္တဖိုလ်ခဏ၌ ဖျက်ဆီး ဖြည်ရှင်းပြီးသော တဏှာ အမြွေး အယှက် ရှိသည်ဖြစ်၍၊ ဝါ—

http://www.dhammadownload.com



တဏှာ အမြေး အယှက်ကို ဖျက်ဆီးပြီး ဖြည့်ရှင်းပြီးပြီ ဖြစ်၍ နတ်နှင့် တကွသော သတ္တ လောက၏ မြတ်သော အလှူခံ ပုဂ္ဂိုလ်သည် ဖြစ်၏။"

"ဧဝံ အနေကာနိသံသာ, အရိယပညာယ ဘာဝနာ၊ ယသ္မာ တသ္မာ ကရေယျာထ, ရတိံ တတ္ထ ဝိစက္ခဏော။"

"ဤသို့ အကြင် အကြောင်ကြောင့်ပြခဲ့ပြီးသော နည်းဖြင့် အရိယမဂ် ပညာကို ပွါးစေခြင်းသည် များသော အကျိုး ရှိသည့် အဖြစ်ကြောင့် အကျိုး အကြောင်းကို ရှုမြော်နိုင်သော အမျိုးကောင်းသားသည် ထို အရိယမဂ် ပညာကို ပွါးစေခြင်း၌ အလွန် မွေ့လျော်ခြင်းကို ပြုရာ၏။"

ဤမျှ အတိုင်း အရှည် ရှိသော သဒ္ဒါအစဥ် အနက်အစဥ် ဖြင့်လည်း—

"သီလေ ပတိဋ္ဌာယ နရော သပညော,
စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။"

ဟူသော ဤ ဂါထာ၌ သီလ သမာဓိ ပညာကို အမှူးပြုသဖြင့် ဟောကြားအပ်သော ဝိသုဒ္ဓိမဂ်၌ အကျိုး အာနိသင်နှင့် တကွ သော ပညာ ဘာဝနာကို ထက်ဝန်းကျင်မှ ပြဆိုအပ်ပြီးသည် ဖြစ်၏။

ဤသို့လျှင် သူတော်ကောင်းတို့၏ ဝမ်းမြောက် နှစ်သက်ခြင်း အကျိုးငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ် ကျမ်း၌ ပညာဘာဝနာနိသံသ နိဒ္ဒေသ အမည်ရှိသော အပိုင်း ၂၃-ပြီး၏။

(၂၃) ပညာဘာဝနာနိသံသ နိဒ္ဒေသ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ကျမ်းပြီးနိဂုံး

ဧတ္တာဝတာ စ—

"သီလေ ပတိဋ္ဌာယ နရော သပ္ပညော,
စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု,
သော ဣမံ ဝိဇဋယေ ဇဋန္တိ။"

ဣမံ ဂါထံ နိက္ခိပိတွာ ယဒဝေါစုမှ—

"ဣမိဿာ ဒါနိ ဂါထာယ, ကထိတာယ မဟေသိနာ၊
ဝဏ္ဏယန္တော ယထာဘူတံ, အတ္ထံ သီလာဒိဘေဒနံ။

သုဒုလ္လဘံ လဘိတွာန, ပဗ္ဗဇ္ဇံ ဇိနသာသနေ၊
သီလာဒိသင်္ဂဟံ ခေမံ, ဥဇုံ မဂ္ဂံ ဝိသုဒ္ဓိယာ။

ယထာဘူတံ အဇာနန္တာ, သုဒ္ဓိကာမာပိ ယေ ဣဓ၊
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ, ဝါယမန္တာပိ ယောဂိနော။

တေသံ ပါမောဇ္ဇကရဏံ, သုဝိသုဒ္ဓဝိနိစ္ဆယံ၊
မဟာဝိဟာရဝါသီနံ, ဒေသနာနယနိဿိတံ။

ဝိသုဒ္ဓိမဂ္ဂံ ဘာသိဿံ, တံ မေ သက္ကစ္စ ဘာသတော၊
ဝိသုဒ္ဓိကာမာ သဗ္ဗေပိ, နိသာမယထ သာဓဝေါတိ။"

သွာယံ ဘာသိတော ဟောတိ၊ တတ္ထ စ—

တေသံ သီလာဒိဘေဒါနံ, အတ္ထာနံ ယော ဝိနိစ္ဆယော၊
ပဉ္စန္နမ္ပိ နိကာယာနံ, ဝုတ္တော အဋ္ဌကထာနယေ။

သမာဟရိတွာ တံ သဗ္ဗံ, ယေဘုယျေန သနိစ္ဆယော၊
သဗ္ဗသင်္ကရဒေါသေဟိ, မုတ္တော ယသ္မာ ပကာသိတော။

တသ္မာ ဝိသုဒ္ဓိကာမေဟိ, သုဒ္ဓပညေဟိ ယောဂိဟိ၊
ဝိသုဒ္ဓိမဂ္ဂေ ဧတသ္မိံ, ကရဏီယောဝ အာဒရောတိ။

ဝိဘဇ္ဇဝါဒိသင်္ဃဿ, ထေရိယာနံ ယသဿိန၊
မဟာဝိဟာရဝါသီနံ, ဝံသဇဿ ဝိဘာဝိနော။

http://www.dhammadownload.com



ဘဒန္တသံဃပါလဿ, သုစိသလ္လေခဝုတ္တိနော၊
ဝိနယာစာရယုတ္တဿ, ယုတ္တဿ ပဋိပတ္တိယံ။
ခန္တိသောရစ္စမေတ္တာဒိ, ဂုဏဘူသိတစေတသော၊
အဇ္ဈေသနံ ဂဟေတွာဝ, ကရောန္တေန ဣမံ မယာ။
သဒ္ဓမ္မဋ္ဌိတိကာမေန, ယော ပတ္တော ပုညသဉ္စယော၊
တဿ တေဇေန သဗ္ဗေပိ, သုခမေဓန္တု ပါဏိနော။
ဝိသုဒ္ဓိမဂ္ဂေါ ဧသောဝ, အန္တရာယံ ဝိနာ ဣဓ၊
နိဋ္ဌိတော အဋ္ဌပညာသ, ဘာဏဝါရာယ ပါဠိယာ။

ယထာ တထေဝ လောကဿ,
သဗ္ဗေ ကလျာဏနိဿိတာ၊
အနန္တရာယာ ဣဇ္ဈန္တု,
သီဃံ သီဃံ မနောရထာတိ။”

“ပရမဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိဝီရိယပဋိမဏ္ဍိတသီလာစာရဇ္ဇဝ-
မဒ္ဒဝါဒိဂုဏသမုဒယသမုဒိတေန သကသမယသမယန္တရ-
ဂဟနဇ္ဈောဂါဟဏသမတ္ထေန ပညာဝေယျတ္တိယသမန္နာ-
ဂတေန တိပိဋကပရိယတ္တိပ္ပဘေဒေ သာဋ္ဌကထေ သတ္ထု-
သာသနေ အပ္ပဋိဟတဉာဏပ္ပဘာဝေန မဟာဝေယျာ-
ကရဏေန ကရဏသမ္ပတ္တိဇနိတသုခဝိနိဂ္ဂတမဓုရောဒါတ-
ဝစနလာဝဏ္ဏယုတ္တေန ယုတ္တမုတ္တဝါဒိနာ ဝါဒီဝရေန
မဟာကဝိနာ ဆဠဘိညာပဋိသမ္ဘိဒါဒိဘေဒဂုဏပဋိမဏ္ဍိ-
တေ ဥတ္တရိမနုဿဓမ္မေ အပ္ပဋိဟတဗုဒ္ဓီနံ ထေရဝံသပ္ပဒီ-
ပါနံ ထေရာနံ မဟာဝိဟာရဝါသီနံ ဝံသာလင်္ကာရ-
ဘူတေန ဝိပုလဝိသုဒ္ဓိဗုဒ္ဓိနာ “ဗုဒ္ဓဃောသော” တိ
ဂရူဟိ ဂဟိတနာမဓေယျေန ထေရေန မုဒန္တခေဒက-
ဝတ္တဗ္ဗေန ကတော ဝိသုဒ္ဓိမဂ္ဂေါ နာမ။”

‘‘တာဝ တိဋ္ဌတု လောကသ္မိံ, လောကနိတ္ထရဏေသိနံ၊
ဒဿေန္တော ကုလပုတ္တာနံ, နယံ သီလဝိသုဒ္ဓိယာ။
ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ, သုဒ္ဓစိတ္တဿ တာဒိနော၊
လောကမှိ လောကဇေဋ္ဌဿ, ပဝတ္တတိ မဟေသိနောတိ။”

http://www.dhammadownload.com



"သီလေ ပတိဋ္ဌာယ နရော သပ္ပညော, စိတ္တံ ပညဉ္စ ဘာဝယံ၊ အာတာပီ နိပကော ဘိက္ခု, သော ဣမံ ဝိဇဋယေ ဇဋံ" ဟူသော ဤ ဂါထာကို အခြေခံမှု တည်ထား၍—"ဣမိဿာ ဒါနိ ဂါထာ ယ၊....(လ)....သာခဝေါ" ဟူ၍ အကြောင်း ဝိသုဒ္ဓိမဂ်ကို ဟောပေ အံ့—ဤသို့ ငါတို့ ဝန်ခံကုန်ပြီ၊ ဤသို့ ဝန်ခံအပ်ပြီးသော ထို ဝိသုဒ္ဓိ မဂ် ကျမ်းသည် ဤမျှ အတိုင်း အရှည် ရှိသော သဒ္ဒါ အစဉ် အနက် အစဉ်ဖြင့် ဝန်ခံသော အလျောက် ဟောအပ်ခဲ့ပြီးလေပြီ။

ထို "သီလေ ပတိဋ္ဌာယ" ဂါထာ၌ ဟောတော်မူ အပ်ကုန်သော သီလ စသည့် အပြား ရှိကုန်သော အနက် တို့၏ နိကာယ် ငါးပါးတို့၏လည်း အဋ္ဌကထာ အစဉ်၌ ထိုထို သို့သော အရာ၌ ပြဆိုအပ်သော အကြောင်း အဆုံး အဖြတ်သည် ရှိ၏။

များသောအားဖြင့် ထို အလုံးစုံသော အဆုံး အဖြတ် ကို စည်းရုံးကုန်အောင် ကောင်းစွာ ဆောင်၍ နိကာယ် တပါး၌ငှင်း, မိမိ၏ နိကာယ်၌ငှင်း တည်သော ဝါဒ အထူး တည်းဟူသော အလုံးစုံသော ဒေါသ အပြစ် ရောယှက်ခြင်းတို့မှ လွတ်သော အဆုံး အဖြတ်နှင့် တကွ သော အနက်ကို အကြင့်ကြောင့် ထင်ရှား ဆတ်ဆတ် ဖော်ပြအပ်ပြီ။

ထိုသို့ အလုံးစုံသော အပြစ်တို့မှ လွတ်သော အဆုံး အဖြတ်နှင့် တကွသော အနက်ကို ပြအပ်ပြီးသည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ကို အလိုရှိကုန်သော သန့်ရှင်း ဖြူစင် ကြည်လင်သော ပညာရှိကုန်သော ယောဂီ ပုဂ္ဂိုလ်တို့သည် ထို ဝိသုဒ္ဓိမဂ် ကျမ်း၌ ညွှန်ပြသော နည်းအတိုင်း မဆိုင်း မသွေ ရိုသေ ကြိုးကုတ် အားထုတ်သင့်သည် သာလျှင် တည်း။

ဤသည်လျှင် ဥယျောဇဉ် ပြီး၏။

http://www.dhammadownload.com



ဝိဘဇ္ဇဝါဒီ ဖြစ်သော ဘုရားမြတ်၏ တပည့် သာဝက အပေါင်းတို့၌ အထူးသဖြင့် ချီးမွမ်းအပ်ကုန်ထသော မြဲမြံခိုင်ခံ့သော သီလ သမာဓိ ပညာ သန္တောသ စသော ဂုဏ် ရှိတော်မူကုန်ထသော မဟာဝိဟာရ အမည်ရှိသော ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေလေ့ရှိကုန်သော အရှင်မဟာမဟိန္ဒ စသော မထေရ် သခင်တို့၏ အဆက် အနွယ်၌ ဖြစ်ထသော ထင်ရှားအောင် ညွှန်ပြတတ်သည့် ပညာရှိထသော ကိလေသာတို့ကို ခေါင်းပါးစေနိုင်သော စင်ကြယ်သော အကျင့်တော်လည်း ရှိသော ဝါရိတ္တ သီလ၌ မပြောက် မကျားရအောင် အားထုတ်တော်မူသော ခုတင်အကျင့် သမထဘာဝနာ ဝိပဿနာဘာဝနာ အကျင့်၌ ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ အမြဲအားထုတ်တော်မူသော အပူ အချမ်း ရုန့်ကြမ်းစကား စသည်များကို သည်းခံခြင်း ခန္တီ, တင့်တယ်သော ကိုယ်, နှုတ်, နှလုံး သုံးပါး အမူအရာ၌ မွေ့လျော်သည်၏ အဖြစ်သောရစ္စ, သတ္တဝါ အများကို သား၏ အသွင် ချစ်ခင်ခြင်း မေတ္တာ စသော ဂုဏ်တို့ဖြင့် ထုံမွှမ်းအပ်သော စိတ်မြတ်ရှိထသော “**သံဃပါလ**” ဘွဲ့မည် ရှိသော မဟာထေရ် သခင်မြတ်၏ တိုက်တွန်း တောင်းပန်ခြင်းကို ဝန်ခံ၍ သာလျှင် သူတော်ကောင်း တရား တည်းဟူသော သာသနာတော် မြင့်ရှည်စွာ တည်ခြင်းကို အလိုရှိသည် ဖြစ်၍ ဤ ဝိသုဒ္ဓိမဂ် ကျမ်းကြီးကို ရေးသား စီရင်သော ငါသည် အကြင် ကောင်းမှု အစုကို ရအပ် ရောက်အပ်ပြီ၊ ထို ကောင်းမှု အစု၏ အစွမ်း အာနုဘော်ဖြင့် အလုံးစုံကုန်သော သတ္တဝါတို့သည် လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပွါးများစေနိုင်သည် ဖြစ်ကြပါစေကုန်သတည်း။

ဤ သာသနာတော်၌ ဤ ဝိသုဒ္ဓိမဂ် ကျမ်းသည် ဘေးဥပဒ် အန္တရာယ် အပေါင်းကို ကြဉ်ရှောင်၍ သာလျှင်၊

http://www.dhammadownload.com



ဝါ—အန္တရာယ် ကင်းသည် ဖြစ်၍ သာလျှင် ငါးဆယ့်ရှစ် ဘာဏဝါရ ရှိသော ပါဠိဖြင့် ပြီးဆုံးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူလျှင် အလုံးစုံသော သတ္တလောက၏ ခပ်သိမ်း ကုန်သော ကောင်းသော ဂုဏ်ကျေးဇူးကို မှီကုန်သော နှလုံး အလိုတို့သည် လျှင်လျှင် မြန်မြန် အနှောင့် အရှက် အန္တရာယ်မရှိကုန်သည်ဖြစ်၍ ပြည့်စုံကြစေကုန်သတည်း။

အချုပ်သင်္ဂဟနှင့် တကွ အာသီသ ပြီး၏။

အလွန် မြတ်သဖြင့် ညစ်ကြေး မလူး အထူးသဖြင့် စင်ကြယ်သော သဒ္ဓါ ပညာ ဝီရိယတို့ဖြင့် တန်ဆာဆင် အပ်သော ဝါရိတ္တသီလ စာရိတ္တသီလ ဖြောင့်မတ်သည်၏ အဖြစ် နူးညံ့သည်၏ အဖြစ် အစရှိသော ကျေးဇူး အပေါင်း တို့၏ စုဝေး ပေါင်းဆုံရာ ဖြစ်သော, မဟာဝိဟာရ ဝါသီ ဂိုဏ်းသား ဖြစ်သော မထေရ်တို့၏ အယူဝါဒ ဟူသော သကသမယ တောအုပ် အဘယဂိရိဝါသီ ဇေတဝနဝါသီ ဂိုဏ်းသားတို့၏ အယူဝါဒ ဟူသော သမယန္တရတောအုပ် တည်းဟူသော တောအုပ်သို့ သက်ဝင်ခြင်းငှါ စွမ်းနိုင်သော ဉာဏ်ရည် ရှိထသော, ထက်မြက် သန့်ရှင်းသော ပညာ ဉာဏ်နှင့် ပြည့်စုံထသော, ပိဋကတ် သုံးပုံဟူသော အပြားရှိသော အဖွင့် အဋ္ဌကထာနှင့် တကွသောဘုရား မြတ်၏ သာသနာတော်၌ အပိတ် အပင် ကင်း၍ချင်းနင်း နိုင်သော ဉာဏ်အစွမ်းနှင့် ပြည့်စုံထသော, အကြီးအမြတ် ဖြစ်၍ ဗျာကရဏ်းတတ် ပုဂ္ဂိုလ် အထွဋ် ဖြစ်ထသော ကရိဏ်း၏ ပြည့်စုံခြင်းသည် ဖြစ်စေအပ်သော ချမ်းချမ်း သာသာ သန့်ရှင်းစွာ ထွက်၍ မဓုရတာဂုဏ် ဥဒါဟာရဏ်နှင့် ပြည့်စုံသော စကား၏ ဆားကဲ့သို့ လေးလေး နက်နက် မြတ်သည်၏ အဖြစ်နှင့် ယှဉ်ထသော, သိကြားမင်း ပစ်လွှတ်အပ်သော ဝရဇိန် လက်နက်ကဲ့သို့ ချက်တိုင်း

မှန်သဖြင့် အသင့်ဆိုနိုင် တွေးမှိုင် နှိုင်းဆ မကြံရဘဲလျက် ချက်ကတဖြုတ် လွတ်လွတ်ဆိုနိုင်ထသော, ကျမ်းပြုဆရာတို့ အလယ်၌ မြတ်သော ပုဂ္ဂိုလ် ဖြစ်ထသော, အကြီး အမြတ် ဒီပဓဇပါမောက္ခ ဖြစ်၍ ကဝိမြတ် ပုဂ္ဂိုလ်ကျော် ဖြစ်ထသော, အဘိညာဉ် ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါး တည်သည့် အပြားရှိသော ကျေးဇူး အပေါင်းတို့ဖြင့် တန်ဆာ ဆင်အပ်ထသော လူတို့၏ ကုသိုလ် ဆယ်ပါး ကမ္မပထ တရားထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရား၌ အပိတ် အပင် အဆီး အတား မရှိသော ပညာရှိကုန်ထသော "အရှင် မဟာ ကဿပ" အစရှိကုန်သော မထေရ်တို့၏ အနွယ် အဆက်၌ ဆီမီးသဖွယ် ဖြစ်ကုန်ထသော မဟာ-ဝိဟာရဝါသီ မထေရ်တို့၏ အဆက် အနွယ်၏ တန်ဆာ ဖြစ်၍ ဖြစ်ထသော, ပြန့်ပြော ဝင်ကြွယ်သော ပညာရှိထသော၊ ဝါ—ပြန့်ပြော ဝင်ကြွယ်သော ပညာရှိသည် ဖြစ်၍ တောင်လက်ျာ ကျွန်းငှုတွင် ဘုရားငယ် ထရောက်ကဲ့သို့ ကျော်စောသော "အရှင် ဗုဒ္ဓဃောသ" ဟူ၍ ကျော်ထီး တန့်၊ အလေးပြုအပ်သော ဆရာမြတ်တို့သည် မှည့်ခေါ် အပ်သော အမည်ရှိသော, မုဒိတာဖြင့် ဝမ်းမြောက်တတ်, ကရုဏာဖြင့် ပင်ပန်းခြင်းသို့ ရောက်တတ်သောကြောင့် "မုဒန္တခေဒက" ဟု ခေါ်ဝေါ်အပ်ထသော မထေရ်သည် ဝိသုဒ္ဓိမဂ် အမည်ရှိသော ကျမ်းကို ရေးသား ပြုပြင် စီရင် အပ်ပြီ။

ဤ ဝိသုဒ္ဓိမဂ် ကျမ်းသည် အကြွင်းမျှလောက် ကာလ ပတ်လုံး ရာဂ စသော ကိလေသာ အညစ် အကြေးမှ စင်ကြယ်သော စိတ်ရှိသော တုန်လှုပ်ခြင်း ကင်းသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော လောက သုံးပါး၌ သီလ သမာဓိ ပညာ စသော ဂုဏ်အားဖြင့် ကြီးမား မြင့်မြတ်သော ပုဂ္ဂိုလ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ "ဗုဒ္ဓေါ, ဗုဒ္ဓေါ" "ဘုရား, ဘုရား" ဟူသော အမည်တော်

http://www.dhammadownload.com



သည်လည်း လောက၌ အကြင်မျှလောက် မပြတ်မစဲ တည်မြဲသေး၏။

ထို "ဘုရား, ဘုရား"ဟူသော အမည်တော် တည်မြဲသမျှလောက် ကာလပတ်လုံး၊ ဝါ—သာသနာတော် မကွယ်မခြင်း လောက သုံးပါးမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရှာမှီးလေ့ရှိကုန်သော အမျိုးကောင်းသားတို့အား သီလ စင်ကြယ်ခြင်း၏ နည်းဥပဒေကို ပြလျက် လောက၌ တည်ထွန်းပါစေသတည်း။

ဤသို့သော စကား အစီ အစဉ်ဖြင့် သူတော်ကောင်းတို့၏ နှစ်သက် ဝမ်းမြောက်ခြင်း အကျိုးငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂ ကျမ်းသည် ပါဠိဘာသာ အရေအတွက်အားဖြင့် ငါးဆယ့်ရှစ် ဘာဏဝါရ ရှိသည် ဖြစ်၏။

ဝိသုဒ္ဓိမဂ်ကျမ်း ပြီး၏။

---

မြန်မာပြည်ဘွား မြန်မာ အမျိုးသား အမျိုးသမီးတို့၏ အကျိုးငှါ ပါဠိ ဘာသာဖြင့် တည်ရှိသော ဝိသုဒ္ဓိမဂ် ကျမ်းကို မြန်မာဘာသာ စကားပြေအားဖြင့် ပြည်ဆရာတော် ဘုရားကြီး၏ နိသျကို အမှီ တံကဲ ပြု၍ ပြန်ဆို ရေးသားအပ်၏၊ မြန်မာဘာသာ ဝိသုဒ္ဓိမဂ် ကျမ်းကြီးသည် ၁၂၉၇-ခု, တန်ခူး လဆုတ် ၂-ရက်, သောကြာနေ့တွင် ဆုံးခန်းတိုင်ရောက် ပြီးမြောက် အောင်မြင်၏၊ ဤ မြန်မာ ဝိသုဒ္ဓိမဂ်အားဖြင့် မြန်မာ လူမျိုးများတို့သည် ဘေးခပ်သိမ်း ရန်ခပ်သိမ်း အန္တရာယ် ခပ်သိမ်း ကင်းငြိမ်း စင်ကြယ်သည် ဖြစ်ကြပါစေသောဝ်။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အ] | |
| အကိရိယဝါဒတို့ကို | ၁၆ |
| အကုသလကမ္မပထ | ၅၂၃ |
| အကုသလစိတ္တုပ္ပါဒ် အကျိုးဖြစ်ရာဘဝသစ်သို့ | ၁၂၄ |
| အကြင်မုဒိန္ဒြိယ | ၃၁၇ |
| အကြင်ယုံမှားခြင်းကို | ၂၆၅ |
| အဂတိ | ၅၂၂ |
| အဆိပ်ရှိသောဆူး | ၅၃၅ |
| အဆုံးအဖြတ်ကိုသိအပ်၏ | ၂၀၊၁၇၈ |
| အဇ္ဈတ္တသန္တာနန်၌ဖြစ်သော | ၂၈၂ |
| အဇ္ဈတ္တစက္ခာယတနစသည် | ၁၅၇ |
| အဇ္ဈုပေက္ခနအခြင်းအရာ | ၄၆၃ |
| အညမညပစ္စည်းမည်၏ | ၅၉ |
| အဋ္ဌသမာပတ္တိလာဘီ အနာဂါမိ | ၅၇၇ |
| အဏ္ဍဇယောနိ ဇလာဗုဇယောနိ | ၁၆၆ |
| အတာဏအားဖြင့် | ၃၀၇ |
| အတ္တ၏ စင်ကြယ်ခြင်း | ၁၇၅ |
| အတ္တဘော၌သာလျှင် | ၂၇၀ |
| အတ္တဝါဒီသည် | ၂၅၀ |
| အတ္တသိနေဟမှ ကင်းသည်ဖြစ်၍ | ၄၁၃ |
| အတ္တသည် သေ၏ | ၉၃ |
| အတ္တာဘိနိဝေသမှ | ၄၅၅ |
| အတုအယောင်ဖြစ်သော | ၅၀၉ |
| အတူတကွ တပြိုင်နက် | ၅၂ |
| အတ္တာပတ္တိနည်းအားဖြင့် | ၄၈၆ |
| အတ္ထိပစ္စည်းမည်၏ | ၇၉ |
| အထီးကျန်မှု လူဆင်းရဲကို | ၅၄၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အ] | |
| အဓိဂမသုတကင်းသော | ၁၇၄ |
| အဓိပညာ ဓမ္မဝိပဿနာ | ၃၆၅၊၅၅၅ |
| အဓိပညာ ဝိပဿနာ | ၄၁၁ |
| အဓိပတိပစ္စည်းမည်၏ | ၅၂ |
| အဓိမောက္ခကြောင့်ရှင်း | ၃၉၄ |
| အနတ္တဟုမှတ်ကြောင်း | ၄၀၀ |
| အနန္တရပစ္စည်းမည်၏ | ၅၄ |
| အနန္တရာဒိပစ္စည်း | ၃၂၂ |
| အနာဂါမ်ရဟန္တာပုဂ္ဂိုလ် | ၅၆၇ |
| အနုပဿနာသုံးပါးတို့၌ | ၄၀၄ |
| အနုပုဗ္ဗနိရောဓ၏ | ၅၉၆ |
| အနုလောမမည်သော | ၃၀၅ |
| အနုလုံဂေါတြဘူဝေါဒါန် | ၄၀၉ |
| အနုလုံဇောစိတ်သည် | ၄၈၅ |
| အနုသယရှိလျက် | ၅၉ |
| အနုလုံမည်သောဂေါတြဘူ | ၅၇၃ |
| အနုသယ | ၅၂၃ |
| အနက်ကိုမသိခြင်းကြောင့် | ၂၇၆ |
| အနက်သဘောအတ္တအားဖြင့် | ၃၀ |
| အနှစ်သာရမရှိလေစွ | ၂၈၄ |
| အပရာပရိယဝေဒနီယကံ | ၂၆၉ |
| အပါယဂမနီယအဖြစ်ဖြင့် | ၅၁၅ |
| အပုညာဘိသင်္ခါရ | ၃၁ |
| အပုညာဘိသင်္ခါရသည် | ၄၃ |
| အပ္ပဋိသန္ဓိနိဗ္ဗာန်ကို | ၄၂၇ |
| အပ္ပဝတ္တမည်သောနိဗ္ဗာန် | ၄၂၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အဖန်တလဲလဲပျက်ခြင်း သဘောရှိ၏ | ၂ |
| အဗျာပါရနည်းရင်း | ၂၂၄ |
| အဘယဂိရိဝါသီ | ၅၇၁ |
| အဘိဇ္ဈာဇစေရှိကုန်သော | ၁၈၀ |
| အဘိညာဉ်စေတနာ | ၄၃ |
| အဘိညေယျတရားအပေါင်းကို | ၂၉၉ |
| အဘိဓမ္မာဘာဇနီယပါဠိကို | ၁၅၇ |
| အဘိဓမ္မပရိယာယ် | ၄၁ |
| အဘိသင်္ခတသင်္ခါရမည်ကုန်၏ | ၃၂ |
| အဘိသင်္ခရဏကဟူ၍ | ၃၂ |
| အဘိသင်္ခါရဝိညာဉ် | ၁၄၄ |
| အဘယ်စိတ်ဖြင့်အဘယ်ဘုံ၌ ပဋိသန္ဓေဖြစ်သနည်း | ၁၀၅ |
| အမာနုသီမည်သော | ၃၈၉ |
| အမိအဘာသုက်သွေး | ၁၉၁ |
| အမိ၏ဝမ်းရေလွှာကို | ၂၆၃ |
| အမိသုံးဆောင်သောထမင်း | ၁၄၁ |
| အမှတ်မရှိမဖေါက်မပြန် | ၇၅ |
| အမြိုက်ဆေးကိုရလိုသဖြင့် | ၅၇၄ |
| အမြိုက်နိဗ္ဗာန်သို့ | ၄၁၄ |
| အရိယဝံသကထာ၌ | ၃၅၅ |
| အရိယမဂ် အဖျော်ကို | ၄၇၅ |
| အရူပါဝစရဝိပါက် | ၁၀၄ |
| အရှူးအသွင်ပုထုဇဉ်သည် | ၁၈၆ |
| အရွယ်သုံးပါးကို | ၃၃၂ |
| အလွှာလေးပါးရှိ၏ | ၂၀၃ |
| အလွန်အားကြီးသော အကြောင်း | ၆၂ |
| အလွန်မွေ့လျော်ခြင်းကို | ၆၀၃ |
| အလယ်ဇောငါးချက်နှင့် | ၂၇၀ |
| အလိုသို့လိုက်တတ်သည်ဖြစ်၍ | ၂၀၀ |
| အလုံးစုံသောနိမိတ် | ၅၇၂ |
| အဝကံသအစွမ်းအားဖြင့် | ၅၈၆ |
| အဝတ္တာအထူးအားဖြင့် | ၅၅၄ |
| အဝတ္တာဝိသေသ၏ရင်း | ၂၁၉ |
| အဝယဝဘေဒကို | ၁၃၁ |
| အဝိက္ခမ္ဘိတုပ္ပန္န | ၅၃၆ |
| အဝိဂတပစ္စည်း | ၈၃ |
| အဝိဂတပစ္စည်းမည်ကုန်၏ | ၈၃ |
| အဝိဇ္ဇာ၏ဖြစ်ပွါးခြင်းသည် | ၁၉၄ |
| အဝိဇ္ဇာစသောအင်္ဂါတဆဲ့နှစ်ပါး | ၃၉ |
| အဝိဇ္ဇာပစ္စယမည်၏ | ၃၁ |
| အဝိဇ္ဇာသည် | ၃၆ |
| အဝိဇ္ဇာဟူသော အကြောင်းကြောင့် | ၂ |
| အဝိပါကနာမ်သည် | ၁၅၀ |
| အသညသတ်ပဋိသန္ဓေနှင့် | ၁၀၅ |
| အသမူဟတုပ္ပန္န | ၅၃၆ |
| အသက်၏အဆုံး၌ | ၃၂၇ |
| အဟိတ်စုတိ၏အခြားမဲ့၌ | ၁၁၉ |
| **[အာ]** | |
| အာကာရတို့သည် | ၅၄၇ |
| အာဂန္တုကအကုသိုလ် | ၄၃၅ |
| အာဒါနကို စွန့်ခွါ၏ | ၃၆၂ |
| အာဒါနကြောင့် မတုန်မလှုပ် | ၅၈၂ |
| အာဒါနနိက္ခေပအားဖြင့် | ၃၂၉ |
| အာဒီနဝအားဖြင့် | ၃၁၄ |
| အာဒီနဝါနုပဿနာဟူသည်ကား | ၅၅၆ |
| အာနုဘော်ကြီးသောကုသိုလ် | ၂၇၀ |
| အာနေဉ္ဇာဘိသင်္ခါရ | ၃၁ |
| အာနေဉ္ဇာဘိသင်္ခါရသည် | ၄၃၊၁၃၅ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အာ] | |
| အာမိသသုံးပါးနှင့် | ၄၂၆ |
| အာယတနငါးပါးတို့အား | ၁၅၀ |
| အာယုသင်္ခါရကုန်ပြီးသော | ၁၂၁ |
| အာယုသင်္ခါရတို့သည် | ၅၉၅ |
| အာယူဟန်၏အဆုံး၌ | ၂၀၆ |
| အာရမ္မဏဃနကို | ၄၀၀ |
| အာရမ္မဏပစ္စည်းမည်၏ | ၅၁ |
| အာရမ္မဏသတ္တိကြောင့် | ၂၆၀ |
| အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န | ၅၃၆ |
| အာရမ္မဏူပနိဿယကို | ၆၁ |
| အာရမ္မဏူပနိဿယပစ္စည်း | ၈၅ |
| အာရုံသို့ရှေးရှုညွတ်တတ်၏ | ၃၃ |
| အာလယကိုစွန့်သကဲ့သို့ | ၄၁၆ |
| အာလယာဘိနိဝေသကို | ၅၅၃ |
| အာလောကနကာလ၌ | ၃၄၁ |
| အာဝဇ္ဇနပေက္ခာသည်ဖြစ်၏ | ၃၈၃ |
| အာသဝ | ၅၂၂ |
| အာသဝ၏ဖြစ်ပွားခြင်းကြောင့် | ၂၅ |
| အာသဝေါတရားတို့၏ | ၄၉၉ |
| အာသေဝနပစ္စည်းမည်၏ | ၆၈ |
| အာဟာရအစရှိကုန်သော | ၁၉၁ |
| အာဟာရပစ္စည်းဖြင့် | ၁၄၉ |
| အာဟာရပစ္စည်းမည်၏ | ၇၁ |
| အာဟာရမယရုပ် | ၃၄၆ |
| အာဟာရလေးပါး | ၂၃ |
| အာဟာရလေးပါးသည် | ၇၁ |
| အာဟာရသမုဋ္ဌာန်ဖြစ်သော | ၂၆၇ |
| အာဟုနေယျအဖြစ် | ၆၀၀ |
| အားတူနွားတို့ကဲ့သို့ | ၅၁၇ |
| အားထုတ်ခြင်းအစီရင်ကို | ၂၉၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အာ] | |
| အားထုတ်ခြင်းကင်းသည်၏ အဖြစ် | ၇၀ |
| [ဣ] | |
| ဣဋ္ဌဖြစ်၍မွန်မြတ်သော | ၁၁၂ |
| ဣတ္ထိဘာဝပုမ္ဘာဝမရှိ | ၁၁၅ |
| ဣဒပ္ပစ္စယတာ | ၆၁၁ |
| ဣဒပ္ပစ္စယတာကို | ၅ |
| ဣန္ဒြိယအတ္ထိပစ္စည်းတို့၌ | ၈၁ |
| ဣန္ဒြိယပစ္စည်းမည်၏ | ၇၃ |
| ဣန္ဒြေတဆဲ့သုံးပါးတို့သည် | ၇၃ |
| ဣန္ဒြေတို့ကိုထက်အောင် | ၃၁၈ |
| ဣန္ဒြေတို့သည်ပျက်ကုန်ပြီ | ၅၉၈ |
| ဣန္ဒြေနှစ်ဆဲ့နှစ်ပါး | ၂၉၅ |
| ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် | ၅၁၃ |
| ဣရိယာပုထ်ကိုမပြုနိုင် | ၂၅၇ |
| [ဤ] | |
| ဤကိလေသာဟယ်ပုံကို | ၅၂၇ |
| ဤခြောက်ပါးသောဥပမာတို့ကို | ၄၇၄ |
| ဤတိအားဖြင့် | ၃၁၁ |
| ဤမျက်မြင်ပစ္စုပ္ပန်လောက | ၁၇၁ |
| ဤမှာဘက်ကမ်း၌ | ၄၉၄ |
| ဤရှေ့အစွန်းသည်မထင် | ၂၆ |
| ဤလေးပါးသောတရားတို့သည် | ၁၈ |
| ဤလှေဥပမာ၌ | ၅၄၁ |
| [ဥ] | |
| ဥက္ကံသအဝကံသ အပိုင်းအခြားတို့၏ | ၁၁၈ |
| ဥက္ကံသနည်းတည်း | ၁၃၉ |
| ဥစ္စါဠက်အရပ်၌ | ၃၈၆ |
| ဥစ္စာထုပ်ကိုစမ်းခြင်းငှါ | ၁၇၀ |
| ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော | ၁၆၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ဥ] | |
| ဥစ္စေ အဓိဋ္ဌိသည် | ၉ |
| ဥဏှကာလဌ်သာသျှင် | ၃၄၇ |
| ဥတုအာဟာရတို့သည် | ၂၆၇ |
| ဥတုသမုဋ္ဌာန်ရုပ် | ၃၂၅ |
| ဥထဲကြက်ငယ် | ၁၁ |
| ဥဒယဗ္ဗယဉာဏ်တိုင်အောင် | ၂၈၈ |
| ဥဒယဝယကို | ၃၆၇ |
| ဥဒရိယကောဋ္ဌာသ | ၂၃၂ |
| ဥဒါသိန်မှုသည် | ၄၄၇ |
| ဥဒ္ဓါရဏစသော | ၃၄၁ |
| ဥဒ္ဒေသ၏အဖွင့် | ၅၇၈ |
| ဥပက္ကိလေသအယ်ပါး | ၂၈၆၊ ၃၈၁ |
| ဥပစယသန္တတိတို့၌ | ၅၅ |
| ဥပတ္ထမ္ဘကအကြောင်းတို့ကို | ၂၆၃ |
| ဥပနိဿယပစ္စည်းတို့၏ | ၁၉၁ |
| ဥပနိဿယမည်၏ | ၆၁ |
| ဥပပဇ္ဇဝေဒနီယကံ | ၂၆၉ |
| ဥပပါတ်သတ္တဝါတို့အား | ၃၂၀ |
| ဥပပီဠကကံသည် | ၂၇၂ |
| ဥပစာရဇောစိတ်သည် | ၄၈၅ |
| ဥပါဒါရုပ်တို့အားရင်း | ၈၀ |
| ဥပါဒိဏ္ဏကခန္ဓာ၏ | ၂၅၂ |
| ဥပါဒိဏ္ဏကခန္ဓာငါးပါးတို့ပင် | ၁၈၁ |
| ဥပါဒိဋ္ဌိပဝတ္တနိမိတ်ကို | ၄၁၂ |
| ဥပါဒါန်၏အာရုံဖြစ်ကုန်သော | ၂၈ |
| ဥပါဒါန်မည်၏ | ၃၄ |
| ဥပါဒါန်မည်သောဓမ္မ၏ | ၁၆၇ |
| ဥပါဒါန် | ၅၂၃ |
| ဥပါယာသဓမ္မအားဖြင့် | ၃၀၈ |
| ဥပါယာသမည်သည် | ၆၁ |
| ဥပေက္ခာကိုအား | ၁၆၆ |
| ဥပေက္ခာသဟဂုတ်စိတ်၏ | ၁၂၀ |
| ဥပ္ပါဒ | ၁၀ |
| ဥပ္ပတ္တိဋ္ဌာနရှိ၏ | ၁၇၆ |
| ဥပ္ပဒ္ဒဝေါ၏တည်ရာ | ၃၀၆ |
| ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် | ၄၅၈ |
| ဥပမာတဆဲ့နှစ်မျိုးတို့ကို | ၄၆၉ |
| [ဦ] | |
| အူမအူသိမ်တို့ဖြင့် | ၂၆၃ |
| [ဧ] | |
| ဧကတ္တကာယဧကတ္တသညီ | ၁၃၄ |
| ဧကတ္တနည်းရင်း | ၂၂၄ |
| ဧကဗီဇီသောတာပန် | ၆၀၁ |
| ဧကဝတ္ထုကစသည်တို့၏ | ၅၂၇ |
| ဧကဝိဓစသောအားဖြင့် | ၃၈ |
| ဧကဝေါကာရဘဝစသည် | ၁၈၂ |
| ဧကဝုစ်ဖြင့်ပြည့်နိုးကြောင်း | ၁၅၉ |
| ဧကသိက်နည်း | ၁၄၇ |
| ဧကာသိတိတို့နှင့် | ၂၃၆ |
| ဧကန်မချွတ်ပျက်စီးကုန်၏ | ၃၃၀ |
| ဧကာဆရာတို့ဆိုသော | ၅၀ |
| ဧကာယဟူသည်ကား | ၃၅ |
| ဧတိ ဟူသည်ကား | ၃၁ |
| ဧရာမငါးကြီးကို | ၄၃၇ |
| ဧဝံဓမ္မတာနည်း | ၂၂၆ |
| [ဩ] | |
| ဩကာသကတုပ္ပန္နမည်၏ | ၅၃၂ |
| ဩက္ကန္တိကာပီတိ | ၃၈၉ |
| ဩဠာရိကရုပ်၏ | ၂၃၃ |
| ဩဠာရိကရုပ်၌ | ၃၂၁ |
| ဩဇာတည်းဟူသောဆေးကို | ၁၆၅ |
| ဩပပါတိကယောနိ၌ | ၁၁၇ |

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ ဩ ]


ဩပပါတိကသံသေဒဇတို့အား ၁၃၉
ဩဘာသစသည်တို့၌ ၃၈၁
ဩဠာရိကရုပ်သည်ရင်း ၂၉၂
အိုင်းအမာကြီးအမာငယ်တို့ကို ၂၁၄
အိုမောဃရာဇရသေ့ ၄၄၆


[ က ]


ကံအာဟာရစသော ၈၇
ကံကိုအားထုတ်သောခဏ၌ ၄၃
ကံကိုပြုရာရွေးဘဝ၌ ၂၀၅
ကံကိုပြုသူမှတပါးသော ၁၂၄
ကံကိုသင်္ခါရဟူ၍ ၁၈၂
ကံသည်ပင်လျှင်ဘဝမည်၏ ၁၇၉
ကစ္စာနသုတ် ၈
ကဋတ္တာကံတို့တွင် ၁၂၁
ကဏှပက္ခ၌ ၁၀၉
ကထာဝတ္ထုကျမ်း၌ ၅၄၈
ကဗဠီကာရာဟာရ ၇၁၊ ၁၄၀
ကလာပသမ္မသနမှ ၃၅၅
ကာမုပါဒါန်ဟူသော
အကြောင်းကြောင့် ၁၈၃
ကာယဝိညာဉ်သည် ၉၈
ကာယာယတနမှထွက်သည်၏ ၂၅၇
ကာယသင်္ခါရမည်၏ ၄၃
ကာရကဝေဒကသယံဝသီ၏ ၃၀၃
ကိစ္စလေးပါးကိုပြီးစေသော ၅၀၈
ကိလေသပရိနိဗ္ဗာန်အားဖြင့် ၆၀၂
ကိလေသာ ၅၂၀
ကိလေသာမီးတဆဲ့တပါးတို့ဖြင့် ၄၇၅
ကိလေသာဟူအပူခပ်သိမ်း ၅၇၄
ကမ္မဋ္ဌာန်းမှယုတ်လျော့၏ ၂၄၅


အက္ခရာစဉ် စာမျက်နှာ

[ က ]


ကမ္မပစ္စည်းမည်၏ ၆၉
ကမ္မဇတေဇောတည်းဟူသော ၁၄၀
ကမ္မဇရုပ်သုံးဆယ် ၃၁၈
ကမ္မဝဋ် ဝိပါကဝဋ်၏ ၂၆၉
ကမ္မသမုဋ္ဌာန်ဩဇာ ၂၃
ကမ္မသ ကာ ကံထားရာ ၂၂၈
ကမ်းသို့ညွတ်ကိုင်းရှိုင်းသော ၄၉၅
ကတ္တုဝေါဟာရဖြစ်သကဲ့သို့ ၁၂၇
ကိစ္စလေးပါးကိုပြု၏ ၅၃၈
ကူးစက်တတ်သည့်ယာပျအနာ ၃၀၉
ကေစိဆရာတို့သည်ကား ၄၉၉
ကောလံကောလသောတာပန် ၆၀၁
ကမ္ဘာကြီးဆုံးသည်တိုင်အောင် ၅၃၅
ကမ္ဘာပေါင်းရှစ်သောင်း
လေးထောင် ၃၅၀
ကန်ပေါင်သို့တက်၍ ၄၃၈
ကင်းခြင်းသဘောရှိ၏ ၂၉၄
ကင်းပြီးသောကိလေသာတို့ကို ၅၂၈
ကင်းပြီးသောထိနမိဒ္ဓရှိ၏ ၅၅၀
ကိုးကွယ်ရာဟုယူခြင်းငှါ ၄၄၅
ကိုးဆယ့်ကိုးပါးသောရုပ်နာမ် ၁၄၁
ကိုးပါးသောဗောဓိပက္ခိယ ၅၁၂
ကိုးပါးကုန်သောသမာဓိ ၅၈၄
ကိုးယောက်သောသားတို့၏ ၄၁၆
ကိုယ်ပိုင်ဥစ္စာမဟုတ်ကြကုန် ၂၉၀
ကောင်းကင်သို့မော်၍ ၄၀၆
ကျူစည်းကျူရုံတို့သည် ၁၄၂
ကျူစည်းတခုလဲသည်ရှိသော် ၂၅၄
ကျူပင်သည်အနှစ်မရှိ ၄၄၃

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကျေးငှက်ပြုတတ်သော အနက်သည် | ၃၁ |
| ကျောက်ဒွိထက်စွာ သွေးအပ်သော | ၂၂၇ |
| ကျောက်တောင်ကြီးတို့ကို | ၅၆၃ |
| ကျောက်စာတိုင်ကဲ့သို့ | ၃၉၁ |
| ကျောင်းကန်အရိပ်အာဝါသ | ၅၂၁ |
| ကြံညှစ်သမား | ၂၄၂ |
| ကြိယာမနောဓာတ်သည် | ၃၂၈ |
| ကြေးမုံမှန်သည် | ၂၄၀ |
| ကြောက်မီးကူပင် | ၄၄၃ |
| ကြွက်၊ ပိုးဟပ်စသည်တို့ | ၅၉၁ |
| **[ ခ ]** | |
| ခံစားခြင်းသဘော | ၂၀၇ |
| ခံစားတတ်သောသူမှ | ၁၉၃ |
| ခံ့ချီသောခန္တီဉာဏ်ကို | ၃၀၅ |
| ခဏတ္တယသို့ရောက်ဆဲ | ၃၅၁ |
| ခဏိကနိရောဓဋ္ဌသာလျှင် | ၄၀၂ |
| ခန္ဓနိဒ္ဒေသ၌ | ၁၃၇ |
| ခန္ဓာအကျိုးတရားဒုက္ခ | ၅၁၉ |
| ခန္ဓာပဉ္စကစသည်တို့၌ | ၄၄ |
| ခန္ဓာလေးပါးကြောင့်ရှင်း | ၅၈၁ |
| ခန္ဓာသန္တာန်၌ကျရောက်သော | ၅၆၃ |
| ခပေါင်းရေကြည်စေ့ကို | ၂၄၁ |
| ခယဒဿနကို | ၃၁၇ |
| ခယာနုပဿနာဟူသည်ကား | ၅၅၃ |
| ခရီးမှားမှန်ကို | ၂၈၆ |
| ခီဏာသဝရဟန္တာသခင်တို့အား | ၈၉ |
| ခဲယဉ်းသောတောအုပ်ကဲ့သို့ | ၄၂၁ |
| ခက်ထရော်သောအဖြစ် | ၂၄၄ |
| ခက်ထန်သည်၏အဖြစ် | ၂၄၂ |
| ခက်မငါးဖြာရှိသော | ၄၇၈ |
| ခွန်အားနည်းသော ယောက်ျားသည် | ၅၂ |
| ခေါင်းပါးစေအပ်ပြီးသော | ၅၀၃ |
| ခိုးသူစစ်သောသူ | ၂၄၂ |
| ချီအပ်သောခြေကို | ၃၄၃ |
| ချီအပ်မိုးအပ်သောသန်လျက် | ၄၂၀ |
| ချမ်းသာစွာနေခြင်းအကျိုးငှါ | ၅၆၉ |
| ချုပ်ခြင်းသဘောရှိ၏ | ၂ |
| ချုပ်ခြင်းအတွက်အားဖြင့် | ၄၄၅ |
| ချုပ်ပြီးသောကိလေသာတို့ကို | ၅၂၈ |
| ချိုမြိန်ကောင်းမြတ်သော | ၅၇၅ |
| ချိုသာသောမျက်နှာရှိသည် | ၃၀၇ |
| ခြံကိုဖေါက်၍ထွက်ပြေး | ၄၇၂ |
| ခြေချမတော်ချော်ချွတ်ခြင်း ကဲ့သို့ | ၂၁၃ |
| ခြောက်ပါးသောအခြင်းအရာ | ၁၅၀ |
| **[ ဂ ]** | |
| ဂတိဥပပတ္တိဟူသော | ၄၂၉ |
| ဂတိငါးပါးတို့၌လည်း | ၂၁၂ |
| ဂတိနိမိတ်ဟူသော | ၁၀၈ |
| ဂန္ထ | ၅၂၁ |
| ဂန္ထဆိုသည်ကား | ၅၂၁ |
| ဂန္ဓဗ္ဗနတ်တို့၏ | ၃၈၀ |
| ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏ | ၁၃၇ |
| ဂမ္ဘီရလေးပါး | ၂၃ |
| ဂမ္ဘီရလေးပါးအကျယ် | ၂၁၇ |
| ဂရုကံသည် ရှိ၏ | ၂၇၁ |
| ဂဟဏမည်သောပါဌ | ၂၃၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဂ ]** | |
| ဂင္ဂုန့်မင်းဓါးခဲ တွင်းသို့ | ၄၃၄ |
| ဂိမ္ဘရတုဥ္ | ၃၃၉ |
| ဂေဟာသိတပေမပြု သဖြင့် | ၁၆၅ |
| ဂေါတြဘူဉာဏ်၏ | ၅၇၀ |
| ဂေါတြဘူဉာဏ်ကို | ၄၇၄ |
| ဂေါသိလဂေါဝတာစသည်တို့ကို | ၁၇၃ |
| **[ ဃ ]** | |
| ဃနသညာဖြစ်ခြင်း၏ | ၂၀၃ |
| ဃာနနှင့်ဂန္ဓာရုံ | ၂၅၆ |
| ဃာနနှင့်ဝိညာဉ်သည် | ၉၈ |
| ဃာနာယတနမှထွက်သည်၏ | ၂၅၆ |
| **[ င ]** | |
| ငဆို့သည် သူကန်း၏ | ၂၅၈ |
| ငရဲစသည်တို့၌ | ၁၀၇ |
| ငရဲပြည်သို့ဒေသစာရီ လှည့်လည်ရာ | ၁၃၂ |
| ငရဲမီးလျှံ၏အဆင်း | ၁၀၈ |
| ငါကား ရှုပ်ပင်တည်း | ၁၉၅ |
| ငါဆရာမှာကြားလိုက်သည့် | ၃၉၅ |
| ငါမသွားသည်ရှိသော် | ၃၈၆ |
| ငါသည် ဖြစ်ဘူးပြီလော | ၂၇၄ |
| ငါသည် ရအပ်ပြီဟု | ၅၅၈ |
| ငါ့မယားဟူ၍ မမှတ်တော့ပြီ | ၄၄၇ |
| ငါ့ရှင်ကိုမျှော်လင့်၏ | ၅၉၃ |
| ငဲ့ကွက်ခြင်းဆိုစွန့်သည် | ၄၆၃ |
| ငါးအုပ်သောဆောင်းကို | ၄၃၇ |
| ငါးကြိမ်ထက်အလွန် | ၅၀၀ |
| ငါးကြိမ်သော မရဏာသန္တဓော | ၁၀၈ |
| ငါးချက်သောသူ | ၂၄၂ |
| ငါးဆဲ့ရှစ် ဘာဏဝါရရှိသည် | ၆၁၁ |
| **[ င ]** | |
| ငါးဆယ်သောအဘိုးအခ | ၃၃၇ |
| ငါးသည် သံမျှားချိတ်ကို | ၂၁၆ |
| ငါးလိပ်တို့ကိုထင်မြင် | ၃၈၅ |
| ငင်တတ်သည်၏အဖြစ်ကြောင့် | ၅၂၂ |
| ငတ်မွတ်သောအခါ | ၃၄၆ |
| ငိုသံကိုကြား၍ | ၄၇၃ |
| ငြီးငွေ့စက်ဆုပ်နိုးသော | ၅၃၅ |
| ငြိမ်သက်သည်၏အဖြစ်ကြောင့် | ၁၆၆ |
| ငြိမ်သက်သောတရားသို့ | ၅၉၉ |
| ငြိမ်သက်သောနားရွက် | ၃၈၇ |
| ငြောင့်တံကျင်သည် | ၁၇၂ |
| **[ စ ]** | |
| စက္ခာယတနသည် | ၆၀ |
| စက္ခုပသာဒရူပါရုံ | ၂၆၄ |
| စက္ခုဝိညာဉ်သည် | ၉၈ |
| စက္ခုသမ္ဘဿအစရှိကုန်သော | ၁၅၆ |
| စက်ဆုပ်အပ်သောသံသရာခရီး၏ | ၅ |
| စက်ဆုပ်ဘွယ်သောခရီးသည် | ၁၇၂ |
| စင်စစ်ထူးသည်၏အဖြစ် | ၁၂၄ |
| စည်နှင့်အသံတို့ကား | ၂၅၅ |
| စည်းရုံးချဉ်းချုံးသောအားဖြင့် | ၁၈၄ |
| စတုဇကာယ တိဇကာယအား | ၇၂ |
| စတုခါတုဝဝတ္ထာန်ကို | ၂၃၁ |
| စတုသမုဋ္ဌာန်ဖြစ်သော | ၂၄၄ |
| စိတ်၏ပယောဂဗျာပါရ | ၆၉ |
| စိတ္တသခံါရမည်၏ | ၄၄ |
| စိတ္တသမုဋ္ဌာန်ရုပ် | ၃၂၁ |
| စိတ္တလတောင်၌ | ၃၈၅ |
| စိတ္တုပ္ပါဒ်ငါးပါးတို့ကို | ၅၂၆ |
| စိတ်၌ထားအပ်နှလုံးသွင်းအပ် | ၂၄၀ |

http://www.dhammadownload.com



စာမျက်နှာ အက္ခရာစဉ်

[စ]


စိတ်လျှင်ဖြစ်ကြောင်းရှိသော ၁၄၇
စီရင်တတ်သော ကတ္တားမရှိ ၂၂၅
စီစစ်လျစ်လျူဖြစ်သော ၄၀၄
စိန္တိုင်း၌ဖြစ်သောပုဆိုး ၁၁၁
စောင့်ရှောက်ခြင်းငှါ ၄၂၀
စောင်းကိုတီးအပ်သည် ၃၇၀
စောင်းခွက်စောင်းညှို့စသည် ၂၄၉
စိုးစဉ်းကိုရအပ်ပြီ ၃၆၅
စို့စို့ တက်သောအဖု ၃၇၀
စုတိ၏အနီးဇောဝိညာဉ်နှင့် ၁၂၁
စုတိအံ့သောအခါ၌ ၄၅
စုတိစိတ်၏အခြားမဲ့၌ ၁၀၇
စူဠသောတာပန်မည်သည် ၂၈၅
စေတနာနှင့်သမ္ပယုတ် ၁၇၉
စေတနာဟာရ ၇၁
စေတသိကဓမ္မာယတနကြောင့် ၁၅၉
စေတောဝိမုတ္တိအစ ၂၉၈
စွဲ၍တည်ရာ၏အဖြစ် ၅၉
စွဲလမ်း၍တပေါင်းတခဲတည်း ၂၁၃
စောဒကတက်ပုံ ၈၅
စောဒကဝင်ပုံ ၈၉
စောဒနာဝင်ပုံ ၅၁၈


[ဆ]


ဆက်ဆံသောအကြောင်း၌ ၈၈
ဆက်ဆံသော ပစ္စယအကြောင်း ၂၆၆
ဆင်ဖြူကြီးကိုပူဇော်မှုပါ ၃၈၇
ဆဠာယတနမှတပါးကုန်သော ၁၅၁
ဆဒ္ဒန်ဆင်မင်းသည် ၄၃၂
ဆန္ဒကိုအကြီးအမှူးပြု၍ ၅၀၈


အက္ခရာစဉ် စာမျက်နှာ

[ဆ]


ဆန္ဒရာဂကိုပယ်သဖြင့် ၄၆၂
ဆန့်ကျင်ဘက်တရားတို့ကြောင့် ၅၈၀
ဆန်းကြယ်သောအလျား ၂၃၇
ဆွမ်းစားပြီး၍ ၅၈၉
ဆရာ၏ခံတွင်းမှ ၂၇၉
ဆာလောင်သော
ယောကျ်ားသည် ၄၇၅
ဆိတ်ငြိမ်သောအရပ်၌ ၅၈၉
ဆိတ်ငြိမ်သောတောကျောင်း ၄၁၄
ဆိတ်သူငယ် အမွေး၏ ၁၁၆
ဆိတ်သုဉ်းသောသူညအားဖြင့် ၃၁၃
ဆီကိုကုန်စေ၍ ၅၃၉
ဆီပွတ်ယောကျ်ားအား ၂၄၁
ဆီမထွက်လတ်သည်ရှိသော်
ဆီမီးစာကုန်သဖြင့်ငြိမ်း ၃၄၄
ဆီမီးစာသို့မပြောင်း ၂၇၉
ဆီမီးသည် အရောင်အလင်းအား ၅၇
ဆီသုတ်လိမ်းသောညှန်ကဲ့သို့ ၅၂၃
ဆီးနှင်းပေါက် သွေ့ခြောက်
သကဲ့သို့ ၃၇၉
ဆည်းပူးရုံးစုခြင်းသဘော ၂၂၂
ဆုတ်နစ်ခြင်း လည်ခြင်းသည် ၄၉၃
ဆုံးဖြတ်ပိုင်းခြားမှတ်သားခြင်း ၂၉၁
ဆုံးဖြတ်သောသဒ္ဓါသည် ၄၈၄
ဆေးဥတုဘောဇဉ်ကို ၂၁၄
ဆေးမှားကိုလိမ်းကျံခြင်း ၂၁၄
ဆွဲအပ်သောကြိုးကို ၄၉၄
ဆံပင်ဟုဆိုအပ်သောပဏ္ဏတ် ၂၄၂
ဆားငံရေကိုသောက်သော
သူအား ၂၁၆

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ဇ] | |
| ဇစ္စဋ္ဌေပုဂ္ဂိုလ် | ၁၀၆ |
| ဇစ္စန္ဓပုဂ္ဂိုလ် | ၁၀၅ |
| ဇစ္စဗဓိရပုဂ္ဂိုလ် | ၁၀၅ |
| ဇစ္စမူဂပုဂ္ဂိုလ် | ၁၀၆ |
| ဇစ္စုမ္မတ္တကပုဂ္ဂိုလ် | ၁၀၅ |
| ဇနပဒကလျာဏီမင်းသမီး၏ | ၅၄၅ |
| ဇရာမရဏသည်နှိပ်စက်အပ်သော | ၃၉ |
| ဇရာမရဏသည် မရှိ | ၂၉၄ |
| ဇရာမရဏသဘောသည်ကား | ၂၀၉ |
| ဇရာသို့ရောက်ခြင်းကို | ၂၆၇ |
| ဇရာမည်၏ | ၃၄ |
| ဇာတိမည်၏ | ၃၄ |
| ဇာတိသည် | ၃၇ |
| ဇာတိသည်ပင်လျှင် | ၁၁ |
| ဇိဝှါယတနမှထွက်သည်၏ | ၂၅၇ |
| ဇိဝှါဝိညာဉ်သည် | ၉၈ |
| ဇီဝချုပ်တဲ့အသက်မဲ့၏ | ၂၅၃ |
| ဇီဝိတိန္ဒြေမူကား | ၅၉၉ |
| ဇီဝိတိန္ဒြေတည်ကြောင်း | ၁၆၅ |
| ဇီဝိတရုပ်သည် | ၁၅၄ |
| ဇီဝမှကင်းကုန်၏ | ၂၂၅ |
| ဇီဝသည် ကပ်သည်မဟုတ် | ၁၂၀ |
| ဇောခြောက်ပါးတို့၌ | ၂၀၅ |
| [ဈ] | |
| ဈာနပစ္စည်းမည်ကုန်၏ | ၃၄ |
| ဈာန်နှင့်ယှဉ်ကုန်သော | ၂၃၀ |
| ဈာနသမ္ပယုတ္တဓမ္မသည် | ၅၀၁ |
| ဈာနင်ကိုဆင်ခြင်သော | ၅၀၅ |
| ဈာန်မှထ၍ | ၆၂ |
| ဈာန်ဖသာနှင့်ကင်း၍ | ၄၆၀ |
| ဈာန်ယာဉ်စီးလျက် | ၅၃၇ |
| [ည] | |
| ညအခါ၌ အိပ်ပျော်နေစဉ် | ၄၇၂ |
| ညဉ့်အခါ၌ထွန်းညှိအပ်သော | ၅၅၁ |
| ညစ်နွမ်းစေအပ်သည်၏ | ၁၉၉ |
| ညှတ်စေအပ်သော | ၁၁၀ |
| ဉာဏဂတိဖြင့် | ၁၃ |
| ဉာဏဒဿနဝိသုဒ္ဓိအရာ၌ | ၅၁၄ |
| ဉာဏာစရိယတို့ဖြင့် | ၅၀၆ |
| ဉာဏ်ဖြင့်ထောက်မှုနိုင်ခဲ | ၂၁၀ |
| ဉာဏ်သည်ထက်သည်ဖြစ်၍ | ၄၀၁ |
| ဉာတပရိညာ၏ | ၂၀၇ |
| ညီအစ်ကိုသားချင်း | ၄၄၂ |
| ညီညွတ်ခြင်းကိုရသဖြင့် | ၂၀၀ |
| ညှံ့သည်နုံ့သည်ဖြစ်၍ | ၁၁၁ |
| [ဌ] | |
| ဌီခဏ၌ဖြစ်သော | ၃၁၉ |
| ဌီဟူသော ဇရာသဘော | ၄၀၀ |
| [တ] | |
| တခဏတမှုဟုတ်မျှလည်း | ၆ |
| တခုသောဖဿ၏ | ၁၅၉ |
| တဆဲ့ခြောက်ပါးကုန်သော | ၅၀၃ |
| တဏှာအမြေးအယုက်ကို | ၆၀၃ |
| တဏှာမည်၏ | ၃၄ |
| တဏှာသမုဒ္ဒရာ၏အဖြစ် | ၂၂၃ |
| တဏှာသံကိလေသိက | ၄၁၆ |
| တဏှာသည် | ၃၇ |
| တဏှာဒဠှတ္တမည်၏ | ၁၆၉ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[တ]** | |
| တဏှာလျှင် အရင်းရှိသည် | ၂၀၁ |
| တတိယအနုလုံစိတ် | ၄၉၅ |
| တဒါရုံသည် မရှိ | ၁၁၂ |
| တဒါရုံဟူ၍ရင်း | ၁၀၃ |
| တန္တိန္တအပြားရှိသော | ၄၀၈ |
| တပ္ပစ္စယမည်၏ | ၁၄ |
| တရာ့ရှစ်ပြာ ထိုတဏှာ၏ | ၁၇၀ |
| တရုဏဝိပဿနာဉာဏ်ကို | ၃၈၀ |
| တရားစောင့်သောမင်းကဲ့သို့ | ၄၈၇ |
| တင်လဲစသည်တို့သည်လည်း | ၉၀ |
| တွန့်လိမ်သောစိတ်ရှိသည်၏ | ၄၇၆ |
| တိတ္ထိတို့ကြံဆအပ်သော | ၄၄၄ |
| တိတ္ထိတို့သည် | ၂၇၆ |
| တာဒိဂုဏ်နှင့်ပြည့်စုံသော | ၁၅၉ |
| တိသမုဋ္ဌာနိကရုပ်သည်လည်း | ၁၄၂ |
| တီရဏပရိညာသည် | ၂၈၇ |
| တီးခတ်အပ်သည်ရှိသော် | ၂၅၆ |
| တူမျှသောပရိစ္ဆေဒအားဖြင့် | ၅၁၇ |
| တူသောဝတ္ထုရှိသည်၏အဖြစ် | ၇၆ |
| တွေဝေသော သမ္မောဟ၏ | ၂၄၆ |
| တွေ့ထိခြင်းသဘော | ၂၀၇ |
| တောင်ဦးကျက်စားသော နွားမကဲ့သို့ | ၂၄၅ |
| တံကျင်သုံးခုကို | ၄၁၇ |
| တံဆိပ်ရေး မျက်နှာရိပ် | ၁၂၃ |
| တံထွေးကိုမျိုချသောအခါ၌ | ၁၄၁ |
| တံလှပ်ကိုရှုသကဲ့သို့ | ၄၁၃ |
| တားမြစ်ခြင်းငှါမတတ်နိုင် | ၅၉၅ |
| **[ထ]** | |
| ထန်းရွက်စိမ်းကဲ့သို့ | ၁၂၁ |
| ထမ်းပိုး၌ယှဉ်စုံတွဲ၍အပ်သော | ၅၁၈ |
| ထွက်လမ်းကိုမြင်ခြင်းကဲ့သို့ | ၄၇၂ |
| ထွက်သက်ဝင်သက်ဟု ဆိုအပ်သော | ၅၈၃ |
| ထိတ်လန့်သောနှလုံးရှိသော | ၄၃၀ |
| ထောက်ပံ့တတ်သည်၏အဖြစ် | ၆၈ |
| ထောက်ရာတည်ရာမရှိ | ၂၂၇ |
| ထိုဘဝစက်ကြီးသည် | ၁၉၇ |
| ထိုမှာဘက်ကမ်း၌ | ၄၉၄ |
| ထိုးကျင့်ကိုက်ခဲခြင်းနှင့် | ၃၀၉ |
| ထိုးထွင်း၍သိခြင်းကြောင့် | ၃၇၆ |
| ထိုးထွင်း၍သိအပ်ကုန်၏ | ၂၂၁ |
| **[ဒ]** | |
| ဒါနစသောကြိယာကို | ၂၀၄ |
| ဒိဋ္ဌဓမ္မဝေဒနီယကံ | ၂၆၉ |
| ဒိဋ္ဌာဒိဋ္ဌအားဖြင့် | ၄၀၉ |
| ဒိဋ္ဌိဥဂ္ဃါဋနအားဖြင့် | ၃၅၄ |
| ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ် | ၄၅၈ |
| ဒိဋ္ဌိသံကိလေသိက | ၄၃၆ |
| ဒိဋ္ဌုပါဒါန်သည် | ၁၈၉ |
| ဒိသာကာကကျီးကို | ၄၄၉ |
| ဒုက္ခပဋိပဒါစသော | ၄၈၀ |
| ဒုက္ခက္ခန္ဓဟူသည်ကား | ၃၅ |
| ဒုက္ခမှတပါးသော | ၂၄၈ |
| ဒုက္ခမည်၏ | ၃၄ |
| ဒုက္ခလျှင်အကြောင်းရင်းရှိသော | ၅၂၁ |
| ဒုက္ခာဒိဘာဝ၌ | ၄၃၀ |
| ဒုဂ္ဂတိပဋိသန္ဓေ | ၁၀၇ |
| ဒုဂ္ဂတိဘဝသို့လားစေ တတ်သော | ၂၇ |
| ဒုစ္စရိတသံကိလေသိက | ၄၃၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ဒ] | |
| ဒုတိယပညာရှိတို့သည် | ၁၅၇ |
| ဒုတိယဘဝစက်ကို | ၂၉၁ |
| ဒုတိယဟောတုဝါရ၌ | ၃၀၀ |
| ဒုဝိဓအစရှိသောအပြား | ၁၁၄ |
| ဒုဟိတ်စုတိ၏အခြားမဲ့၌ ဒွိဟေအဖြစ်သို့မရောက် | ၃၀၂ |
| ဒေသနာအထူးအားဖြင့် | ၂၀ |
| ဒေါမနဿမည်၏ | ၃၄ |
| ဒေါမနဿိတကာလသို့ | ၃၄၉ |
| ဒေါသပဏီဓိ | ၄၈၂ |
| ဒွါရတို့၌အားရှိ၍ | ၁၀၃ |
| ဒွါရ၌ဖြစ်ကုန်သော | ၂၉၅ |
| ဒွေပဉ္စဝိညာဉ်တဆယ် | ၂၃၄ |
| ဒွန်းစဏ္ဍားရွာတံခါးအနီး | ၄၃၁ |
| [ဓ] | |
| ဓမ္မအစုမျှသည်သာလျှင် | ၁၂၄ |
| ဓမ္မဋ္ဌိတိဉာဏ် | ၂၈၁ |
| ဓမ္မဋ္ဌိတိဉာဏ်ဟူ၍ | ၄၈၉ |
| ဓမ္မတာရုပ်၌ | ၃၅၁ |
| ဓမ္မာနုပဿနာသတိပဋ္ဌာန် | ၅၁၀ |
| ဓမ္မာနုသာရီပုဂ္ဂိုလ် | ၄၅၈ |
| ဓာတုပရိဂ္ဂဟမုခ၏ | ၂၃၁ |
| ဓမ္မိကရဟန်းသူမြတ်တို့သည် | ၁၇၁ |
| ဓမ္မိဿရဖြစ်တော်မူသော | ၃၃၁ |
| ဓုန့်ရှည်တုံတုံလည်း၏ | ၁၉၃ |
| [န] | |
| နက္ခတ်နှင့်လ၏ယှဉ်ခြင်း | ၄၉၆ |
| နတ္ထိပစ္စယသတ္တိဖြင့် | ၈၂ |
| နတ္ထိပစ္စည်းမည်ကုန်၏ | ၈၂ |
| နန္ဒကောဝါဒသုတ်ဖြင့် | ၄၇၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [န] | |
| နယဝိပဿနာသည် | ၃၁၇ |
| နပုန်းပုဂ္ဂိုလ် | ၁၀၆ |
| နယစတုက္က | ၉ |
| နှလုံးကိုပွါးစေတတ်သော | ၄၄၇ |
| နှလုံးသွင်းဖောက်ပြန်မှားယွင်းခြင်း | ၅၂၀ |
| နာနာက္ခဏိကကမ္မ | ၁၁၄ |
| နာနာက္ခဏိကကမ္မပစ္စည်း | ၁၃၂ |
| နာနာတ္တနည်းရှင်း | ၂၂၄ |
| နာမ်ကိုသုံးသပ်သော | ၄၆၇ |
| နိကန္တိကတဏှာကုန်ပျက် | ၃၅၉ |
| နိက္ခာရဝဏ္ဏကားသည်သော | ၃၈၆ |
| နိစ္စနိမိတ်ဓုဝနိမိတ် | ၄၈၂ |
| နိဗ္ဗာနတကိုကပြုတ္တာတို့သည် | ၁၁၇ |
| နိပ္ပဒေသဖြစ်သောနေခြင်းဖြင့် | ၇ |
| နိပ္ဖန္နရုပ်အဋ္ဌာရသ | ၅၃ |
| နိပ္ဖန္နရုပ်မည်ကုန်၏ | ၂၃၈ |
| နိဗ္ဗတ္တိလက္ခဏာသည် | ၃၇၅ |
| နိဗ္ဗာန်၏ဆန့်ကျင်ဘက် | ၃၁၁ |
| နိမိတ္တပဝတ္တနှစ်ပါးမှ | ၅၁၅ |
| နိမိတ္တမည်သောသင်္ခါရ | ၂၈၃ |
| နိယျာနလက္ခဏာရှိသည်လည်း | ၅၄၇ |
| နိရောဓသမာပတ်ကို | ၅၇၇ |
| နိရောဓာနုပဿနာဖြင့် | ၂၈၉ |
| နိဿယပစ္စည်းမည်၏ | ၅၉ |
| နိဿယမည်၏ | ၆၅ |
| နိဝရဏ | ၅၂၂ |
| နေ့အိမ်ကိုမီးလောင်သတတ် | ၄၇၁ |
| နေထွက်သောအခါ၌ | ၃၇၉ |
| နေ၌မီးသည်မရှိ | ၂၇၇ |
| နေ့ညမပြတ်အခါခပ်သိမ်း | ၂၂၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နှေးဖြည်းသည်၏အဖြစ်သည် | ၅၈၅ |
| နံ့သာသည့် စဖိုသည် | ၁၆၅ |
| နွားငယ်ကိုဆုံးမသောသူ | ၂၄၂ |
| နွားချေး၌မီးသည်မရှိ | ၂၇၇ |
| နွားတို့၏အလေ့အကျင့် | ၁၆၈ |
| နတ်ဩဇာသည် | ၃၂၄ |
| နတ်ဗြဟ္မာဟုမရှိပြီ | ၂၄၆ |
| နတ်မြို့ကဲ့သို့၎င်း | ၄၁၉ |
| နတ်ရွာနိမ္မာန်အကျိုးငှါ | ၁၁၁ |
| နတ်လူဟူသောပညတ်၏ | ၁၂၇ |
| နှစ်သက်ဝမ်းမြောက်ခြင်းသို့ | ၂၅၁ |
| နှယ်ဆောင်သော ယောကျ်ားလေးယောက် | ၂၀ |
| နှယ်ကိုလည်းစွဲ၍ | ၂၄၇ |
| နှမ်းမှုန့်ကို | ၂၄၀ |
| နာမ်မည်၏ | ၃၃ |
| နာမ်သည် | ၃၆ |
| နောက်၌ဖြစ်သောစိတ်ကို | ၆၃ |
| နို့ရည်ကြောင့်နို့ဓမ်း | ၁၂၃ |
| **[ ပ ]** | |
| ပကတူပနိဿယပစ္စည်း | ၆၃ |
| ပကတူပနိဿယပစ္စည်းမည်၏ | ၆၄ |
| ပက္ခန္ဒနပဋိနိဿဂ္ဂ | ၄၀၈ |
| ပကိဏ္ဏက သင်္ခါရကို | ၄၇၇ |
| ပစ္စတ္တလက္ခဏာ | ၂၈၈ |
| ပစ္စယ | ၁၄ |
| ပစ္စယ မည်၏ | ၄၈ |
| ပစ္ဆာဇာတ ပစ္စည်းမည်၏ | ၆၇ |
| ပစ္စယုပ္ပန် တရားတို့၏ | ၆၅ |
| ပစ္စဝေက္ခဏာတို့ကို | ၅၀၂ |
| ပဉ္စဝိညာဉ်တို့ကို | ၁၅၅ |
| ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌ | ၅၈ |
| ပစ္စည်းရှစ်ပါး အပြားတို့ဖြင့် | ၁၆၂ |
| ပညာမျက်စိ ကန်းသည်ကို | ၉၅ |
| ပညာဒသကအရွယ် | ၃၃၃ |
| ပညာဘာဝနာကို | ၆၀၃ |
| ပညာရှိတို့၏ အပဒါန စကားသည် | ၁၅၇ |
| ပညာဝိမုတ္တပုဂ္ဂိုလ် | ၄၅၈ |
| ပညတ်ကာမျှဖြင့် | ၂၇၅ |
| ပဋိက္ကမကာလသို့ | ၃၄၁ |
| ပဋိစ္စ | ၁၀၊၁၃၊၁၄ |
| ပဋိစ္စသမုပ္ပါဒ် | ၁၂၊၁၃၊၁၄၊၁၅ |
| ပဋိစ္စသမုပ္ပါဒ်အကျယ် | ၄၁ |
| ပဋိစ္စသမုပ္ပါဒ်တရား | ၁ |
| ပဋိစ္စသမုပ္ပန္န | ၁၂ |
| ပဋိစ္စသမုပ္ပန္န မည်သောတရား | ၁ |
| ပဋိလုံဒေသနာတော် | ၂၄ |
| ပဋိသင်္ခါနုပဿနာဟူသည်ကား | ၅၅၆ |
| ပဋိသန္ဓေ အမျိုးမျိုးခွဲခြားပုံ | ၁၁၄ |
| ပဋိသန္ဓေ၏ အာရုံသည် အဘယ်နည်း | ၁၀၅ |
| ပဋိသန္ဓေစိတ်တို့သည် အဘယ်မျှ ရှိသနည်း | ၁၀၅ |
| ပဋိသန္ဓေတို့သည် အဘယ်မျှနည်း | ၁၀၅ |
| ပဋိသန္ဓေဝိညာဉ်နှင့်သော်၎င်း | ၂၀၈ |
| ပဋိစ္စဟူသည်ကား | ၃၁ |
| ပဋိပက္ခဉာဏ်ကို | ၄၂၉ |
| ပဋိသင်္ခါ သန္တိဋ္ဌနာပညာ | ၄၆၂ |
| ပဋိပဒါ လေးပါးသည် | ၄၈၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ပ ] | |
| ပဋိပဿဒ္ဓိ ဝိမုတ္တိချမ်းသာ | ၅၆၄ |
| ပဋိသမ္ဘိဒါဉာဏ်ဖြစ်ခြင်းသည် | ၄၃၉ |
| ပဋိသန္ဓေဇနကကံ | ၁၂၂ |
| ပဌမဘာဝင်ကစ၍ | ၁၄၀ |
| ပဋ္ဌာန်းကျမ်းကြီး၌ | ၅၈၇ |
| ပဋ္ဌာန်းကျမ်း ပစ္စည်းပိုင်း၌သာလျှင် | ၁၄၉ |
| ပတ္တမြားအရောင်စသည်တို့၏ | ၄၉ |
| ပထဝီကသိုဏ်းလျှင် အာရုံရှိသော | ၁၁၂ |
| ပဒေသာပင်စသော | ၁၀၉ |
| ပဒေါမြက် ဖြူဆံမြက် | ၂၂၇ |
| ပဓာနဃရကျောင်း၌ | ၃၈၆ |
| ပဗ္ဗာရဒသကအရွယ် | ၃၃၃ |
| ပယောဂဗျာပါရနှင့်တကွ | ၂၅၃ |
| ပယောဂါဘိသင်္ခါရ | ၃၂ |
| ပယောဂါဘိသင်္ခါရဟူ၍ | ၃၂ |
| ပရမီသွာ ဗြဟ္မာစသည် | ၃၆၃ |
| ပရမေသွာ ဗြဟ္မာစသော | ၉၄ |
| ပရာမာသ | ၅၂၂ |
| ပရိက္ခာရ၏အဖြစ်၌ | ၄၄၁ |
| ပရိဒေဝမည်၏ | ၃၄ |
| ပရိဒေဝသည့်လည်း | ၁၉၄ |
| ပရိယာယ်ဝေဝုစ်တို့တည်း | ၂၈၂ |
| ပရိဝဋ္ဋမအားဖြင့်ရင်း | ၄၅၁ |
| ပလိဗောဓသဘောသည် | ၅၄၆ |
| ပဟာတဗ္ဗတရားတို့ကို | ၂၈၇ |
| ပါဒကဈာန်မှထ၍ | ၄၇၉ |
| ပါရိသေသနည်းကို | ၈၆ |
| ပိတောက်နှစ်ပျဉ်ချပ် | ၄၉၈ |
| ပီယင်္ဂုကျွန်းသို့ | ၅၉၁ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ပ ] | |
| ပီဠနသင်္ခတစသော | ၅၄၃ |
| ပုဆိုးတထည်ကို | ၅၉၇ |
| ပုညာဘိသင်္ခါရ | ၃၁ |
| ပုညာဘိသင်္ခါရသည် | ၄၂ |
| ပုဗ္ဗကိစ္စကိုပြုပြီးသည် | ၅၈၈ |
| ပုဗ္ဗဏှစသည်တို့၏ | ၃၃၉ |
| ပုရိမဝတ္ထုမှတပါး | ၄၀၄ |
| ပုရေဇာတပစ္စည်းမည်၏ | ၆၅ |
| ပူဇော်ခြင်းနှင့်ယှဉ်သော | ၁၈၆ |
| ပူပန်စေအပ်နှိပ်စက်အပ်သည်၏ | ၁၉၉ |
| ပွဲတင်သံ ဆီမီးစက် | ၁၂၃ |
| ပါးသောညွှန်သည် | ၂၄၁ |
| ပျားတင်လဲစသည်တို့၏ | ၁၁၁ |
| ပျားရည်ကဲ့သို့သြဇာနှင့် | ၅၇၅ |
| ပြာသာဒ်သို့တက်၍ | ၄၇၄ |
| ပြုအပ်သည်၏အဖြစ်ကြောင့် | ၉၉ |
| ပင်စည်အခက်အရွက် | ၂၄၉ |
| ပညတ်၏စွဲလမ်းရာ | ၁၂၇ |
| ပင်ပန်းဆင်းရဲခြင်းကို | ၂၈ |
| ပန်းချီဆရာ့စောင်းသမား | ၁၆၅ |
| ပန်းသုံးညွန့်သည် | ၃၅၂ |
| ပွတ်ခုံသည် ပွတ်တံနှင့်တကွ | ၂၁၆ |
| ပွတ်ဆောက်ဖျား၌ တင်ထားသော | ၃၇၉ |
| ပျက်ခြင်းကိုသိမ်းဆည်း၍ | ၃၉၉ |
| ပြင်းစွာကပ်ငြိတတ်သော သဘော | ၂၀၄ |
| ပြင်းစွာပင်ပန်းခြင်းသို့ရောက်၏ | ၄၀ |
| ပိတ်ပင်ခြင်းကိလေသာ | ၅၂၂ |
| ပေါက်ဝယ်ကျေးသို့ | ၃၁၁ |
| ပျိုပျိုဖြိုးဖြိုးရှိ၏ | ၃၄၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပုန်းအောင်းရာကိစ္စကို | ၃၁၃ |
| ပိုးအိမ်နှင့်သင်္ခါရတူ၏ | ၂၁၅ |
| **[ ဖ ]** | |
| ဖရဏာပီတိဟူ၍ | ၃၈၉ |
| ဖဿအစရှိသော စေတသိက် | ၂၃၆ |
| ဖဿစသော သင်္ခါရတို့သည် | ၁၂၁ |
| ဖဿစေတနာဟူသော နာမ်သည် | ၁၄၉ |
| ဖဿနှင့် စပ်သဖြင့် | ၂၄၃ |
| ဖဿသည် မီးနှင့်တူ၏ | ၂၁၆ |
| ဖဿမည်၏ | ၃၄ |
| ဖဿသည် | ၃၇ |
| ဖဿာဟာရ | ၇၁ |
| ဖောဋ္ဌဗ္ဗသဘောကို | ၂၄၃ |
| ဖောဋ္ဌဗ္ဗာယတနသည် | ၆၆ |
| ဖျားနာခြင်း ဟူသော | ၃၀၆ |
| ဖြူစင်သောအာနိသင် | ၅၆၂ |
| ဖြူသောလက်ခြေလေးဘက် | ၄၃၂ |
| ဖက်ထုပ်၌ပြေးဝင်သော | ၃၉၁ |
| ဖမ်းယူတတ်သောတရား | ၃၉၃ |
| ဖျက်ဆီးဖြည်ရှင်းပြီးသော | ၆၀၂ |
| ဖြစ်ခြင်း၏ မရှိခြင်းကြောင့် | ၁၇၅ |
| ဖြစ်ခြင်း သဘောရှိသော | ၄၆၇ |
| ဖောက်ပြန်ခြင်း သဘောသည် | ၂၂၃ |
| ဖောက်ပြန်သော အမြင်သည် | ၁၇၁ |
| ဖိုလ်ကိုမျက်မှောက်ပြုခြင်းသည် | ၅၂၉ |
| ဖိုလ်မှတပါးသော | ၅၇၁ |
| **[ ဗ ]** | |
| ဗလဒသကအရွယ် | ၃၃၃ |
| ဗဟိဒ္ဓအဖြစ်သို့ | ၃၀၁ |
| **[ ဗ ]** | |
| ဗာဟိရာယတနတို့တွင် | ၁၆၀ |
| ဗာဟုလ္လကံ | ၂၇၁ |
| ဗိဿနိုးတို့သာ အကြောင်းရှိ၏ | ၅၅၁ |
| ဗုဒ္ဓုပ္ပါဒ နဝမခဏ၌ | ၉၆ |
| ဗောဇ္ဈင်စသည်တို့၏ | ၄၇၇ |
| ဗောဓနေယျ အဇ္ဈာသယ အားဖြင့် | ၈၉ |
| ဗောဓိပက္ခိယတရားတို့၏ | ၄၈၆ |
| ဗျာကရုဏ်းတတ်ပုဂ္ဂိုလ် | ၆၀၉ |
| ဗျတိရိက်ကိုဆိုအံ့ | ၃၄၊၃၆၀ |
| ဗျာဓိဟူသော မူလရောဂါမှ | ၄၂၁ |
| ဗျာပါဒြွမ်းစု နောက်ကျသော်ငင်း | ၁၄၆ |
| ဗျာပါဒကင်းသည်၏အဖြစ် | ၂၂၅ |
| ဗြဟ္မာဗိဿနိုးစသော | ၂၇၅ |
| ဗြဟ္မာသည် ချီးမွမ်းအပ်သော | ၁၉၉ |
| **[ ဘ ]** | |
| ဘဏ္ဍာဝယ်ခြင်းကိရိယာ | ၁၂၉ |
| ဘယတုပဋ္ဌာနဉာဏ်၌ | ၄၁၅ |
| ဘဝကိုးပါးတို့တွင် | ၁၈၁ |
| ဘဝတဏှာဟူ၍ | ၁၆၄ |
| ဘဝတပါး၏ အဖြစ်ဖြင့် | ၂၀၇ |
| ဘဝမည်၏ | ၃၄ |
| ဘဝသည် | ၃၇ |
| ဘဝသည် ဇာတိအား | ၁၉၁ |
| ဘဝသုံးပါးတို့ရင်း | ၁၃၀ |
| ဘဝဟောင်းကို စွန့်ပစ်ခြင်း | ၃၂၉ |
| ဘဝါသဝ၏ ဖြစ်ပွါးခြင်းကြောင့် | ၁၉၅ |
| ဘဝင်၏ အာရုံကို | ၁၀၇ |
| ဘဝင်နီးသည်၏ အဖြစ်ကြောင့် | ၅၀၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ဘ]** | |
| ဘဝ | ၁၀ |
| ဘဝနာ၏ အစွမ်းအားဖြင့် | ၅၆ |
| ဘီလူးဉပါ | ၃၁၁ |
| ဘီလူးမဟုတ်သည်ကား | ၄၇၃ |
| ဘုရားဘုရားဟူသော | ၆၁၁ |
| ဘူတရုပ်မှကြွင်းသော | ၂၃၁ |
| ဘူတရုပ် ဝတ္ထုရုပ် စသည်ကို | ၁၄၈ |
| ဘူတာပဂတုပ္ပန္နမည်၏ | ၅၃၁ |
| ဘူမိ | ၁ |
| ဘူမိလဒ္ဒုပ္ပန္နမည်၏ | ၅၃၂ |
| ဘေးကင်းရာအရပ်သို့ | ၄၇၁ |
| ဘေးဟုဆိုအပ်သော | ၄၉၁ |
| ဘောရှိသောသဘာဝဝိပါက် | ၁၁၅ |
| ဘင်ကိုမြင်၍ | ၅၅၅ |
| ဘင်္ဂါနုပဿနာကို | ၄၀၇ |
| ဘုမ္မဇိုးနတ်တို့၌ရှင်း | ၁၁၇ |
| ဘယ်ခြေကလှမ်းလော့ | ၂၅၉ |
| **[မ]** | |
| မခွဲစိတ်ဘူးသေးသော | ၄၉၇ |
| မဂ်၏အာဝဇ္ဇန်းအရာ၌ | ၄၉၂ |
| မဂ်ဟူသော ပြဟ္မစရိယရှိသော | ၁၆၇ |
| မဂ္ဂပစ္စည်းမည်၏ | ၇၅ |
| မဂ္ဂင်တဆဲ့နှစ်ပါးတို့သည် | ၇၅ |
| မဂ်ပယောဂ၏ | ၅၆၅ |
| မဂ္ဂါမဂ္ဂဉာဏ်သည် | ၂၉၀ |
| မစ္ဆရိယတရားငါးပါးတို့တွင် | ၅၂၅ |
| မစ္ဆရိယ | ၅၂၁ |
| မိစ္ဆတ္တတို့တွင် | ၅၂၄ |
| မိစ္ဆာဒိမောက္ခဟူသော | ၅၀၉ |
| မဆုံးဖြတ်နိုင်ပါဘဲလျက် | ၅၂၉ |
| မဇ္ဈန္တသမယ မှန်းတည့် | ၃၄၀ |
| မဇ္ဈိမပဋိပဒါစသည် | ၁၇ |
| မဇ္ဈိမာယုကဖြစ်သော | ၇၈ |
| မတုန်မလှုပ်နိုင်ခဲ့သော | ၅၈၀ |
| မနသိကာရလျှင် | ၃၂၇ |
| မနွှိခ္ခစသော | ၃၁၂ |
| မဟာဘုတ်ကိုဖြစ်စေတတ်သော | ၂၆၈ |
| မနုံ့ လွန်းမထက်လွန်းသော | ၅၈၉ |
| မနောဒွါရာဝဇ္ဇန်းသည် | ၅၀၁ |
| မနောဝိညာဏဓာတ်သည် | ၉၉ |
| မနောသဉ္စေ ရမည်၏ | ၄၃ |
| မယားကိုစွန့်ပစ်ရှင်းကွာပြီး | ၄၄၇ |
| မရဏမည်၏ | ၃၄ |
| မရဏ၏အစွမ်းဖြင့် | ၂၅၄ |
| မရောမယှက်ကွက်ကွက်ထင်ရှား | ၂၃၉ |
| မလ | ၅၂၃ |
| မသူတော်တရားကို ကြားနာခြင်း | ၁၀၆ |
| မသေမီ ရှေးအဘို့၌ဖြစ်သော | ၁၉၆ |
| မဟာနာဂထေရ်၏ | ၅၉၁ |
| မဟာနာမ်မည်သော | ၅၀၂ |
| မဟာဝိပဿနာတို့မည်ကုန်၏ | ၃၆၁ |
| မဟာဂုတ်ဘုံ၌ ကျင်လည်သည် လည်း ဖြစ်သော | ၁၇၉ |
| မဟာပဒေသလေးပါး | ၁၇ |
| မဟာဝိဟာရဝါသီ | ၆၀၉ |
| မဟာဝိဇိတာဝီ စကြာမင်း၏ | ၁၇၁ |
| မာတုဂါမ၏သီချင်းသံကို | ၅၃၇ |
| မာနဂ္ဂဟတရားသည် | ၃၉၃ |
| မာရမီသအားဖြင့် | ၁၀၈၊၁၁၅ |
| မိစ္ဆာအမြင်ကို တားမြစ်တတ်၏ | ၂၁၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မိစ္ဆာအယူ၏တည်ရာ | ၂၄၉ |
| မိစ္ဆာဆက်ဆံဉာဏ်မသန်သော | ၁၉၉ |
| မိစ္ဆတ္တတရား | ၅၂၀ |
| မိစ္ဆာဒိဋ္ဌိဟူသောအကြောင်းကြောင့် | ၈ |
| မိမိ၏အကျိုးကို ပြီးစေခြင်း၌ | ၆၄ |
| မိမိ၏အကျိုး ပစ္စယုပ္ပန်တရားတို့ကို | ၁၅ |
| မိမိသားဟူသော အမှတ်ဖြင့် | ၄၇၄ |
| မိဿဝိညာဉ်နှင့်တကွ | ၁၁၆ |
| မီးကျင်းတွင်းသုံးတွင်းတို့ကို | ၄၁၇ |
| မီးစွဲလောင်လတ်သော် | ၅၉၁ |
| မီး၌ထည့်အပ်သော | ၄၄၈ |
| မုဒ္ဒန္တခေဒကဟု | ၆၁၀ |
| မုယောမှုံ့ပုပ်ညှန်နှင့် | ၂၆၃ |
| မူလကမ္မဋ္ဌာန်းကို | ၃၈၄ |
| မူလဋ္ဌအနက်ကြောင့် | ၄၉ |
| မောမူဟာဒသကအရှယ် | ၃၃၃ |
| မောရဝါပီအရပ်၌ | ၄၇၇ |
| မောဟပြောထူ လူမလိမ္မာသည် | ၉၆ |
| မြို့ချေးယူခြင်းကိုရိယာ | ၁၂၉ |
| မြေကောင်းနှင့် နာမ်ရုပ် | ၂၁၆ |
| မြေညက်ကိုလည်းစွဲ၍ | ၂၄၇ |
| မြဲမြံခိုင်ခံ့သော ဓုဝ၏ | ၄၄၂ |
| မှော်ရှိသော ရေ၌ | ၅၅၀ |
| မှားသောနှလုံးသွင်းခြင်းကို | ၄၅၆ |
| မြှားမှန်သော သမင်ကဲ့သို့ | ၁၉၅ |
| မြွေဦးခေါင်းကို ကိုင်ခြင်းကြောင့် | ၁၉၈ |
| မြွေကိုမြင်၍ | ၂၃၀ |
| မြွေခံတွင်းသို့ ဝင်ရောက်သော | ၄၃၄ |
| မင်းကိုသတ်၍ | ၅၅၈ |
| မင်းနွားတော်တို့တည်း | ၄၇၂ |
| မန်းစွဲသောပုဂ္ဂိုလ် | ၁၀၆ |
| မျက်ကြောတည်းဟူသော | ၂၃၅ |
| မျက်စိနှစ်ကွင်းအလင်းမရသော | ၉၅ |
| မျက်နှာရိပ်သို့မသွား | ၂၇၉ |
| မျက်မှောက်သောကိုယ်၏ | ၄၃၁ |
| မျက်လှည့်ဝတ္ထုပစ္စည်းနှင့် | ၂၁၅ |
| မျက်လှည့်သမားပြအပ်သော | ၄၄၃ |
| မြင်အပ်သောဝတ္ထုဖြင့် | ၁၄၆ |
| မိုက်တတ် မိုက်စေတတ်၏ | ၂၁၁ |
| မျောက်အိုမသို့ | ၅၄၅ |
| မုန်ယိုထွက်သော | ၄၁၅ |
| မိုဃ်းကြိုးပစ်သော သစ်ပင်၏ | ၅၅၇ |
| မုံညင်းစေ့ကဲ့သို့ | ၃၇၉ |
| **[ ယ ]** | |
| ယထာဘူတဉာဏ်မည်၏ | ၂၅၀ |
| ယာပျ အနာဟူသော | ၄၃၅ |
| ယူတတ်သောဉာဏ်၏ | ၂၄၁ |
| ယောဂီရဟန်းသည် | ၂၄၁ |
| ယောဂီသနင်း ဟံသာမင်း | ၄၃၁ |
| ယောနိလေးပါး | ၄၁၅ |
| ယောနိလေးပါးတို့၏ | ၃၉ |
| ယောနိလေးပါးတို့ရင်း | ၁၃၀ |
| ယုံကြည်ရခြင်းကင်းသော | ၅၅၉ |
| ယုံမှားခြင်း တဆဲ့ခြောက်ပါး | ၂၈၁ |
| ယုံမှားခြင်းသည် ပျောက်၏ | ၂၆၈ |
| ယုတ်ညံ့သောအဖြစ် | ၁၉၂ |
| ယုတ်ညံ့သော တုစ္ဆအားဖြင့် | ၄၄၄ |
| ယုတ်မာသောအလိုရမ္မက် | ၄၁၃ |
| ယုတ်မာသော အပိုင်းအခြားအားဖြင့် | ၁၅၁ |

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

## [ရ]


ရက္ခန်းချည်ထွေးကဲ့သို့ ၂၂၇
ရဟတ်စက်ခြည်တလည်တည်း ၂၁၀
ရဟန္တာသခင်တို့၏ ၅၃၃
ရဟန္တာတို့စုတိနှင့်တကွ ၅၄
ရဟန်းကိုခေါ် စေ၏ ၅၉၄
ရာဂပဏိဓိ ၄၈၂
ရာဟုအသူရိန်ခံတွင်းသို့ ၄၃၄
ရုပ်ကလာပ်တို့၏ ၃၂၆
ရုပ်ငါးဆဲ့လေးပါးတို့သည် ၃၄၈
ရုပ်မည်၏ ၃၃
ရုပ်နှင့်ရောသောဝိပါက် ၁၁၅
ရုပ်သက်သက်မျှကိုသာ ၁၃၄
ရုပ်သည် ၃၆
ရူပပရိဂ္ဂဟာစိတ်ကို ၃၅၆
ရူပရုပ်လည်းမဟုတ်ကုန် ၂၃၉
ရူပသမာပတ်
    အရူပသမာပတ်တို့ကို ၁၈၈
ရူပသန္တတိ၏ သီသ ၁၃၉
ရူပသတ္တက မည်၏ ၃၂၉
ရူပါဝစရဝိပါက် ၁၀၄
ရူပါရုံအစရှိသော
    အပြားဖြင့် ၅၁
ရေမြှေဟောက်ကို ၄၃၇
ရေပွက်တန္တု ၄၁၃
ရေမြောင်းကြီးကို ၄၉၄
ရောဂါတို့ဖြင့်နာကျင်သော ၅၄၇
ရွှေဆောင်လမ်းပြခရီးညွှန် ၉၅
ရှေးဦးမဆွဖြစ်ကုန်သော ၆၇
ရှေးရှေး၌ဖြစ်သောစိတ်၏ ၆၃
ရှေး၌ဖြစ်သောဒိဋ္ဌိကို ၁၆၈
ရှေးမင်းတို့သည် ၄၈၇


အက္ခရာစဉ် စာမျက်နှာ

## [ရ]


ရှေ့ရှုညွတ်တတ်သည် ၁၃၇
ရှစ်ဥသဘာအတိုင်းအရှည် ၄၉၈
ရှစ်ပါးသောအာနိသင်ဖြင့် ၄၁၃
ရှည်မြင့်စွာသောကာလပတ်လုံး ၅၆၃
ရှည်သွယ်သော အနံ ၂၃၇
ရွှံ၏အပေါက်ကိုသာလျှင် ၄၁၁


## [လ]


လက်ဦးအစဆိုအပ်သော ၁၁၅
လက်ဦးရွှေဖျားထား၍ ၁၉၃
လက္ခဏာစသောအားဖြင့် ၃၅
လက်တခြမ်း ခြေတခြမ်းပမာဏ ၃၄၅
လက်ပစ်ကူးမဖြစ်သော်လည်း ၁၈
လက်မောင်းလက်ရုံးကို ၁၉၈
လက်မွန်အစဘာမှ ၁၃၄
လက်ဝယ်တင်ထားပတ္တမြား ၃၇၄
လင်းယဉ်တိုင်၌သာလျှင် ၄၄၉
လည်ရေးသုံးရစ်ကို ၄၃၇
လယ်ယာမြေကောင်းအစစ် ၆၀၀
လိမ္မာသော ဆေးဆရာသည် ၂၆၂
လိမ္မာသော ရဟန်းသည် ၄၀၄
လူသားစားနေသော ၄၇၃
လေ့လာခြင်းရှိသည်၏ ၅၇၈
လေ့လာသည်၏ အဖြစ် ၆၈
လေးပါးသောအဘို့တို့ဖြင့် ၅၀၇
လေးပါးသော ပုဗ္ဗကိစ္စတို့ကို ၅၉၀
လေးလွှာသော ဘဝစက်ကို ၂၂၀
လျှေနှင့်လူသားဤနှစ်ပါး ၂၆၀
လောကဓံ လောက၌
    အကျုံးဝင်သောတရား ၅၂၀
လောကဓံတို့ဖြင့် ၄၃၅
လောကသမ္မုတိကိုမလွန်ခြင်း ၁၇

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[လ]** | |
| လောကသမ္မုတိကိုသော်လည်း | ၂၄၆ |
| လောကီဖြစ်သောဝိညာဏဓာတ် | ၂၃၇ |
| လောကီမဂ်ကိုပိုင်းခြား | ၃၉၇ |
| လောကီသာလျှင်ဖြစ်သော | ၄၀၇ |
| လောကုတ္တရာ ဝိညာဉ်တို့ကို | ၉၇ |
| လောလောပူသောကျောက်ဖြာ | ၅၉၆ |
| လှိုင်းတံပိုး အဟုန်သည် | ၁၄၂ |
| လျှက်ဘွယ်ကိုလျက်လေ့ | ၁၁၁ |
| လျှောက်ပတ်စွာမြင်တတ်သော | ၂၇၅ |
| **[ဝ]** | |
| ဝက်ဒသကအရှယ် | ၃၃၃ |
| ဝစီသင်္ခါရမည်၏ | ၄၃ |
| ဝဋ်မြစ်မူလဟူ၍ | ၂၀၁ |
| ဝဋ်ရထား၌ မြဲစွာကအပ်သည် | ၂၉ |
| ဝဏ္ဏဒသကအရှယ် | ၃၃၃ |
| ဝတ္ထုမာနုပ္ပန္နမည်၏ | ၅၃၁ |
| ဝတ္ထုကာမနှင့်ကင်းကွာ ခြင်းကြောင့် | ၁၉၄ |
| ဝတ္ထုယာခင်းမည်၏ | ၅၃၄ |
| ဝဓကအားဖြင့် | ၃၀၇ |
| ဝန်ကိုဆောင်သကဲ့သို့ | ၅၄၁ |
| ဝန်ခံခြင်းကိရိယာ | ၁၂၉ |
| ဝန်ချခြင်းကို မပြုမူ၍ | ၂၄၀ |
| ဝန်တိုသောမစ္ဆရိယ | ၅၁၉ |
| ဝမ်းတွင်းရှိသူငယ်၏ | ၃၂၄ |
| ဝယာနုပဿနာဟူသည်ကား | ၅၅၃ |
| ဝယောဝုဍ္ဎက်မရှပ် | ၃၅၅ |
| ဝသာနရတု၌ | ၃၃၈ |
| ဝသီတို့သည် | ၅၈၄ |
| ဝါစန်လေးငယ်ဖြင့် | ၄၄၉ |
| **[ဝ]** | |
| ဝါယောကောဋ္ဌာသငါးပါး | ၂၃၃ |
| ဝိက္ခမ္ဘနပဟာန်အားဖြင့် | ၂၆၅ |
| ဝိကာရ | ၁၀ |
| ဝိဂတပစ္စည်းမည်ကုန်၏ | ၈၂ |
| ဝိဂတပစ္စည်း | ၈၂ |
| ဝိစိကိစ္ဆာကို | ၂၇၈ |
| ဝိညာဏာဟာရ | ၇၁ |
| ဝိညာဏဋ္ဌိတိလေးပါး | ၁၃၅ |
| ဝိညာဏဋ္ဌိတိတို့၏ | ၁၁၄ |
| ဝိညာဏံဟူသည်ကား | ၉၆ |
| ဝိညာဉ်သည် | ၃၆ |
| ဝိညာဉ်မည်၏ | ၃၃ |
| ဝိညာဉ်ဟူသော အကြောင်းကြောင့် | ၁၄၃ |
| ဝိပ္ပယုတ္တပစ္စည်း | ၇၇ |
| ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် | ၇၇ |
| ဝိပရိဏာမာနုပဿနာ ဟူသည်ကား | ၅၅၄ |
| ဝိပဿနာပညာဖြင့် | ၉ |
| ဝိပဿနာရှုသောပုဂ္ဂိုလ်သည် | ၂၇၃ |
| ဝိပဿနာခရီးမှန်သွားသော | ၃၉၆ |
| ဝိပလ္လာသ | ၅၂၁ |
| ဝိပါကဝဋ်ဖြစ်၍ | ၂၃ |
| ဝိပါက်အဗျာကတဖြစ်သော | ၇၁ |
| ဝိပါကပစ္စယသတ္တိဖြင့် | ၇၁ |
| ဝိပါကပစ္စည်းမည်၏ | ၇၀ |
| ဝိပါက်ဝိညာဉ်နှစ်ပါး | ၁၁၃ |
| ဝိပါက်ဝိညာဉ်သည် | ၉၇ |
| ဝိပါက်ဝိညာဉ်တဆဲ့သုံးပါးမှ | ၁၀၅ |
| ဝိဘဇ္ဇဝါဒီဖြစ်လျက် | ၁၇ |
| ဝိဘဇ္ဇဝါဒီဖြစ်သော | ၆၀၈ |

http://www.dhammadownload.com




| အကျွရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝိဘာဝ အားဖြင့် | ၃၁၅ |
| ဝိဘာဝတဏှာဟူ၍ | ၁၆၄ |
| ဝိမောက္ခ မုခသုံးပါး၏ | ၄၅၀ |
| ဝိရာဂသဘောသည် နက်နဲ၏ | ၂၂၂ |
| ဝိရာဂါနုပဿနာဖြင့် | ၂၀၉ |
| ဝိလောကနကာလသို့ | ၃၄၁ |
| ဝိဝဋ္ဋာနုပဿနာကို | ၃၆၄ |
| ဝိဝဋ္ဋာနုပဿနာဟူသည်ကား | ၅၅၆ |
| ဝိသမဟေတုဝါဒ | ၁၆ |
| ဝိသယီ၏အဖြစ်ဟူသော | ၂၂၂ |
| ဝိသုဒ္ဓိနှစ်ပါးတို့ကို | ၂၂၉ |
| ဝုဋ္ဌာနဂါမိနီ မည်၏ | ၄၆၄ |
| ဝုဋ္ဌောအဆုံးရှိသောဝီထိ စိတ်သည် | ၁၀၈ |
| ဝေဒနာမည်၏ | ၃၄ |
| ဝေဒနာသည် | ၃၇ |
| ဝေဒနာ၏ ဘင်ခဏ၌ | ၃၇၃ |
| ဝေဒနာရှစ်ဆဲ့ကိုးပါးရှိ၏ | ၁၆၁ |
| ဝေဘန်ခြင်း ငါးပါးကို | ၃၂၃ |
| ဝေသာရဇ္ဇဉာဏ်လေးပါး | ၂၃ |
| ဝေါဒါန်၏ အခြားမဲ့၌ | ၅၀၃ |
| ဝေါဒါန်ဟုအမည်ရသော | ၅၇၀ |
| ဝေါဿဇ္ဇနခဏ၌ | ၃၄၃ |
| ဝေါဟာရပျောက်ပျက်ခြင်းသည် | ၁၂၄ |
| **[ သ ]** | |
| သက်ငယ်ကိုလည်းစွဲ၍ | ၂၄၇ |
| သခ်တာလက္ခဏာသည် | ၃၆၉ |
| သင်္ခါရစသည်တို့၏အကြောင်း | ၁၁ |
| သင်္ခါရဒုက္ခ၏အဖြစ် | ၄၀၆ |
| သင်္ခါရမည်ကုန်၏ | ၃၁ |
| **[ သ ]** | |
| သင်္ခါရသည် | ၃၆ |
| သင်္ခါရလေးပါးတို့သည် | ၃၂ |
| သင်္ခါရုပေက္ခာဉာဏ်သည် | ၄၄၉ |
| သစ်ကိုလည်းစွဲ၍ | ၂၄၇ |
| သစ်ငုတ်ခလုပ်ဆူးငြောင့် | ၃၄၁ |
| သစ်ပင်၏လည်းခြင်းကဲ့သို့ | ၂၁၇ |
| သစ်ယန္တရားရုပ်သည် | ၂၅၃ |
| သစ်ပင်၌ နားသကဲ့သို့ | ၄၇၁ |
| သစ်သားသုံးချောင်းကဲ့သို့တည်း | ၅၉ |
| သစ္စနိဒ္ဒေသ၌ | ၁၉၁ |
| သစ္စနိဒ္ဒေသ၌ ဆိုအပ်ပြီးသော | ၃၇ |
| သစ္စာကို ဖုံးလွှမ်းတတ်သော | ၄၉၅ |
| သစ္စာနုလောမိကဉာဏ် | ၃၉၈ |
| သစ္စာလေးပါးကို သိခြင်းအား | ၂၂၁ |
| သစ္စိကိရိယာ၏ | ၅၅၈ |
| သညာအသညာစသော | ၁၈၉ |
| သညာသည် ရှေးဦးစွာ | ၄၈၉ |
| သတ္တဂ္ဂိကာမဂ်ကို | ၅၄၀ |
| သတ္တဇီဝမဖြစ် | ၁၂၅ |
| သတ္တဂါတို့ကို ဝေဘန်ပေ၏ | ၁၉၂ |
| သတိပဋ္ဌာန် စသည် အပြားရှိသော | ၁၇၄ |
| သန္တိကေရှုပ်သည်လည်း | ၃၀၂ |
| သန္တတိအစဉ်ကို | ၃၉၉ |
| သန္တိပဒဉာဏ်မည်၏ | ၄၂၄ |
| သန္တတိ သီသလေးပါးတို့သည် | ၁၃၈ |
| သဒ္ဓါနုသာရီပုဂ္ဂိုလ် | ၄၅၇ |
| သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် | ၄၅၇ |
| သန္နိရုဇ္ဈနခဏသို့ | ၃၄၃ |
| သပ္ပဋိက စုတိ၏ | ၁၂၀ |
| သပ္ပဋိကတဏှာကို | ၄၀၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [သ] | |
| သပ္ပီတိကတဏှာဖြင့် | ၂၁ |
| သမ္ပယုတ္တပစ္စည်းမည်၏ | ၇၆ |
| သဘာဝဓမ္မ၏အစွမ်းအားဖြင့် | ၉၁ |
| သမနန္တရပစ္စည်းမည်၏ | ၅၄ |
| သမယန္တရတောအုပ် | ၆၀၉ |
| သမ္မသနတခုမည်၏ | ၂၉၂ |
| သမ္မာဒဿနဉာဏ် | ၂၈၁ |
| သမာပတ်ရှစ်ပါးရကုန်သော | ၅၇၇ |
| သမုစ္ဆေဒပဟာန်ကို | ၅၅၇ |
| သမုဒါစာရပ္ပဝန္တ | ၅၃၆ |
| သမုဒယောဟူသည်ကား | ၃၅ |
| သမုပ္ပါဒ | ၁၃၊၁၄ |
| သမ္မောဟာဘိနိဝေသကို | ၃၆၃ |
| သမာဓိန္ဒြေကို ရကုန်၏ | ၄၆၉ |
| သမိဒ္ဓနကာလသို့ | ၃၄၁ |
| သယန ဒသကအစွဲယ် | ၃၃၄ |
| သရဒရတုသို့ | ၃၃၈ |
| သရက်စေ့စသောမျိုးစေ့တို့ကို | ၁၂၅ |
| သရဏ္ဍာယ်သံသည် | ၂၇၉ |
| သလိပ်ကြောင့်ဖြစ်သောအနာ | ၈၇ |
| သလွဲဖြူသလွဲမည်းစသော | ၃၅၃ |
| သသမ္ဘာရပထဝီ၏ | ၅၃၄ |
| သံသရာဟူ၍ ဆိုအပ်၏ | ၉၃ |
| သဟဇာတပစ္စည်းမည်၏ | ၅၇ |
| သဟဇာတာဓိပတိပစ္စည်းမည်၏ | ၅၂ |
| သဠာယတန၏သာလျှင် | ၁၄၇ |
| သဠာယတနသည် | ၃၆ |
| သာမညဖိုလ်တို့ရင်း | ၅၆၅ |
| သာယာလျက်ဖြစ်၏ | ၁၆၄ |
| သာရဒကာလ၌ | ၅၆၃ |
| သားသုံးယောက်တို့သည် | ၄၁၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [သ] | |
| သိအပ်သောတရားချည်းတည်း | ၂၉၇ |
| သိကြားမင်းပစ်လွှတ်အပ်သော | ၆၀၉ |
| သိခြင်းငှါခဲယဉ်းသည်၏ | ၂၁၈ |
| သိမ်မွေ့သည်ဖြစ်၏ | ၃၀၁ |
| သိမ်မွေ့သည်၏အဖြစ်ကြောင့် | ၁၇၇ |
| သိမ်မွေ့ခေါင်းပါးသော | ၅၂၆ |
| သိမ်းဆည်းခြင်းကို | ၂၆၇ |
| သိမ်းဆည်းယူငင်ဆင်ခြင်သော | ၂၄၂ |
| သိမ်းဆည်းစုရုံးအပ်ပြီ | ၃၅၇ |
| သိနိုင်ခဲသောကြောင့် | ၄၀၅ |
| သိသိရ ရတု၌ | ၃၃၈ |
| သီတဉဏှကြောင့်ဖြစ်သောရုပ် | ၃၄၇ |
| သီတာဟာရဏ ပသုဗန္ဓဝိဓိ စသော | ၁၈၆ |
| သီလက္ခန္ဓစသည်ကျေးဇူး | ၄၉၁ |
| သီလဝိပတ္တိစသော | ၃၈၁ |
| သီဟောပမသုတ်ကို | ၃၀၂ |
| သုက္ကပက္ခကို | ၁၀၉ |
| သုခ၏ပဋိပက္ခဖြစ်၍ | ၃၃၁ |
| သုခုမရုပ်တို့ကိုရင်း | ၂၃၈ |
| သုဂတိ ပဋိသန္ဓေ | ၁၀၇ |
| သုဂတိဘဝသို့လားစေတတ်သော | ၂၇ |
| သုစရိုက်ဒုစရိုက်၏အစွမ်းဖြင့် | ၄၂၉ |
| သုတ္တသံသန္ဒနာဟူသည် | ၄၈၈ |
| သုတ္တန်ပရိယာယ် | ၄၁ |
| သုဒ္ဓါဝါသဘုံ၌ | ၅၀၄၊၆၀၁ |
| သုံးကြိမ်မြောက် ဘဝါးလှမ်း၌ | ၃၈၈ |
| သုံးဆဲ့သုံးနှစ်တို့ပတ်လုံး | ၃၃၂ |
| သုံးပါးသောဝိညာဉ်တို့သည် | ၁၀၂ |
| သုံးသပ်ခြင်းငှါ မတတ်ကောင်း | ၂၃၉ |
| သူကောင်းပစ်ရာသုသာန်သို့ | ၄၇၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သူကန်းနှင့် သူဆွံ့သည် | ၂၅၈ |
| သူငယ်၏ကိုယ်၌ | ၁၂၆ |
| သူနာစေခိုင်းအပ်သော | ၂၇၉ |
| သေအံ့သောဘေးသည် | ၁၉၆ |
| သေမင်း၏မမြင်ရာနိဗ္ဗာန် | ၁၉ |
| သေရာညောင်းစောင်း၌ | ၁၀၉ |
| သေလုဆဲဆဲအခါ၌ | ၁၂၁ |
| သေသောသူ၏ရင်း | ၅၉၈ |
| သောက၏အကြောင်း | ၃၁၅ |
| သောကစသောတရားတို့သည် | ၁၉၂ |
| သောကမည်၏ | ၃၄ |
| သောတဝိညာဉ်သည် | ၉၈ |
| သောတိန္ဒြေစသော | ၃၆၉ |
| သောမာရတိုင်း၌ဖြစ်သောပုဆိုး | ၁၁၁ |
| သံဃာတော်က မခေါ်ရဘဲ | ၅၉၃ |
| သံဃာပါလဘွဲ့မည်ရှိသော | ၆၀၈ |
| သံနှောင်အိမ်ကြီးအလား | ၃၆၃ |
| သံယောဇဉ် | ၅၁၉ |
| **[သ]** | |
| သံသရာ၌ဆောင်တတ်၏ | ၂၀၁ |
| သံသရာစက်ရဟတ် | ၂၇၀ |
| သံသေဒဇယောနိ | ၁၁၇ |
| **[ဟ]** | |
| ဟဒယဝတ္ထုရုပ်ကိုမှီ၍ | ၃၂၂ |
| ဟဒယဝတ္ထုရုပ်မှထွက်သည်၏ | ၂၅၇ |
| ဟဒယဝတ္ထုရုပ်သည် | ၆၆ |
| ဟာနိဒသကအရွယ် | ၃၃၃ |
| ဟိတ်မည်သောတရားသည် | ၄၈ |
| ဟိနမည်သည်ဖြစ်၏ | ၃၀၁ |
| ဟုတ်ဟုတ်ငြားငြားသော | ၃၇၀ |
| ဟုတ်မှန်သောသဘော | ၅၄၂ |
| ဟေတု | ၁၀ |
| ဟေတုပစ္စည်းဖြင့် | ၁၄၉ |
| ဟေတုပစ္စည်းမည်၏ | ၄၈၊၅၁ |
| ဟောမန္တရတု၌ | ၃၃၈ |
| ဟံကနကအရပ်၌ | ၃၀၆ |

http://www.dhammadownload.com

ပ.မ.၁၁.၈ - ၄၈/၃၀. ၁. ၂၀၁၂ (၂၀၀၀ အုပ်)လက်သို့